http://www.dhammadownload.com

## နိုင်ငံတော်ဗုဒ္ဓသာသန

# မဟာဗုဒ္ဓဝင်

(ဒုတိယတွဲ)

---

တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
ဦးစီးရေးသားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ၂၀၀၆

http://www.dhammadownload.com

# နိုင်ငံတော်ဗုဒ္ဓသာသန

# မဟာဗုဒ္ဓဝင်

## ( ဒုတိယတွဲ )

---

တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
ဦးစီးရေးသားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ၂၀၀၆၊

http://www.dhammadownload.com

http://www.dhammadownload.com

# နိုင်ငံတော်ဗုဒ္ဓသာသန

# မဟာဗုဒ္ဓဝင်

## ဒုတိယတွဲ

---

**တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
ဦးစီးရေးသားသည်။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ၂၀၀၆

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ် ထုတ်ဝေသည်။

http://www.dhammadownload.com

# ဗုဒ္ဓသာသနာ—မဟာဗုဒ္ဓဝင်

## ဒုတိယတွဲ

## မာတိကာ

စာမျက်နှာ

### အခန်း-၁


(က) အလောင်းတော် သေတကေတုနတ်သားအကြောင်း ၁
ဗုဒ္ဓကောလာဟလ ဖြစ်ပေါ်ခြင်း .... ၃
ဘုရားအလောင်းနတ်သားထံ တောင်းပန်ကြခြင်း ၄
ကြည့်ခြင်းကြီးငါးပါးကို ကြည့်ဟော်မူခြင်း ၅
နတ်ဗြဟ္မာအပေါင်းတို့အား ဝန်ခံတော်မူခြင်း ၁၀
(ခ) နန္ဒဝန်ဉယျာဉ်တော်အကြောင်း .... ၁၁
အလောင်းတော်နတ်သက်ကြွေရန် အခါ
ရောက်ခြင်း .... ၁၃
(ဂ) ပဋိသန္ဓေတည်နေကြောင်း .... ၁၄
နက္ခတ်ပွဲသဘင် ခံစံခြင်း .... ၁၄
အိပ်မက်တော် မြင်မက်ခြင်း .... ၁၅
ဘုရားအလောင်းတော် ပဋိသန္ဓေတည်နေခြင်း ၁၆
မြေငလျင် ပြင်းစွာ တုန်လှုပ်ခြင်း .... ၁၇
ပုဗ္ဗနိမိတ်ကြီး ၃၂-ပါး .... ၁၈
မဟာမာယာ၏ အိပ်မက်ကို ပုဏ္ဏားတို့
နိမိတ်ဖတ်ကြခြင်း .... ၂၂
နတ်မင်းကြီးတို့ စောင့်ရှောက်ကြခြင်း ၂၃
မဟာမာယာ ပကတိသီလမြဲခြင်း .... ၂၅
မဟာမာယာ၏ လောဘရမ္မက်စိတ်
မဖောက်ပြားခြင်း .... ၂၅
မယ်တော့်ဝမ်းသိုက် စေတီတိုက်ကဲ့သို့ဖြစ်ခြင်း ၂၆

http://www.dhammadownload.com



| မာတိကာ | စာမျက်နှာ |
|---|---|
| လက်ဆောင်ပဏ္ဏာများရောက်ခြင်း .... | ၂၇ |
| ဝမ်းတွင်းက သားတော်ကို မယ်တော်မြင်ရခြင်း | ၂၇ |
| ဝမ်းတွင်းကသားတော်ကို မြင်ရခြင်းအကြောင်း | ၂၉ |
| (ထ) ဘုရားအလောင်းတော် ဖွားမြင်ခန်း .... | ၃၀ |
| မဟာမာယာဒေဝီ ဒေဝဒဟပြည်သို့ကြွချီကြောင်း | ၃၁ |
| လုမ္ဗိနီအင်ကြင်းဥယျာဉ်တော် .... | ၃၂ |
| နတ်ဗြဟ္မာတို့ စုဝေးကြခြင်း .... | ၃၄ |
| အလောင်းတော်ကို ဖွားမြင်ခြင်း .... | ၃၅ |
| ဗြဟ္မာနတ်လူတို့ အဆင့်ဆင့်ခံယူခြင်း.... | ၃၇ |
| အထူးမှတ်သားရန် အကြောင်းအကျိုးများ | ၄၁ |
| အလောင်းတော်သူမြတ် ဖွားကာစ၌ စကား ဆိုဘူးသည့် သုံးဘဝ .... | ၄၃ |
| ဖွားမြင်သောအခါ ဖြစ်ပေါ်လာသော ပုဗ္ဗနိမိတ် တို့နှင့် အကျိုးများ .... | ၄၅ |
| ဖွားဖက်တော် ခုနစ်ဦးတို့အကြောင်း | ၅၂ |
| မဟာမာယာဒေဝီ ကပိလဝတ်ပြည်သို့ပြန်လည် သောအကြောင်း .... | ၅၄ |
| ကာဠဒေဝိလရသေ့ကြီးအကြောင်း .... | ၅၄ |
| ကာဠဒေဝိလရသေ့ကြီး၏ ပြုံးရယ်ခြင်းနှင့် ငိုကြွေးခြင်းအကြောင်း .... | ၅၇ |
| လူတို့က မေးလျှောက်ကြခြင်း .... | ၆၂ |
| နာလကလုလင်ရဟန်းပြုခြင်း .... | ၆၃ |
| အလောင်းတော်အား ခေါင်းဆေးနှင့် အမည်မှည့် မင်္ဂလာပြုရာ၌ လက္ခဏာဖတ်ကြားစေခြင်း | ၆၅ |
| မဟာပုရိသလက္ခဏာတော်ကျမ်း .... | ၆၇ |
| မဟာပုရိသလက္ခဏာတော်ကြီး ၃၂-ပါး အကြောင်းအရာ .... | ၆၈ |
| လက္ခဏာတော်ကြီး ၃၂-ပါးတို့၏ သဘော အဓိပ္ပါယ် .... | ၇၀ |

http://www.dhammadownload.com




| မာတိကာ | | စာမျက်နှာ |
|---|---|---|
| လက္ခဏာတော်ငယ်ရှစ်ဆယ် | .... | ၉၉ |
| အတပုညလက္ခဏာတော် | .... | ၁၀၇ |
| သိဒ္ဓတ္ထဟု အမည်တော်မှည့်ခြင်း | .... | ၁၀၇ |
| ပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့အကြောင်း | .... | ၁၀၈ |
| အလောင်းမင်းသား နိမိတ်လေးပါးမမြင်ရန် အစောင့်များ ချထားခြင်း | .... | ၁၁၁ |
| မဟာမာယာဒေဝီ နတ်ရွာစံ၍ တုသိတာ နတ်ပြည်၌ဖြစ်ခြင်း | .... | ၁၁၂ |
| မယ်တော်မာယာ နတ်ရွာစံသောအရွယ် | | ၁၁၃ |
| မယ်တော်မာယာ နတ်သမီးဖြစ်သည်, နတ်သား ဖြစ်သည်ကို ပြဆိုချက် | .... | ၁၁၅ |
| အလောင်းတော်မင်းသားအတွက် အထိန်းတော်များ ခန့်ထားခြင်း | .... | ၁၁၆ |
| ဗောဓိယခေတ်လာ နို့ထိန်းရွေးချယ်ခြင်း အကြောင်း | .... | ၁၁၈ |
| အလောင်းတော်မင်းသားကို ဝေါဟာမိက နို့ချိုတိုက်မွေးမြူကြောင်း | .... | ၁၂၀ |


## အခန်း-၂


| | | |
|---|---|---|
| လယ်ထွန်မင်္ဂလာပွဲခန်း | .... | ၁၂၁ |
| သုဒ္ဓေါဒနမင်းကြီး၏လယ်ထွန်မင်္ဂလာနှင့် အလောင်းတော်အား နှစ်ကြိမ်မြောက် ရှိခိုးခြင်း အကြောင်း | .... | ၁၂၁ |
| အလောင်းတော်မင်းသား အာနာပါနပဉ္စမ ဈာန်ရတော်မူခြင်း | .... | ၁၂၃ |
| သိကြားမင်း မင်္ဂလာရေကန်ကို ဖန်ဆင်း၍ ပေးစေခြင်း | .... | ၁၂၅ |
| နှမ်းပြာသင်္သုံးဆောင် ဆောက်လုပ်စေခြင်း | | ၁၂၇ |

http://www.dhammadownload.com



မာတိကာ　　　　စာမျက်နှာ

လေးတော်တင်ခဏ်း
အလောင်းတော်မင်းသား လေးအတတ်ကို ပြတော်မူခြင်း .... ၁၃၄
မြှားရေးငယ် ၁၂-ပါးကို ပြတော်မူခြင်း .... ၁၃၀
မြှားရေးကြီး ၄-ပါးတို့ကို ပြတော်မူခြင်း .... ၁၄၃
ထုထယ်ကြီး ၇-မျိုး ထုတ်ချင်းထွင်း ပစ်ခွင်း ပြတော်မူခြင်း .... ၁၄၄
ဘုရားအလောင်း အသဒိသမင်းသား၏ လေးအတတ် .... ၁၄၅
နန်းတက်တော်မူခဏ်း
သိဒ္ဓတ္ထမင်းသား ထီးနန်းစိုးစံတော်မူခြင်း .... ၁၅၂
ယသောဓရာမိဖုရား၏ ရုပ်ဆင်းကြန်အင် .... ၁၅၂
ထီးနန်းအပ်နှင်းကြခြင်း .... ၁၅၄

အခဏ်း-၃

နိမိတ်ကြီးလေးပါး မြင်တော်မူခဏ်း .... ၁၅၅
မင်္ဂလာဥယျာဉ်သို့ ထွက်ခြင်း .... ၁၅၅
(၁) သူအိုနိမိတ်ကို မြင်တော်မူခြင်း ၁၅၆
(၂) သူနာနိမိတ်ကို မြင်တော်မူခြင်း ၁၆၀
(၃) သူသေနိမိတ်ကို မြင်တော်မူခြင်း ၁၆၃
(၄) ရဟန်းနိမိတ်ကို မြင်တော်မူခြင်း ၁၆၇
တောထွက်တော်မူသည့်နှစ်လတို့ကို မှတ်သားရန် .... ၁၇၀
သိကြားမင်းက တန်းဆာဆင်ယင်ပေးစေခြင်း ၁၇၂
သားတော်ရာဟုလာကို ဖွားမြင်ခြင်း ၁၇၃
ကိသာဂေါတမီ ဥဒါန်းကျူးရင့်ခြင်း ၁၇၄
အလောင်းတော်မင်းသား တောထွက်တော်မူခြင်း .... ၁၇၀

http://www.dhammadownload.com



| မာတိကာ | စာမျက်နှာ |
|---|---|
| အလောင်းမင်းသား,ဆန္နအမတ်,ကဏ္ဍက မြင်းတို့၏အကြံများ .... | ၁၉၅ |
| အလောင်းမင်းသား၏ကိုယ်တော်အား | ၁၉၆ |
| ဝသဝတ္တီမာရ်နတ်သား ဟန့်တားခြင်း | ၁၉၇ |
| နတ်ပြဟ္မာများ အနော်မာမြစ်သို့ ပို့ကြခြင်း | ၂၀၀ |

## အခန်း-၄


| | |
|---|---|
| ဆံတော်ပယ်၍ ရဟန်းပြုခန်း .... | ၂၀၂ |
| အနော်မာမြစ်တဖက်ကမ်းသို့ကူး၍ ဆံတော်ကို ပယ်ခြင်း .... | ၂၀၂ |
| ဆံတော်ကို အမိဋ္ဌာန်ပြု၍ ကောင်းကင်သို့ ပစ်မြှောက်ခြင်း .... | ၂၀၃ |
| ဆံတော်မြတ်ကိုစူဠာမဏိစေတီတည်ထားခြင်း | ၂၀၃ |
| ဃဋိကာရမြဟ္မာ ကပ်လှူသောပရိက္ခရာဖြင့် ရဟန်းပြုခြင်း .... | ၂၀၄ |
| ဝတ်လဲတော်ကို ဒုဿစေတီ တည်ထားခြင်း | ၂၀၅ |
| ဆန္နအမတ်ကို နေပြည်တော်သို့ ပြန်လွှတ်ခြင်း | ၂၀၇ |
| ကဏ္ဍကမြင်းကွယ်လွန်၍ နတ်သားဖြစ်ခြင်း | ၂၀၈ |
| ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်မူခြင်း | ၂၀၉ |


## အခန်း-၅


| | |
|---|---|
| အာဠာရနှင့် ဥဒကတို့ထံ နည်းခံဆွေးနွေးခန်း | ၂၁၉ |
| အလောင်းတော်အား အာဠာရရသေ့ ပူဇော်ခြင်း .... | ၂၂၄ |
| အလောင်းတော်သူမြတ် အာဠာရထံမှ ခွဲခွါခဲ့ခြင်း .... | ၂၂၅ |
| ဥဒကကိုရ်း ဆရာကြီးထံ ကျင့်ကြံအားထုတ်ခြင်း | ၂၂၇ |
| အလောင်းတော်အား ဥဒကရသေ့ ပူဇော်ခြင်း | ၂၃၀ |
| ဥဒကဆရာကြီးထံမှ ခွဲခွါခဲ့ခြင်း .... | ၂၃၁ |

http://www.dhammadownload.com



မာတိကာ　　စာမျက်နှာ

အခန်း-၆

ဒုက္ကရစရိယာကျင့်တော်မူခန်း .... ၂၃၃
ဥရုဝေလာတောအုပ်သို့ကြွ၍ ဒုက္ကရစရိယာ ကျင့်တော်မူခြင်း .... ၂၃၃
အလောင်းတော်၏ဉာဏ်၌ ဥပမာသုံးမျိုး ထင်လာပုံ .... ၂၃၄
ပဉ္စဝဂ္ဂီတို့ အလောင်းတော်ထံ ရောက်ရှိ ဝတ်ပြုကြခြင်း .... ၂၃၇
ပဓာနအလုပ်ဒုက္ကရစရိယာကို ကျင့်တော်မူခြင်း ၂၃၇
မာရ်နတ်လာ၍ ပြောကြားတားမြစ်ခြင်း ၂၄၇
မာရ်စစ်သည် ၁၀-ပါး .... ၂၅၃

အခန်း-၇

ဘုရားဖြစ်တော်မူခန်း ၂၆၂
အကျင့်ပြောင်း၍ ကျင့်တော်မူခြင်း .... ၂၆၂
ပဉ္စဝဂ္ဂီ ရဟန်းငါးဦးအလောင်းတော်ကို စွန့်ခွါသွားကြောင်း .... ၂၆၄
ဘုရားအလောင်း၏ အိပ်မက်ကြီးငါးပါး ၂၆၅
မှတ်သားဖွယ် အိပ်မက် မက်ခြင်းအကြောင်း လေးပါး .... ၂၆၇
နတ်များအမျက်ထွက်၍ အိပ်မက်အလွဲလွဲ ပြသော၀တ္ထု .... ၂၆၉
အိပ်မက်ကြီးများကို ကိုယ်တော်တိုင် နိမိတ်ဖတ်ခြင်း .... ၂၇၀
သုဇာတာ ဃနာနို့ဆွမ်းကပ်လှူခြင်း .... ၂၇၁
နေမဝင်မီ ဝသဝတ္တီမာရ်နတ်ကို အောင်မြင် တော်မူခြင်း .... ၂၇၂

http://www.dhammadownload.com



| ဓာတ်ကား | စာမျက်နှာ |
|---|---|
| ဟာရိနတ်သား လာမည်ဆိုလျှင်-ကြိုတင် ဖြစ်ပေါ်သော နိမိတ်ဆိုးကြီးများ .... | ၂၈၅ |
| ဟာရိနတ်သား လက်နက်ကိုးမျိုး လွှတ်ခြင်း | ၂၈၇ |
| မာရ်နတ်သား စက်လက်နက် လွှတ်ခြင်း | ၂၉၀ |
| အောင်မြေဟုဝန္ဓနာဂါထာပါဠိနှိသယ | ၂၉၁ |
| အလောင်းတော်၏ ကရုဏာ .... | ၂၉၃ |
| ပု,ဒိ,အာ-ဝိဇ္ဇာသုံးပါးကို ရတော်မူခြင်း | ၃၁၃ |
| နတ်ဗြဟ္မာတို့ ကြီးစွာပူဇော်ဖသခြင်း | ၃၁၅ |
| အလောင်းတော် စိတ်အစဉ်မှာ ဂုဏ်အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံခြင်း .... | ၃၂၀ |
| (၁) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ကို ရတော်မူခြင်း .... | ၃၂၄ |
| (၂) ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရတော်မူခြင်း | ၃၂၆ |
| (၃) အာသဝက္ခယဉာဏ်ကို ရတော်မူ၍ ဘုရားဖြစ်တော်မူခြင်း .... | ၃၂၈ |
| ပါရမီတော်များ၏ ကျေးဇူးကြီးမားလှပုံ | ၃၃၀ |
| မဟာဝဇိရဝိပဿနာတရား ပွါးတော်မူခြင်း | ၃၃၄ |
| အထက်မဂ်ဖိုလ်တို့ကိုရ၍ ဘုရားဖြစ်တော် မူခြင်း .... | ၃၃၉ |
| မြတ်စွာဘုရား၏ ဗိသုဒ္ဓိခုနစ်ပါး .... | ၃၄၂ |
| ဘုရားဖြစ်တော်မူသောအခါ အံ့ဖွယ်တို့ ဖြစ်ပေါ်လာခြင်း .... | ၃၅၀ |
| ဥဒါန်းကျူးရင့်တော်မူခြင်း .... | ၃၅၁ |

အခန်း-၈

| | |
|---|---|
| သတ္တဌာန စံနေတော်မူခန်း .... | ၃၅၅ |
| (၁) ပလ္လင် သတ္တာဟ .... | ၃၅၅ |
| (၂) အနိမိသ သတ္တာဟ .... | ၃၆၂ |
| (၃) စင်္ကမ သတ္တာဟ .... | ၃၆၃ |

http://www.dhammadownload.com



| မာတိကာ | စာမျက်နှာ |
|---|---|
| (၄) ရတနာဃရ သတ္တာဟ .... | ၃၆၄ |
| ဆဗ္ဗဏ္ဏရံသိဝန္တနာဂါထာများ .... | ၃၆၆ |
| (၅) အဇပါလ သတ္တာဟ .... | ၃၇၂ |
| မာရ်နတ်မင်း လက်လျှော့အရှုံးပေးခြင်း | ၃၇၅ |
| မာရ်နတ်မင်းသမီးတို့ လာရောက်ဖြားယောင်းခြင်း .... | ၃၇၉ |
| တရားတော်ကို အရိုအသေပြုနေရန်အကြံဖြစ်ခြင်း .... | ၃၈၇ |
| (၆) မုစလိန္ဒ သတ္တာဟ .... | ၃၉၀ |
| (၇) ရာဇာယတန သတ္တာဟ .... | ၃၉၃ |
| တပုဿနှင့် ဘလ္လိကတို့ဒွေဝါစိကသရဏဂုံတည်ခြင်း .... | ၃၉၄ |

အခန်း-၉

| | |
|---|---|
| မြတ်စွာဘုရား တရားတော်၏နက်နဲပုံကို လေးနက်စွာဆင်ခြင်တော်မူခြင်း .... | ၃၉၉ |
| သဟမ္ပတိဗြဟ္မာကြီး တရားဟောရန်တောင်းပန်လာခြင်း | ၄၀၄ |
| မြတ်စွာဘုရား သတ္တလောကကိုကြည့်ရှုတော်မူခြင်း | ၄၀၇ |
| ဓမ္မစကြာတရားဟောရန် မိဂဒါဝုန်သို့ ကြွတော်မူခြင်း | ၄၁၁ |
| ဥပကတက္ကတွန်းနှင့် တွေ့တော်မူခြင်း | ၄၁၅ |
| ဥပကဝတ္ထု အကျဉ်းချုပ် .... | ၄၁၇ |
| စာပါအကြောင်း အကျဉ်းချုပ် .... | ၄၂၂ |
| မိဂဒါဝုန်သို့ ရောက်တော်မူခြင်း .... | ၄၂၂ |

အခန်း-၁၀

| | |
|---|---|
| သာတာဂိရနှင့်ဟေမဝတနတ်မင်းတို့အကြောင်း | ၄၃၀ |
| ဓမ္မဝါဒီရဟန်းနှင့် အဓမ္မဝါဒီရဟန်းတို့၏ ဝိနည်းမှုခင်း | ၄၃၄ |
| ကတိကဝတ်ထားကြခြင်း .... | ၄၃၉ |

http://www.dhammadownload.com



| မာတိကာ | စာမျက်နှာ |
|---|---|
| နတ်မင်းနှစ်ဦးတို့ ကောင်းကင်၌ တွေ့ဆုံကြခြင်း | ၄၄၂ |
| ကာဠိအမျိုးသမီး သောတာပန်တည်ခြင်း | ၄၅၇ |
| နတ်စစ်သူကြီးနှစ်ဦးတို့ ဘုရားထံမှောက် ရောက်ရှိကြခြင်း .... | ၄၅၉ |
| နတ်ဘီလူးများ သောတာပန်တည်ကြခြင်း | ၄၆၀ |
| ထူတိဂါထာများရွတ်၍ နတ်ဘီလူးတို့ ပြန်သွားကြခြင်း .... | ၄၇၁ |

**အခန်း-၁၁**

| | |
|---|---|
| မောနေယျအကျင့်ကို ဟောကြားတော်မူခြင်း .... | ၄၇၅ |
| အရှင်နာလကအ၏ အလိုနည်းခြင်းသုံးပါး | ၄၉၇ |
| အရှင်နာလက ရဟန္တာဖြစ်ခြင်း .... | ၄၉၉ |
| မောနေယျပုဂ္ဂိုလ်သုံးမျိုးနှင့် အရှင်နာလက ပရိနိဗ္ဗာန်စံဝင်ခြင်း .... | ၄၉၉ |
| ဓာတ်တော်များကို စေတီတည်ခြင်း | ၅၀၀ |

**အခန်း-၁၂**

| | |
|---|---|
| ယသသူဌေးသား ရဟန်းပြုခြင်းအကြောင်း .... | ၅၀၀ |
| ဒါနကထာ .... .... | ၅၀၄ |
| သီလကထာ .... .... | ၅၀၆ |
| သဂ္ဂကထာ .... .... | ၅၀၇ |
| မဂ္ဂကထာ .... .... | ၅၀၀ |
| ကာမာနံအာဒီနဝနှင့် နေက္ခမ္မေအာနိသံသကထာ .... .... | ၅၀၉ |
| ယသသူဌေးသား သောတာပန်တည်ခြင်း | ၅၁၀ |
| ဖခင်သောတာပန်တည်ခြင်းနှင့် သား ရဟန္တာဖြစ်ခြင်းအကြောင်း ... | ၅၁၂ |
| ယသသူဌေးသား ရဟန်းပြုခြင်း .... | ၅၁၇ |

http://www.dhammadownload.com




| မာတိကာ | စာမျက်နှာ |
|---|---|
| မိခင်ဆုဇာတာနှင့် ဇနီးဟောင်းတို့ သောတာပန်တည်ကြခြင်း .... .... | ၅၁၈ |
| အရှင်ယသ၏ သူငယ်ချင်းဟောင်း ငါးကျိပ်လေးဦးတို့ ရဟန်းပြုကြခြင်းအကြောင်း .... .... | ၅၂၀ |
| သူငယ်ချင်းငါးကျိပ်တို့ ရဟန်းပြုကြခြင်း | ၅၂၃ |
| အရှင်ယသတို့၏ ရွှေကောင်းမှုအကြောင်း | ၅၂၆ |

အခန်း-၁၃

| | |
|---|---|
| ရဟန္တာခြောက်ကျိပ်ကို သာသနာပြုလွှတ်တော်မူခြင်းအကြောင်း .... .... | ၅၂၇ |
| မာရ်နတ်လာ၍ အဟန့်အတား ပြောကြားခြင်း | ၅၃၀ |
| သရဏဂုံသုံးပါးဖြင့် ရှင်ရဟန်းပြုရန် ခွင့်ပြုခြင်းအကြောင်း .... .... | ၅၃၃ |
| ဒုတိယအကြိမ် မာရ်နတ်လာ၍ဟန့်တားပြန်ခြင်း | ၅၃၆ |
| ဘဒ္ဒဝဂ္ဂီနောင်ညီမင်းသား သုံးကျိပ်တို့ ရဟန်းပြုခြင်းအကြောင်း .... .... | ၅၃၉ |

အခန်း-၁၄

| | |
|---|---|
| ရသေ့ညီနောင် ရှင်တဆောင်တို့ကို ချွတ်တော်မူခြင်းအကြောင်း .... .... | ၅၄၃ |
| အဋ္ဌရဿက မိစ္ဆာချက် ... .... | ၅၆၄ |
| ဥရုဝေလကဿပ တပည့်ငါးရာနှင့် ရဟန်းပြုခြင်း .... .... | ၅၇၁ |
| နဒီကဿပ တပည့်သုံးရာနှင့် ရဟန်းပြုခြင်း | ၅၇၄ |
| ဂယာကဿပ တပည့်နှစ်ရာနှင့် ရဟန်းပြုခြင်း | ၅၇၆ |
| အာဒိတ္တပရိယာယ သုတ္တန်ကို ဟောကြားတော်မူခြင်း — — | ၅၇၈ |

http://www.dhammadownload.com



မာတိကာ စာမျက်နှာ

အခန်း-၁၅


မြတ်စွာဘုရားရာဇဂြိုဟ်သို့ကြွရောက်တော်မူခြင်းအကြောင်း ၅၇၉
    ပုဏ္ဏားများ ယုံမှားသံသယဖြစ်ရှိကြခြင်း ၅၈၃
    ဗိမ္ဗိသာရမင်းကြီး၏ တောင့်တချက်ငါးပါး ၅၈၈
    ရာဇဂြိုဟ်ပြည်တွင်း ဆွမ်းစားကြွတော်မူခြင်း ၅၉၁
    ပရိသတ်ထုလှသဖြင့် သိကြားမင်းဆင်းလာခြင်း ၅၉၁
    ဗိမ္ဗိသာရမင်းကြီး ဝေဠုဝန်ဥယျာဉ်ကို
        လှူဒါန်းခြင်း .... .... ၅၉၇
    ဝိဟာရာနုမောဒနာ ဆယ်ဂါထာ .... ၅၉၉
    အရံဥယျာဉ်ကို ခံယူရန် ခွင့်ပြုတော်မူခြင်း ၆၀၇
ထိရောကုဍ္ဍသုတ္တန်ကို ဟောကြားတော်မူခြင်း .... ၆၀၇
    သဒ္ဒါတရားရှိသည့် ဘဏ္ဍာစိုးဓနီးမောင်နှံ ၆၁၁
    စိတ်ထားဆိုးသော အတွင်းဝန်၏ဆွေမျိုးများ ၆၁၂
    မြတ်စွာဘုရားကို ခမည်းတော်ထံ ပြန်ပို့ခြင်း ၆၁၂


---

# နောက်ဆက်တွဲ မာတိကာ


ကောလာဟလ ငါးပါးအကြောင်း .... [ က ]
    (၁) ကပ္ပကောလာဟလ .... [ ကာ ]
    (၂) စက္ကဝတ္တိကောလာဟလ .... [ ကာ ]
    (၃) ဗုဒ္ဓကောလာဟလ .... [ ကိ ]
    (၄) မင်္ဂလကောလာဟလ .... [ ကီ ]
    (၅) မောနေယျကောလာဟလ .... [ ကု ]
နတ်တို့စုတေခါနီး၌ ထင်လာသော ပုဗ္ဗနိမိတ်ငါးပါး [ ကူ ]
    ပုဗ္ဗနိမိတ်ငါးပါးနတ်တိုင်းလည်းမဖြစ် [ ကေ ]
ဒုတိယအရွယ်၌ ပဋိသန္ဓေယူခြင်းအကြောင်း .... [ ကဲ ]
မဟာမာယာ ဒေဝဒဟအသွား မှတ်သားဖွယ်ရာ [ ကော ]
ဘုရားအလောင်း ဖွားမြင်ပုံခြင်းရာ မှတ်သားဖွယ် [ ကံ ]

http://www.dhammadownload.com



| မာတိကာ | စာမျက်နှာ |
|---|---|
| ကာဠုဒေဝိလ ရှင်ရသေ့အကြောင်း | ....[ကား] |
| ဘုရားအလောင်းတော်၏ မျိုးဆက်ဆွေစဉ် ရာဇဝင် အကျဉ်းချုပ် .... | .... [ခါ] |
| အမည်သုံးပါးရခြင်း .... | .... [ခိ] |
| ဩက္ကာကမင်းအကြောင်း | .... [ဂိ] |
| ကပိလဝတ်ပြည် တည်ထောင်ကြခြင်း | [ဂု] |
| သကျသာကီဝင်ဟု ဖြစ်ပွါးလာခြင်း | [ဂေ] |
| ကောလိယပြည် တည်ထောင်ခြင်းအကြောင်း | [ဂဲ] |
| ဒေဝဒဟပြည် တည်ထောင်ကြောင်း | [ဂါး] |
| ဥက္ကာမုခသာကီဝင်မင်းဆက်အကြောင်း | [ဃ] |
| မြတ်စွာဘုရား၏ဘိုးတော် အဉ္ဇနမင်းကြီး သက္ကရာဇ် ဖြိုခြင်းအကြောင်း | .... [ဃု] |
| သက္ကရာဇ်+သကရာဇ်၊ ကောဇာ+ဂေါဇာ ရေးထုံးများအကြောင်း | .... [ဃု] |
| ကလိယုဂ်နှင့်သက္ကရာဇ်အသုံး | .... [ဃူ] |
| ကရပိုက်ငှက်မင်း၏ အသံသာယာပုံနှင့် အသန္ဓိမိတ္တာ မိဖုရားဝတ္ထု | ....[ဃော] |
| လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့၏ အကြောင်းကံစသည်များ | ....[ဃော်] |
| ဖဝါးတော်ညီညာကြောင်း | .... [ဃား] |
| ဖဝါးတော်ဝယ် တရာ့ရှစ်ကွက် စက်လက္ခဏာ ပါရှိကြောင်း | .... [င] |
| ဖနောင့်,လက်ချောင်း,ခြေချောင်းတော်သွယ်၍ ဖြောင့်မတ်သော ကိုယ်တော်ရှိကြောင်း | [ငါ] |
| အန္တရာယ်မပြုနိုင်သော တရားလေးပါး .... | [ငိ] |
| ကမ္မ,ကမ္မသရိက္ခက စသည်လေးချက် .... | [ငီ] |
| ခုနစ်ဌာန အသားတော်ပြည့်ဖြိုးကြောင်း .... | [ငူ] |

http://www.dhammadownload.com



မာတိကာ — စာမျက်နှာ


လက်ခြေနူးညံ့၍ ရွှေဇာကွန်ရက် ခက်သကဲ့သို့ ရှိတော်မူကြောင်း .... [ငူ]

ဖမျက်တော်မြင့်၍ မွေးညှင်းတော်ပျံကြောင်း [ငဲ[

ဧဏီမည်သောသားကဲ့သို့ လုံးဝန်းတင့်တယ်သော သလုံးတော်ရှိကြောင်း .... [ငော]

သိမ်မွေ့သော အရေတော်ရှိကြောင်း .... [ငော်]

ရွှေရောင်မယှဉ်း ဝါဝင်းသောအဆင်း ရှိကြောင်း .... [ငံ]

အအိမ်ဖြင့် ဖုံးလွှမ်းအပ်သည့် ယောက်ျား နိမိတ်ရှိတော်မူကြောင်း .... [ငါး]

အလံအရပ်ညီမျှ၍ ရပ်တော်မူလျက် မညွတ်ပဲ ဒူးဝန်းကိုသုံးသပ်တော်မူနိုင်ကြောင်း .... [စာ]

ကိုယ်တော်ပြည့်ဖြိုး၍ ရေစီးကြောင်းမထင်သော ကျောပြင်ရှိကာ လည်တိုင်လည်း ဖြိုးတော်မူကြောင်း .... [စိ]

အရသာကြော ၁၀၀၀-တို့ အဖျားထောင်၍ လည်မျိုဆွဲစွပ်လျက်ရှိကြောင်း .... [စု]

မျက်လုံးတော်အလွန်ညို၍ မျက်တောင် မွေးတော် အလွန်နုကြောင်း .... [စူ]

သင်းကျစ်တော် အသားလွှာ ပါရှိကြောင်း [စေ]

မွေးတွင်းတခုစီ၌ မွေးညှင်းတော် တပင်စီနှင့် နဖူးတော်၌ ဥဏ္ဏာလုံမွေးရှင်တော် ပါရှိကြောင်း .... [စဲ]

သွားတော် ၄၀-စေ့၍ သွားတော်မကျဲ သိပ်သဲစေ့စပ်ကြောင်း .... [စော]

http://www.dhammadownload.com



| မာတိကာ | စာမျက်နှာ |
|---|---|
| ရှည်ပြန့်နူးညံ့သော လျှာတော်နှင့် အင်္ဂါရှစ်တန် ဗြဟ္မာကရဝိက်သံ ရှိတော်မူကြောင်း | [ စော် ] |
| လဆန်း ၁၂-ရက် လနှင့် ခြင်္သေ့မင်းကဲ့သို့ ဖြိုးသော မေးတော်ရှိကြောင်း .... | [ ဆေး ] |
| ညီညွတ်သော သွားတော်နှင့် ဖြူဖွေးသော စွယ်တော်လေးဆူရှိကြောင်း .... | [ ဆ ] |
| နိဂုံးချုပ် လက္ခဏာတော် ဘုရားရှိခိုး .... | [ ဆာ ] |
| ဥဒ္ဒိဋ္ဌသ မဟာပုရိသလက္ခဏာ ဒီပနီဂါထာ | [ ဆော ] |

မဟာဗုဒ္ဓဝင် ဒုတိယတွဲ မာတိကာ

နှင့်

အနုဒီပနီ မာတိကာ ပြီး၏။

http://www.dhammadownload.com

# နိုင်ငံတော်ဗုဒ္ဓသာသနာ

# မဟာဗုဒ္ဓဝင်

ဒုတိယတွဲ

## ဂေါတမဗုဒ္ဓဝင်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဗုဒ္ဓရတနာ

### အခန်း-၁

### (က) အလောင်းတော်သေတကေတုနတ်သားအကြောင်း

ဤသို့လျှင် အကျွန်ုပ်တို့၏ ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကာလအတွင်း၌ ပွင့်တော်မူကြသော မြတ်စွာဘုရားပေါင်း နှစ်ကျိပ်ခုနစ်ဆူတို့တွင် ဒီပင်္ကရာ မြတ်စွာဘုရားအစ ကဿပ မြတ်စွာဘုရား တိုင်အောင် နှစ်ကျိပ်လေးဆူကုန်သော မြတ်စွာဘုရားတို့၏ အထံတော်တို့၌ "ဤသူကား လူသုံးပါးတွင် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်"ဟု ထိုမြတ်စွာဘုရားတို့ ဟောကြားကျူးညွှတ် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းပန်ယူတော်မူခဲ့၍ ပါရမီ, စာဂ, စရိယကျင့်ဝတ်တို့ကို လေးအသင်္ချေ ကမ္ဘာတသိန်းကြာအောင် ရှေးဆိုအပ်ပြီးသည့်

http://www.dhammadownload.com



ဘာဝနာလေးပါးတို့ဖြင့် ပွါးများအားထုတ်တော်မူကာ ဘုရားဖြစ်ကြောင်း တရားကောင်းအလုံးစုံတို့ ကုံလုံပြည့်ဝခြင်း အထွတ်အထိပ်သို့ ရောက်တော်မူသဖြင့် ပါရမီဖြည့်ရာကာလ ဘဝအားလုံးတို့၏ အဆုံးသတ်ဖြစ်သော ဝေဿန္တရာမင်းမြတ် ဘဝ၌ အသက် မရှိသော မဟာပထဝီ မြေကြီးကို စင်လျက် ခုနစ်ကြိမ်တိုင်တိုင် ယိမ်းယိုင် ငြိမ့်ငြိမ့် တသိမ့်သိမ့် တုန်လှုပ် ချောက်ချားအောင် ထူးခြားလွန်ကဲ အံ့ဖွယ်မဆုံး တုန္နန်းမထင် အထွတ်တင်သကဲ့သို့ ကျင့်စဉ်တော်မြတ် အရပ်ရပ်တို့ကို ကမ္ဘတ်ပိတ်ဖုံး နိဂုံးချုပ် ဖြည့်ကျင့်တော်မူလျက် အသက်တမ်းအတိုင်း တည်နေပြီးလျှင် စုတေသောအခါ တုသိတာနတ်ပြည်၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း နတ်တကာတို့ထက် နှစ်သက်ဖွယ်ရာ လွန်သာထူးကဲသော (၁) အသက်ရှည်ခြင်း၊ (၂) အဆင်းလှခြင်း၊ (၃) ချမ်းသာကြီးခြင်း၊ (၄) စည်းစိမ် အခြံအရံ များမြတ်ပေါများခြင်း၊ (၅) အစိုးရခြင်း၊ (၆) သုံးဆောင်ခံစားအပ်သော ရူပါရုံတို့ သာလွန်ခြင်း၊ (၇) သဒ္ဒါရုံတို့ သာလွန်ခြင်း၊ (၈) ဂန္ဓာရုံတို့ သာလွန်ခြင်း၊ (၉) ရသာရုံတို့ သာလွန်ခြင်း၊ (၁၀) ဖောဋ္ဌဗ္ဗာရုံတို့ သာလွန်ခြင်းတည်းဟူသော ဂုဏ်ကျေးဇူးဆယ်ပါးတို့ဖြင့် အခြားသော နတ်တို့ကို လွှမ်းမိုးသာလွန်သည့် **စေတဧကေတု** အမည်တော်ရှိသော နတ်သားဖြစ်တော်မူလေ၏။

(ဤအရာ၌ "မဟာသမုဒ္ဒရာရေအစုသည် စကြဝဠာတောင်မှ စ၍ အစဉ်သဖြင့် နက်ဝှမ်း၍သွားရာ မြင်းမိုရ်တောင်ခြေသို့ ရောက်သောအခါ ထိုရေအထုကား ယူဇနာပေါင်း ရှစ်သောင်းလေးထောင် အနက်ရှိသည်"ဟူ၍ ပြောလိုက်လျှင် လေးလေးနက်နက် စဉ်းစားဆင်ခြင်းသည် ရှိသော် ထိုမဟာသမုဒ္ဒရာအတွင်းရှိ ရေပေါက်တို့မှာ ဤမျှ ဤမျှဟု ဂဏန်းမချနိုင်အောင် များပြောက်လှ၏ဟု သိရသကဲ့သို့၊ ထို့အတူပင် "မြတ်စွာဘုရား အလောင်းတော်သည် လေးအသင်္ချေ ကမ္ဘာတသိန်းကြာအောင် ပါရမီ, စာဂ, စရိယာတရားတို့ကို ဘာဝနာလေးပါးဖြင့် မနားမနေ ဖြည့်ကျင့်တော်မူခဲ့သည်"ဟူ၍ အချုပ်စကား အကျဉ်းမျှ ပြောကြား ရေးသားသည်ကို ဖတ်၍ နာကြားရသော သူတော်စင်တို့သည် ထိုလေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကာလအတွင်း မဟာသမုဒ္ဒရာရေပေါက်တို့ထက် မရေမတွက်နိုင်အောင်ပင် များလှစွာသော ဘဝ

http://www.dhammadownload.com



အဖြစ်တော်တို့၌ အလောင်းတော်သည် ပါရမီတရားတို့ကို ဘဝမခြား ပွါးများတော်မူခဲ့ရသည်ဟု လေးနက်စွာ ဆင်ခြင်၍ အလောင်းတော်၏ စရိယဂုဏ်တို့ကို ကြည်ညိုကုန်ရာ၏။)

## ဗုဒ္ဓကောလာဟလ ဖြစ်ပေါ်ခြင်း

အလောင်းတော် သေတကေတုနတ်သားသည် တုသိတာ နတ်ပြည်၌ တုသိတာနတ်တို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း လေးထောင်(၄၀၀၀)၊လူတို့၏အရေအတွက်အားဖြင့် နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်း (၅၇၆၀၀၀၀၀၀) ကာလ ကြာအောင် ထိုတုသိတာနတ်တို့၏ အသက်တမ်းပြည့် ကြီးစွာ သော နတ်စည်းစိမ်ချမ်းသာကို စံတော်မူလျက် နတ်သက်တမ်းစေ့ ကုန်လုခါနီး၍ လူတို့အရေအတွက်အားဖြင့် နှစ်ပေါင်း တထောင် မျှသာ လိုသောအခါ သုဒ္ဓါဝါသပြဟ္မာကြီးတို့သည်—

> "အိုအချင်းတို့....ယနေ့မှနောက် နှစ်ပေါင်းတထောင် စေ့ရောက်သောအခါ၌လူ့ပြည်လောက၌ သဗ္ဗညုမြတ်စွာ ဘုရား ထင်ရှားပွင့်တော်မူလိမ့်မည်"....

ဤသို့ ကောင်းကင်မှ ဟစ်အော်ကြွေးကြော်ကြသောကြောင့် ဤလူ့ပြည်လောက၌ "ဘုရားပွင့်တော် မူတော့မည်တဲ့....ဘုရားပွင့် တော်မူတော့မည်တဲ့"ဟူ၍ လူအများ အုတ်အုတ် ကျက်ကျက် ဝယက်ပြေး ပြောဆိုခြင်း တည်းဟူသော ဗုဒ္ဓကောလာဟလ သည်* နှစ်ပေါင်း တထောင်ကပင် ကြိုတင်၍ ဖြစ်နှင့်လေသည်။

(အလောင်းတော်နတ်သား၏ အမည်နှင့်စပ်၍ ဗုဒ္ဓဝင်ပါဠိတော် ရတနစင်္ကမနကဏ္ဍ၌။ ။ယဒါဟံ တုသိတေ ကာယေ၊သန္တုသိတော နာမဟံ တဒါ။ ။ဟူ၍ ဟောတော်မူသောကြောင့် သန္တုသိတအမည်တော် ရှိကြောင်း သိရ၏။ ဗုဒ္ဓဝင်အဋ္ဌကထာ, ဇိနာလင်္ကာရဋီကာတို့၌လည်း ဤပါဠိတော်အတိုင်းပင် သန္တုသိတနတ်သားဟူ၍ပင် ဖွင့်ဆိုတော်မူ ကြ၏။ ပါရာဇိကဏ်အဋ္ဌကထာ ဝေရဉ္ဇကဏ္ဍ ပုဗ္ဗေနိဝါသကထာအဖွင့်,

---

* ကောလာဟလ ငါးပါးအကြောင်းကို အနုဗိပန္နိ၌ အကျယ်ပြဆိုထားသည်။

http://www.dhammadownload.com



မူလဋီကာ၌ သဗ္ဗညုတအဘိညာတံ ဘဝေပြီး နဂိုစတင်ရမည့် မင်းဆိုင်ရာ အလောင်း တော်နတ်သား၏ အမည်ကို သေတကေတုဟူ၍ ဖွင့်ဆိုတော်မူကြ၏။ ။ တထာဂတဥဒါနဒီပနီ မာလာလင်္ကာရဝတ္ထု ဇိနတ္ထပကာသနီစသော ရှေးမြန်မာဗုဒ္ဓဝင်ကျမ်းပြု ဆရာစဉ်ဆက်တို့လည်း အလောင်းတော် နတ်သား၏ အမည်ကို သေတကေတုဟူ၍ပင် ရေးသားမိန့်ဆိုတော်မူကြ ၏။ သို့ဖြစ်၍ "သန္တုသိတ"ဟူသော အမည်မှာ တုသိတာနတ်ဘုံ ဌာနနှင့်စပ်၍ ရအပ်သော သာမညအမည်ဖြစ်သည်။ "သေတကေတု" ဟူသော အမည်မှာ အလောင်းတော် နတ်သား၏ ဝိသေသအမည် ဖြစ်သည်ဟု မှတ်ယူရမည်ဟူ၍ ဆရာတို့ မိန့်ဆိုတော်မူကြ၏။)

### ဘုရားအလောင်းနတ်သားထံ တောင်းပန်ကြခြင်း

ဗုဒ္ဓကောလာဟလ = ဘုရားပွင့်တော်မူတော့မည်တဲ့-ဟူသော အုတ်အုတ်ကျက်ကျက် ပြောဆိုစကား ကြားသိကြရကုန်သဖြင့် စကြဝဠာပေါင်း တိုက်တသောင်းတို့၌ အသီးအသီး နေကြကုန် သော စတုမဟာရာဇ်နတ်မင်းကြီး သိကြားနတ်မင်း သုယာမ နတ်မင်း သန္တုသိတနတ်မင်း သုနိမ္မိတနတ်မင်း ဝသဝတ္တီနတ်မင်း အသီးသီးတို့သည်၎င်း မဟာဗြဟ္မာကြီး အသီးသီး တို့သည်၎င်း တခုတည်းသော ဤစကြဝဠာတိုက်၌ တပေါင်းတည်း အတူတကွ စည်းဝေး တိုင်ပင်ကြပြီးသော် နတ်သက်တမ်း စေ့ကုန်ခါနီး၍ လူတို့၏ အရေအတွက်အားဖြင့် ခုနစ်ရက်မျှသာ လိုတော့သဖြင့် နတ်သက်ကြွေရန် ပုဗ္ဗနိမိတ်ငါးပါး* ထင်ရှား ဖြစ်ပေါ်နေသော အလောင်းတော် သေတကေတု နတ်သား၏အထံသို့ အညီ အညွတ် လာရောက်ကြကာ လက်အုပ်ချီမိုးကြလျက် ဤသို့ တောင်းပန်စကား လျှောက်ထားကြကုန်၏—

အို အလောင်းတော် အရှင်နတ်သား....အရှင်သည် ပါရမီ ဆယ်ပါးတို့ကို အပြည့်အစုံ ဖြည့်ကျင့်တော်မူခဲ့ ပါပြီ....၊ထိုပါရမီတို့ကို အရှင်နတ်သားသည် သိကြားမင်း စည်းစိမ် မာရ်နတ်မင်း စည်းစိမ် ဗြဟ္မာမင်း စည်းစိမ် စကြာမင်း စည်းစိမ်တို့ကို တောင့်တ၍ ဖြည့်ကျင့်ခဲ့သည်

---

* ပုဗ္ဗနိမိတ်ငါးပါးအကြောင်းကို အနုဒီပနီ၌ အကျယ်ဖော်ပြထားသည်။

http://www.dhammadownload.com



မဟုတ်ပါ၊ အရှင်နတ်သားသည် လောကသုံးပါးမှ ကိုယ်တော်တိုင် လွတ်မြောက်ကာ များစွာသော လူနတ် ဗြဟ္မာတို့ကိုလည်း လွတ်မြောက်စေရန်အကျိုးငှါ သဗ္ဗ- ညုတ ဉာဏ်တော်ကိုသာ ပန်ထွာတောင့်တ၍ ထိုပါရမီ တော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပါသည်၊ အို့ အလောင်း တော် အရှင်နတ်သား....ဘုရားဖြစ်ရန် အချိန်တန်ပါပြီ၊ ယခုအခါကား အရှင်နတ်သား ဘုရားဖြစ်ဖို့ရာ အချိန် အခါ မှန်လှပါသည်၊ အရှင်နတ်သားသည် လူ့ပြည် လောက မယ်တော်ဝမ်း၌ ဖြစ်တော်မူပြီးလျှင် လူသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူကာ နတ်နှင့်တကွသော လူအပေါင်းကို သံသရာမှ ကယ်တင်၍ သေခြင်းကင်းရာ နိဗ္ဗာန်တရားကို ဟောကြားသိစေတော်မူပါလော့—

ဟူ၍ တောင်းပန်စကား လျှောက်ထားကြကုန်၏။

ကြည့်မြင်းကြီး ငါးပါးကို ကြည့်တော်မူခြင်း

ဤသို့ စကြဝဠာပေါင်း တိုက်တသောင်းမှ အညီအညွတ် လာရောက် စည်းဝေး တောင်းပန်ကြသော နတ်ဗြဟ္မာအပေါင်း တို့အား အလောင်းတော် သေတကေတုနတ်သားသည် အဆော တလျင် ပဋိညာဉ်ဝန်ခံချက်ကို မပေးသေးပဲ ရှေးရှေးသော ဘုရားအလောင်းတော်တကာတို့ ကြည့်ရှုမြဲ ဓမ္မတာဖြစ်သည့်—

(၁) ဘုရားဖြစ်ရာ ခေတ်အခါကာလကို ကြည့်ရှု ဆင်ခြင် ခြင်း၊

(၂) ဘုရားဖြစ်ပွင့်ရာကျွန်းကို ကြည့်ရှု ဆင်ခြင်ခြင်း၊

(၃) ဘုရားဖြစ်ပွင့်ရာ အရပ်ဒေသကို ကြည့်ရှု ဆင်ခြင် ခြင်း၊

(၄) (ပစ္ဆိမဘဝသား) ဘုရားအလောင်းတော်တို့ ဖြစ် တော်မူရာ အမျိုးကို ကြည့်ရှု ဆင်ခြင်ခြင်း၊

http://www.dhammadownload.com



## (၅) ဘုရားအလောင်းမယ်တော်၏ အရွယ်တော်အပိုင်း အခြားကို ကြည့်ရှု ဆင်ခြင်ခြင်း—

ဤကြည့်ခြင်းငါးပါးတို့ကို ကြည့်တော်မူ၏။

(၁) ဤကြည့်ခြင်းကြီး ငါးပါးတို့တွင် "လူ့ပြည်လောကၥ ဘုရားဖြစ်ပွင့်ရန် အချိန်အခါတန်ပြီလော၊ မတန်သေးလော"ဟု ရှေးဦးစွာ အခါကာလကို ကြည့်ရှုဆင်ခြင်တော်မူ၏။ ထိုသို့ ကြည့်ရှုဆင်ခြင်တော်မူရာ၌ လူတို့၏ အသက်တမ်း အနှစ်တသိန်း အထက် ပွါးတက်ရှည်လျားသော ကာလသည် မြတ်စွာဘုရား များ ဖြစ်ပွင့်တော်မူကြရာ အခါကာလမဟုတ်၊ အကြောင်းသော် ကား....ထိုအသက်တမ်း အနှစ်တသိန်းမှ အထက်ကာလ၌ အသက် တမ်း အလွန်ရှည်လွန်းလှသဖြင့် သတ္တဝါတို့အား ပဋိသန္ဓေ တည်နေရခြင်းဆင်းရဲ, အိုရခြင်းဆင်းရဲ, နာရခြင်းဆင်းရဲ, သေရ ခြင်း ဆင်းရဲတို့သည် မထင်ရှားကုန်ချေ။ ထိုရှည်လျားလှသော အသက်တမ်းကာလ၏ ဖုံးလွှမ်းကာကွယ်မှုကြောင့် ထိုဆင်းရဲအစု ကို လူတို့ မေ့လျော့၍ နေကြလေသည်။ မြတ်စွာဘုရားရှင်တို့ ဟောကြားရမည့် တရားဒေသနာတော်မှာလည်း မမြဲခြင်း အနိစ္စ လက္ခဏာ, ဆင်းရဲခြင်း ဒုက္ခလက္ခဏာ, အစိုးမပိုင်ခြင်း အနတ္တ လက္ခဏာတို့မှ လွတ်ကင်းသည်ဟူ၍ မရှိ၊ အကယ်၍ အသက် တသိန်းတမ်း၏ အထက်၌ မြတ်စွာဘုရားတို့ ပွင့်တော်မူကြကာ အနိစ္စသဘောတရား, ဒုက္ခသဘောတရား, အနတ္တသဘောတရား တို့ကို ဟောကြားတော်မူကြလျှင်လည်း ကြားနာကြသူ ထိုခေတ် လူတို့သည် "ဘာတွေကိုများ ဟောကြား နေကြပါလိမ့်" ဟူ၍ မဝေနိုင် မခွဲနိုင်ဖြစ်ကာ နာကြားကြမည် သက်ဝင်ယုံကြည်ကြမည် မဟုတ်ချေ၊ ထိုသို့ မနာကြား မယုံကြည်ကြလျှင်လည်း သစ္စာ လေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြမည်မဟုတ်ချေ။ သံသရာ ဝဋ်မှ လွတ်မြောက်စေနိုင်သော လက္ခဏာရေးသုံးပါး တရား ဒေသနာကို မသက်ဝင် မယုံကြည်သူတို့အား ဟောကြား၍လည်း သံသရာဝဋ်မှ လွတ်မြောက်ခြင်းအကျိုးမပြီး အချည်းနှီးသာ ဖြစ် လေရာ၏၊ ထို့ကြောင့် အနှစ်တသိန်းအထက် အသက်တမ်း ရှည်

http://www.dhammadownload.com



လျှားသော ကာလသည် မြတ်စွာဘုရားများ ဖြစ်ပွင့်တော်မူကြရာ အခါကာလမဟုတ်။

ယူတို့၏ အသက်တမ်း အနှစ်တရာအောက် ဆုတ်ယုတ်တိုတောင်းသော ကာလသည်လည်း မြတ်စွာဘုရားများ ဖြစ်ပွင့်တော်မူကြရာ အခါကာလမဟုတ်၊ အကြောင်းသော်ကား....ထိုအနှစ်တရာတမ်း၏ အောက်ဖြစ်သောကာလ၌ ဖြစ်ပွါးကြသောသတ္တဝါတို့သည် ကိလေသာတရား များပြားထူပြောကြကုန်၏၊ ကိလေသာတရား များပြားထူပြောကြသော သူတို့အား ဟောကြားပြသ ပေးဝေဌအပ်သော ဘုရား အဆုံးအမတော်သည် ရေအပြင်၌ ဒုတ်ချောင်းဖြင့် ရေးခြစ်အပ်သော အရေးအသားပမာ ရှည်လျားကြာမြင့်စွာ မတည်တံ့ပဲ လျင်မြန်စွာ ပျောက်ပြယ် ကင်းကွယ်လေရာ၏၊ ထို့ကြောင့် လူတို့၏ အသက်တမ်း အနှစ်တရာအောက် ဆုတ်ယုတ်တိုတောင်းသော ကာလသည်လည်း မြတ်စွာဘုရားများ ဖြစ်ပွင့်တော်မူကြရာ အခါကာလမဟုတ်။

လူတို့၏ အသက်တမ်း အနှစ်တသိန်းတမ်းနှင့် အနှစ်တရာတမ်း ဤနှစ်တမ်းတို့ပါ အပါအဝင် အကြားဖြစ်သော အခါကာလသည်သာလျှင် ဇာတိ ဇရာ မရဏ တရားတို့လည်း ထင်လွယ်,လက္ခဏာရေးသုံးပါး သံသရာဝဋ်မှ လွတ်မြောက်ကြောင်းတရားကို ဟောကြား၍လည်း သိလွယ်, သတ္တဝါတို့ သန္တာန်၌ကိလေသာလည်း မထူပြောလွန်းသဖြင့် ဖော်ပြရာပါ အနှစ်တသိန်းတမ်းမှစ၍ အောက်, အနှစ်တရာတမ်းမှစ၍ အထက် ဖြစ်သော အသက်တမ်း ကာလသည်သာလျှင် မြတ်စွာဘုရားတို့ ဖြစ်ပွင့်တော်မူကြရာ ကာလမည်ပေ၏။ (အလောင်းတော် နတ်သားကို နတ်ဗြဟ္မာအပေါင်းတို့ တောင်းပန်သောအခါ၌လည်း လူတို့၏ အသက်တမ်း အနှစ် တရာကာလ ဖြစ်လေသည်။) ထိုအခါ အလောင်းတော် သေတကေတု နတ်သားသည် "ဤအခါကား ဘုရားဖြစ်ရန် လျော်ကန်လျောက်ပတ်လှသော အခါကာလပေတည်း"ဟု ပိုင်းခြားထင်ထင် ဘုရားဖြစ်ရန်ကာလကို ထင်ရှားသိမြင်တော်မူလေ၏။

http://www.dhammadownload.com



(၂) ထိုနောက် မြတ်စွာဘုရားတို့ ဖြစ်ပွင့်တော်မူရာကျွန်းကို ကြည့်ရှု ဆင်ခြင်တော်မူပြန်သော် ကျွန်းငယ်ငါးရာစီ အခြံအရံရှိသော ကျွန်းကြီး လေးကျွန်းတို့အနက် ဇမ္ဗူသပြေပင် ပေါက်ရောက်ရာဖြစ်၍ ထိုဇမ္ဗူသပြေပင်ဖြင့် မှတ်သားခေါ်ဆိုအပ်သော ဤဇမ္ဗူဒိပ်ကျွန်းကြီး၌သာလျှင် ရှေးဘုရားရှင်တို့ ပွင့်တော်မူကြမြဲဖြစ်သည်ဟု ပိုင်းခြားထင်ထင် ဘုရားဖြစ်ပွင့်ရာ ကျွန်းကိုလည်း ထင်ရှား သိမြင်တော်မူလေ၏။

(၃) ထိုနောက် "ဇမ္ဗူဒိပ်ကျွန်းမည်သည် ကျယ်ဝန်းကြီးမားလှ၏၊ အတိုင်းအရှည်ပမာဏအားဖြင့် ယူဇနာပေါင်း တသောင်း ကျယ်ဝန်း၏၊ ဤမျှ ကျယ်ဝန်းလှသော ဇမ္ဗူဒိပ်ကျွန်းတွင် ရှေးဘုရားရှင်တို့သည် အဘယ်အရပ်ဒေသ၌ ပွင့်တော်မူကြသနည်း" ဟု ဘုရားဖြစ်ပွင့်ရာ အရပ်ဒေသကို ကြည့်ရှုဆင်ခြင်တော်မူပြန်သော် ဤဇမ္ဗူဒိပ်ကျွန်း၏ အလယ်အရပ်ဖြစ်သော မဇ္ဈိမဒေသကို "ရှေးဘုရားတို့ ပွင့်တော်မူရာ အရပ်ဒေသဖြစ်သည်" ဟူ၍ ပိုင်းခြားထင်ထင် သိမြင်တော်မူ၏။

(မဇ္ဈိမဒေသဟူသည်မှာ— အရှေ့အလား ဂဇင်္ဂလမည်သော နိဂုံး၏ အရှေ့ဘက် အင်ကြင်းပင်ကြီး၊ အရှေ့တောင်အလား သလ္လဝတီမြစ်၊ တောင်အလား သေတကဏ္ဏိကမည်သော နိဂုံး၊ အနောက်အလား ထူဏမည်သော ပုဏ္ဏားရွာ၊ မြောက်အလား ဥသီရဒ္ဓဇတောင်၊ ဤနယ်နိမိတ်ငါးရပ်တို့ဖြင့် သတ်မှတ်ပိုင်းခြားအပ်သော အလျားယူဇနာ သုံးရာ၊ အနံယူဇနာ နှစ်ရာ့ငါးဆယ်၊ အဝန်းယူဇနာ ကိုးရာ အပိုင်းအခြားရှိသော အရပ်ဒေသကို ခေါ်၏။ ဤမဇ္ဈိမဒေသမှ အပြင်အပဖြစ်သော အရပ်ဒေသများသည် ပစ္စန္တရစ်အရပ် မည်၏။ မဇ္ဈိမဒေသ အရပ်အတွင်း၌သာလျှင် သဗ္ဗညုမြတ်စွာဘုရားတို့သည်၎င်း ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်၎င်း အဂ္ဂသာဝက အသီတိမဟာသာဝက အရှင်မြတ်တို့သည်၎င်း စကြာမင်းတို့သည်၎င်း ထိုမှတပါး ဘုန်းတန်ခိုးကြီးမား စည်းစိမ်ဥစ္စာများကြသည့် ခတ္တိယမဟာသာလ ဗြာဟ္မဏမဟာသာလ ဂဟပတိမဟာသာလတို့သည်၎င်း ဖြစ်ထွန်းကြစမြဲ ဖြစ်ကုန်၏။)

---

http://www.dhammadownload.com



ထိုမဇ္ဈိမဒေသ အလယ်ပိုင်း အရပ်ဌာနအတွင်း သက္ကတိုင်း အဝင်အပါ ကပိလဝတ်မင်းနေပြည်သည် ရှိ၏၊ ထိုကပိလဝတ် မင်းနေပြည်၌ ငါဖြစ်သင့်၏ဟူ၍လည်း အလောင်းတော်သေတ-ကေတုနတ်သားသည် ဆုံးဖြတ်ချက် ချမှတ်တော်မူလေ၏။

(၄) ထိုနောက် ဘုရားအလောင်း ပစ္ဆိမဘဝသားတို့ ပဋိသန္ဓေ တည်နေဖြစ်ပွါးရာ အမျိုးကို ကြည့်ရှု ဆင်ခြင်တော်မူပြန်သော်—"ရှေးရှေးဘုရားရှင်တို့သည် ဘုရားဖြစ်မည့် ပစ္ဆိမဘဝ၌ ကုန်သည်မျိုး သူဆင်းရဲမျိုးတို့၌ ဖြစ်တော်မမူကြကုန်၊ လူအပေါင်းတို့က အဦးအမြတ်ဟူ၍ သမုတ်အပ်သော မင်းမျိုး ပုဏ္ဏားမျိုးတို့၌သာလျှင် ဖြစ်တော်မူကြကုန်၏။ မင်းမျိုးကို လူအပေါင်းတို့က အဦးအမြတ်ဟူ၍ သမုတ်ကြသော ခေတ်အခါ၌ ပစ္ဆိမဘဝသား ဘုရားအလောင်းတို့သည် ထို အဦးအမြတ် သမုတ်အပ်သော မင်းမျိုး၌ ဖြစ်တော်မူကြကုန်၏၊ ပုဏ္ဏားမျိုးကို လူအပေါင်းတို့က အဦးအမြတ်ဟူ၍ သမုတ်ကြသော ခေတ်အခါ၌ ပစ္ဆိမဘဝသား ဘုရားအလောင်းတို့သည် ထိုအဦးအမြတ် သမုတ်အပ်သော ပုဏ္ဏားမျိုး၌ဖြစ်တော်မူကြကုန်၏။ယခုအခါ၌ကားမင်းမျိုးကိုလူအပေါင်းတို့က အဦးအမြတ်ဟူ၍ သမုတ်အပ်၏၊ ထိုမင်းမျိုး၌ ငါဖြစ်ပေအံ့။ ထိုမင်းမျိုးတွင်လည်း ကပိလဝတ် နေပြည်တော်၏ အရှင်ဖြစ်သော သုဒ္ဓေါဒနမင်းကြီးသည် ကမ္ဘာဦးအစ မဟာသမ္မတမင်းမြတ်မှ နွယ်ဇာတ်မပျက် ဆင်းသက်လာခဲ့သော အသမ္ဘိန္န ခတ္တိယရာဇ သကျသာကီဝင် မျိုးသန့်စင်သော ဘုရင်အထွတ်အမြတ် ဖြစ်ပေသည်၊ ဤသို့ မျိုးရိုးဆက်နွယ် စင်ကြယ်ပွန်မြတ်သော သုဒ္ဓေါဒန မင်းကြီးသည် ငါ၏ ခမည်းတော်ဖြစ်ပေလိမ့်မည်"ဟူ၍ ဘုရားဖြစ်ရာသော အမျိုးကို ပိုင်းခြားထင်ထင် သိမြင်တော်မူလေ၏။

(၅) ထိုနောက် ဘုရားမယ်တော်ကို ကြည့်ရှု ဆင်ခြင်ပြန်သော်—"ဘုရား၏ မယ်တော်မည်သည်ကား လျှပ်ပေါ် လော်လည်ခြင်း အလျှင်းမရှိ၊ သေရည်အရက် သောက်စားခြင်း အလျှင်းမရှိ၊ ဘုရား၏ မယ်တော် ဖြစ်ကြောင်း ကောင်းမှု ပါရမီတို့ကို ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်ကျင့်ခဲ့ပြီးသူ ဖြစ်ရ၏၊ ဘုရား

http://www.dhammadownload.com



မယ်တော်ဖြစ်ရမည့်ဘဝကို ရရှိဖွားမြင်ခဲ့သည်မှ အစပြု၍ ငါးပါး သီလကို တရံတခါမျှ မကျိုးမပေါက်စေပဲ အမြဲယုံကြည်စွာ စောင့် ရှောက်ထိန်းသိမ်းခဲ့သူသာ ဖြစ်ရ၏၊ သုဒ္ဓေါဒနမင်းကြီး၏ မိဖုရား ကြီးဖြစ်သော သီရိမဟာမာယာဒေဝီသည် ဤ ဆိုအပ်ပြီးသော ကျေးဇူးဂုဏ် အင်္ဂါအပေါင်းတို့နှင့် ထက်ဝန်းကျင် ပြည့်စုံပေ၏၊ ဤသီရိမဟာမာယာဒေဝီမိဖုရားကြီးသည် ငါ၏မယ်တော် ဖြစ်ပေ လိမ့်မည်၊ (ထိုမယ်တော်ဖြစ်ထိုက်သည့် သီရိမဟာမာယာဒေဝီ၏ အသက်ကြွင်းကား မည်မျှရှိသနည်းဟု ဆက်၍ ဆင်ခြင် ကြည့်ရှု တော်မူလတ်သည်တွင်) ဆယ်လနှင့် ခုနစ်ရက်သာလျှင် မယ်တော် ၏ အသက်ကြွင်းရှိတော့ကြောင်း ကောင်းစွာ ထင်ထင် သိမြင် တော်မူလေ၏။

### နတ်ဗြဟ္မာအပေါင်းတို့အား ဝန်ခံတော်မူခြင်း

ဤသို့အားဖြင့် ကြည့်မြင်းကြီးငါးပါးတို့ကို ပိုင်းခြားစွေ့ငှ ကြည့် ရှုဆင်ခြင် သိမြင်တော်မူပြီးလတ်သော် အလောင်းတော် သေတ- ကေတုနတ်သားသည် "ငါကား လူ့ပြည်လောက လူ့ဘဝသို့သက် ဆင်း၍ ဘုရားဖြစ်တော့အံ့"ဟု ကြံစည်ရည်မှတ် ဆုံးဖြတ်ပြဋ္ဌာန်း တော်မူပြီးလျှင် တသောင်းသော စကြဝဠာတိုက်မှ လာရောက် တောင်းပန်ကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား—

> "အို အချင်း နတ်ဗြဟ္မာအပေါင်းတို့....ယခုအခါကား သင်တို့ တောင်းပန်ကြသည့်အတိုင်း အကျွန်ုပ် ဘုရားဖြစ် ဖို့ရန် အခါတန်ပေပြီ၊ သင်တို့သည် အလိုရှိရာသို့ သွားကြ လေကုန်၊ အကျွန်ုပ်သည် လူ့ပြည်သို့ သက်ဆင်း၍ ဘုရား ဖြစ်တော့အံ့"—

ဟု ပဋိညာဉ် ပန်ခံချက်ပေးတော်မူ၍ ထို နတ်ဗြဟ္မာအပေါင်း တို့ကို ပြန်လည်ဖဲခွါခွင့်ပြုပြီးလျှင် တုသိတာနတ်အပေါင်းတို့ ခြံရံ လျက် ထိုတုသိတာနတ်ပြည်၌ရှိသော နန္ဒဝန် ဥယျာဉ်တော်သို့ ဝင်တော်မူလေ၏။

http://www.dhammadownload.com



## (ခ) နန္ဒဝန်ဥယျာဉ်တော် အကြောင်း

သဂါထာဝဂ္ဂ သံယုတ် အဋ္ဌကထာ နန္ဒနဝဂ် အစရှိသည်တို့၌ ဖွင့်ပြသည့်အတိုင်း နန္ဒဝန်ဥယျာဉ်တော်အကြောင်းကို ရေးသား ဖော်ပြပေအံ့—ဤနန္ဒဝန်ဥယျာဉ်တော်မည်သည်ကား ဝင်ရောက် လာတိုင်းကုန်သော နတ်တို့အား ပျော်ပါးနှစ်သက်စေတတ်သော ကြောင့် နန္ဒဝန်ဥယျာဉ်ဟူ၍ ခေါ်ဝေါ်သမုတ်အပ်သည်။

ဤနန္ဒဝန်ဥယျာဉ်တော်သည် နတ်ပြည်ခြောက်ထပ်လုံးမှာပင် အသီးသီးရှိပေ၏၊ အောက်အောက် နတ်ပြည်တို့၌ ရှိကြသော နန္ဒဝန်ဥယျာဉ်တော်များနှင့် အထက်အထက် နတ်ပြည်တို့၌ ရှိကြ သော နန္ဒဝန်ဥယျာဉ်တော်များသည် နှစ်သက်စေတတ်ပုံ အကြောင်းအခြင်းအရာအားဖြင့် အလားတူချည်းပင် ဖြစ်ကြ၍ တာဝတိံသာ နတ်ပြည်၌ရှိသော နန္ဒဝန်ဥယျာဉ်တော်၏ အကြောင်းအရာကိုသာ ကျမ်းဂန်တို့၌ အကျယ် ဖွင့်ပြလေသည်။

ဤနန္ဒဝန်ဥယျာဉ်ကား—ပုထုဇန်တို့ ဓလေ့ မြင်တွေ့ခံစား၍ မငြီး ရင်တီးလက်ခတ် စုတ်သပ်အံ့ဩ ပြောပ၍ မကုန်နိုင်လောက် အောင်ပင် ရတနာနတ်ဖြစ် သစ်ပင်,ပန်းပင်,ဘုံ,ယာဉ်,ပဒေသာ သုံးဆောင်ဖွယ် အဖြာဖြာတို့ဖြင့် သာယာဆန်းပြား ခမ်းနား တင့်တယ်သော ဌာနဖြစ်လေသည်။ အရွယ်အမျိုးမျိုး အဆင်း အမျိုးမျိုး အသံအမျိုးမျိုး သဏ္ဌာန်အမျိုးမျိုး အလှံအရောင်အဝါ အမျိုးမျိုး နတ်ကခြေသည် နတ်သဘင်သည် နတ်ပွဲအမျိုးမျိုး တီးမျိုး မှုတ်မျိုး က-ခုန်-သီ-ဆို-ဖျော်ဖြေမှုအမျိုးမျိုးတို့ဖြင့် မရှိး နိုင်လောက်အောင်ပင် အပြိုင်အဆိုင် သူ့ထက်ငါ တပလျက် သမုဒယအာရုံ ကာမဂုဏ်ဝတ္ထု အစုစုတို့ဖြင့် စတုဒိသာ ခင်းကျင်း သည့်ပမာ နတ်စည်းစိမ်ချမ်းသာ အမျိုးမျိုးတို့ဖြင့် မွေးထူးပျော်ပါး ကြရာ ဌာနထူးတရပ် ဥယျာဉ်ကလာပ်ကြီးသဖွယ် ဖြစ်လေသည်။

မိမိတို့နတ်ပြည်၏ ကြက်သရေမင်္ဂလာ အဆင်တန်းဆာကြီး တခုအဖြစ်ဖြင့် ကြည့်ရှုဖွယ် နှားဆောင်ဖွယ် နှမ်းရှုဖွယ် အား

http://www.dhammadownload.com



သောက်ဖွယ် တွေ့ထိဖွယ် ဤခံစားဖွယ်မွှေလျော်ဖွယ်အာရုံ ကာမဂုဏ်ငါးချက်တို့ဖြင့် သက်ဝင်ရောက်ဆိုက်လာကြသော နတ်အပေါင်းတို့အား ရွှင်လန်းခံမက် နှစ်သက်စေနိုင်သော ဥယျာဉ်တော်မြတ်ဖြစ်ပေသည်။

ထိုနန္ဒဝန်ဥယျာဉ်တော်သည် နတ်သား နတ်သမီးတို့ နတ်ဘဝမှ လျှောကျစုတေ သေလွန်ရခါနီး၍ စုတိနိမိတ်ကြီး ငါးပါးတို့ထင်ရှားဖြစ်ပေါ်လာခြင်းကြောင့် မိမိတို့၏နတ်စည်းစိမ် ချမ်းသာတို့ကို ပယ်ခွါစွန့်ပစ်ကာ သွားရတော့မည့်အရေးကို တွေးတောဆင်ခြင်ကာ ပြင်းပြသည်းထန်စွာ ပူပန်ငိုကြွေးလျက် ရှိကြစေကာမူ ထိုနန္ဒဝန်ဥယျာဉ်သို့ ဝင်ရောက်လာမိသောအခါ ယခင်က ပင်ပန်းငိုကြွေး ပူဆွေး တောက်လောင်ခဲ့သမျှသော သောက ပရိဒေဝမီးတို့သည် နန္ဒဝန်ဥယျာဉ်တော်၏ ဖျော်ဖြေမှုကို ခံစံရသဖြင့် တခဏမျှနှင့်ပင် ကင်းပကွယ်ပျောက် ဝမ်းမြောက်ဝမ်းသာ ချမ်းသာကြည်လင် သက်သာစိတ် ဝင်ပြီးလျှင် ပျော်ရွှင်နှစ်သက်ရာဌာနကြီး ဖြစ်လေသည်။

မည်သည့်အကြောင်းကြောင့်မဆို ပင်ပန်းငိုကြွေး ပူဆွေးတောက်လောင်လျက် လာရစေကာမူ ထိုနန္ဒဝန် ဥယျာဉ်တော်အတွင်း ချဉ်းနင်းဝင်ရောက်မိသောအခါ သာယာနှစ်သက်ဖွယ်သော အာရုံတို့၌ ခံမင်ဝင်စား ပျော်ပါးရင်းအချိန်မှာပင် နေအရှိန်အငွေ့ကျောက်၍ သွေ့ခြောက်ပျက်ကြေ ကွယ်ပျောက်လေရသော ချီးနှင်းစု ဆီးနှင်းခဲကဲ့သို့၎င်း၊ လေအဟုန်တိုက်ခတ်ဆော်သွေး၍ ငြိမ်းအေးသောဆီမီးတောက်ကဲ့သို့၎င်း ပူပန်သောက ကြောင့်ကြခဝ်သိမ်းတို့သည် တခဏနှင့်ပင် ကွယ်ပ ငြိမ်းအေးရလေတော့သည်။ "လောက၌ ကောင်း၏ဟု သမုတ်အပ်သော ဝတ္ထုအာရုံ ကာမဂုဏ်ချမ်းသာ အမျိုးမျိုးတို့၏ စုဝေး တည်နေရာ ဖြစ်သော နန္ဒဝန်ဥယျာဉ်တော်သို့ မရောက်ဘူးသောသူသည် လောက၌ ချမ်းသာသည်ဆိုသော သဘောကို နားမလည်နိုင်"ဟူ၍ ပြောဆိုရလောက်အောင်ပင် ကာမဘုံသား ပုထုဇန်များအတွက် နှစ်သက်ဖွယ်ရာအာရုံတို့ စုပုံတည်နေရာ လွန်စွာတင့်တယ်လှပေသည်။

http://www.dhammadownload.com



ဝိနည်းသာရတ္ထဒီပနီဋီကာ၊ပ၊ မျက်နှာ (၂၆၀) ဝေရဉ္ဇကဏ္ဍအဖွင့်၌ "တာဝတိံသာနတ်ပြည်ရှိ နန္ဒဝန် ဥယျာဉ်တော်သည် ပါဇနာခြောက်ဆယ်မျှ ကျယ်ဝန်းသည်၊ (ဆရာတို့ အလိုအားဖြင့် ယူဇနာငါးရာ ကျယ်ဝန်းသည်၊) နတ်သစ်ပင် အမျိုးပေါင်း တထောင်တို့ဖြင့် တင့်တယ်စွာ တန်းဆာ ဆင်အပ်သည်" ဟူ၍ ဖွင့်ပြထားသည်။

ဇိနာလင်္ကာရဋီကာ တိပိဋကဗုဒ္ဓခေတ္တအဖွင့် စာမျက်နှာ(၉၀)၌ "ထိုနန္ဒဝန်ဥယျာဉ်တော်သည် တာဝတိံသာနတ်ပြည် သုဒဿန နန်းမြို့တော်၏ အရှေ့ဘက် မျက်နှာ၌ ရတနာ အတိပြီးသော တံတိုင်း မီးတား တံခါးတုရိုဏ်တိုင်တို့ဖြင့် ခြံရံအပ်၏၊ အဝန်း ယူဇနာ တထောင်ရှိ၏၊ နတ်တို့ နှစ်သက်မွေ့လျော် ပျော်ဖွယ်ရာ ဖြစ်၏၊ နန္ဒဝန် ဥယျာဉ်တော်နှင့် သုဒဿန မြို့တော်၏ အကြား၌ မဟာနန္ဒာကန်တော် စူဠနန္ဒာကန်တော်တည်းဟူသော၍ရေကန်တော် နှစ်ခုတို့လည်း ရှိကုန်၏၊ ထိုရေကန်တော်တို့ကား အရင် ထက်ဝန်းကျင် စင်ကြယ်သန့်ရှင်း၍ ရေမျက်နှာ အနေအားဖြင့် စိမ်းလဲ့ညိုမှောင်သော အဆင်းအရောင်ကို ဆောင်ကုန်လျက် မြှုတ်မဲကင်းစင်သော ကောင်းကင်ပြင်နှင့် တူကုန်၏" ဤသို့စသည် ဖြင့် ဖွင့်ပြထားသည်။

### အလောင်းတော် နတ်သက်စကြွေရန် အခါရောက်ခြင်း

အလောင်းတော် သေတကေတု နတ်သားသည် ထိုနန္ဒဝန် ဥယျာဉ်တော်သို့ ဝင်လာရောက်ရှိတော်မူလတ်သော် အတူတကွ ခြံရံလိုက်ပါလာကြသော တုသိတာဘုံသား နတ်သား နတ်သမီး တို့က အလောင်းတော်နတ်သားကို—

"အရှင် နတ်သားသည် ဤနတ်ပြည်မှ စုတေသော် ကောင်းမှု ကုသိုလ်ရှင်တို့၏ လားရောက်ရာ သုဂတိဘုံ ဘဝသို့သာ သွားရောက်တော်မူပါလော့"—

ဟု ပြောဆိုကြကုန်၍ ရှေးကပြုဘူးသော ကောင်းမှု ကုသိုလ်ကံ တို့ကို အဖန်ဖန် ကြီတွေးအောက်မေ့စေကြကုန်လျက် အလောင်း

http://www.dhammadownload.com



တော်နတ်သားကို ဝန်းရံကြကာ ထိုနန္ဒဝန်ဥယျာဉ်တော်အတွင်း၌ လှည့်လည်ကြကုန်၏။ ဤသို့ ရှေးကောင်းမှု ကုသိုလ်ကံတို့ကို အဖန်ဖန် ကြံတွေးအောက်မေ့ရန် ဆော်ဖန် တိုက်တွန်းကြသော နတ်အပေါင်းတို့ ခြံရံလျက် နန္ဒဝန်ဥယျာဉ်တော်အတွင်း၌ လှည့်လည်တော်မူစဉ်ပင်လျှင် အလောင်းတော်သေတကေတုနတ်သား၏ စုတေရန် (နတ်သက်ကြွေရန်) အချိန်ကာလ စေ့ရောက်ခဲ့လေသည်။

## (၈) ပဋိသန္ဓေ တည်နေကြောင်း

ထိုသို့ အလောင်းတော် သေတကေတုနတ်သား၏ စုတေရန် အချိန် စေ့ရောက်သော ကာလ၌ သီရိမဟာမာယာ ဒေဝီသည်လည်း ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအဖြစ်ဖြင့် အလွန်ကြီးကျယ်သော ထီးနန်း စည်းစိမ်ကို ခံစားစံနေတော်မူရာ အရွယ်တော်အားဖြင့် မဇ္ဈိမဝယ-ဟု ခေါ်သော ဒုတိယ အရွယ်တော်၏ တတိယကောဋ္ဌာသ=သုံးခုမြောက် အသက်ပိုင်းသို့* ရောက်ဆဲဖြစ်လေသည်။ ။ (ထိုအခါကား လူတို့၏ အသက်တမ်းမှာ တရာတမ်းကာလဖြစ်၍ သီရိမဟာမာယာဒေဝီ၏ အသက်တော်သည် ငါးဆယ့်ငါးနှစ် လေးလခန့် ရှိသောအခါ ဖြစ်၏။ သမန္တစက္ခုဒီပနီကျမ်း၌ ထိုအကြောင်း အကျယ်တဝင့် ရှင်းပြထားလေသည်။)

### နက္ခတ်ပွဲသဘင် ခံစံခြင်း

သီရိမဟာမာယာဒေဝီ မိဖုရားခေါင်ကြီး၏ အသက် ငါးဆယ့်ငါးနှစ် လေးလခန့်ရှိသော ထိုနှစ် မဟာသက္ကရာဇ် ၆၇-ခု ဝါဆိုလဆန်း ၉-ရက် နေ့ဝယ် ကပိလဝတ် နေပြည်တော်၌ အစဉ်အလာအားဖြင့် ဆင်ယင်ကျင်းပမြဲဖြစ်သော ဥတ္တရာသဠ်နက္ခတ်ပွဲသဘင် ကြုံကြိုက်၍ ပြည်သူပြည်သား လူများအပေါင်းတို့သည် ပွဲကောင်းတခု အထိမ်းအမှတ်ပြု၍ သူ့ထက်ငါ ကြွေးကြော်ကြကုန်လျက် ထိုနက္ခတ်ပွဲသဘင်ကို ပျော်ရွှင်စွာ ကစားကြကုန်၏။

---

*ဒုတိယအရွယ်၏ တတိယအသက်အပိုင်း၌ သန္ဓေယူခြင်း၏ အကြောင်းကို အနုဒီပနီ၌ ဖော်ပြထားသည်။

http://www.dhammadownload.com



မဟာမာယာဒေဝီသည်လည်း ထိုဝါဆိုလဆန်း ၉-ရက် နေ့မှ စ၍ ၁၄-ရက်နေ့ အထိ (၆) ရက် တိုင်တိုင် သေရည်အရက် သောက်စားခြင်းမှ လွတ်ကင်းသော ပန်းနံ့သာ အခိုးအထုံ ပန်ဆင်လိမ်းကျံ မွမ်းမံတန်ဆာဆင်ခြင်းတို့နှင့် ပြည့်စုံသော ထို နက္ခတ်ပွဲသဘင်ကို ပျော်ရွှင်ခံစားတော်မူ၏။ ထိုဝါဆိုလဆန်း ၉-ရက်မှ ၇-ရက်မြောက်ဖြစ်သော ဝါဆိုလပြည့်နေ့သို့ ရောက် သောအခါ မဟာမာယာဒေဝီသည် နံနက်စောစောကပင် နံ့သာ ရေမိုး ချိုးပြီးလတ်သော် လေးသိန်းကုန်သော အသပြာ ဥစ္စာတို့ကို စွန့်၍ ကြီးမြတ်သော အလှူတော်ကို ပေးလှူတော်မူပြီးလျှင် အလုံးစုံသော အဆင်တန်းဆာတို့ဖြင့် ဆင်ယင်လျက် မြိန်မြတ် ကောင်းမွန်သော နံနက်ပွဲတော်စာကို တည်ခင်းသုံးဆောင်ပြီး နောက် အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလကို (ဆရာဒေဝိလရသေ့ ထံ) ခံယူဆောက်တည်၍ လှပစွာ တန်းဆာဆင်အပ်သော ကြက် သရေတိုက်ခန်းသို့ ကွန့်မြန်းကြွချီကာ ကြက်သရေရှိသော နေရာ ထက်၌ အင်္ဂါရှစ်ပါးရှိသော ဥပုသ်နှလုံး ကျင့်သုံးစံနေတော်မူ လေသည်။

### အိပ်မက်တော် မြင်မက်ခြင်း

ယင်းသို့ ဥပုသ်နှလုံး ကျင့်သုံးစံနေလျက် ထိုလပြည့်နေ့ညဉ့်၏ နောက်ပိုင်း = ပစ္ဆိမယာမ်ဝယ် ကြက်သရေရှိသော နေရာထက်၌ လျောင်းစက်တော်မူ၍ မျောက်မျဉ်းအိပ်ပျော်ခြင်းသို့ ရောက် သောအခါ သီရိမဟာမာယာဒေဝီ မိဖုရားကြီးသည် ဘုရား အလောင်းတော် ပဋိသန္ဓေ တည်နေလာမည့်အကြောင်း ရှေ့ပြေး ပုဗ္ဗနိမိတ်ဖြစ်သည့် ဤဆိုလတံ့သော အိပ်မက်ကို မြင်မက်တော် မူလေသည်။

မြင်မက်တော်မူပုံကား....စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့သည် အိပ်စက်ရာနေရာတော်နှင့်တကွ သီရိ- မဟာမာယာဒေဝီကို ပင့်ချီထမ်းမ-ကြကုန်၍ ဟိမဝန္တာ အနဝတတ်အိုင်သို့ ဆောင်ကြဉ်းခဲ့ကြကုန်၏၊ ယူဇနာ ခြောက်ဆယ်ရှိသော ဆေးဒန်း မြင်းသီလာ ကျောက်ဖျာ

http://www.dhammadownload.com



အပြင်ဝယ် ခုနစ်ယူဇနာရှိသော အင်ကြင်းပင်ကြီး၏ အောက်၌ ထားကြကုန်၏။

ထိုနောက် ထိုစတုမဟာရာဇ် နတ်မင်းကြီးတို့၏ နတ်မိဖုရားများဖြစ်ကြသော နတ်သမီးတို့သည် လာရောက်ကြကုန်၍ သိရိမဟာမာယာဒေဝီအား အနောတတ်အိုင်သို့ ဆောင်ယူကြပြန်၍ အညစ်အကြေးတို့ကို ဖျောက်ပယ်ရန် အကျိုးငှါ ရေချိုး၍ပေးကြကုန်၏၊ နတ်ဝတ်အထည်တို့ကို ဝတ်ဆင်၍ ပေးကြကုန်၏၊ နတ်နံ့သာတို့ကို လိမ်းကျံ၍ ပေးကြကုန်၏၊ နတ်ပန်းတို့ကို ဆင်မြန်းပန်ဆင်၍ ပေးကြကုန်၏။ ထို့နောက်တဖန် ထိုအနောတတ်အိုင်မှ မနီးမဝေးသော အရပ်၌ တည်ရှိသည့် ငွေတောင်ကြီး၏ အတွင်း ရွှေဗိမာန်တိုက်ခန်းဝယ် အရှေ့အရပ်သို့ ဦးခေါင်း ပြု၍ သိရိမဟာမာယာဒေဝီ မိဖုရားကြီးကို အိပ်စက်စေကြကုန်၏။

အိပ်စက်တော်မူ၍ မယ်တော်မာယာ ဒေဝီမိဖုရား မျောက်မျဉ်းပျော်သောခဏ၌ မြတ်သော ဆင်ဖြူတော်သည် မယ်တော်မာယာအိပ်စက်ရာ ရွှေဗိမာန်ရှိသည့် ငွေတောင်မှ မနီးမဝေးသောအရပ်၌ တည်ရှိသော ရွှေတောင်ဝယ် လှည့်လည် ကျက်စားခဲ့ပြီးလျှင် ထို ရွှေတောင်မှ ဆင်းသက်ခဲ့၍ ရွှေဗိမာန်ရှိရာ ငွေတောင်သို့ တက်လာ ပြီးသော် ရွှေဗိမာန်အတွင်း ဝင်ရောက်ကာ မဟာမာယာဒေဝီ မိဖုရားကြီးကို လက်ျာရစ်လှည့်လည် ပြီးမှ မိဖုရားကြီး၏ လက်ျာနံပါးကို ခွဲဖောက်ဖွင့်လှပ်လျက် ဝမ်းတိုက်တော်အတွင်းသို့ ဝင်လာလေသည်-ဟု မြင်မက် တော်မူ၏။

### ဘုရားအလောင်းတော် ပဋိသန္ဓေတည်နေခြင်း

ယင်းသို့ အိပ်မက်မြင်မက်သော အခိုက်ကာလ ထိုခဏ၌ ဘုရားအလောင်းတော် သေတကေတုနတ်သားသည် တုသိတာ

http://www.dhammadownload.com



နတ်ပြည် နန္ဒဝန်ဥယျာဉ်တော်ဝယ် အသွယ်သွယ်သော ကြည့်ရှုနာကြား ခံစားဖွယ်ရာတို့ကို လှည့်လည်ကြည့်ရှု နာကြားခံစား သုံးဆောင်တော်မူရင်းမှ ဆင်ခြင်အောက်မေ့ခြင်း သတိသမ္ပဇဉ် တရား လက်မလွတ်ပဲ နတ်သက်ကြွေ စုတေတော်မူခဲ့၍ ဘိုးတော် အဉ္ဇနမင်း ဖြိုကြွင်းထိုနှစ် မဟာသက္ကရာဇ်(၆၇)ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ မိုးသောက်ကာလ ပစ္ဆိမယာမ်၌ ဥတ္တရာသဠ်နက္ခတ်နှင့် စန်းယှဉ်လျက် ပဋိသန္ဓေစိတ် ၁၉-ပါးတို့တွင် ရှေးဘဝများက မေတ္တာဈာန်၏ရှေ့သွား ပရိကမ္မဘာဝနာအဖြစ်ဖြင့် ပွါးခဲ့သော သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပဌမမဟာကုသိုလ်စိတ်၏ အကျိုးဝိပါက်ဖြစ်သော ပဌမ မဟာဝိပါက်စိတ်ဖြင့် မယ်တော်ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲတည်နေတော်မူ၏။

(ဘုရားအလောင်းတော်မြတ် ပဋိသန္ဓေတည်နေတော်မူခြင်း, ဖွားမြင်တော်မူခြင်း စသည်တို့အတွက် သက္ကရာဇ်အမည် တနင်္ဂနွေစသော နေ့အမည်တပ်လျက် ပြဆိုရခြင်းကား လောကီဗေဒင် ရာဇဝင်တို့၏ မှတ်သားချက် အလိုအဘိုးသာလျှင် ပြဆိုရခြင်း ဖြစ်၏။ ပါဠိ, အဋ္ဌကထာဋီကာ ကျမ်းတို့၌ ပြဆိုချက်မရှိချေ။ ။ဂေါတမပူရာဏကျမ်း၌ "ကလိယုဂ်သက် ၂၅၇၀-ပြည့်နှစ် ဂေါတမမြတ်စွာဘုရား ဖြစ်ကြောင်း" ဆိုလေသည်။)

### မြေငလျင် မြင်းစွာတုန်လှုပ်ခြင်း

ယင်းသို့ ဘုရားအလောင်းတော် ပဋိသန္ဓေ စွဲယူတည်နေသည်နှင့်တပြိုင်နက် စကြဝဠာ ကမ္ဘာလောကဓာတ် တသောင်းလုံးသည် ခြောက်ပါးသော အခြင်းအရာဖြင့် မြင်းစွာတုန်လှုပ်လေ၏၊ ဇာတိခေတ်ဖြစ်သည့် စကြဝဠာပေါင်း တသောင်းသော လောကဓာတ် မြေအပြင်သည်—

(၁) အရှေ့ပိုင်း အရပ်မှ မြင့်မောက် တက်ကြွလာပြီးလျှင် အနောက်ပိုင်းအရပ်မှ ညွတ်ရှိုင်းနိမ့်ကျလျက်သွား၏။

http://www.dhammadownload.com



(၂) တဖန် အနောက်ဝိုင်းအရပ်မှ မြင့်မောက် တက်ကြွလာပြီးလျှင် အရှေ့ဝိုင်းအရပ်မှ ညွတ်ရှိုင်းနိမ့်ကျလျက် သွား၏။

(၃) ဤနည်းအတူ မြောက်မှ တောင်။

(၄) တောင်မှ မြောက်။

(၅) အလယ်မှ အနားဝန်းကျင်။

(၆) အနား ဝန်းကျင်မှ မြင့်မောက် တက်ကြွ လာပြီးလျှင် အလယ်မှ ညွတ်ရှိုင်းနိမ့်ကျလျက် သွား၏။

**ပုဗ္ဗနိမိတ်ကြီး (၃၂) ပါး**

ထိုမှတပါးဘုရားအလောင်းတော်တို့ နောက်ဆုံးဘဝပဋိသန္ဓေ တည်နေတော်မူသော အခါတို့၌ ဖြစ်ပေါ်လာမြဲ ဓမ္မနိယာမ = ဓမ္မတာဖြစ်ကုန်သော အလွန်ထူးခြား ကြီးမားဆန်းကြယ် အံ့ဩဖွယ်ကောင်းလှသည့် ပညာရှိတို့အဖို့ "ဘုရားအလောင်းတော် ပဋိသန္ဓေတည်နေပြီ" ဟု ကြိုတင်၍ သိနိုင်ကြောင်း ပုဗ္ဗနိမိတ်ကြီး (၃၂) မျိုးတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏။ ထိုပုဗ္ဗနိမိတ်ကြီး (၃၂) ပါးတို့ကို ဇာတ်အဋ္ဌကထာ နိဒါန်း၌ လာရှိသောအတိုင်း ဖော်ပြပေအံ့…။ ဘုရားအလောင်းတော် ပဋိသန္ဓေတည်နေသော အခါ—

(၁) တသောင်းသော စကြဝဠာတိုက်တို့၌ မနှိုင်းယှဉ်နိုင်သော အလင်းရောင်ကြီး ပျံ့နှံ့၏။

(၂) ဘုရားအလောင်းတော်၏ ဘုန်းအသရေတော်ကို ရှုမျှော်ဖူးမြင်လိုကြသည့် ပမာ မျက်စိနှစ်ကွင်း အလင်းမရ နေခဲ့ကြရသော သူတို့သည် ထိုခဏ၌ မြင်ကြကုန်၏။

(၃) နားပင်းကုန်သော သူတို့သည်လည်း နားအပင်း ပျောက်ကာ အသံကို ကြားကြကုန်၏။

(၄) အ-သဖြင့် စကားမပြောနိုင်သော သူတို့သည် လည်း ထိုခဏ၌ အအ-ပျောက်ကာ စကားပြောလာကြကုန်၏။

http://www.dhammadownload.com



(၅) ကုန်း-ကွ-ကောက်-ခွင်သော ကိုယ်ရှိသော သူတို့လည်း ထိုခဏ၌ ဖြောင့်မတ်သော ကိုယ်ရှိကြကုန်၏။

(၆) ခြေဆွံ့သောသူ (မသွားနိုင်သူ) တို့လည်း ထိုခဏ၌ အဆွံ့ပျောက်ကာ ခြေဖြင့် ကောင်းစွာ သွားလာနိုင်ကြကုန်၏။

(၇) နှောင်အိမ် အနှောင်အဖွဲ့ (ထူး - ထိတ် - သံခြေကျဉ်းစသည်)၌ နှောင်ဖွဲ့ခြင်းကို ခံလျက်နေကြရသောသူတို့သည်လည်း ထိုခဏ၌ ထိုနှောင်အိမ် အနှောင်အဖွဲ့ အမျိုးမျိုးတို့မှ ကျွတ်လွတ်ကြကုန်၏။

(၈) အလုံးစုံသော ငရဲဘုံတို့၌ ငရဲမီးငြိမ်းအေး၏။

(၉) ပြိတ္တာဘုံ (ပြိတ္တာလောက) ၌ ဆာလောင်ခြင်း ရေသိပ် (ရေငတ်)ခြင်း ကင်းစဲငြိမ်းအေး၏။

(၁၀) တိရစ္ဆာန်တို့အား ဘေးရန် တစုံတရာမျှ မရှိ။ (ဘေးခပ်သိမ်းမှ လွတ်ငြိမ်းကြရကုန်၏။)

(၁၁) ရောဂါရှိသော သတ္တဝါခပ်သိမ်းတို့ ထိုရောဂါဟူသမျှတို့မှ လွတ်ငြိမ်းပျောက်ကင်းကြကုန်၏။

(၁၂) သတ္တဝါခပ်သိမ်းတို့သည် တဦးကိုတဦး ကြည်နူးချစ်ခင်ဖွယ်ရာ စကားကိုသာ ပြောဆိုကြကုန်၏။

(၁၃) မြင်းတို့သည် ချိုမြိန်သာယာစွာသော အခြင်းအရာဖြင့် ရှင်လန်းမြူးထူးစွာ ဟီကြကုန်၏။

(၁၄) ဆင်တို့သည် ချိုမြိန်သာယာစွာသော အခြင်းအရာဖြင့် မြည်ကြကုန်၏။

(၁၅) စည်း စောင်းညှင်း-စသော တူရိယာမျိုး ခပ်သိမ်းတို့သည် မတီးမမှုတ်အစ်ပါပဲလျက် မိမိတို့အလိုလို မိမိတို့ မြည်မြဲသော အသံကို ရင့်သီကျူးမြည်ကြကုန်၏။

http://www.dhammadownload.com



(၁၆) လူတို့၏ လက်ကောက်, ခြေကျဉ်း-အစရှိသော အဆင်တန်းဆာတို့သည် တခုနှင့် တခု မထိ မခိုက်မိကြပဲ လျက် အလိုအလျောက် အသံမြည်ကုန်၏။

(၁၇) အလုံးစုံသော အရပ်မျက်နှာ လဟာခပင်း ရှုမြင်ကွင်းတို့သည် သန့်ရှင်းကြည်လင်ကြကုန်၏။

(၁၈) သတ္တဝါတို့အား အေးမြချမ်းသာခြင်းကို ဖြစ်စေလျက် နူးညံ့သိမ်မွေ့သော လေပြေလေညှင်းတို့သည် ဖြည်းညှင်းသာယာ တိုက်ခတ်လာကုန်၏။

(၁၉) အခါမဲ့ မိုးကြီးရွာသွန်းလာ၏။ (မိုးရွာချိန်မဟုတ်ပဲ အုတ်အုတ်သဲသဲ လွန်ကဲသည်းထန်စွာ မိုးကြီးရွာသွန်းလာ၏။)

(၂၀) မဟာပထဝီ ဤမြေကြီးမှလည်း ရေသည် အလိုလို စိမ့်ထွက်ကာ ထိုထိုဤဤ စီးသွားလေ၏။

(၂၁) ငှက်အများ ကောင်းကင်၌ ပျံသန်းခြင်းကို မပြုကြ။ (ထိုခဏ၌ ငှက်များ ကောင်းကင်၌ ပျံသွားခြင်း မရှိ။)

(၂၂) တသုန်သုန် တသွင်သွင် အစဉ်မပြတ် စီးသွားစုန်ဆင်းမြဲဖြစ်သော မြစ်ရေအယဉ်တို့သည် "အရှင်က ငေါက်၍ ကြောက်ရွံ့ရပ်နားသည့် ကျွန်အလား" စီးသွားစုန်ဆင်းခြင်းမရှိပဲ ပကတိရပ်တန့်ငြိမ်သက်၍ နေကုန်၏။

(၂၃) မဟာသမုဒ္ဒရာ၌ ပကတိက ငန်သည့် အရသာရှိသောရေသည် ထိုခဏ၌ ချိုမြိန်၍ လာပေ၏။

(၂၄) အလုံးစုံသော အရပ်မျက်နှာတို့၌ အဆင်းသုံးဖြာ ကြာမျိုးငါးပါးတို့ ဖြန့်လွှား ဖုံးလွှမ်းလျက် ရှိကုန်၏။ (ရေကန်ရေအိုင်တိုင်း ကြာမျိုးငါးပါးဖြင့် ဖုံးလွှမ်းအပ်သော ရေမျက်နှာပြင် ရှိ၏။)

http://www.dhammadownload.com



(၂၅) အလုံးစုံသော ကြည်းပန်း (ကုန်းပန်း) ရေပန်းတို့သည် ထိုခဏ၌ တပြိုင်နက် ပွင့်ကြကုန်၏။

(၂၆) သစ်ပင်တို့၏ ပင်လုံး ပင်စည်တို့၌ ခန္ဓပဒုမခေါ် ပင်စည်ပန်းတို့ အဆန်းတကြယ် ပွင့်ကြကုန်၏။

(၂၇) သစ်ပင်တို့၏ အခက်တို့၌ သာခါပဒုမ-မည်သော အခက်ပန်းတို့ အဆန်းတကြယ် ပွင့်ကြကုန်၏။

(၂၈) သစ်ပင်တို့၏ အနွယ်တို့၌ လတာပဒုမ-မည်သော အနွယ်ပန်းတို့ အဆန်းတကြယ် ပွင့်ကြကုန်၏။

(၂၉) ဒဏ္ဍပဒုမ-မည်သော အရိုးတံ ပန်းတို့သည်လည်း ကုန်းမြေတခွင် ကျောက်ဖျာအပြင်တို့ကို ဖောက်ထွင်းကာ ခုနစ်ဆင့် ခုနစ်ဆင့်ဖြစ်၍ ပွင့်ထွန်း ပေါ်ထွက်လာကုန်၏။

(၃၀) ကောင်းကင်၌ ပဒုမာ ကြာပန်းတို့သည် အောက်သို့တူရူ မျက်နှာမူလျက် တွဲရရွဲ ဆွဲကြကုန်၏။

(၃၁) အရပ်ထက်ဝန်းကျင်မှ ပန်းမိုးတို့ တဖြိုးဖြိုး ရွာသွန်းကုန်၏။

(၃၂) ကောင်းကင်၌ နတ်ဖြစ် တူရိယာ တို့လည်း မတီးမမှုတ်ရပဲ အလိုအလျောက် အသံမြည်ကုန်၏။

ဤ(၃၂) ပါးသော ပုဗ္ဗနိမိတ်ကြီးတို့ကို အံ့ဖွယ်ကြီး(၃၂)ပါးဟူ၍လည်း ခေါ်၏၊ အောက်ဖြစ်သည့် စဟုဗိသတိဗုဒ္ဓဝင်ခဏ်းအလောင်းတော်တို့ ဖွားမြင်ခဏ်း၌ "အထက်ဂေါဘာမဗုဒ္ဓဝင်ခဏ်း၌ ပြဆိုမည်"ဟု ဝန်ခံခဲ့သည့် အံ့ဖွယ်(၃၂)ပါးတို့ ဟူသည် ဤယခု ပြဆိုအပ်သော ပုဗ္ဗနိမိတ်ကြီး (၃၂)ပါးတို့ပင်တည်း။

ဇာတိခေတ် စကြဝဠာတိုက်ပေါင်း လောကဓာတ်တသောင်းသည် ဤဆိုအပ်ပြီးသည့် ပုဗ္ဗနိမိတ်ကြီး အံ့ဖွယ်ကြီး(၃၂)ပါးတို့ဖြင့် တန်းဆာဆင်အပ်ရကား အလုံးပြု၍ ပစ်လွှင့်အပ်သော ပန်းလုံးကြီးကဲ့သို့ရင်း, အမြည့်အကြပ် ကြားမလပ်အောင် ဖွဲ့အပ်သော

http://www.dhammadownload.com



ပန်းစည်းကြီးကဲ့သို့ရင်း, တန်းဆာပြင်ဆင် ခင်းကျင်းအပ်သော ပန်းနေရာကြီးကဲ့သို့ရင်း ပန်းနှင့် ပန်းချင်း ထပ်မျှရှိလျက် သားမြီးယပ်ဖြင့် တလွဲလွဲခတ်အပ်သည့်ပမာ ပန်းအထုံအခိုးနံ့သာတို့ဖြင့် ထက်ဝန်းကျင် ကြိုင်လှိုင်လျက် လွန်မြတ်သော ကြက်သရေအစုသို့ ရောက်လေတော့သည်။

(ဤပုဗ္ဗနိမိတ် အံ့ဖွယ်ကြီး (၃၂)ပါးနှင့် စပ်၍ မှတ်ဖွယ်တို့ကို အနုဗိပနိဋ္ဌ ဖော်ပြထားသည်။)

### သိရီမဟာမာယာဒေဝီ၏ အိပ်မက်ကို ပုဏ္ဏားတို့ နိမိတ် ဖတ်ဟောက်ကြခြင်း

မဟာမာယာဒေဝီသည် အိပ်မက်ကို မြင်မက်ပြီး၍ စက်ရာမှ နိုးတော်မူလျှင် မိမိ၏အိပ်မက်ကို သုဒ္ဓေါဒနမင်းကြီးအား ကြားလျှောက်ပေ၏။

သုဒ္ဓေါဒနမင်းကြီးသည်လည်း နံနက်မိုးသောက် ရောက်သောအခါ (၆၄) ခြောက်ကျိပ်လေးယောက် ကုန်သော ရွှေဆောင်အကြီးအမှူး ဗြာဟ္မဏပါမောက္ခ ဆရာကြီးတို့ကို ဆင့်ခေါ်စေတော်မူပြီးသော် နွားချေးစိုဖြင့် အပြေအပြစ် မွမ်းမံလိမ်းကျံအပ်သည်ဖြစ်၍ မင်္ဂလာပူဇော်သကာ အလို့ငှါ ပန်းပေါက်ပေါက်စသည်တို့ဖြင့် ဖြန့်ကြဲစီရင် ပြင်ဆင်အပ်သောမြေ၌ သူမြတ်တို့အား ထိုက်တန်ကုန်သော နေရာတို့ကို ခင်းကျင်းစေပြီးလျှင် ထိုနေရာတို့၌ ပုဏ္ဏားတို့ကို ထိုင်နေကြစေကုန်လျက် ထောပတ်, ပျား, သကာတို့ဖြင့် ကောင်းစွာ စီရင်အပ်သောကြောင့် မြိန်မြတ်လှစွာသော နို့ဃနာတို့ကို အသီးသီး ရွှေခွက်တို့၌ အပြည့်ထည့်ပြီးနောက် ရွှေအဖုံး ငွေအဖုံးတို့ဖြင့် အုပ်ဖုံးလျက် ပုဏ္ဏားတို့အား သုံးဆောင်ရန် ပေးတော်မူ၏။ ထိုမှတပါးလည်း အစာမချေအပ်သော အဝတ် (အသစ်စက်စက်အဝတ်) တို့ကို ပေးခြင်း, နို့စားနွားမတို့ကို ပေးခြင်းစသည်ဖြင့်လည်း ရောင့်ရဲနှစ်သက်စေတော်မူ၏။

http://www.dhammadownload.com



ယင်းသို့ ရောင့်ရဲနှစ်သက်စေတော်မူပြီးမှ မိဖုရားကြီး မဟာမာယာဒေဝီ၏ အိပ်မက်ကို ပြန်ကြားစေ၍ "ထိုအိပ်မက်ကား မည်သို့ အကျိုးအပြစ်ရှိသနည်း၊ ထိုအိပ်မက်နိမိတ်ကို ဖတ်ကြား လျှောက်ထားကြကုန်လော့"ဟု မေးမြန်းမိန့်ကြားတော်မူလေ၏။

ပုဏ္ဏားတို့သည်လည်း "အရှင်မင်းကြီး··· တွေးကြံစိုးရိမ်တော်မမူပါလင့်၊ မိဖုရား၌ ပဋိသန္ဓေ တည်နေလေပြီ၊ ထိုပဋိသန္ဓေ တည်နေလာသူကား မိန်းမ မဟုတ်၊ ယောက်ျားစင်စစ်တည်း၊ အရှင်မင်းကြီးအား သားတော်ဖြစ်ထွန်းလတံ့၊ ထိုသားတော်သည် အကယ်၍ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေငြားအံ့၊ လေးကျွန်းသနင်း စကြာမင်းဖြစ်လတံ့။ အကယ်၍ အိမ်ရာတည်ထောင် လူ့ဘောင်မှ တောထွက်၍ ရဟန်းပြုငြားအံ့၊ လောကသုံးပါး၌ ကိလေသာအမိုးကို ပယ်ချိုး ဖွင့်လှစ်သော သမ္ဗုဒ္ဓဘုရားစင်စစ် ဖြစ်လတံ့"ဟူ၍ နိမိတ်ဖတ်ကြား လျှောက်ထားကြကုန်၏။

### နတ်မင်းကြီးတို့ စောင့်ရှောက်ကြခြင်း

ဤသို့ မြတ်စွာဘုရားအလောင်းတော် ပဋိသန္ဓေနေတော်မူသောအချိန်မှစ၍ အလောင်းတော်နှင့် မယ်တော်တို့ မြင်ကြား တွေ့ကြုံလောက်ဖွယ်ရာ အရပ် ဌာနတို့၌ မြေဘုတ်ဘီလူးများ ဖောက်ပြန်သော ရုပ်ပုံအသွင် ရှုမြင်မကောင်းသည့် အဆင်းသဏ္ဌာန်ရှိသော သားမျိုးငှက်မျိုးတို့ကို ဟန့်တားပယ်ဖျောက်ရန် အကျိုးငှါ ဤစကြဝဠာတိုက်၌ နေကုန်သော ဝေဿဝဏ်နတ်မင်း အစရှိကုန်သော စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် သန်လျက်ကိုယ်စီ စွဲကိုင်ကြကုန်လျက် မယ်တော် မဟာမာယာဒေဝီ၏ ကြက်သရေတိုက်ခန်းသို့ ဝင်ကြကုန်၍ နေ့ညဥ့်မပြတ် ကြပ်မ စောင့်ရှောက်ကြကုန်၏။ ဤဇာတိခေတ်ပေါင်း စကြဝဠာ တိုက်တသောင်း၌ နေကြကုန်သော (တတိုက်စာတိုက်လျှင် လေးယောက်ကျစီ အားဖြင့်) လေးသောင်းကုန်သော စတုမဟာရာဇ် နတ်မင်းကြီးတို့သည် မြေဘုတ်ဘီလူး စသည်တို့ကို အရပ်တပါးသို့ ဖယ်ရှားစေကြ၍ မယ်တော် မဟာမာယာ

http://www.dhammadownload.com



ဇော်၏ ကြက်သရေတိုက်ခန်းတံခါးမှသည် စကြဝဠာအနားသို့ တိုင်ရောက်အောင် စောင့်ရှောက်ကြကုန်၏။

ထိုသို့စောင့်ရှောက်ကြခြင်းမှာ အလောင်းတော်နှင့်မယ်တော် တို့၏ အသက်အန္တရာယ်ကို ပုဂ္ဂိုလ်သတ္တဝါ တစုံတယောက်က ပြုလုပ်နိုင်လိမ့်မည်ဟု စိုးရိမ်ကြောင့်ကြရှိ၍ စောင့်ရှောက်ကြခြင်း မဟုတ်၊ မှန်၏····ပဋိသန္ဓေဘဝသား ဘုရားအလောင်းတော်နှင့် မယ်တော်တို့ကို ထိုဘဝ၌ အကယ်၍ ကုဋေတသိန်းသော မာရ်နတ်တို့က ကုဋေတသိန်းသော မြင်းမိုရ်တောင်လုံးကြီးတို့ကို ချီယူ ကိုင်ဆောင်၍ အသက်အန္တရာယ်ကို ပြုလုပ်ရန် လာကြစေကာမူ ထိုမာရ်နတ်များ ထိုမြင်းမိုရ်တောင်များသာ ပျောက်ကွယ်ပျက်စီး၍သွားကုန်ရာ၏၊ အလောင်းတော်နှင့် မယ်တော်တို့၏ အသက် အန္တရာယ်ကိုကား မပြုနိုင်သည်သာဖြစ်၏။

ထိုသို့ မပြုနိုင်သော်လည်း ဘုရားအလောင်းတော်၏ မယ်တော်အား မြင်ကြား၍ မကောင်းနိုင်သော ဆိုးဝါးဖောက်ပြန်လှသည့်ရုပ်ဆင်းသဏ္ဌာန် အသံတို့ကို မြင်ရကြားရလျှင် ကြောက်ရွံ့ထိတ်လန့်ခြင်းမှုကား ဖြစ်နိုင်ဖွယ်ရာရှိသောကြောင့် ထိုအဆင်းဆိုး အသံဆိုး စသည်တို့ကို တားမြစ်ပယ်ဖျောက်ခြင်း အကျိုးငှါ သာ စတုမဟာရာဇ် နတ်မင်းကြီးတို့ သန်လျက်ကိုယ်စီ စွဲကိုင်လျက် စောင့်ရှောက်ကြခြင်း ဖြစ်၏။ (တနည်း အားဖြင့်) အလောင်းတော်၏ ဘုန်းတန်ခိုးအာနုဘော်ကြောင့် ထိုနတ်မင်းကြီးတို့သန္တာန်၌ ဖြစ်ပေါ်သော ရှိသေလေးမြတ်သည့် ဂရုဂါရဝ စိတ်ဓာတ်တို့က နှိုးဆော်တိုက်တွန်းကြသဖြင့် ထိုသို့စောင့်ရှောက်ကြခြင်းဖြစ်၏။

မေးမြန်းဖွယ် ရှိပြန်သည်မှာ—မယ်တော်၏ ကြက်သရေ တိုက်ခန်းအတွင်း၌ လာရောက် စောင့်ရှောက် တည်နေကြသော ထို စတုမဟာရာဇ် နတ်မင်းကြီးတို့သည် ဘုရားလောင်း၏ မယ်တော်အား မိမိတို့ကိုယ်ကို မြင်စေကြ (ပြကြ) သလော၊ မမြင်စေကြ (မပြကြ) သလောဟု မေးဖွယ်ရှိ၏။ အဖြေကား....ထိုနတ်မင်းကြီးတို့သည် မယ်တော် မဟာမာယာဒေဝီ ရေချိုးခိုက် တန်းဆာ ဆင်

http://www.dhammadownload.com



ယင်ခိုက် ပွဲတော်စာတည်ခိုက် ကိုယ်လက်သုတ်သင် စင်စေခိုက် အခါကာလတို့၌ မိမိတို့၏ကိုယ်ကို မမြင်စေကြ (မပြကြ) ကုန်။ မြတ်သော ကြက်သရေတိုက်ခန်းသို့ဝင်၍ မြတ်သောနေရာ၌ စက်လျောင်းသောအခါ၌ကား မိမိတို့၏ကိုယ်ကို မြင်စေကြ (ပြကြ) ကုန်၏။

နတ်တို့ကို မြင်ကြရသူ ပကတိလူတို့မှာ ထိတ်လန့်ကြောက်ရွံ့တတ်ကြသော်လည်း မယ်တော် မဟာမာယာဒေဝီမှာကား ထိုနတ်မင်းကြီးတို့ကို မြင်ရသောအခါ အလောင်းတော်၏ ဘုန်းအာနုဘော်, မိမိ၏ဘုန်းအာနုဘော်ကြောင့် ကြောက်ရွံ့ထိတ်လန့်ခြင်း အလျှင်းမရှိ၊ ပကတိအားဖြင့် နန်းတွင်းသူ နန်းတွင်းသားအစောင့်အရှောက်များကိုမြင်ရသောအခါ၌ကဲ့သို့သာဖြစ်လေ၏။

**ပကတိသီလ မြဲခြင်း**

ပဋ္ဌမဘာဝသား ဘုရားအလောင်းတော်တို့၏ မယ်တော်တို့မည်သည် ထိုဘဝ၌ ပကတိအားဖြင့် သီလမြဲကုန်၏။ ဘုရားမပွင့်သေးမီ အချိန်၌ လူများသည် ရသေ့ပရိဗိုဇ်တို့ထံ၌ ရှိခိုး၍ ဆောင့်ကြောင့်ထိုင်ကာ သီလကို ခံယူကြမြဲဖြစ်သည်။ ဘုရားအလောင်း၏ မယ်တော် မဟာမာယာဒေဝီသည်လည်း အလောင်းတော် ပဋိသန္ဓေ မတည်မီအချိန်က ကာဠဒေဝိလရသေ့၏ အထံ၌ သီလ ခံယူခဲ့လေသည်။ ဘုရားအလောင်းတော် ပဋိသန္ဓေတည်နေသော အခါ၌ကား တပါးသူ၏မြေရင်း၌ ဝပ်စင်းရိုး ဓမ္မတာမဟုတ်၊ နေရာတန်းတူထား၍ ခံယူအပ်သော သီလကိုလည်း (တပည့်ခံသည့် အနေမဟုတ်ပဲ) ဆင်ခြင်ရုံမျှသာ ဆင်ခြင်ရတော့သည်။ ထိုကြောင့် မဟာမာယာဒေဝီသည် အလောင်းတော် ပဋိသန္ဓေတည်နေသောအခါမှစ၍ မိမိကိုယ်တိုင်သာလျှင် သီလကိုဆောက်တည် ဆင်ခြင်တော်မူသည်။ ကာဠဒေဝိလရသေ့ထံ တပည့်ခံ၍ ဆောက်တည်နေခြင်း အလျှင်းမရှိဟု သိမှတ်အပ်၏။

**လောဘရမ္မက်စိတ် မဖောက်ပြား**

ပဋ္ဌမဘာဝသား ဘုရားအလောင်းတော်တို့၏ မယ်တော်တို့မည်သည် အလောင်းတော်တို့ ပဋိသန္ဓေ တည်နေသည်မှစ၍

http://www.dhammadownload.com



ဘုရားလောင်း၏ ဖခင်ကို အစပြုကာ အခြားယောက်ျား တစုံတယောက်အပေါ်မှာမှ ရာဂရမ္မက် တပ်မက်ငြိစွန်းခြင်း အလျှင်းပင် မရှိကြကုန်၊ ရာဂရမ္မက် တပ်မက်ငြိစွန်းသော အလိုများ ကင်းစင် သန့်ရှင်းမြဲမမူတာ ဖြစ်ချေသည်။ ဘုရားအလောင်းတော်၏ မယ်တော်ကို ရှုမြင်ကြရသူ ပုထုဇန်တို့ကမူ အလောင်းတော်၏ မယ်တော်ကို တပ်မက်ငြိစွန်းသော စိတ်အလိုရမ္မက် မဖြစ်ပွါး မပေါ်လာ ဟူ၍ကား မဆိုနိုင်ချေ၊ အကြောင်း သော်ကား..... ပဉ္စိမဘဝသား ဘုရားအလောင်း မယ်တော်တို့၏ ရုပ်ဆင်းမြင်လျှာမည်သည် ရှည်မြင့်စွာသော ဘဝ ကာလတို့က ပြုကျင့်ဆည်းပူးခဲ့သော ပါရမီကောင်းမှု ကုသိုလ်အစုတို့ကြောင့် ပန်းမှုပညာ ပန်းချီပညာ ကမ်းဆုံးရောက် တတ်မြောက်သူ ဆရာကြီးတို့ပင်သော်လည်း ထပ်မျှတူအောင် ပုံတူထုလုပ် ရေးသားခြင်းငှါ မတတ်နိုင်အောင်ပင် လှပတင့်တယ် ဆန်းကြယ်ကောင်းမြတ်သော အသရေတို့ကို ဆောင်လျက်ရှိသောကြောင့်တည်း။

ထိုမျှလောက် လှပတင့်တယ်၍ ဆန်းကြယ် ကောင်းမြတ်သော အသရေတော်နှင့် ပြည့်စုံသည့် ဘုရားလောင်း မယ်တော်ကို ရှုမြင်ကြရသူတို့သည် ရှုမြင်ရရုံမျှဖြင့် အားရရောင့်ရဲမှုမရှိပဲ တပ်ငြိသော ရာဂစိတ်ဖြင့် ဘုရားလောင်း မယ်တော်တို့ အနီးအပါးသို့ သွားရောက် ချဉ်းကပ်မည်ဟု ကြံစည်အားထုတ်ခဲ့ပါမူ ထိုသူတို့၏ ခြေတို့သည် ထိုကြံစည်အားထုတ်မှု ပြုသောနေရာမှ မယမကြွနိုင်တော့ကုန်၊ ခြေနှစ်ဖက်လုံးကို နတ်ထိတ်တုံး ခြေကျဉ်းဖြင့် တင်းကြပ်စွာ ခတ်ဖွဲ့ထားသကဲ့သို့သာ ဖြစ်ကြရလေကုန်၏။ ထို့ကြောင့် ပစ္ဆိမဘဝသား ဘုရားအလောင်း မယ်တော်တို့ မည်သည်ကား မည်သည့်နတ် လူ ကစုံတယောက်မျှ မပြစ်မှား မကျူးလွန်နိုင်ကောင်းသော မိန်းမမြတ်အထူးတို့ ဖြစ်ကြောင်းကို ကောင်းစွာ သိမှတ်အပ်၏။

**မယ်တော်ဝမ်းသိုက် စေတီတိုက်ကဲ့သို့ဖြစ်ခြင်း၊**

ဘုရားအလောင်းတော်မြတ် သန္ဓေတတ်၏ ကိန်းဝပ်စံတည်ရာ မင်္ဂလာဝမ်းတိုက်တော်သည် အပူဇော်ခံရာ စေတီအိမ်ပမာကဲ့သို့

http://www.dhammadownload.com



မွန်မြတ်လှသည်ဖြစ်၍ စင်စစ်အားဖြင့် အခြားသူတစုံတယောက်မှ ဝင်ရောက်ကိန်းအောင်းခြင်းငှါရင်း, သုံးဆောင်ခြင်း (အသုံးပြုခြင်း)ငှါရင်း မထိုက်ချေ။ အလောင်းတော်၏မယ်တော် အသက်ထင်ရှား ရှိနေစဉ်ကာလအတွင်း မယ်တော်မှတပါး အခြားသောမိန်းမကို အထွတ်အမြတ်ဆုံး (အဂ္ဂမဟေသီ မိဖုရားကြီး) အဖြစ်၌တင်ထားခြင်းငှါလည်း မတတ်နိုင်ကောင်းချေ။ ထို့ကြောင့်ပင် ဘုရားအလောင်းတော်ကို ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက်၌ ဘုရားအလောင်းမယ်တော်တို့သည် တုသိတာနတ်ပြည်သို့ စံလွန်တော်မူကြရမြဲ ဓမ္မတာဖြစ်လေသည်။ ဘုရားအလောင်း ကိန်းအောင်းစံတည်ရာ မဟာမာယာဒေဝီ၏ ရတနာရွှေသိုက် ဝမ်းကြာတိုက်ကား ဝရဇိန်ရွှဲ စိန်ခဲအတိ ပြည့်သကဲ့သို့ ရှိပေသည်။

### လက်ဆောင်ပဏ္ဏာများ ရောက်ခြင်း

ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားကြီး မဟာမာယာဒေဝီအား ဤသို့ ဘုန်းအသရေရှိသော သားတော် ရတနာ·သန္ဓေတည်လာသတဲ့-ဟု သတင်းကောင်းစကား ကြားသိကြကုန်သော အရပ်ထက်ဝန်းကျင်တို့မှ မင်းများစွာတို့သည်လည်း အဖိုးများစွာ ထိုက်တန်ကောင်းမွန်ကုန်သော အဝတ်အထည် တန်းဆာ တူရိယာ အစရှိသည့် အလောင်းတော်မြတ်နှစ်သက်အပ်လောက်သော လက်ဆောင်ပဏ္ဏာတို့ကို သုဒ္ဓေါဒနမင်းကြီးထံ ပို့ဆက်ကြကုန်၏။ အလောင်းတော်နှင့် မယ်တော်တို့၏ ရှေးကောင်းမှု ကုသိုလ်တို့ကြောင့် ထိုထိုသောအရပ်တို့မှ ဆက်သပူဇော်လာကြကုန်သော လက်ဆောင်ပဏ္ဏာ လပ်သပ်ပကာတို့ကား အရေအတွက်အားဖြင့် မပိုင်းခြား မမှတ်သားနိုင်လောက်အောင်ပင် များပြားလှစွာကုန်၏။

### ဝမ်းတွင်းက သားတော်ကို မယ်တော်မြင်ရခြင်း

မဟာမာယာဒေဝီသည် ဘုရားအလောင်းတော်ကို ပဋိသန္ဓေယူလျက် ကိုယ်ဝန်ဆောင်ရငြားသော်လည်း အခြားသော ကိုယ်ဝန်ဆောင်မိန်းမတို့ကဲ့သို့ လက်ခြေ ဖောယောင်ခြင်း အစရှိသော

http://www.dhammadownload.com



ရောဂါ, ကိုယ်အင်္ဂါ အစိတ်အပိုင်း တစုံတရာ နာကျင်ခြင်း,လေးလံခြင်း စသည့် ပင်ပန်းဆင်းရဲမှုမျိုး မရှိပေ။ ယင်းသို့ ပင်ပန်းဆင်းရဲခြင်းမှ ကင်းရှင်းသော မဟာမာယာသည် ကာလရေကြည် တည်ကာစ ကာလ အစရှိကုန်သော ကိုယ်ဝန်၏ နေသောအချိန်ကာလတို့ကို လွယ်ကူချမ်းသာစွာ လွန်မြောက်၍ ခက်မဝါးဖြာ အင်္ဂါအစိတ်အပိုင်းတို့ ကောင်းစွာဖြစ်ပွါး ထင်ရှားပြည့်စုံလျက် အလောင်းတော်သန္ဓေဝတ် ရင့်ကျက်ခြင်းသို့ ရောက်လတ်သောအခါ မိမိ၏ ဝမ်းကြာတိုက်အတွင်း၌ တည်နေသော သားတော်ကို အနေအထား ကောင်းသည် မကောင်းသည်၊ ချမ်းသာစွာ နေရသည် မနေရသည်တို့ကို မိခင်တို့၏ ဝလေ့အားလျော်စွာ ပြင်ဆင်ဖွယ်ရှိက ပြင်ဆင်ရန် အကျိုးငှါ ရံဖန်ရံခါ ကြည့်ရှုတော်မူ၏၊ ထိုသို့ ကြည့်ရှုတော်မူသော အခါတို့၌ ကောင်းစွာပြုပြင် စီရင်အပ်သောကြောင့် အမြောင့်ရှစ်သွယ်ဖြင့် တင့်တယ်သန့်ရှင်း ကြည်လင်ခြင်းရှိသော ကျောက်မျိုးဇာတိ ဝေဠုရိယမြမျက်ရွဲ၌ ဖောက်ဆွဲကုံးသီအပ်သည့် အရောင်တလက်လက်ထွက်သော ပိုးကြိုးချည်မျှင်ကိုကဲ့သို့၎င်း, တရားဟောရာ ဓမ္မာသနပလ္လင်ပေါ်၌ နောက်မှီတံကဲကို မှီလျက် စမွယ်တင့်တယ်စွာ ထိုင်နေသော ဓမ္မကထိက တရားဟောပုဂ္ဂိုလ် အရှင်မြတ်ကိုကဲ့သို့၎င်း မိခင်ဖြစ်သော မိမိ၏ ကျောက်ဆူးရိုး (ကျောရိုး)ကို နောက်မှီပြု၍ ထက်ဝယ် (တင်ပလ္လင်) ဖွဲ့ခွေလျက် မိခင်ဖြစ်သော မိမိ၏ ဝမ်းရေကို မျက်နှာမူ၍ ချမ်းသာစွာ စံနေတော်မူသော အလောင်းတော်ကို ကောင်းစွာ မြင်ရလေသည်။

(လူ့လောကဝယ် အမိဝမ်းခေါင်း ကိန်းအောင်းရသူအခြားသာမန်လူတို့မှာ အမိ၏ ရွံဖွယ်ပုပ်လှောင်း ရနံ့မကောင်းသည့် အစာဟောင်း အိမ်ပေါ်၌ ထိုင်ကာအစာသစ်အိမ်ကို ဦးခေါင်းဖြင့် ရွက်၍ အမိ၏ ရှေ့ဝမ်းရေကို နောက်မှီပြုသဖြင့် ထူး(ဒူး) ချင်းခေါက်ပြိုင် ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်နှစ်ခု၏ အပေါ်၌ မေးကိုတင်ထားကာ မိုးစွေခိုက်အခါတွင် သစ်ပင်အခေါင်း၌

http://www.dhammadownload.com



အောင်းလျက် နေရသော မျောက်အိုကဲ့သို့ ပြုပြင်ဆင်းရဲစွာ အမိဝမ်း၌ ကိန်းအောင်းနေကြရလေသည်။)

**ဝမ်းတွင်းက သားတော်ကို မြင်ရခြင်းအကြောင်း**

"မယ်တော် မဟာမာယာဒေဝီသည် မိမိ၏ ဝမ်းကြာတိုက်အတွင်း၌ တည်နေသော သားတော်ကို အပြင်မှ မြင်နိုင်ရခြင်းအကြောင်းကား....မိမိ၏ ရှေးရှေးဘဝတို့က ဖြည့်ကျင့်ဆည်းပူးအားထုတ်ခဲ့သော ကောင်းမှုကုသိုလ်ထူးတို့ကြောင့် မဟာမာယာ၏ ကိုယ်ထည်ခြမ်း၌ ဘူထပ်ကြီးကျယ် ပိတ်ကွယ်မှေးကာမည့် ကြေးလွှာညစ်ကျု ကြမ်းတမ်းသော ရုပ်ဝတ္ထုအစုတို့သည် မရှိခဲ့ကုန်၊ ထိုသို့ မရှိခြင်းကြောင့် မဟာမာယာ၏ ကိုယ်ထည်ခြမ်းသည် အလွန်စင်ကြယ်သန့်ရှင်း နူးညံ့သိမ်မွေ့ခြင်း ထူးကဲလှစွာ၏၊ ထိုသို့ အလွန်ထူးကဲစွာ စင်ကြယ်သန့်ရှင်း နူးညံ့သိမ်မွေ့ခြင်း ရှိသော ကိုယ်တည်ခြမ်း၌ ဖြစ်လာသော မင်္ဂလာကြာသိုက် ဝမ်းတိုက်အရေတော်သည်လည်း ဖလ်မှန်လွှာအလား ပတ္တမြားချပ်ပမာ လွန်စွာပင် ကြည်လင်လှပေ၏။ ယင်းသို့ လွန်စွာကြည်လင် သန့်ရှင်းသိမ်မွေ့ခြင်းရှိလှသော ဝမ်းရေတော်သည် အတွင်း၌တည်နေသော သားတော်ကို အပြင်မှ မမြင်ရအောင် မကာကွယ်မဖုံးလွှမ်းတော့ချေ။ ထို့ကြောင့်ပင် မယ်တော် မဟာမာယာဒေဝီသည် မိမိ၏ ဝမ်းတွင်း၌ ကိန်းတည်နေသော အလောင်းတော်သားကို အပြင်မှပင် ပကတိမျက်စိဖြင့် ဝမ်းရေပြင်ကို ဖောက်ထွင်း၍ (မှန်သေတ္တာအတွင်း ထည့်သွင်းထားသည့် ဝတ္ထုကိုကဲ့သို့) ထင်လင်းစွာ မြင်နိုင်လေသည်။

**အထူးမှတ်ရန်မှာ** — မယ်တော် မဟာမာယာဒေဝီက ဝမ်းတိုက်တွင်းရှိ သားတော်ကို လင်းလင်းထင်ထင် မြင်ရသော်လည်း "အမိဝမ်းတွင်း၌ စက္ခုဝိညာဏ် = အမြင်စိတ် ဖြစ်ပေါ်ရိုး မရှိသောကြောင့်" မယ်တော်ဝမ်းတိုက်၌ ကိန်းစံနေသောအလောင်းတော်သည်ကား မယ်တော်ကို မမြင်ရချေ။

http://www.dhammadownload.com



## (ဿ) ဘုရားအလောင်းတော်ဖွားမြင်ခဏ်း

ပစ္ဆိမဘဝသား ဘုရားအလောင်းတော်တို့၏ မယ်တော်တို့မှ တပါး အခြားမိန်းမတို့မှာ မိမိတို့၏ ကိုယ်ဝန်ကို ဆယ်လထက် အလွန်သော်၎င်း,ဆယ်လအောက် အယုတ်သော်၎င်း ဆောင်ကုန် လျက် ရက်-လ-မမြဲမူ၍ ဖွားမြင်တတ်ကြကုန်၏၊ လျောင်း-ထိုင်-ရပ်-သွား-လေးပါးသော ဣရိယာပုထ်တို့တွင် အမှတ်မထင် တပါး ပါးသော ဣရိယာပုထ်တို့ဖြင့် ဖွားမြင်တတ်ကြကုန်၏၊ တချို့ လျောင်း၍ ဖွားမြင်တတ်ကြကုန်၏၊ တချို့ထိုင်၍ တချို့ရပ်၍ တချို့ သွား၍ ဖွားမြင်တတ်ကြကုန်၏။

ပစ္ဆိမဘဝသား ဘုရားအလောင်းတော်တို့၏ မယ်တော်တို့ သည်မူကား—ထိုသို့ မဟုတ်ကုန်မူ၍ ပဋိသန္ဓေယူသော နေ့ရက် အချိန်ကာလမ စတင်လျက် လအားဖြင့် ဆယ်လ၊ ရက်အား ဖြင့် (၂၈၅) နှစ်ရာကိုးဆယ်ငါးရက် အတိုင်းအရှည် ပြည့်စုံစေ့ ရောက်သော အချိန်ကာလ၌သာ ထိုကိုယ်ဝန်ပဋိသန္ဓေကို ဆောင် ကြပြီးလျှင် ရပ်သောဣရိယာပုထ်ဖြင့်သာ ဖွားမြင်ကြမြဲ ဓမ္မတာ ဖြစ်ကုန်၏။ ဖွားမြင်ရာ၌လည်း တစုံတရာ စက်ဆုပ်ဖွယ်ရာ အညစ် အကြေးတို့ဖြင့် လိမ်းကျံပေရေခြင်းမရှိပဲ သန့်ရှင်း စင်ကြယ်သည် ဖြစ်၍ ကာသိတိုင်းဖြစ် အထည်သစ်အပေါ်၌ တင်ထားအပ်သော ပတ္တမြားရတနာကဲ့သို့ တင့်တယ်ထွန်းပစွာ ဖွားမြင်တော်မူကြမြဲ ဖြစ်ကုန်၏။

ဘုရားအလောင်းတော်တို့မှတပါး အခြားသူတို့သည် မိခင်၏ ကမ္မဇလေ လှုပ်ရှားသောအခါ၌ ထိုလေ၏ အဟုန်အားဖြင့် (ခြေကား အထက် ဦးခေါင်းကား အောက်) ဦးစောက်ပြောင်း ပြန် လန်၍ကျပြီးလျှင် မိခင်၏ ယောနိဒွါရ ပဿာဝဝယ် မာလှ သော အသားစိုင်အတွင်းရပ်မှ တင်းကြပ်စွာ ဖိညှပ်ဖျစ်ညှစ်ဘိ သကဲ့သို့ ပွန်းရိကြေမွလုမျှ အလွန်ထိခိုက်နာကျင်လှသော ဆင်းရဲ ဒုက္ခကို ခံစားကြရကုန်လျက် အသူတရာနက်သော ချောက် အတွင်းသို့ ကျရောက် သက်ဆင်းရဘိသကဲ့သို့၎င်း, ကျဉ်းမြောင်း လှစွာသော သံကောက်ပေါက်(သော့ပေါက်)မှ ဆင်ပြောင်ကြီး

http://www.dhammadownload.com



ကို ဆွဲငင်ထုတ်ဆောင်ကြသကဲ့သို့ရင်း မချိဆင်းရဲ ပင်ပန်းငြိုငြင်စွာ ထွက်မြောက်ဖွားမြင်လာကြရကုန်၏။

ဘုရားအလောင်းတော်တို့မှုကား ထိုသို့ မဟုတ်ကုန်ပဲ ဓမ္မကရိုဏ်ရေစစ်၏အတွင်းမှ ရေဆင်းသည့်အလား လွယ်ကူသက်သာစွာ ထွက်မြောက် ဖွားမြင်ကြရကုန်မြဲ ဖြစ်ကုန်၏။ (ဥပမာအားဖြင့်) တရားဟောပြီး၍ ဓမ္မာသနပလ္လင်မှ ဖြည်းညှင်းသာယာစွာ ကြွဆင်းလာသော ဓမ္မကထိကအရှင်မြတ်ကဲ့သို့ရင်း, စောင်းတန်းလှေကားမှ ချမ်းသာငြိမ်သက်စွာ သက်ဆင်းလာသောယောကျ်ားကဲ့သို့ရင်း, ရောင်ခြည်တထောင် ဆောင်သောနေမင်းသည် ရွှေတောင်ကို ဖောက်ထွင်း၍ ထွန်းလင်း ထွက်ပြူလာသကဲ့သို့ရင်း ကြောက်လန့်ရွံ့ရှားခြင်း အလျှင်းမရှိ၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံစွာ မျက်လုံးတော်တို့ကို ဖွင့်၍ ခြေတော်တို့ကို ဆန့်လျက် လက်ဝါးတော်တို့ကို ဖြန့်လျက် ငြိမ်သက်ချမ်းသာစွာ ထွက်ကြသန့်စင် ဖွားမြင်တော်မူကြရကုန်၏။

#### မဟာမာယာဒေဝီ ဒေဝဒဟပြည်သို့ ကြွချီကြောင်း

မယ်တော်မဟာမာယာဒေဝီသည် ဆီကို သပိတ်ဖြင့် ဆောင်သကဲ့သို့၊ ဘုရားအလောင်းတော်ကို ဆယ်လပတ်လုံး ဝမ်းကြာတိုက်ဖြင့် လွယ်ပိုက်ထိန်းဆောင်လျက် ရင့်မာခြင်းသို့ ရောက်လာသောအခါ မိမိ၏ ဇာတိရပ်မြေ ဆွေမျိုးတို့နေရာ ဒေဝဒဟပြည်သို့ သွားရောက်လိုသောဆန္ဒ လှုံ့ဆော်လတ်ရကား သုဒ္ဓေါဒနမင်းကြီးအား "အရှင်မင်းကြီး... အကျွန်ုပ်သည် ဆွေမျိုးတို့၏ စံရာ ဒေဝဒဟပြည်သို့ သွားလိုပါသည်"ဟု လျှောက်ထား ပန်ကြားလေ၏။

သုဒ္ဓေါဒနမင်းကြီးသည်လည်း"ကောင်းပြီ"ဟုပန်ခဲ့ခွင့်ပြုတော်မူ၍ ကပိလဝတ်နေပြည်တော်မှသည် ဒေဝဒဟပြည်သို့တိုင်အောင် ခရီးလမ်းကို ညီညွတ်ပြေပြစ်စွာ ပြင်ဆင်စေပြီးသော် ထိုခရီးလမ်း၏ နံပါးနှစ်ဖက်တို့၌ ငှက်ပျောပင်စိုက်ခြင်း ရေပြည့်အိုး (ရေအိုးစင်များ)တည်ထားခြင်း, ကွမ်းသီးပင် စိုက်ခြင်း, တံခွန်အောင်လံတို့ကို စိုက်ထောင်လွှင့်ထူခြင်း စသည်တို့ဖြင့် ခရီးလမ်းအစဉ်ကို

http://www.dhammadownload.com



နတ်လမ်းမအသွင် တင့်တယ်စွာ ဆင်ယင်စေပြီးလျှင် မဟာမာယာ ဒေဝီမိဖုရားကြီးကို အသစ်ဖြစ်သော ရွှေထမ်းစင်ပေါ်၌ ထိုင်နေစမွယ်စေလျက် ထိုရွှေထမ်းစင်ကို အမတ် (မင်းချင်းယောကျ်ား) ပေါင်း တထောင်တို့အား ပင့်ချီဆောင်ကြဉ်းစေ၍ အရာအခွင့်အားလျော်စွာ အမှုတော်ကို ထမ်းဆောင်ကြရန် ခြွေရွေသင်းပင်းဝင်း ကိုယ်ရံတော် အဆောင်အယောင် အခမ်းအနား များစွာတို့ဖြင့် ဒေဝဒဟပြည်သို့ ပို့စေတော်မူ၏။

(ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်သို့ မယ်တော်မာယာ ကြွချီခဏ်း၌ ကျမ်းဆရာတို့ အဆိုအမိန့် မတူကြပုံကို အနုဒီပနီ၌ ဖော်ပြထားသည်။)

**လုမ္ဗိနီ အင်ကြင်းဥယျာဉ်တော်**

ကပိလဝတ်နေပြည်တော်နှင့် ဒေဝဒဟပြည် နှစ်ပြည်ထောင်တို့၏အကြား၌ ထိုနှစ်ပြည်ထောင်သား လူအများတို့ အသုံးပြုခြင်းငှါ ထိုက်သော လုမ္ဗိနီမည်သော အင်ကြင်းတောသည် ရှိ၏၊ ထိုအင်ကြင်းတောသည် မဟာမာယာဒေဝီ မိဖုရားကြီး ကြွသွားဆိုက်ရောက်တော်မူသောအခါ၌ ပင်ရင်းပင်ခြေမှ အခက်အဖျားတိုင်အောင် ပင်လုံးကျွတ် အပင်တိုင်း ပွင့်လျက်ချည်း ရှိ၏။

ထိုအင်ကြင်းတော အင်ကြင်းပင်တို့ဝယ် အပွင့်အကြား အခက်အလက်အကြားတို့မှ အဆင်းငါးရောင် အရေအရောင် ရှိသော ပိတုန်းအုပ်စုတို့သည်၎င်း, အမျိုးမျိုးသော ငှက်အပေါင်းတို့သည်၎င်း ချိုမြိန်သာယာ နာပျော်ဖွယ်အသံတို့ဖြင့် ဝဲပျံကွန့်မြူး တွန်ကျူးရင့်ရှုလျက် ရှိကြကုန်၏။ ထိုအင်ကြင်းတော တခုလုံးသည် သိကြားနတ်မင်း၏ စိတ္တလတာမည်သော ဥယျာဉ်တော်နှင့်မခြားပျော်ပါး မွေ့လျော်ဖွယ်ရာ ဆန်းကြယ်စွာသော ဂုဏ်ကျေးဇူးအထူးတို့နှင့် ပြည့်စုံလျက် ရှိ၏။ ဘုန်းတန်ခိုးအာနုဘော် ကြီးမြတ်သော မင်းသည် ကောင်းစွာ ပြုပြင် စီရင်ထားအပ်သည့် ပျော်ပွဲစား ရိပ်ဝန်းပမာ လွန်စွာပျော်ရွှင်ကြသော အသံတို့ဖြင့် တရံမစဲ မြိမ့်မြိမ့်သဲ ဆူညံနေဘိသကဲ့သို့ ရှိချေ၏။ (ဤကား ဇာတ်အဋ္ဌကထာ၏ ဖွင့်ဆိုချက်တည်း။)

http://www.dhammadownload.com



လုမ္ဗိနီအင်ကြင်းတောသည် ရှိကုန်သော အင်ကြင်းပင်တို့၏ အခက် အလက် အပွင့်အဖူးတို့၏ အကြားအကြားတို့မှ အလွန်အကြူး အထူးမွှေလျော်ခြင်းကို ပြုတတ်သည့် နားဝင်ချိုသာ စိတ်မှာ ရွှင်မြူးဖွယ် အထူးမြည်တွန်တတ်ကုန်သော, အင်ကြင်းပန်းရနံ့ဝတ် ရည်တို့ဖြင့် ယစ်ကာ ဝမ်းသာဝမ်းမြောက်ကြကုန်သော, (ထိုပန်း နံ့ဝတ်ရည်တို့ကို ခံစား သွားလာပျံဝဲလျက် ရှိကြကုန်သော, သူတပါးအဖို့ကိုပါ ဆောင်ယူတတ်သော) ပျားပိတုန်းမတို့သည် သာယာရင့်ကျူးအပ်သည် ဖြစ်၍ ထိုလုမ္ဗိနီ အင်ကြင်းတောသည် နတ်တို့နှစ်သက်အပ်သည့် နန္ဒဝန်ဥယျာဉ်နှင့် တူလှပေ၏။

[ ( ) ကွင်းအတွင်း စကားရပ်၏ အမှာကို အနုဒီပနီ၌ ကြည့်။]

ဝိဘူသိတာ ဗာလဇနာတိစာလိနီ၊
ဝိဘူသိတဂ္ဂီ ဝနိတေဝ မာလိနီ။
သဒါ ဇနာနံ နယနာလိမာလိနီ၊
ဝိလုမ္ဗိနီဝါတိဝိရောစိ လုမ္ဗိနီ။

ဗာလဇနာတိစာလိနီ = အရွယ်နုပျို လူထိုထို၏ စိတ်ကို ဖောက်ပြား ချောက်ချားတုန်လှုပ်စေနိုင်သော။ ဝိဘူသိတဂ္ဂီ = ပုတီးနားဋောင်း သွယ်ပျောင်းစုံလင် တန်းဆာဆင်အပ်သည့် ကိုယ်အင်္ဂါအစိတ်အပိုင်း ရှိပေသော။ မာလိနီ = ပန်းမျိုးစုံလင် ပန်ဆင်လျက်ရှိသော။ ဝနိတာ = မိန်းမပျိုသည်။ အတိဝိရောစိ ဣဝ = အလွန်တင့်တယ်သကဲ့သို့။ ဝိဘူသိတာ = ဆန်းပြားစုံလင် တန်းဆာဆင်အပ်ပြီးဖြစ်၍။ သဒါ = အခါခပ်သိမ်း။ ဇနာနံ = လူအပေါင်းတို့၏။ နယနာလိမာလိနီ = မမှိတ်မသုန် ရှုကြည့် သည့် မျက်စိတည်းဟူသော ပိတုန်းတို့ စုရုံးခိုနားရာ မာလာ ဖူးငုံ ပန်းမျိုးစုံပေထသော။ လုမ္ဗိနီ = လုမ္ဗိနီခေါ် ဥယျာဉ်တော် သည်။ ဝိလုမ္ဗိနီဝ = ပျိုနုသောထိုမိန်းမနှင့် အလှဂုဏ်ဆိုင် သူနိုင် ငါနိုင် အပြိုင်လုယက်သကဲ့သို့။ အတိဝိရောစိ = အလွန်အကြူး အထူးဆန်းကြယ် တင့်တယ်လေပြီ....။ (ဤကားဗုဒ္ဓဝင်အဋ္ဌကထာ ဆရာတော် အရှင်ဗုဒ္ဓဒတ္တမထေရ်၏ လုမ္ဗိနီဥယျာဉ်တော်ဖွဲ့ စကား ရပ်ပေတည်း။)

http://www.dhammadownload.com



ထိုသို့ လွန်ကဲစွာ တင့်တယ်ခြင်းရှိသော လုမ္ဗိနီအင်ကြင်းတော ကို မြင်တော်မူလတ်၍ မဟာမာယာဒေဝီမိဖုရားကြီးအား ထိုအင် ကြင်းတောသို့ သက်ဝင်ပျော်ပါး ကစားရှင်မြူးလိုသော ဆန္ဒသည် ထင်ရှားစွာ ဖြစ်ပေါ်လာပေ၏။

အမတ်တို့သည်လည်း သုဒ္ဓေါဒနမင်းကြီးအား ပန်ကြား လျှောက်ထားပြီးလျှင် မဟာမာယာဒေဝီမိဖုရားကြီးကို ရွှေထမ်း စင်ဖြင့် ဆောင်ယူကာ မင်္ဂလာအင်ကြင်းတောသို့ ဝင်ကြကုန်၏။

## နတ်ဗြဟ္မာတို့ စုဝေးကြခြင်း

မဟာမာယာဒေဝီမိဖုရားကြီး လုမ္ဗိနီ အင်ကြင်းတောအတွင်း သို့ ဝင်ရောက်တော်မူသောခဏ၌ပင် နတ်အပေါင်းတို့သည်— "ယနေ့ အလောင်းတော်သူမြတ်သည် မယ်တော််ဝမ်း ကြာတိုက် မှ ယွက်မြောက်သန့်စင် ဖွားမြင်တော်မူလိမ့်မည်"ဟူ၍ အုတ်အုတ် ကျက်ကျက်ဖြစ်လျက် လောကဓာတ် စကြဝဠာတိုက်ပေါင်း တသောင်းလုံး အုန်းအုန်းကြွက်ကြွက် တခဲနက်ပွဲတင်ထပ်သော အသံကို ဖြစ်စေကာ ဟစ်အော် ကြွေးကြော်ကြလေကုန်သည်။ စကြဝဠာ တိုက်တသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် အလောင်းတော်၏ ဖွားမြင်ခြင်း ဝိဇာတမင်္ဂလာကို ပူဇော်သကာ ပြုကုန်အံ့ဟူ၍ အထူးထူးသော မင်္ဂလာဘဏ္ဍာ ပဏ္ဏာလက်ဆောင် တို့ကို ယူဆောင်ကိုင်စွဲကြကုန်လျက် ဤစကြဝဠာတိုက်အလုံး ပြည့် ဖုံးအောင် ပေါင်းဆုံစုဝေး လာရောက်ကြပြီးသော် ကောင်းကင် တပြင်လုံး နတ်ထီးမြူတို့ဖြင့် လွှမ်းဖုံးမိုးကာ၍ မင်္ဂလာသီချင်းတို့ကို သီဆို ရင့်ကျူးကြကုန်လျက် နတ်၌ဖြစ်သော တူရိယာသံတို့ဖြင့် ၎င်း, ခရုသင်းသံတို့ဖြင့်၎င်း တပြိုင်နက် ပွဲတင်ထပ်စေ၍ ရပ်တည် လာကြလေကုန်၏။

မဟာမာယာဒေဝီ မိဖုရားကြီးသည် မင်္ဂလာအင်ကြင်းတော အတွင်းသို့ ရောက်တော်မူလျှင်ပင် ဖြောင့်မတ်လုံးဝန်းသော ပင်စည်ရှိ၍ ပန်းအတိ တန်းဆာဆင်အပ်သော အင်ကြင်းပင်၏ အခက်ကို လက်ဖြင့် လှမ်းယူလိုလာတောလေသည်။ မင်္ဂလာရှိ

http://www.dhammadownload.com



သော ထို အင်ကြင်းခက်သည်လည်း အသက်ရှိသူ အလား လူအများ၏ စိတ်နှလုံးကို ချောက်ချားနှောက်မှေ့ အံ့ဩစေလျက် ရေရွှေးဝယ် ပြုတ်ဖျော့အစ်သော ကြိမ်ညွန့်ကဲ့သို့ အလိုအလျောက် အောက်သို့ တွဲလျား ညွတ်ကိုင်းကာ မဟာမာယာဒေဝီမိဖုရား ကြီး၏ လက်ဝါးအပြင်သို့ အဆင်သင့် ကပ်ရောက်လာလေသည်။

မဟာမာယာဒေဝီမိဖုရားကြီးသည် လက်ဝါးအပြင်သို့ အဆင် သင့် ကပ်ရောက်လာသော ထို အင်ကြင်းခက်ကို ကျေးငှက်၏ နှုတ်သီးပမာ တျာတျာနီမြန်းသော လက်သည်း အရောင်တို့ဖြင့် တောက်ပ၍ ကြာရိုးတံတန္နန်း လုံးဝန်းပြေညီသည့် လက်ချောင်း ရှိသော အသစ်စက်စက် ဆင်မြန်းအပ်သည့် ရွှေဃက်ကောက်တို့ ဖြင့် တင့်တယ်လျက် နှစ်သက်ဖွယ်ရာရှိသော လက်ျာဃက်ဖြင့် ဆွဲကိုင် ဆန့်တန်း၍ ရပ်တည်တော်မူလေ၏။ အင်ကြင်းခက်ကို လက်ျာလက်ဖြင့် ဆွဲကိုင် ရပ်တည်နေသော မဟာမာယာဒေဝီ မိဖုရားကြီးသည် မည်းနက်ညိုမှောင် ရွာမည်ယောင်ဖန်ဆင်းသည့် တိမ်ခွင်မိုးရပ်အကြားမှ ထင်ရှားထွက်ပြူစ လစန်း၏ အရေးကဲ့သို့ ၎င်း, တခဏချင်း ဝင်းဝင်းပြိုးပြက် တောက်ပလက်သော လျှပ်စစ် အရောင်ကဲ့သို့၎င်း, နန္ဒဝန်ဉယျာဉ်တော်၌ ဖြစ်ပေါ်သော နတ် သမီးကဲ့သို့၎င်း အလွန်အကြူး အထူးတင့်တယ်တော်မူပေ၏။

### အလောင်းတော်ကို ဖွားမြင်ခြင်း

မဟာမာယာဒေဝီ မိဖုရားကြီး ရွှေချည် ထဘီကို ဝတ်၍ ငါးကြင်း မျက်စိနှင့်တူသော အကွက်တို့ဖြင့် ဆန်းကြယ်သော အပေါ်ရုံဘွဲ့ဖြူလွှာကို ခြေဖျားတိုင်အောင် ဝတ်ရုံဆင်မြန်းလျက် မင်္ဂလာအင်ကြင်းခက်ကို ယာလက်တော်ဖြင့် ကိုင်ဆွဲကာ လွန်ကဲ သော တင့်တယ်ခြင်းဖြင့်, တင့်တယ်စွာ ရပ်သောခဏ၌ မဟာ- မာယာဒေဝီ၏ အလောင်းတော်ကို ဖွားမြင်ကြောင်း ကမ္မဇလေ တို့သည် တုန်လှုပ်လာကုန်၏။ ထိုအခါ ကိုယ်လုပ်မောင်းမ မှူးမတ် စသော လူအပေါင်းတို့သည် မဟာမာယာဒေဝီအတွက် တင်း ထိမ် ကန့်လန့်ကာတို့ဖြင့် ပတ်ကာဝန်းရံကြကုန်ပြီးလျှင် ထိုအပ ါးမှ ဖယ်ရှားဆုတ်ခွါကြကုန်လေသည်။

http://www.dhammadownload.com



မဟာမာယာဒေဝီ မိဖုရားကြီးသည် မင်္ဂလာအင်ကြင်းခက်ကို ယာလက်တော်ဖြင့် ကိုင်ဆွဲလျက် တင့်တယ်စွာ ရပ်တည်စဉ်ခဏ၌ ဖင် မဟာသမုဒြာနှင့်တကွသော စကြဝဠာတိုက်တသောင်းလုံး ထစ်ချုန်းမြည်ဟိန်းလျက် အိုးထိန်းစက်ပမာ သိမ့်သိမ့်ခါ တုန်လှုပ်ခြင်း, နတ်ပြဟ္မာအပေါင်းတို့ ကောင်းချီးပေးခြင်း, နတ်ပန်းမိုးတို့ ရွာဖြိုးသွန်ချခြင်း, နတ်လူတို့၏ တူရိယာအပေါင်းတို့ အလိုအလျောက် သာယာစွာ မြည်ခြင်း, ဗိလာအောက်ထက် စကြဝဠာအတွင်း ဟင်းလင်းပွင့်ခြင်း-အစရှိသော သုံးဆယ့်နှစ်ပါး ထူးခြားဆန်းကြယ် အံ့ဖွယ်သရဲ လွန်ကဲ ကြီးမြတ်လှစွာသော ပုဗ္ဗနိမိတ်ကြီးတို့ကို တပြိုင်နက်တည်း ဖြစ်စေလျက် (မဟာသက္ကရာဇ် ၆၇-ခု) ဥတုဂိမှာန ကဆုန်လပြည့် သောကြာနေ့ ဝိသာခါနက္ခတ်နှင့် စန်းလနတ်ယှဉ်လျက် နေစဉ် ဝေပုလ္လတောင်ဦးမှ ထွက်မြူးကွန့်ဝဲလာသော ရတနာမျက်ရှင်ပုံသည် အရုံသင့် ခံယူအပ်သော ရွှေကလပ်အတွင်းသို့ ဖြည်းညှင်းသာယာစွာ သက်ဆင်း လာသကဲ့သို့ လက္ခဏာကြီးငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်စွာ တန်းဆာဆင်အပ်သော မြတ်စွာဘုရား အလောင်းတော်သည် မယ်တော်မဟာမာယာဒေဝီ၏ စေတီအိမ်ပမာ ဝမ်းကြာတိုက်မှ ကောင်းစွာသန့်စင် မီးရှူးဖွားမြင်တော်မူ၏။

ယင်းသို့ သန့်စင် ဖွားမြင်သောအခါ၌ ကောင်းကင်ထက်မှ ပူနွေးသောရေအယဉ် (ရေပူစမ်း) တသွယ်, ချမ်းအေးသော ရေအယဉ် (ရေအေးစမ်း) တသွယ်အားဖြင့် ရေအယဉ်နှစ်သွယ်တို့သည် ပင်ကိုယ်ကပင် စင်ကြယ်သန့်ရှင်းရင်းဖြစ်ကြသည့် သားတော်, မယ်တော် နှစ်ပါးလုံးတို့အား ပူဇော်သက္ကာရ အလို့ငှါ အလိုအလျောက် ထွက်ပေါ်ကုန်၍ ဘုရားအလောင်းတော်နှင့် မယ်တော်တို့၏ ကိုယ်၌ အပူအအေးမျှတမှု အငွေ့ဥတုကို ယူစေကြကုန်၏။

**(ဤ၌ အမှာစကားရပ်ကို အနုဗိဗန္ဓ၌ ပြဆိုထားသည်။)**

http://www.dhammadownload.com



### ဗြဟ္မာ နတ် လူတို့ အဆင့်ဆင့်ခံယူခြင်း

ထိုသို့ ဖွားမြင်ပြီးသော ခဏ၌ပင်လျှင် ကိလေသာမှ စင်ကြယ်သော စိတ်ရှိကြသည့် မဟာဗြဟ္မာကြီး လေးဦးတို့သည် ဘုရားအလောင်းတော်မြတ်ဖြစ်သော သားတော်ကို ရှေးဦးစွာ ရွှေဇာကွန်ရက်ဖြင့် ခံယူကြ၍ မယ်တော်၏ ရှေ့မှောက်၌ ထားကြပြီးလျှင်—

"ရှင်မိဖုရား···· နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်ပါလော့၊ ရှင်မိဖုရားအား ဘုန်းတန်ခိုး အာနုဘော်ကြီးမြတ်သော သားတော် ဖြစ်ပေါ် ဖွားမြောက်ခဲ့လေပြီ"—

ဟု ပြောဆိုကြကုန်၏။

ထိုနောက် မဟာဗြဟ္မာကြီးလေးဦးတို့၏ လက်မှ စတုမဟာရာဇ် နတ်မင်းကြီး လေးဦးတို့သည် မင်္ဂလာရှိသည်ဟူ၍ သမုတ်ပညတ် ခေါ်ဝေါ်အပ်သော သစ်နက်ရေဖြင့် သားတော်ကို ခံယူကြကုန်၏။

တဖန် ထိုနတ်မင်းကြီး လေးဦးတို့၏လက်မှ လူတို့သည် ဒုကူဖြူပုဆိုးဖြင့် သားတော်ကို ခံယူကြကုန်၏။

ထိုနောက် လူတို့၏လက်မှ လွတ်၍ ဘုရားအလောင်းတော်သည် ရွှေခြေနင်းအတူ ညီညွတ်စွာသော ခြေတော်အစုံတို့ဖြင့် မြေပေါ်၌ ကြံ့ကြံ့ရပ်လျက် အရှေ့မျက်နှာ အရပ်ကို ကြည့်ရှုတော်မူ၏၊ ထိုသို့ ကြည့်ရှုတော်မူသည်ရှိသော် အရှေ့အရပ် မျက်နှာဝယ် အထောင်မက များစွာကုန်သော စကြဝဠာတိုက်တို့သည် တပြင်တည်း ဖြစ်ကုန်၏၊ စကြဝဠာတတိုက်နှင့် တတိုက် ခြားနားမှုမရှိ ပကတိတဆက်တည်း တပြန့်တည်းကဲ့သို့ ဟင်းလင်းထင်ကုန်၏။ ထိုအရှေ့အရပ်မျက်နှာ၌ နေကြကုန်သော နတ်လူတို့သည် ဘုရားအလောင်းတော်မြတ်ကို နံ့သာပန်းမာလ်စသည် တို့ဖြင့် ပူဇော်ကြကုန်လျက်—

http://www.dhammadownload.com



" အို ယောက်ျားမြတ် ···· ဤ အရပ်မျက်နှာ၌ အရှင် ယောက်ျားမြတ်နှင့် တူသောသူ မရှိပါ၊ အရှင်ယောက်ျား မြတ်ထက် သာလွန်မြင့်မြတ်သူကား အဘယ်မှာ ရှိပါအံ့ နည်း "—

ဟူ၍ ပြောဆိုကြကုန်၏။

ဤအတူ တူရူ ( တည့်တည့် ) အရပ်လေးမျက်နှာ, အထောင့် အရပ်လေးမျက်နှာ, အောက်အရပ်မျက်နှာ, အထက်အရပ်မျက်နှာ အားဖြင့် အရပ်ဆယ်မျက်နှာတို့ကို အစဉ်အတိုင်း ကြည့်ရှုတော်မူ၍ ထိုအရပ်ဆယ်မျက်နှာလုံးမှာမင် ကိုယ်တော်မြတ်နှင့် တူသော သူ တစုံတယောက်ကိုမျှ မြင်တော်မမူသောကြောင့် ရပ်တည် တော်မူရာအရပ်မှ မြောက်အရပ်သို့ မျက်နှာတူရူ ခုနစ်ဖဝါး ( ခုနစ်လှမ်း ) လှမ်းကြွတော်မူ၏။

ယင်းသို့ လှမ်းကြွတော်မူသောအခါ မဟာဗြဟ္မာမင်းသည် အလောင်းတော်မြတ်အား ထီးဖြူတော်ဖြင့် ဆောင်းမိုးလျက်, သုယာမနတ်မင်းသည် သားမြီးယပ်ကို ကိုင်ဆောင်လျက်, ထိုမှ တပါးကုန်သော နတ်တို့သည် ခြေနင်း,သန်လျက်,မကိုဋ်သင်းကျစ် ဟူသော မင်းမြောက်တန်းဆာတို့ကို အသီးသီး ကိုင်စွဲကြကုန် လျက် အလောင်းတော်နောက်မှ အစဉ်လိုက်ပါကြကုန်၏။ ထိုသို့ မင်းမြောက်တန်းဆာ ငါးပါးကို နတ်ဗြဟ္မာများစွဲကိုင်၍ လိုက်ပါ ကြသော်လည်း စွဲကိုင်သူ နတ်ဗြဟ္မာတို့ကို မမြင်ရပဲ မင်းမြောက် တန်းဆာတို့ကိုသာလျှင် အများမြင်ကြရကုန်၏။

**ထူးခြားချက်ကြီးများ။** ။ ယင်းသို့ လှမ်းကြွတော် မူသောအခါ၌ ဘုရားအလောင်းတော်မြတ်သည် ပကတိ မြေ၌သာလျှင် လှမ်းကြွတော်မူ၏၊ လူအပေါင်းတို့၏ စိတ်၌ ကား ကောင်းကင်ခရီးဖြင့် လှမ်းကြွသည်ဟု ထင်မြင်ရ၏။ အဝတ်တန်းဆာ မပါမဆင် ဖွားမြင်တိုင်းသော ပကတိ ကိုယ်တော်ဖြင့်သာ လှမ်းကြွတော်မူ၏၊ လူအပေါင်း၏

http://www.dhammadownload.com



စိတ်၌ကား ဝတ်စားစုံလင် တန်းဆာဆင်လျက် လှမ်းကြွသည်ဟု ထင်မြင်ရ၏။ ဖွားသစ်စအရွယ် သူငယ်အဖြစ်ဖြင့်သော လှမ်းကြွတော်မူ၏၊ လူအပေါင်း၏ စိတ်၌ကား တဆယ့်ခြောက်နှစ်သား အရွယ်ရှိသည်ဟု ထင်မြင်ရ၏။

(ယခု ရေးသားပြဆိုခဲ့သည်ကား အလောင်းတော်မြတ် ခြောက်အရပ်သို့ ခုနစ်လှမ်း လှမ်းကြွတော်မူသောအရာဝယ် ဗုဒ္ဓဝင် အဋ္ဌကထာ, သုတ်မဟာဝါအဋ္ဌကထာ, ဇာတ်အဋ္ဌကထာတို့၌ ဖွင့်ပြသည့်အတိုင်း ရေးသားခဲ့ခြင်းဖြစ်သည်၊ ဇိနာလင်္ကာရဋီကာ ဝိဇာတမင်္ဂလာအခဏ်း၌ကား ဖော်ပြလတ္တံ့သောအတိုင်း အနည်းငယ် ထူးခြား၍ ကျယ်ဝန်းစွာ ဖွင့်ဆိုထားသည်။)

ထိုသို့ လှမ်းကြွတော်မူသောခဏ၌ မဟာဗြဟ္မာမင်းသည် သုံးယူဇနာရှိသော ထီးဖြူတော်ကို ဆောင်းမိုးလျက် လိုက်ပါ၏၊ ထိုအတူ ဤစကြဝဠာမှ ကြွင်းသော စကြဝဠာ တိုက်တို့၌ ရှိကြသည့် မဟာဗြဟ္မာမင်းတို့သည်လည်း သုံးယူဇနာစီ ရှိသော ထီးဖြူတော်ကို ဆောင်းမိုးလျက် လိုက်ပါကုန်ရကား စကြဝဠာ တိုက်အလုံးသည် ထီးဖြူတော်ပန်းကုံးဖြင့် ဖုံးလွှမ်းပြည့်နှက်လျက် ရှိပေ၏။

ထို့အတူ ဇာတိခေတ်ပေါင်း စကြဝဠာတိုက်တသောင်းတို့၌ နေကြကုန်သော သုယာမနတ်မင်းပေါင်း တသောင်းတို့သည် လည်း သားမြီးယပ်တို့ကို ကိုယ်စီကိုယ်င ကိုင်စွဲကြကုန်၍ သန္တုဿိတနတ်မင်းပေါင်း တသောင်းတို့သည်လည်း ပတ္တမြား ယပ်ဝန်းတို့ကို ကိုယ်စီကိုယ်င ကိုင်စွဲကြကုန်၍ စကြဝဠာ တောင်နရန်းတိုင်အောင် တလွဲလွဲ လွဲခတ်လျက် ရပ်တည်ကြကုန်၏။

ထို့အတူ စကြဝဠာတိုက်တသောင်းတို့၌ နေကြကုန်သော သိကြားနတ်မင်းပေါင်း တသောင်းတို့သည်လည်း ခရုသင်း ပေါင်း တသောင်းတို့ကို မှုတ်ကုန်လျက် ရပ်တည်ကြကုန်၏။

http://www.dhammadownload.com



ထိုမှတပါး နတ်သားတို့သည်လည်း အချို့ကား ရွှေပန်းတို့ကို စွဲကိုင်ကြကုန်လျက်, အချို့ကား ပကာတိပန်းတို့ကို စွဲကိုင်ကြကုန်လျက်, အချို့ကား မှန်ကြေးမုံပန်း (ကြေးမုံပမာ တဖျတ်ဖျတ် အရောင်ထွက်သောပန်း)တို့ကို စွဲကိုင်ကုန်လျက်, အချို့ကား တံခွန်ပန်းတို့ကို စွဲကိုင်ကုန်လျက်, အချို့ကား ရတနာစီခြယ် ပူဇော်ဘွယ်တို့ကို စွဲကိုင်ကုန်လျက် ရပ်တည်ကြကုန်၏။ နတ်သမီးတို့သည်လည်း အမျိုးအမည်အားဖြင့် များပြားလှစွာကုန်သော ပူဇော်သကာ မင်္ဂလာဘဏ္ဍာတို့ကို အသီးအသီး ကိုယ်စီကိုယ်င စွဲကိုင်ကြလျက် စကြဝဠာတိုက်အလုံးကို လွှမ်းဖုံးပြည့်နှက်စေ၍ ရပ်တည်ကြကုန်၏။

ဤသို့လျှင် မျက်စိအရသာကို ဆောင်ယူတတ်သည့် စက္ခုရသာယန နတ်ဆေးသဖွယ် များကြွယ်သော ပူဇော်မှုအစီအရင်တို့ ဖြစ်ရှိနေစဉ်, ထောင်ပေါင်း များစွာသော နတ်ခရုသင်း လူခရုသင်းတို့ကို တညှင်းညှင်း မှုတ်ကြကုန်စဉ်, ထောင်ပေါင်းများစွာ နတ်တူရိယာ လူတူရိယာတို့ကို တီးမှုတ်ကြကုန်စဉ်, နတ်ကညာတို့ ဝမ်းသာရွှင်ပျ ကခုန်ကြစဉ်ပင် အလောင်းတော်မြတ်သည် မြောက်အရပ်သို့ ခုနစ်ဖဝါး (ခုနစ်လှမ်း) လှမ်းကြွ၍ ရပ်တည်တော်မူ၏။

ထိုသို့ အလောင်းတော်မြတ် ရပ်တည်တော်မူသော ခဏ၌ အလုံးစုံသော လူနတ်ဗြဟ္မာတို့သည် မည်သည့် အသံကိုမျှ မဖြစ်စေကြပဲ တိတ်ဆိတ် ငြိမ်သက်ကြကုန်လျက် "ယခုအခါ အလောင်းတော် ယောကျ်ားမြတ်သည် ငါတို့ကို မည်သို့သော စကား မြွက်ကြားမိန့်ဆိုလိမ့်မည်နည်း" ဟု နားစွင့်ကာသာ နေကြကုန်၏။

### ရဲရဲတောက်စကား ကြုံးဝါးမြွက်ဆိုတော်မူခြင်း

ဘုရားအလောင်းတော်မြတ်သည် မြောက်အရပ်သို့တူရူ ခုနစ်ဖဝါး(ခုနစ်လှမ်း)လှမ်းကြွတော်မူပြီး၍ ခုနစ်ခုမြောက်သော ဖဝါးအလှမ်း၌ ရပ်တန့်တော်မူလျက်—

http://www.dhammadownload.com



(က) အဂ္ဂေါဟမသ္မိ လောကဿ = ငါသည် လူ သုံးပါးထက် မြတ်သူဖြစ်၏၊ (တနည်း) ငါသည် လူသုံးပါးတွင် အမြတ်ဆုံးဖြစ်၏။

(ခ) ဇေဋ္ဌောဟမသ္မိ လောကဿ = ငါသည် လူ သုံးပါးထက် ကြီးကဲသူဖြစ်၏၊(တနည်း) ငါသည် လူသုံးပါးတွင် အကြီးအကဲဆုံး ဖြစ်၏။

(ဂ) သေဋ္ဌောဟမသ္မိ လောကဿ = ငါသည် လူ သုံးပါးထက် ချီးမွမ်းအပ်သူ ဖြစ်၏၊ (တနည်း) ငါသည် လူသုံးပါးတွင် အချီးမွမ်းအပ်ဆုံး ဖြစ်၏။

(ဃ) အယမန္တိမာ ဇာတိ = ဤယခု ပဋိသန္ဓေ တည် နေရခြင်းကား ငါ့အဖို့ရာ နောက်ဆုံး ပဋိသန္ဓေ တည်နေရခြင်း ဖြစ်၏။

(င) နတ္ထိဒါနိ ပုနဗ္ဘဝေါ = ယခုအခါ၌ ငါ့အဖို့ရာ တဖန်ဘဝသစ် ဖြစ်ရခြင်း မရှိတော့ပြီ—

ဟူ၍ လောကဓာတ်စကြဝဠာတိုက်ပေါင်း တသောင်းလုံးကို ကိုယ် တော်မြတ်၏ အသံတော်ဖြင့် တပြိုင်နက်တည်း ကြားလွှဲ့စေ၍ ရဲရဲတောက်စကားကို ကြီးဝါးကျူးရင့်တော်မူ၏။

ဤသို့ (အာသဘီဝါစာ) ရဲရဲတောက်စကားကို အလောင်း တော်သူမြတ် ကြီးဝါးမြွက်ဆိုတော်မူသောအခါ မြဟ္မာ နတ် လူ တစုံတယောက်သောသူကမျှ နှုတ်တို့တဖန် ပြန်လှန်ငြင်းဆိုခြင်း ငှါ မစွမ်းနိုင်ရကား အလောင်းတော်သူမြတ်အား အလုံးစုံသော မြဟ္မာ နတ် လူတို့သည် ကောင်းချီးပေးကြရကုန်၏။

#### အထူးမှတ်သားရန် အကြောင်းအကျိုးများ

ဤအလောင်းတော်သူမြတ် ဖွားမြင်ခဏ်း၌ ဖြစ်ပေါ် သော ထူးခြားချက်ကြီးတို့တွင်—

http://www.dhammadownload.com



(၁) ညီညွတ်သော ခြေတော်အစုံတို့ဖြင့် မဟာပထဝီ၌ ကြံ့ကြံ့ရပ်တည်တော်မူခြင်းသည် ဣဒ္ဓိပါဒ်လေးပါးကို ရဖို့ရန် ရှေ့ပြေးပုဗ္ဗနိမိတ် ဖြစ်ပေ၏။

(၂) မြောက်အရပ်သို့ ရှေးရှုတူရူ မျက်နှာမူခြင်းသည် သတ္တဝါအလုံးကို လွှမ်းမိုး စိုးအုပ်နိုင်ခြင်း၏ ရှေ့ပြေးပုဗ္ဗနိမိတ် ဖြစ်ပေ၏။

(၃) ခုနစ်ဖဝါး(ခုနစ်လှမ်း)လှမ်းကြွသွားတော်မူခြင်းသည် ဗောဇ္ဈင်ခုနစ်ပါး တရားရတနာကို ရဖို့ရန် ရှေ့ပြေးပုဗ္ဗနိမိတ် ဖြစ်ပေ၏။

(၄) နတ်ထီးဖြူ အဆောင်းအမိုး ခံရခြင်းသည် အရဟတ္တဖိုလ်တည်းဟူသော မြတ်သောထီးဖြူကို ရဖို့ရန် ရှေ့ပြေး ပုဗ္ဗနိမိတ် ဖြစ်ပေ၏။

(၅) မင်းမြောက်တန်းဆာ ငါးပါးတို့ကို ရခြင်းသည် တဒင်္ဂဝိမုတ္တိ, ဝိက္ခမ္ဘနဝိမုတ္တိ, သမုစ္ဆေဒဝိမုတ္တိ, ပဋိပ္ပဿဒ္ဓိဝိမုတ္တိ, နိဿရဏဝိမုတ္တိတည်းဟူသော ဝိမုတ္တိငါးမျိုး (ကျွတ်လွတ်ခြင်းငါးမျိုး) တို့ဖြင့် ကျွတ်လွတ်ဖို့ရန် ရှေ့ပြေး ပုဗ္ဗနိမိတ် ဖြစ်ပေ၏။

(၆) အလုံးစုံသော အရပ်ဆယ်မျက်နှာကို အပိတ်အပင်မရှိ ကြည့်မြင်တော်မူရခြင်းသည် အလုံးစုံသော တရားတို့ကို အပိတ်အပင် အဆီးအတားမရှိ သိမြင်သော အနာဝရဏဉာဏ်တော်ကို ရဖို့ရန် ရှေ့ပြေး ပုဗ္ဗနိမိတ် ဖြစ်ပေ၏။

(၇) "ငါသည် လူသုံးပါးတွင် အမြတ်ဆုံး, အကြီးကဲဆုံး, အချီးမွမ်းအပ်ဆုံးသူ ဖြစ်၏" ဟူ၍ ရဲရဲတောက်စကားကြီးဝါးမြွက်ဆိုတော်မူခြင်းသည် ဗြဟ္မာနတ်လူတွင် မည်သူတဦးတယောက်မျှ မတားမြစ်ပိုင် မလည်စေနိုင်သည့် မြတ်သောဓမ္မစကြာကို လည်စေနိုင်ဖို့ရန် ရှေ့ပြေး ပုဗ္ဗနိမိတ် ဖြစ်ပေ၏။

http://www.dhammadownload.com



(ဂ) "ယခု ပဋိသန္ဓေ တည်နေရခြင်းသည် ငါ့အဖို့ရာ နောက်ဆုံး ပဋိသန္ဓေ တည်နေရခြင်းဖြစ်၏၊ ယခုအခါ တဖန် ဘဝအသစ် ဖြစ်ရခြင်း မရှိတော့ပြီ" ဟူ၍ ရဲရဲ တောက်စကား ကြုံးဝါးမြွက်ဆိုတော်မူခြင်းသည် အနုပါ-ဒိသေသ ပရိနိဗ္ဗာန် ဝင်စံပြီမ်းအေးဖို့ရန် ရှေ့ပြေးပုဗ္ဗနိမိတ် ဖြစ်ပေ၏။

### အလောင်းတော်သူမြတ် ဖွားကာစ၌ စကားဆိုဘူးသည် သုံးဘဝ

မြတ်စွာဘုရား အလောင်းတော်သည် ဖွားမြင်ကာစ၌ စကား ဆိုတော်မူသည်မှာ ဤသိဒ္ဓတ္ထမင်းသား နောက်ဆုံးတဘဝသာ မဟုတ်၊ မဟောသဓာသုခမိန် ဖြစ်သောဘဝ, ဝေဿန္တရာမင်း ဖြစ်သောဘဝတို့၌လည်း ဤသို့ပင် ဖွားမြင်ကာစ၌ စကားဆို တော်မူသည်ဖြစ်၍ ဤနောက်ဆုံး ပစ္ဆိမ (သိဒ္ဓတ္ထမင်းသား) ဘဝ နှင့်တကွ သုံးဘဝတို့၌ ဖွားမြင်ကာစတွင် စကားဆိုတော်မူ၏ဟု သိမှတ်အပ်၏။

(၁) အနည်းငယ် ရှင်းလင်းပြဆိုဦးအံ့····၊ မြတ်စွာဘုရား အလောင်းတော်သည် မဟောသဓာသုခမိန် ဖြစ်တော်မူသော ဘဝ၌ မယ်တော့်ဝမ်းမှ ထွက်မြောက်သန့်စင် ဖွားမြင်လာခိုက် တွင် သိကြားနတ်မင်းလာ၍ ဘုရားအလောင်းတော်၏ လက်၌ စန္ဒကူးနံ့သာနှစ်တုံးကို ထားသဖြင့် ထိုစန္ဒကူးနံ့သာနှစ်တုံးကို ဆုပ်ကိုင်လျက် မယ်တော့်ဝမ်းမှ ဖွားမြင်လာသောအခါ မယ် တော်က ကြည့်ရှုရာတွင် လက်၌ ဆုပ်ကိုင်ထားသော အရာကို မြင်၍ "ချစ်သား····အဘယ်ဝတ္ထုကို ယူ၍ လာခဲ့သနည်း"ဟု မယ် တော်က မေးမြန်းလေလျှင်"အို မွေးမိခင်····ဆေးပါတည်း"ဟူ၍ ဖြေကြား ပြောဆိုတော်မူ၏။

ဤသို့ ဆေးကို ဆုပ်ကိုင်လျက် ဖွားမြင်လာသည်၏ အဖြစ် ကြောင့် ထိုဘုရားအလောင်းတော်အား ဩသဓကုမာရ = ဆေး

http://www.dhammadownload.com



သတ္တိသား ဆေးသူငယ်-ဟူသော အမည်ကို ရှေးဦးစွာ မှည့်ခေါ်ကြကုန်၏။ နောက်အခါ ထိုဆေးကို အိုး၌ထည့်သွင်း သိမ်းဆည်းထား၍ အလောင်းတော်၏ ခမည်းတော် သိရိဂုတ္တနသူဌေးကြီး၏ ဦးယဉ်း (ခေါင်းခဲ) နာမှအစ ရောက်လာရောက်လာကြသော မျက်စိကွယ်သူ နားပင်းသူအစရှိသော ရောဂါသည်ခပ်သိမ်းတို့၏ အနာရောဂါဟူသမျှတို့ကို ထိုဆေးဖြင့် ပျောက်ငြိမ်းချမ်းသာစေသောကြောင့် ထိုဆေး၏ ကျေးဇူးစွမ်းရည် ထက်မြက် ကြီးမြတ်သည်ကိုအစွဲပြု၍ ဆေး၏ အရှင်ဖြစ်သော ဘုရားအလောင်းတော် သတ္တိသားကို မဟောသဓ = မြတ်သောဆေးအရှင် သတ္တိသားဟူ၍ ခေါ်ဝေါ်ကြကုန်၏။

(၂) ဝေဿန္တရာမင်း ဘဝ၌လည်း မယ်တော်၏ဝမ်းမှ ဖွားမြင်ကာစတွင်ပင် လက်ျာလက်ကို ဆန့်တန်းဖြန့်ခင်း၍"မွေးမယ်တော်....ရွှေနန်းအိမ်တော်၌ တစုံတခုသော ဥစ္စာဝတ္ထုသည် ရှိပါ၏လော၊အလှူဒါနကို လှူပါအံ့"ဟုဆိုလျက် ဖွားမြင်လာ၏။ ထိုအခါ မယ်တော်သည် သားတော်အား "ချစ်သား....သင်သည် ဥစ္စာရှိသော နန်းတော်၌ ဖြစ်လာ၏"ဟု ဆို၍ သားတော်၏ ဖြန့်လျက်ထားသော လက်ကို မိမိ၏ လက်ဖဝါးအပြင်၌ ကိုင်ယူတင်ထား၍ ဥစ္စာတထောင်ထုပ်ကို သားတော်၏ လက်၌ ထားပေ၏။ ဤသို့လျှင် အလောင်းတော်သူမြတ်သည် ဝေဿန္တရာမင်းဘဝ၌လည်း ဖွားကာစ၌ စကားဆိုတော်မူ၏။

(၃) ရှေးက ပြဆိုခဲ့သည့်အတိုင်း နောက်ဆုံးဖြစ်သော ဤ (သိဒ္ဓတ္ထမင်းသား) ဘဝ၌လည်း ဖွားကာစ ကာလ၌ ရဲရဲတောက်စကား ကြီးဝါးမြွက်ဆိုတော်မူ၏။

ဤသို့လျှင် မြတ်စွာဘုရားအလောင်းတော်သည် သုံးဘဝတို့၌ မယ်တော်၏ဝမ်းမှ ထွက်မြောက်သန့်စင် ဖွားမြင်ကာစ၌ စကားဆိုတော်မူ၏။

http://www.dhammadownload.com



**ဖွားမြင်တော်မူသောအခါ ဖြစ်ပေါ်လာသော ပုဗ္ဗနိမိတ်တို့နှင့်
ထိုနိမိတ်တို့၏ အကျိုးများ**

ဘုရားအလောင်းတော်ကို ဖွားမြင်သောကာလ ထိုခဏ၌လည်း ပုဗ္ဗနိမိတ်တို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏၊ ထိုသို့ဖွားမြင်သောအခါ ထင်ရှားဖြစ်ပေါ်လာသော ပုဗ္ဗနိမိတ်တို့နှင့် ထိုနိမိတ်တို့၏ အကျိုးတို့ကို မဟာပဒါနသုတ်အဋ္ဌကထာ, ဗုဒ္ဓဝင်အဋ္ဌကထာတို့၌ လာသည့်အတိုင်း တပေါင်းတည်း တွဲစပ်၍ပြဆိုပေအံ့....၊

(၁) ဘုရားအလောင်းတော် ယောက်ျားမြတ်ကို ဖွားမြင်သောခဏ၌ လောကဓာတ်တသောင်းသည် တုန်လှုပ်၏။

(ဤလောကဓာတ် စကြဝဠာတိုက်တသောင်း တုန်လှုပ်ခြင်းသည်ကား အလောင်းတော် ယောက်ျားမြတ်၏ သဗ္ဗညုတဉာဏ်တော်မြတ်ကို ထိုးထွင်းမြင်သိ ရရှိအံ့သော ရှေ့ပြေးအကြောင်းပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၂) လောကဓာတ် စကြဝဠာတိုက်တသောင်း၌ နေကြကုန်သော နတ်မြဟ္မာတို့သည် ဤစကြဝဠာတခုတည်း၌ ပေါင်းဆုံ စည်းဝေးကြကုန်၏။

(ဤ လောကဓာတ် စကြဝဠာတိုက်တသောင်း၌ နေကြကုန်သော နတ်မြဟ္မာတို့ ဤစကြဝဠာတခုတည်း၌ ပေါင်းဆုံစည်းဝေးကြခြင်းသည်ကား ဓမ္မစကြာ တရားတော်ကို ဟောတော်မူသောအခါ၌ ထို နတ်မြဟ္မာအပေါင်းတို့ တပြိုင်နက် စုဝေး၍ တရားတော်ကို နာယူရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၃) ဖွားမြင်လာသော အလောင်းတော် ယောက်ျားမြတ်ကို ရှေးဦးစွာ မြဟ္မာနတ်တို့က ခံယူကြကုန်၏။

http://www.dhammadownload.com



(ထိုသို့ ရှေးဦးစွာ ပြဟ္မာနက်တို့ ခံယူကြခြင်းသည် ရူပါဝစရ ဈာန်တရားလေးပါးတို့ကို ရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၄) ဖွားမြင်လာသော အလောင်းတော်ယောက်ျား မြတ်ကို ပြဟ္မာနတ်တို့ ခံယူပြီးနောက် လူတို့ ခံယူကြကုန်၏။

(ထိုသို့ ပြဟ္မာနတ်တို့ ခံယူကြပြီးနောက် လူတို့ ခံယူကြခြင်း သည် အရူပါဝစရဈာန်လေးပါးကို ရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၅) ညှိုကြိုးဖြင့် ဖွဲ့ယှက်စီရင်အပ်သော စောင်းညှင်း တို့သည် မတီးမခတ်ရပဲ အလိုအလျောက် မြည် ကုန်၏။

(ထိုသို့ စောင်းညှင်းများ မတီးမခတ်ရပဲ အလိုအလျောက် မြည်ကြခြင်းသည် အစဉ်အတိုင်း ဝင်စားအပ်သည့် ရူပါဝစရ သမာပတ်လေးပါး, အရူပါဝစရ သမာပတ်လေးပါး, နိရောဓ သမာပတ်အားဖြင့် ဉကိုးပါးသော အနုပုဗ္ဗဝိဟာရ သမာပတ် တို့ကို ရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၆) သားရေဖြင့် ဖွဲ့ယှက် ကျက်အပ်သော စည်ကြီး စည်ငယ် (ပုံကြီးပုံငယ်) တို့သည် မတီးမခတ်ရပဲ အလိုအလျောက် မြည်ကြကုန်၏။

(ထိုသို့ စည်ကြီးစည်ငယ်များ မတီးမခတ်ရပဲ အလိုအလျောက် မြည်ကြခြင်းသည် အလွန်မြတ်သော တရားစည်တော်ကြီး ရိုက်တီး ယွမ်းဆော် လူနတ်တို့ကို ကြားသိစေတော်မူမည့် ရှေ့ပြေး အကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၇) လူတို့အား သွင်းနှောင် တုတ်ချည်အပ်ကုန်သော နှောင်အိမ် နှောင်ကြိုးတို့သည် အပိုင်း အပိုင်း ပြတ်ကုန်၏။

http://www.dhammadownload.com



(ထိုသို့ ပြတ်ခြင်းသည် ငါတည်းဟူသော မာန်မာနကို အကြွင်းမဲ့ အမြစ်ပြတ် ပယ်သတ်နိုင်ရန် ရှေးပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၈) ကြေးနီဍ္ဍ ပြီတွယ်တင်ကပ်သော အညစ်အကြေးကို အချဥ်ရေဖြင့် ဆေးကြောလိုက်သကဲ့သို့ ရောဂါသည်တို့၌ စွဲကပ်လျက်ရှိသော ရောဂါ ခပ်သိမ်းတို့ ပျောက်ငြိမ်းကြကုန်၏။

(ထိုသို့ ရောဂါခပ်သိမ်း ပျောက်ငြိမ်းကြခြင်းသည် လူများအပေါင်း၏ အလုံးစုံသော ဝဋ္ဋဒုက္ခရောဂါ၏ ကင်းငြိမ်းမှုဖြစ်သော သစ္စာလေးပါး တရားကို သိမြင်ဖို့ရန် ရှေးပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၉) အမိဝမ်းတွင်းမှပင် မျက်စိကွယ်ခဲ့ကြသော သူတို့သည် အဆင်းရူပါရုံကို ပကတိ လူတို့ကဲ့သို့ပင် မြင်ကြကုန်၏။

(ထိုသို့ မြင်ကြခြင်းသည် လူများအပေါင်းတို့ ဒိဗ္ဗစက္ခုဉာဏ်ကို ရရှိဖို့ရန် ရှေးပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၁၀) အမိဝမ်းတွင်းမှပင် နားပင်းခဲ့ကြသော သူတို့သည် အသံ သဒ္ဒါရုံကို ပကတိလူတို့ကဲ့သို့ပင် ကြားကြကုန်၏။

(ထိုသို့ ကြားကြခြင်းသည် လူများအပေါင်းတို့ ဒိဗ္ဗသောတဉာဏ်ကို ရရှိဖို့ရန် ရှေးပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၁၁) ခြေဆွံ့သဖြင့် မသွားနိုင်ကုန်သော သူတို့သည် ခြေကောင်း သန်စွမ်းလာကာ သွားနိုင်ကြကုန်၏။

(ထိုသို့ သွားနိုင်ကြခြင်းသည် ဣဒ္ဓိပါဒ်လေးပါးကို ရရှိဖို့ရန် ရှေးပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

http://www.dhammadownload.com



(၁၂) အမိဝမ်းတွင်းမှပင် ဆွံ့အ-သဖြင့် စကားမပြော နိုင်သော သူတို့သည် သတိတရား ဖြစ်ပွါးလာ ကာ စကားပြောဆိုတတ်ကုန်၏။

(ယိုသို့ သူအ-များ စကားပြောတတ်လာခြင်းသည် သတိ ပဋ္ဌာန်လေးပါး တရားကို ရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၁၃) ကြောက်မက်ဖွယ်ရာ ဘေးဘျမ်း ထူပြောသော အရပ်တပါးသို့ ရောက်ရှိနေကြသော လှေ သဘော်များ ဘေးရန်ကင်းကွာ မိမိတို့ဆိပ် ကမ်းသို့ ချမ်းသာစွာ ရောက်ကြကုန်၏။

(ထိုသို့ ရောက်ကြခြင်းမှာ ပဋိသမ္ဘိဒါဉာဏ် လေးပါးကို ရရှိ ဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၁၄) ကောင်းကင်၌တည်သော ရတနာအမျိုးမျိုး,မြေ ၌တည်သော ရတနာအမျိုးမျိုးတို့သည် မိမိတို့ ၏ အလွန်ထွန်းလင်းသော အရောင်အဝါတို့ဖြင့် တောက်ပကုန်၏။

(ထိုသို့ ရတနာအမျိုးမျိုးတို့ မိမိတို့အရောင်ဖြင့် တောက်ပခြင်း သည် တရားတည်းဟူသော အရောင်အလင်းကို ရရှိဖို့ရန် ရှေ့ပြေး အကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။ တရားအလင်းရောင်ကို ဝေနေယျ တို့အား ပေး၍ ကိုယ်တော်မြတ်၏ ဘုန်းတန်ခိုးရောင်ဖြင့် တောက်ပြောင်ခြင်း၏· ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၁၅) ရန်သူဖြစ်ကြသော သတ္တဝါတို့ အချင်းချင်း ချစ် ခင်သည့် မေတ္တာစိတ်ကို ရကြကုန်၏။

(ထိုသို့ မေတ္တာစိတ်ကို ရကြခြင်းသည် ဗြဟ္မဝိဟာရတရား လေးပါးကို ရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၁၆) ငရဲမီး ငြိမ်းအေး၏။

http://www.dhammadownload.com



(ထိုသို့ ငရဲမီး ငြိမ်းအေးခြင်းသည် လောဘ, ဒေါသ-စသော မီးတဆယ့်တမျိုးတို့ ငြိမ်းအေးဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၁၇) မှောင်အတိ ကျနေသော လောကန္တရိက် ငရဲ တို့၌ အရောင်အလင်းသည် ယင်လင်းစွာ ဖြစ် ပေါ်၏။

(ထိုသို့ ဖြစ်ပေါ်ခြင်းသည် အဝိဇ္ဇာတည်းဟူသော အမိုက် မှောင်ကို ပယ်ဖျောက်ခွင်း၍ အလင်းဉာဏ်ပညာ ဝိဇ္ဇာကို ဖြစ်နိုင်ပေးနိုင် ရေး၏ ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၁၈) စီးမြဲသော မြစ်ရေ အယဉ်သည် မစီးတော့ပဲ တန့်ရပ်၏။

(ထိုသို့ တန့်ရပ်ခြင်းသည် စတုဝေသာရဇ္ဇဉာဏ်ကို ရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၁၉) မဟာသမုဒ္ဒရာ၌ ရှိသမျှသော ရေသည် ချိုမြိန် ကောင်းမွန်သော အရသာရှိ၏။

(ထိုသို့ မဟာသမုဒ္ဒရာရေ ချိုမြိန်သော အရသာရှိခြင်းသည် ကိလေသာတို့ ငြိမ်းအေးမှုတည်းဟူသော ချိုမြိန်သောအရသာ တခုတည်းကို ရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၂၀) ကြမ်းတမ်းသော လေပြင်းများ မတိုက်ခတ်ပဲ ဖြည်းညှင်း သာယာ အေးချမ်းစွာသော လေ သာလျှင် တိုက်ခတ်၏။

(ထိုသို့ လေပြင်းလေကြမ်းများ မတိုက်ခတ်ခြင်းသည် ခြောက် ဆယ့်နှစ်မျိုးသော မိစ္ဆာဒိဋ္ဌိအယူဝါဒဆိုးတို့ ပပျောက်ပြိုကွဲဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၂၁) မိုးရပ်ကောင်းကင် သစ်ပင် တောင်ထိပ်-စသည် ၌ ရောက်ရှိကြသော ငှက်တို့သည် မြေပြင်သို့ သက်ဆင်းလာကြကုန်၏။

http://www.dhammadownload.com



(ထိုသို့ သက်ဆင်းလာကြခြင်းသည် ကိုယ်တော်မြတ်၏ အဆုံးအမ ဩဝါဒကို နာယူရ၍ လူများအပေါင်းတို့ အသက်ထက်ဆုံး သရဏဂုံ ခံယူကြရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၂၂) လမင်းသည် ရှေးရှေး အခါများကထက် ထွန်းလင်း သာယာ တင့်တယ်၏။

(ထိုသို့ တင့်တယ်ခြင်းသည် လူများအပေါင်းတို့ နှစ်သက်ခြင်း ရှိကြမည့် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၂၃) နေမင်းသည် မပူမအေး အညစ်အကြေး ကင်းဝေးသန့်ရှင်းသဖြင့် ကောင်းသောဥတုနှင့် ပြည့်စုံ၏။

(ထိုသို့ ပြည့်စုံခြင်းသည် ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှု ဖြစ်ဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၂၄) နတ်တို့သည် မိမိ မိမိတို့၏ ဗိမာန်ရှေ့မှောက် တံခါးပေါက် အဝ၌ ရပ်ဟည်ကြကုန်လျက် လက်ပန်းပေါက်ခတ်ခြင်း (လက်ခမောင်း ခတ်ခြင်း)၊ လေချွန်ခြင်း၊ ပုဆိုးအဝတ်တို့ကို ပစ်မြှောက်ခြင်း-စသည့်တို့ဖြင့် ကြီးစွာသောကစား ပျော်မြူးမှုကို ပျော်မြူးကြကုန်၏။

(ထိုသို့ ပျော်မြူးကြခြင်းသည် ဘုရားဖြစ်တော်မူ၍ ဥဒါန်းရင့်ကျူးတော်မူဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၂၅) လေးကျွန်းအလုံး နှံ့စပ်သော မိုးကြီး သည်းထန်စွာ ရွာသွန်း၏။

(ထိုသို့ မိုးကြီး သည်းထန်စွာ ရွာသွန်းခြင်းသည် ကြီးမြတ်သော ဉာဏ်တော်အဟုန်ဖြင့် တရားတည်းဟူသော အမြိုက်မိုးကို ရွာကြိုးသွန်းချဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

http://www.dhammadownload.com



(၂၆) လူများအပေါင်းတို့ ဆာလောင်ခြင်းကင်းကြ၏။

(ထိုသို့ ဆာလောင်မှု ကင်းကြခြင်းသည် ကာယဂတာသတိ တည်းဟူသော အမြိုက်တရားကို ရရှိဖို့ရန်၊ တနည်း-ကာယဂတာ သတိတည်းဟူသော အမြိုက်ခဲဖွယ်ကို သုံးဆောင်ရ၍ ကိလေသာ ဆာလောင်ခြင်း ကင်းဖို့ရန် ရှေးပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ် ပေ၏။)

(၂၇) လူများအပေါင်းတို့ ရေသိပ်ခြင်း(ရေငတ်ခြင်း) ကင်းကြကုန်၏။

(ထိုသို့ ရေသိပ်မှု ကင်းကြခြင်းသည် လူများအပေါင်းတို့ အရဟတ္တဖိုလ် ချမ်းသာဖြင့် ချမ်းသာကြဖို့ရန် ရှေးပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၂၈) ဗိတ်ကွယ် ဖုံးကာလျက်ရှိသော တံခါးရွက်တို့ သည် အလိုအလျောက် ပွင့်ကြ လပ်ကြကုန်၏။

(ထိုသို့ တံခါးရွက်တို့ အလိုအလျောက် ပွင့်လပ်ကြခြင်းသည် မဂ္ဂင်ရှစ်ပါးတည်းဟူသော နိဗ္ဗာန်တံခါးကြီး ပွင့်လပ်ဖို့ရန် ရှေး ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၂၉) အပွင့်မျိုး သစ်ပင်, အသီးမျိုး သစ်ပင်တို့သည် အပွင့်ရော အသီးပါ ပွင့်ကြ သီးကြကုန်၏။

(ထိုသို့ ပွင့်ကြ သီးကြခြင်းသည် ဝိမုတ္တိတရားတည်းဟူသော ပန်းပွင့်တို့ဖြင့် လူအပေါင်းတို့ ပွင့်ကြဖို့ရန်၎င်း, အရိယဖိုလ် လေး ပါးတည်းဟူသော အသီးတို့ဖြင့် သီးကြဖို့ရန်၎င်း ရှေးပြေး အကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

(၃၀) လောကဓာတ် စကြဝဠာ တိုက်တသောင်းလုံး တံခွန်တည်းဟူသော တခုစာည်းသောပန်းဖြင့် ဖုံးလျက်ရှိ၏၊ လောကဓာတ် စကြဝဠာတိုက် တသောင်းလုံး တံခွန်အောင်လံ အပြည့်ဖုံးလျက် ရှိ၏။

http://www.dhammadownload.com



(ထိုသို့ တံခွန်တည်းဟူသော ပန်းဖြင့်ဖုံးလွှမ်းခြင်းသည် အရိယမဂ်တည်းဟူသော အောင်လံတံခွန်ပန်း အပြည့်ဖုံးလွှမ်းဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။)

ထိုမှတပါးလည်း ဆန်းကြယ်သောပန်းမိုး အလွန်ရနံ့ကောင်းသည့် ပန်းမိုးတို့ ရွာသွန်းခြင်း, နေမင်းလင်းလျက်ရှိစဉ်ပင် နက္ခတ်ကြယ်တာရာတို့ တောက်ပခြင်း, မြေအပြင်မှ အလွန်ကြည်လင်သောရေ စိမ့်၍ထွက်ခြင်း, တွင်းအောင်းတိရစ္ဆာန်တို့ မိမိတို့နေရာမှ ထွက်ကြခြင်း, လောဘ ဒေါသ မောဟတို့ မဖြစ်ခြင်း, မြေအပြင်၌ မြူမထခြင်း, မကောင်းသောအနံ့တို့ ကင်းခြင်း, နတ်၌ဖြစ်သော နံ့သာနံ့ ကြိုင်လှိုင်ခြင်း, ရူပဗြဟ္မာတို့ကို လူတို့ ပကတိမျက်စိဖြင့် လင်းလင်းထင်ထင် မြင်ရခြင်း, သတ္တဝါတို့၏ စုတေမှု ပဋိသန္ဓေတည်နေမှုတို့ မရှိခြင်း-အစရှိသည့် ပုဗ္ဗနိမိတ်တို့လည်း ထင်ရှားဖြစ်ကုန်၏။ ထိုပုဗ္ဗနိမိတ်တို့ ဖြစ်ခြင်းမှာ ဆိုအပ်ပြီးသည်မှ ကြွင်းသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို ရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်တို့ ဖြစ်ကုန်၏။

**ဖွားဖက်တော် ခုနစ်ဦးတို့အကြောင်း**

မြတ်စွာဘုရား အလောင်းတော်ကို ဖွားမြင်တော်မူသော အခိုက်ကာလ ထိုခဏ၌ပင်—

၁။ ဘဒ္ဒကစ္စာနာမည်သော ရာဟုလမယ်တော် ယသော်ဓရာမင်းသမီး၊

၂။ အာနန္ဒာမင်းသား၊

၃။ ဆန္နအမတ်၊

၄။ ကာဠုဒါယီအမတ်၊

၅။ ကဏ္ဍကမြင်းတော်၊

၆။ မဟာဗောဓိ = ဗုဒ္ဓဟေညောင်ပင်၊

၇။ ရွှေအိုးကြီးလေးလုံး—

ဤ (၇)ပါးတို့သည်လည်း တပြိုင်နက် ဖွားမြင်ဖြစ်ပေါ်လာကြကုန်၏။ ဘုရားအလောင်းတော်မြတ်နှင့် အတူတကွ ဖွားဖော်

http://www.dhammadownload.com



ဖွားဖက်ဖြစ်လာသောကြောင့် ဤ (၇)မျိုးတို့ကို "ဖွားဖက်တော် ခုနစ်ပါးတို့"ဟူ၍ ခေါ်ဆိုအပ်ကုန်၏။ ထိုခုနစ်ပါးတို့တွင်—

၁။ ဘဒ္ဒကစ္စာနာ ယသော်ဓရာမင်းသမီးကား ဒေဝဒဟပြည်ကို အစိုးရသော သုပ္ပဗုဒ္ဓမင်းနှင့် အမိတ္တာဒေဝီ မိဖုရားကြီးတို့မှ ဖွားမြင်သည်။

၂။ အာနန္ဒာမင်းသားကား သုဒ္ဓေါဒနမင်းကြီး၏ ညီတော် အမိတ္တောဒနသာကီဝင်မင်း၏ သားဖြစ်သည်။

၃။ မဟာဗောဓိပင်ကား မဇ္ဈိမဒေသ ဥရုဝေလတောတွင် ဘုရားရှင်တို့ ပွင့်တော်မူရာ ဗဟိုရ်အချက်အချာ အောင်မြေအရပ်၌ ပေါက်လာသည်။

၄။ ရွှေအိုးကြီး လေးလုံးတို့ကား ကပိလဝတ် နေပြည်တော် ရွှေနန်းတော် အရာမ်အတွင်း၌ ပေါ်ပေါက်လာကုန်သည်။

(က) ထိုလေးလုံးတို့တွင် တလုံးကား **သခ်-အမည်** ရှိ၏၊ ထိုရွှေအိုး၏ အဝအကျယ်သည် တဂါဝုတ် ပမာဏ ရှိ၏။

(ခ) တလုံးကား **လေ-အမည်**ရှိ၏၊ အဝအကျယ် အားဖြင့် နှစ်ဂါဝုတ် ပမာဏ ရှိ၏။

(ဂ) တလုံးကား **ဥပ္ပလ-အမည်**ရှိ၏၊ အဝအကျယ် အားဖြင့် သုံးဂါဝုတ် ပမာဏ ရှိ၏။

(ဃ) တလုံးကား **ပုဏ္ဍရိက-အမည်**ရှိ၏၊ အဝ အကျယ်အားဖြင့် လေးဂါဝုတ် = တယူဇနာ ပမာဏ ရှိ၏။

ဤရွှေအိုးကြီး လေးလုံးတို့မှ ရွှေကို ထုတ်ယူ သုံးစွဲလတ်သည်ရှိသော် ယူရာမထင်ပဲ ပြည့်မြဲတဖန် ပြန်၍ ပြည့်ကုန်၏။ ။(ဤရွှေအိုးကြီး လေးလုံးအကြောင်းကို မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ စင်္ကီသုတ်အဖွင့် စာမျက်နှာ ၂၀၅-နှင့် ဒီဃနိကာယ် သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ စာမျက်နှာ ၂၅၃-သောဏဒဏ္ဍသုတ် အဖွင့်၌ ပြဆိုထားသည်။)

http://www.dhammadownload.com



ဤဖွားဖက်တော် (၇) ခုနစ်ဦးတို့၏ အမည်အစဉ်ကို ရှေးဦး ပြဆိုခဲ့သည်ကား ဇာတကအဋ္ဌကထာ ပဌမအုပ် မျက်နှာ ၆၃၊ ဗုဒ္ဓဝင် အဋ္ဌကထာ မျက်နှာ ၃၂၂၊ ဒီဃနိကာယ် မဟာဝဂ္ဂ အဋ္ဌကထာ မဟာပဒါနသုတ်အဖွင့် စာမျက်နှာ ၁၀-တို့၌ လာရှိသောအတိုင်း ပြဆိုခြင်းဖြစ်သည်။ ဆရာအဆက်ဆက်တို့လည်း ဤအတိုင်းသာ ပြဆိုကြကုန်၍—"အာ-ဗော-ကာ-ယ၊ ငံ-ရွှေ-ကဏ်"ဟူ၍ လင်္ကာအချုပ် ရေးထုတ်ကြကုန်သည်။

အင်္ဂုတ္တရအဋ္ဌကထာ ပဌမအုပ် စတုတ္ထဧတဒဂ္ဂဝဂ် ကာဠုဒါယီဝတ္ထုအဖွင့် စာမျက်နှာ (၂၃၄) ၌၎င်း, ဝိနည်းသာရတ္ထဒီပနီဋီကာ တတိယအုပ် မဟာခန္ဓက ရာဟုလဝတ္ထုအဖွင့် စာမျက်နှာ(၂၄၄) ၌၎င်း ဤဖွားဖက်တော် (၇) ခုနစ်ဦးတို့ကို ရေတွက်ပြဆိုရာတွင် အာနန္ဒာမင်းသား၏ အမည်ကို ထည့်သွင်း ရေတွက်ခြင်း မပြုပဲ (၁) ဗောဓိပင်၊ (၂) ယသော်ဓရာ၊ (၃) ရွှေအိုးကြီးလေးလုံး၊ (၄) **အာရောဟနီယဆင်တော်** = စီးတော်ဆင်၊ (၅) ကဏ္ဍက မြင်းတော်၊ (၆) ဆန္နအမတ်၊ (၇) ကာဠုဒါယီအမတ်ဟူ၍ ရေတွက် စီစဉ်ဖော်ပြထားသည်။ ထိုထိုဘာဏကဆောင် မထေရ်တို့၏ အလိုအတိုင်း ဖွင့်ပြခြင်း ဖြစ်သည်ဟု မှတ်ယူရာ၏။

### မဟာမာယာဒေဝီ ကပိလဝတ်ပြည်သို့ ပြန်လည်သောအကြောင်း

ကပိလဝတ်ပြည်, ဒေဝဒဟပြည် နှစ်ပြည်ထောင်သား လူအများတို့သည် မိဖုရားကြီး မဟာမာယာဒေဝီနှင့်တကွ ဘုရားအလောင်း သားတော်မြတ်ကို ယှဉ်ဆောင်ကြဉ်းကြကုန်၍ ကပိလဝတ် နေပြည်တော်သို့ သွားကြကုန်၏။

### ကာဠဒေဝိလရသေ့ကြီးအကြောင်း

ထိုသို့ ယူဆောင်၍ ကပိလဝတ် နေပြည်တော်သို့ အလောင်းတော်နှင့်တကွ မယ်တော်တို့ ဆိုက်ရောက်သော နေ့၌ပင် သိကြားနတ်မင်း အမှူးရှိသော တာဝတိံသာ နတ်အပေါင်းတို့သည် "ကပိလဝတ်ပြည်၌ သုဒ္ဓေါဒန မင်းကြီးအား သတို့သားမြတ်ကို

http://www.dhammadownload.com



ဖွားမြင်ရရှိပေပြီ၊ ထိုသတို့သားမြတ်သည် ဗုဒ္ဓဟောပင် မောဓိပြင်၌ ဘုရားစင်စစ် ဖြစ်တော်မူလတ္တံ့" ဟု နှစ်သက်ရွှင်လန်းဝမ်းမြောက် ဝမ်းသာ ဖြစ်ကြကုန်၍ ပုဆိုးအဝတ် ပစ်မြှောက်ခြင်း, လက်ပန်း ပေါက်ခတ်ခြင်း-စသည်တို့ကို ပြုကြကုန်လျက် မြူးထူးပျော်ပါး ကစားကြကုန်၏။

ထိုအခါ သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်တွင် သွားလာထွက် ဝင် အစဉ်ဆက်ဆံလေ့ရှိသော အဘိညာဏ်ငါးပါး သမာပတ် ရှစ်ပါးတို့ကိုရသည့် ကာဠဒေဝိလရသေ့သည် သုဒ္ဓေါဒနမင်းကြီး ၏ နန်းတော်မှ ရှေးနေ့များကဲ့သို့ပင် ဆွမ်းစားပြင်းကိစ္စ ပြုပြီး သော် နေ့သန့်ရန်အလို့ငှါ တာဝတိံသာနတ်ပြည်သို့ ကြွရောက်၍ ရတနာဗိမာန်အတွင်း ခင်းထားအပ်သော ရတနာပလ္လင်ထက်၌ ထိုင်နေတော်မူကာ ဈာန်သမာဓိချမ်းသာကို ခံစားတော်မူရာမှ ထတော်မူပြီးလျှင် ဗိမာန်တံခါးဝ၌ ရပ်လျက် ထိုမှဤမှ ကြည့်ရှု လတ်သော် ယူဇနာခြောက်ဆယ်ရှိသော နတ်လမ်းခရီးမ၌ နတ် ဝတ်ဦးပေါင်း ပစ်မြှောက်ခြင်းကို ပြုကြလျက် ဘုရားအလောင်း တော်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းစကား ပြောကြားကြ၍ မြူးထူး ပျော်ပါး ကစားနေကြသော သိကြားနတ်မင်းအမှူးရှိသည့် နတ် တို့ကို မြင်လေသည်တွင် "အိုနတ်အပေါင်းတို့.... အသင်တို့သည် အဘယ့်ကြောင့် ဤသို့ အားရရွှင်လန်း ဝမ်းမြောက်ဝမ်းသာ နှစ်သက်ပျော်ပါး ကစားကြကုန်သနည်း၊ ထိုအကြောင်းကိုငါ့အား ပြောကြားကြကုန်" ဟု မိန့်ဆို၏။

ထိုအခါ နတ်အပေါင်းတို့က "အရှင်ရသေ့မြတ်.... ယနေ့ သုဒ္ဓေါဒနမင်းကြီးအား သတို့သားမြတ် ဖွားမြင်လတ်ပြီ၊ ထို သားမတော်မြတ်သည် ခပ်သိမ်းသော ဘုရားရှင်တို့ ဘုရားဖြစ်တော် မူရာ မြေချာဦးကိုင် မဏ္ဍိုင်ချက်မွေ ဗုဒ္ဓဟောပင် မောဓိပြင်၌ ပလ္လင် ဖွဲ့ခွေ နေတော်မူလျက် တရားခပ်သိမ်းကို ပြီးပြိမ်းကုန်စင် သိမြင် တော်မူသော ဘုရားဖြစ်တော်မူ၍ တရားစကြာ ဒေသနာကို ကောင်းစွာ ဖြစ်စေသောအား ဟောကြားတော်မူလတ္တံ့၊ ထို

http://www.dhammadownload.com



မြတ်စွာဘုရား၏ အဆုံးအပိုင်းအခြားမရှိ ထူးမြတ်လှစွာသော မြတ်စွာဘုရား၏ တင့်တယ်ခြင်း အသရေတော်ကို ဖူးမြင်ခြင်းငှါ ၎င်း, ဟောတော်မူအပ်သော တရားဒေသနာတော်မြတ်ကို ဆတ်ဆတ်ထင်ရှား ကြားနာခြင်းငှါ၎င်း အခွင့်ကောင်းကြီးကို ရကြပေတော့အံ့၊ ဤအကြောင်းကြောင့် အကျွန်ုပ်တို့သည် ဤသို့ အားရရွှင်လန်း ဝမ်းမြောက်ဝမ်းသာ နှစ်သက်ပျော်ပါး ကစားကြပါကုန်သည် " ဟု ဖြေကြား လျှောက်ထားကြကုန်၏။

ကာဠဒေဝိလရသေ့သည် ထိုတာဝတိံသာနတ်တို့ ဖြေကြား လျှောက်ထားသောစကားကို ကြားသိရ၍ တာဝတိံသာနတ်ပြည်မှ ဆောလျှင်စွာ သက်ဆင်းခဲ့ပြီးလျှင် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ဝင်၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ၏။ သုဒ္ဓေါဒနမင်းကြီးနှင့် ပျော်ဆိုမြဲဖြစ်သော ပဋိသန္ထာရ = အစေ့အစပ်စကား မိန့်ကြားပြောဆိုပြီးသော် "ဒကာတော် မင်းကြီး.... ဒကာတော်မင်းကြီးအား သားတော်ဖွားမြင်သည်ဟု ကြားသိရပေသည်၊ ထိုသားတော်ကို ရှုမြင်လိုပေသည် " ဟု မိန့်ဆိုသဖြင့် သုဒ္ဓေါဒနမင်းကြီးသည်လည်း တန်းဆာစုံလင် ဆင်ယင်အပ်သော သားတော်မြတ်ကို ဆောင်ယူခဲ့စေ၍ ဆရာဒေဝိလရသေ့ကို ရှိခိုးစေအံ့သောငှါ ရှေးရှုဆောင်ပေ၏၊ ထိုသို့ ဆောင်စဉ်ခဏ၌ပင်လျှင် အလောင်းတော်မင်းသား၏ ခြေတော်အစုံတို့သည် ပျံခုန်မြောက်တက်၍ မည်းနက်ညိုမှောင်သော တိမ်တောင်အထွတ်တို့၌ ပြိုက်ပြိုက်လက်လက် ပြိုးပြိုးပြက်သော လျှပ်စစ်နွယ်ကဲ့သို့ သပ္ပါယ်စွာ ဖွဲ့ယှက်ထားအပ်သည့် ဒေဝိလရသေ့၏ ဆံကျစ်ဖျားတို့၌ တန့်နား စမ္ပယ် တည်နေတော်မူကုန်၏။

**အထူးမှတ်ရန်ကား**— အလောင်းတော်မြတ်အား ထို နောက် ဆုံးပစ္ဆိမဘဝကိုယ်အဖြစ်ဖြင့် ရှိခိုးထိုက်သည့် တပါးသော သူမည်သည် မရှိချေ။ အကယ်၍ ထိုအကြောင်းကို မသိသူတို့က ပစ္ဆိမဘဝသားဘုရားအလောင်းတော်၏ ဦးခေါင်းကို ရသေ့၏ ခြေရင်း၌ ထားမိချေကုန်အံ့၊ ရသေ့၏ ဦးခေါင်းသည် ခုနစ်စိတ် ခုနစ်မြွာ ကွဲမည်သာဖြစ်၏။

http://www.dhammadownload.com



ကာဠဒေဝိလရသေ့သည်လည်း ဤသို့ ဘုရားအလောင်းတော်၏ အံ့ဖွယ်သရဲ ထူးကဲသော ဘုန်းတန်ခိုး ရှိသည်၏ အဖြစ်ကို စင်စစ်တွေ့မြင် ဆင်ခြင်ကြံဆ သတိရ၍ "ငါ၏ ကိုယ်ကို ငါဖျက်ဆီးခြင်းငှါ မသင့်တကား"ဟု စဉ်းစားဆုံးဖြတ်ပြီးသော် ထိုင်ရာမှထ၍ ဘုရားအလောင်းတော်မြတ်ကို လက်အုပ်ချီလေ၏၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ထိုသို့သော အံ့ဖွယ်သရဲကိုမြင်၍ မိမိ၏ သားတော်ကို ရှိခိုးပေ၏။

**ကာဠဒေဝိလရသေ့ကြီး၏ ပြုံးရယ်ခြင်းနှင့် ငိုကြွေးခြင်းအကြောင်း**

ကာဠဒေဝိလ ရသေ့သည် အဘိညာဏ် ငါးပါး သမာပတ် ရှစ်ပါးတို့ကို ရသော ရသေ့သူမြတ်ဖြစ်၍ ရှေးလွန်လေပြီးသော အတိတ်၌ ကမ္ဘာလေးဆယ်, နောက်လာလတ္တံ့သော အနာဂတ်၌ ကမ္ဘာလေးဆယ် ဤသို့ရှေ့နောက် ကမ္ဘာရှစ်ဆယ်တို့ကို အောက်မေ့ဆင်ခြင် သိမြင်နိုင်ပေ၏။

(ဤကာဠဒေဝိလရသေ့၏ အကြောင်းအရာ အကျယ်ကို အနုဒီပနီ၌ ဖော်ပြထားသည်။)

ကာဠဒေဝိလရသေ့သည် အလောင်းတော်မင်းသား၏ ပြည့်စုံသော လက္ခဏာကြီးငယ်ကို ကြည့်ရှုလျက် "ဘုရားစင်စစ် ဖြစ်အံ့လော၊ မဖြစ်အံ့လော" ဟု စိစစ် ဆင်ခြင်တော်မူလတ်သော် "ဤ မင်းသားသူငယ်ကား ယုံမှားဖွယ်မရှိ ဧကန်စင်စစ် ဘုရားဖြစ်လတ္တံ့"ဟု အနာဂတံသဉာဏ်ဖြင့် သိမြင်လေ၍ "ဤမင်းသားကား အံ့ဩဖွယ်ရာ ထူးမြတ်စွာသော ယောကျ်ားပေတကား"ဟု အားရဝမ်းသာ ရှိလှစွာ၍ ပြုံးရယ်တော်မူလေသည်။

ထိုနောက်တဖန် "ငါသည် ဤမင်းသား ဘုရားဖြစ်သည်ကို ဖူးမြော်ခွင့် ရပါအံ့လော၊ မရအံ့လော"ဟု ဆင်ခြင်ပြန်လေသော် "ဖူးမြော်ခွင့်ရတော့မည်မဟုတ်ချေ၊ ငါသည် ဤအလောင်းတော် မင်းသား ဘုရားမဖြစ်မီပင် သေလွန်၍ ဘုရားအရာအထောင်ပင် ကြွရောက်ချဉ်းကပ်၍ အမြိုက်တရား ဟောကြားသိစေခြင်းငှါ မတတ်နိုင်ရာသည့် အရူပဘုံ၌ ငါဖြစ်ရပေအံ့"ဟု အနာဂတံသ

http://www.dhammadownload.com



ဉာဏ်မြင့်ပင် သိမြင်လေ၍ "ငါသည် ဤသို့ ပါရမီကျေးဇူး ဂုဏ် အလူးတို့နှင့် ပြည့်စုံသော အံ့ဖွယ်ကောင်းလှသည့် ယောက်ျား ဘုရားဖြစ်သည်ကို ဖူးမျှော်ခြင်းငှါ ရတော့မည်မဟုတ်ချေ၊ ဤသို့ ဘုရားဖြစ်သည်ကို မဖူးမျှော်ရခြင်းသည် ငါ့အတွက်တာ ကြီးစွာ သော ဆုံးရှုံးခြင်းပေတကား" ဟု သည်းထန်ပြင်းပြသော နှလုံး မသာယာခြင်းဖြင့် ငိုကြွေးလေ၏။

(ဤ၌၊ ၊အရူပမြဟ္မာ့ပြည် ဟူသည်မှာ ရုပ်တရား လုံးဝမရှိ၊ စိတ် စေတသိက်တည်းဟူသော နာမ်တရားသာ ရှိသည့် ဘုံဖြစ်သည်၊ ထိုအရူပမြဟ္မာ့ဘုံသို့ အရူပဈာန်ကို ရသော တိဟိတ်ပုထုဇန် ပုဂ္ဂိုလ်နှင့် ထိုအရူပဈာန်ကို ရသော သောတာပန် သကဒါဂါမ် အနာဂါမ် အရိယာ ပုဂ္ဂိုလ်တို့ ဘဝပဋိသန္ဓေ ကပ်ရောက်နေရ၏။ ထိုဘုံသို့ ရောက်ရှိသော သောတာပန် သကဒါဂါမ် အနာဂါမ် အရိယာတို့မှာ အောက်ဘုံသို့ ပြန်၍ မဆင်းတော့ပြီ၊ ရှေး ဘဝက အောက်ဖြစ်သော ကာမသုဂတိဘုံ ရူပမြဟ္မာ့ဘုံ တို့၌ ဖြစ်စဉ်ကာလ မဂ်ဖိုလ်ရောက်အောင် ကျင့်ကြံ အား ထုတ်နည်းကို ကိုယ်တိုင် လက်တွေ့ကျင့်သုံးခဲ့သူများ ဖြစ်ကြ ၍ သူတပါး၏ တရားသံကို မကြားရသော်လည်း ရှေးဘဝ က လက်တွေ့ကျင့်သုံးခဲ့သည့် ဝိပဿနာလမ်းစဉ်မှာ ထင် လင်းပြီးဖြစ်၍ ထိုလမ်းစဉ်အတိုင်း ကျင့်ကြံကြသဖြင့် ထို အရူပဘုံမှာပင် အထက်မဂ်ဖိုလ်ကို အရဟတ္တမဂ် အရ- ဟတ္တဖိုလ်တိုင်အောင် ရရှိ၍ ဝဋ္ဋဘဝဇာတ်သိမ်း ငြိမ်း တော်မူကြသည်။

ကာဠဒေဝိလရသေ့ အာဠာရရသေ့ ဥဒကရသေ့တို့ ကဲ့သို့ လူ့ပြည်က တိဟိတ်ပုထုဇန် (အရူပဈာန်ရ) ပုဂ္ဂိုလ် အဖြစ်ဖြင့် သေ၍ ထိုအရူပဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်တို့မှာ ဘုံ၏ဓမ္မတာအားဖြင့် ရုပ်တရား လုံးဝ မရှိသည့်အတွက် ဘုရားဖူးရန် တရားနာရန် မျက်စိ (စက္ခုပသာဒ) ရုပ်၊ နား (သောတပသာဒ) ရုပ်တို့လည်း လုံးဝ မရှိရကား

http://www.dhammadownload.com



ထိုအရူပဘုံသို့ ဘုရားရှင်တို့ ကြွရောက် တရားဟောသော်လည်း ဘုရားကို မဖူးမြင်နိုင် တရားကို မနာကြားနိုင်ကြသောကြောင့် ထိုအရူပဘုံသို့ ဘုရားရှင်တို့လည်းကြွရောက်၍ တရားဟောတော် မမူကြကုန်။ ပုထုဇန်တို့မှာလည်း သူတပါးထံက တရားသံကို ကြားနာရခြင်းတည်းဟူသော် ပရတောဃောသပစ္စည်းကို မရလျှင် မည်သည့်နည်းဖြင့်မျှ မဂ်ဖိုလ်ကို မရနိုင်ကြကုန်၊ ထို့ကြောင့် ထိုအရူပဘုံသို့ ပုထုဇန်အဖြစ်ဖြင့် ကပ်ရောက် ဖြစ်ပွါးကြရသည့် ကာဠဒေဝိလရသေ့ အာဠာရရသေ့ ဥဒကရသေ့တို့မှာ ကာဠဒေဝိလနှင့် ဥဒကရသေ့တို့ကား နေဝသညာနာသညာယတနဘုံသို့ ကပ်ရောက်ကြသဖြင့် မဟာကပ်ပေါင်း ရှစ်သောင်းလေးထောင် ကြာအောင်, အာဠာရ ရသေ့ကား အာကိဉ္စညာယတနဘုံသို့ ကပ်ရောက်သဖြင့် မဟာကပ်ပေါင်း ခြောက်သောင်းကြာအောင် သံသရာဇာတ်မျောကြရမည့် ပုဂ္ဂိုလ်များ ဖြစ်ကြကုန်၏၊ ဤကပ်ကမ္ဘာအတွင်း လူ့ပြည်၌ ဘုရားပွင့်သော်လည်း ၎င်းတို့မှာ ကျွတ်ခွင့် မရှိကြကုန်။

ဤ၌၊ ၊ကာဠဒေဝိလ ရှင်ရသေ့သည် ရူပဘုံ၌ စိတ်ညွှတ်လျှင် ထိုရူပဘုံ၌ မဖြစ်နိုင်ဘူးလောဟု မေးရန်ရှိ၏။ ထိုကာဠဒေဝိလ ရှင်ရသေ့မှာ လောကီဈာန်သမာပတ်ရှစ်ပါးလုံးကို အပြည့်အစုံရသူဖြစ်၍ ရူပဘုံ၌ ဖြစ်လို၏ဟု စိတ်ညွှတ်ခြင်းရှိပါလျှင် မိမိစိတ်ညွှတ်ရာ ဝေဟပ္ဖိုလ် တိုင်အောင်သော ရူပမြဟ္မာဆယ်ဘုံတို့တွင် အလိုရှိရာဘုံ၌ ဖြစ်နိုင်ခွင့် ရှိပေ၏။ ဤကား အဖြေတည်း။

ထိုသို့ ဖြစ်နိုင်ခွင့်ရှိလျှင် ရူပဆယ်ဘုံတွင် မိမိနှစ်သက်ရာ တဘုံဘုံ၌ စိတ်ညွှတ်ပါတော့လောဟု မေးရန်ရှိ၏။ ထိုသို့ စိတ်ညွှတ်ဖို့ရန် အစီအရင်၌ မလိမ္မာသောကြောင့် စိတ်မညွှတ်ခြင်း ဖြစ်သည်ဟု ဖြေဆိုရာ၏။ (ဆိုလိုရင်းမှာ လောကီဈာန် သမာပတ် ရှစ်ပါးလုံးကို ရရှိသော ပုဂ္ဂိုလ်

http://www.dhammadownload.com



သည် ရူပဗြဟ္မာ့ဘုံ အရူပဗြဟ္မာ့ဘုံတို့တွင် မိမိစိတ်ညွတ်ရာ ဘုံ၌ ဖြစ်နိုင်ပေ၏။ ဒေဝိလရသေ့သည်လည်း အောက် ဖြစ်သော ရူပဗြဟ္မာ့ဘုံ၌ စိတ်ညွတ်လျှင် ထိုစိတ်ညွတ်ရာ ရူပဗြဟ္မာ့ဘုံ၌ဖြစ်နိုင်၏၊ ထိုသို့ဖြစ်လျှင် ရူပဗြဟ္မာအဖြစ်ဖြင့် ဘုရားကို ဖူးနိုင်ရာ၏။ သို့သော် ထိုသို့စိတ်ညွတ်ရန် အစီ အရင်၌ မလိမ္မာသူ မသိရှိသူဖြစ်သဖြင့် အောက်ရူပဘုံ၌ ဖြစ်ဖို့ရန် စိတ်မညွတ်နိုင်ပေဟု ဆိုလိုသည်။)

ဤသို့ဖြစ်သော်လည်း ဒေါမနဿတရားကို သမာပတ် ဖြင့် ခွါထားသူဖြစ်သောကြောင့် ဒေဝိလရသေ့မှာ ဤကဲ့သို့ ဒေါမနဿဖြစ်ကာ မငိုကြွေးသင့်ဟူ၍ စောဒနာရန် ရှိပြန်၏။ ခွါရုံသာ ခွါရသောကြောင့်ပင် ဒေါမနဿ ဖြစ်ကာ ငိုကြွေးခြင်းဖြစ်သည်။ အနည်းငယ် ထင်ရှား စေဦးအံ့....မဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖြတ်အပ်ပြီးသော ကိလေသာတို့သာ နောက်ထပ် ထိုပုဂ္ဂိုလ်သန္တာန်၌ မဖြစ် နိုင်ကြကုန်၊ လောကီချာန်သမာပတ်ဖြင့် ခွါရုံသာ ခွါ ထားရသော ကိလေသာတို့သည်ကား အားကြီးသော အကြောင်းနှင့် တွေ့ဆုံလျှင် ဖြစ်ပေါ်လာတတ်ကုန်၏၊ ထို့ကြောင့် ဒေဝိလရှင်ရသေ့မှာ ဒေါမနဿကို မဂ်ဖြင့် မပယ်သတ်ရသေးပဲ သမာပတ်ဖြင့် ခွါရုံသာ ခွါထားရ သောကြောင့် ဒေါမနဿဖြစ်ကာ ငိုကြွေးခြင်းဖြစ်သည် ဟူ၍ ဖြေဆိုရာ၏။

ထိုသို့ ငိုကြွေးသောအခါ ဒေါမနဿဖြစ်ရကား ချာန်မှ လျှောကျပြီဖြစ်သောကြောင့် ထိုဒေဝိလရသေ့အား အရူပ ဘုံသို့ ဘဝပဋိသန္ဓေ တည်နေ ကပ်ရောက်ခြင်းသည် အဘယ်သို့ ဖြစ်နိုင်အံ့နည်းဟူ၍ မေးရန် ရှိပြန်၏၊ မပင် မပန်းပဲ တဖန် ပြန်၍ ရသောကြောင့် အရူပဘုံသို့ ဘဝ ပဋိသန္ဓေ ကပ်ရောက်နေနိုင်သည်ဟု ဖြေဆိုရာ၏။ ထင်ရှား စေဦးအံ့....၊ လောကီချာန်သမာပတ် ရရှိသော ပုထုဇန် ပုဂ္ဂိုလ်တို့သည် အားကြီးသောအကြောင်းနှင့် တိုက်ဆိုင်

http://www.dhammadownload.com



တွေ့ကြုံသဖြင့် ခွါရုံသာ ခွါထားရသော ကိလေသာတို့ ဖြစ်ပွါးကာ ဈာန်သမာပတ်မှ လျှောကျကုန်သော်လည်း အားကြီးသော လွန်ကျူးခြင်းသို့ မရောက်ကြကုန်သည် ရှိသော် ဖြစ်ပေါ်လာသော ကိလေသာအဟုန် ငြိမ်းစဲ လျှင်ပင် မပင်မပန်းပဲ တဖန် ဈာန်သမာပတ်ကို ရနိုင်ကြ သည်၊ "ဤသူတို့သည် ဈာန်မှ လျှောကျသူတို့တည်း" ဟူ၍ပင် မသိနိုင်လောက်အောင် ရှိကုန်၏။

**အချုပ်မှတ်ရန်မှာ**....ဒေဝိလရသေ့တို့ကဲ့သို့ သမာပတ် ရှစ်ပါး လောကီဈာန်များကို ရသော ပုဂ္ဂိုလ်တို့မှာ စိတ် ညွတ်လျှင် ရူပမြဟ္မာပြည် အောက်ဆယ်ဘုံနှင့် အရူပ မြဟ္မာပြည် လေးဘုံတို့တွင် မိမိစိတ်ညွတ်ရာ တဘုံဘုံ၌ ဖြစ်နိုင်၏။ စိတ်မညွတ်လျှင် ရရှိသော လောကီဈာန် သမာပတ်တို့အနက် အထက်ဆုံးဖြစ်သော ဈာန်သမာပတ် က အကျိုးပေးခွင့်ရသဖြင့် ထိုဈာန်၏ အကျိုးပေးရာဘုံ၌ သာ ဖြစ်ရ၏။ ထိုကဲ့သို့ "စိတ်ညွတ်လျှင် အလိုရှိရာ စိတ် ညွတ်ရာဘုံ၌ ဖြစ်နိုင်သည်"ဟူ၍ သိမြင်ခြင်းမှာလည်း ဘုရားသာသနာတွင်းမှာသာ မြတ်စွာဘုရား ဟောကြား ချက်အရ သိရှိနိုင်သည်၊ သာသနာပအခါ၌ ထိုကဲ့သို့ ထိုးထိုးထွင်းထွင်း မသိမြင်နိုင်ပေ။ ထို့ကြောင့်ပင် ဒေဝိလ ရှင်ရသေ့မှာ သာသနာတွင်းသား ဘုရားတပည့် မဟုတ် သဖြင့် ထိုကဲ့သို့ စိတ်ညွတ်ရန် အစီအရင်ကို မသိမြင်ချေ၊ အကယ်၍ သိမြင်လျှင် ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ မြဟ္မာ ဆယ်ဘုံတို့တွင် တဘုံဘုံ၌ ဖြစ်လို၏ဟု စိတ်ညွတ် ရာ၏၊ စိတ်ညွတ်လျှင် ညွတ်ရာဘုံ၌ဖြစ်၍ ဘုရားဖူးခွင့်ရလေ ရာ၏၊ ယခုမူ ထိုအစီအရင်ကို မသိမြင် မလိမ္မာသဖြင့် ထို ကဲ့သို့ စိတ်ညွတ်မှု အစီအရင်ကို မပြုမိပဲ မိမိ နေဝသညာ- နာသညာယတနခေါ်သော အထက်ဆုံး အရူပဘုံ၌ ဖြစ် ရောက်ကာ မြတ်စွာဘုရားကို ဖူးခွင့်မရမည့်အရေး တွေး တော နှလုံးပူပန်ကာ ဒေါသဇောကျ၍ ငိုကြွေးရှာလေ

http://www.dhammadownload.com



သည်။ ထိုသို့ ငိုကြွေးသောအခါ ဒေဝိလရှင်ရသေ့မှာ ဈာန်မှ လျှောကျခဲ့၏၊ သို့သော် တစုံတခုသော ဒုစရိုက်မှု ကြီးများကို ပြုမှားမိခြင်း အလျှင်းမရှိသောကြောင့် ဒေါသ ကိလေသာအဟုန် ငြိမ်းစဲသွားလျှင်ပင် ဈာန်မှလျှောကျ သွားသည်ဟူ၍ မသိနိုင်လောက်အောင် ကသိုဏ်း ပရိကံ ကို တဖန်ပွါးသောအခါ မပင်မပန်း အလွယ်တကူ လောကီသမာပတ်ရှစ်ပါးကို ရရှိပြန်လေသည်၊ ထို့ကြောင့် ထိုဒေဝိလရှင်ရသေ့ကြီး စုတေသောအခါ လောကီဈာန် သမာပတ် ရှစ်ပါးတို့အနက် အထက်ဆုံးဖြစ်သည့် နေဝ-သညာနာသညာယတနဈာန်၏ အကျိုးပေးရာ နေဝ-သညာနာသညာယတန (အရူပ) ဗြဟ္မာ့ဘုံ၌ ဖြစ်ရလေ သည်ဟု မှတ်ရာ၏။)

**လူတို့က မေးလျှောက်ကြခြင်း**

ထိုသို့ ကာဠဒေဝိလရှင်ရသေ့ကြီး ရယ်လိုက် ငိုလိုက် ပြုလုပ် သည်ကို မြင်ကြရ၍ နန်းတွင်းသူ နန်းတွင်းသား လူအများတို့က "ငါတို့၏ အရှင်ရသေ့ကြီးသည် ယခုပင် ရယ်၍ တဖန် ငိုပြန်၏၊ ထူးဆန်းစွတကား"ဟု စဉ်းစားကြပြီးလျှင် "အရှင်ရသေ့မြတ်.... အကျွန်ုပ်တို့၏ အရှင့်သားအတွက် အန္တရာယ် တစုံတရာ ရှိပါ သလော"ဟု မေးလျှောက်ကြကုန်၏။ ထိုအခါ ဒေဝိလရသေ့ကြီးက "ဤမင်းသားအတွက် အန္တရာယ် တစုံတရာမရှိပေ၊ ဤမင်းသား သည် ဧကန်စင်စစ် ဘုရားဖြစ်လိမ့်မည်"ဟု ဖြေဆိုလေ၏။ "ထိုသို့ ဖြစ်ပါလျှက် အဘယ့်ကြောင့် အရှင်ရသေ့သည် ငိုကြွေးတော်မူပါ သနည်း"ဟု လူအပေါင်းတို့က မေးသောအခါ ဒေဝိလရှင်ရသေ့ က "ဤသို့သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသည့် ယောက်ျားမြတ် ဘုရားဖြစ်သည်ကို ငါဖူးမျှော်ခွင့် ရတော့မည်မဟုတ်၊ ငါ့အား ကြီးစွာသော ဆုံးရှုံးမှုကြီး နစ်နာမှုကြီး ဖြစ်စွတကားဟု ကိုယ် ရေး ကိုယ်တာအတွက် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းဖြစ်သည်"ဟု ဖြေဆိုလေ၏။

http://www.dhammadownload.com



(ဤ၌ ဗုဒ္ဓဝင်အဋ္ဌကထာ, ဇာတ်အဋ္ဌကထာ, မိနှာ-လင်္ကာရဋီကာတို့၌ ဖွင့်ပြသည့်အတိုင်း ရေးသားခဲ့ပေသည်၊ အချို့ ဗုဒ္ဓဝင်စကားပြေကျမ်းတို့၌ကား "သုဒ္ဓေါဒနမင်းကြီးက အလောင်းမင်းသားသည် အဘယ်အရွယ်၌ ရဟန်းပြု၍ ဘုရားဖြစ်မည်နည်း"ဟု မေးသောအခါ ကာဠဒေဝိလရသေ့ကြီးက "အသက်သုံးဆယ့်ငါးနှစ် အရွယ်ဘွင် ဘုရားဖြစ်လိမ့်မည်"ဟု ဖြေဆိုကြောင်း ရေးသားကြပေသည်၊ ထိုသို့ ရေးသားကြခြင်းမှာ နောက်၌ ပြဆိုလတံ့သောအတိုင်း ဒေဝိလရသေ့က မိမိ၏ တူတော်သူ (နှမ၏သား) နာလကလုလင်အား ပြောကြားသောအခန်း၌ ပါရှိသည့် "အမောင်နာလက....သုဒ္ဓေါဒနမင်းကြီး၏နန်းတော်မှာ သားတော်တပါးဖွားခဲ့လေပြီ၊ထိုသားတော်သည် ဘုရားညွှန့်လျာဖြစ်ပေသည်၊ သုံးဆယ့်ငါးနှစ်လွန်သောအခါ ဘုရားဖြစ်လိမ့်မည်"ဟု ပြောကြားချက်မှ ယူဆောင်၍ ရေးသားကြခြင်း ဖြစ်ပေသည်။ သုဒ္ဓေါဒနမင်းတရားကြီးကား သားတော်မင်းသား ဘုရားဖြစ်လိမ့်မည်ဟူသော ဖြေကြားချက်ကိုပင် မနှစ်သက်နိုင်ပေ၊ သားတော် ဘုရားဖြစ်သည်ကို မမြင်လို၊ စကြာမင်း ဖြစ်သည်ကိုသာ မြင်လိုသူဖြစ်၍ "အလောင်းမင်းသားသည် အဘယ်အရွယ်၌ ရဟန်းပြု၍ ဘုရားဖြစ်လိမ့်မည်နည်း"ဟု ဘယ်နည်းဖြင့်မျှ မေးမည်မဟုတ်သောကြောင့် ရှေးဖော်ပြရာပါ ဗုဒ္ဓဝင်အဋ္ဌကထာ, ဇာတ်အဋ္ဌကထာ မိနှာ-လင်္ကာရဋီကာတို့၌ ထိုအကြောင်းကို မရေးသား မဖွင့်ပြခဲ့ခြင်းဖြစ်၍ ဤဗုဒ္ဓဝင်ကျမ်း၌လည်း ထိုအကြောင်းကို မရေးသားခြင်း ဖြစ်ပေသည်။

### နာလကလုလင် ရဟန်းပြုခြင်း

ဤသို့ ဖြေကြား မိန့်ဆိုပြီးနောက် ကာဠဒေဝိလ ရှင်ရသေ့သည် "အလောင်းမင်းသား ဘုရားဖြစ်သောအခါ ငါပင် မဖူးမတွေ့ရသော်လည်း ငါ၏ ဆွေမျိုးထည်းမှ တစုံတယောက်သောသူသည်

http://www.dhammadownload.com



ဤအလောင်းမင်းသား ဘုရားဖြစ်သည်ကို ဖူးတွေ့ခြင်းငှါ ရနိုင်ဦးမည်လော, မရနိုင်မည်လော”ဟု ဆင်ခြင်ကြည့်ရှုပြန်လေသော် မိမိ၏ နှမငယ်၏သား နာလကလုလင်ကို “ငါ့တူ နာလကသည်ကား ဤအလောင်းမင်းသား ဘုရားဖြစ်သည်ကို ဖူးတွေ့နိုင်ပေလိမ့်မည်”ဟု မြင်တော်မူပြီးကာ မိမိ၏ နှမအိမ်သို့ ကြွရောက်ပြီးလျှင် နာလကလုလင်ကို ခေါ်စေပြီးသော် မိမိထံမှောက် ရောက်လာသော နာလကကို—

“ငါ့တူအမောင်နာလက····သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်မှာ သားတော်တပါး ဖွားခဲ့လေပြီ၊ ထိုသားတော်သည် ဘုရားညွန့်လျှာ ဖြစ်ပေသည်၊ ထိုသားတော်သည် အသက်သုံးဆယ့်ငါးနှစ်လွန်လျှင် လူတွင်ထင်ရှား ဘုရားဖြစ်လိမ့်မည်၊ ငါ့တူသည် ထိုဘုရားကို ဖူးမြင်ထိုက်သူ ဖြစ်ပေ၏၊ ထို့ကြောင့် ငါ့တူသည် ယနေ့ပင် ရဟန်းပြုလော့”—

ဟု မိန့်ဆိုတိုက်တွန်းလေ၏။

ထိုနာလကလုလင်သည် ရှစ်ဆယ့်ခုနစ်ကုဋေဥစ္စာကြွယ်ဝသော မိဖအိမ်၌ ဖြစ်ရသောသူငယ်ပင် ဖြစ်လင့်ကစား “ငါ၏ ဦးကြီးတော် (အမေ့မောင်) သည် ငါ့ကို အကျိုးမရှိသောအရာ၌ တိုက်တွန်းလိမ့်မည်မဟုတ်၊ အမှန်စင်စစ် အကျိုးရှိမည့် အရာဖြစ်၍သာ ဤသို့ တိုက်တွန်းပေသည်”ဟု ယုံကြည်ကြိစည် ဆုံးဖြတ်ပြီးလျှင် ထိုခဏ၌ပင် ဈေးအတွင်းမှ သင်္ကန်းသပိတ်တို့ကို ဝယ်ယူဆောင်ကြဉ်းစေ၍ ဆံမုတ်ဆိတ်တို့ကို ရိတ်ပယ်ပြီးလျှင် သင်္ကန်းတို့ကို ဝတ်ရုံလျက်—

“လောက၌ အမြတ်ဆုံးသော ပုဂ္ဂိုလ်ဖြစ်သည့် မြတ်စွာဘုရားကို ရည်ညွှန်း၍ ငါ၏ ရဟန်းပြုခြင်းသည် ဖြစ်ပေ၏”
(မချွတ်ပွင့်အံ့သော မြတ်စွာဘုရားကို ရည်ညွှန်း၍ ငါသည် ရဟန်းပြု၏)—

http://www.dhammadownload.com



ဟု နှုတ်မှ မြွက်ဆိုကာ မြတ်စွာဘုရားအလောင်းတော်ရှိရာ ကပိလဝတ် နန်းတော်ဘက်သို့ မျက်နှာ ရှေ့တည့် လက်အုပ်ချီလျက် တည်ခြင်းငါးပါးဖြင့် ရှိခိုးပြီးမှ သပိတ်ကို အိတ်၌ထည့်၍ ပခုံးစွန်း၌ လွယ်ပြီးသော် ဟိမဝန္တာတောသို့ဝင်၍ မြတ်စွာဘုရားကို စောင့်ကြိုကာ ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်နေလေ၏။

(ဤဘုရားအလောင်း ဖွားမြင်ခဏ်းနှင့်စပ်၍ အလောင်းတော်၏ မျိုးဆက်ဆွေစဉ် ရာဇဝင်အကြောင်းအချက်နှင့်တကွ ကပိလဝတ်ပြည် တည်ထောင် ဖြစ်ပွါးလာပုံစသည်တို့ကို အနုဗိပနီ၌ ဖော်ပြထားသည်။)

**အလောင်းတော်အား ခေါင်းဆေးမင်္ဂလာ အမည်မှည့်မင်္ဂလာပြုရာ အခမ်းအနား၌ လက္ခဏာနိမိတ်တို့ကို ဖတ်ကြားစေခြင်း**

ဘုရားအလောင်းတော် သူမြတ်ကို ဖွားမြင် ပြီးသည့်နောက် ငါးရက်မြောက်သောနေ့၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော် အလောင်းမင်းသားအား ဦးခေါင်း ဆေးလျှော်ခြင်း မင်္ဂလာ ပြုလုပ်စေပြီးလျှင် အမည်မှည့်အံ့ဟု မိမိ၏ စံနန်းတော်ကို တောင်ဇလပ်နံ့သာ, လေးညှင်းပွင့်နံ့သာ, ကုက်ုမံနံ့သာ, ပန်းညို နံ့သာ ဟူကုန်သော နံ့သာမျိုး (အမွှေးမျိုး) လေးပါးအမှုန့်တို့ဖြင့် ပွတ်လိမ်းထုံကျံစေပြီးသော် .... နေဇာမြက်, ဆန်,မုန်ညင်းစေ့, မုလေးငုံ, ပေါက်ပေါက် (ဆန်ပန်း ပေါက်ပေါက်) ဟူကုန်သော ပန်းမျိုး ငါးပါးတို့ကို အနှံ့အပြား ဖြန့်ကြဲစေပြီးလျှင် ရေမရော ယှက် သက်သက်သော နို့ဃနာဘောဇဉ်ကို ချက်စေတော်မူ၍ ဗေဒင်သုံးပုံတို့၏ ကမ်းတဖက်ရောက် တတ်မြောက်ကုန်သော ပုဏ္ဏားပညာရှိ တရာ့ရှစ်ယောက်တို့ကို ပင့်ဖိတ်လျက် စံနန်းတော် အတွင်း ခင်းထားအပ်သော နေရာကောင်း နေရာသန့်တို့၌ ထိုင်နေကြစေ၍ ကောင်းမွန်မြိန်မြတ်ကုန်သော နို့ဃနာဘောဇဉ်တို့ကို ကျွေးမွေးတော်မူ၏။

(ဤစကားရပ်၌၊ ၊နံ့သာမျိုး လေးပါး ရေတွက်ပုံကို မဇ္ဈိမ-ပဏ္ဏာသဋီကာ သေခသုတ်အဖွင့်၊ မဟာပရိနိဗ္ဗာနသုတ် ဋီကာတို့၌ ရေတွက်သည့်အတိုင်း ဖော်ပြခြင်းဖြစ်သည်။ (က) မဟာသုဒဿနသုတ် ဋီကာ၌ကား ကုက်ုမံနံ့သာ၏အစား ကမျဉ်းနံ့သာကို ထည့်သွင်း

http://www.dhammadownload.com



ရေတွက်၍ ပြ၏၊ (ခ) ဇာတ်ဋီကာဟောင်း အဝိဒူရေ နိဒါန်းအဖွင့်စသည်၌ စန္ဒကူးနက်, တောင်ဇလပ်, ပရွတ်, စန္ဒကူးနှစ်ဟူ၍ လေးပါးပြ၏၊ (ဂ) မဂဓအဘိဓာန်ကျမ်း၌ ကုက္ကုမံ, လေးညှင်း, တောင်ဇလပ်, ကမျဉ်းဟူ၍ လေးပါးပြ၏၊ (ဃ) သဋ္ဌာယတနသံယုတ်ဋီကာ အာသီဝိသဝဂ် ဆဋ္ဌသုတ်အဖွင့်၌ ကုက္ကုမံ, ကမျဉ်း, လေးညှင်း, ပန်းညိုဟူ၍ လေးပါးပြ၏၊ (င) မာလာလင်္ကာရဝတ္ထု၌ အင်ကြင်း, မယာဇလပ်, ပရွတ်နှစ်, စန္ဒကူးနှစ်ဟူ၍ လေးပါးပြဆို၏၊ (စ) ဇိနတ္ထပကာသနီ၌ အကျော်, ဇလပ်, ပရွတ်, စန္ဒကူးဟူ၍ လေးပါးပြဆို၏။)

ယင်းသို့ ကျွေးမွေးတော်မူပြီးသော် ကောင်းမွန်ကြီးမြတ်သော ပူဇော်သက္ကာရကိုပြုလျက် ထိုပုဏ္ဏားပညာရှိ တရာ့ရှစ်ယောက်တို့အနက် ရှစ်ယောက်သော ပုဏ္ဏားပညာရှိတို့ကို တဖန်ရွေးနုတ်ပြီးလျှင် သားတော်အလောင်းမင်းသား၏ လက္ခဏာတို့ကို မည်သို့ဖြစ်လိမ့်မည်ဟူ၍ နိမိတ်ဖတ်ကြား လျှောက်ထားစေကုန်၏။

ထိုလက်ရွေးစင် ပုဏ္ဏားပညာရှိ ရှစ်ယောက်တို့တွင် **ရာမ**မည်သောပုဏ္ဏား, **ဓဇ**မည်သောပုဏ္ဏား, **လက္ခဏ**မည်သောပုဏ္ဏား, **ဇောတိမန္တ**မည်သောပုဏ္ဏား, **ယည**မည်သောပုဏ္ဏား, **သုဘောဇ**မည်သောပုဏ္ဏား, **သုယာမ**မည်သောပုဏ္ဏား ဤပုဏ္ဏားပညာရှိ ခုနစ်ယောက်တို့သည် အလောင်းတော်မင်းသား၏ လက္ခဏာတော်တို့ကို ကြည့်ရှုစိစစ်ပြီးသော် လက်နှစ်ချောင်းစီထောင်ကြကုန်လျက် "ဤလက္ခဏာတို့နှင့် ပြည့်စုံသော အရှင့်သားသည် အကယ်၍ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေငြားအံ့၊ လေးကျွန်းသနင်း စကြာမင်း ဖြစ်တော်မူလတံ့၊ ရဟန်းပြုသည်ဖြစ်ငြားအံ့၊ ဘုရားဖြစ်ပေလတံ့"ဟူ၍ စကားနှစ်လုံးတို့ဖြင့် မဆုံးမဖြတ် နိမိတ်ဖတ်ကြလေကုန်၏။

ထိုပုဏ္ဏားပညာရှိ ခုနစ်ယောက်တို့အောက် အသက်အရွယ်အငယ်ဆုံးဖြစ်သည့် ကောဏ္ဍညနွယ်ဖွား **သုဒတ္တ**မည်သောပုဏ္ဏားသည်ကား အလောင်းမင်းသား၏ မဟာပုရိသလက္ခဏာအလုံးစုံတို့နှင့် ပြည့်စုံတော်မူပုံကို သေချာစွာ ကြည့်ရှုဆင်ခြင်ပြီးသော် "ဤအရှင့်သားအား အိမ်ရာတည်ထောင် လူ့ဘောင်၌ နေရန်

http://www.dhammadownload.com



အကြောင်းမရှိ၊ ကေန်စင်စစ်ပင် ကိလေသာအမိုးကို ဖျက်ချိုး ဖွင့်လှစ်သည့် ဘုရားဖြစ်လတ္တံ့”ဟူ၍ ပြောဆိုကာ လက်တချောင်း ကိုသာ ထောင်လျက် စကားစာလုံးတည်းဖြင့် အပြီးအပြတ် ဆုံးဖြတ်ခြေကြားလေသည်။

(ဤသို၊ ၊ကောဏ္ဍညနွယ်ဖွား သုဒတ္တပုဏ္ဏားငယ်သည်ကား ဤဘဝတွင် အရဟတ္တဖိုလ်ပေါက် ရောက်ရှိအောင် ပါရမီကောင်းမှု ဆည်းပူးပြုစုခဲ့သည့် ပစ္ဆိမဘဝိကသားဖြစ်သောကြောင့် ပုဏ္ဏားတော်ကြီး ခုနစ်ယောက်တို့ကို ပညာတန်ခိုး လွှမ်းမိုးလွန်ကဲ၍ “ဤ လက္ခဏာတို့နှင့် ပြည့်စုံသောအရှင့်သားသည် ဘုရားစင်စစ် ဖြစ်လတ္တံ့”ဟူ၍ အလောင်းတော်၏ အလားအလာ သေချာသော အခြင်းအရာတို့ကို ဆုံးဆုံးဖြတ်ဖြတ် သိမြင်နိုင်လေသည်၊ ထို့ကြောင့် လက်တချောင်းကိုသာ ထောင်လျက် ပြောင်ပြောင်ရဲရဲ သဲကွဲစွာနိမိတ်ဖတ်ခြင်း ဖြစ်လေသည်။)

ဤကောဏ္ဍညနွယ်ဖွား သုဒတ္တပုဏ္ဏားငယ်၏ လက်တချောင်း ထောင်ကာ နိမိတ်ဖတ်ဟောကြားချက်ကို အလုံးစုံသော ပုဏ္ဏား ပညာရှိတို့သည် လက်ခံကြကုန်၏။

### မဟာပုရိသလက္ခဏာတော်ကျမ်း

ဘုရားအစရှိသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်တို့ ကို ဤပုဏ္ဏားတို့ သိမြင်တတ်မြောက် နိမိတ်ကောက်ယူ ဖတ်ကြား နိုင်ခြင်းသည်ကား····ဘုရားပွင့်လုခါနီး ခေတ်အခါတို့၌ သုဒ္ဓါ-ဝါသမြဟ္မာကြီးတို့သည် ဗေဒင်ကျမ်းတို့၌ ဤ ဗုဒ္ဓမဟာပုရိသ လက္ခဏာ (ဘုရားဖြစ်မည့်သူ၏လက္ခဏာ) အစရှိသော မဟာ ပုရိသလက္ခဏာ အကြောင်းအရာတို့ကို သိမြင်နိုင်လောက်အောင် ထည့်သွင်းကြပြီးလျှင် ပုဏ္ဏားဆရာကြီးများအသွင်ဖြင့် ဤလူ့ပြည် လောကသို့ လာရောက်ကြကုန်လျက် “ဤ မဟာပုရိသလက္ခဏာ ပါရှိသော ဗေဒင်ကျမ်းတို့ကို ကုသိုလ်ဘုန်းကံ ဉာဏ်ပညာဓာတ်ခံ ရင့်သန်သောသူတို့သည် တတ်သိကြကုန်လတ္တံ့” ဟု ရည်မှန်း၍ တပည့်ခံလာကုန်သူတို့အား သင်ကြားပို့ချ ပေးခဲ့ကြကုန်၏။ ထို့ကြောင့် ဤ ပုဏ္ဏားတော်တို့သည် ဗုဒ္ဓလက္ခဏာ အစရှိသော

http://www.dhammadownload.com



၌မဟာပုရိသလက္ခဏာတို့ကို ကောင်းစွာသိမြင် ဆင်ခြင် ဖတ်ကြားနိုင်ကြကုန်၏။

#### မဟာပုရိသလက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး အကြောင်းအရာ

ယောက်ျားမြတ်ဟူ၍ (ဘုရားအလောင်းဟူ၍) သိမြင်ကြောင်း အမှတ်အသား လက္ခဏာတော်ကြီးတို့သည် (၃၂) သုံးဆယ့်နှစ်ပါးရှိကုန်၏၊ သုံးဆယ့်နှစ်ပါးတို့ ဟူသည်ကား····

၁။ မြေ၌ နင်းသောအခါ ကောင်းစွာတည်ထိသော ညီညွတ်သည့် ဖဝါးတော်အပြင်ရှိခြင်း လက္ခဏာတော် တပါး၊

၂။ နှစ်ဖက်သော ခြေဖဝါးတော်အပြင်တို့၌ တထောင်သော အကန့်အကွက် ပုံတောင်းအချက်နှင့်တကွ ခင်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော တရာ့ရှစ်ကွက် စက်အင်္ဂါ အမှတ်အသားပါရှိခြင်း လက္ခဏာတော် တပါး၊

၃။ ရှည်လျားသော ဖနောင့်တော်ရှိခြင်း လက္ခဏာတော် တပါး၊

၄။ ရှည်သွယ်သော ခြေချောင်းတော် လက်ချောင်းတော် ရှိခြင်း လက္ခဏာတော် တပါး၊

၅။ နူးညံ့သိမ်မွေ့လှစွာသော လက်ဖဝါးတော် ခြေဖဝါးတော် အပြင်ရှိခြင်း လက္ခဏာတော် တပါး၊

၆။ လေသွန်နန်းတံခါး၌ စိုက်စီ၍ထားအပ်သော ရွှေပွတ်လုံး (ဇာလီ)တိုင်ကဲ့သို့ ညီညွတ်စွာ အချောင်းအချောင်း အကြားစိပ်သော လက်ချောင်းတော် ခြေချောင်းတော် ရှိခြင်း လက္ခဏာတော် တပါး၊

၇။ မြူမလိမ်းတွယ် စဉ်းငယ်မြင့်သော ခြေဖမျက်တော်ရှိခြင်း လက္ခဏာတော် တပါး၊

http://www.dhammadownload.com



၈။ ကောမည်သော သားကောင်၏ သလုံးမြင်းခေါင်းနှင့်တူသော သလုံးမြင်းခေါင်းတော်ရှိခြင်း လက္ခဏာတော်တပါး၊

၉။ ရပ်တော်မူလျက်ပင် ကိုယ်တော်ကို မကိုင်းညွတ်ပဲ လက်ဖဝါးတော်နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်းတော်နှစ်ဖက်ကို သုံးသပ် ထိတွေ့နိုင်ခြင်း လက္ခဏာတော်တပါး၊

၁၀။ ဆဒ္ဒန် ဆင် မင်း ပမာ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ယောကျ်ားနိမိတ် ရှိတော်မူခြင်း လက္ခဏာတော်တပါး၊

၁၁။ သိင်္ဂီနိက်ရွှေစင် အဆင်းကဲ့သို့ ဝါဝင်းသော အရေတော်ရှိခြင်း လက္ခဏာတော်တပါး၊

၁၂။ သိမ်မွေ့သော အရေတော်ရှိခြင်း လက္ခဏာတော်တပါး၊ (ဤလက္ခဏာတော်ကြောင့် မြူအညစ်အကြေးတို့ မလိမ်းမကပ်နိုင်။)

၁၃။ မွေးညှင်းတွင်း တတွင်းတတွင်းလျှင် မွေးညှင်းတော်တပင်စီ တပင်စီသာ ပေါက်ရောက်ခြင်း လက္ခဏာတော်တပါး၊

၁၄။ မျက်နှာတော်ကို မော်၍ ဖူးသည့်ပမာ အထက်သို့သာ အဖျားကော့သည့်မွေးညှင်းတော်ရှိခြင်း လက္ခဏာတော်တပါး၊

၁၅။ ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်တော်ရှိခြင်း လက္ခဏာတော်တပါး၊

၁၆။ ခြေဖမိုးတော် နှစ်ဖက်, လက်ဖမိုးတော် နှစ်ဖက်, ပခုံးတော် နှစ်ဖက်, လည်ကုပ်တော်ဟု ဆိုအပ်သော ဤခုနစ်ဌာနတို့၌ ပြည့်ဖြိုးသော အသားတော်ရှိခြင်း လက္ခဏာတော်တပါး၊

၁၇။ ခြင်္သေ့မင်း၏ ရှေ့ပိုင်းကိုယ်ကဲ့သို့ အောင်မောင်း ပြည့်ဝသည့် ကိုယ်တော်ရှိခြင်း လက္ခဏာတော်တပါး၊

http://www.dhammadownload.com



၁၈။ ရွှေဖျဉ်ချပ်ပမာ ခါးတော်မှစ၍ အထက် လည်ကုပ်တော် တိုင်အောင် ရေစီးကြောင်း (အကြား) မထင် ပြည့်ဖြိုး စင်သော ကျောက်ကုန်းတော်ရှိခြင်း လက္ခဏာတော် တပါး၊

၁၉။ အရပ်တော်နှင့် အလံတော် ညီမျှသဖြင့် ပညောင်ပင် အဝန်းကဲ့သို့ ဝန်းသော (လုံးချောသော) ကိုယ်တော် ရှိခြင်း လက္ခဏာတော်တပါး၊

၂၀။ ညီလည်း ညီညွတ် လုံးလည်းလုံးသော လည်တိုင်တော် ရှိခြင်း လက္ခဏာတော်တပါး၊

၂၁။ နှမ်းလုံးခန့်မျှ နည်းလှ ငယ်လှသော အရသာကိုသော် လည်း တကိုယ်တော်လုံး ပျံ့နှံ့အောင် ဆောင်နိုင်သည့် ခုနစ်ထောင်သော အရသာကြောတို့ အဖျားချင်းအပ် လည်မှာစွပ်လျက်ရှိခြင်း လက္ခဏာတော်တပါး၊

၂၂။ ခြင်္သေ့မင်း၏ မေးကဲ့သို့သော (ပြုံးတော့မည့် အရိပ် သွေးနေသည့်) မေးတော်ရှိခြင်း လက္ခဏာတော်တပါး၊

၂၃။ သွားတော်ချောင်းရေ (၄၀) လေးဆယ် အစေ့ အင ရှိတော်မူခြင်း လက္ခဏာတော်တပါး၊

၂၄။ ညီညွတ်သော သွားတော်ရှိခြင်း လက္ခဏာတော်တပါး၊

၂၅။ သွားတော် မကျဲမကွာ စေ့စပ်စွာရှိခြင်း လက္ခဏာတော် တပါး၊

၂၆။ သောက်ရွှးကြယ်ပမာ လွန်စွာ စင်ကြယ် ဖြူဝင်းသော အရောင် တလက်လက် ထွက်သည့် စွယ်တော် လေးဆူ ရှိခြင်း လက္ခဏာတော်တပါး၊

၂၇။ ရှည်လျား+နူးညံ့+ပြန့်သော လျှာတော်ရှိခြင်း လက္ခဏာ တော်တပါး၊

http://www.dhammadownload.com



၂၈။ ဗြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် အသံတော်ရှိခြင်း လက္ခဏာတော်တပါး၊

၂၉။ အလွန် ညိုကြည်သည့် မျက်လုံးတော်ရှိခြင်း လက္ခဏာတော်တပါး၊

၃၀။ ဖွားသစ်စ နွားသူငယ်၏ မျက်မွေးကဲ့သို့ အလွန်နူးညံ့ နုပျိုသည့် မျက်မွေးတော်ရှိခြင်း လက္ခဏာတော် တပါး၊

၃၁။ မျက်မှောင် (မျက်ခုန်း) တော်နှစ်ဖက် အလယ်ချက်၌ ဥဏ္ဏာလုံ = မွေးရှင်တော် ပေါက်ရောက်ခြင်း လက္ခဏာတော် တပါး၊

၃၂။ နဖူးတော်ဝယ် ပ်ကတိပင်ကိုယ်အားဖြင့်ပင် သင်းကျစ်ရွှေပြား တပ်စီ၍ထားသကဲ့သို့ သင်းကျစ်တော် အသားလွှာ ပါရှိခြင်း လက္ခဏာတော် တပါး၊

ဤကား မဟာပုရိသ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့တည်း။ (ဒီဃနိကာယ် မဟာပဒါနသုတ်, လက္ခဏာသုတ်တို့နှင့် မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ ဗြဟ္မာယုသုတ် ပါဠိတော်တို့မှ ထုတ်ဖော်ပြဆိုသည်။)

**လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့၏ သဘောအဓိပ္ပါယ်**

(၁) မြေ၌ နင်းသောအခါ ကောင်းစွာတည်ထိသော ညီညွတ်သည့် ဖဝါးတော်အပြင်ရှိခြင်း လက္ခဏာတော်၏ သဘော အဓိပ္ပါယ်ကား....

အခြား တပါးသောသူတို့မှာ ခြေကို မြေ၌ချလျှင် (နင်းလျှင်) ခြေဦး အဖျား အပြင်ကသော်၎င်း, ဖနောင့်ကသော်၎င်း, ဖဝါး စောင်း တဖက်ကသော်၎င်း ရှေးဦးစွာ မြေ၌ထိ၍ အလယ်ကမူ မထိပဲ ပြတ်ခြား လွတ်လပ်လျက်နေ၏၊ ထိုသူတို့သည် ထိုနင်းချထားရာမြေမှ ခြေကို ကြွသော အခါ၌လည်း ထိုခြေဦးအဖျား ဖနောင့် ဖဝါးစောင်းတို့တွင် တခုခုကိုသာ အလျင်အစ ကြွချီတတ်ကြကုန်၏။

http://www.dhammadownload.com



အလောင်းမင်းသား ယောက်ျားမြတ်မှာမူကား ပြောင်းအဖြူ ပြေပြစ်၍ နူးညံ့လှစွာကုန်သော ရွှေခြေနင်းတို့ကို မြေ၌ ချလိုက်သည်ရှိသော် မြေ၌ တညီတညွတ် တပြင်တည်း တည်ထိသကဲ့သို့၊ အလောင်းတော်၏ ခြေဖဝါးတော် အပြင်တို့သည် မြေ၌ နင်းချသောအခါ တညီတညွတ် တပြင်တည်း ထိမိကြကုန်၏။ မြေမှ ခြေတော်ကို ကြွချီသော အခါလည်း တညီတညွတ်တည်းပင် ကြွမြောက်၍ လာကုန်၏။

အကယ်၍ အလောင်းတော်မြတ်သည် တွင်း ကျင်း ချိုင့်နက် ချောက် နရက် ကမ်းပါး အစရှိသည့် မညီညွတ်သော နေရာ၌ ခြေတော်အပြင်တို့ကို ချလို နင်းလိုတော်မူသည်ရှိသော် ထိုခဏမှာပင် ထိုမညီညွတ်သော မြေအဖို့သည် လေပြည့်သော သားရေအိတ်ပမာ ပြည့်လာ၍ အထက်သို့ စုန့်တက်ကာ စည်မျက်နှာကဲ့သို့ အပြင် ညီညွတ်စွာ ဖြစ်၍လာ၏။

အဝေး၌ ခြေတော်ကို ချလို နင်းလို၍ မြှောက်ချီတော်မူသည်ရှိသော် မြင်းမိုရ်တောင်မင်းသော်မှလည်း တခဏချင်းပင် ဖဝါးတော်အောက် ခံလာ ရောက်လာရပေ၏။

(၂) နှစ်ဖက်သော ခြေဖဝါးတော် အပြင်တို့၌ တထောင်သော အကန့်အကွက် ပုံတောင်းအချက်နှင့် တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော တရာ့ရှစ်ကွက် စက်အင်္ဂါအမှတ်အသား ပါရှိခြင်း လက္ခဏာတော်၌ တရာ့ရှစ်ကွက် စက်အမှတ်အသား ဟူသည်တို့ကား....

(၁) လှံမ၊ (၂) အိမ်မွှန် = ကြက်သရေတိုက်၊ (၃) ဇလပ်ပန်း၊ (၄) လည်ရေးဆုံးဆင်၊ (၅) ဦးဆောက်ပန်း = ဦးစိုက်ပန်း၊ (၆) ထမင်းပွဲ၊ (၇) အင်းပျဉ်ဝန်း = ရွှေသလွန်တော်၊ (၈) ချွန်းတောင်း၊ (၉) ပြာသာဒ်၊ (၁၀) တုရိုဏ်တိုင် = တံခါးတိုင်။

(၁၁) ထီးဖြူတော်၊ (၁၂) သန်လျက်၊ (၁၃) ထန်းရွက်ယပ်ဝန်း၊ (၁၄) ဥဒေါင်းမြီးစည်းယပ်၊ (၁၅) သင်းကျစ်တော်၊

http://www.dhammadownload.com



(၁၆) ပတ္တမြား ကျောက်မျက်၊ (၁၇) အရောင်တဖိတ်ဖိတ်လက်သော စားတော်ခွက်၊ (၁၈) မုလေးပန်းဆိုင်း၊ (၁၉-၂၃)ကြာညို၊ ကြာနီ၊ ကြာဖြူ၊ ကြာပဒုမာ၊ ကြာပုဏ္ဍရိက် ဟူသော ကြာမျိုး ငါးပါး။

(၂၄) မုန်ညင်းဖြူစေ့စသည်ဖြင့် ပြည့်သောအိုး၊(၂၅)ထိုအတူ ဇလား၊ (၂၆) သမုဒြာ၊ (၂၇) စကြဝဠာတောင်၊ (၂၈) ဟိမဝန္တာတောင်၊ (၂၉) မြင်းမိုရ်တောင်၊ (၃၀-၃၁) နေဝန်း၊လဝန်း။

(၃၂) နက္ခတ်များ၊ (၃၃-၃၆) ကျွန်းငယ် အရံနှစ်ထောင်နှင့် တကွသော ကျွန်းကြီး လေးကျွန်း၊ (၃၇) အခြွေအရံ ပရိသတ် ရတနာ၁ခုနစ်ပါးနှင့် ပြည့်စုံသော စကြာမင်း၊ (၃၈) လက်ျာရစ် ခရုသင်းဖြူ၊ (၃၉) ရွှေငါးကြင်း အစုံ၊ (၄၀) လက်နက်စက်။

(၄၁-၄၇) ဂင်္ဂါမြစ်ကြီး ခုနစ်မြစ်၊ (၄၈-၅၄) တောင်စဥ် တောင်ရံ ခုနစ်လုံး၊ (၅၅-၆၁) သီဒါခုနစ်တန်၊ (၆၂) ဂဠုန် ငှက်မင်း၊ (၆၃) မိကျောင်း၊ (၆၄) တံခွန်လျှား၊ (၆၅) တံခွန် ကုက္ကား၊ (၆၆) ရွှေသံလျင်း (၆၇) ရွှေရောင်တောက်သည့် သားမြီးယပ်၊ (၆၈) ကေလာသ ငွေတောင်၊ (၆၉) ခြင်္သေ့မင်း၊ (၇၀) ကျားမင်း။

(၇၁) ဝလာဟက မြင်းမင်း၊ (၇၂) ဥပေါသထ ဆင်မင်း (သို့မဟုတ်) ဆဒ္ဒန်ဆင်မင်း၊ (၇၃) ဗာသုကီ နဂါးမင်း၊ (၇၄) ရွှေဟင်္သာမင်း၊ (၇၅) ဥသဘနွားမင်း၊ (၇၆) ဧရာဝဏ်ဆင်မင်း၊ (၇၇) ရွှေမကရ်၊ (၇၈) ရွှေလှေ၊ (၇၉) မြဟ္မာမင်း၊ (၈၀) သားနှင့်တကွသော နို့စားနွားမ။

(၈၁) ကိန္နရာ (ဖို-မ)၊ (၈၂) ကရဝိက် ငှက်မင်း၊ (၈၃) ဥဒေါင်းမင်း၊ (၈၄) ကြိုးကြာငှက်မင်း၊ (၈၅) စက္ကဝါက်ငှက်မင်း၊ (၈၆) ဇီဝဇိဝ်ငှက်မင်း၊ (၈၇-၉၂) ကာမာဝစရ နတ်ပြည် ခြောက်ထပ်၊ (၉၃-၁၀၈) ရူပါဝစရ ဗြဟ္မာ့ပြည် တဆယ့် ခြောက်ထပ်။

ဤကား တရာ့ရှစ်ကွက် ခြေတော်အမှတ်အသားတို့တည်း။

http://www.dhammadownload.com



ထိုတရား့ရှစ်ကွက် စက်လက္ခဏာ စက်တော်ရာ ဘုရားရှိခိုး လက်ာကို တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး ရေးသားတော်မူသည့် ဂုဏ္ဍတ္ထဒီပနီကျမ်း ပဌမတွဲ၌ သေချာစွာ စိစစ်ပြီးလျှင် ဤဆိုလတ္တံ့သောအတိုင်း ထုတ်ဆို ရေးသားထားတော်မူခဲ့သည်—

အတိုင်းမသိ၊ ကျေးဇူးရှိသား၊ မုနိသကျ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဖဝါးတော်၌၊ ထွန်းပေါ်ကျစ်လစ်၊ တရား့ရှစ်ကို၊ စိစစ်လျှင်ထွေ၊ လျှင်းလျှင်းရေပိမ့်။ ။ချီလေအစ....(၁-၂) လုံမ့ အိမ်မွှန်၊ (၃) သုံးတန်ပွင့်ချပ်၊ ဇလပ်ပျို့မွှေး၊ (၄) လည်ရေးသုံးဆင့်၊ (၅) လှတင့် ထွန်းတောက်၊ ဦးဆောက်ပန်းက၊ (၆) ဖြူဆွ ရောင်မောင်း၊ ဦးဘောင်းမကွဲ၊ စားပွဲတည်ခင်း၊ (၇) အင်းပျဉ်ဝန်းနှင့်၊ (၈-၉) ချွန်းတောင်း့ပြာသာဒ်၊ (၁၀) အထွတ်မြင့်ခိုင်၊ တံခါးတိုင်က၊ (၁၁-၁၂) ဖြူဆွပိုးပြက်၊ ထီး့သန်လျက်နှင့်၊ (၁၃) ထန်းရွက်ယပ်ဝန်း၊ (၁၄) ရွှန်းရွှန်းရောင်မောင်း၊ ဥဒေါင်းမြီးယပ်၊ (၁၅) သင်းကျပ်ရွှေပြား၊ (၁၆) ပတ္တမြားကျောက်မျက်၊ (၁၇) စားခွက်ရောင်ပြေး၊ (၁၈) မုလေးပန်းဆိုင်း၊ (၁၉-၂၃) တုနှိုင်းမရ၊ ပွင့်လှအပြား၊ ငါးပါးကြာမျိုး၊ (၂၄) ပြည့်သည့်အိုးနှင့်၊ (၂၅) ပြည့်ဖိုးဖလား၊ (၂၆) ရေငြားသမုဒ္ဒြာ၊ (၂၇)စကြဝဠာတောင်မွှန်၊ (၂၈) ဟိမဝန်တောချောင်၊ (၂၉) မြင်းမိုရ်တောင်နှင့်၊ (၃၀-၃၁) ထွန်းပြောင် နေ့လ၊ (၃၂) နက္ခတ္တက၊ (၃၃-၃၆) ဒီပလေးသွယ်၊ ကျွန်းငယ်ရံဆောင်၊ (၃၇) ဘုန်းခေါင် စကြာမင်း၊ (၃၈) ခရုသင်းဖြူနစ်၊ ဗွေရစ်လကျာ၊ (၃၉) ရွှေဝါအဆင်း၊ ငါးမင်းစုံလျက်၊ (၄၀) လက်နက်စက်က၊ (၄၁-၄၇) ရေတွက်သချာ၊ ဂင်္ဂါခုနစ်တန်၊ (၄၈-၅၄) တောင်ရံ ခုနစ်လုံး၊ (၅၅-၆၁) အိုင်ထုံး ခုနစ်ကွက်၊ (၆၂) ငှက်ဂဠုန်မင်း၊ (၆၃) မြစ်တွင်းကိမ်းအောင်း၊ မိကျောင်းရေသား၊ (၆၄) တံခွန်လျားနှင့်၊ (၆၅) ကုက္ကားတံခွန်၊ (၆၆) မင်းတန်ဆံလျင်း၊ (၆၇) အဆင်းရွှေလား၊ သားမြီးလေဆောင်၊ (၆၈) ငွေတောင် ကေလာသ၊ (၆၉-၇၀) သီဟ့ဗျဂ္ဃ၊ (၇၁) ဝလာ့ဟာမြင်း၊ (၇၂) ဆင်မင်းမြတ်စွာ၊ ဥပေါသထ ယာဉ်မွှန်၊ ဆဒ္ဒန်တူပြိုင်၊ (၇၃) ဗာသုကိမည်ရင်း၊ နဂါးမင်းနှင့်၊ (၇၄) ဟသာ်ရွှေလား၊ (၇၅) နွားဥသဘမွှန်၊ (၇၆) ဧရာဝဏ်တခဏ်း၊ (၇၇) ရွှေမကာရ်းတထွေ၊ (၇၈) ရွှေလှေလျှံဝါ၊ (၇၉) ဗြဟ္မာထွတ်ဖျား၊ (၈၀) သားနှင့်တကွ၊ နွားမနို့ညစ်၊ (၈၁) အချစ်မြဲစွာ၊ ကိန္နရာ ဖို-မ၊ (၈၂) သဒ္ဒမဆိတ်၊ ကရဝိက်တွန်ညှောင်း၊ (၈၃-၄) ဥဒေါင်း့ကြိုးကြာ၊ (၈၅) သံသာစက္ကဝါက်၊

http://www.dhammadownload.com



(၇၆) စုံလျက်ဇီဝဇိုဝ်း၊ (၇၇-၉၂) မိုးဝဘုံသာ၊ ဆကာမာနှင့်၊ (၉၃-၁၀၇) မြဟ္မာဘုံရပ်၊ ဆယ့်ခြောက်ထပ်လည်း၊ ယှဉ်စပ်မကင်း၊ ခပင်းများစွာ၊ ရံစကာနှင့်၊ စကြာခြေမွန်၊ တင့်တယ်ဟန်ကို၊ မိုးစွန်ဘုံဖျား၊ သိကြား ဗြဟ္မာ၊ တူရေးလှာလည်း၊ ဘယ်မှာတမျှ၊ အတုရချိမ့်၊ အသမသမာ၊ သုံးလူ့ချာ၏၊ ရတနာလျှံဝင်း၊ နီဆင်းစင်သန့်၊ အကန့်တထောင်၊ ထွန်းပြောင်သိင်္ဂါ၊ သဏ္ဍာအကွပ်၊ ထိန်လျှပ်ပုံတောင်း၊ ညိုမောင်းကျောက်မျက်၊ ခြေတော်စက်ကို၊ စုံမက်မြတ်နိုး၊ ရှိလျှင်ခိုးသည်၊ ၊အကျိုးကောင်းမွန် မင်္ဂဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်ထုတ်ချောက် ရောက်စေသောဝ်....။

(၃) ရှည်လျားသော ဖနောင့်တော်ရှိခြင်း လက္ခဏာတော်-ဟူရာ၌....

ထက်ဝန်းကျင် ပြည့်ဖြိုးသော ဖနောင့်တော် ရှိ၏ဟု ဆိုလိုသည်။ ထင်ရှားစေဦးအံ့—၊ တပါးသောသူတို့မှာ ခြေဖျားဦးပိုင်းသည် ရှည်လျား၏၊ ဖနောင့်၏အထက်တည့်တည့်၌ မြင်းခေါင်းခေါ်သော ခြေသလုံးချောင်းသည် တည်ရှိ၏၊ သို့ရကား ဖနောင့်သည် ရွှေ၍ ဆစ်၍ ထားသကဲ့သို့ ရှိနေ၏။ အလောင်းတော်ယောကျ်ားမြတ်မှာမူကား ထိုသို့မဟုတ်ပေ၊ ခြေဖဝါးတော်ကို လေးဖို့ ၄လေးစု လေးပိုင်းပြု၍ ရှေ့နှစ်ဖို့ နှစ်စု နှစ်ပိုင်းသည် ခြေဖျားတော်ဖြစ်၏၊ တတိယ အဖို့ အစု အပိုင်းထက်၌ သလုံးမြင်းခေါင်းတော် ပေါက်ရောက်တည်ရှိ၏၊ နောက်ဖျား စတုတ္ထ အဖို့ အစု အပိုင်း၌ ဆောက်ဖျားဖြင့် ပွတ်ခံ၍ ထားသည့်ပမာ ကမ္ဗလာနီပေါ်၌ ကျင်လုံးနှင့်တူသော ဖနောင့်တော် တည်ရှိ၍ နေပေ၏။ (တပါးသော လူသာမန်တို့မှာ ဖနောင့်၏ထိပ်၌ မြင်းခေါင်းပေါက်ရောက်သဖြင့် ဖနောင့် အဆစ် အချိုး မပြေ ရွှေ၍ ဆစ်၍ ထားသကဲ့သို့ အကြည့်ရဆိုးနေသည်၊ အလောင်းတော်မှာကား ဖဝါးတော်အရှည်ကို လေးပိုင်းပိုင်း၍ တတိယပိုင်းပေါ်မှာ မြင်းခေါင်းပေါက်ရကား ဖဝါးတော်၏ စတုတ္ထ (နောက်) အပိုင်းနိမ့်မြန်းသော အရေလွှာ အခံပေါ်တွင် ဖနောင့်တော် လုံးလုံးဝန်းဝန်း ပေါ်လွင်နေသဖြင့် ရှည်လျားသော ဖနောင့်တော်ရှိသည်၊ တင့်တယ်သည်ဟုဆိုလိုသည်။)

http://www.dhammadownload.com



(၄) ရှည်သွယ်သော ခြေချောင်းတော် လက်ချောင်းတော်ရှိခြင်း လက္ခဏာတော်-ဟူရာ၌····

တပါးသောသူတို့မှာ အချို့ ခြေချောင်း လက်ချောင်းတို့က ရှည်၍ အချို့ ခြေချောင်း လက်ချောင်းတို့က တိုကုန်၏၊ အလုံး အချောင်း အနေအစား အားဖြင့်လည်း မညီမညွတ် ရှိကုန်၏။ အလောင်းတော် ယောက်ျားမြတ်မှာမူကား ထိုသို့ မဟုတ်ပေ၊ ခြေချောင်းတော် လက်ချောင်းတော်တို့သည် ရှည်လည်း ရှည်ကုန်၏၊ ညီလည်း ညီကုန်၏၊ အရင်းက ဖြိုး၍=တုတ်၍ အစဉ်သဖြင့် အဖျားက သေးသွယ်ကုန်၏၊ အစေးရှိသော ဆီဖြင့် နယ်၍ လုံးလျက် တောင့်လျက် ထားအပ်သော ဆေးဒန်း မြင်းသီလာ အတောင့်နှင့် တူကုန်၏။

(၅) နူးညံ့ သိမ်မွေ့ လှစွာသော လက်ဖဝါးတော် ခြေဖဝါးတော် အပြင်ရှိခြင်း လက္ခဏာတော်-ဟူရာ၌····

ကြည်လင်လှစွာသော ထောပတ်၌ ချ၍ နှစ်၍ ထားအပ်သော အကြိမ်တရာ ဖတ်အပ်သည့် ဝါဂွမ်းအလွှာကဲ့သို့ အလောင်းတော်၏ လက်ဖဝါးတော် ခြေဖဝါးတော်တို့သည် နူးညံ့ သိမ်မွေ့လှကုန်၏၊ ဝယ်ရွယ်စဉ်အခါမှာကဲ့သို့ပင် ကြီးရင့်သောအခါမှာလည်း အမြဲပင် မူမပြောင်း နူးညံ့သိမ်မွေ့ နုပျိုလျက် ရှိကြကုန်၏။

(၆) လေသွန်နန်းတံခါး၌ စိုက်စီ၍ ထားအပ်သော ရွှေပွတ်လုံး (ဇာလီ) တိုင်တို့ကဲ့သို့ ညီညွတ်စွာ အချောင်း အချောင်း အကြား စိပ်သော လက်ချောင်းတော် ခြေချောင်းတော်ရှိခြင်း လက္ခဏာတော်-ဟူရာ၌····

မြတ်စွာဘုရား အလောင်းတော်၏ (လက်မမှတပါး) လက်ချောင်းတော် လေးချောင်း လေးချောင်းတို့သည်၎င်း, ခြေချောင်းတော် ငါးချောင်း ငါးချောင်းတို့သည်၎င်း အတိုအရှည် မဟုတ်ပဲ ညီမျှသော ပမာဏ ရှိကုန်၏၊ (စာဖတ်သူသည် ယခုပင် မိမိ၏ ယာဘက် လက်ဖဝါးကို ထောင်ကြည့်လျှင် လက်ချောင်းများ

http://www.dhammadownload.com



အတိုအရှည် ပမာဏ မညီသည်ကို တွေ့ရပေမည်၊) အလောင်းတော် မင်းသား၏ ဝဲ-ယာ နှစ်ဖက် လက်ချောင်းတော် ရှစ်ချောင်း ဝဲ-ယာ နှစ်ဖက် ခြေချောင်းတော် ဆယ်ချောင်းတို့မှာ ပမာဏ တူညီကြခြင်းကြောင့် အဆစ်အဆစ်၌ပါရှိသော မုယောလက္ခဏာ အရစ်ကလေးများမှာလည်း အနိမ့် အမြင့် မရှိ၊ တချောင်းနှင့် တချောင်း တိုးရှိပေါက် ဆက်စပ်သကဲ့သို့ တည်ရှိကုန်၏၊စပါးစေ့ လက္ခဏာများမှာလည်း တညီတညွတ်တည်း စိုက်ထောင်ထား အပ်သော ပွတ်တိုင်များကဲ့သို့ ရှိကုန်၏၊ ထို့ကြောင့် အလောင်းတော်၏ လက်ချောင်းတော် ခြေချောင်းတော်တို့မှာ လက်သွား ပညာကျော်တို့ ပြုလုပ်တပ်ဆင်ထားအပ်သော ရွှေဇာခက်သည့် လေသာနန်းတံခါးနှင့် တူကုန်၏။

(၇) မြူမလိမ်းတွယ် စဉ်းငယ်မြင့်သော ခြေဖမျက်တော်ရှိခြင်း လက္ခဏာတော်-ဟူရာ၌....

တပါးသောသူတို့၏ ခြေဖမျက်တို့သည် ခြေဖမိုး၌ နီးကပ်စွာ တည်ရှိကြကုန်၏၊ ထိုသို့ နီးနီးကပ်ကပ် ဆက်စပ်လျက် တည်နေကြသောကြောင့် ထိုသူတို့၏ ခြေဖဝါးတို့သည် မျှော့-မယ်န-ငုတ် ဖြင့် ဖွဲ့တုပ်၍ ထားသကဲ့သို့ ရှိကုန်ရကား လှည့်လည်လိုတိုင်း မလှည့်လည်နိုင်ကြကုန်၊ ထိုသို့ အလိုရှိတိုင်း မလည်နိုင်သော ကြောင့် ထိုသူများ သွားလာသောအခါ ဖဝါးအပြင်တို့သည်လည်း မထင်ရှားကုန် မမြင်သာပဲ ရှိကုန်၏။

အလောင်းတော်သူမြတ်မှာမူကား ထိုကဲ့သို့မဟုတ်ပေ၊ ဖမျက်တော်ရိုးတို့သည် ရေသွန်းမြူတဇအိုး၏ လည်ပင်းကဲ့သို့ ဖမိုးတော်မှ အထက် လက်နှစ်သစ် သုံးသစ်ခန့်မျှ တက်ရောက်လျက် တည် ကုန်၏၊ ထို့ကြောင့် အလောင်းတော်၏ ချက်မှစ၍ အထက်ပိုင်း ဖြစ်သော ကိုယ်တော်သည် လှေပေါ်၌ တင်ထားအပ်သော ရွှေ ဆင်းတုပမာ မတုန်မလှုပ် တည်နေ၍ အောက်ပိုင်း ကိုယ်တော် သာလျှင် တုန်လှုပ်၏၊ ခြေဖဝါးတော်တို့သည် အလွယ်နှင့် လှည့် လည်ကုန်၏၊ ရှေ့-နောက် ဝဲ-ယာ လေးမျက်နှာမှ ရပ်တည် ကြည့်ရှုကြသော သူတို့သည် ခြေဖဝါးတော်အပြင်ကို ကောင်းစွာ

http://www.dhammadownload.com



မြင်နိုင်ကုန်၏။ (ဆင်များ လှမ်းသွားသောအခါ ဖဝါးအပြင်ကို နောက်မှကြည့်လျှင်သာ မြင်ရကုန်၏၊ အလောင်းတော် လှမ်းကြွသောအခါ ရှေ့-နောက် ဝဲ-ယာ လေးမျက်နှာမှ ဖဝါးတော်အပြင်ကို မြင်ရကုန်၏ဟု ဆိုလိုသည်။)

(၈) ဏောမည်သော သားကောင်၏ သလုံး မြင်းခေါင်းနှင့် တူသော သလုံး မြင်းခေါင်းတော် ရှိခြင်း လက္ခဏာတော်-ဟူရာ၌....

(စာဖတ်သူသည် မိမိ၏ ခြေသလုံးကို စမ်း၍ ကြည့်ပါ။ ရှေ့ပိုင်းမှာ အရိုးကို မာမာ တက်တက် စမ်းမိ၍ နောက်ပိုင်းမှာ အသားစိုင်များ တဖက်သတ်အားဖြင့် တွဲလျားဖတ်လတ် ကျနေသည်ကို တွေ့ရပေမည်။) အလောင်းတော် သူမြတ်၏ သလုံးတော်မှာကား ထိုကဲ့သို့ မဟုတ်ပေ၊ သလေးစပါးဖုံး မှယောစပါးဖုံးတို့ပမာ ပတ်လည်ဝန်းကျင်မှ အစဉ်ညီညွတ်စွာတည်သော အသားစိုင်တို့က သလုံး မြင်းခေါင်းရိုးတော်ကို လှည့်လည်ဝန်းရံ အစ်ကုန်လျက် သလုံး မြင်းခေါင်းတော်တို့မှာ လုံးချောင်း တင့်တယ်လှကုန်၏၊ ဏောမည်သော သားကောင်၏ သလုံးမြင်းခေါင်းနှင့် တူကုန်၏။

(၉) ရပ်တော်မူလျက်ပင် ကိုယ်တော်ကို မကိုင်းညွတ်ပဲ လက်ဖဝါးတော် နှစ်ဖက်ဖြင့် ပုဆစ် ဒူးဝန်းတော် နှစ်ဖက်ကို သုံးသပ် ထိတွေ့နိုင်ခြင်း လက္ခဏာတော်-ဟူရာ၌....

အခြားတပါးသော သူတို့မှာ ကုန်းသော်မူ ကုန်းလျက် ရှိနေတတ်ကြကုန်၏၊ ကွသော်မူ ကွလျက် ရှိနေတတ်ကြကုန်၏၊ ကုန်းလည်းကုန်း ကွလည်းကွလျက်သော်လည်း ရှိနေတတ်ကြကုန်၏၊ ကုန်းသော သူတို့မှာ အောက်ပိုင်း ကိုယ်ထက် အထက်ပိုင်း ကိုယ်က တိုသောကြောင့် ကိုယ်အင်္ဂါ ပြည့်စုံချောက်ပတ်ခြင်း မရှိကြကုန်၊ ကွသော သူတို့မှာ အထက်ပိုင်းကိုယ်ထက် အောက်

http://www.dhammadownload.com



ပိုင်းကိုယ်က တိုနေသောကြောင့် ကိုယ်အင်္ဂါ ပြည့်စုံ လျောက်ပတ်ခြင်း မရှိကြကုန်၊ (ကုန်းသူတို့မှာ အထက် ပိုင်းက တို၍ ကွသူတို့မှာ အောက်ပိုင်းက တိုကြသည် ဟူလို၊) ယင်းသို့ ကိုယ်အင်္ဂါမပြည့်စုံ မလျောက်ပတ်ခြင်းကြောင့် ထိုသူတို့သည် မိမိတို့၏ ပုဆစ်ဒူးနှစ်ဖက်တို့ကို မကိုင်းမညွတ်ပဲ မသုံးသပ်နိုင်ကြချေ။

အလောင်းတော် သူမြတ်မှာမူကား ထိုသို့မဟုတ်ပေ၊ အထက်ပိုင်း ကိုယ်တော်ကလည်း မကုန်းပဲ, အောက်ပိုင်း ကိုယ်တော်ကလည်း မကွပဲ, အထက်အောက် ကိုယ်တော်နှစ်ရပ်လုံး အချိုးပြေပြေ အနေကျကျ ပြည့်စုံလျောက်ပတ်ကြကုန်၏၊ ထို့ကြောင့် ရပ်တော်မူလျက်ပင် ကိုယ်တော်ကို မကိုင်းမညွတ်ပဲ လက်ဖဝါးတော်နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်းတော် နှစ်ဖက်ငံ သုံးသပ်ထိတွေ့တော်မူနိုင်၏။

(၁၀) ဆဒ္ဒန် ဆင်မင်းပမာ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ယောကျ်ား နိမိတ် ရှိတော်မူခြင်း လက္ခဏာတော်-ဟူရာ၌····

နွားလားဥသဘမင်း ဆင်မင်းစသည်တို့၏ အင်္ဂါဇာတ်နိမိတ်တို့ကဲ့သို့ အလောင်းတော်သူမြတ်၏ အင်္ဂါဇာတ် နိမိတ်မှာလည်း ရွှေပဒုမာ ကြာချပ်နှင့် တူသော အအိမ်ဖြင့် ဖုံးလွှမ်းအပ်ပေ၏။ အလိုက်သင့် တိုင်း၍ ကောင်းစွာ ချုပ်လုပ်အပ်သော ကမ္ဗလာအိတ် ကတ္တီပါအိတ် သကလတ်အိတ်၌ ထည့်သွင်းထားသကဲ့သို့ ကောင်းစွာ လုံခြုံသော အဖုံးအလွှမ်းရှိသည့် နိမိတ်ဟု ဆိုလိုသည်။

(၁၁) သိင်္ဂီနိက်ရွှေစင် အဆင်းကဲ့သို့ ဝါဝင်းသော အရေတော်ရှိခြင်း လက္ခဏာတော်-ဟူရာ၌····

ဆုန်းမှုန့် (ဟသ်ပြဒါးမှုန့်) ဖြင့် နယ်၍ သစ်အစွယ်ဖြင့် ပွတ်တိုက်ပြီးလျှင် ဖွဲ့နီဖြင့် အပြေအပြစ် ပြုလုပ်၍ ထားအပ်သော ရွှေဆင်းတုကဲ့သို့ တခဲနက် ချောမွတ်သိမ်မွေ့သည့် ပြကဟေ့ ရွှေအဆင်းရှိတော်မူ၏။

http://www.dhammadownload.com



(၅)လက္ခဏာအရာ၌ ပါဠိတော် အဋ္ဌကထာတို့မှာ သုဝဏ္ဏဝဏ္ဏ ကဉ္စနသန္နိဘတ္တစ ဟု ရွှေသားမန်ကို ဟောသည့်သုဝဏ္ဏသဒ္ဒါ ကဉ္စနသဒ္ဒါတို့ဖြင့် ဟောဆိုကြပါလျက် "သိင်္ဂီနိက်ရွှေနှင့်တူသော"ဟု ဆရာမြတ်တို့ အနက်မြန်မာပြန်ဆိုကြခြင်းမှာ မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်အတွင်းသို့ ဆွမ်းခံဝင်သောအခါ လုလင်ယောင် ဆောင်သော သိကြားမင်းရွတ်ဆိုသည့် ဂါထာတို့၌ သိင်္ဂီနိက္ခသ-ဝဏ္ဏော-ဟု သိင်္ဂီနိက်ရွှေစင်နှင့်တူသော အဆင်းရှိတော်မူကြောင်း လာရှိသောကြောင့်ငင်း၊ လူ၏အသုံးအဆောင်ဖြစ်သော ရွှေတို့တွင် ယုတ္တိကရွှေထက် ရသဝိဒ္ဓရွှေကသာလွန် မြင့်မြတ်ကြောင်း၊ ထိုထက် အာကရုပ္ပန္နရွှေကသာလွန်မြင့်မြတ်ကြောင်း၊ ထိုရွှေထက် နတ်တို့၏ အသုံးအဆောင်ရွှေက သာလွန် မြင့်မြတ်ကြောင်း၊ ထိုနတ်သုံးရွှေတွင်လည်း စာမီကရရွှေထက် သာတကုံရွှေက သာလွန်မြင့်မြတ်ကြောင်း၊ ထိုရွှေထက် ဇမ္ဗူနဒရွှေက သာလွန်မြင့်မြတ်ကြောင်း၊ ထိုရွှေထက် သိင်္ဂီရွှေက သာလွန်မြင့်မြတ်ကြောင်း (ဝိမာနဝတ္ထုအဋ္ဌကထာ ပဌမပီဌဝိမာနဝတ္ထု အဖွင့်၊ တေရသကဏ္ဍဋီကာ မဟာဝဂ္ဂ မဟာခန္ဓက ဗိမ္ဗိသာရသမာဂမခဏ်း အဖွင့်စသည်တို့၌) လာရှိသောကြောင့်ငင်း အမြတ်ဆုံးရွှေဖြင့် အနက်မြန်မာပြန်ဆိုတော်မူကြခြင်း ဖြစ်သည်။)

(၁၂) နူးညံ့သိမ်မွေ့သော အရေတော် ရှိခြင်း လက္ခဏာတော်-ဟူရာ၌ ...

ကိုယ်တော်မြတ်၏ အရေတော်က သိမ်မွေ့ နူးညံ့လှသောကြောင့် ကိုယ်တော်၌ သိမ်မွေ့သောမြူ ကြမ်းတမ်းသောမြူနှစ်မျိုးလုံးပင် မကပ်ငြိနိုင်၊ ပဒုမာကြာရွက်ပေါ်၌ ကျရောက်လာသောရေပေါက်သည် ထိုကြာရွက်ပေါ်၌ တည်တံ့မနေနိုင်ပဲ လျှောကျ၍သာ သွားရသကဲ့သို့ ကိုယ်တော်သို့ ထိရောက်လာသော

http://www.dhammadownload.com



မြှုပ်ဟူသမျှတို့သည် ကိုယ်တော်မှ လျှောကျလွင့်ပါး၍သာ သွားကြရကုန်၏။

ထိုသို့ မြူ အညစ်အကြေးတို့ သန့်ရှင်းနေပါလျက် အဘယ့်ကြောင့် ခြေတော် လက်တော် ဆေးကြောခြင်း ရေချိုးခြင်းတို့ကို ပြုလုပ်တော်မူသနည်း ဟူငြားအံ့၊ မြတ်စွာဘုရားသည် ထိုသို့ ခြေလက်ဆေးခြင်း ရေချိုးခြင်းတို့ကို ပြုလုပ်တော်မူသည်ကား ကိုယ်တော်တွင် အပူအအေး အနွေးအချမ်း ဥတုတို့ကို ရယူရန်၎င်း, လှူဒါန်းသူတို့အား ကောင်းမှုအကျိုး ပွါးတိုးစေရန်၎င်း, ကိုယ်တော်တိုင်က ဤကဲ့သို့ စင်ကြယ်အောင် ခြေလက်တို့ကို ဆေးကြောပြီးမှ ကျောင်းတော်အတွင်းသို့ ဝင်တော်မူခြင်း အပြုအမူဖြင့် တပည့်သာဝက ရဟန်းတော်တို့အားလည်း ပညတ်အပ်သော ကျင့်ဝတ်သိက္ခာ၌ ကောင်းစွာ စံထား လေးစား ကျင့်ဆောင်ကြစေရန်၎င်း ကျင့်ဆောင် ပြုမူခြင်းတို့သာလျှင် ဖြစ်ကုန်၏။

(၁၃) မွေးညင်းတွင်း တတွင်းတတွင်းလျှင် မွေးညင်းတော် တပင်စီ တပင်စီသာ ပေါက်ရောက်ခြင်း လက္ခဏာတော်-ဟူရာ၌····

အခြားတပါးသောသူတို့မှာ မွေးညင်းတွင်း တတွင်း၌ မွေးညင်းပင် နှစ်ပင်စီ သုံးပင်စီ စသည်ဖြင့် ပေါက်ရောက်တတ်ကြသော်လည်း ဘုရားအလောင်းတော်မှာမူ ထိုသို့မဟုတ်ပေ၊ မွေးညင်းတွင်း တတွင်းလျှင် မွေးညင်းတော် တပင်စီသာ ပေါက်ရောက်တော်မူလျက် ရှိပေ၏။

(၁၄) မျက်နှာတော်ကို မော်၍ဖူးသည့်ပမာ အထက်သို့သာ အဖျားကော့သည့် မွေးညင်းတော်ရှိခြင်း လက္ခဏာတော်-ဟူရာ၌····

အလောင်းတော်သူမြတ်၏ တကိုယ်တော်လုံး၌ မွေးညင်းတွင်းတို့မှ တပင်စီ တပင်စီသာ ပေါက်ရောက်ကုန်သော မွေးညင်းတော်တို့သည် မျက်စဉ်းကျောက်ညိုအဆင်းကဲ့သို့ ညိုသောအဆင်း

http://www.dhammadownload.com



ရှိကြကုန်၏၊ ထိုမွေးညှင်းတော်တို့သည် သုံးကြိမ် (သုံးပတ်) လက်ျာရစ် လှည့်ခွေကုန်၍ ပွင့်ယစ်စ ပဒုမာကြာပန်းကဲ့သို့ တင့်လန်းသောအသရေတော်ရှိသည့် ရွှေမျက်နှာတော်ကို မော်၍ ဖူးသည့်ပမာ အထက်သို့သာ အဖျားရှေးရှု မျက်နှာမူလျက် (ကော့လျက် ကော့လျက်) တည်ရှိကြကုန်၏။

(၁၅) မြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်တော်ရှိခြင်း လက္ခဏာတော်-ဟူရာ၌····

မြဟ္မာမင်း၏ ကိုယ်ကာယသည် ရှေ့သို့ငိုင်း, နောက်သို့ငိုင်း, ဘေးနံပါး တဖက်ဖက်သို့ငိုင်း စိုးစဉ်းမျှပင် မညွတ် မရှိုင်း မကိုင်းမစောင်းမူ၍ ဖြောင့်ဖြောင့်မတ်မတ်သာလျှင် အထက်သို့ တက်သကဲ့သို့ ထိုအတူ အလောင်းတော်၏ ကိုယ်ကာယတော်သည်လည်း ဖြောင့်စင်း တည့်မတ်စွာသာ အထက်သို့ မြင့်တက်တော်မူ၏၊ သိင်္ဂီနိက်ရွှေစင်ကို အဆင်သင့် ပုံသွန်း၍ ထားသကဲ့သို့ နုထွားပြေပြစ်စွာ အထက်သို့ ဖြောင့်ဖြောင့်တက်သော ကိုယ်တော်ရှိ၏။

တခြား တပါးသောသူတို့မှာမူ အများအားဖြင့် လည်ကုပ်ကသော်၎င်း,ခါးကသော်၎င်း, ပုဆစ်ဒူးကသော်၎င်း ဤသုံးဌာနမှာ တနည်းနည်း တမျိုးမျိုး တိမ်းယိမ်း ညွတ်ကိုင်းတတ်ကြကုန်၏၊ ထိုသုံးဌာနတွင် ခါးကညွတ်လျှင် ကော့၍ နေတတ်ကုန်၏၊ လည်ကုပ်နှင့် ပုဆစ်ဒူးက ညွတ်လျှင် ရှေ့သို့ကုန်း၍ နေတတ်ကုန်၏၊ အလွန်အရပ်ရှည်သည့် အချို့သူတို့မှာ ဝဲ-ယာနံပါး တဖက်ဖက်သို့ ကိုင်း၍ နေတတ်ကုန်၏၊ ထိုသို့ ဌာနသုံးမျိုးတွင် တမျိုးမျိုးမှာ ညွတ် ကိုင်း တိမ်း ယိမ်းတတ်သောကြောင့်ပင် အချို့ လူများမှာ ပကတိ အနေအထားအားဖြင့် နောက်သို့ ညွတ်ကော့ကိုင်းရှိုင်းကြ၍ ကောင်းကင် နက္ခတ်တို့ကို ရှုမှတ်ရေတွက်၍ နေကြသည့်ပမာ အထက်သို့ ဝေါ်မော့ ဖျော်သော မျက်နှာ ရှိကြကုန်၏၊ အချို့ လူများမှာ ရှေ့သို့ ညွတ်ကိုင်းကြ၍ မဟာပထဝီမြေကြီး၏ ကြွင်းအင်ကို ဆင်ခြင်ကြည့်ရှုကာ နေကြသကဲ့သို့ ငုံ့ချိုးသော မျက်နှာ ရှိကြ

http://www.dhammadownload.com



ကုန်၏၊ အချို့လူများမှာလည်း အသွေးအသား နည်းပါးကြသော ကြောင့် တံကျင် တုတ်ချောင်းကဲ့သို့ ပိန်မြောင်းမြောင်း ရှိကြ ကုန်၏။

အလောင်းတော်သူမြတ်မှာမူကား ထိုကဲ့သို့မဟုတ်ပေ၊အထက် သို့သာ ဖြောင့်မတ်စွာတက်သော ကိုယ်ကာယတော် ရှိတော်မူ ခြင်းကြောင့် ,နတ်မြို့တော်အဝင်ဝ၌ စိုက်ထူအပ်သော ရွှေတုရိုဏ် တိုင်(＝ရွှေတံခါးတိုင်)ကဲ့သို့ ရှိပေ၏။

ဤအရာ၌၊ ၊ဗြဟ္မာမင်းကဲ့သို့ ဖြောင့်စင်း ရှည်သွယ် သော ကိုယ်တော်ရှိခြင်း စသည့် အချို့အချို့သော မဟာ ပုရိသလက္ခဏာတော်တို့သည် မယ်တော်၏ ဝမ်းကြာတိုက် မှ ဖွားမြင်ပြီးစ ကလေးသူငယ် အရွယ်ကာလတွင် သာမည အသိဉာဏ်ရှိသူ လူတိုင်းလူတိုင်းတို့အဖို့ မျက်ဝါးထင်ထင် မြင်နိုင်လောက်အောင် သိသာပြည့်စုံစွာ ပေါ်လွင်လာကြ သေးသည် မဟုတ်ကုန်၊ စင်စစ်သော်ကား ဖွားမြင်ကာစ အချိန်တွင် ဤအမှတ်အသား ဤအခြင်းအရာ ဤအခြေ အနေတို့ကို ပါလာတွေ့မြင်ကြခြင်းဖြင့်ပင် သုဒ္ဓါဝါသ ဗြဟ္မမန္တန် ဗေဒင်ဉာဏ်ကို စွမ်းသန်စွာ တတ်မြောက်ကြ ကုန်သော ထိုလက္ခဏာတတ် နိမိတ်ဖတ် ပုဏ္ဏားတော် တို့၏ ဉာဏ်ပညာအစွမ်းဖြင့် "ကြီးရင့်လိမ္မာသော အရွယ် အခါသို့ ရောက်လတ်သော် အလောင်းတော် မင်းသား၌ ဗြဟ္မာမင်းကဲ့သို့ ဖြောင့်စင်းရှည်သွယ်သော ကိုယ်တော် ရှိခြင်း အစရှိသည့် အရွယ်ကာလ အားလျော်စွာ ပေါ် ပေါက်လာမည့် လက္ခဏာတော်တို့သည် ပကတိ လူတိုင်း မြင်နိုင်လောက်အောင် အရွယ်တော်ရောက်က ပေါ် ပေါက်ထင်ရှားလာကုန်လတံ့" ဟူ၍ နိမိတ်ဖတ်ဆို ကောက်ယူကြခြင်း ယခုပင် အသိအသာ အပြည့်အစုံ ပေါ်လွင်နေပြီကဲ့သို့ တွက်ချက် ယူဆမှတ်သား နိမိတ် ဖတ်ကြားကြခြင်း ဖြစ်သည်။ (ဤနည်းအတူ သွားတော် လေးဆယ် အစေ့အငှ ပေါက်ရောက်ခြင်း သွားတော်

http://www.dhammadownload.com



မကျဉ်းမြောင်း အစရှိသော မဟာပုရိသ လက္ခဏာတော်တို့သည်လည်း ဖွားသစ်စအလောင်းတော်သူမြတ်၌ ထင်ရှား မျက်မြင် မပေါ်ကြသေးသော်လည်း နောက်အခါ အချိန်ရောက်သောကာလ မုချပေါ်ပေါက်မည်ကို သုဒ္ဓါဝါသ ဗြဟ္မာမန္တန် ဗေဒင်ဉာဏ်ဖြင့် ကြိုတင်သိမြင်၍ မဟာဆိုကြခြင်း ဖြစ်သည်။)

(၁၆) ခြေဖမိုးတော် နှစ်ဖက်,လက်ဖမိုးတော် နှစ်ဖက်, ပခုံးတော် နှစ်ဖက်, လည်ကုပ်တော်ဟူ ဆိုအပ်သော ဤခုနစ်ဌာနတို့၌ ပြည့်ဖြိုးသော အသားတော်ရှိခြင်း လက္ခဏာတော်-ဟူရာ၌....

တပါးသော လူတို့မှာ ခြေဖမိုး လက်ဖမိုး စသည်တို့၌ ပွပွပြိုင်းပြိုင်း လိုင်းထသကဲ့သို့ ကြွန်ရက်နှင့်တူသော အကြောတို့ထင်ကုန်၏၊ ပခုံးစွန်း လည်ကုပ်တို့၌လည်း အရိုးအဆက်တို့ ထင်ကုန်၏၊ ထိုကြောင့်ပင် ယိုလူတို့ကို အခြားလူတို့က မြင်ရသောအခါ ပခုံးဆိုးဆိုး ကုပ်ရိုးငေါငေါ အကြောပြိုင်းပြိုင်း ပုံနေရိုးသည့် သင်းချိုင်းနေ ပြိတ္တာတို့ကဲ့သို့ ထင်ရကုန်၏။

အလောင်းတော် သူမြတ်မှာမူကား ထိုကဲ့သို့ မဟုတ်ပေ၊ ဖော်ပြရာပါ ခုနစ်ဌာနတို့၌ ပြည့်ဖြိုးသော အသားတော် ရှိပေ၏၊ ပြည့်ဖြိုးသည်ဆိုသော်လည်း အမြင်ဆိုးလောက်အောင် အသား ပွပွ ကြွတက်နေသည်မဟုတ်၊ အကြောများ မထင်လောက်ရုံ အရိုးဆက်ပေါ်ငေါ မပေါ်လောက်ရုံ တင့်တယ်ရုံသော ပြည့်ဖြိုးခြင်း ဖြစ်လေသည်၊ သို့ဖြစ်၍ အလောင်းတော်သူမြတ်မှာ ခြေဖမိုး လက်ဖမိုးတို့၌ အကြောပွပွ ကြွတက်နေခြင်းလည်း မရှိ၊ ပခုံးစွန်း လည်ကုပ်တော်တို့၌လည်း အရိုးငေါငေါ ပေါ်မေါ်မေါ်နေသည် မဟုတ်၊ ကောင်းစွာပွတ်တင်၍ ထားအပ်သည့် ရွှေသားမုရိုးစည် ငယ်နှင့်တူသော လည်ကုပ်တော် ရှိတော်မူ၏၊ ဤသို့ ခုနစ်ဌာန ပြည့်ဖြိုးသပ္ပါယ် တင့်တယ်ခြင်းကြောင့်ပင်လျှင် ဖူးမြင်သူတို့၏ မျက်စိ၌ ကောင်းစွာ အပြေအပြစ် ထုလုပ်စီရင်အပ်သော ကျောက်

http://www.dhammadownload.com



သားဆင်းတုကဲ့သို့ငှင်း, အဆန်း၊ တကြယ် ရေးခြယ် စီမံအပ်သော ပန်းချီဆေးရေးရုပ်ကဲ့သို့ငှင်း ထင်ရပေ၏။

(၁၇) ခြင်္သေ့မင်း၏ ရှေ့ပိုင်း ကိုယ်ကဲ့သို့ အောင် မောင်း ပြည့်ဝသည့် ကိုယ်တော်ရှိခြင်း လက္ခဏာတော်-ဟူရာ၌····

ခြင်္သေ့မင်း၏ ရှေ့ပိုင်း ကိုယ်ကာယသည် အောင်မောင်း ပြည့်ဖြိုး၏၊ နောက်ပိုင်း ကိုယ်ကာယကား မပြည့်ဖြိုးချေ၊ ခြင်္သေ့ မင်းမှာ နောက်ပိုင်း ကိုယ်ကာယ မပြည့်ဖြိုးသောကြောင့် ထို နောက်ပိုင်း ကိုယ်ကာယကို ဤနေရာ၌ ဥပမာအဖြစ်ဖြင့် မယူလို မနှိုင်းယှဉ်လိုပေ၊ ရှေ့ပိုင်း ကိုယ်ကာယကသာ အောင်မောင်း ပြည့်ဖြိုးလှသောကြောင့် ထိုရှေ့ပိုင်းကိုယ်ကာယကိုသာ ဤနေရာ၌ ဥပမာ အဖြစ်ဖြင့် ယူငင်နှိုင်းယှဉ်ပေသည်၊ ထို့ကြောင့် အလောင်း တော်သူမြတ်၏ အထက်အောက် နှစ်ပိုင်းလုံးသော ကိုယ်ကာယ တော်သည် ခြင်္သေ့မင်း၏ ရှေ့ပိုင်း ကိုယ်ကာယကဲ့သို့ အောင် မောင်းပြည့်ဖြိုးလှပေ၏၊ ဤသို့ပင် ဥပမာပြု၍ ဆိုသော်လည်း အလောင်းတော်သူမြတ်၏ ကိုယ်ကာယတော်သည် ခြင်္သေ့မင်း၏ ကိုယ်ကာယကဲ့သို့ ထိုထို ကိုယ်အင်္ဂါအစိတ်အပိုင်းတို့၌ ညွတ်ခြင်း တက်ခြင်း နိမ့်ဝင်ခြင်း အသားစိုင်ထွက်ခြင်းစသည်ဖြင့် မကောင်း သော သဏ္ဌာန်သွင်မှု ရှိသည်မဟုတ်၊ စင်စစ်ကား ကိုယ်တော်၏ ထိုထို အင်္ဂါအစိတ်အပိုင်းတို့သည် ရှည်သင့်သော နေရာက ရှည်၊ တိုသင့်သော နေရာက တို၊ ဆူသင့်ရာက ဆူ၊ ကြုံသင့်ရာက ကြုံ၊ ကျယ်သင့်ရာက ကျယ်၊ လုံးသင့်ရာက လုံးလျက် အတင့်တယ်ဆုံး အသပ္ပါယ်ဆုံး တင့်တယ်သပ္ပါယ်တော်မူကုန်၏၊ ဤအလောင်း တော်သူမြတ်၏ ကိုယ်ကာယ အတ္တဘောတော်မျိုးကို အလုံးစုံ သော အတတ်ပညာသည် အလုံးစုံသော တန်ခိုးရှင်တို့သော်မှ လည်း ထပ်မျှ တူအောင် ပြုလုပ် ဖန်ဆင်းခြင်းငှါ မတတ်နိုင် ကြကုန်။

(၁၈) ရှေ့ဖျဉ်ချပ် ပမာ ခါးတော်မှ စ၍ အထက် လည်ကုပ်တော် တိုင်အောင် ရေစီးကြောင်း (အကြား)

http://www.dhammadownload.com



မထင် ပြည့်ဖြိုးစင်သော ကျောက်ကုန်းတော် ရှိခြင်း လက္ခဏာတော်-ဟူရာ၌....

အချုပ်အားဖြင့် ကျောက်ကုန်းတော် နောက်ကျောတော်၏ အထူးပြည့်ဖြိုး တင့်တယ်တော်မူသည်ကို ဆိုလို၏၊ ဇဘားနံရိုးပေါ် ကအသား, နောက်အပြင်ပေါ် ဝဲ ယာနှစ်ဖက် ကျောပြင်သား, ထို ကျောပြင်၏ အလယ်သား ၍သုံးပါးသော အသားတို့သည် ခါးတော်မှ လည်ကုပ်တော်တိုင်အောင် ကောင်းစွာ ပြည့်ဖြိုး တင့်တယ်တော်မူကုန်၏။

အခြားတပါးသောသူတို့၏ နောက်ကျောပြင်သည် နှစ်မြွာကွဲ သကဲ့သို့ (တဖက်တခြမ်း ခွဲ၍ထားသကဲ့သို့) ရှိ၏၊ အလယ် ကျောရိုးနှင့် ကျောရိုးသားတို့က နိမ့်ဝှမ်း ခွက်ဝင်လျက် ရှိကုန်၏၊ သို့မဟုတ် ကောက်၍သော်လည်း နေကုန်၏၊ အထက်သို့ ပေါပေါ ပေါ်၍ မြင့်မောက်သော်မူလည်း မြင့်မောက်ကုန်၏၊ ကျော လယ်ရိုးနေရာ၏ တဖက်တချက် အသားတို့သည် မှောက်ကစ်၍ ထားသော ဝါးလုံးအခြမ်းကဲ့သို့ ခုန်းခုန်း ကန်းတန်းအားဖြင့် ထင်ကုန်၏၊ ကျောစွန်ဘေးဖျား နံပေါ်သားတို့ကလည်း ပါးပါး လွှာလွှာ ရှိကြကုန်၏။

အလောင်းတော် သူမြတ်မှာမူကား ထိုကဲ့သို့ မဟုတ်ပေ၊ ဝဲ-ယာ ကျောဖျား နံပေါ်သားတို့သည်၎င်း, လက်ပြင်တော် နှစ်ဖက်အောက် ရောက်သော အသားတို့သည်၎င်း, အလယ်ကျော ရိုးပေါ်မှ အသားတော်တို့သည်၎င်း ခါးတော်မှသည် လည်ကုပ် တော်တိုင်အောင် ရေစီးကြောင်းအလား အလယ်အကြားမထင် ကောင်းစွာ ပြည့်ဖြိုးလျက်ချည်း ရှိကုန်၏၊ ထို့ကြောင့် ရွှေသား ပျဉ်ချပ်ကို စိုက်ထောင်ထားသည့်ပမာ အသားလွှာတို့ဖြင့် ပြည့် ဖြိုးသော ကျောက်ကုန်းကျောတော်အပြင် ရှိတော်မူ၏။

(၁၉) အရပ်တော်နှင့် အလံတော် ညီမျှသဖြင့် ပညောင်ပင် အဝန်းကဲ့သို့ ဝန်းသော (လုံးချောသော) ကိုယ်တော်ရှိခြင်း လက္ခဏာတော်-ဟူရာ၌....

http://www.dhammadownload.com



အတောင်ငါးဆယ် (သို့မဟုတ်) အတောင် တရာအားဖြင့် ညီမျှသော ပင်စည် အကိုင်း အခက်ရှိသော ပညောင်ပင်သည် အရှည် (ထောင်လိုက်မတ်ရပ်) အားဖြင့်၎င်း, ဖီလာကန့်လန့် အပြန့်အကျယ်အားဖြင့်၎င်း တူမျှသော ပမာဏရှိသကဲ့သို့ ထို့ အတူ အလောင်းတော် သူမြတ်မှာလည်း အရပ်တော်အလံတော် တို့သည် (ကိုယ်တော်မြတ်၏ လေးတောင်စီ) တူညီသော ပမာဏ ရှိကြကုန်၏။ (တပါးသူတို့မှာကား အလံနှင့်အရပ် မညီမျှသည် ကသာ များကုန်၏။)

(၂၀) ညီလည်း ညီညွတ် လုံးလည်း လုံးဝန်းသော လည်တိုင်တော်ရှိခြင်း လက္ခဏာတော်-ဟူရာ၌····

အချို့သောသူတို့မှာ ကြိုးကြာငှက်၏ လည်တိုင်ကဲ့သို့ ရှည် လျားသော လည်တိုင် ရှိကုန်၏၊ အချို့သောသူတို့မှာ ဗျိုင်း၏ လည်တိုင်ကဲ့သို့ ကွေ့ကောက်သော လည်တိုင်ရှိကုန်၏၊ အချို့ သောသူတို့မှာ ဝက်၏လည်တိုင်ကဲ့သို့ တုတ်ဖြိုးဖောင်းပွ ကြီးမား လှသော လည်တိုင်ရှိကုန်၏၊ ထိုသူတို့ စကားပြောဆိုသောအခါ လည်တိုင်ကြောများ ကွန်ရက်ကဲ့သို့ ပြိုင်းပြိုင်း ထလာ ထင်လာ ကုန်၏၊ ထိုသူတို့၏ အသံသည် နှုန့်နဲ့သေးကွေးစွာ ထွက်ပေါ် လာ၏။

အလောင်းတော်သူမြတ်၏ လည်တိုင်တော် (လည်ပင်းတော်) သည်ကား ကောင်းစွာ လုံးချောသော ရွှေမုရိုးစည်နှင့် တူပေ၏၊ စကား ဆိုတော်မူသောအခါ ထိုလည်တိုင်တော်မှ အကြော ကွန်ရက်များလည်း မထလာ မထင်လာကုန်၊ မိုးထစ်ချုန်းသော အသံကဲ့သို့၎င်း, မုရိုးစည်ဟိန်းသော အသံကဲ့သို့၎င်း အသံတော် သည် ကြီးမားမြည်ဟိန်းလှစွာ၏။

(၂၁) နှမ်းလုံးခန့်မျှ နည်းလှငယ်လှသော အရသာကို သော်လည်း တကိုယ်တော်လုံး ပျံ့နှံ့အောင် ဆောင်နိုင် သည့်ခုနစ်ထောင်သော အရသာကြောတို့ အဖျားချင်းအစ် လည်မှာစွပ်လျက်ရှိခြင်း လက္ခဏာတော်-ဟူရာ၌····

http://www.dhammadownload.com



အလောင်းတော်သူမြတ်၏ ခုနစ်ထောင်သော အရသာကြော တို့သည် မိမိတို့နေရာမှ အထက်သို့ အဖျားတက်ကြကာ လည်တိုင် တော်မှာ စုစည်း၍ထားသည့်အလား စားသမျှအစာ၏ အရသာ ကို တကိုယ်လုံး အနှံ့ ပို့ဆောင်ရန် အသင့် စောင့်ဆိုင်းနေသည့် ပမာ ကောင်းစွာစွပ်လျက် တည်ရှိကုန်၏၊ နှမ်းစေ့ခန့်မျှ ပမာဏ ရှိသော အစာအာဟာရသည်ပင် လျှာဖျား၌ တင်ထား စားမျို လိုက်လျှင် တကိုယ်လုံး အစဉ်ဝင်လျှောက် ပျံ့နှံ့သွားလေတော့ သည်၊ ထို့ကြောင့်ပင် ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်ကြံ တော်မူသောအခါ အလောင်းတော်သူမြတ်မှာ ဆန်တစေ့ခန့် စသည်ဖြင့်၎င်း, တလက်ဖက် (တလက်ဆွမ်း) မျှသော ပဲလွမ်းပြုတ် ရည်မျှဖြင့်၎င်း ရူပကာယ၏ မျှတခြင်း ဖြစ်နိုင်လေသည်။

အခြားတပါးသော သူတို့မှာကား ထိုကဲ့သို့ မဟုတ်သော ကြောင့် စားအပ်သမျှ အဇာအာဟာရ၏ ဩဇာဓာတ်ဆီသည် တကိုယ်လုံး မပျံ့နှံ့နိုင်၊ ထို့ကြောင့် ထိုသူတို့မှာ အနာရောဂါ များစွာ ထူပြောကြလေကုန်သည်။

(၂၂) ခြင်္သေ့မင်း၏ မေးကဲ့သို့သော (ပြုံးတော့မည့် အရိပ်သွေးနေသည့်) မေးတော်ရှိခြင်း လက္ခဏာတော်-ဟူရာ၌····

ခြင်္သေ့မင်း၏ မေးအောက်ပိုင်းနှင့်သာ ဥပမာ နှိုင်းခိုင်းလိုရင်း ဖြစ်ပေသည်၊ ခြင်္သေ့မင်း၏မေးမှာ အောက်ပိုင်းကသာ ပြည့်ဖြိုး လေသည်၊ အထက်ပိုင်းကား မပြည့်ဖြိုးပေ၊ အလောင်းတော် သူမြတ်မှာမူကား ခြင်္သေ့မင်း၏ မေးအောက်ပိုင်းကဲ့သို့ အထက် ပိုင်း အောက်ပိုင်း မေးတော်နှစ်ပိုင်းလုံး ပြည့်ပြည့်ဖြိုးဖြိုး ရှိပေ၏၊ လဆန်းပက္ခ တဆယ့်နှစ်ရက်မြောက် ညဉ့်၌ ထွက်ပေါ်သော လ-နှင့် သဏ္ဌာန်တူကုန်၏။

(၂၃) သွားတော်ချောင်းရေ(၄၀)လေးဆယ် အစေ့ အငရှိတော်မူခြင်း လက္ခဏာတော်-ဟူရာ၌····

http://www.dhammadownload.com



အထက်သွားတော် နှစ်ဆယ် အောက်သွားတော် နှစ်ဆယ် ဤသို့ အထက် အောက် နှစ်ရပ်အားဖြင့် သွားတော်ချောင်းရေ လေးဆယ် အတိအကျ ရှိတော်မူသည်ဟု ဆိုလိုသည်။

တပါးသောသူတို့မှာ သွားအပြည့်အစုံ အစွေ့အင ပေါက်ရောက်ကြသည်ဟု ဆိုရသူတို့မှာမှ အထက် အောက် နှစ်ရပ်ပေါင်း သွားချောင်းရေ (၃၂) သုံးဆယ့်နှစ်ချောင်းသာ ရှိကြကုန်၏။ အလောင်းတော်သူမြတ်မှာမူ ထိုသူတို့ရှိမြဲ သုံးဆယ့်နှစ်ချောင်း ထက် ထူးကဲ၍ အောက် အထက် နှစ်ဆယ်စီ အညီအမျှ သွားတော် လေးဆယ် ရှိတော်မူပေ၏။

(၂၄) ညီညွတ်သော သွားတော်ရှိခြင်း လက္ခဏာတော်၊

(၂၅) သွားတော် မကျဲမကွာစေ့စပ်စွာရှိခြင်း လက္ခဏာတော်၊

(၂၆) သောက်ရှူးကြယ်ပမာ လွန်စွာ စင်ကြယ်ဖြူဝင်းသော အရောင်တလက်လက် ထွက်သည့် စွယ်တော် လေးဆူရှိခြင်း လက္ခဏာတော်-ဟူရာတို့၌····

တပါးသောသူတို့မှာ အချို့သွားက မြင့်မောက်လျက် အချို့သွားက နိမ့်ချိုင့်လျက် ရှိရကား မညီမညွတ်သော သွားရှိကုန်၏၊ အလောင်းတော်သူမြတ်မှာမူကား လွှဖြင့်ဖြတ်အပ်သော ခရုသင်းလွှာ ခရုသင်းချပ်ကဲ့သို့ တသားတည်း ညီညွတ်သော သွားတော် ရှိပေ၏။

တပါးသော သူတို့၏ သွားများမှာ မိကျောင်းသွားကဲ့သို့ တချောင်းနှင့်တချောင်း မစပ် ပြတ်လပ်ကွာကျဲ ကျဲ၍နေကုန်၏၊ ထို့ကြောင့် ထိုသူတို့ ငါး အမဲ စသည်တို့ကို စားဝါးသောအခါ သွားအကြားတို့ဝယ် ငါးဖပ် အမဲဖပ်တို့ ဝင်ကပ်ငြိယှက် ပြည့်နှက်၍ နေတတ်ကုန်၏၊ အလောင်းတော်သူမြတ်၏ သွားတော်များမှာမူ ထိုကဲ့သို့မဟုတ်ကုန်၊ ရွှေသားပျဉ်ချပ် သန္တာပျဉ်ချပ်ပေါ်၌

http://www.dhammadownload.com



ကောင်းစွာ စိုက်စီ၍ ထားအပ်သော ဝဇီရစိန်ရွဲ အစဉ်အတန်းကဲ့သို့ တသွင်တည်း စေ့စပ်စွာ တည်ရှိတော်မူကုန်၏။

တပါးသောသူတို့၏ အစွယ်များမှာ အချို့က ပုပ်ဆွေးလျက်ရှိကုန်၏၊ ထို့ကြောင့် အချို့အစွယ်များမှာ မည်းနက်,အချို့အစွယ်များမှာ အရောင်အဆင်းပျက်လျက် ရှိကုန်၏၊ အလောင်းတော်သူမြတ်၏ စွယ်တော်လေးဆူတို့မှာမူ အလွန်အလွန် ဖြူစင်လှကုန်၏၊ သောက်ရူးကြယ်၏ အရောင်ကိုပင်သော်လည်း လွှမ်းမိုးလွန်ကျူး၍ အထူးတင့်တယ်တောက်ပသော အရောင်နှင့် ပြည့်စုံကုန်၏။

(ဤအရာ၌ ဖွားသစ်စဖြစ်သော အလောင်းတော်သူမြတ်မှာ သွားတော်မပေါက်သေးရကား ပုဏ္ဏားပညာရှိတို့သည် ဤသွားတော်နှင့်စပ်သော လက္ခဏာတော်တို့ကို အဘယ်သို့လျှင် သိမြင်ကြကုန်သနည်းဟု မေးမြန်းဖွယ်ရှိ၏။ အဖြေမှာ···· လက္ခဏာဖတ် ပုဏ္ဏားပညာရှိတို့သည် မိမိတို့၏ ဗုဒ္ဓမန္တ မြာဟ္မဏ ဗေဒင်ကျမ်းဂန်အရ သွားတော်တို့ပေါက်ရောက်ရမည့်နေရာ အင်္ဂါအခြင်းအရာ စသည်တို့ကို ဆင်ခြင်ကြည့်ရှု၍ အရွယ်တော်မြောက် ရောက်လတ်သော အခါ မုချပေါက်ရောက်ကြမည်ကို ရည်ရွယ်၍ ယခုကပင် ပေါက်ရောက်နေပြီး ရှိနေသကဲ့သို့ နိမိတ်ဖတ်ကြားလျှောက်ထားကြခြင်း ဖြစ်လေသည်။)

(ဤအရာ၌ မဟာပုရိသ လက္ခဏာတော်ကျမ်းအကြောင်း အနည်းငယ်သိသာရန် အမ္ဗဋ္ဌသုတ်အဋ္ဌကထာစသည်တို့မှ ထုတ်ဆောင်၍ ပြဆိုဦးအံ့၊ ဘုရားရှင်တို့ ပွင့်ခါနီးကာလများတွင် သုဒ္ဓါဝါသမြဟ္မာကြီးတို့သည် ဗေဒင်ကျမ်းတို့၌ အလောင်းတော်သူမြတ်တို့၏ လက္ခဏာတော်များ အကြောင်းအရာ လက္ခဏာပညာအတတ်ကို ထည့်သွင်းကြပြီးလျှင် "ဤသည်တို့ကား ဗုဒ္ဓဗေဒင်မည်ကုန်၏" ဟု ပြောဆိုကြကာ မြာဟ္မဏဆရာကြီးများ အသွင်ဖြင့် ဝေဒကျမ်းများကို သင်ကြားပို့ချ ပြသကြလေကုန်သည်၊

http://www.dhammadownload.com



ထိုဗုဒ္ဓဗေဒင် ( = ဗုဒ္ဓမန္တ)ကို ပြဆိုရာ မဟာပုရိသလက္ခဏာတော်ကျမ်း၌ ဘုရားဖြစ်မည့်သူ၏ လက္ခဏာ, ပစ္စေကဗုဒ္ဓါ ဖြစ်မည့်သူ၏ လက္ခဏာ, အဂ္ဂသာဝက, အသီတိမဟာသာဝက ဘုရား့မယ်တော် ခမည်းတော် မြတ်သော အလုပ်အကျွေး စကြဝတေးမင်း ဖြစ်မည့်သူတို့၏ လက္ခဏာတို့ကို အပြည့်အစုံ ပြဆိုထားအပ်ကုန်၏၊ ထို့ကြောင့် ရှေးအခါ ဝေဒကျမ်းတို့၌ မဟာပုရိသလက္ခဏာတော်များ ထင်ရှားတိုက်ရိုက် လာရှိကုန်၏။

ဘုရား ပရိနိဗ္ဗာန်ဝင်စံပြီးသည်မှ နောက်ကာလ၌ကား နေမှဖြစ်သော အရောင်သည် နေဝင်ပြီးသောအခါ တစတစ ကွယ်ပလေသကဲ့သို့ မြတ်စွာဘုရားရှင်တို့၏ ဂုဏ်ကျေးဇူး အာနုဘော်တော်ကြောင့် ဖြစ်ပေါ်လာရသော ဤမဟာပုရိသ လက္ခဏာတော် ကျမ်းများ သည်လည်း တဂါထာ နှစ်ဂါထာကစ၍ တစတစ ကွယ်ပပျောက်ပျက်ကြရလေကုန်သည်။)

(၂၇) ရှည်လျား+နူးညံ့+ပြန့်သော လျှာတော်ရှိခြင်း လက္ခဏာတော်-ဟူရာ၌....

တပါးသောသူတို့၏လျှာသည် ထူလည်းထူတတ်ကုန်၏၊ သေးလှီလည်း သေးလှီတတ်ကုန်၏၊ တိုလည်း တိုတတ်ကုန်၏၊ ကြမ်းလည်း ကြမ်းတမ်းကုန်၏၊ မညီမညွတ်ရှိတတ်ကုန်၏၊ အလောင်းတော် သူမြတ်၏ လျှာတော်သည်ကား ထိုသို့မဟုတ်ပေ၊ လွန်စွာ နူးညံ့တော်မူပေ၏၊ ရှည်လျားတော်မူပေ၏၊ ပြန့်ကျယ်တော်မူပေ၏၊ အဆင်းနှင့် ပြည့်စုံတော်မူပေ၏။

ထိုစကားကို ထင်ရှားစေဦးအံ့၊ အလောင်းတော် သူမြတ် ဘုရားဖြစ်တော်မူသောအခါ ခံတွင်းတော်၏ အတွင်း၌ တည်နေသဖြင့် ထိုလျှာတော်လက္ခဏာကို ကောင်းစွာ မဖူးမြင်နိုင်ကြရ၍ ဤလျှာတော်လက္ခဏာကို စူးစမ်းရန် ရောက်လာကြသော အမ္ဗဋ္ဌလုလင် ဥတ္တရလုလင် အစရှိသော သူတို့အား ယုံမှားသံသယ

http://www.dhammadownload.com



ကင်းစိမ့်သောငှါ လျှာတော်က အလွန်နူးညံ့သောကြောင့် မာကျောသော အခင်ကိုကဲ့သို့(တနည်း-စာရေးတံမဲလိပ်ကိုကဲ့သို့)လျှာတော်ကို လုံး၍ လိပ်၍ နှာခေါင်းတော်နှစ်ဖက်တို့ကို ထိုလျှာတော်ဖြင့် သုံးသပ်၍ ပြတော်မူ၏၊ အလွန် ရှည်လျားသောကြောင့် နားတွင်းတော်နှစ်ဖက်တို့ကို ထိုလျှာတော်ဖြင့် သုံးသပ်၍ ပြတော်မူ၏၊ ကျယ်ပြန့်သောကြောင့် ဆံစတော်အထိ အလုံးစုံသော နဖူးတော်အပြင်ကို ထိုလျှာတော်ဖြင့် ဖုံးအုပ်၍ ပြတော်မူ၏။ (သာမန်လူတို့၏လျှာကား ခံတွင်း၏ပြင်ဘက် တလက်မထက်ပို၍ မထွက်နိုင်သည်ကို လက်တွေ့စမ်းသပ်၍ သိနိုင်၏။)

(၂၈) ဗြဟ္မာမင်း၏အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသည့် အသံတော်ရှိခြင်း လက္ခဏာတော်-ဟူရာ၌····

တပါးသောသူတို့မှာ ပြတ်သောအသံ (ပြတ်တောင်း ပြတ်တောင်း ဖြစ်လျက်နေသောအသံ),ကွဲအက်သောအသံ, ကျီးငှက်၏ အသံကဲ့သို့ မနှစ်လိုဖွယ်သောအသံ ရှိကုန်၏၊ အလောင်းတော်သူမြတ်မှာမူကား ထိုကဲ့သို့ မဟုတ်ပေ၊ ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံတော်နှင့် ပြည့်စုံတော်မူပေ၏၊ထင်ရှားစေဦးအံ့····ဗြဟ္မာမင်း၏ အသံသည် သည်းခြေ သလိပ်တို့ဖြင့် မရောထွေးမနှိပ်စက်အပ်သောကြောင့် သန့်ရှင်းစင်ကြယ်၏၊အလောင်းတော်သူမြတ်မှာလည်း ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့သော ကောင်းမှုကုသိုလ်ကံတို့က ထိုအသံတော်ဖြစ်ရာ လည်ချောင်း အာစောက်စသော ဌာန်ဝတ္ထုတို့ကို စင်ကြယ်သန့်ရှင်းစေ၏၊ ဌာန်ဝတ္ထုတို့ စင်ကြယ်သန့်ရှင်းသောကြောင့် ချက်တော်မှစတင်၍ ဖြစ်ပေါ်လာသော အသံတော်သည် သန့်ရှင်းစင်ကြယ်၏၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံစွာသာလျှင် ဖြစ်ပေါ်လာ၏၊ ထိုအင်္ဂါရှစ်ပါးတို့ကား···

၁။ သန့်ရှင်းသည်လည်း တပါး၊

၂။ သိသာလွယ်သည်လည်း တပါး၊

၃။ သာယာသည်လည်း တပါး၊

၄။ နာချင်ဖွယ်ရာရှိသည်လည်း တပါး၊

http://www.dhammadownload.com



၅။ လုံးသည် (လုံလုံလဲလဲရှိသည်) လည်း တပါး၊

၆။ ဇရှိဇရဲမရှိသည် (တရားနာပရိသတ်၏ ပြင်ဘက်သို့ ထွက်၍ မသွားသည်)လည်း တပါး၊

၇။ နက်နဲသည်(အသံတော်မတိမ် အရှိန်အားကောင်းသည်)လည်း တပါး၊

၈။ ပွဲတင်ထပ်သည်လည်း တပါး-ဤရှစ်ပါးတို့တည်း။

ဤအသံတော်၏ ထူးခြားဆန်းကြယ် အံ့ဩဖွယ်ကား ကရဝိက်ငှက်၏ အလွန်သာယာ ချိုမြိန်စွာသော အသံထက် အဆအရာ အဆအထောင် သာလွန်ပိုမို၍ ချိုမြိန်သာယာလှပေ၏၊ ထင်ရှားစေဦးအံ့....ကရဝိက်ငှက်တို့၏အသံသည် ငြိမ့်ငြိမ့်စည်စည် ရှည်ရှည်မျှဉ်းမျှဉ်း ဖြည်းညှင်း သာယာလှပေ၏၊ ပြည့်စုံလုံလဲ၍ ချိုမြိန်နှစ်သက်ဖွယ် ရှိလှပေ၏၊ ထိုကရဝိက် ငှက်တို့သည် သစ်ပင်၏ အထက်ကိုင်းတကိုင်းပေါ်၌ နားနေလျက် တွန်ကျူး ရင့်ရှုပြီးသော် တဖန် အောက်သစ်ကိုင်းတကိုင်းသို့ ပြောင်းရွှေ့နားနေလာ၍ မိမိ အထက်သစ်ကိုင်း၌ နားနေစဉ်က တွန်ကျူးရင့်ရှုခဲ့သော အသံကို မိမိနားထောင်မိနိုင်ကုန်၏၊ ဤမျှပင် ဖြည်းညှင်းသာယာ စည်ပင်စွာ၏။

ကရဝိက်ငှက်မင်းသည် ချိုမြိန်လှစွာသော သရက်သီးမှည့်ကို နှုတ်သီးဖြင့်ကိုက်ဖောက်၍ ယိုစီးထွက်ကျလာသောသရက်သီးမှည့် အရည်ကို သောက်မျိုပြီးလျှင် အတောင်ပံကိုရိုက်ခတ်၍ တွန်ကျူးလိုက်သည်ရှိသော် အခြေလေးချောင်းရှိသော သားမျိုးသတ္တဝါတို့သည် ကရဝိက် ငှက်မင်း၏ အသံဖြင့် ယစ်ကုန်သကဲ့သို့ ဖြစ်၍ (မသေရည် အရက် ယစ်သဖြင့် သတိလစ်သော သူတို့ကဲ့သို့ ဖြစ်၍) နှစ်သက်ခြင်း အဟုန်တို့ဖြင့် မြူးတူးခြင်းငှါ အားထုတ်ကြကုန်၏၊ ကျက်စားရာ (စားကျက်) အရပ်သို့ သွားလာရောက်ဆိုက်လျက် မြက်အစာတို့ကို ခံတွင်း၌ သွတ်သွင်းစားဝါးလျက် စားဆဲ ဝါးဆဲ ဖြစ်သော အခြေလေးချောင်းရှိ သတ္တဝါတို့သည်လည်း ခံတွင်း၌ ရှိနေသောအစာတို့ကို သတိမေ့ပျောက်စွန့်ပစ်ကြကာ ထိုကရဝိက်

http://www.dhammadownload.com



ငှက်မင်း၏ တွန်ကျူးသော အသံကိုသာလျှင် တန့်ရပ်နားထောင်လျက် နေကြကုန်၏။ ခြင်္သေ့ သစ် ကျား အစရှိသော သားရဲတို့က စားအံ့သောငှါ အပြင်းအထန် လိုက်လံလာ၍ သေဘေးမှ ကြောက်ရွံ့သဖြင့် ပြေးလွှားဆဲဖြစ်ကြသော သမင် ဒရယ် အစ ရှိသောသားငယ်သတ္တဝါတို့သည်လည်းပြေးလွှားရာမှ ချပြီးသော ခြေကို မကြွကြကုန်ပဲ ချီပြီးသော ခြေကိုလည်း မချကြကုန်ပဲ သေ ဘေးကိုမျှ အမှတ်မရနိုင်ကြကုန်မူ၍ ထိုကရဝိက်ငှက်မင်း၏ အသံ ကိုသာလျှင် တန့်ရပ်နားထောင်လျက် နေကြကုန်၏။ ဖမ်းယူ ကိုက်စားအံ့သောငှါ လိုက်လံလာကြသော ခြင်္သေ့, သစ်, ကျား အစရှိသော သားရဲသတ္တဝါတို့သည်လည်း ထိုနည်းအတူ စားရအံ့ သော အစာကိုမျှ သတိမရနိုင်ကြပဲ ထိုကရဝိက်ငှက်မင်း၏ အသံ ကိုသာလျှင် တန့်ရပ်နားထောင်လျက် နေကြကုန်၏။ ကောင်းကင် ၌ ပျံသန်းနေဆဲဖြစ်သော ငှက်တို့သည်လည်း အတောင်တို့ကို ဖြန့်ကာ တန့်ရပ်နားထောင် နေကြကုန်၏။ ရေ၌ကျက်စားသော ငါးတို့သည်လည်း နားလွှာကိုမလှုပ်ကြပဲ ထိုကရဝိက် ငှက်မင်း၏ အသံကိုသာလျှင် တန့်ရပ်နားထောင်လျက် နေကြကုန်၏။ (ဗုဒ္ဓ- ဝံသ အဋ္ဌကထာ၊ မျက်နှာ ၀၂-မှ။)

( ကရဝိက် ငှက်မင်း၏ အသံနှင့် အသန္ဓိမိတ္တာ မိဖုရား ဝတ္ထုကို အနုဒီပနီ၌ ကြည့်ရှုရာ၏။)

(၂၉) အလွန် ညိုကြည့်သည့် မျက်လုံးတော် ရှိခြင်း လက္ခဏာတော်-ဟူရာ၌····

အလောင်းတော်သူမြတ်၏ မျက်လုံးတော်တစုံလုံး နေရာတိုင်း ၌ မည်းညိုသည်ဟု မဆိုလို၊ ပဓာန အဓိက ဖြစ်၍သာ အလွန် ညိုကြည့်သည့် မျက်လုံးတော်ရှိ၏ဟု ဆိုခြင်းဖြစ်သည်၊ စင်စစ် သော်ကား ထိုအလောင်းတော်သူမြတ်၏ မျက်လုံးတော်တို့သည် ညိုသင့်ရာရာ အရပ်ဌာနတို့၌ အောင်မည်းညိုပွင့် အဆင်းနှင့် တူသော အလွန်စင်ကြယ်သော ညိုသောအဆင်းနှင့် ပြည့်စုံကုန်၏၊ ဝါရွှေသင့်ရာ အရပ်ဌာန၌ မဟာလှေကားပွင့် အဆင်းနှင့် တူသော ဝါရွှေသော အဆင်းနှင့် ပြည့်စုံကုန်၏၊ နီမြန်းသင့်ရာ

http://www.dhammadownload.com



အရပ်ဌာနၶ လယ်ခေါင်ရမ်းပွင့် အဆင်းနှင့်တူသော နီမြန်းသော အဆင်းနှင့် ပြည့်စုံကုန်၏၊ မြသင့်ရာရာ အရပ်ဌာနၶ သောက်ရှူး ကြယ်အဆင်းနှင့်တူသော ဖြူဖွေးသောအဆင်းနှင့် ပြည့်စုံကုန်၏၊ မည်းသင့်ရာရာ အရပ်ဌာနၶ ပုတီးနက်စေ့ အဆင်းနှင့်တူသော မည်းနက်သော အဆင်းနှင့် ပြည့်စုံကုန်၏၊ အလောင်းတော် သူမြတ်၏ မျက်လုံးတော်တို့သည် ရွှေဗိမာန်၌ ဖွင့်လှစ်ထားအပ်သည့် ပတ္တမြားခြသေ့်ရုပ်ခံ လေသာနန်း ပြတင်းတံခါးနှင့် တူကုန်၏။ (ဗိနာလင်္ကာရဋီကာအလို ရွှေနံရံ၌ တပ်ဆင်၍ ထားအပ်သော ပတ္တမြား ခြသေ့်ရုပ်ခံ လေသာနန်း ပြတင်းတံခါးနှင့် တူကုန်၏။)

(၃၀) ဖွားသစ်စ နွားသူငယ်၏မျက်မွေးကဲ့သို့အလွန် နူးညံ့နုပျိုသည့် မျက်မွေးတော်ရှိခြင်း လက္ခဏာတော်-ဟူရာ၌····

ဤလက္ခဏာတော်ကို ပါဠိတော်၌“ဂေါပခုမ လက္ခဏာတော်” ဟူ၍ ဟောအပ်၏၊ ‘ဂေါပခုမ’ဟူသော ပါဠိက မျက်လွှာတော် တည်းဟူသော အစိတ်အပိုင်းတို့နှင့် တကွသော မျက်လုံးတော် (အလုံးစုံသော မျက်လုံးတော်)ကို ဟောဆိုရင်းဖြစ်၏၊ နွားငယ် မျိုးတကာတို့တွင် နွားနက်ငယ်တို့၏မျက်လုံးမှာ ထူထဲနောက်ကျု သော သဘောရှိ၏၊ နွားနီငယ်တို့၏ မျက်လုံးမှာ အထူးသဖြင့် ကြည်လင်တောက်ပ၏၊ ယခု ဂေါပခုမ လက္ခဏာတော် အရာ၌ ဖွားသစ်စဖြစ်သော နွားနီငယ်၏ မျက်လုံးနှင့် တူသော မျက်လုံး တော်ရှိသည်ကို ဆိုလိုသည်၊တပါးသောသူတို့၏ မျက်ဝန်းတခုလုံး သည် မပြည့်မစုံပဲ ရှိတတ်၏၊ ဆင်မျက်လုံး ကြွက်မျက်လုံး ကျီးမျက် လုံးတို့ကဲ့သို့ တချို့မှာ ပြူးရူးထွက်သော မျက်လုံးရှိကြ၍ တချို့မှာ အတွင်းသို့ ချိုင့်ဝင်သော မျက်ကွင်း နက်သော မျက်လုံးရှိကြ ကုန်၏၊ အလောင်းတော် သူမြတ်၏ မျက်လုံးတို့မှာမူ ယိုသို့ မဟုတ်ကုန်၊ ကောင်းစွာဆေးကြောပွတ်တိုက်၍ ထားအပ်သော ပတ္တမြားလုံးတို့ကဲ့သို့ နူးညံ့ပြေပြစ်၍ သိမ်မွေ့ နုဖပ် လတ်ဆတ် စိုပျို ညိုသော မျက်မွေးတော်တို့ အစီအရီ ပေါက်လျက်

http://www.dhammadownload.com



ရှိကုန်၏။ (ဤလက္ခဏာတော်မှာ မျက်တောင်မွေးတော် တည်းဟူသော အစိတ်ဖြင့် မျက်ဝန်းတော်တခုလုံးကို မှတ်၍ ပြသောအရာဖြစ်၍ ဖွားသစ်စ နွားနို့ယဲကဲ့သို့ နူးညံ့ ပြေပြစ် သိမ်မွေ့နုဖတ် လတ်ဆတ်စိုလျှို ညှို့သောမျက်မွေးတော်တို့ အစီအရီပေါက်ရောက်သည့် မပြီးမထွက် မခွက်မဝင် သန့်စင်စွာ ဆေးကြောပွတ်တိုက်၍ အလိုက်သင့် ထားအပ်သော ပတ္တမြားလုံးအသွင် ကြည်လင်လှစွာသော မျက်လုံးတော် မျက်ဝန်းတော်ရှိသည်ဟု ဆိုလိုရင်းဖြစ်သည်။)

(၃၁) မျက်မှောင် (မျက်ခုန်း)တော်နှစ်ဖက် အလယ်ချက်၌ ဥဏ္ဏာလုံမွေးရှင်တော် ပေါက်ရောက်ခြင်း လက္ခဏာတော်-ဟူရာ၌....

ဤမွေးရှင်တော်သည် မျက်မှောင် မျက်ခုန်းတော်နှစ်သွယ်တို့၏ အလယ်တည့်တည့် နှာခေါင်း နှာတံတော်၏ အထက်တည့်တည့် နဖူးတော်၏ အလယ်၌ တင့်တယ်စွာ ပေါက်ရောက်လျက်ရှိ၏၊ သောက်ရွှးကြယ်ပမာ ထက်စန်းကျင် စင်ကြယ်လှစွာ၏၊ ကြည်လှစွာသော ထောပတ်ရည်၌ ချနှစ်၍ ထားအပ်သော အကြိမ် တရာဖတ်အပ်သော ဝါဂွမ်းလွှာကဲ့သို့ လွန်စွာ နူးညံ့လှ၏၊ လက်ပံပေါက်လဲ နွယ်လဲအတူ ဖြူစင်လှစွာ၏၊ ထိုမွေးရှင်တော်သည် အဖျားမှဆွဲ၍ ဆန့်လိုက်လျှင် နှစ်တောင်ခန့်ရှည်လျား၍ လွှတ်လိုက်သောအခါ သူ့အလိုလို လက်ျာရစ်ခွေလည်၍ အဖျားကားအထက်ကော့ မော့လျက်သာ တည်ပေ၏၊ ရွှေသားပျဉ်ချပ်၌ တပ်ဆင်၍ ထားအပ်သော ငွေကြယ်ပွင့်ကဲ့သို့ရင်း, ရွှေအိုးမှထွက်သော နို့ရည် အယဉ်ကဲ့သို့ရင်း, နေအရုဏ်ရောင်ဟပ်သည့် ကောင်းကင် အရပ်ဝယ် သောက်ရွှးကြယ်ကဲ့သို့ရင်း ဖူးမြင်သူတို့၏ စိတ်နှလုံးကို ယူကျုံးဆွဲငင် အကြည်ညိုဝင်စေနိုင်သော အသရေတော်ဖြင့် တင့်တယ်လှပေ၏။

(၃၂) နဖူးတော်ဝယ် ပကတိ ပင်ကိုယ်အားဖြင့်ပင် သင်းကျစ်ရွှေပြား တပ်စီ၍ထားသကဲ့သို့ သင်းကျစ်တော်

http://www.dhammadownload.com



(သင်းကျစ်တော်) အသားလွှာ ပါရှိခြင်း လက္ခဏာတော် ဟူရာ၌....

ပြည့်စုံသော နဖူးတော်, ပြည့်စုံသော ဦးခေါင်းတော်ရှိသည်ဟု ဆိုလိုရင်းဖြစ်၏။ ချဲဦးအံ့....၊

### နဖူးတော်

အလောင်းတော် သူမြတ်မှာ လက်ျာ နားပန်းစွန်း နားဦး အစွန်းမှ စ၍ အသားတော်လွှာသည် တက်လာပြီးလျှင် နဖူး တော်တပြင်လုံး လွှမ်းဖုံး ပြည့်စေလျက် အောက်သို့ သက်ကာ လက်ဝဲနားပန်းစွန်း နားဦးအစွန်းကျမှ အဆုံးသတ် ရပ်တည်လေ တော့သည်၊ ထိုသင်းကျစ်တော် အသားလွှာသည် သိမ်မွေ့ခြင်း ရွှေအဆင်းရှိခြင်း အရောင်တလက်လက်ထွက်ခြင်း နဖူးတော် အနံ့ ပြန့်ပြည့်ခြင်းအားဖြင့် ဘုရင်မင်းမြတ်တို့၏ နဖူး၌ ဖွဲ့ယှက် တပ်ဆင်အပ်သော သင်းကျစ်ပြားကဲ့သို့ လွန်စွာ တင့်တယ်လှ ပေ၏။ အလောင်းတော် သူမြတ်၏ ဤနဖူးသင်းကျစ် အသား တော်လွှာ လက္ခဏာကို မြင်ကြရသောကြောင့်ပင် ဘုရင်မင်း မြတ်တို့အတွက် (ပင်ကိုယ်က သင်းကျစ် အသားလွှာ မပါရှိကြ သဖြင့် အတုပြုလုပ်ကာ) သင်းကျစ်တော် ဟူသော မင်းမြှောက် တန်းဆာအထူးကို ပြုလုပ် သုံးစွဲကြခြင်းဖြစ်သည်။ (ဤကား နဖူး တော်မြတ်၏ ပြည့်စုံပုံအနက်သဘောကို ပြဆိုချက်တည်း။)

### ဦးခေါင်းတော်

အလောင်းတော် သူမြတ်၏ ဦးခေါင်းတော်သည် အလုံးစုံ ထက်ဝန်းကျင်မှပင် ပြည့်စုံတင့်တယ်လှပေ၏။ တပါးသော သူတို့ မှာကား အလောင်းတော် သူမြတ်ကဲ့သို့ ဦးခေါင်း လက္ခဏာ အကုန် ပြည့်စုံစွာ မရှိကြကုန်။ အချို့သူတို့မှာ မျောက်ဦးခေါင်း ပမာ နှစ်ဖြာကွဲသကဲ့သို့သော ဦးခေါင်း ရှိကုန်၏။ အချို့သူတို့မှာ ကွဲကြောင်း အက်ကြောင်းအသွင် ထင်ရသော ဦးခေါင်းရှိကုန်၏၊ အချို့သူတို့မှာ ဦးခေါင်းသား နည်းလှ ပါးလှသောကြောင့်

http://www.dhammadownload.com



အရေဖြင့် ဖုံးအုပ်အပ်သော အရိုးအသွင် ထင်သောဦးခေါင်း ရှိကုန်၏၊ အချို့သူတို့မှာ ဖူးသီးကဲ့သို့ မညီမညွတ်သော ဦးခေါင်း ရှိကုန်၏။ အချို့သူတို့မှာ နောက်သို့ ကောက်ချိတ်သော ဦးခေါင်း နောက်သို့ စူစူ ပြူပြူထွက်သော (=နောက်စေ့ ထွက်သော) ဦးခေါင်းရှိကုန်၏။ အလောင်းတော်သူမြတ်မှာကား ထိုကဲ့သို့ မဟုတ်ပေ၊ ဆောက်လုံး ဆောက်ဝန်းဖြင့် အဝန်းပြေပြေ အနေ ကျကျ လှပတင့်တယ်စွာ ပွတ်လုပ် ထွင်းထု၍ ထားအပ်သည့်ပမာ ရွှေပွတ်လုံးအတူ ထက်ဝန်းကျင် ပြည့်စုံသည့် ဦးခေါင်းတော် ရှိတော်မူပေ၏။

(ဤ ၃၂-ခု မြောက် ဖြစ်သော လက္ခဏာတော်ကို ပါဠိတော်၌ ဥဏှီသသီသော-ဟူ၍ ဟောတော်မူအပ်၏၊ ထိုပါဠိကို (က)သင်းကျစ်တော် အသားလွှာဖြင့် ဖွဲ့ယှက် ရစ်ပတ်အပ်သကဲ့သို့သော ဦးခေါင်းတော် ရှိတော်မူ၏ ဟူ၍၎င်း, (ခ) လိမ္မာလှစွာသော ပညာရှင် စီစဉ်အပ် သော ဦးရစ်ဝန်းကဲ့သို့ လုံးဝန်းတင့်တယ်သော ဦးခေါင်း တော် ရှိ၏ဟူ၍၎င်း အနက်နှစ်မျိုး ပေးနိုင်သောကြောင့် နဖူးတော်၏ ပြည့်စုံ တင့်တယ်ခြင်း ဦးခေါင်းတော်၏ ပြည့်စုံတင့်တယ်ခြင်းအားဖြင့် သဘောအဓိပ္ပါယ် နှစ်မျိုး ရေးသားဖော်ပြခြင်း ဖြစ်လေသည်။)

(ဤ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့ကို ရရှိခြင်း အကြောင်း ကံ စသည်တို့ကို အနုဗ်ပနိဒ္ဒ သီးသန့်ဖော်ပြထားသည်။)

လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့၏
အစဉ်အတိုင်းအဓိပ္ပါယ် ပြီး၏။

http://www.dhammadownload.com



### လက္ခဏာတော်ငယ် ရှစ်ဆယ်

အလောင်းတော် ယောကျ်ားမြတ်သည် ဆိုအပ်ပြီးသော မဟာပုရိသ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့၏ အခြံအရံဖြစ်ကုန်သော အသီတိအနုဗျဉ္စနခေါ် လက္ခဏာတော်ငယ် ရှစ်ဆယ်တို့ကိုလည်း ရတော်မူပေ၏၊ ထိုလက္ခဏာတော်ငယ် ရှစ်ဆယ်တို့ကို ဇိနာလင်္ကာရဋီကာ အစရှိသော ကျမ်းဂန်တို့၌ လာသောအတိုင်း အကျဉ်းချုပ် ဖော်ပြပေအံ့၊ ထိုလက္ခဏာတော်ငယ် ရှစ်ဆယ်တို့ ဟူသည်မှာ—

(၁) အကြားမလပ် စေ့စပ်သော လက်ချောင်း ခြေချောင်း တော်ရှိခြင်း (စိတင်္ဂုလိတာ)။

(၂) အရင်းမှသည် အဖျားသို့တိုင် အစဉ်သဖြင့် သွယ်ပျောင်းသော လက်ချောင်း ခြေချောင်းတော်ရှိခြင်း (အနုပုဗ္ဗင်္ဂုလိတာ)။

(၃) လုံးသော လက်ချောင်း ခြေချောင်းတော်ရှိခြင်း (ဝဋ္ဋင်္ဂုလိတာ)။ ။(ဤကား ခြေချောင်း လက်ချောင်းတော်၌ လက္ခဏာတော် သုံးပါးတို့တည်း။)

(၄) နီမြန်းသော လက်သည်းတော် ခြေသည်းတော်ရှိခြင်း (တမ္ဗနခတာ)။

(၅) မြင့်သော ချွန်းသော ညွတ်သော လက်သည်းတော် ခြေသည်းတော်ရှိခြင်း (တုင်္ဂနခတာ)။

(၆) ဆိမ်မွေ့ပြေပြစ်သော လက်သည်းတော် ခြေသည်းတော် ရှိခြင်း (သိနိဒ္ဓနခတာ)။ ။ (ဤကား လက်သည်း ခြေသည်းတော်၌ လက္ခဏာတော် သုံးပါးတို့တည်း။)

(၇) မရှိုက် မမိုသော ဖမျက်တော်ရှိခြင်း = မထင်ရှားသော ဖမျက်တော်ရှိခြင်း (နိဂူဠ ဂေါပ္ဖကတာ)။ ။(သာခြားသူတို့မှာ ဖမျက်ဖေါင်ဖေါင် ပေါ်ပေါ်တက်နေ၏)။ ။(ဤကား ဖမျက်တော်၌ လက္ခဏာတော်တပါး။)

http://www.dhammadownload.com



(၈) ခြေချောင်းတော် ဆယ်ချောင်းလုံး အဖျားညီညွတ်ခြင်း ( သမပါဒတာ )။ ။ (ဤကား ခြေချောင်းတော်၌ လက္ခဏာတော် တပါး။)

(၉) ဆင်မင်းအတူ စံပယ်စွာ သွားတော်မူခြင်း (ဂဇသမာနက္ကမတာ)။

(၁၀) ခြင်္သေ့မင်းအလား စံပယ်စွာ သွားတော်မူခြင်း (သီဟသမာနက္ကမတာ)။

(၁၁) ဟင်္သာမင်းသဖွယ် စံပယ်စွာ သွားတော်မူခြင်း (ဟံသသမာနက္ကမတာ)။

(၁၂) နွားမင်း ဥသဘ အလား စံပယ်စွာ သွားတော်မူခြင်း (ဥသဘသမာနက္ကမတာ)။

(၁၃) လက်ျာရစ်လည်၍ သွားတော်မူခြင်း (ဒက္ခိဏာဝဋ္ဋဂတိတာ)။ ။(ဤကား သွားတော်မူခြင်း၌ လက္ခဏာတော် ငါးပါးတို့တည်း။)

(၁၄) ထက်ဝန်းကျင်မှ ရှုချင်စဖွယ် ဘင်္ဂတယ်သော ပုဆစ်ဒူး ဝန်း တော် ရှိ ခြင်း (သမန္တတော စာရုဇဏ္ဏုမဏ္ဍလတာ)။ ။(ဤကား ပုဆစ်ဒူးဝန်းတော်၌ လက္ခဏာ တော် တပါး။)

(၁၅) ပြည့်စုံ အောင်မြောက်သော ယောက်ျား နိမိတ်မျည်း ရှိခြင်း (ပရိပုဏ္ဏပုရိသ ဗျဉ္ဇနတာ)။ ။(ဤကား နိမိတ် တော်၌ လက္ခဏာတော်တပါး။)

(၁၆) လက်ျာရစ်လည်သော အရေးအကြောင်း မပေါက် မပြတ်သော ချက်တော်ရှိခြင်း (အစ္ဆိဒ္ဒနာဘိတာ)။

(၁၇) နက်သောချက်တော်ရှိခြင်း (ဂမ္ဘီရနာဘိတာ)။

(၁၈) လက်ျာရစ်လည်သော အရေးအကြောင်းရှိသော ချက် တော်ရှိခြင်း (ဒက္ခိဏာဝဋ္ဋနာဘိတာ)။ ။(ဤကား ချက်တော်၌ လက္ခဏာတော် သုံးပါးတို့တည်း။)

http://www.dhammadownload.com



(၁၉) ဆင်နှာမောင်းနှင့်တူသော ပေါင်တော် လက်ရုံးတော် ရှိခြင်း (ဒွိရဒကရသဒိသဥရုဘုဇတာ)။ ။(ဤကား ပေါင်တော် လက်ရုံးတော်၌ လက္ခဏာတော်တပါး။)

(၂၀) ကောင်းစွာဝေဘန်အပ်သော ကိုယ်တော်ရှိခြင်း(သုဝိဘတ္တဂတ္တတာ)။ ။(ကိုယ်တော်အနေအထားသန့်ရှင်းသည်ကိုဆိုသည်။)

(၂၁) အစဉ်အတိုင်း ရွေ့ရွေ့တက်သော ကိုယ်တော်ရှိခြင်း (အနုပုဗ္ဗဂတ္တတာ)။ ။(အထက်ပိုင်း အောက်ပိုင်း အဆင်ပြေသည်ကို ဆိုသည်။)

(၂၂) ပြေပြစ်သော ကိုယ်တော်ရှိခြင်း (မဋ္ဌဂတ္တတာ။)

(၂၃) မရှုံ့ကျမိုသော ကိုယ်တော်ရှိခြင်း (အနုဿန္နာနုဿန္နသဗ္ဗဂတ္တတာ။)

(၂၄) မတွန့်မလိပ်သောကိုယ်တော်ရှိခြင်း(အလီနဂတ္တတာ။)

(၂၅) မှဲ့ချေစသည်မှကင်းသော ကိုယ်တော်ရှိခြင်း (တိလကာဒိဝိရဟိတဂတ္တတာ။)

(၂၆) အစဉ်အတိုင်း ပြိုးပြိုးပြက်သောကိုယ်တော်ရှိခြင်း (အနုပုဗ္ဗ ရုစိရဂတ္တတာ။)

(၂၇) အထူးသဖြင့် စင်ကြယ်သော ကိုယ်တော်ရှိခြင်း (သုဝိသုဒ္ဓဂတ္တတာ)။ ။(နောက်၌ ကိုယ်တော်လက္ခဏာများ လာဦးမည်။)

(၂၈) ကုဋေတထောင်သော ကာဠာဝကဆင်တို့၏ အားကို ဆောင်နိုင်သော အားတော်ရှိခြင်း (ကောဋိသဟဿဟတ္ထိဗလဓာရဏတာ)။ ။(ဤကား ကာယဗလအားတော်၌ လက္ခဏာတပါးတည်း။)

(၂၉) ရွှေချွန်းအတူ မြင့်တက်သော နှာခေါင်းတော်ရှိခြင်း (တုင်္ဂနာသတာ)။ ။(နှာခေါင်းတော်၌ လက္ခဏာတော်တပါး။)

http://www.dhammadownload.com



(၃၀) အရွန်နီမြန်းသော သွားဖုံးသားတော်ရှိခြင်း (သုရတ္တ ဒွိဇမံသတာ)။ ။(ရတ္တဒွိဇမုခတာ = နီသောနှုတ်ခမ်းတော် ရှိခြင်းဟူ၍ သမန္တစက္ကုဒီပနီ၌ လာ၏)။ ။(သွားဖုံးသားတော်၌ လက္ခဏာတပါး။)

(၃၁) စင်ကြယ်သော သွားတော်ရှိခြင်း (သုဒ္ဓဒန္တတာ)။

(၃၂) သိမ်မွေ့ပြေပြစ်သော သွားတော်ရှိခြင်း (သိနိဒ္ဓဒန္တ-တာ)။ ။(သွားတော်၌ လက္ခဏာတော်နှစ်ပါး။)

(၃၃) စင်ကြယ်သော မျက်စိစသော ဣန္ဒြေရှိခြင်း (ဝိသုဒ္ဓိန္ဒြိ-ယတာ)။ ။(မျက်စိ, နား, နှာ, လျှာ, ကိုယ် ဣန္ဒြေတို့၌ လက္ခဏာတပါး။)

(၃၄) လုံးသော စွယ်တော်ရှိခြင်း (ဝဋ္ဋဒါဋ္ဌတာ)။ ။(စွယ်တော်၌ လက္ခဏာတပါး။)

(၃၅) နီမြန်းသော နှုတ်ခမ်းတော်ရှိခြင်း (ရတ္တောဋ္ဌတာ)။ ။(နှုတ်ခမ်းတော်၌ လက္ခဏာတပါး။)

(၃၆) ရှည်သောခံတွင်းတော်ရှိခြင်း(အာယတဝဒနတာ)။ ။(ခံတွင်းတော်၌ လက္ခဏာတပါး။)

(၃၇) နက်သော လက္ခဏာ အရေးအသား ရှိတော်မူခြင်း (ဂမ္ဘီရပါဏိလေခတာ)။

(၃၈) ရှည်သော လက္ခဏာ အရေးအသား ရှိတော်မူခြင်း (အာယတလေခတာ)။

(၃၉) မကွေ့မကောက်ဖြောင့်သော လက္ခဏာ အရေးအသား ရှိတော်မူခြင်း (ဥဇုလေခတာ)။

(၄၀) နှစ်လိုဖွယ်သော သဏ္ဍာန်ရှိသည့် လက္ခဏာ အရေး အသားရှိတော်မူခြင်း(သုရုစိရသဏ္ဍာနလေခတာ)။ ။(အရေးအသား လက္ခဏာကြောင်း၌ လက္ခဏာ လေးပါး။)

http://www.dhammadownload.com



(၄၁) ထက်ဝန်းကျင် ဝန်းဝိုင်းသော ကိုယ်တော်ရောင်ရှိခြင်း (ပရိမဏ္ဍလကာယပ္ပဘာဝဏ္ဏတာ)။ ။(ကိုယ်တော်ရောင်၌ လက္ခဏာတပါး။)

(၄၂) မြည့်ဖြိုးသော ပါးစောင် (ပါးမြင်) တော်ရှိခြင်း (မရိမုဏ္ဏကပေါလတာ)။ ။(ပါးတော်၌လက္ခဏာတပါး။)

(၄၃) ရှည်လျားပြန့်ကျယ်သော မျက်ကွင်းတော်မျက်လုံးတော်ရှိခြင်း (အာယတဝိသာလနေတ္တတာ)။

(၄၄) ငါးမျိုးသောအဆင်းဖြင့် အလွန်ကြည်လင်သော မျက်လုံးတော်ရှိခြင်း (ပဉ္စပသာဒဝဏ္ဏနေတ္တတာ)။ ။(မျက်လုံးတော်၌ လက္ခဏာနှစ်ပါး။)

(၄၅) အဖျား ညွတ်ညွတ်တက်သော မျက်တောင်မွေးတော်ရှိခြင်း (မျက်တောင်မွေးတော်၌ လက္ခဏာတပါး)။ ။( မျက်တောင်မွေးတော်များ အဖျား ကော့ရရော့ရှိသည်ကို ဆိုသည်။)

(၄၆) နူးညံ့ပါးလွှာ နီစွာသောလျှာတော်ရှိခြင်း (မုဒုတနုကရတ္တဇိဝှတာ)။ ။(ဤလက္ခဏာတော်အရ နူးညံ့ခြင်းကို လက္ခဏာတပါး, ပါးလွှာခြင်းကိုလက္ခဏာတပါး,နီမြန်းခြင်းကို လက္ခဏာတပါး ဤသို့ သုံးပါးယူလိုကြောင်းနှင့် ဆရာတို့ကား နူးညံ့ခြင်းကို လက္ခဏာတပါး, ပါးလွှာခြင်းကို လက္ခဏာတပါး ဤသို့နှစ်ပါးသာယူကြကြောင်း သမန္တစက္ခုဒီပနီ ပဌမအုပ် မျက်နှာ ၂၅၄-၌ ဆိုသည်၊ ဤကျမ်း၌ကား ဇိနာလင်္ကာရဋီကာ အဆိုအတိုင်း လက္ခဏာတပါးသာဆိုသည်။ လျှာတော်၌ လက္ခဏာတပါး။)

(၄၇) ရှည်လျားတင့်တယ် နှစ်လို့ဖွယ်သော နားတော်ရှိခြင်း (အာယတရုစိရကဏ္ဏတာ)။ ။(ဤ၌လည်း လက္ခဏာတော် နှစ်ပါးယူကြသည်)။ ။(နားတော်၌ လက္ခဏာတပါး။)

http://www.dhammadownload.com



(၄၈) ထွက်သမြွတ်ခေါ်သည့် အဖုအထစ် အထုံးအဖွဲ့ကင်းသည့် အကြောတော်ရှိခြင်း (အကြောများထုံးဖုနေခြင်း မရှိသည်ကိုဆိုသည်) (နိဂ္ဂဏ္ဌိသိရတာ)။

(၄၉) မရှိုက်မမိုသော (=မထင်ရှားသော) အကြောတော်ရှိခြင်း (အကြောပေါ်ပေါ် မပေါ်သည်ကို ဆိုသည်) (နိဂ္ဂူဠ္ဟသိရတာ)။ ။(အကြောတော်၌ လက္ခဏာ နှစ်ပါး။)

(၅၀) လုံးဝန်းသော ထီးဝန်းသဖွယ် တင့်တယ်သော ဦးခေါင်းတော်ရှိခြင်း (ဝဋ္ဋဆတ္တနိဘစာရုသီသတာ)။ ။(ဦးခေါင်းတော်၌ လက္ခဏာတပါး။)

(၅၁) ရှည်လျားပြန့်ကျယ် တင့်တယ်သောနဖူးတော် ရှိခြင်း (အာယတပုထုနလာဋသောဘတာ)။ ။(နဖူးပြင်တော်၌ လက္ခဏာတော်တပါး။)

(၅၂) ပြုပြင်ရန်မလိုပင်ကိုယ်တင့်စံ သဏ္ဌာန်(=တည်နေဟန်) လှပသည့် မျက်မှောင်မျက်ခုန်းတော်ရှိခြင်း (သုသဏ္ဌာနဘမုကတာ)။

(၅၃) နူးညံ့သိမ်မွေ့သော မျက်မှောင် မျက်ခုန်းတော်ရှိခြင်း (သဏှဘမုကတာ)။

(၅၄) ညွတ်ညွတ်တက်သော မျက်မှောင် မျက်ခုန်းတော်ရှိခြင်း (အနုလောမဘမုကတာ)။

(၅၅) ကြီးသောမျက်မှောင် မျက်ခုန်းတော်ရှိခြင်း (မဟန္တဘမုကတာ)။

(၅၆) ရှည်သွယ်သော မျက်မှောင် မျက်ခုန်းတော်ရှိခြင်း (အာယတဘမုကတာ)။ ။(မျက်မှောင် မျက်ခုန်းတော်၌ လက္ခဏာငါးပါး။)

(၅၇) သိမ်မွေ့သော ကိုယ်တော်ရှိခြင်း (သုကုမာလဂတ္တတာ)။

http://www.dhammadownload.com



(၅၈) အလွန်ချမ်းအေးသော ကိုယ်တော်ရှိခြင်း (အတိဝိယ-
သောမ္မဂတ္တတာ)။

(၅၉) အလွန်ထွန်းပသော ကိုယ်တော်ရှိခြင်း (အတိဝိယ-
ဥဇ္ဇလိတဂတ္တတာ)။

(၆၀) အညစ်အကြေးကင်းသော ကိုယ်တော်ရှိခြင်း (ကြေး
ညှော်မရှိသည်ကို ဆိုသည်) (ဝိမလဂတ္တတာ)။

(၆၁) မစေးသော ကိုယ်တော်ရှိခြင်း (ကိုယ်တော်အရေ
အသားအခါခပ်သိမ်း သွက်လက်နေသည်ကို ဆိုသည်)
(ကောမလဂတ္တတာ)။

(၆၂) သိမ်မွေ့ပြေပြစ်သော ကိုယ်တော်ရှိခြင်း (သိနိဒ္ဓ-
ဂတ္တတာ)။

(၆၃) မွှေးကြိုင်သော ကိုယ်တော်ရှိခြင်း(သုဂန္ဓတနုတာ)။ ။
(ရှေး ၂၀-မှ ၂၇-တိုင် လက္ခဏာတော် ရှစ်ပါးနှင့်
ပေါင်း၍ ကိုယ်တော်၌ လက္ခဏာ တဆယ့်ငါးပါး။)

(၆၄) ညီညွတ်သော မွေးညှင်းတော်ရှိခြင်း (အတိုအရှည်
နှစ်ထွေမပြားသည်ကို ဆိုသည်) (သမလောမတာ)။

(၆၅) မစေးသော မွေးညှင်းတော်ရှိခြင်း (ကောမလ-
လောမတာ)။

(၆၆) မွေးညှင်းတိုင်း မွေးညှင်းတိုင်း လက်ျာရစ်လည်၍ တည်
ရှိခြင်း (ဒက္ခိဏာဝဋ္ဋလောမတာ)။

(၆၇) ကွဲပြတ်သော မျက်စဉ်းခဲတ်ကျောက်နှင့် တူသည့်
ညိုသော မွေးညှင်းတော်ရှိခြင်း (ဘိန္နဥ္ဇနသဒိသနီလ-
လောမတာ)။ ။(သမန္တစက္ကုဒီပနီ၌ ပေါက်သော
ရွှေတောင်အသရေကဲ့သို့ ဦးခေါင်းတော်၌ရောက်သော
ညိုသောမွေးညှင်းတော်ရှိသော အဖြစ်ဟု ဆို၏။)

(၆၈) လုံးသော မွေးညှင်းတော်ရှိခြင်း (ဝဋ္ဋလောမတာ)။

http://www.dhammadownload.com



(၆၉) သိမ်မွေ့သော မွေးညှင်းတော်ရှိခြင်း (သိနိဒ္ဓလောမ-တာ)။ ။(မွေးညှင်းတော်၌ လက္ခဏာခြောက်ပါး)။

(၇၀) အလွန်သိမ်မွေ့သောထွက်သက်ဝင်သက်ကို ဆောင်ခြင်း (အတိသုခုမ အဿာသပဿာသဓာရဏတာ)။ ။(ထွက်လေ ဝင်လေတို့ အလွန် သိမ်မွေ့သည်ကို ဆိုသည်။) ။(ထွက်လေဝင်လေ၌ လက္ခဏာတပါး။)

(၇၁) မွှေးကြိုင်သော ခံတွင်းတော်ရှိခြင်း(သုဂန္ဓမုခတာ)။ ။(ခံတွင်းတော်၏ ဂုဏ်လက္ခဏာတပါး။)

(၇၂) မွှေးကြိုင်သော ဦးထိပ်တော်ရှိခြင်း (သုဂန္ဓမုဒ္ဓန-တာ)။ ။(ဦးထိပ်တော်၌ ဂုဏ်လက္ခဏာတပါး။)

(၇၃) အလွန်မည်းနက်သော ဆံတော်ရှိခြင်း (သုနီလ-ကေသတာ)။

(၇၄) လက်ျာရစ်လည်သော ဆံတော်ရှိခြင်း (ဒက္ခိဏာဝဋ္ဋ-ကေသတာ)။

(၇၅) ပင်ကိုယ်တင့်စံ တည်နေဟန်ကောင်းသော ဆံတော်ရှိခြင်း (သုသဏ္ဌာနကေသတာ)။

(၇၆) သိမ်မွေ့နူးညံ့သော ဆံတော်ရှိခြင်း (သိနိဒ္ဓကေသတာ သဏှကေသတာ။)

(၇၇) မရောယှက်သော ဆံတော်ရှိခြင်း (အလုဠိတကေသ-တာ)။

(၇၈) အတိုအရှည် နှစ်မည်မပြား တူမျှသော ဆံတော်ရှိခြင်း (သမကေသတာ)။ ။(အခြားသူတို့၏ ဆံများ အတိုအရှည် နှစ်မျိုးပင်ရောလျက် ပေါက်ရောက်သည်၊ ဘုရားလောင်းတော်မှာ ထိုကဲ့သို့ မဟုတ်ဟု ဆိုလိုသည်။)

(၇၉) မဝေးမထိုင်းသော ဆံတော်ရှိခြင်း (ကောမလ-ကေသတာ)။ ။(ဆံတော်၌ လက္ခဏာ ခုနစ်ပါး။)

http://www.dhammadownload.com



(၁၀) ဦးထိပ်တော်၌ တည်ရှိထွန်းတောက်နေသော ရောင်လျှံဘော်အစုကို ကေတုမာလာရောင်လျှံတော်ဟု ခေါ်သည်၊ ထိုကေတုမာလာရောင်လျှံတော်ဖြင့် ဆန်းကြယ်တော်မူခြင်း (ကေတုမာလာဒရတနပိဠိတ္တတာ)။ ။ (ရောင်လျှံတော်၌ လက္ခဏာတပါး။)

အလောင်းတော်သူမြတ်သည် ပြဆိုအပ်ပြီးသော လက္ခဏာတော်ငယ် ရှစ်ဆယ်တို့ကိုလည်း ရတော်မူ၏။ ။(ဤလက္ခဏာတော်ငယ် ရှစ်ဆယ်ကို ပြဆိုချက်မှာ ဇိနာလင်္ကာရဋီကာအတိုင်း ပြဆိုခြင်းဖြစ်သည်။)

### သတပုညလက္ခဏာတော်

ပြဆိုအပ်ပြီးသော လက္ခဏာတော်ကြီးငယ် အသွယ်သွယ်တို့ကို သတပုညလက္ခဏာတော်များဟူ၍လည်း ခေါ်ဆိုအပ်ကုန်၏၊ အနန္တစကြဝဠာ ကမ္ဘာလောကဓာတ်တို့၌ ခပ်သိမ်းသော သတ္တဝါတို့ တမျိုးတမျိုးသော ကောင်းမှုကုသိုလ်ကို အကြိမ်များစွာ ပြုလုပ်၍ ပေါင်းစုရေတွက်အပ်သော ကောင်းမှုကုသိုလ် တမျိုးတမျိုးကိုပင် အလောင်းတော်သူမြတ် တဦးတည်းက အပြန်တရာ ပြုလုပ်အားထုတ်တော်မူအပ်သည်၊ ထိုအလောင်းတော်၏ ကောင်းမှုကုသိုလ်တော်ကို သတပုညခေါ်ဆို၍ ထိုသတပုည ကောင်းမှုကုသိုလ်တော်တို့ကြောင့် ဖော်ပြအပ်ပြီးသော လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး လက္ခဏာတော်ငယ် ရှစ်ဆယ်တည်းဟူသော အကျိုးကို ရတော်မူသည်ဟု ဆိုလိုသည်။

### သိဒ္ဓတ္ထဟု အမည်တော်မှည့်ခြင်း

ဤသို့အားဖြင့် ပုဏ္ဏားပညာရှိတို့သည် အလောင်းတော်သူမြတ်၏ လက္ခဏာတော်ကြီးငယ်တို့ကို စိစစ်စေ့ငုကြည့်ရှုဆင်ခြင်ကြပြီးလျှင် "ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟု နိမိတ်ဖတ်ကြားလျှောက်ထားကြပြီးနောက် အလောင်းတော်မင်းသား၏ အမည်တော်ကို မှည့်ခေါ်သမုတ်ရန် ကြံစည်တိုင်ပင် ဆင်ခြင်ကြကုန်သည်ရှိသော် အလုံးစုံသော လောက၏ အကျိုးစီးပွါး ပြီးစီး

http://www.dhammadownload.com



အောင်မြောက်အောင် ရွက်ဆောင်တော်မူမည့် အကြောင်းနိမိတ် ဖျူးပွတ်ဟိတ်ကို အစွဲပြုကြကာ "သိဒ္ဓတ္ထ"ဟူသော အမည်ကို မှည့်ခေါ်သမုတ်ကြကုန်၏။

### ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့အကြောင်း

(ဤအရာ၌ အရှင်ကောဏ္ဍည အမှူးပြုသော ပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့၏ အကြောင်းအရာနှင့်စပ်၍ သာရတ္ထ-ဒီပနီဋီကာ ဖွင့်ဆိုပုံနှင့် ဇာတ်အဋ္ဌကထာ, ဗုဒ္ဓဝံသအဋ္ဌ-ကထာတို့ ဖွင့်ဆိုပုံ မတူညီကြသဖြင့် ထိုဋီကာ အဋ္ဌကထာ တို့ ဖွင့်ဆိုသည့်အတိုင်း ပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့၏ အကြောင်းကို ကြားညှပ်၍ ပြဆိုဦးအံ့။)

### သာရတ္ထဒီပနီဋီကာ အဆို

အလောင်းတော် မင်းသား ဖွားမြင်သောကာလ လက္ခဏာဖတ် လက်ရွေးစင် ပညာရှိဖြစ်ကြသော ရာမ ပုဏ္ဏား, ဓဇပုဏ္ဏား, လက္ခဏပုဏ္ဏား, မန္တီပုဏ္ဏား, ကောဏ္ဍညပုဏ္ဏား, ဘောဇပုဏ္ဏား, သုယာမပုဏ္ဏား, သုဒတ္တ ပုဏ္ဏား ဟူသော ဤပုဏ္ဏား ပညာရှိ ရှစ်ယောက်တို့တွင် ကောဏ္ဍညအစရှိသော ငါးယောက်သောပညာရှိ ပုဏ္ဏား တို့သည် "ကေန်ပင် အလောင်းမင်းသားသည် ဘုရား စင်စစ် ဖြစ်လိမ့်မည်"ဟု ဟောကြားကြပြီးလျှင် လက္ခဏာ ဖတ်ပွဲသဘင်မှ မိမိတို့ရရှိသော ဆုလာဘ်များကို ဆွေမျိုးတို့ အား ပေးအပ်နှင်းကြပြီးသော် "ဤယောက်ျားမြတ် အလောင်း မင်းသားသည် အိမ်ရာတည်ထောင် လူ့ဘောင်၌ နေမည် မဟုတ်၊ ကေန်ပင် ဘုရားဖြစ်လိမ့်မည်"ဟု ယုံမှားမရှိ ဆုံးဖြတ်ပြီး ဖြစ်ကြသည့်အတိုင်း ဘုရားအလောင်းတော် ကို ရည်ညွှန်းကာ ရဟန်းပြုနှင့်ကြလေသည်၊ ထိုပုဏ္ဏားတို့ သည် ငယ်စဉ်ကပင် များစွာသော ဗေဒင်ကျမ်းတို့ကို တတ်သိကြကုန်သည်၊ ထို့ကြောင့် ထိုပုဏ္ဏားတို့ကို အခြား ပုဏ္ဏားတို့က ငယ်စဉ်ကပင် ဆရာ့အရာ၌ အထားခံကြရ ကုန်သည်၊ ထိုငါးဦးသား ပုဏ္ဏားပညာရှိ လုလင်တို့သည်

http://www.dhammadownload.com



"ငါတို့ အိမ်ထောင်ကျပြီးသည်မှ နောက်ကာလ၌ ဆိုလျှင် သားမယား အနှောင်အဖွဲ့ကို ဖြတ်တောက်၍ ရဟန်းပြုနိုင်ကြမည်မဟုတ်၊ စောစီးကပင် ရဟန်းပြုနှင့်ကုန်အံ့"ဟု တိုင်ပင်ညီညွတ်ကြ၍ အလောင်းတော်မင်းသားကို နိမိတ်ဖတ်ပြီးစ အသက်အရွယ်ငယ်စဉ်ကပင် အလောင်းတော်ကို ရည်ညွှန်း၍ ရဟန်းပြုကြပြီးလျှင် မွေလျော်ဖွယ်ကောင်းသည့် တောကျောင်းများကို မှီဝဲသုံးဆောင် နေထိုင်ကြလျက် ရံဖန်ရံဖန် လူအများကို "အမောင်တို့....အလောင်းမင်းသားသည် တောထွက်တော်မူပြီလား"ဟု မေးကြကုန်၏၊ လူအပေါင်းတို့က "အသင်တို့သည် အလောင်းမင်းသား တောထွက်သည်ကို အဘယ်မှာ မြင်နိုင်ကုန်အံ့နည်း၊ အလောင်းမင်းသားသည် နန်းပြာသာဒ်သုံးဆောင်၌ ကခြေသည်အပေါင်း မောင်းမ မိဿံတို့အလယ်၌ နတ်သားသဖွယ် ကြီးကျယ်သော ထီးနန်းစည်းစိမ်ကို ခံစားတော်မူနေသည်"ဟု ပြောဆိုကြသောအခါ ထိုပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့သည် "အလောင်းမင်းသား၏ ဉာဏ်တော် မရင့်ကျက်သေး"ဟု ဆင်ခြင်ကြပြီးလျှင် အပ္ပေါ်သုက္က ကြောင့်ကြမဲ့သော အလောင်းတော် တောထွက်မည့် အချိန်ကို စောင့်မျှော်၍ နေကြကုန်၏။ ။(ဤကား ဝိနည်းသာရတ္ထဒီပနီဋီကာ၊ တတိယအုပ်၊ စာမျက်နှာ ၁၆၂-၌ ဖွင့်ဆိုပုံတည်း။)

**ပုဗ္ဗဝင်အဋ္ဌကထာ, ဇာတ်အဋ္ဌကထာတို့ အဆို**

အလောင်းတော် မင်းသားအား သိဒ္ဓတ္ထ ဟူသော အမည်တော် မှည့်ကြပြီးသောအခါ ထိုလက်ရွေးစင်ပညာရှိ ပုဏ္ဏားတော်ရှစ်ဦးတို့သည် မိမိတို့အိမ်သို့ ပြန်သွားကြပြီးသော် မိမိတို့သားများကို အနီးသို့ခေါ်၍ "ချစ်သားတို့.... ငါတို့ကား အသက်အရွယ် အိုမင်း ကြီးရင့်ကြကုန်ပြီ၊ ယခု ငါတို့၏အရှင် သုဒ္ဓေါဒနမင်းကြီး၏ သားတော် သိဒ္ဓတ္ထ မင်းသားသည်ကား ဘုရားစင်စစ် ဖြစ်ပေလိမ့်မည်၊ သိဒ္ဓတ္ထ

http://www.dhammadownload.com



မင်းသား သမ္ဗုဒ္ဓမြတ်စွာဘုရား အဖြစ်သို့ ရောက်တော်မူသည်ကို ငါတို့မှီမည် မမှီမည် ကေန်အမှန် မသိနိုင်ကုန်၊ ချစ်သားတို့သည် ထို သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်သောအခါ ထိုမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုကြလေကုန်”ဟု မှာကြားပြောဆိုကြကုန်၏။

ထိုပုဏ္ဏားမည်သာရှိ ရှစ်ဦးတို့အနက် ကောဏ္ဍညပုဏ္ဏားမှ တပါး ကျန်ခုနစ်ဦးသောပုဏ္ဏားတို့သည် အသက်အတိုင်း တည်နေကြ၍ အလောင်းမင်းသား တောထွက်တော်မမူခင်ကပင် စုတေကြ၍ ကံအားလျော်စွာ လားရောက်ကြကုန်၏၊ ကောဏ္ဍညလုလင် တယောက်သာ အနာကမ်းစွာ ကျန်ရှိရစ်လေသည်၊ ထို ကောဏ္ဍညသည်လည်း အလောင်းတော်မင်းသား အရွယ်ကြီးခြင်းသို့ ရောက်၍ တောထွက်တော်မူပြီးလျှင် ဥရုဝေလတောအုပ်သို့ သွား၍ “ဤမြေ အရပ်သည်ကား မွေ့လျော်ဖွယ်ရှိမေစွ၊ မဝေးကအလုပ် အားထုတ်လိုသော အမျိုးကောင်း သားအားကမ္မဋ္ဌာန်းတရား ပွါးများအားထုတ်ရန် လျော်ကန်သင့်မြတ်လှပေ၏”ဟု ကြံတော်မူ၍ ထိုဥရုဝေလတောအုပ်၌ အလောင်းတော်သူမြတ် ဒုက္ကရစရိယာ ကျင့်ကြံအားထုတ်နေတော်မူသည်ရှိသော် “အလောင်းတော် မင်းသား ရဟန်းပြုပြီ”ဟူသော သတင်းစကားကို ကြား၍ ထို ကွယ်လွန်ပြီးသော ပုဏ္ဏားခုနစ်ဦးတို့၏ သားတို့ထံသို့ သွားရောက်ပြီးလျှင် “အမောင်တို့....သိဒ္ဓတ္ထမင်းသားသည် ရဟန်းပြုပြီတဲ့၊ ထို သိဒ္ဓတ္ထမင်းသားသည် ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်၊ အမောင်တို့၏ဖခင်များ အသက်ထင်ရှား ရှိနေကြပါမူ ယနေ့ပင် တောထွက်၍ ရဟန်းပြုကြပေလိမ့်မည်၊ အမောင်တို့သည် အကယ်၍ ရဟန်းပြုလိုကုန်ငြားအံ့၊ လာကြကုန်၊ ငါသည် ထို အလောင်းတော်ယောက်ျားမြတ်နောက်သို့ လိုက်၍ ရဟန်းပြုပေအံ့”ဟု ပြောဆိုလေ၏၊ ထို ပုဏ္ဏားသား ခုနစ်ယောက်တို့တွင်

http://www.dhammadownload.com



သုံးယောက်တို့ကား ရဟန်းပြုရန် သဘောမတူကြသဖြင့် ရဟန်းမပြုကြပေ၊ လေးယောက်တို့ကသာ သဘောတူညီကြ၍ ကောဏ္ဍညပုဏ္ဏားကို အကြီးအကဲ ရွေးသွားပြုကာ ရဟန်းပြုကြကုန်၏၊ ထိုငါးဦးသော သူတို့သည် ပဥ္စဝဂ္ဂီ မထေရ်တို့ဟူ၍ ထင်ရှားဖြစ်ပေါ်ကြကုန်၏။ ။(ဤကား ဇာတ်အဋ္ဌကထာနှင့်ဗုဒ္ဓဝင်အဋ္ဌကထာတို့ဖွင့်ဆိုပုံတည်း။)

**အလောင်းမင်းသား နိမိတ်ကြီးလေးပါးကို မမြင်ရန် သုဒ္ဓေါဒနမင်းကြီး အစောင့်အနေ ချထားခြင်း**

ထိုသို့နိမိတ်ဖတ်ကြားစေသောအခါ၌ သုဒ္ဓေါဒနမင်းကြီးသည် “သားတော် တောထွက်၍ ရဟန်းပြုလတံ့”ဟူ၍ ပုဏ္ဏားတော်တို့ နိမိတ်ဖတ်ကြား လျှောက်ထားချက် စကားကို ကြားတော်မူရသဖြင့် “ငါ၏သားတော်သည် အဘယ်အရာကိုမြင်သဖြင့် တောထွက်လိမ့်မည်နည်း”ဟု မေးမြန်းတော်မူသည်တွင် ပုဏ္ဏားတော်တို့သည်လည်း “အရှင်မင်းကြီး၏ သားတော်သည် သူအို,သူနာ, သူသေ,ရဟန်း ဤနိမိတ်ကြီးလေးမျိုးတို့ကို မြင်ရသဖြင့် တောထွက်၍ ရဟန်းပြုလိမ့်မည်”ဟု တညီတညွတ်တည်း လျှောက်ထားကြကုန်၏။

သုဒ္ဓေါဒနမင်းကြီးသည် ပုဏ္ဏားတို့လျှောက်ဆိုသောစကားကို ကြားသိတော်မူရသဖြင့် “ငါ၏ သားတော်သည် ထိုနိမိတ်ကြီးလေးမျိုးတို့ကိုမြင်၍ တောထွက်လိမ့်မည်ဖြစ်လျှင် ဤယခုအချိန်မှစ၍ တောထွက်ရန် ထိတ်လန့်မှုသံဝေဂတရား ဖြစ်ပွါးစေမည့် ထိုသူအို,သူနာ,ရဟန်းတို့ ငါ၏သားတော်ထံ ဝင်ထွက် သွားလာခွင့် မပြုကြကုန်လင့်၊ ငါ၏သားတော် ဘုရားဖြစ်သည်ကို ငါအလိုမရှိ၊ ကျွန်းငယ်နှစ်ထောင် အခြံအရံရှိသော ကျွန်းကြီးလေးကျွန်းတို့ကို အစိုးရသည် စကြာဝတေးမင်းအဖြစ်ကိုပြုလျက် သုံးဆယ့်ခြောက် ယူဇနာ အဝန်းအဝိုင်းရှိသော ပရိသတ်တို့ဖြင့် ခြံရံကာ စကြာ ရတနာဖြင့် အာကာမိုးပြင် ကောင်းကင်အရပ်၌ လှည့်ပတ်စံပယ် သည်ကိုသာ ငါမြင်လို၏”ဟု မိန့်ဆိုတော်မူ၍ ထို သူအို,သူနာ, သူသေ,ရဟန်းတို့ အလောင်းတော်မင်းသား မြင်လောက်သည့်

http://www.dhammadownload.com



အရပ်အတွင်းသို့ မလာရောက်နိုင်ရန် အရပ်လေးမျက်နှာတပိုက် တဂါဝုတ် တဂါဝုတ်ခန့်ရှိသော အရပ်၌ လုံခြုံလောက်သော အစောင့်အရှောက်တို့ကို စီရင်ခန့်ထားတော်မူ၏။

ထိုနေ့ အလောင်းတော်မင်းသား ဦးခေါင်းဆေး မင်္ဂလာ သဘင် ဆင်ယင်ရာ အခမ်းအနား၌ စည်းဝေးရောက်လာကြသော ဆွေတော်ရှစ်သောင်းမျိုးတော်ပေါင်းတို့သည် "ဤမင်းသားသည် ဘုရားပင် ဖြစ်သည်ဖြစ်စေ စကြဝတေးမင်းပင် ဖြစ်သည်ဖြစ်စေ ငါတို့သည် ဤမင်းသား၏ အခြံအရံဖြစ်ပါစိမ့်သောငှါ တယောက် စီ တယောက်စီသော သားကို ပေးကြကုန်အံ့၊ အကယ်၍ ဘုရား ဖြစ်လျှင်လည်း မင်းသားရဟန်းအပေါင်းခြံရံလျက် တင့်တယ်စွာ သွားလာလှည့်လည်တော်မူရပေလိမ့်မည်၊ အကယ်၍ စကြဝတေး မင်းဖြစ်လျှင်လည်း မင်းသားရှစ်သောင်းခြံရံလျက် တင့်တယ်စွာ သွားလာ လှည့်လည်တော်မူရပေလိမ့်မည်"ဟု တိုင်ပင်ညီညွတ် ကြ၍ တဦးတဦးလျှင် တယောက်စီ တယောက်စီသော သားကို ဆောင်နှင်းပေးအပ်ကြရန် ဝန်ခံစကား ပြောကြားကြကုန်၏။

### မယ်တော် မဟာမာယာဒေဝီ နတ်ရွာစံ၍ တုသိတာနတ်ပြည်၌ ဖြစ်ခြင်း

အလောင်းတော်မင်းသားကို ဖွားမြင်တော်မူပြီးနောက် ခုနစ် ရက်မြောက် ရောက်လတ်သောအခါ မယ်တော် မဟာမာယာ ဒေဝီသည် မိမိ၏ သေလွန်ရအံ့သော ကာလအပိုင်းအခြားသို့ ရောက်လတ်ပြီ ဖြစ်ရကား စုတိပြတ်ကြွေ သေလွန်ခဲ့ ပြီးလျှင် တုသိတာ နတ်ပြည်၌"သန္တုဿိတ"အမည်ရှိသော နတ်သား ဖြစ် လေ၏။

(ဤသို့ အလောင်းမင်းသားကို ဖွားမြင်ရခြင်းဟူသော အကြောင်း ကြောင့် မယ်တော် မဟာမာယာဒေဝီ နတ်ရွာစံခြင်းမဟုတ်၊ အသက် တမ်းရှိန် ကုန်ချိန်ရောက်၍သာ နတ်ရွာစံခြင်းဖြစ်သည်။) အလောင်း တော် ဒေတကေတုနတ်သား ကြည့်ခြင်းကြီးငါးပါးကို ကြည့်တော်မူ စဉ်ကပင် မယ်တော် မဟာမာယာဒေဝီ၏ အသက်တမ်းမှာ ဆယ်လနှင့် ခုနစ်ရက်သာ အသက်ကြွင်းရှိတော့သည်ကို ပြန်လည်စဉ်းစား ဆင်ခြင်

http://www.dhammadownload.com



ရာ၏။) ဘုရားအလောင်းတော် သန္ဓေတည်ကိန်းရာ ဝမ်းကြာတိုက်သည် ဘုရားစေတီကိန်းစံရာ ဂန္ဓကုဋိတိုက်ကဲ့သို့ပင် အခြားသူတို့ သုံးဆောင်ခြင်းငှါ မထိုက်တော့ပေ၊ ဘုရားအလောင်း၏မယ်တော် အသက်ထင်ရှား ရှိနေပါလျက် ဘုရားအလောင်း၏ မယ်တော်ကို ပယ်ရှား၍ အခြားတပါးသော မိန်းမကို မိဖုရားခေါင်ကြီးအရာ၌ ခန့်ထားခြင်းငှါလည်း မထိုက်ပေ၊ သို့ဖြစ်၍ ထိုမျှ အလောင်းတော်ကို ဖွားပြီးနောက် ခုနစ်ရက်တိုင်ရုံသာ ဘုရားလောင်း မယ်တော်၏ အသက်ကြွင်းရှိရမြဲ ဓမ္မတာဖြစ်သည်၊ ထို့ကြောင့် ထိုအချိန်မှာ မယ်တော်နတ်ရွာစံလေသည်။)

### မယ်တော်မာယာ နတ်ရွာစံသော အရွယ်

မယ်တော်မာယာသည် အဘယ်အရွယ်၌ နတ်ရွာစံသနည်းဟူမူ....မဇ္ဈိမအရွယ်၌ နတ်ရွာစံသည်၊ ရှုဦးအံ့....ပဌမအရွယ်၌ သတ္တဝါတို့၏ ကိုယ်ခန္ဓာအတ္တဘောဝယ် ဆန္ဒရာဂ ထုပြောများပြားသောကြောင့် ထိုပဌမအရွယ်အခါ၌ ကိုယ်ဝန်စွဲကပ်သော မိန်းမသည် ကိုယ်ဝန်ကို ကောင်းစွာမစောင့်ရှောက်နိုင်ပေ၊ သို့ဖြင့် ထိုအချိန်၌ စွဲကပ်ရောက်ရှိသော ကိုယ်ဝန်သားသည် အနာရောဂါများပြားတတ်လေသည်၊ မဇ္ဈိမအရွယ်ကို သုံးပုံပြု၍ နှစ်ပုံကို လွန်မြောက် သုံးပုံအချိန်သို့ရောက်သောကာလ၌ အမိဝမ်းတိုက်တည်းဟူသော ဝတ္ထုအိမ်သည် သန့်ရှင်း၍နေ၏၊ ထိုသို့ သန့်ရှင်းသောဝတ္ထုအိမ်၌ ဖြစ်ပွါးရသော သူငယ်များသည် **အနာရောဂါ** ကင်းရှင်းကြကုန်၏၊ ထို့ကြောင့် ဘုရားအလောင်း၏ မယ်တော်သည်လည်း ပဌမအရွယ်၌ ထီးနန်းစည်းစိမ်ကို ခံစံပြီးမှ မဇ္ဈိမအရွယ်၏ သုံးပုံတို့အနက် တတိယအပုံသို့ ရောက်သောကာလအလောင်းမင်းသားကို မွေးဖွား၍ နတ်ရွာစံလေသည်။ ။(ဒီ-ဋ္ဌ ၂၊ စာမျက်နှာ ၂၉-ဓမ္မတာအဖွင့်မှ။)

ဤအဋ္ဌကထာဖွင့်ပြချက်ကို အတိအကျရေတွက်၍ ရှေးဆရာကျော်တို့—**ဆပညာသ၊ ငါးမာသဝယ်၊ သုံးရက်ပယ်၊ အကာမီမတွက်၊ မယ်တော်သက်**-ဟူ၍ ငါးဆယ့်ခြောက်နှစ်နှင့် လေးလနှစ်ဆယ့်ခုနစ်ရက် အသက်ရောက်သောအခါ မယ်တော်မာယာ နတ်ရွာစံကြောင်း ဖွဲ့ဆိုတော်မူကြသည်။ ၎င်းပြင်—

http://www.dhammadownload.com



**နှစ်နှင့်ရက်ဝယ်၊ ကော်သတ်ပယ်၊ လဝယ်ခွေ့ထွက်၊ သန္ဓေသက်-** ဟူ၍ မယ်တော်မာယာသည် ငါးဆယ့်ငါးနှစ် ခြောက်လ အရက် နှစ်ဆယ်ရှိသောကာလ အလောင်းတော်ကို သန္ဓေစွဲယူကြောင်း ဖွဲ့ဆိုတော်မူကြသည်။

အဓိပ္ပါယ်အကျဉ်းမျှ ရှင်းပြဦးအံ့···· မယ်တော်မာယာ လူဖြစ်သည့် အနှစ်တရာတမ်းကို သုံးစုပြုသော် ပဌမအရွယ် သုံးဆယ့်သုံးနှစ် လေးလ, မဇ္ဈိမအရွယ် သုံးဆယ့်သုံးနှစ်လေးလ, ပစ္ဆိမအရွယ် သုံးဆယ့်သုံးနှစ်လေးလ အသီးသီးရှိရာ ပဌမအရွယ် သုံးဆယ့်သုံးနှစ်လေးလ၌ စည်းစိမ်ခံစား၍ မဇ္ဈိမအရွယ် သုံးဆယ့်သုံးနှစ်လေးလကို သုံးစုသုံးပုံပြုသော် ပဌမအစုအပုံ တဆယ့်တနှစ် တလနှင့်ဆယ်ရက်၊ ဒုတိယအစုအပုံ တဆယ့်တနှစ် တလနှင့် ဆယ်ရက်၊ တတိယအစုအပုံ တဆယ့်တနှစ် တလနှင့် ဆယ်ရက် အစုအပုံကျရှိသည်တွင် ပဌမအစုအပုံနှင့် ဒုတိယအစုအပုံ နှစ်ရပ် ပေါင်းလျှင် နှစ်ဆယ့်နှစ်နှစ် နှစ်လ အရက်နှစ်ဆယ်ရသည်၊ ထိုကို ပဌမအရွယ် သုံးဆယ့်သုံးနှစ်လေးလနှင့် ပေါင်းပြန်သော် ငါးဆယ့်ငါးနှစ်နှင့်ခြောက်လ အရက်နှစ်ဆယ်ရ၏၊ ထိုအခါ မယ်တော်သည် ဘုရားလောင်းကို ပဋိသန္ဓေယူ၏၊ ၊ထို့ကြောင့်— **နှစ်နှင့်ရက်ဝယ်၊ ကော်သတ်ပယ်၊ လဝယ်ခွေ့ထွက်၊ သန္ဓေသက်-** ဟူ၍ ဖွဲ့ဆိုလေသည်။

ဤ ငါးဆယ့်ငါးနှစ်နှင့် ခြောက်လ အရက်နှစ်ဆယ်ထဲတွင် (အလောင်းတော်ပဋိသန္ဓေနေသည့်)ဆယ်လလည်းလောင်းစွက်, ဖွားမြင်ပြီးနောက် ခုနစ်ရက်ကိုလည်း လောင်းစွက်သော် (မယ်တော်မာယာနတ်ရွာစံချိန်အရွယ်) ငါးဆယ့်ခြောက်နှစ်နှင့်လေးလ အရက်နှစ်ဆယ့်ခုနစ်ရက်ရှိသည်၊ ၊ဤကို ရည်၍—**ဆဝဉာသ၊ ငါးမာသဝယ်၊ သုံးရက်ပယ်၊ အကယ်မယွက်၊ မယ်တော်သက်-** ဟူ၍ ဖွဲ့ဆိုလေသည်။ (ဤ အကြောင်းအရာ အဓိပ္ပါယ်အကျယ်ကို သမန္တစက္ခုဒီပနီကျမ်း ပဌမအုပ် 'သုမေဓဝတ္ထု' စာမျက်နှာ ၁၁၃+၁၁၄-တို့၌ ရှုရာ၏။)

http://www.dhammadownload.com



**မယ်တော်မာယာသည် နတ်သမီးဖြစ်သည် နတ်သားဖြစ်သည်ကို ပြဆိုချက်**

မယ်တော်မာယာသည် တုသိတာနတ်ပြည်၌ နတ်သား ဖြစ်သလော၊ နတ်သမီးဖြစ်သလော ဟု တွေးတောကြံဆ သံသယ စွဲငုတ် ပြုလုပ်ပြောဆိုကြရာတွင် **နတ်သားဖြစ်သည်** ဟူ၍ ယုံမှား မရှိ မှတ်ယူရာ၏။

၌အရာ၌ ဆရာအချို့တို့က "မာတရံ ပမုခံ ကတွာ" အစ ရှိသော ကျမ်းဂန်လာ သဒ္ဒါရိပ် စကားရိပ်တို့ကို သာမန်မျှ ယူငင် ထောက်ထား ဆင်ခြင်ကြ၍ "မယ်တော်မာယာသည် နတ်မိန်းမ ဖြစ်သည် = နတ်သမီးဖြစ်သည်" ဟု ပြောဆိုရေးသားကြသော် လည်း ခိုင်မာလေးစားအပ်သော ထေရဂါထာအဋ္ဌကထာကျမ်း စသည်တို့၌ "မယ်တော်မာယာသည် တုသိတာနတ်ပြည်၌ နတ် ယောကျ်ား = နတ်သားသာလျှင် ဖြစ်ကြောင်း" ဖွင့်ပြတော်မူကြ သည်၊ ဖွင့်ပြတော်မူကြပုံမှာ—

ထေရဂါထာအဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ (၁၇၂) ဒသကနိပါတ ကာဠုဒါယိတ္ထေရဂါထာအဖွင့်၌—"ဒေဝပုပပတ္တိ ပန ပုရိသဘာဝေနေဝ ဇာတာ = တုသိတာ နတ်ပြည်ဘဝ ပဋိသန္ဓေကား ယောကျ်ား၏ အဖြစ်ဖြင့်သာလျှင် ဖြစ်၏"ဟူ၍ ဖွင့်ပြတော်မူသည်။

ဗိနာလင်္ကာရဋီကာ သုမေဓ္ဓဝတ္ထု စာမျက်နှာ (၁၆၆+၁၆၇) ဝိဇာတမင်္ဂလာခန်း၌လည်း— "ယသ္မာ စ ဗောဓိသတ္တေန ဝသိတကုစ္ဆိ နာမ စေတိယဂဗ္ဘသဒိသာ ဟောတိ၊ န သက္ကာ အညေန သတ္တေန အာဝသိတုံ ဝါ ပရိဘုဉ္ဇိတုံ ဝါ၊ တသ္မာ ဗောဓိသတ္တမာတာ ဂဗ္ဘဝုဋ္ဌာနတော သတ္တမေ ဒိဝသေ ကာလံ ကတွာ တုသိတပုရေ ဒေဝပုတ္တော ဟုတွာ နိဗ္ဗတ္တိ = ဘုရား အလောင်းကိန်းစံခဲ့ရာ မယ်တော်၏ဝမ်း ကြာတိုက်ခန်းမည်သည် စေတီတိုက်ခန်းပမာ တပါးသော သတ္တဝါများ ကိန်းစံခြင်းငှါရင်း သုံးဆောင်ခြင်းငှါရင်း မထိုက်တန်သောကြောင့် ဘုရား အလောင်း၏ မယ်တော်သည် ကိုယ်ဝန်သား ဖွားပြီးသည့်နောက်

http://www.dhammadownload.com



ခုနစ်ရက်မြောက်၌ စုတေ၍ တုသိတာနတ်ပြည်၌ နတ်သားစင်စစ် ဖြစ်လေသည်”ဟူ၍ ဖွင့်ပြတော်မူသည်။

မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ပဉ္စမအုပ် သုဓမ္မဝတီမူ စာမျက်နှာ (၂၀၅+၂၀၆) ဝိသတိဂါထာအဖွင့်၌လည်း— “သိရိမဟာမာယာ ဖိ မောဓိသတ္တံ ဝိဇာယိတွာ သတ္တာဟမတ္တံ ဌတွာ ဗုတော စဝိတွာ တုသိတဘဝနေ ပုရိသဘာဝေနေဝ နိဗ္ဗတ္တာ၊ န ဣတ္ထိဘာဝေ-နာတိ-အစ ရှိသည်ဖြင့်＝သိရိမဟာမာယာဒေဝီ မိဖုရားသည် ဘုရားအလောင်းကို ဖွားမြင်ပြီးလျှင် ခုနစ်ရက်မျှသာ လူ့ပြည်၌ တည်၍ စုတေပြီးသော် တုသိတာနတ်ပြည်၌ ယောက်ျားအဖြစ်ဖြင့် (နတ်သားအဖြစ်ဖြင့်)သာလျှင် ဖြစ်လေ၏၊ မိန်းမအဖြစ်ဖြင့် (နတ် သမီးအဖြစ်ဖြင့်) ဖြစ်သည်မဟုတ်။ ခပ်သိမ်းသော ဘုရားလောင်း မယ်တော်တို့၏ ဘုရားအလောင်းတို့ကို ဖွားပြီးလျှင် ခုနစ်ရက် မျှသာ လူ့အဖြစ်၌တည်၍ ဤလူ့ပြည်မှ စုတေပြီးသော် တုသိတာ နတ်ပြည်၌ နတ်သားဖြစ်ခြင်း နတ်သမီးမဖြစ်ခြင်းကား ဓမ္မတာပင် ဖြစ်လေသည်” ဟူ၍ ဖွင့်ပြတော်မူသည်။ ထို့ကြောင့် “မယ်တော် မာယာသည် တုသိတာနတ်ပြည်၌ နတ်ယောက်ျား＝နတ်သား သာလျှင် ဖြစ်၏”ဟု ယုံမှားမရှိ မှတ်ယူရာ၏။

### အလောင်းတော်မင်းသားအတွက် အထိန်းတော်တို့ကို ခန့်ထားခြင်း

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော် သိဒ္ဓတ္ထ မင်းသား၏အလို့ငှါ စပ်ခြင်း, ငန်ခြင်း အစရှိသော အပြစ်တို့မှ စင်ကြယ်ကြ၍ ချိုမြိန်သော နို့ရည်နှင့် ပြည့်စုံကုန်သော နို့ရည် တိုက်ကျွေးခြင်း, ရေချိုးပေးခြင်း, ထိန်းချီယုယခြင်း, ပြောင်းလှယ် ဆောင်ဝင်ခြင်းဟူသော မိမိတို့၏ အလုပ်ကိစ္စ၌ လိမ္မာကျွမ်းကျင် ကြကုန်သော တင့်တယ်သန့်ရှင်း ရုပ်အဆင်းနှင့် ပြည့်စုံကြသည့် အထိန်းတော်မိန်းမပေါင်း နှစ်ရာ့လေးကျိပ် (၂၄၀)တို့ကို ရွေး ချယ်ခန့်ထားတော်မူ၏။

ထိုအထိန်းတော်တို့၏ အစေအပါး ယောက်ျား ခြောက်ကျိပ် (၆၀)တို့ကိုလည်း ထိုအထိန်းအယ မိန်းမယောက်ျားတို့ ကိုယ်စီ

http://www.dhammadownload.com



ကိုယ်င ကျရောက်သော တာဝန်ကိစ္စတို့ကို ဆောင်ရွက်ကြသည် မဆောင်ရွက်ကြသည်တို့ကို ကြည့်ရှုမှတ်သားကြသည့် အမတ်ခြောက်ကျိပ် (၆၀)တို့ကိုငင်း ထပ်ဆင့်ခန့်ထားဟော်မူ၏။

ထိုအထိန်းအယ မိန်းမ နှစ်ရာ့လေးကျိပ် (၂၄၀) တို့တွင် ခြောက်ကျိပ်သော အထိန်းမိန်းမတို့သည် အလောင်းတော် မင်းသားကို နို့တိုက်ကြရကုန်၏၊ အခြားခြောက်ကျိပ်သော မိန်းမတို့သည်ကား အလောင်းတော် မင်းသားကို နံ့သာရေမိုးချိုး၍ပေးကြ တန်းဆာဆင်ပေးကြကုန်၏၊ အခြားခြောက်ကျိပ်သော မိန်းမတို့သည်ကား အလောင်းတော်မင်းသားကို မိမိတို့၏ ရင်+လက်+ပေါင် စသည်ဖြင့် ကြာမြင့်စွာ ပွေ့ပိုက်ထိန်းချီ ယုယကြရကုန်၏၊ အခြားခြောက်ကျိပ်သော မိန်းမတို့သည်ကား အလောင်းတော် မင်းသားကို ကြာမြင့်စွာ ပွေ့ပိုက်ထိန်းချီ၍ ထားကြရသူ ထိုအထိန်းတော်တို့လက်မှ မိမိတို့၏လက်သို့ တရင်ခွင်မှ တရင်ခွင်သို့ တလက်မှတလက်သို့ ပြောင်းရွှေ့ယူငင် ပိုက်ချီထိန်းသိမ်းရကုန်၏၊ ဤသို့ အလုပ်ကိစ္စ တာဝန်တို့ကို ခွဲခြမ်း ဆောင်ရွက်ကြရသည့် အထိန်းတော်မိန်းမပေါင်း နှစ်ရာ့လေးကျိပ်(၂၄၀)တို့ ဖြစ်ကုန်၏၊ အစေအပါး ယောကျ်ား ခြောက်ကျိပ် ကြည့်ရှုမှတ်သားကြရသူ အမတ်ခြောက်ကျိပ်တို့နှင့် ပေါင်းသော် မိန်းမ ယောကျ်ားပေါင်း အထိန်းအယ ကိစ္စအတွက် သုံးရာ့ခြောက်ကျိပ် (၃၆၀)တို့ ဖြစ်ကုန်၏။

ဤယခု ရေးသားဖော်ပြချက်ကား သုတ်မဟာဝါပါဠိ-အဋ္ဌကထာ စာပိုဒ်အမှတ် (၃၇)၊ အဋ္ဌကထာ မျက်နှာ (၄၃) တို့နှင့် အညီဖြစ်သည်။ ထိုပါဠိအဋ္ဌကထာတို့၌ ဝိပဿီ (ဘုရားအလောင်း) မင်းသားအတွက် ခမည်းတော် ဗန္ဓုမမင်းကြီးက အထိန်းတော်များ ခန့်ထားသည်ကို တိုက်ရိုက်မှချ ဟောဆိုဖွင့်ပြခြင်းဖြစ်သည်၊ ထိုကိုမှီ၍ ဤမဟာဗုဒ္ဓဝင်ကျမ်း၌လည်း အလောင်းတော် သိဒ္ဓတ္ထမင်းသားအတွက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက အထိန်းတော်များခန့်ထားသည်ကိုရေးသားခြင်းဖြစ်သည်။

http://www.dhammadownload.com



စွယ်စုံကျော်ထင်ကျမ်း (ပဥ္စမတွဲ ပုစ္ဆာပိုဒ်စဉ် ၃၃) **နှစ်ရာကျော်ထယ်၊ စွန်းလေးဆယ်၊ ဘယ်နှယ်နို့ထိန်း တိုက်ထိန်းနည်း**-ဟူသော အမေး၏ အဖြေ ၎င်းကျမ်း စာမျက်နှာ(၄၅)၌ကား တနေ့နှင့် တညဉ့်သော် မြန်မာ နာရီ ၆၀-ရှိသည်၊ တနာရီသော် နို့ထိန်းလေးယောက်စီ အလှည့်အလည် စောင့်ရှောက်ထိန်းသိမ်းရသည် ဖြစ်ရကား ၆၀-ကိုတည်၊ ၄-နှင့်မြှောက်သဖြင့် နှစ်ရာ့လေးကျိပ် ဖြစ်၏ ဟူ၍ ကျည်းကန်ရှင် သာမဏေကျော် ရှင်နန္ဒဓဇ ကမေး၍ ကျီးသဲလေးထပ်ဆရာတော်က ဖြေကြားတော် မူခဲ့လေသည်။

ထိုစွယ်စုံကျော်ထင်ကျမ်းလာ "တနာရီသော် နို့ထိန်း လေးယောက်စီ အလှည့်အလည်ကျ စောင့်ရှောက် ထိန်းသိမ်းရသည်" ဟူသော စကားအရ နို့တိုက်ကျွေးရသူ အထိန်းတော်တယောက်, ရေချိုး၍ နံ့သာပန်းမာလ် လိမ်းကျံဆင်ပြင်ပေးရသူ အထိန်းတော် တယောက်,ရင်+လက်+ပေါင်တို့ဖြင့် ကြာမြင့်စွာ ပွေ့ပိုက်ထိန်းချီ ရသူ အထိန်းတော်တယောက်,ပြောင်းရွှေ့ယူငင်ပိုက်ချီထိန်းသိမ်း ရသူ အထိန်းတော်တယောက် ဤသို့ တနာရီလျှင် အထိန်းတော် လေးယောက် တာဝန်ယူ စောင့်ရှောက်ရသည်ဟူ၍ မှတ်ယူလျှင် ရေးဖော်ပြရာပါ သုတ်မဟာဝါ မဟာပဒါနသုတ်ပါဠိအဋ္ဌကထာ နှင့် ညီညွတ်ပေ၏။

### တေမိယဇာတ်လာ နို့ထိန်းရွေးချယ်ခြင်းအကြောင်း

တေမိယဇာတ် အဋ္ဌကထာ၌ ခမည်းတော် ကာသိမင်းကြီး သည် သားတော်တေမိယ (အလောင်းတော်) မင်းသားအတွက် နို့ထိန်းနှစ်ရာ့လေးကျိပ် (၂၄၀) တို့ကို ရွေးချယ်ခန့်ထားရာ၌—

(၁) အရပ်ရှည်မြင့်သော မိန်းမ၏ ရင်ခွင်ထက်၌နေ၍ နို့ကို စို့ရလျှင် ထိုသူငယ်သည် လည်ပင်းမေ့ကယ် ရှည်သွယ်တတ် သောကြောင့် ထိုသို့ အရပ်ရှည်မြင့်သော မိန်းမကိုလည်း နို့ထိန်း ခန့်ထားမတော်မမူ။

http://www.dhammadownload.com



(၂) အရပ်နိမ့်ပုသော မိန်းမ၏ ရင်ခွင်ထက်၌နေ၍ နို့ကို စို့ရလျှင် ထိုသူငယ်သည် လည်ပင်းငုံ့တိုတတ်သောကြောင့် ထိုသို့ အရပ်နိမ့်ပုသော မိန်းမကိုလည်း နို့ထိန်းခန့်ထားတော်မမူ။

(၃) ပိန်သေးကြုံလှီသော မိန်းမ၏ ရင်ခွင်ထက်၌နေ၍ နို့ကို စို့ရလျှင် ထိုသူငယ်၏ ပေါင်စသော အင်္ဂါကြီးငယ်တို့ နာကျင်တတ်သောကြောင့် ထိုသို့ ပိန်သေးကြုံလှီသော မိန်းမကိုလည်း နို့ထိန်းခန့်ထားတော်မမူ။

(၄) ဝ-တုတ်-ဆူဖြိုးလွန်းသော မိန်းမ၏ ရင်ခွင်ထက်၌ နေ၍ နို့ကိုစို့ရလျှင် ခြေဆွံ့တတ်သောကြောင့် (ပေါင်-ဒူး-ခြေတို့ မပြေမပြစ် ရှိတတ်သောကြောင့်) ထိုသို့ ဝ-တုတ်-ဆူဖြိုးလွန်းသော မိန်းမကိုလည်း နို့ထိန်းခန့်ထားတော်မမူ။

(၅) သားမြတ်ရှည်လျားသော မိန်းမ၏ နို့ကိုစို့ရလျှင် ထိုရှည်လျားသော သားမြတ်က သူငယ်၏နှာခေါင်းကို ဖိသဖြင့် ထိုသူငယ် နှာခေါင်း ပိပြားပြား နေတတ်သောကြောင့် ထိုသို့ သားမြတ်ရှည်လျားသော မိန်းမကိုလည်း နို့ထိန်း ခန့်ထားတော်မမူ။

(၆) အသား မည်းနက်လွန်းသော မိန်းမ၏ နို့ရည်သည် အလွန်အေးမြ၍ သူငယ်နှင့် အခါရှည်မြင့် မသင့်မြတ်သောကြောင့်ငင်း....

(၇) အသားဖြူလွန်းသော မိန်းမ၏ နို့ရည်သည် အလွန်ပူ၍ သူငယ်နှင့် အခါရှည်မြင့် မသင့်မြတ်သောကြောင့်ငင်း....

(၈) ချောင်းဆိုးနာရှိသော မိန်းမ၏ နို့ရည်သည်လည်း အလွန်ချဉ်၍ သူငယ်နှင့် မသင့်မြတ်သောကြောင့်ငင်း....

(၉) ကုတ်ဟီးနာရှိသော မိန်းမ၏ နို့ရည်သည်လည်း အလွန် စပ်ခါးခြင်းစသော အပြစ်ရှိသဖြင့် သူငယ်နှင့် မသင့်မြတ်သော

http://www.dhammadownload.com



ကြောင့်ဝေး....ထိုသို့သော မိန်းမတို့ကိုလည်း နို့ထိန်း ခန့်ထားတော်မမူပဲ အပြစ်ခပ်သိမ်းကင်းစင်သော မိန်းမတို့ကိုသာ အထိန်းတော် ခန့်ထားကြောင်း ဖွင့်ပြလေသည်။

ဖော်ပြရာပါ အဋ္ဌကထာကို အမှီပြု၍ဝင် မန်လည်ဆရာတော်ဘုရားကြီးသည်လည်း (မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်း၊ နေမိစရိယခန်း၊ ပိုဒ်စဉ်အမှတ် ၄၉၇-၌) ဤဆိုလတ္တံ့သောအတိုင်း ရေးသားစပ်ဆိုတော်မူလေသည်။

> လောင်းတော် မဃ-ဒေဝမဟာ၊ သူမြတ်စွာလည်း၊ ဗြဟ္မာနတ်စစ်၊ အဖြစ်ဝင်းဝင်း၊ ဘုံကဆင်းမှ၊ မိမင်းကြာခန်း၊ စံမြန်းသိမ်မွေ့၊ လစေ့အန့်စင်၊ မီး ရှူးမြင်သော်၊ ဘခင်လူမူး၊ သားတော်ဦးအား၊ အထူးသဖြင့်၊ ရွှေညာဏ်ချင့်လျက်၊ ရပ်မြင့်မိစာ၊ ဂုဏ္ဍာယတို၊ တိုက်ထရင်နို့၊ သောက်စို့သူငယ်၊ မောကယ်ကယ်နှင့်၊ လည်သွယ်ရှည်မျှော၊ အပြစ်ပြော၏....။ ပုသောသူမှာ၊ လည်တိုရာလျက်....။ လွန်စွာကြုံလည်း၊ နာကျည်းငယ်သူ....။ ဆူသော်ဆွံ့တတ်....။ သားမြတ်ရှည်မိ၊ နှာခေါင်းပိန့်ရှင့်....။ မည်းဘိမိန်းမ၊ စွော့နို့ဟူ....။ အလွန်ဖြူက၊ ပူ၏မှတ်ရိုး....။ ချောင်းဆိုးနို့ရည်၊ ချဉ်သည်တသီး....။ ကုတ်ဟီးစပ်ရွား၊ အပြစ်များကို၊ ပယ်ယွားပြီးလျှင်၊ တော်မဝင်ပဲ၊ ပြစ်စင်လေးငြိမ့်၊ နို့ချိုဆိမ့်သား၊ နှစ်သိမ့်ဖွယ်စု၊ ရွှေချိုးဉသို၊ စတုသင်္ဂ၊ ဂုဏသချာ၊ လက္ခဏာဖြင့်၊ ကလျာယဉ်အိ၊ မျိုးဇာတိနှင့်၊ဟုတ္တိပဟူထ၊ဓာတိယတို၊ နှစ်ရာ့လေးကျိပ်၊ ရွှေနန်းရိပ်ဝယ်၊ ပြည့်သိပ်များစွာ၊ လက်မကွာလျှင်၊ မချာညနေ့၊ မငြီးငွေ့ပဲ၊ ပိုက်ပွေ့ကိုယ်စီ၊တနာရီတွင်၊ လေးလီပါဒ်ရ၊ လေးယောက်ကျတီ၊ ယုယသိမ်းမွေး၊ နို့ထိန်းရွေးသည်၊ နှတ်ခေသွးရောင်လှ ရွှယ်ကျိုင်းတည်း။

**အလောင်းတော်မင်းသားကို မိထွေးတော် မဟာပဇာပတိ ဂေါတမီက နို့ချိုတိုက်ကျွေး မွေးမြူပြုစုကြောင်း**

ဤဆိုအပ်ပြီးသည့်အတိုင်း အလောင်းတော် သိဒ္ဓတ္ထမင်းသားအလို့ငှါ နို့ထိန်းတို့ကို စီမံခန့်ထား ပေးအပ်ငြားသော်လည်း အလောင်းတော် မင်းသားကို မိထွေးတော် မဟာပဇာပတိ ဂေါတမီကသာ ကိုယ်တိုင် နို့ချိုတိုက်ကျွေး မွေးမြူပြုစုသည်ကများလှပေ၏။ ထင်ရှားစေဦးအံ့....မယ်တော်မာယာဒေဝီ နတ်

http://www.dhammadownload.com



ရွှာစံပြီးသည့်နောက် သုဒ္ဓေါဒနမင်းကြီးသည် မိထွေးတော် မဟာပဇာပတိဂေါတမီကို မိဖုရားကြီးအရာသို့ မြှင့်တင်မြှောက်စားတော်မူ၏၊မယ်တော်မာယာက သိဒ္ဓတ္ထမင်းသားဘုရားအလောင်းကို ဖွားမြင်ပြီးနောက် နှစ်ရက်,သုံးရက်အရောက်တွင် မိထွေးတော် မဟာပဇာပတိဂေါတမီက နန္ဒမင်းသားကို ဖွားမြင်လေသည်၊ အလောင်းတော်မင်းသား ဖွားမြင်ပြီးနောက် ခုနစ်ရက်အရောက်တွင် မယ်တော်မဟာမာယာဒေဝီ နတ်ရွာစံသောအခါ မိထွေးတော် မဟာပဇာပတိဂေါတမီသည် (ဖွားမြင်ပြီးစ သုံးလေးရက်သားမျှရှိသေးသည့်) မိမိ၏သားအရင်း နန္ဒမင်းသားကို အထိန်းတော်တို့အားအပ်နှင်းကာ နို့တိုက်ထိန်းယပြုစုစေ၍ မိမိကိုယ်တိုင်ကမူ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို နို့ချိုတိုက်ကျွေးထိန်းယပြုစုပေ၏၊ အလောင်းတော်မင်းသားသည် မိထွေးတော်၏ ရင်ခွင်၌သာ စံနေတော်မူရသည်က များပေ၏။(ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ဒက္ခိဏာဝိဘင်္ဂသုတ် အဖွင့်မှ။)

ဤသို့လျှင် အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် များလှစွာသော အခြွေအရံ အပြုအစု ယုယမှုတို့ဖြင့်၎င်း, ကြီးကျယ်လှစွာသော အထွတ်အမြတ် မင်္ဂလာအသရေတော်တို့ဖြင့်၎င်း အစဉ်သဖြင့် ချမ်းသာစွာ ကြီးပွါးတော်မူခဲ့ရပေ၏။

---

အခန်း-၂

## လယ်ထွန်မင်္ဂလာပွဲခန်း

### သုဒ္ဓေါဒနမင်းကြီး၏ လယ်ထွန်မင်္ဂလာနှင့် အလောင်းတော်အား နှစ်ကြိမ်မြောက် ရှိခိုးခြင်းအကြောင်း

တနေ့သ၌ သုဒ္ဓေါဒနမင်းကြီး၏ အခါရာသီအလိုက် နှစ်စဉ်ဆင်ယင်ကျင်းပမြဲဖြစ်သော လယ်ထွန်မင်္ဂလာ အခမ်းအနားသဘင်သည်ဖြစ်၏၊ ထိုနေ့၌ ကပိလဝတ်မင်းနေပြည်တပြည်လုံးကို နတ်ဗိမာန်ကဲ့သို့ တန်းဆာဆင်ကြကုန်၏၊အလုပ်သမားများမှအစ အလုံးစုံသော ပြည်သူတို့သည် အဝတ်သစ်ဝတ်ဆင်ကြကာ နံ့သာ

http://www.dhammadownload.com



ပန်းမာလ် လိမ်းကျံ ပန်ဆင်ကြ၍ မင်း၏နန်းရင်ပြင်၌ စုဝေးကြကုန်၏။လယ်ထွန်မင်္ဂလာသဘင် ဆင်ယင်ကျင်းပမည့်ဌာန၌လည်း ထွန်တုံးပေါင်းတထောင်ကို အသင့်ပြင်ဆင် ထားနှင့်ကြရကုန်၏၊ ထိုထွန်တုံးပေါင်းတထောင်တို့တွင် ထွန်တုံးပေါင်း(၁၀၀)ရှစ်ရာတို့ကား မင်းကြီးနှင့်တကွ အမတ်တို့အတွက်ဖြစ်ကုန်၏၊ အမတ်တို့ စီးနင်းမောင်းနှင်ရမည့် ထွန်တုံး (၇၉၉) ခုနစ်ရာကိုးဆယ့်ကိုးခုတို့ကို ထွန်သန် ထမ်းပိုး ခွဲကြိုး ထွန်ကိုင်ကြိုး ဝန်ဆောင်နွားလားနှင်တံတို့နှင့်တကွ ငွေတန်းဆာဖြင့် ခြယ်လယ်ထားကုန်၏။ သုဒ္ဓေါဒနမင်းကြီး စီးနင်းမောင်းနှင်ရမည့် မင်္ဂလာထွန်တော်ကိုကား နီမြန်းသောရွှေဖြင့် အလုံးစုံတန်းဆာဆင်၍ ထားရပေ၏။

သုဒ္ဓေါဒနမင်းကြီးသည် များစွာသော မှူးမတ်သင်းပင်း ဝင်းကိုယ်ရံတော် ရွှေဘော်အခြံအရံတို့ဖြင့် ကပိလဝတ်နေပြည်တော်မှ ထွက်တော်မူလတ်သည်ရှိသော် သားတော် အလောင်းမင်းသားကိုလည်း ထိုလယ်ထွန်မင်္ဂလာသဘင် ဆင်ယင် ကျင်းပရာသို့ ဆောင်ယူတော်မူခဲ့၍ ထိုလယ်ထွန်မင်္ဂလာသဘင် ဆင်ယင်ရာနေရာ၏ အနီးအပါး၌ ထူးခြားလွန်ကဲစွာ မွေ့လျော်ဖွယ်ရာရှိသော တခဲနက် အရွက်ပြည့်သိပ် အရိပ်အေးမြသည့် ဇမ္ဗုသပြေပင်အောက်၌ ကမ္ဗလာခင်းနှီး ပြတီးနေရာကို ကောင်းစွာခင်းကျင်းပြီးလျှင် ထိုနေရာထက်၌ သားတော်ကိုထားလျက် အထက်မှလည်း ရွှေကြယ် ငွေကြယ်တို့ဖြင့် စီခြယ်မွမ်းမံအပ်သည့် နီမြန်းသော ကမ္ဗလာ ဗိတာန်မျက်နှာကြက်ကို ဖွဲ့ယှက်တပ်ဆင်၍ တင်းထိမ်ကန့်လန့်ကာတို့ဖြင့် ထက်ဝန်းကျင်ဝန်းရံကာ လုံခြုံစွာ အစောင့်အနေတို့ကို ချထားပြီးသော် သုဒ္ဓေါဒနမင်းကြီးသည် လယ်ထွန်မင်္ဂလာ အခါတော်နေ့၌ ဆင်ယင်တော်မူမြဲဖြစ်သည့် မင်းသုံးမင်္ဂလာအဆင်တန်းဆာတို့ကို ဆင်ယင်တော်မူ၍ မှူးမတ်အပေါင်းခြံရံလျက် လယ်ထွန်မင်္ဂလာသဘင်ပွဲ ဆင်နွှဲကျင်းပရာ မင်္ဂလာလယ်တော်သို့ ကြွချီတော်မူလေ၏။

မင်္ဂလာလယ်တော်သို့ ရောက်လတ်သောအခါ သုဒ္ဓေါဒနမင်းကြီးသည် မိမိအလို့ငှါ စီရင်ထားအပ်သော ရွှေထွန်တော်ကို

http://www.dhammadownload.com



စီးနင်းမောင်းနှင်တော်မူ၏၊ မင်္ဂလာ အခမ်းအနားဝင် မှူးမတ်ပေါင်း(၇၉၉)ခုနစ်ရာကိုးဆယ့်ကိုးယောက်တို့သည်လည်း မိမိတို့ဆိုင်ရာ ငွေထွန်တို့ကို အသီးအသီး စီးနင်း မောင်းနှင်ကြကုန်၏၊ ကျန်သော ထွန်တုံး (၂၀၀) နှစ်ရာတို့ကို လယ်တော်သားများ စီးနင်း မောင်းနှင်ကြကုန်၏။ ထိုလယ်တော်သားနှစ်ရာတို့သည် လူးလာခေါက်ပြန် အန္တံအစပ် ထွန်ယက်ကြကုန်၏၊ သုဒ္ဓေါဒန မင်းကြီးသည်ကား လယ်တော်၏ဘက်မှသည် ထိုဘက်သို့ရောက်ရုံ (သို့မဟုတ်) လယ်တော် ထိုဘက်မှသည် ဤဘက်သို့ရောက်ရုံ တခေါက်သာလျှင် မင်္ဂလာအလို့ငှါ စီးနင်းမောင်းနှင် ထွန်ယက်တော်မူ၏။ ထိုမင်္ဂလာ လယ်ထွန် အခမ်းအနားကား အလွန်စည်ကား ကြီးကျယ်လှပေ၏။

ထို့ကြောင့် အလောင်းတော် မင်းသားကို ခြံရံစောင့်ရှောက်နေကြကုန်သော အထိန်းအယ အစောင့်အရှောက်တို့သည် "လယ်ထွန် မင်္ဂလာသဘင် ဆင်ယင်ကျင်းပသော မင်းကြီး၏ အသရေတော်ကို ကြည့်ရှုကုန်အံ့" ဟူ၍ တင်းထိမ်ကန့်လန့်ကာ အတွင်းမှ အပြင်သို့ ထွက်သွားကြကုန်၏။

### အလောင်းတော်မင်းသား အာနာပါနပဌမဈာန်ကို ရတော်မူခြင်း

ထိုအခိုက် အလောင်းတော်မင်းသားသည် ထိုမှဤမှ (ထိုထိုဤဤ)ရှုကြည့်တော်မူလတ်သော် ကိုယ်တော်မြတ်၏ အနီးအပါး၌ တစုံတယောက်သောသူကိုမျှ မမြင်ရ၍ နေရာမှလျင်စွာထပြီးလျှင် ဖြိမ်သက်တည်ကြည်စွာ တင်ပလ္လင်ဖွဲ့ခွေ နေတော်မူလျက် ထွက်လေ ဝင်လေတို့ကို အာရုံပြု အောက်မေ့ မှတ်သားသော အာနာပါနဿတိ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းသိမ်းဆည်းတော်မူသဖြင့် ရူပါဝစရပဌမဈာန်ကို ရတော်မူလေ၏။ ။(ဤအရာ၌ အလောင်းတော်သူမြတ်မှာ ဘဝများစွာ ကမ္ဘာအဆက်ဆက်က ထိုအာနာပါနဿတိဘာဝနာကို လေ့လာတော်မူခြင်း အလုံအားကြီးလှသောကြောင့် ခဏတွင်းမှာပင် ရူပါဝစရ ပဌမဈာန်ကို ပေါက်ရောက်ရရှိတော်မူသည်ဟု ယုံမှားမရှိ မှတ်ယူရာ၏။)

http://www.dhammadownload.com



အပြင်သို့ထွက်သွားကြသည့် အထိန်းတော်များသည် စားဖွယ် သောက်ဖွယ် ခဲဖွယ် လျက်ဖွယ်တို့အကြား လှည့်လည်သွားလာနေကြသည်ဖြစ်ရကား အတန်ငယ် အချိန်ကြာမြင့်၍ သွားကုန်၏။ အလောင်းတော်မင်းသား စံနေတော်မူရာ သပြေပင်မှ ကြွင်းသမျှသော သစ်ပင်တို့၏အရိပ်များသည် နဂိုရှိသဘောအတိုင်း နေရွေ့ရှားတိုင်းပင် ရွေ့ရှားပြောင်းလည်းလျက် ရှိကုန်၏၊ မွန်းလွဲသောအခါ နေအရိပ် အရှေ့ဘက်သို့ ထိုးကြကုန်၏။ အလောင်းတော်မင်းသား စံနေတော်မူရာ ဇမ္ဗုသပြေပင်၏ အရိပ်ကား နေမွန်းလွဲသော်လည်း မပြောင်းမလဲပဲ အလောင်းတော် မင်းသားကို ထားဦးစကာလကကဲ့သို့ပင် အဝန်းအဝိုင်းအနေအားဖြင့် ထူးခြားစွာ တည်၍နေပေ၏။

အထိန်းတော်တို့သည် "သြ....ငါတို့၏ အရှင့်သားတော်သည် တယောက်တည်းသာ စံနေတော်မူရစ်ပါတကား"ဟု စဉ်းစားသတိရကာ လျင်မြန်စွာ လာလတ်၍ တင်းထိမ်ကန့်လန့်ကာကို ဖွင့်လှပ်ပြီးလျှင် အတွင်းသို့ဝင်ရောက်ကြကုန်သည်ရှိသော် အသရေရှိသော နေရာထက်၌ အလောင်းတော်မင်းသား တင်ပလ္လင်ဖွဲ့ခွေငြိမ်သက်စွာ စံနေတော်မူသည်ကိုရင်း, သပြေပင်အရိပ်၏ မရွေ့မရှား နဂိုရှိပြကတေ့အားဖြင့် အဝန်းအဝိုင်းပြုလျက် တည်နေသောတန်ခိုးပြာဋိဟာကိုရင်း အံ့သြဖွယ်ရာ မျက်ဝါးထင်ထင် တွေ့မြင်ကြရ၍ သုဒ္ဓေါဒနမင်းကြီးအထံသို့ လျင်မြန်စွာ သွားရောက်ကြပြီးလျှင် "အရှင်မင်းကြီး····သားတော်မင်းသားသည် ဤသို့ ဤပုံအံ့သြဖွယ်ရာ ငြိမ်သက် တည်ကြည်စွာ ထိုင်နေတော်မူပါသည်၊ တပါးသောသစ်ပင်တို့၏ အရိပ်များ နေသွားအလိုက် ပြောင်းလဲကြသော်လည်း သားတော်မင်းသားစံနေရာ ဇမ္ဗုသပြေပင်ရိပ်ကား နေမွန်းလွဲသော်လည်း မပြောင်းမလဲ ဝန်းဝိုင်းလျက်သာ တည်နေပါသည်"ဟူ၍ မင်းကြီးအား လျှောက်ထားကြကုန်၏။

သုဒ္ဓေါဒနမင်းကြီးသည် ဆောလျင်စွာပင် ကြွလာတည့်၍ ကြည့်ရှုတော်မူလေသော် ထိုအံ့ဖွယ်ထူးခြား ပြာဋိဟာနှစ်ပါးကို မျက်ဝါးထင်ထင် ရှုမြင်တော်မူရ၍ "အို ချစ်သားမြတ်····သင်

http://www.dhammadownload.com



**ချစ်သားမြတ်အား ခမည်းတော်၏ ဤယခုအကြိမ် ရှိခိုးခြင်းသည့်ကား နှစ်ကြိမ်မြောက်သော ရှိခိုးခြင်းပါတည်း"ဟု နှုတ်မြွက်ပြောဆိုကာ သားတော်ကို နှစ်သက်မြတ်နိုး ရှိခိုးလေသတည်း။**

### သိကြားမင်းက ဝိသုကြုံနတ်သားကို စေခွတ်၍ အလောင်းတော်မင်းသား၏အတို့ ငါ မင်္ဂလာရေကန်တော်ကို ဖန်ဆင်း၍ ပေးစေခြင်း

ဤသို့လျှင် ဘုရားအလောင်းတော်မြတ် သိဒ္ဓတ္ထမင်းသားသည် ထူးခြားကောင်းမွန် အလွန်စင်ကြယ် တင့်တယ်မြားမြောက်လှစွာ ကုန်သော အထိန်းအချီ အစီအမံ ဝန်းခရံလျက် နတ်စံရိပ်ငြိမ် စည်းစိမ်ချမ်းသာ မင်္ဂလာအသရေတော်တို့ဖြင့် ချမ်းသာစွာ ကြီးပွါးခဲ့ရသည်ဖြစ်၍ ခုနစ်နှစ်သားအရွယ်တော်သို့ ရောက်လတ်သောအခါ တနေ့သ၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် မှူးမတ်တို့ကို "အချင်းတို့....အသက်အရွယ် နုနယ်သော သူငယ်တို့သည် အဘယ် ကစားခြင်းမျိုးကို မြတ်နိုး နှစ်သက်ကြကုန်သနည်း"ဟု မေးတော်မူ၍ မှူးမတ်တို့က "အရှင်မင်းကြီး....အသက်အရွယ် နုနယ်သောသူငယ်တို့သည် ရေကစားခြင်းမျိုးကို မြတ်နိုးနှစ်သက်ကြပါကုန်သည်"ဟု လျှောက်ထားကြသောအခါ သုဒ္ဓေါဒနမင်းကြီးသည် ရေကန်တူးသမားတို့ကို ဆင့်ခေါ်စည်းဝေးစေပြီးလျှင် မင်္ဂလာ ရေကန်တော်တူးရန် လျော်ကန်သင့်မြတ်သော အရပ်တို့ကို သတ်မှတ်ရွေးချယ်စေတော်မူ၏။

ထိုအခါ သိကြားမင်းသည် အလောင်းတော်မင်းသား ကစားတော်မူရန် မင်္ဂလာရေကန်အရပ် သတ်မှတ်ရွေးချယ်သည်ကို ကောင်းစွာဆင်ခြင် သိမြင်လတ်၍ "အလောင်းတော်မင်းသားအား လူတို့တူးဖော်သည့်ရေကန်ကို သုံးဆောင်ခြင်းသည် အလျှင်းမင် မသင့်လျော်၊ နတ်တို့စီမံသည့် ရေကန်ကို သုံးဆောင်ခြင်းသည်သာ သင့်လျော်ပေ၏"ဟု ကြံစည်ပြီးလျှင် ဝိသုကြုံနတ်သားကို ခေါ်၍ "သွားပါချေ အဆွေဝိသုကြုံ....အလောင်းတော်မင်းသား ကစားတော်မူရန် မြေအရပ်၌ နတ်ရေကန်တို့ကို ဖန်ဆင်းချေ"ဟု ခိုင်းစေလတ်သည်တွင် ဝိသုကြုံနတ်သားက

http://www.dhammadownload.com



"အဘယ်သို့သော ရေကန်များ ဖြစ်စေတော်မူလိုသနည်း"ဟု မေးမြန်း၍ သိကြားမင်းက ပြန်ကြား ပြောဆိုလတ်သည်မှာ "အမောင် ဖန်ဆင်းရမည့် ရေကန်တို့သည် ရှုံ့ညွှန်ပယ်ရှား၍ ပတ္တမြား ပုလဲ သန္တာတို့ကို ဖြန့်ကြဲပြီးလျှင် ရတနာ ခုနစ်ပါးဖြင့်ပြီးသော တံတိုင်းဝန်းပတ် ရံအပ်သော ရေကန်တို့ ဖြစ်စေရမည်၊ ရေကန်သို့ သက်ဆင်းသည့် စောင်းတန်းလှေကားတို့သည်လည်း ရွှေပျဉ်ချပ် ငွေပျဉ်ချပ် ပတ္တမြားပျဉ်ချပ်တို့ဖြင့် ခင်းအပ်ကုန်သည်ဖြစ်၍ ပတ္တမြား လက်ကိုင်တန်း လက်ရုန်းတိုင်တို့၏ အထွတ်အထိပ်၌ သန္တာအစွပ် အထွတ်တပ်အပ်သည် ဖြစ်စေရမည်၊ ထိုနတ်ရေကန် အတွင်း၌ အလောင်းတော်မင်းသား ရေကစားတော်မူရန် ငွေပလ္လင်ခင်းအပ်သော ရွှေလှေ, ရွှေပလ္လင်ခင်းအပ်သော ငွေလှေ, သန္တာပလ္လင်ခင်းအပ်သော ပတ္တမြားလှေ, ပတ္တမြားပလ္လင်ခင်းအပ်သော သန္တာလှေ, ရွှေရေပက်ခွက်, ငွေရေပက်ခွက်, ပတ္တမြား ရေပက်ခွက်, သန္တာရေပက်ခွက်တို့နှင့်တကွ ဖန်ဆင်းခဲ့ရမည်၊ ထိုရေကန်များသည် ကြာမျိုးငါးပါးတို့ဖြင့် ဖုံးလွှမ်းတင့်တယ်သော ရေကန်များ ဖြစ်စေရမည်" ဟူ၍ ညွှန်ကြားမိန့်ဆိုပေ၏။

ဝိသုကြံနတ်သားသည်လည်း ကောင်းပါပြီဟု ဝန်ခံ၍ ထိုနေ့ညချင်း လူ့ပြည်သို့ ဆင်းပြီးလျှင် သုဒ္ဓေါဒနမင်းကြီး ရာထားသတ်မှတ်အပ်သော မင်္ဂလာရေကန်အရပ်တို့၌ပင် သိကြားမင်းမှာကြားလိုက်သည့်အတိုင်း ရေကန်တို့ကို အပြည့်အစုံ ဖန်ဆင်းလေ၏။ ။(ဤ၌ ရှုံ့ညွှန်ကင်းသော ရေကန်အတွင်း၌ ကြာမျိုးငါးပါးတို့ အဘယ်သို့ ပေါက်ရောက် ပွင့်ဖူးကြသနည်းဟူ၍ မေးဖွယ်ရှိ၏၊ အဖြေကား····ဝိသုကြံနတ်သားသည် ရှုံ့ညွှန်ကင်းသည့် ထိုရေကန်တို့အတွင်း ထိုထိုအရပ်တို့၌ ရွှေလှေငယ်, ငွေလှေငယ်, ပတ္တမြားလှေငယ်, သန္တာလှေငယ်တို့ကို ဖန်ဆင်းပြီးလျှင် "ဤလှေငယ်တို့သည် ညွှန်ကျွံညွှန်ပြစ်တို့ဖြင့် ပြည့်သည်ဖြစ်စေကုန်သတည်း၊ ဤလှေငယ်တို့၌ ကြာမျိုးငါးပါးတို့လည်း ပွင့်ဖူးကြစေကုန်သတည်း"ဟူ၍ အဓိဋ္ဌာန်၏၊ ဤသို့ ဝိသုကြံနတ်သား ဖန်ဆင်းချက် အဓိဋ္ဌာန်ချက်အရ ကြာမျိုးငါးပါးတို့ ပွင့်ကြဖူးကြကုန်

http://www.dhammadownload.com



၏)။ ။ထိုကြာရုံတို့မှ ကြာဝတ်မှုံတို့သည် တိုက်ခတ် သွင်းဖြန့်အပ်သော လေပြေလေညှင်း လှိုင်းအိတို့၏ အရှိန်အားလျော်စွာ ရေမျက်နှာပြင်၌ လွှမ်းဖုံးရွှေရှား သွားလာလျက် ရှိကုန်၏။ အဆင်းငါးသွယ် ဇာတ်နွယ်ငါးပါး ပိတုန်းပျားတို့သည်လည်း တရုန်းရုန်း ကွန့်မြူး၍ အထူးထူး ရင့်ရှုလျက် ရှိကြကုန်၏။ ဤ ဆိုအပ်ပြီးသော အတိုင်း ဝိသုကြုံနတ်သားသည် သိကြားမင်းမှာထားချက်နှင့်အညီ မင်္ဂလာရေကန်တို့ကို ဖန်ဆင်းပြီးလျှင် နတ်ပြည်သို့ ပြန်လေ၏။

နံနက်မိုးသောက် ရောက်လတ်သောအခါ များစွာသော လူအပေါင်းသည် အလွန် ဆန်းပြား ခမ်းနားကြီးကျယ် အံ့ဩဖွယ် ကောင်းကုန်သော ထိုနတ်ရေကန်တို့ကို ဟအံ့တသြ တွေ့မြင်ကြရ၍ "ယောက်ျားမြတ် = အလောင်းတော်မင်းသား အတွက် သိကြားနတ်မင်းတို့ ဖန်ဆင်းအပ်သော ရေကန်တို့ ဧကန်ဖြစ်လိမ့်မည်"ဟု ရှင်ကြည် ဝမ်းမြောက်စွာ သုဒ္ဓေါဒနမင်းကြီးထံသို့ သွားရောက်ကြ၍ ထိုအကြောင်းကို လျှောက်ထားကြကုန်၏။ သုဒ္ဓေါဒနမင်းကြီးသည်လည်း များစွာသော လူအပေါင်း ခြံရံကာ ထိုအရပ်သို့ သွားရောက် ကြည့်ရှုလတ်သည်တွင် အလွန်ဆန်းပြား ခမ်းနားတင့်တယ် ကြီးကျယ် အံ့ဩဖွယ်ကောင်းသော ထိုရေကန်တို့ကို မြင်ရလေလျှင် "ငါ့သားတော်၏ ဘုန်းတန်ခိုး အာနုဘော်ကြောင့် နတ်သိကြားတို့ ဤရေကန်တို့ကို ဖန်ဆင်းကြသည် ဖြစ်လိမ့်မည်"ဟု ဝမ်းမြောက် ဝမ်းသာ ဖြစ်တော်မူ၏။

ထိုအခါမှစ၍ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် နတ်တို့၏ အသုံး အဆောင်မျိုးဖြစ်သော ထိုမင်္ဂလာရေကန်တို့၌ ရေကစားရန် ထွက်ကြွတော်မူပေ၏။ ။(ဤစကားရပ်စုကား အင်္ဂုတ္တရအဋ္ဌကထာ ဒုတိယအုပ်၊ စာမျက်နှာ ၁၂၄+၁၂၅၊ ဆင္ဃမူ၊ တိကနိပါတ၊ ၄-ဒေဝဒူတဝဂ်၊ ၉ သုခုမာလသုတ်အဖွင့်မှ ထုတ်ဆောင်ပြအပ်သော စကားရပ်စု တည်း။)

### အလောင်းတော်မင်းသား စံမြန်းရန် နန်းပြာသာဒ်သုံးဆောင် ဆောက်လုပ်စေခြင်း

ဘုရားအလောင်းတော်မြတ် သိဒ္ဓတ္ထမင်းသားသည် ဆိုအပ်ခဲ့ပြီးသည့် ကြာမျိုးငါးပါးတို့ဖြင့် ဖုံးလွှမ်းတင့်တယ်သော နတ်ရေ

http://www.dhammadownload.com



ကန်တို့၌ ရေကစားတော်မူခြင်း, ကာသိကတိုင်းဖြစ် အသစ်စက်စက် အလွန်သိမ်မွေ့နူးညံ့သော ဝတ်လဲတော်တို့ကို ဝတ်ရုံဆင်မြန်းတော်မူခြင်း, နတ်ထီးဖြူ လူ့ထီးဖြူတို့ဖြင့် အပူအအေး မြူမှုန် ဆီးနှင်းပေါက်တို့ မကျရောက် မတွေ့ထိရအောင် အခါခပ်သိမ်း အဆောင်းအမိုးခံရခြင်း အစရှိသည့် အလွန်ကြီးကျယ်သော သုခချမ်းသာဖြင့် ကြီးပွါးတော်မူခဲ့ရ၍ အသက်တော် တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်တော်မူသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် "ငါ၏သားတော်စံနေရန်ပြာသာဒ်တော်များကို ဆောက်လုပ်စေအံ့"ဟု အကြံရှိ၍ နေပြည်တော်အတွင်းရှိ ဗိသုကာလက်သမား ပန်းရန် ပန်းပု ပန်းချီ အတတ်တို့၌ လိမ္မာကျွမ်းကျင် ထင်ရှားကြကုန်သောသူတို့ကို ဆင့်ခေါ်စည်းဝေးစေပြီးလျှင် မင်္ဂလာနက္ခတ် ကောင်းမြတ်သောအချိန်၌ ပန်နက်တော်ချမှတ်ခြင်း အစရှိသော ပရိကံကိစ္စ အဝဝကို ပြီးပြေစေတော်မူ၍ သားတော် စံမြန်းရန် ဆောင်း,နွေ,မိုးဟု ဆိုအပ်ကုန်သော ဥတုသုံးပါးတို့နှင့် သင့်လျော်လျောက်ပတ်သည့် ရမ္မရွှေနန်းဆောင်, သုရမ္မရွှေနန်းဆောင်, သုဘရွှေနန်းဆောင် ဟူသော နန်းမပြာသာဒ်သုံးဆောင်တို့ကို စီရင်ဆောက်လုပ်စေတော်မူ၏။

ထိုနန်းပြာသာဒ် သုံးဆောင်တို့သည် အလျား အနံ အမြင့်အားဖြင့် အတိုင်းအရှည်ပမာဏချင်း တူမျှကြကုန်၏၊ ဘုံအဆင့်အားဖြင့်သာလျှင် ထူးခြားကြကုန်၏။

(ထိုနန်းပြာသာဒ်သုံးဆောင်တို့၏ အကြောင်းကို ဗုဒ္ဓဝင်အဋ္ဌကထာ ဇာတ်အဋ္ဌကထာတို့၌ အကျယ်မဖွင့်ပြကုန်၊ တိကနိပါတ် အင်္ဂုတ္တရအဋ္ဌကထာ ဒေဝဒူတဝဂ် သုခုမာလသုတ်အဖွင့်၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ မာဂဏ္ဍိယသုတ်အဖွင့်၊ ဇိနာလင်္ကာရဋီကာ အင်္ဂါရိကသမ္ဘုတ္တိအခန်းတို့၌ အကျယ်ဖွင့်ပြသဖြင့် ထိုကျမ်းတို့၌ ဖွင့်ပြသည်ကို ဤ၌ ပေါင်းစု၍ ပြဆိုပေအံ့။)

(၁) ဆောင်းရာသီ၌ စံမြန်းတော်မူရန် ရမ္မနန်းပြာသာဒ်ဆောင်ကို ဆောက်လုပ် စီရင်အပ်၏။

http://www.dhammadownload.com



(၂) ဧွေ့ရာသီ၌ စံမြန်းတော်မူရန် သုရမ္မနန်းပြာသာဒ်ဆောင်ကို ဆောက်လုပ်စီရင်အပ်၏။

(၃) မိုးရာသီ၌ စံမြန်းတော်မူရန် သုဘနန်းပြာသာဒ်ဆောင်ကို ဆောက်လုပ်စီရင်အပ်၏။

(၁) ရမ္မ(ဆောင်းရာသီ) စံနန်းတော်

ရမ္မမည်သော နန်းပြာသာဒ်ဆောင်ကား ဘုံကိုးဆင့်ရှိ၏၊ ခန်းဖွင့် ဘုံဆင့်စသော အနေအထားတို့ကို နွေးသောဥတုကို ရယူနိုင်ရန်အတွက် ဘုံအဆင့် အထပ်တို့ကို နိမ့်နိမ့်တည်ဆောက်အပ်သည့်ပြင် ခြသေ့်ခံသော ပြူတင်းပေါက် လေသောက်တံခါးစသည်တို့ကိုလည်း အပြင်အပမှ ဆီးနှင်း လေညှင်း စသော အအေးဓာတ်တို့ မဝင်သာအောင် အလွန်စေ့စပ် လုံခြုံစွာစီရင်အပ်ကုန်၏၊ ထိုနန်းပြာသာဒ်တော်၏ နံရံ, သည်တိုင်, ယှဉ်ချပ်, အမိုး စသည်တို့၌ ပန်းချီဆေးရေးရုပ်တို့ကို ရေးခြယ်ကြသော ပန်းချီဆရာတို့သည်လည်း ပန်းချီရုပ်ကိုမြင်လျှင်ပင် အအေးဓာတ်ငြိမ်းပျောက်ရန် မီးတောက်မီးလျှံ အစရှိသော ပန်းချီရုပ်များကို ရေးသားကြရကုန်၏၊ သင့်ရာသင့်ရာ ထိုထိုနေရာတို့၌ နံ့သာဆိုင်း ပန်းဆိုင်း ပုလဲဆိုင်းတို့ကိုလည်း ပြွင်းရရှိင်း တွဲရရွဲ တစ်ဆွဲစီရင်၍ထားကုန်၏၊ ပြိုးပြိုးပြောင်ပြောင် လောင်ဘနန်းမှုတောက်ပသော အရောင်ရှိကြသည့် ရွှေကြယ် ငွေကြယ် စတုမြားကြယ်တို့ဖြင့် ခြယ်လှယ်မွမ်းမံအပ်၍ အလွန်နူးညံ့သိမ်မွေ့လျက် ပူနွေးသောအငွေ့ဥတုကို ပေးစွမ်းနိုင်သည့် သကလတ်ပိုးမှန် ဗိတာန်မျက်နှာကြက်တို့ကို ဖွဲ့ယှက်အပ်သည့်ပြင် ရွှေဖြင့်ဝန်းရံ မွမ်းမံ ခြယ်လှယ်အပ်သည့် သကလတ်ကန့်လန့်ကာ ကြာခြည်လွှာတို့ကိုလည်း နေရာအားလျော်စွာ ဆီးကာဝန်းရံ၍ ထားကုန်၏၊ နူးညံ့ပျောင်းအိ၍ အထိအတွေ့ သိမ်မွေ့လှစွာသော သကလတ်ကမ္ဗလာအခင်းတို့ကိုလည်း ခင်းထားအပ်ကုန်၏၊ ဟေမန္တဥတု ဆောင်းရာသီအခါ ရာသီအလိုက် ဝတ်ဆင်ခြုံရုံတော်မူရန် ကမ္ဗလာသကလတ်

http://www.dhammadownload.com



ဝတ်လဲတော်တို့ကိုလည်း အသင့်စီရင်ထားကြကုန်၏၊ ပူစပ်သော အရသာနှင့်ယှဉ်သည့် သိမ်မွေ့သော ခဲဘွယ်ဘောဇဉ် ရသာစာ အာဟာရတို့ကိုလည်း ကောင်းစွာစီရင်လျက်ထားကုန်၏၊ လေ သာပြူတင်းပေါက်တို့ကိုလည်း အအေးဥတုကို ရယူစေရန် အတွက် နွေအခါဖွင့်၍ ညဉ့်အခါ၌ ပိတ်ဆို့ထားရကုန်၏။

## (၂) ဂိမှ (နွေရာသီ) စံနန်းတော်

သုရမ္မမည်သော နန်းပြာသာဒ်ဆောင်ကား ဘုံ(အထပ်) ငါး ဆင့်ရှိ၏၊ ခန်းဖွင့် ဘုံဆင့်စသော အနေအထားတို့ကို အေးသော အဥေ့ဥတုကို ရယူနိုင်ရန်အတွက် ဘုံအဆင့် (အထပ်) တို့ကို မြင့်စွာ ခန်းဖွင့် လေသာပြူတင်း စသည်တို့ကို ကျယ်ဝန်းစွာ စီရင် အပ်ကုန်၏၊တံခါးမ(=ဝင်တံခါး)လေသာပြူတင်းတို့ကို အပြင် မှ လေပြေလေညှင်း အအေးဓာတ်တို့ကို လိုသလောက် ရနိုင်ရန် အလွန်ကြီး မစွေစပ်စေပဲ အချို့တံခါးရွက်တို့ကို နန်းပေါက် ဖောက်၍ဝင်း အချို့တံခါးရွက်တို့ကို ဇာ (သံဇာ ရွှေဇာ ငွေဇာ) ဘစ်၍ဝင်း စီရင်ကြကုန်၏၊ ထိုနန်းပြာသာဒ်တော်၏ နံရံ, သည်တိုင်,အမိုးစသည်တို့၌ ပန်းချီဆေးရေးရုပ်တို့ကိုလည်း ပန်းချီ ရုပ်ကိုမြင်လျှင်ပင် အပူအပန်းပြေပျောက်ရန် ကြာညို ကြာပဒုမာ ကြာပုဏ္ဍရိက်တို့ကို ရေးခြယ်ကြရကုန်၏၊ လေသာပြူတင်းပေါက် အနီးတို့၌ အိုးအသစ်စက်စက်တို့ကို တည်ထားပြီးလျှင် ရေအပြည့် ထည့်ကာ ကြာညို ကြာနီ ကြာဖြူ သတပတ်ကြာ အစရှိသော ရေပေါက်ပန်းသစ်ပင်မျိုးတို့ကို စိုက်ထိုးလျက်ထားကုန်၏၊ ထိုထို သင့်လျော်ရာ နေရာတို့၌ မိုးဥတုတွင် မိုးရွာစဉ်ကာလကဲ့သို့ စိမ်း လန်းစိုပြေအောင် ထိုမှ ဤမှ ရေအယဉ်တို့ ဖြာ၍ထွက်အောင် ရေစက်ရေပန်း ယန္တရားတို့ကိုလည်း တပ်ဆင်၍ ထားကုန်၏၊ ပြာသာဒ်၏အတွင်း ထိုထိုနေရာတို့၌ နံ့သာညွန် အပြည့်ထည့်ကာ ပန်းအိုး ရေစည်မိုင်းတို့ကို တည်ထားပြီးလျှင် အဆင်းငါးပါး ရှိသော ကြာပန်းတို့ကို စိုက်ပျိုး၍လည်း ထားကြကုန်၏၊ ထို့ပြင် အလွန်နူးညံ့သိမ်မွေ့လျက် ဈေးနှုန်းမြင့်သော အဥေ့ဥတုကို ပေးစွမ်း

http://www.dhammadownload.com



နိုင်သော ရထည်းမျိုးမှန် ဗိတာန်မျက်နှာကြက်တို့ကိုလည်း သင့်လျော်ရာနေရာထက်၌ ဖွဲ့ယှက်တပ်ဆင်၍ထားကုန်၏၊ လှပဆန်းကြယ်စွာ ခြယ်လှယ်မွမ်းမံအပ်ကုန်သော ရွှေထရံအကာတို့နှင့် ပါးလွှာနူးညံ့သော တင်းထိမ်ကန့်လန့်ကာတို့ကိုငင်း, အေးမြသည့် အငွေ့ဥတုကို ဖြစ်စေနိုင်သည့် ဘွဲ့ဖြူအခင်းတို့ကိုငင်း ကာရံခင်းကျင်းအပ်ကုန်၏၊ ဂိမ္ဟန္တဥတု နွေရတုအခိုက် ရာသီအလိုက် ဝတ်ဆင်ခြီရုံတော်မူရန် ပုဆိုးပစ္စုူ ဘွဲ့ဖြူပါးလွှာ ဝတ်လဲဝတ်စုံ အခြီအရုံတို့ကိုလည်း အရံသင့် စီရင်လျက် ထားကုန်၏၊ ချိုမြိန်အေးမြသော သီတဝီရိယဂုဏ်ရှိသည့် အစာအာဟာရတို့ကိုလည်း ကောင်းစွာ စီရင်လျက်ထားကုန်၏။

ပြာသာဒ်၏ အမိုးအပေါ်တို့၌ နတ်၌ဖြစ်သည့် တူရိယာငါးမျိုးအသံကို လွှမ်းမိုးလွန်သာအောင် သာယာငြိမ့်ညောင်း နာဖွယ်ကောင်းသည့် အသံထွက်ကုန်သော ရွှေချူဆည်းလည်း ကွန်ချာတို့ကိုလည်း ကောင်းစွာတပ်ဆင်၍ ထားကုန်၏။

ထိုသုရမ္မပြာသာဒ်ဆောင်၌ အလွန် သိမ်မွေ့ သေးငယ်သော အပေါက်ရှိကုန်သော ရွှေပြား မျက်နှာကြက်တို့ကို ဖွဲ့ယှက်ဆွဲဆင်လျက် ထိုရွှေပြား မျက်နှာကြက်တို့၏ အထက်၌ ပြာသာဒ်၏ အရပ်လေးမျက်နှာရှိ (ဖော်ပြလတံ့သော) ရေကန်တို့မှ ကွန်ရက်ယန္တရား ရေငင်စက်များဖြင့် ရေကိုမောင်းနှင် တင်၍ပေးသော အခါ ထိုရေတို့သည် ရွှေပြား မျက်နှာကြက်တို့၏ သိမ်မွေ့သော အပေါက်တို့မှ မိုးရေပေါက်ပမာ မိုးရွာသွန်းသည့် အခါကဲ့သို့ ရေပေါက်တို့သည် ကျလာစီးဆင်းကုန်၏။

ရွှေပြား မျက်နှာကြက်တို့၏အထက်၌ ခြောက်သွေ့သော ကျွဲရေပြားတို့ကို ဖြန့်လွှားအုပ်မိုး၍ထားပြီးလျှင် ယန္တရားစက်တို့ဖြင့် ကျောက်စရစ်ခဲတို့ကို အမိုးပေါ်ရောက်အောင် တင်ပြီးလျှင် ထိုမှ တဆင့် ကျွဲရေပြားတို့အပေါ်၌ ပစ်မြှောက်ကြရကုန်၏၊ ထိုကျောက်စရစ်ခဲတို့ ကျလာသောအသံတို့သည် မိုးဥတုအခါ မိုးထစ်ချုန်းသံနှင့် တူကုန်၏။

http://www.dhammadownload.com



အလောင်းတော်မင်းသားအတွက် တရာ့ရှစ်လုံးသော ရွှေအိုး ငွေအိုးတို့၌ နံ့သာရေအပြည့်ထည့်ပြီးလျှင် ကြာညိုပန်းဇာကွန်ရက် တို့ကိုပြု၍ အိပ်စက်ရာနေရာဟော်ကို ဝန်းရံ၍ထားကုန်၏၊ အေးမြ ချမ်းကြည်သောဥတုကို ရယူနိုင်စေရန် ရေလှောင်ကြေးဖျဉ်းအိုးကြီး တို့၌ နံ့သာညွန့်ပျောင်း အပြည့်လောင်း၍ ကြာညို့,ကြာနီ, ကြာဖြူ တို့ကို စိုက်ပျိုး၍ ထိုထိုအရပ်၌ ထားကြကုန်၏၊ ထိုကြာပင်တို့သည် နေ့ရောင်ဖြင့် ပွင့်ကြကုန်၏၊ အထူးထူးသော ပျားပိတုန်းအပေါင်း တို့သည် ပြာသာဒ်အတွင်းသို့ ဝင်ရောက်ကြကာ ထိုကြာပွင့်တို့၌ ဝတ်ရည်အရသာကို စုတ်ယူကြကာ လူးလာပျံသန်းလျက်ရှိကုန်၏၊ သို့ရကား အလောင်းတော်မင်းသား၏ နွေရာသီစံမြန်းရန် စီမံ ဆောက်လုပ်အပ်သော ထိုသုရမ္မ ပြာသာဒ်ဆောင်သည် အလွန် မွှေးကြိုင် အမြဲတမ်းလှိုင်လျက်ရှိပေ၏။ ထိုနွေရာသီစံနန်းတော်၏ တံခါးမ ( = ဝင်တံခါး) လေသာနန်းတံခါးတို့ကို (အအေးဓာတ် ဥတုငွေ့ရစေရန်) နေ့အခါ၌ ပိတ်၍ ညဉ့်အခါ၌ ဖွင့်၍ထားရ ကုန်၏။

ဤနွေရာသီစံနန်းတော်၌ပင် နောက်အခါ၌ အလောင်းတော် သူမြတ် စံနေတော်မူ၍ ရေကစားချိန်ကျရောက်သောအခါ ရှေးက ဖော်ပြခဲ့ပြီးသော ကျွံရေပြားပေါ်၌ ကျောက်စရစ်ခဲတို့ကို ပစ်လွှင့် ၍ မိုးချုန်းသည့်အသံကဲ့သို့ ဖြစ်စေပြီးလျှင် ယန္တရားရေစက်တို့ဖြင့် ဒရွှမျှုက်နှာကြက်ပေါ်သို့ ရေတင်၍ပေးကြသဖြင့် ရွှေမျက်နှာကြက် ဇာပေါက်တို့မှ တဖြောက်ဖြောက်ယိုကျသော ရေပေါက်တို့သည် မိုးရွာသွန်းသကဲ့သို့ ဖြစ်ကုန်၏၊ ထိုအခါ အလောင်းတော် သူမြတ် သည် ညိုသော အစတ်အရုံတို့ကို ဝတ်ရုံတော်မူ၍ ညိုသော အဆင် တန်းဆာကို ဆင်မြန်းတော်မူပြီးလျှင် ညိုသော အဝတ်တန်းဆာ နံ့သာတို့ကို ဝတ်ရုံဆင်မြန်း လိမ်းကျံကြသည့် ရံရွေတော်ပေါင်း လေးသောင်းတို့ခြံရံကာ နေ့အဖို့ ရေကစားတော်မူ၍ အေးမြ သော ဥတုချမ်းသာကို ခံစားတော်မူပေ၏။

ထိုသုရမ္မ (နွေရာသီ) စံနန်းတော်၏ အရပ်လေးမျက်နှာတို့၌ ကြာမျိုးငါးပါးတို့ဖြင့် ဖုံးလွှမ်းသော အညစ်အကြေး ကင်းပ၍

http://www.dhammadownload.com



မြရတနာအသွင် ကြည်လင်စိမ်းလဲ့ အေးမြသန့်စင်သည့်ရေတို့ဖြင့် ပြည့်သော ရေကန်လေးလုံးတို့ကိုလည်း ဖန်တီးစီရင်၍ ထားကုန်၏၊ စံနန်းတော်၏ အရှေ့မျက်နှာ ရေကန်မှ ပျံတက်လာကြကုန်သော ဟသ်ာ ဝမ်းဘဲ စက္ကဝါက် အစရှိသည့် အဆင်းအရောင်အမျိုးမျိုးရှိကြသော ရေသား ရေငှက်အပေါင်းတို့သည် ငြိမ့်ညောင်းသံသာ တစာစာကျူးရင့်ကုန်လျက် စံနန်းတော်အထက် ကောင်းကင်ခရီးဖြင့် ပျံသန်း၍ စံနန်းတော်၏ အနောက်မျက်နှာ ရေကန်သို့ သက်ဆင်းနားပျော်ကြကုန်၏၊ ထို့အတူ အနောက်မျက်နှာ ရေကန်မှသည် အရှေ့မျက်နှာ ရေကန်သို့ငှင်း, မြောက်မျက်နှာ ရေကန်မှသည် တောင်မျက်နှာ ရေကန်သို့ငှင်း, တောင်မျက်နှာ ရေကန်မှသည် မြောက်မျက်နှာ ရေကန်သို့ငှင်း ပျံသန်းကူးသွားကြကုန်ရကား ထိုနွေရာသီ စံနန်းတော်၌ နွေကာလပင်ဖြစ်လင့်ကစား မိုးရာသီကာလအတူ သာယာလှပေ၏။

## (၃) သုဘ (မိုးရာသီ) စံနန်းတော်

သုဘမည်သော (မိုးရာသီ) စံနန်းပြာသာဒ်တော်ကား ဘုံ (အထပ်) ခုနစ်ဆင့်ရှိ၏၊ ခန်းဖွင့် ဘုံဆင့် စသော အနေအထားတို့ကို အပူအအေး ဥတုနှစ်မျိုးလုံးရယူနိုင်ရန် မနိမ့်လွန်း မမြင့်လွန်း မကျယ်လွန်း မကျဉ်းလွန်းစေပဲ အလယ်အလတ် စီရင်အပ်ကုန်၏၊ တံခါးမ (= ဝင်တံခါး) လေသာနန်းပြူတင်းတို့မှာလည်း ဥတုနှစ်ပါးနှင့် သင့်တင့်ညီညွတ်အောင် အချို့ကို စေ့စေ့စပ်စပ် ပျဉ်ချပ် တံခါးရွက်တပ်၍ငှင်း, အချို့အချို့ကို နန်းပေါက်တံခါးရွက် ဇာပေါက်တံခါးရွက်တပ်၍ငှင်း စီရင်အပ်ကုန်၏၊ ပန်းချီဆေးရေးရုပ်များကိုလည်း အချို့နေရာ၌ မီးတောက်မီးလျှံနှင့်စပ်သော ရုပ်ပုံ, အချို့နေရာ၌ ရေကန်ရေအိုင်နှင့်စပ်သော ရုပ်ပုံတို့ဖြင့် ရေးသားပြုလုပ်အပ်ကုန်၏၊ အဝတ်အရုံ အခင်း အစရှိသည်တို့ကိုလည်း ဥတုနှစ်ပါးနှင့် လိုက်လျောညီညွတ်အောင် ရွေးစံနန်းတော်နှစ်ဆောင်၌ ပြအပ်ပြီးသည့် အဝတ်အရုံ အခင်း နှစ်မျိုးစုံ ရောယှက်၍ ပြုလုပ်စီရင်ထားကုန်၏၊ အချို့သောတံခါးတို့ကို နေ့အခါ ဖွင့်၍ ညဥ့်အခါ ပိတ်၍ထားကြကုန်၏၊ အချို့သော တံခါးတို့ကို

http://www.dhammadownload.com



နွေအခါ၌ထိန်၍ ညဉ့်အခါ ဖွင့်၍ထားကြကုန်၏။ (ဤမိုးရာသီစံနန်းတော်၏ ပြည့်စုံတင့်တယ်ပုံတို့သည် ဆောင်းရာသီ စံနန်းတော်,နွေရာသီစံနန်းတော်တို့၏ တင့်တယ်ပြည့်စုံပုံနှင့်တူကုန်၏။)

## လေးတော်တင်ခန်း

### အလောင်းတော်မင်းသား လေးအတတ်ကို ပြတော်မူခြင်း

ဤသို့ ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးသည် သားတော် စံမြန်းရန် အလို့ငှါ မင်းဆက် တကာ တို့ မစံရဘူး သေး သည့် ကြီးကျယ်ခမ်းနား ဆန်းပြား တင့်တယ်ကုန်သော စံနန်းတော် သုံးဆောင်တို့ကို ဆောက်လုပ် စီရင် စေ တော် မူပြီးသော အခါ "ငါ၏ သားတော်သည် ဆယ့်ခြောက်နှစ်မြောက် အရွယ်သို့ ရောက်လေပြီ၊ ငါ့သားတော်အား ထီးဖြူစိုက်ဆောက် မင်းအဖြစ်သို့ မြှောက်ပြီးလျှင် မင်းစည်းစိမ်အသရေ ခံစား၍နေသည်ကို ငါ ကြည့်ရှုပေတော့အံ့"ဟူ၍ ကြံစည်ပြီးလျှင် ဆွေတော်ရှစ်သောင်း သာကီဝင်မင်းအပေါင်းတို့ထံသို့ "သာကီဝင်မင်းအပေါင်းတို့···· ငါ၏သားတော်သည် ယခုအခါ အရွယ်တော်မြောက် တဆယ့်ခြောက်နှစ်သို့ ရောက်ခဲ့လေပြီ၊ ထို ငါ့သားတော်ကို မင်းအဖြစ်၌ တည်စေတော့အံ့၊အလုံးစုံသော သာကီဝင်မင်းတို့သည် မိမိ မိမိ၏ နန်းအိမ်တို့၌ အရွယ်သို့ရောက်ပြီးသော သမီးကညာတို့ကို ငါ၏ စံနန်းတော်သို့အရောက် ပို့ဆောင်ဆက်သကြကုန်လော့" ဟူ၍ သဝဏ်လွှာအသီးသီးကို ပေးပို့တော်မူလေ၏။

သာကီဝင်မင်းအပေါင်းတို့သည် သဝဏ်လွှာပါသတင်းစကားကို ကြားသိကြသောအခါ "သိဒ္ဓတ္ထမင်းသားသည် ပညာမဖက် သက်သက်အားဖြင့် ကြည့်ကောင်းရုံသာ ရုပ်အဆင်းနှင့် ပြည့်စုံသူသာ ဖြစ်ချေသည်၊ အတတ်ပညာ တစုံတရာကိုမျှ မတတ်သဖြင့် သားမယားတို့အား ကျွေးမွေးထိန်းသိမ်းရန်တာဝန်ကို ကျေပြွန်ပြည့်စုံအောင် ရွက်ဆောင်နိုင်လိမ့်မည်မဟုတ်၊ သို့ရကား ငါတို့သည် သုဒ္ဓေါဒနမင်းကြီး တောင်းဆိုသည့်အတိုင်း သမီးတော်

http://www.dhammadownload.com



များကို မပေးနိုင်ကုန်”ဟူ၍ ရှုတ်ချ ငြင်းဆန်သော စကားကို ပြန်ကြား ပြောဆိုလိုက်ကြကုန်၏။

(ဤစကားအစဉ်သည် ဗုဒ္ဓဝင်အဋ္ဌကထာ, အင်္ဂုတ္တရအဋ္ဌကထာနှင့် ဇိနာလင်္ကာရဋီကာတို့၌ ဖွင့်ဆိုသော စကားအစဉ်ဖြစ်သည်၊ ဇာတ် အဋ္ဌကထာ နိဒါန်း ဗုဒ္ဓဝင်ခဏ်း၌ကား အလောင်းတော် သိဒ္ဓတ္ထ မင်းသားသည် ပြာသာဒ်သုံးဆောင်ထက်၌ အဂ္ဂမဟေသီ ယသောဓရာ ဒေဝီ အမှူးရှိသော မောင်းမနန်းသူအပေါင်း လေးသောင်းသော ရံရွေ တို့နှင့် စံနေတော်မူသောအခါသို့ တိုင်ရောက်မှ သာကီဝင်မင်းတို့၏ အစည်းအဝေးတရပ်၌ သိဒ္ဓတ္ထမင်းသားကို ဆွေတော်မျိုးတော်တို့က ရှုတ်ချဝေဘန်သော စကားတရပ်အနေဖြင့်သာ လာရှိ၏။)

သုဒ္ဓေါဒနမင်းတရားကြီးသည် သမီးကညာတို့၏အရှင်သာကီ ဝင်မင်းတို့ ပြန်ကြားသော ထိုစကားကို ကြားသိတော်မူလေလျှင် သားတော် အလောင်းမင်းသားထံသို့ သွား၍ ထိုအကြောင်းကို မိန့်ကြားပြောဆိုသည်တွင် အလောင်းတော်မင်းသားက “ခမည်း တော်မင်းကြီး...အကျွန်ုပ်မှာ အတတ်ပညာသင်ကြားဖွယ်မလိုပါ၊ ယခုအခါ မဟာဆွေတော်မျိုးတော်တို့အား မည်သည့်အတတ်ကို ပြစေလိုပါသနည်း၊ မည်သည့်အတတ်ကို ပြသင့်ပါသနည်း”ဟု မေးမြန်း၍ “ချစ်သား....ယခုအခါ မဟာဆွေတော်မျိုးတော်တို့ အား ပိုလ်တထောင်တင် လေးအတတ်ကို ပြသင့်ပေ၏”ဟု ဆိုပေသော် “ခမည်းတော်မင်းကြီး····သို့တပြီးကား ဤနေ့မှ နောက် ခုနစ်ရက်မြောက်သောနေ့၌ လေးအတတ်ကို အကျွန်ုပ် ပြပါအံ့၊လေးအတတ်ကိုပြသမည့်အကြောင်း ရွှေမြို့တော်အတွင်း၌ စည်လည်စေတော်မူပါလော့”ဟု လျှောက်သဖြင့် ခမည်းတော် မင်းတရားကြီးသည် ကပိလဝတ်နေပြည်တော်အလုံး၌ အန္ဓံအပြား ကြားသိကြအောင် စည်လည်စေတော်မူ၏။

(သဟဿထာမဓနု-ဟူသော ပါဠိတော်အတွက် ယောကျ်ားပိုလ်ခြေ တထောင် တင်ရ ချရသော လေးဟူ၍လည်း (အင်္ဂုတ္တရ တိကနိပါတ် အဋ္ဌကထာ, ဋီကာ, ဗုဒ္ဓဝင်အဋ္ဌကထာတို့နှင့်အညီ) အနက်ပေးသင့် ကြောင်းကိုဋ၊ “ချိန်ဝန်ကို ဆိုသည်ဖြစ်မူကား ချိန်ဝန်တထောင်ကို

http://www.dhammadownload.com



နိုင်သောလေးကို သဟဿထာမဓနု ဆိုသည် ဖြစ်တန်ရာ၏"ဟူ၍ရှင်း သမန္တစက္ခုဒီပနီကျမ်း ပဌမအုပ် စာမျက်နှာ (၃၃)၌ အကျယ်လာ သည်၊ အလိုရှိမူ ထိုကျမ်း၌ ကြည့်ရှုရာ၏။

တပိုလ်လျှင် လေးကျပ်သားရှိ၏၊ ပိုလ်တထောင် =ကျပ်လေးထောင် =ပိဿာလေးဆယ် အချိန်စီးသော အလေးသံခဲကို လေးညို့=လေး ကြိုး၏အလယ်၌ ဖွဲ့ချည်၍ လေးကိုင်းကို တုတ်လျှို၍ထမ်းသော် အလေး မြေမှ ကြွသည်နှင့် လေးညို့=လေးကြိုးလည်း မြားပစ်ရာဌာနသို့ရောက် ၍ တင်ပြီးဖြစ်လေ၏၊ ထိုလေးမျိုးကို ပိုလ်တထောင်တင်လေးဟု ခေါ် သည်ဟူသော အဆိုအမိန့်သည် အလယ်အလတ်ကျလှပေ၏၊ထို့ကြောင့် ဤကျမ်း၌ ထိုအတိုင်း ရေးသားခဲ့သည်။

လေးအရာ၌ လာရှိသော ဒဏ္ဍမနု=သန်မာလှသည့် ဆရာကိုင် လေးကို ဖွင့်ဆိုသော သံယုတ်အဋ္ဌကထာ ဋီကာစသည်တို့၏ အလို အားဖြင့် "တဘာရ=ချိန်ဝန်တခုလျှင် ပိုလ်နှစ်ထောင်ရှိသည်၊ ထိုသည့် ပိုလ်နှစ်ထောင် (ကျပ်ချိန်ရှစ်ထောင်=ပိဿာချိန် ရှစ်ဆယ်)ချိန်ဝန် တခုစီးသော အလေးသံခဲ ကြေးခဲကို လေးညို့=လေးကြိုး၏အလယ်၌ ဖွဲ့ချည်၍ လေးကိုင်းကို တုတ်လျှို၍ထမ်းသော် အလေးမြေမှ ကြွသည် နှင့် လေးညို့=လေးကြိုးသည် မြားအရှည်ပမာဏ မြားပစ်ရာဌာနသို့ ရောက်၍ တင်ပြီးဖြစ်လေ၏၊ ထိုလေးကို ဒဏ္ဍမနု=သန်မာလှသည့် (ဆရာကိုင်) လေးခေါ်ကြောင်း"ဖွင့်ဆိုသဖြင့် ထိုအတိုင်းသော်လည်း မှတ်ယူရာ၏။

သရသဒ္ဒ၊ အက္ခဏနှင့်၊ ဝါလဝေဓိ၊ လေးတွေ့ရှိသည်၊ သရိတပိုင်း၊ သက်တင်ကိုင်းနှင့်၊ ကွန့်လှိုင်းကိုးထွာ၊ ညို့သန္တာတွင်၊ တဘာရရှည့်၊ ပိုလ် ထောင်ပြည့်တည့်၊ ရောင်ခြည့်အစုတ်၊ လှည့်ရစ်ဖြုတ်က၊ ရှစ်ဥဿဘ၊ သူ့နှုရနှင့်၊ သီတာ့တသွန်၊ သားသားကွန့်၍၊ ဖြားမွန့်ပတ်ဝုတ်၊ ပြာသာဒ် ထုတ်လျက်၊ တမုတ်ရစ်သိုင်း၊ တံတိုင်းရံကာ၊ တတန်လာသော်၊ တဋ္ဌာ ကကန်၊ တုံ့ပြန်ဘီလာ၊ အစုံဖြာသည်၊ ပဒုံမာချပ်၊ မုံအာထပ်သို့၊ မဏ္ဍပ် တင့်ဆန်း၊ မြားမိုးပန်းနှင့်၊ စောင်းတန်းတန္တု၊ စီမံပြုသား၊တခုအခံ၊တခု ပုံလျက်၊ နဘံနဓော၊ အလျှံဝေမျှ၊ စံရွှေနိတုံ၊ ရန်မျိုးလုံသည်၊ ဓနုံဒဏ္ဍ၊ စနုဂ္ဂဟာ၊မုချဘွဲ့နှင့်၊ဆယ့်နှစ်အင်တည့်၊သရဘင်ဇာတ်၊ တသွင်မှတ်လျက်၊ ဒွိသဟဿထောင်၊ ပိုလ်နှစ်ထောင်ကို၊ ခေါင်ခေါင်နိုင်ကျန်း၊ မြိုင်မ နှန်းသိမ့်။ (စန္ဒကိန္နရီပျို့၊ ပိုဒ်ရေ ၇၃-မှ)

http://www.dhammadownload.com



**အမှန်တွက်စစ်၊ ဆယ့်နှစ်နှစ်လုံး၊ သင်ထုံးကိစ္စ၊ တသိပ္ပတည့်၊ ဒင္ဆနေ၊ မည်ပြုပြဋ္ဌာန်း၊ ခိုင်ကျန်းခက်မာ၊ လူ့ရှာခေါ်ဈေး၊ ငါးရွေးတပဲ၊ ဆယ့်ခြောက်ပဲမှူ၊ မှတ်ယူတစ်ကျပ်၊ လေးကျပ်တပိုလ်၊ ယင်းပိုလ်တထောင်၊ တင်ဆောင်ပိုက်ကွေး၊ ဆရာ့ဓလေးဖြင့်၊ မြားရေးကြိုးငယ်၊ လေးသွယ့်ဆယ့်နှစ်၊ ဆွဲငင်ပစ်သား၊ မုန့်ယစ်ပေါက်ထိး၊ ငါးစီးအားအန်၊ ယောကျ်ားလွန်တို့၊ လျင်မြန်လျှပ်လျှပ်၊ မိုးတလျှပ်၌၊ ထပ်ထပ်စင်လျက်၊ ခုနစ်ချက်နှင့်၊ ရှစ်ချက်မြားရေး၊ လက်မထွေးသို့။ (မဃဒေဝလင်္ကာသစ်၊ ပိုဒ်ရေ ၄၄၆-မှ)**

စည်လည်စေတော်မူပြီး၍ သားမတော် အလောင်းမင်းသား လေးအတတ်ကို ပြဘို့ရန် နေရာနှင့်တကွ မှူးတော်မတ်တော် မောင်းမမိဿံ ခြွေရံသင်းပင်း မင်းမှူထမ်းများ စစ်သည်တော်များ မဟာဆွေတော် မျိုးတော်များ ကြည့်ရှုရန် နေရာ အခမ်းအနားစသည်တို့ကို ပြည့်စုံစွာ စီရင်ထားရှိ၍ ခုနစ်ရက်မြောက်အချိန်စေ့ရောက်သဖြင့် နေရာအသီးသီးတို့၌ မင်းနှင့်တကွ မှူးမတ်ပရိသတ် မိုလ်ပုံတို့ စုံညီစည်းဝေးမိသောအခါ အလောင်းတော်မြတ် သိဒ္ဓတ္ထမင်းသားသည် မင်းချင်းယောကျ်ားတို့ ဆက်သအပ်သော မိုလ်ခြေတထောင် တင်ရ ချရသော လေး (တနည်း-ပိုလ်ဝန် အချိန်တထောင်၊ တနည်း-ပိုလ်ဝန်အချိန်နှစ်ထောင်ဖြင့် တင်ရသောလေး)ကို ရတနာပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ (တင်ပလ္လင်ခွေ) နေတော်မူရင်းကပင် လေးညှို့=လေးကြိုးကို ခြေမတချောင်းဖြင့် ရစ်ပတ်ဆွဲငင်၍ တင်တော်မူပြီးလျှင် လက်ဝဲလက်တော်ဖြင့် လေးကိုင်း=လေးပျဉ်းကို ကိုင်တော်မူ၍ လက်ျာလက်တော်ဖြင့် လေးညှို့=လေးကြိုးကို ဆွဲငင်ညှိုသဖြင့် တဒင်ဒင်တဒိန်းဒိန်း မြည်ဟိန်းသောအသံသည် အလွန်လျှင် ပြင်းထန်လတ်ရကား ကပိလဝတ်ပြည်အလုံး မြို့အုန်းပွဲတင်လျက် ကောင်းကင်သို့ ပျံတက်လွင့်မြောက်တော့မည်ကဲ့သို့ ရှိချေ၏။

ထိုအခါ "ဤအသံကား အဘယ်အသံနည်း" ဟု အချို့လူများ ပြောကြား မေးမြန်းကြသည်ကို "မိုးထစ်ချုန်းသော အသံတည်း" ဟု အချို့လူများက ဖြေကြား ပြောဆိုကြကုန်၏၊ ထိုအခါ အခြား

http://www.dhammadownload.com



လူများက "အမောင်တို့ မသိကြပါဘူး၊ ဤအသံကား မိုးထစ်ချုန်းသောအသံမဟုတ်၊ ရုပ်ဆင်းအင်္ဂါ တင့်တယ်စွာလျက် ကိုယ်မှာပြိုးပြက် အရောင်ထွက်သော သကျထွတ်ထား သိဒ္ဓတ္ထမင်းသား၏ ဗိုလ်ခြေတထောင်ငင် (တနည်း-ဗိုလ်ချိန်နှစ်ထောင်ငင်) လေးတော်ကိုတင်ပြီးလျှင် လေးကြိုး = လေးညှို့ကို ညှိခတ်သည့်အတွက် ပေါ်ထွက်လာသော အသံဖြစ်သည်"ဟု ဆိုကြကုန်၏။

သာကီဝင်မင်းအပေါင်း ရှစ်သောင်းကုန်သော မဟာဆွေတော် မျိုးတော်တို့သည် အလောင်းတော်မြတ် လေးညှို့ = လေးကြိုးကို ညှိခတ်၍ပြလျှင်ပင် အလွန်အားရနှစ်သက်သော စိတ်နှလုံးရှိကြလေကုန်၏။

### မြားရေးငယ် ၁၂-ပါးကို ပြတော်မူခြင်း

အလောင်းတော်မြတ် ဗောဓိသတ်သည် ကပိလဝတ်ပြည်တော်တွင် အလွန်လျှင် ကျော်စောကုန်သော အက္ခဏဝေဓိ, ဝါလဝေဓိ, သရဝေဓိ, သဒ္ဒဝေဓိ အမည်ရှိကြသော လေးဆရာကြီးတို့ကို ခေါ်စေ၍ မင်းရင်ပြင်၌ စည်းဝေးစေပြီးလတ်သော် ကိုယ်တော်မြတ်မူကား (စတ္တာလီသနိပါတ် သရဘင်္ဂဇာတ်တော်လာ အလောင်းတော်ဘဝ ဇောတိပါလလုလင် ဖြစ်စဉ်တုန်းကကဲ့သို့ပင်) ပဏ္ဍုမြားပြောက်ဖြင့်ပြီးသော ချပ်မိန်ညို မျဉ်းတိုမျဉ်းရှည် စသည်တို့ကို ဝတ်၍ နဝရတ်ကိုးသွယ် စီခြယ်အစ်သော သင်းကျစ်မကိုဋ်ကို ဦးခေါင်းတော်၌စွပ်လျက် တခဲနက် ရတနာခုနစ်ပါးဖြင့်ပြီးသော ခါးကြိုးကိုပန်း၍ လခြမ်းသဏ္ဍာန်ရှိသော သားချိုလေးဝယ် သန္တာအသွေးရှိသော ညှို့ (ကြိုး) ဖြင့် ဖွဲ့လျက် မြအဆင်းရှိသော တောင့်(မြားပုံးမြားကျည်တောက်)ကိုလွယ်ပြီးလျှင် မြေကြီးကို ခွဲ၍ထွက်သော နဂါးလုလင်ကဲ့သို့ငှင်း, စစ်သဘင်ကျင်းပရာသို့ထွက်သော သိကြားမင်းကဲ့သို့ငှင်း ပရိသတ်လေးပါး အလယ်၌ တင့်တယ်စွာ ရပ်တော်မူပြီးလျှင် ရှေးယခင်ဖေါ်ပြရာပါ လေးဆရာကြီး(၄)မျိုးတို့ကို လေးထောင့်ကန်ပမာ အထောင့်လေးမျက်နှာအရပ်က နေစေပြီးသော် မြားကမ်းသူ( = မြားပေး

http://www.dhammadownload.com



သူ)နှင့်တကွ သုံးသောင်း သုံးသောင်းစီသော မြင်းတို့ကို အသီး သီးအပ်၍ ကိုယ်တော်မြတ်မူကား ပဗ္ဗိရစိန်စဉ်းသွားတပ်သော မြင်းကို စွဲကိုင်တော်မူကာ ထိုလေးဆရာကြီးတို့ကို တညီတညွတ် တည်း တပြိုင်နက်တည်း ငါ့ကို ပစ်ကြကုန်ဟု ဆိုတော်မူ၏။

(၁) လေးဆရာကြီးတို့က "အရှင့်သား····အကျွန်ုပ်တို့ကား လျှပ်တပြက်တွင် အချက်များစွာ မှန်အောင်ပစ်နိုင်သော(=အက္ခဏဝေဓိ) လေးဆရာကြီးများ,ခါးရမ်းသီးစသော အမှတ်ဖြင့် သားမြီး မွေးမျှင်ကိုလျက် ထက်ဝက်မဟို ဖောက်ထွင်းအောင် ပစ်ခွင်းနိုင်သော(=ဝါလဝေဓိ)လေးဆရာကြီးများ,ရွေ့ပစ်လိုက် သောမြားကို နောက်မြားဖြင့် မှန်အောင်ပစ်နိုင်သော(=သရ-ဝေဓိ) လေးဆရာကြီးများ,မျက်စိဖြင့် မကြည့်မရှုရပဲ အသံကို နား ထောင်၍ မှန်အောင်ပစ်နိုင်သော(=သဒ္ဒဝေဓိ) လေးဆရာကြီး များ ဖြစ်ကြပါသည်၊ အရှင့်သားကား အသက်နုနယ် ပျိုရွယ်သူ ဖြစ်ပါသည်၊ အကျွန်ုပ်တို့ မပစ်ရက်ပါကုန်"ဟူ၍ လျှောက်ဆိုကြ ကုန်၏။ အလောင်းတော်မင်းသားက "မစိုးရိမ်ကြကုန်လင့်၊ သင်တို့ မှန်အောင်ပစ်နိုင်ကြလျှင် ငါ့ကို ပစ်သာပစ်ကြကုန်"ဟု မိန့်တော်မူ၍ မင်းကွန်း၏အလယ် ကျယ်လှသော အပြင်ဝယ် ရွှေခြင်္သေ့ကဲ့သို့ မကြောက်မရွံ့ ရပ်တည်တော်မူ၏၊ လေးဆရာ ကြီးတို့လည်း စွမ်းပကားရှိသမျှ အားထုတ်လျက် တပြိုင်နက် တည်းပင် လျှပ်တပြက်လျှင် အချက်ပေါင်း ရာထောင်ရှိမျှ ပစ် လွှတ်ကြလေသည်။ အလောင်းမင်းသားသည် လာလာသမျှ သော မြားတို့ကို ဝဇိရစိန်စဉ်းသွားတပ်သော မြားတစင်းဖြင့်သာ ဆီးကာပုတ်ခတ်၍ ဟုတ်ဟုတ်ငြားငြား ကျချင်ရာသို့ ကစဉ့် ကလျား မကျသွားစေပဲ မြားသွားအချင်းချင်း မြားမြီးအချင်းချင်း မြားတံအချင်းချင်း မြားရွက်အချင်းချင်း တစင်းကိုတစင်း မလွန် အောင်ကျစေ၍ သရဂဗ္ဘ=ခေါ် မြားတိုက်ခန်းကြီးဖြစ်အောင် ပြုတော်မူလေသည်။ လေးဆရာကြီးတို့၏ မြားအစင်းပေါင်း သုံးသောင်းစီ သုံးသောင်းစီတို့ကား ကုန်ခဲ့လေကုန်ပြီ၊အလောင်း မင်းသားသည် ထိုဆရာကြီးများ၏ မြားကုန်ကြောင်း ကောင်းစွာ

http://www.dhammadownload.com



သိတော်မူ၍ မြားတိုက်ခန်းကြီးကို မဖျက်စီးစေပဲ ခုန်လွှားပျံတက်၍ အပြင်သို့ ထွက်တော်မူခဲ့လေသည်။

ဤသို့ မြားအလာကို ဆီးကာပယ်ရှားသော = (၁)သရပဋိဗာဟနခေါ် မြားရေးကို ပြတော်မူရာတွင် ထက်ဝန်းကျင် မြေပြင်ပြည့်မျှ ကြည့်ရှုနေကြသော မင်းညီမင်းသား ပုဏ္ဏားသူဌေးစသော ပရိသတ်တို့၏ ရင်ပဝ်လက်တီး အံ့ချီးဟောမနာသော အသံသည် မိုးယံအပြင် တော်ပွဲတင်ဟည်းလျက် မြေကြီးတုန်လှုမျှ ရှိလေသည်။

(ဤကား (၁) မိမိ၏မြားတစင်းဖြင့် ရန်သူကိုပစ်အပ်သမျှများစွာ မြားအလာကို ဆီးကာပုတ်ချသော (= သရပဋိဗာဟန) မြားရေးတည်း။)

(၂) ထိုအခါ သုဒ္ဓေါဒနမင်းတရားကြီးက အလောင်းတော်မင်းသားကို "ချစ်သား····ယခု ချစ်သားပြသော မြားအတတ်သည် အဘယ်အမည်ရှိသနည်း"ဟု မေးတော်မူသည်တွင် အလောင်းတော်မင်းသားက "ခမည်းတော်····ဤယခု သားတော်ပြသော မြားအတတ်ကား မိမိ၏မြားဖြင့် ရန်သူ၏မြားအလာကို ဆီးကာဟန့်တားသော(= သရပဋိဗာဟန)မြားရေးအတတ်မည်ပါသည်"ဟု ဖြေကြားတော်မူသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးက "ချစ်သား····ချစ်သားမှတပါး ဤမြားရေးအတတ်ကို တတ်သိသူများ ရှိကုန်၏လော"ဟု မေးမြန်းတော်မူ၍ "ဇမ္ဗူဒိပ်ကျွန်းအလုံး၌ သားတော်ကိုထား၍ ဤမြားရေးအတတ်ကို တတ်သိသူ တပါးသောသူမရှိပါ ခမည်းတော်"ဟူ၍ အလောင်းမင်းသား ပြန်ကြား လျှောက်ထားသဖြင့် ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးက "ချစ်သား ဤမြားရေးမှတပါး အခြားသောမြားရေးကို ပြဦးလော့"ဟု မိန့်ဆိုလေသော် "ခမည်းတော်····ဤလေးဆရာကြီး (၄)ဦး တို့သည် လေးထောင့်က ရစ်တည်၍ သားတော်တဦးတည်းကို မှန်အောင် မပစ်နိုင်ကြကုန်၊ သားတော်တမူကား လေးထောင့်က ရစ်တည်

http://www.dhammadownload.com



ကြသော ဤလေးဆရာကြီး(၄)ဦးလုံးတို့ကို မြားတစင်းတည်းဖြင့် မှန်အောင် ပစ်၍ပြပေအံ့” ဟူ၍ အလောင်းတော်မင်းသားက ပြောကြားသောအခါ ထိုလေးဆရာကြီး (၄) ဦးတို့သည် မရပ်မတည်နိုင် အလွန်ပင် ကြောက်ရွံ့တုန်လှုပ်ကြကုန်၏။

ထိုနောက်မှ အလောင်းတော်မင်းသားသည် ထိုလေးသမားလေးဆရာကြီး (၄)ဦးတို့၏ နေရာထောင့်လေးမျက်နှာအရပ်တို့၌ ငှက်ပျောပင် (၄) ပင်တို့ကို စိုက်ထားစေ၍ ဝဇိရစိန်စဉ်းသွားတပ်သော မြား၏အမြီးဖျား၌ ပိုးနီကြိုးကို ဖွဲ့ချည်ပြီးလျှင် တခုသော ငှက်ပျောပင်ကို ချိန်ရွယ်၍ပစ်လိုက်လေ၏၊ ပစ်လိုက်သော ထိုမြားသည် ချိန်ရွယ်ရင်း ပဌမငှက်ပျောပင်ကို ဖောက်ထွင်းပြီးလျှင် မချပ်နားသေးပဲ ထိုပဌမငှက်ပျောပင်မှသည် ဒုတိယငှက်ပျောမင်သို့ ဖောက်ထွင်း၍ ထိုမှသည် တတိယငှက်ပျောပင်ကို ဖောက်ထွင်းပြီး ထိုမှသည် စတုတ္ထငှက်ပျောပင်ကို ဖောက်ထွင်းပြီးမှ တဖန် ပဌမချိန်ရွယ်ရင်း ငှက်ပျောပင်ကို ဖောက်ထွင်းပြီးလျှင် အလောင်းမင်းသား၏ လက်တွင်း၌သာလျှင် တည်လာလေ၏။ ငှက်ပျောပင် လေးပင်တို့သည် ပိုးနီကြိုးဖြင့် ဖောက်ထွင်းသွယ်တန်း ဝန်းရံအပ်လျက် စက်ဝန်းသဏ္ဍာန် တည်ရှိကြလေကုန်၏။ လူများအပေါင်းသည် ပဲ့တင်ခြောင်းမျှ ကောင်းကြီးကြွေးကြော် ဟစ်အော်ကြကုန်၏။

ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးက အလောင်းတော်မင်းသားကို “ချစ်သား….ယခု ချစ်သား ပြသော မြားအတတ်သည် အဘယ်အမည်ရှိသနည်း”ဟု မေးတော်မူသည်တွင် အလောင်းတော်မင်းသားက“ခမည်းတော်….ဤယခုသားတော်ပြသော မြားအတတ်ကား တကြိမ်တည်းပစ်သောမြားဖြင့် ရည်မှန်းရာရာကို စက်ဝန်းအသွင် မှန်စေပြီးမှ လက်တွင်းသို့ မြားပြန်လာသော(＝စက္ကဝေဓိ)မြားရေး အတတ် မည်ပါသည် ဟု ဖြေကြားတော်မူလေသည်။

http://www.dhammadownload.com



(ဤကား (၂) တကြိမ်တည်းပစ်သော မြှားဖြင့် ရည်မှန်းရာရာကို စက်ဝန်းအသွင် မှန်စေပြီးမှ မိမိလက်တွင်းသို့ မြှားပြန်လာသော (= **စက္ကဝေဓိမည်သော**) မြှားရေး တည်း။)

ထိုမှတဖန် ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးက "ချစ်သား.... ဤမှတပါးသော မြှားရေး အတတ်တို့ကိုလည်း ပြဦးလော့"ဟု ဆိုသဖြင့် အလောင်းတော်မင်းသားသည်—

(၃) နွယ်တန်းသကဲ့သို့ မြှားတန်း မပြတ်အောင် ပစ်ခြင်းတည်းဟူသော (= **သရလဋ္ဌိ**) မြှားရေး အတတ်ကိုငင်း,

(၄) ကြိုးအစဉ်ကဲ့သို့ ပစ်ခြင်းတည်းဟူသော(= **သရရဇ္ဇု**) မြှားရေး အတတ်ကိုငင်း,

(၅) မြှားတို့ကို ပြာသာဒ် သဏ္ဌာန် ထင်အောင် ပစ်ခြင်းတည်းဟူသော (= **သရပါသာဒ**) မြှားရေး အတတ်ကိုငင်း,

(၆) မြှားတို့ကို စောင်းတန်း ဆင့်အောင် (= စောင်းတန်းသဏ္ဌာန်ထင်အောင်) ပစ်ခြင်း တည်းဟူသော(= **သရသောပါန**) မြှားရေး အတတ်ကိုငင်း,

(၇) မြှားတို့ကို မဏ္ဍပ် အုပ်သကဲ့သို့ (= မဏ္ဍပ် အသွင်) ပေါ်အောင် ပစ်ခြင်း တည်းဟူသော (= **သရမဏ္ဍပ**) မြှားရေး အတတ်ကိုငင်း,

(၈) မြှားတို့ကို တံတိုင်းဝိုင်းအောင် (= တံတိုင်းသဏ္ဌာန် ထင်အောင်) ပစ်ခြင်း တည်းဟူသော (= **သရပါကာရ**) မြှားရေးအတတ်ကိုငင်း,

(၉) မြှားတို့ကို လေးထောင့် ရေကန်သဏ္ဌာန် ထင်အောင် ပစ်ခြင်းတည်းဟူသော (= **သရပေါက္ခရဏီ**) မြှားရေးအတတ်ကိုငင်း,

http://www.dhammadownload.com



(၁၀) ပဒုမာ ကြာပွင့်ချပ်ကဲ့သို့ မြားထပ် အဆိုင်ဆိုင် တက်အောင် ပစ်ခြင်း တည်းဟူသော (= သရပဒုမ)မြားရေးအတတ်ကိုငင်း,

(၁၁) ရှေ့ပစ်လိုက်သော မြားကို နောက်မြားဖြင့် မှန်အောင်ပစ်ခြင်းတည်းဟူသော (= **သရဝေဓိ**) မြားရေးအတတ်ကိုငင်း,

(၁၂) မြားမိုးရွာစေခြင်း(=မိုးရွာသည်နှင့် တူအောင်)မြားတို့ကို ပစ်၍ပြုခြင်း တည်းဟူသော(= **သရဝဿ**) မြားရေးအတတ်ကိုငင်း-တမျိုးပြီးတမျိုး ဆင့်ကာဆက်ကာ ပြတော်မူ၏။ ဤကား မြားရေးငယ်အတတ်(၁၂)ရပ်တို့တည်း။

### မြားရေးကြီး (၄)ပါးတို့ကို ပြတော်မူခြင်း

ထိုမှတပါးလည်း အလောင်းတော် မင်းသားသည် ခမည်းတော် သုဒ္ဓေါဒန မင်းတရားကြီး အမှူးပြုသော ပရိသတ် မိုလ်ပုံတို့အား—

(၁) လျှပ်တပြက်ဘွင် အချက်ပေါင်း များစွာ မချွတ်မယွင်း မှန်အောင် ပစ်ခြင်း တည်းဟူသော (= **အက္ခဏဝေဓိ**) မြားရေးကြီး အတတ်ကိုငင်း၊ (၂) ခါးရှမ်းသီးစသော အမှတ်ဖြင့် သားမြီး မွေးမျှင်ကိုလျက် ထက်ဝက်မဟို ဖောက်ထွင်းအောင် ပစ်ခွင်းခြင်းတည်းဟူသော(=ဝါလဝေဓိ)မြားရေးကြီး အတတ်ကိုငင်း၊ (၃) ရှေ့ပစ်လိုက်သော မြားအဆက်ဆက်ကို နောက်ပစ်လိုက်သော မြားအဆက်ဆက်ဖြင့် ချက်တိုင်းမှန်အောင် ပစ်ခွင်းခြင်းတည်းဟူသော(=သရဝေဓိ) မြားရေးကြီး အတတ်ကိုငင်း၊ (၄) မျက်စိဖြင့် မကြည့်မရှုရပဲ အသံကို နားထောင်၍ မှန်အောင် ပစ်ခွင်းခြင်း တည်းဟူသော(= သဒ္ဒဝေဓိ) မြားရေးကြီးအတတ်ကိုငင်း ဤဆိုအပ်ပြီးသည့် မြားရေးကြီးအတတ် (၄) မျိုးတို့ကိုလည်း ပြသတော်မူပေ၏။

http://www.dhammadownload.com



### ထုထယ်ကြီး ခုနစ်မျိုးကို ထုတ်ချင်းထွင်းအောင် ပစ်ခွင်းပြတော်မူခြင်း

ဤတွင်မူ မကသေး၊ အလောင်းတော် မင်းသားသည် ခမည်းတော် သုဒ္ဓေါဒန မင်းတရားကြီး အမှူးပြုသော ပရိသတ် ဗိုလ်ပံုတို့အား ခုနစ်ပါးသော ထုထယ်ကြီးတို့ကို ထုတ်ချင်းထွင်းအောင် ပစ်ခွင်း၍ ပြခြင်း တည်းဟူသော( = သဗ္ဗမဟာ ကာယပဒါလန မည်သော) မြားအတတ်တို့ကိုလည်း ပြတော်မူ၏။

ထုထယ်ကြီး ခုနစ်မျိုးတို့ ဟူသည်ကား (၁) စမ္မကာယ = သားရေထုထယ်၊ (၂) ဒါရုကာယ = သစ်တုံးထုထယ်၊ (၃) လောဟကာယ = ကြေးပြားထုထယ်၊ (၄) အယောကာယ = သံပြားထုထယ်၊ (၅) ဝါလိကကာယ = သဲထုထယ်၊ (၆) ဥဒကကာယ = ရေထုထယ်၊ (၇)ဖလကကာယ = ပျဉ်ချပ်ထုထယ်— ဤခုနစ်မျိုးတို့တည်း။ ထိုထုထယ် ခုနစ်ပါးတို့အနက်—

(၁) သားရေထုထယ်ကို ဖောက်ထွင်းအောင် ပစ်နိုင်သော အခြား လေးသမားများသည် ကျွဲရေချပ် တချပ်လောက်ကိုသာ ထုတ်ချင်းထွင်းအောင် အလွန်ဆုံး ပစ်ခွင်းနိုင်ကြသော်လည်း အလောင်းတော် မင်းသားက ကျွဲရေချပ် အထပ်တရာကိုသော်လည်း ထုတ်ချင်းထွင်းအောင် ပစ်ခွင်းပြတော်မူ၏။

(၂-၇) အခြား တပါးသော လေးဆရာများသည် လက်ရှစ်သစ်ထုသော ရေသဖန်း ပျဉ်ချပ်, လက်လေးသစ် ထုသော ပိတောက်သား ပျဉ်ချပ် တချပ်မျှလောက်ကိုသာ ထုတ်ချင်း ထွင်းအောင် ပစ်ခွင်းနိုင်ကြသော်လည်း အလောင်းတော် မင်းသားသည်ကား ထိုပျဉ်ချပ်မျိုး အထပ်တရာကိုသော်လည်း ထုတ်ချင်းထွင်းအောင် ပစ်ခွင်းပြတော်မူ၏။ ထို့အတူ အခြားတပါးသော လေးဆရာများသည် လက်နှစ်သစ်ထုသော ကြေးနီပြား, လက်တသစ်ထုသော သံပြားတို့ကိုသာ ထုတ်ချင်းထွင်းအောင် ပစ်ခွင်းပြနိုင်သော်လည်း အလောင်းတော် မင်းသားသည်ကား ထိုသို့

http://www.dhammadownload.com



သော ကြေးနီပြား သံပြား အထပ်များစွာတို့ကို ထုတ်ချင်း ထွင်းအောင် ပစ်ခွင်းပြတော်မူ၏။ အခြားတပါးသော လေးဆရာများသည် သဲလှည်း ဖျဉ်လှည်း ကောက်ရိုးလှည်း တစီးမျှလောက်၏ ရှေ့မှပစ်၍ နောက်သို့မြားကို ထွက်စေနိုင်, နောက်မှ ပစ်၍ ရှေ့သို့မြားကို ထွက်စေနိုင်ကြသော်လည်း အလောင်းတော်မင်းသားသည်ကား ထို သဲလှည်းများစွာ ဖျဉ်လှည်းများစွာ ကောက်ရိုးလှည်းများစွာတို့၏ ရှေ့မှပစ်၍ နောက်သို့ မြားကို ထွက်စေတော်မူ၏၊ နောက်မှ ပစ်၍ ရှေ့သို့လည်း မြားကို ထွက်စေတော်မူ၏။ အခြားတပါးသော လေးဆရာများသည် ရေ၌ လေးဥသဘခန့် ကုန်း၌ ရှစ်ဥသဘခန့်တိုင်ရုံသာ မြားကို ပစ်နိုင်ကြသော်လည်း အလောင်းတော်မင်းသားသည်ကား ရေ၌ရင်းကုန်း၌ရင်း ထိုထက်လွန်သော ဥသဘများစွာ (အလိုတော် ရှိလတ်သော် ယူဇနာများစွာ) မြားကို ပစ်၍ ပြတော်မူ၏။ ။(ဒုကနိပါတ် အသဒိသဇာတ်မှ ထုတ်ဆောင်သည်။)

(ဤကား သတ္တမဏာကာယပဒါလနံ ခေါ်သည့် ထုထယ်ကြီး ခုနစ်မျိုးတို့ကို တိုးလျှိုပေါက် ထုတ်ချင်း ထွင်းအောင် ပစ်ခွင်းပြတော်မူခြင်းတည်း။)

### အလွန်အံ့ဩဖွယ်ကောင်းသော
### ဘုရားအလောင်း အသဒိသမင်းသား၏ လေးအတတ်

အလောင်းတော် သိဒ္ဓတ္ထ မင်းသားသည် ဤ ယခုနောက်ဆုံး ပစ္ဆိမဘဝကို မဆိုထားပါဘိ၊ နတော်မူစဉ် ပါရမီတော်တို့ကို ဖြည့်စဉ်ကာလ အသဒိသ မင်းသား ဖြစ်သောအခါကလည်း အလွန် အံ့ဩဖွယ် ကောင်းသော လေးအတတ်ကို ပြတော်မူခဲ့ပေ၏၊ ထိုအကြောင်းကို ဤ၌ အလျဉ်းသင့်သဖြင့် အကျဉ်းမျှ ပြဆိုဦးအံ့။

ဘုရားအလောင်းတော်သည် ပါရမီဖြည့်စဉ် ကာလ တခုသောဘဝဝယ် မာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏ သားတော်အကြီး အသဒိသမင်းသားဖြစ်၍ အရွယ်တော်

http://www.dhammadownload.com



ဆယ့်ခြောက်နှစ်ရောက်သောအခါ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီး အထံ၌ ဗေဒင်သုံးပုံနှင့်တကွ တဆယ့်ရှစ်ရပ်သော အတတ်တို့ကို ကမ်းဆုံးခတ် တတ်မြောက်တော်မူသည့်ပြင် အထူးသဖြင့် လေးအတတ်၌ သူမတူတန်အောင် သင်ကြားတတ်မြောက်တော်မူ၍ ဗာရာဏသီသို့ပြန်ရောက်လျှင် ခမည်းတော် မြဟ္မဒတ်မင်းကြီး နတ်ရွာစံခါနီး၌ သားတော်အကြီး အလောင်းတော် အသဒိသမင်းသားကို မင်းမြှောက်ရစ်ကြရန် မှာကြား သွားသော်လည်း အလောင်းတော် အသဒိသ မင်းသားကား မင်းအဖြစ်ကို လက်မခံချေ၊ သို့ဖြစ်၍ ညီတော် မြဟ္မဒတ်မင်းသားကို မှူးမတ်တို့က မင်းမြှောက်ကြကုန်၏။ အလောင်းတော် အသဒိသမင်းသားကား နေမြဲတိုင်းပကတိသာ နေပါသည်ကို မင်း၏ ခြေရင်း ဝပ်စင်းခစားကုန်းချောသမားတို့က "အသဒိသမင်းသားသည် ထီးနန်းစည်းစိမ်ကို ချိန်ရွယ်တောင့်တနေသည်"ဟု ပြည့်ရှင်မင်းထံ အလောင်းတော်နှင့် သွေးကွဲစေရန် ကုန်းတိုက်စကားပြောကြားကြသည်ကို ယုံကြည်ရကား ညီတော်မင်းတရားသည် နောင်တော်အသဒိသမင်းသားကို ဖမ်းဆီးရန်အမိန့်တော်ပြန်လေသည်။

ထိုအခါ ဘုရားအလောင်း အသဒိသမင်းသား၏ အကျိုးလိုလားသော မင်းချင်းယောကျ်ားတယောက်က ထိုအကြောင်းကို ဘုရားအလောင်းအား လျှောက်ထားသဖြင့် ဘုရားအလောင်းသည် စိတ်နာကာ ဗာရာဏသီပြည်မှ ထွက်ပြီးလျှင် အခြားတိုင်းတပါးသို့ သွားရောက်၍ "လေးဆရာတယောက် လာရောက်ပြီးလျှင် မင်းနန်းတော်တံခါး၌ ခစားခွင့်ရရန် ရပ်တည်နေကြောင်း" ပြည့်ရှင်မင်းအား ကြားလျှောက်စေ၏၊ မင်းကခေါ်ယူ၍ လခ နှစ်စာအရေး မေးမြန်းသည်တွင် တနှစ်လျှင် ကျပ်တသိန်း လခနှစ်စာဖြင့် အမှုထမ်းရန် သဘောတူညီကြ၍ ထိုအခါမှစပြီး

http://www.dhammadownload.com



လျှင် အလောင်းတော် အသဒိသမင်းသားသည် လေးသမားတယောက် အနေဖြင့် ပြည့်ရှင်မင်းကြီးထံ ခစားနေတော်မူ၏။ ထိုသို့ အလောင်းတော်လေးသမား အသစ်အား တနှစ်လျှင် ကျပ်တသိန်း လခနှစ်စာပေးသည်ကို ရှေးရှိရင်းစွဲ လေးသမားဟောင်းတို့က မနာလိုရှိ့မဲ့၍ ကဲ့ရဲ့ကြကုန်၏။

တနေ့သ၌ ပြည့်ရှင်မင်းသည် ဥယျာဉ်တော်ရှိ မင်္ဂလာကျောက်ဖျာ၏အနီး သရက်ပင်ကြီး၏ ထိပ်စွန် အခေါင်အဖျား၌ သရက်သီးခိုင်တခိုင်ကို မြင်တော်မူ၍ "ဤသရက်ခိုင်ကို တက်၍ မဆွတ်ယူနိုင်"ဟု ဆင်ခြင်တော်မူပြီးလျှင် လေးသမားဟောင်းကြီးတို့ကို ခေါ်စေ၍ "ဤသရက်ခိုင်ကို မြားဖြင့်ဖြတ်ကာ ပစ်ချနိုင်ကြမည်လော"ဟု မေးမြန်းသောအခါ လေးသမားဟောင်းများက "အရှင်မင်းကြီး.... ထိုသို့ပစ်ချရန် အကျွန်ုပ်တို့အဖို့ ဝန်မလေးပါ၊ သို့ရာတွင် အရှင်မင်းကြီးသည် အကျွန်ုပ်တို့၏ အလုပ်ကို အကြိမ်များစွာ မြင်ဘူးလှပါပြီ၊ ယခုမှ ရောက်သစ်စ လေးဆရာကား အကျွန်ုပ်တို့ထက် လခနှစ်စာ များစွာတို့ကို ရသူဖြစ်ပါသည်။ ထိုလေးဆရာသစ်ကို ပစ်ချစေတော်မူပါ"ဟု တညီတညွတ်တည်း လျှောက်ဆိုကြကုန်၏။

ပြည့်ရှင်မင်းကြီးသည် အလောင်းတော် အသဒိသမင်းသားကို ခေါ်စေ၍ "ချစ်သား....ထိုသရက်ခိုင်ကို မြားဖြင့် ပစ်ချနိုင်ပါမည်လော"ဟု မေးလတ်သော် အလောင်းတော် မင်းသားက "အရှင်မင်းကြီးတို့ ယခုလျောင်းစက်သော နေရာကို ရပါမူ ပစ်ချနိုင်ပါ၏"ဟု ဆိုတော်မူ၏။ (ပြည့်ရှင်မင်းကြီး လျောင်းစက်နေသော နေရာနှင့် သရက်ခိုင်၏အညွှာသည် အထက်အောက် တည့်၍နေသောကြောင့် ထိုနေရာကို တောင်းခြင်းဖြစ်သည်။) ပြည့်ရှင် မင်းကြီးသည်လည်း လျောင်းစက်ရာ နေရာကို

http://www.dhammadownload.com



ဖယ်ရှား၍ အလောင်းတော် မင်းသားအား ထိုနေရာမှ ပစ်ရန် အခွင့်ပေးလေသည်။ အလောင်းတော် မင်းသားကား အခြား မလေးသမားများကဲ့သို့ လေးကို တကိုင်ကိုင် လှည့်လည်နေသူမဟုတ်၊ အဝတ်တွင်း၌သာ လေးကို ဖွဲ့၍ လှည့်လည်သူဖြစ်ရကား တင်းထိမ်ကန့်လန့်ကာကို ဝန်းရံကာစေပြီးလျှင် ထိုအတွင်းသို့ဝင်၍ အပေါ်ရုံဝတ်လဲတော် အဖြူကို ချွတ်၍ နီမြန်းသော အဝတ်တထည်ကို ဝတ်ဆင်ပြီးလျှင် အောက်ပိုး( ခါးတောင်း )ကြိုက်ပြီးမှ အဝတ်နီ တထည်ကို ရင်၌ တင်းကြပ်စွာ ဖွဲ့ချည်၍ အိတ်အတွင်းမှ သန်လျက်တော်ကို ထုတ်ယူကာ လက်ဝဲဘက်၌ လွယ်၍ ရွှေသင်တိုင်းကို သိုင်းဖွဲ့ဝတ်ဆင်ကာ မြားကျည်တောက်ကို ကျောက်ကုန်း၌ လွယ်ပြီးလျှင် သူ့အဆစ်နှင့် သူ့အစပ် ဖွဲ့ယှဉ်အပ်သော ဆိတ်ချိုလေးကြီးကို စွဲကိုင်၍ သန္တာ အသွေး နီတွေးသော လေးညို့(=လေးကြိုး)ကို တင်ပြီးလျှင် ရတနာသင်းကျစ်တော်ကို ဦးခေါင်း၌ ဆောင်းစွပ်၍ အလွန် ထက်လှစွာသော မြားကို လက်သည်းတော်တို့ဖြင့် စက်ဝန်းတရထည် လည်စေပြီးလျှင် မြေကြီးကို ဖောက်ခွဲ ထွက်လာသော နဂါးလုလင်ပမာ တင်းထိမ်ကန့်လန့်ကာကို နှစ်ခြမ်းခွဲလျက် ထွက်တော်မူပြီးလျှင် မြားပစ်ရာဌာနသို့ ကြွသွားတော်မူကာ “အရှင်မင်းကြီး…. ထို သရက်ခိုင်ကို အထက်သို့ တက်သောမြားဖြင့် ကျအောင်ပစ်ရမည်လော၊ သို့မဟုတ် အောက်သို့ သက်ဆင်းလာသော မြားဖြင့် ကျအောင် ပစ်ရပါမည်လော” ဟု မေးမြန်းသည်တွင် ပြည့်ရှင်မင်းကြီးက “ချစ်သား…. ငါသည် အထက်သို့ တက်သောမြားဖြင့် ကျစေသော လေးသမားများစွာတို့ကို မြင်ဘူးလှပါပြီ၊ အောက်သို့ သက်ဆင်းလာသော မြားဖြင့် ကျစေသော လေးသမား (=ကျအောင် ပစ်နိုင်သော လေးသမား)တို့ကို ငါကား မမြင်အပ်ဘူးကုန်၊ သင် ချစ်သားသည် အောက်သို့ သက်ဆင်းလာသော မြားဖြင့် ကျစေလော့=ကျအောင် ပစ်လေလော့”ဟု ဆိုပေ၏။

http://www.dhammadownload.com



အလောင်းတော် မင်းသားက "မြတ်သော မင်းကြီး.... ဤယခု အကျွန်ုပ် ပဌမပစ်မည့်မြားသည် စတုမဟာရာဇ် နတ်ပြည်တိုင်မြောက် အဝေးသို့ တက်ရောက်ပါလိမ့်မည်၊ ထို စတုမဟာရာဇ် နတ်ပြည်မှ မြား ပြန်ကျလာသည် တိုင်အောင် အရှင်မင်းကြီးတို့သည် သည်းခံ စောင့်ဆိုင်း သင့်ပါသည်"ဟု ပြောဆိုလတ်သည်တွင် ပြည့်ရှင်မင်းကြီး လည်း "ကောင်းပြီ"ဟု ဝန်ခံတော်မူ၏။

ထို့နောက် တဖန် အလောင်းတော် မင်းသားသည် ပြည့်ရှင်မင်းကြီးကို "မြတ်သော မင်းကြီး.... ဤယခု အကျွန်ုပ် ပဌမ ပစ်လိုက်မည့် မြားသည် တက်သွားလတ် သည်ရှိသော် သရက်ခိုင်အညှာကို ထက်ဝက် (တခြမ်း) တိုင်အောင် ဖြတ်၍ တက်သွားပါလိမ့်မည်၊ ဤ မြားသည် ကောင်းကင်မှတဖန် ပြန်၍ သက်ဆင်းလာသည် ရှိသော် ဆံခြည်ဖျားမျှ တိမ်းစောင်းချွတ်လွဲခြင်း မရှိပဲ ကျန်သော သရက်သီးခိုင် အညှာထက်ဝက်ကို တိတိမတ်မတ် ဖြတ်ပြီး လျှင် သရက်သီးခိုင်ကို ယူဆောင်၍ ကျလာပါလိမ့်မည်၊ မြတ်သော မင်းကြီး....ကြည့်တော်မူလော့"ဟု ရဲရဲတောက် စကား မိန့်ကြားတော်မူပြီးလျှင် အဟုန်ကို ဖြစ်စေလျက် မြားကို ပစ်လွှတ်တော်မူလိုက်လေ၏။

ထိုမြားသည်(အလောင်းတော် ပြောဆိုသည့်အတိုင်း) သရက်ခိုင်အညှာကို ထက်ဝက် (တခြမ်း) တိုင်အောင် ဖြတ်၍ တက်သွားလေ၏။ ဘုရားအလောင်းသည် "ယခု အခါ ထိုမြားသည် စတုမဟာရာဇ် နတ်ပြည်သို့ကိုင်မြောက် ရောက်လောက်ပြီ"ဟု သိ၍ ထိုပဌမ ပစ်လိုက်သော မြား ထက် အဟုန်ပြင်းထန်လျင်မြန်သော ဒုတိယမြားတစင်းကို တဖန်ပစ်လွှတ်လိုက်ပြန်၏။ ထိုဒုတိယမြားသည် အထက်သို့ တက်လေ၍ ပဌမမြား၏မြားလွှ(=မြားရွက်)၌ ရိုက်ခတ် ၍ ထိုပဌမမြားကို အောက်သို့ လည်ကျစေပြီးလျှင် မိမိ

http://www.dhammadownload.com



ကား တာဝတိံသာနတ်ပြည်သို့တိုင်အောင် တက်လေ၏၊ ထို ဒုတိယမြားကို တာဝတိံသာနတ်တို့ ဖမ်းယူကြလေသည်။

ပြန်နှစ် သက်ဆင်းလာသော ပဌမမြား၏ ပြင်းထန်သော လေတို့ကို ဖြတ်တောက် သက်ဆင်းလာသော အသံသည် မိုးကြိုးသံပမာ လွန်စွာမြည်ဟည်းမြေကြီးတုန်မတတ်ရှိလတ်ပေ၏။ လူများအပေါင်းက "ဤအသံ ဘာသံနည်း" ဟု ပြောဆိုလတ်သော် အလောင်းတော်မင်းသားက "ဤအသံကား ပြန်လည်သက်ဆင်းလာသော ပဌမမြား၏ အသံဖြစ်သည်" ဟု ပြောဆိုပြီးလျှင် မိမိ မိမိ၏ကိုယ်ပေါ်သို့ မြားကျလာမည်ကို တွေးကာ ခြောက်သွေးဝင်နေသော လူအပေါင်းကို "မကြောက်ကြပါလင့်" ဟုသက်သာအောင် ပြောကြား၍ "ထိုမြားကို မြေသို့ ကျခွင့်မပေး၊ မည်သူ့ကိုမျှ မထိခိုက်စေမူ၍ ကျွန်ုပ်ပင် ဖမ်းယူပါအံ့" ဟု နှစ်သိမ့်စေတော်မူ၏။

ထိုမြားသည် အက်ဆင်းလတ်သည်ရှိသော် ဆံခြည်ဖျားမျှ တိမ်းစောင်းချွတ်လွဲခြင်းမရှိဲ လူအများတို့ ကြည့်နေစဉ်ပင် ယခင်တက်သွားစဉ်က ထက်ဝက် ဖြတ်ထားခဲ့ပြီးသော သရက်သီးခိုင်အညှာတံ၏ကျန်သောထက်ဝက်ကို ထိတိမတ်မတ် ထိုးဖြတ်ကာ ထိုသရက်သီးခိုင်နှင့် တကွ မြေသို့ကျလာ၏။ အလောင်းတော် အသဒိသမင်းသားသည် သရက်သီးခိုင်ကိုရင်း မြားကိုရင်း မြေသို့ ကျခွင့်မပေးဲ ကောင်းကင်မှာပင် ခံလင့်လျက် လက်တဖက်ဖြင့် သရက်သီးခိုင်ကို လက်တဖက်ဖြင့် မြားကို ဖမ်းယူတော်မူ၏။

မင်းနှင့်တကွသော လူများအပေါင်းသည် ထိုသို့ထူးကဲအံ့ဖွယ်သရဲကို မြင်ကြရ၍ "ငါတို့သည် ဤသို့ သဘောရှိသော အံ့ဩဖွယ်ကို ရှေးက မမြင်အပ်စဘူး" ဟု

http://www.dhammadownload.com



အလောင်းတော်ကို ချီးမွမ်းကြ၏၊ ကောင်းခြီးကြွေးကြော်ကြ လက်ပန်းပေါက်ခတ်ကြ( = လက်ခမောင်း တဖြောင်းဖြောင်းခတ်ကြ)လက်ချောင်းတို့ကို ခါကြလေ၏။အထောင်မကသော ဦးရစ်ခေါင်းပေါင်း ကြမြောက်ခြင်းကို ဖြစ်စေကြ၏။ မင်း၏ပရိသတ်များ အားရဝမ်းသာလှသဖြင့် အလောင်းတော်အား ဆုလာဘ်အဖြစ် ပေးအပ်သော ဥစ္စာသည် တကုဋေမျှ ရှိပေ၏။ ပြည့်ရှင် မင်းကြီးသည်လည်း ထိုအသဒိသမင်းသား အလောင်းတော်လေးသမားအား မိုးကြီးသည်းထန်စွာ ရွာသွန်းသည့်ပမာ များစွာသော ဥစ္စာ များစွာသော အခြံအရံကို ပေးကမ်းလေ၏။

(ဤကား အလွန်အံ့ဩဖွယ်ကောင်းသော ဘုရားအလောင်းတော် အသဒိသမင်းသား၏ လေးအတတ်အကြောင်းတည်း။)

ဤသို့အားဖြင့် ဘုရားအလောင်းတော်သည် အသဒိသမင်းသား ဖြစ်စဉ်အခါကလည်း ထူးကဲဆန်းကြယ် အံ့ဩဖွယ်ကောင်းသော လေးအတတ်ကို ပြသတော်မူခဲ့ဘူးပေ၏။ ဤယခု နောက်ဆုံး ပစ္ဆိမဘဝ သိဒ္ဓတ္ထမင်းသားအဖြစ်၌လည်း ဖော်ပြရာပါ မြားရေးငယ် ၁၂-ပါး, မြားရေးကြီး ၄-ပါး, ထုထယ်ကြီးများကို ထုတ်ချင်းပေါက် ဖောက်ထွင်း ပစ်ခွင်းခြင်း ၇-ပါး ဤလေးမြားအတတ်များကို ပြသတော်မူသည့်ပြင် ထိုလေးမြား အတတ်မှတပါး လောက၌ မင်းညီမင်းသားတို့ တတ်အပ်ရာ အလုံးစုံသော အတတ်မျိုးတို့ကိုလည်း ထိုအစည်းအဝေး၌ ပြသတော်မူပေ၏။ ထိုသို့ပြသတော်မူသောအခါ ရှစ်သောင်းသော မဟာဆွေတော်မျိုးတော်တို့သည် အလောင်းတော်မင်းသား၏ အပေါ်၌ "ယောကျာ်းတို့ ပညာရပ် တတ်မှ တတ်ပါ့မည်လား" ဟူသော ယုံမှားသံသယ ကင်းရှင်းကြလေကုန်၏။

http://www.dhammadownload.com



## နန်းတက်တော်မူခဏ်း

### ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား၊ သာကီဝင်မင်းသမီးအပေါင်း လေးသောင်းပြီရံလျက် ထီးနန်းစိုးစံတော်မူခြင်း

ဤသို့အားဖြင့် ဘုရားအလောင်းတော်သည် မဟာဆွေတော်မျိုးတော်တို့၏ ယုံမှားစိတ်ဝင် အထင်သေးနုပ် ရှုတ်ချကဲ့ရဲ့ခြင်းကို ကင်းရှင်းပပျောက်စေရန် မည်သူတို့နှင့်မျှမဆက်ဆံ အလွန်ဆန်းကြယ် အံ့ဖွယ်သရဲ မြင်ရခဲလှစွာသော လေးအတတ်စသည်တို့ကို ပြသတော်မူသောအခါ မဟာဆွေတော်မျိုးတော် အပေါင်းတို့သည် ရှိဟောင်းဖြစ်ဖေ့ာ ယုံမှားသံသယ ကင်းစင်ကြကုန်သည် သာမက "သကျသာကီဝင် ရာဇဝင်ရှေးခေတ်က မဖြစ်စဘူး အထူးအံ့ဖွယ် ဆန်းကြယ်စွာကုန်သော ဤအတတ်စွမ်းအင်တို့ကို ရှုမြင်ကြရပေသည်တကား"ဟု အားပါးတရ ဝမ်းမြောက်ကြသဖြင့် ရွှင်ပျရယ်မော သောသောရုတ်ရုတ် အုတ်အုတ်ကျက်ကျက် သွဲ့ထက်ငါ ချီးမွမ်းကြလျက် အလောင်းတော် မင်းသား၏ ထူးခြားကဲလွန် သူမတန်သော စွမ်းရည်အတတ် အရပ်ရပ်ဂုဏ်အင်တို့ကို အလွန်လျှင်အားရ နှစ်သက်ကုန်ကြရကား အလောင်းတော်မြတ် သိဒ္ဓတ္ထမင်းသား၏ အလို့ငှါ မိမိတို့၌ရှိကြသော သာကီဝင် မင်းသမီးကညာတို့ကို တင့်တယ်စွာ တန်းဆာဆင်ယင်ကြပြီးလျှင် အလောင်းတော် မင်းသားထံသို့ ပို့ဆောင်အပ်နှင်းစေကြကုန်၏။ ယင်းသို့ ပို့ဆောင်ကြသော မျိုးနွယ်သန့်စွာ ကလျာကြန်အင် သာကီဝင် မင်းသမီးကညာ အပေါင်းတို့သည်ကား လေးသောင်း အရေအတွက် ရှိကုန်၏။

### ဘဒ္ဒကစ္စာနာဟူသော ယသောဓရာမိဖုရား၏ ရုပ်ဆင်းကြန်အင်

ထိုလေးသောင်းကုန်သော သာကီဝင် မင်းသမီးအပေါင်း မောင်းမနန်းသူတို့၏ စူဠာသျှောင်ကျင် ထိပ်ခေါင်တင်အထွတ်အများ အဂ္ဂမဟေသီမိဖုရားကြီးကား "ဘဒ္ဒကစ္စာနာ" ငယ်မည်သာသော ယသောဓရာဒေဝီ ဖြစ်သတည်း။

http://www.dhammadownload.com



ထိုယသောဓရာဒေဝီသည်ကား ရှေး၌ ပြဆိုခဲ့ပြီးသော ဖွားဘက်တော် ခုနစ်ဦးတို့တွင် တဦးအပါအဝင်ဖြစ်ပေ၏၊ ဒေဝဒဟပြည် ဘိုးတော်အဥ္စနမင်းကြီး၏သား သုပ္ပဗုဒ္ဓသာကီဝင်မင်းနှင့် သုဒ္ဓေါဒနမင်းကြီး၏ နှမတော် အမိတ္တာမင်းသမီးကို စုံဖက်ရာတွင် ဖွားမြင်သောမင်းသမီး ဖြစ်ပေ၏၊ ထိုယသောဓရာမင်းသမီးသည်ကား မြဲးမြောက်တင့်တယ် စင်ကြယ်ကောင်းမွန်သော အခြံအရံ အကျော်အစော ဂုဏ်ကျေးဇူးတို့ကို အထူးဆောင်ပေသောကြောင့် "ယသောဓရာ" ဟူသောအမည်ကို ရပေသည်။ (ယသော = များးမြတ်သော်အခြံအရံကျော်စောခြင်းဂုဏ်သတင်းကို+ဓရာ = ဆောင်တတ်သောမင်းသမီး-ဟု ဆိုလိုသည်။)

မိမ္မာရွှေသားကို သွန်းထု၍ထားသကဲ့သို့ ရွှေသားရွှေကိုယ်ရွှေနဂိုရ်စတိ ပကတိပြီးသည့်အသွင် အမြဲပင် ရှုမငြီးဖွယ်ရာ တင့်တယ်စွာသော ရွှေအဆင်းလည်း ရှိပေ၏။ မနောဘူမည်သော မာရ်နတ်မင်း၏ ရှုခင်းသာစုံ အာရုံပျော်ပါး ကစားမြူးရှင်ရာ ကိဋ္ဌာမဏ္ဍလင် နတ်သဘင်ဘုံအရပ်၌ စိုက်ဆောက်၍ထားအပ်သော အောင်လံတံခွန်ကဲ့သို့ တင့်မွန်သောအချိုးအစား ထူးခြားကြွေ့ရှင်း စံလွတ်ကင်းအောင် ထင်လင်းစံပယ် အလွန်လျှင် တင့်တယ်သော ကိုယ်လုံးကိုယ်ဟန်ရှိပေ၏။ ဒေဝစ္ဆရာ ကညာနတ်သမီးတို့၏ ကိုယ်အရောင်ကဲ့သို့ တောက်ပြောင်ဝေဖြာသော ကိုယ်ရောင်ဖြင့် မိုက်မှောင်၍နေသော အဆောင်တော်တိုက်ခန်းအလုံးကို လွှမ်းဖုံးထွန်းလင်းနိုင်၏။ (၁) အရေ၏ ကောင်းခြင်း = ဆဝိကလျာဏ၊ (၂) အသား၏ကောင်းခြင်း = မံသကလျာဏ၊ (၃) အကြော၏ ကောင်းခြင်း = နှာရုကလျာဏ၊ (၄) အရိုး၏ကောင်းခြင်း = အဋ္ဌိကလျာဏ၊ (တနည်း) ဒန္တကလျာဏ၊ (၅) ဆံပင်၏ကောင်းခြင်း = ကေသကလျာဏအားဖြင့် ခွဲခြားရေတွက်အပ်ကုန်သော....တနည်းမူ ရိုး-ရေ-ဆံ-သားအရွယ်အားဖြင့် ငါးပါးရေတွက်အပ်ကုန်သော မိန်းမမြတ်တို့၏ လက္ခဏာ ကလျာပဉ္စ ကြွန်အင်ကောင်းခြင်းတို့နှင့်လည်း ပြည့်စုံပေ၏။ အကြိမ်တရာဖတ်အပ်သော ဝါဂွမ်း၏အတွေ့ပမာ ချမ်း

http://www.dhammadownload.com



သာကောင်းမွန် အလွန်သာယာအစ်သည့် အုခသမ္ဗာသ ဘတွေ့ ခေတ်နှင့်လည်း ပြည့်စုံပေ၏။ မည်းလွှန်းခြင်း, ဖြူလွန်းခြင်း, အုလွှန်း(ဝလွန်း) ခြင်း, ကြိုလွန်း(မိန်လွန်း) ခြင်း, နိမ့်လွန်းခြင်း, မြင့်လွန်းခြင်းဟူသော အပြစ်ခြောက်မျိုးတို့မှ ကင်းပလွတ်စင်၍ ရှုချင်ဖွယ်ရာ တင့်တယ်စွာသော ထိုကိုယ်ကာယမှ စန္ဒကူးသရက္ခန်ရနံ့ သင်းပျံ့ကြိုင် အမြဲတမ်းလှိုင်ပေ၏။ သန္တာအဆင်း ခြင်းခြင်းတျာတျာ ပြကတေ့နီမြန်းစွာသော ခံတွင်းမှလည်း သင်းသင်းမြှာအောင် ကြာညိုရနံ့ အမြဲတမ်းလှိုင်ပျံ့၍နေပေ၏။ ဘဒ္ဒကစ္စာနာယသောရာဓေဝီသည် လေးကျွန်းသနင်း စက္ကဝတ်မင်းတို့ သိမ်းပိုက်သုံးဆောင်ခြင်းငှါ ထိုက်တန်စွာသော မိန်းမမြတ်ရတနာ ဖြစ်ပေ၏။

ဤယခု ပြဆိုခဲ့ပြီးသည်ကား ဥပလက္ခဏ(=မှတ်နိုင်လောက်ရုံ)ကို ဖော်ပြသည့်နည်းအားဖြင့် ရေးသားပြဆိုချက် ဖြစ်ပေ၏၊ စင်စစ်သော်ကား ဤယသောဓရာဒေဝီသည် လူမကနတ်မမို ပါရမီအမီပတိ ရှေးကုသိုလ်အားလုံးတို့ နောက်ဆုံးပိတ် အလုအယက်အကျိုးပေးသဖြင့် မိန်းမမြတ်တကာတို့ထက် ကြွန်အင်္ဂါအပေါင်းအကောင်းမြတ်ဆုံး လက္ခဏာ လွန်စွာအံ့အဲ ရှုကြည့်၍မရောင့်ရဲနိုင်အောင် ထူးကဲသော အဆင်းဂုဏ်တို့နှင့် ပြည့်စုံသောမိန်းမမြတ် ရတနာ ဖြစ်ပေသတည်း။

### ထိမ်းမြားနှင်းဆောင်ကြခြင်း

ခမည်းတော်သုဒ္ဓေါဒနမင်းကြီး အမှူးပြုသော ကပိလဝတ်ပြည်သာကီဝင်မင်းအပေါင်း ရှစ်သောင်းသော မဟာဆွေတော်မျိုးတော်တို့သည် ကြီးမြတ်ခမ်းနားလှစွာသော ညီလာသဘင်ကို ဆင်ယင် စည်းဝေးကြပြီးသော် ဘုရားအလောင်းတော်မြတ် သိဒ္ဓတ္ထမင်းသားအား ထီးဖြူတော်ကို စိုက်ထောင်ဆောင်းမိုးစေလျက် ရာဇအဘိသိက်ရေချမ်း သွန်းဖြန်းကြကုန်၍ မင်းအဖြစ်ကို ဆောင်နှင်းကြပြီးလျှင် ဥကင်စော်မြတ် ပြာသာဒ်ရွှေနန်း သိမ်းမြန်းတက်စံသော မင်းခမ်းသဘင်တော်ကို အပြီးတိုင်ဆင်ယင်ကျင်းပကြကုန်၏။

http://www.dhammadownload.com



သာကီဝင်မင်းအပေါင်းတို့ ပို့ဆက်အပ်သော မောင်းမ ကညာပေါင်း လေးသောင်းတို့တွင် တသောင်းသော မောင်းမ ကညာတို့သည် ယသောဓရာဒေဝီထံ၌ အမြဲဝန်းရံ အတူစံကြသည့် အခြီအရံတို့ ဖြစ်ကုန်၏။ သုံးသောင်းကုန်သော မောင်းမကညာ တို့သည်ကား နန်းမ ပြာသာဒ်သုံးဆောင်တို့၌ တသောင်းစီ တသောင်းစီ အမြဲခစားနေထိုင်ကြရကုန်၏။

ဘုရားအလောင်းတော်မြတ် သိဒ္ဓတ္ထမင်းသားသည် နတ်ကညာတို့ ဝန်းကာပတ်ခြီ ရံအပ်သော နတ်လုလင်ပျိုကဲ့သို့ရင်း, သိကြားနတ်မင်းကဲ့သို့ရင်း သာကီယဇာတ် မြတ်သောကညာတို့ ဝန်းကာပတ်ခြီ ရံအပ်သည်ဖြစ်၍ ယောက်ျားမပါ မိန်းမတို့သာ တီးမှုတ်အပ်ကုန်သော တူရိယာတို့ဖြင့် အလွန်သာယာဖွယ်သော အဖျော်အဖြေကို ခံယူတော်မူလျက် တင့်တယ်စံပယ်တော်မူကာ စက္ကဝတ်စည်းစိမ်တမျှ ကြီးကျယ်ခမ်းနားလှသော မင်းစည်းစိမ်ကို သုံးဆောင်ခံစားတော်မူ၍ ဥတုသုံးပါး အလှည့်အလည်အားဖြင့် ခမ်းနားတင့်တယ်လှစွာကုန်သော ရမ္မ, သုဘ, သုရမ္မ စံနန်းတော် ပြာသာဒ်သုံးဆောင်တို့၌ ချမ်းသာစွာ စံနေတော်မူ သတည်း။

---

အခန်း-၃

## နိမိတ်ကြီးလေးပါး မြင်တော်မူခန်း

### မင်္ဂလာဥယျာဉ်တော်သို့ထွက်ခြင်း

ဤသို့လျှင် ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသားသည် အသက်တော် တဆယ့် ခြောက်နှစ် အရွယ်တွင် ကပိလဝတ်ပြည် နန်းကို သိမ်းမြန်းစိုးအုပ်တော်မူကာ ယသောဓရာမိဖုရားကြီး အမှူးရှိသော မင်းမောင်းမပေါင်း လေးသောင်းတို့၏ အဖျော်အဖြေ အပြုအစု အယုအယကို ခံတော်မူကာ တဆယ့်သုံးနှစ်ကြာ ကာလပတ်လုံး စကြဝတေးမင်း စည်းစိမ်နှင့်တူသော မင်းစည်း

http://www.dhammadownload.com



မိမ်ကို ချမ်းသာစွာ သုံးဆောင်ခံစား၍ ရှယ်တော်တင့်ပြီး နှစ်ဆယ့်ကိုးနှစ်သို့ ရောက်သောအခါ တနေ့သောကာလ၌ မင်္ဂလာဥယျာဉ်တော်သို့ ထွက်ကြွတော်မူလိုရကား ရထားထိန်းကို ခေါ်တော်မူပြီးလျှင် "အချင်း ရထားထိန်း....သင်သည် ရထားကို ကချေလော့၊ ဥယျာဉ်တော်ကိုရှုစားရန် ငါထွက်တော်မူမည်"ဟု မိန့်ကြားလေလျှင် ရထားထိန်းသည်လည်း "ကောင်းပါပြီ" ဟု ဝန်ခံ၍ သူမြတ်တို့နှင့်သာ ထိုက်တန်စွာသည့် အလွန်မြတ်သော မင်းစီးရထားကို ခင်သိမ်းသော အဆင်တန်းဆာတို့ဖြင့် တန်းဆာဆင်ပြီးလျှင် လပြည့်ဝန်း ကုမုဒြာကြာပန်းအတူ စင်ဖြူသော အဆင်း ရှိကြလျက် လေ၏အဟုန် ဂဠုန်မင်း၏ အဟုန်ကဲ့သို့ လျင်မြန်သော အဟုန်ရှိကြသော အာဇာနည် သိန္ဓောမြင်း လေးကောင်တို့ကို ကပြီးလျှင် စီးတော်ရထားကို ကန်၍ ပြီးကြောင်း အလောင်းတော်မင်းသားအား လျှောက်ထားလေသည်။ အလောင်းတော်မင်းသားသည် နတ်ဗိမာန်အလား ထူးခြားမွန်မြတ်သော ထိုရထားကို စီးတော်မူ၍ ကြီးစွာသော အခမ်းအနားဖြင့် ဥယျာဉ်တော်သို့ ရှေးရှု ထွက်တော်မူလေ၏။

## (၁) သူအိုနိမိတ်ကို မြင်တော်မူခြင်း

ထိုသို့ အလောင်းတော်မင်းသား ဥယျာဉ်တော်သို့ ထွက်ကြွ၍ လမ်းခရီးအကြားသို့ ရောက်သောအခါ နတ်တို့သည် "သိဒ္ဓတ္ထ မင်းသား ဘုရားဖြစ်ရန် အချိန်တန်နီးကပ်ခဲ့လေပြီ၊ ထို မင်းသားအား တောထွက်၍ ရဟန်းပြုကြောင်း ရှေ့ပြေး ပုဗ္ဗနိမိတ်ကို ပြကြကုန်အံ့" ဟု တိုင်ပင်ကြပြီးလျှင် နတ်သားတယောက်ကို ဆံကလည်းဖြူ သွားကလည်းပြုန်း ခါးကလည်း ကုန်း၍ တောင်ဝှေးကို လက်စွဲကာ ကုန်တုန်ရီရီ ဖြစ်၍နေသော သူအိုပုံဟန် ဖန်ဆင်း၍ ပြစေကြကုန်၏။ ထိုသို့ နတ်တို့ ဖန်ဆင်း၍ ပြအပ်သော သူအိုနိမိတ်ကို ဘုရားအလောင်းနှင့် ရထားထိန်းတို့သာ မြင်ကြရကုန်၏၊ အခြားသူတို့ မမြင်ရကုန်။

http://www.dhammadownload.com



ထိုသို့ အလောင်းတော် မင်းသားသည် သူအို နိမိတ်ကို မြင်ရသောအခါ၌ ရထားထိန်းကို "အချင်း ရထားထိန်း....ထိုသူ၏ ဆံပင်များလည်း အခြားသူတို့၏ ဆံပင်များနှင့် မတူကုန်၊ ဖြူဖွေးလျက်ရှိကုန်၏၊ ကိုယ်သည်လည်း အခြားသူတို့၏ ကိုယ်နှင့် မတူ၊ သွားကလည်းကျွေ အသားအရေကလည်း နည်းပါး ခါးကလည်းကုန်း တုန်တုန်ရီရီဖြစ်၍နေ၏၊ ထိုသူကား အဘယ်အမည်ရှိသောသူနည်း"ဟု မေးမြန်းတော်မူလေ၏၊ ရထားထိန်းသည်လည်း "အရှင်မင်းကြီး....ထိုသူကား သူအို မည်ပါသည်"ဟု ပြန်ကြားလျှောက်ထားလေသည်။

ရှေးအခါက "သူအို"ကို မြင်ဘူးဘို့ မဆိုထားဘိ၊ "သူအို"ဟူသော စကားကိုမျှ မကြားဘူးသော အလောင်းတော်မင်းသားသည် ရထားထိန်းကို တဖန်ထပ်၍ "အချင်း ရထားထိန်း.... ငါသည် ဆံဖြူ သွားကျွေ သားရေပိန်ချုံး ခါးကုန်း တုန်ရီ ဤသို့သဘောရှိသောသူကို ရှေးအခါက မမြင်ရစဘူး၊ ဤသူအိုမည်သည် အဘယ်ကို ဆိုလိုသနည်း"ဟု မေးမြန်းတော်မူလတ်သည်တွင် ရထားထိန်းက "အရှင်မင်းကြီး....ကြာမြင့်စွာ အသက်မရှည်နိုင်တော့မည့်သူကို သူအိုခေါ် ဆိုပါသည် = သူအို ဟူသည် အသက်ကြွင်း(နောက်ထပ် အသက်ရှည်နေရန်) နည်းပါးစွာကျန်ရှိသောသူကို ဆိုလိုပါသည်"ဟူ၍ ပြန်ကြား လျှောက်ထားလေ၏။

ထိုအခါ အလောင်းတော်မင်းသားက "အချင်းရထားထိန်း.... အသို့နည်း (ဘယ့်နှယ်လဲ)၊ ငါသည်လည်း အိုခြင်းသဘော ရှိသလော၊ အိုခြင်းသဘောကို မလွန်မြောက်သူပင် ဖြစ်သလော" ဟု မေးတော်မူလေသော် ရထားထိန်းက "အရှင်မင်းကြီး.... အရှင်မင်းကြီးရော အကျွန်ုပ်တို့ပါ ခပ်သိမ်းသောသူတို့သည် အိုခြင်းသဘော ရှိကြပါကုန်၏၊ အိုခြင်းသဘောကို မလွန်မြောက်သူချည်းသာ ဖြစ်ကြပါကုန်၏"ဟူ၍ ပြန်ကြားလျှောက်ထားလေလျှင် အလောင်းတော် မင်းသားသည် "အချင်း ရထားထိန်း.... ထိုသို့ ကိုယ်ကိုယ်သူသူ ခပ်သိမ်းသော လူတို့သည်ပင် အိုခြင်းသဘောကို

http://www.dhammadownload.com



မလွန်မြောက်နိုင်သူချည်းသာဖြစ်ခဲ့လျှင် အိုခြင်းသဘောကို မလွန်မြောက်နိုင်သော ငါ့အား ယခုအခါ မင်္ဂလာ ဥယျာဉ်တော်သို့ သွား၍ ရှုစားမွေ့လျော် ပျော်ပိုက်ရန် အလိုမရှိတော့ပြီ၊ သူ့အိုကို မြင်ရာ ဤအရပ်မှပင်လျှင် ရွှေနန်းတော်သို့ တဖန် ရထားကို တုံ့ပြန်မောင်းနှင်လော့”ဟု မိန့်ကြားတော်မူလေ၏၊ ရထားထိန်းသည်လည်း “ကောင်းပါပြီ အရှင်မင်းကြီး....”ဟု ဝန်ခံစကား ပြန်ကြားလျှောက်ဆိုပြီးလျှင် မင်္ဂလာဥယျာဉ်တော်သို့ မမောင်းနှင်တော့ပဲ သူ့အိုကို မြင်ရာ ထိုအရပ်မှပင် ရွှေနန်းတော်သို့ တဖန် ရထားကို တုံ့ပြန်မောင်းနှင်ခဲ့လေ၏။

**အလောင်းတော်မင်းသား၏ တရားသံဝေဂ**

ခြင်္သေ့တို့မည်သည် မြားဖြင့် အပစ် ခံရသောအခါ ထို အကျိုးဖြစ်သည့် မြားကို အမိကထား မပယ်ရှားကြပဲ မြားလာခြင်း၏ အကြောင်းရင်းဖြစ်သည့် မြားပစ်သူ ရန်သူမုဆိုးကိုသာ တွေ့အောင်ရှာ၍ ပယ်ရှားကြလေသည်။ မြတ်စွာဘုရားတို့သည်လည်း အကျိုးတရား အကြောင်းတရားနှစ်ပါးတို့ရှိရာတွင် မြားနှင့်တူသောအကျိုးတရားကို အမိကထား မပယ်ရှားကြပဲ မြားဖြင့်ပစ်သူ ရန်သူမုဆိုးနှင့် တူသော အကြောင်းတရားကိုသာ ဉာဏ်ဖြင့် တွေ့အောင် ရှာ၍ ပယ်ရှားတော်မူကြလေသည်၊ သို့ရကား မြတ်စွာဘုရားတို့သည် ခြင်္သေ့မင်းနှင့် တူတော်မူကြကုန်၏။ ထို့ကြောင့် အလောင်းတော်မင်းသားသည် မြတ်စွာဘုရားဖြစ်မည့်သူပီပီ ရထားထိန်းက ရင့်ရော်ယိုယွင်း အိုမင်းခြင်း( = ဇရာ )တရား၏ သူသိသမျှ လောကသဘောကို ပြောကြား လျှောက်ထားစေကာမူ ထိုဇရာတရား၏ အကြောင်းရင်း ဖြစ်သော ပဋိသန္ဓေ တည်နေရခြင်း (=ဇာတိ)တရားကို ထင်ရှားဆင်ခြင် သိမြင်တော်မူသည် ဖြစ်ရကား ရွှေနန်းတော်သို့ ရောက်သည် ရှိသော် “(အိုး).... ပဋိသန္ဓေ တည်နေမှုတည်းဟူသော ဇာတိ သဘောသည် ရွံမုန်းစက်ဆုပ်ဖွယ်ကြီးပါတကား.... ယင်း

http://www.dhammadownload.com



သည့် ပဋိသန္ဓေ တည်နေမှု (= ဇာတိ) တရား ထင်ရှား ရှိပြီးသူ(ပဋိသန္ဓေ တည်နေပြီးသူ)မှန်သမျှ အိုမင်း ရင့်ရော်မှု ( = ဇရာ) တရား ထင်ရှား ရှိရမည်သာ ဖြစ်စွာ့ တကား....”ဟု သံဝေဂဉာဏ်စက်သွားဖြင့် စဉ်းစား ဆင်ခြင်တော်မူကာ မျက်နှာမရွှင် မကြည်လင်နိုင် ကြံမှိုင်၍သာ နေတော်မူလေ၏။

**သုဒ္ဓေါဒနမင်းတရားကြီး အစောင့်အနေမျှားကို တိုး၍ချထားစေခြင်း**

ခမည်းတော် သုဒ္ဓေါဒန မင်းတရားကြီးသည် ရထားထိန်းကို ခေါ်စေ၍ “အချင်း ရထားထိန်း....အဘယ် အကြောင်းကြောင့် ငါ၏ သားတော်သည် ဥယျာဉ်တော်သို့ အရောက် မသွားပဲ လျှင်လျှားစွာ ပြန်နစ်လာသနည်း....”ဟု မေးမြန်းတော်မူ၍ ရထားထိန်းက “အရှင်မင်းကြီး....အရှင့် သားတော်သည် သူအိုယောကျ်ားကို မြင်ရသောကြောင့် လျှင်လျှားစွာ ပြန်နစ်လာပါသည်”ဟု ပြန်ကြားလျှောက်ထားလေလျှင် သုဒ္ဓေါဒန မင်းတရားကြီးသည် “ငါ့သားတော်မင်းသားသည် တိုင်းပြည်အုပ်ချုပ် မင်းသာပြုလုပ်စေရမည်၊ တောထွက်ကာ ရဟန်းမပြုဖြစ်စေရ၊ တောထွက်၍ ရဟန်းပြုကာ ဘုရားဖြစ်လိမ့်မည် ဟူသော နိမိတ်ဖတ်ဆရာ ပုဏ္ဏားတို့၏ စကား အလွဲအမှားသာ ဖြစ်စေရမည်”ဟု ကြံစည် စိတ်ကူးတော်မူလျက် “အမောင်တို့....အဘယ်ကြောင့် ငါ့ကို ဖျက်ဆီးကြသနည်း၊ သားတော်၏ အတွက် လျင်မြန်စွာ ရှေးကထက်တိုး၍ မောင်းမမိဿံ ရွှေရံတော်တို့ကို ခန့်ထားစီမံကြကုန်၊ ယင်းသို့ မောင်းမမိဿံ ရွှေရံကခြေသည်တို့ကို ရှေးကထက်တိုး၍ ခန့်ထားစီမံကြသည်ရှိသော် ငါးဖြာအာရုံ ကာမဂုဏ်စည်းစိမ်ကို ခံစားလျက် ငါ့သားတော်သည် ရဟန်း ပြုဘို့ရန် အမှတ်ရတော့မည်မဟုတ်”ဟု မိန့်ဆိုကာ ထက်ဝန်းကျင် အရပ်လေးမျက်နှာ ယူဇနာဝက် ယူဇနာဝက်(နှစ်ဂါဝုတ် နှစ်ဂါဝုတ်) ခန့်ရှိသော အရပ်၌ အစောင့်အရှောက်များကို တိုး၍ ချထားစေတော်မူလေ၏။

http://www.dhammadownload.com



(ဤ သူအိုနိမိတ်ကို အလောင်းတော်မင်းသား ဉယျာဉ်တော် ကစား ထွက်လာသောအခါ ယူနေ၁၀က် ပမာဏရှိသော စစ်သည် မိုလ်ပါအပေါင်းဖြင့် ဝန်းရံထွက်ကြွတော်မူခဲ့ရာ မိုလ်ပါတို့ကနောက်ကျ၍ အလောင်းတော်မင်းသား စီးနင်းလိုက်ပါသည့် ရထားက ရှေ့သို့ ရောက်လာသော နေရာ၌ သုဒ္ဓါဝါသဘုံသား ရဟန္တာ ဗြဟ္မာကြီး များသည် မိမိတို့ အာနုဘော်ဖြင့် ရထား၏ ရှေ့မှ ပြသအပ်လေသည်။ ဤသို့ပြအပ်သော သူအိုနိမိတ်ကို အလောင်းတော်မင်းသားနှင့် ရထား ထိန်းတို့သာ မြင်ကြရသည်။ သုဒ္ဓါဝါသဘုံသား ရဟန္တာ ဗြဟ္မာကြီး များသည် "ညွန့်ပျောင်း၌ ဆင်ပြောင်ကြီး ကျံ နစ်သကဲ့သို့ အလောင်း တော်မင်းသည် ငါးဖြာအာရုံ ကာမဂုဏ် ညွန့်ပျောင်း၌ ကျံ နစ်တော် မူနေလေပြီ၊ ထိုအလောင်းမင်းသားအား သတိတရားဖြစ်ပွါးကြစေအံ့" ဟု ကြံစည်ကာ ထိုသူအိုနိမိတ်ကို ပြသခြင်းဖြစ်လေသည်။ နောက်ဖြစ် သောနိမိတ်ကြီးတို့၌လည်း ဤနည်းအတူ မှတ်ယူရာ၏။ ။မဟာပဒါန သုတ် အဋ္ဌကထာ၊ စာမျက်နှာ ၄၆-မှ။)

## (၂) သူနာနိမိတ်ကို မြင်တော်မူခြင်း

အလောင်းတော်မင်းသားသည် ခမည်းတော် သုဒ္ဓေါဒနမင်း တရားကြီးက တောမထွက်ဖြစ်ရန် ရဟန်းမပြုဖြစ်ရန် တိုး၍ စီမံ ခန့်ထားအပ်သော အာရုံငါးပါး ကာမဂုဏ်တရားတို့၏ လှည့်စား ဖုံးကွယ်ချက်အရ ဇာတိတရား ဇရာတရားတို့၌ ထိတ်လန့်ခြင်းငွေ့ သော သံဝေဂစိတ်ထား အနည်းငယ်လျော့ပါးကာ ငါးဖြာအာရုံ ကာမဂုဏ်တို့ဖြင့်ပင် ပျော်ရွှင်စံပယ် နေတော်မူပြန်လေသည်။

ထိုသို့ နေတော်မူ၍ လေးလပြည့်မြောက် ရောက်လတ်သော အခါ အလောင်းတော် မင်းသားသည် ရှေးနည်းအတူပင် အာဇာနည်မြင်း က-သော ရထားကို စီးနင်းတော်မူလျက် ဥယျာဉ်တော်သို့ ထွက်ကြွတော်မူပြန်ရာ လမ်းခရီးအကြားသို့ ရောက်သောအခါ နှစ်ကြိမ်မြောက် နတ်တို့ ဖန်ဆင်းပြအပ်သည့် အနာရောဂါ နှိပ်စက်အပ်သဖြင့် နာကျင် ဆင်းရဲလှသည် ဖြစ်၍ သူတပါးတို့ ထူမှ ထနိုင် သိပ်မှ အိပ်နိုင် လှဲနိုင်သည့် မိမိ ကျင်ငယ် ကျင်ကြီး၌ နစ်လျက်သာ အိပ်ရရှာသော ရောဂါဖိစီး သူနာကြီးကို

http://www.dhammadownload.com



မြင်တော်မူ၍ "အချင်း ရထားထိန်း…ထိုသူ၏ မျက်လုံးတို့သည်လည်း တခြားသူများ၏ မျက်လုံးတို့နှင့် မတူကုန်၊ နောက်ကျုကုန်လှုပ်လျက် ရှိကုန်၏၊ ထိုသူ၏ အသံသည်လည်း တခြားသူများ၏ အသံနှင့် မတူ၊ မခံမရပ်သာ တစာစာ ဟစ်အော်လျက်ရှိပေ၏၊ ထိုသူ၏ ကိုယ်မှာလည်း တခြားသူများ၏ ကိုယ်နှင့်မတူ အလွန်ပင်ပန်းပုံ ရလှပေ၏၊ ထိုသူကား အဘယ် အမည်ရှိသော သူနည်း"ဟု မေးမြန်းတော်မူလေ၏။ ရထားထိန်းသည်လည်း "အရှင်မင်းကြီး ထိုသူကား သူနာမည်ပါသည်"ဟု ပြန်ကြားလျှောက်ထားလေ၏။

"သူနာ"ကိုလည်း ရှေးကမမြင်ဘူး၊ "သူနာ"ဟူသော အသံကိုလည်း ရှေးက မကြားဘူးသော အလောင်းတော်မင်းသားသည် ရထားထိန်းကို တဖန်ထပ်၍ "အချင်း ရထားထိန်း …ငါသည် သူတပါးတို့ ထူမှ သိပ်မှထနိုင် အိပ်နိုင်သည့် မိမိ၏ကျင်ငယ် ကျင်ကြီး၌ နစ်လျက်သာ အိပ်ရရှာသည့် မခံမရပ်သာ တစာစာ ဟစ်အော်လျက်ရှိသော ထိုသူမျိုးကို ရှေးက မမြင်အပ်စဘူး၊ ဤသူနာမည်သည် အဘယ်ကိုဆိုလိုသနည်း၊ ဤသူနာ၏သဘောကို ငါ့အား ပြန်ကြားလျှောက်ထားရမည်"ဟု မေးမြန်းတော်မူလတ်သည်တွင် ရထားထိန်းက "အရှင်မင်းကြီး….ဤသူနာမည်သည် ယခု စွဲကပ်နေသော ရောဂါဝေဒနာမှ ထမည်လည်းမသိရ, မထမည်လည်း မသိရသူ ဖြစ်ပါသည်"ဟူ၍ ပြန်ကြားလျှောက်ထားလေ၏။

ထိုအခါအလောင်းတော်မင်းသားက "အချင်းရထားထိန်း.... အသို့နည်း (ဘယ့်နှယ်လဲ)၊ ငါသည်လည်း နာဖျားခြင်းသဘော ရှိသလော၊ နာဖျားခြင်းသဘောကို မလွန်မြောက်နိုင်သူပင် ဖြစ်သလော"ဟု မေးမြန်းတော်မူလေသော် ရထားထိန်းက "အရှင်မင်းကြီး….အရှင်မင်းကြီးရော အကျွန်ုပ်တို့ပါ ခပ်သိမ်းသောသူတို့သည် နာဖျားခြင်းသဘော ရှိကြပါကုန်၏၊ နာဖျားခြင်းသဘောကို မလွန်မြောက်နိုင်သူချည်းသာ ဖြစ်ကြပါကုန်၏"ဟူ၍ ပြန်ကြားလျှောက်ထားလေလျှင် အလောင်းတော်မင်းသားသည် "အချင်

http://www.dhammadownload.com



ရထားထိန်း….ထိုသို့ ကိုယ်ကိုယ် သူသူ ခပ်သိမ်းသော လူတို့သည်ပင် နာဖျားခြင်းသဘောကို မလွန်မြောက်နိုင်သူချည်းသာ ဖြစ်ခဲ့လျှင် နာဖျားခြင်းသဘောကို မလွန်မြောက်နိုင်သော ငါ့အား ယခုအခါ မင်္ဂလာဥယျာဉ်တော်သို့သွား၍ ရွှင်စားမွေ့လျော် ပျော်ပိုက်ရန် အလိုမရှိတော့ပြီ၊ သူနာကိုမြင်ရာ ဤအရပ်မှပင်လျှင် ရွှေနန်းတော်သို့ တဖန် ရထားကို တုံ့ပြန် မောင်းနှင်လော့”ဟု မိန့်ကြားတော်မူလေ၏။ရထားထိန်းသည်လည်း“ကောင်းပါပြီအရှင်မင်းကြီး”ဟု ဝန်ခံစကား ပြန်ကြားလျှောက်ဆိုပြီးလျှင် မင်္ဂလာဥယျာဉ်တော်သို့ မမောင်းနှင်တော့ပဲ သူနာကိုမြင်ရာ ထိုအရပ်မှပင် ရွှေနန်းတော်သို့ တဖန် ရထားကို တုံ့ပြန် မောင်းနှင်ခဲ့လေ၏။

### အလောင်းတော်မင်းသား၏ တရားသံဝေဂ

ရှေးက ဆိုအပ်ခဲ့ပြီးသော အတိုင်း ခြသေ့်မင်းနှင့် တူတော်မူသော အလောင်းတော်မင်းသားသည် ဘုရားဖြစ်မည့်သူပြီပြီ ရထားထိန်းက မအီမသာ ကျင်နာခံခက် နှိပ်စက်ဖိစီးတတ်သည့် ဗျာဓိတရား၏ သူသိသမျှ လောကသဘောကို ပြောကြားလျှောက်ထားစေကာမူ ထိုဗျာဓိတရား, ရှေးက တွေ့သိရသော ဇရာတရား ဤနှစ်ပါးတို့၏ အကြောင်းရင်းဖြစ်သော ပဋိသန္ဓေ တည်နေရခြင်း(= ဇာတိ)တရားကို ထင်ရှားဆင်ခြင် သိမြင်တော်မူသည် ဖြစ်ရကား ရွှေနန်းတော်သို့ ရောက်သည်ရှိသော် “(အိုး) ပဋိသန္ဓေ တည်နေမှု တည်းဟူသော ဇာတိသဘောသည် ရှုံမုန်းစက်ဆုပ်ဖွယ်ကြီးပါတကား….၊ယင်းသည့် ပဋိသန္ဓေ တည်နေမှု(= ဇာတိ)တရား ထင်ရှားရှိပြီးသူ (ပဋိသန္ဓေ တည်နေပြီးသူ)မှန်သမျှ အိုမင်းရင့်ရော်မှု(= ဇရာ)တရား ထင်ရှားရှိရမည်သာ,နာဖျားမှု(= ဗျာဓိ)တရား ထင်ရှားရှိရမည်သာ ဖြစ်စွာတကား”ဟု သံဝေဂဉာဏ် စက်သွားဖြင့် စဉ်းစားဆင်ခြင်တော်မူကာ မျက်နှာမရွှင် မကြည်လင်နိုင် ကြံမှိုင်၍သာ နေတော်မူလေ၏။

http://www.dhammadownload.com



**သုဒ္ဓေါဒနမင်းတရားကြီး အစောင့်အစနများကို တိုး၍ချထားစေခြင်း**

ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးသည် ရှေးနည်းအတူ ရထားထိန်းကိုခေါ်စေ၍မေးမြန်းတော်မူသည်တွင်ရထားထိန်းက "အရှင်မင်းကြီး.... အရှင့်သားတော်သည် သူနာယောကျ်ားကို မြင်ရသောကြောင့် သျှင်လျှားစွာ ပြန်နစ်လာပါသည်"ဟု ပြန်ကြား လျှောက်ထားလေသော် သုဒ္ဓေါဒန မင်းတရားကြီးသည် ရှေးနည်းအတူ ကြံစည်ပြောကြားပြီးလျှင် ထက်ဝန်းကျင် အရပ်လေးမျက်နှာ သုံးဂါဝုတ် သုံးဂါဝုတ်ခန့်ရှိသောအရပ်၌ အစောင့်အရှောက်များကို တိုး၍ ချထားစေတော်မူလေ၏၊ မောင်းမမိဿံ ရံရွေ ကခြေသည်တို့ကိုလည်း ရှေးကထက်တိုး၍ ခန့်ထားစီမံ စေတော်မူ၏။

## (၃) သူသေနိမိတ်ကို မြင်တော်မူခြင်း

အလောင်းတော်မင်းသားသည် ခမည်းတော် သုဒ္ဓေါဒန မင်းတရားကြီးက တောမထွက်ဖြစ်ရန် ရဟန်းမပြုဖြစ်ရန် တိုး၍ စီမံခန့်ထားအပ်သော အာရုံငါးပါး ကာမဂုဏ်တရားတို့၏ လှည့်စားဖုံးကွယ်ချက်အရ ဇာတိတရား, ဇရာတရား, ဗျာဓိတရား တို့၌ ထိတ်လန့်ခြင်းငွေသော သံဝေဂစိတ်ထား အနည်းငယ် လျော့ပါးကာ ငါးဖြာအာရုံ ကာမဂုဏ်တို့ဖြင့်ပင် ပျော်ရွှင်စံပယ် နေတော်မူပြန်လေသည်။

ထိုသို့နေတော်မူ၍ လေးလပြည့်မြောက် ရောက်လတ်သော အခါ အလောင်းတော်မင်းသားသည် ရှေးနည်းအတူပင် အာဇာနည်မြင်း က-သော ရထားကို စီးနင်းတော်မူလျက် ဥယျာဉ်တော်သို့ ထွက်ကြွတော်မူပြန်ရာ လမ်းခရီးအကြားသို့ရောက်သောအခါ သုံးကြိမ်မြောက် နတ်တို့ဖန်ဆင်းပြအပ်သည့် လူပေါင်းများစွာ စည်းဝေးနေသည်ကိုရင်း, ဆိုးရည်အမျိုးမျိုး တပ်ဆိုးအပ်သည့် အဝတ်အထည်တို့ဖြင့် ခြယ်လှယ်ဝန်းရံ စီမံပြုပြင်အပ်သော ထမ်းစင် (= အလောင်းစင်)ကိုရင်း မြင်တော်မူ၍ "အချင်းရထား

http://www.dhammadownload.com



ထိန်း….အဘယ့်ကြောင့် ထိုလူများအပေါင်းသည် စည်းဝေး ဝိုင်းအုံကာနေသနည်း၊အဘယ့်ကြောင့် ဆိုးရည်အမျိုးမျိုးတစ်ဆိုး အပ်သည့် အဝတ်အထည်တို့ဖြင့် ခြယ်လှယ်ဝန်းရံ စီမံပြုပြင်အပ်သော ထမ်းစင်ကို ပြုလုပ်၍နေကြသနည်း”ဟူ၍ ရထားထိန်းကို မေးတော်မူသောအခါ ရထားထိန်းက “အရှင်မင်းကြီး….ထိုသို့ လူအများ စည်းဝေးဝိုင်းအုံကာ ထမ်းစင်ပြုလုပ်နေခြင်းမှာ လူသေ သောကြောင့် ဖြစ်ပါသည်”ဟု ပြန်ကြား လျှောက်ထားလေ၏။

(ဤ၌ ရှေးက အလောင်းစင်ကို မမြင်ဘူးပဲ ထမ်းစင်ကိုသာ မြင်ဘူးသောကြောင့် “အချင်းရထားထိန်း….ထိုလူအများ ဝိုင်းအုံပြီး ထမ်းစင် ပြုလုပ်နေကြခြင်းသည် အဘယ့်ကြောင့်နည်း”ဟု မေးတော် မူလေသည်။)

“သူသေ”ကိုလည်း ရှေးကမမြင်ဘူး၊ “သူသေ”ဟူသော အသံ ကိုလည်း ရှေးကမကြားဘူးသော အလောင်းတော်မင်းသားသည် ရထားထိန်းကို တဖန် ထပ်၍ “အချင်းရထားထိန်း…. ထိုသို့ လူသေသောကြောင့် လူအများ စည်းဝေးဝိုင်းအုံကာ ထမ်းစင် ပြုလုပ်နေခြင်းဖြစ်ခဲ့လျှင် ထိုလူသေရှိရာအရပ်သို့ ရထားကို မောင်း နှင်လော့”ဟု မိန့်တော်မူလေ၏၊ ထိုအခါ ရထားထိန်းသည်လည်း “ကောင်းပါပြီ အရှင်မင်းကြီး”ဟု ဝန်ခံ၍ ထိုလူသေရှိရာသို့ ရထားကိုမောင်းနှင်ခဲ့၍အလောင်းတော်မင်းသားသည်သူသေကို မြင်ရလေလျှင် ရထားထိန်းကို “အချင်းရထားထိန်း….ဤသူသေ ဟူသည်အဘယ်သို့သဘောရှိသနည်း”ဟု မေးမြန်းတော်မူလေ၏။ ရထားထိန်းကလည်း “အရှင်မင်းကြီး…. ဤသူသေဟူသည် နောက်ထပ် ထိုသူ့ကို မိဘဆွေမျိုးသားချင်းတို့ကလည်း မြင်ရ တွေ့ရမည်မဟုတ်၊ ထိုသူကလည်း မိဘဆွေမျိုးသားချင်းတို့ကို နောက်ထပ် မြင်ရတွေ့ရမည်မဟုတ်သူ ဖြစ်ပါသည်”ဟူ၍ ပြန် ကြား လျှောက်ထားလေလျှင် အလောင်းတော်မင်းသားက “အချင်းရထားထိန်း….အသို့နည်း(ဘယ့်နှယ်လဲ)၊ငါသည်လည်း စုတိပြတ်ကြွေ ထိုသူကဲ့သို့ပင် သေရခြင်းသဘောရှိသလော၊ သေ ခြင်းသဘောကို မလွန်မြောက်နိုင်သူဖြစ်သလော၊ ငါ့ကိုလည်း

http://www.dhammadownload.com



မယ်တော် ခမည်းတော် ဆွေတော်မျိုးတော်တို့က တနေ့နေ့တွင် မမြင်ကြရမည်ဖြစ်ကုန်သလော၊ ငါကိုယ်တိုင်ကလည်း မယ်တော် ခမည်းတော် ဆွေတော်မျိုးတော်တို့ကို တနေ့နေ့တွင် မမြင်ရမည် ဖြစ်သလော"ဟု မေးမြန်းသဖြင့် ရထားထိန်းသည်လည်း "အရှင်မင်းကြီး …အရှင်မင်းကြီးရော အကျွန်ုပ်တို့ပါ ခပ်သိမ်းသောသူတို့သည် ထိုသူကဲ့သို့ပင် စုတိပြတ်ကြွေ သေရခြင်းသဘောရှိပါကုန်၏၊ သေခြင်းသဘောကို မလွှန်မြောက်နိုင်သူချည်းသာ ဖြစ်ပါကုန်၏၊ အရှင်မင်းကြီးကိုလည်း မယ်တော် ခမည်းတော် ဆွေတော်မျိုးတော်တို့က တနေ့နေ့တွင် မမြင်ကြရမည် ဧကန် အမှန်ဖြစ်ပါကုန်၏၊ အရှင်မင်းကြီးကိုယ်တိုင်ကလည်း တနေ့နေ့တွင် မယ်တော် ခမည်းတော် ဆွေတော်မျိုးတော်တို့ကို မမြင်ရမည်ဧကန်အမှန်ပင် ဖြစ်ပါ၏"ဟူ၍ ပြန်ကြားလျှောက်ထားလေ၏။ (ဤ၌ မိထွေးတော် မဟာပဇာပတိဂေါတမီကို မယ်တော်ဟု ဆိုလိုသည်။)

ထိုအခါ အလောင်းတော်မင်းသားသည် "အချင်း ရထားထိန်း…. ထိုသို့ ကိုယ်ကိုယ်သူသူ ခပ်သိမ်းသော လူတို့သည်ပင် သေခြင်းသဘောကို မလွှန်မြောက်နိုင်သူချည်းသာဖြစ်ခဲ့လျှင် သေခြင်းသဘောကိုမလွှန်မြောက်နိုင်သော ငါ့အား ယခုအခါ မင်္ဂလာဥယျာဉ်တော်သို့ သွား၍ ရှုစားမွေ့လျော် ပျော်ပိုက်ရန် အလိုမရှိတော့ပြီ၊သူသေကိုမြင်ရာ ဤအရပ်မှပင်လျှင် ရွှေနန်းတော်သို့တဖန် ရထားကို တုံ့ပြန် မောင်းနှင်လော့"ဟူ၍ မိန့်ကြားတော်မူလေ၏၊ ရထားထိန်းသည်လည်း "ကောင်းပါပြီ အရှင်မင်းကြီး"ဟု ဝန်ခံစကား ပြန်ကြားလျှောက်ဆိုပြီးလျှင် မင်္ဂလာဥယျာဉ်တော်သို့ မမောင်းနှင်တော့ပဲ သူသေကိုမြင်ရာ ထိုအရပ်မှပင် ရွှေနန်းတော်သို့ တဖန် ရထားကို တုံ့ပြန် မောင်းနှင်ခဲ့လေ၏။

**အလောင်းတော်မင်းသား၏ တရားသံဝေဂ**

ရှေးကဆိုအပ်ခဲ့ပြီးသောအတိုင်းခြသ္ဓေမင်းနှင့်တူတော်မူသော အလောင်းတော်မင်းသားသည် ဘုရားဖြစ်မည့်သူပြီပြီ ရထားထိန်းက "သူသေဟူသည် သေသူကိုလည်း

http://www.dhammadownload.com



ကျန်ရစ်သူ ဆွေမျိုးများက နောက်ထပ် မြင်ကြရတော့မည် မဟုတ်၊ သေသူကလည်း ကျန်ရစ်သော ဆွေမျိုးများကို နောက်ထပ် မြင်ရတော့မည် မဟုတ်" ဟူ၍ သေခြင်း တရား = (မရဏ တရား)၏ သူသိသမျှ လောကသဘော ကို ပြောကြားလျှောက်ထားစေကာမူ ထို မရဏတရား, ရှေးကတွေ့သိပြီး ဖြစ်သော ဇရာတရား, ဗျာဓိတရား ဤ တရားသုံးပါးတို့၏ အကြောင်းရင်းဖြစ်သော ပဋိသန္ဓေ တည်နေရခြင်း( = ဇာတိ)တရားကို ထင်ရှားဆင်ခြင် သိ မြင်တော်မူသည် ဖြစ်ရကား ရွှေနန်းတော်သို့ ရောက်သည် ရှိသော် "(အိုး) ပဋိသန္ဓေ တည်နေမှု တည်းဟူသော ဇာတိသဘောသည် ရှုံမုန်းစက်ဆုပ်ဖွယ်ကြီးပါတကား....၊ ယင်းသည့် ပဋိသန္ဓေ တည်နေမှု ( = ဇာတိ)တရား ထင် ရှားရှိပြီးသူ (ပဋိသန္ဓေ တည်နေပြီးသူ) မှန်သမျှ အိုမင်း ရင့်ရော်မှု( = ဇရာ)တရား ထင်ရှား ရှိရမည်သာ၊ နာဖျား မှု( = ဗျာဓိ)တရား ထင်ရှားရှိရမည်သာ၊ စုတိပြတ်ကြွေ သေလွန်မှု( = မရဏ)တရား ထင်ရှားရှိရမည်သာ ဖြစ်စွာ့ တကား"ဟု သံဝေဂဉာဏ်စက်သွားဖြင့် စဉ်းစားဆင်ခြင် တော်မူကာ မျက်နှာမရွှင် မကြည်လင်နိုင် ကြီမှိုင်၍သာ နေတော်မူလေ၏။

### သုဒ္ဓေါဒနမင်းတရားကြီး၊ အစောင့်အနေများကို တိုး၍ ချထားစေခြင်း

ခမည်းတော် သုဒ္ဓေါဒန မင်းတရားကြီးသည် ရှေးနည်းအတူ ရထားထိန်းကို ခေါ်စေ၍ မေးမြန်းတော်မူသည်တွင် ရထားထိန်း က "အရှင်မင်းကြီး....အရှင့်သားတော်သည် သူသေယောကျ်ား ကို မြင်ရသောကြောင့် လျှင်လျှားစွာ ပြန်နစ် လာပါသည်"ဟု ပြန်ကြားလျှောက်ထားလေသော် သုဒ္ဓေါဒနမင်းတရားကြီးသည် ရှေးနည်းအတူ ကြီစည် ပြောဆိုတော်မူပြီးလျှင် ထက်ဝန်းကျင် အရပ်လေးမျက်နှာ တယူဇနာ တယူဇနာခန့် ရှိသော အရပ်၌ အစောင့်အရှောက်များကို တိုး၍ ချထားစေတော်မူလေ၏။

http://www.dhammadownload.com



မောင်းမမိဿံ ရံရွေ ကခြေသည်တို့ကိုလည်း ရွေးကာထက် တိုး၍ ခန့်ထားစီမံစေတော်မူ၏။

## (၄) ရဟန်းနိမိတ်ကို မြင်တော်မူခြင်း

အလောင်းတော်မင်းသားသည် ခမည်းတော် သုဒ္ဓေါဒနမင်း တရားကြီးက တောမထွက်ဖြစ်ရန် ရဟန်းမပြုဖြစ်ရန် တိုး၍ တိုး၍ စီမံခန့်ထားအပ်သော အာရုံငါးပါး ကာမဂုဏ် တရားတို့၏ လှည့်စားဖုံးကွယ်ချက်အရ ဇာတိ,ဇရာ,ဗျာဓိ,မရဏ တရားတို့၌ ထိတ်လန့်ငြီးငွေ့သော သံဝေဂစိတ်ထား အနည်းငယ် လျော့ ပါးကာ ငါးဖြာအာရုံ ကာမဂုဏ်တို့ဖြင့်ပင် ပျော်ရွှင်စံပယ်နေ တော်မူပြန်လေသည်။

ထိုသို့ နေတော်မူ၍ လေးလပြည့်မြောက် ရောက်လတ်သော အခါ အလောင်းတော် မင်းသားသည် ရှေးနည်းအတူပင် အာဇာနည်မြင်း ကဲ-သော ရထားကို စီးနင်းတော်မူလျက် ဥယျာဉ်တော်သို့ ထွက်ကြွတော်မူပြန်ရာ လမ်းခရီး အကြားသို့ ရောက်သောအခါ လေးကြိမ်မြောက် နတ်တို့ ဖန်ဆင်းပြအပ်သည့် ဆံမုတ်ဆိတ်ကိုပယ်ပြီး(＝ဦးပြည်း＝ခေါင်းတုံးပြီး)လျှင် ဖန်ရည် ဆိုးသော သင်္ကန်းကို ဝတ်ရုံလျက် ရဟန်းအဖြစ်သို့ ကပ်ရောက် သော ယောကျ်ားကို မြင်တော်မူ၍ "အချင်း ရထားထိန်း···· ထိုသူ၏ ဦးခေါင်းသည်လည်း တခြားသူများ၏ ဦးခေါင်းနှင့်မတူ ဆံမုတ်ဆိတ် ပယ်ပြီး ခေါင်းတုံးပြီး ဖြစ်ပေ၏။ ထိုသူ၏ အဝတ် များသည်လည်း တခြားသူတို့၏ အဝတ်များနှင့် မတူကုန်၊ ဖန်ရည် ဆိုးပြီးသား ဖြစ်ကုန်၏။ ဤသူကား အဘယ် အမည်ရှိသော သူနည်း ···"ဟု မေးမြန်းတော်မူလေ၏။ ရထားထိန်းသည်လည်း "အရှင်မင်းကြီး····ထိုသူကား **ရဟန်း**မည်ပါ၏"ဟု ပြန်ကြား လျှောက်ထားလေ၏။

တဖန်ထပ်၍ အလောင်းတော် မင်းသားက "အချင်း ရထား ထိန်း····ထို 'ရဟန်း' မည်သည် အဘယ်ကို ဆိုလိုသနည်း၊ ထို

http://www.dhammadownload.com



'ရဟန်း'၏ သဘောကို ငါ့အားပြန်ကြား၍လျှောက်ထားရမည်"ဟု မေးမြန်းတော်မူလတ်သည့်တွင် ရထားထိန်းက "အရှင်မင်းကြီး.... ဤရဟန်းမည်သည် 'ဒါနအစရှိသော ကုသိုလ်ကမ္မပထတရားဆယ်ပါးတို့ကို ကျင့်ခြင်းသည် ကောင်းမြတ်လှ၏'ဟု နှလုံးသွင်း၍ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ဆင်ကာ လူ့အဖြစ် လူ့ဘဝမှ ထွက်မြောက်လာသူ ဖြစ်ပါသည်။ ဤရဟန်း မည်သည် 'တရားနှင့်ညီသော ကုသိုလ်ကမ္မပထ ဆယ်ပါး, အပြစ်ကင်းသော ကုသိုလ်ကမ္မပထ ဆယ်ပါး, ဖြူစင်လှသော ကုသိုလ်ကမ္မပထ ဆယ်ပါး တရားကို ကျင့်ခြင်းသည် ကောင်းမြတ်လှ၏'ဟု နှလုံးသွင်း၍ ဖန်ရည်စွန်းသောအဝတ်ကိုဝတ်ဆင်ကာ လူ့အဖြစ်=လူ့ဘဝမှထွက်မြောက်လာသူဖြစ်ပါသည်။ ဤရဟန်း မည်သည် 'သတ္တဝါတို့ကို မညှဉ်းဆဲခြင်း, သတ္တဝါတို့အား အကျိုးဖြစ်ထွန်းအောင် စောင့်ရှောက်ခြင်းသည် ကောင်းမြတ်လှ၏'ဟု နှလုံးသွင်း၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်ကာ လူ့အဖြစ် = လူ့ဘဝမှ ထွက်မြောက်လာသူ ဖြစ်ပါသည်" ဟူ၍ ပြန်ကြား လျှောက်ထားလေ၏။

[ဤ၌ ဘုရားပွင့်တော်မူရာသာသနာခေတ်အခါမဟုတ်သောကြောင့် ရထားထိန်းသည် ရဟန်းကိုရင်း, ရဟန်း၏ ဂုဏ်ကျေးဇူးကိုရင်း မသိသော်လည်း နတ်တို့၏ အာနုဘော်ဖြင့် "အရှင်မင်းကြီး...ဤသူကား ရဟန်းပါတည်း"ဟု ပြောကြား၍ပြီးလျှင် ရဟန်း၏ ဂုဏ်ကျေးဇူးများကိုလည်း ဖွင့်ဆိုပြောကြားလေသည်။ (ဗုဒ္ဓဝံသအဋ္ဌကထာ စာမျက်နှာ ၃၂၇-နှင့် ဒီဃနိကာယ်ဋီကာ စာမျက်နှာ ၁၈၄-မှ။)

အသက်ရှည်သော ဘုရားအလောင်းတို့မှာ အနှစ်တရာ အနှစ်တရာလွန်မှ နိမိတ်ကြီးလေးပါးတို့တွင် တပါးတပါးကို မြင်တော်မူကြကုန်၏။ ငါတို့၏ ဘုရားအလောင်းသည်ကား အသက်တိုသောအခါ ဖြစ်တော်မူရသောကြောင့် လေးလ လေးလ လွန်လျှင် ဥယျာဉ်တော်သို့ အသွားအစဉ်အတိုင်း နိမိတ်ကြီး တပါးတပါးကို မြင်တော်မူလေသည်။ ဒီဃနိကာယ်ဆောင် အရှင်မြတ်များက နိမိတ်ကြီးလေးပါးလုံးကို တရက်တည်းမှာပင် မြင်၍သွားသည်ဟု ဆိုတော်မူကြကုန်၏။ (ဗုဒ္ဓဝံသ အဋ္ဌကထာ စာမျက်နှာ ၃၂၈-မ။)]

http://www.dhammadownload.com



ထိုအခါ အလောင်းတော် မင်းသားသည် "အချင်း ရထား ထိန်း….'ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို ကျင့်ကြံခြင်း, တရားနှင့်ညီညွတ်သော ကုသိုလ်ကမ္မပထတရားဆယ်ပါးကို ကျင့်ကြံခြင်း, အပြစ်ကင်းသော ကုသိုလ်ကမ္မပထတရားဆယ်ပါးကိုကျင့်ကြံခြင်း, မြတ်စင်သည့် ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို ကျင့်ကြံခြင်းသည် ကောင်းမြတ်လှ၏'ဟု နှလုံးသွင်း၍ ရဟန်း အဖြစ်သို့ ကပ်ရောက်သော ထိုသူသည် ချီးမွမ်းအပ် ကောင်းမြတ်လှပေ၏။ 'သတ္တဝါတို့ကို မညှဉ်းဆဲခြင်း, သတ္တဝါတို့အား အကျိုးဖြစ်ထွန်းအောင် စောင့်ရှောက်ခြင်းသည် ကောင်းမြတ်လှ၏'ဟု နှလုံးသွင်း၍ ရဟန်းအဖြစ်သို့ ကပ်ရောက်သော ထိုသူသည် ချီးမွမ်းအပ် ကောင်းမြတ်လှပေ၏။ ထိုသို့ ချီးမွမ်းအပ် ကောင်းမြတ်လှသော ကြောင့်ပင်လျှင် အချင်းရထားထိန်း….ရဟန်းရှိရာ ထိုအရပ်သို့ ရထားကို မောင်းနှင်လော့"ဟု မိန့်တော်မူ၏။ ရထားထိန်း သည်လည်း "ကောင်းပါပြီ အရှင်မင်းကြီး"ဟု ဝန်ခံစကား ပြောကြားလျှောက်ဆိုပြီးလျှင် ထိုရဟန်းရှိရာ အရပ်သို့ ရထားကို မောင်းနှင်လေ၏။ ထိုအရပ်သို့ ရောက်လတ်သော် အလောင်း မင်းသားသည် နတ်တို့ ဖန်ဆင်းပြအပ်သော ထိုရဟန်းကို "အချင်း….သင်သည် အဘယ်အမှုကို ပြုနေသနည်း၊ သင့်ဦးခေါင်း သည်လည်း တခြားသူတို့၏ ဦးခေါင်းနှင့် မတူပါတကား၊ သင့် အဝတ်တို့သည်လည်း တခြားသူတို့၏ အဝတ်တို့နှင့် မတူကုန်ပါ တကား"ဟု မေးတော်မူ၏။ နတ်တို့ ဖန်ဆင်း ပြသည့် ဗုဒ္ဓိရုပ် ရဟန်းက "အရှင်မင်းကြီး….အကျွန်ုပ်ကား ရဟန်းမည်ပါသည်" ဟု ပြန်ကြား ပြောဆိုလတ်သည်တွင် အလောင်းတော် မင်းသားက တဖန်ထပ်၍ "အချင်း…. အသင် ရဟန်း ဟူသည် အဘယ်ကို ဆိုလိုသနည်း"ဟု မေးတော်မူ၏။ ဗုဒ္ဓိရုပ် ရဟန်းက "အရှင်မင်းကြီး….အကျွန်ုပ် ရဟန်းဟူသည် တရားသောကြောင့် **ဓမ္မ**ဟူ၍၎င်း, တရားနှင့်ညီညွတ်သောကြောင့် **သမ**ဟူ၍၎င်း, အပြစ် ကင်းသောကြောင့် **ကုသလ**ဟူ၍၎င်း, အကြောင်း အကျိုး နှစ်မျိုး လုံးပင် မြတ်စင်သောကြောင့် **ပုည**ဟူ၍၎င်း ဂုဏ်ထူးဝိသေသ လေးပါးတို့ဖြင့် ခေါ်ဆိုရသည့် ဒါန အစရှိသော ကုသိုလ် ကမ္မ

http://www.dhammadownload.com



ပထတရား ဆယ်ပါးတို့ကို ကျင့်ကြံခြင်းသည် ကောင်းမြတ်လှပေ၏၊ သတ္တဝါတို့ကို မညှဉ်းဆဲခြင်း, သတ္တဝါတို့အား အကျိုးဖြစ်ထွန်းအောင် စောင့်ရှောက်ခြင်းသည် ကောင်းမြတ်လှပေ၏ ဟု နှလုံးသွင်း၍ ဆံမုတ်ဆိတ်တို့ကို ပယ်ရှင်း ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ဆင်ကာ အိမ်ရာ တည်ထောင် လူ့ဘောင်မှ လွတ်အောင် ကျင့်ဆောက် ထွက်မြောက်ခဲ့သူ ဖြစ်ပေသည်" ဟု ပြန်ကြား ပြောဆိုသောအခါ အလောင်းတော် မင်းသားသည် "အချင်း....ဓမ္မ, သမ, ကုသလ, ပုည ဂုဏ်ထူး ဝိသေသလေးပါး တို့ဖြင့် ခေါ်ဆိုရသည့် ကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့ကို ကျင့်ကြံခြင်း, သတ္တဝါတို့ကို မညှဉ်းဆဲခြင်း; သတ္တဝါတို့အား အကျိုးဖြစ်ထွန်းအောင် စောင့်ရှောက်ခြင်းသည် ကောင်းမြတ်လှ၏ဟု နှလုံးသွင်း၍ ဆံမုတ်ဆိတ်တို့ကို ပယ်ရှင်း ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ဆင်ကာ အိမ်ရာတည်ထောင် လူတို့ဘောင်မှ လွတ်အောင် ကျင့်ဆောက် ထွက်မြောက်ခဲ့ပေသော အသင်သည် စင်စစ်ကေန် ချီးမွမ်းအပ် ကောင်းမြတ်သူမှန်ပေ၏" ဟု ဝန်ခံချီးမွမ်းစကား ပြောကြားတော်မူလေသည်။

### တောထွက်တော်မူသည့် နှစ်-လတို့ကို မှတ်သားရန်

အလောင်းတော်မင်းသား တောထွက်ခဏ်းတွင် တောမထွက်မီ ဥယျာဉ်တော်သို့ လေးကြိမ်ထွက်တော်မူရာမှာ မဟာသက္ကရာဇ် ၉၆-ခုနှစ် ဝါဆိုလပြည့်နေ့မှာ အာဇာနည် မြင်း ကသော ရထားကိုစီးလျက် ဥယျာဉ်တော်သို့ ထွက်ကြွတော်မူသည်တွင် လမ်းခရီးအကြား၌ ပဌမအကြိမ် သူအို နိမိတ်ကို မြင်တော်မူသည်၊ ထိုသို့ သူအိုနိမိတ်ကို မြင်တော်မူရသဖြင့် အရွယ်တော်နုပျိုခြင်းကို အစွဲပြု၍ စိတ်တက်ကြွခြင်း ဟည်းဟူသော **ယောဗ္ဗနမာန်**ကို ပယ်ရှားတော်မူလေသည်။

ထို့နောက် ထိုနှစ် တန်ဆောင်မုန်း လပြည့်နေ့မှာ ရှေးနည်းအတူ ဥယျာဉ်တော်သို့ ထွက်ကြွတော်မူလေရာ လမ်းခရီးအကြား၌ ဒုတိယအကြိမ် သူနာနိမိတ်ကို မြင်တော်မူလေသည်။ ထိုသို့

http://www.dhammadownload.com



သူနာနိမိတ်ကို မြင်တော်မူရသဖြင့် အနာရောဂါ နည်းပါးခြင်း (=ရောဂါကင်းခြင်း)ကို အစွဲပြု၍ စိတ်တက်ကြွခြင်း တည်းဟူသော အာရောဂျမာန်ကို ပယ်ရှားတော်မူလေသည်။

ထိုနောက် ထိုနှစ် တပေါင်းလပြည့်နေ့မှာ ရှေးနည်းအတူ ဥယျာဉ်တော်သို့ ထွက်ကြွတော်မူလေရာ လမ်းခရီးအကြား၌ တတိယအကြိမ် သူသေနိမိတ်ကို မြင်တော်မူလေသည်။ ထိုသို့ သူသေနိမိတ်ကို မြင်တော်မူရသဖြင့် အသက်ရှည်ခြင်းကို အစွဲပြု၍ စိတ်တက်ကြွခြင်းတည်းဟူသော **ဇီဝိတမာန်**ကို ပယ်ရှားတော်မူလေသည်။

ထိုနောက် မဟာသက္ကရာဇ် ၉၇-ခုနှစ် ဝါဆိုလပြည့်နေ့မှာ ရှေးနည်းအတူ ဥယျာဉ်တော်သို့ ထွက်ကြွတော်မူရာ လမ်းခရီး အကြား၌ ရဟန်းနိမိတ်ကို မြင်တော်မူသည်။ ထိုသို့ ရဟန်းနိမိတ်ကို မြင်တော်မူရသောကြောင့်အလောင်းတော်မင်းသားသည် ရဟန်း အဖြစ်၌ နှစ်သက်တော်မူကာ "ငါသည် ယနေ့ပင် ရဟန်း ပြုပေအံ့"ဟု ဆောက်တည် အဓိဋ္ဌာန်တော်မူပြီးလျှင် ထိုနေ့မှာပင် ဥယျာဉ်တော်သို့ ရောက်အောင် ကြွသွားတော်မူလေ၏။

(အဘိဓမ္မပိဋက ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍ စာမျက်နှာ ၂၆၄-၌ ပဋိသန္ဓေ တည်နေရခြင်း (=ဇာတိ) ကို ကြောက်သော (ဝါ-ဇာတိသည် ကြောက်ဖွယ်ဘေးကြီးတည်းဟု သိသော )အသိဉာဏ်သည် **ဇာတိဘယ** မည်၏၊ ဇရာကိုကြောက်သော ( ဝါ-ဇရာကို ကြောက်ဖွယ် ဘေးကြီးတည်းဟု သိသော) အသိဉာဏ်သည် **ဇရာဘယ** မည်၏၊ ဗျာဓိကို ကြောက်သော (ဝါ-ဗျာဓိကို ကြောက်ဖွယ်ဘေးကြီးတည်းဟု သိသော) အသိဉာဏ်သည် **ဗျာဓိဘယ** မည်၏၊ မရဏကိုကြောက်သော (ဝါ-မရဏ ကို ကြောက်ဖွယ်ဘေးကြီးတည်းဟု သိသော ) အသိဉာဏ်သည် **မရဏ-ဘယ** မည်၏၊ ဤလေးမျိုးသော အသိဉာဏ်စုသည် သံဝေဂ မည်၏ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

ဖော်ပြရာပါ နိမိတ်ကြီးလေးပါးတို့တွင် ရှေးနိမိတ်ကြီးသုံးပါးတို့သည် ပဋိသန္ဓေ တည်နေရခြင်း (=ဇာတိ) တရား ထင်ရှားရှိခဲ့လျှင် မြေလက်

http://www.dhammadownload.com



ခတ်နဲ့ မလွဲကေန် အိုမင်းရင့်ရော်ခြင်း (=ဇရာ)တရား, နာဖျားရခြင်း (=ဗျာဓိ)တရား,သေရခြင်း(=မရဏ) တရားတို့လည်း ထင်ရှားရှိရ၏၊ ဇာတိတရား ထင်ရှားဖြစ်မှုကြောင့် ဇရာတရား, ဗျာဓိတရား,မရဏတရား များလည်း ထင်ရှားဖြစ်ကြရ၏၊ဇာတိရှိသူမှာ အို, နာ, သေရေး ဆင်းရဲဘေးတို့မှ မလွန်မြောက်နိုင်ချေ၊ ကြောက်ဖွယ်ဘနန်း ကြမ်းတမ်းဆိုးဝါးလှဘိ၏ဟု ရှုဆင်ခြင်သောသူအား လွန်စွာထိတ်လန့်ခြင်း သံဝေဂဉာဏ်ဖြစ်ပေါ်လာကြောင်း ဖြစ်သောကြောင့် သံဝေဂနိမိတ်ကြီးများ မည်ကုန်၏။ နောက်ဆုံးဖြစ်သော ရဟန်းနိမိတ်ကြီးသည်ကား ထို အိုခြင်း, နာခြင်း, သေခြင်းဘေးတို့မှ လွတ်မြောက်ရအောင် တရားအလုပ်ကျင့်ကြံ အားထုတ်နိုင်ရန် ပြအပ်သော အကြောင်းနိမိတ်ဖြစ်၍ **ပဓာနနိမိတ်** မည်၏ ဟူ၍ အထူးပြုကာ ဤအရာ၌ ကောင်းစွာ မှတ်ယူသင့်ပေသည်။)

### သိကြားမင်းက ဝိသုကြုံနတ်သားကို စေလွှတ်၍ အလောင်းတော်မင်းသားကို တန်းဆာဆင်ယင်ပေးစေခြင်း

အလောင်းတော်မင်းသားသည် ထိုနေ့အဘို့ရာ မင်္ဂလာဥယျာဉ်တော်၌ မြူးပျော်ကစားကာ ဥယျာဉ်၏အရသာကိုခံစားပြီးနောက် မင်္ဂလာရေကန်၌ ရေချိုးပြီးလျှင် နေဝင်ဖျိုးဖျား အချိန်ကာလ၌ မင်္ဂလာ ကျောက်ဖျာအပြင်ဝယ် တင့်တယ်စွာ ထိုင်နေတော်မူ၏။ ထိုအခါ အလောင်းတော်သူမြတ်မှာ မိမိကိုယ်ကို တန်းဆာဆင်ယင်လိုသော စိတ်တော်များ ဖြစ်ပွါးလာသည်ကို သိကြားနတ်မင်းသိ၍ ဝိသုကြုံနတ်သားကို စေလွှတ်အပ်ရကား ထိုဝိသုကြုံနတ်သားသည် ဘုရားအလောင်းတော်ထံ လာရောက်ပြီးလျှင် အလောင်းတော် မင်းသား၏ အသုံးတော်ခံ ဆေတ္တာသည် အဟန် တူစွာဖန်ဆင်း၍ နတ်၌ဖြစ်သော အဆင်တန်းဆာတို့ဖြင့် အလောင်းတော် မင်းသားကို တန်းဆာ ဆင်ယင်ပေးပေ၏။ (ဤအရာ၌ အလောင်းတော်သူမြတ်၏ နတ်ဝတ်တန်းဆာတို့ဖြင့် လွန်စွာတင့်တယ်ပုံကို အာရုံပြုထားနှင့်ရာ၏။)

ထိုသို့ ခပ်သိမ်းသော နတ်ဝတ်တန်းဆာတို့ဖြင့် တန်းဆာဆင်အပ်ပြီးသော အလောင်းတော်မင်းသား၏ အတွက်တာ တူရိယာ

http://www.dhammadownload.com



ပညာရှင်တို့ကလည်း မိမိတို့ဆိုင်ရာ တူရိယာသငါးမျိုးတို့ကို တီးမှုတ်ကခုန် သီဆိုကြကုန်စဉ်ဝှင်း, ပုဏ္ဏားတို့ကလည်း "အရှင်မင်းကြီးသည် အန္တရာယ်ဘေးဒဏ် ရန်မာန်ခပ်သိမ်း ကင်းငြိမ်းလွင့်စင်အောင်မြင်ပါစေသတည်း၊ ဇာတ္တမင်္ဂလာ အဖြာဖြာပြည့်လျှမ်း၍ အားရမ်း နှစ်သက်တော်မူပါစေသတည်း" ဟူ၍ နားကြားရချမ်းသာသည့် မင်္ဂလာစကားတို့ကို ပြောကြားချီးကျူးသံအမျိုးမျိုးတို့ဖြင့် ချီးကျူးကြကုန်စဉ်ဝှင်း အလောင်းတော်မင်းသားသည် ရွှေနန်းတော်သို့ ပြန်လည်ရန် ခပ်သိမ်းသော တန်းဆာတို့ဖြင့် တန်းဆာဆင်အပ်သည့် မြတ်သောရထားယာဉ်သို့ တက်စီးတော်မူလေ၏။

### သားတော် ရာဟုလာကို ဖွားမြင်ခြင်း

ထိုအခါ အဂ္ဂမဟေသီ ယသောဓရာ မိဖုရားကြီးသည် သားတော်ကို ဖွားမြင်ပြီဟု ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးသည် ကြားသိတော်မူသဖြင့် "ငါ့သားတော်အား နှစ်သက်ဖွယ်ရာသတင်းစကားကို သွားရောက်ပြောကြား လျှောက်ထားကြလေ" ဟု မိန့်ကြားတော်မူကာ မင်းချင်းယောကျ်ားတို့ကို စေလွှတ်၍ အလောင်းတော်မင်းသားထံသို့ သတင်းပို့စေတော်မူ၏။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ထိုသို့ သားတော်ကို ဖွားမြင်ပြီဟူသော သတင်းစကားကိုကြားလျှင်ပင် "ငါ့ကိုဖမ်းစားခြင်းပြုမည့် ရာဟုအသူရိန်ကား ဖြစ်ပွါးဖွားမြင်ခဲ့လေပြီ၊ အနှောင်အဖွဲ့ကြီးကား ဖြစ်ခဲ့လေပြီ"ဟု သံဝေဂတရား လက်ရှိထားသူပြီငြိ မိန့်ကြားတော်မူလေ၏။

သုဒ္ဓေါဒနမင်းတရားကြီးသည် "ငါ့သားတော်က အဘယ်စကားကို ပြောကြားလိုက်သနည်း"ဟု မင်းချင်းတို့ကို မေးမြန်းရာ မင်းချင်းတို့ကလည်း အလောင်းတော်မင်းသား မိန့်ကြားတော်မူလိုက်သော စကားကို ပြန်ကြားလျှောက်ထားကြ၍ ထိုစကားကို ကြားသိရလျှင်ပင် ခမည်းတော် သုဒ္ဓေါဒန မင်းတရားကြီးက "ဤအချိန်မှစ၍ ငါ့မြေးတော်သည် **ရာဟုလ မင်းသား** ဟု

http://www.dhammadownload.com



အမည်တွင်စေ"ဟူ၍ မြေးတော်၏ဘွဲ့အမည်ကို မှည့်ခေါ်မိန့်ကြား လေသည်။

**ကိသာဂေါတမီမည်သော သာကီဝင်မင်းသမီး**
**နိဗ္ဗုတိ(=အငြိမ်း)ဥဒါန်းကျူးရင့်ခြင်း**

ဘုရားအလောင်းတော်သည်လည်း ရထားကိုစီးလျက် များစွာသော အခြံအရံ အလွန်နှစ်သက်ဖွယ်ရှိသော ဘုန်းကြက်သရေ၏ တင့်တယ်ခြင်း အထွတ်အထိပ်ဖြင့် ကပိလဝတ်နေပြည်တော်သို့ ကြွဝင်တော်မူလေ၏။ ထိုသို့ ဘုရားအလောင်းတော် မင်းသားမြတ်သောရထားကို စီးလျက် နေပြည်တော်အတွင်းသို့ ကြွဝင်တော်မူသောအခါ အဆင်းအသရေ ဇာတ်အမျိုးအနွယ် စသောဂုဏ်အားဖြင့် မကြီးလှိ မငယ်လှိ ကြီးကျယ်မြင့်မြတ်သည့် **ကိသာဂေါတမီ** အမည်ရှိသော သာကီဝင်မင်းသမီးသည် မြတ်သောပြာသာဒ် အပြင်ထက်မှာ မနေလျက်ပင် နေပြည်တော်သို့ ဝင်လာသော အလောင်းတော်မင်းသား၏ ရူပကာယအသရေကို မြင်ရသဖြင့် နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်ကာ—

နိဗ္ဗုတာ နူန သာ မာတာ၊
နိဗ္ဗုတော နူန သော ပိတာ။
နိဗ္ဗုတာ နူန သာ နာရီ၊
ယဿာယံ ဤဒိသော ပတီ။

ယဿာ မာတုယာ = ဘုန်းရှင်ကံရှင် အကြင်မိခင်၏။ ဤဒိသော = ကြည့်မဝ မြင်မဝ အထင်ကရလျှင် ပပလက်ဝေ တက်သစ်နေသို့ ကြက်သရေရွှန်းအိ ဤသို့သဘောရှိသော။ အယံ သုတော = အတိဇာဟ ခေါ်ထိုက်စွာတည့် အလှတွင်ဥကင် အယဉ်တွင်မကိုင်ရတနာ အလိမ္မာတွင် ခေါင်ဖူး ဤသည့်သားထူးသည်။ ဇာတော = သား ကောင်းမိခင် ခေါ်တွင်စလောက် ဖြစ်မြောက်မွေးဖွား၍ လာပေ၏။ သာ မာတာ = ဘုန်းရှင် ကံရှင် ထိုမိခင်သည်။

http://www.dhammadownload.com



နိဗ္ဗုတာ နူန = အရည်အချင်း ရုပ်အဆင်းဟု သားရင်း၏ ဂုဏ် ခွေးဘော်စုံကို အာရုံစွေစွေ ကြီးအောက်မေ့လျက် နွေနွေဆက်ကာ ဝမ်းမြောက်စွာလျှင် ကြည်သာရွှင်ပြုံး ပီတိဖုံး၍ နှလုံးငြိမ်းလိမ့်မည်တကား….။

ယဿ ပိတုနော = ဘုန်းရှင် ကံရှင် အကြင်ဖခင်၏။ ဤဒိသော = ကြည့်မဝ မြင်မဝ အထင်ကရလျှင် ပပလက် ဝေ တက်သစ်နေသို့ ကြက်သရေရွှန်းအိ ဤသို့သဘော ရှိသော။ အယံ သုတော = အတိဇာတ ခေါ်ထိုက်စွာ့ တည့် အလှတွင်ဥကင် အယဉ်တွင်မကိုဋ်ရတနာ အလိမ္မာ တွင် ခေါင်ဖူး ဤသည့်သားထူးသည်။ ဇာတော = သား ကောင်း ဖခင် ခေါ်တွင်စလောက် ဖြစ်မြောက်မွေးဖွားး၍ လာပေ၏။ သော ပိတာ = ဘုန်းရှင် ကံရှင် ထိုဖခင်သည်။ နိဗ္ဗုတော နူန = အရည်အချင်း ရုပ်အဆင်းဟု သားရင်း၏ ဂုဏ် ခွေးဘော်စုံကို အာရုံစွေစေ ကြီးအောက်မေ့လျက် နွေနွေဆက်ကာ ဝမ်းမြောက်စွာလျှင် ကြည်သာရွှင်ပြုံး ပီတိဖုံး၍ နှလုံးငြိမ်းလိမ့်မည်တကား….။

ယဿာ နာရိယာ = ဘုန်းကံထူးလှ အကြင်အိမ့်ရှင်မ ၏။ ဤဒိသော = ကြည့်မဝ မြင်မဝ အထင်ကရလျှင် ပပလက်ဝေ တက်သစ်နေသို့ ကြက်သရေရွှန်းအိ ဤသို့ သဘောရှိသော။ အယံ ပတီ = ယောကျ်ားပြီသ ဂုဏ်ရည် ပသား အလှတွင်ဥကင် အယဉ်တွင်မကိုဋ်ရတနာ အလိမ္မာ တွင် ခေါင်ဖူး ဤသည့်အရှင်ထူးသည်။ ဇာတော = အရှင် ကောင်း၏ကြင်ယာ ဤလူ့ရွာဝယ် မင်္ဂလာစကား ခေါ် မှတ်သားရန် ထင်ရှားဖြစ်ပေါ်၍လာပေ၏။ သာ နာရီ = ဘုန်းကံထူးလှ ထိုအိမ့်ရှင်မသည်။ နိဗ္ဗုတာ နူန = အရည် အချင်း ရုပ်အဆင်းဟု နှစ်သင်းစွယ်စုံ အရှင့်ဂုဏ်ကို အာရုံ စွေစွေ ကြီးအောက်မေ့လျက် နွေနွေဆက်ကာ ဝမ်းမြောက်

http://www.dhammadownload.com



စွာလျှင် ကြည်သာရွှင်ပြုံး ပီတိဖုံး၍ နှလုံးငြိမ်းလိမ့်မည် တကား····

ဟူ၍–ဤ အငြိမ်းဥဒါန်း ဂါထာကို ကျူးရင့် ရွတ်ဆိုလေ၏။ ။ (ဆီအိုးထဲသို့ ဆီကိုလောင်းထည့်သောအခါ အိုးပြည့် ပြီးသည့်နောက် အပေါ်သို့ လျှံ၍တက်လာသော ဆီကဲ့သို့ အကြောင်းအရာ တခုခုအတွက် နှစ်သက်ဝမ်းမြောက်ခြင်း ပြင်းထန်စွာ ဖြစ်သောသူမှာ ယိုနှစ်သက်ဝမ်းမြောက်ခြင်း ( = ပီတိသောမနဿ ) တရားများ ဝမ်းတွင်း၌ ပြည့်လျှံအဖြင်သို့လျှံထွက်လာသည့်အလား ထိုပီတိသောမနဿ နှစ်ပါးကြောင့် ဖြစ်ပွါးပေါ်ထွက်လာသော ဂါထာကိုဖြစ်စေ, စုဏ္ဏိယစကားပြေကိုဖြစ်စေ **ဥဒါန်း** ဟူ၍ ခေါ်ဆိုအပ်၏။)

ဘုရားအလောင်းတော် မင်းသားသည် ကိသာဂေါတမီ သာကီဝင်မင်းသမီး ကျူးရင့်ရွတ်ဆိုသော ထိုဥဒါန်းဂါထာကို ကြားတော်မူရ၍ "ဤ ကိသာဂေါတမီ ငါ၏နှမတော် မင်းသမီးသည် ဤသို့သော အတ္တဘောကို ရှုမြင်ရသော မိခင် ဖခင် အိမ့်ရှင်ကြင်ယာတို့၏ စိတ်နှလုံး၊ ရွှင်ပြုံးငြိမ်းလိမ့်မည်တကားဟု အငြိမ်းဥဒါန်းကို ရွတ်ဆိုပေ၏၊ အဘယ်တရားများ ငြိမ်းလတ်သော် စိတ်နှလုံး ကေန် ငြိမ်းချမ်းသည်မည့်လေသနည်း"ဟု စဉ်းစား ကြံစည်တော်မူသောအခါ ကိလေသာတရားတို့၌ တပ်ခြင်းကင်းသော စိတ်ရှိတော်မူသော အလောင်းတော်မင်းသား၏ စိတ်သန္တာန်ဝယ် "ရာဂမီးငြိမ်းမှ စင်စစ်ကေန် အမှန်ငြိမ်းသည်မည်၏၊ ဒေါသမီးငြိမ်းမှ စင်စစ်ကေန် အမှန်ငြိမ်းသည်မည်၏၊ မောဟမီးငြိမ်းမှ စင်စစ်ကေန် အမှန်ငြိမ်းသည်မည်၏၊ မာနဒိဋ္ဌိ အစရှိသော ကိလေသာဟူ အပူခပ်သိမ်း အေးငြိမ်းမှ စင်စစ်ကေန် အမှန်ငြိမ်းသည် မည်၏၊ ဤ ကိသာဂေါတမီ မင်းသမီးသည် ငါ့အား အငြိမ်းခေတ်နှင့် စပ်သွယ်သည့် နာဖွယ်ကောင်းသော စကားကို ပြောကြား မြွက်ဆိုပေ၏၊ မှန်ပေသည်––ငါကား ဒုက္ခခပ်သိမ်း ငြိမ်းရာကေန် စင်စစ်မှန်သော နိဗ္ဗာန်ပရမတ္ထ တရားကြီးကို ရှာမှီးလှည့်လည်

http://www.dhammadownload.com



နေသူ ဖြစ်မပေ၏၊ ယနေ့ပင် ငါသည် အိမ်ရာတည်ထောင် လူ့ဘောင်ကို ပယ်စွန့်၍ တောထွက်ကာ ရဟန်းပြုပြီးလျှင် နိဗ္ဗာန် ပရမတ္ထတရားကြီးကို ရအောင် ရှာမှီးသင့်လေပြီ”ဟု တောထွက်တော်မူရန်အကြံအစည်များ တဖွားဖွား ဖြစ်ရှိတော်မူကာ“ဤပုလသွယ်သည် ငါ့အား နိဗ္ဗုတိအငြိမ်းဓာတ်ကို အရှာဖို့ရန် သတိပေးပေသည့် ဤကိသာဂေါတမီ မင်းသမီးအတွက် ဆရာစားဖြစ်စေ” ဟု မိန့်ဆိုခဲ့တော်မူပြီးလျှင် တသိန်းတန်သော လည်ဆွဲ ပုလဲသွယ်အဆင်တန်းဆာကို လည်ပင်းတော်မှဖြုတ်ချွတ်၍ ကိသာဂေါတမီ မင်းသမီးထံသို့ ပို့စေတော်မူ၏၊ ကိသာဂေါတမီမင်းသမီးသည် “ဤမောင်တော် သိဒ္ဓတ္ထ မင်းသားကား ငါ့အပေါ်၌ တိမ်းညွတ်သော စိတ်ရှိတော်မူသည့်အတွက် လက်ဆောင်ပဏ္ဏာ ပို့စေခြင်းဖြစ်သည်”ဟု အောက်မေ့ကာ လွန်စွာ နှစ်သက်ဝမ်းမြောက်လေ၏။

ဘုရားအလောင်းတော် မင်းသားသည်လည်း များမြတ်ကြီးကျယ်သော ကြက်သရေအစုဖြင့် အလွန်ဆန်းကြယ် မွေ့လျော်ဖွယ်ကောင်းသော စံနန်းပြာသာဒ်ထက်သို့ တက်စံတော်မူကာ အသရေရှိသော သလွန်ပေါ်၌ လျောင်းစက်တော်မူလေ၏၊ထိုသို့ အလောင်းတော် မင်းသား အသရေရှိသော သလွန်ထက်၌ လျောင်းစက်တော်မူလျှင်ပင် ကခြင်း, သီခြင်း, တီးမှုတ်ခြင်း အမှုတို့၌ ကျွမ်းကျင်လိမ္မာကြသည့် နတ်သမီးတို့နှယ် အရွယ်အဆင်းတင့်တယ်ခြင်းနှင့် ပြည့်စုံကြသော မောင်းမမိဿံ ရွှေရံ ကချေသည်အပေါင်းတို့သည် အသံချိုသာသည့် တူရိယာ ငါးမျိုးတို့ကို အသီးသီးစွဲကိုင်ကာ အလောင်းတော်မင်းသားကို ဝန်းဝိုင်း ခြံရံကြပြီးလျှင် အလောင်းတော်မင်းသား အာရုံ ငါးပါးတို့ဖြင့် ပျော်ပါးမူးမေ့ မွေ့လျော်ရန်အတွက် တီးမှုတ် ကခုန် သီဆို ဖျော်ဖြေကြကုန်၏။ ဤသို့ မောင်းမမိဿံ ရွှေရံကချေသည်အပေါင်းတို့က တူရိယာငါးမျိုးတို့ဖြင့် တီးမှုတ် ကခုန် သီဆိုဖျော်ဖြေကြကုန်သော်လည်း အလောင်းတော် မင်းသားသည် ကိလေသာမီးငြိမ်းစေရန်အမှုတို့၌ စက်ဆုပ် ငြီးငွေ့သော စိတ်ရှိတော်မူသည်

http://www.dhammadownload.com



ဖြစ်ရကား ကခြင်း, သီခြင်း,တီးမှုတ်ခြင်းတို့၌ အလျှင်းပင် မမွေ့လျော် ပျော်ပိုက်တော်မမူပဲ တမုဟုတ် တခဏမျှ အိပ်ပျော်ခြင်းသို့ ရောက်တော်မူလေ၏။

မောင်းမမိသံ ရွှေရံကခြေသည်အပေါင်းတို့သည် အလောင်းတော်မင်းသား တမုဟုတ် တခဏမျှ အိပ်ပျော်ခြင်းသို့ ရောက်တော်မူလျှင်ပင်“ငါတို့သည် အကြင်အလောင်းမင်းသားအတွက် ကခုန်သီဆို တီးမှုတ်ခြင်းအမှုကို ပြုလုပ်ကြရကုန်၏၊ ထိုအလောင်းမင်းသားကား အိပ်ပျော်ခြင်းသို့ ရောက်ချေပြီ၊ ယခုအခါ အဘယ့်အတွက် အပင်ပန်းခံကုန်တော့အံ့နည်း” ဟု နှလုံးသွင်းအောက်မေ့ကြ၍ မိမိတို့ စွဲကိုင်ရင်းရှိသော တူရိယာတို့ကို ဖိလျက် အိပ်စက်ကြလေကုန်၏။ ရွှေနန်းတော်အတွင်းဝယ် ညှိထွန်းထားသော နံ့သာ ဆီမီးတို့သည်ကား ညီးညီးထိန်ဝင်း ထွန်းလင်းတောက်ပဆဲရှိကုန်၏။

### အလောင်းတော်မင်းသား သံဝေဂကြီးစွာရ၍ တောထွက်တော်မူခြင်း

ဘုရားအလောင်းတော် မင်းသားသည် စက်ရာမှနိုး၍ သလွန်ပေါ်တွင် တင်ပလ္လင်ခွေ ထိုင်နေတော်မူလျက် ကြည့်ရှုတော်မူလတ်သော် အချို့သော ကခြေသည်များ သွားရည် တတွေတွေ စီး၍ ညစ်ပေသောပါးစောင် ညစ်ပေသောကိုယ်ရှိကြလျက် မိမိတို့ စွဲကိုင်ရင်း တူရိယာတို့ကို ဖိကာ အိပ်ပျော်နေကြသည်တို့ကိုရင်း, အချို့သော ကခြေသည်များ သွားကြိတ်လျက် အိပ်ပျော် နေကြသည်တို့ကိုရင်း, အချို့သော ကခြေသည်များက ဟောက်လျက် အချို့သောကခြေသည်များက မြည်တမ်းယောင်ယမ်းလျက် အချို့သော ကခြေသည်များက ပါးစပ်ခံတွင်း ဟင်းလင်းပွင့်ကြလျက် အချို့သော ကခြေသည်များက အဝတ်ကင်း လစ်ဟင်းကြလျက် အချို့သော ကခြေသည်များက ဆံပင်မလပွေ ပြေကျလျက် သုသာန်သင်းချိုင်း၌ရှိသော သူသေရုပ်အသွင်ကို ဆောင်ကြကာ စက်ဆုတ်ဖွယ်ရာအိပ်ပျော်နေကြသည်တို့ကိုရင်းမြင်တော်မူလေ၏။

http://www.dhammadownload.com



အလောင်းတော်မင်းသားသည် ကခြေသည်များ၏ စက်ဆုပ်ဖွယ်ရာ ဖောက်ပြန်သော ထိုအခြင်းအရာကို မြင်ရလျှင် ရှေးက ထက်တိုး၍ ကာမတရားတို့အပေါ်၌ တပ်ခြင်းကင်းသော စိတ်ရှိတော်မူလေ၏၊ ရှိတော်မူပုံမှာ····

(၁) **အပ္ပဿာဒါ ကာမာ** = အာရုံငါးပါး ကာမတရားတို့သည် သာယာဖွယ်နည်းပါး ဆင်းရဲ ပူပန်ရသည် ကသာ များကုန်စွာ့တကား....၊ ဤကာမတရားတို့၌ အပြစ်ဒေါသတွေကား အလွန်များကုန်စွာ့တကား....။

(၂) **အဋ္ဌိကင်္ကလူပမာကာမာ** = အာရုံငါးပါးကာမတရားတို့သည် အသားမကပ်သော အရိုးဖတ်နှင့် တူကုန်စွာ့တကား....၊တူပုံမှာ—အသားကို အပြောင်အစင်ခွါပြီး၍ စွန့်ပစ်ထားသော အရိုးဖတ်သက်သက်ကို ခွေးငတ်ခွေးပိန်တကောင် တွေ့လေရာ ထိုခွေးငတ် ခွေးပိန်သည် ထိုအရိုးဖတ်ကို သွားရည်တမြားမြားနှင့် ကိုက်ခဲခြင်း ပြုပါသော်လည်း၀-လင်ခြင်းမရှိ၊အားရတင်းတိမ်ခြင်းသို့မရောက်နိုင်၊ ညှီဟောင်သည့် အနံ့ ရှိနေသောကြောင့် ထိုအရိုးကို စွန့်ပစ်၍ အရပ်တပါးသို့လည်း မသွားနိုင်ပဲ အရသာ တွေ့လိမ့်နိုးနိုး ၀-လင် တင်းတိမ်လိမ့်နိုးနိုး မြော်ကိုးချက်ကြီးစွာဖြင့် ထိုအရိုးကို အဖျားကလှည့်၍ကိုက် အရင်းကလှည့်၍ကိုက် အလယ်ကဖြတ်၍ ကိုက်နှင့်သာ အရသာကို မတွေ့မီ သေရလေသကဲ့သို့၊ ထို့အတူ မိန်းမယောကျ်ားသတ္တဝါအများတို့သည် အရိုးဖတ်သဖွယ် ဖြစ်သော ရွှေငွေဥစ္စာ လယ်ယာခမ်းနား သားမယား အရှင်သခင်စသော သက်ရှိသက်မဲ့ ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို ခွေးငတ်ခွေးပိန်သဖွယ်ဖြစ်၍ တရစ်ဝဲဝဲ တစွဲလမ်းလမ်း နေ့ရက်ရှည်ကြာ ခံစားသုံးဆောင်ပါသော်လည်း ၀-လင်အားရတင်းတိမ်ရောင့်ရဲခြင်း မရှိနိုင်ကြကုန်၊ အရသာ တွေ့လိမ့်နိုးနိုး ချမ်းသာလိမ့်နိုးနိုး မြော်ကိုးချက် ကြီးစွာဖြင့်သာ

http://www.dhammadownload.com



နေကြကုန်၏၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့ကလည်း သတ္တဝါ သန္တာန်မှာရှိသော ကာမကဏှာဓာတ်ကို ရစ်ပတ်ဆွဲငင် ထားသောကြောင့် ထိုဝတ္ထုအာရုံ ကာမဂုဏ်တို့ကိုစွန့်ခွါ၍ မသွားတည့်နိုင်၊ ကာမဂုဏ်မှ လွတ်ထွက်ဖို့ရန်အချက် နေကမ္မဝိတက်များကို မစဉ်းစားနိုင်ပဲရှိလျက်ပင် တခံမင် မင် တခင်တွယ်တွယ်နှင့်သာ သားမယား အရှင်သခင်တို့ ၏ ခြေရင်း၌ သေခြင်းသို့ ရောက်ကြရကုန်၏၊ သို့ရကား အာရုံငါးပါး ကာမတရားတို့သည် အသား မကပ်သော အရိုးဖတ်နှင့် တူကုန်စွ၊ တကား၊– ဆင်းရဲပူပန်ရသည်က သာ များကုန်စွ တကား၊ ဤကာမတရားတို့၌ ကိုးရာမရ အပြစ်ဒေါသတွေကသာ များကုန်စွ တကား....။

(၃) **မံသပေသူပမာကာမာ** = အာရုံငါးပါး ကာမ တရားတို့သည် သားတစ်နှင့် တူကုန်စွ တကား....၊ တူပုံ မှာ–စွန်ရဲငှက်တကောင်သည် သားတစ်တခုကို သုတ်ချီ၍ ပျံလေရာ ထိုစွန်ရဲကို များစွာသော ငှက်တို့သည် လိုက်လံ ဝိုင်းအုံ ထိုးဆိတ်ကြကုန်၏၊ သားတစ်ကို မလွှတ်သမျှ ထို စွန်ရဲသည် များစွာသောဒုက္ခနှင့် တွေ့ကြုံရလေ၏၊ သား တစ်ကို စွန့်ပစ် လွှတ်လိုက်သည်နှင့် တပြိုင်နက် ထိုဘေး ဒုက္ခတို့မှ လွတ်မြောက်ရလေ၏၊ ထိုသားတစ်ကို တဆင့် သုတ်ချီကာ ပျံသန်းသော ငှက်သို့ များစွာသော ငှက် အပေါင်းတို့သည် လိုက်လံဝိုင်းအုံ ထိုးဆိတ်ကြပြန်ကုန်၏၊ ဤသို့ သားတစ် တခု အတွက်ကြောင့် ထိုသားတစ်ကို တွယ်တာခင်မင်လျက် ချီယူပျံသန်းသမျှသော စွန်ရဲငှက် တို့သည် ဘေးဒုက္ခနှင့် တွေ့ကြုံကြရကုန်၏။ ထို့ အတူ သားတစ်နှင့်တူသော ဝတ္ထုကာမ အဝဝတို့ကို ငါ့ပစ္စည်း ငါ့ဥစ္စာဟု တဏှာဖြင့် သိမ်းဆိုက်၍ တည်နေသောသူသည် ရေ,မီး, မင်း, ခိုးသူ, မချစ်မနှစ်လိုသူတည်းဟူသော ရန်သူ မျိုးငါးပါးတို့က အမြဲမကွာ အခွင့်အလမ်းကို ရှာပြီးလျှင် လုယက်ခြင်း လစ်စား ဖြတ်စားခြင်း စသော ဘေးတို့နှင့်

http://www.dhammadownload.com



တွေ့ကြုံရလေ၏၊ ထိုဝတ္ထုတို့အတွက် ရန်သူတို့နှင့် တွေ့ကြုံသောအခါ အစွမ်းရှိသမျှ ကာကွယ်ပြန်ကလည်း အဆင်မသင့် မိမိက အရေးမလှလျှင် အသက်ဆုံးရှုံးခြင်းသို့သော်လည်း ရောက်ရ၏၊ ထိုဝတ္ထုအာရုံ ကာမဂုဏ်တို့ကို မစွန့်လွှတ်နိုင်သမျှ ဘေးအပေါင်းတို့ ဝိုင်းဝန်းခြင်းခံရ၍ ကြပ်တည်း ကျဉ်းမြောင်းစွာ နေထိုင်ရ၏၊ ထိုကာမဂုဏ်တို့ကို စွန့်လွှတ်လိုက်မှသာ ချမ်းသာအေးမြစွာ နေထိုင်ခွင့်ကို ရရှိလေ၏၊ ထို့ကြောင့် အာရုံငါးပါး သက်ရှိ သက်မဲ့ ကာမတရားတို့သည် သားတစ်နှင့် ဘူကုန်စွ တကား၊ ဆင်းရဲပူပန်ရသည်ကသာ များကုန်စွတကား၊ ဤကာမ တရားတို့၌ ကိုးရာမရ အပြစ်ဒေါသတွေကသာ များကုန်စွတကား....။

(၄) **တိဏုက္ကူပမာ ကာမာ** = အာရုံငါးပါး ကာမတရားတို့သည် မြက်မီးရှူး(=မြက်မီးစည်း)ကြီးနှင့် တူကုန်စွတကား....၊ တူပုံမှာ–မြက်စည်းကြီးကို မီးရှို့ကာ လေညာ(လေတင်)သို့ ယူဆောင်သွားသောအခါ အဖျားမှစ၍ အစဉ်အတိုင်းမီးလောင်လေရာထိုမြက်မီးစည်းကြီးကို မစွန့်ပစ်သည်ရှိသော် ထိုယူဆောင်သောသူ၏ လက်ခြေစသော ကိုယ်အင်္ဂါတို့ကို မီးစွဲလောင်လေရာ၏၊ ထိုသို့ မီးလောင်သဖြင့် ထိုသူသည် သေသော်လည်း သေလေရာ၏၊မသေလျှင်လည်း သေလုမတတ် ဆင်းရဲဒုက္ခသို့ ရောက်လေရာ၏၊ ထို့အတူ ငါးပိုင် ငါ့ဟာ ငါ့ဥစ္စာဟူ၍ တဏှာလက်ဖြင့် သိမ်းပိုက်ပွေ့ယူအပ်သော ဝတ္ထုအာရုံ ကာမဂုဏ်တို့သည် သာယာသိမ်းပိုက်သောသူအား စိုးရိမ်ပူပန်ရခြင်း, ထိန်းသိမ်းစောင့်ရှောက်ရခြင်းစသော ဒုက္ခမီးတို့ကို ပွါးစီးတောက်လောင်စေတတ်ကုန်၏၊ အမြတ်တနိုး သိမ်းဆည်းရင်းပင် သူ၏သဘာဝအတိုင်း ပျက်စီးပြုန်းတီးပြန်ကလည်းများစွာ စိုးရိမ်ခြင်းစသော ဒုက္ခ မီးတောက်ကြီးတို့ကို ပွါးစီး တောက်လောင်စေတတ်ကုန်၏၊ တခါတရံ ထိုဝတ္ထုအာရုံ

http://www.dhammadownload.com



ကာမဂုဏ် မီးအတွက်ကြောင့်ပင်လျှင် အသက် သေဆုံးခြင်းတည်းဟူသော မရဏမီး လောင်မြိုက်ခြင်းကိုလည်း ခံရတတ်ကုန်၏၊ သို့ရကား သားမယား အိုးအိမ် လယ်ယာ မိုးမြေ စသော သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့ကို သိမ်းပိုက်ရခြင်းသည် မီးတောက်မီးလျှံတို့ကို သိမ်းပိုက်ထားရခြင်းနှင့်သာ တူချေ၏၊ ထို့ကြောင့် အာရုံငါးပါး ကာမတရားတို့သည် မြက်မီးရှူး(=မြက်မီးစည်း)ကြီးနှင့် တူကုန်စွာတကား၊ဆင်းရဲပူပန်ရသည်တသာ များကုန်စွာ တကား၊ ဤကာမတရားတို့၌ ကိုးရာမရ အပြစ်ဒေါသ တွေ့ကသာ များကုန်စွာတကား ။

(၅) **အင်္ဂါရကာသူပမာ ကာမာ** = အာရုံငါးပါး ကာမတရားတို့သည် မီးကျီးတွင်းနှင့် တူကုန်စွာတကား....၊ တူပုံမှာ—အပေါ်ယံက ပြာဖုံး၍နေသော ရှားမီးကျီးတွင်းသည် အခိုးအလျှံမီးတောက်ကို မမြင်ရသောကြောင့် မီးဟူ၍ပင် မထင်စေတတ်၊ မီးဟူသော အမှတ်သညာမရှိသဖြင့် ထိုမီးကျီးတွင်းထဲသို့ သက်ဆင်းကျရောက်သောသူကို မီးတောက်မီးလျှံထက်ပင် လောင်ကျွမ်း ပူပန်စေတတ်၏၊ အသက်ဆုံးရှုံးခြင်းသို့ ရောက်စေတတ်၏။ ထို့အတူ ဝတ္ထုအာရုံ ကာမဂုဏ်တို့သည် မျက်စိအမြင် နားအကြား နှာခေါင်းအနံ့ လျှာအရသာ ကိုယ်အတွေ့အားဖြင့် အပြင်ဘန်းက သာယာဖွယ်ယောင်ယောင် ဖြစ်နေသောကြောင့် ပူလောင်သည်ဟူ၍ပင် မထင်ရ၊ ထိုကာမဂုဏ်တို့ကို သာယာတပ်မက်ခြင်း သိမ်းပိုက်ခြင်းအားဖြင့် ကာမဂုဏ်မီးကျီးတွင်းထဲသို့ သက်ဆင်း ကျရောက်သောအခါ ပူပန်ဆင်းရဲခြင်းကို ပြင်းထန်စွာ ဖြစ်စေတတ်ကုန်၏။ မီးတောက်မီးလျှံတို့ဖြင့် လောင်ကျွမ်းခြင်းမှာ အများမျက်မြင်ဖြစ်၍ ထင်ရှားသိသာလှ၏၊ မီးကျီးစုအတွင်း၌ မြုပ်နှံ၍ထားအပ်သော ပိန်းဥ ကဇွန်းဥ စသော ဝတ္ထုတို့ကို လောင်ကျွမ်းခြင်းမှာမူ မထင်ရှား၊ ထိုသို့ မထင်ရှားစေ

http://www.dhammadownload.com



ကာမူ လောင်ကျွမ်းပူပန်မှုမှာ မီးတောက်မီးလျှံဖြင့် လောင်ကျွမ်းခြင်းထက် ပြင်းထန်သကဲ့သို့၊ ထိုအတူပင် လျှင် ကာမဂုဏ် တည်းဟူသော မီးကျီးတွင်းထဲသို့ သက် ဆင်းမြုပ်နှံခြင်းခံရသော သူတို့သည်လည်း လူသူမျက်မြင် အပြင်ပူ မပူပဲ အတွင်းပူ ပူ၍နေကြပြီးလျှင် ကာမဝိတက် အမျိုးမျိုး ပစ္စည်းရှာဖွေမှု(＝ပရိယေသန) ဒုက္ခအမျိုးမျိုး သားရေး သမီးရေး နေထိုင် စားသောက်ရေးတို့ဖြင့် လောင်ဆွေးပူပန်မှုဒုက္ခ အမျိုးမျိုးတို့သည် မီးကျီးတွင်း၌ မြုပ်နှံထားသော ပိန်းဥ ကဇွန်းဥ စသည်တို့ကို ကျက် အောင် ကျွမ်းအောင် လောင်ဘိသကဲ့သို့ အတွင်းငုပ်အနေ အားဖြင့် လူမသိ သူမသိပဲ အပူကြီး ပူလောင်ကြရကုန်၏။ ဝတ္ထုအာရုံ ကာမဂုဏ်တို့ဖြင့် အနပ္ပကမ်း ပြည့်လျှမ်း၍ နေသော ဤကာမဘုံကြီးသည် မီးကျီးတွင်းကြီးနှင့်အလား တူ၏၊ ဝတ္ထုကာမ ပေါများလေလေ မီးကျီးအထု ထူထဲ လေလေ ဖြစ်၏၊ ကာမဘုံသား သတ္တဝါများသည် မီးကျီး တွင်းထဲ၌ မြုပ်နှံ၍ထားသော ပိန်းဥ ကဇွန်းဥ အစရှိ သော ဝတ္ထုတို့နှင့် အလားတူကုန်၏။ ထို့ကြောင့် အာရုံ ငါးပါး ကာမတရားတို့သည် မီးကျီးတွင်းနှင့် တူကုန်စွ တကား၊ ဆင်းရဲပူပန်ရသည်ကသာ များကုန်စွတကား၊ ဤကာမတရားတို့၌ ကိုးရာမရ အပြစ်ဒေါသတွေကသာ များကုန်စွတကား ။

(၆) **သုပိနကူပမာ ကာမာ** ＝အာရုံငါးပါး ကာမ တရားတို့သည် အိပ်မက်နှင့် တူကုန်စွတကား ၊ တူပုံ မှာ—တယောက်သောသူသည် အိပ်စက်နေသောအခါ သူဌေးသူကြွယ် ပဒေသရာဇ် ကောရာဇ်စသော အဖြစ်မျိုး ကို ရရှိလျက် မိမိနှစ်သက်လိုလားအပ်သော ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို အလိုရှိသမျှ ခံစားသုံးဆောင်ပြီးလျှင် နှစ်ခြိုက်မွေ့လျော် ပျော်ချင်တိုင်းပျော်၍ နေရပုံကို အိပ်မက် မြင်မက်လေရာ၏၊ အိပ်မက်မက်နေစဉ် အဟုတ်အမှန်

http://www.dhammadownload.com



တကယ်ပင်ဖြစ်၍ နေသကဲ့သို့ ထင်ရ၏၊ ထိုစည်းစိမ်ချမ်းသာတို့ဖြင့် သာယာ၍ မဆုံးနိုင်အောင် ရှိ၍နေလေ၏။ အိပ်မက်ထဲ၌ သာယာတပ်မက် နှစ်သက်၍မဆုံးမီ ရုတ်တရက် နိုးလာသောအခါ အိပ်မက်ထဲမှာ တွေ့ကြုံခဲ့သမျှသည် စမ်းလှမ်းရှာဖွေ၍မရ အချည်းနှီးသာ ဖြစ်လေ၏။ ထို့အတူ ဤကာမဘုံ၌ လူနတ်အပေါင်းသည် လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို သာယာတပ်မက်ခြင်း (=တဏှာ) တရားက ရှေ့ဆောင်ရှေ့ရွက်ပြုပြီးလျှင် ခံစားနေကြစဉ် ပျော်ရွှင်ဖွယ်ရာ ချမ်းသာသည့်အဟန် မြဲမြဲခိုင်ခံ့သည့်ပမာ စိတ်ကထင်မှတ် သာယာလျက် တဏှာ,မာန,ဒိဋ္ဌိ သုံးပါးတို့ဖြင့် သိမ်းပိုက်စွဲလမ်းကာနေကြ၏၊ အိပ်မက် မက်နေကြ၏။ တိုတောင်းလှသော ပစ္စုပ္ပန်ဘဝ အချိန်ကာလကလေးမှာ အိပ်မက်၌ ထင်မြင်ရသကဲ့သို့ ခံစားသုံးဆောင်ကာ သာယာတပ်မက် နှစ်သက်၍မဆုံးမီ ထိုစွဲလမ်းသမျှသော အာရုံ ကာမဂုဏ်တို့ကို စွန့်ခွါ၍ ဘဝတပါး ပြောင်းသွားစုတေ သေလွန်ကြရကုန်၏၊ ထိုသို့ သေလွန်ကြသည်နှင့် တပြိုင်နက် အိပ်ရာက နိုးလာသူမှာ အိပ်မက်ထဲ၌ ထင်မြင်တွေ့ကြုံခဲ့သမျှသည် အစရှာမတွေ့အောင် အလုံးစုံ ပျောက်ကွယ်ဘိသကဲ့သို့ ဟိုတောင်းလှသော ပစ္စုပ္ပန်ဘဝ အချိန်ကာလလေး၌ တွေ့ရှိခံစံခဲ့ရသမျှသော ငါပိုင် ငါ့ဟာ ငါ့ဥစ္စာဟု စွဲလမ်းသိမ်းပိုက်ခဲ့သမျှ ဝတ္ထုအာရုံ ကာမဂုဏ်တို့သည် တခုမကျန် မိမိနှင့် မသက်ဆိုင်သည့်အဖြစ်သို့ စင်စစ် ရောက်ရှိကြကုန်၏။ ထို့ကြောင့် အာရုံငါးပါး ကာမတရားတို့သည် အိပ်မက်ရှုပ်နှင့် တူကုန်စွ့တကား၊ ဆင်းရဲပူပန်ရသည်ကသာ များကုန်စွ့တကား၊ ဤကာမတရားတို့၌ ကိုးရာမရ အပြစ်ဒေါသတွေကသာ များကုန်စွ့တကား....။

**(၇) ယာစိတကူပမာ ကာမာ** = အာရုံ ငါးပါး ကာမတရားတို့သည် ခေတ္တခဏမျှ ငှါးရမ်း၍ သုံးဆောင်

http://www.dhammadownload.com



အပ်သော ဝတ္ထုပစ္စည်းနှင့် တူကုန်စွ့တကား....၊ တူပုံမှာ—လောက၌ ကိုယ်ပိုင်ဥစ္စာ ပစ္စည်းမရှိသောသူသည် ပွဲလမ်းသဘင် ပျော်ရွှင်ရန်အတွက် စိန်ကျောက် ရွှေငွေ စသော အထည်ပစ္စည်းများကို ငှါးရမ်း၍ ဆင်မြန်းသုံးဆောင်လေရာ၏၊ ဥစ္စာရှင်ထံသို့ ပြန်၍ မအပ်ရသေးမီ အတွင်းမှာ ကိုယ်ပိုင်ဥစ္စာကဲ့သို့ ဝမ်းမြောက်ကြည်လင် တရွှင်ရွှင်တပြုံးပြုံးနှင့် သုံးဆောင်ဆင်မြန်း၍ နေနိုင်သော်လည်း ငှါးရမ်းသည့်အချိန်စေ့သဖြင့် ဥစ္စာရှင်ထံ ပြန်၍ အပ်ရသောအခါမှာဖြစ်စေ, ဥစ္စာရှင်က ပြန်၍ တောင်းသောအခါမှာဖြစ်စေ မိမိလက်မှာ ထိုငှါးရမ်းထားသော ဝတ္ထုပစ္စည်းတို့ တစုံတခုမျှ မရှိတော့ပဲ ညှိုးငယ်သောမျက်နှာဖြင့်သာ ကြံမှိုင်၍ နေလေရာ၏။ ထို့အတူပင် ဤလောက လူအများသည်လည်း ကုသိုလ်ကံ အကျိုးပေးသည့်အလျောက် မိမိမှာ ဖြစ်ထွန်းပေါ်ပေါက်လာသော ကာမဂုဏ်တို့ကို ပျော်ရွှင်စွာ သုံးဆောင်ခံစားကြ၏၊ ထိုသို့ သုံးဆောင် ခံစားရသောအခါ ကာမဂုဏ်တို့ကို အမြဲထာဝရအနေကဲ့သို့ ထင်မြင်၍ နေတတ်ကြ၏၊ တစုံတရာ အကုသိုလ်ကံ ဖိစီးနှိပ်စက်သဖြင့် ထိုဝတ္ထုကာမများ ပျက်စီးသွားသောအခါမှာ ဖြစ်စေ,သေလွန်သောအခါမှာ ဖြစ်စေ ထိုကာမဂုဏ်တို့သည် မိမိနှင့် မည်သို့မျှ မစပ်မဆိုင်သောအဖြစ်သို့ ရောက်ကြကုန်၏၊ ကာမဂုဏ်ရှင် ပြုလုပ်၍ အဟုတ်ကြီး ထင်မှတ်ခဲ့သောသူမှာမူကား လက်အချည်းနှီးသာကျန်ရှိကာ ထိုက်သည့်အားလျော်စွာ ဖြစ်ရလေ၏။ ထို့ကြောင့် အာရုံငါးပါး ကာမတရားတို့သည် ခေတ္တခဏမျှ ငှါးရမ်း၍ သုံးဆောင်အပ်သော ဝတ္ထုပစ္စည်းနှင့် တူကုန်စွ့တကား၊ဆင်းရဲပူပန်ရသည်ကသာ များကုန်စွ့တကား၊ ဤကာမတရားတို့၌ ကိုးရာမရ အပြစ်ဒေါသတွေကသာ များကုန်စွ့တကား....။

http://www.dhammadownload.com



(၈) **ရုက္ခဓမ္မူပမာ ကာမာ** = အာရုံငါးပါး ကာမတရားတို့သည် အသီးနှင့် ပြည့်စုံသော သစ်ပင်နှင့်တူကုန်စွာ့တကား ၊ တူပုံမှာ—ရွာနိဂုံးနှင့် မနီးမဝေးသောတောအုပ်ကြီးတခု၌ အသီးနှင့်ပြည့်စုံသော သစ်ပင်ကြီးတပင် ရှိလေရာ၏၊ ယောကျ်ားတယောက်သည် အသီးကိုအလိုရှိ၍ ထိုတောအုပ်အတွင်းသို့ ဝင်ကာ လှည့်လည်ရှာဖွေရာတွင် ထိုသစ်ပင်ကို မြင်သောအခါ "ဤသစ်ပင်သည်ချိုမြိန်သောအသီးနှင့် ပြည့်စုံ၏၊ မြေပေါ်၌ ကြွေကျသောအသီးဟူ၍လည်း တစုံတရာမျှ မရှိ၊ သို့သော်လည်း ငါသည် သစ်ပင်သို့ တက်ရောက်ရန် နားလည်သိကျွမ်းသူဖြစ်ပေ၏၊ ငါသည် ဤသစ်ပင်သို့ တက်၍ ဝမ်းပြည့်အောင်လည်း စားပေအံ့၊ခါးပိုက်ရင်ခွင် ပြည့်အောင်လည်း ခူးယူခဲ့အံ့"ဟူ၍ ကြံစည်ပြီးလျှင် ထိုသစ်ပင်ထက်သို့ တက်၍ဝမ်းပြည့်အောင်လည်း စားလေရာ၏၊ ခါးပိုက်ရင်ခွင်(ပုဆိုးခါးပုံ)ပြည့်အောင်လည်း ခူးယူလေရာ၏။ ထိုအခါဒုတိယမြောက် ယောကျ်ားတယောက်သည် ထား(ဓား)ကို ယူဆောင်လျက် အသီးကို အလိုရှိ၍ ထိုတောအုပ်အတွင်းသို့ ဝင်ကာ လှည့်လည်ရှာဖွေရာတွင် ထိုသစ်ပင်ကိုပင် မြင်ပြန်သောအခါ "ဤသစ်ပင်သည် ချိုမြိန်သောအသီးနှင့် ပြည့်စုံ၏၊ မြေပေါ်၌ ကြွေကျသော အသီးဟူ၍လည်း တစုံတရာမျှ မရှိ၊ ငါသည်လည်း သစ်ပင်သို့ တက်ရောက်ရန် နားလည်ကျွမ်းကျင်သူ မဟုတ်ချေ၊ ဤသစ်ပင်ကို အရင်းမှ ခုတ်လှဲ၍ ဝမ်းပြည့်အောင်လည်း စားပေအံ့၊ခါးပိုက်ရင်ခွင် (ပုဆိုးခါးပုံ)ပြည့်အောင်လည်း ခူးယူပေအံ့"ဟူ၍ ကြံစည်ပြီးလျှင် ထိုသစ်ပင်ကို အရင်းမှ ခုတ်ဖြတ်၍ လှဲလေရာ၏။ ပဌမသစ်ပင်ပေါ်သို့ တက်နှင့်သောသူသည် အကယ်၍ သစ်ပင်မလဲမီ လျင်မြန်စွာ အောက်သို့မဆင်းနိုင်ခဲ့သော် သစ်ပင်လဲသဖြင့် လက်ခြေကျိုးမှုလည်းကျိုးလေရာ၏၊ သေလောက်သော ဆင်းရဲသို့ ရောက်မှုလည်း ရောက်လေရာ၏၊ သေမှုလည်း သေလေရာ၏။

http://www.dhammadownload.com



ထိုအတူ ကာမဝတ္ထု အစုစုတို့နှင့် ပြည့်စုံလုံလောက်စွာ ခံစား သုံးဆောင်၍နေသူ လူတယောက်ကို အခြားလူ တယောက်သည် လာရောက် ချဉ်းကပ်ပြီးလျှင် ထုနှက် ရိုက်ပုတ်ပစ်ခတ်၍ ထိုကာမဝတ္ထုတို့ကို လုယက်ယူငင် လေရာ၏၊ ပဉ္စမကာမဂုဏ်ရှင်သည် အကယ်၍ ထုနှက် ရိုက်ပုတ်ပစ်ခတ်မှု မပြုလုပ်မီ လျင်မြန်စွာ ကာမဝတ္ထုတို့ကို မစွန့်မပစ်နိုင်ငြားအံ့၊ ထိုကာမဂုဏ်ရှင်သည် ထိုကာမ ဝတ္ထုတို့အတွက် အထုအနှက် အရိုက်အပုတ် အပစ်အခတ် ခံရသဖြင့် လက်ခြေကျိုးမှုလည်း ကျိုးလေရာ၏၊ သေ လောက်သော ဆင်းရဲသို့ ရောက်မှုလည်း ရောက်လေရာ၏၊ သေမှုလည်း သေလေရာ၏၊ ကာမဂုဏ်တို့၌ တစွဲလမ်း လမ်းဖြင့် သေဆုံးသွားရပါမူကား အပါယ်သို့ လားရောက် ခြင်း အစရှိသော ဆင်းရဲဒုက္ခ အမျိုးမျိုးတို့နှင့် တွေ့ကြုံ ခံစားရလေ၏။ ထို့ကြောင့် အာရုံငါးပါး ကာမတရား တို့သည် အသီးနှင့် ပြည့်စုံသော သစ်ပင်နှင့် တူကုန်စွ တကား၊ ဆင်းရဲပူပန်ရသည်ကသာ များကုန်စွတကား၊ ဤကာမတရားတို့၌ ကိုးရာမရ အပြစ်ဒေါသတွေကသာ များကုန်စွတကား…;။

(တနည်း) အာရုံငါးပါး ကာမတရားတို့သည် အဆိပ် သီးမှည့်နှင့် တူကုန်၏၊ တူပုံမှာ—ကိံပက္ကမည်သော (တနည်း—ကိမ္ပလမည်သော) အဆိပ်သီး မှည့်သည် အလွန်နှစ်သက်ဖွယ်ရှိသော သရက်ချိုသီးမှည့်နှင့်တူပေ၏၊ အဆင်း အနံ့ အရသာနှင့်လည်း ပြည့်စုံ၏၊ မြင်ရလျှင် စားချင်ဖွယ် ဖြစ်၏၊ စားသောသူတို့အား အသက်သေ သည့်တိုင်အောင် ဆင်းရဲဒုက္ခကို ဖြစ်ပွါးစေတတ်၏၊ ထို အဆိပ်သီးကို အဆင်း အနံ့ အရသာ ကောင်းရုံမျှဖြင့် စားသောက်မိကြသောသူများသည် အူအသည်းပြတ်ကြေ လျက် တလွန့်လွန့်လိမ်ပြီးလျှင် စိန်နှင့်သမ္မာရာရေကို မျော သောက်မိသောသူကဲ့သို့ ဆင်းရဲပင်ပန်းကြီးစွာဖြင့် သေဆုံး

http://www.dhammadownload.com



ပျက်စီးခြင်းသို့ ရောက်ကြရ၏။ ထိုအတူ အာရုံငါးပါး ကာမတရားတို့သည် ပညာမျက်စိ ပိတ်မရှိသူတို့အဖို့ရာ သာယာတပ်မက်ဖွယ် အမျိုးမျိုးထင်ရအောင် အပြင်ဘန်း က ဟန်ဆောင်ပြတတ်ကုန်၏၊ ထိုသို့ အပြင်ဘန်းကောင်း ကာ သာယာဖွယ်ယောင်ဖြစ်၍နေသော ကာမတရားတို့ ကို စွဲလမ်းတပ်မက် သာယာသော အားဖြင့် သုံးဆောင် သိမ်းပိုက်ကြသောသူတို့သည် လောဘ, ဒေါသ, မောဟ အစရှိသော အကုသိုလ်အဆိပ်များ တကိုယ်လုံး မွှန်တက် ပြီးလျှင် ပူပန်ခြင်း စိုးရိမ်ခြင်းအစရှိသော ဘေးဒုက္ခ အမျိုး မျိုးတို့ဖြင့် တတွန့်တွန့် တလိမ်လိမ် ဆင်းရဲကာ အားကိုးရာ မရသော သေခြင်းဖြင့် သေဆုံးကြရကုန်၏။ သေဆုံးသည့် နောက်အခါမှာလည်း ကာမဂုဏ်အဆိပ်သင့်၍ သုဂတိ ဘုံဘဝသို့ မလားမရောက်ရပဲ အပါယ်ဘုံသို့ လားရောက် ရခြင်း အစရှိသော ဘေးဒုက္ခတို့နှင့် ရင်ဆိုင် တွေ့ကြုံကြရ ပြန်ကုန်၏။ထို့ကြောင့် အာရုံငါးပါး ကာမတရားတို့သည် အဆိပ်သီးမှည့်နှင့် တူကုန်စွာတကား၊ ဆင်းရဲပူပန်ရသည် ကသာ များကုန်စွာတကား။ ဤကာမတရားတို့၌ ကိုးရာမရ အပြစ်ဒေါသတွေကသာ များကုန်စွာတကား....။

(၉) **အသိသူနူပမာ ကာမာ** = အာရုံငါးပါး ကာမတရားတို့သည် ထား (ဓား) သန်လျက်တို့ဖြင့် ခုတ် ဖြတ်ရာ စဉ်းတားတုံးနှင့် တူကုန်စွာတကား....၊ တူပုံမှာ— စဉ်းတီးတုံးပေါ်မှာ တင်၍ လောကဥ္စ ရာဇဝတ်ကောင် သားသမင် အစရှိသည်တို့ကို သတ်ဖြတ်ကြကုန်၏၊ ထို သားသမင်စသည်တို့၏ အသားကိုလည်း စဉ်းတီးတုံးပေါ် မှာပင် နုပ်နုပ် စဉ်းကြ ခုတ်ကြကုန်၏၊ စဉ်းတီးတုံးသည် သတ္တဝါတို့ကို သတ်ဖြတ်ရာ အသားတို့ကို နုပ်နုပ်စဉ်းရာ ဖြစ်ပေ၏။ ထို့အတူ အာရုံငါးပါး ကာမတရားတို့သည် လည်း မိမိ၌ သာယာတပ်မက်သောသူ ဟူသမျှတို့ကို ကာမတဏှာစသော ထားသန်လျက်တို့ဖြင့် နုပ်နုပ်စဉ်း

http://www.dhammadownload.com



ပြီးလျှင် ပျက်စီးခြင်းသို့ ရောက်စေတတ်ကုန်၏။ ကာမဂုဏ် တည်းဟူသော စဉ်းတီးတုံးပေါ်၌ လည်ပင်း တင်ထား မိသောသူ (သာယာတပ်မက်သောသူ) တို့သ မျှသည် သမထ ဘာဝနာ, ဝိပဿနာ ဘာဝနာ တည်းဟူသော လွှင်ပြင် လမ်းကျယ်များသို့ လိုက်သွား ထွက်မြောက်ရန် ဖြစ်သော နေက္ခမ္မစေတ်ကို မထူထောင်နိုင်ကြပဲ ထိုကာမ ဂုဏ် တည်းဟူသော စဉ်းတီးတုံးပေါ်မှာသာလျှင် ကာမ တဏှာစသော ထားသန်လျက်တို့ဖြင့် အခုတ်အဖြတ်ခံကြ ရကာ မရှုမလှ သေဆုံးခြင်းဖြင့် သေဆုံးပျက်စီးကြရကုန် ၏။ ထို့ကြောင့် အာရုံငါးပါး ကာမတရားတို့သည် ထားသန်လျက်တို့ဖြင့် နုပ်နုပ် ခုတ်စဉ်းရာ စဉ်းတီးတုံးနှင့် တူကုန်စွ တကား၊ ဆင်းရဲပူပန်ရသည့်ကသာ များကုန်စွ တကား၊ ဤကာမတရားတို့၌ ကိုးရာမရ အပြစ်ဒေါသ တွေကသာ များကုန်စွတကား....။

(၁၀) **သတ္တိသူလူပမာ ကာမာ** = အာရုံငါးပါး ကာမတရားတို့သည် ထက်မြက်လှစွာသော သန်လျက် သွား လှံသွားနှင့် တူကုန်စွတကား....၊ တူပုံမှာ—အလွန် ထက်မြက်လှစွာသော သန်လျက်သွား လှံသွားသည် ထိလေသမျှကို ရှ-န စူးဝင်၏၊ သန်လျက်သွား လှံသွား သည် ရန်သူစသည်ကို ထိုးသတ်ခုတ်ပိုင်းရန်သာ ဖြစ်၏။ ထို့အတူ အာရုံငါးပါး ကာမတရားတို့သည်လည်း အလွန် ထက်မြက်သော အစွမ်းရှိသဖြင့် မိမိနှင့် ထိခိုက်မိသောသူ ငြိတွယ်မိသောသူ ဟူသမျှတို့ကို စူးဝင်ထိရှတတ်ကုန်၏။ ပုံစံမှာ—ရူပါရုံတည်းဟူသော သန်လျက်သွား လှံသွား တစင်း စူးဝင်ခြင်း ခံရသော သူသည် အူအသည်းမှာ ငါးမျှားချိတ် ချိတ်မိသော ငါးကဲ့သို့ ထိုရူပါရုံ တည်းဟူ သော သန်လျက်သွား လှံသွား၏စူးဝင်ချက်ကိုရုတ်တရက် မနုတ်မထွင်နိုင်ပဲ ထိုရူပါရုံ သန်လျက်သွား လှံသွား၏ အလိုသို့သာ ဓမ္မးလျက် လိုက်ပါနေရ၏၊ ထိုလှံသွား

http://www.dhammadownload.com



စူးဝင်မှုဒဏ်ချက်ကြောင့် ရှေးက မိမိ စောင့်ရှောက်မွေးမြူထားသော သီလ,သမာဓိ,ပညာများကိုသော်မှ သတိမရ ဂရုမစိုက်နိုင်တော့ပဲ ပျက်စီးပြုန်းတီးခြင်းသို့ ရောက်ရလေ၏။ (သဒ္ဒါရုံ အစရှိသည်တို့သည်လည်း ဤနည်းအတိုင်းပင် ဖြစ်ကုန်၏။) ကာမဂုဏ်ငါးပါးတည်းဟူသောလှံသွားငါးစင်းသည် သတ္တဝါတို့ကို ထိုးသတ်ဖျက်ဆီးရန်သာ ဖြစ်ကုန်၏။ ကာမတဏှာကို မပယ်ခွါရသေးသော သတ္တဝါဟူသမျှသည် ရောက်လေရာရာ ထိုထိုဂတိတို့၌ မိမိထံသို့ တည့်တည့်မတ်မတ် ချိန်ရွယ်ထားသော အာရုံငါးပါး သန်လျက်သွား လှံသွားတို့၏အကြားမှာသာ လျှင်အကျဉ်းသမား ရာဇဝတ်သားများကဲ့သို့ နေထိုင်ကြရကုန်၏၊ ထိုအာရုံငါးပါး ကာမတရားတို့သည်လည်း ထိခိုက်လာသမျှသော သတ္တဝါတို့ကို ငဲ့ညှာမှုမရှိပဲ မိမိတို့သဘောအတိုင်းပင် စူးဝင်ကြလေ၏။ ထို့ကြောင့် အာရုံငါးပါး ကာမတရားတို့သည် ထက်မြက်လှစွာသော သန်လျက်သွား လှံသွားနှင့် တူကုန်စွ့တကား၊ ဆင်းရဲပူပန်ရသည်ကသာ များကုန်စွ့တကား၊ ဤကာမတရားတို့၌ ကိုးရာမရ အပြစ်ဒေါသတွေကသာ များကုန်စွ့တကား····။

(၁၁) **သပ္ပသိရူပမာ ကာမာ** = အာရုံငါးပါး ကာမတရားတို့သည် အဆိပ်ပြင်းထန်သည့်မြွေဆိုး၏ဦးခေါင်းနှင့် တူကုန်စွ့တကား····၊တူပုံမှာ—မြွေဆိုး၏ ဦးခေါင်းသည် ကြမ်းတမ်းထက်မြက်သော အဆိပ်နှင့် ပြည့်နှက်နေသည့်အတွက် ဇက်ဆုပ်ဖွယ် ကြောက်လန့်ဖွယ်သာ ဖြစ်၏၊ မြွေဆိုး၏ ဦးခေါင်းသည် မိမိထံမှောက် ထိရောက်လာသူတို့ကို ဘေးဒုက္ခအမျိုးမျိုး ပေးတတ်သကဲ့သို့ ထို့အတူ အာရုံငါးပါး ကာမတရားတို့သည်လည်း မိမိတို့ ထိမိ ကိုက်မိသူ ဟူသမျှတို့အား ကိလေသာသွေးဆိုးကို ဖြစ်ပွါးစေတတ်သည့် သတ္တိ အဆိပ်မျိုးတို့ ပြည့်နှက်နေသည့် အတွက် စက်ဆုပ်ဖွယ် ကြောက်လန့်ဖွယ်သာ ဖြစ်ကုန်၏။

http://www.dhammadownload.com



မြွေဆိုး၏ဦးခေါင်းသည် လောက၌ ကောင်းကျိုးမပေး ဘေးကိုသာဖြစ်စေသကဲ့သို့ ထို့အတူ အာရုံငါးပါး ကာမတရားတို့သည်လည်း လောကနေသူ လူအများ၏ ကြောက်ဖွယ်လန့်စိုး ဘေးအမျိုးမျိုးကိုသာ ဖြစ်စေတတ်ကုန်၏။ မြွေဆိုး၏ဦးခေါင်းကို ထိမိ နင်းမိသောသူမှာ ကြီးစွာသောဘေးကြီးသင့်သကဲ့သို့ ထို့အတူ အာရုံငါးပါး ကာမတရားတည်းဟူသော မြွေဆိုး၏ဦးခေါင်းကို ထိမိ နင်းမိသောသူမှာလည်း ကြီးစွာသောဘေး သင့်ရလေ၏။ ထို့ကြောင့် အာရုံငါးပါး ကာမတရားတို့သည် အဆိပ်ပြည့်ဖြိုးသည့် မြွေဆိုး၏ဦးခေါင်းနှင့် တူကုန်စွ တကား၊ ဆင်းရဲပူပန်ရသည်ကသာ များကုန်စွတကား၊ ဤကာမတရားတို့၌ ကိုးရာမရ အပြစ်ဒေါသတွေကသာ များကုန်စွတကား....။

(ဤဆိုအပ်ပြီးသည့် ကာမာဒီနဝကထာ စကားရပ်စုကို မဇ္ဈိမပဏ္ဏာသပါဠိ၊ ပေါတလိယသုတ်၊ စာမျက်နှာ ၂၇-ကို မှီး၍ ရေးသားအပ်သတည်း။)

ကြောက်မက်ဖွယ် ဘေးဘယကြီးဟူသည် ကာမဂုဏ်ငါးပါး၏ အမည်ပင် ဖြစ်စွတကား....၊ ဆင်းရဲဒုက္ခဟူသည် ကာမဂုဏ်ငါးပါး၏ အမည်ပင်ဖြစ်စွတကား....၊ အနာရောဂါဟူသည် ကာမဂုဏ်ငါးပါး၏ အမည်ပင်ဖြစ်စွတကား....၊ အိုင်းအမာကြီးဟူသည် ကာမဂုဏ်ငါးပါး၏ အမည်ပင် ဖြစ်စွတကား....၊ ကပ်ငြိစေးနှောင်ခြင်းဟူသည် ကာမဂုဏ်ငါးပါး၏ အမည်ပင် ဖြစ်စွတကား....၊ အကူးခက်သော ရွှံ့ညွန်ဗွက်ကြီးဟူသည် ကာမဂုဏ် ငါးပါး၏ အမည်ပင် ဖြစ်စွတကား....။ (ဆက္ကနိပါတ် အင်္ဂုတ္တရပါဠိ၊ မျက်နှာ ၂၇၄-မှ။)

သိကြားမင်း၏စံရာဝေဇယန္တာ ဘုံနန်းပြာသာဒ်ကဲ့သို့ သော ဤထီးနန်းစည်းစိမ်ကြီးသည်လည်းသူကောင်မြုပ်ရာ

http://www.dhammadownload.com



သုသာန်သင်းချိုင်းနှင့် တူစွာ့တကား....၊ ကာမ, ရူပ, အရူပတည်းဟူသော ဘုံသုံးပါးသည် ရဲရဲပြောင်ပြောင် မီးစွဲလောင်နေသော အိမ်ကြီးနှင့် တူစွာ့တကား....။ ဤလူနတ်ဗြဟ္မာ သတ္တဝါအပေါင်းသည် ပဋိသန္ဓေလည်း တည်နေရ၏၊ အိုလည်း အိုရ နာလည်း နာရ သေလည်း သေရ၏။ သေပြီး၍တဖန် ပဋိသန္ဓေတည်နေရပြန်၏၊ ပဋိသန္ဓေ တည်နေပြီး၍တဖန် အိုရ နာရ သေရပြန်၏။ ပဋိသန္ဓေ တည်နေရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်းတို့ဖြင့် အလွန်လျှင် ပင်ပန်းဆင်းရဲကြ၏၊ ထိုသို့ဖြစ်လျက် အို-နာ-သေရေး ဒုက္ခအားတို့မှ ကျွတ်လွတ်ထွက်မြောက်ရာကို မသိနိုင်ကြချေ၊ ဘယ်အခါများမှ သိနိုင်ကြပါမည်နည်း....။

ဤကဲ့သို့ ဇာတိ ဇရာ ဗျာဓိ မရဏတို့၏ ထိတ်လန့်ကြောက်ရွံ့ဖွယ်အဖြစ်ကိုင်း, ဝတ္ထုကာမ ကိလေသကာမ တည်းဟူသော ကာမနှစ်ပါး ကာမ ရူပ အရူပတည်းဟူသော ဘဝသုံးပါးတို့၏ သာယာဖွယ် နည်းပါးလျက် အပြစ်တွေသာ များ၍နေပုံကိုင်း ဆင်ခြင်သိမြင်တော်မူပြီးလျှင် အာရုံငါးပါး ကာမတရားတို့၌ အတိုင်းထက်အလွန် သာယာတပ်မက်ခြင်း ကင်းသော စိတ်ရှိတော်မူရကား အလောင်းတော်သူမြတ်သည် "ဥပဒ္ဒုတံ ဝတ ဘော = အို....နှိပ်စက်လှချည့်တကား၊ ဥပဿဋ္ဌံ ဝတ ဘော = အို....ညှဉ်းပန်းလှချည့်တကား" ဟူ၍ နှုတ်ကလည်း ဥဒါန်းကျူးရင့် မြွက်ဆိုတော်မူ၏၊ အတိုင်းထက်အလွန် တောထွက်၍ ရဟန်းပြုဘို့ရန် စိတ်ညွတ်တော်မူလေ၏။

အလောင်းတော်မင်းသားသည် "ယနေ့ပင် ငါသည် တောထွက်ဖို့ သင့်ပြီ" ဟု ကြံစည်တော်မူကာ အသရေရှိသော အိပ်ရာတော်မှ ထလျက် တံခါးအနီးသို့သွား၍ "ဤနေရာ၌ အဘယ်သူနည်း" ဟု မေးမြန်းတော်မူ၏။ တံခါးခုံ၌ ခေါင်းဆိုက်၍ အိပ်နေသော ဆန္နအမတ်သည် "အရှင့်သား....အကျွန်ုပ်ကား ဆန္နဖြစ်ပါသည်" ဟု မြန်ကြားလျှောက်ထားလေ၏။ အလောင်းတော်

http://www.dhammadownload.com



မင်းသားက "ငါ ယနေ့ တောထွက်တော်မူလိုသည်၊ မည်သူ တဦးတယောက်ကိုမျှ အသိမပေးပဲ အလွန်လျင်မြန်သော အဟုန်နှင့် ပြည့်စုံသည့် အာဇာနည် သိန္ဓောမြင်းတကောင်ကို သင် ယခု သွား၍ အမြန် က-ချေ(ပြင်ဆင်ချေ)" ဟု စေခိုင်းတော်မူလိုက်ရာ ဆန္နအမတ်သည်လည်း "ကောင်းပါပြီ အရှင့်သား" ဟု ဝန်ခံစကား လျှောက်ထားပြီးလျှင် မြင်း၌ ဆင်အပ်သော ကကြိုးတန်းဆာတို့ကို ယူဆောင်ကာ မြင်းတင်းကုပ် (မြင်းဇောင်း) သို့ သွား၍ နံ့သာဆီမီးတို့ တညီးညီးတောက်ပလျက်ရှိစဉ် မုလေး (မြတ်လေး) ပန်း ဗိတာန်မျက်နှာကြက်၏အောက်တွင် အလွန်နှစ်သက်ဖွယ်သော မြေအပြင်၌ ရပ်တည်နေသည့် ရန်သူခပ်သိမ်းကို နှိမ်နင်းအောင်မြင်နိုင်သော ကဏ္ဍကမြင်းတော်ကို တွေ့မြင်ရ၍ "ယနေ့ညဉ့် ငါသည် အရှင့်သား တောထွက်တော်မူရန် ဤကဏ္ဍက မည်သော မင်္ဂလာ မြင်းတော်ကိုပင် ပြင်ဆင် သင့်ပေသည်"ဟု ကြံစည်ကာ ကဏ္ဍကမြင်းတော်ကို ကကြိုးတန်းဆာစုံလင်စွာ ပြင်ဆင်လေ၏။

ကဏ္ဍကမြင်းတော်သည်လည်း ကကြိုး တန်းဆာတို့ဖြင့် က-အပ် ဆင်ယင်အပ်လျှင်ပင် "ဤယခု က-ခြင်း ဆင်ယင်ခြင်းသည် တင်းတင်းကြပ်ကြပ် ရှိလှပေ၏၊ တပါးသော နေ့တို့၌ ဥယျာဉ်တော် ကစားရန် သွားသော အခါ၌ က-ခြင်း ဆင်ယင်ခြင်း ကဲ့သို့ မဟုတ်ချေ၊ ယုံမှားဖွယ်မရှိ ဧကန်ပင်လျှင် ယနေ့ညဉ့် အရှင့်သားတော်သည် ငါ့ကိုစီး၍ မြတ်သော တောထွက်ခြင်းကို တောထွက်တော်မူကာ ရဟန်း ပြုလိမ့်မည်" ဟု သိရှိပြီးလျှင် အလွန်နှစ်သက်အားရမ်း ရွှင်လန်းသော စိတ်ရှိသည်ဖြစ်ရကား ပြင်းထန်စွာ မြည်ဟည်းလေ၏၊ ထိုသို့ ကဏ္ဍက မြင်းတော်၏ ဝမ်းမြောက်သော စိတ်ရှိ၍ မြည်လိုက် ဟီလိုက်သော အသံသည် ကပိလဝတ်ပြည်အလုံးကို အုပ်ဖုံးလွှမ်းမိုးကာ ပဲ့တင်ထပ်၍သွားနိုင်ပေ၏၊ သို့သော်လည်း ထိုမြင်းဟီသံကို တစုံတယောက်သော သူမျှ မကြားရအောင် နတ်များက ပိတ်ပင်ထားလေသည်။

မဟာဗုဒ္ဓဝင် ၂-၁၃

http://www.dhammadownload.com



ထိုသို့ ဖွားဘက်တော် ဆန္နအမတ် ကဏ္ဍကမြင်းတော်ကို ပြင်ဆင်ယူဆောင်ရန် သွားနေစဉ် ဘုရားအလောင်းတော်သည် "တောမထွက်မီ သားတော်ကို ရှုကြည့်ဦးမည်" ဟု ကြံစည်တော်မူကာ ရပ်တည်ရာအရပ်မှ ကြွ၍ ရာဟုလာ့ မယ်တော် ယသောဓရာမိဖုရား၏ တိုက်ခန်းသို့သွားပြီးလျှင် တိုက်ခန်းတံခါးကို ဖွင့်တော်မူလေ၏။ ထိုအချိန်၌ တိုက်ခန်းအတွင်းမှာ နံ့သာဆီမီးသည် တညီးညီး တဝင်းဝင်း ထွန်းလင်းဆဲဖြစ်ပေ၏။ ရာဟုလာ့မယ်တော် ယသောဓရာ မိဖုရားသည် တအမ္ဗဏ(=တဆယ့် တစိတ်သား) မျှသော မုလေးပန်း ကြက်ရုံးပန်းတို့ဖြင့် ကြဲဖြန့်းအပ်သည့် မြတ်သောအိပ်ရာပေါ်၌ သားတော်၏ ထိပ်ထက်မှာ လက်ကိုထား၍ အိပ်စက်နေဆဲ ဖြစ်ပေ၏။

ဘုရားအလောင်းတော်သည် တံခါးခုံ၌ ခြေတော်ကိုချ၍ ရပ်တည်ရင်းကပင် ကြည့်ရှုတော်မူကာ "ငါသည် မိဖုရား၏ လက်ကို ဖယ်၍ ငါ၏ သားတော်ကို အကယ်၍ ပွေ့ပိုက် ချီယူလိုက်သည် ဖြစ်အံ့၊ ယင်းသို့ ချီယူလိုက်လျှင် ယသောဓရာမိဖုရား နိုးလာလိမ့်မည်။ ဤသို့ ယသောဓရာမိဖုရား နိုးခဲ့လျှင် ယခုပင် တောထွက်တော့မည်ဖြစ်သော ငါ့အား တောထွက်ခြင်း၏ အန္တရာယ် ဖြစ်ပေလိမ့်မည်၊ ရှိစေဦး....ယခု သားတော်ကို ငါမကြည့်သေး၊ ဘုရားဖြစ်ပြီးမှသာ လာရောက်၍ သားတော်ကို ငါကြည့်တော့မည်"ဟု ကြံစည်ကာ ရွှေနန်းပြာသာဒ်ထက်မှ ဆင်းသက်ခဲ့ပြီးလျှင် ကဏ္ဍက မြင်းတော်၏ အနီးသို့ သွားရောက်တော်မူလျက်—

> "ဖွားဘက်မှန်လှ အမောင်ကဏ္ဍက....ငါ့ကို သင်သည် ယနေ့တညဉ့်လောက် စောင့်ရှောက် ကူညီလော့၊ ငါသည် သင့်ကို အမှီပြု (=အကြောင်းပြု) ၍ ဘုရားဖြစ်ပြီးလျှင် နတ်နှင့်တကွသော သတ္တလောကကို သံသရာ ရေအယဉ်မှ နိဗ္ဗာန် တည်းဟူသော ကြည်းကုန်းထက်သို့ ပို့ဆောင် ကယ်တင်ပေအံ့"....

ဟု မိန့်ကြားတော်မူပြီးနောက် ကဏ္ဍက မြင်းတော်၏ ကျောက်ကုန်းထက်သို့ လွှားတက်စီးနင်းတော်မူလေ၏။

http://www.dhammadownload.com



ကဏ္ဍကစီးတော်မြင်းသည် လည်ပင်းမှစ၍ အလျားတဆယ့်ရှစ်တောင်ရှိ၏၊ ထို အလျားအားလျော်သော အရပ်နှင့်လည်း ပြည့်စုံ၏၊ လျင်မြန်သော အဟုန်, ကြီးမားသော အားနှင့်လည်း ပြည့်စုံ၏၊ ကိုယ်လုံး ဆွတ်ဆွတ်ဖြူ၏၊ ပွတ်သစ်စ ခရုသင်းနှယ် ကြည့်ချင်ဖွယ်ရာ တင့်တယ်စွာသောအဆင်းလည်းရှိ၏၊ထိုနောက် ဘုရားအလောင်းတော်သည် ကဏ္ဍကမြင်းတော်ကို တက်စီးပြီးလျှင် ကိုယ်တော်တိုင်ကား စီးတော်မြင်း၏ကျောက်ကုန်းအလယ်၌ တည်တော်မူလျက် ဖွားဘက်တော် ဆန္နအမတ်ကို မြင်းမြီးကိုဆွဲကိုင်စေပြီးလျှင် မဟာသက္ကရာဇ် ၉၇-ခုနှစ် ဝါဆိုလပြည့် တနင်းလာနေ့ ညဥ့်သန်းခေါင်ယံအချိန်၌ ရွှေနန်းတော်မှ ထွက်ကြွတော်မူခဲ့ရာ နေပြည်တော် တံခါးမသို့ ဆိုက်ရောက်တော်မူလေသည်။ (ရွှေနန်းတော် အတွင်း ကဏ္ဍက မြင်းတော်ကိုစီး၍ ထွက်ကြွတော်မူလာသောအခါ နတ်များက မြင်းခွါသံကို လူအများ မကြားကြစေရန် မြင်းခွါ ချတိုင်း ချတိုင်းပင် လက်ဖြင့် ခံလင့်ကြကုန်သည်။)

**အလောင်းတော်မင်းသား ဖွားဘက်တော် ဆန္နအမတ်နှင့်**
**ကဏ္ဍကစီးတော်မြင်းတို့၏ အကြံအစည်များ**

ထိုအခါသည်ကား ခမည်းတော် သုဒ္ဓေါဒန မင်းတရားကြီးက ရှေးဦးမဆွကပင် ကြိုတင်ပြီးလျှင် "ဤနည်းအတိုင်း စီမံ ပြုလုပ်ထားသည်ရှိသော် သားတော် အလောင်းမင်းသားသည် အမှတ်မထင် တချိန်ချိန်၌ မြို့တံခါးကို ဖွင့်လှစ်၍ ထွက်သွားခြင်းငှါ တတ်နိုင်လိမ့်မည် မဟုတ်"ဟု အကြံပြုကာ တောမထွက်နိုင်ရန် ရည်သန်၍ ရွှေမြို့တော်အဝင်ဝ တံခါးမ တံခါးရွက် နှစ်ခုတို့တွင် တံခါးရွက် တဖက်တဖက်ကို ယောက်ျား မိုလ်ခြေ တထောင် အားဖြင့် ဖွင့်မှ ပွင့်နိုင်အောင် အခိုင်အမာ ပြုလုပ် စီမံပြီးသား အချိန်ဖြစ်လေသည်။

ဘုရားအလောင်းတော်သည် ပကတိအားအစွမ်းနှင့်ပြည့်စုံသူ ဖြစ်၏၊ ကာဠာဝကဆင်ပေါင်း ကုဋေတထောင်အားကို ဆောင်

http://www.dhammadownload.com



နိုင်တော်မူ၏၊ မဇ္ဈိမပုရိသ ယောကျ်ား ကုဋေတသောင်းအားကို ဆောင်နိုင်တော်မူ၏၊ ဤသို့ရကား အလောင်းတော် သူမြတ်သည် "အကယ်၍ မြို့တော်တံခါး မပွင့်ငြားအံ့၊ ယနေ့ ငါသည် ကိုယ်စွမ်းကိုအသုံးပြုကာ ကဏ္ဍကမြင်းတော်၏ ကျောက်ကုန်းထက်မှာ တည်နေမြဲတည်နေလျက်ပင်လျှင် မြင်းမြီးကို ဆွဲကိုင်ကာ လိုက်ပါလာမသော ဆန္နအမတ်နှင့်တကွ ကဏ္ဍက စီးတော်မြင်းကို ပေါင်နှစ်ဖက်တို့ဖြင့် ညှပ်ပြီးလျှင် တဆယ့်ရှစ်တောင် မြင့်သော ကပိလဝတ်နေပြည်တော် မြို့ရိုးကို ခုန်လွှားကာ လွန်မြောက်စေမည်" ဟု ကြံစည်တော်မူ၏။

ဆန္နအမတ်သည်လည်း "အကယ်၍ မြို့တော် တံခါး မပွင့်ငြားအံ့၊ ငါသည် အရှင့်သားတော်ကို ပခုံးထက်မှာ ထိုင်နေစေပြီးလျှင် ကဏ္ဍက မြင်းကို လကျ်ာ ချိုင်းကြား၌ ညှပ်ထားလျက် လကျ်ာလက်ဖြင့် ပွေ့ချီပြီးကာ တဆယ့် ရှစ်တောင် မြင့်သော ကပိလဝတ် နေပြည်တော်မြို့ရိုးကို ခုန်လွှားကာ လွန်မြောက်စေမည်"ဟု ကြံစည်လေ၏။

ကဏ္ဍကစီးတော်မြင်းကလည်း "အကယ်၍ မြို့တော်တံခါး မပွင့်ငြားအံ့၊ ငါသည် ငါ့အရှင်ကို ကျောက်ကုန်း၌ ထိုင်မြဲတိုင်းပင်လျှင် အမြီးကို ဆွဲကိုင်ကာ လိုက်ပါလာသော ဖွားဘက်တော် ဆန္နအမတ်နှင့်တကွ တဆယ့်ရှစ်တောင်မြင့်သော ကပိလဝတ် နေပြည်တော်မြို့ရိုးကို ခုန်လွှားကာ လွန်မြောက် စေမည်"ဟု ကြံစည်လေ၏။

### အလောင်းတော်မင်းသား၏ ကိုယ်တော်အား

(ကာဠာဝကအမျိုး ဆင်တစီးသည် မဇ္ဈိမပုရိသ ယောကျ်ား ဆယ်ယောက်တို့၏အားကို ဆောင်နိုင်၏၊ ဂင်္ဂေယျဆင်တစီးသည် ကာဠာဝကဆင် ဆယ်စီးအား(မဇ္ဈိမပုရိသယောကျ်ား တရာတို့၏အား)ကို ဆောင်နိုင်၏၊ ပဏ္ဍရဆင်တစီးသည် ဂင်္ဂေယျဆင် ဆယ်စီးအား (မဇ္ဈိမ ပုရိသ ယောကျ်ား တထောင်တို့၏အား) ကို ဆောင်နိုင်၏၊ တမ္ဗ အမျိုးဖြစ်သော ဆင်တစီးသည် ပဏ္ဍရဆင် ဆယ်စီးအား(မဇ္ဈိမပုရိသယောကျ်ား တသောင်းတို့၏ အား)ကို ဆောင်နိုင်၏၊ ပိင်္ဂလအမျိုး ဖြစ်သော ဆင်

http://www.dhammadownload.com



**တစီးသည် တမွှဆင်ဆယ်စီးအား(မဇ္ဈိမပုရိသ ယောကျ်ား တသိန်းတို့၏ အား)ကို ဆောင်နိုင်၏၊ ဂန္ဓအမျိုးဖြစ်သော ဆင်းတစီးသည် ပိင်္ဂလဆင် ဆယ်စီးအား (မဇ္ဈိမ ပုရိသ ယောကျ်ားဗိုလ်ခြေတသန်းတို့၏အား)ကို ဆောင်နိုင်၏၊ မင်္ဂလဆင်အမျိုးဖြစ်သော ဆင်တစီးသည် ဂန္ဓဆင် ဆယ် စီးအား(မဇ္ဈိမပုရိသယောကျ်ားဗိုလ်ခြေ တကုဋေတို့၏အား) ကို ဆောင် နိုင်၏၊ ဟေမ အမျိုးဖြစ်သော ဆင်တစီးသည် မင်္ဂလဆင် ဆယ်စီးအား (မဇ္ဈိမပုရိသယောကျ်ားဗိုလ်ခြေဆယ်ကုဋေတို့၏အား)ကိုဆောင်နိုင်၏၊ ဥပေါသထ အမျိုးဖြစ်သော ဆင်တစီးသည် ဟေမဆင် ဆယ်စီးအား (မဇ္ဈိမပုရိသ ယောကျ်ားဗိုလ်ခြေ ကုဋေတရာတို့၏အား)ကို ဆောင်နိုင် ၏၊ ဆဒ္ဒန်မျိုးဖြစ်သော ဆင်တစီးသည် ဥပေါသထဆင် ဆယ်စီးအား (မဇ္ဈိမ ပုရိသ ယောကျ်ားဗိုလ်ခြေ ကုဋေတထောင်တို့၏ အား) ကို ဆောင်နိုင်၏၊ဘုရားအလောင်းတော်များသည် ဆဒ္ဒန်ဆင် ဆယ်စီးအား (မဇ္ဈိမပုရိသယောကျ်ား ဗိုလ်ခြေကုဋေတသောင်းတို့၏အား)ကို ဆောင် နိုင်၏။ ။အံ-ဋ္ဌ၊ ၃၊ မျက်နှာ ၂၉၃-စသည်မှ။)**

### ဝသဝတ္တိမာရ်နတ်သား ဟန့်တားခြင်း

ဤသို့လျှင် သုံးဦးသော သူတို့မှာ အကြံအစည် လွန်စွာ တူကြကုန်၏၊ အကယ်၍ နန်းမြို့တော်တံခါး မပွင့်လျှင်လည်း ထို သုံးဦးတို့အနက် တဦးဦးသည် မိမိကြံစည်သည့်အတိုင်းပြီးမြောက် ပြည့်စုံအောင် ပြုမည်သာ ဖြစ်ပေ၏၊ သို့သော်လည်း အလောင်း တော်သူမြတ်၏ ဘုန်းကံပါရမီတော် အဟုန်ကြောင့် နန်းမြို့တော် တံခါးစောင့် နတ်တို့သည် နန်းမြို့တော် တံခါးမကြီးကို ရှင်လန်း ဝမ်းမြောက်ကြကာ အလောင်းတော်ထွက်တော်မူရန် အဆင်သင့် ဖွင့်လှစ်၍ ထားနှင့်ကြကုန်၏။

ဘုရားအလောင်းတော်သည် မြို့တံခါးမှ ကဏ္ဍကမြင်းတော်ကို စီးလျက် ဖွားဘက်တော် ဆန္န အမတ်နှင့် တကွ ထွက်မိလျှင်ပင် သံသရာဝဋ်အတွင်းမှ သတ္တဝါတို့လွတ်မြောက်ခြင်းကို အလျှင်းပင် မနှစ်သက်ပဲ အမြဲကန့်ကွက် တားဆီးတတ်သော **ဝသဝတ္တိမာရ် နတ်သား**သည် မိမိစံနေရာ ပရနိမ္မိတဝသဝတ္တီ နတ်ပြည်မှ အား ရှိသော ယောကျ်ားသည် ကွေးထားသော လက်ကို ဆန့်သကဲ့ သို့ရင်း, ဆန့်ထားသောလက်ကို ကွေးသကဲ့သို့ရင်း တခဏခြင်း

http://www.dhammadownload.com



ယူ၍ပြည်သို့ သက်ဆင်းလာပြီးလျှင် တောမထွက်ဖြစ်အောင် အကျိုး လိုဟန် အကောက်ဉာဏ်ဖြင့် ဖြားယောင်းသွေးဆွယ် ပရိယာယ် နိမိတ် ဆင်၍ ဝိတ်ပင်တားဆီးခြင်းငှါ အလောင်းတော်ထံမှောက် သို့ ဆိုက်ရောက်လာပြီးလျှင် ကောင်းကင်၌ ရပ်တည်လျက်—

မာ နိက္ခမ မဟာဝီရ၊ ဣတော တေ သတ္တမေ ဒိနေ။
ဒိဗ္ဗံ တု စက္ကရတနံ၊ အဒ္ဓါ ပါတု ဘဝိဿတိ။

(ဗုဒ္ဓဝံသအဋ္ဌကထာမှ)

မဟာဝီရ = လုံ့လကြီးမား အို အလောင်းမင်းသား။ မာ နိက္ခမ = တောထွက်၍သာ ရဟန်းမပြုပါလင့်။တု = အကြောင်းထူးကား။ဣတော = ဤနေ့မှ။ သတ္တမေ ဒိနေ = ခုနစ်ရက်မြောက် ရောက်လတ်သော နေ့၌။ တေ = သင် လုံ့လကြီးမား အလောင်းမင်းသား၏ အတွက်။ ဒိဗ္ဗံ = နတ်၌ဖြစ်သော အာနုဘော်နှင့်ယှဉ်သော။ စက္ကရတနံ = စကြာရတနာသည်။ အဒ္ဓါ = မချွတ် ဧကန် အမှန်စင်စစ်။ ပါတု ဘဝိဿတိ = ထင်ရှားမျက်မှောက် ဆိုက်ရောက် လာလတ္တံ့—

ကျွန်းငယ်နှစ်ထောင် အခြံအရံရှိသော လေးကျွန်းသနင်း စကြာ မင်း ဖြစ်တော်မူရပါလိမ့်မည်၊ ပြန်လှည့်တော်မူပါ အရှင်မင်း သား····ဟူ၍ ပြောဆို ဟန့်တားလာ၏။ ထိုအခါ အလောင်း တော်မင်းသားက "ယခုပြောဆို ဟန့်တားလာသော သင်သည် အဘယ်သူနည်း"ဟု မေးမြန်းလတ်သော် မာရ်နတ်မင်းက"အရှင် မင်းသား····အကျွန်ုပ်ကား ဝသဝတ္တီ မာရ်နတ်မင်းပါတည်း"ဟု ပြန်ကြားပြောဆိုလေ၏။ထိုအခါ အလောင်းတော်မင်းသားက—

ဇာနာမဟံ မဟာရာဇ၊ မယှံ စက္ကဿ သမ္ဘဝံ။
အနတ္ထိကောဟံ ရဇ္ဇေန၊ ဂစ္ဆ တွံ မာရ မာ ဣဓ။

မဟာရာဇ = တန်ခိုးကြီးမား အို မာရ်နတ်သား။ မယှံ = ငါ၏အတွက်။စက္ကဿ = နတ်တေဇဂုဏ် နှဘော်

http://www.dhammadownload.com



ဟုန်နှင့် ပြည့်စုံလှစွာ စက်ရတနာ၏။ သမ္ဘဝံ = မချွတ် ထင်စွာ ရောက်ဆိုက်ဖြစ်ပွါးလာမည့် အကြောင်းအရာကို။ အဟံ = ငါသည်။ ဇာနာမိ = သင်၏အလျှင် စောစီးက ကြိုတင်သိမြင်ခဲ့ပေ၏။ အဟံ—အဟံ ပန = ငါတမူကား။ ရဇ္ဇေန = လေးကျွန်းသနင်း စကြာမင်းအဖြစ်ကို။ အနတ္ထိ- ကော = တစိုးတစိ အလိုမရှိချေ။ မာရ = ဟယ် မာရ် နတ်။ တွံ = သင်သည်။ ဂစ္ဆ = ယခုပင်ဖယ်ရှား အရပ် တပါးသို့ သွားပါတည့်ချေ။ ဣဓ = ငါနှင့်နီးစပ် ဤမြေ တူရူအရပ်၌။ မာ တိဋ္ဌ = အရေးကန့်လန့် တားဟန့်ပိတ် ကာ မရပ်တည်လာလင့်။

သကလံ ဒသသဟဿမ္ဘိ၊ လောကဓာတုမဟံ ပန။
ဥန္နာဒေတွာ ဘဝိဿာမိ၊ဗုဒ္ဓေါ လောကေ ဝိနာယကော။

အဟံ ပန = ငါတမူကား။ သကလမ္ဘိ = အလုံးစုံ လည်းဖြစ်သော။ ဒသသဟဿံ လောကဓာတုံ = လောကဓာတ်စကြဝဠာပေါင်း တိုက်တသောင်းကို။ ဥန္နာ- ဒေတွာ = မြေမဟီချက် အိုးထိန်းစက်သို့ သွက်သွက်ခါ ညောင်း ၃ တင်ခြောင်းစေလျက်။ လောကေ = လောက ၌။ ဝိနာယကော = သတ္တဝါမိုလ်ခြေ ဝေဝေနေကို အောင်မြေကွန်းထောက် နိဗ္ဗာန်ရောက်အောင် ပံ့ထောက် ဆောင်ယူ ပို့သယူသော။ ဗုဒ္ဓေါ = သစ္စာဥေယျ ဓမ္မဥဿုံ အလုံးစုံကို ချက်ကုန်သိမြင် ဘုရားရှင်သည်။ ဘဝိဿာ- မိ = ဖြစ်အောင်ကြိုးကုတ် အားထုတ်ပေအံ့—

ဟူ၍ ရဲရဲတောက်စကား မိန့်ကြားတော်မူလေသော် မာရ်နတ် သားသည် "အချင်းသိဒ္ဓတ္ထမင်းသား.... သင့်စကားကို မြဲစွာမှတ် သားလော့၊ ဤအချိန်မှစ၍ သင်၏သန္တာန်၌ ကာမဝိတက်ကို ဖြစ် စေ,ဗျာပါဒဝိတက်ကိုဖြစ်စေ, ဝိဟိံသာဝိတက်ကိုဖြစ်စေ ကြံစည် မိသောအခါ ငါ၏အကြောင်းကို ကောင်းကောင်းကြီး သိစေ မည်"ဟု ပြောဆိုကြိမ်းမောင်းကာ ထိုအခါမှစ၍ အလောင်း

http://www.dhammadownload.com



တော်မင်းသားသန္တာန်၌ ကိလေသာဖြစ်ပွါးမည့် အခွင့်အလမ်း့ကို အမြဲမပြတ် ဆင်ခြင်ကြည့်ရှုလျက် အရိပ်ပမာ အလောင်းတော်၏ နောက်သို့ မဖဲမခွါ ခုနစ်နှစ်တိုင်တိုင် လိုက်ပါခဲ့လေသည်။ (အလောင်းတော်၏ စိတ်သန္တာန်ဝယ် ကိလေသာများ ဖြစ်ပွါးခဲ့သော် ထိုဖြစ်ပွါးသည့်နေရာမှာပင် အလောင်းတော်ကို အသေသတ်မည်ဟူသော အကြံဖြင့် ခုနစ်နှစ်တိုင်တိုင် အလောင်းတော်၏ နောက်က တကောက်ကောက် လိုက်ပါခဲ့လေသည်။)

**နှစ်မြို့ဟူသော အစဉ်းအနားကြီးနှင့်ဖြင့် အနော်မာမြစ်သို့ ပို့ကြခြင်း**

ဘုရားအလောင်းတော်သည် အသက် နှစ်ဆယ့်ကိုးနှစ်အရွယ်ရှိသောအခါ၌ လက်တော်သို့ ရောက်လုဆဲဆဲဖြစ်သော စကြာမင်းစည်းစိမ်ကို တံတွေးပေါက်ကဲ့သို့ မငဲ့မကွက် ရက်ရက်ကြီး စွန့်လွှတ်ကာ စကြာမင်း၏ အသရေရှိသော စံနန်းတော်နှင့် အလားတူသော စံနန်းတော်မှ ဖွားဘက်တော် ဆန္နအမတ် နောက်တော်ကပါလျက် ကဏ္ဍကမြင်းတော်ကို စီးနင်းတော်မူကာ မဟာသက္ကရာဇ် ၉၇-ခုနှစ် ဝါဆိုလပြည့် တနင်းလာနေ့ ညဥ့်သန်းခေါင်ယံအချိန် အာသဠ္ဍိနက္ခတ်နှင့် စန်း( = လ)ယှဥ်ခိုက်တွင် ထွက်တော်မူခဲ့ပြီးလျှင် ကပိလဝတ်နေပြည်တော်ကို တဖန်လှည့်လည်ကြည့်ရှုတော်မူလိုသော စိတ်အလိုဆန္ဒ အလောင်းတော်၏ သန္တာန်၌ ဖြစ်ပေါ်လာလေ၏။

ထိုသို့ အလောင်းတော်၏ သန္တာန်၌ စိတ်အကြံဖြစ်ပြီးသည်၏ အခြားမဲ့မှာပင် "အို အလောင်းတော်ယောကျ်ားမြတ်....အရှင်ယောကျ်ားမြတ်သည် ပြန်နစ်၍ ကြည့်ရှုရမည့်ကံကို ပြုအပ်ခဲ့သည် မဟုတ်ပါပေ၊ ကြည့်ရှုတော်မူလိုက ပြန်လှည့်၍ မနေရပဲ ရှေ့တော်မှောက်သို့ အလိုလိုရောက်စေနိုင်သည့်ကံကိုသာ ပြုအပ်ခဲ့ပါပေသည်"ဟု ပြောဆိုသကဲ့သို့ ထိုအကြံတော်ဖြစ်ရာ မြေအရပ်ဒေသသည် အိုးထိန်းစက်ပမာ ချာချာလည်လေ၏၊ အလောင်းတော်သူမြတ်သည် တမင်ပြန်၍ မလှည့်လည်ရပဲ ပကတိတည်နေမြဲတိုင်းကပင် ကပိလဝတ်နေပြည်တော်ကို ကြည့်ရှုတော်မူပြီး၍ ထိုမြေ

http://www.dhammadownload.com



အရပ်မှာ ကဏ္ဍကစီးတော်မြင်း၏ တန်ရပ်ရာဖြစ်၍ **ကဏ္ဍကနိဝတ္တန**မည်သော စေတီတော်တည်ရာဌာန အမှတ်အသား ပြု၍ များလှစွာသော ပူဇော်သက္ကာရ ကြီးမြတ်ပြန့်ပြောစွာသော အသရေအစုဖြင့် ကြွချီတော်မူမည့်လမ်းသို့ ရှေးရှု၍ ကဏ္ဍကမြင်းတော်ကို စီးနင်းကြွချီတော်မူခဲ့လေ၏။ ထိုအခါ အလောင်းတော် ကြွချီတော်မူရာ လမ်းတလျှောက်၌ ရှေ့နောက် ဝဲယာ လေးမျက်နှာမှ နတ်ဗြဟ္မာအပေါင်းတို့သည် ခြောက်သောင်းစီ ခြောက်သောင်းစီသော (ဗုဒ္ဓဝင်အဋ္ဌကထာအလိုအားဖြင့် ခြောက်သန်းစီ ခြောက်သန်းစီသော) မီးရှူးမီးတိုင်တို့ကို ညှိထွန်းကိုင်ဆောင်ကာ လိုက်ပါကြကုန်၏။ တပါးသောနတ်ဗြဟ္မာတို့သည် ကောင်းသော ရနံ့ရှိသော ပန်းဆိုင်း စန္ဒကူးနံ့သာမှုန့် စမရီ သားမြီးယပ် တံခွန် ကုက္ကား မုလေးပွါးတို့ဖြင့် ပူဇော်ဝန်းရံကာ လိုက်ပါကြကုန်၏။ နတ်သီချင်းတို့ကို ကျူးရင့်သီဆိုကြကာ နတ်တူရိယာအမျိုးမျိုး တို့ကို တီးမှုတ်လိုက်ပါကြကုန်၏။

ဤဆိုအပ်ပြီးသော အသရေတော်အစုဖြင့် တောထွက်တော်မူခဲ့သော အလောင်းတော်သူမြတ်သည် တညဉ့်ခြင်းဖြင့်ပင် သာကိယ, ကောဠိယ, မလ္လ တည်းဟူသော သုံးပြည်ထောင်တို့ကို ကျော်လွန်ကာ ယူဇနာသုံးဆယ်ရှိသော ခရီးကိုသွား၍ အနော်မာ မြစ်ကမ်းသို့ ဆိုက်ရောက်တော်မူလေသည်။

(အထူးမှတ်သားရန်။ ။ဤ၌ ကဏ္ဍကမြင်းတော်သည် နံနက်ပိုင်း အချိန်အတွင်းမှာပင် စကြဝဠာတောင် အနားရေးပတ်၍ ပြေးပြီးလျှင် မိမိအတွက်ထား စီမံထားသော နံနက်စာကို စားခြင်းငှါ စွမ်းနိုင်သော အဟုန်သတ္တိရှိပေ၏၊ သို့သော်လည်း ထိုအချိန်၌ကား နတ်ဗြဟ္မာများ နှင့် နဂါး ဂဠုန် အစရှိသောသူတို့က ကောင်းကင်၌ ရပ်တည်ကြကာ ကြဲချပူဇော်အပ်သော နံ့သာပန်းမာလ် စသည်တို့မှာ မြင်း၏ ချက် အရပ်တိုင်အောင် ဖုံးအုပ်၍နေသဖြင့် ရှုံမြေကိုရှုန်းရသည့်ပမာ ထိုပန်းမာလ်နံ့သာတို့ကို ရှုန်းကာ ရှုန်းကာ သွားနေရသဖြင့် တညဉ့်လုံး ခရီး သွားမှ ယူဇနာသုံးဆယ်သာ ခရီးရောက်ခြင်း ဖြစ်သည်ကို အထူးမှတ် သားရာ၏။)

http://www.dhammadownload.com



## အခန်း-၄

## ဆံတော်ပယ်၍ ရဟန်းပြုခန်း

### အနောမာမြစ်တခင်ကမ်းသို့ ကူး၍ ဆံတော်ကိုပယ်တော်မူခြင်း

အနော်မာမြစ်ကမ်းသို့ ရောက်သောအခါ အလောင်းတော်သူမြတ်သည် ကမ်းစပ်၌ မြင်းတော်ကို ရပ်နား၍ "ဤမြစ်သည် အဘယ်မည်သောမြစ်နည်း"ဟု ဆန္နအမတ်ကို မေးမြန်းတော်မူ၏၊ "အရှင်မင်းမြတ်....ဤမြစ်သည် **အနောမာ**အမည်ရှိပါသည်"ဟု ဆန္နအမတ် လျှောက်ကြားလတ်သည်တွင် အလောင်းတော်သူမြတ်သည် "ငါတို့၏ ရဟန်းအဖြစ်သည်လည်း မယုတ်မာ မြင့်မြတ်ကောင်းမွန်သည်သာ ဖြစ်ပေလတ္တံ့"ဟု နိမိတ်ကောက်ယူတော်မူကာ (အနောမာသဒ္ဒါသည် မယုတ်ညံ့ခြင်း အနက်ကိုဟောသည်။) ဖနောင့်ဖြင့် မြင်းတော်ကို ခတ်လျက် မြစ်ကိုကူးဘို့ရန် မြင်းတော်အား အမှတ်ပေးလိုက်လျှင်ပင် ကဏ္ဍက မြင်းတော်သည် ဤမှာဘက်တမ်းမှ ခုန်၍ ရှစ်ဥသဘကျယ်ပြန့်သောအနော်မာမြစ်၏ ထိုမှာဘက်ကမ်း၌ တည်လေ၏။

အလောင်းတော်သူမြတ်သည် မြင်းကျောက်ကုန်းမှ ဆင်းသက်၍ ပုလဲအစုနှင့်တူသော သဲသောင်ပြင်၌ ရပ်တော်မူကာ "အချင်းဆန္န....သင်သည် ငါ၏ အဆင်တန်းဆာတို့နှင့်တကွ ကဏ္ဍကမြင်းတော်ကို ယူဆောင်၍ တိုင်းတော်ပြည်တော်သို့ ပြန်လေလော့၊ ငါကား ရဟန်းပြုတော့အံ့"ဟူ၍ ဆန္နအမတ်ကို မိန့်ကြားတော်မူလေ၏။ ဆန္နအမတ်က"အရှင်မင်းမြတ်....အကျွန်ုပ်သည်လည်း ရဟန်းပြုပါအံ့"ဟု လျှောက်ထားလတ်သော် အလောင်းတော်သူမြတ်သည် "အချင်းဆန္န....သင်သည် ရဟန်းပြုဘို့ရန် အခွင့်မရနိုင်ချေ၊ တိုင်းတော်ပြည်တော်သို့သာ ပြန်သွားရမည်"ဟု ပြောဆိုကာ သုံးကြိမ်တိုင်တိုင် တားမြစ်၍ အဆင်တန်းဆာတို့နှင့်တကွ ကဏ္ဍကမြင်းတော်ကို ဖွားဘက်တော် ဆန္နအမတ်အား လွှဲအပ်ဆောင်နှင်းတော်မူလေ၏။

http://www.dhammadownload.com



ထို့နောက် အလောင်းတော်သူမြတ်သည် "ငါ၏ ဤဆံပင်တို့ကား ရဟန်းတို့နှင့် မလျော်ကုန်ချေ၊ ထိုဆံပင်တို့ကို သန်လျက်ဖြင့် ပယ်ဖြတ်ပေအံ့"ဟု ကြံစည်၍ လကျာလက်ဖြင့် သန်လျက်ကို စွဲကိုင်ကာ လက်ဝဲလက်ဖြင့် မကိုဋ်နှင့် တကွသော ဆံထုံးကိုကိုင်၍ ဖြတ်ပယ်တော်မူလေ၏။ ဆံတော်တို့သည် လက်နှစ်သစ်ပမာဏ အညီအမျှ ကြွင်းကျန်ရစ်ကြ၍ လကျာရစ်လည်ကာ ဦးခေါင်းတော်မှာ ကပ်ငြိတည်ရှိကြကုန်၏။ ထိုဆံတော်တို့၏ ပမာဏကား အသက်ထက်ဆုံးပင် အသစ်တဖန် မရိတ်မပယ်ရပဲ ထိုလက်နှစ်သစ် ပမာဏသာ ရှိပေ၏၊ မုတ်ဆိတ်ကြင်စွယ်တို့သည်လည်း ဆံတော်များကဲ့သို့ပင် ကြည့်ရှု၍ တင့်တယ် သပ္ပါယ်လောက်သည့်အနေအားဖြင့် တသက်ပတ်လုံး တည်ရှိကြကုန်၏။ ဘုရားအလောင်းတော်မှာ နောက်တဖန် ထိုဆံပင် မုတ်ဆိတ်ကြင်စွယ်တို့ကို ရိတ်ပယ်ဖွယ်ကိစ္စ လုံးဝမရှိတော့ပြီ။

### ရိတ်ပယ်ပြီးသော ဆံတော်ကို အဓိဋ္ဌာန်ပြု၍ ကောင်းကင်သို့ ပစ်မြှောက်တော်မူခြင်း

ဘုရားအလောင်းတော်သည် မကိုဋ်နှင့်တကွ ဆံထုံးတော်ကို ကိုင်ကာ "ငါသည် အကယ်စင်စစ် ဘုရားဖြစ်မည့်သူမှန်အံ့၊ ဤဆံထုံးတော်သည် ကောင်းကင်၌ တည်စေသတည်း၊ အကယ်စင်စစ် ဘုရားဖြစ်မည့်သူ မဟုတ်ငြားအံ့၊ ဤ ဆံထုံးတော်သည် မြေ၌ ကျပါစေသတည်း"ဟု အဓိဋ္ဌာန်ပြု၍ ကောင်းကင်သို့ မြှောက်ပစ်လိုက်ရာ မကိုဋ်နှင့် တကွသော ဆံထုံးတော်သည် အထက်သို့ တယူဇနာတိုင်တိုင်တက်၍ ကောင်းကင်၌ ပန်းဆိုင်းကို ဆွဲထားသည့်အလား ထူးခြားအံ့ဩဖွယ်ရာ တည်ရှိလေ၏။

### သိကြားမင်း ရွှေပန်းတောင်းဖြင့် ခံယူ၍ တာဝတိံသာနတ်ပြည်၌ "စူဠာမဏိစေတီ" တည်ထားခြင်း

ထိုအခါ နတ်တို့သနင်း သိကြားမင်းသည် နတ်မျက်စိဖြင့် ဆံတော်ကိုမြင်၍ တယူဇနာရှိသော ရတနာပန်းတောင်းဖြင့် ထိုမကိုဋ်နှင့်တကွသော ဆံတော်ကို ခံယူပြီးလျှင် မိမိစံနေရာ

http://www.dhammadownload.com



**တာဝတိံသာနတ်ပြည်၌ ဌာပနာ၍** ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံစီခြယ်အပ်သော သုံးယူဇနာညက်တော် အမြင့်ရှိသော **စူဠာမဏိစေတီ**တော်ကို တည်ထားကိုးကွယ်လေ၏။

**ဃဋီကာရဗြဟ္မာ ကပ်လှူလာသော ပရိက္ခရာဖြင့် ရဟန်းပြုတော်မူခြင်း**

ထိုနောက်တဖန် ဘုရားအလောင်းသည် "ငါ၏ ကာသိတိုင်းဖြစ် ၍ ဝတ်လဲတော် အထည်တို့မှာ အဖိုးများစွာ ထိုက်တန်ကုန်၏၊ ရဟန်းဖြစ်သောသူအား မလျော် မလျောက်ပတ်ကုန်ချေ" ဟု ကြံစည်ဆင်ခြင်တော်မူလေ၏။ ထိုအခါ ကဿပမြတ်စွာဘုရားလက်ထက်တော်က မိတ်ရင်းဆွေဟောင်း ဖြစ်ခဲ့ဘူးသော **ဃဋီ-ကာရ** ဗြဟ္မာကြီးသည် ဗုဒ္ဓန္တရတကပ်လုံး မပျက်မပြုန်း တည်ရှိသော မေတ္တာစစ် မေတ္တာမွန်ဖြင့် "ဩ...ယနေ့ ငါ့မိတ်ဆွေဖြစ်သော အလောင်းတော်မင်းသားသည် 'ဇာတိစသောဘေးတို့၌ ထိတ်လန့် ကြောက်ရွံ့ဘွယ်တွေ့'ဟု သိမြင်တော်မူကာ မဟာ-ဘိနိက္ခမနခေါ်သည့် မြတ်သော တောထွက်ခြင်းဖြင့် တောထွက်တော်မူလာချေပြီ၊ ထိုငါ၏မိတ်ရင်း အလောင်းမင်း အတွက်တာ ရဟန်းပရိက္ခရာများကို ယူဆောင်၍ ငါသွားပေးအံ့"ဟု ကြံစည်ကာ-(၁)နှစ်ထပ်သင်္ကန်းကြီး၊(၂)ကေစွီခေါ် အပေါ်ရုံသင်္ကန်း၊ (၃)ခါ ဝတ်သင်းပိုင်၊ (၄) ခါးပန်းကြိုး (ဟူသော ကိုယ်နှင့် ကပ်ကာ တကြေကြပ်ပါရသည့်ပရိက္ခရာလေးမျိုး)၊(၅)အပ်နှင့်အပ်ခြည်၊ (၆)ပဲကွပ် = ဒန်ပူသပ်စရာ ကြိန္နေးစရာဓားတမျိုး၊ (၇)အိတ်နှင့်တကွသော သပိတ်၊ (၈) ရေစစ် (ဟူသော အပြင် ပရိက္ခရာလေ မျိုး) ဤရှစ်ပါးသော ရဟန်းတို့၏အသုံးအဆောင် ပရိက္ခရာတို့ကို ဆောင်ယူလာ၍ အလောင်းတော်မင်းသားအား လှူဒါန်းဆက်ကပ်လေ၏။

ထိုအခါ ဘုရားအလောင်းတော်သည် ဃဋီကာရဗြဟ္မာကြီးဆက်ကပ် လှူဒါန်းအပ်သော အရဟတ္တဓိုလ်၏ တံခွန်သဖွယ်ဖြစ်သော သင်္ကန်းပရိက္ခရာကို သပ္ပါယ်စွာ ဝတ်ဆင်မြန်း၍ မြတ်သော ရဟန်းအသွင်ကို ယူဆောင်ပြီးလျှင် ဝတ်လဲတော် အစုံကို ကောင်းကင်သို့ ပစ်မြှောက်လိုက်ပြန်လေ၏။

http://www.dhammadownload.com



(ဘုရားတဆူနှင့်တဆူအကြား ကာလအပိုင်းအခြားကို ဗုဒ္ဓန္တရကပ် ဟူ၍ ခေါ်၏။ ဤယခု ဖြဟ္မာသက်နိုးကပ်လှူသောအခဏ်း၌ ပါရှိသည့် ဗုဒ္ဓန္တရကပ်ဟူသည်မှာ—ကဿပမြတ်စွာဘုရား ပွင့်တော်မူရာကာလမှ ယခု ဂေါတမမြတ်စွာဘုရား ပွင့်တော်မူရာကာလတိုင် ဤအတွင်းကာလ အပိုင်းအခြားကို ဆိုသည်၊ ထိုကာလအပိုင်းအခြား ဟူသည်မှာလည်း အနှစ် နှစ်သောင်းတမ်း၌ ကဿပမြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ဆယ်နှစ်တမ်းတိုင် အစဉ်သဖြင့် သတ္တဝါတို့၏ အသက်တမ်း ယုတ်လျော့၍ တဖန် ထိုဆယ်နှစ်တမ်းမှသည် အသင်္ချေယျတမ်းတိုင် အသက်တမ်း တက်ပြန်၍ ထိုမှတဖန် သတ္တဝါတို့အသက်တမ်း ဆုတ်ယုတ်လာပြန်လေရာ အနှစ်တရာတမ်း နောက်ပိုင်းသို့ ရောက်မှ ဂေါတမမြတ်စွာဘုရားပွင့်တော် မူသောကြောင့် အန္တရကပ် တကပ်ကျော်ကျော် ရှည်လျားလှသော ကာလအပိုင်းအခြား ဖြစ်လေသည်။ ။ဤ၌ အလောင်းတော်မင်းသား ကို ဤသို့ ဝတ်ရမည်၊ ဤသို့ရှိရမည် စသည်ဖြင့် သင်ကြားပေးမည့်ဆရာ မရှိသော်လည်း ရှေးဘုရားရှင်တို့၏အထံ၌ ရဟန်းပြုခဲ့၍ ဝတ်ရှိမှု၌ အလေ့အကျက်ရပြီး ဖြစ်သောကြောင့်ရင်း, ဉာဏ်တော်ကြီးမြတ်သော ကြောင့်ရင်း ပရိက္ခရာတို့ကို နေရာတကျ ဝတ်ရုံတတ်သည်ကိုလည်း မှတ်ယူရာ၏။)

**အလောင်းတော်၏ ဝတ်လဲတော်ကို အကနိဋ္ဌ ဗြဟ္မာ့ဘုံ၌ "ဒုဿစေတီ" တည်ထားခြင်းအကြောင်း**

ထိုအခါ ဃဋီကာရ ဗြဟ္မာကြီးသည် အလောင်းတော်၏ ကောင်းကင်သို့ ပစ်မြှောက်လိုက်သော ဝတ်လဲတော်ကိုယူဆောင်၍ တဆယ့်နှစ်ယူဇနာရှိသော ရတနာအမျိုးမျိုးတို့ဖြင့် ပြီးသည့် စေတီတော်ကို တည်ထား၍ ထိုစေတီတော်၏ အတွင်း၌ ဝတ်လဲတော်ကို ဌာပနာသွင်း၍ ပူဇော်လေသည်။ ထို စေတီတော်ကို ဝတ်လဲတော် ဌာပနာရာဖြစ်၍ **ဒုဿစေတီ**ဟူ၍ ခေါ်ဆိုလေသည်။

(ဤ၌၊ ဒုဿ စေတီတော်၏ တည်ရာ ဘုံဌာနနှင့် စေတီတော် အရပ်အမြင့် ပမာဏတို့ကို သမန္တစက္ခုဒီပနီကျမ်း ဒုတိယအုပ် ၂၂၃- မျက်နှာ၌"ပုဆိုးတော်ကို ဃဋီကာရဗြဟ္မာ ယူဆောင်လေသည်ဖြစ်သော ကြောင့် ဃဋီကာရဗြဟ္မာသည် အကနိဋ္ဌဘုံကဖြစ်၍ဒုဿစေတီတော်သည် အကနိဋ္ဌဘုံမှာ ရှိသည်ဟု မှတ်သင့်သည်"ဟူ၍ရင်း, ဇိနာလင်္ကာရဋီကာ

http://www.dhammadownload.com



စသည်တို့ကို ကိုးကားဖော်ပြ၍) "သုဒ္ဓါဝါသ အကနိဋ္ဌ ဗြဟ္မာ့ပြည်၌ တဆယ့်နှစ်ယူဇနာ အမြင့်ရှိသော ဒုဿစေတီရှိ၏ဟု မှတ်ရာ၏" ဟူ၍ငှင်း မုံရွေး ဇေတဝန် ဆရာတော်ဘုရား အကျယ်တဝင့် ရေးသားတော်မူခဲ့ လေသည်။ ။တရပ်။)

(ဃဋိကာရဗြဟ္မာ လှူဒါန်းလာသော ပရိက္ခရာ ရှစ်ပါးတို့နှင့်စပ်၍ အပဒါနအဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၁၂၈-၌— "ဗြဟ္မုနာ အာနီ-တေ ဗုဒ္ဓိမယေ ကပ္ပဿ သဏ္ဌာနကာလေ ပဒုမဂဗ္ဘေ နိဗ္ဗတ္တေ အဋ္ဌ ပရိက္ခာရေ ပဋိဂ္ဂဟေတွာ ပဗ္ဗဇိတွာ" အစရှိသည်ဖြင့် "ဃဋိကာရဗြဟ္မာ ယူဆောင်လာသော ကမ္ဘာတည်ဦးစ မဟာဗောဓိမဏ္ဍိုင်ကုန်း၌ ကမ္ဘာ့ နိမိတ်အဖြစ်ဖြင့် ပေါက်ရောက်သော ပဒုမာကြာရုံဝယ် အသင့် ဖြစ်ပွါး ပါရှိလာသည့် အလောင်းတော်၏ ကုသိုလ်ကံပါရမီ တန်ခိုးကြောင့် ဖြစ်သော ပရိက္ခရာ ရှစ်ပါးတို့ကို ခံယူကာ ရဟန်းပြုကြောင်း" ထွန်း၍ ဖွင့်ပြလေသည်။ ။ထိုအပဒါန် အဋ္ဌကထာ ဖွင့်ပြချက်ကို အမှီပြု၍ပင် သံဝရပျို့၌— "ဝိဝဋ္ဋဝယ်၊ ဘဒ္ဒလက္ခဏာ၊ ပေါ်ဦးခါက၊ သချာအနေ၊ သိန်းကုဋေဟု၊ တွက်ရေ စက္ကဝါ၊ မြေဘကာ၏၊ အချာဓိပတိ၊ ဗောဓိ ရွှေပြင်၊ ပလ္လင်ရောက်ရာ၊ ရပ်ခန်း ဝါထက်၊ ငါးဖြာခက်မ၊ ငုံပွင့်၌၊ ဘုရား့ပရိက္ခရာ၊ လေးဆယ်ပါလျက်၊ ဗြဟ္မာဦးငြိတ်၊ ရှင်သည့်စိတ်ဖြင့်" စသည်ဖြင့် စပ်ဆိုလေသည်။ ဇိနတ္ထပကာသနီ ကျမ်းကြီး၌လည်း "ဤ ပရိက္ခရာရှစ်ပါးသည် ကမ္ဘာတည်စက ပုဗ္ဗနိမိတ်အဖြစ်ဖြင့် ပေါက်သော ကြာပွင့်တွင် အစုံပါလာသည်" ဟူ၍ ပြဆိုထားပေ၏။

သုတ်မဟာဝါအဋ္ဌကထာ မဟာပဒါန သုတ်အဖွင့် စာမျက်နှာ ၅-၌ကား "မဟာဗောဓိမဏ္ဍိုင်အရပ်သည် ကမ္ဘာပျက်သောအခါ နောက်မှ ပျက်၍ ကမ္ဘာတည်သောအခါ ဦးစွာတည်၏၊ ထို ဗောဓိမဏ္ဍိုင်အရပ်၌ ကမ္ဘာတည်ဦးစအခါ ပုဗ္ဗနိမိတ်အနေဖြင့် ပဒုမာကြာရုံတရုံပေါက်လာ၏၊ ထိုတည်ဆဲကမ္ဘာ၌ ဘုရားပွင့်မည်ဖြစ်လျှင် ထို ပဒုမာကြာရုံမှ ကြာပွင့် ပွင့်၏၊ ဘုရား မပွင့်မည့်ကမ္ဘာဖြစ်လျှင် ပဒုမာကြာလည်း မပွင့်၊ ကြာပွင့် ရာမှာလည်း အကယ်၍ ဘုရား တဆူသာ ပွင့်မည့် ကမ္ဘာဖြစ်လျှင် ကြာလည်း တပွင့်သာပွင့်၏၊ နှစ်ဆူပွင့်မည့်ကမ္ဘာဖြစ်လျှင် နှစ်ပွင့်၊ သုံးဆူ ပွင့်မည့်ကမ္ဘာဖြစ်လျှင် သုံးပွင့်၊ လေးဆူပွင့်မည့်ကမ္ဘာဖြစ်လျှင် လေးပွင့်၊ ငါးဆူပွင့်မည့် ကမ္ဘာဖြစ်လျှင် ငါးပွင့်တို့ ကြာရိုးတခုတည်း၌ ပွင့်ကုန်၏။ ဤသို့စသည်ဖြင့် ကြာ ပွင့်၊ မပွင့်သာ လာရှိသည်၊ ကြာပွင့်၌ ပရိက္ခရာ ရှစ်ပါး အသင့်ပါရှိကြောင်း မလာရှိချေ။

http://www.dhammadownload.com



ထိုဃင်္ဂိကာရဖြဟ္မာ လျှုဒါန်းသည့် သက်န်းကို အပဒါန်အဋ္ဌကထာ၌ "ဣန္ဒိမယပရိက္ခရာ=ဘုရားအလောင်းတော်၏ကုသိုလ်ကံတန်ခိုးကြောင့် ဖြစ်သော ပရိက္ခရာ" ဟူ၍ ဖွင့်ဆိုသော်လည်း သုတ္တနိပါတအဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ ၁၁၁ - ဘုရားအလောင်းတော် ရဟန်းပြုပြီး နောက် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်တော်မူသော အခဏ်း၌— "ဒေဝဒတ္တိယံ ပံသုကူလစီဝရံ ပါရုပိတွာ မတ္တိကာပတ္တံ ဂဟေတွာ ပါစီနဒွါရေန နဂရံ ပဝိသိတွာ အနုဃရံ ပိဏ္ဍာယ အစရိ=ဃင်္ဂိကာရ ဗြဟ္မာ မင်း လျှုဒါန်းအပ်သည့် ဒေဝဒတ္တိယ ပံသုကူသင်္ကန်းကို ဝတ်ရုံတော် မူကာ မြေသပိတ်ကို စွဲပိုက်၍ မြို့၏အရှေ့ဘက်တံခါးဖြင့် မြို့တွင်းသို့ဝင်ပြီး လျှင် အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်တော်မူလေပြီ" ဟူ၍ အရှင်မဟာ ဗုဒ္ဓဃောသမဟာထေရ်မြတ် ဖွင့်ဆိုတော်မူသည်ကို ထောက်က အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ၏အလို ထိုဃင်္ဂိကာရဗြဟ္မာလျှုဒါန်းသည့် သက်န်းသည် ဣဒ္ဓိမယသက်န်းမဟုတ်၊ ဒေဝဒတ္တိယသင်္ကန်းသာ ဖြစ်ကြောင်း သိအပ်ပေ၏။ ဤကား—ဃင်္ဂိကာရဗြဟ္မာ လျှုကပ်လာ သည့် ပရိက္ခရာသည် ကမ္ဘာတည်ဦးစ မဟာဗောဓိမဏ္ဍိုင်ကုန်း၌ ကမ္ဘာ့ နိမိတ်အဖြစ်ဖြင့် ပေါက်ရောက်သော ကြာရုံ၌ အသင့်ပါလာသော ပရိက္ခရာ ဟုတ်သည် မဟုတ်သည်ကို ဆင်ခြင်နိုင်ရန် ဖော်ပြချက ပေတည်း။)

### ဆန္နအမတ်ကို နေပြည်တော်သို့ပြန်၍ လွှတ်ခြင်းအကြောင်း

ထိုသို့ ရဟန်းပြုပြီးသောအခါ ဘုရားအလောင်းတော်သည် ဆန္နအမတ်ကို "အမောင် ဆန္န····သင်သည် ငါ့မှာလိုက်သော စကားဖြင့် မယ်တော် (မိထွေးတော် မဟာပဇာပတိဂေါတမီကို ဆိုလိုသည်) ခမည်းတော်တို့အား ငါ၏ အနာရောဂါ ကင်းရှင်း ကြောင်း ပြန်ကြားလျှောက်ထားလေ" ဟု ပြောဆိုတော်မူကာ လွှတ်လိုက်လေသည်။ ဆန္နအမတ်သည် ဘုရားအလောင်းတော်ကို ရှိသေစွာရှိခိုးပြီးလျှင် လက်ျာရစ် လှည့်လည်၍ အလောင်းတော် ဝတ်ဆင်သော အဆင်တန်းဆာထုပ်နှင့်တကွ ကဏ္ဍကစီးတော် မြင်းကို ဆွဲဆောင်ခေါ်ငင်လျက် အလောင်းတော်နှင့် ခွဲခွါကာ သွားရှာလေ၏။

http://www.dhammadownload.com



### ကဏ္ဍကမြင်း၊ ကွယ်လွန်၍ နတ်ပြည်၌ နတ်သားဖြစ်ကြောင်း

ကဏ္ဍက စီးတော်မြင်းသည် ဆန္နအမတ်နှင့် တိုင်ပင်စကားပြောကြားနေသော အလောင်းတော်သူမြတ်၏ စကားကို ကြားသိရကတည်းကပင်လျှင် "ယခုမှနောက်တဖန်ငါ့သခင်အားပြန်လည်ဖူးမြင်ရန် အခွင့်အလမ်း မရှိတော့ပြီ" ဟု ကြံစည်လွမ်းဆွတ်လျက် အလောင်းတော်သူမြတ်၏ မျက်စိဖြင့် မြင်လောက်သော အရပ်ကိုလွန်လျှင်ပင် အလွန်ချစ်လှသော ဘုရားအလောင်းတော်သခင်နှင့် ကွေကွင်းရခြင်း တည်းဟူသော ပိယေဟိ ဝိပ္ပယောဂ ဒုက္ခဒဏ်ချက်ကြောင့် ဖြစ်ပေါ်သော သောကကို အောင့်အည်း သည်းခံခြင်းငှါ မတတ်နိုင်ရကား နှလုံးပေါက်ကွဲကာ သေဆုံးရှာပြီးလျှင် တာဝတိံသာနတ်ပြည်၌ **ကဏ္ဍကမည်သော** နတ်သားဖြစ်လေ၏။ ဆန္နအမတ်မှာရှေးဦးက အလောင်းတော်နှင့်ကွေကွင်းရမှုကြောင့် စိုးရိမ်ပူဆွေးခြင်း (=သောက) တခုသာ ဖြစ်ခဲ့ရာမှ ကဏ္ဍက စီးတော်မြင်း ကွယ်လွန်ပြန်သဖြင့် နှစ်ကြိမ်မြောက်ဖြစ်သော စိုးရိမ်ပူဆွေးခြင်း (=သောက) ဖြင့် အပြင်းနှိပ်စက်အပ်ရကား ငိုကြွေးမြည်တမ်းကာ ကပိလဝတ် နေပြည်တော်သို့ ပြန်ရှာလေ၏။

(ကဏ္ဍကစီးတော်မြင်း ကွယ်လွန်ပြီးသည့်နောက် တာဝတိံသာနတ်ပြည်မှာ ကြီးကျယ်ခမ်းနားသော စည်းစိမ်အခြံအရံတို့နှင့် ပြည့်စုံသည့် "ကဏ္ဍက" အမည်ရှိသော နတ်သားဖြစ်ကြောင်းကိုရင်း, ကဏ္ဍကစီးတော်မြင်းသည် ဘဝများစွာတို့၌ အလောင်းတော်ထံပါး ခစားမြဲမြဲအစေအပါးခံခဲ့ရသူ ဖြစ်သောကြောင့် အလောင်းတော်နှင့် ကွေကွင်းရခြင်းဆင်းရဲဒုက္ခကို မခံမရပ်နိုင်ပဲ နှလုံးကွဲ၍ စုတေကြောင်း၊ (ထိုသောကကြောင့် တာဝတိံသာ နတ်ပြည်၌ နတ်သားဖြစ်ရခြင်းမဟုတ်) တောထွက်ကာနီး ကဏ္ဍကမြင်းကို စီးအံ့ဆဲဆဲအခါ အလောင်းတော်သူမြတ်က မိမိအားပြောကြားသည့် စကားရပ်တွင် "ကဏ္ဍက....ငါသည် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရဖို့ရန် တောထွက်ခြင်းဖြစ်သည်" ဟူသော စကားကိုကြားရ၍ ဝတ္ထုအာရုံ ကာမဂုဏ်နှင့်မဖက် တောထွက်ခြင်းနေက္ခမ္မနှင့် စပ်သည့် များမြတ်သော နှစ်သက် ဝမ်းမြောက်ခြင်း ပီတိသောမနဿနှင့် ယှဉ်သည့်စိတ်ကြည်လင်ခြင်းပသာဒသဒ္ဓါခေါင်းဆောင်သည့် ကုသိုလ်များ ဖြစ်ပွါးခဲ့ရာ ထိုကုသိုလ်၏ အစွမ်းကြောင့် တာဝတိံသာ နတ်ပြည်၌ နတ်သားဖြစ်ကြောင်းကိုရင်း, ထိုကဏ္ဍကနတ်သားသည်

http://www.dhammadownload.com



နောက်အခါ မြတ်စွာဘုရားထံမှောက် အဖူးအမြော်လာရောက်၍ တရားနာရသောကြောင့် သောတာပန်ဖြစ်ကြောင်းကိုရင်း ဝိမာနဝတ္ထုအဋ္ဌကထာ စာမျက်နှာ ၂၉၃-မှစ၍ ဖွင့်ပြထားသည်၊ အကျယ်ကို အလိုရှိမူ ထိုအဋ္ဌကထာမှ ယူကုန်ရာ၏။)

### ဘုရားအလောင်းတော်ရဟန်းသည် အနုပိယသရက်တော၌ ခုနစ်ရက်နေပြီးမှ ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်မူခြင်းအကြောင်း

အလောင်းတော်သည် ရဟန်းပြုပြီးလတ်သော် ထိုအရပ်အနီး၌ တည်ရှိသည့် အနုပိယမည်သော သရက်တော၌ ခုနစ်ရက်ပတ်လုံး ရဟန်းချမ်းသာဖြင့် အချိန်ကို ကုန်လွန်စေပြီးသော် တရက်တည်းဖြင့်ပင် ယူဇနာသုံးဆယ်ရှိသော ခရီးကို ခြေလျင် ကြွတော်မူ၍ ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူလေသည်။ (ဤကား ဗုဒ္ဓဝင်အဋ္ဌကထာနှင့် ဇာတ်အဋ္ဌကထာတို့၌ ပြဆိုသော စကားရပ်တည်း။)

(သုတ္တနိပါတ်အဋ္ဌကထာ အလိုအားဖြင့်) ဘုရား အလောင်းတော်သည် ရဟန်းပြုပြီးသော် အာဇီဝဋ္ဌမကသီလကို သုတ်သင်တော်မူပြီးနောက် အနောမာမြစ်ကမ်းမှသည် ယူဇနာသုံးဆယ်ဝေးကွာသော ရာဇဂြိုဟ်ပြည် အရပ်သို့ ခုနစ်ရက်ဖြင့် အရောက်ကြွချီတော်မူလေ၏။

### ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်တော်မူကြောင်း

အလောင်းတော် ရဟန်းမြတ်သည် ရာဇဂြိုဟ်ပြည်အတွင်း ဆွမ်းခံဝင်မည်ရှိလတ်သော် မြို့၏အရှေ့တံခါးဝ၌ ရပ်တည်တော်မူကာ "ငါသည် အကယ်၍ ဗိမ္ဗိသာရမင်းတရားအား မိမိရာဇဂြိုဟ်ပြည်သို့ ရောက်ရှိလာကြောင်း သတင်းစကား ကြားသိစေခဲ့သော် ဗိမ္ဗိသာရမင်းတရားသည် သုဒ္ဓေါဒနမင်းကြီး၏သားတော် သိဒ္ဓတ္ထမင်းသားသည် ငါတို့ပြည်သို့ ရောက်ရှိလာပြီဟု အလေးဂရုပြုကာ များစွာသော ပစ္စည်းတို့ကို ငါ့ထံမှောက် ပို့ရောက်ပေလိမ့်မည်၊ ရဟန်းဖြစ်သော ငါ့အား ဗိမ္ဗိသာရမင်းကို အကြောင်း ကြားသိစေ၍ ပစ္စည်းလေးတန် ခံယူရန်မသင့်ချေ၊ ယခုပင် ငါသည်

http://www.dhammadownload.com



ဆွမ်းခံလှည့်လည်ပေအံ့” ဟု အကြံတော်ပြုကာ ဃဋိကာရ ဗြဟ္မာ လှူဒါန်းသည့် ပံသုကူသင်္ကန်းကို ရုံတော်မူကာ မြေသပိတ်ကို ရွှေလက်တော်၌ကိုင်စွဲ၍ အရှေ့တံခါးဖြင့် မြို့တွင်းသို့ ဝင်ပြီးလျှင် အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်တော်မူလေ၏။

ရာဇဂြိုဟ်ပြည်ဝယ် ဘုရားအလောင်းတော် ဆွမ်းခံမဝင်မီ လွန်ခဲ့သောခုနစ်ရက်က ပွဲလမ်းသဘင် ကြီးစွာဆင်ယင် ပျော်ရွှင်ကြပြီး၍ ဘုရားအလောင်းတော် ဆွမ်းခံဝင်သည့် ထိုနေ့ကား ဗိမ္ဗိသာရမင်းတရားသည် တိုင်းသားပြည်သူ ဗိုလ်လူတို့အား “ပျော်ပွဲရွှင်ပွဲသဘင် ဆင်ယင်ပြီးမြောက်လေပြီ၊ တိုင်းသူပြည်သား လူအများတို့သည် မိမိတို့ဆိုင်ရာ အလုပ်များကို လုပ်ကိုင်ကြရမည်” ဟူ၍ စည်လည် စေအပ်သည့် နေ့ဖြစ်ရကား လူများအပေါင်းသည် မင်းရင်ပြင်၌ စုရုံးစည်းဝေးနေဆဲဖြစ်လေသည်၊ဗိမ္ဗိသာရမင်းတရားသည်လည်း အလုပ်ကိစ္စ အဝဝကို စီမံခန့်ခွဲရန် ခြံသေ့ခံသော လေသာနန်း ပြူတင်းကို ဖွင့်၍ ဗိုလ်ပါအပေါင်းကို ကြည့်ရှုလတ်သည်ရှိသော် အလွန်ငြိမ်သက်စွာသော ဣန္ဒြေဖြင့် ရာဇဂြိုဟ်ပြည်တွင်း ဆွမ်းခံ ဝင်တော်မူသော ဘုရားအလောင်းကို မြင်တော်မူလေ၏။

ရာဇဂြိုဟ် ပြည်သူပြည်သား လူများအပေါင်းသည် ဘုရားအလောင်းတော်၏ လောကာဓိပတိ အတုမရှိသော အဆင်းတော်ကို ဖူးမြော်တွေ့မြင်ကြရသဖြင့် ဓနပါလအမည်ရှိသော နာဠာဂိရိ ဆင်မင်း ထိုရာဇဂြိုဟ်မြို့တွင်းသို့ ဝင်သည်ရှိသော် မြို့သူမြို့သား လူအများတို့ လှုပ်လှုပ်ရွရွ ပြောဆိုချောက်ချားကြသကဲ့သို့၎င်း, ဝေပစိတ္တိအသူရာမင်း တာဝတိံသာ နတ်မြို့တွင်းသို့ ဝင်သည် ရှိသော် တာဝတိံသာဘုံသား နတ်သား နတ်သမီးအပေါင်းတို့ လှုပ်လှုပ်ရွရွ ပြောဆိုချောက်ချားကြသကဲ့သို့၎င်း ရာဇဂြိုဟ်တမြို့လုံး လှုပ်လှုပ်ရွရွ ပြောဆိုချောက်ချားခြင်းသို့ ရောက်လေ၏။ ဘုရားအလောင်းတော်သူမြတ်သည် ဆဒ္ဒန်ဆင်မင်း၏ တင့်တယ်ခြင်းဖြင့် ရာဇဂြိုဟ်ပြည်အတွင်း အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်တော် မူလတ်သည်ရှိသော် မြို့နေသူ လူအပေါင်းတို့သည် **အလောင်း**

http://www.dhammadownload.com



တော်၏ လောကာဓိပတိ အတုမရှိသောအဆင်းတော်ကို ဖူးမြော် တွေ့မြင်ကြရသဖြင့် နှစ်သက်ဝမ်းမြောက်ခြင်း, အံ့သြခြင်း ပြင်းထန်စွာ ဖြစ်ရှိကြကာ အလောင်းတော်၏အဆင်းတော်ကို ဖူးမြော်ဘို့ရန် တခုကိုသာ ဆင်ခြင်ရှိုးရင်း နှလုံးသွင်းရှိကြလေကုန်သည်။

ထိုလူများအနက် တယောက်သောသူက အခြား တယောက်သောသူကို "အို မိတ်ဆွေ····ဘယ့်နှယ်တုန်း၊ လဗိမာန်ကြီးသည် ရာဟုအသူရိန်ကို ကြောက်ရွံ့သဖြင့် မိမိ၏ရောင်ခြည်အပေါင်းကို လျှို့ဝှက်ဖုံးအုပ်ကာ ဤလူ့ရွာသို့ သက်ဆင်းလာလေသလော"ဟု ပြောဆိုလေသည်။

ထိုသို့ပြောဆိုသော (ပဌမ)လူကို အခြား (ဒုတိယ) လူ တယောက်က ရယ်သွမ်းသွေးကာ "အို မိတ်ဆွေ····ဘယ့်နှယ် ပြောတာတုန်း၊ ဘယ်တုန်းကများ လပြည့်ဝန်းကြီး လူ့ပြည်သို့ သက်ဆင်းလာသည်ကို မိတ်ဆွေမြင်ရဘူးသနည်း၊ အမှန်က တော့ ဤသူသည် အသွင်တမျိုးကို ယူဆောင်ကာ (ရုပ်ဖျက်ကာ) ငါတို့ အရှင်မင်းကြီးနှင့် မြို့သူမြို့သားတို့၏ အလွန်မြတ်သည့် တင့်တယ်စံပယ်ခြင်း ကြက်သရေအစုကို မြင်ရ၍ ငါတို့နှင့်အတူ ပျော်ရွှင်မြူးထူး ကစားရန် လာရောက်သော ကာမနတ်မင်း ဖြစ်ပေသည်"ဟူ၍ ပြောဆိုလေ၏၊

ထိုသို့ပြောဆိုသော (ဒုတိယ) လူကို အခြား (တတိယ) လူတယောက်က ရှေးနည်းအတူ ရယ်သွမ်းသွေးကာ "အို မိတ်ဆွေ····ဘယ့်နှယ်တုန်း၊ သင်ရူးများရူးလေသလော၊ ကာမ နတ်ဟူသည် အစိုးရခြင်းဂုဏ်မောက်၍ အမျက်ထွက်ခြင်း တည်းဟူသော မီးတောက်ဖြင့် ကြောက်လန့်ဘနန်း အကျွမ်းလောင်အပ်သော ကိုယ်ရှိ၍ မည်းနက်သော အဆင်းရှိသူသာဖြစ်ချေသည်၊ အမှန်စင်စစ်ကား ယခုမြင်ရသောသူသည် တာဝတိံသာနတ်ပြည်ဟု ထင်မှတ်ကာ ငါတို့၏ ရာဇဂြိုဟ် ပြည်တွင်းသို့ ဝင်ရောက်လာသည့် မျက်စိအမြင်တထောင်ကို ဆောင်တော်မူတတ်သည့် သိကြားနတ်မင်းသာ ဖြစ်ချေသည်"ဟူ၍ ပြောဆိုပြန်လေ၏။

http://www.dhammadownload.com



ထိုသို့ပြောဆိုသော (တတိယ) လူကို အခြား (စတုတ္ထ) လူတယောက်က အနည်းငယ် ပြုံးရွှင်ကာ "အို မိတ်ဆွေ.... ဘယ့်နှယ်ပြောတာတုန်း၊ သင့်စကား ရှေ့နောက် ဆန့်ကျင်လှပေ၏၊ ထိုသူကို သိကြားနတ်မင်းဟု ဆိုရအောင် ထိုသူ၏ မျက်စိတထောင် အဘယ်မှာနည်း၊ထိုသူ၏ဝဇိရစိန်လက်နက်ကား အဘယ်မှာနည်း၊ ထိုသူ၏ ဧရာဝဏ်စီးတော်ဆင်ကား အဘယ်မှာနည်း၊ (သိကြားမင်း စင်စစ် ဖြစ်ပါက မျက်စိ တထောင် ဝဇိရစိန်လက်နက် ဧရာဝဏ်စီးတော်ဆင် ပါရှိရမည်၊ ယခု ထိုအရာများ လုံးဝ မပါရှိချေတကား၊) အမှန်ကတော့ ထိုသူသည် ပုဏ္ဏားလူထု မေ့လျော့နေသည်ကို သိရှိ၍ မေဒင် စသည်တို့၌ မမေ့မလျော့ လိုက်နာကျင့်သုံးဘို့ တိုက်တွန်းရန်လာရောက်သော ဗြဟ္မာမင်း ဖြစ်ချေသည်"ဟူ၍ ပြောဆိုပြန်လေ၏။

ထိုသူလေးယောက်လုံးကို တားမြစ်မောင်းမဲကာ အခြားပညာရှိသူလူတယောက်က"ဤသူကား လပြည့်ဝန်းလည်းမဟုတ်၊ ကာမနတ်လည်းမဟုတ်၊ မျက်စိတထောင် အမြင်ဆောင်သော သိကြားနတ်မင်းလည်း မဟုတ်၊ ဗြဟ္မာမင်းလည်း မဟုတ်၊ စင်စစ်ကား ဤသူသည် လောကသုံးပါး၏ ရှေ့သွား ခေါင်းဆောင် နာယက ဆရာတဆူ ဖြစ်တော်မူသည့် အလွန်အံ့ဩဖွယ်ကောင်းသူ လူထူးလူမွန် တဦးဖြစ်ချေသည်"ဟူ၍ ပြောဆိုလေ၏။

ဤသို့ ရာဇဂြိုဟ်ပြည်သူပြည်သား လူများအပေါင်းတို့ အချင်းချင်း သူတမျိုး ငါတဖုံ ပြောဆို၍နေကြကုန်စဉ်ပင် မင်းချင်းယောကျ်ားတို့သည် ဗိမ္ဗိသာရမင်းကြီးထံမှောက် သွားရောက်ကြပြီးလျှင် "အရှင်မင်းကြီး....အထက်မိုးရပ် နတ်မင်းလေလော၊ ဂန္ဓဗ္ဗနတ်လေလော၊ သို့မဟုတ် နဂါးမင်းလေလော၊ ဘီလူးလေလော၊ မည်သူဟူ၍ ခွဲခြားပြောဆိုခြင်းငှါ မသိနိုင်သူ အံ့ဩဖွယ် လူတယောက်သည် အကျွန်ုပ်တို့၏နေရာ ရာဇဂြိုဟ် ပြည်တွင်း၌ ဆွမ်းခံလှည့်လည်နေပါသည်"ဟု လျှောက်ထား ပြောဆိုကြလေကုန်၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် ထိုသူတို့စကား ကြားတော်မူပြီး၍ ပြာသာဒ်အထက်ပြင်၌ ရပ်တည်တော်မူရင်းကပင်

http://www.dhammadownload.com



ဘုရားအလောင်းတော်သူမြတ်ကို ကြည့်ရှုဖူးမြင်ရသဖြင့် အံ့ဖွယ်သရဲ မဖြစ်စဘူး ထူးကဲသောစိတ် ဖြစ်ရှိတော်မူကာ မင်းချင်းယောကျာ်း အမတ်များတို့ကို "အချင်းတို့....သွားတည့်ကြကုန်၊ ထိုအံ့ဩဖွယ် ကောင်းသောသူကို သေချာစွာ ကြည့်ရှုစုံစမ်းကြကုန်၊ ထိုသူသည် အကယ်၍ ဘီလူးဖြစ်လျှင် မြို့ပြင်သို့အရောက် ကွယ်ပျောက်လိမ့်မည်၊ နတ်ဖြစ်လျှင် ကောင်းကင်ခရီးဖြင့် သွားပေလိမ့်မည်၊ နဂါးမင်းဖြစ်လျှင် မြေအတွင်းသို့ ငုပ်လျှိုးကွယ်ပျောက်သွားပေလိမ့်မည်၊ လူသားစင်စစ်ဖြစ်လျှင် မိမိရသော ဆွမ်းကို တနေရာရာ၌ စားသုံးပေလိမ့်မည်"ဟု မိန့်ကြားပြောဆို စေလွှတ်တော်မူလိုက်လေ၏။

ဘုရားအလောင်းတော်သည်လည်း ငြိမ်သက်သော ဣန္ဒြေ ငြိမ်သက်သော စိတ်ရှိတော်မူသည်ဖြစ်၍ အတုမရှိသော အဆင်းတော်၏ တင့်တယ်စံပယ်ခြင်းဖြင့် ဖူးမြင်ကြသူ ရာဇဂြိုဟ်ပြည်သူပြည်သား လူအများ၏ မျက်စိတို့ကို ဆွဲငင်ယူဆောင်သကဲ့သို့ ထမ်းပိုးတပြန် (လေးတောင်ခန့်)မျှ ကိုသာ ကြည့်ရှုလျက် အနီအဖြူ အကြောင် အကျား အကြမ်း အနု ရောပြွမ်းသည့် မိဿကဆွမ်းကို မျှတလောက်ရုံသာ ခံတော်မူပြီးလျှင် မြို့သူမြို့သားတို့ကို "ဤမြို့သို့ ရောက်ဆိုက်လာသော ရဟန်းတို့သည် အဘယ်အရပ်၌ နေစမှတ်ပြုကြသနည်း"ဟု မေးမြန်း၍ လူများအပေါင်းက "ပဏ္ဍဝ တောင်ထိပ်၌ အရှေ့သို့ မျက်နှာမူသော ဂူဝယ် ဤမြို့သို့ရောက်ဆိုက်လာသော ရဟန်းများ နေစမှတ်ပြုကြသည်"ဟု ပြောကြားသော အခါ အလောင်းတော် သူမြတ်သည် ဝင်ခဲ့ရင်းဖြစ်သော အရှေ့တံခါးအတိုင်း မြို့မှထွက်ခဲ့၍ ပဏ္ဍဝတောင်ထိပ်၌ အရှေ့သို့မျက်နှာမူသော ဂူဝယ် အရှေ့သို့ မျက်နှာမူကာ ထိုင်နေတော်မူ၍ ယူဆောင်ခဲ့ရင်းဖြစ်သည့် အနုအကြမ်း ရောပြွမ်းသည့် ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ရန် အားထုတ်စီမံတော်မူလေ၏။

မကြာမီ ရက်ပိုင်းအတွင်းက စကြာမင်းစည်းစိမ်တမျှ ကြီးကျယ်ခမ်းနားလှသည့် မင်းစည်းစိမ်ကို ခံစားသုံးဆောင်ခဲ့၍ အလွန်တရာ ကြမ်းတမ်း အနုအကြမ်းရော အမရောင်မျိုးစုံရောပြွမ်းသည့်

http://www.dhammadownload.com



မိသကာ ဆွမ်းလုပ်ကို ဘုဉ်းပေးတော်မူရန် အားထုတ် စီမံ၍ ခံတွင်းတော်တွင်း သွင်းမည့်အပြုတွင် ထိုဆွမ်းမျိုးကို ထိုဘဝမှာ ရှေးအခါက မြင်ရုံမျှ မမြင်ဘူးသဖြင့် အထူးပင် စက်ဆုပ်ရွံရှာ ရကား အလောင်းတော်၏ အူအသည်းတို့မှာ ပြောင်းပြန် လန်လျက် ပျို့အန်၍ထွက်မည့်လောက် ဆင်းရဲ ဒုက္ခ ရောက်တော် မူရလေသည်။ ထိုအခါ အလောင်းတော်သူမြတ်သည် "အမောင် သိဒ္ဓတ္ထ....သင်သည် စားဖွယ် သောက်ဖွယ် အသာဒတကြည် ရလွယ်လျက် သုံးနှစ်ချို့သော နံ့သာသလေး ဆန် ထမင်းကို အထူးထူး အပြားပြား များမြတ်သော အရသာတို့ဖြင့် အလို တော်ရှိတိုင်း သုံးဆောင်စားသောက်ရာ ရွှေနန်းတော်၌ ထီးနန်း အုပ်ချုပ် မင်းပြုလုပ်သူ ဖြစ်လျက်လည်း ပံသုကူဆောင် ရဟန်း တပါးကို မြင်ရသဖြင့် 'ငါသည်သည်း ဤရဟန်းအတူ ရဟန်း ပြုပြီးလျှင် အိမ်စဉ်အတိုင်း လှည့်လည်ကာ ဆွမ်းခံ၍ ရတတ်သမျှ သော ဆွမ်းကို အဘယ်အခါမှာ စားရပါမည်နည်း၊ ထိုသို့ဆွမ်းခံ စားရအံ့သောအခါသည် ငါ့အား အဘယ်အခါမှာ ဖြစ်ပါလတ္တံ့ နည်း'ဟု ကြံစည်လျက် တောထွက်၍ ရဟန်းပြုခဲ့ပြီ မဟုတ်လော၊ မိမိအကြံ အောင်မြောက်သည့် ယခုအချိန်သို့ ရောက်တော့မှ အဘယ့်ကြောင့် ဤကဲ့သို့ဖောက်ပြန်ခြင်းအမှုကို သင်ပြုဘိသနည်း" ဟု မိမိကိုယ်ကို မိမိပင် ဆုံးမတော်မူကာ ဖောက်ပြန်ခြင်းအလျှင်း မရှိပဲ ထိုမျှကြမ်းတမ်းလှသည့်ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော် မူလေ၏။

မိမ္ဗိသာရမင်းကြီးက အစုံစမ်းလွှတ်လိုက်သော မင်းချင်းအမတ် ယောက်ျား သုံးယောက်သားတို့သည် ဘုရားအလောင်းတော်၏ ထံပါးသို့ ကပ်ရောက်ကာ အလောင်းတော်၏ အခြင်းအရာ အလုံးစုံကို စုံစမ်းဆင်ခြင်ကြပြီးနောက် ထိုသုံးယောက်တို့အနက် နှစ်ယောက်ကား အလောင်းတော်၏ အနီးမှာ ချန် ရစ်၍ တယောက်သော မင်းချင်း အမတ်သာလျှင် မိမ္ဗိသာရမင်းကြီးထံ ပြန်လာပြီးလျှင် "အရှင်မင်းကြီး....ထိုဆွမ်းခံသွားသော ရဟန်း သည် ပဏ္ဍဝတောင်ထိပ် အရှေ့သို့ မျက်နှာမူသော ဂူဝဝယ်

http://www.dhammadownload.com



ခြင်္သေ့မင်း, ကျားမင်း, ဥသဘာနွားမင်းတို့ကဲ့သို့ ကြောက်ရွံ့ခြင်း အလျှင်းမရှိပဲ ခံယူသွားသောဆွမ်းကို မဖောက်မပြန် စားသုံးကာ ချမ်းသာစွာ ထိုင်နေဆဲရှိပါသည်”ဟူ၍ လျှောက်ထားလေလျှင် ဗိမ္ဗိသာရ မင်းတရားသည် တမန်၏စကားကို ကြားပြီးသည့် နောက်ပိုင်း အချိန်ကိုမဆိုင်းစေပဲ မွန်မြတ်သော ယာဉ်ရထားဖြင့် အလောင်းတော်ရှိရာ ပဏ္ဍဝတောင်သို့ ထွက်ခဲ့၍ ယာဉ်ဖြင့် သွားနိုင်သလောက် သွားပြီးလျှင် ယာဉ်မှဆင်းသက်ကာ ခြေလျင်ခရီးဖြင့် အလောင်းတော်၏အနီးအရပ်သို့ ချဉ်းကပ်မိလေလျှင် ဘုရားအလောင်းတော်၏ ခွင့်ပြုတော်မူချက်အရ အေးမြသော ကျောက်ဖျာအပြင်၌ ထိုင်နေလျက် အလောင်းတော်၏ အနေအထိုင် ဣရိယာပုထ်၌ အလွန်ကြည်ညိုလှ၍ ပဋိသန္ထာရစကား ဝမ်းမြောက်စွာ ပြောကြားပြီးလျှင် “အဆွေတော်····သင်ကား အသက်အရွယ်နုနယ်ပျိုမျစ်ပါသေး၏၊ အလုံးအရပ် အဆင်းသဏ္ဌာန် ကြန်အင်နှင့် ပြည့်စုံသူလည်း ဖြစ်ပါ၏၊ ဇာတ်နှင့်ပြည့်စုံသူ ခတ္တိယနွယ်စင်ကြယ်သူတယောက်ဟူ၍ အကျွန်ုပ် ယူဆပါ၏၊ အကျွန်ုပ်သည် အဆွေတော်အား အကျွန်ုပ်စိုးပိုင်သည့် အင်္ဂတိုင်း, မဂဓတိုင်း နှစ်တိုင်းတို့၌ အဆွေတော်အလိုရှိသမျှ မင်းစည်းစိမ်ကို ပေးပါ၏၊ ထီးနန်းအုပ်ချုပ် မင်းပြုလုပ်တော်မူပါ၊ အဆွေတော်၏ အမျိုးဇာတ်နွယ်ကိုလည်း မိန့်ကြားတော်မူပါ”ဟူ၍ မေးမြန်း လျှောက်ထားကာ မင်းစည်းစိမ်ဖြင့် ဖိတ်ကြားတော်မူလေသည်။

ထိုအခါ ဘုရားအလောင်းတော်သည် “အကယ်၍ ငါသည် မင်းအဖြစ်ကို အလိုရှိငြားအံ့၊ စတုမဟာရာဇ် နတ်မင်းကြီးလေးဦး အစရှိသော နတ်မင်းတို့ကပင်သော်လည်း ငါ့ကို မိမိ မိမိတို့၏ စိုးပိုင်ရာ စတုမဟာရာဇ်နတ်မင်း တာဝတိံသာနတ်မင်း အစရှိသော နတ်မင်းတို့၏စည်းစိမ်ဖြင့် ဖိတ်မန္တကပြုကုန်လေရာ၏။ သို့မဟုတ် ထီးတော်နန်းတော်ကြဲ့ရန်းတော်မှာပင် ဆက်လက်စိုးအုပ်နေထိုင်လျှင် စကြဝတေးမင်းအဖြစ်ကို ငါပြုရမည်ကေန် မုန်ပေသည်။ ဤ ဗိမ္ဗိသာရမင်းတရားကား ထိုအကြောင်းကို မသိ၍ ငါ့ကို ဤသို့ ပြောဆိုကာ မင်းစည်းစိမ်ဖြင့် ဖိတ်မန္တကပြုပေ၏၊

http://www.dhammadownload.com



ငါသည် ယခုပင် ထိုဗိမ္ဗိသာရမင်းတရားကို မိမိ၏မင်းဖြစ်ကြောင်းကို ကောင်းစွာသိစေအံ့”ဟု ကြံစည်ဆင်ခြင်တော်မူကာ လက်ရုံးကို မြှောက်ချီ၍ ကိုယ်တော်မြတ်၏ လာခဲ့သော အရပ်မျက်နှာကို ညွှန်ပြတော်မူပြီးလျှင်—

(၁) ဥဇုံ ဇနပဒေါ ရာဇ, ဟိမဝန္တဿ ပဿတော။

ဓနဝီရိယေန သမ္ပန္နော၊ ကောသလေသု နိကေတိနော။

ရာဇ = သင်္ဂဟလေးပါး ကျင့်တရားဖြင့် တိုင်းသားပြည်သူ မိုလ်မိုလ်လူကို ကြည်ဖြူခုံမက် မေတ္တာဇက်၍ နှစ်သက်စေတတ် အိုမင်းမြတ်။ ကောသလေသု=ကောသလတိုင်းတို့၌။ နိကေတိနော=ကမ္ဘာဦးစ ထိုခါကပင် ဝံသစီလျဉ် ဆက်ခဲ့စဉ်သား ထီးရှင်နန်းရှိ ကြွင်နန်းစိုးခဲ့သည့် နေမျိုးနွယ်လာ မြတ်ဥက္ကာဟု မဟာသုဒ္ဓေါ် ငါ့ခမည်းတော်၏။ဇနပဒေါ = အုပ်မိုးစိုးပိုင် ကပိလဝတ်တိုင်းခရိုင်သည်။ ဥဇုံ = ဤမှ မြှောက်ရပ် ဖြောင့်မတ်စွာ သာလျှင်။ ဟိမဝန္တဿ ပဿတော = ဟိမဝန္တာ ဝေလာဘွဲ့ချီး တောင်၏အနီး၌။ အတ္ထိ = ကောက်နှင့်စပါး စားဖွယ်သောက်ဖွယ် သုံးဆောင်ဖွယ်တို့ သွယ်သွယ်ပြည့်ဝ လိုတိုင်းရ၍ အမရဝတီ နတ်စံပြည်သို့ ဂုဏ်ရည်ထွန်းကား ထင်ရှားရှိပေ၏။ ဓနဝီရိယေန = ရတနာခုနစ်ပါး ဥစ္စာများလျက် ယောက်ျားတံခွန် လူရည်ချွန်၍ မိုးစွန်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်နိုင်တောင်း သတ္တိကောင်းသား ရှစ်သောင်းနှစ်ထောင် မြားမြောင်စုပေါင်း သူရဲကောင်းတို့နှင့်။ သမ္ပန္နော = တရာ့တပါး မင်းအများတို့ ထိပါးမာန်မူ ရန်မပြုဝံ့အောင် ဇမ္ဗူလွှမ်းမြို့ ပြည့်စုံလှပေ၏။

(၂) အာဒိစ္စာ နာမ ဂေါတ္တေန၊ သာကိယာ နာမ ဇာတိယာ။

တမှာ ကုလာ ပဗ္ဗဇိတောမှိ၊ န ကာမေ အဘိပတ္ထယံ။

ရာဇ = သမ္မုတိနတ် အိုမင်းမြတ်။ အဟံ = ငါသည်။ ဂေါတ္တေန = ဝံသစင်ကြယ် အနွယ် တော် အားဖြင့်။

http://www.dhammadownload.com



အာဒိစ္စာ နာမ = နေနတ်သားနှင့် မပြားနွယ်စဉ် သို့ဖြစ်အင်ကြောင့် ခေါ်တွင်နာမ အာဒိစ္စ အမည်ရှိပေသော။ ဇာတိယာ = တန်ခိုးရှိန်လျှပ် အမျိုးဇာတ် အားဖြင့်။ သာကိယာ နာမ = "သကျာဝတ ဘော ကုမာရာ" ဥဏ္ဍာကရာဇ် ဥဒါန်းလှစ်၍ ထွန်းသစ်နာမ သာကိယ အမည်ရှိပေသော။ တမှာ ကုလာ = ထိုအာဒိစ္စနွယ်စင် သာကီဝင်မင်းမျိုးမှ။ ပဗ္ဗဇိတော = ဘုရားဖြစ်ရန် ရည်သန်မြှော်မှန်း ရဟန်းပြုခဲ့သူသည်။ အမှိ = ဖြစ်ပေ၏။ ကာမေ = ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို။ အဘိပတ္ထယံ—အဘိပတ္ထယန္တော = တောင့်တသွေးချီ အလိုရှိသည်ဖြစ်၍။ ပဗ္ဗဇိတော = ရဟန်းပြုခဲ့သည်။ န = မဟုတ်ပေ။

(၃) ကာမေသွာဒီနဝံ ဒိသွာ၊ နေက္ခမ္မံ ဒဋ္ဌု ခေမတော။
ပဓာနာယ ဂမိဿာမိ၊ ဧတ္ထ မေ ရဉ္ဇတီ မနော။

ရာဇ = သမ္ဘုတိနတ် အိုမင်းမြတ်။ အဟံ = ငါသည်။ ကာမေသု = ဝတ္ထုအာရုံ ကာမဂုဏ်တို့၌။ အာဒီနဝံ = သာယာဖွယ် နည်းပါး ဒုက္ခသာ များခြင်း အစရှိသော အပြစ်ဒေါသ အာဒီနဝကို။ ဒိသွာ = ဉာဏ်ဖြင့် သက်ဝင်လင်းလင်းမြင်၍ငင်း။ နေက္ခမ္မံ = ဝတ္ထုနှင့် ကိလေသာ ထိုကာမခေတ်နှစ်ဖြာမှ ရှောင်ခွါကွေကွင်း ထွက်မြောက်ခြင်းကို။ ခေမတော = ရန်မပြုလျှင်း ဘေးကင်းသည့် တရားဟူ၍။ ဒဋ္ဌု-ဒိသွာ = ဉာဏ်ဖြင့်သက်ဝင် လင်းလင်းမြင်၍ရှင်း။ ပဗ္ဗဇိတော = ဘုရားဖြစ်ရန် ရည်သန်မြှော်မှန်း ရဟန်းပြုခဲ့သည်။ အမှိ = ဖြစ်ပေ၏။ အဟံ = ငါသည်။ ပဓာနာယ = ပရမတ္ထ နေက္ခမ္မမှန်တုံ့ သန္တိခေတ်သို့ဂုဏ်ဖြင့် လုံးစုံမွေ့ ဟူသမျှထက် ဆဆမြတ်မွန် ပဓာနမည်သော နိဗ္ဗာန်ကို ရည်သန်သောငှါ လက်ရမြောက်အောင် ကျင့်ဆောက်ကြိုးကုတ် အားထုတ်ခြင်းငှါ။ ဂမိဿာမိ =

http://www.dhammadownload.com



ခုပင်ငါကား သွားပချေအံ့။ စတ္တ = ဤလုံးစုံစပ္မ ဟူသမျှ ထက် ဆဆမြတ်မွန် ပဓာနမည်သောနိဗ္ဗာန်၌။မေ = ငါ၏။ မနော = စိတ်သည်။ ရဇ္ဇတိ = ရရန်စိတ်စွဲ အမြဲနှစ်လို သွေးချိုဆန္ဒ တောင့်တ၍နေပေ၏။

ဤ သုံးဂါထာတို့ဖြင့် မြတ်စွာဘုရားအလောင်းတော်က ကိုယ်တော်မြတ်သည် သာကီဝင်မင်းမျိုးမှ ရဟန်းပြုခဲ့သူဖြစ်ကြောင်း, ဝတ္ထုကာမတို့ကို လုံးဝမလိုလားကြောင်း, ပဓာနမည်သောနိဗ္ဗာန်ကိုသာ ရည်သန်တောင့်တ၍ ရဟန်းပြုခဲ့သူပြီပြီ ထိုပဓာနမည်သော နိဗ္ဗာန်ကို လျှင်မြန်စွာရဘို့ရန် ယခုပင် တောအရပ်သို့ ချဉ်းကပ်သွားရောက်ကာ ဒုက္ကရစရိယာကို ကျင့်ကြံတော့မည်ဖြစ်ကြောင်း များကို မိန့်ကြားတော်မူသောအခါ ဗိမ္ဗိသာရမင်းတရားသည် ဘုရားအလောင်းတော်သူမြတ်ကို "အရှင်ဘုရား....တပည့်တော်သည် ရှေးအခါကပင် 'သုဒ္ဓေါဒနမင်းကြီး၏ သားတော် သိဒ္ဓတ္ထမင်းသားသည် နိမိတ်ကြီးလေးပါးကို မျက်ဝါးထင်ထင် မြင်တော်မူပြီးသော် တောထွက်၍ ရဟန်းပြုကာ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားစင်စစ် ကေန်ဖြစ်လိမ့်မည်' ဟူသော သတင်းစကားကို ကြားအပ်ပြီးဖြစ်ပါသည်၊ တပည့်တော်သည် အရှင်ဘုရားတို့၏ ကြီးမားလှသော နေက္ခမ္မဓာတ်ခံ နိဗ္ဗာန်ကိုသာ အလိုရှိသည့် အဓိမုတ္တဆန္ဒတော်အလိုကို ယခုလို ကိုယ်တိုင် တွေ့မြင်ရသဖြင့် 'အရှင်ဘုရားတို့သည် မချွတ်ကေန် ဘုရားဖြစ်ခတော်မူလိမ့်မည်'ဟု မမှိတ်မသုန် သုံ့ကြည်သူဖြစ်ပါသည်၊ အရှင်ဘုရား.... တောင်းပန်စကား တပည့်တော်လျှောက်ထားပါရစေ၊ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသောအခါ ရှေးဦးစွာ တပည့်တော်၏ နိုင်ငံသို့ ကြွချီတော်မူပါကုန်ဘုရား"ဟူ၍ လေးနက်စွာ မိတ်ကြားလျှောက်ထားပြီးလျှင် ဗိမ္ဗိသာရမင်းတရားသည် **ရာဇဂြိုဟ်ပြည် အတွင်းသို့ ပြန်၍ဝင်လေ၏။**

http://www.dhammadownload.com



အခန်း—၅

## အာဠာရနှင့် ဥဒကတို့ထံ နည်းခံဆွေးနွေးခဏ်း

ဘုရားအလောင်းတော်သည် "အာဠာရ"ဂိုဏ်းဆရာကြီးနှင့်
"ဥဒက" ဂိုဏ်းဆရာကြီးတို့ထံ နည်းခံဆွေးနွေး၍
လောကီ သမာပတ်ရှစ်ပါးတို့ကို ရရှိတော်မူကြောင်း

အထ ရာဇဂဟံ ဝရရာဇဂဟံ၊
နရရာဇဝရေ နဂရံ တု ဂတော။
ဂိရိရာဇဝရော မုနိရာဇဝရော၊
မိဂရာဇဂတော သုဂတောပိ ဂတော။

အထ = ထိုရောအခါ၌။ နရရာဇဝရေ = မဂဓတိုင်းသူ မိုလ်လူတို့သနင်း ဗိမ္ဗိသာရမင်းသည်။ ဝရရာဇဂဟံ = သမ္မုတိနတ် လူ့ဥက္ကဋ္ဌဟု မန္ဓာတ်မဟာ ဂေါဝိန္ဒာက တေဇာလျှံညီး မင်းဘုန်းကြီးတို့ သိမ်းဆည်းစိုးစံအပ်ပေ ထသော။ ရာဇဂဟံ နဂရံ = ရာဇဂြိုဟ်တွင်မည် မင်းနေ ပြည်သို့။ ဂတေ = လောင်းတော်မုနိ တို့ဘုန်းရှိနှင့် ပဋိ- သန္ဓာရစကား ဖိတ်မန်ကြား၍ ခမ်းနားဆင်ယင် ပြည် တော်ဝင်လတ်သည် ရှိသော်။ ဂိရိရာဇဝရော = မြင်းမိုရ် တောင်မင်း ပုံမယွင်းလျှင် ခပင်းဥဿုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူပေထသော။ မုနိရာဇဝရော = ရဟန်းတို့ သနင်း မွေရာဇ်မင်းလည်း ဖြစ်တော်မူပေထသော။ မိဂရာဇဂတော = ခြင်္သေ့မင်းနှယ် စံပယ်သောသွားခြင်း ရှိတော်မူပေထသော။ သုဂတောပိ = လောင်းတော်မုနိ တို့ဘုန်းရှိသည်လည်း။ ဂတော = သန္တိဝရ နိဗ္ဗာနကို အရဖွေမှီ ငါရှာမည်ဟု နှစ်လိုစက်ပန်း တောမြိုင်နန်းသို့ ကွန့်မြန်းကြွချီတော်မူခဲ့လေပြီ····။

ဤ ဗုဒ္ဓဝံသအဋ္ဌကထာ, ဇိနာလင်္ကာရဋီကာ ကျမ်းတို့၌ လာသော ဂါထာ ဂီတိအတိုင်း ဗိမ္ဗိသာရမင်းတရား ရာဇဂြိုဟ်

http://www.dhammadownload.com



ပြည်တွင်းသို့ ကြွသွားလတ်သည်ရှိသော် ဘုရားအလောင်းတော်သည်လည်း သန္တိဝရအမည်ရသော နိဗ္ဗာန်ချမ်းသာကို ဖွေရှာတော်မူအံ့သောငှါ ခရီးဒေသစာရီ အစဉ်အတိုင်းကြွချီလတ်သော် အနွယ်အားဖြင့် "ကာလာမ"အနွယ်၌ ဖြစ်သော အမည်အားဖြင့် **အာဠာရ** အမည်ရှိသော ဂိုဏ်းဆရာကြီးထံသို့ ရောက်တော်မူလေသည်။

(ဤ အာဠာရဂိုဏ်းဆရာကြီး ဥဒကဂိုဏ်းဆရာကြီးတို့ထံ နည်းခံဆွေးနွေးသောအခဏ်းကို ပါဠိတော်၌ အကျယ်တဝင့် တိုက်ရိုက် ဟောပြီးဖြစ်၍ ဗုဒ္ဓဝံသအဋ္ဌကထာ,ဇာတကအဋ္ဌကထာစသည်တို့၌အကျဉ်းဆုံး ရေးသားဖွင့်ပြတော်မူကြသော်လည်း ဗုဒ္ဓဝင်စာဖယ် ပရိသတ်တို့အဖို့မှာမူ ထိုပါဠိတော်ကို ကြည့်ရှုရန် မလွယ်ကူကြသဖြင့် ဤဗုဒ္ဓဝင်ကျမ်း၌ကား ထိုဂိုဏ်းဆရာကြီးနှစ်ဦးနှင့် တွေ့ဆုံသောအခဏ်းကို အနည်းငယ်အကျယ်ချဲ့၍ ရေးသားပြဆိုပေအံ့။ ။ဤ၌ အလောင်းတော်သူမြတ်သည် ပူရဏကဿပ-အစရှိသော တိတ္ထိဆရာကြီး (ဘုရားအမည်ခံသူ) တို့ထံ မသွားပဲ အဘယ့်ကြောင့် အာဠာရဂိုဏ်းဆရာကြီးနှင့် ဥဒကဂိုဏ်းဆရာကြီးတို့ထံ သွားရောက်တော်မူသနည်းဟု မေးရန်ရှိ၏။ ထိုတိတ္ထိဆရာကြီးတို့၏ အကျင့်လမ်းစဉ်မှာ အနှစ်သာရမရှိသော လမ်းစဉ်သာဖြစ်လေသည်၊ အလောင်းတော်သူမြတ်သည် လွန်ခဲ့သော ကိုးဆယ့်တကမ္ဘာကက်ကပင် ထိုအကျင့် လမ်းစဉ်ကို အနှစ်သာရ ရှိမရှိ စုံစမ်းလိုသဖြင့် ကိုယ်တိုင်ပင် ကျင့်ခဲ့ဘူးလေပြီ၊ အနှစ်သာရ မရှိကြောင်းကိုလည်း ကိုယ်တိုင်ကျင့်ခဲ့သဖြင့် ကောင်းကောင်းကြီး သိပြီးဖြစ်လေသည်။ ထို့ကြောင့် ထိုတိတ္ထိဆရာကြီးကို့ထံ မသွားပဲ တခုသောတောအရပ်၌ တပည့်များစွာ ခြံရံလျက် တရားကျင့်နေသည့် ထင်ရှားသော အာဠာရဂိုဏ်းဆရာကြီးထံသို့ ကြွရောက်တော်မူခြင်းဖြစ်လေသည်။)

ဘုရားအလောင်းတော်သည် အာဠာရဂိုဏ်းဆရာကြီးထံသို့ ရောက်သောအခါ ထိုဂိုဏ်းဆရာကြီးကို "ကာလာမအနွယ်၌ဖြစ်သော အိုငါ့ရှင်....ငါသည် ဤသင်တို့၏သာသနာ၌ မြတ်သောအကျင့်ကို ကျင့်လိုပါသည်"ဟု ခွင့်ပန်စကား ပြောကြားတော်မူလေသော် အာဠာရဂိုဏ်းဆရာကြီးကလည်း "အို အရှင်သူမြတ် .... အရှင်သူမြတ်သည် ဤအကျွန်ုပ်တို့၏ သာသနာ၌ နေတော်မူပါ၊ အကျွန်ုပ်တို့ ယခု ကျင့်ကြံကြီးကုတ် အားထုတ်နေ

http://www.dhammadownload.com



သောတရားသည် ပညာရှိသူ ပုဂ္ဂိုလ်ဖြစ်က ကာလမကြာမြင့်မီပင် အာစရိယဝါဒကို ကိုယ်တိုင်အသိဉာဏ်ပေါက်၍ မျက်မှောက်ပြု ဝင်စားကာ ချမ်းသာစွာနေနိုင်သော တရားမျိုး ဖြစ်ပါသည်"ဟု ခွင့်ပြုအားပေးစကား ရိုးရိုးဖြောင့်ဖြောင့်ပင် ပြောကြားခဲ့လေ သည်။

ဘုရားအလောင်းတော်သည် အာဠာရဂိုဏ်းဆရာကြီး၏ ခွင့် ပြုချက်အရ ရက်များမကြာမြင့်မီပင် ထိုအာဠာရဂိုဏ်းဆရာကြီးတို့ ၏ အကျင့်လမ်းစဉ်ကို နာယူသင်ကြားတော်မူလေသည်။ ဘုရား အလောင်းတော်သည် အလွန်ပညာဉာဏ် ကြီးမြတ်သူဖြစ်ရကား ထိုဆရာကြီးပြောကြားသည့် အယူဝါဒ အကျင့်လမ်းစဉ်ကို သင်ယူ ရန် နှုတ်တော်ကို လှုပ်ကာမျှ ဆရာကြီးရှေ့က ပြောသွားသည်ကို နောက်က လိုက်၍ ဆိုကာမျှဖြင့်ပင် ထိုအကျင့်လမ်းစဉ်ကို ငါသိပြီ ဟု ပြောဆိုနိုင်သော အခြေရောက် လွယ်ကူစွာ တတ်မြောက် သိမြင်တော်မူခဲ့လေသည်။ ထိုဝါဒလမ်းစဉ်ကို ငါသိ၏ ငါမြင်၏ ဟူ၍ ကိုယ်တိုင်လည်း ဝန်ခံ၍ ဂိုဏ်းဆရာကြီးနှင့်တကွ တပည့်များ ကလည်း ဝန်ခံကြလေသည်။

ဘုရားအလောင်းတော်သည် အာဠာရဂိုဏ်းဆရာကြီး၏ မိမိ တို့ အကျင့်လမ်းစဉ်ကို အာကိဉ္စညာယတန (လောကီ) ဈာန် ပေါက်သည်တိုင်အောင် ပိုင်ပိုင်နိုင်နိုင် ပြောကြားသွားပုံကို စဉ်း စား ဆင်ခြင်တော်မူသောအခါ "အာဠာရဂိုဏ်းဆရာကြီးမှာ ဤအာကိဉ္စညာယတနဈာန် တိုင်အောင်သော တရားလမ်းစဉ် အတွက် ကိုယ်တိုင်သိသည့်ပညာမဖက် သဒ္ဓါတရားသက်သက်ဖြင့် နှုတ်တက်သင်ယူထားရုံမျှ ဟုတ်ပုံမရချေ၊ စင်စစ်ပင် ဤဆရာကြီး သည် လောကီသမာပတ်ခုနစ်ပါးတို့ကို ကိုယ်တိုင်ရပြီး သိပြီးသူ ဖြစ်ရမည်"ဟု သိမြင်တော်မူလေသည်။ သို့ရကား အလောင်း တော်သူမြတ်သည် အာဠာရဆရာကြီးထံ တဖန်ချဉ်းကပ်ပြီးလျှင် "ကာလာမအနွယ်၌ဖြစ်သော အိုငါ့ရှင် .. ငါ့ရှင်သည် အဘယ်မျှ သော အတိုင်းအရှည်ဖြင့် ဤအယူဝါဒ အကျင့်လမ်းစဉ်ကို ကိုယ် တိုင် ဆိုက်ရောက် မျက်မှောက်ပြုကာ ငါနေထိုင်၏ဟု ပြောဆိုပါ

http://www.dhammadownload.com



သနည်း"ဟု တိုက်ရိုက်ပင် မေးမြန်းတော်မူလေသည်။ အာဠာရ ဆရာကြီးကလည်း ကိုယ်တိုင်သိပြီးဖြစ်သည့်အတိုင်း အာကိဉ္စညာယတနချာန်တိုင်အောင်သော သမာပတ် ခုနစ်ပါးတို့ကို (စာပြောမျိုးမဟုတ်) ကိုယ်တိုင်ဝင်စားသော ပုဂ္ဂိုလ်တို့၏ ပြောဆိုနည်းအတိုင်း အပြည့်အစုံ ပြန်ကြားပြောဆိုလေသည်။

ထိုအခါ အလောင်းတော်၏ စိတ်သန္တာန်ဝယ် ဤသို့ အကြံဖြစ်လာလေသည် –"အာဠာရဂိုဏ်းဆရာကြီးမှာသာ ဈာန်ပေါက်လောက်အောင် ခိုင်မာသည့် သဒ္ဓါတရားရှိသည်မဟုတ်၊ ငါ့မှာလည်း ဈာန်ပေါက်လောက်အောင် ခိုင်မာသည့် သဒ္ဓါတရားရှိသည်၊ အာဠာရဂိုဏ်းဆရာကြီးမှာသာ အပ္ပနာဈာန် ပေါက်ရောက်နိုင်လောက်အောင် ခိုင်မာလှသည့် ဝီရိယတရား,သတိတရား, သမာဓိတရား, ပညာတရားများ ရှိသည်မဟုတ်၊ ငါ့မှာလည်း အပ္ပနာဈာန်ပေါက် ရောက်နိုင်အောင် ခိုင်မာလှသည့် ဝီရိယတရား,သတိတရား, သမာဓိတရား, ပညာတရားများ ရှိကုန်သည်၊ အကြင် အာကိဉ္စညာယတနတိုင်အောင်သော လောကီသမာပတ် ဈာန်ခုနစ်ရပ်ကို အာဠာရဆရာကြီးသည် ငါကိုယ်တိုင်ပင် ထူးသောဉာဏ်ဖြင့် ဆိုက်ရောက်မျက်မှောက်ပြုကာ ဝင်စား၍ ချမ်းသာစွာ ငါနေရ၏ဟု ပြောကြား၏၊ ငါသည်လည်း ထိုလောကီသမာပတ် ဈာန်ခုနစ်ရပ်ကို အာဠာရဆရာကြီးကဲ့သို့ပင် ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက်ပြုနိုင်ရန် ကျင့်ကြံကြိုးကုတ် အားထုတ်ရမူ ကောင်းလေစွ"....ဤကဲ့သို့ အကြံဖြစ်ကာ ကာသိုဏ်းပရိကံများ ကြိုးစားအားထုတ်တော်မူလေရာ မကြာမီ နှစ်ရက်,သုံးရက်အတွင်းမှာပင် အာဠာရဆရာကြီး ပေါက်ရောက်သည့် အာကိဉ္စညာယတနဈာန် တိုင်အောင်သော လောကီသမာပတ် ခုနစ်ရပ်တို့ကို ကိုယ်တိုင်မျက်မှောက် ဆိုက်ရောက်သိမြင်ကာ ထိုသမာပတ်ချမ်းသာကို ဝင်စား၍ နေထိုင်တော်မူခဲ့လေသည်။

အလောင်းတော်သူမြတ်သည် အာဠာရ ဂိုဏ်းဆရာကြီးထံ တဖန် သွားရောက်ပြီးလျှင် "ငါ့ရှင်ကာလာမ.... ဤမျှသော

http://www.dhammadownload.com



ပဋိပတ်လမ်းစဉ်ဖြင့် ငါရှင်သည် ဤလောကီသမာပတ် ဈာန်ခုနစ်ရပ်တို့ကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ဝင်စား၍နေကြောင်း ပြောဆိုပါသလော”ဟု မေးမြန်းသဖြင့် အာဠာရဆရာကြီးကလည်း ဟုတ်မှန်ကြောင်း ပြောဆိုလတ်သည်တွင် အလောင်းတော်သူမြတ်သည် “ငါရှင်.... ငါသည်လည်း ဤမျှသော ပဋိပတ်လမ်းစဉ်ဖြင့် အာကိဉ္စညာယတန ဈာန်တိုင်အောင်သော လောကီသမာပတ်ဈာန်ခုနစ်ရပ်တို့ကို ကိုယ်ကိုင်ယင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေကာ ဝင်စားကာချမ်းသာစွာ နေရ၏”ဟု ပြောဆိုတော်မူလတ်လေသည်။ ထိုအခါ အာဠာရဆရာကြီးသည် ဇာသာမစ္ဆရိယ အညစ်အကြေးမအောင်းသည့် သူတော်ကောင်းပုဂ္ဂိုလ်ကြီးပြီ “ငါတို့သည် အရှင်မြတ်ကဲ့သို့ ထက်မြက်သောပညာရှင် သီတင်းသုံးဖော်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရကုန်ပြီ၊ အရ တော်လိုက်ပါဘိ ငါရှင်....”ဟု ဝမ်းမြောက်ဝမ်းသာစကား အားရစွာ ပြောကြားလေသည်။

> ဇာသာဘိဘူတလောကမှိ၊
> အာဠာရော ယော အနိဿုကီ။
> ဝဏ္ဏဝါဒီ သုမီရဿ၊
> အဟော ဥဠာရဆန္ဒတာ။

ဇာသာဘိဘူတလောကမှိ = လူသူတပါး လွန်ကြီးပွါး၍ ကောင်းစားသည်ကို မနာလိုမဲ ငြိုငြင်တတ်စွာ စိတ်မပါသည့် ဇာသာတရားဆိုး လွှမ်းမိုးအပ်သည့် လောကကြီးထဲ၌။ ယော အာဠာရော = အကြင် ဂိုဏ်း၏ ဦးစီး အာဠာရ ဆရာကြီးသည်။ အနိဿုကီ = မနာလိုဇာသာကင်းကွာဘိတောင်း သူတော်ကောင်းစင်စစ် ကောင်းဖြစ်လျက်။ သုမီရဿ = ထက်မြက်လျင်မြန် သူမတန်သည့် ပဋိဘာန်ကိန်းဝပ် အလောင်းတော်သူမြတ်၏။ ဝဏ္ဏဝါဒီ = ကျေးဇူးစကား ပွင့်လင်းစွာ ပြောကြားတတ်လေ၏။ သုမီရဿ = အပြစ်ကင်းကွာ ပညာကိန်းအောင်း

http://www.dhammadownload.com



ထိုသူတော်ကောင်း အာဠာရဆရာကြီး၏။ ဥဠာရဆန္ဒ-
တာ = ဖြူစင်ဖြောင့်မတ် ပူဇော်အပ်သည့် မြတ်သော
အလိုဆန္ဒရှိသူ၏ အဖြစ်သည်။ အဟော = အတုယှဉ်မှီး
လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွတကား……။

**အာဠာရဂိုဏ်းဆရာကြီးက အလောင်းတော်သူမြတ်အား
မိမိ၏တပည့်ဂိုဏ်းပရိသတ် တဝက်ကိုအပ်နှင်း၍ အမြတ်တနိုးပူဇော်ခြင်း**

အာဠာရဂိုဏ်းဆရာကြီးသည် ဗြဟ္မသာမဏ္ဍရိယအညစ်အကြေး
ကင်းဝေးသူပြိုပြို ရှေးဆိုအပ်ပြီးအတိုင်း ကျေးဇူးစကား ချီးမွမ်း
စကား ပြောကြားရုံသာမဟုတ်ပဲ တဖန်ဆက်၍ "အိုယောကျ်ားမြတ်…. အကြင်တရားကို အကျွန်ုပ်သည် ကိုယ်တိုင်ထူးသော
ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေပြီးလျှင် ဟောကြားခဲ့ပေ၏၊
ထိုတရားကို သင်ယောကျ်ားမြတ်သည် ကိုယ်တိုင် ထူးသောဉာဏ်
ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေပြီးလျှင် နေနိုင်ပါပေ၏။ အသင်
ယောကျ်ားမြတ်သည် အကြင်တရားကို ကိုယ်တိုင် ထူးသော
ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေပြီးလျှင် နေတော်မူ၏၊
ထိုတရားကိုပင် အကျွန်ုပ်သည် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်
မျက်မှောက်ပြု၍ ပြည့်စုံစေပြီးလျှင် ဟောကြားခဲ့ပေ၏။ ဤသို့လျှင်
ကျွန်ုပ်သိသောတရားကို ယောကျ်ားမြတ် သိတော်မူပေ၏၊
ယောကျ်ားမြတ် သိတော်မူသောတရားကိုပင် ကျွန်ုပ်လည်း သိပေ
၏၊ ဤသို့လျှင် ကျွန်ုပ်ကဲ့သို့ပင် အသင်ယောကျ်ားမြတ်သည် ဖြစ်
တော်မူပေ၏၊ အသင်ယောကျ်ားမြတ်ကဲ့သို့ပင် ကျွန်ုပ်လည်း ဖြစ်
ပါပေ၏။ လာတော်မူပါ ငါ့ရှင်….၊ ငါတို့နှစ်ဦးသား ဤများပြား
လှစွာသော တပည့်အပေါင်းဂိုဏ်းကြီးကို သဘောတူ သိမ်း
စောင့်ကြပါစို့"ဟူ၍ ပြောဆိုပြီးလျှင် မိမိ၏တပည့်ဂိုဏ်းကို စည်း
ဝေး အမှတ်ပေးပြီးလျှင် "တပည့်တို့…. ငါသည်လည်း သမာပတ်
ခုနစ်ပါးတို့ကို ရသူဖြစ်ပေသည်၊ ယောကျ်ားမြတ်သည်လည်း
ငါနှင့်ထပ်တူ သမာပတ်ခုနစ်ပါးတို့ကို ရသူဖြစ်ပေသည်၊ ဤမျှ
သောတပည့်တို့သည် ယောကျ်ားမြတ်ထံ နည်းခံကြကုန်၊ ဤမျှ
သောတပည့်တို့သည် ငါ့ထံ၌ နည်းခံကြကုန်"ဟု ပြောဆိုပြီးလျှင်

http://www.dhammadownload.com



တပည့်ပရိသတ်ကို တဝက်ခွဲ၍ အလောင်းတော်သူမြတ်အား ပေးအပ်ဆောင်နှင်းလေတော့သည်။

တပည့်ဂိုဏ်းပရိသတ်ကို တဝက်ခွဲ၍ ပေးအပ်ဆောင်နှင်းရုံသာ မဟုတ်ပဲ အာဠာရဂိုဏ်းဆရာကြီး၏ အလုပ်အကျွေး ဒါယကာ ဒါယိကာမများတို့ နံ့သာပန်း စသည်တို့ကို စွဲကိုင်ကာ ဆရာကြီးထံမှောက် အပူဇော်လာရောက်ကြသောအခါမှာလည်း "သွားကြ သွားကြ ယောက်ျားမြတ်ကို ပူဇော်ကြ"ဟူ၍ မိမိ၏ တပည့်ဒါယကာ ဒါယိကာမများကို ဘုရားအလောင်းတော်ထံသို့ စေလွှတ်ခဲ့လေသည်။ ထိုဒါယကာ ဒါယိကာမတို့သည် အာဠာရ ဂိုဏ်းဆရာကြီးပြောဆိုသည့်အတိုင်း ရှေးဦးစွာ ဘုရားအလောင်းတော်ကို ပူဇော်ပြီးမှ ကြွင်းကျန်သော နံ့သာပန်း စသည်တို့ဖြင့် မိမိတို့၏ဆရာကြီး အာဠာရကို ပူဇော်ကြလေသည်။ အဖိုးထိုက်သည့် ဈောင်စောင်းအင်းပျဉ်များကို လာရောက်လှူဒါန်းသော အခါမှာလည်း ထို ဈောင်စောင်းအင်းပျဉ်များကို ရှေးဦးစွာ အလောင်းတော်အား လှူစေပြီးမှ ကြွင်းကျန်သေးလျှင် မိမိကိုယ်တိုင် အလှူခံလေသည်။ ရောက်လေရာရာ အရပ်တိုင်းမှာပင် မြတ်သော အိပ်ရာနေရာကို အလောင်းတော်သူမြတ်အား ပေးပြီးမှ အကျန်ကိုသာ မိမိခံယူလေသည်။ ဤသို့လျှင် အာဠာရဆရာကြီးသည် စိတ်သဘောထား ကြီးမားမြင့်မြတ် ပြည့်ဝသူပီပီ မိမိက ဆရာပင် ဖြစ်လင့်ကစား ( ထို အချိန်မှာ ) တပည့်ဖြစ်သော အလောင်းတော်သူမြတ်ကို အမြတ်တနိုး ကော်ရော် ပူဇော်မှုကို ပြုလေသည်။

### အလောင်းတော်သူမြတ်သည် လောကီချာန်သမာပတ်တို့၌ အပြစ်ကိုမြင်ကာ အာဠာရဆရာကြီးထံမှ ဖဲခွါခဲ့ခြင်း

ဘုရားအလောင်းတော်သူမြတ်မှာ ထို လောကီသမာပတ်ချာန်ခုနစ်ရပ်တို့ကို အရကြိုးကုတ် အားထုတ်တော်မူပြီးနောက် များမကြာမီကာလအတွင်းမှာပင် ရှေးရှေးဘဝတို့ကထိုချာန်တို့၌အလေ့အကျက်ရပြီးသူဖြစ်ခြင်းကြောင့်၎င်း, ပညာအဆင်အခြင် ကြီးမြတ်

http://www.dhammadownload.com



သူဖြစ်ခြင်းကြောင့်ရင်း ထိုလောကီသမာပတ် ဈာန်ခုနစ်ရပ်တို့၏ ပစ္စုပ္ပန်ဘဝ အလားအလာသဘောသွား,တမလွန်ဘဝ၌ ရရှိမည့် အကျိုးများကို စဉ်းစားဆင်ခြင်တော်မူလတ်သောအခါ ထို အာကိဉ္စညာယတန တိုင်အောင်သော လောကီဈာန်သမာပတ် ခုနစ်ပါးတို့၏ ပစ္စုပ္ပန်ဘဝ၌ သဘောသွား အလားအလာ, တမ လွန်ဘဝ၌ အာကိဉ္စညာယတန ဗြဟ္မာ့ဘုံ၌ ပဋိသန္ဓေကျိုးပေးလိမ့် မည့်အခြင်းအရာတို့ကို ကောင်းစွာ မြင်သိလေသည်၊ ထိုအခါ ဤလောကီသမာပတ် ဈာန်ခုနစ်ရပ်တို့သည် ဝဋ်ဆင်းရဲ၌ အကျိုး ဝင်သော တရားများသာ ဖြစ်ကုန်၏ ဟူ၍ ဆုံးဖြတ်ချက် ချမှတ် တော်မူကာ ဤလောကီသမာပတ် ဈာန်ခုနစ်ရပ် တရားအစုသည် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ဘို့ရန် မဖြစ်နိုင်ချေ၊ တပ်ခြင်းကင်းဘို့ရန် မဖြစ် နိုင်ချေ၊ ရာဂအစရှိသော ကိလေသာများ ချုပ်ငြိမ်းဘို့ရန် မဖြစ် နိုင်ချေ၊ ကိလေသာ ခပ်သိမ်း ငြိမ်းဘို့ရန် မဖြစ်နိုင်ချေ၊သိသင့်သမျှ တရားများကိုသိဘို့ရန် မဖြစ်နိုင်ချေ၊ မဂ်ဉာဏ်လေးပါးတို့ကို ရဘို့ ရန် မဖြစ်နိုင်ချေ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့ရန် မဖြစ်နိုင်ချေ၊ စင်စစ်သော်ကား ဤ လောကီသမာပတ် ဈာန်ခုနစ်ရပ်သည် အမြတ်ဆုံး အထက်ဆုံး အကျိုးပေးပါမှ မဟာကပ်ပေါင်း ခြောက်သောင်း အသက်ရှည်သည့် အာကိဉ္စညာယတန ဗြဟ္မာ့ ဘုံသို့ ရောက်ရုံသာ အကျိုးပေးလိမ့်မည်၊ ထို့ထက် သာလွန်သော အကျိုးကို ပေးနိုင်မည်မဟုတ်၊ ထိုဈာန်၏အကျိုးပေးရာ အာကိဉ္စ- ညာယတန ဗြဟ္မာ့ဘုံမှာလည်း ဇာတိဘေး, ဇရာဘေး, မရဏ ဘေးတို့မှ မလွတ်မြောက်သေးသော ဌာနသာ ဖြစ်ချေသည်၊ သေမင်းကျော့ကွင်းဖြင့် ဝန်းရံအပ်ပြီးသားသာ ဖြစ်ချေသည်ဟူ၍ လေးနက်စွာ ဆင်ခြင်စဉ်းစားတော်မူလေသည်။

ဆာလောင်မွတ်သိပ်ခြင်း အပြင်းနှိပ်စက်အပ်သောယောကျ်ား သည် နှစ်သက်ဖွယ်သော ထမင်းပွဲကြီးကို ရရှိ၍ ပဌမရှေ့ပိုင်းတွင် ထိုထမင်းပွဲကြီးကို နှစ်သက်အားရစွာ စားသုံးပြီးနောက် သည့်း ခြေဒေါသ ထ၍ဖြစ်စေ, သလိပ်ဒေါသ ထ၍ဖြစ်စေ, ထိုထမင်း ပွဲကြီးထဲ၌ ယင်ကောင် ကျရောက်၍ဖြစ်စေ ထိုထမင်းပွဲကြီးကို

http://www.dhammadownload.com



ငြိုးငွေ့စက်ဆုပ်ကာ စွန့်ပယ်ပြီးလျှင် နောက်ထပ်တဖန် ထမင်းတလုပ်ကိုမျှ စားလိုစိတ် မရှိသကဲ့သို့ ထို့အတူ အလောင်းတော်သူမြတ်သည်လည်း ထိုလောကီသမာပတ် ဈာန် ခုနစ်ရပ်တို့ကို နှစ်ရက်, သုံးရက်အတွင်း အလွယ်နှင့်အားထုတ်၍ ရရှိပြီးလျှင် ပဥ္စမပိုင်း ရှေ့အဖို့၌ ထိုဈာန် သမာပတ်တို့ကို ဝင်စားသုံးဆောင်ပြီးနောက် တဖန် ထိုသမာပတ်တို့၏ ဝင္ခံဆင်းရဲ၌သာ အကျိုးဝင်ခြင်း အစရှိသော ရှေးဖော်ပြရာပါ အပြစ်များကို မြင်တော်မူသောအခါမှစ၍ ထိုသမာပတ် ခုနစ်ပါးတို့ကို ဝသီဘော်ငါးပါးတို့တွင် တပါးပါးဖြင့်မျှ လေ့လာသုံးစွဲရန်စိတ် လုံးဝမရှိတော့ပဲ "ဤသမာပတ်ခုနစ်ပါးဖြင့် ဘာမျှအကျိုးမရှိ၊ ဤသမာပတ် ခုနစ်ပါးဖြင့် ဘာမျှအကျိုးမရှိ" ဟူ၍သာ အဖန်ဖန် ပယ်ရှား၍ ထိုသမာပတ်ခုနစ်ပါးမှ ငြိုးငွေ့တော်မူသည်ဖြစ်ရကား ထိုအာဠာရဆရာကြီးထံမှ ဖဲခွါတော်မူခဲ့လေ၏။

### အလောင်းတော်သူမြတ်သည် ဥဒကဂိုဏ်းဆရာကြီးထံ ရောက်၍ နေဝသညာနာသညာယတနဈာန်ပေါက်အောင် အားထုတ်ကြိုးစားတော်မူခြင်း

ဘုရားအလောင်းတော်သည် အာဠာရ ဂိုဏ်းဆရာကြီးထံမှ ဖဲခွါခဲ့ပြီးနောက် သန္တိဝရ အမည်ရသော နိဗ္ဗာန်ချမ်းသာကို ရှာမှီးတော်မူလိုရကား အစဉ်သဖြင့် ကြွချီတော်မူခဲ့၍ ရာမ၏သားဖြစ်သူ **ဥဒက**ဂိုဏ်းဆရာကြီးထံသို့ ရောက်တော်မူလေ၏။ ရောက်တော်မူပြီးလျှင် ဥဒကဂိုဏ်းဆရာကြီးကို "ငါ့ရှင်....ငါသည် ဤသင်တို့၏ သာသနာ၌ မြတ်သောအကျင့်ကို ကျင့်လိုပါ၏" ဟု ခွင့်တောင်းစကား ပြောကြားတော် မူလေသည်။ ရာမ၏သား ဥဒကဂိုဏ်းဆရာကြီးကလည်း "အရှင်.... အကျွန်ုပ်တို့၏ ဤ သာသနာ၌ နေတော်မူပါ၊ ဤအကျွန်ုပ်တို့၏ တရားသည် ပညာရှိသူများ ကြိုးစားပါက အချိန်မကြာမီပင် အာစရိယဝါဒကို မိမိကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေပြီးလျှင် ချမ်းသာစွာ နေနိုင်သောတရား ဖြစ်ပါသည်" ဟူ၍ အခွင့်ပြုစကား ပြောကြားရကား အလောင်းတော်သူမြတ်သည် မကြာမီပင် ဥဒကဂိုဏ်း

http://www.dhammadownload.com



ဆရာကြီးတို့၏ အယူဝါဒအကျင့်လမ်းစဉ်ကို သင်ယူတော်မူလေသည်၊ အာဠာရကိုဏ်းဆရာကြီးထံ သင်ယူစဉ်ကကဲ့သို့ပင် အလွန်ပညာဉာဏ်ကြီးမြတ်သူဖြစ်ရကား ဥဒကဆရာကြီး ပြောကြားသည့် အယူဝါဒအကျင့်လမ်းစဉ်ကို သင်ယူရန် နှုတ်တော်ကို လှုပ်ကာမျှ ဆရာကြီး ရှေ့ကပြောသွားသည်ကို နောက်ကလိုက်၍ ဆိုကာမျှဖြင့်ပင် ထိုအကျင့်လမ်းစဉ်ကို ငါသိပြီဟု ပြောဆိုနိုင်သောအခြေရောက် လွယ်ကူစွာ တတ်မြောက် သိမြင်တော် မူခဲ့လေသည်၊ ထို ဝါဒလမ်းစဉ်ကို ငါသိ၏ ငါမြင်၏ဟူ၍ ကိုယ်တိုင်လည်း ဝန်ခံ၍ ဂိုဏ်းဆရာကြီး (ဥဒက)နှင့်တကွ တပည့်များကလည်း ဝန်ခံကြလေသည်။

ဘုရားအလောင်းတော်သည် ဥဒကဂိုဏ်းဆရာကြီး၏ မိမိတို့ အကျင့်လမ်းစဉ်ကို နေဝသညာနာသညာယတန (လောကီ)ဈာန်ပေါက်သည်တိုင်အောင် သင်ရိုးဟောစဉ်အတိုင်း ပြောကြားသွားပုံကို စဉ်းစားဆင်ခြင်တော်မူသောအခါ “ဥဒက၏ ဖခင်ဖြစ်သော ကွယ်လွန်ပြီးသူ ရာမဆရာကြီးမှာ ဤ နေဝသညာ-နာသညာယတနဈာန်တိုင်အောင်သော တရားလမ်းစဉ်အတွက် သူတပါးပြောဆိုသည်ကို ယုံကြည်ခြင်းသက်သက်ဖြင့် နှုတ်တက်သင်ယူထားရုံမျှ ဟုတ်ပုံမရချေ။ စင်စစ်ကား ဥဒက၏ဖခင် ရာမဆရာကြီးသည် လောကီဈာန် ရှစ်ပါးတို့ကို ကိုယ်တိုင် ရပြီးသူ သိပြီးသူ ဖြစ်ရမည်”ဟု သိမြင်တော်မူလေသည်။

(ဤ၌၊ ၊ဥဒကဂိုဏ်းဆရာကြီးမှာ အလောင်းတော်နှင့် ဆွေးဝေနွေးပြောဆိုနေသောထိုအချိန်၌ သမာပတ်ရှစ်ပါးကို ကိုယ်တိုင်မရသေးချေ၊ မိမိ၏ဖခင် ရာမဆရာကြီး ပြောကြားခဲ့သည့်အတိုင်းသာ အလောင်းတော်ကို ပြောပြနေခြင်း ဖြစ်သည်။ဥဒကဆရာကြီးကိုယ်တိုင်မှာမူ မိမိ၏အထံမှ ဘုရားအလောင်းတော်မြတ် အကျင့်လမ်းစဉ်ကို သင်ယူပြီးနှစ်ရက်၊ သုံးရက်အတွင်း လောကီဈာန်ရှစ်ပါး အထွတ်အထိပ်(နေဝ-သညာနာသညာယတနဈာန်တိုင်) ပေါက်မြောက်အောင် ရရှိတော်မူပြီးနောက်အခါ အလောင်းတော်သူမြတ် မိမိထံမှ ဖဲသွားသောအချိန်ကျမှ သံဝေဂကြီးစွာရပြီး နဂိုရ်ကလည်း ကမ္မဋ္ဌာန်းအလုပ် အားထုတ်ရင်းရှိသူပြီပြီအားထုတ်သဖြင့် နေဝသညာနာသညာယတနဈာန်တိုင်အောင် ရရှိ

http://www.dhammadownload.com



လေသည်။ ထိုအကြောင်းကို မူလပဏ္ဏာသဋ္ဌကထာ ဒုတိယအုပ် မျက်နှာ ၁၃၉၊၁၄၀-တို့၌ တိုက်ရိုက် ဖွင့်ပြထားလေသည်။ ။ထို့ကြောင့်ပင် ဘုရားအလောင်းတော်သည် ကိုယ်တိုင် စဉ်းစားသော အခါမှာလည်း ဥဒက၏ဖခင် ရာမဆရာကြီးကိုသာ စဉ်းစား ဆင်ခြင်တော်မူလေသည်၊ ဥဒကဆရာကြီးနှင့် စကားတုံ့ပြန် မေးမြန်းသော အခါမှာလည်း သူ၏ ဖခင် ရာမဆရာကြီးကိုသာ မေးမြန်းတော်မူလေသည်။ ဤအချက်ကို ဗုဒ္ဓဝင်စာဖတ် ပရိသတ်တို့သည် စောစောစီးစီးက ကြိုတင် သတိရှိထား ရန် ဖော်ပြခြင်းဖြစ်ပေသည်)။

အလောင်းတော်သူမြတ်သည် ဥဒကဂိုဏ်းဆရာကြီးထံ တဖန် ချဉ်းကပ်ပြီးလျှင် "အိုငါ့ရှင်···· သင်၏ဖခင် ရာမဆရာကြီးသည် အဘယ်မျှသော အတိုင်းအရှည်ဖြင့် ဤအယူဝါဒ အကျင့်လမ်းစဉ် ကို ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက်ပြုကာ ငါနေထိုင်၏ဟု ပြောဆိုခဲ့ပါသနည်း" ဟူ၍ တိုက်ရိုက်ပင် မေးမြန်းတော်မူလေ သည်။ ဥဒကဆရာကြီးသည်လည်း အလောင်းတော်သူမြတ်အား နေဝသညာနာသညာယတနဈာန်တိုင်အောင် ပြန်ကြားပြောဆို လေသည်။ ထိုအခါ အလောင်းတော်၏ စိတ်သန္တာန်၌ ဤသို့ အကြံဖြစ်လာလေသည်— "ဥဒက၏ဖခင် ရာမဆရာကြီးမှာသာ နေဝသညာနာသညာယတန ဈာန်ပေါက်အောင် နိုင်မာသော သဒ္ဓါတရားရှိသည်မဟုတ်၊ ငါမှာလည်း နေဝသညာနာသညာ- ယတနဈာန်ပေါက်အောင် နိုင်မာသော သဒ္ဓါတရား ရှိသည်။ ဥဒက၏ဖခင် ရာမဆရာကြီးမှာသာ နေဝသညာနာသညာယတန ဈာန်ပေါက်အောင် နိုင်မာလှသော ဝီရိယတရား, သတိတရား, သမာဓိတရား, ပညာတရားများ ရှိသည်မဟုတ်၊ ငါမှာလည်း နေဝသညာနာသညာယတနဈာန်ပေါက်အောင် နိုင်မာလှသော ဝီရိယတရား, သတိတရား, သမာဓိတရား, ပညာတရားများ ရှိကုန် သည်။ အကြင် နေဝသညာနာသညာယတန ဈာန်တိုင်အောင် သော လောကီသမာပတ် ဈာန်ရှစ်ရပ်ကို ဥဒက၏ဖခင် ရာမ ဆရာကြီးသည် ငါကိုယ်တိုင်ပင် ထူးသောဉာဏ်ဖြင့် ဆိုက်ရောက် မျက်မှောက်ပြုကာ ဝင်စား၍ ချမ်းသာစွာ ငါနေရ၏ဟု ပြောကြား ခဲ့၏။ ငါသည်လည်း ထိုလောကီသမာပတ် ဈာန်ရှစ်ရပ်တို့ကို

http://www.dhammadownload.com



ရာမဆရာကြီးကဲ့သို့ပင် ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက်ပြုနိုင်ရန် ကျင့်ကြံကြိုးကုတ် အားထုတ်ရမူ ကောင်းလေစွ…”၊ ဤကဲ့သို့ အကြံဖြစ်ကာ ကသိုဏ်းပရိကံများ ကြိုးစားအားထုတ်တော်မူလေရာ မကြာမီ နှစ်ရက် သုံးရက်အတွင်းမှာပင် ဥဒကဏ်ဖခင် ရာမဆရာကြီး ပေါက်ရောက်ခဲ့သည့် နေဝသညာနာသညာယတန ဈာန်တိုင်အောင်သော လောကီသမာပတ် ဈာန်ရှစ်ရပ်တို့ကို ကိုယ်တိုင်မျက်မှောက် ဆိုက်ရောက်သိမြင်ကာ ထိုသမာပတ် ချမ်းသာကို ဝင်စား၍ နေထိုင်တော်မူခဲ့လေသည်။

အလောင်းတော်သူမြတ်သည် ဥဒကဂိုဏ်းဆရာကြီးထံ တဖန်သွားရောက်ပြီးလျှင် “ငါ့ရှင်… သင်၏ဖခင် ရာမဆရာကြီးသည် ဤမျှသော ပဋိပတ်လမ်းစဉ်ဖြင့် လောကီသမာပတ် ဈာန်ရှစ်ရပ်တို့ကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာဝင်စား၍ နေကြောင်း ပြောဆိုခဲ့ပါသလော” ဟု မေးမြန်းသဖြင့် ဥဒကဆရာကြီးသည်လည်း ဟုတ်မှန်ကြောင်း ပြောဆိုလတ်သည်တွင် အလောင်းတော်သူမြတ်သည် “ငါ့ရှင်… ငါသည်လည်း ဤမျှသော ပဋိပတ်လမ်းစဉ်ဖြင့် နေဝသညာနာသညာယတနဈာန်တိုင်အောင်သော လောကီသမာပတ် ဈာန်ရှစ်ရပ်တို့ကို ကိုယ်တိုင်ပင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေကာ ဝင်စားကာ ချမ်းသာစွာနေရ၏”ဟု ပြောဆိုတော်မူလေ၏။ ထိုအခါ ဥဒကဂိုဏ်းဆရာကြီးသည်လည်း အာဠာရ ဆရာကြီးနည်းတူ ဇာဿာမစ္ဆရိယ အညစ်အကြေးမအောင်းသည့် သူတော်ကောင်း ပုဂ္ဂိုလ်ကြီးပီပီ “အရှင်မြတ်ကဲ့သို့ ထက်မြက်သော ပညာရှင် သီတင်းသုံးဖော် တရားကျင့်ဖော်ကို ဖူးမြော်တွေ့မြင်ရသော ငါတို့အဖို့ရာ အရတော်လိုက်ပါဘိ ငါ့ရှင်….”ဟူ၍ ဝမ်းမြောက်ဝမ်းသာစကားအားရစွာ ပြောကြားလေသည်။

### ဥဒကဂိုဏ်းဆရာကြီးက အလောင်းတော်သူမြတ်အား ဂိုဏ်းတစုလုံးကိုအပ်၍ ဆရာအရာ၌တင်ထားကာ အမြတ်တနိုးပူဇော်ခြင်း

ဥဒကဂိုဏ်းဆရာကြီးသည် ဇာဿာ မစ္ဆရိယ အညစ်အကြေးကင်းဝေးသူပီပီ ရှေးဆိုအပ်ပြီးအတိုင်း ကျေးဇူးစကား ချီးမွမ်း

http://www.dhammadownload.com



စကား ပြောကြားရုံသာမဟုတ်ပဲ တဖန်ဆက်၍ "အိုယောက်ျားမြတ်....အကျွန်ုပ်၏ဖခင် ရာမဆရာကြီးသည် အကြင်တရားကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေပြီးလျှင် ဟောကြားခဲ့လေပြီ၊ ထိုတရားကို အသင်ယောက်ျားမြတ်သည်လည်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေပြီးလျှင် နေနိုင်ပါပေ၏။ အသင်ယောက်ျားမြတ်သည် အကြင်တရားကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေပြီးလျှင် နေတော်မူ၏၊ ထိုတရားကိုပင် အကျွန်ုပ်၏ဖခင် ရာမဆရာကြီးသည်လည်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေပြီးလျှင် ဟောကြားခဲ့လေပြီ။ ဤသို့လျှင် အကျွန်ုပ်၏ဖခင် ရာမဆရာကြီး သိခဲ့ပြီးသောတရားကို ယောက်ျားမြတ်သိတော်မူပေ၏၊ ယောက်ျားမြတ် သိတော်မူသော တရားကိုပင် အကျွန်ုပ်၏ဖခင် ရာမဆရာကြီးလည်း သိခဲ့လေပြီ။ ဤသို့လျှင် အကျွန်ုပ်၏ဖခင် ရာမဆရာကြီးကဲ့သို့ပင် အသင်ယောက်ျားမြတ်သည် ဖြစ်တော်မူပေ၏၊ အသင်ယောက်ျားမြတ်ကဲ့သို့ပင် အကျွန်ုပ်၏ ဖခင် ရာမဆရာကြီးသည်လည်း ဖြစ်ပါပေ၏။ လာတော်မူပါငါ့ရှင်....ငါ့ရှင်သည်ပင် ဤဂိုဏ်းကြီးကို ထိန်းသိမ်းစောင့်ရှောက်တော်မူပါ"ဟူ၍ ပြောဆိုကာ တပည့်ဂိုဏ်းပရိသတ်ကြီးတခုလုံးကို အလောင်းတော်သူမြတ်အား နှင်းအပ်လေတော့သည်။ ဤသို့လျှင် ဥဒကဆရာကြီးသည် သီတင်းသုံးဖော် အတူတကွ တရားကျင့်ဖော် ဖြစ်တော်မူသော အလောင်းတော်သူမြတ်ကို မိမိ၏ဆရာအရာ၌ တင်ထားလေတော့သည်။

တပည့်ဂိုဏ်းကြီးတခုလုံးကိုနှင်းအပ်ရုံသာမဟုတ်ပဲရှေးဆိုအပ်ပြီး အာဠာရဆရာကြီးနည်းတူပင် အမြတ်ဌ နိုး ကော်ရော်ပူဇော်မှုကိုလည်း ပြုလေသည်။ (၂၂၅၊ ပဌမစာခေါင်းကို ပြန်၍ကြည့်ပါ)။

### အလောင်းတော်သူမြတ်သည် လောကီချမ်းသမာပတ်တို့၌ အပြစ်ကိုမြင်ကာ ဥဒကဆရာကြီးထံမှ ဖဲခွါခဲ့ခြင်း

အလောင်းတော်သူမြတ်မှာ ထိုလောကီသမာပတ် ရှစ်ပါးတို့ကို အရကြီးကုတ် အားထုတ်တော်မူပြီးနောက် များမကြာမီ

http://www.dhammadownload.com



ကာလအတွင်းမှာပင် ရှေးရှေးဘဝတို့က ထိုရှာန်တို့၌ အလေ့အကျက်ရပြီးသူဖြစ်ခြင်းကြောင့်၎င်း, ပညာအဆင်အခြင် ကြီးမြတ်သူဖြစ်ခြင်းကြောင့်၎င်း ထိုလောကီဈာန် ရှစ်ပါးတို့၏ ပစ္စုပ္ပန်ဘဝ အလားအလာ သဘောသွား, တမလွန်ဘဝ၌ ရရှိမည့် အကျိုးများကို စဉ်းစားဆင်ခြင်တော်မူလတ်သောအခါ ထိုနေဝသညာနာသညာယတနဈာန်တိုင်အောင်သော လောကီသမာပတ် ဈာန် ရှစ်ရပ်တို့၏ ပစ္စုပ္ပန်ဘဝ၌ သဘောသွား အလားအလာ, တမလွန်ဘဝ၌ ဘဝဂ်ဘုံခေါ်သော နေဝသညာနာသညာယတနဗြဟ္မာ့ဘုံ၌ ပဋိသန္ဓေကျိုး ပေးလိမ့်မည့်အခြင်းအရာတို့ကို ကောင်းစွာသိမြင်တော်မူလေသည်။ ထိုအခါ "ဤလောကီသမာပတ် ဈာန်ရှစ်ရပ်တို့သည် ဝဋ်ဆင်းရဲ၌ အကျုံးဝင်သောတရားများသာ ဖြစ်ကုန်၏"ဟူ၍ ဆုံးဖြတ်ချက်ချမှတ်တော်မူကာ "ဤလောကီသမာပတ် ဈာန်ရှစ်ရပ်တရားစုသည် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ဘို့ရန် မဖြစ်နိုင်ချေ၊ တပ်ခြင်းကင်းဘို့ရန် မဖြစ်နိုင်ချေ၊ ရာဂအစရှိသော ကိလေသာများ ချုပ်ငြိမ်းဘို့ရန် မဖြစ်နိုင်ချေ၊ ကိလေသာခပ်သိမ်း ငြိမ်းဘို့ရန် မဖြစ်နိုင်ချေ၊ သိသင့်သမျှ တရားများကို သိဘို့ရန် မဖြစ်နိုင်ချေ၊ မဂ်ဉာဏ်လေးပါးတို့ကို ရဘို့ရန် မဖြစ်နိုင်ချေ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့ရန် မဖြစ်နိုင်ချေ။ စင်စစ်သော်ကား ဤလောကီသမာပတ် ဈာန်ရှစ်ရပ်တို့သည် အမြတ်ဆုံး အထက်ဆုံး အကျိုးပေးပါမှ မဟာကပ်ပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်သည့် (ဘဝဂ်ခေါ်သော) နေဝသညာနာသညာယတန ဗြဟ္မာ့ဘုံသို့ ရောက်ရုံသာ အကျိုးပေးလိမ့်မည်၊ ထို့ထက် သာလွန်သောအကျိုးကို ပေးနိုင်ကြမည်မဟုတ်၊ ထိုဈာန်၏အကျိုးပေးရာ နေဝသညာနာသညာယတနဗြဟ္မာ့ဘုံမှာလည်း ဇာတိဘေး,ဇရာဘေး,မရဏဘေးတို့မှ မလွတ်မြောက်သေးသောဌာနသာ ဖြစ်ချေသည်၊ သေမင်း၏ ကျော့ကွင်းဖြင့် ဝန်းရံအပ်ပြီးသားသာ ဖြစ်ချေသည်"ဟူ၍ လေးနက်စွာ ဆင်ခြင် စဉ်းစားတော်မူမိလေသည်။

http://www.dhammadownload.com



ဆာလောင်မွတ်သိပ်ခြင်း အပြင်းနှိပ်စက်အပ်သော ယောက်ျားသည် နှစ်သက်ဖွယ်သော ထမင်းပွဲကြီးကိုရရှိ၍ ပဌမရှေ့ပိုင်းတွင် ထိုထမင်းပွဲကြီးကို နှစ်သက်အားရစွာ စားသုံးပြီးနောက် သည်းခြေဒေါသ ထ၍ဖြစ်စေ, သလိပ်ဒေါသ ထ၍ဖြစ်စေ, ထို ထမင်းပွဲကြီးထဲ၌ ယင်ကောင်ကျ၍ဖြစ်စေ ထို ထမင်းပွဲကြီးကို ငြီးငွေ့စက်ဆုပ်ကာ စွန့်ပယ်ပြီးလျှင် နောက်ထပ်တဖန် ထမင်းတလုပ်ကိုမျှ စားလိုစိတ် မရှိတော့သကဲ့သို့ ထို့အတူ အလောင်းတော်သူမြတ်သည်လည်း ထိုလောကီသမာပတ် ဈာန်ရှစ်ရပ်တို့ကို နှစ်ရက်သုံးရက်အတွင်း အလွယ်နှင့်အားထုတ်၍ ရရှိပြီးလျှင် ပဌမပိုင်းရှေ့အဖို့၌ ထိုဈာန်သမာပတ်တို့ကို နှစ်သက်စွာဝင်စားသုံးဆောင်ပြီးနောက် တဖန် ထိုသမာပတ်တို့၏ ဝဋ်ဆင်းရဲ၌သာ အကျုံးဝင်ခြင်း အစရှိသော ဈေးဖော်ပြရာပါ အပြစ်များကို မြင်တော်မူသောအခါမှစ၍ ထို သမာပတ်ရှစ်ပါးတို့ကို ဝသီဘော်ငါးမျိုးတို့တွင် တမျိုးမျိုးဖြင့်မျှ လေ့လာသုံးစွဲရန်စိတ် လုံးဝမရှိတော့ပဲ "ဤ သမာပတ်ရှစ်ပါးဖြင့် ဘာမျှအကျိုးမရှိ၊ ဤ သမာပတ်ရှစ်ပါးဖြင့် ဘာမျှအကျိုးမရှိ" ဟူ၍သာ အဖန်ဖန်ပယ်ရှား၍ ထိုသမာပတ်ရှစ်ပါးမှ ငြီးငွေ့တော်မူသည်ဖြစ်ရကား ထိုဥဒကဂိုဏ်းဆရာကြီးထံမှ မကြာမီ ဖဲခွါတော်မူခဲ့လေ၏။

---

**အခဏ်း-၆**

## ဒုက္ကရစရိယာ ကျင့်တော်မူခဏ်း

### ဥရုဝေလတောအုပ်သို့ ကြွ၍ ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်တော်မူခြင်း

ဘုရားအလောင်းတော်သည် ဥဒကဂိုဏ်းဆရာကြီးထံမှ ဖဲခွါတော်မူခဲ့ပြီးနောက် နိဗ္ဗာန်တရားကို ရှာမှီးတော်မူလျက် မဂဓတိုင်း၌ အစဉ်သဖြင့် ခရီးဒေသစာရီ လှည့်လည်တော်မူလတ်သော် **သေနာ**နိဂုံးသို့ ရောက်ဆိုက်တော်မူလေသည်။ ထို သေနာနိဂုံး၏ အနီး၌ **ဥရုဝေလ**တောအုပ်ရှိလေသည်။ ထို ဥရုဝေလတောအုပ်၌ သူတော်သူမြတ်တို့ မွေ့လျော်လောက်သည့် မြေနေမြေထားကိုဂဉ်း,

http://www.dhammadownload.com



စိတ်ကြည်နူးဘွယ်ကောင်းသော တောအုပ်ကိုင်၎င်း, ရှုံ့ညွှန်ဗွက်အိုင် မရှိ ပကတိသန့်ရှင်းလျက် ဆင်းရန် တက်ရန် အလွန်ကောင်းသော ဆိပ်ကမ်းရှိပြီး ငွေလွှာငွေပြားကို ခင်းထားသည့်ပမာ သာယာသော သဲအပြင် မြူးရှင်သော ငါး, လိပ်တို့ဖြင့် စိတ်ကြည်နူးစဖွယ် စင်ကြယ်သော ရေအယဉ်တို့ တသွင်သွင် စီးဆင်းနေသည့် နေရဉ္စရာမြစ်ကိုင်၎င်း, တောနေရဟာန်းတို့ ဆွမ်းခံ၍ ရလွယ်မည့် ရွာငယ်ကလေးများကိုင်၎င်း တွေ့မြင်တော်မူလေရာ အလောင်းတော်၏ စိတ်သန္တာန်၌ "အိုး....မြေအပြင်ကလည်း သူတော်သူမြတ်တို့ မွေ့လျော်လောက်ပါဘိ၏၊ တောအုပ်ကလည်း စိတ်ကြည်နူးဘွယ် ကောင်းပါဘိ၏၊ နေရဉ္စရာမြစ်ကလည်း ပကတိ သန့်ရှင်းလျက် အဆင်း အတက် လွယ်ကူသော ဆိပ်ကမ်းရှိ၍ မဏိရတနာ မြကျောက်အသွင် စိမ်းလဲ့ကြည်လင်သော ရေအယဉ်တို့ တသွင်သွင် စီးဆင်းလျက်ရှိဘိ၏၊ ပတ်ဝန်းကျင်မှလည်း တောနေရဟာန်းတို့ ဆွမ်းခံ၍ရလွယ်မည့် ရွာငယ်ကလေးများရှိနေ၏။ ဤမြေအရပ်သည် နိဗ္ဗာန်ကို လိုလားသော အမျိုးကောင်းသား၏အဖို့ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရန် စွမ်းဆောင်နိုင်မည့်နေရာ ဖြစ်ချေသည်" ဟု အကြံကောင်း ဖြစ်ပွါးကာ ရသမျှသော ထင်း ခြောက် သစ်ရွက်ကလေးများဖြင့် ဖြစ်ကတတ်ဆန်း သင်္ခမ်း ကျောင်းကလေး ဆောက်လုပ်တော်မူပြီးလျှင် ထိုဥရုဝေလ တောအုပ်မှာပင် ပဓာနအလုပ် အားထုတ်တော်မူရန် ထိုင်နေတော်မူလေ၏။

### အလောင်းတော်သူမြတ်၏ဉာဏ်၌ ဥပမာသုံးမျိုး ထင်လာပုံ

ထိုအခါ ဘုရားအလောင်းတော်၏ ဉာဏ်၌ ဥပမာသုံးမျိုးတို့ ထင်လာကုန်၏၊ ထို ဥပမာသုံးမျိုးတို့မှာ—

(၁) ရေ၌စိမ်ထားအပ်သည့် ထင်းစိုကြီး (ရေသဖန်းသား အစိုကြီး)ကို မီးကို အလိုရှိသော ယောကျ်ားသည် မည်မျှပင် မီးဖြစ်အောင် မီးပွတ်တံဖြင့် ပွတ်ပါသော်လည်း မီးမဖြစ်နိုင်ပဲ ထို ယောကျ်ား ဆင်းရဲရုံသာ ရှိမည်ဖြစ်သကဲ့သို့ ထို့အတူ လောက၌

http://www.dhammadownload.com



သမဏ, ဗြာဟ္မဏအမည်ခံပုဂ္ဂိုလ်တို့သည် မိမိတို့ကိုယ်နှုတ်က ကာမတဏှာတည်းဟူသော အစိုဓာတ်အစေးဓာတ် မခြောက် မသွေ့ပဲ ဝတ္ထုအာရုံ ကာမဂုဏ်တို့နှင့်လည်း ကင်းရာလွတ်ရာ မနေပါပဲ မည်မျှပင် ကိလေသာကုန်ခန်းရန် ဆင်းရဲစွာ ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြသော်လည်း ထိုသူတို့မှာ မဂ်ဖိုလ်ကို မရရှိပဲ ဆင်းရဲရုံမျှသာ ရှိချိမ့်မည်၊ ဤဥပမာသည် အလောင်းတော် သူမြတ်၏ ဉာဏ်၌ ရှေးဦး ပဌမ ထင်လာ၏။

(ဤဥပမာ၌ ရေသဖန်းသားအစိုကြီးနှင့် ကိလေသာ တဏှာ အစေး မခြောက်သွေ့သေးသောပုဂ္ဂိုလ်တို့ တူကြ၏။ ရေသဖန်း သားအစိုကြီးကို ရေထဲ၌ ချထားခြင်းနှင့် ကိလေသာ တဏှာ အစေး မခြောက်သွေ့သောသူတို့ ဝတ္ထုကာမ တည်းဟူသော ရေထဲ၌ မိမိကိုယ်ကို ချထားခြင်းသည် တူ၏။ ရေ၌စိမ်ထားသည့် ရေသဖန်းသားအစိုကြီးကို မည်မျှပင်ပွတ်ပါသော်လည်း မီးကိုမရ ရှိပဲ ဆင်းရဲခြင်းသာ အကျိုးရခြင်းနှင့် ကိလေသာ တဏှာအစေး မခြောက်သွေ့သောသူတို့ ဝတ္ထုကာမများတို့ မစွန့်လွှတ်ပဲ မည်မျှ ပင် အားထုတ်သော်လည်း မဂ်ဉာဏ် တည်းဟူသောမီးကို မရရှိနိုင် ခြင်းသည် တူ၏။ ဤဥပမာကား .... သပုတ္တဘရိယပဗ္ဗဇ္ဇာ = ခေါ် သော သားမယားနှင့်တကွ ပြုအပ်သော ပရိဗိုဇ်ရဟန်းတို့၏ ရဟန်းပြုခြင်းအတွက် ထင်လာသောဥပမာတည်း)။

(၂) ရေနှင့်ဝေးကွာ ကုန်းပေါ်မှာ ထားအပ်သော ရေ သဖန်းသား ထင်းစိုကြီးကို မီးကို အလိုရှိသော ယောက်ျားသည် မည်မျှပင် မီးပွတ်တံဖြင့် ပွတ်ပါသော်လည်း စိုနေသည့်အတွက် မီးကိုမရပဲ ဆင်းရဲရုံသာ ရှိမည်ဖြစ်သကဲ့သို့ ထိုအတူ လောက၌ သမဏ, ဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တို့သည် မိမိတို့ကိုယ်နှုတ်က ကာမတဏှာ တည်းဟူသော အစိုဓာတ် အစေးဓာတ် မခြောက် မသွေ့ပါပဲလျက် ဝတ္ထုကာမ တည်းဟူသော ရေမှ ကိုယ်စိတ် တို့ဖြင့်ဖဲခွါ ဝေးစွာပင်နေ၍ ဆင်းရဲကြီးစွာ အားထုတ်ပါသော် လည်း ထိုသူတို့မှာ မဂ်ဖိုလ်ကိုမရရှိပဲ ဆင်းရဲရုံမျှသာ ရှိချိမ့်မည်။

http://www.dhammadownload.com



ဤဥပမာသည် အလောင်းတော်သူမြတ်၏ဉာဏ်၌ ဒုတိယမြောက် ထင်လာ၏။

(ဤဥပမာ၌ ရေသဖန်းသားအစိုကြီးနှင့် ကိလေသာတဏှာ အစေးမခြောက်သွေ့သေးသော ပုဂ္ဂိုလ်တို့ တူကြ၏။ ရေသဖန်း သားအစိုကြီးကို ရေနှင့်ဝေးကွာ ကုန်းအရပ်၌ ထားစေကာမူ ပင်ကိုယ်က စိုစွတ်နေသည့်အတွက် မည်မျှပင် ပွတ်ပါသော်လည်း မီးမဖြစ်နိုင်ခြင်းနှင့် ကိလေသာတဏှာအစေး မခြောက်သွေ့သေး သောသူတို့ ဝတ္ထုကာမတို့မှ ကိုယ်စိတ်တို့ဖြင့်ဖဲခွါ ဝေးစွာပင်နေ၍ ဆင်းရဲကြီးစွာ အားထုတ်ပါသော်လည်း မိမိတို့ ကိုယ်နှိုက်က ကိလေသာ တဏှာအစေး မခြောက်မသွေ့ စိုစွတ်နေသည့် အတွက် မဂ်ဉာဏ်တည်းဟူသော မီးမဖြစ်နိုင်ခြင်းသည် တူ၏။ ဤဥပမာကား ဗြာဟ္မဏဓမ္မိကပဗ္ဗဇ္ဇာ = ခေါ်သော သားမယား တို့ကိုစွန့်ခွါ၍ ပါသဏ္ဍအကျင့်မှားကို လိုက်စားကျင့်ကြံအားထုတ် ကြသော ပုဏ္ဏားတို့၏ ရဟန်းပြုခြင်းမျိုးအတွက် ထင်လာသော ဥပမာတည်း)။

(၃) ထို့ပြင်လည်း ရေနှင့်ဝေးကွာ ကုန်းပေါ်မှာထားအပ် သော ရေသဖန်းသားခြောက်ကြီးကို မီးကို အလိုရှိသော ယောက်ျားသည် မီးပွတ်တံဖြင့် ပွတ်သောအခါ ရေနှင့်ဝေးကွာ သောကြောင့်ရင်း,ပင်ကိုယ်ကပင် ခြောက်သွေ့သောကြောင့်ရင်း အလွယ်နှင့် မီးဖြစ်သကဲ့သို့ ထို့အတူ လောက၌ သမဏ,ဗြာဟ္မဏ အမည်ရသော ပုဂ္ဂိုလ်တို့သည် မိမိတို့ကိုယ်နှိုက်က ကာမတဏှာ တည်းဟူသော အစိုဓာတ် အစေးဓာတ်လည်း ခြောက်သွေ့ပြီး ဖြစ်၍ ဝတ္ထုကာမတို့မှလည်း ကိုယ်စိတ်တို့ဖြင့်ဖဲခွါ ဝေးစွာရှောင် ကြဉ်၍ ဆင်းရဲကြီးစွာ မှန်ကန်သောရဟန်းတရားကို အားထုတ် သည်ဖြစ်စေ,မပင်မပန်းသက်သာစွာ ရဟန်းတရားကို အားထုတ် သည်ဖြစ်စေ မဂ်ဖိုလ်ကို ရရှိနိုင်ပေ၏။ ဤဥပမာသည် အလောင်း တော်သူမြတ်၏ဉာဏ်၌ တတိယမြောက် ထင်လာ၏။ (ဥပမာ ဥပမေယျ ရှေးနည်းစဉ်းစား၍ ယပ်လေ။ ဤဥပမာကား ကိုယ်တော်မြတ်အတွက် ထင်လာသော ဥပမာဖြစ်သည်)။

http://www.dhammadownload.com



**ပဥ္စဝဂ္ဂီတို့ အလောင်းတော်ထံသို့ ရောက်ရှိဝတ်ပြုကြခြင်း**

ဘုရားအလောင်းတော် ဖွားမြင်ပြီးစကပင် ရှေး၌ ဆိုအပ်ပြီးသောအတိုင်း ရဟန်းပြုနှင့်ကြသော ပဥ္စဝဂ္ဂီရဟန်း ငါးဦးတို့သည် အလောင်းတော်မင်းသား တောထွက်၍ ရဟန်းပြုမပြု သတင်းစကား နာကြားစုံစမ်းရင်းက အလောင်းတော်မင်းသား တောထွက်၍ ရဟန်းပြုသွားပြီတဲ့ ဟူသော သတင်းကို ကြားသိရ၍ ရွာနိဂုံးစသည်တို့၌ အစဉ်သဖြင့် လှည့်လည်ကာ အလောင်းတော်ကို ရှာဖွေကြရာမှ ဉရုဝေလတော၌ အလောင်းတော်ကို တွေ့မိကြလေသည်။ ထိုအခါ ခြောက်နှစ်ကြာ ပဓာနအလုပ်ကို အားထုတ်တော်မူသော အလောင်းတော်ကို "ယခုပင် ဘုရားဖြစ်တော့မည်၊ ယခုပင် ဘုရားဖြစ်တော့မည်" ဟု မြော်လင့်ချက်ကြီးစွာဖြင့် အလောင်းတော်၏နေရာသခ်မ်းကျောင်းပရိဝုဏ်ကို တံမြက်လှည်းခြင်း, အလောင်းတော်အား ရေပူရေချမ်းကမ်းလှမ်းခြင်း အစရှိသော ဝတ်အကျင့်ဖြင့် ပြုစုလုပ်ကျွေးကြကာ အလောင်းတော်၏ အနီးအပါးမှာပင် လှည့်လည်ကျက်စားလျက် ရှိနေကြကုန်၏။

**ပဓာနအလုပ် ဒုက္ကရစရိယာကို ကျင့်တော်မူခြင်း**

(၁) အရေမျှ ကြွင်းပစေ (၂) အကြောမျှ ကျန်ပစေ (၃) အရိုးမျှ ကြွင်းပစေ (၄) အသားအသွေးတို့ ခန်းခြောက်သွားမူ သွားပစေ ဤအလုပ်ကိုဖြင့် ငါအောင်မြင်အောင် ပြုလုပ်မည်ဟူသော အင်္ဂါလေးပါးရှိသည့် ဇွဲလုံ့လဝီရိယမျိုးကို "ပဓာနဝီရိယ"ဟု ခေါ်၏၊ ယခု ဖော်ပြလတ္တံ့သော အကျင့်များကား ထိုပဓာနဝီရိယ ဇွဲလုံ့လမျိုးဖြင့် ပြုအပ်သော အလုပ်မျိုးဖြစ်၍ ပဓာနအလုပ်ဟူ၍ ခေါ်သည်။ ။ယခု ဖော်ပြလတ္တံ့သော အကျင့်များကား လူသာမန်တို့ ကျင့်ကြံရန် ခဲယဉ်းသော အကျင့်များဖြစ်၍ "ဒုက္ကရစရိယာ"ခေါ်ဆို၏။

(က) ဘုရားအလောင်းတော်သည် သေနာနိဂုံးသို့ ဝင်ကြွကာ ဆွမ်းခံလှည့်လည်ပြီး မေတ္တာဘာဝနာကို ပွါးများတော်မူ၍ အချိန်

http://www.dhammadownload.com



ကာလ ရက်များစွာကို လွန်စေပြီးနောက် တဆင့်တိုးတက်၍ "ရှုန့်ရင်းကြမ်းတမ်းသော အလုပ်အလွှေ့ ပြုလုပ်စားမျိုးအပ်သော ဤအစာအာဟာရကို မှီဝဲခြင်းဖြင့် ငါ့အား အဘယ်အကျိုး ရှိအံ့နည်း၊ ဤကဲ့သို့ အစာအာဟာရ ဝဝစား၍ မေတ္တာတရား ပွါးရုံမျှဖြင့် ငါရည်သန်သော သဗ္ဗညုတဉာဏ်ကို ရနိုင်မည်မဟုတ်"ဟူ၍ ဆင်ခြင်စဉ်းစားမိကာ ထိုသို့ ဆွမ်းခံ၍စားခြင်းအမှုကို ပယ်စွန့်တော်မူ၍ ဥရုဝေလတောအုပ်အတွင်း အလိုလို ကြွေကျသော သစ်သီးကြီးငယ်တို့ကိုသာ စားသုံး၍ မျှတတော်မူပြန်၏။ ထိုနည်းဖြင့်လည်း သဗ္ဗညုတဉာဏ်ကို မရနိုင်ရကား "ဤအလိုလို ကြွေကျသော သစ်သီးကြီးငယ် အစာအာဟာရသည်လည်း ကြမ်းတမ်းသေး၏၊ သစ်သီးကို ရှာဖွေရခြင်းသည်လည်း ပလိဗောဓစောမျိုးပင်ဖြစ်၏"ဟူ၍ ဆင်ခြင်စဉ်းစားတော်မူပြီးလျှင် ကိုယ်တော်မြတ်မှီခိုနေသော သစ်ပင်မှ အလိုလို ကြွေကျသော သစ်သီးဖြင့်သာ မျှတတော်မူပြန်၏။

(ခ) ဘုရားအလောင်းတော်သည်"အံကြိတ် တောက်ခေါက်၍ အားကြီးလှစွာ သမ္မာဝိတက်နှင့်ယှဉ်သော ကုသိုလ်စိတ်ဖြင့် ကာမဝိတက် အစရှိသော မိစ္ဆာဝိတက်တို့နှင့် တကွဖြစ်သော အကုသိုလ်စိတ်ကို ဖြစ်ခွင့်မပေးရမှု ကောင်းလေစွ၊ ပယ်ဖျောက်ရမှု ကောင်းလေစွ၊ ထိုအကုသိုလ်စိတ်များကို ဝီရိယမီးပူဖြင့် ခြေပစ်ရမှု ကောင်းလေစွ"ဟု ကြံစည်တော်မူကာ အံကြိတ်တောက်ခေါက်ကာ ကုသိုလ်စိတ်ဖြင့် အကုသိုလ်စိတ်ကို နှိပ်တော်မူလေသည်၊ ဖြစ်ခွင့်မပေး၊ ပယ်ဖျောက်တော်မူလေသည်၊ ဝီရိယမီးပူဖြင့် ကိုယ်မှကျွာအောင် မြှိုတော်မူလေတော့သည်။ ထိုအခါ လက်ကတီး(ချိုင်းကြား)တို့မှ ချွေးများ တတွေတွေ ယိုထွက်၍ လာလေသည်။ ဥပမာအားဖြင့် အားရှိသော ယောကျ်ားတယောက်က အားနည်းသော ယောကျ်ားတယောက်ကို ဦးခေါင်းကကိုင်၍ဖြစ်စေ, ပခုံးက ကိုင်၍ဖြစ်စေ ဖိနှိပ်သောအခါ ထိုအားနည်းသော ယောကျ်ား၏ ချိုင်းကြားမှ ချွေးများယိုထွက်လာသကဲ့သို့တည်း။ ထိုအခါ၌ အလောင်းတော်၏ ဝီရိယကား အလွန်

http://www.dhammadownload.com



ပြင်းထန်လှ၏၊ ဆုတ်နစ်ခြင်း အလျှင်းမရှိ။ သတိလည်း အလွန် ထင်လင်း စွဲမြဲလှ၏၊မေ့ပျောက်ခြင်း အလျှင်းမရှိ။ သို့သော် ဆင်းရဲစွာ အားထုတ်မှုက တကိုယ်လုံး ထိုးဆွသကဲ့သို့ ဖြစ်နေရကား အလောင်းတော်၏ တကိုယ်လုံးမှာ ပူရှိန်းကာ ငြိမ်းအေးမှုကို မရရှိခဲ့ချေ။ ဤမျှလောက် ဆင်းရဲကြီးစွာ ရောက်ရှိနေသော်လည်း အားထုတ်လိုသော စိတ်ဓာတ်ကား ယုတ်လျော့ ကုန်ခန်း၍ မသွားချေ။

(ဂ) ဘုရားအလောင်းတော်သည် "ထွက်လေဝင်လေ နှစ်ပါးကို အောင့်ချုပ်၍ ထားခြင်း = တည်းဟူသော အပ္ပါနကဈာန်ကို ဖြစ်စေရမူ ကောင်းလေစွ"ဟု ကြံစည်တော်မူကာ မလျော့သော လုံ့လဖြင့် ခံတွင်းမှရင်း, နှာခေါင်းမှရင်း ထွက်သက် ဝင်သက် ထွက်လေဝင်လေတို့ မထွက်မဝင်နိုင်အောင် ချုပ်တည်း၍ အောင့်၍ ထားလေသည်။ ထိုအခါ လေများသည် ခံတွင်းနှာခေါင်းမှ ထွက်ခွင့်မရသဖြင့် နားပေါက်တို့မှ စုု၍ ထွက်ကြကုန်၏၊ ထိုသို့ ထွက်သော လေတို့၏ အသံကား ပန်းပဲသမားတို့၏ ဖားဖိုမှ လေထွက်သံကဲ့သို့ အလွန်ပြင်းထန်လှကုန်၏။ ထိုအခါ၌ အလောင်းတော်၏ ဝီရိယကား အလွန်ပြင်းထန်လှ၏။ဆုတ်နစ်ခြင်း အလျှင်းမရှိ။ သတိလည်း အလွန်ထင်လင်း စွဲမြဲလှ၏၊ မေ့ပျောက်ခြင်း အလျှင်းမရှိ။ သို့သော် ဆင်းရဲစွာ အားထုတ်မှုက တကိုယ်လုံး ထိုးဆွသကဲ့သို့ ဖြစ်နေရကား အလောင်းတော်၏ တကိုယ်လုံးမှာ ပူရှိန်းကာ ငြိမ်းအေးမှုကို မရရှိခဲ့ချေ။ ဤမျှလောက် ဆင်းရဲကြီးစွာ ရောက်ရှိနေသော်လည်း အားထုတ်လိုသော စိတ်ဓာတ်ကား ယုတ်လျော့ကုန်ခန်း၍ မသွားချေ။

(ဃ) တဖန် အလောင်းတော်သည် "အပ္ပါနက ဈာန်ကိုပင် ထပ်၍ ဖြစ်စေရမူကောင်းလေစွ"ဟု ကြံစည်တော်မူကာ မလျော့သော လုံ့လဖြင့် ခံတွင်းမှရင်း, နှာခေါင်းမှရင်း, နားပေါက်တို့မှရင်း ထွက်သက်ဝင်သက် ထွက်လေဝင်လေတို့ မထွက် မဝင်နိုင်အောင် ချုပ်တည်း၍ အောင့်၍ ထားလေသည်။ ထိုအခါ လေများသည် ခံတွင်း နှာခေါင်း နားပေါက်တို့မှ ထွက်ခွင့်မရကြ

http://www.dhammadownload.com



သဖြင့် ဦးခေါင်းသို့တက်၍ တိုး၍ ထိုးဆွကြကုန်၏၊ ဥပမာ အားဖြင့် အားကြီးသော ယောကျ်ားတယောက်က ထက်လှစွာချွန်လှစွာသော စူးဖြင့် ဦးခေါင်း၌ မွှေနေသကဲ့သို့တည်း။ ထို အခါ၌လည်း အလောင်းတော်၏ ဝီရိယကား အလွန်ပြင်းထန်မြ ပြင်းထန်လှပေ၏၊ ဆုတ်နစ်ခြင်း အလျှင်းမရှိ။ သတိလည်း အလွန်ထင်လင်း စွဲမြဲတိုင်း စွဲမြဲလှပေ၏၊ မေ့ပျောက်ခြင်း အလျှင်းမရှိ။ သို့သော် ဆင်းရဲစွာအားထုတ်မှုက တကိုယ်လုံးထိုးဆွထားသကဲ့သို့ ဖြစ်နေရကား အလောင်းတော်၏ တကိုယ်လုံးမှာ ပူရှိန်းကာ ငြိမ်းအေးမှုကို မရရှိခဲ့ချေ။ ဤမျှလောက် ဆင်းရဲကြီးစွာ ရောက်ရှိနေသော်လည်း အားထုတ်လိုသော စိတ်ဓာတ်ကား ယုတ်လျော့ကုန်ခန်း၍ မသွားချေ။

( င) တဖန် အလောင်းတော်သည် "အပ္ပါနက ဈာန်ကိုပင် ထပ်၍ ဖြစ်စေရမူ ကောင်းလေစွ"ဟု ကြံစည်တော်မူကာ မလျော့သော လုံ့လဖြင့် ခံတွင်း နှာခေါင်း နားပေါက်တို့မှ ထွက်သက်ဝင်သက် ထွက်လေဝင်လေတို့ မထွက်မဝင်နိုင်အောင် ချုပ်တည်းမြဲချုပ်တည်း အောင့်မြဲအောင့်၍ ထားလေသည်။ ထို အခါ အလွန်ပြင်းထန်သောလေတို့ ဦးခေါင်းကို ထိုးကြသဖြင့် အလွန်ပြင်းထန်စွာ ခေါင်းကိုက်ခေါင်းခဲ ဝေဒနာတို့ ဖြစ်လာကြကုန်၏။ ဥပမာအားဖြင့် အားကြီးသော ယောကျ်ားတယောက်က သားရေကြိုးဖြင့် ဦးခေါင်းကို ရစ်ပတ်၍ တင်းကြပ်အောင် ပြုလုပ်သော အခါ ဆင်းရဲကြီးစွာ ရောက်သကဲ့သို့တည်း။ (ဤ စာဖတ်သူသည် မိမိ၏စိတ်ကူး ဉာဏ်ဖြင့် အားကောင်းသော ယောကျ်ားတယောက်က ခိုင်မာလှသော သားရေကြိုးကွင်းကြီးကို ဦးခေါင်း၌စွပ်ပြီး တုတ်ချောင်း တချောင်းဖြင့် လျှိုကာ တင်းကြပ်အောင် လှည့်ပေးနေသည်ကို စဉ်းစား၍ ကြည့်ပါ၊ ဤ အတိုင်းပင်တည်း။) ထိုအခါ၌လည်း အလောင်းတော်၏ ဝီရိယကား အလွန်ပြင်းထန်မြ ပြင်းထန်လှပေ၏၊ ဆုတ်နစ်ခြင်း အလျှင်းပင် မရှိချေ။ သတိလည်း အလွန် ထင်လင်း စွဲမြဲတိုင်း စွဲမြဲလှပေ၏၊ မေ့ပျောက်ခြင်း အလျှင်းပင်မရှိ။ သို့သော် ဆင်းရဲစွာ

http://www.dhammadownload.com



အားထုတ်မှု ဒဏ်ချက်က တကိုယ်လုံး ထိုးဆွသကဲ့သို့ ဖြစ်နေရကား အလောင်းတော်၏ တကိုယ်လုံးမှာ ပူရှိန်းကာ ငြိမ်းအေးမှုကို မရရှိခဲ့ချေ။ ဤမျှလောက် ဆင်းရဲကြီးစွာ ရောက်ရှိနေသော်လည်း အားထုတ်လိုသော စိတ်ဓာတ်ကား လျော့ပါးဆုတ်ယုတ် ကုန်ခန်း၍ မသွားချေ။

(စ) တဖန် အလောင်းတော် သူမြတ်သည် "အပ္ပါနကဈာန်ကိုပင် ထပ်၍ ဖြစ်စေရမူ ကောင်းလေစွ"ဟု ကြံစည်တော်မူကာ ရှေးနည်းအတူ မလျော့သောလုံ့လဖြင့် ခံတွင်း နှာခေါင်း နားပေါက်တို့မှ ထွက်သက်ဝင်သက် ထွက်လေဝင်လေတို့ မထွက်မဝင်နိုင်အောင် ချုပ်တည်းမြဲ ချုပ်တည်း အောင့်မြဲ အောင့်၍ ထားလေသည်၊ ထိုအခါ အလွန်ပြင်းထန်သော လေတို့သည် ဝမ်းပိုက်ကို ဖြတ်တောက်သည့်ပမာ လွန်စွာ ထိုးကျင်ကုန်၏။ ဥပမာအားဖြင့် အလုပ်ကျွမ်းကျင်သော နွားသတ်သမား (သို့မဟုတ် နွားသတ်သမား၏ လက်ထောက်တပည့်)က ထက်စွာသော နွားသတ်ဓားဖြင့် ဝမ်းပိုက်ကို ဖြတ်လှီးသကဲ့သို့တည်း။ ထိုအခါ၌လည်း အလောင်းတော်၏ ဝီရိယကား အလွန်ပြင်းထန်မြဲ ပြင်းထန်လှပေ၏၊ ဆုတ်နစ်ခြင်း အလျှင်းပင်မရှိချေ။ သတိလည်း အလွန်ယင်လင်း စွဲမြဲတိုင်း စွဲမြဲလှပေ၏၊ မေ့ပျောက်ခြင်း အလျှင်းပင်မရှိချေ။ သို့သော် ဆင်းရဲစွာ အားထုတ်မှုဒဏ်ချက်က တကိုယ်လုံး ထိုးဆွသကဲ့သို့ ဖြစ်နေရကား အလောင်းတော်၏ တကိုယ်လုံးမှာ ပူရှိန်းကာ ငြိမ်းအေးမှုကို မရရှိခဲ့ချေ။ ဤမျှလောက် ဆင်းရဲကြီးစွာ ရောက်ရှိနေသော်လည်း အားထုတ်လိုသော စိတ်ဓာတ်ကား လျော့ပါးဆုတ်ယုတ် ကုန်ခန်း၍ မသွားချေ။

(ဆ) တဖန် အလောင်းတော်သူမြတ်သည် "အပ္ပါနကဈာန်ကိုပင် ထပ်၍ ဖြစ်စေရမူ ကောင်းလေစွ"ဟု ကြံစည်တော်မူကာ ရှေးနည်းအတူ မလျော့သောလုံ့လဖြင့် ခံတွင်း နှာခေါင်း နားပေါက်တို့မှ ထွက်သက်ဝင်သက် ထွက်လေဝင်လေတို့ မထွက်မဝင်နိုင်အောင် ချုပ်တည်းမြဲချုပ်တည်း အောင့်မြဲအောင့်၍ ထားလေသည်၊ ထိုအခါ အလောင်းတော်၏တကိုယ်လုံး၌ အပြင်းအထန်

http://www.dhammadownload.com



ပူလောင်ခြင်း (ဋ္ဌာဟာရောဂါ)ဖြစ်ပေါ်လာလေသည်။ ဥပမာအားဖြင့် အားရှိသော ယောကျ်ားနှစ်ယောက်တို့က အားနည်းသော ယောကျ်ားတယောက်ကို လက်ဝဲ လက်ျာ လက်မောင်းတဖက်စီ ကိုင်ကြပြီး မီးပုံကြီး၌ ကင်၍ပေးသောအခါ ပြင်းထန်စွာပူလောင်ခြင်း ဖြစ်လာသကဲ့သို့တည်း။ ထို အချိန်မှာ အလောင်းတော်၏ တကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင်နေသည်။ ထိုအခါ၌လည်း ရှေးနည်းအတူ လုံ့လဝီရိယ ဆုတ်နစ်ခြင်းမရှိ ပြင်းထန်လှဘိ၏။ သတိလည်း မေ့ပျောက်ခြင်းမရှိ ထင်လင်းစွဲမြဲလှဘိ၏။ ပဓာန အံလုပ် ဆင်းရဲစွာ အားထုတ်မှုဒဏ်ချက်ကြောင့် ငြိမ်းအေးမှုကိုကား မရရှိခဲ့ချေ။ သို့စေကာမူ အားထုတ်လိုသောစိတ်ဓာတ်ကား လျော့ပါးဆုတ်ယုတ် ကုန်ခန်း၍မသွားချေ။

**မှတ်သားချက်။** ။[(က) စကားစုကား ဇိနာလင်္ကာရဋီကာမှ၊ (ခ) အစ(ဆ)တိုင်ကား မဟာသစ္စကသုတ်မှ ဖြစ်သည်။]

**စင်္ကြံအတွင်း ထိုင်လျက်သား မူးသွားခြင်း**

ထိုသို့ အလောင်းတော်သူမြတ်အား အလွန်အမင်း ကိုယ်ပူနာဖြစ်ပွါးလာသောအခါ အလောင်းတော် သူမြတ်သည် စင်္ကြံအတွင်းမှာပင် မူးမေ့သွားကာ ထိုင်လျက်သား တိမ်းလည်းသွားတော်မူ၏၊ (မြင်မကောင်း ရှုမကောင်း လျောင်းလျက် မှောက်လျက် တိမ်းလည်းသွားသည်မဟုတ်၊ သတိကြီးသူဖြစ်သဖြင့် စင်္ကြံသွားရင်းက ထိုင်လျက်သားကမလား တိမ်းလည်းသွားခြင်း ဖြစ်သည်။) ထိုသို့ ဘုရားအလောင်းတော်မြတ် ထိုင်လျက်သား တိမ်းလည်းသွားသောအခါ စင်္ကြံအနီးရှိ နတ်တို့သည် သုံးမျိုး သုံးစား ထင်မြင်ချက် ကွဲပြားကြကာ—

(၁) အချို့နတ်များက "**ရဟန်းဂေါတမသည် သေသွားပြီ**" ဟူ၍ ပြောဆိုကြလေသည်၊ (၂) အချို့နတ်များက "**ရဟန်းဂေါတမသည် သေပြီးပြီမဟုတ်သေး၊ ယခုမှသေနေတုန်း သေနေဆဲဖြစ်သည်**" ဟူ၍ ပြောဆိုကြလေသည်၊ (၃) အချို့နတ်များက "**ရဟန်းဂေါတမသည် သေပြီးပြီလည်းမဟုတ်၊ သေနေ**

http://www.dhammadownload.com



**တုန်းသေနေဆဲလည်းမဟုတ်၊ ရဟန်းဂေါတမသည် ရဟန္တာ ဖြစ်သွားပြီ၊ ဤနေပုံချိုးကား ရဟန္တာ၏ နေပုံမျိုး ဖြစ်သည်"** ဟူ၍ ပြောဆိုကြလေသည်။

ထိုသို့ ပြောဆိုကြသော နတ်သုံးမျိုးတို့အနက် "သေပြီ"ဟုပြော ဆိုသော နတ်များက သုဒ္ဓေါဒနမင်းကြီးထံသို့ သွားကြပြီးလျှင် "အသင်မင်းကြီးတို့၏ သားသည် သေသွားပြီ"ဟူ၍ ပြောဆိုကြ လေသည်။ "ငါ့သားတော်သည် ဘုရားဖြစ်ပြီးမှ သေတာလား၊ ဘုရားမဖြစ်သေးမီ သေတာလား" ဟု သုဒ္ဓေါဒနမင်းကြီးက မေးသောအခါ ထိုနတ်တို့က "သင့်သားသည် ဘုရားဖြစ်ခြင်းငှါ မစွမ်းနိုင်ရှာပဲ ပဓာနအလုပ်အားထုတ်ရင်းစင်္ကြံမြေအတွင်းမှာပင် တိမ်းလည်း၍ သေသွားရှာပြီ"ဟူ၍ ပြောဆိုကြလေရာ သုဒ္ဓေါဒန မင်းကြီးက "သင်တို့ပြောစကားကို လားလားမျှ ငါမယုံကြည်၊ ငါ့သားတော်အဖို့ သမ္ဗောဓိဉာဏ်သို့ မရောက်ပဲ (=ဘုရား မဖြစ်ပဲ) သေခြင်းဆိုသောတရားသည် ဖြစ်ပင် မဖြစ်နိုင်" ဟူ၍ တင်းတင်းမာမာကြီးပင် ပြောကြားလိုက်လေသည်။

### အစာကိုလျှော့၍ စားတော်မူခြင်း

ဘုရားအလောင်းတော်သည် မူးမေ့သွားရာမှ သတိရလာ သောအခါ၊ "ငါသည် အစာအာဟာရကို လုံးဝမစားပဲကျင့်ရမူ ကောင်းလေစွ" ဟူ၍ ကြံစည်တော်မူသောအခါ နတ်များက "အို သူတော်ကောင်း အလောင်းတော်ရဟန်းမြတ်.... သင်သည် အစာအာဟာရကို လုံးဝဖြတ်တော်မမူပါလင့်၊ အိုသူတော် ကောင်း အလောင်းတော်ရဟန်းမြတ်····အကယ်၍ သင်သည် အစာအာဟာရကို လုံးဝဖြတ်တောက်ရန်ကျင့်ကြံတော်မူခဲ့ပါလျှင် ငါတို့သည် သင်၏ကိုယ်အတွင်းသို့ မွေးညှင်းပေါက်တို့မှ နတ် ဩဇာကို ကည့်သွင်းကြရပါလိမ့်မည်၊ ထိုနတ်ဩဇာဖြင့် သင်သည် မျှတရပါလိမ့်မည်"ဟူ၍ ပြောဆိုကြလေသည်။ထိုအခါ အလောင်း တော် သူမြတ်၏ စိတ်သန္တာန်၌ "ငါကလည်း အစာအာဟာရ လုံးဝမစားဘူးဟူ၍ ဝန်ခံငြားအံ့၊ ဤနတ်များကလည်း မွေးညှင်း

http://www.dhammadownload.com



တွင်းတို့မှ နတ်ဩဇာကို ထည့်သွင်း၍ ပေးကုန်ပြားအံ့၊ ထိုနတ်ဩဇာဖြင့်လည်းငါမျှတ၍နေပြားအံ့၊ဤသို့လုံး၀ အစာမစားဘူးဟု ၀န်ခံပါလျက် နတ်ဩဇာဖြင့် မျှတ၍နေခြင်းသည် ငါ့အတွက်တာ ရှေ့နောက်မညီ ချွတ်ချွတ်လွဲလွဲသာ ဖြစ်လေရာ၏”ဟု အကြံတော်ဖြစ်ပွါးကာ “အမောင် နတ်တို့.... ဤကဲ့သို့ မွေးညှင်းတွင်းတို့မှ နတ်ဩဇာ ထည့်သွင်းခြင်း အမှုကို မပြုကြပါလင့်၊ ငါသည် မျှတရုံလောက် အစာအာဟာရကို မှီ၀ဲပါမည်”ဟူ၍ မိန့်ဆိုတော်မူလေသည်။

ထိုအခါမှစ၍ ဘုရားအလောင်းတော်သည် အစာအာဟာရကို လုံး၀ဖြတ်တောက်မှုမပြုပဲ နည်းနည်း နည်းနည်းကိုသာ စားသုံးမှီ၀ဲတော်မူလေသည်၊ တနေ့အတွက်တာ တရံတခါ ပဲနောက်ပြုတ်ရည် တလက်ဆွမ်း (=တလက်ခုပ်) လောက်ဖြင့်လည်း မျှတတော်မူ၏၊ တရံတခါ ပဲဝိစပ်ပြုတ်ရည် တလက်ဆွမ်း (=တလက်ခုပ်) လောက်ဖြင့်လည်း မျှတတော်မူ၏၊ တရံတခါ ကုလားပဲပြုတ်ရည် တလက်ဆွမ်း (=တလက်ခုပ်) လောက်ဖြင့်လည်း မျှတတော်မူ၏၊ တရံတခါ စားတော်ပဲပြုတ်ရည် တလက်ဆွမ်း (=တလက်ခုပ်)လောက်ဖြင့်လည်း မျှတတော်မူ၏။

ထိုသို့ ပဲပြုတ်ရည်ကလေး တလက်ဆွမ်း (=တလက်ခုပ်) လောက်ဖြင့် မျှတတော်မူရသည့်အတွက် ဘုရားအလောင်းတော်၏ရူပကာယကား အလွန် ပင်ပန်းနွမ်းနယ်ကာ ပိန်ချုံး၍ သွားလေ၏—

> ဘုရားအလောင်းတော်၏ အင်္ဂါကြီးငယ်တို့သည် အစာအာဟာရ နည်းနည်းသာ စားသုံးတော်မူသည့်အတွက် အာသီတိကမည်သော နွယ်, ကာဠမည်သော နွယ်တို့၏ အဆစ်များကဲ့သို့ အရိုးဆက်အဆစ်နေရာတို့က ဖေါလျက် မောက်လျက် အဆစ်မဟုတ်သောနေရာတို့က ပိန်လျက် ချိုင့်လျက် နေကုန်၏။

http://www.dhammadownload.com



ဘုရားအလောင်းတော်၏ တင်ပါးတို့သည် ကုလားအုပ် ခွါကြီးများကဲ့သို့ ပတ်ဝန်းကျင်ရှုံ့တွလျက် ဝစ္စမဂ် (=ကျင်ကြီးစွန့်သော နေရာ) တို့က အတွင်းသို့ ချိုင့်၍ ဝင်နေကုန်၏။

ဘုရားအလောင်းတော်၏ ကျောက်ကုန်း (=ကျောရိုး)တို့မှာလည်း ပုတီးလုံးကြီးများကို ကြိုးဖြင့်သီထားသည့်ပမာ အလယ်မှာ နိမ့်ကျလျက် အရိုးငေါငေါ ပေါပေါ ပေါ်လွင်နေကုန်၏။

စရပ်အို, ကျောင်းအို, အိမ်အိုမှ အချင်ရနယ်များကဲ့သို့ နံရိုးတို့သည်လည်း အကြားအကြား၌ အသားတွေ နိမ့်ကျကုန်ရကား မြင်မကောင်း ရှုမကောင်း စနှောင်စနင် မပြေမပြစ် ဖြစ်၍နေကုန်၏။

မျက်လုံးအိမ်အတွင်းရှိ မျက်လုံးတော်တို့ကိုလည်း ရေတွင်းနက်ကြီးထဲက ရေပွက်ကလေးများပမာ အတွင်းသို့ ဝင်လျက်သား နေသည်တို့ကို မြင်ရကုန်၏။

ဦးခေါင်းတော် အရေမှာလည်း ဗူးခါးသီးနုနုကလေးကို ခူး၍ နေလှန်းသည့်ပမာ ရှုံ့၍ တွန့်၍ ညှိုးနွမ်း၍နေ၏။

ဝမ်းရေတော်နှင့်ကျောသားကပ်လျက်နေရကား ဝမ်းရေကိုစမ်းလိုက်လျှင် ကျောရိုးကိုပါ ကိုင်မိတော့၏၊ ကျောရိုးကို စမ်းလိုက်လျှင်လည်း ဝမ်းရေကိုပါ ကိုင်မိတော့၏။

ကျင်ကြီး ကျင်ငယ်ကို စွန့်မည်ဟူ၍ ထိုင်လိုက်သောအခါ ကျင်ငယ်ဖြစ်နိုင်လောက်အောင် အာဟာရ ဓာတ်ရည်က ဝမ်းထဲ၌မရှိသောကြောင့် လုံးဝကျင်ငယ်မထွက်ပဲ ကျင်ကြီးသော်မူ ကွမ်းသီးတလုံး, နှစ်လုံးခန့်မျှ စာမြင်းဖြစ်ကာ ခဲယဉ်းစွာထွက်ရ၏။ တကိုယ်လုံးမှ ချွေးများတဖြိုင်ဖြိုင်ယိုစီးကျလာ၏၊ ထိုနေရာမှာပင် မှောက်လျက်သား တိမ်းလည်းသွား၏။

http://www.dhammadownload.com



မိမိကိုယ်ကို အနည်းငယ်မျှ သက်သာရာ ရတန် ရပါစေ တော့ဟု လက်ဖြင့် ပွတ်သပ်လိုက်သောအခါ အရင်းပုပ် နေသော (အသားအသွေး နည်းပါးလှသဖြင့် အရင်း ပိုင်းက အသားအသွေးကို အမှီမရသော) မွေးညှင်းများ သည် ကိုယ်မှကျွတ်ကာ လက်၌ကပ်ငြိ၍ ပါလာကုန်၏။

မြတ်စွာဘုရား အလောင်းတော်၏ ပင်ကိုယ်ပကတိ အဆင်းသည် သိင်္ဂီနိက်ရွှေစင် အဆင်းကဲ့သို့ ဝါဝင်း၍ နေ၏၊ သို့သော် ထိုတရားအားထုတ်ချိန်၌ မြင်ရသူတို့ကား တချို့က **"ရဟန်းဂေါတမသည် အသားမဲကြီး"**ဟု ပြော ဆိုကြ၏၊ တချို့ကမူ **"ရဟန်းဂေါတမသည် အသားမဲကြီး မဟုတ်၊ ရဟန်းဂေါတမသည် အသားညိုကြီး"**ဟု ပြော ဆိုကြ၏၊ တချို့ကလည်း **"ရဟန်းဂေါတမသည် အသား မဲကြီးလည်း မဟုတ်၊ အသားညိုကြီးလည်း မဟုတ်၊ ရဟန်း ဂေါတမသည် ငါးခုရေကဲ့သို့ ပြာလဲ့သော အဆင်းရှိသူဖြစ်သည်"**ဟု ပြောဆိုကြ၏။

(ဤဗုဒ္ဓဝင်စာဖတ်သူသည် ဤနေရာ၌ ခေတ္တရပ်နား၍ စဉ်းစား ကြည့်စမ်းပါ၊ ဘုရားအလောင်းတော်သည် ဤဆိုအပ်ပြီးသော လူ သာမန်တို့ ကျင့်နိုင်ခဲသည့်အကျင့်ကို အချိန် ရက် လ တိုတောင်းစွာ ကျင့်သည်မဟုတ်၊ ခြောက်နှစ်ကြာ ကျင့်တော်မူခြင်းဖြစ်သည်၊ ထိုမျှ လောက် နှစ်ပေါင်းခြောက်နှစ်ကြာ ဆင်းရဲစွာ ကျင့်ကြံရသော်လည်း ဘုရားအလောင်းတော်၏စိတ်၌— ငါသည်ဤမျှခြောက်နှစ်ကြာခဲယဉ်း စွာ ကျင့်ရသော်လည်း သဗ္ဗညုတဉာဏ်တော်ကိုမရခဲ့၊ ကိုင်း... ဒါလောက် တောင်ရှိလှတာ ရွှေနန်းတော်သို့ပြန်သွားပြီး ယသောဓရာမိဖုရား အမှူး ရှိသည့် နန်းသူအပေါင်း လေးသောင်းတို့၏ အပြုံအစု အမူအယာကို ခံယူကာ အသက်ထင်ရှား ရှိနေကြသော မယ်တော် (မိထွေးတော် ဂေါတမီကို ဆိုလိုသည်၊) ခမည်းတော်တို့နှင့် ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့ကို ချမ်းချမ်းသာသာ ငါကြည့်ရှု၍နေပေအံ့ဟူ၍ရင်း၊ နတ်၌ဖြစ်သော ဘောဇဉ်နှင့်တူသည့် အလွန်မွန်မြတ်သော တောဇဉ်ကို စားသုံးကာ အလွန် အတွေ့အထိ ကောင်းမြတ်သည့် အိပ်ရာနေရာ၌ ချမ်းသာစွာ အိပ်နေတော့မည်ဟူ၍ရင်း ဤကဲ့သို့ အသက်သာခို ခန္ဓာ

http://www.dhammadownload.com



ကိုယ်ကို အညှာပေးလိုသော အကြံအစည်ဟူ၍ မြူလောက်မျှမဖြစ်ခဲ့ချေ။ သာမန်လူတယောက်သည် ဤမျှလောက် လက်တွေ့ကျင့်ကြံဘို့ကို မဆိုထားဘိ စိတ်ကူးမျှပင် ကူးဝံ့မည်မဟုတ်ပါချေ၊ ထို့ကြောင့် ဤအကျင့်ကို ဒုက္ကရစရိယာ (=သာမန်လူတို့ကျင့်ဖို့ရန် ခဲယဉ်းသောအကျင့်)ဟူ၍ ခေါ်ဆိုလေသည်)။

### မာရ်နတ်လာ၍ အကျိုးလိုဟန်စကား ပြောကြားတားမြစ်ခြင်း

မာရ်နတ်သားသည် မြတ်စွာဘုရားအလောင်းတော် တောထွက်လာစဉ်ကပင် "အို သိဒ္ဓတ္ထမင်းသား…ယနေ့မှ နောက် ခုနစ်ရက်မြောက်လျှင် သင့်အတွက်တာ စကြာရတနာ ဆိုက်ရောက်ပါလိမ့်မည်၊ တောမထွက်ပါလင့်"ဟု ပြောဆိုတားမြစ်ခဲ့လေသည်။ သို့သော် ဘုရားအလောင်းတော်က "အို မာရ်နတ်.... ငါ၏အတွက် စကြာရတနာ ရောက်လာမည်ကို ငါသိ၏၊ ငါကား စကြဝတေးမင်းစည်းစိမ်ကို အလိုမရှိ၊ သင်သည် သွားလော့၊ ဤအရပ်၌ မရပ်တည်လာလင့်၊ ငါသည် လောကဓာတ်စကြဝဠာပေါင်း တိုက်တသောင်းကို ပွဲတင်ထပ်စေ၍ ဘုရားဖြစ်အောင် ကြိုးကုတ်အားယုတ်မည်"ဟူ၍ ရဲရဲတောက်စကား မိန့်ကြားတော်မူခဲ့လေသည်။ ထိုအချိန်ကစ၍ မာရ်နတ်သားသည် "အကယ်၍ သိဒ္ဓတ္ထမင်းသား စိတ်အစဉ်မှာ ကာမဂုဏ်နှင့် ပတ်သက်၍ ကြံစည်သည့် = ကာမဝိတက်, သူတပါးကို သတ်ဖြတ်ရန် ကြံစည်သည့် = ဗျာပါဒဝိတက်, သူတပါးကို နှိပ်စက်ရန်ကြံစည်သည့် = ဝိဟိံသာဝိတက် – ဤဝိတက်မျိုးဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်သည့်နေရာမှာပင် သတ်ဖြတ်ပစ်မည်"ဟူသော အကြံဖြင့် အလောင်းတော်၏နောက်မှ အခွင့်အပေါက်ကို ကြည့်ရှုကာ ခြောက်နှစ်ကြာအောင် လိုက်ခဲ့လေသည်။ ယခုသော်မူ ခြောက်နှစ်ကြာအောင် အလောင်းတော်၏ သန္တာန်၌ ဖော်ပြရာပါ မိစ္ဆာဝိတက်များ ဖြစ်ပွါးသည့်အခွင့်ကို လုံးဝရှာမတွေ့ ဖြစ်ခဲ့လေသည်။

နှစ်ပရိစ္ဆေဒ ခြောက်နှစ်မျှ အချိန်ကြာသော အခါ မာရ်နတ်သား၏ စိတ်၌ ဤသို့ အကြံဖြစ်လာလေသည်—"သိဒ္ဓတ္ထမင်းသား၏ လုံ့လဝီရိယကား ကြီးမားလှပေ၏၊ ဒုက္ကရအကျင့်ကလည်း

http://www.dhammadownload.com



ပြင်းထန်လှပေ၏ တချိန်ချိန်မှာ ဘုရားဖြစ်ချင် ဖြစ်သွားလိမ့်မည် ငါသည် သိဒ္ဓတ္ထမင်းသားထံ ချဉ်းကပ်၍ အဆုံးအမစကား ပြောကြားပြီးလျှင် ဒုက္ကရစရိယာအလုပ်မှ ရပ်သွားစေရမူ ကောင်းလေစွ”ဟူ၍ အကြံဖြစ်ကာ အလောင်းတော်ထံ ချဉ်းကပ်၍ မိမိကြံစည်သော အကြောင်းများကို ပြောကြားလေသည်။ (ထိုသို့ မာရ်နတ် လာရောက်၍ အကျိုးလိုလားဟန်ဖြင့် ဖြားယောင်းစကား ပြောကြားလာပုံ, ဘုရားအလောင်းတော်က ရဲရဲတောက် ပြန်ကြားတော်မူပုံများကို ဘုရားဖြစ်ပြီးသည့် နောက်အခါ၌ မြတ်စွာဘုရားသည် “ပဓာနသုတ်” ဟူသော အမည်ဖြင့် ရဟန်းတော်များအား ဟောကြားတော်မူလေသည်၊ ယခုအခါ ထို “ပဓာန”သုတ်လာ မာရ်နတ်နှင့် ဘုရားအလောင်းတို့ အပြန်အလှန် မပြောဆိုကြပုံများကို သိလွယ်သော မြန်မာစကားများဖြင့် ဖော်ပြပေအံ့။)

နေရဉ္ဇရာမြစ်၏အနီး ဥရုဝေလတောအုပ်ကြီးအတွင်း၌ နိဗ္ဗာန်ကို ရှယ်ချောင်းသည့် စိတ်တမျိုးတည်းသာဖြစ်ရှိလျက် အပ္ပါနကဈာန်ကို အဖန်ဖန် ဖြစ်ပွါးစေလျက် နေတော်မူသော ဘုရားအလောင်းထံမှောက်သို့ မာရ်နတ်သား လာရောက်ပြီးလျှင်—

> ငါ၏အချင်း အိုသိဒ္ဓတ်မင်း....သင်ကား အသွေးအသား ခေါင်းပါးလျော့တုံ တကိုယ်လုံး ပိန်ကြုံ၍ နေချေပြီ၊ ရှာရည် အဆင်း ပျက်ခြင်းမလှ ပျက်ခဲ့ရလေပြီ၊ အသင်၏ သေခြင်းကား အလွန်နီးကပ်လျက် ရှိချေပြီ၊ သေခြင်း တရားအဘွက် အစိတ်ပေါင်း တထောင်နှင့် တစိတ် ဂိုဏ်၍ထားကြည့်လျှင် ငွေ့ငွေ့သာ ရှိနေသော သင်၏အသက် တစိတ်သာ ကျန်ရှိနေတော့သည်၊ အစိတ် တထောင်လောက်က သေပြီးသား ဖြစ်နေလေပြီ။ အို သိဒ္ဓတ်မင်း....အသက်ရှည်မှု သတိပြုတော်မူပါ၊ အသက်ရှည်စွာ တည်နေခြင်းသည် အလွန်ကောင်းမြတ် ချီးမွမ်းအပ်သော တရားဖြစ်ပါသည်၊ အသက်ရှည်ရှည် နေရပါလျှင် ကုသိုလ်ကောင်းမှုတို့ကို များစွာပြုရပါလိမ့်မည်၊

http://www.dhammadownload.com



ဥပုသ်သီတင်း စောင့်သုံးခြင်းကို ကျင့်ကြံလျှင်သော်၎င်း, ယဇ်မီးကို ပူဇော်လျှင်သော်၎င်း အသင်သီဒ္ဓတ်မင်းအား ကုသိုလ်တရား များစွာ ဖြစ်ပွါးနိုင်ပါသည်၊ သင့်အား ယခုလို တောဥ်နေကာ- သေမည်ရှင်မည်မသိ အခာင်းရဲ ကြီးဖိကာ ချိချိနွမ်းနွမ်း ပဓာနအလုပ်ကို ကြိုးပမ်းခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ (အကျိုးရှိလိမ့်မည် မဟုတ်။) သင်ရည်သန်သည့် နိဗ္ဗာန်ရောက်ဖို့ရန် အစူအစဉ် ကျင့် အင်လမ်းဟောင်း ခရီးကြောင်းကား အသွား အသက် အလွန်ခက်လှဘိ၏၊ အတီအထွင် ငြိုငြင်ဆင်းရဲ ပြုနိုင်ခဲလှ ဘိ၏၊ သက်ဝင်ချဉ်းနင်း လိုက်စားခြင်းငှါ ခဲယဉ်းလှဘိ၏။

ဤကဲ့သို့ အလောင်းတော်၏ အကျိုးကို လိုလားဟန် သနား သည့် ကရုဏာသံပါပါဖြင့် ပြောဆိုလာလေသည်။ (သာမန်လူ တယောက်ဆိုလျှင် သူ့စကား နာယူချင်ဘွယ်ပါပေ။)

ထိုသို့ အကျိုးလိုဟန် ကရုဏာသံပါပါ ပြောဆိုလာသော မာရ်နတ်သားကို မြတ်စွာဘုရား အလောင်းတော်က ဤကဲ့သို့ ရဲရဲတောက်စကား မိန့်ကြားတော်မူလေသည်၊ ၎င်းတို့မှာ—

မေ့လျော့နေသူ နတ်လူမြဟ္မာ သတ္တဝါကို သံသရာ ဝဋ်မှ မလွတ်ရအောင် တုတ်နှောင်ဖွဲ့ချည်ပေတတ် ဟယ် မာရ်နတ်····သင်ကားသူတပါးတို့ကို အန္တရာယ်အနှောက် အယှက်ပြုလိုမှုတည်းဟူသော မိမိမြော်ကိုး အကျိုးဖြင့် သာ ငါ၏ထံမှောက်သို့ လာရောက်ခြင်းဖြစ်လေသည်။(ဤ စကားရပ်ဖြင့် အလောင်းတော်သူမြတ်သည် မာရ်နတ်က အကျိုးလို၍ လာဟန်အချက်တို့ကို ချေဖျက်တော်မူလိုက် ခြင်းဖြစ်လေသည်။)

သင်ပြောသည့် ဝဋ္ဋဂါမိ (= ဝဋ်အတွင်း ယက်ဆင်း ကျရောက်စေတတ်သည့်)ကုသိုလ်မျိုးကိုအဏုမျှလောက်မျှ ငါကား အလိုမရှိချေ။ ဝဋ္ဋဂါမိကုသိုလ်မျိုးကို မြော်ကိုး တောင့်တ လိုလားကြသူများကိုသာ သင်သည် ဤစကား

http://www.dhammadownload.com



မျိုးကို ပြောထိုက်၏။ (ဤစကားရပ်ဖြင့် အလောင်းတော် သူမြတ်သည် "အသက်ရှည်ရှည် နေရပါလျှင် ကုသိုလ်ကောင်းမှုတို့ကို များစွာပြုရလိမ့်မည်"ဟူ၍ ပြောဆိုသော မာရ်နတ်၏ စကားကို ပယ်ရှားချေဖျက်တော်မူလိုက်လေသည်။)

ဟယ် မာရ်နတ်.... သန္တိနိဗ္ဗာန်၌ ယုံကြည်ချက် သဒ္ဓါတရား လားလားမျှမရှိသူ, သဒ္ဓါတရားပင် ရှိသော်လည်း လုံ့လဝီရိယ ပျော့ညံ့ဖျင်းရိသူ, သဒ္ဓါတရားနှင့် လုံ့လဝီရိယပင်ရှိစေကာမူ ဉာဏ် ပညာကင်းမဲ့သူ ဤသူများကိုသာ သင်သည် အသက်ရှင်ရေး အားပေး မြှောက်ပင့် အခွင့်စုံစမ်း မေးမြန်းသင့်ပေ၏၊ ငါမှာမူကား "အကယ်၍ ငါ အားထုတ်ပါမူ ခန္ဓာကင်းပျောက် နိဗ္ဗာန်ပေါက်အောင် ရောက်မည်မုချ ဤဘဝဟု နှစ်ခွမသုန် ယုံကြည်သော သဒ္ဓါတရားလည်း ထင်ရှားစွာရှိ၏၊ ကိလေသာတိုက် မြက်အမှိုက်ကို ဖုတ်မြိုက်လောင်ခြစ် ပြာမှုန့်ဖြစ်အောင် အားသစ်တည်ဆောက် ရဲရဲတောက်သည့် လုံ့လဝီရိယလည်း ရှိ၏၊ အဝိဇ္ဇာမှောင် ကျောက်သား တောင်ကို အခေါင်ဖြိုခွဲ တပြန့်ကြဲအောင် ရဲရဲချွန်ချွန် အဝှန်ချေမှုန်း သိကြားမိုးနှင့်တူသော သူမသူတန် ပညာဉာဏ်လည်း ရှိ၏၊ ကာလရှည်လျား ပြုအဝ်ဘူးပြောအပ်ဘူးသည့် အရာများကို လားလားမျှမမေ့ပျောက် ဘုရားအဖြစ်သို့ ရောက်နိုင်လောက်သော သတိနှင့် လောကဓံလေ့ မုန်တိုင်းဖွေ့သော်လည်း မရွေ့မယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်မာသော သမာဓိတရား ဤနှစ်ပါးတို့လည်း ထင်ရှားရှိကုန်၏။ ဤသို့လျှင် နိဗ္ဗူမှာဘက် အလွယ်နှင့်တက်နိုင်သည့် ငါးချက်အင်္ဂါ စုံလင်စွာဖြင့် ခန္ဓာအသက် မငဲ့ကွက်ပဲ ရက်ရက်စွန့်စား အားထုတ်၍နေသော ငါ့ကိုများပင် သင် မာရ်နတ်သည် အဘယ်ကြောင့် အသက်ရှင်ရေး အားပေး မြှောက်ပင့် အခွင့်စုံစမ်း မေးမြန်း၍ နေဘိသနည်း၊ စင်စစ်

http://www.dhammadownload.com



သော်မူ ဝီရိယမြဲမြံ ဖွဲ့သန်သန်အားထုတ်သူ, အပ္ပနာ သမာဓိဖြင့် အသိဉာဏ်ထက်မြက်သူ,ရုပ်နာမ်ခန္ဓာ၏ အဖြစ် အပျက်ကို ကွက်ကွက်ထင်ထင် သိမြင်သူ၏ လူ့ခွင်လောက တရက်မျှ အသက်ရှည်ထွေ စည်နေရခြင်းက မြတ်သည် မဟုတ်လော။ (ဤစကားရပ်ဖြင့် အလောင်းတော်သည် "အိုသိဒ္ဓတ်မင်း....သေခြင်း တရား အတွက် အစိတ်ပေါင်း တထောင်နှင့် တစိတ် စိတ်၍ကြည့်လျှင် ဋ္ဌေဋ္ဌေကလေးသာ ရှိနေသော သင်၏အသက် တစိတ်သာ ကျန်တော့သည်၊ အစိတ်တထောင်လောက်က သေပြီးသား ဖြစ်နေလေပြီ" ဟု ချောက်လှန့် စကား ပြောကြားလာသည့် မာရ်နတ် သားကို တဖန်ခြိမ်းချောက်တော်မူလေသည်။)

ဟယ်မာရ်နတ်....ငါ၏ ကိုယ်ဝယ် အပ္ပါနကစျာန်ကို အားထုတ်သည့် လုံ့လဝီရိယအဟုန်ကြောင့် ဖြစ်သော ဤ လေသည် ဂင်္ဂါ ယမုနာအစရှိသော မြစ်တို့၏ ရေအယဉ် ကိုကိုသော်လည်း ခြောက်သွေ့စေခြင်းငှါ စွမ်းနိုင်လေ ရာ၏၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသော ငါ၏ သွေးယောက်မျှကိုမူ အဘယ်မှာလျှင် မခြောက်သွေ့စေ နိုင်ပဲရှိအံ့နည်း၊ ခြောက်သွေ့စေနိုင်အောင် ပြင်းထန်လှ ပေ၏။ နိဗ္ဗာန်ကိုမြော်မှန်း ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ် သည့်အဝွက် လေအဟုန်နှိပ်စက်၍ ငါ၏ကိုယ်ဝယ်ရှိသော လေးကွမ်းစားမျှလောက်သော သွေးများ ခြောက်သွေ့ သွားခဲ့သော် ဗဒ္ဓ, အဗဒ္ဓ နှစ်မျိုးပြားသော သည်းခြေနှင့် စားမျိုအစ်သမျှကို မဟိဒ္ဓသို့ အနံ့ဆိုး မထွက်အောင် ဖုံး အုပ်ထားသည့် လေးကွမ်းစားမျှပင်ရှိသော သလိပ်သည် ၎င်း, ထိုမျှလောက်ပင် ရှိသော ကျင်ငယ်နှင့် ဩဇာသည် ၎င်း ခြောက်သွေ့၍ သွားမည် အမှန်ပင် ဖြစ်၏။ သွေး, သည်းခြေ, သလိပ်, ကျင်ငယ်, ဩဇာတို့ အစဉ်သဖြင့် ခြောက်သွေ့ သွားကြလျှင် အသားများလည်း ကုန်းခန်း၍ သွားမည်အမှန်ပင် ဖြစ်၏။ ထိုသို့ သွေး, သည်းခြေ, သလိပ်

http://www.dhammadownload.com



ကျင်ငယ်, ညြဖောနှင့် အသားများ ကုန်ခန်း၍ သွားကြလျှင် ငါ၏ စိတ်သည် တိုး၍ပင် ကြည်လင်၏၊ (ထိုကုန်ခန်းမှုကြောင့် ဘယ်နည်းဖြင့်မျှ ဆုတ်နစ်၍ သွားမည် မဟုတ်၊ သင်ကား ဤမျှလောက် ထက်သန်သည့် ငါ၏ စိတ်ကို မသိ၍သာ "အိုသိဒ္ဓတ်မင်းသား….သင်ကား အသွေးအသား ေါင်းပါးလျော့တုံ တကိုယ်လုံး ပိန်ကြုံ၍နေချေပြီ" အစရှိသော ဇီဝိတနိကန္တိစကားကို ပြောကြားလာဘိသည်။) စိတ်သာလျှင် ကြည်လင်သည်မဟုတ်သေး၊ ထိုသို့ဖြစ်သည်ရှိသော် စကြာမင်းတို့၏ ဘဏ္ဍာစိုးနှင့် တူသော သတိတရား, ဝဇိရစိန်လက်နက် မိုးကြိုးစက်နှင့် တူသော ပညာတရား,မြင်းမိုရ်တောင်နှင့်တူသောသမာဓိတရား ဤတရားစုသည်လည်း မတုန်လှုပ်ပဲ တိုးတက်ကဲ၍ အမြဲပင် တည်လေသည်။

ကိုယ်သွေး ကိုယ်သား ကုန်ခန်းငြားလည်း စိတ်ထားမွန်ရည် တိုး၍ကြည်ကာ နေလင့်ပါသော မဟာပုရိသယောက်ျားတံခွန် အလောင်းမွန်တို့ အဝှန်သည်းစွာ ခံကြရသား ဝေဒနာမြတ် အတုလွတ်သို့ ဆိုက်ကပ်ရောက်ကာ နေလင့်ပါသော ငါ၏စိတ်သည်ဟား သို့စဉ်ကလောက် ကိုယ်လုံးခြောက်၍ မီးတောက်ကမန်း အလွန်ပန်းသော်လည်း ကြွင်းဝေရော် တိုင်းပြည်တော်နှင့် ယသော်ရာဟု နန်းသူ့အပေါင်း ရံရွေတော် လေးသောင်း အစရှိသော ဝတ္ထုကာမတို့၌ တချက်မျှပင် မငဲ့ကွက်မိချေ။ ဟာရေမာရ်နတ်....ပါရမီထူး ဖြည့်ခဲ့ဘူးသား တဦးသတ္တဝါယောက်ျားငါ၏ ပမာဖက်ရှိုး နှလုံးအမူ ဖြူစင်ဖြောင့်မတ်ပုံကို အာရုံခွဲခြမ်း သင်ရှုစမ်းလော့။ (ဤစကားရပ်တို့ဖြင့် အလောင်းတော်သည် ကိုယ်တော်၏ စိတ်ဓာတ် ခိုင်ခံ့လှသည်ကို ပြဆိုတော်မူလေသည်။)

http://www.dhammadownload.com



## မာရ်စစ်သည် ၁၀-ပါး

(၁) ဟယ် မာရ်နတ်····အိမ်ရာ တည်ထောင် လူ့ဘောင်နေသူ ထိုထိုလူတို့ကို သက်ရှိသက်မဲ့ ဝတ္ထုအာရုံ ကာမဂုဏ်ဟူသော = ဝတ္ထုကာမ, ထိုဝတ္ထုကာမ၌ တွယ်တာတပ်မက်သော တဏှာလောဘတည်းဟူသော = ကိလေသကာမ—ဤကာမတရား နှစ်ပါးတို့က တရားစစ် တရားမှန်ကို မသိနိုင်အောင် တွေဝေ မိန်းမောစေကြသည်၊ ထို့ကြောင့် ထိုဝတ္ထုကာမ, ကိလေသကာမ တရားနှစ်ပါးတို့သည် သင်မာရ်နတ်၏ ပဌမတပ်မတော်ကြီးများဖြစ်ကြပေ၏။ (ရဟန်းတို့၌ တဏှာဖြင့် သာယာလောက်သော သင်္ကန်း သပိတ် ပရိက္ခရာ တိုက်တာကျောင်းကန် အရာမ်ဥယျာဉ် ခင္ခြင်ဉေယာင်စောင်း အခင်းအရုံ အလုံးစုံသည်လည်း ရဟန်းတို့၏ ကာမဂုဏ်ဝတ္ထုစုပင်တည်း။ဗုဒ္ဓုပ္ပါဒဒုလ္လဘ, ပဗ္ဗဇိတဒုလ္လဘကို သိကြလျက် ဂိဟိဘောဂ(= လူတို့၏ အသုံးအဆောင်)တွေကို မစွန့်နိုင်ကြ၍ ထိုဂိဟိဘောဂအလယ်၌ ပုထုဇဉ် အနေနှင့် သေဆုံးကြသောလူစု,ရုက္ခမူလကျောင်း, ပံသုကူလသင်္ကန်း, ပိဏ္ဍိယာလောပဆွမ်း, ပုတိမုတ္တဆေးတို့ကို ရဟန်းခံစဉ်အခါ ကြားဘူးကြပါလျက် ဂဟပတိတို့ လှူဒါန်းသော ကျောင်းသင်္ကန်းဆွမ်း ဆေးတို့ကို မစွန့်နိုင်ကြ၍ ထိုပစ္စည်းလေးပါးတည်းဟူသော ရဟန်းတို့၏ ကာမဂုဏ်အလယ်၌ ပုထုဇဉ်အနေနှင့် သေဆုံးကြသောရဟန်းစု—ဤလူရှင်ရဟန်းတို့သည် မာရ်မင်း၏ ကာမဟူသော ပဌမ တပ်မတော်ကြီးနှင့် ဆိုင်မိ၍ မလှတမ သေဆုံးကြသော သူတို့ပေတည်း။ ။လယ်တီဆရာတော်၏ ပဓာနသုတ်နိသျှ။)

(၂) ဂိဟိဘောဂ အဝဝကို လှလှကြီးစွန့်၍ ရဟန်းအဖြစ်သို့ ရောက်ပြန်ပါသော်လည်း အချို့သောရဟန်းတို့မှာ ရဟန်းအဖြစ်၌ မမွေ့လျော်ခြင်း ပရိယတ်မှု ပဋိပတ်မှုတို့၌ မမွေ့လျော်ခြင်း ဆိတ်ငြိမ်ရာ တောကျောင်း တောင်

http://www.dhammadownload.com



ကျောင်းတိုက်၌ မမွေ့လျော်ခြင်း သမထဝိပဿနာ ဘာဝနာမှုတို့၌ မမွေ့လျော်ခြင်းဟူသော = အရတိတရား ဥက္ကဏ္ဌိတတရားတို့ ဝင်ရောက်နှောက်ယှက် ဖျက်ဆီးသည်ကို ခံရတတ်၏၊ သို့ရကား ထိုဆိုအပ်ပြီးသည့် အရတိတရား ဥက္ကဏ္ဌိတတရားများသည် သင်မာရ်နတ်၏ ဒုတိယ တပ်မတော်ကြီးများ ဖြစ်ကြပေ၏။ (အချို့သောရဟန်းတို့မှာ ဤဒုတိယတပ်မတော်ကြီး အတွင်းမှာပင် စင်းစင်းနစ်မြုပ် သေဆုံးကြလေသည်။)

(၃) ထိုဒုတိယတပ်မတော်ကြီးကို ကျော်နင်းနိုင်ပြန်ပါသော်လည်း အချို့သောရဟန်းတို့မှာ ဓုတင်ပဋိပတ် လွန်ကျူးကြပ်၍ နွားငတ်ရေချ မစားရပဲ မိဿကဘတ် ရတတ်ရာရာ မျှတသောအခါ၌ ဆာလောင်နွမ်းချိ ဖြစ်တုံဘိသော် ဆားထိသောတီရွှေ တွန့်တွန့်လူးသကဲ့သို့ အထူးစိတ်စက် အကုန်ပျက်၍ ဝိတက်ဗလပူ ရမ္မက်ထူခြင်းတည်းဟူသော = ခုပ္ပိပါသတရား ဖြစ်ပွါးတတ်ပြန်၏၊ ထိုခုပ္ပိပါသ တရားသည် သင်မာရ်နတ်၏ တတိယတပ်မတော်ကြီးဖြစ်ပေ၏။ (အချို့သောရဟန်းတို့ ဤတတိယတပ် အတွင်း၌ စင်းစင်းနစ်မြုပ် သေဆုံးကြလေသည်။)

(၄) ထိုသို့ ဆာလောင်မွတ်သိပ်ခြင်း အပြင်းနှိပ်စက်လာသောအခါ အချို့သောရဟန်းတို့မှာ စိတ်အား ကိုယ်အား နှစ်ပါးအင်ယုတ် အကြံဆုတ်လျက် အားထုတ်လက်ရင်း ရဟန်းတရားတည်းဟူသော အမှုခင်းတို့၌ မချဉ်းလိုချင် ပျင်းစိတ်ဝင်၍ မရွှင်မလန်း စိတ်ကုန်ခန်းခြင်းတည်းဟူသော = တဏှာ တရား ဖြစ်ပွါး လာတတ်၏၊ ထိုတဏှာတရားသည် သင်မာရ်နတ်၏ စတုတ္ထတပ်မတော်ကြီး ဖြစ်ပေ၏။(အချို့သောရဟန်းတို့ ဤစတုတ္ထတပ်အတွင်း၌ စင်းစင်းနစ်မြုပ် သေဆုံးကြလေသည်။)

(၅) အလုပ်မတွင် အပျင်းဝင်၍ မရွှင်ညှိုးနွမ်း စိတ်ကုန်ခန်းသော် တသမ်းသမ်းတဝေဝေ မှိုင်တွေငေးမေ့

http://www.dhammadownload.com



ဖြစ်သည့်နေ့မှ စ၍ လည်းကောင်း သခ်မ်းကျောင်းဝယ် ဘယ်ပြောင်းညာပြန် မှောက်လှန်လူးလဲ တနွဲ့နွဲ့အိပ်၍ နေခြင်း တည်းဟူသော = ထိနမိဒ္ဓတရား ဖြစ်ပွါးလာတတ်၏။ ထိုထိနမိဒ္ဓတရားသည် သင်မာရ်နတ်၏ ပဥ္စမ တပ်မတော်ကြီးဖြစ်ပေ၏။ (အရှျှိုသောရဟန်းတို့ ထိုပဥ္စမ တပ်အတွင်း စင်းစင်းနစ်မြုပ် သေဆုံးကြလေသည်။)

(၆) အပျင်းစိတ်ဖြင့် အအိပ်များသော် တရားမထက် စိတ်မထက်ပဲ ရမ္မက်နွယ်နွယ် အားအင်ငယ်၍ ဘယ်ဘယ် ညာညာ ထွေလာစုတ်နုပ် အကြံရှုပ်လျက် သစ်ငုတ်ကိုပင် ဆင်ပဲကျားပဲ ဘီလူးပဲဟု အသည်းတုန်ဆတ် တဖျပ်ဖျပ် လန့်ခြင်းတည်းဟူသော = ဘီရုတရား ဖြစ်ပွါးလာတတ် ၏၊ ထိုဘီရုတရားသည် သင်မာရ်နတ်၏ ဆဋ္ဌမြောက် တပ်မတော်ကြီး ဖြစ်ပေ၏။ (အရှျှိုသော ရဟန်းတို့သည် ထိုဆဋ္ဌတပ်အတွင်း စင်းစင်းနစ်မြုပ် သေဆုံးကြလေ သည်။)

(၇) အလေ့ အကျင့် ပြု၍ ကြောက်လန့်မှု ကင်းကွာ ရဲရင့်စိတ်ဝင်လာပြီး ဘာဝနာအလုပ် ဆက်လက်၍ အား ထုတ်ပြန်လျှင်လည်း ဈာန်လမ်းမဂ်လမ်း စခန်းတိမ်မြုပ် ငုပ်ကြီးငုပ်၍ အလုပ်အကြံ အမှန်မုချ လမ်းရိုးကျမှ ကျပါ မည်လား, မကျပဲများ ရှိမည့်လားဟု စိတ်ထားဒွိဟ နှစ်ခွ ဖြစ်ခြင်းတည်းဟူသော = ဝိစိကိစ္ဆာတရား ဖြစ်ပွါးလာ တတ်ပြန်၏၊ ထိုဝိစိကိစ္ဆာတရားသည် သင်မာရ်နတ်၏ သတ္တမတပ်မတော်ကြီး ဖြစ်ပေ၏။ (အရှျှိုသောရဟန်း တို့သည် ထိုသတ္တမတပ်အတွင်း စင်းစင်းနစ်မြုပ် သေဆုံး ကြလေသည်။)

(၈) ထိုဝိစိကိစ္ဆာတရား ယုံမှားဒွိဟကို ကင်းစင်ပစေ လျက် နေ့ညမယုတ် တွင်တွင်ကြီး ‌ဆ‌က်လက်အားထုတ်ရာ ဘာဝနာနိမိတ် အရိပ်အဆင် အထူးမြင်၍ အထင်ကိုပွါး ဖြစ်လတ်ငြားသော် တပါးသူကို လူရာမသွင်း ဂုဏ်သတင်း

http://www.dhammadownload.com



ကို နင်းနယ်ခြေဖျက် အသက်သိက္ခာ ထေရ်ဝါကြီးမား သူတို့အားလည်း ညွတ်တွားမပြု မောက်မာမှုတည်း ဟူသော = မက္ခ ထမ္ဘ တရားများ ဖြစ်ပွါးလာတတ်ပြန်၏၊ ထိုမက္ခ ထမ္ဘတရားများသည် သင်မာရ်နတ်၏ အဋ္ဌမ ဘဝ်မတော်ကြီး ဖြစ်ပေ၏။ (အချို့သော ရဟန်းတို့သည် ထိုအဋ္ဌမတပ်တွင်း၌ စင်းစင်းနစ်မြုပ် သေဆုံးကြလေသည်။)

(၉) ထိုမက္ခ ထမ္ဘတရားတို့ကို ပယ်ရှား၍ တရားအလုပ် ဆက်လက်အားထုတ်ပြန်သောအခါ ထိုထက်လွန်ကြူး နိမိတ်ထူးများ ဖြစ်ပေါ်လာ၍ မော်လောက် မောက်လောက် ခရီးရောက်လာသောအခါ လာဘ်သဝ်ပကာများသည်၌ သာယာတက်ကြွခြင်း = တဏှာမာန၊ အရပ်လေးမျက်နှာ ကျော်ကြောနံ့ပြားသည်၌ သာယာ တက်ကြွခြင်း = တဏှာမာန၊ သူတပါးတို့ မရစဘူး ထူးမြတ်သော လာဘ်ကိုရရာ၌ သာယာတက်ကြွခြင်း = တဏှာမာန၊ လာဘ်များသည်ထက်များအောင် တရားတုတရားယောင်တို့ကိုပြ၍ ပါပိစ္ဆတဏှာနှင့်ယှဉ်လျက် စင်စစ် မှောက်မှောက်မှားမှား ဝါကြွားပလွှားမှုကိုပြုလျက် မတရားသဖြင့် ရအပ်သော အခြံအရံ အကျော်အစော ဂုဏ်သတင်း၌ သာယာတက်ကြွသော တဏှာမာန—ဤ တရားများ ဖြစ်ပွါးလာတတ်ပြန်၏၊ ထိုတရားစုသည် သင်မာရ်နတ်၏ နဝမ တပ်မတော်ကြီး ဖြစ်ပေ၏။ (ထို နဝမ တပ်တွင်း၌ အချို့သော ရဟန်းတို့သည် နစ်မြုပ်ကြလေသည်။)

(၁၀) ထိုနဝမအစုပါတရားတို့၌ တည်ရှိသော အချို့သော ရဟန်းများသည် မိမိကိုယ်ကို ချီးပင့်မြှောက်စားခြင်း = အတ္တုက္ကံသနမှု၊ သူတပါးတို့ကို အထင်သေး အမြင်သေး နှိပ်ချခြင်း = ပရဝမ္ဘနမှုတို့ကို ပြုကြကုန်၏၊ ထို အတ္တုက္ကံသန, ပရဝမ္ဘနတရားနှစ်ပါးသည် သင်မာရ်နတ်၏ ဒသမတပ်မတော်ကြီး ဖြစ်ပေ၏။

http://www.dhammadownload.com



လူနတ်မြဟ္မာ သတ္တဝါကို သံသရာဝဋ် ဒုက္ခညွတ်မှ မလွှတ်စေမှု အတင်းပြုသည် မိုလ်ထုကြီးလတ် ဟယ်မာရ်နတ်····ဤကာမ, အရတိ အစရှိသော တရားဆယ်စုသည် သင်မာရ်နတ်၏ စစ်သည်မိုလ်ထု ရဲမက်စုများ ဖြစ်ကြပေ၏၊ နှလုံးအမူ အဖြူမဖက် ထည်လုံးနက်သော ရမ္မက်ကြီးသတ် သင်မာရ်နတ်၏ ရဟန်းရသေ့ ဟူသရွေ့ကို တွေ့တိုင်းပစ်ခတ် အသေသတ်သော သေနတ်မီးပေါက် အမြောက်စိန်ဗုံးတွေလည်း ဖြစ်ပေ၏။ သဒ္ဓါဆန္ဒ ဝီရိယဉာဏ် မထက်သန်သည့် ပုထုဇန်မွဲ သူမရဲများသည် ထိုတပ်ကြီးဆယ်တန် သင်၏ရန်ကို တွန်းလှန်တိုက်ဖျက် အလွှတ်ထွက်ခြင်းငှါ မတတ်နိုင်ကြလေ။ သဒ္ဓါဆန္ဒ ဝီရိယဉာဏ် ထက်သန်ကြီးမား အလွန်တရာ စွန့်စားကြသည့် ယောကျ်ား အာဇာနည် များ၊ သာ လျှင် မြက်နွယ်တပင် ထိမထင်ပဲ အလျှင်အမြန် တွန်းလှန်တိုက်ဖျက် လွှတ်ထွက်ခြင်းငှါ စွမ်းနိုင်ကြပေ၏၊ ယင်းသို့ တွန်းလှန်တိုက်ဖျက် အလွှတ်ထွက်နိုင်မှသာ ယုတ်မာသော အသင်မာရ်နတ်၏ လူစု မိုလ်ထုများပြား ဆယ်တပ်သားတို့၏ ထား (ခား) ဘေး လှံဘေး လက်နက်ဘေးမှ ကင်းဝေးလွတ်ရမြောက်ရာ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ကောင်းစွာပိုင်ပိုင် ရယူနိုင်၏။

ဟယ်မာရ်နက် ···· "သူမြတ်ပြီပြီ အာဇာနည်မှန်လျှင်း ဤသိဒ္ဓတ်မင်းသည်ကား စစ်တလင်းသို့ရောက်က နောက်သို့တလှမ်း မဆုတ်တမ်းဟု ရဲစွမ်းအောင်လံ တံခွန်မှန်သည့် ဖြူဆံမြက်တိတ် ပန်းနိမိတ်ကို ဦးထိပ်ဝယ်စိုက်ထောင် ရဲပန်းကိုဆောင်ခဲ့သည့် ကြက်တောင်မိုလ်ကြီးပါတကား" ဟု ငါ့ကိုအသင် မှတ်စေချင်၏။ (စစ်ပွဲဝယ် နောက်မဆုတ်သော စစ်သူရဲတို့သည် မိမိသည် နောက်သို့မဆုတ်နစ်မည့် သူရဲကောင်းဖြစ်ကြောင်းကို သိစေရန် ဦးခေါင်း၌ဖြစ်စေ, တံခွန်(အလံ)၌ဖြစ်စေ, မိမိစွဲကိုင်သော လက်နက်၌ဖြစ်စေ ဖြူဆံမြက်ကို ဖွဲ့ချည်၍ထားမြဲဖြစ်သည်၊ ထိုသို့သော သူရဲ

http://www.dhammadownload.com



ကောင်းစစ်မိုလ်မျိုးကို ရှေးခေတ်က "ကြက်တောင်မိုလ်ကြီး"ဟူ၍ခေါ်ဆိုလေသည်။)စစ်မြေပွဲဝယ် အကာမလှ ဆုတ်ပြီးမှလျှင် သင်၏လက်အောက် ငါတဖန်ကျရောက်ပြီး ဤလောက၌ အသက်ရှင်ကာ ငါနေရပါမူ အရှက်ကွဲ အကျိုးနဲ့ အကဲစုတ်နုပ် သတင်းပုပ်၍ စက်ဆုပ်ဖွယ်သာဖြစ်ချေ၏။ သို့ရကား—"သင်၏တပ်ကို အရှုံးခံမည့်အစား စစ်မြေပြင်မှာပင် ငါသေရခြင်းက မြတ်လှသေး၏၊ အရှုံးပေးအရေးမလှပဲ အသက်ရှင်နေရခြင်းကား အလျှင်းပင်မမြတ်ချေ"ဟု စိတ်နေစွဲယူ မြဲခိုင်သူဟူ၍ ငါ့ကိုအသင် မှတ်စေချင်၏။

အကြောင်းသော်ကား—ဤလောကဝယ် ဗလစွမ်းရေ မရှိချေပဲ ကိလေရန်ဆူး စစ်မြေဦး၌ စစ်မှူးကြီးယာသက်နုံးဝါနှင့် ပရိက္ခရာအစုံ ဝတ်ရုံဖွဲ့ယှက် ယောင်ထွက်ထွက်ခဲ့ကြသည့် အချို့အချို့သော ရဟန်းပုဏ္ဏားတို့သည် ဆယ်ပါးတစ်စု မိုလ်ထုများဖြင့် အသင်၏တပ်ကြီးအတွင်း စင်းစင်းနစ်မြုပ်ကြရကား သီလစသော ဂုဏ်ကျေးဇူး ရောင်မလင်းမပြောင်ပဲ အမှောင်အတွင်း ချဉ်းနင်း သက်ဝင်မိသောသူတို့ကဲ့သို့သာ ဖြစ်ကြရကုန်၏။ ထိုသူများသည် သင်မာရ်နတ်၏ တပ်ကြီးဆယ်တန် အဖိအနှိပ်ခံနေကြရသောကြောင့် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသူတော်ကောင်းတို့၏ နိဗ္ဗာန်သို့ သွားရာက်ကြောင်းကောင်းမြတ်သော မဗ္ဗင်ခုနစ်ပါး တရားစကြာရတနာလမ်းမကြီးကို ဘယ်နည်းနှင့်မျှ မသိနိုင်ကြပဲ ရှိရကုန်၏။ (ထို့ကြောင့် ငါကား အသင်၏ဆယ်တပ်ကို ရွတ်ရွတ်ချွန်ချွန် အောင်တံခွန်ထူစိုက် အနိုင်တိုက်မည့်သူဟူ၍ မှတ်ယူစေချင်၏။)

ဤသို့ မြတ်စွာဘုရားအလောင်းတော် မြွက်ကြားသည့် ရဲရဲတောက်စကားတို့ကို ကြားရသောအခါ မာရ်နတ်သားသည်

http://www.dhammadownload.com



စကားတစုံတရာ ပြန်ဆိုခြင်းငှါ မတတ်သာပဲ ထိုအရပ်မှရှောင်လွှဲ ဖဲခွါခဲ့လေသတည်း။

## မေးမြန်းဖွယ်

ဤဒုက္ကရစရိယာအခဏ်း၌ မေးမြန်းဖွယ်ရှိသည်ကား– ဘုရားအလောင်းတော်သည် ဒုက္ကရစရိယာကို မကျင့်လျှင် ဘုရားဖြစ်ခြင်းငှါ မစွမ်းနိုင်သလော။ (ဒုက္ကရစရိယာ ကျင့်မှသာ ဘုရားဖြစ်နိုင်သလော၊ ဒုက္ကရစရိယာ မကျင့်လျှင် ဘုရားမဖြစ်နိုင်ဘူးလော-ဟု မေးလိုရင်း ဖြစ်သည်။)

ဒုက္ကရစရိယာကို ကျင့်သည်ဖြစ်စေ, မကျင့်သည်ဖြစ်စေ အကြောင်းဖြစ်သော ပါရမီ စာဂ စရိယတရားတို့ကို အပြည့်အဝ ဖြည့်ကျင့်ပြီးဖြစ်သောကြောင့် ဘုရားဖြစ်နိုင်ပါ၏ဟု....ဖြေ။

ဒုက္ကရစရိယာကို မကျင့်ပဲလည်း ဘုရားဖြစ်နိုင်ပါလျက် အဘယ့်ကြောင့် အပင်ပန်းခံကာ ကျင့်တော်မူပါသနည်း-ဟူမူ——

နတ်မြဟ္မာနှင့် တကွသော သတ္တဝါ အပေါင်းအား မိမိ၏ သူမတူတန် ထက်သန်သောလုံ့လ ဝီရိယကို အထင်အရှား ပြတော်မူလိုသောကြောင့်၎င်း, ယင်းဝီရိယ ဂုဏ်ကျေးဇူးသည် နောက်တချိန် ဘုရားဖြစ်ပြီးသောအခါ ပြန်လည်စဥ်းစား ဆင်ခြင်တော်မူလတ်လျှင် ကိုယ်တော်မြတ်၏ စိတ်နှလုံးကို ရွှင်ပြုံး ဝမ်းမြောက်စေလိမ့်မည်-ဟု ဆင်ခြင်တော်မူမိသောကြောင့်၎င်း ဒုက္ကရစရိယာကို အပင်ပန်းခံကာ ကျင့်တော်မူလေသည်။ ဥပမာဖြင့် ထင်စွာပြဦးအံ့····ပြာသာဒ်မဝယ် ထိုင်နေရင်း မည်သူနှင့်မှ စစ်မခင်း စစ်မတိုက်ရပဲ ပဝေဏီထုံးတမ်းစဥ်လာအရ မင်းအဖြစ်ကိုရရှိသောမင်းသည် စစ်သည်ဗိုလ်ပါရုံးစု၍ စစ်ပွဲ၌

http://www.dhammadownload.com



နှစ်ကြိမ်သုံးကြိမ်လောက် တိုက်ပွဲဆင်နွှဲကာ ရန်သူကိုနှိပ်နင်း၍ မင်းအဖြစ်ရောက်သော မင်းကဲ့သို့ ဝမ်းအမြောက်ကြီး မမြောက်နိုင်ချေ၊ မှန်၏····စစ်ပွဲ၌ နှစ်ကြိမ်သုံးကြိမ်လောက် တိုက်ပွဲဆင်နွှဲပြီး အောင်ပွဲခံယူကာ မင်းအဖြစ်သို့ ရောက်သောမင်းအား မင်းစည်းစိမ်ကို ခံစားရင်း ပရိသတ်ကိုကြည့်ရှု၍ မိမိ၏လုံ့လဝီရိယကို တဖန်ပြန်၍ အောက်မေ့သည် ရှိသော် "ငါသည် ဤမည်သောဌာန၌ ဤမည်သော အမှုကိုပြု၍ ဤမည် ဤမည်သောရန်သူကို ဤသို့ ထိုးခုတ်၍သို့သတ်ပုတ်ပြီးလျှင် ဤယခုမင်းစည်းစိမ်ကို ရအပ်ပေစွာ တကား····"ဟု စဉ်းစားတိုင်း စဉ်းစားတိုင်း အားကြီးသော ဝမ်းမြောက်ခြင်း ဖြစ်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည်လည်း နတ်မြဖွာနှင့် တကွသော သတ္တဝါ အပေါင်းအား မိမိ၏ သူမတူတန် ထက်သန်သော လုံ့လဝီရိယကို အထင်အရှား ပြတော်မူလိုသောကြောင့်၎င်း, ယင်းဝီရိယဂုဏ်ကျေးဇူးသည် နောက်တချိန် ဘုရားဖြစ်ပြီးသောအခါ ပြန်လည် စဉ်းစား ဆင်ခြင်တော်မူလတ်လျှင် ကိုယ်တော်မြတ်၏ စိတ်နှလုံးကို ရွှင်ပြုံးဝမ်းမြောက်စေလိမ့်မည်ဟု ဆင်ခြင်တော်မူမိသောကြောင့်၎င်း ဒုက္ကရစရိယာကို အပင်ပန်းခံကာ ကျင့်တော်မူလေသည်။

တနည်းကား····နောက်လာမည့် သာဝကအပေါင်းကို နည်းပေးသောအား သနားစောင့်ရှောက်တော်မူလိုသောကြောင့်လည်း ဒုက္ကရစရိယာကို ကျင့်တော်မူသည်။ ထင်ရှားစေဦးအံ့····မြတ်စွာဘုရား၏ ဒုက္ကရစရိယာ ကျင့်တော်မူပုံကို ကြားသိကြရသော နောက်လာမည့် သာဝက အပေါင်းသည် "မြတ်စွာဘုရားပင်သော်မှ လေးအသင်္ချေ ကမ္ဘာတသိန်းကြာ ပါရမီတို့ကို ဖြည့်ကျင့်ပြီး၍လည်း ပဓာန အလုပ် ဒုက္ကရစရိယာကို အားထုတ်တော်မူမှ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရတော်မူလေသည်။ ငါတို့မှာကား အဘယ်ဆိုဘွယ်ရှိအံ့နည်း၊ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်

http://www.dhammadownload.com



နိုင်မှသာ မဂ်ဉာဏ်ကို ရချိမ့်မည်”ဟု ဆင်ခြင်စေဘန် အမြင်မှန်ကို ရရှိကာ ပဓာနဝီရိယ (=ကမ္မဋ္ဌာန်းအလုပ် အားထုတ်ခြင်းဝီရိယ)ကို ပြုလုပ်ကောင်းသည်ဟု အောက်မေ့ပေလိမ့်မည်။ ထိုသို့အောက်မေ့၍ ပြုလုပ်သည်ရှိသော် ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း၏အဆုံး (နိဗ္ဗာန်) ရောက်အောင် ပြုနိုင်ကြပေလိမ့်မည်ဟု နောက်လာမည့် သာဝကတို့ကို နည်းပေးသောအား သနားစောင့်ရှောက်တော်မူလိုသောကြောင့်လည်း ဒုက္ကရစရိယာကို ကျင့်တော်မူသည်။ (မ-ဋ္ဌ ၂၊ စာမျက်နှာ ၁၇၉-မှ။)

ဘုရားအလောင်းတော်တိုင်း ဘုရားအလောင်းတော်တိုင်းပင် နောက်ဆုံးပစ္ဆိမဘဝ၌ အနည်းဆုံး ခုနစ်ရက်မျှသော်လည်း ဒုက္ကရစရိယာကို ကျင့်တော်မူကြမြဲ မွေတာဖြစ်သကဲ့သို့ ထိုအတူ ငါတို့ မြတ်စွာဘုရားသည်လည်း ဒုက္ကရစရိယာကို ကျင့်စွမ်းနိုင်သူလည်း ဖြစ်ပေ၏၊ကျင့်စွမ်းနိုင်သူဖြစ်သည့်အတိုင်း ဤကဲ့သို့ ခြောက်နှစ်ကြာအောင်လည်း ကျင့်တော်မူပေ၏။ ထိုသို့ကျင့်သော်လည်း ထိုဒုက္ကရစရိယာကြောင့် ဘုရားဖြစ်သည်မဟုတ်၊ စင်စစ်ကား မဇ္ဈိမပဋိပတ်ကြောင့်သာ ဘုရားဖြစ်တော်မူသည်၊ ဤကဲ့သို့ မျတိရေကကို အဦးမူသဖြင့် နတ်နှင့်တကွသော လောကအား ထိုဒုက္ကရစရိယာအကျင့်၏ မဂ်ဉာဏ်ကိုရဘို့ရန် လမ်းမဟုတ်သည်ကို ပြလိုသောကြောင့် ဒုက္ကရစရိယာကို ကျင့်တော်မူ၏။

တပါးသော ဘုရားအလောင်းတို့မှာ အနည်းဆုံး ခုနစ်ရက်၊ အများဆုံး တလ စသည်ဖြင့် ဒုက္ကရစရိယာကို ရက်လတိုတောင်းစွာ ကျင့်ကြရပါသော်လည်း ငါတို့ ဘုရားအလောင်းမှာမူ ကဿပမြတ်စွာ လက်ထက်တော်အခါ ဇာတိမာန်ခက်ထန်သော ဇောတိပါလ ပုဏ္ဏားဖြစ်စဉ်“ဤဦးပြည်း(=ကတုံး)အား အဘယ်မှာ မဂ်ဉာဏ် သမ္ဗောဓိဉာဏ်ကို ရနိုင်အံ့နည်း၊ ဗောဓိဉာဏ်ဟူသည်

http://www.dhammadownload.com



အလွန်ရခဲသောအရာဖြစ်သည်”ဟု ကြမ်းတမ်းစွာနှုတ်မြွက်ခဲ့သည့် ဝစီကံဝိပါက်ကြောင့် ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်ရသည်။ (မ-ဋ္ဌ ၂၊ ၂၁၃-မှ။)

---

အခန်း—၄

## ဘုရားဖြစ်တော်မူခန်း

### အကျင့်ပြောင်း၍ ကျင့်တော်မူခြင်း

ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း ဘုရားအလောင်းတော် ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ကြာ ကျင့်သုံးပြီးသောအခါ မဟာသက္ကရာဇ် ၁၀၃-ခု နှစ်ဦး တန်းခူးလလွန်မြောက် ကဆုန်လဆန်း ၁-ရက်နေ့အချိန်လောက် ရောက်ရှိခဲ့လေပြီ။ ထိုအချိန်၌ အလောင်းတော်၏ စိတ်သန္တာန်ဝယ် အကြံဖြစ်လတ်သည်ကား—

“ရှေးအတိတ်ကာလက ဖြစ်ခဲ့ကြသော ရဟန်းပုဏ္ဏားတို့သည် အဆင်းရဲ အပင်ပန်းခံ၍ ကျင့်ကြံခဲ့ကြရာဝယ် ဤမျှလောက်သာ အလွန်ဆုံး အဆင်းရဲခံ ကျင့်ကြံနိုင်ခဲ့ကြပေမည်၊ ယခု ငါခံစားရသော ဆင်းရဲဒုက္ခထက် ပို၍ကား အဆင်းရဲခံ ကျင့်ကြံနိုင်ကြမည်မဟုတ်ချေ။ နောက်အနာဂတ်ကာလ၌ ဖြစ်ပေါ်ကြမည့် ရဟန်းပုဏ္ဏားတို့လည်း အဆင်းရဲအပင်ပန်းခံ၍ ကျင့်ကြံကြမည့်အရာဝယ် ဤမျှလောက်သာ အလွန်ဆုံး အဆင်းရဲခံ ကျင့်ကြံနိုင်ကြပေလိမ့်မည်၊ ယခု ငါခံစားရသော ဆင်းရဲဒုက္ခထက် ပို၍ကား အဆင်းရဲခံ ကျင့်ကြံနိုင်ကြလိမ့်မည်မဟုတ်ချေ။ ယခု ပစ္စုပ္ပန်ကာလ၌ ဖြစ်ပေါ်ကြသည့် ရဟန်းပုဏ္ဏားတို့လည်း အဆင်းရဲအပင်ပန်းခံ၍ ကျင့်ကြံအားထုတ်ကြရာဝယ် ဤမျှလောက်သာ အလွန်ဆုံး အဆင်းရဲခံ ကျင့်ကြံကြပေမည်၊ ယခု ငါခံစားရသော ဆင်းရဲဒုက္ခထက် ပို၍ကား အဆင်းရဲခံ ကျင့်ကြံကြမည်မဟုတ်ချေ။ (ငါသည် ကာလသုံးပါး၌ ဖြစ်ပေါ်ကြသည့် ရဟန်းပုဏ္ဏားတို့ အဆင်းရဲခံ၍ ကျင့်ကြံကြသလောက် အောက်သို့ကားမယုတ် ပိုလျှင်သာပိုမည်၊ အဆင်းရဲ

http://www.dhammadownload.com



အပင်ပန်းခံကာ ခြောက်နှစ်ကြာမျှ ဒုက္ကရစရိယာအကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့လေပြီ၊) ထိုသို့ကြိုးကုတ် အားထုတ်ပါသော်လည်း ငါသည် ဤဒုက္ကရစရိယာအကျင့်ဖြင့် သဗ္ဗညုတ ရွှေဉာဏ်တော်ကို မရနိုင်ခဲ့ချေ၊ ဘုရားမဖြစ်နိုင်ခဲ့ချေ။ သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရဖို့ရန် ဘုရားဖြစ်ဖို့ရန် အကျင့်လမ်းကြောင်း ကား တမျိုးတမည် ဖြစ်စရာရှိပေ၏”ဟု ကြံစည် ဆင်ခြင်တော်မူပြီးလျှင် ဆက်၍တဖန် စဉ်းစားဆင်ခြင်တော်မူပြန်သော် ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီး လယ်ထွန်မင်္ဂလာ ပြုစဉ်အခါ ဇမ္ဗုသပြေပင်ရိပ်၌ ထိုင်နေတော်မူကာ အာနာပါန ပဌမဈာန်ကို ငါဝင်စားခံစံခဲ့ဘူးလေပြီ၊ ထိုအာနာပါန ပဌမဈာန် လမ်းကြောင်း အကျင့်သည်ပင် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရဖို့ရန် ဘုရားဖြစ်ဖို့ရန် လမ်းကြောင်းမှန် အကျင့်မှန် ဧကန်ဖြစ်ပေမည်ဟု သိမြင်တော်မူလတ်ပြီးကာ “ငါသည် ဝတ္ထုကာမ, ကိလေသကာမတို့ မဖက် သက်သက်နေကွမှုဖြင့် ရရှိမည့် ထိုအာနာပါန သမာဓိ ဈာန်ချမ်းသာကို အဘယ့်ကြောင့် ကြောက်ရွံ့အံ့နည်း၊ ငါသည် ထိုအာနာပါန သမာဓိဈာန်ချမ်းသာကို မကြောက်ဧကန် စင်စစ်မှန်၏”ဟု ကြံစည်ဆင်ခြင်တော်မူပြန်လေသည်။

ထို့နောက်တဖန် ဆက်၍ စဉ်းစားဆင်ခြင်မိပြန်သည်မှာ.... “ငါသည် ဤမျှလောက် ပင်ပန်းနွမ်းနယ်ခြင်းသို့ရောက် ညှိုးခြောက်နေသော ဤကိုယ်ဖြင့် ထိုအာနာပါန သမာဓိဈာန်ကို ရအောင် ကြိုးကုတ် အားထုတ်နိုင်လိမ့်မည်မဟုတ်ချေ၊ ထမင်းမုံ့ကြမ်း အစာရေစာကိုလှမ်း၍ ဤညှိုးနွမ်းသည့် ခန္ဓာကိုယ်ကို တဖန် စိုပျိုလန်းဆန်းစေပြီးမှ ထိုအာနာပါန သမာဓိဈာန်ကို ရအောင် ကြိုးကုတ် အားထုတ်ရမူ ကောင်းလေစွ”ဟု စဉ်းစားဆင်ခြင်တော်မူမိလေသည်။ ထိုသို့ စဉ်းစားဆင်ခြင်တော်မူပြီးသောအခါ အလောင်းတော်သူမြတ်သည် မိမိထားရာအရပ်မှ သပိတ်ကို ယူဆောင်တော်မူကာ သေနာနိဂုံး၌ ဆွမ်းခံလှည့်လည်၍ ထမင်း မုံ့ကြမ်း ရသမျှသော အစာအာဟာရဆွမ်းတို့ကို ဘုဉ်းပေး သုံးဆောင်ကာ ညှိုးနွမ်းနေသော ခန္ဓာကို မျှတစေတော်မူလေသည်။

http://www.dhammadownload.com



နှစ်ရက် သုံးရက် အတွင်းမှာပင် အားအင်ဗလပြည့်ဖြိုး၍ လာပြီးလျှင် ဒုက္ကရစရိယာ ဆင်းရဲစွာ ကျင့်စဉ်က ပျောက်ကွယ်နေခဲ့သော မဟာပုရိသ လက္ခဏာတော်ကြီးများလည်း နဂိုရ်ပကတိအတိုင်း ထင်ရှားပေါ်လွင်၍ လာလေကုန်သည်။ အလောင်းတော်၏ ရူပကာယကိုယ်တော်သည် ထိုအချိန်၌ ရွှေရောင်အဆင်း ဝါဝင်းစိုပြေ၍ နေလေသည်။

ဤ၌။ ။ဘုရားအလောင်းတော်သည် ဒုက္ကရစရိယာအကျင့်ကို စွန့်လွှတ်၍ သဗ္ဗညုတဉာဏ်ကိုရဖို့ရန် ဘုရားဖြစ်ဖို့ရန် အကျင့်လမ်းကြောင်းမှန်ကို ဆင်ခြင်တော်မူသောအခါ အာဠာရကာလာမဆရာကြီး, ဥဒကရာမပုတ္တဆရာကြီးတို့နှင့် တွေ့ဆုံစဉ်က ရရှိတော်မူခဲ့သော လောကီသမာပတ်များနှင့်ရှစ်ရပ်တို့မှာ ဝဋ္ဋပါဒက(=ဝဋ်ဆင်းရဲ၏အခြေခံ)တို့သာဖြစ်ကုန်၏၊ ခမည်းတော်သုဒ္ဓေါဒနမင်းတရားကြီး လယ်ထွန်မင်္ဂလာပြုစဉ်အခါ ဇမ္ဗုသပြေပင်ရိပ်၌ ရရှိတော်မူခဲ့သော အာနာပါန သမာဓိကား ကာယဂတာသတိ၌ အတွင်းဝင်သောကြောင့်၎င်း, ခပ်သိမ်းသော ဘုရားအလောင်းတို့အတွက်တာ ဝိပဿနာ၏ အခြေပါဒဖြစ်သောကြောင့်၎င်း ထိုအာနာပါန သမာဓိကိုသာ သဗ္ဗညုတဉာဏ်တော်ကို ရဖို့ရန် ဘုရားဖြစ်ဖို့ရန်လမ်းကြောင်းအကျင့်မှန် ဖြစ်၏ဟူ၍ အမှန်အတိုင်း ဆင်ခြင်စဉ်းစားတော်မူသည်ကို အထူးမှတ်သားရာ၏။ ။မူလပဏ္ဏာသဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၂၁၅-မှ။)

### အလုပ်အကျွေး ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့ အလောင်းတော်ကို စွန့်ခွါ၍ သွားကြပုံအကြောင်း

ဘုရားအလောင်းတော်များ ဒုက္ကရစရိယာအကျင့်ကို ကျင့်ပြီး၍ ဘုရားဖြစ်ခါနီးလတ်သော် အလုပ်အကျွေး ရဟန်းတို့ကသော်လည်း တစုံတခုသော အကြောင်းဖြင့် စွန့်ခွါ၍ သွားခြင်း, အလောင်းတော်ကသော်မူလည်း အလုပ်အကျွေး ရဟန်းတို့ကို စွန့်ခွါ၍ သွားတော်မူခြင်းသည် ဓမ္မတာကြီး တခုဖြစ်လေသည်၊ သို့ရကား ဘုရားအလောင်းတော်သူမြတ် ထမင်းမှုံ့ကြမ်း ရသမျှသော အစာအာဟာရအသွမ်းတို့ကို ဘုဉ်းပေးသုံးဆောင်ကာ ခန္ဓာကိုယ်ကို မျှတစေတော်မူသောအခါ ရှေးကပြုဆိုခဲ့ပြီးသော အလုပ်အကျွေး ပဉ္စဝဂ္ဂီရဟန်း ငါးဦးတို့သည် "ရဟန်းဂေါတမသည်

http://www.dhammadownload.com



ပစ္စည်းလာဘ်လာဘများရန် ကျင့်ကြံသူ ဖြစ်လေပြီ၊ ကမ္မဋ္ဌာန်း လွှတ်ကြီးဖြစ်ကာ ပစ္စည်း လာဘ်လာဘ များရန် ဘက်သို့ လည် (=လယ်ဆောင့်)သွားလေပြီ”ဟု ပြောဆို ငြီးငွေ့ကြကာ အလောင်းတော်ကို စွန့်ခွါ၍ ဓမ္မတာတရား၏ နှိုးဆော်ချက်အရ ခစ်သိမ်းသော ဘုရားရှင်တို့၏ ဓမ္မစကြာတရားဦးဟောရာ ဗာရာ-ဏသီပြည် ဣသိပတနမိဂဒါဝုန်တောသို့ ဖဲသွားကြလေကုန်၏။ (ဘုရားအလောင်းတော်တိုင်းလိုပင် ဘုရားဖြစ်ခါနီး၌ အလုပ် အကျွေးရဟန်းတို့ အလောင်းတော်သူမြတ်ကို စွန့်ခွါ၍ သွားကြရာ ဝယ် ဘုရားရှင်တိုင်း မစွန့်အပ်သည့် ဓမ္မစကြာတရားဦးဟောမည့် မိဂဒါဝုန်တောအုပ်သို့ သွားကြမြဲဓမ္မတာ ဖြစ်လေသည်။)

ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည် တန်းခူးလကွယ်နေ့လောက်တွင် ဘုရားအလောင်းတော်ကို စွန့်ခွါ၍ မိဂဒါဝုန်တောသို့ ပြောင်းရွှေ့ သွားကြလေသည်။ (ထိုအချိန်ကား အလောင်းတော်အတွက်တာ ဒုက္ကရစရိယာအလုပ် အပြီးတိုင်ရောက်သောအချိန်ဖြစ်လေသည်။) ဘုရားအလောင်းတော်သည် ပဉ္စဝဂ္ဂီတို့ ခွဲခွါ၍သွားကြသောအခါ ကိုယ်တော်တပါးတည်း ဆိတ်ငြိမ်မှုကို အထူးရသောကြောင့် တရားကိုအားထုတ်ရာ၌ သမာဓိသည် အထူးတိုးတက် အားရှိလာ လေသည်။ ထိုသို့ ကိုယ်ပော်မြတ်တပါးတည်း ၁၅-ရက်ခန့် ဝိဝေကကို အထူးရရှိကာ တရားအလုပ် အားထုတ်တော်မူသဖြင့် သမာဓိတိုးတက်၍ ကဆုန်လဆန်း ၁၄-ရက်နေ့ညဉ့် သန်းခေါင် ကျော် မိုးသောက်ဘက်သို့ ရောက်လတ်သောအခါ အိပ်မက်ကြီး ငါးပါးတို့ကို မြင်မက်တော်မူလေသည်။ ထိုအိပ်မက်ကြီး ငါးပါး တို့ကား—

### ဘုရားအလောင်း၏ အိပ်မက်ကြီးငါးပါး

(၁) မြေအပြင်ကို အိပ်ရာပြုလျက် ဟိမဝန္တာတောင်ကို ခေါင်းအုံးပြုလျက် အရှေ့သမုဒ္ဒရာ၌ လက်ဝဲ(=ဗယ်)လက်ကို ထားလျက် အနောက်သမုဒ္ဒရာ၌ လကျာ(=ညာ)လက်ကို ထား လျက် တောင်သမုဒ္ဒရာ၌ ခြေတော်နှစ်ဖက်ကိုထားလျက် အိပ်စက်

http://www.dhammadownload.com



တော်မူရသည်ဟု မြင်မက်တော်မူသည်။ ထိုသို့ ပဌမအိပ်မက်ကို မြင်မက်တော်မူခြင်းသည် သမ္မာသမ္ဗုဒ္ဓ ရွှေဉာဏ်တော်ကို ရရှိတော်မူကာ လူသုံးပါး၌ ဘုရားစင်စစ် ဖြစ်ဖို့ရန် မြင်မက်တော်မူခြင်း ဖြစ်လေသည်။

(၂) တိရိယာမည်သော မြက်ပင်မျိုးသည် ထမ်းပိုးခန့် ပမာဏရှိသည့် နီမြန်းသောရိုးတံဖြင့် ချက်တော်မှပေါက်ထွက်၍ ကြည့်စဉ်ကြည့်စဉ် (=ကြည့်နေတုန်း)ပင် တထွာ, တတောင်, တလံ,တတာ, တဂါဝုတ်, ယူဇနာဝက်,တယူဇနာ-၅သို့စသည်ဖြင့် မြင့်၍မြင့်၍ တက်သွားပြီးလျှင် ယူဇနာပေါင်း အထောင်များစွာ အဇဋာပြင် မိုးကောင်းကင်ကိုခိုက်လျက် တည်နေသည်ဟု မြင်မက်တော်မူသည်။ ထိုသို့ ဒုတိယအိပ်မက်ကို မြင်မက်တော်မူခြင်းသည် မဇ္ဈိမပဋိပဒါဖြစ်သော အဋ္ဌင်္ဂိကမဂ္ဂင်တရားကို လူနတ်တို့အား ဟောကြားတော်မူနိုင်ဖို့ရန် မြင်မက်တော်မူခြင်း ဖြစ်လေသည်။

(၃) ကိုယ်လုံးဖြူလျက် ဦးခေါင်းနက်သော ပိုးလောက်အပေါင်းတို့သည် ခြေသည်းတော်များမှ ပုဆစ်ဒူးခေါင်း တိုင်အောင် တရွရွတက်ရောက် ဖုံးလွှမ်းကြသည်ဟု မြင်မက်တော်မူသည်။ ထိုသို့ တတိယအိပ်မက်ကို မြင်မက်တော်မူခြင်းသည် ဝတ်ဖြူစင်ကြယ်ဝတ်ကြသည့် များစွာသောလူအပေါင်း(ဦးခေါင်းနက်သူ)တို့ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ကာ မဟာသရဏဂုံခံယူကြဖို့ရန် မြင်မက်တော်မူခြင်း ဖြစ်လေသည်။

(၄) ညို, ရွှေ, နီ, ဖျော့ လေးဖော်သော အဆင်းရှိကြသည့် ငှက်လေးမျိုးတို့သည် အရပ်လေးမျက်နှာမှ ပျံလာကြ၍ ခြေတော်ရင်း၌ ဝပ်စင်းမိကြသောအခါ ငှက်လေးမျိုးလုံးပင် ကိုယ်လုံးဆွတ်ဆွတ်ဖြူကြသည်ဟု မြင်မက်တော်မူသည်။ ထိုသို့ စတုတ္ထအိပ်မက်ကို မြင်မက်တော်မူခြင်းသည် မင်း, ပုဏ္ဏား, သူကြွယ်, ဆင်းရဲသား အမျိုးလေးပါးတို့မှ အမျိုးကောင်းသားတို့သည် မြတ်စွာဘုရား၏ သာသနာတော်သို့ ဝင်ရောက်၍ ရဟန်းပြုကြပြီး

http://www.dhammadownload.com



လျှင် အရဟတ္တဖိုလ်သို့ ရောက်ရှိကြဖို့ရန် မြင်မက်တော်မူခြင်း ဖြစ်လေသည်။

(၅) ကြီးစွာသော မစင်တောင်ကြီး၏အထက်၌ ထိုမစင်ဖြင့် မလူးလည်းပဲ လူးလာတုံ့ခေါက် စင်္ကြံလျှောက်ရသည်ဟု မြင်မက်တော်မူသည်။ ထိုသို့ ပဥ္စမအိပ်မက်ကို မြင်မက်တော်မူခြင်းသည် ဘုရားဖြစ်တော်မူသောအခါ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ကို များစွာရတော်မူရန်နှင့် ထိုပစ္စည်းလေးပါး တို့ကို တွယ်တာတပ်မက် ငြိကပ်ခြင်းမရှိပဲ သုံးဆောင်တော်မူဖို့ရန် မြင်မက်တော်မူခြင်း ဖြစ်လေသည်။

**မှတ်သားဖွယ်**
**အိပ်မက်,မက်ခြင်း အကြောင်းလေးပါး**

အိပ်မက်မြင်မက်သောသူသည် (၁) ဓာတ်ချောက် ချားခြင်းကြောင့်ဖြစ်စေ (၂) ရှေးက လေ့ကျက် ခံစား ဘူးသောကြောင့်ဖြစ်စေ (၃) နတ်များလှည့်စားသော ကြောင့်ဖြစ်စေ (၄) ပုဗ္ဗနိမိတ်ကြောင့်ဖြစ်စေ ဤ အကြောင်း လေးပါးတို့ကြောင့် မြင်မက်တတ်၏။

ထိုတွင် (၁) သည်းခြေအစရှိသောဓာတ်များ ချောက် ချားသောကြောင့် အိပ်မက်မြင်မက်ရာ၌ တောင်ပေါ်မှ လိမ့်ကျသယောင်ယောင်, ကောင်းကင်ခရီးဖြင့် အသည်း စထိတ်ထိတ် သွားရသယောင်ယောင်, ဆင်ကြမ်း, မြင်း ကြမ်း, ခြင်္သေ့, သစ်, ကျား–စသော သားရဲများ လူဆိုး သူဆိုး စသည်တို့က မိမိနောက်သို့ တကောက်ကောက် လိုက်နေသယောင်ယောင် ကြောက်မက်ဖွယ်သော အိပ် မက်ကို မြင်မက်တတ်၏။

(၂) ရှေးက လေ့ကျက် ခံစားဘူးသောကြောင့် အိပ်မက်မြင်မက်ရာ၌ မိမိရှေးက မြင်ဘူး ကြားဘူး သုံး

http://www.dhammadownload.com



ဆောင်ဘူးသောအာရုံများကို မြင်ရ ကြားရ သုံးဆောင်ရ သယောင်ယောင် မြင်မက်တတ်၏။

(၃) နတ်များ လှည့်စားသောကြောင့် , အိပ်မက် မြင်မက်သော သူအား နတ်များက အကျိုးလိုလား၍ဖြစ်စေ, အကျိုးမဲ့ကို လိုလား၍ဖြစ်စေ, အကျိုးရရန်, အကျိုးမဲ့ရရန် အာရုံအမျိုးမျိုးတို့ကို ကပ်၍ ဆောင်တတ် ပြတတ်ကုန်၏၊ ထိုသူသည် နတ်တို့၏ အာနုဘော်ကြောင့် ထိုအာရုံအမျိုးမျိုးကို မြင်မက်တတ်၏။

(၄) ပုဗ္ဗနိမိတ်ကြောင့် အိပ်မက် မြင်မက်သော သူသည် ကောင်းမှု, မကောင်းမှု (=ကုသိုလ်ကံ, အကုသိုလ်ကံ) အစွမ်းကြောင့် ကောင်းကျိုး, မကောင်းကျိုး ရဖို့ရန် ရှေ့ပြေး ပုဗ္ဗနိမိတ်ဖြစ်သော အိပ်မက်ကို မြင်မက်တတ်၏။ မဟာမာယာဒေဝီ သားရဖို့ရန် အိပ်မက် မြင်မက်သကဲ့သို့၎င်း, ကောသလမင်းကြီး အိပ်မက်ကြီး တဆယ့်ခြောက်ချက်ကို မြင်မက်သကဲ့သို့၎င်း, ယခု ဘုရားအလောင်းတော် အိပ်မက်ကြီးငါးပါးကို မြင်မက်သကဲ့သို့၎င်း ကောင်းကျိုး, မကောင်းကျိုး ဖြစ်ပေါ်ဖို့ရန် မြင်မက်သော အိပ်မက်မျိုးဖြစ်သည်။

**ဘာရနဆောင်။** ။ဓာတ်မငြိမ်သက်၊ လေ့ကျက်ရှေးခါ၊ ဒေဝါနတ်များ၊ လှည့်စား ပုဗ္ဗ-၊နိမိတ္တလျှင်၊ အိပ်မက်မြင်၊ လေးအင်အကြောင်းတည်း။

ထိုအိပ်မက်လေးမျိုးတို့တွင်— (၁) ဓာတ်ချောက်ချားခြင်းကြောင့် မြင်မက်သော အိပ်မက်သည်၎င်း (၂) ရှေးက လေ့ကျက်ခံစားဘူးသောကြောင့် မြင်မက်သော အိပ်မက်သည်၎င်း မက်သည့်အတိုင်း မမှန်တတ်၊ (၃) နတ်များ လှည့်စားသောကြောင့် မြင်မက်သော အိပ်မက်ကား မှန်လည်း မှန်တတ်၏၊ လွဲလည်း လွဲတတ်၏၊ မှန်၏···· နတ်များအမျက်ထွက်လတ်သော် ဥပါယ်တမျဉ်ဖြင့် ပျက်စီးဖို့ရန် အလွဲလွဲအမှားမှား အိပ်မက်ကို ပြတတ်ကုန်၏။

http://www.dhammadownload.com



**နတ်များအမျက်ထွက်၍ အိပ်မက်အလွဲလွဲမြင်သောဝတ္ထု**

သီဟိုဠ်ကျွန်း ရောဟနအရပ် နာဂကျောင်းတိုက်ကြီး၌ သံဃမထေရ်ကြီးသည် ရဟန်းသံဃာကို မပန်ကြားပဲ ကံ့ကော်ပင်ကြီးတပင်ကို ခုတ်လှဲစေလေသည်၊ ထို ကံ့ကော်ပင်၌ နေထိုင်သော ရုက္ခစိုးနတ်သည် ပဌမပိုင်း၌ ထိုမထေရ်ကြီးကို မှန်ကန်သော အိပ်မက်ကိုပေး၍ ယုံ လောက်အောင် ဖြားယောင်းပြီး ယုံလောက်သည့် နောက် တချိန်၌ "ဤနေ့မှ နောက် ခုနစ်ရက်မြောက်၌ အရှင်ဘုရား ၏ ဒါယကာ ပြည့်ရှင်မင်းကြီးသည် နတ်ရွာစံလိမ့်မည်" ဟု အိပ်မက်၌ ပြောကြားလေသည်။ မထေရ်ကြီးသည် ထို စကားကို ယုံကြည်ကိုးစား၍ နန်းတွင်းသူ မောင်းမမိဿံ တို့အား ပြောကြားလေသည်။ နန်းတွင်းသူများသည် တပြိုင်နက်တည်း သည်းစွာ ငိုကြွေးကြလေသည်၊ မင်းကြီး က အကြောင်းကို မေးသောအခါ မထေရ်ကြီးက ဤသို့ ပြောဆိုကြောင်း ပြန်ကြားလျှောက်ထားကြလေ၏။ မင်း ကြီးသည်ရက်တို့ကိုရေတွက်၍ခုနစ်ရက်လွန်မြောက်သော အခါ (မိမိနတ်ရွာမစံသဖြင့် အလွဲလွဲ အမှားမှား ထိတ် လန့်အောင် ပြောကြားရကောင်းလားဟု) မထေရ်ကြီး၏ လက်ခြေတို့ကို ဖြတ်စေခဲ့လေသည်။ ။(ဤဝတ္ထုကား သာရတ္ထဒီပနီဋီကာ ဒုတိယအုပ် စာမျက်နှာ ၃၁၂-၌ လာသည်။) (၄) ပုဗ္ဗနိမိတ်ကြောင့် မြင်မက်သော အိပ် မက်ကား ဧကန်မှန်သည်သာတည်း။

ထိုအိပ်မက်လေးမျိုးကို ဝိပလ္လာသတရား မပယ်ရှားရ သေးသောကြောင့် ပုထုဇဉ် သောတာပန် သကဒါဂါမိ အနာဂါမိ ပုဂ္ဂိုလ်တို့သာ မြင်မက်ကြ၏၊ ရဟန္တာများကား ဝိပလ္လာသတရား ပယ်ရှားပြီးဖြစ်သောကြောင့် မမြင်မက် ကုန်။ ။အချိန်အလိုအားဖြင့် နေ့အခါ၌ မြင်မက်သော အိပ်မက်, ညဦးယံ သန်းခေါင်ယံ မိုးသောက်ယံတို့၌ မြင် မက်သောအိပ်မက်တို့သည် အဟောနှင့် မညီတတ်ကြကုန်၊

http://www.dhammadownload.com



မိုးသောက်အားကြီး လင်းခါနီးဝယ် စားသောက်လျက် အပ်သော အစာအာဟာရများ ကြေကျက်၍ ကိုယ်၌ဩဇာ တည်သောအခါ အရုဏ်တက်ချိန်၌ မြင်မက်သောအိပ်မက် သည် အဟောနှင့် ညီတတ်၏၊ ဇူဠနိမိတ် အိပ်မက်ကို မြင် မက်လျှင် ကောင်းကျိုးရတတ်၏၊ အနိဋ္ဌနိမိတ် အိပ်မက်ကို မြင်မက်လျှင် မကောင်းကျိုး ရတတ်၏။ ။ဤမှတ်ဖွယ် များကို အင်္ဂုတ္တိုရ်၊ အဋ္ဌကထာ တတိယအုပ် ပဉ္စကနိပါတ် အဖွင့် စတုတ္ထပဏ္ဏာသက၊ ၅-မြာဟ္မဏဝဂ်၊ ၆-မဟာ- သုပိနသုတ်အဖွင့် စာမျက်နှာ ၇၁+၇၂-တို့မှ ထုတ်နုတ် ဖော်ပြပါသည်။

ရှေးဖော်ပြရာပါ အိပ်မက်ကြီး ၎ါးမျိုးတို့ကို လောကီလူများ လည်း မမြင်မက်၊ မင်းများလည်း မမြင်မက်ကြ၊ စကြာမင်းများ လည်း မမြင်မက်ကြ၊ အဂ္ဂသာဝကတို့လည်း မမြင်မက်ကြ၊ ပစ္စေက ဗုဒ္ဓါအရှင်မြတ်တို့လည်း မမြင်မက်ကြ၊ သဗ္ဗညုမြတ်စွာဘုရားတို့ လည်း မြင်မက်တော်မမူကြ၊ သဗ္ဗညုမြတ်စွာဘုရားအလောင်းတော် ပုဂ္ဂိုလ်တမျိုးသာလျှင် မြင်မက်၏၊ ငါတို့၏ ဘုရားအလောင်း တော်သည် ထိုအိပ်မက်ကြီး ၎ါးမျိုးတို့ကို မဟာသက္ကရာဇ် ၁၀၃ - ခုနှစ် ကဆုန်လဆန်း ၁၄ - ရက်နေ့ညဉ့် သန်းခေါင်ယံ လွန်မြောက်၍ မိုးသောက်ခါနီး လင်းအားကြီးအချိန်တွင် မြင် မက်တော်မူလေသည်။

### အိပ်မက်ကြီးများကို ကိုယ်တော်တိုင် နိမိတ်ဖတ်ခြင်း

ဘုရားအလောင်းတော်သည် ဤအိပ်မက်ကြီး ၎ါးပါးတို့ကို မြင် မက်တော်မူပြီးလျှင် လျောင်းစက်ရာမှထတော်မူကာတင်ပလ္လင်ခွေ ထိုင်နေတော်မူပြီးသော် "ငါသည် ကပိလဝတ် နေပြည်တော်၌ နေစဉ်ကာလ ဤအိပ်မက်ကြီး ၎ါးပါးတို့ကို မြင်မက်ရပါမူ ခမည်းတော် သုဒ္ဓေါဒန မင်းတရားကြီးအား ပြောကြားရလေရဲ့၊ ငါ့မယ်တော် အသက်ထင်ရှား အရှင်သားရှိနေလျှင်လည်း မယ် တော်အား ပြောကြားရလေရဲ့၊ ဤယခု ဥရုဝေလတောအုပ်ကြီး

http://www.dhammadownload.com



၌ကား ဤ အိပ်မက်ကြီးများကို လက်ခံနားထောင်ကာ နိမိတ်ဖတ်ပေးမည့်သူ တလူမျှမရှိချေ၊ ငါသည်ပင်လျှင် ငါ့အိပ်မက်ကြီးများကို လက်ခံနာယူကာ နိမိတ်ဖတ်တော့အံ့" ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင် "ဤပဌမအိပ်မက်သည် ဤမည်သောအကျိုးကို ရဖို့ရန် ပုဗ္ဗနိမိတ်ဖြစ်၏၊ ဤ ဒုတိယအိပ်မက်သည် ဤ မည်သော အကျိုးကို ရဖို့ရန် ပုဗ္ဗနိမိတ်ဖြစ်၏" ဟု ရှေး၌ ပြဆိုအပ်ခဲ့သည့်အတိုင်း ကိုယ်တော်တိုင်ပင် အိပ်မက်ကြီး ငါးပါးတို့ကို နိမိတ်ဖတ်တော်မူလေသည်။

### သုဇာတာ ဃနာနို့ဆွမ်း ကပ်လှူခြင်း

ဤသို့လျှင် ဘုရားအလောင်းတော်သည် ဤ အိပ်မက်ကြီး ငါးပါးတို့ကို မြင်မက်တော်မူပြီးလျှင် ကိုယ်တော်တိုင်ပင် အိပ်မက်ကြီးတို့၏ နိမိတ်ကို ဖတ်တော်မူ၍ "ငါသည် ယနေ့ပင် မချွတ်ကေန် ဘုရားဖြစ်လိမ့်မည် မှန်၏" ဟု ဆုံးဖြတ်ချက် ချမှတ်တော်မူပြီးကာ ထိုညဉ့်လွန်မြောက် မိုးလင်း (လပြည့်နေ့ နံနက်ပိုင်း) သို့ ရောက်လတ်သော် ကိုယ်လက် သုတ်သင် စင်ကြယ်စေ၍ ထိုအရပ်မှ ထွက်ခဲ့ပြီးလျှင် သုဇာတာ သူဌေးသမီး နှစ်စဉ်နှစ်စဉ် အပူဇော်အပသရောက်သော ညောင်ပင်ရင်း၌ ဆွမ်းခံရန်အချိန်ကို ငံ့လင့်တော်မူကာ ကိုယ်တော်၏ အရောင်ဖြင့် ညောင်ပင်တပင်လုံး ထွန်းလင်းတောက်ပစေလျက် အရှေ့အရပ်သို့ မျက်နှာမူ ထိုင်နေတော်မူလေ၏။

ထိုစဉ်အခါ ဥရုဝေလအရပ် သေနာနိဂုံး၌ **သေနာနီ**မည်သော သူဌေးကြီး၏သမီး **သုဇာတာ**သည် အရွယ်သို့ ရောက်လတ်သော် ထိုညောင်ပင်ရင်း၌ ဆုတောင်းမှုပြုခဲ့သည်ကား—"အရှင်ညောင်စောင့်နတ်မင်း....အကျွန်ုပ်သည် အမျိုးဇာတ်တူ သူဌေးအိမ်သို့ ရောက်ရှိ၍ ပဌမအကြိမ် ကိုယ်ဝန်ရှိလတ်သော် သားကို ရရှိငြားအံ့၊ အရှင်နတ်မင်းကို နို့ဃနာဖြင့် ပူဇော်မှုကို ပြုပါအံ့" ဟူ၍ ဖြစ်သည်။ သုဇာတာ၏ ထိုဆုတောင်းချက်ကား တောင်းတိုင်းပင် ပြည့်စုံခဲ့လေပြီ။ ထို့ကြောင့် ထိုသုဇာတာ သူဌေးသမီးသည်

http://www.dhammadownload.com



နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်နေ့၌ ထိုညောင်စောင့်နတ်မင်းအား နို့ဃနာဆွမ်းဖြင့် ပူဇော်ပသမှု ဝတ်ပြုခဲ့လေသည်။

(သတိချပ်ရန်။ ။ သုဇာတာ ဃနာနို့ဆွမ်း ကပ်လှူခဏ်း အကြောင်းကို ဖတ်ရှုလျှင် သတိမပြု မဆင်ခြင်က မျှားသောအားဖြင့် "သုဇာတာသည် မြတ်စွာဘုရားအလောင်း ဘုရားဖြစ်တော်မူမည့် ထို ကဆုန်လပြည့်နေ့မှာ အစဆုံးအကြိမ် ဆုတောင်းပြည့်၍ ညောင်စောင့် နတ်အား ဃနာနို့ဆွမ်းဖြင့် ပသပူဇော်သည်" ဟု မှတ်ယူမိတတ်လေ သည်။ အမှန်မှာ ထိုနှစ် ထိုအကြိမ်မှ ရှေးလွန်ခဲ့သော နှစ်ပေါင်း နှစ် ဆယ်ခန့်လောက်ကပင် ဆုတောင်းပြည့်၍ ညောင်စောင့် နတ်အား ဃနာနို့ဆွမ်းဖြင့် ပူဇော်ပသခဲ့ခြင်းဖြစ်သည်။ အကြောင်းသော်ကား ထို သုဇာတာ၏သားကား ယသသူဌေးသားတည်း၊ ယသသူဌေးသားသည် မြတ်စွာဘုရား ဘုရားဖြစ်မည့် ထိုနှစ်အချိန်မှာ အိမ်ထောင်ကျ၍ သူဌေး စည်းစိမ်ကိုပင် ခံစားလျက် ရှိနေပေပြီ။ ထိုအကြောင်းကို ထောက်ဆ သဖြင့် သုဇာတာ သူဌေးသမီးသည် သားဆုတောင်း ပြည့်ဝခဲ့သဖြင့် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်က အစပြု၍ ထိုညောင် စောင့်နတ်မင်းအား နှစ်စဉ်နှစ်စဉ် ကဆုန်လပြည့်နေ့၌ နို့ဃနာဆွမ်းဖြင့် ပူဇော်ပသမှု ပြုခဲ့သည်ဟု မှတ်ယူရာ၏။)

ထိုသုဇာတာ သူဌေးကတော်သည် ဘုရားအလောင်းတော် သူမြတ် ဒုက္ကရစရိယာကျင့်၍ ခြောက်နှစ် ပြည့်မြောက် ကဆုန် လပြည့်နေ့သို့ ရောက်လတ်သော် ညောင်စောင့်နတ်အား ပူဇော်မှု ပြုလိုသည် ဖြစ်ရကား— (၁) ရှေးဦးစွာကပင် နို့စားနွားမ တထောင်ကို နွယ်ချိုတော၌ ကျောင်းစေ၍ ထိုနွားမတထောင် တို့မှ ထွက်သောနို့ရည်ကို အခြားနို့စားနွားမ ငါးရာတို့အား တိုက်ကျွေးစေသည်၊ (၂) ထိုနို့စားနွားမငါးရာတို့မှ ထွက်သော နို့ရည်ကို အခြားနို့စားနွားမ နှစ်ရာ့ငါးဆယ်တို့အား တိုက်ကျွေး စေသည်၊ (၃) ထိုနို့စားနွားမ နှစ်ရာ့ငါးဆယ်တို့မှ ထွက်သော နို့ရည်ကို အခြားနို့စားနွားမ တရာ့နှစ်ဆယ့် ငါးကောင်တို့အား တိုက်ကျွေးစေသည်၊ (၄) ထိုနို့စားနွားမ ကရာ့နှစ်ဆယ့်ငါးကောင် တို့မှ ထွက်သော နို့ရည်ကို အခြားနို့စားနွားမ ခြောက်ဆယ့်

http://www.dhammadownload.com



လေးကောင်တို့အား တိုက်ကျွေးစေသည်၊ (၅) ထိုနို့စားနွားမ ခြောက်ဆယ့်လေးကောင်တို့မှ ယိုထွက်သော နို့ရည်ကို အခြား နို့စားနွားမ သုံးဆယ့် နှစ်ကောင်တို့အား တိုက်ကျွေးစေသည်၊ (၆) ထိုနို့စားနွားမ သုံးဆယ့်နှစ်ကောင်တို့မှ ယိုထွက်သော နို့ရည်ကို အခြားနို့စား နွားမ တဆယ့် ခြောက်ကောင်တို့အား တိုက်ကျွေးစေသည်၊ (၇) ထိုနို့စားနွားမ တဆယ့်ခြောက်ကောင် တို့မှ ယိုထွက်သော နို့ရည်ကို အခြားနို့စား နွားမ ရှစ်ကောင်တို့ အား တိုက်ကျွေးစေသည်။ ဤသို့လျှင် သုဇာတာ သူဌေးကတော် သည် နွားနို့၏ အရည်ပျစ်ရန် ချိုမြိန်သောအရသာရှိရန် ဩဇာ ရှိရန် ရည်သန်၍ နွားနို့ဆင့်ကဲ လဲလှယ်မှုကို ပြုလုပ်လေသည်။ (ဤကား ဇာတ်အဋ္ဌကထာ၌လာသော စကားရပ်တည်း။)

**ဃနာ၃လက်ာ၃ရန်ကော အလိုအားဖြင့်**....သုဇာတာ သူဌေး ကတော်သည် ပဌမနို့စား နွားမတရာကို နွယ်ချိုတော၌ ကျောင်း စေသည်၊ ထိုပဌမ နို့စား နွားမတရာမှ မွေးဖွားသော နို့စား နွားမ တရာတို့ကို ထို့အတူ နွယ်ချိုတော၌ ကျောင်းစေသည်၊ ထို ဒုတိယ နို့စား နွားမတရာမှ မွေးဖွားသော နို့စား နွားမတရာ တို့ကို ထို့အတူ နွယ်ချိုတော၌ ကျောင်းစေပြန်သည်၊ ထိုတတိယ နို့စားနွားမတရာမှ မွေးဖွားသော နို့စားနွားမ တရာတို့ကို ထို့ အတူ နွယ်ချိုတော၌ ကျောင်းစေပြန်သည်၊ ထိုစတုတ္ထ နို့စား နွားမတရာတို့မှ မွေးဖွားသော နို့စားနွားမတရာတို့ကို ထို့အတူ နွယ်ချိုတော၌ ကျောင်းစေပြန်သည်၊ ထိုပဉ္စမနို့စားနွားမတရာတို့မှ မွေးဖွားသော နို့စားနွားမတရာတို့ကို ထို့အတူ နွယ်ချိုတော၌ ကျောင်းစေပြန်သည်၊ ထိုဆဋ္ဌနို့စားနွားမတရာတို့မှ မွေးဖွားသော နို့စားနွားမတရာတို့ကို ထို့အတူ နွယ်ချိုတော၌ ကျောင်းစေပြန် သည်၊ ဤနည်းဖြင့် ခုနစ်ဆက်မြောက် ဖြစ်သော နို့စားနွားမ တရာတို့မှ နို့ရည်ကိုညှစ်ယူ၍ဃနာ၃နို့ဆွမ်းချက်ရန် စီမံလေသည်။

သုဇာတာသူဌေးကတော်သည် ကဆုန်လပြည့်နေ့၌ "စော စောပင်လျှင် ဗလိနို့ဃနာ၃ပူဇော်မှု ပြုပေအံ့"ဟု ကြံစည်ကာ

http://www.dhammadownload.com



ထိုလပြည့်နေ့နံနက် စောစောထ၍ ဖော်ပြရာပါ နွားမရှစ်ကောင်တို့မှ နွားနို့ကိုညှစ်စေသောအခါ သားငယ်ဖြစ်သော နွားကလေးများသည် (ကြိုးဖြင့် မချည်မတုတ်မနှောင်ရပဲ) အမိနို့စားနွားမ၏ နို့တိုင်ရင်းသို့ မကပ်ရောက်ကြကုန်။ အထူးအားဖြင့် နွားနို့ခံခွက်များကို နို့တိုင်အနီးသို့ထည့်သွင်းခံယူလိုက်လျှင်ပင် မညှစ်ရတော့ပဲ သူ့အလိုလို ဓမ္မတာအားဖြင့် နို့ရည်အယဉ် သွင်သွင်စီး၍ ကျလာလေတော့သည်။ ထိုသို့သော အံ့ဘွယ်ကို မြင်ရကား သုဇာတာသူဌေးကတော်သည် ရွှေးနှစ်များနှင့်မတူ မိမိလက်ဖြင့်ပင် အလိုလိုယိုထွက်သော နို့ရည်များကို သယ်ယူကာ အိုးသစ်၌ ထည့်ပြီးလျှင် မိမိလက်ဖြင့်ပင် မီးကို မွေး၍ နို့ဃနာကျိုချက်ရန် အားထုတ်လေတော့သည်။

### နတ်ဗြဟ္မာတို့ ကူညီကြခြင်း

ထိုနို့ဃနာကို ချက်အပ်သည်ရှိသော်.... (၁) ကြီးစွာ ကြီးစွာသော အမြှုပ်ကြီးများထ၍ လက်ျာရစ်လည်၍သာ နေကုန်၏၊ တပေါက်လောက်မျှလည်း အပြင်သို့ မကျရောက်ပေ၊ (၂) ခုံလောက်အထက် အနည်းငယ်မျှပင် မီးခိုးမတက်ပေ၊ (၃) ထိုအခါ လောကပါလ နတ်မင်းကြီးလေးပါးတို့ လာရောက်၍ ခုံလောက်၌ အစောင့်အရှောက်ကို ယူကြကုန်၏၊ (၄) မဟာဗြဟ္မာ မင်းသည် နို့ဃနာအိုးကို ထီးမိုး၍ပေးပေ၏၊ (၅) သိကြားမင်းသည် ထင်းစမီးစများကို ညီအောင်ညှိလျက် မီးကို တောက်စေလေသည်၊ (၆) နတ်တို့သည် ကျွန်းငယ် နှစ်ထောင်အရံရှိသော လေးကျွန်းတို့၌ နတ်များလူများ သုံးစွဲကောင်းသည့် ဩဇာကို မိမိတို့၏နတ်တန်ခိုးဖြင့် အတုံ၌ဖွဲ့အပ်သော ပျားလဘို့ကို ညှစ်၍ ပျားရည်ကို ယူကြသည့်အလား စုရုံးဆောင်ယူကြ၍ ထို နို့ဃနာအိုး၌ ထည့်သွင်းကြလေသည်။

**အထူးမှတ်ဖွယ်ကား....** တပါးသော အခါတို့၌ နတ်တို့သည် မြတ်စွာဘုရားဆွမ်းဘုဉ်းပေးရန် အလုပ်အစလွှ ပြုသောအခါမှ

http://www.dhammadownload.com



ဆွမ်းလုပ်တိုင်း ဆွမ်းလုပ်တိုင်း၌ ဆိုအပ်ပြီးသည့် လူများနတ်များ သုံးစားကောင်းသည့် ဩဇာကို ထည့်ကြလေသည်၊ ဘုရား ဖြစ်တော်မူမည့်နေ့, ပရိနိဗ္ဗာန် စံတော်မူမည့်နေ့ ဤနှစ်နေ့၌ကား အိုးထဲ၌ပင် ဆိုအပ်ပြီးသည့် ဩဇာကို ထည့်သွင်းကြလေသည်။

သုဇာတာသူဌေးကတော်သည် တနေ့တည်း၌ပင် ထိုနို့ဃနာ ကျိုချက်ရာဌာန၌ ဖော်ပြရာပါ များစွာသော အံ့ဘွယ်ရာတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ရ၍ ပုဏ္ဏာမည်သောကျွန်မ(＝အိမ်စေ မ)ကို ခေါ်ပြီးလျှင် "အမိပုဏ္ဏာ.... ယနေ့ ငါတို့၏ ညောင်စောင့် နတ်မင်းသည် အလွန်လျှင် စိတ်ကြည်ပုံရပေသည်၊ ငါသည် ဤမျှ အနှစ် နှစ်ဆယ်ကျော် ကာလအတွင်း၌ ဤသို့ သဘောရှိသော အံ့ဘွယ်မျိုးကို မမြင်စဘူး၊ လျင်မြန်စွာသွား၍ နတ်မင်း၏နေရာ ညောင်ပင်ကို ရှင်းလင်းသုပ်သင်ပါချေ" ဟု စေခိုင်းပြောဆို လေ၏။ ပုဏ္ဏာမည်သော ကျွန်မသည်လည်း "ကောင်းပါပြီ အရှင်မ" ဟု ဝန်ခံကာ လျင်မြန်စွာ ညောင်ပင်အနီးသို့ သွား ရောက်လတ်သော် ညောင်ပင်ရင်း၌ အရှေ့မျက်နှာလောကဓာတ် ကို ကြည့်ရှုကာ ထိုင်နေတော်မူသော ဘုရားအလောင်းတော်ကို ၎င်း, ထိုဘုရားအလောင်းတော်၏ ကိုယ်မှထွက်သောအရောင်တို့ ဖြင့် ညောင်ပင်တပင်လုံး ရွှေရောင်အဆင်း ဝါဝင်း၍နေသည်ကို ၎င်း တွေ့မြင်ရ၍ "ယနေ့ ငါတို့၏ ညောင်စောင့်နတ်မင်းသည် ညောင်ပင်မှ ဆင်းသက်၍ မိမိလက်ဖြင့်ပင်လျှင် ပူဇော်သဏ္ဍာ ဗလိနတ်စာကို ခံယူရန် ထိုင်နေသည်ထင်၏" ဟု ကြံစည်ပြီးလျှင် ထိတ်လန့်တုန်လှုပ်ကာ လျင်မြန်စွာ အိမ်သို့ပြန်ခဲ့၍ သုဇာတာ သူဌေးကတော်အား ထိုအကြောင်းကို ပြောကြားလေ၏။

သုဇာတာ သူဌေးကတော်သည် ထိုကျွန်မ၏ စကားကိုကြား ရလျှင် အလွန် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ "သင်သည် ယနေ့မှစ၍ ငါ၏ သမီးအကြီးအရာ၌ တည်လေလော့" ဟု ပြော ဆိုကာ သမီးအား လျော်ပတ်သော အလုံးစုံသော အဆင် တန်းဆာတို့ကို ပေးလေ၏။

http://www.dhammadownload.com



ဘုရားအလောင်းတော် သူမြတ်တို့မှာ ဘုရားဖြစ်မည့်နေ့၌ နို့ဃနာဆွမ်း ဘုဉ်းပေး သုံးဆောင်တော်မူရခြင်းသည် ဓမ္မတာ တပါး အပါအဝင် ဖြစ်ပေသည်၊ ထိုသို့ ဘုရားဖြစ်မည့်နေ့၌ အဖိုး တသိန်းတန် ရွှေခွက်ကို ရဖို့ရန် သင့်ရကား သုဇာတာသူဌေး ကတော်သည် "ရွှေခွက်၌ နို့ဃနာကိုထည့်အံ့"ဟူသော စိတ်အကြံ ကို ဖြစ်စေ၍ အဖိုးတသိန်းတန်ရွှေခွက်ကို တိုက်ခန်းမှ ထုတ်စေပြီး လျှင် ထို ရွှေခွက်၌ နို့ဃနာဆွမ်းကို လောင်းထည့်လိုသည်ဖြစ်၍ ကျက်ပြီးသောနို့ဃနာအိုးကို စောင်းငဲ့ လောင်းထည့်လိုက်လျှင်ပင် အလုံးစုံသော နို့ဃနာသည် ပဒုမာကြာရွက်မှ လျှောကျသော ရေပေါက်ကဲ့သို့ တစက်မျှမကျန် ရွှေခွက်၌တည်လာလေ၏၊ အလုံး စုံသော နို့ဃနာဆွမ်းသည် ရွှေခွက်တခွက် ပြည့်ရုံသာ ရှိ၏၊ အပို အလိုဟူ၍ မရှိ။

သုဇာတာသူဌေးကတော်သည် နို့ဃနာအပြည့် ထည့်ပြီးသော ထိုရွှေခွက်ကို အခြားရွှေခွက်တခွက်ဖြင့် ဖုံးအုပ်၍ ဖြူစင်စွာသော အဝတ်ဖြင့် ရစ်ပတ်ဖွဲ့နှောင်ပြီးလျှင် အလုံးစုံသော တန်းဆာတို့ဖြင့် မိမိကိုယ်ကိုတန်းဆာဆင်ယင်လျက် ထိုရွှေခွက်ကို ကိုယ်တိုင်ရွက်ချီ ကာ ကြီးကျယ်စွာသော အဆောင်အယောင် အခမ်းအနားဖြင့် ညောင်ပင်အနီးသို့ သွားလေသော် အလောင်းတော်သူမြတ်ကို မြင်ရလျှင် အလွန်ပင်ဝမ်းမြောက်ဝမ်းသာဖြစ်ရှိကာညောင်စောင့် နတ်မင်းဟူသော အမှတ်ဖြင့် အလောင်းတော်ကို မြင်ရာအရပ်မှ ပင်လျှင် ကိုယ်ကို ညွတ်လျက် ညွတ်လျက် သွားရောက်ပြီးလျှင် ဦးခေါင်းမှ ရွှေခွက်ကိုချ၍ ဖွင့်ပြီးသော် ရွှေကရားဖြင့် နံ့သာပန်း မျိုးစုံ ထုံအပ်သောရေကို ထည့်ယူ၍ အလောင်းတော်၏ အနီးသို့ ချဉ်းကပ် ရပ်တည်လေ၏။

တောထွက်တော်မူလာစဉ်အခါက အလောင်းတော် သူမြတ် အား ဃဋိကာရဗြဟ္မာမင်း ကပ်လှူလာသော မြေသပိတ်သည် ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင် ကျင့်တော်မူစဉ် ကာလ ပတ်လုံး အလောင်းတော်ကို စွန့်၍မသွားပဲ သူဌေးကတော်

http://www.dhammadownload.com



သုဇာတာ နို့ဃနာဆွမ်းကပ်ရန် လာသော ထိုခဏ၌ကား ပျောက်ခြင်းမလှ အလိုလို ပျောက်ကွယ်၍ သွားလေသည်။ ဘုရားအလောင်းတော်သည် သပိတ်ကို မမြင်ရကား လက်ျာလက်တော်ကို ဖြန့်၍ ရေကိုခံယူလေသည်၊ သုဇာတာ သူဌေးကတော်သည် ရွှေခွက်နှင့်တကွသော နို့ဃနာဆွမ်းကို အလောင်းတော်၏ လက်သို့ ဆက်ကပ်လိုက်လေသည်၊ ဘုရားအလောင်းတော်သည် သုဇာတာသူဌေးကတော်ကို ကြည့်တော်မူလေ၏၊ သုဇာတာ သူဌေးကတော်သည် အလောင်းတော်၏ ကြည့်တော်မူပုံအခြင်းအရာကို ကောင်းစွာ နားလည်သည် ဖြစ်ရကား "အိုအရှင်.... အကျွန်ုပ်သည် အရှင့်တို့အား ရွှေခွက်နှင့်တကွသော နို့ဃနာကို စွန့်လှူအပ်ပါပြီ၊ ရွှေခွက်နှင့်တကွ ခံယူတော်မူကာ အလိုတော်ရှိရာသို့ ကြွတော်မူနိုင်ပါကုန်၏"ဟု ပြောဆို လျှောက်ထားရှိခိုးပြီးလျှင် "အကျွန်ုပ်၏ စိတ်နှလုံးအလိုဆန္ဒ ပြည့်ဝအောင်မြောက်သကဲ့သို့ ထို့အတူ အရှင်တို့၏ စိတ်နှလုံး အလိုဆန္ဒသည်လည်း ပြည့်ဝအောင်မြောက်ပါစေသတည်း"ဟု ပြောဆို ဆုမွန်ကို၍ သစ်ရွက်ခြောက်၌ကဲ့သို့ပင် တသိန်းတန် ရွှေခွက်၌ ငဲ့ကွက်ခြင်းအလျှင်းမရှိပဲ ဖဲခွါသွားလေ၏။

ဘုရားအလောင်းတော်သည်လည်း ထိုင်နေရာမှ ထတော်မူ၍ ညောင်ပင်ကို လက်ျာရစ် လှည့်လည်မှု ပြုပြီးသော် နို့ဃနာ ရွှေခွက်ကို သူဆောင်၍ **နေရဉ္ဇရာ**မြစ်ကမ်းသို့ ကြွမြန်းတော်မူလေ၏။ ထိုနေရဉ္ဇရာမြစ်၌ များစွာသောဘုရားအလောင်းတော်တို့ ဘုရားဖြစ်မည့်နေ့ဝယ် ဆင်းသက်၍ ရေချိုးတော်မူကြရာ **သုပ္ပတိဋ္ဌိတ** အမည်ရှိသော ရေချိုးဆိပ်ရှိလေသည်။ထိုရေချိုးဆိပ်၌ ရွှေခွက်ကို ချထား၍ ဆင်းသက်ရေချိုးတော်မူပြီးလျှင် ထိုဆိပ်ကမ်းမှတက်၍ အေးမြသောသစ်ပင်ရိပ်၌ အရှေ့အရပ်သို့ မျက်နှာမူထိုင်နေတော်မူလျက် (**ထန်းသီးမှည့်လုံးခန့်မဟုတ်**) ထန်းသီးမှည့် အစေ့ခန့်ပမာဏရှိသည့် လေးဆယ့်ကိုးလုပ် မယုတ်မပို ပြုတော်မူကာ ရေမပါသည့်အလုံးစုံသော နို့ဃနာကို ဘုဉ်းပေးသုံးဆောင်တော်မူလေ၏။ ထိုသို့ လေးဆယ့်ကိုးလုပ်ပြု၍ ဘုဉ်းပေးအပ်သော နို့

http://www.dhammadownload.com



ဃနာသည်ပင် ဘုရားဖြစ်ပြီးနောက် သတ္တသတ္တာဟ(=၄၉-ရက်) ပတ်လုံး မဟာဗောဓိပင်အနီး၌ သီတင်းသုံး နေထိုင်တော်မူသော မြတ်စွာဘုရားအတွက် လေးဆယ့်ကိုးရက်စာ အာဟာရ ဖြစ်လေသည်။ ဤလေးဆယ့်ကိုးရက်အတွင်း အခြားအာဟာရဟူ၍ မရှိ၊ ရေချိုးခြင်း မျက်နှာသစ်ခြင်း ကိုယ်လက် သုတ်သင်ခြင်းတို့လည်း မရှိပဲ ဈာန်ချမ်းသာ ဖိုလ်ချမ်းသာတို့ဖြင့်သာ အခါကို ကုန်လွန်စေတော်မူ၏။

ဘုရားအလောင်းတော်သည် ထို သုဇာတာ လှူဒါန်းသော ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ရွှေခွက်ကို ကိုင်ယူကာ "အကယ်၍ ငါသည် ယနေ့ ဘုရားဖြစ်ခြင်းငှါ စွမ်းနိုင်သည်ဖြစ်ပါမူ ဤရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသား၊ ဘုရားဖြစ်ခြင်းငှါ မစွမ်းနိုင်ပါမူ ရေစုန်သို့ မျောပါစေသား"ဟု အဓိဋ္ဌာန်တော်မူပြီးသော် ထို ရွှေခွက်ကို နေရဉ္ဇရာ မြစ်ကျောသို့ မျှောလိုက်လေ၏၊ ထိုရွှေခွက်သည် ရေစီးရေယဉ်ကို ဖြတ်လျက် မြစ်လယ်သို့ တည့်တည့်မတ်မတ်သွားပြီးလျှင် မြစ်၏အလယ်ချက်မ အရပ်မှပင် မြင်းလျင်ကို စိုင်းသကဲ့သို့ အတောင်ရှစ်ဆယ်ခန့် ရေညာသို့ ဆန်တက်သွား၍ ဝဲဇလုပ်၌နစ်မြုပ်ကာ **ကာဠနဂါးမင်း၏** ဘုံဗိမာန်သို့ရောက်၍ ကကုသန်, ကောဏာဂုံ, ကဿပ တည်းဟူသော ပွင့်တော်မူပြီးကြသည့် ဘုရားသုံးဆူတို့၏ (ဘုရားဖြစ်မည့်နေ့၌)အသုံးပြုအပ်သော ရွှေခွက်သုံးလုံးတို့ကို ထိခတ်ကာ "ကိလိ ကိလိ (=ကရစ် ကရစ်)"ဟူသောအသံကို ဖြစ်စေလျက် ထိုရွှေခွက်သုံးလုံးတို့၏ အောက်၌ တည်လေ၏။

ကာဠနဂါးမင်းသည် ထိုအသံကိုကြား၍ "ယမန်နေ့ကပင် ဘုရားတဆူပွင့်တော်မူခဲ့လေပြီ၊ ယနေ့တဖန် ဘုရားတဆူပွင့်တော်မူပြန်ပြီ"ဟု ပြောဆိုကာ ပိုဒ်ပေါင်းများစွာ ဂါထာတို့ဖြင့် ထောမနာ ချီးမွမ်းစကားကို မြွက်ကြားရွတ်ဆို၍ ထလေ၏။ ။ (ကာဠနဂါး၏အဖို့မှာ ကဿပ မြတ်စွာဘုရားနှင့် ဤငါတို့ မြတ်စွာဘုရား နှစ်ဆူတို့၏ အကြားကာလ မဟာပထဝီမြေကြီး

http://www.dhammadownload.com



တယူဇနာနှင့် သုံးဂါဝုတ်ခန့် မြင့်တက်လာအောင် ရှည်လျားလှသော အချိန်ကာလ သမယသည်ပင် ယမန်နေ့ကနှင့် ယနေ့ဟူ၍ ပြောဆိုယူရလောက်အောင် တိုတောင်းသကဲ့သို့ ဖြစ်ရှိနေပေ၏။)

ထိုအခါ ဘုရားအလောင်းတော်သည် နေရဉ္စရာမြစ်ကမ်းနားဝယ် အလွန်မွေးကြိုင်သော ရနံ့ရှိသော ပန်းတို့ဖြင့် တန်းဆာဆင်အပ်လျက် စိမ်းလဲ့ညှိုမှိုင်း၍ မြင်သူတိုင်း နှလုံးမွေ့လျော်ဖွယ်ရှိသော အင်ကြင်းတော၌ နေ့သန့်နေထိုင်တော်မူကာ အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်တော်မူ၍ လောကီဈာန်သမာပတ်ရှစ်ပါး,အဘိညာဏ်ငါးပါးတို့ကိုဖြစ်စေတော်မူပြီးလျှင် ညနေချမ်းဆည်းဆာအချိန်၌ နတ်မြဟ္မာတို့ တန်းဆာဆင်အပ်သော လမ်းခရီးဖြင့် ကြွမြန်းတော်မူကာ နေရဉ္စရာမြစ်အတွင်းသို့ သက်ဆင်း၍ ရေချိုးပြီးလျှင် နတ်ဖန်ဆင်းသော လမ်းခရီးဖြင့်ပင် မဟာဗောဓိပင်သို့ ရှေးရှုကြွတော်မူလေ၏။ ထိုအခါ နတ်,နဂါး, ဘီလူး, ဂန္ဓဗ္ဗနတ်စသည်တို့သည် နတ်၌ဖြစ်သော ပန်း နံ့သာ နံ့သာပျောင်းတို့ဖြင့် ညွတ်ညောင်းကော်ရော် ပူဇော်ကြကုန်၏၊ နတ်သီချင်းတို့ကိုလည်း သံညှင်းသာချို သီဆိုကြကုန်၏။ စကြဝဠာတိုက်ပေါင်း တသောင်းလုံးပင် နတ်ပန်းနံ့သာတို့ဖြင့်၎င်း, နတ်မြဟ္မာတို့၏ ကြြေညာဟစ်ကြွေး ကောင်းချီးပေးသော အသံတို့ဖြင့်၎င်း ဖုံးလွှမ်းလုမတတ် ရှိပေ၏။

ထိုအခါ **သောတ္ထိယ**မည်သော မြက်ထမ်းပုဏ္ဏားသည် မြက်ကို ထမ်း၍ ခရီးလမ်းရင်ဆိုင် လာလတ်သည်ရှိသော် အလောင်းတော်သူမြတ်၏ အခြင်းအရာ (=မြက်ကို အလိုရှိတော်မူသော အမူအရာ)ကို သိရှိနားလည်၍ကာ ဘုရားအလောင်းတော်သူမြတ်အား မြက်ရှစ်ဆုပ်ကို လှူဒါန်းလေ၏။ ဘုရားအလောင်းတော်သည် ထိုမြက်ရှစ်ဆုပ်ကိုယူဆောင်ကာ မဟာဗောဓိကုန်းအရပ်သို့ တက်ရောက်တော်မူပြီးလျှင် မဟာဗောဓိပင်၏ တောင်ဘက်မှ မြောက်အရပ်သို့ မျက်နှာမူ ရပ်တည်တော်မူလေ၏။ ထိုခဏ၌

http://www.dhammadownload.com



စကြဝဠာတောင်ပိုင်းသည် အောက်သို့နိမ့်ရှိုင်းကာ မဟာအဝီစိသို့ ထိအံ့သကဲ့သို့ဖြစ်ကာ စကြဝဠာမြောက်ပိုင်းကား ဘဝဂ်သို့ ခိုက်အောင် ပျံတက်အံ့သကဲ့သို့ မြင့်တက်လျက်ရှိလေသည်။ ထိုအခြင်းအရာကို မြင်တော်မူ၍ အလောင်းတော်သူမြတ်သည် ဤအရပ်ကား အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ဆိုက်ရန် အရပ်ဌာနဖြစ်လိမ့်မည်မဟုတ်”ဟု ဆင်ခြင်တော်မူပြီးလျှင် မဟာဗောဓိပင်ကို လက်ျာရစ်လှည့်လည်တော်မူကာ(=မဟာဗောဓိပင်ကို လက်ျာဘက်ကထားတော်မူကာ) အနောက်အရပ်မျက်နှာသို့ ကြွသွား၍ အရှေ့အရပ်သို့ မျက်နှာမူ ရပ်တည်တော်မူလေ၏၊ ထိုခဏ၌ စကြဝဠာ အနောက်ပိုင်းသည် အောက်သို့ နိမ့်ရှိုင်းကာ မဟာအဝီစိသို့ ထိအံ့သကဲ့သို့ ဖြစ်ကာ စကြဝဠာ အရှေ့ပိုင်းကား ဘဝဂ်သို့ ခိုက်အောင် ပျံတက်အံ့သကဲ့သို့ မြင့်တက်လျက်ရှိလေသည်။ ထိုအခြင်းအရာကို မြင်တော်မူ၍ အလောင်းတော်သူမြတ်သည်“ဤအရပ်လည်း အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ဆိုက်ရန် အရပ်ဌာန ဖြစ်လိမ့်မည် မဟုတ်”ဟု ရှေးနည်းအတူ ဆင်ခြင်တော်မူပြီးလျှင် မဟာဗောဓိပင်ကို လက်ျာရစ်လှည့်လည်တော်မူကာ မြောက်အရပ်သို့ ကြွသွား၍ တောင်အရပ်သို့ မျက်နှာမူ ရပ်တည်တော်မူလေ၏၊ ထိုခဏ၌ စကြဝဠာ မြောက်ပိုင်းသည် အောက်သို့ နိမ့်ရှိုင်းကာ မဟာအဝီစိသို့ ထိအံ့သကဲ့သို့ ဖြစ်ကာ စကြဝဠာ တောင်ပိုင်းကား ဘဝဂ်သို့ ခိုက်အောင် ပျံတက်အံ့သကဲ့သို့ မြင့်တက်လျက် ရှိလေသည်။ (အလောင်းတော်သူမြတ် ရပ်တော်မူတိုင်းသော တောင်မျက်နှာ, အနောက်မျက်နှာ, မြောက်မျက်နှာ နေရာတို့၌ မဟာပထဝီ ဤမြေကြီး၏ ဖြစ်ရှိတည်နေပုံမှာ လှည်းဘီးကို မြေကြီး၌ အပြားလိုက် ချထားပြီးလျှင် အကွပ်အစွန်း အနားကို နင်းသောအခါ အလယ်အချက်ဖြင့် တလှုပ်လှုပ် တည်နေသော လှည်းဘီးစက်ကဲ့သို့ ကျောခိုင်းရာဘက်မှ နိမ့်ရှိုင်း၍ မျက်နှာမူရာဘက်မှ မြင့်တက်လျက် ရှိလေသည်။) ထိုအခြင်းအရာကို မြင်တော်မူ၍ အလောင်းတော်သူမြတ်သည်“ဤအရပ်လည်း အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ဆိုက်ရန် အရပ်ဌာန ဖြစ်လိမ့်မည်

http://www.dhammadownload.com



မဟုတ်"ဟု ရှေးနည်းအတူ ဆင်ခြင်တော်မူပြီးလျှင် မဟာဗောဓိ ပင်ကို လက်ျာရစ်လှည့်လည်တော်မူကာ အရှေ့အရပ် မျက်နှာသို့ ကြွသွား၍ အနောက်အရပ်သို့ မျက်နှာမူ ရပ်တည်တော်မူလေ၏။

(ဤအရာ၌၊ ၊ဗုဒ္ဓဝင်အဋ္ဌကထာဝယ် "အလောင်းတော် သူမြတ် သည် မဟာဗောဓိပင်သို့ ကြွရောက်ကာ လက်ျာရစ် သုံးပတ်လှည့်ပြီး လျှင် အရှေ့မြောက်ထောင့်အရပ်၌ ရပ်တော်မူ၍ မြက်ရှစ်ဆုပ်ကို ကြဲဖြန့် တော်မူ၏"ဟူ၍သာ ဖွင့်ဆိုလေသည်။ တောင်အရပ် အနောက်အရပ် မြောက်အရပ်တို့၌ ရပ်တည်တော်မူသောအခါ မြေကြီး စောင်းထောင် ဖြစ်ရှိကြောင်း မဖွင့်ဆိုချေ။ ။ဇိနာလင်္ကာရဋီကာ၌ကား.... တောင် အရပ် အနောက်အရပ် မြောက်အရပ်တို့၌ ရပ်တည်တော်မူသောအခါ မဟာပထဝီမြေကြီးသည် ပဒုမာကြာရွက်ပေါ်၌ ကျရောက်သော ရေ ပေါက်ကဲ့သို့ တုန်လှုပ်ကြောင်းနှင့် အရှေ့မြောက်ထောင့်အရပ်၌ ရပ် တော်မူ၍ မြက်ရှစ်ဆုပ်ကို ကြဲဖြန့်တော်မူကြောင်း ဖွင့်ဆိုလေသည်။)

မဟာဗောဓိပင်၏ အရှေ့ဘက်ဝယ် အပရာဇိတပလ္လင်တော် ပေါက်ရောက်သည့်အရပ်အဝန်းသည် (ခပ်သိမ်းသော ဘုရားရှင် တို့၏ ပလ္လင်တော် ပေါက်ရောက်ရာ အစိဇဟိတဋ္ဌာနဖြစ်သော ကြောင့်) မတုန်မလှုပ် ကြံ့ကြံ့တည်၍ နေလေ၏။အလောင်းတော် သူမြတ်သည်"ဤအရပ်ကား ခပ်သိမ်းသောဘုရားရှင်တို့၏ ကိလေ သာတို့ကို ဖြိုဖျက်ရာ အောင်မြေအရပ် မှန်ပေသည်"ဟု သိရှိတော် မူကာ ယူဆောင်တော်မူခဲ့သော မြက်ရှစ်ဆုပ်တို့ကို အဖျားမှ ကိုင်ကာ လှုပ်လှဲ့ကြဲဖြန့်တော်မူလေ၏။

ထိုကဲ့သို့ ကြဲဖြန့်လိုက်သောခဏ၌ပင် ထိုမြက်ရှစ်ဆုပ်တို့သည် မြက်၏အသွင် ကွယ်ပျောက်၍ တစုံတယောက်သော ပန်းချီဆရာ ပန်းပုဆရာမျှ ရေးထုခြင်းငှါ မတတ်သာအောင် လွန်စွာ ဆန်း ကြယ်သည့် တဆယ့်လေးတောင်ပမာဏရှိသော ရတနာပလ္လင် ကြီးဖြစ်ကြကာ အလွန်အံ့ဩဖွယ်ကောင်းသော ပုံပန်းသဏ္ဍာန် ဖြင့် တည်ရှိကြလေကုန်၏။

http://www.dhammadownload.com



(ဤ၌၊ ၊ပလ္လင်တော်အရပ်အမြင့် ရှိမရှိနှင့်စပ်၍ မှတ်ဖွယ်အထူးကို ဤမဟာဗုဒ္ဓဝင် ပဋ္ဌမတွဲ ဒုတိယပိုင်း စာမျက်နှာ ၅၇၀-မှစ၍ အကျယ်ရေးသား ပြဆိုခဲ့လေပြီ၊ အလိုရှိမူ ထိုမှယူရာ၏။)

ဘုရားအလောင်းတော်သည် မဟာဗောဓိပင်ကို နောက်ထောက် ကျောခံထား၍ အရှေ့အရပ်သို့ မျက်နှာရှေးရှု ပြုတော်မူလျက် မြဲမြံသော စိတ်ရှိတော်မူကာ—

(၁) အရေမျှ ကျန်လိုလျှင် ကျန်စေ,

(၂) အကြောမျှ ကျန်လိုလျှင် ကျန်စေ,

(၃) အရိုးမျှ ကျန်လိုလျှင် ကျန်စေ,

(၄) ငါ၏တကိုယ်လုံး အသားအသွေးအားလုံးတို့ ခန်းခြောက်၍သွားလျှင် သွားစေ—ငါသည် ဘုရားမဖြစ်သမျှ ဤယခု ဖွဲ့ခွေထားသော တင်ပလ္လင်ကို အဘယ်နည်းဖြင့်မျှ ဖျက်လိမ့်မည် မဟုတ်ဟူ၍ အင်္ဂါလေးပါးရှိသော ဝီရိယဖြင့် ဆောက်တည်တော်မူကာ အရာသောမိုး၏ကြိုးစက်တို့ စုပေါင်းကျရောက်ခြင်းဖြင့်လည်း (=မိုးကြိုးအရာ ပစ်ချခြင်းဖြင့်လည်း) ပျက်စီးခြင်းသဘော မရှိသော အပရာဇိတတင်ပလ္လင် (=ရန်သူတို့ကို မရှုံးပဲ ကိုယ်တော်ကသာ အောင်ပွဲယူမည့် တင်ပလ္လင်ဖွဲ့ခွေခြင်းမျိုး)ကို ဖွဲ့ခွေတော်မူကာ ရတနာပလ္လင်တော်၌ ထိုင်နေတော်မူ၏။

### နေမဝင်မီ ဝသဝတ္တီမာရ်နတ်(=ဒေဝပုတ္တမာရ်)ကို အောင်မြင်တော်မူခြင်း

မြတ်စွာဘုရား အလောင်းတော်သည် မဟာဗောဓိပင်ရင်း အပရာဇိတပလ္လင်တော်၌ သမ္ဗောဓိဉာဏ်ကို ရယူရန် ထိုင်နေတော်မူလတ်သည်ရှိသော် သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကိုမှုတ်၍ ပူဇော်ရပ်တည်လေ၏။ (ထိုခရုသင်းကား အတောင် ၁၂၀-ရှိ၍ တကြိမ်မှုတ်လျှင် လေးလကြာမှ အသံစဲသောဟူ၏။) ပဉ္စသိခနတ်သားသည် ဗေဠုဝစောင်းကိုတီးလျက် ပူဇော်ရပ်တည်လာ၏။ သုယာမနတ်မင်းသည် သားမြီးယပ်ကို ခပ်လျက်, သန္တု-

http://www.dhammadownload.com



သိတနုဟ်မင်းသည် ပတ္တမြားယပ်ဝန်းကိုခပ်လျက်,သဟမ္ပတိမြဟ္မာမင်းသည် သုံးယူဇနာရှိသော ထီးဖြူကိုဆောင်းမိုးလျက် ပူဇော်ရပ်တည်လာ၏။ ကာဠနဂါးမင်းသည် နဂါးမ ကခြေသည်ပေါင်း ရှစ်သောင်းခြံရံလျက် ထောမနာဂါထာ ရာပေါင်းများစွာ ရွတ်ဆိုလျက် အလောင်းတော်သူမြတ်ကို ရှိခိုးပူဇော် ရပ်တည်လာ၏။ စကြဝဠာတိုက်တသောင်းရှိ နတ်မြဟ္မာအပေါင်းတို့သည် အလွန်မွှေးကြိုင်သော ပန်းဆိုင်း နံ့သာ နံ့သာမှုန့် အထုံအခိုး အမွှေးတိုင် စသည်တို့ဖြင့် ပူဇော်ကြကာ ကောင်းချီးအထောင်ကို ဖြစ်စေကြလျက် ပူဇော်ရပ်တည်လာကြကုန်၏။

ထိုအခါ ဝသဝတ္တီနတ်ပြည်သား မာရ်နတ်သည် မိမိ၏ နတ်စည်းစိမ်ကို စွန့်ပယ်ကာ အလောင်းတော်သူမြတ် ဒုက္ကရစရိယာကျင့်သုံးနေသည့် ခြောက်နှစ်ကြာ ကာလပတ်လုံး အလောင်းတော်နောက်မှ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါပြီးလျှင် အလောင်းတော်သူမြတ်၏ ကာမဝိတက် အစရှိသော မိစ္ဆာဝိတက်တို့ကို ကြံစည်သည့်စိတ် ဖြစ်ပေါ်သည့်အချိန်ကို ငံ့မြော်စုံစမ်းပါသော်လည်း တစိုးတစိမျှ အလောင်းတော်သူမြတ်၏ ချွတ်ချော်တိမ်းပါးမှု (= မိစ္ဆာဝိတက် ကြံစည်မှု)ကို မတွေ့မမြင်ရဲ့ရှိရာမှ "ယခုသော်မူ သိဒ္ဓတ်မင်းသားသည် ဘုရားဖြစ်ဖို့ရန် မဟာဗောဓိမဏ္ဍိုင်သို့ ကပ်ရောက်လေပြီ၊ ယခုအခါ ဤသိဒ္ဓတ်မင်းသားသည် ငါ၏နယ်ပယ်( = ဘုံသုံးပါး)ကို လွန်မြောက်ရန် ကြိုးကုတ်အားထုတ်နေလေပြီ၊ ငါသည် ယခုပင် ထိုသိဒ္ဓတ်မင်းသားအား ဘုံသုံးပါးတည်းဟူသော ငါ၏နယ်ပယ်မှ လွန်မြောက်ရန် အခွင့်အရေး ဘယ်နည်းနှင့်မှ မပေးနိုင်"ဟု ကြံစည်ကာ ဝသဝတ္တီ နတ်ပြည်သို့သွား၍ မိမိ၏ မာရ်စစ်သည်ဗိုလ်ပါကို စည်းဝေးစေပြီးလျှင် "အချင်းတို့····အထူးထူးဖောက်ပြန်၍ ကြောက်မက်ရန် ကောင်းသောအဆင်းကို ဖန်ဆင်းကြပြီးလျှင် တဦးတဦးလျှင် လက်နက်တမျိုးစီ တမျိုးစီ ကိုင်ဆောင်ကြကာ ရေအယဉ်ကြီး ဖိစီးလွှမ်းမိုး၍လာသည့်ပမာ သိဒ္ဓတ်မင်းသားရှိရာသို့ လျင်လျင်မြန်မြန် သွားကြကုန်"ဟု စေခိုင်းအမိန့်ပေးပြီးလျှင် မိမိကိုယ်တိုင်လည်း ယူဇနာ

http://www.dhammadownload.com



တရာ့ငါးဆယ်ရှိသော ဂိရိမေခလာဆင်ကိုစီး၍ လက်ရုံးပေါင်း တထောင် ဖန်ဆင်းကာ လက်ရုံးတခုလျှင် လက်နက်တမျိုးစီအားဖြင့် လက်နက်အမျိုးပေါင်းတထောင်ကို ကိုင်ဆောင်ကာ လိုက်ပါလာခဲ့လေသည်။

(ဤ၌၊ မာရ်နတ်သားဟူသည် ပရနိမ္မိတဝသဝတ္တီ နတ်ပြည်ကို တရားဝင်အစိုးရသော နတ်မင်းကြီးမဟုတ်၊ ထိုနတ်ပြည်ကို တရားဝင်အစိုးရသော ဝသဝတ္တီနတ်မင်းကြီးကား အသီးအခြားရှိသည်။ မာရ်နတ်သားကား လူ့ပြည်လောကဝယ် အခြံအရံပရိသတ်များစွာဖြင့် တိုင်းပြည်ကို လုယက်တိုက်ဖျက် ပုန်ကန်ဆိုးသွမ်းနေသော သူပုန်ခေါင်းဆောင်ကဲ့သို့ နတ်မိုက်အပေါင်းအသင်းများစွာ ခြံရံကာဖြင့် လူနတ်ပြဟ္မာတို့၏ ကုသိုလ်ကောင်းမှုရေးကို အကြီးအကျယ် အနှောက်အယှက်ပေးသော ဘန်ခိုးကြီးသည့် ထိုပရနိမ္မိတဝသဝတ္တီနတ်ပြည်သား နတ်သူပုန် ခေါင်းဆောင်တဦးသာ ဖြစ်သည်။)

အလောင်းတော်ထံမှောက်သို့ ချီတက်လာသော မာရ်နတ်၏ စစ်ကပ်ကြီးကား မာရ်နတ်၏ရှေ့မှ ၁၂-ယူဇနာ၊ လက်ျာဘက်မှ ၁၂-ယူဇနာ၊ လက်ဝဲဘက်မှ ၁၂-ယူဇနာ၊ အထက်၌ ၉-ယူဇနာ အမြင့်အစောက်ထုတယ်ရှိ၍ နောက်မျက်နှာကမူ စကြဝဠာတိုက် အဆုံး အစွန်းတိုင်အောင် များပြားလှလေသည်။ ယင်းသည့် မာရ်နတ်စစ်တပ်ကြီး၏ ကြိမ်းမောင်းဟစ်အော် ကြွေးကြော်သော အသံကို ယူဇနာတထောင် ဝေးကွာသောအရပ်မှစ၍ မြေပြိုသော အသံကဲ့သို့ ကြောက်မက်ဖွယ်ရာ ကြားရလေသည်။ မာရ်နတ်သည် မိမိကိုယ်တိုင်က လက်ရုံးတထောင် ဖန်ဆင်း၍ လက်နက်မျိုး တထောင်ကို ကိုင်ဆောင်လျက်ရှင်း၊ ထိုမျှများပြားသော မာရ်နတ်၏ စစ်သားတို့သည်လည်း တဦးလျှင်လက်နက်တမျိုးစီကိုင်ဆောင်ကာ ကြောက်မက်ဖွယ်ရာ အဆင်းသဏ္ဌာန် မျက်နှာအမျိုးမျိုးကို ဖန်ဆင်းကြလျက်ရှင်း ဘုရားအလောင်းတော်ကို လွှမ်းမိုးနှိပ်စက် တိုက်ဖျက်ရန်အတွက် ချီတက်၍လာကြလေကုန်၏။

ဤသို့ မာရ်နတ်၏စစ်တပ်ကြီး မဟာဗောဓိမဏ္ဍိုင်သို့ ရှေးရှုချီတက်၍ လာသောအခါ စောစောက အလောင်းတော်အား ပူဇော်လျက်

http://www.dhammadownload.com



ရှိနှင့်ကြသော သိကြားနတ်မင်းစသည့်တို့အနက် တဦးတယောက်မျှ ကြံ့ကြံ့ရပ်တည်မနေနိုင်ကြပေ။ ဦးတည့်ရာ မျက်နှာမူရာ အရပ်သို့ပင်ပြေးလွှားကြလေ၏၊ သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကြီးကို ကျောဘ်၌ပိုး၍ ပြေးလွှားကာ စကြဝဠာတိုက်အနားရေး၌ ရပ်နေလေ၏။ မဟာဗြဟ္မာမင်းသည်လည်း ထီးဖြူကို စကြဝဠာတိုက်အစွန်း၌ စွန့်ပစ်ချထားခဲ့ကာ ဗြဟ္မာ့ပြည်သို့သာ သွားလေတော့၏၊ ကာဠနဂါးမင်းသည်လည်း နဂါးကခြေသည်အပေါင်းကို စွန့်ပစ်၍ မြေ၌ ငုပ်လျှိုးပြီးလျှင် ယူဇနာငါးရာရှိသော "မဉ္ဇေ-ရိက" မည်သော နဂါးဘုံဗိမာန်သို့ သွားရောက်ကာ လက်ဖြင့်မျက်နှာကိုပိတ်လျက် အိပ်နေလေ၏။ တဦးသော နတ်ဗြဟ္မာမျှလည်း မြတ်စွာဘုရား အလောင်းတော်နှင့် မဟာဗောဓိပင်၏ အနီးအပါး၌ ရပ်တည်နေဝံ့သောသူမည်သည် မရှိတော့ပြီ။ ထိုအချိန်၌ အလောင်းတော်သူမြတ်သည် ဆိတ်ငြိမ်သော ဗိမာန်အတွင်း၌ ဗြဟ္မာမင်းကြီးတဦးတည်းသာနေသကဲ့သို့ တပါးတည်းသာလျှင် ထိုင်နေတော်မူ၏။

### မာရ်နတ်သားလာရောက်မည်ဆိုလျှင် ကြိုတင်၍ဖြစ်ပေါ်သော နိမိတ်ဆိုးကြီးများ

မာရ်နတ်သားလာရောက်မည်ဆိုလျှင် ဤဆိုလတ္တံ့သော နိမိတ်ဆိုးကြီးများ ကြိုတင်၍ ထင်ရှားဖြစ်ပေါ်လာကုန်၏၊ ထိုနိမိတ်ဆိုးကြီးများမှာ....အလွန်ကြမ်းတမ်း ကြောက်မက်ဖွယ်ကောင်းသည့် အထောင်မကသော ဥက္ကာများကျခြင်း, အခိုးထကာ မှောင်အတိကျခြင်း, သမုဒြာနှင့်တကွ မဟာပထဝီ ဤမြေကြီး ပြင်းထန်စွာ တုန်လှုပ်ခြင်း, သမုဒြာအခိုးထခြင်း, မြစ်အများ ရေဆန်သို့ပြန်၍ စီးခြင်း, တောင်ထွတ်များပြို၍ မြေသို့ကျခြင်း, သစ်ပင်များတိမ်းလဲ၍ မြေသို့ကျခြင်း, မုန်တိုင်းလေကြမ်း တိုက်ခတ်ခြင်း, ထိုသို့မုန်တိုင်းလေဆိုး တိုက်ခတ်သဖြင့် ကြောက်မက်ဖွယ်ရာ အသံကြီးများ ဖြစ်ပေါ်ခြင်း, နေမင်းလည်း မှောင်အတွင်းသို့ ဝင်ရောက်ခြင်း, ကောင်းကင်၌ ခေါင်းပြတ်ကိုယ်များ ထိုမှဤမှ သွားလာလှည့်လည်ခြင်း–ဤနိမိတ်ဆိုးကြီးများတို့တည်း။ ထိုသို့ နိမိတ်ဆိုး

http://www.dhammadownload.com



ကြီးများထင်ရှားပေါ်ပေါက်ကာ မာရ်နတ်သားလာရောက်သည့် အချိန်၌ ဘုရားအလောင်းတော်သည် ငှက်တကာတို့အလယ်၌ ဂဠုန်ငှက်မင်းကဲ့သို့ရင်း, သားကောင်တကာတို့အလယ်၌ ကေ-သရာခြင်္သေ့မင်းကဲ့သို့ရင်း ကြောက်ရွံ့ခြင်း အလျှင်းမရှိပဲ ရဲရင့်စွာ ထိုင်နေတော်မူ၏။

ဖော်ပြရာပါ နိမိတ်ဆိုးကြီးများ ထင်ရှားဖြစ်ပေါ်စဉ်မှာပင် မာရ်နတ်သားသည် လာရောက်၍ မဟာဗောဓိမဏ္ဍိုင်အဝန်းသို့ ဝင်ရောက်ခြင်းငှါမစွမ်းနိုင်ပဲ ရပ်၍နေလေသည်၊ မာရ်စစ်တပ်ကြီး သည်လည်း အနီးသို့မကပ်ဝံ့ပဲ အလောင်းတော်သူမြတ်ကို ဖက် ဝန်းကျင်မှ ဝိုင်းရံလျက် ထားကြကုန်၏။ မာရ်နတ်သည် မိမိ၏ စစ်တပ်ကို ကြည့်ရှုကာ "လာကြကုန်၊ ဖမ်းကြကုန်" အစရှိသည့် အမိန့်စကားပြောရုံသာ ပြောကြားနိုင်ပြီး ရဲရဲမူသောသံတွေခဲ့သို့ ယင်ကောင်မကပ်နိုင်သည့်ပမာ မဟာဗောဓိပင်အနီးသို့ ချဉ်းနင်း ဝင်ရောက်စေခြင်းငှါ မတတ်နိုင်ပဲ မိမိ၏ စစ်တပ် ပရိသတ်ကို တဖန်ထပ်၍ "အချင်းတို့....သုဒ္ဓေါဒနမင်းကြီး၏သား ဤသိဒ္ဓတ် မင်းနှင့်တူသောသူ တလူမျှမရှိချေ၊ ငါတို့သည် မျက်နှာရင်ဆိုင် စစ်ပြိုင်ခြင်းငှါမဟတ်နိုင်ကြကုန်၊ ထိုသိဒ္ဓတ်မင်းသားအား နောက် ဘက်( =ကျောဘက်)မှနေကာ စစ်ထိုးကြကုန်အံ့"ဟု ပြောကြား လေသည်။

ဘုရားအလောင်းတော်သည်လည်း ရှေ့နှင့်ဝဲယာ သုံးမျက်နှာ တို့ကို ကြည့်ရှုတော်မူလတ်သည်တွင် ခပ်သိမ်းသော နတ်ဗြဟ္မာတို့ ဝေးရာရှောင်ရှား ပြေးသွားကြပြီဖြစ်ရကား တစုံတရာ မတွေ့မြင် ဆိတ်သုဥ်း၍နေသည်ကိုသာ မြင်တော်မူလေ၏။ တဖန် မြောက် အရပ်နံပါးဖြင့် မာရ်စစ်သည်ဗိုလ်ပါများ ချီတက် လွှမ်းမိုး၍ လာ သည်ကို မြင်တော်မူ၍"ဤမျှများပြားသော မာရ်နတ်၏ စစ်သား တို့သည် ငါတဦးတည်းကို ရည်စူးကာ ကြီးစွာသော လုံ့လပြုလာ ကြ၏၊ ဤအရပ်၌ ငါ၏ အမိသော်ရင်း, အဖသော်ရင်း, ညီအစ်ကို သော်ရင်း, အခြားတဦး တယောက်သော ဆွေမျိုးသော်ရင်း

http://www.dhammadownload.com



မရှိချေ၊ ငါဆည်းပူးခဲ့သော ပါရမီဆယ်ပါး တရားတို့သည် သာလျှင် ရှည်ကြာလေးမြင့် ငါမွေးမြူအပ်သော ငါ့ပရိသတ် အခြံအရံနှင့်တူကုန်၏၊ သို့ရကား ပါရမီဆယ်ပါး ငါ၏ ရဲမက် များကိုသာ အမှီတံကဲပြုကာ ဤပါရမီလက်နက်ဖြင့်ပင် ထိုးခုတ် ပုတ်ခတ်၍ ဤမာရ်နတ်၏ စစ်သည်ဗိုလ်ပါကို ငါဖျက်ဆီးမှ သင့် လျော်ချေမည်"ဟု နှလုံးပိုက်ကာ ပါရမီဆယ်ပါး ကိုယ်တော်၏ ကုသိုလ်တရားတို့ကိုသာ စဉ်းစားဆင်ခြင်၍ နေတော်မူလေ၏။

### မာရ်နတ်သား လက်နက် ၉-မျိုးလွှတ်ခြင်း

ထိုသို့ အလောင်းတော်သူမြတ် ပါရမီကုသိုလ်တို့ကို စဉ်းစား ဆင်ခြင်၍ နေတော်မူသောအခါ မာရ်နတ်သားသည် "ဤသိဒ္ဓတ် မင်းသားကို လက်နက်ကြီး ၉-ပါးဖြင့် ပစ်လွှင့်ကာ ငါကား ပြေးစေမည်"ဟု ကြံစည်စဉ်းစား၍—

(၁) ရှေးဦးစွာ လေပွေမုန်တိုင်းကို တိုက်ခတ်စေ ဖြစ်ပေါ် စေ၏၊ ထိုခဏ၌ပင် အရှေ့လေ အနောက်လေ မြောက်လေ တောင်လေတို့သည် ဖြစ်ပေါ်ထကြွကြ၍ ယူဇနာဝက် တယူဇနာ ခန့် နှစ်ယူဇနာခန့် သုံးယူဇနာခန့် ပမာဏရှိသော တောင်ထွတ် ကြီးများကို ဖြိုခွဲဖောက်ထွင်းကာ တောချုံ သစ်ပင် စသည်တို့ကို အမြစ်မိုးထောင် ဖြစ်အောင်တိုက်ခတ်ကာ ထက်ဝန်းကျင်မှ ရွာ နိဂုံးတို့ကို မုန့်မုန့်ညက်ညက် ဖြစ်အောင် ပြုလုပ်ခြင်းငှါ စွမ်းနိုင် ကုန်သော်လည်း ဘုရားအလောင်းတော်၏ ကောင်းမှုရှိန်စော် ဘုန်းတေဇော်ကြောင့် အာနုဘော်ကင်းပျောက်ကာ အလောင်း တော်သူမြတ်၏ အနီးသို့ရောက်လတ်သော် သင်္ကန်းကလနားမျှ ကိုပင် တုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်ကြကုန်။

(၂) ထိုအခါ မာရ်နတ်သည် "ရဟန်းဂေါတမကား ငါပစ် လွှင့်လိုက်သော မုန်တိုင်းလက်နက်ဖြင့် စကြဝဠာတောင်၌ တိုက်မိ ခိုက်မိကာ မုန့်မုန့်ညက်ညက် ပျက်စီးလောက်ပြီ"ဟု ကြံစည်ကြည့်ရှု

http://www.dhammadownload.com



လတ်သည်တွင် အလောင်းတော် သူမြတ်ကို ကြံ့ကြံ့စိုက်အစ်သော တံခါးတိုင်ပမာ မတုန်မလှုပ် ထိုင်မြဲထိုင်နေတော်မူသည်ကို မြင်၍ နှလုံးမသာမယာဖြစ်ရှိကာ "ကြီးစွာသော ရေအယဉ်၌ နှစ်မြှုပ်ကာ ငါသတ်မည်"ဟု ကြံစည်စဉ်းစား၍ မိုးတိမ်တိုက်များကို ခဏအတွင်း တက်စေကာ မိုးကြီးသည်းစွာ ရွာသွန်းစေလေသည်။ ထိုသို့ မာရ်နတ် ရွာသွန်းစေသော မိုးရေ အဟုန်ကြောင့် ဤမြေကြီးသည် အပေါက်အခေါင်းကြီး ဖြစ်၍ သွားလေသည်။ ထိုရေအယဉ်သည် တောဖျား တောင်ဖျား သစ်ပင်ဖျားတို့ကို တိုက်စားလွှမ်းမိုးစီးဆင်းကာ လာလတ်၍ မြတ်စွာဘုရားအလောင်းတော်၏ အနီးသို့ ရောက်သောအခါ သင်္ကန်းတော်ချည်တမျှင်ကိုမျှ စိုစွတ်အောင်မတတ်နိုင်ပဲ ကိုယ်တော်မြတ်ကိုမထိမှု၍သာ ဝေးရာရှောင်ရှား စီးသွားလေ၏။

(၃) ထိုအခြင်းအရာကိုမြင်၍ မာရ်နတ်သားသည်"ဤသိဒ္ဓတ်မင်းသားကို ကျောက်ခဲဖြင့် မုန့်မုန့်ညက်ညက် ဖြစ်အောင် ပြုလုပ်မည်"ဟု ကြံစည်ပြီးလျှင် ကျောက်ခဲမိုးကို ရွာစေပြန်လေသည်။ ကြီးစွာ ကြီးစွာသော ကျောက်ခဲကြီးများသည် တောင်ထွတ်ကြီးများပမာ အခိုးအလျှံလွှတ်ကာ ကောင်းကင်ခရီးဖြင့် လိမ့်လာကြ၍ဘုရားအလောင်းအနီးသို့ ရောက်သောအခါ နတ်၌ဖြစ်သော ပန်းကုံးပန်းလုံးကြီးများ အဖြစ်သို့သာ ရောက်ကြလေကုန်သည်။

(၄) ထို့နောင်မှ "ဤသိဒ္ဓတ်မင်းသားကို နုပ်နုပ်စဉ်း၍ သေစေမည်၊သတ်ဖြတ်မည်"ဟု ကြံစည်စဉ်းစားပြီးလျှင် လက်နက်မိုးကို ရွာသွန်းစေပြန်လေသည်၊ တဖက်အသွားရှိ နှစ်ဖက်အသွားရှိသည့် လှံဓားစသော လက်နက် အမျိုးမျိုးတို့သည် အခိုးအလျှံလွှတ်ကာ ကောင်းကင်မှလာပြီးလျှင် မဟာဗောဓိမဏ္ဍိုင်အဝန်း၌ မှုလေးပန်း (=မြတ်လေးပန်း) စသည်အဖြစ်သို့ ရောက်ရှိကာ ကျရောက်လာကြကုန်၏။

http://www.dhammadownload.com



(၅) ထိုနောင်မှ မာရ်နတ်သားသည် "သိဒ္ဓတ်မင်းသား ကား နုပ်နုပ်အစဉ်းခံရသည့် အသားစုပမာ ဖြစ်ရှာတော့မည်"ဟု ကြံစည် ကြည့်ရှုလတ်သည်တွင် စိန်တောင်ကြီးပမာ မပျက်မစီး ထိုင်နေမြဲ ထိုင်နေတော်မူသည့် အလောင်းတော်သူမြတ်ကို မြင်၍ အံ့ဩခြင်းသို့ ရောက်ရှိကာ တဖန် မီးကျီးစိုင်မိုးကို ရွာသွန်းစေပြန် လေသည်၊ ထို မီးကျီးစိုင်များသည်လည်း အခိုးအလျှံ လွှတ်ကာ အလောင်းတော်၏ အနီးသို့ လာရောက်၍ မီးကျီးအသွင် ပျောက် ကာ မုလေးပန်းစသည်အဖြစ်သို့သာ ရောက်ကြလေကုန်၏။

(၆) ထိုနောင် ပြာပူမိုးကို ရွာသွန်းစေပြန်လေသည်၊ မီး၏ အဆင်း အလွန်ပူပြင်းလှသော ပြာအစုသည် ကောင်းကင်က လာရောက်ကာ မြတ်စွာဘုရားအလောင်းတော်၏ ခြေတော်ရင်း သို့ ရောက်သောအခါ နတ်၌ဖြစ်သော စန္ဒကူးမှုန့်များဖြစ်၍ ကျ ရောက်လာလေ၏။

(၇) ထို့နောင် သဲပူမိုးကို ရွာသွန်းစေပြန်လေသည်၊ အလွန် သိမ်မွေ့နူးညံ့သော သဲမှုန့်များသည် ကောင်းကင်မှ လာရောက်ကာ မြတ်စွာဘုရားအလောင်းတော်၏ ခြေတော်ရင်း၌ နတ်ပန်းများ ဖြစ်၍ ကျရောက်လာကုန်၏။

(၈) ထို့နောင် ညွှန်ပူမိုးကို ရွာသွန်းစေပြန်လေသည်၊ ထို၌ ညွှန်သည်လည်း အခိုးအလျှံလွှတ်ကာ ကောင်းကင်က လာရောက် ၍ ဘုရားအလောင်း၏ ခြေတော်ရင်း၌ နတ်၌ဖြစ်သော နံ့သာ ပျောင်း(=နံ့သာပျစ်)ဖြစ်ကာ ကျရောက်လာလေ၏။

(၉) ထို့နောင်မှ "ဤသိဒ္ဓတ်မင်းသားကို အမိုက်မှောင်ဖြင့် ချောက်လှန့်၍ပြေးစေအံ့"ဟု ကြံစည်ကာ အမိုက်မှောင်ကြီးကိုဖြစ် စေပြန်လေသည်၊ ထိုမာရ်နတ်ဖန်ဆင်းလိုက်သော အမိုက်မှောင် သည် လကွယ်, မိုးမှောင်, သန်းခေါင်, တောလယ်= လေးသွယ် သောအင်္ဂါရှိသည့် အမိုက်မှောင်ကြီးကဲ့သို့ဖြစ်၍ ဘုရားအလောင်း

http://www.dhammadownload.com



တော်ထံမှောက် ရောက်လတ်သောအခါ နေရောင်ကြိုက်သည့် အမိုက်မှောင်ကဲ့သို့ ပျောက်ကွယ်လေ၏။ ။(ဤ၌ဘုရားအလောင်း တော်သည် မာရ်နတ်သားက အမိုက်မှောင်ကြီး ဖန်ဆင်းသည်ကို သိတော်မူ၍ ကိုယ်တော်မှ မွေးညှင်းတွင်းပမာဏရှိသော ရောင် ခြည်ကွန်ရက်ကို ကွန့်ထွက်စေတော်မူ၏၊ ထိုရောင်ခြည် ကွန်ရက် သည် မာရ်နတ်သား ဖန်ဆင်းသည့် အမိုက်မှောင်ကြီးကို ဖျက် ဆီးလျက် အလင်းကြီး လင်းစေလေသည်ဟု မှတ်ယူရာ၏။)

**မာရ်နတ်သား စက်လက်နက် လွှတ်ခြင်း**

မာရ်နတ်သားသည် ဖော်ပြရာပါ လက်နက်ကြီး ၉-ပါးတို့ကို ပစ်လွှင့်၍ တိုက်ဖျက်ပါသော်လည်း အရာမရောက် မအောင် မြောက်ရကား နောက်ထပ်ဆက်ကာ ဥက္ကာကျအောင်ပြုလေသည်၊ ယင်းသို့ ဥက္ကာကျရောက်ခြင်းကြောင့် စကြဝဠာတတိုက်လုံး အခိုး တွေဖုံး၍ နေလေသည်။ ကောင်းကင်တခုလုံး မိုးတိမ်မရှိပဲ ထစ် ချုန်းနေ၏၊ မိုးကြိုးပေါင်း အထောင်တို့ ကြောက်မက်ဖွယ် ကျ ရောက်ကုန်၏၊ ထိုမာရ်နတ်သည် ဤမျှဖြင့်လည်း ဘုရားအလောင်း တော်ကို တစုံတခု ဘေးဥပဒ် အန္တရာယ်ကို မပြုနိုင်ရကား "သိဒ္ဓတ္ထမင်း သင်း၏ ဦးခေါင်းကိုဖြင့် ထောင်းထောင်း ပြတ် ကြွေ မြေသို့ ခစေမည်"ဟု ကြီစည်စဉ်းစား၍ စက်လက်နက်ကို တဖန်လွှတ်ပြန်လေသည်။ ထိုစက်လက်နက်၏အာနုဘော်ကား…. မြေ၌ ပစ်လွှင့်လျှင် ၁၂-နှစ်ကြာအောင် မြက်ပင် မပေါက်နိုင်၊ ကောင်းကင်၌ပစ်လွှင့်လျှင်၁၂ နှစ်ပတ်လုံး မိုးရေတပေါက်မျှမကျ နိုင်အောင် မိုးခေါင်၏၊ မြင်းမိုရ်တောင်ထိပ်၌ ပစ်လွှင့်လိုက်လျှင် မြင်းမိုရ်တောင်ကိုနှစ်ခြမ်းခွဲ၍ အောက်သို့ လျှောကျနိုင်၏၊ဤကား ထိုစက်လက်နက်၏ အာနုဘော်တည်း။ ယင်းသို့မာရ်နတ်သားပစ် လွှင့်လိုက်သော စက်လက်နက်သည် ကောင်းကင်မှ မိုးကြိုးထစ် ချုန်းသကဲ့သို့ လာရောက်ပြီးလျှင် မာရ်နတ်၏ မာန်မာနကို နှိမ်ချိုး ခြင်းအမှုပြုလျက် ဘုရားအလောင်းတော်၏ ခြေတော်ရင်း၌ ခြေ သုတ်ကြိုးဝန်းပမာ ခွေလျက်သား ကျရောက်လာလေ၏။

http://www.dhammadownload.com



မာရ်နတ်သားသည် မည်သည့်အရာကို စွဲယူရမည်ဟုမသိမမြင် (= ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ) အလွန်လျှင် အမျက်ထွက်ရကား "အဘယ်ကြောင့် ရပ်တည်နေကြသနည်း၊ ဤသိဒ္ဓတ်မင်းသားကို သူမြော်ကိုးသည့် ဘုရားဖြစ်ခြင်းအကျိုး မပြီးအောင် ပြုကြလော့ ဖမ်းကြလော့ သတ်ကြလော့ ဖြတ်ကြလော့ ခွဲကြလော့ မလွတ်စေကြကုန်လင့်" ဤသို့စသည်ဖြင့် စေခိုင်းလေ၏၊ မိမိကိုယ်တိုင်လည်း ဂိရိမေခလာဆင် ကျောက်ကုန်း၌ ထိုင်နေကာ လက်တဖက်ဖြင့် မြားကိုဝင့်လျက် ဘုရားအလောင်းသို့ ကပ်ရောက်ပြီးလျှင် "အို သိဒ္ဓတ်မင်းသား … ယခုပင်လျှင် ရတနာပလ္လင်မှ အလျှင်အမြန် ထသွားလော့"ဟု ပြောဆိုလေသည်။ ထိုအခါ မာရ်နတ်၏ စစ်သည်ပရိသတ်သည်လည်း များစွာသော ကြောက်မက်ဖွယ်တို့ကို ပြဆောင်ပြုလုပ်ကြကုန်၏၊ ဘုရားအလောင်းတော်သည် မာရ်နတ်နှင့်တကွ မာရ်စစ်သည်တို့ ပြုလုပ်သမျှသော ဖောက်ပြန်ပြစ်မှားမှု အလုံးစုံကို မေတ္တာအစွမ်းဖြင့် ပယ်ရှားဟန့်တားတော်မူ၏။

(ဤအရာ၌၊ ၊မြတ်စွာဘုရား အလောင်းတော်၏ မာရ်နတ် ပစ်လွှင့်သော လက်နက် ၉-ပါးကို အောင်မြင်ခြင်းနှင့်စပ်၍ တောင်တွင်းဆရာတော် ခင်ကြီးဖျော် ရေးသားသည့် လက်နက် ၉-ပါးအောင် ဘုရားရှိခိုး ဂါထာကို ဖတ်ရှုနာယူဖျော်သော အနက်ယောဇနာနှင့်တကွ ရေးသား ပြဆိုဦးအံ့။)

### ပဌ္ဌနာဆုသန်နှင့်တကွ မာရ်လက်နက်ကိုးဖြာ အောင်စေကြောင်းမှုနာ ဂါထာပါဠိနိဿယ

ဝါတာ ဝဿဥ္စ ပါသာဏံ၊ အာဝုဓံ ဝါလုကံ တထာ။
ကုက္ကုဠံ ကလလင်္ဂါရံ၊ အန္ဓကာရန္တိမေ နဝ။
သတ္တေ မာရေန ဝိဿဋ္ဌေ၊ ဝိဇယန္တံ ဇိနံ နမေ။
အဟမ္ပိ တေန ပုညေန၊ ဝိဇေယျံ သဗ္ဗမာဒယုဓေ။

http://www.dhammadownload.com



ဝါတံ = လောကထွတ်ထား ဒို့ဘုရားလျှင် ငါးပါး မာရ်ခြွေ ပလ္လင်ဗွေ၌ စံနေခိုက်ခါ မာရ်နတ်လာ၍လျက် စက္ကဝါတိုက် တောင်နှင့်ရိုက်၍ ပန်းမှိုက်မြူစုဏ်ႉ သေးဖွဲ့နုန့်သို့ မုန့်မုန့်ညက်ကြေ ပျက်ပစေဟု စေတနာဆိုး ပြုဖန်ပျိုးသား မိုးရပ်သိမ့်ဟည်း မြေကြီးပွဲ့တင် သစ်ပင်ကျောက်တုံး အိမ်အလုံးကို ချေမှုန်းဖြတ်ပိုင်း ရှစ်ရပ်တိုင်းမှ အုံ့မှိုင်း လေဆိုး မုန်တိုင်း လက်နက်မျိုးကိုငင်း။ ဝဿဉ္စ = အဟုန်ဒီးဒီး စီးကျသွယ်သွယ် ရေပြင်ကျယ်၌ မှိုဖွယ်ကင်းဖည် သေစိမ့်ရည်၍ တမည်ပြုစား ထန်းလုံးဖျားနှင့် တောင်ဖျားမျှခေါင် အမြင့်ဆောင်သား ရှစ်ဘောင်ရပ်ခန်း ပြည့်မှောက်လျှမ်းသည့် မိုးကြမ်းရေဆိုး လက်နက်မျိုးကိုငင်း။ ပါသာဏံ = ကျောက်ဖြင့်ကြိတ်ဖျက် မုန့်မုန့်ညက်လျှင် နှိပ်စက်စေရန် တမည်ဖန်၍ နဘန်မိုးလုံး ထစ်ချုန်းခြိမ့်ညံ တိုက်ခတ်သံနှင့် အလျှံဖြိုးဖြိုး ကျောက်ခဲကျောက်စိုင်မိုးကိုငင်း။ အာဝုဓံ = အသွေးတခြား အသားတထွေ အရေတမျိုး အရိုးတဂိုဏ်း ထိုးခုတ်ပိုင်း၍ မဆိုင်းသေရန် ပြုစီမံသား အလျှံပြိုးပြက် မိုးလုံးလက်အောင် တဖက်အသွား နှစ်ဖက်သွားဟု လှံခါး စသည် အမည်မည်လျှင် စုံစီဖန်ပျိုး လက်နက်မိုးကိုငင်း။ ဝါလုကံ တထာ = ထွက်လေ ဝင်လေ နှစ်ထွေမရှိ သဲဖြင့်ပိ၍ မချိသေအောင် ပြုဆောင်ဖန်ပျိုး သဲထုမိုးကိုငင်း။ ကုက္ကုဠံ = တစိမ့်စိမ့်ပူ သေအောင်ဟူ၍ သူ့အကြံပျိုး ပြာပူမိုးကိုငင်း။ ကလလံ = ကျိုက်ကျိုက်ပွက်ဆူ အပူအခိုး ရှုံ့ညွန်မိုးကိုငင်း။ အင်္ဂါရံ = တခဏချင်း အပြင်းပူလောင် သေအောင်ဖန်ပျိုး မီးကျီးမိုးကိုငင်း။ အန္ဓကာရံ = ကြည့်သော် မစွမ်း စမ်းသော်မထင် ကြောက်စိတ်ဝင်၍ အလျင်သေရန် တတန်ပြုဆောင် အမိုက်မှောင်ကိုငင်း။

ဣတိ = ဤသို့။ မာရေန ဝိဿဋ္ဌေ = မာရ်နတ်မိစ္ဆာ အယုတ်တမာလျှင် ကြိမ်းကာဆင့်ဆင့် ပစ်လွှင့်အပ်ကုန်သော။ ဣမေ နဝ သဗ္ဗေ = လေ, မိုး, ကျောက်, သဲ ညွန်,

http://www.dhammadownload.com



မီးခဲနှင့် ပြာမွဲ့,မိုက်မှောင် ပြောင်ပြောင်လက်နက် ရောင်ပြိုးပြက်ဟု ကိုးချက်ရန်စွယ် လက်နက်မျိုးအနန္တရာယ်တို့ကို။ ဝိဇယန္တံ = မိုလ်ပါအပေါင်း သောင်းကုဋေအား ဆောင်နိုင်ငြားလည်း ရိုက်လားပုတ်လား အဖအပါးဝယ် ဆိုးဝါးမာန်မူ သားငယ်တူသို့ သီတဂူနှုန်း ကြည်နူးလုံးဖြင့် မြေလုံးငြိမ့်အောင် သက်သေဆောင်၍ အောင်တော်မူကြီးအောင်တော်မူထသော။ (ဝါ) အောင်တော်မူသောကြောင့်။ ဇိနံ = ဇိနဟူသည် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခပ်နှိပ်ပေါ်ထင် အောင်ပွဲရှင်မြတ်စွာဘုရားကို။ နမေ—နမာမိ = ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပြေ့ မာန်ကိုလျှော့၍ ကန်တော့ရှိခိုးပါ၏ မြတ်စွာဘုရား။ အဟမ္ပိ = စတုသမုဒ္ဒာန် ပြုလုပ်ဖန်သည့် ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်သည်လည်း။ တေန ပုညေန = လက်နက်မျိုးကို ဖျက်ချိုးနှိမ်ချူး ဂုဏ်ကျေးဇူးဖြင့် ချီးကျူးဝန္ဒနာ စေတနာပဏာမ မြတ်ပုညကြောင့်။ သဗ္ဗမာယုဓေ = သေနတ် လေးမြှား လှံဓားမီးပေါက် အမြောက်စိန်ပုံး ချေမှုန်းခွင်းဖြတ် အကျဉ်းမှတ်သော် လွတ်အပ်-မလွတ်အပ် နှစ်ရပ်ကျုံး၍ အလုံးစုံသော လက်နက်မျိုးတို့ကို။ ဝိဇေယျံ = ယနေ့ကစ နိဗ္ဗာန်ရသည့် ကာလတခွင် သံသာပြင်ဝယ် မမြင်ရ မကြားရ အဝေးကပင် အောင်ရနိုင်ရ အောင်နိုင်ရသည့်ကိုယ်ဖြစ်ပါလို၏မြတ်စွာဘုရား။

### အလောင်းတော်၏ ကရုဏာ

(ဤဒေဝပုတ္တမာရ်ကို အောင်မြင်ခဏ်း၌ ဇာတ် အဋ္ဌကထာ, ဗုဒ္ဓဝင် အဋ္ဌကထာတို့ထက် ဇိနာလင်္ကာရဋီကာ၌ ကျယ်ဖန်းစွာ ကြည်ညိုဖွယ်ရာ ဖွင့်ပြသောကြောင့် ထိုဇိနာလင်္ကာရဋီကာမှ အများဆုံး ထုတ်ဖော်ရေးသားပေအံ့။)

(၁) သ ပါဒမူလေ ကိဋ္ဌန္တံ၊ ပဿန္တော တရုဏံ သုတံ။
ပိတာဝုဒ္ဒိကွိ တံ မာရံ၊ မေတ္တာယန္တော ဒယာပရော။

http://www.dhammadownload.com



သနားကရုဏာပြင်းပြစွာသော မွေးဖသခင်ကျေးဇူးရှင်သည် မိမိခြေရင်း၌ ကစား၍နေသော သားငယ်ကို လက်ခြေတို့ဖြင့် ပုတ်ခတ်စေကာမူ ဖောက်ဖောက်ပြန်ပြန် ပြုလုပ်စေကာမူ အမျက်ထွက်ရန် ဝေးစွာ၊ သား ဟူသောချစ်ခြင်းဖြင့် နှစ်သက်ကြည်ဖြူစွာ သားကို လည်ဖက်၍ မိမိရင်ခွင်ထက်၌ အိပ်စက်စေလျက် တစုံတခု ရန်ငြိုးဖွဲ့ခြင်း အလျှင်းမရှိသကဲ့သို့ ထိုအတူ အလောင်းတော်သူမြတ်သည်လည်း ယုတ်မာလှသော ထို မာရ်နတ်သား ပြုသမျှ ပြစ်မှားသမျှဥဿုံ အလုံးစုံကို သည်းခံတော်မူလျက် အနည်းငယ်မျှ နှလုံးမသာယာမှု ပြုတော်မမူပဲ ကြောက်ရွံ့ခြင်းကင်းမဲ့ကာ မေတ္တာကရုဏာမိုး ရွှေဖြိုးလျက် မာရ်နတ်သားကို ကြည့်တော်မူလေသည်။

(၂) တဒါ သော အာသဘိံ ဝါစံ၊ သီဟနာဒံ နဒီ မုနိ။
န ဇာနာတိ သယံ မယှံ၊ ဒါသဘာဝမ္ပယံ ခလော။

(၃) ယေန ကေနစိ ကမ္မေန၊ ဇာတော ဒေဝပုရေ ဝရေ။
သကံ ဂတိံ အဇာနန္တော၊ လောကဇေဋ္ဌောမှိ မညတိ။

ထိုသို့ မာရ်နတ်သား စစ်ကြီးချီကာ နှောက်ယှက်လာသော အခါ၌ ဘုရားအလောင်းတော်သည် ရဲရဲတောက်စကား ဤကဲ့သို့ မိန့်ကြားတော်မူလေသည်။ မိန့်ကြားတော်မူပုံမှာ.... "ဤယုတ်မာလှသော မာရ်နတ်သည် မိမိကိုယ်တိုင်က ငါ့ဘုရား၏ ကျွန်ဖြစ်နေသည်ကို အလျှင်းပင်မသိချေ။ အနည်းငယ်မျှသော ကောင်းမှုကုသိုလ်ကံကြောင့် ဝသဝတ္တီနတ်ပြည်၌ ဖြစ်ရှိလာပြီးလျှင် မိမိ၏ အသက်တမ်း မိမိ၏စုတေရမည့်အချိန် စုတေပြီးနောက် လားရောက်ရမည့် အပါယ်ဘုံဗိုဇ် ဒုဂ္ဂတိကို စိုးစဉ်းမျှမသိရှာ၍ ငါသည် မြတ်၏ဟု မှတ်ထင်ကာ တလောကလုံး၌ ငါသာလျှင် အစိုးရသူဟူ၍ အောက်မေ့မှတ်ထင်နေ၏၊ မိမိကိုယ်ရေး သေလျှင် အပါယ်ကျရမည့်ဘေးကိုကား မတွေးမိ မသိရှာချေ၊ ယင်းသို့ မသိသောကြောင့်ပင် ဤသို့ ပြစ်မှားမှုကို ပြုဝံ့ပေ၏။

http://www.dhammadownload.com



(၄) အနန္တလောကဓာတုမှိ၊
သတ္တာနံ ဟိ ကတံ သုဘံ။
မယှေကာပါရမိတာယာပိ၊
ကလံ နာဂ္ဃတိ သောဠသိံ။

(၅) တိရစ္ဆာနော သသော ဟုတွာ၊
ဒိသွာ ယာစကမာဂတံ။
ပစိတွာန သကံ မံသံ၊
ပတိတောဂ္ဂိမှိ ဒါတဝေ။

အနန္တများစွာ စကြဝဠာလောကဓာတ်၌ သတ္တဝါတို့ ပြုသမျှ ကောင်းမှုကုသိုလ်အစုကို ဉာဏ်ပညာ ချိန်ခွင်တဖက်၌ထား၍ ငါဘုရား၏ ပါရမီကောင်းမှု ကုသိုလ်အစုကို ဉာဏ်ပညာချိန်ခွင် အခြားတဖက်၌ထား၍ ချိန်စက်ကြည့်မည်ဆိုက သတ္တဝါတို့ပြုသမျှ ကောင်းမှုကုသိုလ်အစုသည် ငါဘုရား၏ ပါရမီဆယ်ပါး ကောင်းမှုများအနက် ပါရမီကောင်းမှု တခု၏ (၂၅၆) နှစ်ရာငါးဆယ်ခြောက်စိတ် စိတ်လျှင် တစိတ်ကိုပင် လိုက်၍ မမှီနိုင်ချေ။ မှန်၏၊ ငါကား တိရစ္ဆာန်ယုန်ငယ် ဖြစ်စဉ်ဘဝမှာပင် အလှူခံပုဂ္ဂိုလ် ငါ့ထံမှောက်လာရောက်သည်ကိုမြင်ရလျှင် အားရဝမ်းသာစွာ မိမိ၏အသားကို ဖုတ်ကင်ပေးလှူလိုသည့်အတွက် မီးပုံထဲသို့ ရဲရဲကြီး ခုန်ချခဲ့လေပြီ။

(ဤ၌၊ ၊အနန္တလောကဓာတ်စကြဝဠာ သတ္တဝါတို့ ပြုသမျှ ကောင်းမှုကုသိုလ် အစုသည် ငါဘုရားအလောင်း တဦးတည်းပြုသည့် ပါရမီဆယ်ပါး ကုသိုလ်များအနက်မှ ပါရမီတပါးပါးနှင့် နှိုင်းစာလျှင် ထိုပါရမီကောင်းမှုတခု၏ ၂၅၆-စိတ်စိတ်လျှင် တစိတ်ကိုပင် လိုက်၍ မမှီနိုင်ချေ-ဟူသော အလောင်းတော်၏ ရဲရဲတောက် မိန့်ကြားချက်စကားသည် သာမန်စဉ်းစားလျှင် များလှလွန်လှသည်ဟု ထင်မှတ်ဖွယ် ရှိပေ၏။ စင်စစ်သော်မူ မများမလွန်ပါ၊ အလွန်ပင် သဘာဝကျ၍ မှန်ကန်သောစကား ဖြစ်ပေ၏။

http://www.dhammadownload.com



ထင်ရှားစေဦးအံ့....ဘုရားအလောင်းတော်မှတပါးအခြား သူတို့သည် ကုသိုလ်ကောင်းမှု ပြုလုပ်ရာဝယ် လူ့ချမ်းသာ နတ်ချမ်းသာတို့ကိုတောင့်တ၍ ပြုကြသည်ကသာ များလှ၏၊ (ယနေ့ သာသနာတွင် လူဖြစ်ရ၍ "ဘဝနှင့်စည်းစိမ် တို့ကို ဆုသန်တောင့်တ၍ လှူဒါန်းရသော ဝဋ္ဋနိဿိတ ဒါနသည် နိဗ္ဗာန်ကိုတောင့်တ၍ လှူဒါန်းသော ဝိဝဋ္ဋ-နိဿိတ ဒါနကဲ့သို့ အကျိုးမကြီး မမွန်မြတ်ချေ" ဟူ၍ သိသော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များပင် အလှူဒါန ပြုလုပ် သောအခါ ဘဝစည်းစိမ်ဝဋ္ဋတရားကို နှုတ်မြွက်၍ ဆု မတောင်းစေကာ စိတ်ထဲကမူ ထိုဘဝစည်းစိမ် ဝဋ္ဋတရား တို့ကို လိုလားလျက်ရှိချေသည်။) ယင်းသို့ အခြားသူများ ပြုလုပ်အပ်သော ကောင်းမှု ကုသိုလ်အစုသည် ဝဋ္ဋကို တောင့်တ၍ ပြုလုပ်ကြသည့်အတိုင်း ဝဋ္ဋဆင်းရဲ အကျိုးကို ပေးသဖြင့် ထိုအခြားသူများမှာ မိမိတို့ပြုလုပ်သည့် ကုသိုလ် ဥစ္စာဖြင့် လူ့ဘဝ လူ့စည်းစိမ် နတ်ဘဝ နတ်စည်းစိမ် တည်းဟူသော အသုံးအဆောင်တို့ကို ဝယ်ယူသုံးဆောင် ကြသကဲ့သို့ဖြစ်ရကား ငွေရတိုင်း ရတိုင်း အသုံးအဆောင် တို့ကို ဝယ်ယူသုံးဆောင်သောသူအား ငွေဟူ၍ မစုမိ သကဲ့သို့ ဘုရားအလောင်းမှတပါး အခြားသော ဝဋ္ဋာ-ဘိရတ (=ဘဝစည်းစိမ် ဝဋ္ဋဆင်းရဲ၌ မွေ့လျော်နှစ်သြိက် ကြသော) သတ္တဝါတို့မှာ ကောင်းမှုကုသိုလ်ဥစ္စာ မစုမိပဲ လှမ်းချည်း ဖြစ်ကြလေသည်။

မြတ်စွာဘုရား အလောင်းတော်သည်ကား ပါရမီ ကောင်းမှု ပြုလုပ်တိုင်း ပြုလုပ်တိုင်း သဗ္ဗညုတရွှေဉာဏ် ကိုသာ ဆုပန်တောင့်တ၍ ပြုတော်မူလေသည်၊ ထိုကြောင့် ဘုရားအလောင်းတော်၏ ပြုသမျှ ကုသိုလ် ကောင်းမှုများ သည် သဗ္ဗညုတဉာဏ်အကျိုးကိုမပေးရသေးသမျှ အရှိန်မစဲ အလောင်းတော် သန္တာန်၌ ကမ္မသမင်္ဂီ အနေအားဖြင့် ရှိမြဲရှိ၍ နေလေသည်၊ ထို့ကြောင့် မသုံးရက် မစွဲရက်

http://www.dhammadownload.com



ငွေကိုစု၍ ထားသောသူမှာ ဥစ္စာစီးပွါး တနေ့တခြား တိုးတက် များပြားလာသကဲ့သို့ ဘုရားအလောင်းတော်မှာလည်း ကုသိုလ်ကောင်းမှု ဥစ္စာများ တဘဝထက် တဘဝ တိုးတက် များပြားလာရကား အလောင်းတော်သူမြတ်သည် ကုသိုလ်ဥစ္စာ လွန်စွာကြွယ်ဝသူ ဖြစ်လေသည်။

ကုဋေများစွာ ချမ်းသာကြွယ်ဝသော သူဌေးတဦးကို ဆင်းရဲ မွဲတေသူ လူပေါင်းများစွာတို့ ဥစ္စာစီးပွါးရေး၌ ယှဉ်ပြိုင်သော်လည်း ရှုံးကြရမည်သာ ဖြစ်သကဲ့သို့ ပါရမီကောင်းမှု ကုသိုလ်ဥစ္စာ မရေမတွက်နိုင်အောင် ချမ်းသာသော မြတ်စွာဘုရားအလောင်း ကောင်းမှုကုသိုလ်သူဌေးကြီးကို ကုသိုလ်ဥစ္စာ ရတိုင်းရတိုင်း ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ အသုံးအဆောင်တို့ကို ရှာ၍ မလောက်နိုင်အောင် ဝယ်ယူ သုံးဆောင်ကြသဖြင့် ကုသိုလ်ကောင်းမှုဥစ္စာ လွန်စွာဆင်းရဲ မွဲတေကြသည့် အနန္တလောကဓာတ် သတ္တဝါလူမွဲတို့ ကုသိုလ်ကောင်းမှု တည်းဟူသော စီးပွါးရေး၌ ယှဉ်ပြိုင်ကြသော်လည်း ရှုံးကြရမည်သာ ဖြစ်လေသည်၊ ထို့ကြောင့် မြတ်စွာဘုရားအလောင်းတော်၏ ရဲရဲတောက်စကား (ရှေးဖော်ပြရာပါ) မိန့်ကြားချက်သည် စကားကြွားစကားလွန်မဟုတ် အလွန်ပင်သဘာဝကျ၍ မှန်ကန်သော စကားသာဖြစ်၏။)

(၆) ဧဝံ အနန္တပုညေဟိ၊ သိဒ္ဓံ ဒေဟမိမံ ပန။
ယထာဘူတံ အဇာနန္တော၊ မနသောတိ ဟိ မညတိ။

ဤသို့ ဖော်ပြရာပါ အနန္တကောင်းမှု ကုသိုလ်တို့ကြောင့် ဖြစ်ပေါ်လာသော ဤဘဝ ငါ၏ကိုယ်ကို မာရ်နတ်သားကား အမှန်အတိုင်း မသိရှာ၍ သာမန် လူတယောက်အနေ အောက်မေ့မှတ်ထင်ချေ၏။

http://www.dhammadownload.com



(၇) နာဟံ မနုဿော နာမနုဿော၊န ဗြဟ္မာ န စ ဒေဝတာ။
ဇရာမရဏံ လောကဿ၊ ဒဿေတုံ ပနိဓာဂတော။

ငါကား သာမန်ခုနစ်ရက်သား လူစားမဟုတ်ချေ၊ဘီလူးလည်း မဟုတ်ချေ၊ ဗြဟ္မာလည်း မဟုတ်ချေ၊ နတ်လည်း မဟုတ်ချေ၊ (ခုနစ်ရက်သား လူစားသာမန် မဟုတ်ပဲလျက် လူမိန်းမ၏ ဝမ်းတိုက်၌ အဘယ့်ကြောင့် လာရောက်ဖြစ်ပွါးရသနည်းဟူမူကား) သတ္တဝါ အပေါင်းအား အိုနာသေရေး သံသရာဒုက္ခဘေးကို ထင်ရှားဟောပြဖို့ရန် ဤလူ့ပြည်လောက လူမိန်းမ၏ဝမ်းတိုက်၌ လာရောက်ဖြစ်ပွါးလေသည်။

(ထင်ရှားစေဦးအံ့....၊ အလောင်းတော်သူမြတ်ကို လူဟူ၍ဝင်း, ဘီလူးဟူ၍ဝင်း, နတ် ဟူ၍ဝင်း, မာရ်ဟူ၍ဝင်း, ဗြဟ္မာဟူ၍ဝင်း ကေန်ကေ ပြောဆိုရန် မတတ်သာချေ၊ အကြောင်းကား ထို လူ, ဘီလူး, နတ်, မာရ်, ဗြဟ္မာတို့မှာ အလောင်းတော်၏ အလုပ်မျိုး လုံးဝ မရှိသောကြောင့် ဖြစ်သည်။

သို့ဖြစ်လျှင် အဘယ့်ကြောင့် လူမိန်းမ (=မယ်တော်မာယာ)ဝမ်းမှ ဖွားသနည်းဟု မေးဖွယ်ရှိ၍ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းအား အိုနာသေရေး သံသရာ ဒုက္ခဘေးကို ထင်ရှားဟောပြဖို့ရန် ဤလူ့ပြည်လောက လူမိန်းမ(=မယ်တော်မာယာ)၏ ဝမ်းတိုက်၌ လာရောက်ဖြစ်ပွါးရသည်ဟု ဖြေကြားတော်မူခြင်းဖြစ်သည်။

ချဲ့ဦးအံ့····၊ သတ္တဝါတို့ကို ဖြစ်ပွါးစေတတ် ဖန်ဆင်းတတ်သော နတ်, မာရ်, ဗြဟ္မာ, အတ္တဟူ၍ တဦးမျှ မရှိချေ၊ စင်စစ်ကား ကိုယ်စီကိုယ်ငှ မိမိတို့ခန္ဓာအစဉ်၌ ဖြစ်သော တဏှာသည်သာလျှင် အဖန်ဖန် ပဋိသန္ဓေကို ပြီးစေ၏။ ကုသိုလ်, အကုသိုလ်ကံများလည်း တဏှာ၏ စွမ်းရည်ကြောင့်ပင် ပြီးကြဖြစ်ကြ၏၊ ထင်ရှားစေဦးအံ့····၊ ကံသည်

http://www.dhammadownload.com



လယ်နှင့်တူ၏၊ ကံနှင့်တကွ ဖြစ်ဖော်ဖြစ်ဖက် ဝိညာဏ်သည် မျိုးစေ့နှင့်တူ၏၊ တဏှာလောဘသည် ရေနှင့်တူ၏။ လယ်မြေ, မျိုးစေ့, ရေ-သုံးပါးပေါင်းဆုံခြင်းကြောင့် သစ်ပင်၏ အညွန့်အညှောက် ပေါက်ရောက်သကဲ့သို့ ကံတည်းဟူသော လယ်မြေ, ကံ၏အဖော် ဝိညာဏ် တည်းဟူသော မျိုးစေ့,တဏှာလောဘတည်းဟူသောရေငွေ့-ဤသုံးပါး ပေါင်းဆုံမိခြင်းကြောင့် သတ္တဝါ ဖြစ်ပေါ်၏။ တဏှာလောဘတည်းဟူသော ရေငွေ့မရှိလျှင် ကံတည်းဟူသော လယ်မြေ, ဝိညာဏ်တည်းဟူသော မျိုးစေ့တို့ရှိသော်လည်း ဘဝအပင် အညွန့်အညှောက် မပေါက်တော့ချေ၊ ထို့ကြောင့်ပင် တဏှာရေငွေ့ကို ပယ်သတ်ပြီးဖြစ်တော်မူကြသောကြောင့် ရဟန္တာအရှင်မြတ်တို့သည် တဖန် ဘဝအသစ်၌ မဖြစ်ကြကုန်။

ဤသို့ ကုသိုလ်ကံ, အကုသိုလ်ကံတည်းဟူသော လယ်မြေ, ကံနှင့်တကွ ဖြစ်ဖော်ဖြစ်ဖက် ဝိညာဏ်တည်းဟူသော မျိုးစေ့, တဏှာတည်းဟူသော ရေငွေ့-ဤအကြောင်း သုံးပါးတို့ ပေါင်းဆုံမိခြင်းကြောင့် ဖြစ်ပေါ်လာသော သတ္တဝါအား ဇာတိအစရှိသော ဒုက္ခပေါင်းများစွာတို့ ရေအယဉ်ပမာ လွှမ်းမိုး နှိပ်စက်ကြကုန်၏။ ဘုရားအလောင်းတော်သည်လည်း သတ္တဝါတို့၏ ထိုဇာတိဒုက္ခအစရှိသော များစွာသော ဘေးဒုက္ခတို့ကို ပယ်ရှားလိုသူဖြစ်၏၊ ဇာတိအစရှိသော ဒုက္ခအပေါင်း၏ အကြောင်းရင်းကား တဏှာပင်တည်း၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဇာတိမဖြစ်တော့ချေ၊ ဇာတိမဖြစ်လျှင် ဇရာ, မရဏ စသည်တို့လည်း မဖြစ်တော့ကုန်၊ သို့ရကား တဏှာသာလျှင် အရင်းအကျဆုံး ပယ်သတ်ရမည့် တရားဖြစ်၏၊ ထိုတဏှာသည်လည်း ရူပါရုံအစရှိသော အာရုံခြောက်ပါးတို့၌ မြဲသည်,ချမ်းသာသည်,တင့်တယ်သည်, ခိုင်မာသည် ဟူသောအမှတ် ( = နိစ္စသညာ,သုခသညာ,သုဘသညာ,

http://www.dhammadownload.com



အတ္တသညာ)ဖြင့် သုခကို အလိုရှိကြသူ သတ္တဝါတို့အား မောဟ၏စွမ်းအားဖြင့် ဖြစ်ပေါ်၏၊ သို့ရကား ထိုတဏှာ၏ အကြောင်းရင်းဖြစ်သော အာရုံခြောက်ပါးတို့၌ အပြစ်ဒေါသကို မြင်အောင်ပြမှသာလျှင် တဏှာကို ပယ်စွန့်နိုင်မည်ဖြစ်၏၊ အာရုံခြောက်ပါးတို့၌ အပြစ်ဟူသည်မှာလည်း ထိုအာရုံခြောက်ပါးတို့၌ ဖြစ်ပေါ်နေသော အနိစ္စစသော အခြင်းအရာများတည်း၊ ထိုအနိစ္စစသော အခြင်းအရာကိုလည်း ဇရာမရဏကို မြင်မှသာလျှင်သိမြင်နိုင်သည်။(ဇရာမရဏကိုမြင်မှ အာရုံခြောက်ပါး၏ အနိစ္စအခြင်းအရာစသောအပြစ်များကို မြင်နိုင်မည်၊ အာရုံခြောက်ပါးတို့၌ အပြစ်ကိုမြင်မှ ထိုအာရုံခြောက်ပါးတို့၌ တပ်မက်သော တဏှာလောဘကို ပယ်နိုင်မည်၊ တဏှာလောဘကို ပယ်နိုင်မှ ဇာတိအစရှိသောသံသရာဒုက္ခများငြိမ်းအေးမည်။) သို့ရကား ဇရာမရဏကို သိမြင်ခြင်းသည် သံသရာဒုက္ခငြိမ်းအေးခြင်း၏ အရင်းမူလ ပဓာနကိစ္စ ဖြစ်ပေ၏၊ ထို့ကြောင့် သတ္တဝါတို့၏ ဇာတိအစရှိသော သံသရာဒုက္ခ အပြီးတိုင် ငြိမ်းအေးရန်အတွက် အရင်းမူလ ပဓာနဖြစ်သော ဇရာမရဏတရားကို သတ္တဝါတို့အား ထင်ရှားထုတ်ဖော် ဟောပြတော်မူခြင်းအကျိုးငှါဘုရားအလောင်းတော်သည် ဤလူ့ပြည်လူ့ရွာ မယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ ကိန်းပိုက်သန္ဓေ လာရောက် ဖြစ်ပွါးတော်မူပေသည်။

ဆက်၍ ထင်ရှားစေဦးအံ့....၊ ဘုရားအလောင်းတော်သည် အကယ်၍ နတ်အဖြစ်သို့ ကပ်ရောက်၍ ဖြစ်စေ, မြဟ္မာအဖြစ်သို့ ကပ်ရောက်၍ဖြစ်စေ တရားကိုဟောငြားအံ့၊ တန်ခိုးပြာဋိဟာကို ပြငြားအံ့၊ တပါးသော သူတို့သည် ယုံကြည်ကြမည်မဟုတ်ကုန်၊ဤနတ်မင်း,ဤမြဟ္မာမင်းသည် မိမိ ကိုယ်တိုင်က ချမ်းသာ သုခရှိသူ မြဲသူ ခိုင်မာသူ ဖြစ်လျက် ငါတို့အား အနိစ္စဟူ၍ ဒုက္ခဟူ၍ အနတ္တဟူ၍

http://www.dhammadownload.com



ဟောလာချေ၏၊ သူ၏ စကားသည် ဘယ်လိုစကားမျိုး ပါလိမ့်-ဟု အောက်မေ့ကာ ယုံကြည်ကြမည် မဟုတ်၊ ရိုသေစွာ နားထောင်ကြလိမ့်မည်လည်း မဟုတ်ကုန်၊ နတ်မြဟ္မာမည်သည် အဘယ်အရာကို မပြောဆို မဟောပြနိုင်ဝဲ ရှိအံ့နည်း၊ ပြောဆို ဟောပြနိုင်မည်သာ ဖြစ်၏၊ အဘယ်မည်သော တန်ခိုးပြာဋိဟာကို မပြုလုပ် မဖန်ဆင်းနိုင်ဝဲ ရှိအံ့နည်း၊ ပြုလုပ် ဖန်ဆင်းနိုင်မည်သာ ဖြစ်၏၊ ဤနတ် ဤမြဟ္မာ၏ ဟောပြမှု တန်ခိုးပြာဋိဟာကို ပြသဖန်ဆင်းမှုကား အံ့ဩဖွယ်မဟုတ်ချေ-ဟု အောက်မေ့ မှတ်ထင်ကြမည်သာ ဖြစ်၏။

ခပ်သိမ်းသော လူအပေါင်းတို့ မြင်စဉ်ပင် မယ်တော်ဝမ်းတိုက်မှ ဖွားမြင်ကာ အစွယ်ရောက်က ကာမသုခကို ခံစားပြီးလျှင် သားတော်ကို ရရှိလတ်သော် ထိုသားတော်ကို စွန့်၍ တောထွက်ကာ ရဟန်း ပြုပြီးနောက် ဒုက္ကရစရိယာ အကျင့်ကြီးကို ကျင့်ကြံပော်မူပြီးလျှင် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ရှိ (=ဘုရားအဖြစ်သို့ ရောက်ရှိ)ပြီးကာ တရားကို ဟောကြားလတ်သော်ငင်း, ဇရာမရဏကို ထင်ရှားပြတော်မူလတ်သော်ငင်း,လက္ခဏာ ရေးသုံးပါးကို ဟောကြားတော်မူလက်သော်ငင်း "ဤယောက်ျားမြတ်သော်မှ သို့စဉ် တန်ခိုးအာနုဘော်ကြီးသူ ဉာဏ်ပညာကြီးသူ အလုံးစုံသော တရားသဘောကို မကြွင်းမကျန် သိမြင်သူဖြစ်ပါလျက်လည်း အိုခြင်း နာခြင်း သေခြင်း သဘောကို မလွန်မြောက်နိုင်ချေ၊ ငါတို့၌ကား ဆိုဖွယ် အကြောင်းမရှိပြီ"ဟု အောက်မေ့ကြကာ တရားတော်ကို ရိုသေစွာ နားမထောင်ကြပေလိမ့်မည်၊ "ဇာတိအစရှိသော ဒုက္ခတို့ကို ပယ်ရှားဘို့ရန် တရားဟောတော်မူသော ငါတို့မြတ်စွာဘုရားသည် ခပ်သိမ်းသော တရားတို့ကို ပိုင်းခြား သိမြင်တော်မူပါပေစွ၊ ထို ဇာကိအစ ရှိသော ဒုက္ခမရှိရာ နိဗ္ဗာန်သည် ချမ်းသာလှပါပေစွ"ဟု

http://www.dhammadownload.com



ဘုရား တရားတို့၌ သက်ဝင်ယုံကြည်ကြပြီးလျှင် တရားဒေသနာတော်ကို အစဉ်လျှောက်သဖြင့် ဉာဏ်ကို တရား၌ စေလွှတ်သွတ်သွင်းကာ ဥပါဒါနက္ခန္ဓာငါးပါး တရားစင်စစ်ဖြစ်သော ဤအတ္တဘောကို ဒုက္ခအနေအားဖြင့်၎င်း, ဒုက္ခ၏ အကြောင်းအနေအားဖြင့်၎င်း သိမြင်ကြပြီးလျှင် ထိုဥပါဒါနက္ခန္ဓာငါးပါး တရားစင်စစ်ဖြစ်သော အတ္တဘောကို ဖြစ်စေတတ်သည့် တဏှာလောဘ၏ အပြစ်ကို ကောင်းစွာ မြင်ကြကုန်၏။ ထိုသတ္တဝါတို့သည် ထိုသို့ မြင်ကြကုန်လျက် တဏှာလောဘတည်းဟူသော သမုဒယသစ္စာ၌၎င်း, ထိုတဏှာလောဘ သမုဒယသစ္စာကြောင့် ဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့၌၎င်း လန့်ကြ ရှက်ကြ စက်ဆုပ်ကြပြီးလျှင် တဏှာကို အကြွင်းမဲ့ ချုပ်ငြိမ်းစေကြလိမ့်မည်၊ ထိုသို့ ချုပ်ငြိမ်းစေကြသည်ရှိသော် အနုပါဒါပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဒုက္ခဇာတ်သိမ်းကြရန် ထိုက်တန်ကြပေလိမ့်မည်။ ထို့ကြောင့် "သတ္တဝါအပေါင်းအား အိုနာသေရေး သံသရာဒုက္ခဘေးတို့ကို ထင်ရှားပြဖော် ဟောတော်မူလိုသည့်အတွက် ဤလူ့ပြည်လောက မယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ လာရောက်ဖြစ်ပွါးဖွားတော်မူလေသည်"ဟု မိန့်ဆိုတော်မူခြင်း ဖြစ်သည်။)

(၈) အနုပလိတ္တော လောကေန၊
ဇာတောနန္တဇိနော အဟံ။

ဗုဒ္ဓေါ ဗောဓိတလေ ဟုတွာ၊
တာရေမိ ဇနတံ ဗဟုံ။

ဟယ်မာရ်နတ်····ငါကား လူ့ပြည်လောက၌ လာရောက်ဖြစ်ပွါးသော်လည်း တစုံတခုသော သတ္တဝါသင်္ခါရနှင့်မျှ လိမ်းကျံငြိကပ်ခြင်း အလျှင်းမရှိပဲသာ ဖြစ်ခဲ့လေပြီ၊ ငါသည် အနန္တသတ္တဝါသင်္ခါရ အနန္တကိလေသာတို့ကို အောင်နိုင်ခြင်းကြောင့် အနန္တဇိန အမည်တော်ရရှိကာ ယခုပင် ဤအပရာဇိတပလ္လင်၌

http://www.dhammadownload.com



ထိုင်နေစဉ် ထိုင်နေရင်း ဤတင်ပလ္လင်ကို မဖျက်ပဲ ခပ်သိမ်းသော ကိလေသာတို့ကို ဖုတ်ကြည်းသဂြိုဟ်ပယ်ရှားပြီးလျှင် လူသုံးပါး၌ ဘုရားစင်စစ်ဖြစ်တော်မူကာ များစွာသော လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းကို သံသရာရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်း ကုန်းထက်သို့ ရောက်အောင် ဆယ်တင်ပေအံ့၊ သင်သည် ငါ့ကို ဘယ်နည်းနှင့်မျှ တားမြစ်ခြင်းငှါ မစွမ်းနိုင်ချေ၊ သင်၏အရာ မဟုတ်။

(၉) သမန္တာ ဓဇိနိံ ဒိသွာ၊
ယုဒ္ဓံ မာရံ သဝါဟနံ။
ယုဒ္ဓါယ ပစ္စုဂ္ဂစ္ဆာမိ၊
မာ မံ ဌာနာ အစာဝယိ။

(၁၀) ယံ တေ တံ နပ္ပသဟတိ၊
သေနံ လောကော သဒေဝကော။
တံ တေ ပညာယ ဘေစ္ဆာမိ၊
အာမံ ပတ္တံဝ အသ္မနာ။

ဟယ်မာရ်နတ်···· ငါသည် ထက်ဝန်းကျင်မှ အလံတလူလူ လွှင့်ထူချီတက်လာသည့် သင်၏စစ်တပ်ကြီးကိုငင်း, ဂိရိမေခလာ ဆင်နှင့်တကွသောသင့်ကိုငင်း မြင်ရသည့်အတွက် ရဲရဲကြီး စစ်ဖက် အံ့သောငှါ ပညာဖြင့် ရှေးရှုသင့်ဘက်သို့ မျက်နှာမူကာ ငါကား ချီတက်ခဲ့၏၊ (ကိုယ်တော်ထ၍ ချီတက်သည်ကို မဆိုလို၊ ပညာဖြင့် ချီတက်သည်ကို ဆိုလို၏။) သင်သည် ငါ့ကို ဤအပရာဇိတပလ္လင် တော်မှ ဘယ်နည်းနှင့်မျှ ထစေနိုင် ရွှေ့စေနိုင်မည် မဟုတ်၊ မရွှေ့ စေနိုင်အောင်ပင် ငါကား ပြုလုပ်မည်။

ဟယ်မာရ်နတ်....အားကောင်းမောင်းသန်သော ယောကျ်ားသည် အိုးထိန်းသည် ပြုလုပ်အပ်သမျှ ဖုတ်ပြီး, မဖုတ်ရသေး (ကျက်ပြီး, မကျက်သေး)သော အိုးခွက်အလုံးစုံကို ကြီးစွာသော ကျောက်ခဲဖြင့် တလုံးမကျန် ဖြိုဖျက်ထုခွဲသကဲ့သို့၊ ငါသည်လည်း

http://www.dhammadownload.com



လောကကြီး တခုလုံးက အရှုံးပေးကာ အောင့်နှလုံးနာရသော သင်၏ ကာမရာဂ စသည့်ဆယ်ရပ် (ရှေးကဖော်ပြအပ်ပြီးသော) စစ်တပ်ကြီးကို(တနည်း)ရွှေနှင့်ဝဲယာ(၁၂) တဆယ့်နှစ်ယူဇနာစီ ရှိ၍ အမြင့်ထုအားဖြင့်(၉)ကိုးယူဇနာ နောက်မျက်နှာမှစကြဝဠာ တံတိုင်းအထိ လွှမ်းမိုးချီတက်လာသော သင်၏ စစ်တပ်ကြီးကို ငါတကိုယ်တည်းဖြစ်လျက် ယခုထိုင်သည့်နေရာကိုမျှ မပျက်စေပဲ (=နေရာမှ ငါမထပဲ)ပညာစွမ်းဖြင့် တဦးမကျန် တွန်းလှန်ဖြိုခွဲပစ်ပေအံ့၊ သင့်ကိုရင်း, သင်၏စစ်သည်ဗိုလ်ပါကိုရင်း ခဲဖြင့်ပစ်ကာ ကျိုးအပေါင်းကို ပြေးစေသည့်ပမာ ယခုမကြာမီပင် ပြေးစေအံ့။

(ဤ ၉-နံပါတ်, ၁၀-နံပါတ် ဂါထာတို့သည် ပဓာနသုတ်၌ မြတ်စွာဘုရား ဟောတော်မူအပ်သော ဂါထာတို့ဖြစ်သည်။ ၁-မှ ၈-တိုင် ဂါထာများနှင့် ဤမှ နောက်၌ ပြဆိုလတံ့သော ဂါထာတို့သည်ကား ဇိနာလင်္ကာရ ကျမ်းပြုဆရာ ဗုဒ္ဓရက္ခိတမထေရ် သူမြတ်သည် မြတ်စွာဘုရား၏ အလိုတော်ကျ ထိုထိုသုတ္တန်ပါဠိတော်တို့မှယူ၍ စီကုံးရေးသားအပ်သော ဂါထာဖြစ်သည်။)

(၁၁) ဣစ္ဆန္တော သာသပေ ဂဏ္ဍေ၊ စက်မာမိ ဣတော စိတော။
ဣစ္ဆန္တော လောကဓာတုမ္ပိ၊ အင်္ဂုဘာဝေန ဆာဒယိ။

ဟယ်မာရ်နတ်....ငါကား အလိုရှိလျှင် (=သေးငယ်လိုလျှင်) မုန်ညင်းစေ့အတွင်း၌ လူးလာတုံ့ခေါက် စင်္ကြံသွားနိုင်၏။ အလိုရှိလျှင် (=ကြီးစေလိုလျှင်) လောကဓာတ် စကြဝဠာတိုက်ကြီး တခုလုံးကိုသော်လည်း မိမိ၏ အင်္ဂုဘောဖြင့် ဖုံးအုပ်၍ ထားနိုင်၏။

(၁၂) ဧတေ သဗ္ဗေ ဂဟေတွာန၊ စုဏ္ဏေတုံ အစ္ဆရာယပိ။
အတ္ထိ ထာမဗလံ မယှံ၊ ပါကာသာတော န ရုစ္စတိ။

ဟယ်မာရ်နတ်.... သင်နှင့်တကွ သင့်စစ်သည်ဗိုလ်ပါအလုံးစုံတို့ကို ဖမ်းယူပြီးလျှင် လက်ဖျောက်မျှဖြင့် မုန့်မုန့်ညက်ညက် ပြုလုပ်နိုင်ရန် စွမ်းအားသတ္တိ ငါ့အား ရှိပေ၏။ သို့စေကာ ငါသည်

http://www.dhammadownload.com



ပါဏာတိပါတဒုစရိုက်မှု ( = သူ့အသက်ကို သတ်ဖြတ်ခြင်း မကောင်းမှု)ကို အဏုမြူမျှ မနှစ်သက်အပ်ပေ။

(၁၃) ဣမဿ ဂဏ္ဍုပ္ပါဒဿ၊ အာဝုဓေန ဗလေန ကိံ။
မယှံ ဟိ တေန ပါပေန၊ သလ္လာပေါ ပိ န ရုစ္စတိ။

တီကောင်လောက်မျှပမာဏရှိသည့်ဤမာရ်နတ်အား ငါသည် လက်နက်သုံးသဖြင့်ရင်း,ကိုယ်အင်အားကို သုံးသဖြင့်ရင်း အဘယ် အကျိုးရှိအံ့နည်း။ မှန်၏၊ ငါသည် ယုတ်မာလှသော ဤမာရ်နတ်နှင့် ယခုလောက် စကားပြောဆို နေရသည်ကိုပင် မနှစ်သက် အပ်ပေ။

(ဤဖော်ပြရာပါရဲရဲတောက်စကားတို့ကို ဘုရားအလောင်းတော်မဆိုမီက မာရ်နတ်သားသည် "အို သိဒ္ဓတ်မင်းသား....သင်သည် ငါ၏ ဥစ္စာ ဤအပရာဇိတပလ္လင်တော်နေရာ၌ အဘယ့်ကြောင့် နေထိုင်သနည်း"ဟု ပြောဆိုသောအခါ အလောင်းတော်သူမြတ်က "ပလ္လင်တော်သည် သင်၏ဥစ္စာဖြစ်ကြောင်း သက်သေကား အဘယ်သူနည်း"ဟု မေးတော်မူ၏။ မာရ်နတ်သားက "ကပါးသောသူတို့ကို သက်သေဆောင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဤယခု သင်၏မျက်မှောက်၌ ရောက်ရှိနေဆဲဖြစ်သည့် မာရ်စစ်သည်ဗိုလ်ပါအပေါင်းသည် ငါ၏သက်သေတည်း"ဟု ပြောဆိုကာ လက်ကိုဆန့်တန်းလိုက်သောအခါ မာရ်နတ်၏ပရိသတ်သည် တပြိုင်နက်တည်းပင်"ငါသည် သက်သေ၊ ငါသည် သက်သေ"ဟူ၍ ပြောဆိုကြကာ ကုဋေသိန်းပေါင်းများစွာ ထွက်ပေါ်လာကြသည်၊ မြေပြိုသောအခါကဲ့သို့ ဆူညံလျက်ရှိချေ၏။ ထို့ကြောင့် ထိုမာရ်နတ်၏ပရိသတ်ကို ဟန့်တားကာ ကိုယ်တော်မြတ်၏သက်သေကို ဖော်ပြတော်မူလို၍ ဤဂါထာကို ရွတ်ဆိုတော်မူလေ၏။)

(၁၄) ပလ္လင်္ကံ မမ ဘာဝါယ၊
ကိမဏ္ဏဿေန သက္ခိနာ။
ကမ္ပိတာ မဒ္ဒိယာ ဒါနာ၊
သက္ခိ ဟောတိ အယံ မဟီ။

မဟာဇုဋ္ဌဝင် ၂-၂၀

http://www.dhammadownload.com



ဟယ်မာရ်နတ်····ငါသည် ဤအပရာဇိတပလ္လင်ကို လိုလား တောင့်တသဖြင့် ဘဝများစွာ ကမ္ဘာဘာတို့၌ မလှူခဲ့ဘူးသော ဒါန ဟူ၍မရှိ၊ မစောင့်ထိန်းဘူးသော သီလဟူ၍မရှိ၊ မကျင့်ခဲ့ဘူးသော ဒုက္ကရအကျင့်ဟူ၍မရှိ၊ ဟယ်မာရ်နတ်····ဘဝများစွာ အကိတ် ကမ္ဘာဘာက လှူဒါန်းခဲ့သည့် ဒါနပါရမီ စသည်ကို ထားလိုက် ပါဦး၊ ဝေဿန္တရာဘဝတခုမှာပင် မဒ္ဒီမိဖုရားကို အထွတ်အထိပ် ရောက်ပြု၍ ခုနစ်ကြိမ်တိုင်တိုင် အလှူကြီးများကို ပေးအပ်ခဲ့စဉ်က မဟာပထဝီ ဤမြေကြီးသည် ခုနစ်ကြိမ်တိုင်တိုင် တုန်လှုပ်ခဲ့လေပြီ၊ ယခုအခါ ဤ အပရာဇိတပလ္လင်၌ အလုံးစုံသော လောကကို အောင်နိုင်ရန် ငါထိုင်နေစဉ် သင်၏မာရ်စစ်တပ်ကြီး ချီတက် စစ်ထိုး လာလတ်သော် ဤ မဟာပထဝီမြေကြီးသည် အဘယ့် ကြောင့် မတုန်မလှုပ် ဆိတ်ဆိတ်ဖြစ်၍ နေဘိသနည်း၊ ဟယ် မာရ်နတ်····သင်ကား သင့်ပရိသတ်ကို မတရား သက်သေခံစေ ခဲ့လေပြီ၊ ဤမြေကြီးကား သင့်အားငင်း,ငါ့အားငင်း သမာသမတ် ညီမျှသော မြေကြီးဖြစ်ချေသည်၊ စေတနာလည်းမရှိ၊ ထိုသို့ သင် နှင့် ငါတို့အဖို့ သမာသမတ်ညီမျှ၍ လုံးဝစေတနာမရှိသော မဟာ ပထဝီ ဤမြေကြီးသည် ယခုပင်လျှင် ငါ၏သက်သေ ဖြစ်ပေလတ္တံ့ ဟု မိန့်ဆိုတော်မူကာ ဘုရားအလောင်းတော်သည် မိုးတိမ်ဝမှ လျှပ်နွယ်အတူ ကြက်သရေ ရှိလှသော လက်ျာလက်တော်ကို သင်္ကန်းတွင်းမှထုတ်ကာ မဟာပထဝီမြေကြီးသို့ ရှေးရှု ညွှန်ပြ တော်မူလေ၏။

ထိုခဏမှာပင် မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်ကာ သည်းထန်စွာမြည်ဟည်းလေ၏၊ မြေကြီး၏ အသံဖြင့် ကောင်းကင်တခွင်လုံးသည် မိုးချုန်းသံကဲ့သို့ သည်းစွာ သောအသံကို မြည်စေလေ၏၊ မြင်းမိုရ်တောင်ကို ရံလျက် တည် သော တောင်စဉ်ခုနစ်ထပ်နှင့်တကွ ဟိမဝန္တာတောင် အစရှိ သည်တို့သည် သည်းထန်စွာမြည်ဟည်းကြကုန်၏၊ စကြဝဠာတိုက် အလုံးသည် မီးလောင်သော ဝါးတောပမာ တဖျောင်းဖျောင်း တဖျန်းဖျန်း ကြောက်လန့်ဘနန်း ကြမ်းတမ်းသော အသံကို မြည်

http://www.dhammadownload.com



ဟည်းလေ၏၊ လောလောပူသော အိုကင်းထဲ၌ ပေါက်ပေါက် စပါးတို့ တဖြောင်းဖြောင်းပေါက်၍ နေကြသကဲ့သို့ ကောင်းကင် တခုလုံး၌ မိုးတိမ်မရှိပဲ ကြောက်မက်ဖွယ် ထစ်ချုန်း၍နေသည့်ပြင် ရဲရဲတောက်သော မီးကျီးမိုးပမာ မိုးပေါက်မီးပွါး တဖွားဖွား ပြန့်လျက် မိုးကြိုးတို့သည်လည်း တဖြုန်းဖြုန်း ကျလာကုန်၏။ အုန်းအုန်းဆူညံ မြည်သံမစဲသည့် မြေကြီးနှင့် ကောင်းကင်တို့၏ အကြားသို့ ရောက်ရှိနေသော မာရ်နတ်သားသည် အားထား ကိုးကွယ်ရာမရှိ အလွန်အမင်း ကြောက်လန့်ရကား စစ်တံခွန် (=စစ်အလံ)ကြီးကိုလှဲကာ ထိုနေရာမှာပင် လက်နက်တထောင် ကိုလည်း စွန့်ပစ်ခဲ့၍ ဂိရိမေခလာဆင်ကြီးကိုလည်း ပြန်စောင်းမျှ မကြည့်နိုင်ပဲ ဦးတည့်ရာသို့ ရှေးရှူ တအားသွန် ပြေးလေတော့၏။ မာရ်နတ်မင်းပြေးလျှင်ပင် မာရ်စစ်တပ်ကြီးလည်း ဖရိုဖရဲ ပြိုကွဲ ပျက်စီးကာ လေမုန်တိုင်း တိုက်ခတ်အပ်သော ပြာမှုန့်များကဲ့သို့ မျက်နှာရှေးရှူ မူမိရာ မူမိရာအရပ်ဖြင့်ပင် ပြေးလွှားကြ၍ ဝသဝတ္တီ နတ်ပြည်သို့သာလျှင် ပြန်သွားကြလေကုန်၏။

ဤသို့လျှင် မြတ်စွာဘုရား အလောင်းတော်သည် မဟာ သက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့ နေမဝင်မီပင် ဒေဝ- ပုတ္တမာရ် (= ဝသဝတ္တီမာရ်နတ်)ကို အောင်မြင်တော်မူ၍ သတ္တ လောကတခုလုံးကို အောင်မြင်ခြင်းသို့ ရောက်တော်မူရကား ဘေးမရှိ ရန်မရှိ ရှုံးရှာခြင်းမရှိသောအဖြစ်သို့ ရောက်တော်မူလေ သည်၊ ထိုခဏမှာပင် မာရ်နတ် လာစဉ်က ကြောက်ရွံ့သဖြင့် ပြေးသွားကြသော နတ်မြဟ္မာတို့သည် "မည်သူနိုင်၍ မည်သူ ရှုံးမည်နည်း"ဟု ကြည့်ရှုနေကြရာမှ မာရ်နတ်၏ ပရိသတ် စစ် တပ်ကြီး ဖရိုဖရဲ ပြိုကွဲပျက်စီးသွားသည်ကို တွေ့မြင်ကြသဖြင့် တပြိုင်နက်တည်းပင် "ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ" စသည်ဖြင့် ထောမနာ နက်လေး ဟစ်ကြွေးကြလေသည်။ မာရ် နတ်သားကား ရှုံးလေပြီ၊ သိဒ္ဓတ် မင်းသားကား အောင်လေပြီ၊ အောင်ပွဲပူဇော်မှုကို ငါတို့ပြုကုန်အံ့"ဟု နဂါး-နဂါးချင်း, ဂဠုန်- ဂဠုန်ချင်း, နတ်-နတ်ချင်း, မြဟ္မာ-မြဟ္မာချင်း ကောင်းတင်းကြွေး

http://www.dhammadownload.com



ကြောင်ကာ နှံ့သာပန်းစသည်လက်စွဲကြကုန်လျက် မြတ်စွာဘုရား အလောင်းတော်စံနေရာ မဟာဗောဓိပလ္လင်သို့ ဘညီတညွတ် တည်း စည်းဝေးလာရောက်ကြကုန်၏။

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။

ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ နာဂဂဏာ မဟေသိနော။ (၁)

အယံ = အသက်မရှိ ကယ်မှန်ဘိလျက် သက်ရှိကဲ့သွင် ဤမြေ ပြင်နှင့် ကောင်းကင်ရိုက်ကျူး ဤအောင်မြင်မှု အထူးသည်ကား။ သိရီမတော = စက္ကဝါဠ ဤလောကဝယ် ရှိသမျှဥဿုံ ကောင်း သိရ်ဂုဏ်တို့ နိုင်းပုံယှဉ်စေ မတူပေသား ကြက်သရေတော် အပေါင်း စုအောင်းကိန်းပျော်ရာ ဖြစ်တော်မူထသော။ ဗုဒ္ဓဿ ဟိ = သစ္စာဓေ့ယျ ဟူသမျှကို မြူစမကျန် သဗ္ဗညုဉာဏ်ဖြင့် အမှန် သိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သာလျှင်။ ဇယော = လူ မင်း နတ်မင်း ဗြဟ္မာမင်းတို့ ကောင်းတင်းခြိမ့်ညံ အောင်ပွဲတော်ခံ ယူခြင်းပေတည်း။ ပါပိမတော = ယုတ်မာ ညစ်ညမ်း ပညာ ကာဏ်း၍ အန္ဓစင်စစ် ကေန်ဖြစ်သော။ မာရဿ စ = ဗောဓိမကိုင်း ပလ္လင်မြိုက်ကို သိမ်းပိုက်ယူမည် စစ်ကြီးချီ၍ ရှစ်ဒိုငြိမ့်ညောင်း မြေ ပြင်စောင်းမျှ ခြိမ်းမောင်းတိုက်ခိုက်လာသော မာရ်နတ်သား၏ ကား။ ပရာဇယော = ဘုန်းရှိန်ကိုကြောက် တပ်ကိုခေါက်၍ နောက်သို့ပြန်ကျုံ့ ရန်စမြို့ကို မတုံ့နိုင်ပဲ ဗုံးဗုံးလဲ၍ စစ်ပွဲရှုံးနိမ့် ခြင်းပေတည်း။ ဣတိ = ဤသို့။ တဒါ = ထိုမဟာသက္ကရာဇ်ရာ့ခသုံး နှစ်ကြို ကဆုန်လပြည့် မာရ်အောင်သည့်နေ့၌။ ဗောဓိမဏ္ဍေ = သဗ္ဗညုဉာဏ် ရင့်သန်ကြည်ရာ အပရာဇိတ ဌာနအောင်ခန်း ပလ္လင်နန်း၌။ ပမောဒိတာ = နှစ်သက်အားရမ်း ရွှင်လန်းဝမ်း မြောက်ကြကုန်သော။ နာဂဂဏာ = နတ်နဂါးအပေါင်းတို့သည်။ မဟေသိနော = သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျက်တော်မူပြီးသော မြတ်စွာဘုရား၏။

http://www.dhammadownload.com



ဇယံ＝ကောင်းတင်းခြိမ့်ညံ့ အောင်ပွဲသံကို။ ဥဒ္ဓေါသယုံ＝စကြဝါဟိုက် သောင်းလုံးခိုက်အောင် ကျူးရိုက်ထွေငေါ် ကြွေးကြော်ကြလေကုန်ပြီ။

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။

ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ သုပဏ္ဏသံဃာပိ မဟေသိနော။ (၂)

အယံ＝အသက်မရှိ ကယ်မှန်ဘိလျက် သက်ရှိကဲ့သွင် ဤမြေပြင်နှင့် ကောင်းကင်ရိုက်ကျူး ဤအောင်မြင်မှု အထူးသည်ကား။ သိရီမတော＝စကြဝါဠ ဤလောကဝယ် ရှိသမျှဥသုံ ကောင်းသိရ်ဂုဏ်တို့ နှိုင်းပုံယှဉ်စေ မတူပေသား ကြက်သရေတော် အပေါင်း စုအောင်းကိန်းပျော်ရာ ဖြစ်တော်မူထသော။ ဗုဒ္ဓဿ ဟိ＝သစ္စာလေးဖြာ ဟူသမျှတို့ကို မြူစမကျန် သဗ္ဗညုဉာဏ်ဖြင့် အမှန်သိမြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ သာလျှင်။ ဇယော＝လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ ကောင်းတင်းခြိမ့်ညံ့ အောင်ပွဲတော် ခံယူခြင်းပေတည်း။ ပါပိမတော＝ယုတ်မာ ညစ်ညမ်းပညာကာဏ်း၍ အန္ဓစင်စစ် ကေနဖြစ်သော။မာရဿ စ＝ဗောဓိမကိုဋ် ပလ္လင်မြိုက်ကို သိမ်းပိုက်ယူမည် စစ်ကြီးချီ၍ ရှစ်ဒိဗြိမ့်ညောင်း မြေပြင်စောင်းမျှ ခြိမ်းမောင်းတိုက်ခိုက်လာသော မာရ်နတ်သား၏ကား။ ပရာဇယော＝ဘုန်းရှိန်ကိုကြောက် တပ်ကိုခေါက်၍ နောက်သို့ပြန်ကျုံ့ ရန်စမြို့ကို မတုံ့နိုင်ဝဲ မှုံးမှုံးလဲ၍ စစ်ပွဲကြီးရှုံးနိမ့်ခြင်းပေတည်း။ ဇုတိ＝ဤသို့။ တဒါ＝ထိုမဟာသက္ကရာဇ် ရှ၃သုံးနှစ်ကြို ကဆုန်လပြည့် မာရ်အောင်သည့်နေ့၌။ ဗောဓိမဏ္ဍေ＝သဗ္ဗညုဉာဏ် ရင့်သန်ကြည်ရာ အပရာဇိတ ဌာနအောင်ခန်း ပလ္လင်နန်း၌။ ပမောဒိတာ＝နှစ်သက်အားရမ်းရွှင်လန်းဝမ်းမြောက်ကြကုန်သော။ သုပဏ္ဏသံဃာပိ＝ဂဠုန်မင်းအပေါင်းတို့သည်လည်း။ မဟေသိနော＝သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျက်တော်မူပြီးသော

http://www.dhammadownload.com



မြတ်စွာဘုရား၏။ ဇယံ = ကောင်းတင်းခြိမ့်ညံ့ အောင်ပွဲသံကို။ ဥဃ္ဃေါသယုံ = စက္ကဝါတိုက် သောင်းလုံးခိုက်အောင် ကျူးရိုက်ထွေငေါ် ကြွေးကြော်ကြလေကုန်ပြီ။

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။

ဥဃ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဒေဝဂဏာ မဟေသိနော။ (၃)

အယံ = အသက်မရှိ ကယ်မှန်ဘိလျက် သက်ရှိကဲ့သွင် ဤမြေပြင်နှင့် ကောင်းကင်ရိုက်ကျူး ဤအောင်မြင်မှု အထူးသည်ကား။ သိရီမတော = စက္ကဝါဠ ဤလောကဝယ် ရှိသမျှဥဿုံ ကောင်းသိရိဂုဏ်တို့ နှိုင်းပုံယှဉ်စေ မတူပေသား ကြက်သရေတော်အပေါင်း စုအောင်းကိန်းပျော်ရာ ဖြစ်တော်မူပေထသော။ ဗုဒ္ဓဿ ဟိ = သစ္စာခြေ ယျ ဟူသမျှကို မြူစမကျန် သဗ္ဗညုဉာဏ်ဖြင့် အမှန်သိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏သာလျှင်။ ဇယော = လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ ကောင်းတင်းခြိမ့်ညံ့ အောင်ပွဲတော်ခံယူခြင်းပေတည်း။ ပါပိမတော = ယုတ်မာ ညစ်ညမ်း ပညာကာဏ်း၍ အန္ဓစင်စစ် ကေန်ဖြစ်သော။ မာရဿ စ = ဗောဓိမကိုဋ် ပလ္လင်မြိုက်ကို သိမ်းပိုက်ယူမည် စစ်ကြီးချီ၍ ရှစ်ဒိငြိမ့်ညောင်း မြေပြင်စောင်းမျှ ခြိမ်းမောင်းတိုက်ခိုက်လာသော မာရ်နတ်သား၏ကား။ ပရာဇယော = ဘုန်းရှိန်ကိုကြောက် ဘဝ်ကိုခေါက်၍ နောက်သို့ပြန်ကျုံ့ ရန်စမြို့ကို မတုံ့နိုင်ပဲ ဖုံးဖုံးလဲ၍ စစ်ပွဲကြီးရှုံးနိမ့်ခြင်းပေတည်း။ ဣတိ = ဤသို့။ တဒါ = ထို မဟာသက္ကရာဇ် ရှ္ဝသုံးနှစ်ကြို ကဆုန်လပြည့် မာရ်အောင်သည့် နေ့၌။ ဗောဓိမဏ္ဍေ = သဗ္ဗညုဉာဏ် ရင့်သန်ကြည်ရာ အပရာဇိတ ဌာနအောင်ခန်း ပလ္လင်နန်း၌။ ပမောဒိတာ = နှစ်သက်အားရမ်း ရွှင်လန်းဝမ်းမြောက်ကြကုန်သော။ ဒေဝဂဏာ = ထက်ခွင်မိုးရပ် နတ်မင်းအပေါင်းတို့သည်။ မဟေသိနော = သီလက္ခန္ဓ စသည် ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး ဆောင်ကျက်တော်မူပြီးသော

http://www.dhammadownload.com



မြတ်စွာဘုရား၏။ ဇယံ = ကောင်းတင်းခြိမ့်ညံ့ အောင်ပွဲသံကို။ ဥဒ္ဒေါသယံ = စကြဝါတိုက် သောင်းလုံးခိုက်အောင် ကျူးရိုက်ထွေဝေ ကြွေးကြော်ကြလေကုန်ပြီ။

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။

ဥဒ္ဒေါသယံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ မြဟ္မဂဏာပိ မဟေသိနော။ (၄)

အယံ = အသက်မရှိ ကယ်မှန်ဘိလျက် သက်ရှိကဲ့သွင် ဤမြေပြင်နှင့် ကောင်းကင်ရိုက်ကျူး ဤအောင်မြင်မှုအထူးသည်ကား။ သိရီမတော = စကြဝါဋ ဤလောကဝယ် ရှိသမျှဥဿုံ ကောင်းသိရ်ဂုဏ်တို့ နှိုင်းပုံယှဉ်စေ မတူပေသား ကြက်သရေတော်အပေါင်း စုအောင်းကိန်းပျော်ရာ ဖြစ်တော်မူထသော။ ဗုဒ္ဓဿ ဟိ = သစ္စာဥေယျ ဟူသမျှကို မြူစမကျန် သဗ္ဗညုဉာဏ်ဖြင့် အမှန်သိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏သာလျှင်။ ဇယော = လူမင်းနတ်မင်းမြဟ္မာမင်းတို့ ကောင်းတင်းခြိမ့်ညံ့ အောင်ပွဲတော် ခံယူခြင်းပေတည်း။ ပါပိမတော = ယုတ်မာညစ်ညမ်း ပညာကာဏ်း၍ အန္ဓစင်စစ် ကေန်ဖြစ်သော။ မာရဿ စ = ဗောဓိမကိုင်ပ္ပလ္လင်မြိုက်ကို သိမ်းပိုက်ယူမည် စစ်ကြီးချီ၍ ရှစ်ဒိုင်ငြိမ့်ညောင်း မြေပြင်စောင်းမျှ ခြိမ်းမောင်းတိုက်ခိုက်လာသော မာရ်နတ်သား၏ကား။ ပရာဇယော = ဘုန်းရှိန်ကိုကြောက် တပ်ကိုခေါက်၍ နောက်သို့ပြန်ကျုံ့ ရန်စမြို့ကို မတုံ့နိုင်ပဲ ဗုံးဗုံးလဲ၍ စစ်ပွဲကြီး ရှုံးနိမ့်ခြင်းပေတည်း။ ဣတိ = ဤသို့။ တဒါ = ထိုမဟာသက္ကရာဇ် ရာ့သုံးနှစ်ကြို ကဆုန်လပြည့် မာရ်အောင်သည့်နေ့၌။ ဗောဓိမဏ္ဍေ = သဗ္ဗညုဉာဏ် ရင့်သန်ကြည်ရာ အပရာဇိတ ဌာနအောင်ခန်း ပလ္လင်နန်း၌။ ပမောဒိတာ = နှစ်သက်အားရမ်းရွှင်လန်း ဝမ်းမြောက်ကြကုန်သော။ မြဟ္မဂဏာပိ = ထက်ခွင်ရပ်ရွာ မြဟ္မာမင်းအပေါင်းတို့သည်လည်း။ မဟေသိနော = သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး ထွေ

http://www.dhammadownload.com



ကျက်တော်မူပြီးသော မြတ်စွာဘုရား၏။ ဇယံ = ကောင်းတင်း မြိမ့်ညံ့ အောင်ပွဲသံကို။ ဥဃ္ဃော်သယံ = စက္ကဝါတိုက် သောင်းလုံး ခိုက်အောင် ကျူးရိုက်ထွေငေါ် ကြွေးကြော်ကြလေကုန်ပြီ။

ဤ စကြဝဠာမှကြွင်းသည့် စကြဝဠာတိုက်တသောင်း၌ နေကြသော နတ်မြဟ္မာအပေါင်းတို့သည်လည်း ပန်း, နံ့သာ, နံ့သာ ပျောင်းတို့ဖြင့် ညွတ်ညောင်းကော်ရော် ပူဇော်ကြကုန်လျက်ငင်း, အထူးထူး အပြားပြားသော ယုတိဝဏ္ဏနာ မင်္ဂလာစကား မြွက်ကြားကျူးသိကြကုန်လျက်ငင်း အလောင်းတော် သူမြတ်ထံသို့ လာရောက် စည်းဝေး ညီမူကြလေကုန်၏။

(ဤကား ဒေဝပုတ္တမာရ်(=ဝသဝတ္တီမာရ်နတ်သား)ကို အောင်မြင်တော်မူသောအခန်းတည်း။)

**အထူးမှတ်သားချက်။** ။ (မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန် လပြည့်နေ့ အလောင်းတော်၏ ခရီးစဉ် လုပ်ငန်းစဉ်ကို ဖော်ပြရာ၌ အခြားသော အကြောင်းအရာတို့မှာ ဗုဒ္ဓဝင်အဋ္ဌကထာ, ဇာတ်အဋ္ဌ-ကထာ နိဒါန်း, ဇိနာလင်္ကာရဋီကာကျမ်းတို့၌ အစီပွါယ်တူညီ၍ ဆိုပုံသာ အကျဉ်းအကျယ် ကွဲပြားကြ၍ အင်ကြင်းတော၌ နေ့သန့် နေထိုင် တော်မူသောအခန်း၌ကား ဗုဒ္ဓဝင်အဋ္ဌကထာ, ဇာတ်အဋ္ဌကထာနိဒါန်း တို့၌ ထိုအင်ကြင်းတော၌ နေ့သန့်နေထိုင်စဉ် တစုံတခုသော သမာပတ် အဘိညာဏ် ရရှိတော်မူကြောင်းမလာရှိချေ။ဇိနာလင်္ကာရဋီကာ၌ကား ထိုအင်ကြင်းတော၌ နေ့သန့်နေထိုင်တော်မူစဉ် လောကီဈာန်သမာပတ် ရှစ်ပါး အဘိညာဏ် ငါးပါးတို့ကို ရရှိတော်မူကြောင်း ရေးသားဖွင့်ဆို လေသည်၊ မဟာဗောဓိပင်သို့ ကြွရောက်တော်မူသောအခါ အလောင်း တော်သူမြတ်မှာ မဇ္ဈိမပုရိသ (=အား လျစ်လျူရှိသော) ယောကျ်ား ကုဋေတသောင်းအား တည်းဟူသော ကာယဗလနှင့် အဘိညာဏ်ဗလ များပြည့်စုံပြီးသား ဖြစ်ကြောင်း ဖွင့်ဆိုလေသည်။တိုဇိနာလင်္ကာရဋီကာ ဆရာ၏ ဖွင့်ဆိုချက်သည် မိမိရေးသားသည့် "မာရ်နတ်သား စစ်ချီလာ သောအခါ အလောင်းတော်သူမြတ် မိန့်ဆိုတော်မူအပ်သည့် 'ငါအလို ရှိလျှင် မုန်ညင်းစေ့ အတွင်း၌ စကြဲလျှောက်နိုင်၏၊ အလိုရှိလျှင် စကြ-ဝဠာတိုက်ကြီးကို ကိုယ်ဖြင့် ဖုံးထားနိုင်၏' စသော စကားရပ်များ" နှင့်ငင်း, ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်၏အရာဖြစ်သော "ဝေဿန္တရာ

http://www.dhammadownload.com



ဘဝက ဒါနကြီးများကို သက်သေညွှန်ပြခြင်း"စသည်နှင့်ငင်း ညီညွှတ်လှပေ၏၊ အပြစ်မဆိုသာ။

ဤ ဇိနာလင်္ကာရ ဋီကာဆရာတော်၏ အလိုအားဖြင့် ဘုရားအလောင်းတော်သည် အာဠာရကိုဏ်းဆရာကြီး ဥဒကကိုဏ်းဆရာကြီးတို့နှင့် တွေ့စဉ်ကပင် လောကီသမာပတ် လောကီ အဘိညာဏ်ငါးရပ်တို့ကို ရပြီးဖြစ်၏၊ ၎င်းတို့ကို ဒုက္ကရစရိယာကျင့်စဉ် ခြောက်နှစ်ပတ်လုံး အသုံးအစွဲမပြုသဖြင့် (အသုံးအစွဲမပြုပဲ ထားသည့် ရွှေခွက်များမှာ အညစ်အကြေး စွဲသကဲ့သို့) အညစ်အကြေးစွဲသကဲ့သို့ ဖြစ်နေသည်ကို (တဖန်ပွတ်တိုက် သန့်ရှင်းစေသည့် ပမာ) အင်ကြင်းတော၌ စင်ကြယ်အောင် ပြုတော်မူသည်။ မာရ်နတ်သားကို အောင်မြင်ပြီးသည့်နောက်မှ (မိမိ၌ရှိသော ရွှေခွက်ကို လှလှကြီး အသုံးချသည့်ပမာ) မိမိရပြီးသော ပုဗ္ဗေနိဝါသအဘိညာဏ်နှင့် ဒိဗ္ဗစက္ခုအဘိညာဏ်တို့ကို ဝိဇ္ဇာဉာဏ်ပေါက် အခြေသို့ ရောက်အောင် လှလှကြီး သုံးဆောင်တော်မူသည်ဟု ဆိုလိုရိပ်ထင်၏။ ထူးဆန်း၍ မှတ်ဖွယ်ကောင်းသောကြောင့် အထူးထုတ်ဖော်ပြခြင်းဖြစ်သည်။)

### ပု,ဒိ,အာ-ဝိဇ္ဇာသုံးပါးကို ရတော်မူခြင်း

ဤသို့လျှင် မြတ်စွာဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့ နေမဝင်မီပင် ဒေဝပုတ္တမာရ်ဟူ၍ ခေါ်ဆိုအပ်သော ဝသဝတ္တိမာရ်နတ်ကို အောင်မြင်တော်မူပြီးနောက် လိုနေ့ညဉ့်ဦးယံဝယ် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, သန်းခေါင်ယံဝယ် ဒိဗ္ဗစက္ခုဉာဏ်, မိုးသောက်ယံဝယ် အာသဝက္ခယဉာဏ် တည်းဟူသောဝိဇ္ဇာဉာဏ်သုံးပါးတို့ကိုအစဉ်အတိုင်း ရတော်မူ၍ ဘုရားအဖြစ်သို့ ကဆုန်လပြည့်နေ့ မိုးသောက်ယံတွင် ရောက်ရှိတော်မူလေသည်။ ထိုအကြောင်းအရာ အကျယ်သော်ကား—

### ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ် ရတော်မူကြောင်း

ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်နှင့် ထိုခန္ဓာအစဉ်မှ အစဉ်လျောက်၍ သိအပ်သော နိဗ္ဗာန်ပညာရေး, အမည် အမျိုး စသော ပညတ်တရား ဤတရားအစုကို "ပုဗ္ဗေနိဝါသ"ဟူ၍ ပါဠိလိုခေါ်ဆို

http://www.dhammadownload.com



၏၊ ထိုပုဗ္ဗေနိဝါသကို အောက်မေ့သော သတိနှင့်ယှဉ်သည့် အဘိ-ညာဏ်အထူးကို "ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်"ဟူ၍ ခေါ်ဆို၏။ ထိုကိုပင် ပဌမဝိဇ္ဇာဉာဏ်ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူ၏၊ ထိုပဌမဝိဇ္ဇာဉာဏ်ကို ရှေးပညာရှင်တို့က "ပု"ဟူ၍ အာဒိသင်္ကေတနည်း (= အစအက္ခရာဖြင့် မှတ်သောနည်း) ဖြင့် ခေါ်ဆိုပညတ်တော်မူကြလေသည်။ ထိုပဌမဝိဇ္ဇာဉာဏ်ကို ရတော်မူပုံ အကျယ်အကြောင်းအရာသော်ကား—

ဤသို့ အလောင်းတော်သူမြတ်သည် ၁သဝတ္တိမာရ်နတ်ကို အောင်မြင်တော်မူ၍ ကြည်ဖြူရွှင်ပြုံး အပရာဇိတပလ္လင်တော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် စကြဝဠာပေါင်းတိုက်တသောင်း၌ နေထိုင်ကြသော ဘုမ္မဇိုဝ်းနတ်မှအစ များလှစွာသော နတ်ဗြဟ္မာအပေါင်းတို့သည် "အချင်းများစွာ နတ်ဗြဟ္မာတို့....လာကြကုန်၊ ဖအလောင်းကော်မြတ်၏ အောင်မြင်ခြင်း, မာရ်နတ်၏ ရှုံးနိမ့်ခြင်းကား လင်းလင်းထင်ထင်ဖြစ်ခဲ့လေပြီ၊ အလောင်းတော်သူမြတ်၏ အတွက် အောင်ခြင်းမင်္ဂလာသဘင်ပွဲ ဘုရားဖြစ်အံ့သော မင်္ဂလာသဘင်ပွဲကို တပေါင်းတစုတည်း ဆင်နွှဲကြကုန်စို့"ဟု ဟစ်အော်ကြွေးကြော်ကြကာ တပြိုင်နက်တည်း အလောင်းတော်သူမြတ်ထံသို့ စုရုံးစည်းဝေး လာရောက်ကြလေကုန်၏။

ထိုအချိန်၌ ယူဇနာ၁ငါးဆယ်ပမာဏရှိသော အထောင်သောရောင်ခြည်တို့ဖြင့် တင့်တယ်သည့်နေဝန်းသည် အနားအကွပ်၌ဆွဲကိုင်ကာ မဟာသမုဒ် ဝဲဇလုတ်၌ နှစ်မြုပ်အပ်သည့် ရွှေလှည်းဘီးကြီးပမာ ဝင်လုဆဲဆဲရှိနေပေသည်။ လေးဆယ့်ကိုးယူဇနာပမာဏရှိလျက် အေးမြသောအရောင်ကို တပြောင်ပြောင် လွှတ်ကွန့်ကာ စကြာမြသား လ-ရထားသည် စကြဝဠာတိုက်အလုံးကို ထွန်းလင်း တောက်ပစေပြီးလျှင် နီ့ရည်သမုဒြာမှ တရွှေ့ရွှေ့မြင့်တက် ပေါ်ထွက်လာသော (တဦးတယောက်သောသူက) အနားအကွပ်၌ဆွဲကိုင်ကာ အဇဋ္ဌာပြင် မိုးကောင်းကင်သို့ မြှောက်တင်ပစ်လွှင့်အပ်သည့် ငွေရထားလှည်းဘီးပမာ အရှေ့ အရပ်

http://www.dhammadownload.com



မျက်နှာမှ ထွက်ပေါ်ဆဲဆဲ ရှိနေပေသည်။ (စကြဝဠာတိုက်ကြီးကို ရွှေနန်းတော်ကြီးအသွင် စိတ်ထဲ၌ ထင်မြင်ထားပါ။) စကြဝဠာ တိုက်တည်းဟူသော ရွှေနန်းတော်ကြီး၏ အလယ်၌ အလောင်း တော် သူမြတ်သည် မိမိ၏ရွှေအဆင်းကဲ့သို့သော အဆင်းရှိသော ကိုယ်တော်ရောင်ဖြင့် ထို မဟာဗောဓိမဏ္ဍိုင် ကုန်းမြေနှင့်တကွ ပတ်ဝန်းကျင် သက်ရှိသက်မဲ့ ဝတ္ထုအပေါင်းကို ရွှေရည်အယှဉ်၌ နှစ်မြုပ်စေသည့်ပမာ လွှန်စွာတင့်တယ်တော်မူပေသည်။ ယင်းသို့ တင့်တယ်တော်မူသော မြတ်စွာဘုရား အလောင်းတော်သည် ဇမ္ဗုနီလာ ကျောက်မျက်ရတနာ ထီးနှင့်တူသော မဟာဗောဓိပင် အရင်း၌ အပရာဇိတပလ္လင်တော်ဝယ် ထက်ဝယ်ဖွဲ့ခွေ စံနေတော် မူကာ တရားကိုသုံးသပ်ဆင်ခြင်တော်မူလေ၏။ (ဘုရားအလောင်း တော်သူမြတ် တရားကို သုံးသပ် ဆင်ခြင်ပုံအကျယ် နောက်၌ ထင်ရှားလတ္တံ့။)

### နတ်မြဟ္မာတို့ ကြီးစွာပူဇော်ပသခြင်း

ထိုအခါ၌ သိကြားနတ်မင်းသည် ယူဇနာ (၁၂၀) တရာ့နှစ် ဆယ်ရှိသော ဝိဇယုတ္တရခရုသင်းကို တာဝတိံသာ နတ်ပြည်၌ ရပ်တည်ကာ နတ်မြဟ္မာတို့ စည်းဝေးကြရန် မှုတ်လေ၏၊ ထိုခရု သင်းသံသည် ယူဇနာ ဟသောင်းကျယ်သော နတ်ပြည် အလုံး ပြန့်၍ အနှံ့ကြားရ၏၊ ထိုခရုသင်း မှုတ်ရင်း မှုတ်ရင်းပင် မဟာ ဗောဓိမဏ္ဍိုင်သို့ လျင်မြန်ပြေးလွှား အရောက်သွားလေသည်။ (၌ စကြဝဠာ သိကြားမင်းသာလျှင်မဟုတ်၊ ဇာတိခေတ်ပေါင်း စကြ- ဝဠာ တိုက်တသောင်းအတွင်းရှိသည့် သိကြားနတ်မင်း အားလုံး ပင် ခရုသင်းကို မှုတ်ကြလျက် ဘုရားအလောင်းတော်ထံမှောက် သို့ လာရောက်ကြလေသည်။)

မဟာမြဟ္မာမင်းသည် စကြဝဠာတောင်ထိပ်၌ ထားခဲ့သော ထီးဖြူကို စွဲကိုင်ကာ ဘုရားအလောင်းတော်၏ အထက်၌ ဆောင်းမိုးပေးကာ ပူဇော်လာလေသည်။ (ဇာတိခေတ်ပေါင်း စကြဝဠာ တိုက်တသောင်းအတွင်းရှိကြသည့် မဟာမြဟ္မာမင်းတို့

http://www.dhammadownload.com



သည်လည်း လာရောက်ကြကာ ဤစကြဝဠာကို မြဟ္မာမင်း၏ ထီးဖြူများဖြင့် အကြားမလပ် ထီးရွက်ချင်းစပ်အောင် ကိုင်ဆောင် ရပ်တည်လာကြကုန်၏။)

ယာမာ နတ်ပြည်သနင်း သုယာမ နတ်မင်းသည်လည်း သုံးဂါဝုတ်ပမာဏရှိသော သားမြီးယပ်ကို စွဲကိုင်ကာ ယပ်လေ ခပ်လျက် အလောင်းတော်၏အနီး၌ ရပ်တည် ပူဇော်လာလေ သည်။ (ဇာတိခေတ်ပေါင်း စကြဝဠာ တိုက်တသောင်း အတွင်း ရှိကြသည့် သုယာမ နတ်မင်းတို့သည်လည်း သားမြီးယပ်ကို အသီးသီး စွဲကိုင်ကြကာ ဤစကြဝဠာအပြည့် လာရောက်ပူဇော် ကြလေသည်။)

တုသိတာနတ်ပြည်သနင်း သန္တုသိတနတ်မင်းသည် သုံး ဂါဝုတ်ပမာဏရှိသော ပတ္တမြားယပ်ဝန်းကို စွဲကိုင်ကာ ယပ်လေ ခပ်လျက် ရပ်တည်ပူဇော်လာ၏။ (ဇာတိခေတ်ပေါင်း အခြား စကြဝဠာ တိုက်တသောင်း၌ စိုးအုပ်နေထိုင်ကြသည့် သန္တုသိတ နတ်မင်းအပေါင်းတို့သည်လည်း ပတ္တမြားယပ်ဝန်းကို အသီးသီး စွဲကိုင်ကြကာ ဤစကြဝဠာအပြည့် လာရောက် ပူဇော်ကြလေ သည်။)

ပဉ္စသိခနတ်သားသည် သုံးဂါဝုတ်ပမာဏ ရှိသော ဗေဠုဝ နတ်စောင်းကို ယူဆောင်ကာ ကခြေသည်နတ်အပေါင်းခြံရံလျက် က-သီ-တီးမှုတ်ခြင်းအမှု ပြုလုပ်ကော်ရော် ပူဇော်ရပ်တည် လာ လေသည်။ (ဇာတိခေတ်ပေါင်း အခြား စကြဝဠာတိုက်တသောင်း ၌ နေထိုင်ကြသည့် ကခြေသည် နတ်အပေါင်းတို့သည်လည်း က-သီ-တီးမှုတ်ကာ လာရောက် ပူဇော်ကြလေသည်။)

ထိုမှတပါး ဇာတိခေတ် စကြဝဠာ တိုက်တသောင်းအတွင်း နေထိုင်ကြသည့် နတ်သား နတ်သမီး အပေါင်းတို့သည် ဤစကြ- ဝဠာ၌ စုရုံးကြကာ အချို့ကား ရတနာတုရိုဏ်တိုင်ကို ကိုယ်စီ စွဲကိုင်ကာ ပတ်ဝန်းကျင်ဝန်းရံလျက်ရပ်တည် ပူဇော်ကြလေသည်။

http://www.dhammadownload.com



အချို့ကား ရတနာခုနစ်ပါးဖြင့်ပြီးသော ပူဇော်ဖွယ်တို့ကို အစီအရီ စွဲကိုင်ကြလျက်, အချို့ကား ရွှေငှက်ပျောပင်တို့ကို အစီအရီ စွဲကိုင်ကြလျက်, အချို့ကား ရတနာခုနစ်ပါးဖြင့်ပြီးသော ကြက်သရေတိုက်အိမ်တို့ကို အစီအရီစွဲကိုင်ကြလျက်,အချို့ကား သားမြီးယပ်တို့ကို အစီအရီစွဲကိုင်ကြလျက်,အချို့ကား ချွန်းတောင်းတို့ကို, အချို့ကား ငါးကြင်းအစုံတို့ကို, အချို့ကား ဇလပ်ပန်းတို့ကို, အချို့ကား ရွှေအင်းပျဉ်ဝန်းတို့ကို,အချို့ကား ရေပြည့်ဖလားတို့ကို, အချို့ကား ရေပြည့်အိုးတို့ကို, အချို့ကား ခရုသင်းတို့ကို, အချို့ကား မီးမွှေယောက်မတို့ကို, အချို့ကား ပတ္တမြားဆီမီးတိုင်တို့ကို, အချို့ကား ရွှေမှန်ကြီးများကို, အချို့ကား ကျောက်စီမှန်ကြီးများကို, အချို့ကား ရတနာခုနစ်ပါးစီခြယ်သောမှန်ကြီးများကို, အချို့ကား ပတ္တမြားဆီမီးတို့ကို, အချို့ကား တံခွန်ကုက္ကားတို့ကို, အချို့ကား ပဒေသာပင်တို့ကို အစီအရီစွဲကိုင်ကြလျက် သူ့အစု သူ့ငနဲးဖြင့် ဝန်းကျင်ပတ်ခြီ ရံလျက်ရံလျက် ပူဇော်လာကြကုန်၏။ စကြဝဠာတိုက်တသောင်း၌ နေထိုင်ကြသော နတ်အပေါင်းတို့သည် ကခြေသည်အသွင်ကို ယူကြ၍ နတ်၏ကခြင်း သီဆိုခြင်းအမှုကို ပြုလုပ်ကြကာ နတ်ပန်း နတ်နံ့သာ နတ်နံ့သာမှုန့် စသည်တို့ဖြင့် ပူဇော်လာကြကုန်၏။ ထိုအချိန်၌ ကောင်းကင်တပြင်လုံးသည် သည်းထန်စွာ ရွာသွန်းသော မိုးပေါက် မိုးရေအယဉ်တို့ဖြင့် ထက်ဝန်းကျင်ပြည့်၍ နေသည့်အလား နတ်ပန်းမိုး နတ်နံ့သာမိုးတို့ဖြင့် အကြားမလပ် ပြည့်၍သာ နေလေ၏။

ထိုသို့ နတ်မြဟ္မာအပေါင်းတို့ သောင်းသောင်းဖျဖျ ကြီးကျယ်ခမ်းနားစွာ ပူဇော်ကြခြင်းမှာ.... "ငါတို့သည် ဤအလောင်းတော်သူမြတ် ဘုရားဖြစ်လတ်သောအခါ တရားတော်ကို နာယူကြရသဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လောကုတ္တရာ အမြိုက်တရားကို ရရှိကြပြီးလျှင် ထိုလောကုတ္တရာတရားကိုးပါးကို အာရုံပြု၍ဖြစ်သော နှစ်သက်ဝမ်းမြောက်ခြင်း ပီတိတရားကို ဤဘုရားအထံ၌ ကေန်ရကြပေလိမ့်မည်၊ မျက်စိ၏ အမြိုက်ရသာ သာယာဖွယ်ဖြစ်သော ပြာဋိဟာတန်ခိုး အမျိုးမျိုးကိုလည်း ဖူးမြင်ကြရ

http://www.dhammadownload.com



ပေတော့မည်၊ ထိုဘုရားမြတ်စွာသည် ငါတို့ကို အမြိုက်တရား ဟောကြားတော်မူလျက် ဇာတိတည်းဟူသော ခရီးခဲ့,ဇရာတည်း ဟူသော ခရီးခဲ့, ဗျာဓိတည်းဟူသော ခရီးခဲ့,မရဏတည်းဟူသော ခရီးခဲ့, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ခရီးခဲ အပေါင်းမှ လွတ်မြောက်စေတော်မူလိမ့်မည်၊ ကယ်တင်တော် မူလိမ့်မည်" ဟု ယုံကြည်အားရ ဝမ်းမြောက်ကြသောကြောင့် ဖြစ်ပေ၏။

ဘုရားအလောင်းတော် သူမြတ်သည် ဖော်ပြအပ်ပြီးသော အကြောင်းကြောင့် နှစ်ထောင်းကော်ရော် နတ်မြဟ္မာတို့ စကြ- ဝဠာအပြည့် ပူဇော်အပ်သော်လည်း ထိုမျှများပြားလှသော ပူဇော်အထူးကို မျက်ဝါးထင်ထင် တွေ့မြင်ကြားသိနေရစေကာမူ ထိုပူဇော်အထူး၌ ငြိကပ်တွယ်တာ သာယာမှု အလျှင်းပင် မပြု၊ နှလုံးလည်း သွင်းတော်မမူပဲ ကိုယ်တော်မြတ်၏ ထောက်တည် အားထားရာ တရားတော်ကိုသာလျှင် ဆင်ခြင်သုံးသပ် ကြံစည် လျက် နေတော်မူ၏။

ယင်းသို့ နေတော်မူသော မြတ်စွာဘုရား အလောင်းတော်၏ အခြေအနေမှာ စကြဝဠာတောင်ကြီးကား ကာဆီးဝန်းရံ၍ ထားအပ်သော တင်းထိမ်ကန့်လန့်ကာနှင့်တူ၍ အထက်မိုးကောင်း ကင်ကား နက္ခတ်ကြယ်တာရာတည်းဟူသောရွှေကြယ်ငွေကြယ်တို့ စီခြယ်အပ်သည့် ဗိတာန်မျက်နှာကြက်နှင့် တူပေ၏၊ စကြဝဠာ တိုက်ကြီးသည် သုဂတိဘုံ ခုနစ်ရပ်တည်းဟူသော အထပ် ခုနစ် ထပ်ရှိသည့် ပြာသာဒ်နန်းမတော်ကြီးနှင့် တူပေ၏။ ထိုသည့် စကြဝဠာတိုက်တည်းဟူသော ပြာသာဒ်နန်းမတော်ကြီးအတွင်း ဝယ် မဟာဗောဓိမဏ္ဍိုင် ကုန်းတော်အရပ်သည် ညီလာခံရာ ခန်းမဆောင်ကြီးနှင့် တူ၍ အပရာဇိတ ပလ္လင်တော်သည်ကား ညီလာခံရာ ရာဇပလ္လင်တော်ကြီးနှင့် တူပြီးလျှင် မဟာဗောဓိပင် သည် မြရတနာဖြင့်ပြီးသော ထီးတော်ကြီးနှင့် တူပေ၏။

ထိုသို့ မဟာဗောဓိမဏ္ဍိုင်ကုန်းမြေတည်းဟူသော ညီလာခံရာ အောင်မြေချာခန်းမဆောင်ကြီးအတွင်းဝယ် အရင်းမှ အဖျားတိုင်

http://www.dhammadownload.com



အတောင်တရာ ပမာဏရှိ၍ အဝန်းအားဖြင့်လည်း အတောင်တရာပမာဏရှိသည့် မဟာဗောဓိပင် တည်းဟူသော မြရတနာထီးတော်ကြီး မိုးထိဆိုးမိုးကာလျက် အပရာဇိတပလ္လင်တော်တည်းဟူသော ရာဇပလ္လင်၌ သီတင်းသုံးထိုင်နေတော်မူသော မြတ်စွာဘုရားအလောင်းတော်သည် ပတ်ဝန်းကျင်မှ စကြဝဠာတိုက်အပြည့် နတ်မြဟ္မာတို့ ပူဇော်လျက်ရှိကြသည်ကို ကြည့်ရှုတော်မမူနားထောင်တော်မမူပဲ တရားတော်ကိုသာ ဆင်ခြင်အောက်မေ့တော်မူသဖြင့် လုံ့လ ဝီရိယတော်လည်း မဆုတ်မနစ် အလွန်ထက်သန် သတိလည်း မမေ့မပျောက် အလွန်ထင်လင်း ကိုယ်စိတ်နှစ်ပါးလည်း မပူမပန် အလွန် ငြိမ်းအေးတော်မူရကား ရူပါဝစရပဌမစျာန်ကို တဖန်ထပ်၍ ရရှိဝင်စားတော်မူပြန်လေသည်။

ထိုရူပါဝစရ ပဌမစျာန်ကို ဝင်စားတော်မူသော အလောင်းတော်သူမြတ်၏ စိတ်အစဉ်မှာ နီဝရဏတရားတို့သည် အလွန့်အလွန် ကင်းစင်လျက်ရှိပေ၏၊ ဝတ္ထုကာမ, ကိလေသကာမတို့မှ ကင်းဆိတ်ခြင်းကြောင့် ပီတိသုခတရားတို့ တဖွားဖွား ဖြစ်ပေါ်လျက်ရှိပေ၏။

ထိုနောက်တဖန် ရူပါဝစရဒုတိယစျာန်ကို ဝင်စားတော်မူပြန်သောအခါ အလောင်းတော်သူမြတ်၏ စိတ်အစဉ်မှာ ဝိတက်ဝိစာရ တည်းဟူသော လှုပ်ရှားမှု ချောက်ချားမှုများ ကင်းစင်ပြီးလျှင် အတွင်းအဇ္ဈတ္တသန္တာန်၌ သဒ္ဓါဖြူစင် အလွန်ပင် ကြည်လင်လျက် သမာဓိလည်း သူမတူအောင် တည်ကြည်လှပေ၏၊ ထိုသမာဓိကြောင့်ပင် ပီတိသုခတရားတို့သည် တိုး၍တိုး၍ ဖြစ်ပွါးလျက် ရှိကုန်ပေ၏။

ထိုနောက်တဖန် ရူပါဝစရတတိယစျာန်ကို ရရှိဝင်စားတော်မူပြန်သောအခါ အလောင်းတော်သူမြတ်၏ စိတ်အစဉ်မှာ ပေါ်လွင် ထင်ရှားသည့် ပီတိဘရားပင် ကွယ်ပျောက်၍ သုခဝေဒနာသက်သက်ဖြင့် ရှင်းရှင်းလင်းလင်း ချမ်းသာလျက် ရှိသည့်ပြင်အထွတ်အထိပ်ရောက်သည့် သုခဝေဒနာ၌သော်မှလည်း ငြိတွယ်မှု

http://www.dhammadownload.com



မရှိ အညီအမျှ လျစ်လျူရှုနိုင်သည့် ဈာနုပေက္ခာခေါ်သော တတြ-မဇ္ဈတ္တတာ စေတသိက်နှင့် ပြည့်စုံ၍ သတိလည်း အလွန်ထင်လင်း ပညာလည်း အလွန်ထက်မြက်လှပေ၏။

•

ထိုနောက်တဖန် ရူပါဝစရစတုတ္ထဈာန်ကို ရရှိဝင်စားတော်မူပြန်သောအခါ အလောင်းတော်သူမြတ်၏ စိတ်အစဉ်မှာ ကိုယ်စိတ်နှစ်ပါး၏ ဆင်းရဲမှု ချမ်းသာမှုဘို့ကို ပယ်ပြီးဖြစ်ရကား လျစ်လျူရှုကာ အလယ်အလတ် ခံစားမှု ဥပေက္ခာဝေဒနာဖြင့်သာ တည်ငြိမ်စွာ အာရုံကို ခံစားလျက်ရှိပေ၏။ ဤ ဥပေက္ခာဝေဒနာနှင့် တတြမဇ္ဈတ္တတာ စေတသိက်တို့၏ ကျေးဇူးပြုချက်ကြောင့် ထိုစတုတ္ထဈာန်၌ ပါရှိသည့် သတိအစရှိသော ယှဉ်ဖော် ယှဉ်ဖက် တရားတို့သည်လည်း လရောင်ပမာ လွန်စွာစင်ကြယ်ကြကုန်၏။

### အလောင်းတော်၏ စိတ်အစဉ်မှာ ဂုဏ်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံခြင်း

ယခုအခါ ဘုရားအလောင်းတော်၏ စိတ်အစဉ်ကို ကြည်ညိုနှစ်သက်စွာ ပြန်လည်ပြင်ဆင် ကြည့်ရှုစိစစ်လျှင် ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင် ကျင့်စဉ်ကလည်း မာရ်နတ်မင်း အခွင့်အပေါက်ရှာ၍ မရလောက်အောင်ပင် ကာမဝိတက်, ဗျာပါဒဝိတက်,ဝိဟိံသာဝိတက် တည်းဟူသော မိစ္ဆာဝိတက် သုံးပါးတို့နှင့်မရော၊ အလွန်လျှင် စင်ကြယ်သောစိတ်အစဉ်ကိုသာ တွေ့မြင်ကြည်ညိုရပေမည်။ တဖန် ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့တွင်လည်း အင်ကြင်းတော၌ နေ့သန့်နေတော်မူသောအခါ လောကီသမာပတ် ဈာန်ရှစ်ရပ်တို့ဖြင့် အလွန်စင်ကြယ်သော စိတ်အစဉ်ကိုသာ ကြည်ညိုဖွယ်ရာ တွေ့မြင်ရပေမည်။ ထို့ထက်အလွန်အားဖြင့် ယခုအခါ မဟာဗောဓိပင် အပရာဇိတရွှေပလ္လင်၌ သီတင်းသုံးနေထိုင်တော်မူ၍ ဒေဝပုတ္တမာရ်ကိုအောင်မြင်ပြီးလျှင် စကြဝဠာတိုက်တသောင်းမှနတ်ဗြဟ္မာအပေါင်းတို့၏စကြဝဠာတိုက်အပြည့်စည်းဝေးရောက်ရှိ ပူဇော်ကြသည်ကိုမျှ အာရုံမထား ကိုယ်တော်မြတ်၏ တရားအလုပ်ကိုသာ အားထုတ် နှလုံးသွင်းတော်မူသဖြင့် ဆိုအပ်ခဲ့ပြီးသည့်အတိုင်း( တိက္ခပညာပုဂ္ဂိုလ်တို့ ဆိုင်ရာ )ရူပါဝစရ

http://www.dhammadownload.com



ဈာန်လေးရပ်ကို တဖန်ထပ်၍ ရရှိဝင်စားတော်မူပြီးသော အလောင်းတော်၏ စိတ်အစဉ်မှာ စတုတ္ထဈာန် သမာဓိဖြင့် သမာဓိအင်အား အလွန်ပင် ကြီးမားနေရကား—

(၁) အလွန်စင်ကြယ်သော စတုတ္ထဈာန်စိတ္တုပ္ပါဒ်၏ ကျေးဇူးပြုချက်ကြောင့် ရွှေနောက်ဆက်စဉ် ထက်ဝန်းကျင် စင်ကြယ်၍နေပေ၏။

(၂) ထိုသို့ စင်ကြယ်သောကြောင့်ပင်လျှင် ပွတ်တိုက်အပ်သော လှော်ဦးသစ်စ ရွှေစင်ပမာ အရောင် တလက်လက် ထွက်တော့လုမတတ် ပြိုးပြိုးပြက် ဖြူစင်၍ နေပေ၏။

(၃) လောဘ၏ အကြောင်းဖြစ်သော သုခသော-မနဿတို့ကိုဎင်း, ဒေါသ၏ အကြောင်းဖြစ်သော ဒုက္ခဒေါမနဿတို့ကိုဎင်း ပယ်ပြီးခွါပြီးဖြစ်ရကား လောဘ ဒေါသ တည်းဟူသော စိတ်၏ အညစ်အကြေးတို့မှလည်း ကင်းဝေးလျက် ရှိပေ၏။

(၄) ထိုသို့ စိတ်၏အညစ်အကြေး ကြေးညှော်တို့မှ ကင်းဝေးသောကြောင့်ပင် စိတ်ကို ညစ်နွမ်းစေတတ် နှိပ်စက်တတ်သော ဥပက္ကိလေသတရားတို့မှလည်း ကင်းစင်လျက် ရှိပေ၏။

(၅) ကိုယ်တော်၏ စိတ်တော်ကို ဝသီဘော် ငါးဖြာတို့ဖြင့် ယေ့လာနိုင်နင်းပြီးဖြစ်၍ဎင်း, တဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် ကောင်းစွာဆုံးမပြီး ယဉ်ကျေးပြီးဖြစ်၍ဎင်း, ကိုယ်တော်၏ အလိုအကြိုက် လိုက်ပါနိုင်လောက်အောင်ပင် ကောင်းစွာ ကြိတ်နယ်ပြီးသော သားရေကဲ့သို့ဎင်း, ကောင်းစွာ အပြေအပြစ်ပြုအပ်ပြီးသော ချိပ်တုံးကဲ့သို့ဎင်း စိတ်တော်အစဉ်သည် နူးညံ့လျက် ရှိပေ၏။

http://www.dhammadownload.com



(၆) နူးညံ့သောကြောင့်ပင် လျော်ပြီး ဦးပြီးသော ရွှေစင်ရွှေကောင်းသည် အလိုရှိရာ အဆင်တန်းဆာကို ပြုလုပ်ဖို့ရန် ဆွဲတိုင်းထင် ငင်တိုင်းရ လွယ်ကူကောင်းမွန်လှ သကဲ့သို့ ကိုယ်တော်မြတ် အလိုတော်ရှိရာ အတိတ်ဖြစ်ရပ် စာတ်တော်ကို အောက်မေ့သိမြင်ခြင်း,ဝေးသော အဆင်း စုံးကွယ်သောအဆင်း သိမ်မွေ့နူးညံ့သော အဆင်းများကို နတ်မျက်စိပမာ ကောင်းစွာ မြင်နိုင်ခြင်း စသော ထိုထို ကိစ္စ အဝဝတို့ကို လှလှကြီး ပြီးစေနိုင်ဖို့ရန် ကောင်းမွန် လွယ်ကူလျက် ရှိပေ၏။

(၇) ဆိုအပ်ပြီးသော ဂုဏ်သတ္တိများ ကင်းကွာ၍ မသွားအောင် ကောင်းစွာပွါးများ လေ့လာအပ်ပြီး ဖြစ် သောကြောင့် စိတ်တော်အစဉ်သည် ဆိုအပ်ပြီးသော ဂုဏ်တို့၌ (ရေ့ခွရဲရဲမဟုတ်) ကြံ့ကြံ့ခိုင်ကျည် တည်လျက် ရှိပေ၏။

(၈) ထိုသို့ ကြံ့ကြံ့ခိုင်ကျည် တည်သောကြောင့် ပင်လျှင် တုန်လှုပ်ခြင်း အလျှင်းမရှိ။

**(အနှစ်း)** (၇) နူးညံ့ခြင်း အလိုရှိရာ ထိုဆိုက်စ္စ အစဝတို့ကို လှလှကြီး ပြီးစေနိုင်ဖို့ရန် ကောင်းမွန်လွယ်ကူလျက် ရှိခြင်း ကြောင့် စိတ်တော်အစဉ်သည် ကိုယ်တော်၏အလိုအတိုင်း တည်နေပေ၏။ (၈) ယင်းသို့တည်နေသော စိတ်တော် အစဉ်သည် သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ အလင်း ဓာတ်အင်အား ကြီးမားလှသဖြင့် မသဒ္ဓါခြင်း ပျင်းရိခြင်း မေ့လျော့ခြင်း ပြန့်လွင့်ခြင်း မသိခြင်း ကိလေသာအမှောင် ကျခြင်းတို့ကြောင့် တုန်လှုပ်ခြင်း အလျှင်းပင်မရှိ၊ (၀၇) မသဒ္ဓါခြင်း စသည်တို့ စိတ်တော်အစဉ်မှာ အငွေ့အသက် မျှ မဝင်ရောက်နိုင်ကြကုန်။

http://www.dhammadownload.com



**တနည်းအားဖြင့်—**

(၁) အလောင်းတော်၏ စိတ်အစဉ်သည် စတုတ္ထ ဈာန်သမာဓိဖြင့် ကောင်းစွာ တည်ကြည်လျက်ရှိ၏၊ (၂) နီဝရဏတို့မှ ဝေးကွာသဖြင့် ရွှေနောက်ဝန်းကျင် စင်ကြယ်လျက် ရှိပေ၏၊ (၃) စိတ်ကို ချောက်ချားစေတတ်သော ဝိတက်အစရှိသော ရုန့်ရင်းသော ဈာန်အင်္ဂါ တရားတို့ကို လွန်မြောက်လာပြီး မြစ်သဖြင့် ပြုံးပြုံးပြက် အရောင်ထွက်လုမတတ် သန့်ရှင်းကြည်လင်နေ၏၊ (၄) ဈာန်ကိုရခြင်းကို အကြောင်းပြု၍ ဖြစ်ပေါ်တတ်သော မာန မာယာ သာဌေယျစသည်တို့ မရှိခြင်းကြောင့် အညစ် အကြေး ကင်းလျက် ရှိပေ၏၊ (၅) အဘိဇ္ဈာ အစရှိသော စိတ်ညစ်ညူးကြောင်း ဥပက္ကိလေသ တရားတို့မှလည်း ကင်း လျက်ရှိပေ၏၊ (၆) ဝသီဘော်ငါးဖြာ လေ့လာနိုင်နင်းပြီး သောကြောင့် နူးညံ့လျက် ရှိပေ၏၊ (၇) ဣဒ္ဓိအမျိုးမျိုး၏ အခြေခံအဖြစ်သို့ ရောက်နေသဖြင့် အလိုတော်ရှိရာ တရား နှင့်ဆိုင်သော အမှုတို့ကို ပြုလုပ်ရန် ကောင်းမွန် လွယ်ကူ လျက် ရှိပေ၏၊ (၈) ဘာဝနာမှ ပြည့်စုံ လုံလောက်သဖြင့် မတုန်မလှုပ် ကြံ့ကြံ့ခိုင်ကျည် တည်လျက် ရှိပေ၏။

ဤသို့ ဆိုအပ်ပြီးသော အင်္ဂါရပ် ရှစ်ပါးတို့နှင့် ပြည့်စုံသော အလောင်းတော်သူမြတ်၏ စိတ်တော်သည် အဘိညာဏ်ဖြင့် မျက်မှောက်ပြု၍ သိရမည့်တရားတို့ကို အဘိညာဏ်ဖြင့် မျက် မှောက်ပြု၍ သိဖို့ရန် ရွေးရှုဆောင်နိုင်ရေးအတွက် စိတ်တော်က ညွှတ်လိုက်ရုံသာ လွန်စွာလွယ်ကူလျက် ရှိလေသည်။ စိတ်တော်က အဘိညာဏ်၏ အာရုံသို့ ညွှတ်တော်မူလိုက်လျှင် အလွယ်နှင့်ပင် အဘိညာဏ်ဇော ဖြစ်ပွါးလာနိုင်၏။

http://www.dhammadownload.com



### (ခ) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် (=ပုဗ္ဗေနိဝါသဉာဏ်) ကို ရတော်မူခြင်း

ထိုသို့ စိတ်တော်က အဘိညာဉ်၏ အာရုံသို့ ညွတ်တော်မူလိုက်လျှင် အလွယ်နှင့်ပင် အဘိညာဉ်ဇော ဖြစ်ပွါးလာနိုင်လောက်အောင် စိတ်အစဉ် ကောင်းမွန်လျက် ရှိသောကြောင့် အလောင်းတော် သူမြတ်သည် ရှေးဖော်ပြရာပါ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၍ အလွန်သန့်ရှင်း တည်ကြည်နေသော စိတ်အစဉ်ကို ရှေး၌ ဖြစ်ဘူး ခံစားဘူး တွေ့ကြုံမြင်ခဲ့ရဘူးသော အာရုံတို့ကို အောက်မေ့သိမြင်နိုင်သည့် ပုဗ္ဗေနိဝါသ အဘိညာဉ် ဉာဏ် ဖြစ်ပေါ်၍လာရန် ညွတ်တော်မူလိုက်လေသည်။ ထိုအခါ အလွယ်တကူပင် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် အသိဉာဏ်ထူး ဖြစ်ပွါးလာလေသည်။ ထိုဉာဏ်ဖြင့် လွန်ခဲ့သော ဘဝမှစ၍ သုမေဓာရှင်ရသေ့ဘဝတိုင်အောင်၎င်း, ထို့ထက်ရှေးကျသော ဘဝများစွာကမ္ဘာတို့ကို၎င်း, ထိုမှတဖန် တုံ့ပြန်ကာ အောက်မေ့သိမြင် ဆင်ခြင်တော်မူလေရာ ဘုရားဖြစ်မည့် ယခုဘဝသို့ မရောက်မီ သေတကေတုနတ်သားဘဝတိုင်အောင်၎င်း ထိုထိုဘဝတို့၌ ဖြစ်ခဲ့ရသမျှ ရရှိတွေ့ကြုံခံစံခဲ့ရသမျှ အကြောင်းအရာ အလုံးစုံကို သိမြင်တော်မူလေသည်။

(ဤအဘိညာဉ်ဉာဏ်ကို ညဉ့်ဦးယံ၌ ရတော်မူသည်။ ။ ဤ၌ တဝီထိမှာမှ တကြိမ်သာ ဖြစ်ရိုး ရှိသော အဘိညာဉ်ဇောတချက်မျှဖြင့် ဤမျှ များပြားသော ဘဝတို့က ဖြစ်ခဲ့သမျှ ရရှိတွေ့ကြုံခံစံခဲ့ရသမျှ အာရုံအမျိုးမျိုးတို့ကို အဘယ်သို့လျှင် သိမြင်နိုင်အံ့နည်းဟု ယုံမှားသံသယ ဝင်ဖွယ်ရှိ၏။ အဖြေကား....အဘိညာဉ်ဉာဏ် ဇောတချက်သာဖြစ်သော်လည်း ထိုအဘိညာဉ်ဇောဖြင့် ထိုထိုဘဝ၌ ဖြစ်ရပ်တို့ကို ဖုံးကွယ်ထားသည့် မောဟကို ပယ်ရှင်းပစ်လိုက်သည်၊ ထို့နောင်မှ အဘိညာဉ်ဝီထိ၏ နောက်လိုက် ပစ္စဝေက္ခဏာဝီထိ အဆက်ဆက်တို့ဖြင့် ထိုထိုဘဝတို့၌ ဖြစ်ခဲ့သမျှ ရရှိတွေ့ကြုံခံစံခဲ့ရသမျှ ဖြစ်ရပ်အာရုံအမျိုးမျိုးတို့ကို သိမြင်ခြင်း ဖြစ်သည်။)

http://www.dhammadownload.com



ဤသို့ ပုဗ္ဗေနိဝါသာနုဿတိ ဝိဇ္ဇာဉာဏ်ဖြင့် ဘဝအဆက် ဆက်ကို ဆင်ခြင် သိမြင်တော်မူသော အလောင်းတော်သူမြတ် သည်—

"ထိုထိုသို့သော အနမတဂ္ဂ ဘဝသံသရာ အဆက်ဆက် တို့၌ နာမ်ရုပ်တရား နှစ်ပါးတို့သာလျှင် ဖြစ်ကုန်စွာ တကား၊ ပဋိသန္ဓေအခါ, ပဝတ္တိအခါ, စုတိအခါ ဤအခါ သုံးမျိုးလုံးမှာပင် နာမ် ရုပ်တရား နှစ်ပါးတို့သာလျှင် ဖြစ်ကုန်စွာတကား၊ အလုံးစုံသော ဘုံဌာန အလုံးစုံသော ကာလတို့၌ပင် ထိုနာမ်ရုပ်တရားတို့သည် ရှေ့နောက်မပြတ် သန္တာန်စပ်ကာ ဆီမီးအလျှံကဲ့သို့ငင်း, မြစ်ရေအယဉ်ကဲ့သို့ ငင်း အကြောင်းအကျိုးအဆက်ဆက်ဖြင့် နာမ်ရုပ်အဆက် ဆက်တို့သာလျှင် မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဟူသော ဒွါရခြောက်ပါးတို့၌ ရူပါရုံကိုမြင်ခြင်း သဒ္ဒါရုံကို ကြားခြင်းစသော မိမိတို့ဆိုင်ရာကိစ္စတို့ကို ပြီးစေကြ ပြုလုပ် ကြကုန်လျက် ကိုယ်လှုပ်ရှားမှု နှုတ်လှုပ်ရှားမှု စသော အထူးထူးသော ဝိညတ်တို့ကို ဖြစ်စေကြကာ ဖြစ်ကုန်စွာ တကား၊ (တကယ်စင်စစ်) ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဟူ၍ လားလားမျှ မရှိကုန်စွာတကား၊ ထိုပုဂ္ဂိုလ်သတ္တဝါကို ဖန်ဆင်းပြုလုပ်တတ်သော နတ်မင်း မာရ်မင်း, ဗြဟ္မာမင်းဟူ၍ တဦးတယောက်မျှ မရှိကုန်စွာ တကား"....

ဟူ၍ ထိုးထွင်းသိမြင်ကာ လောကုတ္တရာ မဂ်ဖိုလ်သို့ ရောက်ဖို့ရဖို့ ရန် ကေန်စိတ်ချရသည့် အသိဉာဏ်ထူးများကိုလည်း ရရှိတော် မူလေသည်၊ သို့ရကား ရုပ်သည် အတ္တတည်းဟူ၍ငင်း, အတ္တသည် ရုပ်ရှိ၏ဟူ၍ငင်း, အတ္တ၌ ရုပ်သည် တည်ရှိ၏ဟူ၍ငင်း, အတ္တသည် ရုပ်၌ တည်ရှိ၏ဟူ၍ငင်း၊ ရူပက္ခန္ဓာနှင့် စပ်၍ ဖြစ်သော အတ္တဒိဋ္ဌိ (=သက္ကာယ ဒိဋ္ဌိ) လေးပါး၊ ထို့အတူ ဝေဒနာက္ခန္ဓာ, သညာ- က္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့နှင့် စပ်၍ ဖြစ်သော အတ္တဒိဋ္ဌိ

http://www.dhammadownload.com



(=သက္ကာယဒိဋ္ဌိ) လေးပါးစီ လေးပါးစီ အားဖြင့် အတ္တဒိဋ္ဌိ (=သက္ကာယဒိဋ္ဌိ)ပေါင်း ၂၀-ကို အလောင်းတော်သူမြတ်သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ဝိက္ခမ္ဘနပဟာန်အနေ ပယ်စွန့်ပြီး ဖြစ်လေ၏။ ထိုအတူ အတိတ် အစွန်း၌ ဖြစ်သော မောဟကိုလည်း ပယ်စွန့်ပြီးဖြစ်လေ၏။

## (၂) ဒိဗ္ဗစက္ခုအဘိဉာဏ် (=စုတူပပါတဉာဏ်) ကို ရတော်မူခြင်း

အလောင်းတော်သူမြတ်သည် ထိုနေ့ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသာနုဿတိအဘိဉာဏ်ကို ရရှိတော်မူပြီးလျှင် ထိုအဘိဉာဏ်ဖြင့် အတိတ်ဖြစ်ရပ် ဘဝ ဇာတ်များစွာတို့ကို အောက်မေ့သိမြင် ဆင်ခြင်တော်မူ၍ သက္ကာယဒိဋ္ဌိ (၂၀)နှစ်ဆယ်နှင့်တကွ အတိတ် အစွန်း၌ဖြစ်သော မောဟတရားကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှားတော်မူပြီးသော်, ရှေးဖော်ပြရာပါ အင်္ဂါရှစ်ဖုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော ကိုယ်တော်၏ စိတ်အစဉ်ကို သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိမြင်နိုင်သည့် စုတူပပါတဉာဏ်, ကံအားလျော်စွာ လားရောက်ကြရသော သတ္တဝါတို့၏ အကြောင်းရင်း အခြေခံ ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ဝေဘန်သိမြင်သော ယထာကမ္မူပဂဉာဏ်များ ဖြစ်ပေါ်လာရန် ညွှတ်တော်မူလေသည်။

(စုတူပပါတဉာဏ်ဟူသည်နှင့် ဒိဗ္ဗစက္ခုဉာဏ်ဟူသည်မှာ အတူတူပင်တည်း၊ ဒိဗ္ဗစက္ခုဉာဏ်ကိုပင် စုတူပပါတဉာဏ်ဟူ၍ခေါ်သည်။ ဒိဗ္ဗစက္ခုဉာဏ်ပြည့်စုံလာလျှင် ယထာကမ္မူပဂဉာဏ်နှင့် အနာဂတံသဉာဏ်တို့လည်း ပြည့်စုံလေတော့သည်။)

ထိုသို့ စိတ်တော်ကို စုတူပပါတခေါ်သော ဒိဗ္ဗစက္ခုဉာဏ် ဖြစ်ပေါ်လာရန် ညွှတ်လိုက်သောအခါ အလွယ်တကူပင် ဒိဗ္ဗစက္ခု (=ဒုတိယဝိဇ္ဇာ)အသိဉာဏ်ထူး ဖြစ်ပွါးလာလေသည်။ ထိုဉာဏ်ဖြင့် စုတေခါနီး သတ္တဝါတို့ကိုင်း, ပဋိသန္ဓေနေပြီးစ သတ္တဝါတို့ကိုင်း အမျိုးအနွယ် ဇာတ်ဂုဏ်စသည်ဖြင့် အောက်တန်း

http://www.dhammadownload.com



နောက်တန်းကျသူ အထက်တန်း ရောက်သူတို့ကိုငင်း, ရုပ်ရည် အဆင်းလှသူ မလှသူတို့ကိုငင်း,သုဂတိဘုံဘဝသို့ရောက်သူ ဒုဂ္ဂတိ ဘုံဘဝသို့ ရောက်သူတို့ကိုငင်း, (တနည်း) အလောဘ အခြေခံ သော ကုသိုလ်ကံ အကျိုးဆက်ကြောင့် ချမ်းသာ ကြွယ်ဝသူ, လောဘအခြေခံသော အကုသိုလ်ကံအကျိုးဆက်ကြောင့် ဆင်းရဲ မွဲတေသူတို့ကိုငင်း မြင်တော်မူ၏။

ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် အောက်အပါယ်ဘုံသား သတ္တဝါတို့ ဆင်းရဲဒုက္ခ ခံစားနေကြရသည်ကို မြင်တော်မူပြီးလျှင် "ဤအပါယ် ဘုံသား သတ္တဝါတို့သည် အဘယ်သို့သောကံကို ပြုကြ၍ ဤမျှ ကြောက်မက်ဖွယ်သော ဆင်းရဲဒုက္ခကို ခံကြရကုန်သနည်း" ဟု ဆင်ခြင်တော်မူလေသည်။ ထိုအခါ ထိုသတ္တဝါတို့၏ အကုသိုလ် ကံကို သိမြင်သော ယထာကမ္မူပဂ အဘိညာဏ် အသိဉာဏ်ထူး ဖြစ်ပွါးလာလေသည်။ ထို့အတူ လူ့ရပ် နတ်ရွာ ဗြဟ္မာ ဘုံသား လူနတ် ဗြဟ္မာ သတ္တဝါအများတို့ ကြီးမားသော ချမ်းသာသုခကို အဆင့်ဆင့် မြင့်၍မြင့်၍ ခံစားနေကြရသည်ကို ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် မြင်တော်မူပြီးလျှင် "ဤလူနတ် ဗြဟ္မာ သတ္တဝါတို့သည် အဘယ်သို့သော ကံကို ပြုခဲ့ကြ၍ ဤမျှ (အဆင့်ဆင့်) ကြီးကျယ်ခမ်းနားသော လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာတို့ကို စံစားကြရကုန်သနည်း" ဟု ဆင်ခြင်တော်မူလေသည်။ ထိုအခါ ထိုသတ္တဝါတို့၏ ကုသိုလ်ကံကို သိမြင်သော ယထာကမ္မူပဂအဘိညာဏ် အသိဉာဏ်ထူး ဖြစ်ပွါး လာလေသည်။

ထိုယထာကမ္မူပဂအဘိညာဏ် အသိဉာဏ်ထူးဖြင့် "ဤအပါယ် ဘုံသား သတ္တဝါများသည် ရှေးရှေးဘဝတို့က ကာယဒုစရိုက် ဝစီ ဒုစရိုက် မနောဒုစရိုက်တို့ကို ပြုမှား ပြောမှား ကြံမှားခဲ့ကြကုန်၏၊ အရိယာပုဂ္ဂိုလ်တို့အား စွပ်စွဲဆဲရေး ကဲ့ရဲ့စကားပြောမှားခဲ့ကြကုန် ၏၊ မိစ္ဆာအယူရှိကြကုန်၏၊ ထိုမိစ္ဆာအယူဖြင့် အထူးထူးသော အကုသိုလ်ကံတို့ကို ကိုယ်တိုင်လည်း ဆောက်တည်ပြုမှားခဲ့၍ သူတပါးကိုလည်း ဆောက်တည်စေ ပြုမှားစေခဲ့ကြကုန်၏။ ထို

http://www.dhammadownload.com



သူတို့သည် ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှနောက်ကာလ၌ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံတို့၌ ဘဝပဋိသန္ဓေ ကပ်ရောက်နေကြရကုန်၏” ဟူ၍၎င်း, “သုဂတိဘုံသား ဤသတ္တဝါများသည်ကား ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်တို့ကို ကောင်းစွာပြု ကောင်းစွာပြော ကောင်းစွာကြံခဲ့ကြကုန်၏၊ အရိယာပုဂ္ဂိုလ်တို့ကိုလည်း မစွပ်စွဲမဆဲရေး မကဲ့ရဲ့ကြကုန်၊ ဖြောင့်မှန်သော အယူရှိခဲ့ကြကုန်၏၊ ထိုဖြောင့်မှန်သော အယူဖြင့် အထူးထူးသော ကုသိုလ်ကံတို့ကို ကိုယ်တိုင်လည်း ဆောက်တည်ပွါးများခဲ့ကြ၍ သူတပါးကိုလည်း ဆောက်တည်စေ ပွါးများစေခဲ့ကြကုန်၏။ ထိုသူတို့သည် ထိုကုသိုလ်ကံကြောင့် ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလ၌ လူ့ရပ်နတ်ရွာ ဗြဟ္မာနှစ်ဆယ် သုဂတိဘုံနယ်၌ ဘဝပဋိသန္ဓေကပ်ရောက်နေကြရကုန်၏” ဟူ၍၎င်း သတ္တဝါတို့၏ ရှေးကပြုခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ဝေဘန်၍ထွင် အမှန်အတိုင်းသိမြင်တော်မူလေသည်။

ဤဒိဗ္ဗစက္ခု (=ဒုတိယဝိဇ္ဇာ) ဉာဏ်ကို အလောင်းတော်သူမြတ်သည် ထိုနေ့သန်းခေါင်ယံ၌ ရတော်မူလေသည်။ ဤ ဒိဗ္ဗစက္ခု (=ဒုတိယဝိဇ္ဇာ) ဉာဏ်ဖြင့် အလောင်းတော်သူမြတ်၏ သန္တာန်၌ “သတ္တဝါတို့၏ စုတိ ပဋိသန္ဓေကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာမှောင်မိုက် ကင်းပြတ်လေသည်။ ထိုဒိဗ္ဗစက္ခုဉာဏ်လျှင် အခြေခံရှိသော ယထာကမ္မူပဂအဘိညာဉ်ဖြင့် သတ္တဝါတို့၏ ရှေးအတိတ်ကံ အကြောင်းမှန်ကို ဝေဘန်၍ထွင် အလင်းပေါက် သိမြင်တော်မူရကား ကင်္ခါယုံမှား ဆယ့်ခြောက်ပါးကိုလည်း ပယ်ရှားပြီးဖြစ်လေသောကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ စခန်းသို့လည်း အလောင်းတော်သူမြတ်သည် ဆိုက်ရောက်တော်မူလေ၏။

### (၃) အာသဝက္ခယ (=တတိယဝိဇ္ဇာ)ဉာဏ်ကို ရတော်မူ၍ ဘုရားဖြစ်တော်မူခြင်း

(ဤအာသဝက္ခယဉာဏ်၌ အလွန်သိမှတ်ဖွယ် အချက်အလက်များ အရေးကြီးသည့် မှတ်ချက်များပါ စုံလင်စွာ

http://www.dhammadownload.com



ရေးသားမည် ဖြစ်ပါ၍ အကျဉ်း အကျယ် နှစ်သွယ်သော စကားအစဉ်ဖြင့် ရေးသား ဖော်ပြပေအံ့။)

**အကျဉ်းအားဖြင့်—**

အလောင်းတော်သူမြတ်သည် ညဉ့်၏ ပစ္ဆိမယံ (=နောက်ဆုံးပိုင်း)၌ အာသဝက္ခယ အမည်ရှိသော အရဟတ္တမဂ်ဉာဏ်သို့ ဆိုက်ရောက်ကာ သဗ္ဗညုတဉာဏ်တော်ကို ရရှိလျက် လူသုံးပါး၌ ဘုရားစင်စစ်ဖြစ်တော်မူရန် ရှေးဖော်ပြရာပါ ဂုဏ်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော စိတ်တော်အစဉ်ကို အရဟတ္တမဂ်ဉာဏ်ကို ရဖို့ရန် ညွတ်တော်မူပြီးလျှင် အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာ-ယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ+မရဏ ဟူ၍ အင်္ဂါ တဆယ့်နှစ်ပါးရှိသော ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်တော်ကို သက်စေတော်မူပြီးလျှင် ထိုပဋိစ္စသမုပ္ပါဒ် အင်္ဂါတဆယ့်နှစ်ရပ်ပါ တရားတို့ကို အနုလုံပဋိလုံ အစုံအဆန်အားဖြင့် သုံးသပ် အဖန်ဖန် အထပ်ထပ် ဆင်ခြင်တော်မူလျက် ယထာဘူတ ဉာဏ-ဒဿနခေါ် ဆိုသော အရိယမဂ်သို့ ဆိုက်ရောက်တော် မူလေသည်။ (ဤကား အကျဉ်းစကားရပ်တည်း။)

**အကျယ်အားဖြင့်ကား—**

ယထာဘူတဉာဏဒဿနခေါ်သော ဤမဂ်ဉာဏ်လေးရပ်သည် လောကဝယ် အလွန်တန်ခိုးကြီးမားသည့် သိကြား နတ်မင်း ဗြဟ္မာမင်း ရှာန်သမာပတ် အဘိညာဏ်ကြီးမြတ်သည့် ကာလ-ဒေဝိလရသေ့ နာရဒရသေ့ စသော ရသေ့ သူတော်ကောင်းများ ဤပုဂ္ဂိုလ်များ၏ သန္တာန်၌ မဖြစ်ပဲ ဆရာမရှိ မိမိဘာသာ ရဟန်းအဖြစ်သို့ ကပ်ရောက်သော အလောင်းတော်သူမြတ်၏ သန္တာန်မှာသာ အစမထင် အတိတ်သံသရာတခွင်က အိပ်မက်ဖြင့်မျှပင် မမြင်မက်စဘူး မျက်မှောက် မပြုအပ်စဘူးသည့် သိမ်မွေ့နူးညံ့ အလွန်နက်နဲလှစွာသော ဤ မဂ်ဉာဏ်လေးရပ် အဘယ့်ကြောင့် ဖြစ်ပွါးရသနည်းဟု မေးမြန်းဖွယ်ရှိ၏၊ အဖြေကား····

http://www.dhammadownload.com



ပါရမီတော်များ၏ ကျေးဇူးကြီးမားလှပုံ

အလောင်းတော် သုမေဓာသည် ဘဝ အနေအားဖြင့် အရာ အထောင်အသိန်း ကိန်းချ၍မရေတွက်နိုင်အောင် မြားမြောက်လှသည့် လေးအသင်္ချေ ကမ္ဘာတသိန်းကာလအတွင်း၌ ကိုယ်တော်၏ အသက်ကိုပင်သော်လည်း မငဲ့ကွက် မငြိုငြင်ချန် (အောက်ပကိဏ္ဏကခဏ်း၌ ဖော်ပြခဲ့သော) ဘာဝနာလေးတန် အခြေခံလျက် လှူဒါန်းခဲ့သော ဒါနပါရမီကောင်းမှု အစုစုဖြင့် ဘဝတိုင်း ဘဝတိုင်း ထိုထိုအာရုံကို အာရုံပြု၍ ဖြစ်တိုင်းဖြစ်တိုင်းသော လောဘကိလေသာကို ပယ်သတ်လျက် အလွန်နည်းပါးအောင် ပြုကျင့်တော်မူကာ "၌ပုဂ္ဂိုလ်သူမြတ်၏ သန္တာန်၌ လောဘစေတ်ကိလေသာတရား မရှိများ မရှိလေရော့သလား" ဟူ၍ သူတပါးတို့ ပြောကြားလောက်သော အခြေသို့ ရောက်စေတော်မူခဲ့လေသည်။

ထိုအတူ လေးအသင်္ချေကမ္ဘာတသိန်း ကာလပတ်လုံး ဆည်းပူးတော်မူခဲ့သော သီလပါရမီ ခန္တီပါရမီ မေတ္တာပါရမီတော်များဖြင့် အမျက်ထွက်ခြင်း (= ကောဓတရား) ပြစ်မှားခြင်း (= ဒေါသ ဟရား) များကို တားမြစ်တော်မူလျက် အလွန်ရှည်ကြာသော ကာလပတ်လုံး မေတ္တာရေချမ်း သွန်းဖြန်းခြင်းဖြင့် ကောဓမီးကိုငင်း, ထိုကောဓမီးနှင့်တကွ ဖြစ်ဖော်ဖြစ်ဖက် ဖြစ်ကြသည့် မနာလိုမှု (= ဣဿာတရား) ဝန်တိုမှု (= မစ္ဆရိယတရား) နောင်တတဖန် ပူပန်မှု (= ကုက္ကုစ္စတရား) များကိုလည်း ပယ်ရှားတော် မူခဲ့လေသည်။

ဘဝများစွာ ကပ်ကမ္ဘာတို့၌ ကောင်းစွာဆည်းပူး ပွါးများအပ်သော ပညာပါရမီတော်မြတ်ဖြင့် မောဟ တည်းဟူသော အမိုက်မှောင်စေတ်ကို ပယ်ဖြတ်ပြီးတော်မူလျက် ဖောက်ပြန်မှားယွင်းသော မိစ္ဆာအယူကိုလည်း စွန့်ပယ်တော်မူကာ လွန်စွာသန့်စင်သော ပညာရှင်ကြီး ဖြစ်တော်မူသည့်ပြင် ဖူးမြော်တွေ့ကြုံရသမျှသော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ကိုငင်း, ထိုမှတပါး အခြားသော ပညာရှိတို့ကိုငင်း ဆည်းကပ်ပြီးလျှင် "အဘယ်တရားသည် အပြစ်မရှိသော တရားဖြစ်၍ အဘယ် တရားသည်

http://www.dhammadownload.com



အပြစ်ရှိသော တရားဖြစ်ပါသနည်း၊ အဘယ်တရားသည် မညီး ညစ်၍ အဘယ်တရားသည် ဖြူစင်ပါသနည်း” ဤသို့စသည်ဖြင့် မေးမြန်း စူးစမ်းတော်မူခဲ့သည့်အတွက်လည်း တရားအချက် အလက်တို့၌ ယုံမှားခြင်း(＝ဝိစိကိစ္ဆာတရား)ကို ပယ်ဖျောက်၍ ပညာတရားကို တဘဝထက်တဘဝ တိုးတက်ဖြစ်ပွါး ကြီးထွား စေခဲ့လေသည်။

မိမိအမျိုးအိမ်၌ မိမိထက် အသက်အရွယ်ကြီးသူ အမိအဖ ဦးကြီး ဦးလေး စသူတို့အား ရှိခိုးခြင်း, မြတ်နိုးခြင်း, ပူဇော်ခြင်း, နေရာပေးခြင်း, နေရာမှ ကြိုတင်ထနှင့်ခြင်း, ခရီးဦးကြိုဆိုခြင်း စသည်ဖြင့် အရိုအသေပြုလျက်ငင်း, အကျင့်ဂုဏ်နှင့် ပြည့်စုံကြသူ ပညာရှင်တို့အား အရိုအသေပြုလျက် မာနတရား ဥဒ္ဓစ္စတရား များကို ပယ်ရှားတော်မူကာ ကိုယ်တော်တိုင်က အစွယ်ကျိုးသော မြွေ, ဦးချိုကျိုးသောနွားလား ခြေသုတ်ကြိုးဝန်းများပမာ မာန် ထောင်လွှားခြင်း ကင်းပလျက် သူတပါးကိုလည်း သည်းခံခြင်း, အကျိုးလိုလားခြင်း, သနားစောင့်ရှောက်ခြင်းများ၏ ကျေးဇူး စကားကိုသာ ချီးမွမ်းပြောဆိုလေ့ရှိတော်မူသည်။

အလောင်းတော်သူမြတ်သည် တောထွက်ခြင်း (＝နေက္ခမ္မ) ဖြင့် ပြည်စည်းစိမ် မင်းစည်းစိမ်ကို စွန့်ပယ်ကာ ရဟန်းပြုလျက် တောအရပ်၌ ဈာန်သမာပတ်ကို ဖြစ်စေပြီးလျှင် နီဝရဏတရား ငါးပါးတို့ကို ပယ်ခွါတော်မူကာ ဘဝတိုင်း ဘဝတိုင်း၌ ဖြစ်ပေါ် သမျှသော ကာမရာဂတရား မိန်းမတို့၌ မွေ့လျော်နှစ်ခြိုက်ခြင်း (＝ဗူဏ္ဏိရတိ) တရားများကို ပယ်ဖျောက်တော်မူလျက်ငင်း, သစ္စာပါရမီတော်ဖြင့် လောကကို ချွတ်ယွင်းလွဲမှားစေတတ်သော မိစ္ဆာဝါစာစကားကို ပယ်ရှားတော်မူလျက်ငင်း, ဝီရိယပါရမီ တော်ဖြင့် လွန်ကဲသော ကုသိုလ်မျိုးဖြစ်သည့် သမထဝိပဿနာ ဘာဝနာလုပ်ငန်းတို့၌ မပျော်ပိုက်နိုင်ခြင်း (＝အရတိတရား) ပျင်းရိခြင်း(＝ကောသဇ္ဇတရား)တို့ကို ပယ်ဖျောက်၍ ကိုယ်တော် မြတ်၏ စိတ်တော်ကို ကုသိုလ်မှုတို့၌ အမြဲတစေ ထကြွလုံ့လ

http://www.dhammadownload.com



ဝီရိယ ရှိစေတော်မူလျက်ငင်း— ဤဆိုအပ်ပြီးသော အစဥ်ဖြင့် ကိုယ်တော်၏ ခန္ဓာအစဥ်ကို တဘဝထက်တဘဝ သန့်ရှင်းစင်ကြယ် သည့်ထက် စင်ကြယ်အောင် ကျင့်ကြံ အားထုတ်တော်မူခဲ့လေ သည်။

ဤသို့ ဒါနစသော ပါရမီကောင်းမှု ကုသိုလ်အစုဖြင့် ထိုထို ကိလေသာတရားများကို ပယ်ရှားတော်မူသော အလောင်းတော် သူမြတ်သည် တဘဝ တဘဝမှာပင်လျှင် စင်ကြယ်အောင် ပြုပြီး သော ကိလေသာတရားတို့က တဖန်ဖြစ်လိုက်, ထိုကိလေသာ တရားတို့ကို စင်ကြယ်အောင် သုတ်သင်လိုက်, တဖန် ကိလေသာ တရားတို့က (သမုစ္ဆေဒပဟာန် မဂ်ဉာဏ်ဖြင့် မပယ်ရသေးသည့် အတွက်) ဖြစ်ပွါးလိုက်, အလောင်းတော်သူမြတ်ကလည်း အရှုံး မပေး အညှံ့မခံပဲ မဟာကုသိုလ် မဟဂ္ဂုတ်ကုသိုလ်များဖြင့် ထိုကိလေသာတရားတို့ကို (တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်တို့ဖြင့်) ပယ်ရှားသုတ်သင်လိုက်—ဤနည်းနှင့်နှင့် လေးအသင်္ချေ ကမ္ဘာ တသိန်းကာလတို့၌ စိတ်၏ အညစ်အကြေးဖြစ်သော ကိလေသာ တရားအစုကို သုတ်သင်ချေမှုန်းလျက် အခြီအရံ ကိလေသာ မိုလ်ထုနှင့်တကွသော အဝိဇ္ဇာမောဟ ကိလေသ မိုလ်ချုပ်ကို သုတ်သင် ရှင်းလင်းတော်မူလျက်ငင်း, သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတည်းဟူသော ဗုဒ္ဓြေငါးပါးတို့ကို တဘဝထက်တဘဝ ရင့်သန်ကြီးထွားစေလျက်ငင်း အစဥ်သဖြင့် ရဲရဲတောက်ပါရမီများကို ပွါးများကြိုးကုတ် အားထုတ်၍ ဘဝ ခရီးခဲကြီးကို ဖြတ်ကျော်လာခဲ့ရာ ဝေဿန္တရာမင်းဖြစ်၍ မဒ္ဒီမိဖုရား ကို လှူဒါန်းခြင်းဖြင့် ဘုရားဖြစ်အောင် ပြုလုပ်ပေးနိုင်သော တရား တို့ကို အပြီးအဆုံး ကျင့်သုံးတော်မူပြီးလျှင် ဘုရားဖြစ်ရန် အချိန် ကိုသာ စောင့်ဆိုင်းငံ့မြော်လျက် တုသိတာနတ်ပြည်၌ နတ်စည်းစိမ် ကို ခံစံကာ နေတော်မူခဲ့ခြင်း ဖြစ်လေသည်။

ဤသို့ ဒါနအစရှိသော ပါရမီကောင်းမှု ကုသိုလ်အစုဖြင့် လောဘ ဒေါသ စသော ထိုထိုကိလေသာ အင်္ဂါတရားတို့ကို

http://www.dhammadownload.com



ပယ်ရှားသုတ်သင်ကာ ဉာဏ်ပညာ အထွတ်အထိပ်ရောက် ပြီး မြောက် ပွါးစည်သူ ဖြစ်သောကြောင့် ဘုရားအလောင်းတော်သူမြတ်၏ သန္တာန်မှာသာ အလွန်တရာ သိမ်မွေ့နူးညံ့ နက်နဲလှစွာသော မဂ်ဉာဏ်လေးရပ်တို့ (ဆရာမကူရပဲ) ဖြစ်ပွါးလေသည်။

ထိုမှတပါးလည်း ဘုရားအလောင်းတော်သည် ဒီပင်္ကရာမြတ်စွာသနင်း ခြေတော်ရင်းမှစ၍ လူသာမန်တို့ ပြုလုပ်ရန် ခဲယဉ်းလှသည့် ဒါနစသော ပါရမီကောင်းမှု ကုသိုလ်အစုကို ပြုလုပ်ဆည်းပူးပွါးများအားထုတ်ပြီးလျှင် ထိုကုသိုလ်များအတွက် တစုံတခုသော ဘဝစည်းစိမ်ကိုမျှ တောင့်တဆုပန်မှု ပြုတော်မမူခဲ့ပေ။ ကိုယ်တော်ပြုသမျှ ဒါနစသောကောင်းမှုကုသိုလ်တို့အတွက် "၍ကောင်းမှုအစုသည် သဗ္ဗညုတဉာဏ် ဖြစ်ပေါ်ရန်အတွက် ဉပနိဿယည်း ပစ္စည်းအထောက်အပံ့ ဖြစ်ပါစေသား"ဟူ၍သာ တောင့်တဆုပန်မှု ပြုတော်မူခဲ့လေသည်။ တပါးသောသူတို့ကား ထိုထိုကောင်းမှုကုသိုလ်ကိုပြုပြီးသော် နတ်စည်းစိမ် လူ့စည်းစိမ်ကို တောင့်တဆုပန်ကြ၍ ထိုထိုဆုပန်ချက်အားလျော်စွာ လူ့စည်းစိမ် နတ်စည်းစိမ်တည်းဟူသော အကျိုးကို ရရှိခံစားကြကာ မိမိတို့ရတိုင်းရတိုင်းသော ကုသိုလ်ကောင်းမှု ဉစ္စာစုကို စားသုံးဖြုန်းပစ်ကြသူများနှင့် တူလှကုန်၏။ အလောင်းတော်သူမြတ်သည်ကား ထိုသို့မပြုပဲ ကျိကြထဲ၌ စပါးအပြည့်ထည့်သွင်းကာ မသုံးမစွဲ အမြဲစောင့်ရှောက်နေသောသူကဲ့သို့ ပြုတိုင်းပြုတိုင်းသော ကောင်းမှုကုသိုလ်အစုကို "သဗ္ဗညုတဉာဏ် အထွတ်တပ်သော မဂ်ဉာဏ်လေးရပ်၏သာ ပစ္စည်းအထောက်အပံ့ ဖြစ်စေသား"ဟု ဆုပန်တောင့်တတော်မူကာ ကောင်းစွာသိုမှီး သိမ်းဆည်း၍ ထားလေသည်၊ သို့ရကား လေးအသင်္ချေ ကမ္ဘာတသိန်းကြာ ကာလမြင့်ညောင်းအောင် ဘုရားအလောင်းတော်စုဆောင်းခဲ့သမျှသော ပါရမီကောင်းမှု ကုသိုလ်အစုသည် ယခုနောက်ဆုံး ဘုရားဖြစ်မည့် သိဒ္ဓတ္ထဘဝ၌ ဘုရားအဖြစ်တိုင်ရောက်အောင် အကျိုးပေးရန်

http://www.dhammadownload.com



အခွင့်ဖန်လာပြီဖြစ်သဖြင့် ကုသိုလ်တွေက အလွန်များ အကျိုးပေးရမည့် ဘဝကား တဘဝသာဖြစ်၍ အလွန်ပြည့်ကျပ် ကျဉ်းမြောင်းသကဲ့သို့ပင် ရှိချေသည်။

ဤသို့ ဘုရားဖြစ်ရန် တခုကိုသာ ရည်သန်တောင့်တခဲ့ခြင်း ပဋ္ဌနာစွမ်းအားဖြင့် ဘုရားဖြစ်မည့် ယခုနောက်ဆုံးဘဝတခုထဲ၌ စုပေါင်းတိုးဝှေ့ကာ အကျိုးပေးမည့် ကုသိုလ်တရား အလွန်အားကြီးလှသောကြောင့် ဘုရားအလောင်းတော် သူမြတ်၏ သန္တာန်မှာသာ အလွန်တရာ သိမ်မွေ့နူးညံ့ နက်နဲလှစွာသော မဂ်ဉာဏ်လေးရပ်တို့ သရာမကူပဲ ဖြစ်ပွါးလေသည်။ ။(ဤဘုရားဖြစ်တော်မူခဏ်း၌ ဇိနာလင်္ကာရကျမ်းလာ ကြည်ညိုဖွယ်ရာ အချက်အလက်တို့ကို များစွာဖော်ပြခြင်း ဖြစ်ပါသည်။)

### အလောင်းတော်သည် ကုဋေသုံးသန်းခြောက်သိန်းသော မဟာဝဇိရ ဝိပဿနာတရား ပွါးတော်မူခြင်း

ရှေး၌ ဆိုအပ်ခဲ့ပြီးသောအတိုင်း ဒါနစသော ပါရမီကောင်းမှု ကုသိုလ်စုဖြင့် လောဘ ဒေါသစသော ထိုထိုကိလေသာအင်္ဂါကို ပယ်ရှားသုတ်သင်အပ်ပြီးဖြစ်ရကား နိဗ္ဗာန်ခရီးကို ကာဆီးဖုံးကွယ်မှု ပြုလုပ်တတ်သည့် မောဟကိလေသာ မိုလ်ချုပ်ကိုလည်း အမြစ်အရံ နှင့်တကွ သုတ်သင်ရှင်းလင်းပြီးဖြစ်သော ဘုရားအလောင်းတော်သည် ထိုသည့်ကဆုန်လပြည့်နေ့ မိုးသောက်ယံ (ညဉ့်၏ နောက်ပိုင်း) အချိန်၌ မဟာဝဇိရ ဝိပဿနာတရား ပွါးများအားထုတ်တော်မူလေသည်။ အားထုတ်တော်မူပုံအမြွက်မှာ····

အာဏာခေတ်ဟုခေါ်သော စကြဝဠာတိုက်ပေါင်း . ကုဋေ တသိန်းတို့ရှိရာ စကြဝဠာတတိုက်တတိုက်အတွင်း၌ ရှိနေကြသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကာလသုံးပါး၌ တကယ်စင်စစ် ဖြစ်ပွါးသောတရားအနှစ်ကို ဆင်ခြင်တော်မူသောအခါ စကြဝဠာ တတိုက်တတိုက်၌ လူတွေ နတ်တွေ ဗြဟ္မာတွေ မည်မျှပင်များနေစေကာမူ ပရမတ္ထ သဘာဝ ဓမ္မအစစ်အနေဖြင့် အဝိဇ္ဇာ, သင်္ခါရ (ဟူသော အတိတ်အခွန့်ကာလ အကြောင်းတရား)၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ (ဟူသော ပစ္စုပ္ပန်

http://www.dhammadownload.com



အစွန်ကာလ အကျိုးတရား)၊ တဏှာ, ဥပါဒါန်, ကမ္မဘဝ (ဟူသော ပစ္စုပ္ပန် အစွန်ကာလ အကြောင်းတရား) တို့နှင့် (ဥပပတ္တိဘဝဖြစ်သော) ဇာတိ, ဇရာ+မရဏ (ဟူသော အနာဂတ် အကျိုးတရား) ဤပဋိစ္စသမုပ္ပါဒ်အင်္ဂါ တဆယ့်နှစ်ပါး တည်းဟူသော ပရမတ္ထသဘာဝဓမ္မတရားကိုယ်ကို ကောင်းစွာ သိမြင်တော်မူလေသည်။

ဤစကြဝဠာတိုက်၌ ရှိနေကြသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကာလသုံးပါး၌ တကယ်စင်စစ် ဖြစ်နေသော ပရမတ္ထသဘာဝ ဓမ္မတရားသားကို ဆင်ခြင်တော်မူသောအခါ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ+မရဏဟူ၍ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ တဆယ့်နှစ်ပါး တရားသား (ဝိပဿနာတင်ရမည့် တရားအစု)ကို ကောင်းစွာသိမြင်တော်မူသကဲ့သို့ ကျန်သော စကြဝဠာတိုက်တို့၌ ရှိနေကြသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကာလသုံးပါး၌ တကယ်စင်စစ် ဖြစ်နေသော ပရမတ္ထသဘာဝ ဓမ္မတရားသားကို လည်း ဆင်ခြင်တော်မူ၏။ ထိုသို့ ဆင်ခြင်တော်မူသောအခါ ဤစကြဝဠာတိုက်၌ ရှိနေကြသော လူနတ်ဗြဟ္မာ သတ္တဝါတို့ နည်းတူပင် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တဆယ့်နှစ်ပါးစီ တည်းဟူသော ဝိပဿနာတင်ရမည့် တရားအစုတို့ကို ကောင်းစွာ သိမြင်တော် မူလေသည်။

ဤသို့ စကြဝဠာတိုက်ပေါင်း ကုဋေတသိန်း တည်းဟူသော အာဏာခေတ်အတွင်း ရှိနေကြသည့် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ခန္ဓာအစဉ်ဝယ် ကာလသုံးပါး၌ တကယ်စင်စစ် ဖြစ်နေသော ပရမတ္ထသဘာဝ ဓမ္မတရားသားကို စဉ်းစားဆင်ခြင်တော်မူသော အလောင်းတော်သူမြတ်၏ ဉာဏ်တော်ဖြင့် သိမြင်အပ်သော ဝိပဿနာတင်ရမည့် တရားအစုတို့ကား အဝိဇ္ဇာပေါင်း ကုဋေ တသိန်း, သင်္ခါရပေါင်း ကုဋေတသိန်း, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ+မရဏပေါင်းလည်း ကုဋေတသိန်းစီ ဖြစ်ရကား (၁၂-ရပ်

http://www.dhammadownload.com



ပေါင်းလျှင်) အလောင်းတော်သူမြတ်၏ ဝိပဿနာစာရခေါ်သော (ဝိပဿနာတင်ရမည့်) တရားသားတို့မှာ ကုဋေတသန်းနှစ်သိန်းတို့ ဖြစ်လေကုန်သည်။

အလွန်ထွေးရှုပ်၍ အခုတ်အထွင်ခဲယဉ်းလှသည့် တောအုပ်ကြီးကို ရှင်းလင်းခုတ်ထွင် သုတ်သင်သော ယောကျ်ားသည် မိမိစွဲကိုင်သောဓားကို ကျောက်ပေါ်တင်၍ သွေးကာသွေးကာ ထက်လှစွာသော မိမိဓားဖြင့် အလွန်ထွေးရှုပ်သည့် တောအုပ်ချုံပိပ်ပေါင်းအစုကို ရှင်းလင်းသုတ်သင်သကဲ့သို့ မြတ်စွာဘုရား အလောင်းတော်သည်လည်း တထောင်ငါးရာ ကိလေသာ တောအုပ်ချုံပိပ်ပေါင်းအစုကို ရှင်းလင်းသုတ်သင်ရန်အတွက် ကိုယ်တော်၏ လက်သုံးဖြစ်သော မဟာဝဇိရဝိပဿနာ ဉာဏ်ပညာ ဓားအသွားထက်မြက်စေရန် အာနာပါန စတုတ္ထ ဈာန်သမာပတ် တည်းဟူသော ဓားသွေးသည့်ကျောက်၌ သွေးသွေးပြီးလျှင် (= အာနာပါန စတုတ္ထ ဈာန်သမာပတ်ကို ဝင်စားဝင်စားပြီးလျှင်) ဖော်ပြရာပါ ကုဋေတသန်းနှစ်သိန်းသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တရားအစုတို့ကို တခုစီတခုစီ အနိစ္စလက္ခဏာယာဉ်တင်၍၎င်း, ဒုက္ခလက္ခဏာယာဉ် တင်၍၎င်း, အနတ္တလက္ခဏာယာဉ် တင်၍၎င်း ဆင်ခြင်သုံးသပ်တော်မူလေသည်။

သို့ရကား ကုဋေတသန်းနှစ်သိန်းသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တရားအစုတို့၌ တခုတခုလျှင် အနိစ္စဝိပဿနာဉာဏ်, ဒုက္ခဝိပဿနာဉာဏ်, အနတ္တဝိပဿနာဉာဏ်ဟူ၍ ဝိပဿနာဉာဏ် သုံးပါးစီ သုံးပါးစီဖြစ်သောကြောင့် ကုဋေတသန်းနှစ်သိန်းကို တည်၊ သုံးဖြင့်မြှောက်ပွါး၍ မဟာဝဇိရ ဝိပဿနာ ဉာဏ်တော်ပေါင်း ၂ကုဋေသုံးသန်းခြောက်သိန်းဖြစ်လေသည်။

(ဤမဟာဝဇိရဝိပဿနာဉာဏ် အကြောင်းအရာအမြွက်သည် ဥပရိပဏ္ဏာသဋီကာ အနုပဒသုတ်အဖွင့် စာမျက်နှာ ၂၇၅-၌၎င်း, ဝိနည်းသာရတ္ထဒီပနီဋီကာ ကတိယအုပ် မဟာခန္ဓက သာရိပုတ္တမောဂ္ဂလ္လာနပဗ္ဗဇ္ဇာကထာအဖွင့် စာမျက်နှာ ၂၂၉-၌၎င်း လာရှိသည်။)

http://www.dhammadownload.com



ဘုရားအလောင်းတော်တိုင်းပင်လျှင် ဘုရားဖြစ်ခါနီး၌ ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံ ပဋိလုံ အားဖြင့် သုံးသပ်ဆင်ခြင်တော်မူကြမြဲ ဓမ္မတာဖြစ်သည်။ ငါတို့မြတ်စွာဘုရား အလောင်းတော်သည်လည်း ရှေးဘုရားအလောင်းတော်တို့နည်းတူပင် (ဆိုအပ်ခဲ့ပြီးသည့်အတိုင်း) ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံ ပဋိလုံ သုံးသပ်ဆင်ခြင်တော်မူသည်။ ထိုအခါ ဇာတိခေတ် စကြဝဠာတိုက်ပေါင်း လောကဓာတ်တသောင်းလုံး ရေဆုံးအောင် တုန်လှုပ်လေသည်။

မြတ်စွာဘုရားအလောင်းတော်သည် ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဘုရားရှင်တိုင်း၏ ဓမ္မတာ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တဆယ့်နှစ်ပါး တရားအစုဌ် ကုဋေ သုံးသန်း ခြောက်သိန်းသော မဟာဝဇိရဝိပဿနာ သမ္မသနဉာဏ်ကို ဖြစ်စေတော်မူပြီးသောအခါ အာနာပါန စတုတ္ထဈာန်ကို တဖန်ဝင်စားတော်မူပြန်လေသည်။ (ထိုသို့ဝင်စားတော်မူခြင်းမှာ ဥဒယဗ္ဗယဉာဏ် အစရှိသော အထက်ဝိပဿနာ ဉာဏ်ပညာဓား အသွားထက်စိမ့်သောငှါ အာနာပါနစတုတ္ထဈာန် သမာပတ် တည်းဟူသော ဓားသွေးသည့် ကျောက်ကောင်း၌ တဖန် သွေးတော်မူပြန်ခြင်းဖြစ်သည်။) ထိုသို့ အာနာပါန စတုတ္ထဈာန်ကို တဖန် ဝင်စားတော်မူပြီးလျှင် (= အထက်ဝိပဿနာဉာဏ်ပညာဓား အသွားထက်အောင် သွေးတော်မူပြီးလျှင်) ထိုဈာန်မှထ၍ ခန္ဓာငါးပါး တရားအစုတို့၌ ဥဒယဗ္ဗယဉာဏ် အစရှိသော အထက်အထက် ဝိပဿနာ ဉာဏ်ပညာများကို အလွယ်တကူ ဖြစ်ပွါးစေတော်မူလေသည်။

(ဤ၌။ ။အလောင်းတော်သူမြတ်သည် ရှေးရှေးသော ဘုရားရှင်တို့၏အထံ၌ ရဟန်းပြု၍ ပိဋကသုံးပုံကို သင်ကြားတတ်မြောက်ပြီးလျှင် ဝိပဿနာအလုပ် အားထုတ်တော်မူခဲ့ရာ ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်တိုင်ရောက်အောင် လေ့လာပွါးများ အားထုတ်တော်မူခဲ့ဘူးသောကြောင့်ရင်း——ရှေးဖော်ပြရာပါ မဟာဝဇိရဝိပဿနာ သမ္မသနဉာဏ်တော်ပေါင်း ကုဋေသုံးသန်းခြောက်သိန်းတို့ဖြင့် လေ့လာပွါးများ ဉာဏ်ပညာဓား အလွန်ထက်ရာ ကြီးမားလှသော

http://www.dhammadownload.com



ကြောင့်ရင်း—အထက်အထက် ဝိပဿနာ ဉာဏ်ပညာများကို အလွယ်ထကူ ရရှိတော်မူသည်ဟု ယုံကြည်စွာ မှတ်သားရာ၏။ ။ဇိနာလင်္ကာရ-ဋီကာနှင့် သုတ်မဟာဝါဋီကာ မျက်နှာ ၅၅-ကို မှီငြမ်းပြုသည်။)

ဤသို့ အလောင်းတော်သူမြတ်သည် အထက်အထက်ဖြစ်သော ဝိပဿနာဉာဏ်ပညာများသို့ အလွယ်တကူ တက်ရောက်တော်မူခဲ့၍ နောက်ဆုံး အနုလောမဉာဏ်မြောက် ရောက်တော်မူလတ်သောအခါ ခရီးဝေးမှပြန်လာ၍ မိမိအိမ်သို့ဝင်အံ့ဟူ၍ တံစက်မြိတ်အတွင်း ဝင်မိသော ယောကျ်ားအား တံခါးဟင်းလင်း ပွင့်နေသောအိမ်အတွင်း၌ တံခါးခုံတွင်ရှေ့သော ရပ်နားမှု အလျှင်းမပြုပဲ အိမ်တွင်းသို့သာ တောက်လျှောက် ဝင်ရောက်လေသကဲ့သို့ ထို့အတူ အလောင်းတော်သူမြတ်သည်လည်း ဥဒယဗ္ဗယဉာဏ် အစရှိသော ဉာဏ်စဉ်ရှစ်ပါးဖြင့် အဆင့်ဆင့် တက်ရောက်တော်မူခဲ့ရာ (နိဗ္ဗာန်မြို့နန်းအဝင်ဝ) တံခါးခုံနှင့်တူသော သစ္စာနုလောမဉာဏ်တွင်ရှေ့သော ရပ်နားတော်မမူပဲ မဂ္ဂဝီထိစိတ်အစဉ်တွင် အဝင်အပါ ဖြစ်ကြသည့် ပရိကံ,ဥပစာ,အနုလုံ အမည်ရှိကြသော သစ္စာ-နုလောမဉာဏ်သုံးပါးတို့ဖြင့် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူသော သစ္စာလေးပါး အမှန်တရားတို့ကို ဖုံးလွှမ်း ကာကွယ်တတ်သည့် အဝိဇ္ဇာ မောဟ တည်းဟူသော တိမ်လွှာတိမ်တိုက် မှောင်အမိုက်ကို ပယ်ရှားအစ်ပြီးလတ်သော် တိမ်စင်သောကောင်းကင်၌ လဝန်းကို လင်းလင်းမြင်သည့်ပမာ ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ ဖြစ်ပွါးသော သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်တည်းဟူသော အလင်းဓာတ်ကြီးကို လင်းလင်းထင်ထင် မျက်မှောက်ပြု၍ သိမြင်တော်မူလေသည်။ (သောတာ-ပတ္တိမဂ်ဉာဏ်စိတ် တကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ထို၏အခြားမဲ့၌ အကာလိက (=အခါမလင့် မဖင့်မနွဲ့ အချိန်မဆွဲပဲ အကျိုးပေးခြင်း) တည်းဟူသော တရားတော်၏ ဂုဏ်တော်အတိုင်း ထိုသောတာပတ္တိမဂ်၏ အကျိုးဖြစ်သော သောတာပတ္တိဖိုလ်ဇောသုံးကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်စိတ်များ ဖြစ်လေတော့သည်။)

http://www.dhammadownload.com



ထိုသို့ သောတာပတ္တိမဂ်သို့ ရောက်တော်မူသောကြောင့် အလောင်းတော်သူမြတ်၏ သန္တာန်၌ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသဟူသော ကိလေသာသုံးရပ်တို့ အမြစ်ပြတ် ပယ်အပ်ပြီး ဖြစ်လေတော့သည်။ ထိုကိလေသာများ နောက်ထပ် တဖန် အလောင်းတော်သူမြတ်၏သန္တာန်၌ မဖြစ်နိုင်တော့ပြီ။

### အထက်မဂ်ဖိုလ်တို့ကို ရတော်မူ၍ ဘုရားဖြစ်တော်မူခြင်း၊

ဘုရားအလောင်းတော် သူမြတ်သည် သောတာပတ္တိမဂ်ဖိုလ်ကို ရရှိတော်မူပြီးသောအခါ—

မဂ်,ဖိုလ်,နိဗ္ဗာန်၊ ပယ်-ကြွင်းကျန်၊ နှစ်တန် ကိလေသာ။
အစဉ်သမျှ၊ အမြင်၅၊ ငါးခု ပစ္စဝေက္ခဏာ—

ဟူသောအတိုင်း (၁) ရှေးဦးစွာ သောတာပတ္တိမဂ်ကို ဆင်ခြင်တော်မူသည်၊ (၂) ထိုနောက် ထိုသောတာပတ္တိမဂ်၏ အကျိုးဖြစ်သော သောတာပတ္တိဖိုလ်ကို ဆင်ခြင်တော်မူသည်၊ (၃) ထိုနောက် ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သောနိဗ္ဗာန်ကိုဆင်ခြင်တော်မူသည်၊ (၄) ထိုနောက် ထိုသောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကို ဆင်ခြင်တော်မူသည်၊ (၅) ထိုနောက် ထိုသောတာပတ္တိမဂ်ဖြင့် မပယ်ရသေးပဲ ကြွင်းကျန်နေသည့် ကိလေ-သာတို့ကို ဆင်ခြင်တော်မူသည်။ (ဤသို့ ဆင်ခြင်သည့်ဉာဏ်တော် ငါးပါးကို ပစ္စဝေက္ခဏာဉာဏ်တော် ငါးပါးဟူ၍ ခေါ်သည်။)

ထိုသို့ ပစ္စဝေက္ခဏာဉာဏ်တော်ငါးပါးဖြင့် သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်, ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်, ထိုမဂ်ဖြင့်ပယ်အပ်သော ကိလေသာ, ထိုမဂ်ဖြင့်မပယ်အပ်သေးပဲ ကြွင်းကျန်သော ကိလေသာ ဤတရားငါးပါးကို ဆင်ခြင်တော်မူပြီးသောအခါ အလောင်းတော်သူမြတ်သည် တဖန် ထပ်၍ ဥဒယဗ္ဗယဉာဏ်အစရှိသော ဝိပဿနာ ဉာဏ်စဉ်များကို ပွါးများ

http://www.dhammadownload.com



အားထုတ်တော်မူပြန်လတ်သည်တွင် မကြာမီပင် နှစ်ဆင့်မြောက် ဖြစ်သည့် သကဒါဂါမိမဂ်ဖိုလ်သို့ ရောက်တော်မူလေသည်။ ထို သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂကိလေ-သာ, ရုန့်ရင်းကြမ်းတမ်းသော ဗျာပါဒ (=ဒေါသ) ကိလေသာ တို့ကို အမြစ်ပြုတ် ပယ်တော်မူသည်။ ထိုအချိန်မှစ၍ အလောင်း တော်သူမြတ်၏ သန္တာန်၌ (မီးဖြင့် အကျွမ်းဖုတ်မြိုက်အပ်သော မျိုးစေ့ကဲ့သို့) ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂ ကိလေသာ အနုသယဓာတ်, ရုန့်ရင်းကြမ်းတမ်းသော ဗျာပါဒ (=ဒေါသ) ကိလေသာအနုသယဓာတ်တို့ အကြွင်းမဲ့ ပြတ်လေတော့သည်။

ဘုရားအလောင်းတော်သူမြတ်သည် သကဒါဂါမိမဂ်ဖိုလ်ကို ရရှိတော်မူပြီးသောအခါ ရှေးနည်းအတူ ပစ္စဝေက္ခဏာဉာဏ် တော် ဇောဝါရငါးမျိုးတို့ဖြင့် သကဒါဂါမိမဂ်, သကဒါဂါမိ ဖိုလ်, ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သောနိဗ္ဗာန်, ထိုမဂ်ဖြင့် ပယ်အပ် သော ကိလေသာ, ထိုမဂ်ဖြင့် မပယ်အပ်သေးပဲ ကြွင်းကျန်သော ကိလေသာ ဤတရားငါးပါးတို့ကို ဆင်ခြင်တော်မူပြီးလျှင် တဖန် ထပ်၍ ဥဒယဗ္ဗယဉာဏ်အစရှိသော ဝိပဿနာ ဉာဏ်စဉ်များကို ပွါးများ အားထုတ်တော်မူပြန်လတ်သည်တွင် မကြာမီပင် သုံး ဆင့်မြောက်ဖြစ်သည့် အနာဂါမိမဂ်ဖိုလ်သို့ ရောက်တော်မူလေ သည်။ ထိုအနာဂါမိမဂ်ဖြင့် သိမ်မွေ့သော ကာမရာဂ ကိလေ-သာနှင့် သိမ်မွေ့သောဗျာပါဒ (=ဒေါသ) ကိလေသာတို့ကို အမြစ်ပြုတ် ပယ်တော်မူသည်။ ထိုအချိန်မှစ၍ အလောင်းတော် သူမြတ်၏ သန္တာန်၌ ဝါသနာအငွေ့ဓာတ်နှင့်တကွ သိမ်မွေ့သော ကာမရာဂကိလေသာ အနုသယဓာတ်, သိမ်မွေ့သော ဗျာပါဒ (=ဒေါသ) ကိလေသာအနုသယဓာတ်တို့ အကြွင်းမဲ့ ပြတ်လေ တော့သည်။

ဘုရားအလောင်းတော်သူမြတ်သည် အနာဂါမိမဂ်ဖိုလ်ကို ရရှိ တော်မူပြီးသောအခါ ရှေးနည်းအတူ ပစ္စဝေက္ခဏာဉာဏ်တော် ဇောဝါရငါးမျိုးတို့ဖြင့် အနာဂါမိမဂ်ကိုဎင်း, အနာဂါမိဖိုလ်ကို

http://www.dhammadownload.com



ရင်း, ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်ကိုရင်း, ထိုအနာဂါမိမဂ်ဖြင့် ပယ်အပ်သောကိလေသာတို့ကိုရင်း, ထိုအနာဂါမိမဂ်ဖြင့် မပယ်အပ်သေးပဲ ကြွင်းကျန်သောကိလေသာတို့ကိုရင်း ဆင်ခြင်တော်မူပြီးလျှင် တဖန်ထပ်၍ ဥဒယဗ္ဗယဉာဏ်အစရှိသော ဝိပဿနာဉာဏ်စဉ်များကို ပွါးများအားထုတ်တော်မူပြန်လတ်သည်တွင် မကြာမီပင် လေးဆင့်မြောက်ဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။ ထိုအရဟတ္တမဂ်ဖြင့် ရူပရာဂကိလေသာ, အရူပရာဂကိလေသာ, မာနကိလေသာ, ဥဒ္ဓစ္စကိလေသာ, အဝိဇ္ဇာကိလေသာ တည်းဟူသော ကျန်သေးသည့် ကိလေသာတို့ကို ဝါသနာအငွေ့အသက်ပါမကျန် အမြစ်ပြတ်ပယ်တော်မူသည်။ ထို အချိန်မှစ၍ အလောင်းတော်သူမြတ်၏ သန္တာန်၌ ဝါသနာ အငွေ့အသက်နှင့်တကွ တထောင့်ငါးရာ ကိလေသာတရား အနုသယဓာတ် ခုနစ်ရပ်တို့ အကြွင်းမဲ့ပြတ်လေတော့သည်။

(ဤ အရဟတ္တမဂ်ဖိုလ်ကို ရပြီးသောအခါ အရဟတ္တမဂ်ကိုရင်း, အရဟတ္တဖိုလ်ကိုရင်း, ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကိုရင်း, ပယ်အပ်ပြီးသော ကိလေသာတို့ကိုရင်း အသီးအသီးဆင်ခြင်သည့် ပစ္စဝေက္ခဏာဉာဏ်တော် ဇောဝါရလေးမျိုးတို့ ဖြစ်ပြန်လေသည်။ ပစ္စဝေက္ခဏာဉာဏ်တော်များကို ပေါင်းလတ်သည်ရှိသော် သောတာပတ္တိမဂ်ဖိုလ်ကို ရပြီးသောအခါ၌ ငါးပါး, သကဒါဂါမိမဂ်ဖိုလ်ကို ရပြီးသောအခါ၌ ငါးပါး, အနာဂါမိမဂ်ဖိုလ်ကို ရပြီးသောအခါ၌ ငါးပါး, အရဟတ္တမဂ်ဖိုလ်ကို ရပြီးသောအခါ၌ လေးပါး—ဤသို့အားဖြင့် တဆယ့်ကိုးပါး ဖြစ်သတည်း၊ ဤ ပစ္စဝေက္ခဏာဉာဏ် တဆယ့်ကိုးတန်ကိုပင်လျှင် ဝိမုတ္တိဉာဏဒဿနဂုဏ်ကျေးဇူးဟူ၍ ခေါ်ဆိုသည်။ ပစ္စဝေက္ခဏာဉာဏ်အရာဝယ် အရဟတ္တမဂ်ကို ရပြီးသောအခါ၌ ကြွင်းကျန်သော ကိလေသာဟူ၍ မရှိတော့ရကား ထို ကြွင်းကျန်သော ကိလေသာကို ဆင်ခြင်သည့် ပစ္စဝေက္ခဏာဉာဏ်လည်း မဖြစ်တော့၍ ပစ္စဝေက္ခဏာဉာဏ် လေးပါးသာလျှင် ရလေတော့၏။)

http://www.dhammadownload.com



### ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခြင်း

ဘုရားအလောင်းတော်သူမြတ်သည် အရဟတ္တမဂ်၏ အခြားမဲ့ဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်တော်မူလျှင်ပင် အလွန်စင်ကြယ်သော စိတ်အစဉ်ရှိတော်မူလျက် ပဋိသမ္ဘိဒါဉာဏ်တော်လေးပါး, အသာဓာရဏဉာဏ်တော် ခြောက်ပါး, ဗုဒ္ဓဉာဏ်တော် တဆယ့်လေးပါး, အာဝေဏိကဂုဏ်တော် တဆယ့်ရှစ်ပါး, ဝေသာရဇ္ဇဉာဏ်တော်လေးပါး အစရှိသော မြတ်စွာဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတော် များနှင့်တကွ သဗ္ဗညုတ ရွှေဉာဏ် တော်ကိုပါ ရတော်မူ ရောက်တော်မူကာ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားဖြစ်တော်မူလတ်သတည်း။ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရတော်မူသည်နှင့်တပြိုက်နက် နေအရုဏ်လည်း တက်လေတော့သည်။ (သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူခြင်းကိုပင် မြတ်စွာဘုရားဖြစ်ခြင်းဟု ခေါ်ဆိုသည်။)

### မြတ်စွာဘုရား၏ ဝိသုဒ္ဓိခုနစ်ပါး

ဤအရာ၌ ဗုဒ္ဓဝင်အကြောင်းအရာစကားကို အကြားဖြတ်တန့်ရပ်၍ မြတ်စွာဘုရား၏ ဝိသုဒ္ဓိခုနစ်ပါး (= နိဗ္ဗာန်ရောက်အောင် ပို့ဆောင်သည့် ရထားကြီးခုနစ်စီး) တို့ကို သိသာရုံ ရေတွက်ထုတ်ဖော်ပြဆိုဦးအံ့။

### (၁) သီလဝိသုဒ္ဓိ

ဘုရားအလောင်းတော်သည် အနော်မာမြစ်ကမ်း၌ ရပ်နားတော်မူကာ ရဟန်းပြုပြီးလျှင် ဒုစရိုက်တို့မှ ထိန်းသိမ်းစောင့်ရှောက်ခြင်း(= သံဝရသီလ)ကို ဆောက်တည်မှု ပြုတော်မူခဲ့လေသည်။ ထိုသံဝရသီလဟူသည်မှာ····သူ့အသက်ကို သတ်ဖြတ်မှုမှ ရှောင်ကြဉ်ခြင်း, အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို ခိုးဖွက်လုယက်ယူငင်မှုမှ ရှောင်ကြဉ်ခြင်း, ကာမမှုတို့၌ ဖောက်ပြန်မှားယွင်းစွာ ပြုကျင့်မှုမှ ရှောင်ကြဉ်ခြင်း(= မမြတ်သော မေထုန် ကြီးငယ်အမှုမှ ရှောင်ကြဉ်ခြင်း), မမှန်သော စကားကို ပြောကြားမှုမှ ရှောင်ကြဉ်ခြင်း, ဂုံးတိုက်စကားပြော

http://www.dhammadownload.com



ကြားမှုမှ ရှောင်ကြဉ်ခြင်း, ကြမ်းတမ်းသောစကား (=ဆဲရေး စကားစသည်)ကို ပြောကြားမှုမှ ရှောင်ကြဉ်ခြင်း, ပြိန်ဖျင်းသော စကား(=အကျိုးမရှိသောစကား) ကို ပြောကြားမှုမှ ရှောင် ကြဉ်ခြင်း,မကောင်းယုတ်မာသော အသက်မွေးမှုမှ ရှောင်ကြဉ် ခြင်းအားဖြင့် ရှစ်ပါးသော အာဇီဝဋ္ဌမကသီလပင် ဖြစ်၏။

ဣန္ဒြေခြောက်ပါး တံခါးကြီးခြောက်ပေါက်ကို လုံခြုံစွာ ထိန်း သိမ်းမှု တည်းဟူသော ဣန္ဒြိယသံဝရ သီလမှာလည်း ပုထုဇဉ် သာမန်လူများကဲ့သို့ အသစ်ကြိုးကုတ် ပြုပြင်အားထုတ်ရန်မလို၊ ပင်ကိုယ်ကပင် ပြီးစီးပြီးသား ဣန္ဒြေတို့ကို စောင့်စည်း ထိန်းသိမ်း ပြီးသားဖြစ်တော်မူ၏။ အာဇီဝဋ္ဌမကသီလဖြင့်ပင် အာဇီဝပါရိ- သုဒ္ဓိသီလလည်း ပြီးစီးပြီးသား ဖြစ်တော်မူ၏။

ပစ္စည်းလေးပါး ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သည့် ကိလေသာ တရားတို့ကို ပယ်ရှားဘို့ရန် ကျင့်ကြံအားထုတ် ဆင် ခြင်ရသော ပစ္စယသန္နိဿိတသီလအတွက်လည်း အထူးအားထုတ် ဖွယ်မလို၊ တောထွက်တော်မူခါနီးကပင် ပစ္စည်းနှင့် စပ်သည့် တဏှာလောဘအဦးချီသော အကုသိုလ်ကိလေသာစုကို တဒင်္ဂ ပဟာန် အနေအားဖြင့် ပယ်ရှားပြီး ဖြစ်တော်မူသည်၊ အရဟတ္တ မဂ်ဖြင့်ကား အနုသယ(=ကိလေသာမျိုးစေ့ခဓာတ်) ကိုသာ ပယ်သတ်မှု ပြုအပ်လေသည်။ ဤကားအလောင်းတော်သူမြတ်၏ သီလဝိသုဒ္ဓိတည်း။

## (၂) စိတ္တဝိသုဒ္ဓိ

အာဠာရကိုဏ်းဆရာကြီး ဥဒကကိုဏ်းဆရာကြီးတို့၏ အထံ၌ နေစဉ်အခါ ဖြစ်ပွါးစေခဲ့သော သမာပတ်ရှစ်ပါး လောကီအဘိ- ညာဏ် ငါးပါးတို့မှာ ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်သုံးစဉ် ကာလအတွင်း မပွါးများ မလေ့လာ မသုံးစွဲအပ်သောကြောင့် (အသုံးမပြုသော ရွှေခွက်ကြီးများပမာ) အညစ်အကြေး စွဲကပ် သည့်အလား မသန့်မရှင်း မှေးလျက် မှိန်လျက် ရှိကြကုန်၏၊ ဘုရား

http://www.dhammadownload.com



ဖြစ်မည့်နေ့၌ သုဇာတာသူဌေးကတော် လှူအပ်သည့် ဃနာ နို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် အင်ကြင်းတော၌ နေ့သန့်ဖနေတော်မူသောအခါ ထိုသမာပတ်ရှစ်ပါးအဘိညာဏ်ငါးပါးတို့ကို (အညစ်အကြေးစွဲကပ်သောရွှေခွက်ကို ဆေးကြောသုတ်သင်သည့်ပမာ)တဖန်ထပ်၍ ဖြစ်စေတော်မူသောအားဖြင့်သန့်ရှင်းစင်ကြယ်စေတော်မူသည်။ ဤသမာပတ်ရှစ်ပါး အဘိညာဏ်ငါးပါး တရားများသည် အလောင်းတော်သူမြတ်၏ စိတ္တဝိသုဒ္ဓိဖြစ်ပေ၏။

## (၃) ဒိဋ္ဌိဝိသုဒ္ဓိ

ထိုနောင်မှ အလောင်းတော်သူမြတ်သည် ထိုနေ့ညနေချမ်းအခါ မဟာဗောဓိမဏ္ဍိုင်သို့ ကြွရောက်၍ အပရာဇိတပလ္လင်၌ သီတင်းသုံး နေထိုင်တော်မူကာ နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်တော်မူ၍ ညဉ့်ဦးယံ (=ညဉ့်၏ပဌမပိုင်းအချိန်) ဝယ် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ဖြစ်စေပြီးစေလျက် ရှေး၌ဆိုအပ်ခဲ့ပြီးသည့်အတိုင်း နာမ်ရုပ်နှစ်ပါးတို့၏ ဖြစ်ဟန်ကို ကောင်းစွာသိမြင်၍ သက္ကာယဒိဋ္ဌိနှစ်ဆယ်ကို ဖျောက်ပယ်ဖြိုခွဲတော်မူခဲ့လေသည်။ ဤကား အလောင်းတော်သူမြတ်၏ ဒိဋ္ဌိဝိသုဒ္ဓိပေတည်း။

## (၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ

ထို့နောင် မဇ္ဈိမယံ(=ညဉ့်၏အလယ်ပိုင်းအချိန်)၌ ဒိဗ္ဗစက္ခုအဘိညာဏ်လျှင် အခြေခံရှိသော ယထာကမ္မူပဂဉာဏ်တော်ဖြင့် ကံအားလျော်စွာ လားရောက်ကြသော သတ္တဝါတို့ကို ရှုမြင်လျက် ကံနှင့် ကံ၏အကျိုးတရားတို့ကို ပြတ်သားရှင်းလင်းစွာ မျက်မှောက်ပြု သိမြင်တော်မူသဖြင့် ယုံမှားခြင်းများ ကင်းစင်သွားလေသည်။ ဤကား အလောင်းတော်သူမြတ်၏ ကင်္ခါဝိတရဏဝိသုဒ္ဓိပေတည်း။

## (၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

(နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဟုတ်သည် မဟုတ်သည်ကို သိသောဉာဏ်ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဟူ၍ ခေါ်၏။)

http://www.dhammadownload.com



အလောင်းတော်သူမြတ်သည် ပစ္ဆိမယာမ် (=ညဉ့်၏ နောက်ပိုင်းအချိန်)၌ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ တဆယ့်နှစ်ရပ်ဝယ် ဉာဏ်တော်ကိုသက်စေပြီးသော် ကလာပသမ္မသနဉာဏ်မှစ၍ အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာ စသော အနုပဿနာ ခုနစ်ပါးကို အခြေခံပြုကာ ရုပ်နာမ်ဓမ္မတို့၏ အဖြစ်အပျက်ကို ရှုမြင်သည့် ဥဒယဗ္ဗယဉာဏ်ကို ဖြစ်စေတော်မူလေသည်။ ထိုအခါ အလောင်းတော် သူမြတ်အား အရောင်အလင်း အစရှိသော ဝိပဿနုပက္ကိလေသ (=ဝိပဿနာညစ်ညူးကြောင်း) တရားတို့ ဖြစ်ပွါး၍ လာလေသည်။

မြတ်စွာဘုရား၏ အရောင်အလင်းမှာ တပါးသောသူတို့၏ အရောင်အလင်းကဲ့သို့ တကွက်တကွင်း တစိတ်တဒေသသာ လင်းသည် မဟုတ်ချေ၊ စင်စစ်သော်ကား အလွန်ထက်မြက်လှစွာသော (ရှေးဖော်ပြရာပါ) မဟာဝဇိရဝိပဿနာဉာဏ်တော်မြတ်ဖြင့် ကိုယ်တော်နှင့်တကွ အတိုင်းမသိသော သတ္တဝါတို့သန္တာန်၌ ဖြစ်ပေါ်၍နေသော လောကီ တရားသားအစုကို ပဋိစ္စသမုပ္ပါဒ် အင်္ဂါတဆယ့်နှစ်ရပ်အနေဖြင့် အကျဉ်းချုပ် ဉာဏ်ဖြင့် ယူပြီးလျှင် တဖန် ထိုပဋိစ္စသမုပ္ပါဒ်အင်္ဂါ တဆယ့်နှစ်ရပ်သော တရားသားတို့ကို နာမ်ရုပ်အနေအား နှစ်ဖို့နှစ်စုထားပြီးလျှင် ထို နာမ်ရုပ်တရားတို့ကို ဥဒယဗ္ဗယဉာဏ်ဖြင့် ရှုပွါးတော်မူသော အလောင်းတော်သူမြတ်၏ သန္တာန်၌ ဝီရိယလည်း အလွန်အားကောင်းလှ၏၊ သတိလည်း အလွန်တွင်လင်းလှ၏၊ စိတ်တော်လည်း အလွန်တည်ကြည်လှ၏၊ ထို့ကြောင့် ပညာလည်း အလွန်ထက်မြက်လှ၏၊ သဒ္ဓါတရားလည်း အားကောင်းလှ၏၊ ကိုယ်စိတ်၏ ချမ်းသာခြင်း သုခတရား, ငြိမ်းအေးခြင်း ပဿဒ္ဓိတရားတို့ တဖွားဖွား ဖြစ်လျက် ရှိကြ၏၊ ခပ်သိမ်းသော သင်္ခါရတရားတို့၌ လျစ်လျူရှုတတ်သော ဝိပဿနုပေက္ခာခေါ်သည့် တတြမဇ္ဈတ္တတာ စေတသိက်လည်း အလွန်အားကောင်းလျက်ရှိ၏၊ ယင်းသို့ သုခပဿဒ္ဓိ အစရှိသောတရားတို့ဖြင့် ချီးမြှောက်ထောက်ပံ့အပ်သော စိတ်ရှိသော အလောင်းတော်သူမြတ်၏ သန္တာန်၌ (၁) မွေးညှင်း

http://www.dhammadownload.com



ရှင်ပျံ ကြက်သီးထစေနိုင်သော= ခုဒ္ဒိကာပီတိ၊ (၂) ခဏခဏ လျှပ်စစ်ပြက်သကဲ့သို့ ဖြစ်ပွါးသော = ခဏိကာပီတိ၊ (၃)သမုဒ္ဒရာ ကမ်းကို လှိုင်းတံပိုးရိုက်ခတ်သည့်ပမာ ခန္ဓာကိုယ်တွင်းသို့ ချဉ်း နင်းသက်ဝင် သက်ပင်၍ ပျက်ပျက်သွားသော= ဩက္ကန္တိကာပီတိ၊ (၄) ထို့ထက် အားကြီးစွာ ခန္ဓာကိုယ်ကို ကောင်းကင်သို့ ပျံတက် စေနိုင်လောက်အောင် ပမာဏကြီးမားသော = ဥဗ္ဗေဂါပီတိ၊ (၅) ဂွမ်းဝါနုကို ဆီစိမ်ဘိသကဲ့သို့ တကိုယ်လုံး အပြည့်နှံ့၍ တည် သော =ဖရဏာပီတိ၊ ဤပီတိငါးမျိုးတို့လည်း ထမြိုးမြိုးဖြစ်လျက် ရှိကြ၏။ နှလုံးတော်, သွေးတော်, မျက်စိ,နား,နှာစသော ဣန္ဒြေ ခတော်တို့လည်း အလွန်ကြည်လင်ပေ၏။

ထို့ကြောင့် ကိုယ်တော်မြတ်မှ အရောင်အလင်းတို့ ထွက်ကုန် လျက် အောက်အရပ်မျက်နှာ မြေထု ရေထု လေထုတို့ကို ရွှေ ရောင်အဆင်း ဝါဝင်းအောင် ပြုကြ၍ အောက်အဇဋာကာသ ဟင်းလင်းအပြင်သို့သက်ဝင်ပြေးသွားကြလေသည်၊အထက်အရပ် ၌လည်း ဘဝဂ်တိုင်အောင် ရွှေရောင်အဆင်း ဝါဝင်းအောင် ပြုကြ၍ အထက်အဇဋာကာသကောင်းကင် ဟင်းလင်းအပြင်သို့ သက်ဝင်ပြေးသွားကြလေသည်။ ဗီလာ အရပ်မျက်နှာအားဖြင့် လည်း လောကဓာတ် စကြဝဠာ တိုက်တသောင်း ထွန်းလင်း စေလျက် အနန္တစကြဝဠာအနှံ့ ပြေးသွားကြလေသည်။ (ထိုသို့ ဝိပဿနာညစ်ညူးကြောင်းကရားများ ဖြစ်လာသောအခါ မလိမ္မာ သော ယောဂါဝစရပုဂ္ဂိုလ်များသည် ထိုဝိပဿနာ ညစ်ညူး ကြောင်းတရားများကိုပင် မဂ်ပဲ ဖိုလ်ပဲတု အထင်ကပ်ကာ မူလ ကမ္မဋ္ဌာန်းကို စွန့်လွှတ်၍ ထိုဝိပဿနာ ညစ်ညူးကြောင်း တရား တို့ကိုပင် သာယာတပ်မက်၍ နေတတ်ကြ၏။) ဘုရားအလောင်း တော်သူမြတ်သည် ထိုဝိပဿနာ ညစ်ညူးကြောင်း တရားများ ကိုယ်တော်၏သန္တာန်၌ ဖြစ်ပေါ်လာသောအခါ "ဤတရားများ သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ကို ရဖို့ရန် လမ်း ကြောင်းမဟုတ်ကြကုန်၊ ဝိပဿနာ ညစ်ညူးကြောင်းများသာ ဖြစ်ကြ၏၊ ငါအားထုတ်ရင်းဖြစ်သော ဥဒယဗ္ဗယ ဉာဏ်စသည်

http://www.dhammadownload.com



တို့သာ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ကို ရဖို့ရန် လမ်းကောင်းကေန် စင်စစ်မှန်ကုန်၏”ဟု စဉ်းစားဆင်ခြင် သိမြင်တော်မူပြီးလျှင် ကိုယ်တော်၏ စိတ်တော်ကို ဝိပဿနာညစ်ညူးကြောင်းတရားတို့၌ တဝဲလယ်လယ် တာတွယ်ငြိကပ်ခွင့်ကို အလျှင်းမပေးပဲ ဝိပဿနာအာရုံသို့ ရှေးရှုညွတ်စေတော်မူသည်။

ဤသို့ အလောင်းတော်သူမြတ်၏ သန္တာန်၌ ဝိပဿနာ ညစ်ညူးကြောင်းတရားတို့ အများနည်းတူ ဖြစ်ပွါးလာသောအခါ ထိုတရားတို့၌ သာယာတပ်မက်သည့် နိကန္တိခေါ် သိမ်မွေ့လှစွာသော တဏှာလောဘကို ဖြစ်ခွင့်မပေးပဲ ဤတရားစုသည် မောဇ်ရောက်ကြောင်း လမ်းကောင်းများမဟုတ်ကြ၊ ဝိပဿနာ ညစ်ညူးကြောင်းမျှသာ ဖြစ်ကြ၏။ ဥဒယဗ္ဗယဉာဏ် အစရှိသည်သာလျှင် မောဇ်ရောက်ကြောင်း လမ်းကောင်းကေန် စင်စစ်မှန်၏ဟု ပိုင်းခြားသိမြင် စင်ကြယ်စွာသောဉာဏ်အထူးသည် အလောင်းတော်သူမြတ်၏ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။

(၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့်
(၇) ဉာဏဒဿနဝိသုဒ္ဓိ

အလောင်းတော်သူမြတ်၏ သန္တာန်၌ ဖြစ်သော ဥဒယဗ္ဗယဉာဏ်အစ အနုလောမဉာဏ်တိုင်အောင်သော ဝိပဿနာဉာဏ်တော် ကိုးပါးသည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ မည်၏။ အလောင်းတော်သူမြတ် ရရှိအပ်သော အရိယမဂ်လေးပါးတို့သည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

(ဤအရာ၌။ ။ဘုရားရှင်၏သောတာပတ္တိမဂ်သည် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါငါးပါးရှိသော ပဌမဈာန်မဂ်၊ သကဒါဂါမိမဂ်သည် ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါသုံးပါးရှိသော ဒုတိယဈာန်မဂ်၊ အနာဂါမိမဂ်သည် သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးရှိသော တတိယဈာန်မဂ်၊ အရဟတ္တမဂ်သည် ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးရှိသော စတုတ္ထဈာန်မဂ်ဖြစ်ကြောင်းကိုလည်း အထူးမှတ်ယူရာ၏။ ။ဥပရိပဏ္ဏာသအဋ္ဌကထာ ဥပက္ကိလေသသုတ်အဖွင့် စာမျက်နှာ ၁၄၉-မှ။)

http://www.dhammadownload.com



ဤသို့လျှင် ဖော်ပြရာပါ ဝိသုဒ္ဓိခုနစ်ပါး တရားမြတ် အဆင့် ဆင့်သည် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလမ်းမှန် ဖြစ်ပေ၏။ ကာလသုံးပါး၌ ပွင့်တော်မူပြီး ပွင့်တော်မူဆဲ ပွင့်တော်မူကြလတ္တံ့သော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့သည်ရင်း, (အောက်ထစ်ပိုင်းခြား အယုတ်အားဖြင့်)တစပဉ္စကကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ၍ အရိယမဂ်ကို ရကြသော ပုဂ္ဂိုလ်သူမြတ်တို့သည်ရင်း,မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ကျောင်းတော်မှာနေရင်းကပင် ကိုယ်တော်ရောင်လွှတ်ကာ ကိုယ်တော်ကို ထင်စွာပြ၍ ဟောကြားအပ်သည့် (=ဩဘာသ) ဂါထာကို ကြားနာရ၍ အရိယမဂ်ကို ရတော်မူကြသော ပုဂ္ဂိုလ်သူမြတ်များသည်ရင်း ဤဝိသုဒ္ဓိခုနစ်ပါး တရားမြတ်အဆင့်ဆင့်ဖြင့်သာ နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူကြလေသည်။

**မေးဖွယ် ရှိပြန်သည်ကား**….ကာလသုံးပါး၌ ဖြစ်ထွန်းပွင့်ပေါ်တော်မူကြသည့် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝက အားလုံးတို့သည်ပင် ဤဝိသုဒ္ဓိခုနစ်ပါး တရားမြတ် အဆင့်ဆင့်ဖြင့်သာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရသည်ချည်း ဖြစ်ကြသော် အလုံးစုံသော ထိုအရှင်သူမြတ်တို့သည် တထပ်တည်းတူညီကြလေရာသည်မဟုတ်လော၊ အဘယ့်ကြောင့် ဤသူကား ဘုရား, ဤသူကား ပစ္စေကဗုဒ္ဓါ, ဤသူကား အဂ္ဂသာဝက, ဤသူကား မဟာသာဝက, ဤသူကား ပကတိသာဝကဟူ၍ ကွဲပြားခြားနားမှု ရှိရသနည်းဟု မေးဖွယ်ရှိ၏။

**အဖြေကား**….ဝိသုဒ္ဓိခုနစ်ပါး တရားမြတ်အဆင့်ဆင့်ဖြင့်သာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရသည်ချည်း ဖြစ်ကြသော်လည်း ပညာချင်း မတူထူးပြား ခြားနားမှု, အကျင့် ပဋိပဒါချင်း မတူထူးပြား ခြားနားမှု, သဒ္ဓါတရားချင်း မတူထူးပြား ခြားနားမှု, အလိုအဇ္ဈာသယဓာတ်ချင်း မတူထူးပြား ခြားနားမှုဟူသော အခြေခံအကြောင်း တရားတို့ မတူထူးပြား ခြားနားမှု ရှိလေသည်၊ ထို့ကြောင့် ကမ္ဘာစာသိန်းကြာ (သို့မဟုတ်) ထို့ထက် အလွန်ဖြစ်စေ၊ (သို့မဟုတ်) ထို့အောက် ယုတ်လျော့၍ဖြစ်စေ မိမိ၏

http://www.dhammadownload.com



သဒ္ဓါခွန်အား ပညာခွန်အား စွမ်းပကားအားလျော်စွာ ပါရမီတို့ကို ဖြည့်ကျင့်၍ သုတမယဉာဏ်ဖြင့် (သူတပါးထံမှ တရားကို ကြားနာရ၍ အရဟတ္တဖိုလ်ပေါက် ရောက်ကြသော အရှင်မြတ်တို့သည် ပကတိသာဝက, မဟာသာဝကတို့မည်ကြလေသည်။

တသင်္ချေနှင့် ကမ္ဘာတသိန်းကြာ (သို့မဟုတ် ထို့ထက်အနည်းငယ်ပို၍ ဖြစ်စေ၊ ထို့အောက် အနည်းငယ် ယုတ်လျော့၍ ဖြစ်စေ) ပါရမီတို့ကို ဖြည့်ကျင့်၍ သုတမယဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက် ရောက်ကြသော အရှင်မြတ်တို့သည် အဂ္ဂသာဝကတို့ မည်ကြလေသည်။

နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကြာ ပါရမီတို့ကို ဖြည့်ကျင့်၍ အလိုလိုသိသော သယမ္ဘူဉာဏ်ဖြင့် (သူတပါးထံ တပည့်မခံရပဲ) အရဟတ္တဖိုလ်ပေါက် ရောက်ကြပြီးလျှင် သူတပါးတို့ကိုကား မဂ်ပေါက်ဖိုလ်ပေါက် နိဗ္ဗာန်ရောက်အောင် တရားပြ ချေချွတ်နိုင်စွမ်းမရှိကြသော အရှင်မြတ်တို့သည် ပစ္စေကဗုဒ္ဓါတို့ မည်ကြလေသည်။

(အောက်ထစ်ပိုင်းခြား အယုတ်အားဖြင့်) လေးအသင်္ချေ ကမ္ဘာတသိန်းကြာ ပါရမီတော်တို့ကို ဖြည့်ကျင့်၍ ပစ္စေကဗုဒ္ဓါအလောင်း, သာဝကအလောင်းတို့၏ ဖြည့်ကျင့်ခြင်းငှါ အရာမဟုတ်သည့် စွန့်ခြင်းကြီးငါးပါးတို့ကို ရဲရဲကြီး ပြုတော်မူကြကာ ဆရာမကူ သယမ္ဘူမှန် မိမိအလိုလိုသိသော သယမ္ဘူဉာဏ်ဖြင့် သဗ္ဗညုတဉာဏ်အထွတ်တပ်သည့် အရဟတ္တဖိုလ်သို့ ရောက်ရှိတော်မူကြပြီးလျှင် ထိုထိုဝေါဟာရတို့၌ သူမတူတန် ကျွမ်းကျင်လိမ္မာတော်မူကြလျက် အထူးထူးသောနည်းတို့ဖြင့် သိမ်မွေ့နက်နဲစွာသော ပါဠိ၏နက်နဲခြင်း, အနက်၏နက်နဲခြင်း, ဒေသနာ၏နက်နဲခြင်း, ထိုးထွင်း၍ သိမှုဉာဏ်ပညာ၏ နက်နဲခြင်း တည်းဟူသော နက်နဲခြင်းလေးပါးနှင့် ပြည့်စုံသည့် တရားဒေသနာကို သတ္တဝါတို့၏ အလိုအဇ္ဈာသယနှင့် ကိုက်ညီအောင် ဟောပြ၍ ဝေနေယျတို့အားလည်း မဂ်ဖိုလ်နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်ကြ မိမိကိုးစားအားထားရာဖြစ်တော်မူကြသည့် အတုလပုဂ္ဂိုလ်

http://www.dhammadownload.com



အရှင်သူမြတ်တို့သည် သမ္မာသမ္ဗုဒ္ဓသုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားတို့ မည်တော်မူကြလေသည်။ ဤ ငါတို့ ဘုရား အလောင်းတော် အရှင်သူမြတ်သည်လည်း ဤသို့သော သဘော ရှိတော်မူသည်ဖြစ်ရကား သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား အတုမရှိသော မြတ်စွာဘုရား ဖြစ်တော်မူလေသည်။ (ဤကား အဖြေတည်း။)

### ဘုရားဖြစ်တော်မူသောအခါ များစွာသော အံ့ဩဖွယ်တို့ ဖြစ်ပေါ်လာခြင်း

ဤသို့ ဘုရားအလောင်းတော် သူမြတ်သည် လောကဓာတ် စကြဝဠာပေါင်း တိုက်တသောင်းကို ရိုက်ညောင်းတုန်ခတ် ပွဲတင် ထပ်စေလျက် နေအရုဏ်စက် တက်လတ်သောအချိန်၌ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိ၍ လူသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူသော အခါ လောကဓာတ်စကြဝဠာတိုက်ပေါင်း တသောင်းလုံး အလှ ဆုံး တန်းဆာဆင်ပြီးသား ဖြစ်၍နေပုံမှာ....

အရှေ့ဖျား စကြဝဠာအနားရေး၌ စိုက်ထောင် အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် အနောက်ဖျား စကြဝဠာ အနားရေး၌ ခိုက်လျက်တည်ကုန်၏၊ ထို့အတူ အနောက်ဖျား စကြဝဠာအနားရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည်လည်း အရှေ့ဖျား စကြဝဠာအနားရေး၌ ခိုက် လျက် တည်ကုန်၏၊ တောင်အရပ်ဖျား စကြဝဠာ အနားရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် မြောက်အရပ်ဖျား စကြဝဠာအနားရေး၌ ခိုက်လျက်တည်ကုန်၏၊ မြောက်အရပ်ဖျား စကြဝဠာအနားရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည်လည်း တောင်အရပ်ဖျား စကြဝဠာအနားရေး၌ ခိုက်လျက်တည်ကုန်၏၊ မြေအပြင်၌ စိုက် ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် ဗြဟ္မာ့ ပြည်ကို ခိုက်လျက်တည်ကုန်၏၊ ဗြဟ္မာ့ပြည်၌ ဖွဲ့ယှက်အပ်သော တံခွန် ကုက္ကားတို့၏ အရောင်များသည်လည်း မြေအပြင်ကို ခိုက်လျက် တည်ကုန်၏။

http://www.dhammadownload.com



စကြဝဠာပေါင်း တိုက်တသောင်းတို့၌ အပွင့် ပွင့်သော သစ်ပင် အမျိုးမျိုးတို့သည်လည်း ရာသီမလင့် တပြိုင်နက်တည်း ပွင့်ကြကုန်၏၊ အသီး သီးသော သစ်ပင်အမျိုးမျိုးတို့သည်လည်း ရာသီမလင့် တပြိုင်နက်တည်း အခိုင်လိုက် အပြွတ်လိုက် သီးကြကုန်၏၊ ပင်စည်ပန်း အခက်ပန်း နွယ်ပန်းတို့လည်း အဆန်းတကြယ် ပွင့်ကြကုန်၏၊ ကောင်းကင်မှလည်း အပင်ကိုမမြင်ရပဲ ပန်းခိုင်များ တွဲလျားကျလျက် ရှိကုန်၏၊ အောက်မြေအလွှာ ကျောက်ဖျာကြီးများကို ဖောက်ခွဲ၍ အဆင့်ဆင့် ခုနစ်ထပ်စီ ခုနစ်ထပ်စီ အရွက်မပါ အရိုးနှင့် ပဒုမာကြာပန်းတို့လည်း အဆန်းတကြယ် ပွင့်ပေါ်လာကြကုန်၏၊ သို့ရကား ဇာတိခေတ် လောကဓာတ် စကြဝဠာပေါင်း တိုက်တသောင်းသည် ထိုအချိန်၌ မြေတသိမ့်သိမ့် တငြိမ့်ငြိမ့်တုန်လှုပ်လျက် ရှိသဖြင့် အလုံးပြုကာ ပစ်လွှင့်အပ်သော ပန်းလုံးကြီးကဲ့သို့ရင်း, အစီအလျဉ် အစဉ်သင့်စွာ ခင်းထားအပ်သည့် ပန်းမွေ့ရာအခင်းကြီးကဲ့သို့ရင်း ဖြစ်၍နေလေ၏။

ထိုမှတပါးလည်း ဘုရားအလောင်းတော် ဖွားမြင်တော်မူသော အခဏ်း (စာမျက်နှာ ၄၅) ၌ ပြဆိုအပ်ခဲ့သော နိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့လည်း ထင်ရှားဖြစ်ပေါ်ကြကုန်၏။

### ဥဒါန်းကျူးရင့်တော်မူခြင်း

ဤသို့သဗ္ဗညုတဉာဏ်တော်နှင့်တကွ ဘုရားဘုန်းဂုဏ် အလုံးစုံတို့ကို ပြည့်စုံစွာ ရရှိတော်မူပြီးသော မြတ်စွာဘုရားသည်—

"ငါသည် ကြီးစွာသော သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရလေပြီတကား၊ ငါသည် အလွန်မြတ်လှစွာသော သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားအဖြစ်ကို ရအပ်လေပြီတကား၊ ကြီးစွာသော အောင်ပွဲသဘင်ကို ဆင်ယင် ကျင်းပအပ်ခဲ့လေပြီတကား၊ ငါသည် လူ နတ် မြဟ္မာ သတ္တဝါအပေါင်းကို တရားဟော၍ ဘဝသုံးပါး

http://www.dhammadownload.com



တည်းဟူသော အနှောင်အဖွဲ့မှ လွတ်စေခြင်းငှါလည်း စွမ်းနိုင်သူ ဖြစ်၏"—

ဟူ၍ စဉ်းစားဆင်ခြင်တော်မူလေသည်။

ထိုသို့ စဉ်းစားဆင်ခြင်တော်မူသောအခါ မြတ်စွာဘုရား၏ သန္တာန်တော်၌ လွန်စွာ့လွန်စွာ နှစ်သက်အားရမ်း ဝမ်းမြောက်ခြင်း ပီတိတရား ထဝ်တလဲလဲ ဖြစ်ပေါ်လာလေသည်၊ မြတ်စွာဘုရားသည် ထိုသို့ ထဝ်တလဲလဲဖြစ်ပေါ်လာသော ပီတိအဟုန်ဖြင့် အလုံးစုံသော သဗ္ဗညုမြတ်စွာဘုရားရှင်တို့ ဘုရားဖြစ်ပြီးလျှင် ကျူးရင့်တော်မူကြမြဲ ဓမ္မတာဖြစ်သည့် ဤဆိုလတ္တံ့သော ဥဒါန်းနှစ်ဂါထာကို ကျူးရင့်တော်မူလေသည်။

(၁) အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

(၂) ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

(၁) ပုနပ္ပုနံ = ဘပသံသရာ ဖန်ခါခါလျှင် ခန္ဓာဝဋ်ဇာတ် အမြစ်မပြတ်နိုင်ပဲ။ ဇာတိ = ယောနိလေးထွေ လှည့်ပတ်ဖွေလျက် သန္ဓေစွဲမှီ တည်နေဖြစ်ပွါးရခြင်းသည်။ ဒုက္ခာ = သန္ဓေဇာတိ ခန္ဓာရှိလျှင် ဗျာဓိဇရာ မရဏာတို့ မကွာနောက်ဆက် ဝင်နှိပ်စက်သဖြင့် သက်သက်ချမ်းသာ မဟုတ်ပါပဲ လွန်စွာညှိုးနွမ်း ပင်ပန်းဆင်းရဲလှဘိ၏။ (တသ္မာ = ထို့ကြောင့်)။ အဟံ = ဘုရားအလျာ သူမြတ်ငါသည်။ ဂဟကာရံ = ဒုက္ခယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ကြိမ်ကြိုးကုတ် တည်ဆောက်လုပ်သည့် အယုတ်တမာ အကြောင်းရင်းသမုဒယသစ္စာဖြစ်သော တဏှာယောက်ျား လက်သမားကို။ ဂဝေသန္တော = လက်သယ်စင်စစ် ဘယ်သူဖြစ်ဟု မိစစ်ထောက်လှမ်း စူးစမ်းရှာဖွေလျက်။ (ဝါ) စူးစမ်းရှာဖွေသော ဘုရားအလျာ သူမြတ်ငါသည်။ အနိဗ္ဗိသံ—အနိဗ္ဗိသန္တော = တဏှာယောက်ျား လက်သမားကို ပိုင်းခြားထင်ထင် လင်းလင်း

http://www.dhammadownload.com



မြင်သည့် သဗ္ဗညုတာ ဉာဏ်မဟာကို သမ္ဘာနုကွေး ငါမရသေးသည်ဖြစ်၍။ (ဝါ) ငါမရသေးသောကြောင့်။ အနေကဇာတိ-သံသာရံ = ဘဝများစွာ သံသရာကာလပတ်လုံး။ သန္ဓာဝိဿံ = ခန္ဓာငါးချက် ဒုက္ခစက်ကို ကြောက်လျက်ပင်လျှင် ငါမခွင်ပဲ သံသရာဝဋ် ချားရဟတ်၌ မရပ်မနား တဖားဖားလျှင် ပြေးသွားကျင်လည်ခဲ့ရလေပြီ။

(၂) ဂဟကာရက = ဒုက္ခယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ကြိမ်ကြိုးကုတ် တည်ဆောက်လုပ်သည့် အယုတ်တမာ အကြောင်းရင်းသမုဒယသစ္စာဖြစ်သော တဏှာယောက်ျား ဟယ်လက်သမား။ ဗုဒ္ဓါနိ = ဘုရားဖြစ်လာ ယခုအခါ၌။ တွံ = သင် တဏှာယောက်ျား လက်သမားကို။ ဒိဋ္ဌော =သဗ္ဗညုတ ဉာဏ်ကိုရသဖြင့် ဒိဋ္ဌထင်ထင် ငါမြင်အပ်သည်။ အသိ = ဖြစ်ပေ၏။ တွံ = သင် တဏှာယောက်ျား လက်သမားသည်။ ဂေဟံ = ဒုက္ခယှက်လိမ် ခန္ဓာကိုယ်အတ္တဘော တည်းဟူသောအိမ်ကို။ ပုန န ကာဟသိ = နင့်ခြေ နင့်လက် နင့်အသက်ကို လေးမင်လျှံရှိန် ဉာဏ်ပုဆိန်ဖြင့် လေးကြိမ်ဖြတ်ခုတ် အမြစ်ပြုတ်သည့် သစ်ငုတ်တိုဟန် နင်ဖြစ်ပြီမှန်သောကြောင့် တဖန်ထပ်လျှောက် နင်ဆောက်နိုင်တော့မည် မဟုတ်ချေ။ တေ = သင် တဏှာယောက်ျား လက်သမား၏။ သဗ္ဗာ = တခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ ဖာသု-ကာ = အခိုင်အမာတည်ဆောက် ခန္ဓာအိမ်တည်းဟူသော ဘုံကွန်းပြောက်၏ ထုပ်လျှောက်ဒိုင်းမြှား ကိလေသာ တရားတို့ကို။ ဘဂ္ဂါ = ဝါသနာအငွေ့အသက်နှင့်တကွ အနုသယသတ္တိ ကျန်မရှိအောင် စိစိကြေညက် ငါချိုးဖျက်အပ်ကုန်ပြီ။ ဂဟကူဋံ = သစ္စာလေးအင် နိဗ္ဗာန်လွှင်ကို မြင်ခွင့်မပေး ဝေးထက်ဝေးအောင် အရေးကန့်လန့် တားဟန့်ပိတ်ကာ အဝိဇ္ဇာတည်းဟူသော အိမ်၏အထွတ်ကို။ ဝိသင်္ခတံ = မုန့်မုန့်ကြေမွ ငါဖျက်ချအပ်လေပြီ။ စိတ္တံ = ကိလေသာဟူ မှုံအညစ်ကြေး ကင်းဝေးဖြူလွှင် ငါဘုရား၏စိတ်အစဉ်သည်။ ဝိသင်္ခါရံ = သင်္ခါရစက်ကွင်း ဒုက္ခခပင်းမှ လွတ်ကင်းရာ အမှန် နန်းနိဗ္ဗာန်သို့။ ဂတံ = အာရုံမျက်မှောက် သက္ကိဓတ်သိဒ္ဓိ

http://www.dhammadownload.com



ပေါက်သဖြင့်ဆိုက်ရောက်သတ်ဝင်မိလေပြီ။ အဟံ = သုံးလောက ထွတ်ထား ငါဘုရားသည်။ တဏှာနံခယံ = တဏှာတရား ရှာရှစ် ပါး၏ ပျက်ပြားကုန်ခန်းရာ အာသဝက္ခယ စတုတ္ထမဂ်ဖိုလ်သို့။ ဇတော = စက္ကဝါရိုက်ခြောင်း တိုက်တသောင်းမှ နတ်ပေါင်း မြဟ္မာ ကောင်းတင်းပြောလျက် ကြည်သာဝမ်းမြောက် ငါဆိုက် ရောက်ခဲ့လေပြီ။

**မှတ်သားရန်။** ။ဥဒါန်းသည် စိတ်တော်ဖြင့်သာ ကျူးရင့်သော **မနသာ** ဥဒါန်း, နှုတ်တော်ချွေမြွက် အသံ ထွက်၍ ကျူးရင့်သော **ဝစသာ** ဥဒါန်း ဟူ၍ နှစ်မျိုးရှိရာ ၌ "အနေကဇာတိသံသာရံ" အစရှိသော ဥဒါန်းဂါထာ ကို မြတ်စွာဘုရားသည် စိတ်တော်ဖြင့်သာ ကျူးရင့်တော် မူသည်၊ ထိုကြောင့် ဤဥဒါန်းကို **မနသာ** ဥဒါန်းဟူ၍ မှတ် ယူရာ၏။ "ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ" အစရှိသော ဥဒါန်းပါဠိတော်လာ ဥဒါန်းများကိုကား မြတ်စွာဘုရား သည် နှုတ်တော်ချွေမြွက် အသံထွက်၍ ကျူးရင့်တော်မူ သည်၊ ထိုကြောင့် ထိုဥဒါန်းပါဠိတော်လာ ဥဒါန်းတို့ကို **ဝစသာ** ဥဒါန်းဟူ၍ မြဲမြံစွာ မှတ်ယူအပ်၏။

(ဤ ဘုရားဖြစ်တော်မူခန်း၌ လာရှိသည့် ပဋိစ္စသမုပ္ပါဒ်တရား, ပဋိသမ္ဘိဒါဉာဏ်တော်လေးပါး, အသာဓာရဏ ဉာဏ်တော် ခြောက်ပါး, ဒသဗလဉာဏ်တော်, စုဒ္ဒသဗုဒ္ဓဉာဏ်တော်, အာဝေဏိကဂုဏ်တော် တဆယ့်ရှစ်ပါး, ဝေသာရဇ္ဇဉာဏ်တော်လေးပါးတို့၏ အကြောင်းအရာ သိမှတ်ဖွယ် မကျဉ်းမကျယ်ကို ဓမ္မရတနာအခန်းသို့ရောက်မှ ရေးသား ဖော်ပြပေအံ့။)

ဘုရားဖြစ်တော်မူခန်း ပြီး၏။

http://www.dhammadownload.com



အခန်း-၈

## သတ္တဋ္ဌာန စံနေတော်မူခဏ်း

### (၁) ပလ္လင်္ကသတ္တာဟ

ဤသို့လျှင် ဘုရားဖြစ်တော်မူပြီးနောက် ကဆုန်လပြည့်ကျော် ၁-ရက်နေ့သို့ ရောက်သစ်စအခါ မြတ်စွာဘုရားသည် ဝမ်းမြောက်ရွှင်လန်း ဥဒါန်းကျူးရင့်တော်မူ၍ ထို အပရာဇိတပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေ (= တင်ပလ္လင်ခွေ) ထိုင်နေတော်မူစဉ်ပင်—

"ငါသည် ဤ အပရာဇိတပလ္လင်ကို ရရှိဖို့ရန် ပါရမီဆယ်ပါး တရားတို့ကို မြောက်မြားစွာ သူမတူတန်အောင် ဖြည့်ကျင့်ဆည်းပူးလျက် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကြာ ကာလပတ်လုံး ကျင်လည်ခဲ့ရလေပြီ၊ ဤမျှ လေးအသင်္ချေကမ္ဘာတသိန်းကြာ ကာလပတ်လုံး ဤ အပရာဇိ-တပလ္လင်ကို ရရှိဖို့ရန် တန်းဆာဆင်အပ်ပြီးသော ဦးခေါင်းတော်ကိုဖြတ်၍ ငါလှူခဲ့ရပေါင်း များလှပြီ၊ မျက်လုံးတော်အစုံတို့ကိုငှင်း, နှလုံးသားကိုငှင်း ထုတ်၍ ငါလှူခဲ့ရပေါင်း များလှပြီ၊ ဇာလီမင်းသားကဲ့သို့သော သားတော်များကိုငှင်း, ကဏှာဇိန်မင်းသမီးကဲ့သို့သော သမီးတော်များကိုငှင်း, မဒ္ဒီဒေဝီကဲ့သို့သော ဇနီးများကိုငှင်း အလှူခံပုဂ္ဂိုလ်တို့အား ကျွန်ပြုလုပ်ခိုင်းကြရန် ငါလှူခဲ့ရပေါင်းများလှပြီ။ ဤ ပလ္လင်သည် ငါဘုရား၏ မာရ်ငါးပါးကို တစမကြွင်း ပယ်ရှင်းအောင်မြင်ရာပလ္လင်လည်း ဖြစ်ပေ၏၊ ဘုန်းကြက်သရေ မင်္ဂလာရှိကာ လွန်စွာမြင့်မြတ်သော ပလ္လင်လည်း ဖြစ်ပေ၏။ ဤ အပရာဇိတပလ္လင်တော်၌ ထိုင်နေစဉ်ပင် ငါ၏ ဘုရားဖြစ်ရန် ကြံစည်တောင့်တ လိုလားအပ်သမျှတို့ ပြည့်စုံခဲ့ကုန်ပြီ၊ ဤမျှကျေးဇူး အထူးများလှသော ပလ္လင်တော်မှ ငါသည် မထသေး"—

ဟု ကြံစည်ပြီးလျှင် ကုဋေအသိန်းမက များလှစွာသော အရဟတ္တဖိုလ် စတုတ္ထဈာန် သမာပတ်တို့ကို ဝင်စားလျက် ထိုအပရာဇိတ

http://www.dhammadownload.com



ပလ္လင်တော်ထက်မှာပင် ခုနစ်ရက်ကြာ သီတင်းသုံး ထိုင်နေတော်မူလေသည်။

မြတ်စွာဘုရားသည် ကဆုန်လပြည့်ကျော် ၁-ရက်နေ့ တနေ့ပတ်လုံး ကုဋေအသိန်းမက များလှစွာသော အရဟတ္တဖိုလ်စတုတ္ထဈာန် သမာပတ်တို့ကို ဝင်စားလျက် ဝိမုတ္တိချမ်းသာ ( = အရဟတ္တဖိုလ်ချမ်းသာ ) ကို ခံစား သုံးဆောင်တော်မူ၍ ထိုကဆုန်လပြည့်ကျော် ၁-ရက်နေ့ ညဉ့်ဦးယံ (ညဉ့်၏ ပဌမပိုင်းအချိန်)၌ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အဝိဇ္ဇာပစ္စယာ သင်္ခါရာ= အဝိဇ္ဇာဟူသောအကြောင်းကြောင့် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဟူသော သင်္ခါရသုံးမျိုးတို့ ဖြစ်ကုန်စွာတကား— ဤသို့ အစရှိသည်ဖြင့် သံသရာဝဋ်ဒုက္ခ၏ ဖြစ်စဉ်တည်းဟူသော **အနုလောမ** အားဖြင့်၎င်း, အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော = အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာတရား အကြွင်းမရှိ (မဖြစ်မှုတည်းဟူသော ချုပ်ခြင်းဖြင့်) ချုပ်ခြင်းကြောင့် ပုညာပုည အာနေဉ္ဇ သင်္ခါရသုံးမျိုးတို့ (မဖြစ်မှုတည်းဟူသော)ချုပ်ခြင်းဖြင့် ချုပ်ကြသည်– ဤသို့ အစရှိသည်ဖြင့် သံသရာဝဋ်ဒုက္ခ၏ချုပ်စဉ်တည်းဟူသော **ပဋိလောမ** အားဖြင့်၎င်း နှလုံးသွင်း ဆင်ခြင်တော်မူလေသည်။

(ဤ၌။ ။မြတ်စွာဘုရား၏ ရွှေဉာဏ်တော်ဝယ် ခပ်သိမ်းသောတရားတို့သည် ခပ်သိမ်းသော အခြင်းအရာဖြင့် ထင်လင်းပြီး ဖြစ်သော်လည်း မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဝိပဿနာနှလုံး သုံးတော်မူခဲ့စဉ်က ပဋိစ္စသမုပ္ပါဒ်တရားကို အဦးမူသဖြင့် ဝိပဿနာနှလုံး ကျင့်သုံးတော်မူခဲ့သောကြောင့်၎င်း, ထို ပဋိစ္စသမုပ္ပါဒ်တရားတော်က လွန်စွာ သိမ်မွေ့နက်နဲ မြင်နိုင်ခဲသောကြောင့်၎င်း ပဋိစ္စသမုပ္ပါဒ်ကိုသာ သံသရာဝဋ်ဒုက္ခ ဖြစ်စဉ်ချုပ်စဉ်ဟူသော အနုလုံ ပဋိလုံအားဖြင့် ဆင်ခြင်တော်မူသည်ဟု အထူးမှတ်သားရာ၏။)

ထိုသို့ ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံပဋိလုံအားဖြင့် အဖန်ဖန် သုံးသပ်ဆင်ခြင်တော်မူသောအခါ မြတ်စွာဘုရား၏ ရွှေဉာဏ်တော်၌ အဝိဇ္ဇာအစရှိသော အကြောင်းတရားကြောင့် သင်္ခါရ

http://www.dhammadownload.com



အစရှိသော အကျိုးတရားတို့ မရပ်မနား ဖြစ်ပွါးမှုတည်းဟူသော သံသရာဝဋ်ဒုက္ခ၏ ဖြစ်စဉ် အနုလုံအနက်သဘောနှင့် အဝိဇ္ဇာ အစရှိသော အကြောင်းတရားတို့ (မဖြစ်သော ချုပ်ခြင်းဖြင့်) ချုပ်ခြင်းကြောင့် သင်္ခါရအစရှိသောအကျိုးတရားတို့ (မဖြစ်သော ချုပ်ခြင်းဖြင့်) ချုပ်ငြိမ်းမှု တည်းဟူသော သံသရာ ဝဋ်ဒုက္ခ၏ ချုပ်စဉ် ပဋိလုံအနက်သဘောတို့ တိုး၍ တိုး၍ ထင်လင်းသိသာ သဖြင့် မြတ်စွာဘုရား၏ နှလုံးသားဟဒယဝတ္ထုပေါ် ဝယ် နှစ်သက် ဝမ်းမြောက်ခြင်း ပီတိတရား ဦးဆောင်သည့် မဟာကြိယာ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိက ဇောအစဉ်တို့ တသွင်သွင်ဖြစ်၍နေလေသည်။

အိုးခွက်အတွင်းသို့ ထောပတ်ကိုဖြစ်စေ ဆီကိုဖြစ်စေ လောင်း၍ထည့်သောအခါ ထိုအိုးခွက်တို့ပြည့်၍ ပိုလျှံသောထောပတ်ဆီသည် အပြင်သို့လျှံ၍ ထွက်လာကုန်သကဲ့သို့ မြတ်စွာဘုရား၏ နှလုံးအိမ် ဟဒယဝတ္ထုတည်းဟူသော အိုးခွက်၌ တရားသဘောတို့ တိုး၍ တိုး၍ ထင်လင်းသိမြင်မှုကို အကြောင်းပြုကာ ဖြစ်ပေါ် လာသော ပညာဉာဏ်ရွှေသွားရှိသည့် ပီတိတရားတည်းဟူသော ထောပတ်ဆီတို့သည် နှလုံးအိမ် ဟဒယဝတ္ထု တည်းဟူသော အိုးခွက်တို့ ပြည့်ပြီးလျှင် ဝမ်းတွင်း၌ မဆံ့ အပြင်သို့လျှံ၍ ထွက် လာသည့်ပမာ ထိုပညာဉာဏ်ရွှေသွားရှိသော ပီတိကို အကြောင်းပြု၍ ဥဒါန်းဂါထာကို ကျူးရင့်တော်မူလေသည်—

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။

အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

အာတာပိနော = တထောင်ငါးရာ ကိလေသာတို့ကို လွန်စွာနှိပ်ကွပ် ပူပန်စေတတ်သည့် သမ္မပ္ပဓာန်လုံ့လ ဝီရိယလည်းရှိပေထသော။ ဈာယတော = အာနာပါန စသည်ဖုံဖုံ သမထအာရုံနှင့် အစုံသော ရုပ်နာမ်မှုတို့၏

http://www.dhammadownload.com



အနိစ္စ ဒုက္ခ အနတ္တခြင်းရာ လက္ခဏာကို အပ္ပနာခိုက် ချာန်မင်ဆိုက်အောင် စိုက်စိုက်စူးစူး အထူးမြဲမြဲ ရှုအားသန်ပေထသော။ (၀၁) ရှုအားသန်သောကြောင့်။ ဗြာဟ္မဏ-ဿ = မကောင်းမှုဟူသမျှကို အပပြုပြီးသော ရဟန္တာသခင် အရှင်မြတ်၏သန္တာန်၌။ ယဒါ = အကြင် အခါ၌။ ဓမ္မာ = ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည်။ ဟဝေ = စင်စစ်။ ပါတုဘဝန္တိ = ဥပါဒ်ထင်ရှား ဖြစ်ပွါးကုန်၏။ ယတော = ယင်းသို့ ဗောဓိပက္ခိယ တရားသုံးဆယ့်ခုနစ်ပါးတို့ ထင်ရှား ဖြစ်ပေါ်ခြင်းကြောင့်။ သဟေတုဓမ္မံ = အဝိဇ္ဇာ အစရှိသော အကြောင်းတရားနှင့်တကွ သင်္ခါရအစရှိသော အကျိုးတရားထု ဒုက္ခအစုကို။ ပဇာနာတိ = ပိုင်းခြားထင်ထင် သိမြင်လေ၏။ အထ = ထိုသို့ ပဋိစ္စခေတ် သမုပ္ပါဒ်ကို အတပ်ထင်ထင် လင်းလင်းမြင်သောအခါ၌။ အဿ = ထိုရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။ သဗ္ဗာ = တခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ ကင်္ခါ = ပဋိစ္စသမုပ္ပါဒ်တရား၌ ယုံမှားခြင်း, ထိုပဋိစ္စသမုပ္ပါဒ်တရားတို့ကို မသိမြင်ခြင်းကြောင့် ကာလသုံးပါးဝယ် ဖြစ်ပွါးသည့် ရုပ်နာမ်တရားတို့၌ ယုံမှားခြင်း တရား တဆယ့်ခြောက်ပါးတို့သည်။ ဝပယန္တိ—ဝိအပ-ယန္တိ = နေလျှံရှိန်ကျောက် ဆီးနှင်းပေါက်သို့ ကင်းပျောက်ချုပ်ငြိမ်းကြကုန်၏။

ထို့နောက် မဇ္ဈိမယံ( = ညဉ့်၏ အလယ်ဂိုင်း)သို့ ရောက်သောအခါ မြတ်စွာဘုရားသည် ထိုမဇ္ဈိမယံ ကာလပတ်လုံး အကြောင်းအကျိုးတို့ ဆက်စပ်ဖြစ်ပွါးသည့် ပဋိစ္စသမုပ္ပါဒ်တရားကိုပင် အနုလုံပဋိလုံအားဖြင့် အဖန်ဖန် သုံးသပ်ဆင်ခြင်တော်မူလေသည်။ ထိုသို့ဆင်ခြင်တော်မူသောအခါ မြတ်စွာဘုရား၏ ရွှေဉာဏ်တော်၌ အကြောင်းတရားတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်တရား တိုး၍တိုး၍ ထင်လင်းသိသာသဖြင့် ပညာတရား ပီတိတရားတို့ ရွှေသွားဦးဆောင်သည့် မဟာကြိယာ သောမနဿသဟဂုတ် ဉာဏ-

http://www.dhammadownload.com



သမ္မယုတ် အသင်္ခါရိကဓောစိတ္တုပ္ပါဒ်အစဉ်တို့ တသွင်သွင် ဖြစ်ပွါး ပြီးလျှင် ထိုပီတိအဟုန်ကို ငုံ၍မထားနိုင်ပဲ ဝမ်းတွင်းမဆံ့ အပြင်သို့ ပြန့်၍လျှံ၍ ထွက်လာသည့်ပမာ ထိုပညာဉာဏ်ရွှေသွား ရှိသော ပီတိကို အကြောင်းပြု၍ ဥဒါန်းဂါထာကို ကျူးရင့်တော်မူပြန် လေသည်—

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

အာတာပိနော = တထောင်ငါးရာ ကိလေသာတို့ကို လွန်စွာနှိပ်ကွပ် ပူပန်စေတတ်သည့် သမ္မပ္ပဓာန်လုံ့လ ဝီရိယလည်း ရှိပေထသော။ ဈာယတော = အာနာပါန စသည်ဖုံဖုံ သမထအာရုံနှင့် အစုံသော ရုပ်နာမ်ဓမ္မတို့၏ အနိစ္စ ဒုက္ခ အနတ္တခြင်းရာ လက္ခဏာကို အပ္ပနာခိုက် ဈာန်မဂ်ဆိုက်အောင် စိုက်စိုက်စူးစူး အထူးမြိမြိ ရှုအား သန်ပေထသော။ (ဝါ) ရှုအားသန်သောကြောင့်။ ဗြာဟ္မဏဿ = မကောင်းမှုဟူသမျှကို အပပြုပြီးသော ရဟန္တာ သခင် အရှင်မြတ်၏သန္တာန်၌။ ယဒါ = အကြင်အခါ၌။ ဓမ္မာ = ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည်။ ဟဝေ = စင်စစ်။ ပါတုဘဝန္တိ = ဥပါဒ်ထင်ရှား ဖြစ်ပွါး ကုန်၏။ယတော = ယင်းသို့ဗောဓိပက္ခိယတရားသုံးဆယ့် ခုနစ်ပါးတို့ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။ ပစ္စယာနံ = အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏။ ခယံ = ကုန်ခန်းရာမှန် အသင်္ခတနိဗ္ဗာန်ကို။ အဝေဒိ = ထိုးထွင်း ထင်ထင် သိမြင်တော်မူလေပြီ။အထ = ထိုသို့ ပစ္စယက္ခယ အမည်ရသည့် အသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်ကို အတပ် ထင်ထင် လင်းလင်းမြင်သောအခါ၌။အဿ=ထိုရဟန္တာ သခင် အရှင်မြတ်၏ သန္တာန်၌။ သဗ္ဗာ = တခုမကြွင်း

http://www.dhammadownload.com



ခပင်းဥဿုံ အလုံးစုံကုန်သော။ ကင်္ခါ = နိဗ္ဗာန်ကိုထိုးထွင်း မသိခြင်းကြောင့် ကိုယ်တွင်း၌မှာ ဖြစ်ပေါ်လာမည့် ကင်္ခါ ယုံမှား တရားအစုတို့သည်။ ဝပယန္တိ—ဝိအပယန္တိ = နေလျှံရှိန်ကျောက်ဆီးနှင်းပေါက်သို့ ကင်းပျောက်ချုပ်ငြိမ်း ကြကုန်၏။

ထို့နောက် ပစ္ဆိမယံ (= ညဥ့်၏နောက်ပိုင်းအချိန်) သို့ ရောက်သောအခါ မြတ်စွာဘုရားသည် ထိုပစ္ဆိမယံကာလပတ်လုံးလည်း အကြောင်းအကျိုးတို့ ဆက်စပ်ဖြစ်ပွါးသည့် ပဋိစ္စသမုပ္ပါဒ်တရားကိုပင် အနုလုံပဋိလုံအားဖြင့် အဖန်ဖန် သုံးသပ်ဆင်ခြင်တော်မူပြန်လေသည်။ ထိုသို့ ဆင်ခြင်တော်မူသောအခါ မြတ်စွာဘုရား၏ ရွှေဉာဏ်တော်၌ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ရဟတ်၏ မပြတ်လည်ပုံ ချုပ်ပြတ်ပုံတို့ကို လင်းလင်း သိမြင်သော အရိယမဂ် တရားတို့ တိုး၍တိုး၍ ထင်လင်းသိသာသဖြင့် ပညာတရား ပီတိတရားတို့ ရှေ့သွားဦးဆောင်သည့် မဟာကြိယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကဇောစိတ္တုပ္ပါဒ်အစဉ်တို့ တသွင်သွင်ဖြစ်ပွါးပြီးလျှင် ထိုပီတိအဟုန်ကို ငုံ၍မထားနိုင်ပဲ ဝမ်းတွင်းမဆံ့ အပြင်သို့ ပြန့်၍လျှံ၍ ထွက်လာသည့်ပမာ ထိုပညာဉာဏ်ရှေ့သွားရှိသော ပီတိကို အကြောင်းပြု၍ သုံးကြိမ်မြောက် ဥဒါန်းဂါထာကို ကျူးရင့်တော်မူပြန်လေသည်—

> ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
> အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
> ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
> သူရိယောဝ ဩဘာသယမန္တလိက္ခံ။

အာတာပိနော = တထောင်ငါးရာ ကိလေသာတို့ကို လွန်စွာနှိပ်ကွပ် ပူပန်စေတတ်သည့် သမ္မပ္ပဓာန် လုံ့လ ဝီရိယလည်းရှိပေထသော။ ဈာယတော = အာနာပါန စသည့်ဖုံဖုံ သမထအာရုံနှင့် အစုံသော ရုပ်နာမ်ဓမ္မတို့၏

http://www.dhammadownload.com



အနိစ္စ ဒုက္ခ အနတ္တခြင်းရာ လက္ခဏာ၃ကို အပ္ပနာခိုက် ရှာန်မဂ်ဆိုက်အောင် စိုက်စိုက်စူးစူး အထူးမြမြ ရှုအားသန်ပေထသော။ (၀ါ) ရှုအား သံန်သောကြောင့်။ မြာဟ္မဏာသ = မကောင်းမှု ဟူသမျှကို အပပြုပြီးသော ရဟန္တာသခင် အရှင်မြတ်၏သန္တာန်၌။ ယဒါ = အကြင် အခါ၌။ ဓမ္မာ = ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး တို့သည်။ ဟဝေ = စင်စစ်။ပါတုဘဝန္တိ = ဥပါဒ်ထင်ရှား ဖြစ်ပွါးကုန်၏။ (တဒါ = ထိုအခါ၌။) သူရိယော = ယုဂန္ဓိုရ်တောင်စွန်းမှ ပေါ်ထွန်းထွက်ပြူ ဥဒည်မူသော နေမင်းသည်။ အန္တလိက္ခံ = အဇဋ္ဌာမြင် မိုးကောင်းကင် ကို။သြဘာသယံ-သြဘာသယန္တော = မိမိအရောင် ခြည် တထောင်ဖြင့် မိုက်မှောင်ပယ်ရှင်း ထွန်းလင်းတောက်ပ လျက်။ တိဋ္ဌတိ ဣဝ = တည်သကဲ့သို့။ (သော မြာဟ္မဏော = ထိုရဟန္တာသခင် အရှင်သူမြတ်သည်။ တေဟိ ဓမ္မေဟိ = ထိုဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ ဖြင့်။)မာရသေနံ = ကာမရာဂ စသည်ဆယ်ထပ် မာရ်စစ် တပ်ကို။ ဝိဓူပယံ—ဝိဓူပယန္တော = မှုန့်မှုန့် ညက် ညက် တိုက်ဖျက်ပယ်ဖျောက်လျက်။တိဋ္ဌတိ = ပညာတန်ဆောင် ဉာဏ်တော်ရောင်ဖြင့်ထွန်းပြောင်ထိန်လက်ပြိုးပြိုးပြက်လျှင် နေစက်နှုန်းတူ တည်တော်မူ၏။

(ဥဒါန်းပါဠိတော်၌ "ညဉ့်၏ ပဌမပိုင်း၌ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ အားဖြင့် ဆင်ခြင်တော်မူကြောင်း၊ သန်းခေါင်ယံ (=ညဉ့်၏ဒုတိယ ပိုင်း)၌ ပဋိလုံအားဖြင့် ဆင်ခြင်တော်မူကြောင်း၊ တတိယယံ(=ညဉ့်၏ နောက်ပိုင်း)၌ အနုလုံပဋိလုံအားဖြင့် ဆင်ခြင်တော်မူကြောင်း"ဟော တော်မူသည်ကား ပလ္လင်္ကသတ္တာဟပြည့်မြောက်သည့် ခုနစ်ရက်မြောက် ညဉ့်၌ ဆင်ခြင်တော်မူသည်ကို ရည်ရွယ်၍ ဟောတော်မူခြင်းဖြစ်သည်။)

မြတ်စွာဘုရားသည် ကဆုန်လပြည့်ကျော် ၁-ရက်နေ့ ညဉ့် သုံးယံကာလပတ်လုံး ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုလုံပဋိလုံ ဆင်ခြင်တော်မူ၍ ရွှေးဖော်ပြရာပါ ဥဒါန်းသုံးဂါထာတို့ကို ကျူး

http://www.dhammadownload.com



ရင့်တော်မူပြီးလျှင် ကဆုန်လပြည့်ကျော် ၂-ရက်နေ့, ၃-ရက်, ၄-ရက်, ၅-ရက်, ၆-ရက်, ၇-ရက်နေ့တို့၌လည်း ထိုအပရာဇိတ ပလ္လင်တော်မှာပင် - သီတင်းသုံးစံနေတော်မူကာ အရဟတ္တဖိုလ် ချမ်းသာကို ဝင်စားသုံးဆောင်တော်မူလေသည်။

## (၂) အနိမိသ သတ္တာဟ

(မျက်လုံးတော်ကိုမမှိတ်ပဲ မဟာဗောဓိပင်နှင့် အပရာဇိတပလ္လင်တော်ကို စူးစူးစိုက်စိုက် ကြည့်ရှုနေတော်မူသော ခုနစ်ရက်ကို "အနိမိသ သတ္တာဟ"ဟူ၍ ခေါ်ဆိုသည်။)

ထိုသို့ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် ခုနစ်ရက်ပတ်လုံး အပရာဇိတပလ္လင်တော်၌ (တင်ပလ္လင်ခွေမှုကို မပြင်ပဲ တကိုင်တည်းဖြင့်) အရဟတ္တဖိုလ်ချမ်းသာကို ခံစားသုံးဆောင်တော်မူ၍ ခုနစ်ရက်ပြည့်မြောက်သောအခါ (ရှေးဘုရားတို့ လက်ထက်က မဂ်ဖိုလ်ကိုရခဲ့သဖြင့် ဘုရားရှင်၏ဂုဏ်ကျေးဇူးကို တစိတ်တဒေသ သိရှိကြသော အရိယနတ်မြဟ္မာတို့မှတပါး) အချို့သော (ပုထုဇဉ်) နတ်မြဟ္မာတို့၏သန္တာန်၌ "မြတ်စွာဘုရားသည် ယခုထက်တိုင်ပင် ပလ္လင်တော်မှ ထတော်မမူသေး၊ ယခုရရှိပြီးသော ဂုဏ်ကျေးဇူးမှတပါး အခြား ဘုရားဖြစ်အောင်ပြုနိုင်သည့် ဂုဏ်ကျေးဇူးတို့ ရှိများရှိကုန်လေသေးသလော"ဟု ယုံမှားမှု ဖြစ်ပေါ်လာလေသည်။

ထိုအခါ မြတ်စွာဘုရားသည် ရှစ်ရက်မြောက်နေ့ (လပြည့်ကျော် ၈-ရက်နေ့)၌ အရဟတ္တဖိုလ်သမာပတ်မှ ထတော်မူ၍ နတ်မြဟ္မာတို့၏ ယုံမှားမှုကို သိရှိတော်မူကာ ထိုနတ်မြဟ္မာတို့၏ ယုံမှားမှုကို ပယ်ရှားတော်မူအံ့သောငှါ ကောင်းကင်သို့ ပျံတက်၍ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူလေ၏။ (ဤယခု မဟာဗောဓိမဏ္ဍိုင်၌ ပြအပ်သော ယမိုက်ပြာဋိဟာ, ကပိလဝတ်ပြည်ဝယ် ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ ပြအပ်သော ယမိုက်ပြာဋိဟာ, ဝေသာလီပြည်ဝယ် ပါထိကပုတ္တတက္ကတွန်းကို

http://www.dhammadownload.com



အကြောင်းပြု၍ ဖြစ်သော အစည်းအဝေး၌ ပြအပ်သော ယမိုက်ပြာဋိဟာ ဤရေမီး အစုံအစုံ တန်ခိုးပြာဋိဟာ (=ယမိုက်ပြာဋိဟာ)စုသည် ကဏ္ဍမ္ဗသရက်ပင်အနီး၌ ပြအပ်သော ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာနှင့် တူညီ၏၊ ကဏ္ဍမ္ဗသရက်ပင်အနီး၌ ပြအပ်သော ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာအကြောင်း အကျယ်စကားရပ်သည် နောက်၌ ထင်ရှားလတ္တံ့။)

မြတ်စွာဘုရားသည် ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကိုပြတော်မူ၍ နတ်ဗြဟ္မာတို့၏ ယုံမှားမှုကို ပယ်ရှားတော်မူပြီးလျှင် ကောင်းကင်မှ ဆင်းသက်တော်မူ၍ အပရာဇိတပလ္လင်တော်မှ စဉ်းငယ်အရှေ့အရပ်သို့ ယွန်းသော မြောက်အရပ် (=အရှေ့မြောက်ထောင့်အရပ်)၌ မတ်မတ်ကြံ့ခိုင် ရွှေတုရိုဏ်တိုင်ကဲ့သို့ ရပ်တည်တော်မူပြီးလျှင် "ငါသည် ဤအပရာဇိတပလ္လင်တော်၌ သဗ္ဗညုတရွှေဉာဏ်တော်ကို ရအပ်လေပြီတကား"ဟု စဉ်းစားဆင်ခြင်တော်မူကာ လေးအသင်္ချေ ကမ္ဘာတသိန်းကြာ ဆည်းပူးတော်မူခဲ့သော ပါရမီတော်တို့၏ အကျိုးဖြစ်သည့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရတော်မူရာ အပရာဇိတပလ္လင်တော်နှင့် မဟာဗောဓိပင်ကို မျက်လုံးတော်မမှိတ်ပဲ ကြည့်ရှုလျက် ခုနစ်ရက်ကို လွန်စေတော်မူသည်။ ထိုအရပ်သည် **အနိမိသစေတီ** ဟူ၍ မည်တွင်လေသည်။

## (၃) စင်္ကမ သတ္တာဟ

ထို့နောက် တတိယသတ္တာဟသို့ ရောက်သောအခါ မြတ်စွာဘုရားသည် အပရာဇိတပလ္လင်တော်နှင့် အနိမိသစေတီတို့၏ အကြား အရှေ့အနောက် အလျားရှိသော နတ်ဗြဟ္မာတို့ ဖန်ဆင်းအပ်သည့် ရတနာစင်္ကြံ၌ တရားတော်ကိုဆင်ခြင်ကာ ဖလသမာပတ်ကို ဝင်စားကာဖြင့် လူးလာတို့ခေါက် စင်္ကြံလျှောက်လျက် ခုနစ်ရက်ကို ကုန်လွန်စေတော်မူသည်။ ထိုအရပ်သည် **ရတနစင်္ကမ စေတီ** ဟူ၍ မည်တွင်လေသည်။

http://www.dhammadownload.com



## (၄) ရတနာဃရ သတ္တာဟ

ထို့နောက် စတုတ္ထသတ္တာဟသို့ ရောက်သောအခါ မြတ်စွာဘုရားသည် မဟာဗောဓိပင်မှ အနောက်မြောက်ထောင့် အရပ်ဝယ် နတ်မြဟ္မာတို့ ဖန်ဆင်းအပ်သော **ရတနာဃရ** ရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူကာ **အဘိဓမ္မာပိဋက** တရားတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူလေသည်။

**ဗိနည်းလင်္ကာရဋီကာ အလိုအားဖြင့်**....ရတနာဃရ ရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူကာ တရားတော်ကို သုံးသပ်ဆင်ခြင်၍ ဝေနေယျသတ္တဝါ အပေါင်းကို ကြည့်ရှုဆင်ခြင်တော်မူလတ်သည်တွင် ကျွတ်ထိုက်သသူ နတ်လူမြဟ္မာ သတ္တဝါတို့သည် သီလ၌ တည်၍ သမာဓိဖြင့် စိတ်ကို တည်ကြည်အောင် ပြုပြီးလျှင် ပညာဖြင့် ဝိပဿနာအလုပ် အားထုတ် ကျင့်ကြံ၍ မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော အရိယာဘုံသို့ သက်ရောက်ကြကြောင်း သီလ, သမာဓိ, ပညာတည်းဟူသော ပဋိပတ် လမ်းစဉ်လမ်းကြောင်းကို ကောင်းစွာသိမြင်တော်မူသဖြင့် ရှေးဦးစွာ သီလကိုပြဆိုရာ **ဝိနည်းပိဋက**ကို သုံးသပ်ဆင်ခြင်တော်မူလေသည်၊ ထို့နောက် သမာဓိကို ပြဆိုရာဖြစ်သော **သုတ္တန်ပိဋက**ကို သုံးသပ် ဆင်ခြင်တော်မူလေသည်၊ ထို့နောက် ပညာကို ပြဆိုရာ **အဘိဓမ္မာပိဋက**ကို သုံးသပ် ဆင်ခြင်တော်မူလေသည်။

အဘိဓမ္မာပိဋကတရားတော်များကို သုံးသပ် ဆင်ခြင်တော်မူသောအခါ အောက်ဖြစ်သော ဓမ္မသင်္ဂဏီကျမ်း, ဝိဘင်းကျမ်း, ဓာတုကထာကျမ်း, ပုဂ္ဂလပညတ်ကျမ်း, ကထာဝတ္ထုကျမ်း, ယမိုက်ကျမ်းတို့ကို သုံးသပ် ဆင်ခြင်တော်မူသော အခိုက်၌ သဗ္ဗညုတရွှေဉာဏ်တော်က ကျယ်ဝန်း တရားနည်းက ကျဉ်းသဖြင့် ရွှေဉာဏ်တော် မကွန့်မြူးလောက်သေးရကား ရောင်ခြည်တော်ခြောက်ပါးတို့ မကွန့်မြူးကြသေးပဲ ခုနစ်ဆင့်မြောက် ဖြစ်သည့် **အနန္တနယ** သမန္တပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါ (မဟာသမုဒ္ဒရာအတွင်း၌ မြူးကွန့်ခွင့်ကိုရသော **ယုဇနာ**

http://www.dhammadownload.com



တထောင်ရှိသည့် တိမိင်္ဂလငါးကြီးပမာ)သဗ္ဗညုတရွှေဉာဏ်တော်သည် မြူးကွန့်ခွင့်ကို ရတော်မူလေသည်။

အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီးဝယ် အလွန်သိမ်မွေ့နူးညံ့နက်နဲသော တရားအချက်တို့ကို သုံးသပ် ဆင်ခြင်တော်မူလတ်သောအခါ မြတ်စွာဘုရား၏ သန္တာန်၌ အလွန်နှစ်သက် ဝမ်းမြောက်ခြင်း ပီတိတရားဖြစ်ပွါးလာလေသည်။ ပီတိတရားဖြစ်ပွါးသောကြောင့် သွေးတော် ကြည်လင်လေသည်၊ သွေးတော်ကြည်လင်ခြင်းကြောင့် အရေတော် ကြည်လင်လေသည်၊ အရေတော် ကြည်လင်ခြင်းကြောင့် ကိုယ်တော် ရှေ့ပိုင်းမှ အိမ်လုံးတောင်လုံးခန့် ပမာဏရှိသော ရောင်ခြည်တော်တို့သည် ထွက်ပေါ်ကွန့်မြူးကြ၍ ကောင်းကင်၌ပျံသန်းသွားသော ဆဒ္ဒန်ဆင်မင်းပမာ အရှေ့အရပ်မျက်နှာ အနန္တစကြဝဠာတို့သို့ မြူးကွန့်ပြေးသွားကြကုန်၏။

ကိုယ်တော်နောက်ပိုင်းမှလည်း ထိုအတူ ရောင်ခြည်တော်တို့ထွက်ပေါ်ကွန့်မြူးကြ၍ အနောက်အရပ်မျက်နှာ အနန္တစကြဝဠာတို့သို့ မြူးကွန့်ပြေးသွားကြကုန်၏။ လက်ျာနံပါးတော်မှလည်း ထို့အတူ ရောင်ခြည်တော်တို့ ထွက်ပေါ်ကွန့်မြူးကြ၍ တောင်အရပ်မျက်နှာ အနန္တစကြဝဠာတို့သို့ မြူးကွန့်ပြေးသွားကြကုန်၏။ လက်ဝဲနံပါးတော်မှလည်း ထို့အတူ ရောင်ခြည်တော်တို့ ထွက်ပေါ်ကွန့်မြူးကြ၍ မြောက်အရပ်မျက်နှာ အနန္တစကြဝဠာတို့သို့ ကွန့်မြူး ပြေးသွားကြကုန်၏၊ ခြေဖဝါးတော် အပြင်တို့မှလည်း သန္တာသွေ့အဆင်းရှိသော ရောင်ခြည်တော်တို့ ထွက်ပေါ်ကွန့်မြူးကြ၍ မြေထု ရေထု လေထုကို ထွင်းဖောက်ပြီးလျှင် အောက်အဇင္ဈာပြင် ကောင်းကင်သို့ သက်ဝင် ပြေးသွားကြကုန်၏။ ဦးခေါင်းတော်မှလည်း နီလာဆွဲကြိုးကုံးကို လှည့်ပတ်သည့်ပမာ ညိုသော ရောင်ခြည်တော်အလုံးတို့သည် တလုံးပြီးတလုံး ထွက်ပေါ်ကွန့်မြူးကြ၍ ကာမာဝစရ နတ်ပြည်ခြောက်ရွာ ဗြဟ္မာပြည်နှစ်ဆယ်တို့ကို ကျော်တက်၍ အထက်အဇင္ဈာကာသ ကောင်း

http://www.dhammadownload.com



ကင်သို့ ပျံတက်ကွန့်မြူးကြလေသည်၊ ထိုအချိန်မှာ အနန္တစကြဝဠာ၌ရှိကြသည့် အနန္တသတ္တဝါ အားလုံးတို့သည် ရွှေရောင် အဆင်း ဝါဝင်းတောက်ပ၍ နေကြကုန်၏။

**အထူးအားဖြင့်**....ပဥ္စာနန်း တရားတော်ကို သုံးသပ်ဆင်ခြင်တော်မူသည့် ထိုနေ့၌ မြတ်စွာဘုရား၏ ကိုယ်တော်မှ ထွက်ပေါ် ကွန့်မြူးကြသော ရောင်ခြည်တော်တို့သည် ယနေ့တိုင်အောင်ပင် အနန္တစကြဝဠာ လောကဓာတ်တို့သို့ ဥတုဇရုပ် အဆက်ဆက်အနေအားဖြင့် သွားလျက်ရှိကြကုန်၏။

**ဆဗ္ဗညုရံသိဝန္ဒနာ ဂါထာများ**

ဤအရာ၌ မဟာဂန္ဓာရုံသုဒ္ဓါရာမ ဆရာတော်ဘုရား ရေးသားဖွဲ့ဆိုတော်မူအပ်သော "ဆဗ္ဗညုရံသိဝန္ဒနာ = ရောင်ခြည်တော်ခြောက်ပါးဘုရားရှိခိုး"ဂါထာပါဌ်အနက်တို့ကို သုတကာမီ ပုဂ္ဂိုလ်တို့အလို့ငှါ ထုတ်ဖော်ရေးသား ပြဆိုဦးအံ့။

(၁) သတ္တသတ္တာဟမဗ္ဘုမှိ၊ နာထော ယော သတ္တ သမ္မသိ။
ပဌာ သမန္တပဋ္ဌာနံ၊ ဩကာသံ လဘတေ တဒါ။

နာထော = လူသုံးမျိုးတို့၏ ကိုးစားရာတဆူဖြစ်တော်မူသော။ ယော သတ္ထာ = အကြင် မြတ်စွာဘုရား ကိုယ်တော်မြတ်သည်။ သတ္တသတ္တာဟမဗ္ဘုမှိ=ပလ်+နိမ်+စင်+ဆ+အ+မု+ရ-ဟု သတ္တာဟခုနစ်လီ နေ့ခုနစ်ပတ်လည် ဝယ် ချက်လယ်မွေချာ ရတနာဃရ သတ္တာဟ၌။ (ဝါ) ပလ္လင်္ကသတ္တာဟ, အနိမိသသတ္တာဟ, စင်္ကမသတ္တာဟ, ရတနာဃရသတ္တာဟ, အဇပါလသတ္တာဟ, မုစလိန္ဒ-သတ္တာဟ, ရာဇာယတနသတ္တာဟ-ဟူသော သတ္တာဟ ခုနစ်လီ နေ့ခုနစ်ပတ်လည်ဝယ် ချက်လယ်မွေချာ ရတနာဃရ

http://www.dhammadownload.com



သတ္တာဟဉ္စ။ သတ္တ = ခမ်+ ဝိ+ ခေ+ လ+ က+ ယ+ ပဋ္ဌာန်း အဘိဓမ္မာခုနစ်ကျမ်းတို့ကို။ (ဝါ) ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းအဘိဓမ္မာခုနစ်ကျမ်းတို့ကို။ သမ္မသိ = ကပ်အလီလီ ဖြည့်ခဲ့ညီသား ပါရမီဘုန်းစည် အတည်တည်ကြောင့် နိုင်းရှည်မဲ့ရှဲ နက်နဲမွေသိမ် တေဇိန်ပြေဒထု သဗ္ဗညုဖြင့် ရှေးရှုတစ်တစ် သုံးသပ်ဆင်ခြင်တော် မူလေပြီ။ တဒါ = ထိုသို့ သုံးသပ် ဆင်ခြင်တော်မူသော အခါ၌။ သမန္တ-ပဋ္ဌာနံ = ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ဝှမ်းဆောင်သား ကျောက်တောင်ပတ်ခွေ သမုဒ်ရေထက် အနေကျယ်ဝှမ်း နည်းစုံဆန်းသော သမန္တ-ပဋ္ဌာန်းကျမ်းကြီးသို့။ ပတ္တာ = ဉာဏ်ရဉ်တော်လျှောက် အစဉ်ရောက်၍။ ဉာဏံ = ကပ်အလီလီ ဖြည့်ခဲ့ညီသား ပါရမီဘုန်းစည် အတည်တည်ကြောင့် နိုင်းရှည်မဲ့ရှဲ နက်နဲမွေသိမ် တေဇိန်ပြေဒထု သဗ္ဗညုတ ရွှေဉာဏ်တော်မြတ် သည်။ ဃြကာသံ = မြူးထူးကျက်စား ကစားခွင့်ကို။ လဘာတေ = ရတော်မူလေ၏။

(၂) ယောဇနာနံ သတာယာမော၊
ပဉ္စ တိမိရပိင်္ဂလော။
ကီဠောဟာသံ သမုဒ္ဒေဝ၊
ဂမ္ဘီရေ လဘတေ ယထာ။

ယထာ = ပမာတန္တု အပြိုင်ပြု၍ နိုင်းရှုစရာ ဥပမာပုံဆို အဘယ်လိုနည်းဟူမူကား။ ယောဇနာနံ = ခုနစ်တောင် တတာ ဝိသာဥသဘ ဂါဝုတသီတိ စတ္တာရိဂါဝါ ယူဇနာတို့၏။ ပဉ္စသတာယာမော = ငါးရာရှည်လျား လွန်ကြီးမားသော။ တိမိရပိင်္ဂလော = တိမိရပိင်္ဂလ အမည်ရသော ငါးကြီးသည်။ ဂမ္ဘီရေ = ယူဇနာပေါင်း ရှစ်သောင်း လေးထောင် နက်ဝှမ်းဆောင်သော။ သမုဒ္ဒေဝ — သမုဒ္ဒေဝ = တောင်ခွေပတ်ချုပ် ရေသမုဒ်၌သာလျှင်။ ကီဠော-

http://www.dhammadownload.com



ကာသံ = မြီးဆံရှင်ပျယ် စံပယ်ခတ်ကူး မြူးထူးကျက်စား ကစားခွင့်ကို။ လဘတေ ယထာ = ရလေသကဲ့သို့။ ဇဝံ တထာ = ထို့အတူ။ ဉာဏံ = ကင်အလီလီ ဖြည့်ခဲ့ညီသား ပါရမီဘုန်းစည် အတည်တည်ကြောင့် နိုင်းရှည်မဲ့ရှဲ နက်နဲ မွေသိမ် တေဇိန်ပြောထု သဗ္ဗညုတ ရွှေဉာဏ်တော်မြတ် သည်။ ဩကာသံ = မြူးထူးကျက်စား ကစားခွင့်ကို။ လဘတေ = ရတော်မူလေ၏။

(၃) သမ္ပသန္နဿ တံ ခဏ်၊
တဒါ သတ္ထု သရီရတော။
တံ တံ ဓာဝန္တိ ဆဗ္ဗဏ္ဏာ၊
လောဟိတာဒိပသီဒနာ။

တဒါ = ထိုသို့ အခွင့်ရတော်မူသောအခါ၌။ တံ ခဏံ = ပရမာဏုမြူ ပိုတူအလား (သိမ်မွေ့ နူးညံ့စွာသော) ထို ပဋ္ဌာန်းတရားကို။ သမ္ပသန္နဿ = သုံးသပ်ဆင်ခြင်တော် မူသော။ သတ္ထု = မြဟ္မာနတ်လူ သုံးဘုံသူကို ကြည်ဖြူရှင်ပြုံး ရွှေနှလုံးဖြင့် ဆုံးမတော်မူပေတတ်သော မြတ်စွာဘုရား၏။ လောဟိတာဒိပသီဒနာ = သွေးတော် စသည် ကြည်လင် တောက်ပခြင်းကြောင့်။ သရီရတော = ပကတိအတောင် တဆယ့်ရှစ်တောင်ပေါ် ရွှေကိုယ်တော်မှ။ ဆဗ္ဗဏ္ဏာ = ညို + ရွှေ + ဖြူ + နီ + မောင်းရီ + ပြိုးပြက် တခဲနက်အား ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့ သည်။ တံ တံ ဌာနံ = ဝဲယာ ရွှေနောက် အထက်အောက် ဟု ဆိုအပ်သော ထိုထိုအရပ်ဌာနသို့။ ဓာဝန္တိ = ထိုဤ မားမား ပြေးသွားတော်မူကြလေကုန်၏။

(၄) နီလာယော နီလဋ္ဌာနေဟိ၊
ပီတောဒါတာ စ လောဟိတာ။
တမှာ တမှာ တု မဇ္ဈေဋ္ဌာ၊
နိက္ခမိံသု ပဘဿရာ။

http://www.dhammadownload.com



နီလဋ္ဌာနေယဟိ = ဆံတော် မျက်နက်တော်ဟု ဆိုအပ်သော ညိုရာရာအရပ်တော်တို့မှ။ နီလာယော = ဝန်းကျင်ပျံ့ဝဲ ဖြန့်မြှောက်ကြဲအပ်သော အောင်မဲညို ကြာညို မျက်စဥ်းညိုကဲ့သို့ရင်း, တလျှပ်လျှပ် တပြိမ့်ပြိမ့် တအိမ့်အိမ့် တနွဲ့နွဲ့ တလွှဲလွှဲခပ်အပ်သော ပတ္တမြားယပ်ညို ပုဆိုးညိုကဲ့သို့ရင်း ထိုထိုရပ်ခွင် ဝန်းကျင်ပတ်ခွေ မိုးနှင့်မြေကို လွှမ်းအုပ်ညိုစေလျက် မည်းနက်ရောင်တွဲ့ ပြာလဲ့စိမ်းစို ညိုသော အဆင်းရှိသော ရောင်ခြည်တော်တို့သည်။ နိက္ခမိံသု = ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ် ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွါဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

ပီတဋ္ဌာနေယဟိ = ရွှန်းအိကိုယ်ရေ ဝါရွှေရာအရပ်တော်တို့မှ။ ပီတာ = ပတ်လည်ဝန်းကျင် ရွှေရည်ယဉ်ဆမ်း ရွှေပုဆိုး ဖြန့်လှန်းသကဲ့သို့ရင်း, ကြီကျူမှုန့်ရွှေဝါ မြင်းသီလာဆေးဒန်း ပွင့်မဟာလှေကားပန်းတို့သည် ကောင်းကင်ပြည့် ပြွမ်းသကဲ့သို့ရင်း ဖုံးလွှမ်းမိုးကာ ဆယ်မျက်နှာရပ်ခွင်ကို ဝါလွှင် ထိန်လင်းစေလျက် ဝါဝင်းထိန်ပြေရွှေသော အဆင်းရှိသော ရောင်ခြည်တော်တို့သည်။ နိက္ခမိံသု = ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွါဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

ဩဒါတဋ္ဌာနေယဟိ = အရိုးတော် သွားတော် မျက်ဖြူတော်ဟုဆိုအပ်သော ဖြူရာရာအရပ်တော်တို့မှ။ ဩဒါတာ = ပတ်လည်ဝန်းကျင် ငွေအိုးမှ သွန်အပ်သော နို့ရည်

http://www.dhammadownload.com



အယဉ်ကောင်းကင်ပြည့်ငွေမိုတာန် ဝေဟာသံတိမ်မြင့်က တဝင့်ဝင့် တန္တန္တ တလွဲလွဲခပ်အစ်သော ငွေပြားယပ် ငွေ စပယ် သင်းခွေနှယ်ကြာဖြူ မြတ်လေးဖြူကြက်ရုံးတို့ အုပ်ဖုံး ကာ ယှက်ထွေးသကဲ့သို့ ဖြူဖွေးသပ္ပါယ် စင်ကြယ်သန့်ရှင်း သော အဆင်းရှိသော ရောင်ခြည်တော်တို့သည်။ နိက္ခမိံ- သု = ပဉ္စာနီးဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင် တော်မူသည့်နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျှက် ထွက် ခွါဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

လောဟိတဋ္ဌာနေဟိ = မျက်စိသားသွေး နီတွေးရာ အရပ်တော်တို့မှ။ လောဟိတာ = ဆုန်းမှုန့်တပ်စွဲ ရဲသော ချိပ်ရည် ကမ္ဗလာနီမြန်း လယ်ခေါင်ရန်းမိုးငွေ ပန်းကသစ် အနေလို ရေမြေရောကောင်းကင်ပါ အာကာသအဇဋ္ဌာ မှာ တိမ်မိလ္လာယှက်ပြေးသကဲ့သို့ နီတွေးထိန်ကျင် လွှင် ဒေသာအဆင်းရှိသော ရောင်ခြည်တော်တို့သည်။ နိက္ခမိံသု = ပဉ္စာနီးဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူ သည့်နေ့ကစ၍ ယခုညယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့် ပမာဏ ကြွကြွ ဝင်းဝင်း ထွန်းလင်းတောက်ပလျှက် ထွက်ခွါ ဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

တု = ထိုမှတပါးကုန်သော။ မဇ္ဈေဋ္ဌာ = မည်းနီ ညိုလောင်း ရောယှက်ပေါင်းသဖြင့် မောင်းမှဲ့မှိုင်းအုံ မှုန် ရည်သော အဆင်းရှိသော ရောင်ခြည်တော်တို့သည်၎င်း။ ပဘဿရာ = လကဆုန်ဒါ အဇဋ္ဌာပြင်ကျယ် ကောင်း ကင်လယ်က လျှပ်နွယ်ယှက်ကူး ပိုးရေမြွှးစံ မီးပေါက်လျှံ ကဲ့သို့ ဝဲပုံဟာက်သက် ပြိုးပြိုးပြက်သောအားဖြင့် တခဲနက် အဆင်းရှိသော ရောင်ခြည်တော်တို့သည်၎င်း။ တမှာ တမှာ သရီရပဒေသာ = ဤသို့သောခါတ် ၍ အရပ်ဟု

http://www.dhammadownload.com



မသတ်မှတ်နိုင် ထွန်းပြိုင်ရွန်းစို ထိုထိုကိုယ်တော်အစိတ်မှ။ နိက္ခမိံသု = ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုည ယခုနေ့ တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွါဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

(၅) ဇဝံ ဆဗ္ဗဏ္ဏရံသိယော၊
တော ယာဝဇ္ဇဝါသရာ။
သဗ္ဗာ ဒိသာ ဝိဓာဝန္တိ၊
ပဘာ နဿန္တိ တတ္ထိကာ။

ဇဝံ = ဤသို့။ တော ဆဗ္ဗဏ္ဏရံသိယော = ညို+ရွှေ+ဖြူ+နီ+မောင်းရီ+ပြိုးပြက် တခဲနက်အားဖြင့် ထိုခြောက်ပါးသောအဆင်းရှိသော ရောင်ခြည်တော်တို့သည်။ ယာဝဇ္ဇဝါသရာ=သာသနာတော်ရောင် ထွန်းပြောင်ထိန်လက် ယနေ့ထက်တိုင်အောင်။ သဗ္ဗာ ဒိသာ = ဝန်းကျင်ပတ်ခြုံ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာတို့သို့။ ဝိဓာဝန္တိ = ထို၌မားမား ပြေးသွားကြလေကုန်ပြီ။ တတ္ထိကာ = ရောင်ခြည်တော်ခြောက် အစဉ်လျှောက်၍ ရောက်လေရာရာ ပဒေသာပင် ဥယျာဉ်ဗိမာန်အစရှိသော ထိုထိုအရပ်၌ဖြစ်ကုန်သော။ ပဘာ = လက်ဆယ်ချောင်းဖြင့် သောင်းစက္ကဝါ ထွန်းနိုင်ပါသား မြဟ္မာနတ်မင်း စသည်တို့၏ ကိုယ်ရောင် ဘုန်းရောင် အစရှိသော အရောင်တို့သည်။ နဿန္တိ = တေဇိန်ပယ်ရှင်း မထွန်းလင်းနိုင်သည်ဖြစ်၍ ကွယ်ကင်းပြေပျောက်ကြရလေကုန်၏။

(၆) ဇုတိ ဆဗ္ဗဏ္ဏရံသိတ္တာ၊
အဂ္ဂိရသောတိ နာမသော။
လောကေ ပတ္ထဋ္ဌဂုဏံ တံ၊
ဝန္ဒေ ဗုဒ္ဓံ နမဿိယံ။

http://www.dhammadownload.com



**ဇုတိ—ဇဝံ ယထာဝုတ္တနယေန** = အကြင် အကြင် ဆို အပ်ခဲ့ပြီးသော နည်းဖြင့်။ ဆဗ္ဗညုတ္တရံသိတ္တာ = ခြောက်ပါး သော အဆင်းရှိသော ရောင်ခြည်တော်ရှိတော်မူသည်၏ အဖြစ်ကြောင့်။နာမသော = လွန်ကဲထူးမြတ် ဂုဏ်သကတ် ကြောင့် ရတော်မူအပ်သော အတ္တာနုဂတအမည်တော် အားဖြင့်။ အင်္ဂီရသောတိ = အင်္ဂီရသဟူ၍။ လောကေ = လောကသုံးရပ် ဘုံသုံးထပ်၌။ ပတ္တဋ္ဌဂုဏံ = ကျေညာ အောက်ထက် ပြန့်တက်ကျော်စောသော ကျေးဇူးတော် ဂုဏ်တော်နှင့် ပြည့်စုံတော်မူထသော။ နမသိယံ = တ လောကလုံး ညွတ်ရုံးဖြန့်မိုး ရှိခိုးပူဇော်ခြင်းငှါ ထိုက်တော် မူပေထသော။ တံ ဗုဒ္ဓံ = သစ္စာလေးပါး မြတ်တရားကို ပတ္တမြားမျက်ရှင် လက်ဝယ်တင်သို့ ထင်ထင်ကြီး သိတော် မူပါသော လောကဖွတ်ထား ထိုမြတ်စွာဘုရားကို။ အဟံ = တရားဉာဏ်ဝင် ရှုဆင်ခြင်မူ မစင်မကြယ် ရွံ့ဘွယ် လုံးလုံး သုံးဆယ်နှစ်ဝ ကောဋ္ဌာသကို ကာယသမုတ် အကျွန်ုပ်သည်။ဝန္ဒေ–ဝန္ဒာမိ = သက်တော်ရှိစဉ် သုံးလူ့ ရှင်ကို ထင်ထင်မှန်းရည် ယုံကြည်ကြိမ်ကြိမ် သဒ္ဓါရှိန်ဖြင့် ဦးနှိမ်ညွတ်ကာ လက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

ပဋ္ဌာန်းတရားတော်သည် ကောင်းကင်ကဲ့သို့ နည်းပေါင်း အနန္တနှင့် ပြည့်စုံ၏၊မြေကြီးအထုပမာ ပြန့်ကျယ်လှစွာ၏၊ သမုဒြာ ရေထုပမာ နက်နဲလှစွာ၏၊ ထိုသို့ပင်ဖြစ်သော်လည်း သဗ္ဗညုတ ဉာဏ်တော်၏အလား ကြီးမားလျင်မြန်လှစွာသောကြောင့် ခုနစ် ရက်ဖြင့်ပင် သုံးသပ်ဆင်ခြင်ခြင်းကိစ္စ ပြီးဆုံးလေသည်။ ထိုသို့ တရားရတနာကို ဆင်ခြင်သုံးသပ်၍ ခုနစ်ရက်ပတ်လုံး နေတော် မူရာ အရပ်သည် **ရတနာဃရစေတီ** ဟူ၍ မည်တွင်လေသည်။

## (၅) အဇပါလ သတ္တာဟ

ဤသို့လျှင် မြတ်စွာဘုရားသည် မဟာဗောဓိပင်၏အနီး၌ပင် လေးသတ္တာဟ (= ၂၈-ရက်)တို့ကို ကုန်လွန်စေပြီးနောက် ပဉ္စမ

http://www.dhammadownload.com



သတ္တာဟသို့ ရောက်သောအခါ မဟာဗောဓိပင်မှ အရှေ့အရပ်၌ တည်ရှိသော အဇပါလညောင်ပင်ရင်းသို့ ကြွရောက်တော်မူပြီး လျှင် ခုနစ်ရက်ပတ်လုံး တရားကိုဆင်ခြင်ကာ ဖလသမာပတ်ကို ဝင်စားကာဖြင့် အဇပါလညောင်ပင်ရင်း၌ သီတင်းသုံး နေထိုင် တော်မူသည်။ (ထို ညောင်ပင်ရိပ်သို့ ဆိတ်ကျောင်းသားများ လာရောက် နေထိုင်မှုများသောကြောင့် **အဇပါလ ညောင်ပင်** ဟူ၍ တွင်လေသည်။ အဇပါလ = ဆိတ်ကျောင်းသားတို့ အရိပ် ခိုနားနေရာ+နိဂြောဓ = ညောင်ပင်။)

ထိုအခါ အမျိုးအမည်အားဖြင့် မထင်ရှားသည့် တဟုန်းဟုန်း မာန်မူခြင်း သဘောရှိသော ပုဏ္ဏားတယောက်သည် မြတ်စွာ ဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့် နှစ်လိုဝမ်းမြောက် ဖွယ် စကားကို ပြောကြားလေ၏၊ နှစ်လိုဝမ်းမြောက်ဖွယ်ရှိ၍ အသက်ထက်ဆုံး အောက်မေ့ထိုက်သောစကားကို ပြောကြား ပြီးဆုံးစေပြီးနောက် သင့်လျောက်ပတ်ရာ အရပ်၌ ရပ်တည်နေပြီး လျှင် ထို (ဟုံဟုက်) ပုဏ္ဏားသည် မြတ်စွာဘုရားကို—

> "အရှင်ဂေါတမ····လောက၌ အဘယ်မျှသောတရား ဖြင့် မြာဟ္မဏခေါ် သူမြတ်စင်စစ် ဖြစ်နိုင်ပါသနည်း၊ သူမြတ်ဖြစ်အောင် ပြုတတ်သောတရားများကား အဘယ် တရားများ ဖြစ်ပါသနည်း"—

ဟူသော အမေးစကားကို လျှောက်ထားမေးမြန်းလေ၏။

ဤ၌ ထို (ဟုံဟုက်) ပုဏ္ဏားအား မြတ်စွာဘုရားသည် တရား နာခံပြု၍ တရားဟောစေကာမူ သစ္စာလေးပါးတရားကို ထိုးထွင်း ၍ သိမည်မဟုတ်။ မှန်၏····ဓမ္မစကြာတရားကိုမဟောမီ မြတ်စွာ ဘုရား ရွတ်ဆိုဟောကြားအပ်သော တရားဂါထာကို ကြားနာရ သော သူတို့အား တပုဿ, ဘလ္လိက ကုန်သည်ညီနောင်တို့အား သရဏဂုံ ပေးခြင်းမျိုးကဲ့သို့ပင် ဝါသနာဘာဂိယမျှသာ အကျိုး ရနိုင်သည်၊ သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်ကာ မဂ်ဖိုလ် ပေါက် မရောက်နိုင်ချေ၊ ယင်းသို့ဖြစ်ခြင်းမှာ ဓမ္မတာပင်ဖြစ်သည်။

http://www.dhammadownload.com



(သာရတ္ထဒီပနီဋီကာ ၃၊ မျက်နှာ ၁၄၈-မှ။) ထိုသို့ ထို(ဟုံဟုက်) ပုဏ္ဏားမှာ တရားဒေသနာ၏ တည်ရာမဟုတ်(=သစ္စာလေးပါး တရား သိမြင်မည့်သူမဟုတ်) သဖြင့် မြတ်စွာဘုရားသည် ဟုံဟုက် ပုဏ္ဏားကို တရားနာခံအရာ ထားတော်မမူပဲ ထိုပုဏ္ဏား မေး လျှောက်သည့် အနက်အဓိပ္ပါယ်ကို သိရှိတော်မူကာ ဤဥဒါန်း ဂါထာကို ကျူးရင့်တော်မူလေသည်—

ယော ဗြာဟ္မဏော ဗာဟိတပါပဓမ္မော၊
နိဟုံဟုကော် နိက္ကသာဝေါ ယတတ္တော။
ဝေဒန္တဂူ ဝုသိတဗြဟ္မစရိယော၊
ဓမ္မေန သော ဗြဟ္မဝါဒံ ဝဒေယျ။
ယဿုဿဒါ နတ္ထိ ကုဟိဉ္စိ လောကေ။

ယော ဗြာဟ္မဏော=အကြင်ဗြာဟ္မဏ ခေါ်တွင် ရဟန္တာ အရှင်သူမြတ်သည်။ ဗာဟိတပါပဓမ္မော=မကောင်းမှု ဟူသမျှကို အပပြုပြီး ဖြစ်တော်မူ၏။ နိဟုံဟုကော်=တဟုန်းဟုန်း မာန်မူ ခြင်းမှလည်း ကင်းစင်ပေ၏။ နိက္ကသာဝေါ=ကိလေသာမည် ဖန်ရည်စိုစွတ်ခြင်းမှလည်း ကင်းရှင်း၏။ ယတတ္တော=ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းကြိုးကုတ် အားထုတ်သော စိတ်လည်း ရှိတော်မူ၏။ (ဝါ) ယတတ္တော=သီလသံဝရဖြင့် စောင့်ထိန်း အပ်သော နှလုံးလည်း ရှိတော်မူ၏။ ဝေဒန္တဂူ=မဂ်ဉာဏ်လေးပါး တို့ဖြင့် သင်္ခါရတရားတို့၏ ဆုံးရာကေန် စင်စစ်မှန်သော နိဗ္ဗာန် ထုတ်ချောက် မျက်မှောက်ပြုသောအားဖြင့် ရောက်တော်မူ၏။ (ဝါ) မဂ်ဉာဏ်လေးပါးတို့၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်သို့ လည်း ရောက်တော်မူ၏။ ဝုသိတဗြဟ္မစရိယော=နိဗ္ဗာန်ရောက် ကြောင်း ကောင်းမြတ်သော မဂ်အကျင့်ကို ကျင့်သုံးတော်မူပြီး ဖြစ်တော်မူ၏။ ယဿ=အကြင်ရဟန္တာသခင် အရှင်သူမြတ်၏ (သန္တာန်၌)။ လောကေ=ဖြစ်လျှင်ပျက်ရ အလုံးစုံသောလောက ၌။ (ဝါ)လောကတွင်။ ကုဟိဉ္စိ=ရောက်ဆိုက်တွေ့ကြုံ တစုံတခု သောအာရုံ၌မျှ။ ဥဿဒါ=ရာဂတရား ဖြစ်ပွါးထူပြောခြင်း ရာဂ-

http://www.dhammadownload.com



သဿဒ,ဒေါသတရား ဖြစ်ပွါး ထူပြောခြင်း ဒေါသုဿဒ, မောဟတရား ဖြစ်ပွါးထူပြောခြင်း မောဟုဿဒ, မာနတရား ဖြစ်ပွါးထူပြောခြင်း မာနုဿဒ, ဒိဋ္ဌိတရား ဖြစ်ပွါးထူပြောခြင်း ဒိဋ္ဌု-ဿဒ—ဤဥဿဒငါးမျိုး တရားဆိုးတို့သည်။ နတ္ထိ = တစိုးတစိ မရှိကြကုန်။ သော ဗြာဟ္မဏော = ထိုဗြာဟ္မဏ ခေါ်တွင် ရဟန္တာအရှင် သူမြတ်သည်။ ဓမ္မေန = မဖောက်မပြန် သင့်မြတ် လျော်ကန်သော အကြောင်းမှန်ဖြင့်။ ဗြဟ္မဝါဒံ = ငါကား ဗြာဟ္မဏ မှန်မောလှဟု မြွက်ဟထင်လင်း ပြောဆိုခြင်းကို။ ဝဒေ-ယျ = မရွံ့မကြောက် ရဲရဲတောက် ပြောဆိုရာ၏။

(ဤဥ္ဒါ။ ။(၁) မကောင်းမှုကို အပယ်ပြုပြီးဖြစ်ခြင်း (၂)ထို့ကြောင့် တဟုန်းဟုန်းမာန်မူမှု ကင်းစင်ခြင်း (၃) ကိလေသာမည် ဖန်ရည် တပ်စွန်းမှု ကင်းစင်ခြင်း (၄) သီလသံဝရဖြင့် စိတ်နှလုံးကို စောင့်သုံး ထိန်းချုပ်ပြီးဖြစ်ခြင်း (၅) အရဟတ္တဖိုလ် (သို့မဟုတ် နိဗ္ဗာန်) သို့ ရောက်ပြီးဖြစ်ခြင်း (၆) ထို့ကြောင့် မဂ်တည်းဟူသော မြတ်သော အကျင့်ကို အပြီးတိုင် ကျင့်သုံးပြီးဖြစ်ခြင်း (၇) ထို့ကြောင့် ဥဿဒ ငါးမျိုး တရားဆိုးတို့ ဖြစ်ပွါးမှုမရှိခြင်း ဤတရား ခုနစ်ပါးနှင့် ပြည့်စုံ သူကို ဗြာဟ္မဏ ခေါ် ဆိုသည်ဟု ဟောတော်မူလိုရင်းဖြစ်သည်။)

### မာရ်နတ်မင်း လက်လျှော့အရှုံးပေးခြင်း

ထိုသို့ မြတ်စွာဘုရားသခင် အဇပါလညောင်ပင်ရင်း၌ နေ တော်မူသောအခါ မာရ်နတ်မင်းသည် ခုနစ်နှစ်ကြာ အပြစ်တင် ရန် အခွင့်အပေါက်ကို ရှာကြံလျက် မြတ်စွာဘုရားနောက်သို့ တကောက်ကောက် လိုက်ခဲ့ပါသော်လည်း အပြစ်တင်ရန် အမှု အပေါက်ကို အဏုမြူလောက်မျှပင် မရရှိခဲ့ရကား ဘုရားထံမှောက် သွားရောက်ပြီးလျှင်—

"အိုရဟန်းဂေါတမ....သောကတရား လွှမ်းမိုးနှိပ်စက် အပ်သည်ဖြစ်၍ ဤတောအရပ်ဝယ် ကြံမှိုင်၍ နေဘိ သလော၊ သင်သည် အရာအထောင်သောဥစ္စာကို ရှုံးခဲ့ လေသလော၊ သို့မဟုတ် အရာအထောင်သော ဥစ္စာကို

http://www.dhammadownload.com



တည်း တောင်တကာ ကြီးမိုးနှင့်ရှိနေဘိသလော၊ သို့မဟုတ် မြို့ရွာအတွင်း လွှန်လွှန်မင်းမင်း အကုသိုလ်မှု ပြုခဲ့မိသဖြင့် သူတပါးတို့၏ မျက်နှာကို မကြည့်ဝံ့ပဲ ဤတောထဲသို့ လာရောက်ကာ ကြီးမိုးနှင့်နေဘိသလော၊ အဘယ့်ကြောင့် လူအများနှင့် မိတ်ဆွေဖွဲ့မှုကို မပြုဘိသနည်း။ သင့်မှာ တစုံတယောက်နှင့်မျှ မေတ္တာနှီးရင်း မိတ်ဖွဲ့ခြင်း အလျှင်းမရှိပါတကား"—

ဟု မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်ထားပြောကြားလေသည်။ ထိုအခါ မြတ်စွာဘုရားက—

"အိုမာရ်နတ်....ငါဘုရားသည် သောက၏ အကြောင်းရင်းတရား မှန်သမျှကို တူးဖြို့ဖျက်ဆီးပြီးလျှင် အကုသိုလ်ဟူ၍မျှမရှိပဲ စိုးရိမ်ခြင်း အလျှင်းကင်းမဲ့လျက် ဈာန်နှစ်ပါးကို ဝင်စားလျက်သာ ငါနေ၏။ ငါဘုရားသည် ဘဝတဏှာကို အကြွင်းမဲ့ ဖြတ်တောက်ပြီးလျှင် တွယ်တာတစ်မက်ခြင်း အလျှင်းမရှိပဲ ဈာန်နှစ်ပါးကို ဝင်စားလျက်သာ ချမ်းသာစွာနေ၏။(သင်ထင်သည့်အတိုင်း ဥစ္စာရှုံးသဖြင့် သောကရောက်ကာ ဥစ္စာကို လိုချင်သဖြင့် လောဘတစ်ကာ ငါကြီးမိုးနှင့် နေသည်မဟုတ်)"—

ဟု မြေကြားသောအခါ မာရ်နတ်မင်းသည် တဖန်ထပ်၍—

"အိုရဟန်းဂေါတမ····လောကဝယ် အကြင်လူ အကြင်ရဟန်းတို့သည် အကြင်ရွှေငွေ စသော အသုံးအဆောင် အကြင်သက်နှီးစသော ပစ္စည်းလေးရပ်တို့ကို ငါ့ဥစ္စာဟူ၍ စွဲလမ်းပြောဆိုကြကုန်၏၊ ထိုလူ ထိုရဟန်း ထိုရွှေငွေစသည် ထိုသက်နှီးစသည်တို့၌ သင်၏စိတ် ငြိကပ်တွယ်တာနေလျှင် သင်သည် ငါ၏နယ်ပယ် ဘဝသုံးသွယ်မှ ဘယ်နည်းနှင့်မျှ လွတ်နိုင်မည်မဟုတ်"—

ဟု ပြောဆိုပြန်၏၊ ထိုအခါ မြတ်စွာဘုရားက—

http://www.dhammadownload.com



"အို မာရ်နတ်···· ငါဘုရားမှာ ရွှေငွေစသော အသုံးအဆောင် သက်န်းစသော ပစ္စည်းလေးရပ်တို့၌ ငါ့ဥစ္စာဟူ၍ တွယ်တာတပ်မက်ခြင်း အလျှင်းမရှိ၊ ငါဘုရားကား အခြားသူများကဲ့သို့ ငါငါ့ဥစ္စာဟူ၍ ပြောဆိုသူမဟုတ်ချေ၊ အို မာရ်နတ်....ငါဘုရားကို သင်သည် ဤသို့ထူးချွန် ပုဂ္ဂိုလ်မွန်ဟူ၍ မှတ်ယူဘိလေ၁၊ ဘ၀သုံးပါးကို ငါဘုရားစွန့်ပယ်ပြီး ဖြစ်ရကား သင်၏ နယ်ပယ်ဖြစ်သည့် ဘ၀သုံးပါး, ယောနိ လေးပါး, ဂတိ ငါးပါး, ၀ိညာဏဋ္ဌိတိ ခုနစ်ပါး, သတ္တာ၀ါသကိုးပါးတို့၌ ငါဘုရား၏သွားရာလမ်းကြောင်းကို သင်မြင်ရလိမ့်မည်မဟုတ်"—

ဟု မိန့်တော်မူသောအခါ မာရ်နတ်မင်းသည် တဖန်ထပ်၍—

"အို ရဟန်းဂေါတမ ····အကယ်၍ သင်သည် နိဗ္ဗာန်သို့ ရောက်ကြောင်း ဘေးကင်းရာ လမ်းကောင်းကို သိသည်ဖြစ်အံ့၊ သင်တဦးတည်းသာ သွားပါတော့လော၊ အဘယ့်ကြောင့် သူတပါးကို ဟောဖော်ချေချွတ်လိုရသေးသနည်း"—

ဟု ပြောဆိုအညွန့်တက်ပြန်လေ၏။ ထိုအခါ မြတ်စွာဘုရားက—

"အို မာရ်နတ်···· (သင်သည် မည်သို့ပင် ဟန့်တားစေကာမူ) ငါဘုရားသည် ဘ၀၏ တဖက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးသန်းလိုကြသူ နတ်လူမြဟ္မာ သတ္တ၀ါတို့က သေခြင်းမှ ကင်းလွတ်ရာ နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်းကို မေးလျှောက်ကြသည်ရှိသော် ထိုလူနတ်မြဟ္မာ သတ္တ၀ါတို့အား နိဗ္ဗာန်ရောက်ကြောင်း မှန်ကန်သော တရားလမ်းကောင်းကို ဖြေကြား ဟောပြအံ့သည်သာ ဖြစ်၏"—

ဟု မိန့်ဆိုတော်မူလေရာ မာရ်နတ်မင်းသည် ရှာသူသားငယ်တို့ ရိုက်ချိုးသဖြင့် တက်မ(=လက်မ)ကျိုးသော ပုဇွန်ပမာ ကြီးရာ မရ ဖြစ်ရှိပြီးလျှင်—

http://www.dhammadownload.com



မေဒဝဏ္ဏဥ္စ ပါသာဏံ၊ ဝါယသော အနုပရိယဂါ။
အပေတ္ထ မုဒုံ ဝိန္ဒေမ၊ အပိ အဿာဒနာ သိယာ။

အလဒ္ဓါ တတ္ထ အဿာဒံ၊ ဝါယသေတ္တော အပက္ကမေ။
ကာကောဝ သေလမာသဇ္ဇ၊ နိဗ္ဗိဇ္ဇာပေမ ဂေါတမ။

ဂေါတမ = ဂေါတမအမည်ရှိသော မဟာသမ္မတမင်း၏ အနွယ်ဖြစ်တော်မူသောမြတ်စွာဘုရား....။(ယထာ = ဥပမာဆိုသည်ရှိသော်ကား။)ဓေတ္တ = ဤအိအိရွဲရွဲ သားဆီခဲကြီး၌။ မုဒုံ = မွမွရွရွ နူးညံ့လှသော မံသဆိမ့်အီအလားဆီကို။ အပိ ဝိန္ဒေမ = ရကုန်ငြားအံ့လည်း မသိ။ (ဝါ) ရကုန်မည်စင်စစ်တည်း။ အဿာဒနာ = ကြေခြင်စိမ့်စိမ့် ကိုယ်လုံးအိမ့်မျှ ချိုဆိမ့်လှစွာ အရသာဖြင့် သာယာမူးမေ့ လျှာအတွေ့သည်။ အပိ သိယာ = ဖြစ်ငြားအံ့လည်းမသိ။ (ဝါ) ဖြစ်မည်စင်စစ်တည်း။ (ဣတိ = ဤသို့ အကြံ ဥပါဒါန်ဖြင့်။) ဝါယသော = ကျီးမိုက်သည်။ မေဒဝဏ္ဏဥ္စ = အဆီခဲအသွေးအဆင်းရှိသည်သာလျှင် ဖြစ်သော။ပါသာဏံ = ကျောက်လုံးကြီးကို။အနုပရိယဂါ = အဋ္ဌဒိသာ ရှစ်မျက်နှာ၌ ချာချာလည်ပတ် ဝန်းဝိုင်းလတ်၍ အငတ်အားကြီး နှုတ်သီးအားကိုး ဆိတ်ဆွထိုးလေ၏။

သော ဝါယသော = ထိုကျီးမိုက်သည်။ တတ္ထ = ထိုကျောက်လုံးကြီး၌။ အဿာဒံ = သာယာ ကောင်းမွေ့လျှာအတွေ့ကို။ အလဒ္ဓါ = မရသည်ဖြစ်၍။ ဓေတ္တော = ထိုကျောက်လုံးကြီးမှ။ အပက္ကမေ = ရှောင်ခွါဆုတ်ရှဲ ဖယ်လွှဲရလေ၏။ သော ကာကော = ထိုကျီးမိုက်သည်။ တံ သေလံ = အဆီခဲလို ရွှန်းရွှန်းစိုသော ထိုကျောက်လုံးကို။ အာသဇ္ဇ = ထိုးဆိတ် ထိပါး၍။ နိဗ္ဗိဇ္ဇတိ ဣဝ = ရသာအငွေ့ မြိုတစေမျှ မတွေ့လေပဲ အပန်းသဲ၍ ဖယ်လွှဲရ လေဘိ၏သို့။ မယမ္ပိ = အကျွန်ုပ်တို့သည်လည်း။အဝဏ္ဏ =

http://www.dhammadownload.com



အရှင်ဘုရားကို။ အာသဇ္ဇ = နှောက်ယှက်ထိပါး စောင့်စားချုတ်ချယ်၍။ နိမ္မိဇ္ဇာပေမ = အလိုပါမှု ဘာတခုမျှ မပြုနိုင်ဝဲ နှလုံးကွဲမျှ အသဲနာကျင် ပူပင်ညှိုးချုံး စိတ်ကုန်ဆုံးလျက် ဒုန်းဒုန်းချပါကုန်တော့၏။—

ဟူသော ဤနိဗ္ဗေဇနီယ ( = လက်လျှော့ညှိုးချုံး အရှုံးပေးသော) နှစ်ဂါထာတို့ကို ရွတ်ဆိုလေ၏။

**မာရ်နတ်မင်းဆစီးတို့ လာရောက်ဖြားယောင်းခြင်း**

ထိုနောက် မာရ်နတ်မင်းသည် "ငါကား အပြစ်တင်ရန် အခွင့်အပေါက်ကိုရှာကြံလျက် ဤမျှလောက်ကာလပတ်လုံး နောက်ယံတွယ်တာ လိုက်ခဲ့ပါသော်လည်း ဤသိဒ္ဓတ္ထမင်းသား၏ အပြစ်ပြုဖွယ် စဉ်းငယ်လောက်မျှ ချွတ်ချော်တိမ်းပါးသော အချက်များကို မတွေ့မမြင်ရချေ၊ ယခုအခါ၌ကား ဤသိဒ္ဓတ္ထမင်းသားသည် ငါ၏ အလိုနိုင်ငံ ဘုံသုံးတန်ကို တော်လှန်လွန်မြောက်သွားခဲ့လေပြီ" ဟု တွေးတောပူပန် ကြံစည်ပြီးလျှင် အလွန်ပင် နှလုံးမသာယာခြင်းသို့ ရောက်ရှိရကား မြတ်စွာဘုရားနှင့် မနီးမဝေးသော လမ်းမကြီး၌ ကြီတွေးငေးမှိုင် တယောက်တည်း ဆောင့်ကြောင့်ထိုင်ပြီးနောက် တဆယ့်ခြောက်ပါးသော အကြောင်းများကို အဖန်ဖန်စိတ်ကူးပြီး မြေကြီးမှာ တဆယ့်ခြောက်ကြောင်းသော အရေးတို့ကို ရေးခြစ်ဆွဲငင်ကာ နေလေ၏။ တဆယ့်ခြောက်ကြောင်းသော အရေးတို့ကား—

(၁) "ငါသည် ဤသိဒ္ဓတ်မင်းသားကဲ့သို့ ရှေးရှေးဘဝတို့က ဒါနပါရမီကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ၊ ထိုကြောင့်ပင် ဤအလောင်းမင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်"ဟု စိတ်ကူးလျက် ပဌမအကြောင်းအရေးကို ရေးခြစ်ဆွဲငင်လေ၏။

(၂) "ငါသည် ဤသိဒ္ဓတ်မင်းသားကဲ့သို့ ရှေးရှေးဘဝတို့က သီလပါရမီကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ၊

http://www.dhammadownload.com



ထိုကြောင့်ပင် ဤအလောင်းမင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်”ဟု စိတ်ကူးလျက် ဒုတိယအကြောင်းအရေးကို ရေးခြစ်ဆွဲငင်လေ၏။

(၃) “ငါသည် ဤသိဒ္ဓတ်မင်းသားကဲ့သို့ ရှေးရှေးဘဝတို့က နေက္ခမ္မပါရမီကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ၊ ထိုကြောင့်ပင် ဤအလောင်းမင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်”ဟု စိတ်ကူးလျက် တတိယအကြောင်းအရေးကို ရေးခြစ်ဆွဲငင်လေ၏။

(၄) “ငါသည် ဤသိဒ္ဓတ်မင်းသားကဲ့သို့ ရှေးရှေးဘဝတို့က ပညာပါရမီကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ၊ ထို့ကြောင့်ပင် ဤအလောင်းမင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်”ဟု စိတ်ကူးလျက် စတုတ္ထအကြောင်းအရေးကို ရေးခြစ်ဆွဲငင်လေ၏။

(၅) “ငါသည် ဤသိဒ္ဓတ်မင်းသားကဲ့သို့ ရှေးရှေးဘဝတို့က ဝီရိယပါရမီကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ၊ ထို့ကြောင့်ပင် ဤအလောင်းမင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်”ဟု စိတ်ကူးလျက် ပဉ္စမအကြောင်းအရေးကို ရေးခြစ်ဆွဲငင်လေ၏။

(၆) “ငါသည် ဤသိဒ္ဓတ် မင်းသားကဲ့သို့ ရှေးရှေးဘဝတို့က ခန္တီပါရမီကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ၊ ထို့ကြောင့်ပင် ဤအလောင်းမင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်” ဟု စိတ်ကူးလျက် ခြောက်ခုမြောက်အကြောင်းအရေးကို ရေးခြစ်ဆွဲငင်လေ၏။

(၇) “ငါသည် ဤသိဒ္ဓတ် မင်းသားကဲ့သို့ ရှေးရှေးဘဝတို့က သစ္စာပါရမီကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ၊ ထို့ကြောင့်ပင် ဤအလောင်းမင်းသားနှင့် တူတန်ညီမျှသူ

http://www.dhammadownload.com



ငါမဖြစ်နိုင်”ဟု စိတ်ကူးလျက် ခုနစ်ခုမြောက် အကြောင်း အရေးကို ရေးခြစ်ဆွဲငင်လေ၏။

(၈) “ငါသည် ဤသိဒ္ဓတ် မင်းသားကဲ့သို့ ရှေးရှေး ဘဝတို့က အဓိဋ္ဌာနပါရမီကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ၊ ထို့ကြောင့်ပင် ဤအလောင်းမင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်”ဟု စိတ်ကူးလျက် ရှစ်ခုမြောက် အကြောင်း အရေးကို ရေးခြစ်ဆွဲငင်လေ၏။

(၉) “ငါသည် ဤသိဒ္ဓတ် မင်းသားကဲ့သို့ ရှေးရှေး ဘဝတို့က မေတ္တာပါရမီကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ၊ ထို့ကြောင့်ပင် ဤအလောင်းမင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်”ဟု စိတ်ကူးလျက် ကိုးခုမြောက် အကြောင်း အရေးကို ရေးခြစ်ဆွဲငင်လေ၏။

(၁၀) “ငါသည် ဤသိဒ္ဓတ် မင်းသားကဲ့သို့ ရှေးရှေး ဘဝတို့က ဥပေက္ခာပါရမီကို မဖြည့်ကျင့်မဆည်းပူးခဲ့မိချေ၊ ထို့ကြောင့်ပင် ဤအလောင်းမင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်”ဟု စိတ်ကူးလျက် ဆယ်ခုမြောက် အကြောင်း အရေးကို ရေးခြစ်ဆွဲငင်လေ၏။

(၁၁) “ငါသည် ဤသိဒ္ဓတ် မင်းသားကဲ့သို့ ရှေးရှေး ဘဝတို့က သူတပါးတို့နှင့် မဆက်ဆံသော ဣန္ဒြိယပရော-ပရိယတ္တိဉာဏ်ကို ရရန်အကြောင်း ကောင်းမှု ဆယ်လီ ပါရမီတို့ကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ၊ ထို့ကြောင့်ပင် ဤအလောင်းမင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်”ဟု စိတ်ကူးလျက် ဆယ့်တစ်ခုမြောက် အကြောင်း အရေးကို ရေးခြစ်ဆွဲငင်လေ၏။

(၁၂) “ငါသည် ဤသိဒ္ဓတ် မင်းသားကဲ့သို့ ရှေးရှေး ဘဝတို့က သူတပါးတို့နှင့် မဆက်ဆံသော အာသယာ-

http://www.dhammadownload.com



နုသယဉာဏ်ကို ရရန်အကြောင်း ကောင်းမှု ဆယ်လီ ပါရမီတို့ကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ၊ ထို့ကြောင့်ပင် ဤအလောင်းမင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်”ဟု စိတ်ကူးလျက် ဆယ့်နှစ်ခုမြောက် အကြောင်း အရေးကို ရေးခြစ်ဆွဲငင်လေ၏။

(၁၃) “ငါသည် ဤသိဒ္ဓတ် မင်းသားကဲ့သို့ ရှေးရှေး ဘဝတို့က သူတပါးတို့နှင့် မဆက်ဆံသော မဟာကရုဏာ သမာပတ္တိဉာဏ်ကို ရရန်အကြောင်း ကောင်းမှု ဆယ်လီ ပါရမီတို့ကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ၊ ထို့ကြောင့်ပင် ဤအလောင်းမင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်”ဟု စိတ်ကူးလျက် ဆယ့်သုံးခုမြောက် အကြောင်း အရေးကို ရေးခြစ်ဆွဲငင်လေ၏။

(၁၄) “ငါသည် ဤသိဒ္ဓတ်မင်းသားကဲ့သို့ ရှေးရှေး ဘဝတို့က သူတပါးတို့နှင့် မဆက်ဆံသော ယမကပါဋိ- ဟာရိယဉာဏ်ကို ရရန်အကြောင်း ကောင်းမှုဆယ်လီ ပါရမီတို့ကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ၊ ထို့ကြောင့်ပင် ဤအလောင်းမင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်”ဟု စိတ်ကူးလျက် တဆယ့်လေးခုမြောက် အကြောင်းအရေးကို ရေးခြစ်ဆွဲငင်လေ၏။

(၁၅) “ငါသည် ဤသိဒ္ဓတ်မင်းသားကဲ့သို့ ရှေးရှေး ဘဝတို့က သူတပါးတို့နှင့် မဆက်ဆံသော အနာဝရဏ ဉာဏ်ကို ရရန်အကြောင်း ကောင်းမှုဆယ်လီ ပါရမီတို့ကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ၊ထို့ကြောင့်ပင် ဤအလောင်း မင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်”ဟု စိတ်ကူး လျက် တဆယ့်ငါးခုမြောက် အကြောင်းအရေးကို ရေးခြစ် ဆွဲငင်လေ၏။

(၁၆) “ငါသည် ဤသိဒ္ဓတ်မင်းသားကဲ့သို့ ရှေးရှေး ဘဝတို့က သူတပါးတို့နှင့် မဆက်ဆံသော သဗ္ဗညုတဉာဏ်

http://www.dhammadownload.com



ကို ရရန်အကြောင်း ကောင်းမှုဆယ်လီ ပါရမီတို့ကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ၊ ထို့ကြောင့်ပင် ဤအလောင်းမင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်”ဟု စိတ်ကူးလျက် တဆယ့်ခြောက်ခုမြောက် အကြောင်းအရေးကို ရေးခြစ်ဆွဲငင်လေ၏။

ထိုအခါ တဏှာ, အရတိ, ရဂါ အမည်ရှိကြသော မာရ်နတ်မင်း၏ သမီးသုံးယောက်တို့သည် “ငါတို့၏ဖခင်(မာရ်နတ်မင်း) ကို မတွေ့မမြင်ရချေ၊ ယခုအခါ ငါတို့ဖခင်သည် အဘယ်အရပ်မှာ ရှိလေသနည်း”ဟု ကြည့်ရှုကြကုန်လတ်သော် နှလုံးမသာယာခြင်းသို့ရောက်၍ မြေပေါ်မှာ ရေးခြစ်လျက် ကြံတွေးငေးမှိုင်ဆောင့်ကြောင့်ထိုင်နေသော မာရ်နတ်မင်းကို မြင်ကြသဖြင့် ဖခင်မာရ်နတ်မင်းထံသို့ လျင်မြန်စွာ ချဉ်းကပ် ရောက်လာကြပြီးလျှင် “ဖခင် ···· အဘယ့်ကြောင့် နှလုံးမသာယာပဲ ဆင်းဆင်းရဲရဲဖြစ်နေရပါသနည်း ” ဟု မေးမြန်းကြကုန်၏။ မာရ်နတ်မင်းက “ချစ်သမီးတို့ .... ဤ ရဟန်းကြီးဂေါတမသည် ငါဖခင်၏ အလိုနိုင်ငံ ဘဝသုံးတန်ကို တော်လှန်လွန်မြောက်သွားခဲ့လေပြီ၊ ဤမျှလောက် ခုနစ်နှစ်ကြာ ကာလပတ်လုံး အပြစ်တင်ရန် အခွင့်အပေါက်ကို တကောက်ကောက် လိုက်လံကြည့်ရှုပါသော်လည်း ထိုရဟန်းကြီးဂေါတမ၏ အမူယွင်းဖောက် အပြစ်တင်ရန် အခွင့်အပေါက်ကို အဏုမျှလောက်မျှ မတွေ့ရချေ၊ ထို့ကြောင့်ပင်လျှင် ငါဖခင်သည် နှလုံးမသာယာပဲ ငြိုငြင်ဆင်းရဲကာ နေရ၏”ဟု သမီးသုံးယောက်တို့အား ပြောကြားလေသော် “ဖခင်....ယင်းသို့ဖြစ်လျှင် ဘာတခုကိုမျှ ကြောင့်ကြစိုးရိမ်တော်မမူပါလင့်၊ အကျွန်ုပ်တို့သည် ထိုရဟန်းကြီးဂေါတမကို မိမိ၏အလိုသို့ လိုက်ပါအောင် ဖြားယောင်းသွေးဆောင်၍ ဖခင်ထံမှောက် ရောက်အောင် ခေါ်ဆောင်ခဲ့ကြပါမည်”ဟု သမီးသုံးယောက်တို့က ပြောဆိုကြပြန်၏။

ထိုအခါ မာရ်နတ်မင်းက “ ချစ်သမီးတို့····ဤ ရဟန်းကြီးဂေါတမကို လောက၌ မည်သူတဦးတယောက်မျှ မိမိ၏ အလို

http://www.dhammadownload.com



အကြိုက်သို့ လိုက်ပါလာအောင် ဖြားယောင်းသွေးဆောင်ခြင်းငှါ တတ်နိုင်မည်မဟုတ်ချေ၊ ဤရဟန်းကြီးဂေါတမသည် မတုန်မလှုပ် မြဲမြဲနိုင်ခံ့သော အစလသဒ္ဓါ၌ တည်သူဖြစ်ပေသည်”ဟု ပြောဆိုလတ်သော် သမီးသုံးယောက်တို့က “ဖခင်....အကျွန်ုပ်တို့သည် မိန်းမများဖြစ်ကြပါသည်၊ ယခုပင်လျှင် ထိုရဟန်းကြီးဂေါတမကို ရာဂကျော့ကွင်းစသည်ဖြင့် တုတ်နှောင်ဖွဲ့ချည်၍ အလျှင်အမြန် ဖခင်ထံသို့ ခေါ်ဆောင်ခဲ့ကြပါကုန်အံ့၊ ထို့အတွက် သင်ဖခင် စိတ်ပျက်ပူပင်ကာ မနေပါလင့်”ဟု ပြောဆိုကြပြီးနောက် နတ်သမီးသုံးယောက်တို့သည် ဘုရားထံမှောက် သွားရောက်ကြပြီးလျှင် “အရှင်ရဟန်း....အရှင်မြတ်၏ ခြေရင်း၌ ဝပ်စင်းတုပ်ကွ နေထိုင်ကြပြီးလျှင် လိုသမျှ အာရုံကိုပေး၍ လုပ်ကျွေးပြုစုကြပါရစေ”ဟု ဖြားယောင်းစကား ပြောကြားကြကုန်၏။ မြတ်စွာဘုရားသည် ထိုမာရ်နတ်မင်းသမီး သုံးယောက်တို့ ပြောဆိုသော စကားကို နှလုံးသွင်းမှု မပြုသည့်ပြင် မျက်စိတော်ကိုပင် ဖွင့်၍မကြည့်ပဲ ဖလသမာပတ်ကို ဝင်စားကာ နိဗ္ဗာန်ချမ်းသာကို ခံစားလျက် နေတော်မူ၏။

တဖန် မာရ်နတ်သမီးသုံးယောက်တို့သည် “ယောကျ်ားတို့၏ အလိုဆန္ဒမှာ အမျိုးမျိုး ရှိကြ၏၊ အချို့သော ယောကျ်ားတို့သည် ကုမာရီနွယ် ပျိုရွယ်သူတို့၌ ချစ်ခင်ကြကုန်၏၊ အချို့သော ယောကျ်ားတို့သည် ပဌမအရွယ်သို့ ရောက်ရှိတည်နေသောမိန်းမတို့၌ ချစ်ခင်တပ်မက် နှစ်သက်ကြကုန်၏၊ အချို့သော ယောကျ်ားတို့သည် မဇ္ဈိမအရွယ်သို့ ရောက်ရှိ တည်နေသော မိန်းမတို့၌ ချစ်ခင်တပ်မက် နှစ်သက်ကြကုန်၏၊ ထို့ဖြစ်၍ ငါတို့သည် အမျိုးမျိုး အစားစားသော အရွယ်အဆင်းတို့ဖြင့် ဤရဟန်းကြီးကို ဖြားယောင်း သွေးဆောင်ကြကုန်စို့”ဟု အချင်းချင်း ပြောဆိုတိုင်ပင်ပြီးနောက် တယောက် တယောက်လျှင် တရာစီ တရာစီ (၁) ကုမာရီနွယ် ပျိုရွယ်သူမိန်းမများအသွင် (၂) သားမဖွားသေးသော မိန်းမများအသွင် (၃) တကြိမ်သားဖွားပြီးသော မိန်းမများအသွင် (၄) နှစ်ကြိမ် သားဖွားပြီးသော မိန်းမများ

http://www.dhammadownload.com



အသွင် (၅) မိန်းမလတ်များအသွင် (၆) မိန်းမကြီးများအသွင် အမျိုးမျိုးအဖုံဖုံ လှပတင့်တယ် ချစ်ခင်ဖွယ်ဖြစ်အောင် ဖန်ဆင်းကြပြီးလျှင် ခြောက်ကြိမ်တိုင်တိုင် မြတ်စွာဘုရားထံမှောက်သို့ သွားရောက် ချဉ်းကပ်ကြကုန်လျက် ရှေးနည်းအတူ "အရှင်ရဟန်း....အရှင်မြတ်၏ခြေရင်း၌ ဝပ်စင်းတုပ်ကွ နေထိုင်ကြပြီးလျှင် လိုသမျှအာရုံကိုပေး၍ လုပ်ကျွေး ပြုစုကြပါရစေ"ဟု ဖြားယောင်းစကား ပြောကြားကြသောအခါလည်း မြတ်စွာဘုရားသည် ရှေးနည်းအတူ ထိုမာရ်နတ်မင်းသမီး သုံးယောက်တို့ ပြောဆိုသောစကားကို နှလုံးသွင်းမှု မပြုသည့်ပြင် မျက်စိတော်ကိုပင် ဖွင့်၍ မကြည့်ပဲ ဖလသမာပတ်ကို ဝင်စားကာ နိဗ္ဗာန်ချမ်းသာကို ခံစားလျက်သာ နေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် "နတ်သမီးတို့....ဖဲသွားကြကုန်လော့၊ သင်တို့သည် အဘယ်အကျိုးကို မြင်၍ ဤကဲ့သို့ အလိုပါကြောင်း ဖြားယောင်းသွေးဆောင်မှုကို ပြုလုပ်အားထုတ်ကြကုန်ဘိသနည်း၊ ဤအမှုမျိုးကို ရာဂ,ဒေါသ,မောဟ မကင်းသေးသောသူတို့၏ မျက်မှောက်၌သာ ပြုလုပ်ခြင်းငှါ လျောက်ပတ်၏၊ ငါဘုရားသည်ကား ရာဂတရားကို အကြွင်းမဲ့ ပယ်အပ်ပြီးပြီ၊ ဒေါသတရားကို အကြွင်းမဲ့ ပယ်အပ်ပြီးပြီ၊ မောဟတရားကိုလည်း အကြွင်းမဲ့ ပယ်အပ်ပြီးပြီ"ဟု မိန့်ဆိုတော်မူပြီးလျှင် ကိုယ်တော်မြတ်၏ ကိလေသာတရား ပယ်စွန့်ထားပြီး ဖြစ်ပုံကို အာရုံပြု၍—

ယဿ ဇိတံ နာဝဇီယတိ၊
ဇိတမဿ နော ယာတိ ကောစိ လောကေ။
တံ ဗုဒ္ဓမနန္တဂေါစရံ၊
အပဒံ ကေန ပဒေန နေဿထ။

ယဿ ဇာလိနီ ဝိသတ္တိကာ၊
တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ။
တံ ဗုဒ္ဓမနန္တဂေါစရံ၊
အပဒံ ကေန ပဒေန နေဿထ။

http://www.dhammadownload.com



ယဿ = အကြင်မြတ်စွာဘုရားသည်။ ဇိတံ = အောင်အစ်ပြီးသော ကိလေသာကို။ နာဝဇီယတိ = တဖန်မအောင်အစ်၊ (အောင်ဖွယ်မရှိဟု ဆိုလိုသည်)။ လောကေ = လောကဌ်။ အဿ = ထိုမြတ်စွာဘုရားအား။ ဇိတံ = အောင်အစ်ပြီးသောကိလေသာသည်။ ကောစိ= တစုံတခုမျှ။ နောယာတိ = အစဉ်မလိုက်။(အထ = ထိုသို့ဖြစ်လျက်။) အနန္တဂေါစရံ = သဗ္ဗညုတဉာဏ် အစွမ်းဖြင့် အဆုံးမရှိသော ကျက်စားရာအာရုံ ရှိတော်မူထသော။ အပဒံ = ရာဂစသော အကြောင်းမရှိထသော။ တံ ဗုဒ္ဓံ = ထိုဘုရားရှင်ကို။ ကေန ပဒေန = အဘယ်အကြောင်းဖြင့်။ နေဿထ = ဆောင်ကုန်အံ့နည်း။

ယဿ = အကြင်မြတ်စွာဘုရားအား။ ကုဟိဉ္စိ = တစုံတခုသော လောကသို့။ နေတဝေ = ဆောင်ခြင်းငှါ။ ဇာလိနီ = ရစ်ပတ်မြွေးယှက် ကွန်ရက်နှင့်တူစွာထသော။ ဝိသတ္တိကာ = အဆိပ်လျှင်သော သဘော ရှိထသော။ (ဝါ) အထူးသဖြင့် ကပ်ငြိတတ်ထသော။ တဏှာ = တဏှာသည်။ နတ္ထိ = မရှိ။ (အထ = ထိုသို့ဖြစ်လျက်။) အနန္တဂေါစရံ = သဗ္ဗညုတဉာဏ် အစွမ်းဖြင့် အဆုံးမရှိသောကျက်စားရာအာရုံရှိတော်မူထသော။ အပဒံ = ရာဂစသောအကြောင်းမရှိထသော။ တံ ဗုဒ္ဓံ=ထိုဘုရားရှင်ကို။ ကေန ပဒေန = အဘယ်အကြောင်းဖြင့်။ နေဿထ = ဆောင်ကုန်အံ့နည်း။ (သင်္ဂဇာဆရာတော်၏ အနက်။)

ဓမ္မပဒပါဠိတော် ဗုဒ္ဓဝဂ်လာ ဤ နှစ်ဂါထာတို့ကို မြွက်ဆိုမိန့်ကြားတော်မူ၏။ ထိုနတ်သမီးသုံးယောက်တို့သည် "ငါတို့ဖခင်သည် အမှန်ကိုပင် ပြောဆိုပေ၏၊ ဤ ရဟန်းကြီး ဂေါတမသည် အရဟံဂုဏ်ရှင် သုဂတဂုဏ်ရှင် ဖြစ်တော်မူရကား လောက၌ ရာဂဖြင့် ဖြားယောင်းသွေးဆောင်ရန် လွယ်ကူသူမဟုတ်" ဤသို့ အစရှိသော ချီးမွမ်းစကားကို ပြောကြားကြပြီးလျှင် ဖခင် မာရ်နတ်မင်းထံသို့ ပြန်သွားကြကုန်၏။

http://www.dhammadownload.com



### တရားတော်ကို အရိုအသေ အလေးအမြတ်ပြု၍နေရန် အကြံတော်ဖြစ်ခြင်း

မြတ်စွာဘုရားသည် ဤအဇပါလ သတ္တဌာန၌ စံနေတော်မူစဉ်ပင် "သူတပါး၌ ရိုသေမှု ကျိုးနွံမှုမပြုပဲ (=ရိုသေကျိုးနွံရမည့်သူ မရှိပဲ) နေထိုင်ရခြင်းသည် ဆင်းရဲ၏၊ ငါသည် အဘယ်မည်သော ကိလေသာခပ်သိမ်း ငြိမ်းအေးပြီးသူ မကောင်းမှုကို အပပြုပြီးသူကို အရိုအသေ အလေးအမြတ်ပြု၍ ဆည်းကပ်ပြီးလျှင် နေရပါမည်နည်း"ဟု ကြံစည်စဉ်းစားတော်မူ၏။ ထိုအခါ မြတ်စွာဘုရားအား ဆက်၍ အကြံဖြစ်ပြန်သည်မှာ "ငါသည် မပြည့်စုံ မလုံလောက်သေးသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် ဝိမုတ္တိဂုဏ်တို့ ပြည့်စုံလုံလောက်စေရန် ငါ့ထက် သီလ, သမာဓိ, ပညာ, ဝိမုတ္တိဂုဏ်အားဖြင့် သာလွန်မြင့်မြတ်သူကို ဆည်းကပ်ပြီးလျှင် နေအံ့"ဟု ကြံစည်တော်မူ၍ ကိုယ်တော်မြတ်ထက် သီလ, သမာဓိ, ပညာ, ဝိမုတ္တိဂုဏ်အားဖြင့် သာလွန်မြင့်မြတ်သူကို သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်ရှုတော်မူသောအခါ ကိုယ်တော်မြတ်ထက် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်အားဖြင့် သာလွန်မြင့်မြတ်သူ ဘုံသုံးပါး၌ တဦးတယောက်ကိုမျှ မတွေ့ရှိရကား "ငါသည် မိမိထိုးထွင်း၍ သိပြီးသော တရားကိုသာလျှင် အရိုအသေ အလေးအမြတ်ပြု၍ နေရမှု ကောင်းလေစွ"ဟု အကြံအစည် ဖြစ်တော်မူပြန်၏။

ထိုအခါ သဟမ္ပတိ ဗြဟ္မာကြီးသည် မြတ်စွာဘုရား၏ စိတ်အကြံအစည်ကို သိပြီးလျှင် ဘုရားထံမှောက်သို့ တခဏခြင်း လာရောက်ချဉ်းကပ်၍ လက်ဝဲဘက်ပခုံး၌ ဗြဟ္မာ့တဘက်ကို လောပတ်တင်ပြီးလျှင် လက်ျာဒူးကို မြေ၌ထောက် လက်အုပ်ကို ချီမြှောက်လျက် "ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား .... ရှင်တော်ဘုရား၏ ဤ အကြံသည် ကြံစည်တော်မူတိုင်း မှန်ပါသည်ဘုရား၊ မြတ်စွာဘုရား....အတိတ်ကာလ၌ ပွင့်တော်မူကြပြီးသော မြတ်စွာဘုရားတို့သည်လည်း တရားကိုသာလျှင် အရိုအသေ အလေးအမြတ်ပြု၍ နေတော်မူကြပါကုန်ပြီ၊ နောက်အနာ-

http://www.dhammadownload.com



ဂတ်ကာလ၌ ဖြစ်ပွင့်တော်မူကြမည့် မြတ်စွာဘုရားတို့သည်လည်း တရားကိုသာလျှင် အရိုအသေ အလေးအမြတ်ပြု၍ နေတော်မူကြပါကုန်လတ္တံ့။ ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား....ယခုပစ္စုပ္ပန်ကာလ၌ ဖြစ်ပွင့်တော်မူဆဲဖြစ်သော အရှင်မြတ်ဘုရားသည်လည်း တရားကိုသာလျှင် အရိုအသေ အလေးအမြတ်ပြု၍ နေတော်မူစေချင်ပါ၏”ဟု လျှောက်ထားပြီးလျှင်—

ယေ စ အတီတာ သမ္ဗုဒ္ဓါ၊ ယေ စ ဗုဒ္ဓါ အနာဂတာ။
ယော စေတရဟိ သမ္ဗုဒ္ဓေါ၊ ဗဟူနံ့ သောကနာသနော။

သဗ္ဗေ သဒ္ဓမ္မဂရုနော၊ ဝိဟံသု ဝိဟရန္တိ စ။
အထောပိ ဝိဟရိဿန္တိ၊ ဧသာ ဗုဒ္ဓါန ဓမ္မတာ။

တသ္မာ ဟိ အတ္တကာမေန၊ မဟတ္တမဘိကင်္ခတာ။
သဒ္ဓမ္မော ဂရုကာတဗ္ဗော၊ သရံ ဗုဒ္ဓါန သာသနံ။—

ဟူသော ၃သုံးဂါထာကို တဖန်ဆက်၍ လျှောက်ပြန်လေသည်။

ဘန္တေ = ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား....။ အတီတာ = အတိတ်ကာလ၌ ဖြစ်ပွင့်တော်မူကြကုန်ပြီးသော။ယေ စ သမ္ဗုဒ္ဓါ = အကြင်မြတ်စွာဘုရားတို့သည်၎င်း။ အနာဂတာ = အနာဂတ်ကာလ၌ ဖြစ်ပွင့်တော်မူကြကုန်လတ္တံ့သော။ယေ စ ဗုဒ္ဓါ = အကြင် မြတ်စွာဘုရားတို့သည်၎င်း။ ဧတရဟိ = ယခုပစ္စုပ္ပန် ကာလ၌။ ဥပ္ပန္နော = ဖြစ်ပွင့်တော်မူဆဲဖြစ်သော။ ဗဟူနံ = များစွာသော နတ်လူမြဟ္မာ သတ္တဝါတို့၏။ သောကနာသနော = သောကတည်းဟူသော ပြောင့်တံသင်းကို ပယ်ရှင်း ဖျက်ဆီးတော်မူတတ်သော။ ယော စ သမ္ဗုဒ္ဓေါ = အကြင် မြတ်စွာဘုရားသည်၎င်း။ အတ္ထိ = ရှိတော်မူ၏။

သဗ္ဗေ = ခပ်သိမ်းဥဿုံ အလုံးစုံသော တေကာလိက ဘုရားရှင်တို့သည်။ သဒ္ဓမ္မဂရုနော = တရားတော်ကို အရိုအသေ အလေးအမြတ် ပြုတော်မူကြကုန်လျက်။ ဝိဟံသု

http://www.dhammadownload.com



စ = နေလည်း နေတော်မူကြကုန်ပြီ။ ဝိဟာရန္တိ စ = နေလည်း နေတော်မူကြကုန်ဆဲ။ (ဂါရဝဗဟုဝုစ်ဖြစ်သည်။) အထောပိ = ထိုမှတပါး။ ဝိဟာရိဿန္တိ စ = နေလည်း နေတော်မူကြကုန်လတ္တံ့။ သော = ဤသို့ တရားကိုသာ အရိုအသေပြု၍ နေခြင်းသည်။ ဗုဒ္ဓါနံ = သဗ္ဗညု မြတ်စွာ ဘုရားတို့၏။ ဓမ္မတာ = ထုံးတမ်း စဉ်လာ ဓမ္မတာပေ တည်း။

တသ္မာ ဟိ—တသ္မာ ဓဝ = ထို့ကြောင့်သာလျှင်။ အတ္တကာမေန = အကျိုးရကြောင်း မိမိ၏ အစီးအပွါး ကောင်းကို လိုလားတောင့်တသော။ မဟတ္တံ = အကျိုး ကြီးမြတ် ပူဇော်အပ်သူ၏အဖြစ်ကို။ အဘိကင်္ခတာ = တောင့်တလင့်ဆို အလိုရှိသောပုဂ္ဂိုလ်သည်။ ဗုဒ္ဓါနံ = မြတ်စွာဘုရားတို့၏။သာသနံ = သုံးပါးသိက္ခာ သာသနာ ကို။ သရံ—သရန္တေန = အောက်မေ့သည်ဖြစ်၍။ သဒ္ဓမ္မော = သူတော်ကောင်းတို့၏ဥစ္စာတရားရတနာကို။ ဂရုကာတဗ္ဗော = ရိုသေကပ်ဆည်း နှုန်ညွှတ်မြိုး၍ ကျောက် ထီးတန္တု အလေးပြုအပ်၏။

သဟမ္ပတိဗြဟ္မာကြီးသည် မြတ်စွာဘုရားကို ဤသုံးဂါထာကို လျှောက်ဆိုပြီးနောက် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ လက်ျာ ရစ်လှည့်ပြီးလျှင် ထိုနေရာမှာပင် ကွယ်ပျောက်၍ ဗြဟ္မာ့ပြည်သို့ ရောက်လေသည်။ ထိုအခါ မြတ်စွာဘုရားသည် သဟမ္ပတိဗြဟ္မာ ကြီး၏ တောင်းပန်လျှောက်ထားချက်နှင့် ကိုယ်တော်မြတ်အား သင့်လျော်လျောက်ပတ်ချက်ကို ပြက်ပြက်ထင်ထင် သိမြင်တော် မူကာ ကိုယ်တော်မြတ်သိပြီးသော တရားတော်ကိုသာ အရိုအသေ အလေးအမြတ်ပြု၍ နေတော်မူလေ၏။ (နောက်အခါ သံဃာ တော်တို့ (၁) ထေရ်ကြီး ဝါကြီးတို့ များပြားမှု (= ရတ္တညု- မဟတ္တ) (၂) သံဃာအရေအတွက် များပြားမှု (= ဝေပုလ္လ- မဟတ္တ) (၃) သာသနာတော် ကျယ်ပြန့်လာမှု (= ဗြဟ္မ- စရိယမဟတ္တ) (၄) လာဘ်လာဘ များပြားမှု (= လာဘဂ္ဂ-

http://www.dhammadownload.com



မဟာတ္တ) ၌ မဟာတ္တလေးပါးနှင့် ပြည့်စုံလာသောအခါ မြတ်စွာဘုရားသည် သံဃာ၌လည်း အရိုအသေ အလေးအမြတ်မှု ပြုတော်မူသည်၊ ထို့ကြောင့်ပင် မိထွေးတော် မဟာပဇာပတိဂေါတမီက မြတ်စွာဘုရားအတွက် သင်္ကန်းလျာအစုံ လှူဒါန်းလာသောအခါ "မိထွေးတော်....သံဃာအား လှူပါလော့၊ သံဃာအား လှူအပ်သည်ရှိသော် ငါဘုရားကိုရော သံဃာကိုပါ ပူဇော်အပ်သည် ဖြစ်ပေလတ့်"ဟု မိန့်ဆိုတော်မူကာ သံဃာ၌ ရိုသေမှု မြတ်နိုးမှုကို အထင်အရှား ပြုတော်မူလေသည်။)

### (၆) မုစလိန္ဒ သတ္တာဟ

မြတ်စွာဘုရားသည် ထိုအဇပါလ (= ဆိတ်ကျောင်း)ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူကာ တရားတော်မြတ်ကို သုံးသပ်ဆင်ခြင်လျက် ခုနစ်ရက်ကို ကုန်လွန်စေပြီး၍ ထိုအဇပါလ ညောင်ပင်ရင်းမှ ဖဲခွါခဲ့ပြီးလျှင် မဟာဗောဓိပင်မှ အရှေ့တောင် မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်းသို့ ကြွသွားတော်မူပြီးလျှင် ထို ကျည်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူကာ ခုနစ်ရက်ပတ်လုံး တခုတည်းသော ထက်ဝယ် (= တင်ပလ္လင်) ဖြင့် ထိုင်နေတော်မူ၏။

ထိုအခါ အခါမဲ့မိုးကြီး (မိုးဥတုမရောက်မီ ရွာသောမိုးကြီး) ခုနစ်ရက်ပတ်လုံး ရွာဖြိုးစွေသွန်းလေသည်။ (ဤမိုးမျိုးကား စကြာမင်း ပေါ်ထွန်းသောအခါ, မြတ်စွာဘုရား ပွင့်ထွန်းတော်မူသောအခါ= ဤအခါ နှစ်ပါး၌သာ ရွာသွန်းလေသည်။) ထိုမိုးကြီးရွာသွန်းလတ်သော် မုစလိန္ဒာအိုင်၏အောက်၌ရှိသော နဂါးဘုံဗိမာန်ကို အစိုးရသည့် အလွန် တန်ခိုးအာနုဘော်ကြီးသော မုစလိန္ဒာ နဂါးမင်းသည် "ဤအခါမဲ့မိုးကြီးသည် ငါ၏ဘုံဗိမာန်အတွင်းသို့ မြတ်စွာဘုရားသခင် ဝင်လျှင်ဝင်ခြင်းပင် ရွာသွန်းခဲ့လေပြီ၊ မြတ်စွာဘုရားအတွက် နေထိုင်ရန်ကျောင်းတော်ကို ရရှိမှသင့်ပေမည်"ဟု ကြံစည်စဉ်းစားကာ မုစလိန္ဒာနဂါးမင်းသည် မိမိကိုယ်တိုင်က ရတနာခုနစ်ပါးဖြင့် ပြီးသော ပြာသာဒ်ကြီး၏ကို

http://www.dhammadownload.com



ဖန်ဆင်းနိုင်သော တန်ခိုးအာနုဘော်နှင့် ပြည့်စုံသူ ဖြစ်စေကာမူ "ဤသို့ တန်ခိုးဖြင့် ရတနာပြာသာဒ်ကြီး ဖန်ဆင်း၍ လှူခဲ့သော် ငါ့မှာ အကျိုးကြီးလိမ့်မည် မဟုတ်၊ ငါသည် မြတ်စွာဘုရားအား ကိုယ်ဖြင့် ဝေယျာဝစ္စကောင်းမှု ပြုပေအံ့"ဟု ကြံစည်ပြီးလျှင် ကြီးမားလှစွာသော ခန္ဓာကိုယ်အတ္တဘောကို ဖန်ဆင်း၍ မြတ်စွာဘုရားကို အချမ်း, အပူ, မှက်, ခြင်, ယင်ရဲစသည်တို့ မထိပါး မနှိပ်စက်နိုင်စေရန် အခွေ ခုနစ်ထပ် ရစ်ပတ်ကာရံလျက် ဦးခေါင်းတော်ထက်၌ ပါးပျဉ်းဖြင့် ဖြန့်ကြက်အုပ်ဖုံး ဆောင်းမိုး၍ ထားလေ၏။

(အခွေ၏အတွင်းအရပ်သည် လောဟပါသာဒပြာသာဒ်အောက်ထပ်မျှ ကျယ်ဝန်း၏၊ မြတ်စွာဘုရားသည် အလိုတော်ရှိရာ လျောင်း,ထိုင်,ရပ်,သွား ဣရိယာပုထ်လေးပါးဖြင့် နေထိုင်တော်မူပါစေဟု နဂါးမင်း ရည်ရွယ်ရင်းဖြစ်၏၊ ထို့ကြောင့် ဤမျှ ကျယ်ဝန်းစွာသော အရပ်ကို အခွေတို့ဖြင့် ရစ်ပတ်ခြင်းဖြစ်လေသည်။ အလိုတော်ရှိရာ ဣရိယာပုထ်ဖြင့် နေထိုင်တော်မူပါစေဟူသည်ကား နဂါးမင်း၏ အလိုဆန္ဒ ရည်ရွယ်ချက်မျှသာ ဖြစ်၏၊ မြတ်စွာဘုရားသည်ကား ထိုင်ခြင်း ဣရိယာပုထ်ဖြင့်ပင် ခုနစ်ရက်ကို လွန်စေတော်မူသည်။ အခွေ၏ အတွင်း အလယ်၌ ရတနာပလ္လင်ကို ခင်းထားအပ်၏၊ ထိုပလ္လင်၏ အထက်၌ ရွှေကြယ်တို့ဖြင့် ဆန်းကြယ်သော နံ့သာပန်းဆိုင်းများ တွဲလျားကျသော ဗိတာန်မျက်နှာကြက်ကို ကြက်အပ်၏။ လေးထောင့်တို့၌ နံ့သာဆီမီးတို့ကို ညီးညီးပြောင်ပြောင် ထွန်းဆောင်ညှိသီးအပ်ပေ၏။ အရပ်လေးမျက်နှာတို့၌ စန္ဒကူးနံ့သာ ကြုတ်တို့ကို ဖွင့်လှစ်၍ထားအပ်ကုန်၏။ အခွေ၏ အတွင်း အလယ်ချက်မ ရတနာပလ္လင်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူ၍ ဖလသမာပတ် ချမ်းသာကို ခုနစ်ရက်ပတ်လုံး ဝင်စားခံစံ သုံးဆောင်တော်မူလေသည်)။ (မ-ဋ္ဌ ၂၊ မျက်နှာ ၉၀-မှ)။

ဤသို့လျှင် မြတ်စွာဘုရားသည် မကျဉ်းမြောင်းသော ဂန္ဓကုဋီတိုက်အတွင်း၌ သီတင်းသုံးရသကဲ့သို့ မုစလိန္ဒာ နဂါးမင်း၏ အခွေခုနစ်ထပ်အတွင်းမှာ သီတင်းသုံးတော်မူ၍ အရဟတ္တဖိုလ် ချမ်းသာကို ခံစားလျက် ခုနစ်ရက်ကို ကုန်လွန်စေတော်မူပြီးသော အခါ မုစလိန္ဒာနဂါးမင်းသည် အလွန်မြင့်မားး မိုးသားတိမ်ရှိပ်

http://www.dhammadownload.com



ကင်းစင်သည့် ကောင်းကင်အပြင်ကို ကြည့်ရှုသိမြင်သဖြင့် မြတ်စွာဘုရားကို မိမိ၏အခွေပါးပျဉ်းတို့ဖြင့် ရစ်ပတ်ဖုံးအုပ်ထားရန် မလိုတော့ရကား နဂါးအသွင်ကို ပယ်ဖျောက်ပြီးလျှင် ရှုချင်စဖွယ် လုလင်ငယ်အသွင်ဖန်ဆင်း၍ မြတ်စွာဘုရား၏ ရှေ့တော်၌ မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုးလျက်သာ ရပ်တည်ကာနေလေ၏။

ထိုအခါ မြတ်စွာဘုရားသည် "ဖလသမာပတ်ဖြင့် နိဗ္ဗာန်ချမ်းသာကို ခံစား၍ နေသော သူအား နေလေရာရာ အရပ်တိုင်းမှာပင် ချမ်းသာသုခ ဖြစ်၏" ဟူသော အကြောင်းကို ကောင်းစွာ ဆင်ခြင် သိမြင် ဝမ်းမြောက်တော်မူရကား ပီတိ အဟုန်ကို ငုံ၍ မထားနိုင်ဘဲ—

သုခေါ ဝိဝေကော တုဋ္ဌဿ၊
သုတဓမ္မဿ ပဿတော။
အဗျာပဇ္ဇံ သုခံ လောကေ၊
ပါဏဘူတေသု သံယမော။

သုခါ ဝိရာဂတာ လောကေ၊
ကာမာနံ သမတိက္ကမော။
အသ္မိမာနဿ ယော ဝိနယော၊
ဧတံ ဝေ ပရမံ သုခံ။

ဝိဝေကော = ဥပဓိလေးတန် ဆိတ်ရာမှန်သည့် နိဗ္ဗာန်တရားသည်။ သုခေါ = အလွန်တရာ ချမ်းသာလှစွာ၏။ တုဋ္ဌဿ = လေးပါးသော မဂ်ဉာဏ်ဖြင့် ရည်သန်ချက်ပြည့်ဝ အားရရောင့်ရဲသော။ သုတဓမ္မဿ = ဉာဏ်ပညာစက္ခုအတွင်း ထင်လင်းပြီးသော တရားရှိသော။ (ဝါ) ထင်လင်းပြီးသော တရားရှိသောကြောင့်။ ပဿတော = ပညာမျက်စိဖြင့် ဥပဓိလေးတန် ဆိတ်ရာမှန်သည့် နိဗ္ဗာန်တရား, ထိုမှတပါး သိသင့်သမျှ တရားတို့ကို ကြည့်ရှုဆင်ခြင် အကြွင်းမဲ့သိမြင်သော ပုဂ္ဂိုလ်၏။ အဗျာပဇ္ဇံ = လူနတ်ပြဟ္မာ သတ္တဝါတို့၌ အမျက်မပွါး မေတ္တာထားခြင်း

http://www.dhammadownload.com



သည်။ လောကေ=လောက၌။ သုခံ = ချမ်းသာလှပေ၏။ ပါဏဘူတေသု = လူနတ်ဗြဟ္မာ သတ္တဝါတို့၌။ သံယမော = မညှဉ်းပန်းမနှိပ်စက်လို ဖြူစင်ရဲ့ ကရုဏာ တရားပွါးများခြင်းသည်။ သုခေါ = ချမ်းသာလှပေ၏။

လောကေ = လောက၌။ ကာမာနံ = ဝတ္ထု အာရုံ ကာမဂုဏ်တို့ကို။ သမတိက္ကမော = သမုစ္ဆေဒ ပဟာန်ဖြင့် ပယ်လှန် လွန်မြောက်ရာ ဖြစ်သော။ ဝိရာဂတာ = ရာဂ ကင်းသူဟူ၍ အသိဉာဏ် သဒ္ဒါတို့ ဖြစ်ကြောင်း ကောင်းမြတ်သော အနာဂါမိမဂ်သည်။ သုခါ = ချမ်းသာလှပေ၏။ အသ္မိမာနဿ = ငါတလူလူ မာန်မူထောင်လွှားမှုကို။ ယော ဝိနယော = အပြီးအငြိမ်း ပယ်ဖျောက်ရာ အကြင် အရဟတ္တဖိုလ်သည်။ အတ္ထိ = ရှိ၏။ ဧတံ = ဤအရဟတ္တဖိုလ်သည်။ ဝေ = စင်စစ်။ ပရမံ သုခံ = သခ်ီတတရား အလုံးတွင် အမြတ်ဆုံးသော ချမ်းသာပေတည်း။

ဤ ဥဒါန်းစကား (နှစ်ဂါထာ) တို့ကို မြွက်ဆိုကျူးရင့်တော်မူလေ၏။

### (၄) ရာဇာယတန သတ္တာဟ

မြတ်စွာဘုရားသည် ကျည်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူလျက် ခုနစ်ရက်လွန်မြောက် သတ္တမသတ္တာဟသို့ ရောက်သောအခါ ကျည်းပင်ရင်းမှ ဖဲခွါခဲ့ပြီးလျှင် မဟာဗောဓိပင်၏ တောင်မျက်နှာ ရာဇာယတန(=လင်းလွန်းပင်ရင်း) သို့ ကြွသွားထိုင်နေတော်မူ၍ ထိုလင်းလွန်းပင်ရင်း၌ အရဟတ္တဖိုလ် ချမ်းသာကိုပင် ခံစားတော်မူကာ ခုနစ်ရက်ပတ်လုံး သီတင်းသုံး ထိုင်နေတော်မူ၏။

(ဤမျှဖြင့် ခုနစ်ရက် ခုနစ်လီ = သတ္တသတ္တာဟ = လေးဆယ့်ကိုးရက် ပြည့်ခဲ့လေပြီ၊ ဤ လေးဆယ့်ကိုးရက် အတွင်း၌ မြတ်စွာဘုရားမှာ ခံတွင်းတော်ဆေးခြင်း, မျက်နှာတော်သစ်ခြင်း, ကိုယ်လက် သုတ်သင်ခြင်း ( =ကျင်ကြီးကျင်ငယ် စွန့်ခြင်း ), ရေချိုးတော်မူခြင်း, ဆွမ်း

http://www.dhammadownload.com



ဘုဉ်းပေးတော်မူခြင်း, ရေသုံးဆောင်တော်မူခြင်း, လျှောင်းစက်တော်မူခြင်း ကိစ္စများ အလျှင်းပင် မရှိချေ။ ဈာန်ချမ်းသာ ဖိုလ်ချမ်းသာဖြင့်သာ အချိန်ကို ကုန်လွန်စေတော်မူ၏။)

ထိုအခါ လေးဆယ့်ကိုးရက်(＝သတ္တသတ္တာဟ)ပြည့်မြောက်သော ဝါဆိုလဆန်း ၅-ရက် ဗုဒ္ဓဟူးနေ့တွင် ထိုလင်းလွန်းပင်ရင်း၌ သီတင်းသုံးနေထိုင်တော်မူသော မြတ်စွာဘုရားအား မျက်နှာတော်သစ်လိုသော စိတ်အကြံဖြစ်သည်ကိုသိရှိ၍ သိကြားနတ်မင်းသည် ဆေးကြဖာသီးကို ဆက်ကပ်လေသည်။ ထိုကြဖာသီးကို မြတ်စွာဘုရားသည် ဘုဉ်းပေးတော်မူလေသည်။ ထိုဆေးကြဖာသီးကို ဘုဉ်းပေးပြီးလျှင်ပြီးခြင်း မြတ်စွာဘုရားအား သရီရဝလဥ္စနကိစ္စ (＝ကိုယ်လက်သုတ်သင်ခြင်းခေါ်သည့် ကျင်ကြီးကျင်ငယ်စွန့်ခြင်း ကိစ္စ)ဖြစ်လေသည်။ ထို့နောက် မြတ်စွာဘုရားအား သိကြားမင်းသည်ပင် နဂါးပြည်မှာဖြစ်သော ကွမ်းရိုးဒန်ပူကိုင်း, (မျက်နှာသစ်ရန်)အနောတတ်အိုင် ရေကိုင်း ဆက်ကပ်လှူဒါန်းလာသည်။ မြတ်စွာဘုရားသည် သိကြားမင်း ဆက်ကပ်လာသည့် ထိုကွမ်းရိုးဒန်ပူကို ဝါးတော်မူပြီးလျှင် အနောတတ်အိုင်ရေဖြင့် ခံတွင်းတော်ဆေးခြင်း, မျက်နှာတော်သစ်ခြင်း အမှုကိုပြု၍ ထိုလင်းလွန်းပင်ရင်း၌ပင် ထိုင်နေတော်မူလေ၏။

### တဖုဿနှင့် ဘလ္လိက (＝ဘလ္လိယ) ကုန်သည်ညီနောင်တို့ ဧဋ္ဌဝါဓိကသရဏဂုံတည်ခြင်း

ထိုအခါ တဖုဿ (နောင်တော်) နှင့် ဘလ္လိက (ညီတော်) ကုန်သည်နှစ်ယောက်တို့သည် လှည်းအစီးပေါင်း ငါးရာတို့ဖြင့် မိမိတို့နေရာ ဥက္ကလာဇနပုဒ်မှ မဇ္ဈိမဒေသသို့ ကူးသန်းရောင်းဝယ်ရန် သွားကြကုန်သည်ရှိသော် မြတ်စွာဘုရား သီတင်းသုံးနေထိုင်တော်မူရာ လင်းလွန်းပင်၏အနီး ခရီးမဖြင့် သွားကြကုန်ဆဲဖြစ်၏။ ထိုအခါ ရွံ့ညွန်ရေမရှိပဲ ညီညွတ်သောမြေအပြင်၌ပင် ထိုကုန်သည်ညီနောင်တို့၏ ကုန်တင်လှည်းများသည် ရွံ့ညွန်၌ နစ်ကျွံ၍နေသည့်ပမာ တန့်ရပ်ကာ တည်နေကြကုန်၏။ "အကြောင်း အဘယ်သို့ရှိသနည်း"ဟု ကုန်သည်ညီနောင်တို့ ကြံစည်တိုင်ပင်၍ နေကြ

http://www.dhammadownload.com



စဉ်ပင် ထိုကုန်သည်ညီနောင်တို့၏ ရှေးဘဝက ဆွေမျိုးရင်းချာ တော်စပ်ခဲ့ဘူးသော နတ်သားသည် သစ်ပင်ခွထက်၌ ကိုယ်ထင်ရှားပြလျက် "အမောင်တို့…. မြတ်စွာဘုရားသည် ဘုရားဖြစ်၍ မကြာသေးမီ သတ္တသတ္တာဟ (=လေးဆယ့်ကိုးရက်) ကာလပတ်လုံး ဆွမ်းအစာအာဟာရ သုံးဆောင်တော်မမူပဲ အရဟတ္တဖိုလ် ချမ်းသာကိုသာ ခံစားတော်မူလျက် ယခုအခါ လင်းလွန်းပင်ရင်း၌ပင်နေထိုင်သီတင်းသုံးဆဲရှိနေသည်၊ အမောင်တို့သည် မြတ်စွာဘုရားကို ဆွမ်းအစာအာဟာရဖြင့် မြတ်နိုးကော်ရော် ပူဇော်ကြကုန်လော့၊ ယင်းသို့ မြတ်နိုးကော်ရော် ပူဇော်ခြင်းသည် အမောင်တို့အဖို့ရာ နေ့ရှည်ရက်လျား စီးပွါးချမ်းသာ ဖြစ်ပေလိမ့်မည်"ဟု ပြောဆိုလေ၏။

ထိုစကားကိုကြား၍ ကုန်သည်ညီနောင်တို့သည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိကြကာ "ဆွမ်းချက်နေလျှင် အချိန်ကြာလိမ့်မည်"ဟု အောက်မေ့ဆင်ခြင်ကြပြီးလျှင် မိမိတို့မှာ အသင့်ပါလာသော မုံ့ကြွက်ကျစ် (နှင့်) ပျားဆုပ်မုံ့တို့ကို ယူဆောင်ကြကာ မြတ်စွာဘုရားထံမှောက်သို့ သွားရောက်ချဉ်းကပ်၍ ရိုသေမြတ်နိုး ရှိခိုးပြီးလျှင် သင့်လျော်ပတ်ရာအရပ်၌ ရပ်တည်ကြ၍ "အုန်းတော်ကြီးသော မြတ်စွာဘုရား…. ရှင်တော်ဘုရားသည် အကျွန်ုပ်တို့၏မုံ့ကြွက်ကျစ် (နှင့်) ပျားဆုပ်မုံ့တို့ကို ခံယူတော်မူပါ၊ ယင်းသို့ ခံယူတော်မူခြင်းသည် အကျွန်ုပ်တို့အဖို့ရာ နေ့ရှည်ရက်လျား စီးပွါးချမ်းသာ ဖြစ်ပါလိမ့်မည်"ဟု ရိုသေစွာ လျှောက်ထားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် (သုဇာတာ၏ ဃနာနို့ဆွမ်းကို ခံယူသောနေ့ကပင် တောထွက်စဉ်အခါ ဃဋီကာရဗြဟ္မာကြီး ကပ်လှူသော မြေသပိတ် ကွယ်ပျောက်ခဲ့လေသောကြောင့်) "ရှေးရှေး နောင်တော် မြတ်စွာဘုရားတို့သည် လက်တော်တို့ဖြင့် အာဟာရကို အလှူမခံကြကုန်၊ ထို့ကြောင့် ငါသည် ယခု ကုန်သည်ညီနောင်တို့ လှူဒါန်းအပ်သော မုံ့ကြွက်ကျစ် (နှင့်) ပျားဆုပ်မုံ့တို့ကို အဘယ်အရာဝတ္ထုဖြင့် အလှူခံရပါမည်နည်း"ဟု

http://www.dhammadownload.com



ကြံစည်တော်မူ၏။ ထိုအခါ မြတ်စွာဘုရား၏ စိတ်အကြံတော်ကို သိကြ၍ အရပ်လေးမျက်နှာတို့မှ ဓတရဋ္ဌ, ဝိရူဠှက, ဝိရူပက္ခ, ကုဝေရ ဟူသော စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် ဗုန္ဓနီလာကျောက်ညိုသပိတ် လေးလုံးတို့ကို မြတ်စွာဘုရားအား ရှိသေစွာ ဆက်ကပ်လှူဒါန်းကြလေသည်။ မြတ်စွာဘုရားသည် ထိုဗုန္ဓနီလာ ကျောက်ညိုသပိတ် လေးလုံးတို့ကို အလှူမခံပဲ ပယ်မြစ်တော်မူ၏။ တဖန် နတ်မင်းကြီး လေးယောက်တို့သည် ဝဲနောက်အဆင်းရှိသော (ပကတိ) ကျောက်သပိတ်လေးလုံးတို့ကို ဆက်ကပ်လှူဒါန်းကြပြန်ကုန်၏။ မြတ်စွာဘုရားသည် ထို(ပကတိ) ကျောက်သပိတ်လေးလုံးတို့ကိုအလှူခံတော်မူပြီးလျှင် နတ်မင်းကြီး လေးယောက်တို့ကို သနားချီးမြှောက်တော်မူသောအားဖြင့် ထိုကျောက်သပိတ် လေးလုံးတို့ကို ထပ်လျက် "သပိတ်တလုံးတည်းဖြစ်စေသတည်း"ဟု အဓိဋ္ဌာန်ပြုတော်မူလိုက်လျှင် ထိုသပိတ်လေးလုံးသည် အနားလေးရစ်ရှိသော သပိတ်တလုံးတည်းအဖြစ်သို့ ရောက်လေ၏။

မြတ်စွာဘုရားသည် ထိုသပိတ်ဖြင့် ကုန်သည် ညီနောင်တို့ လှူဒါန်းအပ်သော မုံ့ကြွက်ကျစ်(နှင့်) ပျားဆုပ်မုံ့များကို အလှူခံတော်မူ၍ ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ကုန်သည်ညီနောင်တို့နှင့် သင့်လျော်လျောက်ပတ်သော အနုမောဒနာတရားကို ဟောကြားတော်မူလေသည်။ ထိုအခါ ကုန်သည်ညီနောင်နှစ်ယောက်တို့သည် (ထိုအချိန်၌ သံဃာရတနာ မပေါ်ထွန်းသေးသောကြောင့်) မြတ်စွာဘုရားကိုရင်း, တရားတော်ကိုရင်း ကိုးကွယ်လည်းလျှောင်း ပုန်းအောင်းရာဟူ၍ ဆည်းကပ်ကြကုန်လျက် "ဧတေ မယံ ဘဂ္ဂေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ ဓမ္မဉ္စ"ဟု ဘုရားနှင့် တရားတော်ကိုသာ ရည်ညွှန်း၍ နှစ်ခွန်းသာဆိုရသော **ဒွေဝါစိကသရဏဂုံ**တည် ဥပါသကာများ ဖြစ်ကြလေကုန်၏။ (ထိုသူနှစ်ဦးတို့သည်ပင် လောက၌ ပဌမဆုံး ဒွေဝါစိကသရဏဂုံ တည်သူ ဥပါသကာများဖြစ်ကြသည်။)

http://www.dhammadownload.com



ထိုအခါ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· အကျွန်ုပ်တို့အား အမြဲမပြတ် ဆည်းကပ်ကိုးကွယ် ပူဇော်ဖို့ရန် ပူဇော်ဖွယ် ဝတ္ထုတခုခုကို ကရုဏာရှေ့ထား ပေးသနားတော်မူပါဘုရား" ဟု ကုန်သည်ညီနောင်တို့ လျှောက်ထားကြသဖြင့် မြတ်စွာဘုရားသည် လက်ျာလက်တော် (=ညာလက်တော်)ဖြင့် ကိုယ်တော်မြတ်၏ ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ခတ်တို့ကို ကုန်သည် ညီနောင်တို့အား ချီးမြှင့်ပေးသနားတော်မူလေ၏။ ကုန်သည် ညီနောင်တို့သည် ဆံတော်ခတ်တို့ကို ရရှိ၍ အမြိုက်ရည်ဖြင့် သွန်းလောင်းအပ်သည့်ပမာ လွန်စွာဝမ်းမြောက်ကြ၍ ရောင်းဝယ် ဖောက်ကားမှု ပြုကြပြီးနောက် မိမိတို့နေရာ ဥက္ကလာဇနပုဒ် ပေါက္ခရဝတီမြို့သို့ ပြန်လည်ဆိုက်ရောက်ကြလေလျှင် ဆံတော် ခတ်တို့ကို ရွှေကြုတ်အတွင်း ထည့်သွင်းကြ၍ စေတီတော် တည်ထား ကိုးကွယ်ကြလေကုန်၏။

ရာဇာယတနသတ္တာဟ ပြီး၏။

ဤအရာ၌ လယ်တီ ဆရာတော်ဘုရားကြီး ရေးသား တော်မူအပ်သော "သတ္တဋ္ဌာန ဘုရားရှိခိုးလင်္ကာ"ကိုသဒ္ဒါ တရား ပွါးစိမ့်သောငှါ ထည့်သွင်း ဖော်ပြပေအံ့။

(၁) ဘုန်းရောင်ထွန်းထိန်၊ စောမုနိန်၊ ။ပညိမြွေ၊ ချွေရာမှန်ဘိ၊ မောဓိကြွင်န်း၊ ရွှေညောင်နန်းဝယ်၊ ထူးဆန်း အံ့လောက်၊ မြေမှပေါက်သဘဲ၊ ရောင်တောက်မာရ်နှင်၊ ရွှေပလ္လင်ထက်၊ သမ္ဗုဒ္ဓတ၊ ဉာဏ်ကိုရပြီး၊ သတ္တာဟရက်၊ ဖွဲ့ခွေလျက်ပင်၊ ငြိမ်သက်တင့်တယ်၊ သုံးစမွယ်သည်၊ ။ ဘုန်းကြွယ် လက်ဦးပွဲပေကို။

(၂) နှစ်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ မာရပယ်လှန်၊ ပလ္လင်ပုံမှ၊ သေန်တူရွ၊ ရပ်တော်မူလျက်၊ ကြည်ဖြူငြိမ်းချမ်း၊

http://www.dhammadownload.com



ပလ္လင်နန်းကို၊ မြောင့်တန်းစကျ၊ စိမ်းစိမ်းရွှေကျက်၊ သုံးလှေ့ ရှင်ပင်၊ ပျော်စံရှင်သည်၊ ။ကြည်လင် ညွှတ်နူးဘွယ်ပေကို။

(၃) သုံးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ မြောက်ခွင်ဥတ္တရာ၊ စင်္ကြံသာ၌၊ လူးလာတုံ့ခေါက်၊ ကြွချီ လျှောက်၍၊ ဘုန်းတောက်ဘုရား၊ ပျော်စံစားသည်၊ ။ တရား ဆင်ခြင်လျက်ပေကို။

(၄) လေးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်နှင့်၊ ပလ္လင်ထွန်းတောက်၊ အနောက် မြောက်ဝယ်၊ အံ့ လောက်ဘွယ်ရာ၊ ရတနာရိပ်ငြိမ်၊ စံရွှေအိမ်၌၊ ကြိမ်ကြိမ် ဖန်ခါ၊ ဘိဓမ္မာကို၊ မဟာဉာဏ၊ သာဂရဖြင့်၊ ဗုဒ္ဓရှင်ပင်၊ သုံးဆင်ခြင်သည်၊ ။ရောင်ရှင် ခြောက်ဖြာ ညီးလှိုကို။

(၅) ငါးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ ရှေ့ခွင်ပုဗ္ဗာ၊ရပ်ဒိသာဝယ်၊ကြီးစွာမြင့်ခေါင်၊ဆိတ်ကျောင်း ညောင်၌၊ ဘုန်းခေါင်ပရမေ၊ စမွယ်နေသည်၊ ။ရှိသေ မြတ်နိုးဘွယ်ပေကို။

(၆) ခြောက်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ပလ္လင် ရှေ့ညောင်၊ အရှေ့တောင်၌၊ မြရောင်လိုလို၊ ရေညိုပြည့် လျှမ်း၊ ကြာပန်းညွှတ်ရုံ၊ ပန်းမျိုးစုံသည်၊ မုစ္စလိန္ဒာ၊ အိုင် သာဖြန့်ကျင်း၊ ကျည်းပင်ရင်းဝယ်၊ သနင်းလှေ့ဆွေ၊ စမွယ် နေသော်၊ မိုးလေထန်ပြင်း၊ သွန်းချခြင်းကြောင့်၊ မြွေမင်း ရန်ဟန့်၊ ပါးပျဉ်းဖြန့်လျက်၊ ချီးအံ့တန်းခိုး၊ ဆောင်းကာ မိုးသည်၊ ။ရှေးကျိုး သမ္ဘာတော်ကြောင့်ကို။

(၇) ခါသတ္တမ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ တောင် ပြင်လက်ျာ၊မြေမျက်နှာဝယ်၊ ရာဇာယတန၊မည်ရခေါ်တွင်၊ လင်းလွန်းပင်၌၊ သမ္ဗုဒ္ဓဖျား၊ ပျော်စံစားသည်၊ ။ ကြီးမား ဉာဏ်တော်ဖွင့်လှိုကို။

http://www.dhammadownload.com



ထိုခုနစ်ပါး၊ အရပ်များကို၊ ရွှေသွားသဒ္ဓါ၊ ကြည်ညို စွာလျှင်၊ ဝန္ဒနာမာန၊ ဂါရဝဖြင့်၊ ဦးချညွတ်ကျိုး၊ ကျွန်ရှိခိုး သည်၊ ၊ကောင်းကျိုးခပ်သိမ်း ပြည့်စေသောဝ်။

**သတ္တဋ္ဌာန ဘုရားရှိခိုး ပြီး၏။**

**သတ္တဋ္ဌာန စံနေတော်မူခြင်း ပြီး၏။**

---

**အခန်း-၉**

**မြတ်စွာဘုရားသည် တရားတော်၏ နက်နဲပုံကို လေးနက်စွာ ဆင်ခြင်တော်မူခြင်း**

ထို့နောက် ဘုရားဖြစ်သည့် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှ သတ္တသတ္တာဟ (=လေးဆယ့်ကိုးရက်) လွန်မြောက်၍ ရက် ပေါင်း ငါးဆယ်သို့ရောက်သော ဝါဆိုလဆန်း ၆-ရက် ကြာသ- ပတေးနေ့ နံနက်ခင်းအခါ မြတ်စွာဘုရားသည် လင်းလွန်းပင်ရင်း သီတင်းသုံးထိုင်နေရာမှ ထပြီးလျှင် တဖန် အဇပါလ (=ဆိတ် ကျောင်း) ညောင်ပင်ရင်းသို့ပင် ကြွသွားချဉ်းကပ်တော်မူလျက် ထိုအဇပါလညောင်ပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေ(=တင်ပလ္လင်ခွေ) ထိုင်နေတော်မူ၏။ ထိုအခါ နားမျက်စိဆိတ်ငြိမ်ရာသို့ ကပ်ချဉ်းမိ ကာ တပါးတည်း ကိန်းစံတော်မူသော မြတ်စွာဘုရားအား ဤသို့ စိတ်အကြံအစည် ဖြစ်တော်မူ၏—

"သယမ္ဘူမှန် ပင်ထွက်ဉာဏ်ဖြင့် ငါဘုရားထိုးထွင်း၍ လင်းလင်း ထင်ထင် သိမြင်အပ်ပြီးသော ဤသစ္စာလေးပါး တရားအစုသည် (မြေအထုကို ခံလင့်သော ရေထုပမာ) နက်နဲလှစွာ၏၊ (မြင်းမိုရ် တောင်ကြီးဖြင့် ဖုံးအုပ်၍ထားအပ်သော မုန်ညင်းစေ့ပမာ) မြင်နိုင်ခဲလှစွာ၏၊ (အကြိမ်တရာ ခွဲစိတ်အပ်သော သားမြီးစွန်း တခုဖြင့် သားမြီးစွန်းတခုကိုတည့်တည့်မှန်အောင် ထိုးရထောက်ရ သည့်ပမာ) လွန်စွာသိနိုင်ခဲလှ၏၊ ငြိမ်းချမ်းလှစွာ၏၊ မွန်မြတ်လှ

http://www.dhammadownload.com



စွာ၏၊ (ဤနှစ်ပုဒ်ကား လောကုတ္တရာတရားကို ရည်ရွယ်သည်၊) တဏှာသမားတို့၏ အကြံဝိတက်ဖြင့် သက်ဝင်ကျက်စားအပ်သော တရားမဟုတ်၊ (ဉာဏ်ပညာဖြင့်သာ သက်ဝင်ကျက်စားအပ်သော တရားဖြစ်၏၊) သိမ်မွေ့လှစွာ၏၊ အကျင့်မှန်ကို ကျင့်ကြံကုန်ဘိ ပညာရှိတို့သာ သိမြင်အပ်သော တရားဖြစ်၏။ ဤသတ္တဝါ အပေါင်းသည်ကား အာရုံငါးပါး ကာမဂုဏ်တရားတည်းဟူ သောကာမာလယ, ထိုကာမဂုဏ်ငါးပါးကို မှီဝဲသုံးဆောင်တတ် သည့် တဏှာလောဘတည်းဟူသော တဏှာလယ— ထိုအာလယ နှစ်ပါးတို့ဖြင့် မွေ့လျော်,ထိုအာလယနှစ်ပါးတို့၌ ပျော်ပိုက်နှစ်ခြိုက် ခုံမင်၍ နေကြကုန်၏။ ယင်းသို့ အာလယနှစ်ပါးတို့ဖြင့် မွေ့လျော်, အာလယနှစ်ပါးတို့၌ ပျော်ပိုက် နှစ်ခြိုက်ခုံမင်၍ နေကြသော သတ္တဝါအပေါင်းသည် အကြောင်းအကျိုး ဆက်စပ်ဖြစ်ပွါးသည့် ဤပဋိစ္စသမုပ္ပါဒ်တရားကို သိမြင်နိုင်ခဲလှစွာ၏။ ခပ်သိမ်းသော သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ ကာမုပဓိ, ခန္ဓုပဓိ, ကိလေသုပဓိ, အဘိသင်္ခါရုပဓိတည်းဟူသော ဥပဓိအလုံးစုံကို အတုန်ပယ်စွန့်ရာ, တဏှာအပြား တရာ့ရှစ်ပါးတို့၏ ကုန်ခန်းရာ, တထောင်ငါးရာ ကိလေသာရာဂတို့၏ ကင်းရာ, ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာဖြစ် သော နိဗ္ဗာန်တရားကိုကား သာ၍ပင် မြင်နိုင်ခဲလှစွာ၏။ ငါဘုရား ကလည်း ထိုမျှလောက် နက်နဲသောတရားကို ဟောကြားငြားအံ့၊ ဗုဒ္ဓဓမ္မနန့်သူ မကျွတ်ထိုက်သော နတ်လူတို့ကလည်း ငါဘုရား၏ ထိုတရားကို မသိမြင်နိုင် နားမလည်နိုင်ကြလျှင် ယင်းသို့ မသိမြင် နိုင်သူ နားမလည်သူ မကျွတ်ထိုက်သော နတ်လူတို့အား တရား ဟောခြင်းသည် ငါဘုရား၏အတွက်တာ ပင်ပန်းနွမ်းနယ်ရုံသာ ဖြစ်လေရာ၏" ဤကဲ့သို့ မြတ်စွာဘုရားအား စိတ်အကြံအစည် ဖြစ်တော်မူလာ၏။

ထိုပြင်လည်း မြတ်စွာဘုရားမှာ အလွန်တရာ အံ့ဩဖွယ် ကောင်းသော ဤနှစ်ဂါထာတို့သည်လည်း ရှေးက မကြားဘူး ကုန်ဝဲ စိတ်ထဲ၌ ထင်ရှားပေါ်လာကြပြန်ကုန်၏၊ ထိုနှစ်ဂါထာ တို့ကား—

http://www.dhammadownload.com



(၁) ကိလေ္ဆန မေ အဓိဂတံ၊
ဟလံ ဒါနိ ပကာသိတုံ။
ရာဂဒေါသပရေတေဟိ၊
နာယံ ဓမ္မော သုသမ္ဗုဓော။

(၂) ပဋိသောတဂါမိံ နိပုဏံ၊
ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။
ရာဂရတ္တာ န ဒက္ခန္တိ၊
တမောခန္ဓေန အာဝုတာ။

(၁) မေ = ငါဘုရားသည်။ ကိလေ္ဆန = ပါရမီဖြည့်စဉ်အခါ ခဲယဉ်းစွာ ကျင့်ကြံအားထုတ်သဖြင့်။ အဓိဂတံ = ရရှိသိမြင်အပ်သော။ ဣမံ ဓမ္မံ = ဤသစ္စာလေးပါး တရားအချက်ကို။ ဒါနိ–ဣဒါနိ = ငါဘုရား၏ သန္တာန်ကြွင်နာမှု တည်းဟူသော အဇ္ဈတ္တိကနိဒါန်းသာပြည့်စုံ၍ လောကဂရုမြဟ္မာ၏ တောင်းပန်မှု တည်းဟူသော ဗာဟိရ နိဒါန်း မပြည့်စုံသေးမီ ယခု လောလောဆယ် အခါ၌။ ပကာသိတုံ = နတ်လူတို့အား ထင်ရှားစွာ ဟောပြ ခြင်းငှါ။ ဟလံ = အခွင့်မလျော် မသင့်တော်သေးချေ။ အယံ ဓမ္မော = ဤသစ္စာလေးပါးတရားအချက်ကို။ ရာဂဒေါသပရေတေဟိ = ရာဂဒေါသ တရားဆိုးတို့ လွှမ်းမိုးနှိပ်စက် အပ်ကုန်သောသူတို့သည်။ န သုသမ္ဗုဓော = လင်းလင်း ထင်ထင် အလွယ်နှင့် သိမြင်ကြမည် မဟုတ်ချေ။

(၂) တမောခန္ဓေန = အဝိဇ္ဇာစု မှောင်အထုသည်။ အာဝုတာ = ပညာမျက်စိ ဘိတ်မရှိအောင် လွှမ်းဖိအုပ်စိုး အပ်ကုန်သည်ဖြစ်၍။ ရာဂရတ္တာ = ကာမရာဂ, ဘဝရာဂ, ဒိဋ္ဌိရာဂတို့ဖြင့် တပ်မက်စွဲလမ်းကြသူ နတ်လူအပေါင်းတို့ သည်။ နိပုဏံ = သိမ်မွေ့သော။ ဂမ္ဘီရံ = (မြေအထုကို ခံလင့်သော ရေထုပမာ) နက်နဲလှစွာသော။ ဒုဒ္ဒသံ = (မြင်းမိုရ်တောင်ကြီးဖြင့် ဖုံးအုပ်၍ ထားအပ်သော မုန်ညင်း စေ့ပမာ)မြင်နိုင်ခဲလှစွာသော။ အဏုံ = အဏုမြူပမာ သိမ်

http://www.dhammadownload.com



မွေ့စွာသော။ ပဋိသောတဂါမိံ = သံသရာ၏အဆန် နိဗ္ဗာန်သို့ရောက်ကြောင်း သစ္စာလေးပါး တရားကောင်းကို။ နဒက္ခန္တိ = မြင်နိုင်ကြလိမ့်မည် မဟုတ်ကုန်။ ။(ဤအကြံအစည်ကား ခပ်သိမ်းသော ဘုရားရှင်တို့အားပင် ဖြစ်မြဲဓမ္မတာဖြစ်သည်။)

ထိုသို့ကြံစည် ဆင်ခြင်တော်မူသော မြတ်စွာဘုရားအား (၁) သတ္တဝါတို့၏ သန္တာန်၌ ကိလေသာ ထူပြောမှု ဟူသော အကြောင်း၊ (၂) တရားတော်၏ အလွန်နက်နဲမှု ဟူသော အကြောင်း၊ (၃) ကိုယ်တော်မြတ်၏ တရားတော်၌ အလွန်ရိုသေမှု ဟူသော အကြောင်း ဤအကြောင်း သုံးပါးကြောင့် လောလောဆယ်တရားဟောရန်အရေး အားထုတ်မှု ကြောင့်ကြမှု မပြုသေးသော အနေဖြင့် စိတ်တော်အစဉ် ညွတ်လေ ဖြစ်လေသည်။

ထိုစိတ်တော်အစဉ်ဟူသည်လည်း "ရောဂါဝေဒနာအမျိုးမျိုးတို့ဖြင့် လွှမ်းမိုးနှိပ်စက်အပ်သော သူနာထံသို့ အကုအသ ရောက်ရှိလာသော ဆေးဆရာသည် 'အဘယ်ကုထုံး အဘယ်ဆေးများဖြင့် ဤသူနာ၏ အနာရောဂါကို ပျောက်ငြိမ်းအောင် ကုစားရပါမည်နည်း'ဟု ကြံစည်သကဲ့သို့ ဤအတူပင် ကိလေသာ အနာရောဂါ အမျိုးမျိုး လွှမ်းမိုးနှိပ်စက်အပ်သော သတ္တဝါအပေါင်းကိုရင်း, တရားတော်၏ လွန်စွာနက်နဲ မြင်နိုင်ခဲပုံကိုရင်း မြင်တော်မူသော မြတ်စွာဘုရားအား 'အဘယ် တရားကိုများ ဤသတ္တဝါတို့အား ဟောရပါမည်နည်း၊ အဘယ်သို့သော တရားဆင်နည်းဖြင့် ဤသတ္တဝါတို့အား ဟောရပါမည်နည်း"ဟု သတ္တဝါတို့၏ သစ္စာလေးပါး တရားသိနိုင်ရေးကို ကြံတွေးဆင်ခြင်သည့် စိတ်အစဉ်သာလျှင်တည်း။ ("သတ္တဝါတို့အား ငါဘုရားသည် လုံးဝ တရားမဟောတော့ဘူး"ဟူ၍ စိတ်အားကို ဒုန်းဒုန်းလျှော့ချ လိုက်ခြင်းမျိုးမဟုတ်။ အကျယ်ကို မိလိန္ဒပဉှာ၌ ကြည့်ရာ၏။)

**တနည်းကား**.....မြတ်စွာဘုရားရှင်တို့၏ တရားဟောတော်မူခြင်းသည် (၁) ကိုယ်တော်မြတ်တို့၏ အဇ္ဈတ္တ-

http://www.dhammadownload.com



သန္တာန်၌ဖြစ်ပွါးသော သတ္တဝါတို့ကို သနားကြင်နာမှု = မဟာကရုဏာတော် တည်းဟူသော အဇ္ဈတ္တိကနိဒါန်း၊ (၂) လောကဂရု = တလောကလုံးက အလေးပြုအပ်သည့် ဗြဟ္မာမင်း၏ တရားဟောရန် တောင်းပန်ခြင်း = ဗြဟ္မယာစနတည်းဟူသော ဗာဟိရနိဒါန်းဟူ၍အကြောင်း နိဒါန်းနှစ်ပါးရှိလေရာ ထိုသို့မြတ်စွာဘုရား တရားတော်၏ နက်နဲပုံ သတ္တဝါတို့၏ ကိလေသာထူပြောပုံတို့ကို ဆင်ခြင်တော်မူသောအချိန်၌ မြတ်စွာဘုရား၏ မဟာကရုဏာတော်တည်းဟူသော အဇ္ဈတ္တိကနိဒါန်းကား ပြည့်စုံပြီးရှိလေပြီ၊ ၂-အမှတ်ပါ ဗြဟ္မာမင်း၏ တောင်းပန်ခြင်း တည်းဟူသော ဗာဟိရနိဒါန်းကား ထိုအချိန်၌ မပြည့်စုံသေး (= ဗြဟ္မာ၏ တောင်းပန်မှုကား မဖြစ်သေး၊) ထို့ကြောင့် ဗြဟ္မာမင်း၏ တောင်းပန်ခြင်း တည်းဟူသော ဗာဟိရနိဒါန်း ပြည့်စုံသောအခါသို့ရောက်မှ တရားဟောဖို့ရန် ဤသို့ စိတ်ညွတ်တော်မူခြင်းဖြစ်သည်။

ဗြဟ္မာမင်းတောင်းပန်မှ တရားဟောခြင်းသည် မြတ်စွာဘုရားရှင်တိုင်း၏ ဓမ္မတာကြီးတခုဖြစ်သည်။ ထိုသို့ ဗြဟ္မာမင်း တောင်းပန်မှ တရားဟောခြင်း၏ အကြောင်းမှာ.... သာသနာပြင်ပ (= ဘုရားမပွင့်မီ) ဗာဟိရကာလ၌ လူဝတ်ကြောင်များ, ရသေ့ပရိဗိုဇ်များ, ရဟန်း ပုဏ္ဏားဟု သမုတ်အပ်သူ သူတော်စင်များတို့သည် ဗြဟ္မာကိုသာ အလေးပြု၍ ကိုးကွယ်ကြကုန်၏။ သို့ရကား လောကဂရု = တလောကလုံးက အလေးပြုအပ်သော ဗြဟ္မာကြီးက မြတ်စွာဘုရားကို အလေးပြုညွတ်တွား ကိုင်းရှိုင်းလာလျှင် တလောကလုံးကပင် မြတ်စွာဘုရားကို အလေးပြု ညွတ်တွား ကိုင်းရှိုင်းပေလိမ့်မည်၊သက်ဝင်ယုံကြည်ပေလိမ့်မည်။ ဤအကြောင်း ကြောင့် မြတ်စွာဘုရားတို့သည် ဗြဟ္မာမင်း တောင်းပန်မှ တရားဟောတော်မူကြမြဲ ဓမ္မတာဖြစ်သည်၊ ဤသို့ ဗြဟ္မာမင်း၏ တောင်းပန်ခြင်း တည်းဟူသော

http://www.dhammadownload.com



ဗာဟိရနိဒါန်း ပြည့်စုံသောအခါသို့ရောက်မှ တရားဟော ဖို့ရန် ဤသို့ စိတ်ညွတ်တော်မူခြင်း ဖြစ်လေသည်။

### သဟမ္ပတိ ဗြဟ္မာကြီး တရားဟောရန် တောင်းပန်လာခြင်း

(**သဟမ္ပတိ ဗြဟ္မာကြီး** ဟူသည်မှာ....ကဿပမြတ်စွာ ဘုရား၏ သာသနာ၌ သဟကမည်သော မထေရ်မြတ် သည် ရူပါဝစရ ပဉ္စမဈာန်ကိုရ၍ ဈာန်မလျှောကျပဲ စုတေ သောအခါ ပဉ္စမဈာန်ဘုံ၌ အန္တရကပ် ခြောက်ဆယ့်လေး ကပ် = အသင်္ချေယျကပ်တကပ် အသက်ရှည်သော မဟာ ဗြဟ္မာကြီးဖြစ်လေသည်။ ထိုမဟာဗြဟ္မာကြီးကို "သဟမ္ပတိ ဗြဟ္မာ"ဟူ၍ ထိုဘုံသား ဗြဟ္မာတို့က အသိအမှတ်ပြုကာ ခေါ်ဆိုကြကုန်၏။ ။သံ-ဋ ၁၊ ၁၈၂။ ။သာရတ္ထဋီ ၃၊ ၁၅၅-မှ။)

ထိုသို့ မြတ်စွာဘုရားအား တရားဟောရန်အရေး အားမထုတ် သေးသော အနေဖြင့် စိတ်ညွတ်တော်မူသောအခါ သဟမ္ပတိ ဗြဟ္မာကြီးအား "နဿတိ ဝတ ဘော လောကော၊ ဝိနဿတိ ဝတ ဘော လောကော—အစရှိသည်ဖြင့် အို အချင်းတို့···· လောကကြီးသည် ပျက်စီးတော့မည်တကား၊ အို အချင်းတို့···· လောကကြီးသည် ပျက်စီးတော့မည်တကား၊ လောက၌ တရား အလုံးစုံကို အကုန်မကျန် အမှန်ကိုယ်တိုင် ထိုးထွင်းသိမြင်နိုင်သည် ဖြစ်၍ နတ်လူတို့၏ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာ ဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန် အားမထုတ်သော အနေဖြင့် ညွတ်ခဲ့လေပြီတကား"ဟု ဤသို့ စိတ်အကြံဖြစ်ပြီးလျှင် ကိုယ်အား စိတ်အား လွန်ကြီးမားသော ယောကျ်ားသည် ကွေး ထားသောလက်ကို ဆန့်သကဲ့သို့ရင်း, ဆန့်ထားသော လက်ကို ကွေးသကဲ့သို့ရင်း ထို့အတူပင် သဟမ္ပတိဗြဟ္မာကြီးသည် မဟာ-ဗြဟ္မာအပေါင်း တသောင်းတို့နှင့်တကွ ဗြဟ္မာ့ပြည်၌ ကွယ်ခဲ့ပြီး လျှင် မြတ်စွာဘုရား၏ ရှေ့တော်မှောက်၌ ထင်ရှားပေါ်ပေါက် လာ၏။ ထိုအခါ သဟမ္ပတိဗြဟ္မာကြီးသည် အပေါ်ရုံ (ဗြဟ္မာ့

http://www.dhammadownload.com



တဘက်)ကို လက်ဝဲပခုံးထက်၌ တင်ထားကာ( =လောပတ်တင်ကာ) လက်ျာဒူးဝန်းကို မြေ၌ထောက်လျက်( =ဗြဟ္မာထိုင် ထိုင်လျက်) မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုးပြီးသော်—

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အားတရားဟောတော်မူပါလော့။ကောင်းသောစကားကို ပြောကြားတော်မူတတ်သော မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာသတ္တဝါအပေါင်းအား တရားဟောတော်မူပါလော့။ ဉာဏ်ပညာမျက်စိ၌ ကိလေသာမြူမှုန် နည်းပါးကုန်သော သတ္တဝါတို့သည် များစွာ ရှိကြပါကုန်၏။ ထို သတ္တဝါတို့သည် မြတ်စွာဘုရား၏ တရားတော်ကို မကြားနာကြရကုန်သည်ရှိသော် မိမိတို့ရသင့်ရထိုက်သော မဂ်ဖိုလ်တရားထူးမှ ဆုတ်ယုတ် ဆုံးရှုံးကြပါကုန်လိမ့်မည်။မြတ်စွာဘုရားဟောကြားမည့် တရားတော်ကို သိမြင် နားလည်နိုင်သောသူတို့သည်လည်း ထင်ရှား ဖြစ်ပေါ်ကြပါကုန်လိမ့်မည် ဘုရား"—

ဟု လျှောက်ဆိုပြီးလျှင် တဖန် သဟမ္ပတိ ဗြဟ္မာကြီးသည် စုဏ္ဏိယ =စကားပြေဖြင့် လျှောက်ထားပြီးနောက် ဂါထာစကားဖြင့်လည်း ဤသို့ လျှောက်ထား တောင်းပန်ပြန်လေသည်—

ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· ရှင်တော်ဘုရား၊ ပွင့်ထွန်းတော်မမူမီ ရှေးအခါက မဂဓတိုင်းတို့၌ ကိလေသာ အညစ်အကြေး ရှိကြသည့် ပူရဏကဿပစသော တိတ္ထိဆရာကြီးခြောက်ဦးတို့သည် ကြံဆအပ်သော မစင်ကြယ်သော မိစ္ဆာအယူတရားသည် ထင်ရှားဖြစ်ပေါ်ခဲ့ပါပြီ။ သို့ဖြစ်၍ အရှင်မြတ်ဘုရားသည် (ကဿပမြတ်စွာသာသနာကွယ်ပသည်မှစ၍ ပိတ်ဆို့၍နေသော) အမြိုက်နိဗ္ဗာန် ဝင်ရန်မှန်လှ မဂ်တံခါးမကြီးကို ဖွင့်လှစ်တော်မူပါလော့။ ဤသတ္တဝါအပေါင်းတို့သည် ကိလေသာ အညစ်

http://www.dhammadownload.com



အကြေးမှ ကင်းဝေးတော်မူသော ရှင်တော်မြတ်ဘုရား ထိုးထွင်းသိမြင်အပ်သည့် ဂါထာလေးပါး မြတ်တရားကို နာကြားကြပါကုန်စေ။

ကောင်းမြတ်ကြည်လင် ပညာရှင်ဖြစ်တော်မူ၍ ထက်ဝန်းကျင် မြင်စွမ်းနိုင်သည့် ပညာမျက်စိ ရှိတော်မူသော မြတ်စွာဘုရား…မျက်စိအမြင်ကောင်းသော ယောကျ်ားသည် ကျောက်အတိပြီးသောတောင်ထိပ်၌ ရပ်တည်လျက် ထက်ဝန်းကျင်ရှိသူ လူအပေါင်းကို ကြည့်ရှုသကဲ့သို့ ထို့အတူ ပူဆွေးစိုးရိမ်ခြင်း ကင်းဝေးတော်မူပြီးသော မြတ်စွာဘုရားသည် ပညာဖြင့်ပြီးသော ရတနာပြာသာဒ်ထက်သို့ တက်တော်မူပြီးလျှင် (ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း စသည်ဖြင့် နှိပ်စက်အပ်သည်ဖြစ်၍)စိုးရိမ်ပူဆွေးခြင်းသို့ သက်ဆင်း ကျရောက်နေသော လူနတ်မြဟ္မာ သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူပါလော့။

ကြီးမြတ်ရဲရင့်သော လုံ့လဝီရိယရှိတော်မူလျက် အလုံးစုံသော စစ်ပွဲတို့၌ ရှုံးတော်မမူ အောင်ပွဲသာ ယူတော်မူသော မြတ်စွာဘုရား…ထတော်မူပါလော့၊ ဝေနေယျသတ္တဝါအပေါင်းကို ဇာတိ ခရီးခဲ, ဇရာခရီးခဲ အစရှိသည်တို့မှ လွတ်မြောက်စေကာ နိဗ္ဗာန်တည်းဟူသော ဘေးမဲ့အရပ်သို့ ပို့ဆောင်တော်မူတတ်သဖြင့် လှည်းကုန်သည်မှူးနှင့် အလားတူလျက် ကာမစ္ဆန္ဒ တည်းဟူသော တဏှာမြီကြွေး ကင်းဝေးတော်မူသော မြတ်စွာဘုရား…လောက၌ တရားသဘင် ဆင်ယင်ကျင်းပရန် ဒေသစာရီ ကြွချီတော်မူပါလော့။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား…အရှင်မြတ်ဘုရားသည် လူနတ်မြဟ္မာ သတ္တဝါအပေါင်းအား သစ္စာလေးပါး တရားကို ဟောကြားတော်မူပါလော့။ မြတ်စွာဘုရား ဟောကြားမည့် တရားတော်ကို သိမြင် နားလည်နိုင်သော သူတို့သည်လည်း ထင်ရှား ဖြစ်ပေါ်ကြပါကုန်လိမ့်မည်ဘုရား။

http://www.dhammadownload.com



ဤသို့ လျှောက်ထားတောင်းပန်ပြန်လေသည်။ (မြတ်စွာဘုရား ကိုယ်တော်မြတ်၏သန္တာန်၌ တရားတော်၏ နက်နဲပုံ သတ္တဝါတို့၏ ကိလေသာထူပြောပုံကို ဆင်ခြင်တော်မူ၍ တရားဟောရန် အရေးအားမထုတ်သေးသော အနေဖြင့် စိတ်တော်အစဉ် ညွှတ်လတ်ဖြစ်လတ်သောအခါ ဗြဟ္မာမင်း လာရောက်၍ တရားဟောရန် တောင်းပန်ခြင်းသည် ခပ်သိမ်းသော ဘုရားရှင်တိုင်း၏ ဓမ္မတာဖြစ်သည်။ ဗုဒ္ဓဝင်အဋ္ဌကထာ ဓမ္မတာသုံးဆယ်အဖွင့်မှ။)

### မြတ်စွာဘုရားသည် သတ္တလောကကို ကြည့်ရှုတော်မူခြင်း

ထိုသို့ သဟမ္ပတိဗြဟ္မာမင်း တရားဟောရန် တောင်းပန်သောအခါ မြတ်စွာဘုရားသည် (၁) ဗြဟ္မာမင်း၏ တောင်းပန်ခြင်းတည်းဟူသော ဗာဟိရနိဒါန်း၊ (၂) ကိုယ်တော်မြတ်၏ သတ္တဝါတို့၌ သနားကြင်နာတော်မူခြင်း မဟာကရုဏာတော် တည်းဟူသော အဇ္ဈတ္တိကနိဒါန်း ဤနိဒါန်းနှစ်ရပ် ပြည့်စုံပြီဖြစ်လတ်ရကား အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တဉာဏ်နှစ်ပါး တည်းဟူသော ဗုဒ္ဓစက္ခုအစုံဖြင့် သတ္တလောကကို ကြည့်ရှုတော်မူလေသည်။

ထိုသို့ ကြည့်ရှုတော်မူသောအခါ ကြာညိုတော ကြာနီတော ကြာဖြူတောဝယ် ရေ၌ဖြစ်ပွါး ရေမှာပင် ကြီးထွားး၍ ရေအတွင်း၌ မြုပ်ကာ ဖွံ့ဖြိုးကြီးပွါးလျက်ရှိသော ကြာတမျိုး (၁)၊ ရေ၌ဖြစ်ပွါး ရေမှာပင် ကြီးထွား၍ ရေမျက်နှာပြင်နှင့်အညီ တည်ရှိသော ကြာတမျိုး (၂)၊ ရေ၌ဖြစ်ပွါး ရေမှာပင်ကြီးထွား၍ ရေမှအထက်သို့ စွင့်စွင့်တက်တည်ရှိကာ ရေနှင့်မလိမ်းကျံ မကပ်ငြိသော ကြာတမျိုး(၃)၊ (ထိုကြာသုံးမျိုးတို့အနက် ၃-အမှတ်ပါ ရေမှအထက်စွင့်စွင့်တက် တည်နေသော ကြာတို့ကား ယနေ့ပွင့်မည့် ကြာများဖြစ်သည်။ ၂-အမှတ်ပါ ရေမျက်နှာပြင်နှင့် တညီတည်း တည်နေသော ကြာတို့ကား နက်ဖြန် (နောက်တနေ့)၌ ပွင့်မည့် ကြာများဖြစ်သည်၊ ၁-အမှတ်ပါ ရေအတွင်း၌ မြုပ်ကာ ဖွံ့ဖြိုးကြီးပွါးလျက်ရှိသောကြာတို့ကားတတိယနေ့(= သန်ဘက်ခါ)၌

http://www.dhammadownload.com



ပွင့်မည့်ကြာများဖြစ်သည်။) ထိုကြာသုံးမျိုးမှ အလွတ်ဖြစ်၍ ရေမှ အထက် လုံးဝမပေါ်တက်တော့ပဲ ပွင့်လည်းမပွင့်တော့ပဲ ငါးစာ လိပ်စာ ဖြစ်ရမည့် အနာရောဂါမကင်းသော ကြာတမျိုး (၄)၊ ဤကြာလေးမျိုးတို့အဟူ ပညာမျက်စိ၌ ကိလေသာမြူမှုန် ကင်းစင်နည်းပါးသော သတ္တဝါ၊ပညာမျက်စိ၌ ကိလေသာမြူမှုန် များပြားသော သတ္တဝါ၊ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ တည်းဟူသော ဣန္ဒြေငါးပါး ထက်မြက်ရင့်ကျက်သော သတ္တဝါ၊ ထိုဣန္ဒြေငါးပါး နုန့်နွေးနုနယ်သော သတ္တဝါ၊ သဒ္ဓါ အစရှိသော အခြင်းအရာကောင်းသော သတ္တဝါ၊မကောင်းသော သတ္တဝါ၊ဟောအပ်သောတရားကို သိလွယ်မည့်သတ္တဝါ၊ သိနိုင်ခဲမည့်သတ္တဝါ၊ခန္ဓာ စသော လောကနှင့်ကိလေသာတရား ဒုစရိုက်တရား အဘိသင်္ခါရတရား ဘဝဂါမိကံတရား ဤအပြစ်များကို သန်လျက်ချိမိုး၍ ထိုးခုတ်အံ့သော ရန်သူယောကျ်ားပမာ ကြောက်လန့်ဖွယ်မှု ဘေးအစုဟူ ရှုလျက်နေသော သတ္တဝါ၊ ထိုသို့မနေသော သတ္တဝါတို့ကို ပိုင်းခြားသိမြင်တော်မူလေ၏။

(ဤ၌ မြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့် သတ္တလောကကို ကြည့်ရှုတော်မူသောအခါ (၁) ရေမှပေါ်တက်၍ နေထွက်လျှင်ထွက်ခြင်း ယနေ့ပင် ပွင့်မည့်ကြာများကဲ့သို့ အကျဉ်းမာတိကာ ဥဒ္ဒေသမျှ ဟော လိုက်လျှင်ပင် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြမည့် ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊ (၂) ရေမျက်နှာပြင်နှင့်အညီ တည်နေကာ နက်ဖြန် ပွင့်မည့် ကြာများကဲ့သို့ အကျဉ်းမာတိကာ ဥဒ္ဒေသကို ကြားနာရရုံဖြင့် ကျွတ်တမ်းမဝင်သေးပဲ ထိုမာတိကာ ဥဒ္ဒေသကို အကျယ်ဝိတ္ထာရ နိဒ္ဒေသပဒဘာဇနီ ချဲ့ထွင်၍ဟောမှ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြမည့် ဝိပဉ္စိတညူပုဂ္ဂိုလ်၊ (၃) ရေအတွင်း၌ နစ်မြုပ်ကာ ဖွံ့ဖြိုးကြီးပွါးလျက် တတိယနေ့(သန်ဘက်ခါ)မှ ပွင့်မည့် ကြာများကဲ့သို့ တရားတော်ကို အကျဉ်းအကျယ် နာရသော်လည်း ထိုတထိုင်တည်း၌ ကျွတ်တမ်းမဝင်သေးပဲ ကလျာဏမိတ်ဆွေတို့ကို မှီဝဲကာ ထိုတရားကို အဖန်ဖန် ပွါးများလေ့လာ နှလုံးသွင်း၍ နောက်ရက် နောက်လ နောက်နှစ်တို့သို့ရောက်မှ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြမည့် နေယျပုဂ္ဂိုလ်၊ (၄) ရေမှအထက်သို့ တက်လည်းမတက် ပွင့်လည်း မပွင့်တော့ပဲ ရေထဲမှာပင် ငါးစာ လိပ်စာ ဖြစ်ရမည့် အနာအဆာမကင်း

http://www.dhammadownload.com



သော ကြာမျိုးကဲ့သို့ ယခုဘဝ မည်မျှပင် တရားကို နာယူလေ့လာပွါးများသော်လည်း မဂ်ဖိုလ်ကိုမရပဲ နောက်နောက်ဘဝတို့အတွက် တရားအထုံဝါသနာ ပါရမီမျှအကျိုးရှိ၍ ကိလေသာတည်းဟူသော ငါးလိပ်တို့၏ အစာဖြစ်ကာ ဘဝဆုံးရသော ပဒပရမပုဂ္ဂိုလ် ဤပုဂ္ဂိုလ်လေးမျိုးတို့ကို အစုလိုက် အစုလိုက် မြင်တော်မူလေသည်။

ထိုသို့ မြင်တော်မူပြီးသောအခါ မြတ်စွာဘုရားသည် ထိုပုဂ္ဂိုလ်လေးမျိုးတို့အား ဆိုင်ရာအကျိုးကို သည်ပိုးရွက်ဆောင်နိုင်မည့် တရားဒေသနာကို ကောင်းစွာဆင်ခြင် သိမြင်တော်မူ၍ တရားဟောဖို့ရန် ထက်သန်သောဆန္ဒတော်ကို ဖြစ်စေတော်မူပြီးနောက် တဖန် ဘုံသုံးပါး၌ ရှိသမျှသော အလုံးစုံသောသတ္တဝါတို့ကို ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်၊ မကျွတ်ထိုက်သော အဘဗ္ဗပုဂ္ဂိုလ်ဟူ၍ နှစ်စုနှစ်ပုံ ခွဲဝေဆင်ခြင်တော်မူလေ၏။ ထိုပုဂ္ဂိုလ်နှစ်မျိုးတို့တွင်လည်း အဘဗ္ဗပုဂ္ဂိုလ်တို့ကို ဖယ်ရှားမဆင်ခြင် မစဉ်းစားတော့ပဲ ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်တို့ကိုသာ ရွှေဉာဏ်တော်ဖြင့် သိမ်းဆည်းယူငင်တော်မူပြီးလျှင် ရာဂစရိုက်ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း၊ ဒေါသစရိုက် ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း၊ မောဟစရိုက် ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း၊ ဝိတက်စရိုက် ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း၊ သဒ္ဓါစရိုက် ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း၊ ပညာစရိုက် ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်းဟု ခြောက်ပုံခြောက်စု ပြုတော်မူပြီးလျှင် "ငါကား တရားကို ဟောတော့အံ့"ဟု ကြံစည်တော်မူလေ၏။)

ထိုသို့ ခွဲဝေဆင်ခြင် သိမြင်တော်မူပြီးလျှင် မြတ်စွာဘုရားသည် **သဟမ္ပတိ**ဗြဟ္မာကြီးကို ဂါထာဖြင့် ဝန်ခံစကား ဤသို့ မြွက်ကြားတော်မူလေ၏—

အပါရုတာ တေသံ အမတဿ ဒွါရာ၊
ယေ သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ။
ဝိဟိံသသညီ ပဂုဏံ န ဘာသိံ၊
ဓမ္မံ ပဏီတံ မနုဇေသု ဗြဟ္မေ။

**အဓိပ္ပါယ်ကား**.... အို သဟမ္ပတိဗြဟ္မာကြီး.... ကျွတ်ထိုက်သသူ ထိုနတ်လူတို့အတွက် အမြိုက်နိဗ္ဗာန်သို့ ဝင်ရန်မှန်လှ မဂ္ဂင်ရှစ်ပါး တံခါးမကြီး (=ဝင်ပေါက်တံခါးကြီး) ရှစ်ပေါက်တို့ကို

http://www.dhammadownload.com



ငါဘုရားသည် ဝိတ်ဆို၍မထားအပ်ပါကုန်၊ (အမြိတစေ ဖွင့်လှစ်၍သာ ထားအပ်ပေတုန်၏၊) သောတပသာဒ နားကောင်းကြသော နတ်လူတို့သည် ငါဘုရား၏အပေါ်၌ ယုံကြည်မှုသဒ္ဓါတရားကို စေလွှတ်ဖြစ်ပွါးစေကြပါကုန်။

(သောတပသာဒ နားကောင်းကြသောသူတို့သာ ငါဘုရားဟောကြားအပ်သော တရားကို နာယူနိုင်ကြပေမည်၊ ထိုသူတို့သည်လည်း ငါဘုရားအပေါ် ယုံကြည်ခြင်း သဒ္ဓါတရားရှိမှသာ တရားတော်ကိုပါ ယုံကြည်စွာကျင့်ကြံကြ၍ နိဗ္ဗာန်တံခါးဖွင့်ကြပေမည်။ သောတပသာဒ နားပင်ကောင်းကြသော်လည်း ငါဘုရားအပေါ်၌ ယုံကြည်ခြင်း သဒ္ဓါတရားမရှိကြပါမူ တရားတော်ကိုလည်း မယုံကြည်ပဲ လိုက်နာ ပွါးများ အားထုတ်မှု ပြုကြလိမ့်မည်မဟုတ်၊ မယုံကြည် မလိုက်နာ မပွါးများ အားမထုတ်လတ်သော် နိဗ္ဗာန်တံခါး ပွင့်ကြလိမ့်မည်မဟုတ်၊ ထို့ကြောင့် သောတပသာဒ နားကောင်းကြသော သတ္တဝါတို့သည် ငါဘုရားအပေါ်၌ ယုံကြည်မှု သဒ္ဓါတရားကို စေလွှတ်ကာ တရားနာကြပါကုန်ဟောဟု၍ ဆိုလိုရင်းဖြစ်သည်။

**တနည်းကား**— ကဿပမြတ်စွာ သာသနာ ကွယ်ပချိန်မှစ၍ ယနေ့တိုင်အောင်ပင် ဘုရားစစ် ဘုရားမှန် တရားစစ် တရားမှန်တို့ကို မတွေ့ကြရသည့်အတွက် သတ္တဝါတို့၏သန္တာန်၌ သဒ္ဓါတရားတည်းဟူသော ရတနာကို အထုပ်ပြုကာ လက်ဆုပ်ထဲ၌ ဆုပ်၍ထားသည့်ပမာ သဒ္ဓါတရား အစစ်အမှန် မဖြစ်နိုင်ပဲ ရှိခဲ့သည်။ ဤအတွင်း၌ တိတ္ထိဆရာကြီးတို့အား ကြည်ညိုခြင်းကား သဒ္ဓါတရား အစစ်မဟုတ်၊ မိစ္ဆာဓိမောက္ခ = အလွဲကို အမှန်ထင်သော အကုသိုလ်စိတ္တုပ္ပါဒ်မျှသာဖြစ်သည်။ ယခုမှ ဘုရားစစ် ဘုရားမှန် ပေါ်ထွန်းလာပြီဖြစ်၍ သောတပသာဒ နားကောင်းကြသော နတ်လူတို့သည် ကဿပမြတ်စွာ သာသနာကွယ်ပချိန်ကစ၍ အထုပ်ပြုကာ လက်ဆုပ်ထဲ၌ ဆုပ်၍ ထားရှိသကဲ့သို့သော သဒ္ဓါတရားတည်းဟူသော ရတနာထုပ် ရတနာလက်ဆုပ်ကို အထုပ်ဖြေကြပါကုန်စေ၊ လက်ဆုပ်ဖြေကြပါကုန်စေ ဟု ဆိုလိုသည်။)

http://www.dhammadownload.com



အို သဟမ္ပတိဗြဟ္မာကြီး .... ငါဘုရားသည် ရှေးရှေးရက်များကမူ တရားဟောရန် နိဒါန်းနှစ်ပါး မပြည့်စုံသေးရကား တရားဟောစေကာမူ သတ္တဝါတို့အား အကျိုးမရ၊ ငါဘုရား ပင်ပန်းရုံမျှသာရှိမည်ကို ကောင်းစွာ သိမြင်သဖြင့် မိမိ ထွေလာ အဝ်ပြီးသည့် မှန်မြတ်သောတရားကို လူနတ်ဗြဟ္မာသတ္တဝါတို့အား မဟောကြားခဲ့ခြင်း ဖြစ်ပေသည်။

ထိုအခါ သဟမ္ပတိဗြဟ္မာကြီးသည် "ငါ့ကို မြတ်စွာဘုရား တရားဟောရန် ဝန်ခံစကား မိန့်ကြားခွင့်ပြုတော်မူလေပြီ" ဟု နှစ်သက်ရွှင်လန်း ဝမ်းမြောက်လျက် မြတ်စွာဘုရားကို ရှိသေ မြတ်နိုး ရှိခိုးပြီး၍ လကျ်ာရစ်သုံးပတ်လှည့်ပြီးလျှင် ထိုနေရာ၌ပင် ကွယ်ပျောက်( = မိမိနေရင်း ဗြဟ္မာ့ပြည်သို့ ရောက်)လေ၏။

**ဓမ္မစကြာတရားဟောရန်**
**မိဂဒါဝုန်တောသို့ ကြွတော်မူခြင်း**

ထိုသို့ သဟမ္ပတိဗြဟ္မာကြီး ပြန်သွားပြီးသောအခါ မြတ်စွာ ဘုရားသည် "ငါကား အဘယ်သူအား ရှေးဦးစွာ တရားဟောရ ပါမည်နည်း၊ အဘယ်သူသည် ငါဟောသောတရားကိုလျှင်မြန်စွာ သိပါမည်နည်း"ဟု ကြံစည်ဆင်ခြင်တော်မူသည်။ တဖန်ဆက်၍ "ကာဠာမ၏ အမျိုးအနွယ်ဖြစ်သော ဤ အာဠာရရသေ့ဆရာကြီး သည် ဇာတိပညာ, ဘာဝနာပညာ, ပါရိဟာရိကပညာ တည်းဟူ သော ပညာသုံးပါးနှင့် ပြည့်စုံသူ ဖြစ်ပေ၏၊ ရှည်လျားစွာသော ကာလကပင် ဉာဏ်ပညာမျက်စိဝယ် ကိလေသာမြူမှုန် ကင်းစင် သည့် အပ္ပရဇက္ခပုဂ္ဂိုလ်လည်း ဖြစ်ပေ၏၊ ငါဘုရားသည် ကာ- ဠာမ၏အနွယ်ဖြစ်သော အာဠာရရသေ့ဆရာကြီးအား ရှေးဦးစွာ တရားဟောရမူ ကောင်းလေစွာ့၊ ထိုအာဠာရရသေ့ဆရာကြီး သည် ငါဘုရားဟောကြားအပ်သော တရားကို လျှင်မြန်စွာ ထိုး ထွင်းသိလိမ့်မည်"ဟူ၍ မြတ်စွာဘုရားအား အကြံအစည် ဖြစ်ပြန် လေသည်။

http://www.dhammadownload.com



ထိုအခါ နတ်သားတယောက်သည် ကိုယ်ထင်မပြပဲ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ကာဠာမ၏ အနွယ် ဖြစ်သော အာဠာရဂိုဏ်းဆရာကြီးသည် သေလွန်၍ ခုနစ်ရက် ရှိခဲ့ပါပြီ ဘုရား"ဟု မြတ်စွာဘုရားအား လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် နတ်သားလျှောက်ထားရုံမျှဖြင့် ပုံ၍ယုံကြည်မှု ဆုံးဖြတ်ချက်ချမှု ပြုတော်မမူဦးပဲ ကိုယ်တော်တိုင် သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူလတ်သော် နတ်သား လျှောက်ထားသည့်အတိုင်း လွန်ခဲ့သော ခုနစ်ရက်ကပင် အာဠာရ ဂိုဏ်းဆရာကြီးသည် စုတိပြတ်ကြွေ သေလွန်ခဲ့ပြီးလျှင် အရူပမြဟ္မာ့ လေးဘုံတို့အနက် သုံးဆင့်မြောက်ဖြစ်သော အာကိဉ္စညာယတန ဘုံ၌ ဖြစ်သည်ကို သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ကောင်းစွာသိမြင်တော်မူလေသည်။

ထိုအခါ မြတ်စွာဘုရားအား "ကာဠာမ၏ အနွယ်ဖြစ်သော အာဠာရဂိုဏ်းဆရာကြီးသည် ရသင့်ရထိုက်သော မဂ်ဖိုလ်တရားမှ အရှုံးကြီး ရှုံးလေစွာ့တကား၊ အကယ်၍များ အာဠာရ ဂိုဏ်းဆရာကြီးသည် ငါဘုရား ဟောကြားအပ်သော ဤတရားတော်ကို ကြားနာရပါမူ လျင်မြန်စွာ သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်လေရာ၏" ဟု အကြံတော် ဖြစ်ပြီးလျှင် တဖန် ဆက်၍ "ငါကား အဘယ်သူအား ရှေးဦးစွာ တရားဟောရပါမည်နည်း၊ အဘယ်သူသည် ငါဟောသောတရားကို လျင်မြန်စွာ သိပါမည်နည်း" ဟု အကြံထပ်ဖြစ်ပြန်လေ၏။ ထိုအခါ "ရာမ၏သား ဖြစ်သော ဤဥဒကဂိုဏ်းဆရာကြီးသည် အာဠာရနည်းတူ ပညာ သုံးပါးနှင့် ပြည့်စုံသူ ဖြစ်ပေ၏၊ ရှည်လျားစွာသော ကာလကပင် ဉာဏ်ပညာမျက်စိ၌ ကိလေသာမြူမှုန်ကင်းစင်သည့် အပ္ပရဇက္ခ ပုဂ္ဂိုလ်လည်း ဖြစ်ပေ၏၊ ငါဘုရားသည် ရာမ၏သားဖြစ်သော ဥဒကဂိုဏ်းဆရာကြီးအား ရှေးဦးစွာ တရားဟောရမူ ကောင်းလေစွာ့၊ ထို ဥဒကဂိုဏ်းဆရာကြီးသည် ငါဘုရား ဟောကြားအပ်သောတရားကို လျင်မြန်စွာ ထိုးထွင်းသိမြင်လိမ့်မည်" **ဟု၍ မြတ်စွာဘုရားအား အကြံအစည်** ဖြစ်ပြန်လေသည်။

http://www.dhammadownload.com



ထိုအခါ နတ်သားတယောက်သည် ကိုယ်ထင်မပြပဲ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ရာမ၏ သားဖြစ်သော ဥဒကဂိုဏ်းဆရာကြီးသည် ယမန်နေ့ညဉ့် သန်းခေါင်အချိန်ကပင် သေလွန်၍ သွားခဲ့ပြီဘုရား"ဟု မြတ်စွာဘုရားအား လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် နတ်သားလျှောက်ထားရုံဖြင့် နတ်ကိုပုံ၍ ယုံကြည်မှု ဆုံးဖြတ်ချက်ချမှု ပြုတော်မမူဦးပဲ ကိုယ်တော်တိုင် သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူလတ်သော် နတ်သားလျှောက်ထားသည့်အတိုင်း လွန်ခဲ့သော ညဉ့်သန်းခေါင်ကပင် ဥဒကဂိုဏ်းဆရာကြီးသည် စုတိပြတ်ကြွေ သေလွန်ခဲ့ပြီးလျှင် အရူပဗြဟ္မာလေးဘုံတို့အနက် လေးဆင့်မြောက်သော (ဘဝဂ်ခေါ်သည့်) နေဝသညာနာသညာယတနဘုံ၌ ဖြစ်သည်ကို သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ကောင်းစွာသိမြင်တော်မူလေသည်။

ထိုအခါ မြတ်စွာဘုရားအား "ရာမ၏သားဖြစ်သော ဥဒကဂိုဏ်းဆရာကြီးသည် ရသင့်ရထိုက်သော မဂ်ဖိုလ်တရားမှ အရှုံးကြီး ရှုံးလေစွ၊ဟကား၊အကယ်၍များ ဥဒကဂိုဏ်းဆရာကြီးသည် ငါဘုရား ဟောကြားအပ်သော ဤတရားတော်ကို ကြားနာရပါမူ လျင်မြန်စွာ သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်လေရာ၏"ဟု အကြံတော်ဖြစ်ပြီးလျှင် တဖန်ဆက်၍ "ငါကား အဘယ်သူအား ရှေးဦးစွာ တရားဟောရပါမည်နည်း၊ အဘယ်သူသည် ငါဟောသောတရားကို လျင်မြန်စွာ သိပါမည်နည်း"ဟု အကြံတော် ဖြစ်ပြန်လေ၏။

ထိုအခါ မြတ်စွာဘုရားအား ပဉ္စဝဂ္ဂီ ရဟန်း ငါးဦးတို့သည် ငါဘုရား၏အပေါ်၌ လွန်စွာကျေးဇူးများကြကုန်၏၊ ယင်း ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည် ဥရုဝေလ တောအုပ်အတွင်း၌ ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင် ကျင့်ကြံနေသော ငါဘုရားကို ဆည်းကပ်နီးပါး ခစားလုပ်ကျွေးဘူးကြကုန်၏၊ သို့ဖြစ်၍ ငါသည် ပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့အား ရှေးဦးစွာ တရားဟောရပါမူ ကောင်းလေစွ"ဟု အကြံတော်ဖြစ်ပြီးလျှင် တဖန်ဆက်၍ "ယခု

http://www.dhammadownload.com



အခါ၌ ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည် အဘယ်အရပ်၌များ နေကြကုန်သနည်း"ဟု အကြံတော်ဖြစ်ပြီးနောက် ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် ကြည့်ရှုတော်မူလတ်သော် ဗာရာဏသီပြည်အနီး ဣသိပတန အမည်ရှိသော "မိဂဒါဝုန်"တောကြီး၌ ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့ နေထိုင်ကြသည်ကို မြင်တော်မူလေ၏။

(ဤအရာ၌။ ။ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့ ကိုယ်တော်မြတ် အပေါ်၌ ကျေးဇူး များပုံကို ထည့်သွင်းစဉ်းစား ဆင်ခြင်တော်မူသည်ကား မြတ်စွာဘုရားသည် သူ့ကျေးဇူးကို အထူးအောက်မေ့သူဖြစ်၍ ဆင်ခြင်တော်မူလေသည်၊ ကျေးဇူးမပြုဘူးသူအား တရားမဟောလို၍ ဆင်ခြင်သည်မဟုတ်။)

မြတ်စွာဘုရားသည် "ငါဘုရားသည် မိဂဒါဝုန်တောသို့ ကြွသွား၍ ဓမ္မစကြာတရားကို ဟောကြားမည်"ဟု ကြံစည်တော်မူပြီးလျှင် ဗောဓိမဏ္ဍိုင်ကုန်း၏ အနီးမှာပင် ဆွမ်းခံလှည့်လည်ကာ ဝါဆိုလဆန်း ၁၄-ရက်နေ့တိုင်အောင် နေတော်မူပြီးနောက် ဝါဆိုလပြည့်နေ့သို့ ရောက်သောအခါ နံနက်စောစောကပင် "ဗာရာဏသီပြည်သို့ ကြွသွားတော့အံ့"ဟု သပိတ်သင်္ကန်းကို ပြင်ဆင်ယူဆောင်ကာ တဆယ့်ရှစ်ယူဇနာ ဝေးကွာသောခရီးကို မြေပြင်မှ ခြေလျင်ကြွသွားတော်မူလေ၏။

(မဟာဗောဓိနှင့် ဂယာ(=ဗုဒ္ဓဂယာ)ကား သုံးဂါဝုတ်ဝေးကွာ၏၊ မဟာဗောဓိနှင့် ဗာရာဏသီပြည်မှာ တဆယ့်ရှစ်ယူဇနာ ဝေးကွာ၏။ ရှေးရှေးမြတ်စွာဘုရားရှင်တို့သည် ဓမ္မစကြာတရားကို ဟောကြားရန် မိဂဒါဝုန်တောသို့ ကောင်းကင်ခရီးဖြင့် ဈာန်ယာဉ်စီးကာ ကြွတော်မူကြကုန်၏။အကျွန်ုပ်တို့၏မြတ်စွာဘုရားမှာ ဥပကတက္ကတွန်း၏အနာဂါမ် ဖြစ်လတ္တံ့သောအကြောင်း ရှေးကောင်းမှုကို မြင်တော်မူသဖြင့် "ယခုအခါ ဥပကသည် ဤခရီးသို့ လာနေ၏၊ ထိုဥပကသည် ငါဘုရားကို ဖူးမြင်တွေ့ရှိ စကားနှီးနှောပြောဆိုပြီး သွားလိမ့်မည်၊ နောက်တချိန်တွင် လူ့ဘောင်ကိုငြီးငွေ့၍ ငါဘုရားထံမှောက် လာရောက်တရားနာပြီးလျှင် ယခုဘဝ အနာဂါမ်အရိယာဖြစ်၍ ဒုတိယဘဝ၌ အဝိဟာဘုံသို့ ကပ်ရောက်ကာ ရဟန္တာဖြစ်လိမ့်မည်"ဟု သိတော်မူပြီးလျှင် တဆယ့်ရှစ်ယူဇနာ ဝေးကွာသောခရီးကို မြေပြင်မှ ခြေလျင်ကြွတော်မူလေသည်။)

http://www.dhammadownload.com



## ဥပကတက္ကတွန်းနှင့် တွေ့တော်မူခြင်း

ထိုသို့ မြတ်စွာဘုရားသည် မဟာဗောဓိမှ ဗာရာဏသီပြည်သို့ မြေပြင်မှ ခြေလျင်ကြွသွားတော်မူလတ်သော် မဟာဗောဓိနှင့် ဗုဒ္ဓဂယာ၏အကြား၌ ခရီးသွားနေဆဲရှိသော ဥပကတက္ကတွန်းသည် မြတ်စွာဘုရားရှင်ကိုမြင်၍ အနီးသို့ချဉ်းကပ်ပြီးလျှင်"ငါ့ရှင်.... သင်၏ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဟူသော ဣန္ဒြေခြောက်ပါးတို့သည် ကြည်လင်လှကုန်၏၊ ကိုယ်ရေ အဆင်းသည်လည်း သန့်ရှင်းစင်ကြယ်လျက် ပြိုးပြိုးပြက်ရှိပေ၏၊ ငါ့ရှင်.... သင်သည် အဘယ်ဆရာကို ရည်မှန်း၍ ရဟန်းပြုခဲ့ပါသနည်း၊ သင်၏ဆရာကား အဘယ်သူနည်း၊ အဘယ်သူ၏တရားကို သင် နှစ်သက်ပါသနည်း" ဟု မြတ်စွာဘုရားကို မေးမြန်းလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဥပကတက္ကတွန်းကို ဂါထာဖြင့် ဤသို့ ဖြေကြားတော်မူ၏—

(၁) သဗ္ဗာဘိဘူ သဗ္ဗဝိဒူဟမသ္မိ၊
သဗ္ဗေသု ဓမ္မေသု အနုပလိတ္တော။
သဗ္ဗဉ္ဇဟော တဏှာက္ခယေ ဝိမုတ္တော၊
သယံ အဘိညာယ ကမုဒ္ဒိသေယျံ။

ဥပက ··· ငါဘုရားသည် ဘုံသုံးပါး၌ဖြစ်သော တရားအားလုံးကို လွှမ်းမိုးစိုးအုပ်၍ တည်သူဖြစ်၏၊ တရားအလုံးစုံကို အကုန်အစင် အကြွင်းမဲ့ သိမြင်သူလည်းဖြစ်၏၊ ခပ်သိမ်းသော တေဘူမကတရားတို့၌ တပ်မက်ခြင်း, ပြစ်မှားခြင်း, တွေဝေခြင်း အစရှိသည့် ကိလေသာတည်းဟူသော လိမ်းကျံခြင်းမှလည်း ကင်းစင်သူဖြစ်၏၊ ခပ်သိမ်းသော တေဘူမကတရားကို ပယ်ရှားစွန့်ပစ်ပြီးသူလည်း ဖြစ်၏၊ တဏှာ၏ကုန်ရာ နိဗ္ဗာန်၌ စိတ်ချ ညွတ်ညွတ် ကျွတ်လွတ်သက်ဝင်၍ တည်သူလည်းဖြစ်၏၊ (သို့ရကား) တရားအလုံးစုံကို ဆရာမရှိ မိမိအလိုလို ထိုးထွင်းသိမြင်သူဖြစ်သောကြောင့် အဘယ်မည်သော သူတယောက်ကို "ဤသူကား ငါ၏ ဆရာတည်း"ဟု ညွှန်ပြဖွယ်ရာ ရှိအံ့နည်း၊ မရှိသည်သာ။

http://www.dhammadownload.com



(၂) န မေ အာစရိယော အတ္ထိ၊ သဒိသော မေ န ဝိဇ္ဇတိ။
သဒေဝကသ္မိံ လောကသ္မိံ၊ နတ္ထိ မေ ပဋိပုဂ္ဂလော။

ဥပက····ငါဘုရားအား ဆရာဟူ၍ မရှိ၊ (ငါ့ထက်မြတ်သူ ဆရာကို မဆိုထားဘိ) ငါနှင့် တူသော သူသည်ပင် မရှိ။ နတ်နှင့် တကွသော သတ္တလောက၌ သီလအစရှိသော ဂုဏ်ကျေးဇူး တို့ဖြင့် ငါဘုရား၏ ကိုယ်စားပြုလောက်သူပင် မရှိ။

(၃) အဟံ ဟိ အရဟာ လောကေ၊အဟံ သတ္ထာ အနုတ္တရော။
ဧကောမှိ သမ္မာသမ္ဗုဒ္ဓေါ၊ သီတိဘူတောသ္မိ နိဗ္ဗုတော။

ဥပက····ငါသည် လောက၌ ပူဇော်အထူးကို ခံထိုက်သော အရဟံဂုဏ်ရှင် ဖြစ်ပေ၏၊ ငါသည် လောက၌ အတုမရှိ လွန်ကဲ မြင့်မြတ်သော လူနတ်တို့၏ ဆရာလည်းဖြစ်ပေ၏၊ ငါသည် တရား အလုံးစုံကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်းသိမြင် နိုင်သည်ဖြစ်၍ ပြိုင်ဖက်မပြု တဆူတည်းသာဖြစ်၏၊ ကိလေသာမီး အေးငြိမ်းပြီးသူလည်း ဖြစ်၏။

(၄) ဓမ္မစက္ကံ ပဝတ္တေတုံ၊ ဂစ္ဆာမိ ကာသိနံ ပုရံ။
အန္ဓီဘူတသ္မိံ လောကသ္မိံ၊ အာဟဉ္ဆံ အမတဒုန္ဒုဘိံ။

ဥပက····ငါဘုရားသည် ဓမ္မစကြာတရားကို ဟောကြားခြင်း ငှါ ကာသိတိုင်း ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တောသို့ သွားပေအံ့၊ ပညာမျက်စိ မရှိစမ်းတန်း သူကန်းသဖွယ် ဖြစ်သော နတ်လူအပေါင်း၌ တရားဒေသနာ တည်းဟူသော အမြိုက်စည် ကြီးကို ရိုက်တီးဆော်ရွမ်းပေအံ့။ (တရားဒေသနာ တည်းဟူသော အမြိုက်စည်ကြီး ရိုက်တီးဆော်ရွမ်းရန် ကာသိတိုင်း ဗာရာဏသီ ပြည်သို့ ငါသွားအံ့ဟု ဆိုလိုသည်။)

ထိုအခါ ဥပကတက္ကတွန်းသည် "ငါ့ရှင်···သင်ဝန်ခံသည့် အတိုင်းသာဆိုလျှင် သင်သည် အနန္တဉာဏ်ရှင် မာရ်ငါးပါးကို အောင်မြင်ပြီးသူ ဖြစ်မှာဘဲ"ဟူ၍ မြတ်စွာဘုရားကို ပြောဆိုလေ သည်၊ မြတ်စွာဘုရားကလည်း—

http://www.dhammadownload.com



(၅) မာဒိသာ ဝေ ဇိနာ ဟောန္တိ၊ယေ ပတ္တာ အာသဝက္ခယံ။
ဇိတာ မေ ပါပကာ ဓမ္မာ၊ တသ္မာဟမုပက ဇိနော။

ဥပက····ငါကဲ့သို့ သဘောရှိကုန်သော မြတ်စွာဘုရားတို့သည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာ အရဟတ္တမဂ်ဉာဏ်သို့ ရောက်တော်မူကုန်လျက် ယုတ်မာဆိုးဝါး အကုသိုလ်တရားတို့ကို ပယ်ရှား အောင်မြင်တော်မူကြကာ ဇိန အမည်တော်ရှိကုန်၏။ ငါသည်လည်း ထိုဘုရားတို့နည်းတူ အာသဝက္ခယ (=အရဟတ္တမဂ်)ဉာဏ်သို့ ရောက်လျက် ယုတ်မာဆိုးဝါး အကုသိုလ်တရားတို့ကို ပယ်ရှားအောင်မြင်ပြီးဖြစ်သောကြောင့် ဇိနအမည်တော်ရှိ၏ဟူ၍ ဥပကတက္ကတွန်းကို မိန့်တော်မူလေ၏။

ထိုအခါ ဥပကတက္ကတွန်းသည် "ငါ့ရှင်···· သင်ပြောသည့် အတိုင်း ဟုတ်တန်ရာ၏"ဟု ပြောဆိုလျက် ဦးခေါင်းကို ညိတ်ပြီး လျှင် လမ်းခရီးကို ဖယ်လွှဲ၍ ဝင်္ကဟာရဇနပုဒ်သို့ သွားလေ၏။ (ဤသို့ မြတ်စွာဘုရားနှင့် စကားနှီးနှော အမေးအဖြေ အပြန် အလှန် ပြောလိုက်ရခြင်းသည်ပင် ဥပက၏အဖို့ရာ နောက်အခါ၌ ရဟန်းပြုဖို့ရန် အားကိုးရန် အကြောင်းတခု ဖြစ်ပေ၏၊ မှန်၏···· ဥပကသည် အမိကာရ (=အထိကရ) ကောင်းမှုကုသိုလ်ထူး ရှိသော သူပေတည်း၊ ထို့ကြောင့်ပင် မြတ်စွာဘုရားသည် ထိုဥပကနှင့် တွေ့ဆုံရန် ခြေလျင်ကြွတော်မူခဲ့ခြင်း ဖြစ်သည်။)

(ဤ၌။ ။ဓမ္မစကြာတရား မဟောမီ မြတ်စွာဘုရား ဟောကြား အပ်သည့် တရားစကားကို ကြားနာရသူတို့မှာ မဂ်ဖိုလ်မရ၊ တရားအထုံ ဝါသနာပါရုံမျှ အကျိုးခံစားရမြဲ ဓမ္မတာဖြစ်သောကြောင့် ဥပကသည် ဤမျှနက်နဲသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးနှင့်စပ်သည့် တရား စကားကို ကြားနာရပါသော်လည်း မဂ်ဖိုလ်ကို မရပဲ နောက်အခါ ရဟန်း ပြုရန် အထုံဝါသနာ ပါရုံမျှ အကျိုးခံစားရလေသည်။)

## ဥပကဝတ္ထု အကျဉ်းချုပ်

ဥပကတက္ကတွန်းသည် ဝင်္ကဟာရဇနပုဒ်၌ မုဆိုးရွာ ငယ်တခုကို အမှီပြု၍ ထိုမုဆိုးရွာငယ်တွင် အကြီးအကဲဖြစ်

http://www.dhammadownload.com



သော မုဆိုး၏ ကိုးကွယ်လုပ်ကျွေးခြင်းကိုခံလျက် ကျောင်း ငယ်တခုဖြင့် နေလေ၏။ (ထိုဇနပုဒ်၌ မှက်ကြမ်းဘေး ထူပြောလှသောကြောင့် ဥပကတက္ကတွန်းကို အိုးစရည်း ကြီး တလုံး၌ နေစေကြကုန်၏။)

မုဆိုးသည် ဝေးစွာသောသမင်တောသို့ သွားလိုသည် ဖြစ်၍ "သမီး…ငါတို့၏ဆရာ ရဟန္တာအရှင်မြတ်အား လျှောက်ပတ်ကောင်းမွန်စွာ ပြုစုလုပ်ကျွေးရစ်လော့၊ မမေ့ မလျော့နှင့်"ဟု သမီး စာပါ (ဆာဝါ၊ သုတ္တနိ-ဋ္ဌ၊ ၁၊ ၂၄၀။ ။မ-ဋ္ဌ၊ ၂၊ ၉၄။)ကို မှာထားခဲ့၍ သားများ ညီများနှင့်တကွ တောအရပ်သို့ သွားလေ၏။

မုဆိုးကြီး၏သမီး **စာပါ**သည်ကား ကြည့်ရှုချင်ဖွယ် တင့်တယ်လှပ၏၊ မိန်းမတို့၏ ပြည့်စုံဖွယ်ရာ ကိုယ်အင်္ဂါ အစိတ်အပိုင်း အဖွဲ့အစုနှင့် ပြည့်စုံ၏။ ဖခင်မုဆိုးကြီး ခရီး ထွက်၍ နောက်တနေ့၌ ဥပကတက္ကတွန်းသည် မုဆိုးကြီး အိမ်သို့ လာလတ်သော် ဆွမ်းပြင်ဆင်မှု စသည်ကို ပြု၍ ဆွမ်းကျွေးရန် အနီးသို့ကပ်လာသော ထိုမုဆိုးသမီး စာပါ ကိုမြင်၍ ရာဂဖြင့်နှိပ်စက်အစ်ရကား ဆွမ်းကိုပင် မစားနိုင်ပဲ ခွက်ဖြင့်ဆွမ်းကိုယူ၍ မိမိနေရာသို့သွားပြီးလျှင် ဆွမ်းခွက် ကို သင့်လျော်ရာ၌ ချထား၍ "စာပါကိုရမှ ငါ့အသက် ရှင်တော့မည်၊ မရလျှင် ငါသေတော့မည်"ဟု အောက်မေ့ ကာ အစာမစားပဲ လျောင်းလဲအိပ်စက်၍နေ၏။

ခုနစ်ရက်မြောက်နေ့၌ မုဆိုးကြီးသည် အိမ်သို့ ပြန်လာ ပြီး သမီးစာပါကို ဆရာဥပက၏ အကြောင်းခြင်းရာကို မေးမြန်းလတ်သည်တွင် စာပါက "ဖခင်…ဖခင်၏ ဆရာ ဥပကသည် တနေ့သာ အိမ်သို့လာ၍ နောက်ထပ် မလာတော့ပါ"ဟု ပြောဆိုလေသော် ဖခင်မုဆိုးကြီးသည် (အဝတ်အစားလဲလှယ်မှု မပြုနိုင်ပဲ) တောမှ လာခဲ့သော အသွင်ဖြင့်ပင် "ဆရာဥပကကို ချဉ်းကပ်၍ အကြောင်း

http://www.dhammadownload.com



အရာကို မေးအံ့”ဟူ၍ကြံကာ ထိုခဏမှာပင် ဆရာဥပက၏ နေရာသို့ သွားရောက်၍“ဘယ်လို မကျန်းမာခြင်းမျိုးပါလဲ ဘုရား····”ဟု ခြေတို့ကို စမ်းသပ်ဆုပ်နယ်ကာ မေးမြန်း လေ၏။ ဥပကတက္ကတွန်းသည် အဖြေစကား မပြောကြား သေးပဲ ညည်းတွား၍သာ ဘယ်စောင်းညာပြန် လူးလဲ၍ နေလေ၏။ မုဆိုးကြီးက “ပြောသာပြောပါ အရှင်ဘုရား၊ အကျွန်ုပ်ပြုလုပ်နိုင်သော အရာခပ်သိမ်းကို ပြုလုပ်ပေးပါ မည်”ဟူ၍ ဆိုလေသော် ဥပကတက္ကတွန်းသည်“စာပါကို ရမှ ငါ့အသက်ရှင်မည်၊ မရလျှင် ဤနေရာ၌ သေရခြင်း ကသာ မြတ်၏”ဟု ဆိုလေ၏။

မုဆိုးကြီးက“အရှင်ဘုရား····တစုံတခုသော အတတ် ပညာကို တတ်သိပါ၏လား”ဟု မေးလတ်သော် ဥပက တက္ကတွန်းက“မတတ်သိပါ” ဟူ၍ ပြောဆို ဖြေကြားလေ သည်။ တဖန် မုဆိုးကြီးက “အရှင်ဘုရား···· တစုံတခု သော အတတ်ပညာကိုမျှ မတတ်သိသောသူသည် အိမ် ထောင်မှုကို စီမံခန့်ခွဲနိုင်မည် မဟုတ်ပါ”ဟု ပြောဆို လေသော် ဥပကတက္ကတွန်းက “ငါသည် တစုံတခုသော အတတ်ပညာကို မတတ်သိပါ၊ စင်စစ်သော်ကား ငါသည် သင်တို့၏ ရရှိသော အသားများကို ထမ်းပိုးဆောင်ယူ ပါမည်၊ အသားများကိုလည်း ရောင်းချပါမည်”ဟု ပြော ဆိုလေ၏။

မုဆိုးကြီးသည် “ငါတို့သည်လည်း ဤသို့ အသား များကို ထမ်းယူ၍ ရောင်းချခြင်းကိုသာ နှစ်သက်အပ်ပါ၏” ဟု ပြောဆိုကာ အပေါ်ရုံအဝတ်ကို ပေး၍ လူဝတ်လဲစေ ပြီးသော် အိမ်သို့ခေါ်ဆောင်၍ သမီးစာပါကို ဥပကအား ထိမ်းမြား ပေးစားလေ၏။

ထိုဥပကနှင့်စာပါ ဇနီးမောင်နှံတို့ ဆက်ဆံပေါင်း သင်းမှုကို အစွဲပြု၍ ဖွားမြင်ဖြစ်ပေါ်လာသော သားကို

http://www.dhammadownload.com



သုဘဒ္ဒဟု အမည်မှည့်ကြလေ၏။ စာပါသည် သားကလေး ငိုကြွေးသောအခါ၌—

အမဲသားထမ်း၊ တက္ကတွန်း၊ ရဟန်းလူထွက်သား၊ ၊ မုဆိုးနောက်လိုက်၊ ငါ့ကိုကြိုက်၊ အမိုက် လူထွက်သား၊ ၊ မိခင်ချော့သိပ်၊ အငိုတိတ်၊ မောင်အိပ်ပါတော့လား။

မြကြိုးလိမ် စိန်ဗုခက်ကယ်နှင့်၊ စက်ပါတော့ သားရွှေ စင်။ ၂ပျော်ကြောင်းငယ် မာယာနှင့်၊ ဖွဲ့ဆိုကာ အမေ လွှဲမယ်ပ၊ ရွှေခဲအငိုတိတ်၊ မင်းအိပ်စေချင်။ ။မောင့် ဖခင် လူတွင်နောက်ဆုံး။ ။သည့်နွယ်ကို ရှောင်ခွါလို့၊ နောက်နောင်ခါ လွတ်အောင်ရှားပါတော့၊ မွေးမယ် တော် ခုမှာထားလိုက်မယ်၊ သားလှရွှေကုံး။*

ဤသို့ စသည် မြည်တွန်တောက်တီးပြောဆိုကာ သား ချော့သီချင်းဖြင့် ဥပကကို ထိပါးစောင်းချိတ်ကာ ပြက် ရယ်ပြောင်လှောင်မှု ပြုလေ၏။

ထိုအခါ ဥပကက "ရှင်မ····သင်က ငါ့ကို ကိုးကွယ်ရာမဲ့ သူဟူ၍ မှတ်ထင်သလော၊ ငါ့မှာ အနန္တဇိနအမည်ရှိသော မိတ်ဆွေကောင်းကြီး ရှိလေသည်။ ငါသည် ထိုအနန္တဇိန မိတ်ဆွေကောင်းထံသို့ သွားလိမ့်မည်"ဟု ပြောဆိုလတ် သော် စာပါသည် "ဤသို့စောင်းချိတ်ထိပါး ပြောကြား လျှင် ဤဥပကသည် နာကျည်းကျင်နာ မခံသာရှိ၏"ဟု သိပြီးလျှင် ထိုသားချော့သီချင်းကို အဖန်ဖန် သီဆိုလေ၏။ ဥပကသည် တနေ့သ၌ စာပါအား အသိမပေး မပြော ကြားတော့ပဲ မဇ္ဈိမဒေသသို့ ဖဲခဲ့လေ၏။

မြတ်စွာဘုရားသည်လည်း ထိုအချိန်အခါမှာ သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော် မူနိုက်ဖြစ်၍ "ရဟန်းတို့····အနန္တဇိနဟူ၍ မေးမြန်းသူ

* မန်လည်ဆရာတော် ရေးသည်။

http://www.dhammadownload.com



လာရောက်ခဲ့သည်ရှိသော် ထိုသူအား ငါဘုရားကို ပြကြကုန်လော့”ဟူ၍ ရဟန်းတို့ကို စောစောကပင် ကြိုတင်မှာကြားထားတော်မူနှင့်၏။ ဥပကသည်လည်း “အနန္တဇိနသည် အဘယ်အရပ်၌နေသနည်း”ဟု လမ်းတလျှောက်တွေ့မြင်သူများကို မေးမြန်းလျက် လာခဲ့ရာ အစဉ်သဖြင့် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ကျောင်းတိုက် အလယ်၌ ရပ်ပြီးလျှင် “အရှင်တို့….အနန္တဇိနသည် အဘယ်၌နေပါသနည်း”ဟု ရဟန်းတို့ကို မေးမြန်းလျှောက်ထားလေ၏။ ထိုဥပကကို ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ခေါ်ဆောင်သွားကြကုန်၏။ ဥပကသည် မြတ်စွာဘုရားကို မြင်လျှင်ပင် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား…. အရှင်ဘုရားတို့သည် တပည့်တော်ကို မှတ်မိသိရှိကြပါကုန်သေး၏လော”ဟု မေးမြန်းလျှောက်ထားလေ၏။ မြတ်စွာဘုရားက “ဥပက…အိမ်း ငါဘုရားသည် သင့်ကို မှတ်မိသိရှိ၏၊ သင်သည် ယခုအခါ အဘယ်အရပ်၌ နေသနည်း” ဟု မေးတော်မူလတ်သော် ဥပကသည် “ဘုန်းတော်ကြီးသောမြတ်စွာဘုရား….အကျွန်ုပ်သည် ဝင်္ကဟာရဇနပုဒ်၌ နေပါ၏”ဟု လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားက “ဥပက….သင်သည် အသက်အရွယ်ကြီးရင့်သူ ဖြစ်ခဲ့လေပြီ၊ သင်သည် ရဟန်းပြုလုပ်နိုင်ပါမည်လော”ဟု မေးမြန်းတော်မူလတ်သော် ဥပကသည် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား … တပည့်တော် ရဟန်းပြုပါမည်ဘုရား” ဟု လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ရှင်ရဟန်းပြုစေပြီးလျှင် ဥပကအား သင့်လျော်သော ကမ္မဋ္ဌာန်းကို ပေးတော်မူ၏။ ဥပကသည် ကမ္မဋ္ဌာန်းအလုပ်ကြိုးစားအားထုတ်လျက် အနာဂါမိဖိုလ်၌ တည်ပြီးလျှင် ထိုဘဝမှ စုတေခဲ့၍ သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံ ငါးဘုံတို့တွင် အောက်ဆုံး(ပဌမ)အဝိဟာဘုံ၌ ဖြစ်လေ၏။ ထိုအဝိဟာဘုံ၌ ဖြစ်ပြီးလျှင် မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

http://www.dhammadownload.com



#### စာပါအကြောင်း အကျဉ်းချုပ်

ဥပကလူထွက် စွန့်ခွါ၍သွားလတ်သည်ရှိသော် စာပါသည် လူ့ဘောင်၌ငြီးငွေ့၍ သုဘဒ္ဒသားငယ်ကို အဖိုးအား အပ်နှင်းခဲ့ပြီးလျှင် ဥပကသွားသော လမ်းခရီးအတိုင်း သွား၍ သာဝတ္ထိပြည်သို့ ရောက်သောအခါ ဘိက္ခုနီမတို့ အထံ၌ ရဟန်းမိန်းမပြု၍ ဝိပဿနာတရား ပွါးများ ကြိုးကုတ် အားထုတ်လေရာ လေးပါးသော မဂ်အစဉ်ဖြင့် အရဟတ္တဖိုလ်၌တည်၍ အာသဝေါကုန်ခန်း ရဟန္တာမ ဖြစ်ပြီးလျှင် **စာပါထေရီ**ဟူ၍ အမည်တွင်လေ၏။ ။ (ထေရီဂါထာ အဋ္ဌကထာ စာမျက်နှာ ၂၃၁-မှ။)

#### မြတ်စွာဘုရား မိဂဒါဝုန်တောသို့ ရောက်တော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် အစဉ်သဖြင့် ခရီးဒေသစာရီ ကြွချီတော်မူလတ်သော် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆို လပြည့်နေ့ ညနေချမ်းအချိန်၌ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော ပဉ္စဝဂ္ဂီတို့အထံသို့ ဆိုက်ရောက်တော်မူလေ၏။ ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည် မြတ်စွာဘုရား ကြွလာတော်မူသည်ကို အဝေးမှပင် မြင်ကြ၍—

> "ငါ့ရှင်တို့....ဤရဟန်းကြီး ဂေါတမသည် လာနေပြီ၊ ထိုရဟန်းကြီး ဂေါတမသည် ကမ္မဋ္ဌာန်းအလုပ်မှ လျှော ကျသူ(=ကမ္မဋ္ဌာန်းလူထွက်ကြီး)ဖြစ်၏၊ ပစ္စည်းလေးပါး ပေါများရန် ကျင့်ကြံသူ ဖြစ်၏။ ပစ္စည်းလေးပါး ပေါများ ရန်ဘက်သို့ လည်ဆောင့်သွားသူဖြစ်၏၊ ထိုရဟန်းကြီး ဂေါတမကို ရှိမခိုးကြစတမ်း၊ ခရီးဦးကြို မပြုကြစတမ်း၊ သပိတ်သင်္ကန်း လှမ်း၍မယူကြစတမ်း၊ သို့သော် ထိုရဟန်း ကြီး ဂေါတမ ထိုင်လိုလျှင် ထိုင်ရအောင် နေရာကိုမူကား ခင်းထားကြမည်"—

ဟု အချင်းချင်း ကတိကဝတ် ထားကြလေကုန်၏။ မြတ်စွာဘုရား သည် ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့၏ စိတ်ဖြစ်ပုံကို သိတော်မူ၍ ထိုပဉ္စ-

http://www.dhammadownload.com



ဝဂ္ဂီရဟန်းငါးဦးတို့ကို အထူးရည်ညွှန်းကာ ဩဓိသကမေတ္တာ တရား ပွါးများတော်မူလေ၏။ ထိုပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ် မိမိတို့၏အနီးသို့ နီးကပ် နီးကပ်၍ လာလျှင် ဗုဒ္ဓတေဇော် အာနုဘော် မေတ္တာတေဇော် အာနုဘော် တို့ဖြင့် တွေ့ထိအပ်ကြရကား မူလထားခဲ့ရင်း ကတိကဝတ်၌ မတည်နိုင်ကြပဲ ငါးဦးလုံးပင် မြတ်စွာဘုရားကို ခရီးဦးကြိုဆိုကြ၍ တဦးက မြတ်စွာဘုရား၏ သပိတ်သင်္ကန်းကို လှမ်းယူလေ၏၊ အခြားတဦးက နေရာကို ခင်းလေ၏၊ အခြားတဦးက ခြေဆေး ရေကို, အခြားတဦးက ခြေဆေးအင်းပျဉ်ကို, အခြားတဦးက ခြေပွတ်အိုးခြမ်းကို အသီးအသီး ချထားလေ၏။

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီတို့ ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူပြီးလျှင် ခြေတော်တို့ကို ဆေးကြောတော်မူလေသည်။ (ဤသို့ ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည် ကတိကဝတ်ပျက်ပြားကြကာ မြတ်စွာဘုရားအား ကာယကံအနေဖြင့် ရိုသေကျိုးနွံမှုပြုကြသော်လည်း) စကားပြောဆိုသောအခါ မြတ်စွာဘုရားကို "ဂေါတမ" ဟူသောအမည်ဖြင့်၎င်း, "အာဝုသော = ငါ့ရှင်" ဟူ၍ ကိုယ်ရည်တူထားကာ ပြောကြားခြင်းဖြင့်၎င်း ပြောဆိုကြလေသည်။ "ငါ့ ရှင် ဂေါတမ....ငါတို့သည် ဥရုဝေဠတောအုပ်အတွင်း (သင်) ကမ္မဋ္ဌာန်းအလုပ် အားထုတ်စဉ်အခါ၌ သင်၏သပိတ်သင်္ကန်းများ ကို ယူဆောင် သည်ပိုးကာ လှည့်လည်ခဲ့ကြပါကုန်၏၊ မျက်နှာသစ် ရေနှင့် ဒန်ပူကိုလည်း ကမ်းလှမ်းခဲ့ကြပါကုန်၏၊ (သင်)နေသော သင်္ခမ်းကျောင်း ပရိဝုဏ်ကိုလည်း တံမြက်လှည်းခဲ့ကြပါကုန်၏၊ ငါတို့ ငါးဦးဖဲ့ခွါသွားပြီးနောက် အဘယ်သူသည် သင်၏ ဝတ်ကြီး ထက်ငယ်ကို ပြုစုပါသနည်း၊ ငါတို့ ဖဲ့ခွါသွားကြသောအခါ သင်သည် တွေ့ရာလေးပါး အကြံမများပဲ ရှိပါ၏လား" ဤသို့ အစရှိသည်ဖြင့် မြတ်စွာဘုရားကို "ဂေါတမ" ဟူသော အမည်ဖြင့် ၎င်း "အာဝုသော = ငါ့ရှင်" ဟူ၍ ကိုယ်ရည်တူ ထားကာ ပြောကြားခြင်းဖြင့်၎င်း ပဋိသန္ထာရစကား ပြောကြားကြလေ၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသခင်က "ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့.... သင်တို့သည် ငါဘုရားကို 'ဂေါတမ' ဟူသော အမည်ဖြင့်၎င်း, 'အာဝုသော=ငါ့ရှင်'ဟူ၍ ကိုယ်ရည်တူထား ပြောကြားခြင်း မျိုးဖြင့်၎င်း မပြောဆိုကြကုန်လင့်။ ပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့.... ငါသည်ကား သစ္စာလေးပါး ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် အမှန်ထိုးထွင်း လင်းလင်းသိမြင်သည်ဖြစ်၍ ပူဇော်အထူးကို ခံထိုက်သော ဘုရားစင်စစ် ဖြစ်လတ်ပြီ၊ ရဟန်းတို့....သင်တို့သည် နားကို စိုက်ထောင်ကြကုန်လော့၊ ငါဘုရားသည် အမြိုက်နိဗ္ဗာန် တရားကို ရရှိပေါက်ရောက်ခဲ့လေပြီ၊ ငါဘုရားသည် သင်တို့ကို ဆုံးမသင်ကြားပေးပေအံ့၊ ငါဘုရားသည် သင်တို့အား တရား ဟောပေအံ့၊ ငါဘုရား ဆုံးမအပ်သည့်အတိုင်း သင်ချစ်သားတို့ လိုက်နာကျင့်သုံးကြလျှင် အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွါ၍ သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ကပ်ရောက်ကြသည့် ဇာတိကုလပုတ္တ (=အမျိုးဇာတ်အားဖြင့် ဖြစ်သော အမျိုး ကောင်းသား)း, အာစာရကုလပုတ္တ (=ဇာတ်ပင်နိမ့်စေကာမူ ကိုယ်ကျင့်ကောင်းသဖြင့် ကုလပုတ္တအမည်ရသော အမျိုးကောင်း သား) ဤအမျိုးကောင်းသား နှစ်မျိုးတို့ မြော်ကိုးတောင့်တအပ် သည့် အရဟတ္တဖိုလ် ချမ်းသာကို မျက်မှောက်ဘဝမှာပင် မကြာ မြင့်မီ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေ ပြီးလျှင် နေကြရပေလိမ့်မည်"ဟု မိန့်ဆိုတော်မူလတ်သော် ပဉ္စ- ဝဂ္ဂီ ရဟန်းငါးဦးတို့သည် (မယုံကြည်နိုင်ကြ၍)"ငါ့ရှင် ဂေါတမ.... သင်သည် ဒုက္ကရစရိယာ ခြောက်နှစ်ကြာကျင့်စဉ်က လူသာမန်တို့ ကျင့်နိုင်ခဲသော အပါနကဈာန်ကို ကျင့်ကြံဝင်စားခြင်း စသည်ဖြင့် သော်မှလည်း အရိယာအဖြစ်ကို ပြုစွမ်းနိုင်သည့် အရဟတ္တမဂ် ဉာဏ် သဗ္ဗညုတဉာဏ်ကို မရပါပဲလျက် ယခုအခါ သင်သည် ပစ္စည်းလေးပါး ပေါများဖို့ရန် ကျင့်ကြံသောသူဖြစ်ခါမှ, ပဓာန အလုပ်မှ လျှောကျပြီးသူ (=ကမ္မဋ္ဌာန်းလူထွက်ကြီး) ဖြစ်ခါမှ, ပစ္စည်းလေးပါး ပေါများရန်ဘက်သို့ လည်ဆောင့်သွားသူ ဖြစ် ခါမှ, လူတို့၏ သာမန်ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော အရိယာအဖြစ်ကို ပြုစွမ်းနိုင်သည့် အရဟတ္တမဂ်

http://www.dhammadownload.com



ဉာဏ်သဗ္ဗညုတဉာဏ်ကို အဘယ်မှာလျှင် ရနိုင် ရောက်နိုင်ပါမည်နည်း”ဟူ၍ (ရှိးသားစွာပင်) ပြန်ကြားပြောဆိုကြလေ၏။

ထိုသို့ ပြောဆိုကြသည်ရှိသော် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့ကို “ရဟန်းတို့····ငါဘုရားသည် ပစ္စည်းလေးပါးပေါများဖို့ရန် ကျင့်ကြံသောသူမဟုတ်ပေ၊ ပဓာနအလုပ်မှ လျှောကျပြီးသူ (= ကမ္မဋ္ဌာန်းလူထွက်ကြီး) လည်း မဟုတ်ပေ၊ ပစ္စည်းလေးပါး ပေါများရန်ဘက်သို့ လည်ဆောင့်သွားသူလည်း မဟုတ်ပေ။ ရဟန်းတို့····ငါသည် သစ္စာလေးပါး ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် အမှန်ထိုးထွင်း လင်းလင်းသိမြင်သည်ဖြစ်၍ ပူဇော်အထူးကို ခံထိုက်သော ဘုရားစင်စစ် ဖြစ်လတ်ပြီ။ ရဟန်းတို့···· သင်တို့သည် နားကို စိုက်ထောင်ကြကုန်လော့၊ ငါဘုရားသည် အမြိုက်နိဗ္ဗာန်တရားကို ရရှိပေါက်ရောက်ခဲ့လေပြီ၊ ငါဘုရားသည် သင်တို့ကို ဆုံးမသင်ကြားပေးပေအံ့၊ ငါဘုရားသည် သင်တို့အား တရားဟောပေအံ့၊ ငါဘုရား ဆုံးမအပ်သည့်အတိုင်း သင် ချစ်သားတို့ လိုက်နာကျင့်သုံးကြလျှင် အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွါ၍ သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ကပ်ရောက်ကြသည့် ဇာတိကုလပုတ္တ, အာစာရကုလပုတ္တ အမျိုးကောင်းသားနှစ်မျိုးတို့ မြော်ကိုးတောင့်တအပ်သည့် အရဟတ္တဖိုလ် ချမ်းသာကို မျက်မှောက်ဘဝမှာပင် မကြာမြင့်မီ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေပြီးလျှင် နေကြရပေလိမ့်မည်”ဟူ၍ မိန့်ဆိုတော်မူလတ်သော် ပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့သည် (မယုံကြည်နိုင်ကြသေးပဲ) နှစ်ကြိမ်မြောက်လည်း ရှေးနည်းအတူပင် ပြောဆိုကြပြန်ကုန်၏။

ဒုတိယ အကြိမ်မြောက် မြတ်စွာဘုရားက ရှေးနည်းအတူ “ပစ္စည်းလေးပါး ပေါများဖို့ရန် ကျင့်ကြံသောသူ မဟုတ်ကြောင်း” စသည်ကို မိန့်ဆိုတော်မူသော်လည်း ပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့သည် (မယုံကြည်မြဲ မယုံကြည်နိုင်ကြသေးပဲ) သုံးကြိမ်မြောက်လည်း ရှေးနည်းအတူပင် ပြောဆိုကြပြန်ကုန်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည်(မူတမျိုးပြောင်းလွဲကာ)"ရဟန်းတို့...သင်တို့ကို ငါဘုရားသည် ရှေးအခါ ဥရုဝေလတောအုပ်ဝယ် ပဓာနအလုပ်ကို အားထုတ်နေစဉ်ကာလက သင်တို့အားရှိမပျင်းမရှိအောင် သင်တို့ထံ ငါလာ၍ 'ငါ့ရှင်တို့...ငါတို့သည် အရပ်တပါး ဖဲသွားကုန်အံ့ ဟူ၍ ထွေရာလေးပါး အကြံမများကြလင့်၊ ငါ့အား အရောင်တွေ အလင်းတွေ ကမ္မဋ္ဌာန်းနိမိတ်တွေ ထင်လာပြီ'ဟူ၍များ သင်တို့အထင်ကြီးအောင် ငါဘုရားပြောဆိုခဲ့ဘူးသည်ကို သင်တို့စဉ်းစားမိကြပါသလား"ဟူ၍ မိန့်ဆိုတော်မူလတ်သော် ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည်လည်း "အကယ်၍များ ဤရဟန်းဂေါတမသည် ပဓာနအလုပ်ကို အားထုတ်စဉ်အခါက 'ငါ ရဟန္တာဖြစ်ပြီ'ဟု ပြောဆိုလျှင် ငါတို့ ယုံကြည်ကြမည်သာ ဖြစ်၏၊ သို့သော်လည်း ဤရဟန်းဂေါတမသည် ထိုစဉ်က ထိုကဲ့သို့ ဝါကြွားလှည့်ဖြား၍ မပြောကြားခဲ့ချေ၊ ယခုမူကား တကယ်စင်စစ်ရှိသော ဂုဏ်ကိုသာလျှင် ပြောဆိုခြင်းဖြစ်သည်"ဟု စဉ်းစားဆင်ခြင်မိကြပြီးလျှင် ထိုစကားတခွန်းတည်းဖြင့်ပင် သတိရကြပြီး မြတ်စွာဘုရားအပေါ်၌ ရိုသေခြင်းဂါရဝတရားကို ဖြစ်ပွါးစေကြ၍ "အမှန်ပင် ဤရဟန်းကြီး ဂေါတမသည် ဘုရားဖြစ်လာပြီ"ဟု မမှိတ်မသုန် ယုံကြည်ကြပြီးလျှင် "နော ဟေတံ ဘန္တေ = မြတ်စွာဘုရား....ရှေးအခါ ပဓာနအလုပ်ကို အားထုတ်နေစဉ် ကာလက ရှင်တော်ဘုရား ဤစကားမျိုး မိန့်ကြားပြောဆို ဘူးသည်ကို အကျွန်ုပ်တို့ စဉ်းစား၍မရပါ (=မပြောဆိုဘူးပါ)"ဟူ၍ ပြန်ကြားလျှောက်ထား ဝန်ခံကြလေသည်။

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့ကို ကိုယ်တော်မြတ်ဘုရားဖြစ်ကြောင်း ကောင်းစွာသိစေနိုင်လေပြီ၊ ထိုအခါ ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည် မြတ်စွာဘုရား စကားတော်ကို ရိုသေစွာနာယူကြကုန်ပြီ၊ နားကိုစိုက်၍ ထောင်ကြကုန်ပြီ၊ အရဟတ္တဖိုလ်သို့ရောက်ရှိရန် မိမိတို့စိတ်ကို ရှေးရှုဆောင်ကြလေကုန်ပြီ။ ထိုအခါ မြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ ဘုရားစင်စစ် အမှန်ဖြစ်ကြောင်းကို ပဉ္စဝဂ္ဂီရဟန်းတို့ကို ကောင်းစွာသိစေ၍ မဟာ-

http://www.dhammadownload.com



သက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့် စနေနေ့ ညနေချမ်း နေမင်းကလည်း မိမိအရောင်အလင်းဖြင့် ပကတိမှောင်ထုကို ပယ်ရှင်းလွှင့်ဖျောက် ထွန်းလင်းတောက်ပလျက် အနောက်အရပ်၌ ဝင်လုဆဲဆဲ လမင်းကလည်း ဥတ္တရာသဠ်နက္ခတ်နှင့်ယှဉ်ကာ မိမိ၏အရောင်အလင်းဖြင့် ပကတိမှောင်ထုကို ပယ်ရှင်းလွှင့်ဖျောက်ထွန်းလင်းတောက်ပလျက် အရှေ့လောကဓာတ်မှ ထွက်လာဆဲအချိန်တွင် **ဓမ္မစက္ကပဝတ္တန**သုတ္တန်ကို အစဆုံး ဟောကြားတော်မူရန် "ဒွေမေ ဘိက္ခဝေ အန္တာ" အစရှိသည်ကို ဟောကြားတော်မူလေသည်။

(ဤ"ဒွေမေ ဘိက္ခဝေ အန္တာ"ဟူသောပုဒ်ကို ရွတ်ဆိုလိုက်သည်နှင့်တပြိုင်နက် ထွက်ပေါ်လာသော အသံတော်သည် အထက်ဘဝဂ်အောက်အဝီစိသို့ ခိုက်လျက် လောကဓာတ် စကြဝဠာ တိုက်ပေါင်းတသောင်းလုံးပြန့်နှံ့၍ တည်လေသည်။ ထိုအခါမှာပင် ကုသိုလ်မူလရင့်ကျက်ပြီးဖြစ်ကြ၍ သစ္စာလေးပါး တရားသိဖို့ရန် အဓိကာရ ကုသိုလ်ထူး ပြုခဲ့ဘူးကြသော ဗြဟ္မာပေါင်း တဆယ့်ရှစ်ကုဋေတို့သည် တညီတညွတ်တည်း စည်းဝေးနှင့်ပြီး ဖြစ်ကုန်၏။)

ထိုသို့ မြတ်စွာဘုရားသခင် ဓမ္မစကြာတရား ဟောကြားတော်မူသောအခါ အရှင်ကောဏ္ဍညသည် ဒေသနာတော်ကို အစဉ်လျှောက်သဖြင့် ဉာဏ်ကိုစေလွှတ်ဖြစ်ပွါးစေခဲ့ရာ သုတ္တန်ပြီးဆုံးသောအခါ၌ ဗြဟ္မာပေါင်း တဆယ့်ရှစ်ကုဋေတို့နှင့် တကွသောတာပတ္တိဖိုလ်၌ တည်လေ၏။

ဤသို့လျှင် မြတ်စွာဘုရား ဓမ္မစကြာတရား ဟောတော်မူသောအခါ၌လည်း ပဋိသန္ဓေ နေတော်မူသောအခါ, ဖွားမြင်တော်မူသောအခါ, ဘုရားဖြစ်တော်မူသော အခါများမှာကဲ့သို့ပင် အံ့ဖွယ်သရဲ ထူးကဲသည့် သုံးဆယ့်နှစ်ပါးသော နိမိတ်ကြီးများထင်လာကြကုန်၏။

ထိုသို့ အရှင်ကောဏ္ဍည သောတာပတ္တိဖိုလ်၌ တည်သောအခါ မြတ်စွာဘုရားသည် "အညာသိ ဝတ ဘော ကောဏ္ဍညော

http://www.dhammadownload.com



အညာသိ ဝတ ဘော ကောဏ္ဍညော = အိုး ···· ကောဏ္ဍည သည် သစ္စာလေးပါး တရားကို ထိုးထွင်း သိမြင်လေပြီ တကား၊ အိုး ··· ကောဏ္ဍညသည် သစ္စာလေးပါး တရားကို ထိုးထွင်း သိမြင်လေပြီတကား”ဟု ဝမ်းမြောက်ရွှင်လန်း ဥဒါန်းစကားကို တသောင်း တိုက်သား နတ် လူ တို့ ကြားသိလောက် အောင် မြွက်ဆို ကျူး ရင့် တော် မူ လေ ၏။ ဤသို့ မြတ်စွာဘုရားက “အညာသိ ဝတ” စသည်ဖြင့် ဥဒါန်းစကား မိန့်ကြား ကျူးရင့် တော်မူသောကြောင့်ပင် အရှင်ကောဏ္ဍညမထေရ်၏ အမည် သည် “အညာသိ ကောဏ္ဍညမထေရ်”ဟူ၍ ထင်ရှားမည်တွင် လေသည်။

ထိုသို့ သောတာပန် ဖြစ်ပြီးသောအခါ အရှင်အညာသိ- ကောဏ္ဍညမထေရ်သည်“ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်၌ ရှင်သာမဏေ အဖြစ်ကို ရပါရစေဘုရား၊ ရဟန်းအဖြစ်ကို ရပါရစေဘုရား”ဟူ၍ မြတ်စွာဘုရားကို ရှင်ရဟန်းအဖြစ်ကို တောင်းပန်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် သင်္ကန်းတော်အတွင်းမှ လက်ျာရွှေလက်တော် ကို ထုတ်ဖော်ဆန့်တန်းလျက် ဗြဟ္မာမင်း၏ အသံကဲ့သို့သော အသံ တော်ဖြင့် “(၁) ဧဟိ ဘိက္ခု၊ (၂) သွာက္ခာတော ဓမ္မော၊ (၃) စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ = (၁) ရဟန်း··· လာလော့၊ သင်ချစ်သား တောင်းခံအပ်သော ရှင်ရဟန်းအဖြစ်ကို ခံယူလော့၊ (၂) တရားတော်ကို ငါဘုရား ကောင်းစွာ ဟောကြားအပ်ပြီ၊ (၃) သင်သည် ဝဋ်ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှါ အထက်မဂ် သုံးပါးတည်းဟူသော မြတ်သော အကျင့်ကို ကျင့်ကြံကြိုးကုတ် ရအောင်အားထုတ်လော့”ဟု မိန့် ကြားတော်မူလေ၏။ ထိုသို့ မြတ်စွာဘုရား မိန့်ဖော်ကြားသည့် စကားဝါကျ သုံးခွန်းတို့တွင် ၁-အမှတ်ပါ ပဌမဝါကျ ပြီးဆုံး လျှင်ပင် အရှင်အညာသိကောဏ္ဍည၏ ရဟန်းခံခြင်း ရဟန်းပြုခြင်း ကိစ္စ ပြီးမြောက် အောင်မြင်လေတော့သည်။

http://www.dhammadownload.com



(ထို အရှင်ကောဏ္ဍညအား မြတ်စွာဘုရားက "ဧဟိ ဘိက္ခု"ဟု ခေါ်တော်မူလိုက်သည်နှင့်တပြိုင်နက်ပင် နဂိုအသွင် ကွယ်ပျောက်လျက် ရှင်ရဟန်းအဖြစ် ပြီးမြောက်အောင်မြင်လေသည်၊ ဆံရိတ်ပြီး သင်္ကန်းများကို ဝတ်ရုံပြီး ဖြစ်လေတော့၏၊ သင်္ကန်းတထည်ကို ခါး၌ဝတ်လျက် အခြားသင်္ကန်းတထည် ကေစ္စိကိုရုံလျက် အခြားသင်္ကန်းတထည် သင်္ကန်းကြီးကို ပခုံး၌တင်လျက် လက်ဝဲပခုံးစွန်း၌ သပိတ်ကိုလွယ်လျက် ပရိက္ခရာ ရှစ်ပါးတို့ သူ့နေရာ၌သူ အဆင်သင့် ဆင်ယင်ပြီးဖြစ်ကာ ဝါတော် ခြောက်ဆယ်ရ(သက်တော်ရှစ်ဆယ်ရှိ)သော မထေရ်ကြီးကဲ့သို့ ကြည်ညို ဖွယ်သော ဣရိယာပထ်နှင့်ပြည့်စုံလျက် မြတ်စွာဘုရားတည်းဟူသော ဆရာဥပဇ္ဈာယ်ရှိကာ မြတ်စွာဘုရားကို ရှိခိုးလျက် တည်နေလေ၏။

ဤ ဧဟိဘိက္ခုရဟန်းတို့ရရှိသော ပရိက္ခရာကို ဣဒ္ဓိမယပရိက္ခရာဟူ၍ ခေါ်၏။ အကြင်သူသည် သင်္ကန်းစသော ပရိက္ခရာရှစ်ပါး (ထိုမျှမတတ်နိုင်လျှင် သပိတ်သင်္ကန်း)ကို သောတာပန်စသော အရိယာပုဂ္ဂိုလ်အား ဖြစ်စေ, ပုထုဇန်သီလဝန္တရဟန်းအားဖြစ်စေ လှူဒါန်းဆက်ကပ်ပြီးလျှင် "ဤ ယခု လှူဒါန်းဆက်ကပ်သော ပရိက္ခရာအလှူသည် နောက်အခါ၌ ဧဟိဘိက္ခုရဟန်းဖြစ်ဖို့ရန် ပစ္စည်းအထောက်အပံ့ ဖြစ်ပါစေသတည်း"ဟု ဆုတောင်းပတ္ထနာမှုကိုပြု၏၊ ထိုသူ၏ ထိုပရိက္ခရာအလှူသည် အဓိကာရ ကောင်းမှုနှင့် ပြည့်စုံလတ်သည်ရှိသော် မြတ်စွာဘုရားတို့၏ မျက်မှောက်တော်၌ ဣဒ္ဓိမယပရိက္ခရာကိုရဖို့ရန် (=ဧဟိ ဘိက္ခု ရဟန်းဖြစ်ဖို့ရန်) ဖြစ်နိုင်၏။ ။ သာရတ္ထ-ဋီ ၂၊ မျက်နှာ ၅၁-မှ။)

မြတ်စွာဘုရားသည် ထိုမိဂဒါဝုန်တော်၌ပင် ဝါကပ်နေထိုင်တော်မူ၍ နောက်တနေ့ (ဝါဆိုလပြည့်ကျော် ၁-ရက်နေ့)၌ ဝပ္ပမထေရ်ကို အဆုံးအမ ဩဝါဒပေးတော်မူလျက် (ဆွမ်းခံမကြွပဲ) ကျောင်း၌သာလျှင် နေတော်မူ၏။ ကျန်သော ရဟန်းလေးပါးတို့ ဆွမ်းခံထွက်ကြကုန်၏။ ဝပ္ပမထေရ်သည် ထိုနေ့နံနက်ခင်းမှာပင် သောတာပန်ဖြစ်လေ၏။ ထိုနည်းအတူ နောက်တနေ့ (=ဝါဆိုလပြည့်ကျော် ၂-ရက်နေ့)၌ ဘဒ္ဒိယမထေရ်ကို, နောက်တနေ့ (=ဝါဆိုလပြည့်ကျော် ၃-ရက်နေ့)၌ မဟာနာမ မထေရ်ကို, နောက်တနေ့ (=ဝါဆိုလပြည့်ကျော် ၄-ရက်နေ့)၌ အဿဇိ မထေရ်ကို အဆုံးအမ ဩဝါဒပေးတော်မူလျက် ဆွမ်းခံမကြွပဲ ကျောင်း၌သာလျှင် နေတော်မူ၏။ ထိုမထေရ်တို့သည်လည်း မိမိ

http://www.dhammadownload.com



မိမိတို့၏ နေ့၌ပင် သောတာပတ္တိဖိုလ်သို့ ရောက်ရှိကြပြီးလျှင် မြတ်စွာဘုရားအထံတော်၌ ဧဟိဘိက္ခု ရဟန်းအဖြစ်ကို ခံယူကြကုန်၏။

မြတ်စွာဘုရားသည် ဝါဆိုလပြည့်ကျော် ၅-ရက် ကြာသပတေးနေ့သို့ ရောက်သောအခါ ပဉ္စဝဂ္ဂီရဟန်းတို့အား အာသဝေါကုန်ခန်း၊ ရဟန္တာအဖြစ်သို့ ရောက်ကြစေရန် **အနတ္တလက္ခဏာ** သုတ္တန်ကို ဟောကြားတော်မူ၏။ အနတ္တလက္ခဏာသုတ္တန် ဒေသနာနိဂုံးပြီးဆုံးသောအခါ၌ ပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့သည် အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကြလေကုန်၏။

**(ဓမ္မစက္ကပဝတ္တနသုတ္တန်နှင့် အနတ္တလက္ခဏာသုတ္တန်တို့အတွက် သိမှတ်ဖွယ်ရာကို ဓမ္မရတနာအခန်းသို့ရောက်မှ ဖော်ပြပါမည်။)**

---

**အခန်း-၁၀**

**သာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်းတို့အကြောင်း**

**( ဟေမဝတသုတ် )**

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့်နေ့ နေဝင်လုဆဲဆဲအချိန်တွင် ဓမ္မစကြာတရားကို ဟောတော်မူ၏၊ ထိုနေ့ညဉ့် သန်းခေါင်ယံအချိန်တွင် **ဟေမဝတသုတ်** (တနည်း သာတာဂိရသုတ်) ကို ဟောတော်မူ၏။ ထိုသုတ်ကို ဟောတော်မူရခြင်း၏ အကြောင်းအရာ အကျယ်ကား—

ဤဘဒ္ဒကမ္ဘာတွင် လူတို့၏ အသက် အနှစ် (၂၀၀၀၀) နှစ်သောင်းတမ်း၌ ကဿပမြတ်စွာဘုရား ပွင့်ထွန်းတော်မူ၍ (အာယုကပ်၏ ငါးပုံလေးပုံဖြစ်သည့်) အနှစ် (၁၆၀၀၀) တသောင်းခြောက်ထောင်ကြာ ကာလပတ်လုံး တည်နေတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူခဲ့လေသည်။ ထို ကဿပမြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို ကြီးစွာသောပူဇော်မှုဖြင့်

http://www.dhammadownload.com



ပူဇော်ကြကာ ဈာပနကိစ္စကို ပြုကြလေသည်။ ထိုကဿပမြတ်စွာဘုရား၏ သရီရဓာတ် မွေတော်မြတ်သည် အစိတ်စိတ်အမြွာမြွာ မဖြစ်ပဲ ရွှေစိုင်ရွှေတုံးကြီးကဲ့သို့ တလုံးတခဲတည်းဖြစ်၍သာ ကြွင်းကျန်တည်ရှိလေသည်။ ဤကဲ့သို့ တည်ခြင်းသည် သက်တော်ရှည်မြတ်စွာဘုရားတို့၏ ထုံးတမ်းစဉ်လာ ဓမ္မတာဖြစ်၏။

သက်တော်တိုသော မြတ်စွာဘုရားတို့သည်ကား လူများအပေါင်းတို့ အသီးသီးစေ့ငအောင် မဖူးမြော်ကြရကုန်မီပင် ပရိနိဗ္ဗာန် စံဝင်တော်မူကြကုန်၏၊ ထို့ကြောင့် သက်တော်တိုသော မြတ်စွာဘုရားတို့သည် "ထိုထိုမြို့ရွာဒေသတို့၌ နေထိုင်ကြသူ လူများအပေါင်းသည် ငါဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ဓာတ်တော် ပူဇော်မှုကိုပြု၍လည်း ကုသိုလ်တရား တိုးပွါးစေရစ်ကြကုန်လိမ့်မည်"ဟု ငဲ့ညှာထောက်ထား သနားသဖြင့် "ဓာတ်တော်များသည် အစိတ်စိတ် အမြွာမြွာ ကွဲပြန့်ရစ်ကြစေကုန်သတည်း"ဟု အဓိဋ္ဌာန်တော်မူကြကုန်၏။ သို့ရကား ထိုသက်တော်တိုသော မြတ်စွာဘုရားတို့၏ သရီရဓာတ် မွေတော်မြတ်တို့သည် အကျွန်ုပ်တို့ ကိုးကွယ်ရာ မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များကဲ့သို့ ရွှေမှုန့်များပမာ အစိတ်စိတ် အမြွာမြွာကွဲလျက် ပြန့်နှံ့တော်မူကြကုန်၏။

လူအပေါင်းတို့သည် ကဿပမြတ်စွာဘုရား၏ တဆူတည်းသော သရီရဓာတ် မွေတော်မြတ်ကို ဓာတ်တော်တိုက် တည်ဆောက်ကြ၍ အမြင့်တယူဇနာ အဝန်းအဝိုင်းအားဖြင့်လည်း တယူဇနာရှိသော စေတီတော်ကြီးကို တည်ထားကြကုန်၏၊ ထိုစေတီတော်ကြီးမှာ အပိုင်းအခြားအားဖြင့် တမျက်နှာ တမျက်နှာလျှင် တဂါဝုတ်စီ တဂါဝုတ်စီ အလျားရှိ၍ တမျက်နှာ တမျက်နှာလျှင် မုခ်ဦးဝင်ပေါက်တံခါးကြီး တပေါက်စီ တပေါက်စီရှိရကား တံခါးတပေါက်နှင့် တပေါက်အကြား တဂါဝုတ်စီ တဂါဝုတ်စီ ကွာခြားလေသည်။

တံခါးမုခ်ဦးတပေါက်ကို ဗာရာဏသီပြည့်ရှင် ကိကီမင်းကြီးက ဒါယကာခံ၏၊ အခြားတပေါက်ကို ကိကီမင်းကြီး၏သားတော်

http://www.dhammadownload.com



ပထပိန္တရမင်းသားက ဒါယကာခံ၏၊ အခြားတပေါက်ကို စစ်သူကြီး ဦးဆောင်၍ အမတ်အပေါင်းတို့က ဒါယကာခံကြ၏၊ အခြားတပေါက်ကို သူဌေးကြီးဦးဆောင်၍ တိုင်းသားပြည်သူတို့က ဒါယကာခံကြ၏။ စေတီတော်ကြီးတည်ထားရာ၌ စီအပ်သော အုတ်တို့ကား ရွှေအုတ် ရတနာအုတ်များသာ ဖြစ်သည်၊ အုတ်တချပ်တချပ်လျှင် အဖိုးတသိန်းတသိန်း တန်၏။ ဆေးဒန်းမြင်းသီလာတို့ဖြင့် အက်တေကိစ္စကို ပြုကြ၍၎င်း, မွှေးကြိုင်သင်းပျံ့သော ဆီထောပတ်တို့ဖြင့် ရေကိစ္စကို ပြုကြ၍၎င်း ထိုစေတီတော်ကြီးကို တည်ထားကြကုန်၏။

ဤကဲ့သို့ စေတီတော်ကြီး တည်ထားပြီးသောအခါ အမျိုးကောင်းသား သူငယ်ချင်း နှစ်ယောက်တို့သည် လူ့ဘောင်မှ ထွက်၍ မြတ်စွာဘုရားမျက်မှောက်တော်က တပည့်ခံခဲ့ကြသော သာဝကကြီးတို့ အထံတွင် ရှင်ရဟန်းပြုကြကုန်၏။ (အထူးမှတ်ရန်မှာ····သက်တော်ရှည် မြတ်စွာဘုရားတို့၏ သာသနာ၌ ဘုရားလက်ထက်တော်က တပည့်ခံခဲ့ရသော သာဝကကြီးများကသာ ရှင်သာမဏေပြုပေးခြင်း ရဟန်းခံပေးခြင်း, နိဿယည်းပေးခြင်း အမှုကို ပြုတော်မူကြရကုန်၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက်မှ ဖြစ်ကြသော တပည့်သာဝကတို့သည်ကား ထိုအမှုမျိုးပြုလုပ်ခွင့်ကို မရနိုင်ကုန်။)

ထိုအခါ ထိုအမျိုးကောင်းသား သူငယ်ချင်း ရဟန်းနှစ်ပါးတို့သည် "အရှင်မြတ်တို့ဘုရား····မြတ်စွာဘုရား သာသနာတော်၌ အားထုတ်ဖွယ် ရဟန်းအလုပ်တို့ကား အဘယ်မျှ ရှိပါကုန်သနည်းဘုရား" ဟု သာဝကကြီးတို့ကို လျှောက်ထားမေးမြန်းကြကုန်၏။ ထိုအခါ သာဝကကြီးတို့က "ငါ့ရှင်တို့ ···· မြတ်စွာဘုရားသာသနာတော်၌ အားထုတ်ဖွယ် ရဟန်းအလုပ်တို့ကား (၁) ဝါသဓုရခေါ် ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းကျင့်သုံးမှုတည်းဟူသော အားထုတ်ဖွယ် ရဟန်းအလုပ်၊ (၂) ပရိယတ္တိဓုရခေါ် စာပေပရိယတ် သင်ကြားပို့ချမှု တည်းဟူသော အားထုတ်ဖွယ် ရဟန်းအလုပ်ဟူ၍ နှစ်ပါးရှိကုန်၏။ ထိုနှစ်ပါးတို့တွင်–

http://www.dhammadownload.com



(၁) အမျိုးကောင်းသား ရဟန်းတော်သည် ဆရာဥပဇ္ဈာယ်များ အထံ၌ ငါးဝါတိုင်တိုင်နေပြီးလျှင် ဝတ်ကြီး ဝတ်ငယ်များကို ဖြည့်ကျင့်၍ ပါတိမောက်ကိုဎင်း, နှစ်ဘာဏဝါရ သုံးဘာဏဝါရမျှရှိသော သုတ္တန်တို့ကိုဎင်း လေ့လာ နိုင်နင်းအောင် ပြုလျက် ဝိပဿနာအလုပ် ကမ္မဋ္ဌာန်း အားထုတ်ပုံကို ကျကျနန သင်ယူပြီးလျှင် ဂိုဏ်းဂဏသံဃာ ဒါယကာ ဒါယိကာမများ၌ တွယ်တာခင်မင်မှုကို ဖြတ်တောက်ကာ လူသူမနီး တောကြီးထဲသို့ ဝင်ပြီးနောက် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်အပ်၏။ ဤသို့အားထုတ်ခြင်းသည် ဝါသဓုရ ခေါ် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းကျင့်သုံးမှု တည်းဟူသော အားထုတ်ဖွယ်ရာ ရဟန်းအလုပ်မည်၏။ (၂) မိမိ၏ အစွမ်းအလျောက် နိကာယ်တရပ် ပိဋကတ်ကိုဖြစ်စေ, နိကာယ်နှစ်ရပ် ပိဋကတ်ကိုဖြစ်စေ, နိကာယ်သုံးရပ် ပိဋကတ်ကိုဖြစ်စေ, နိကာယ်လေးရပ် ပိဋကတ်ကိုဖြစ်စေ, နိကာယ်ငါးရပ် ပိဋကတ်ကိုဖြစ်စေ တတ်မြောက်လိမ္မာအောင် သင်ယူပြီးလျှင် သဒ္ဒါအနက် မချွတ်မယွင်း သန့်ရှင်းစင်ကြယ်အောင် ပရိယတ္တိ သာသနာတော်ကို အားထုတ်အပ်၏။ ဤသို့ အားထုတ်ခြင်းသည် ပရိယတ္တိဓုရခေါ် စာပေပရိယတ် သင်ကြားပို့ချမှု တည်းဟူသော အားထုတ်ဖွယ်ရာ ရဟန်းအလုပ်မည်၏"ဟူ၍ မိန့်ဆိုတော်မူကြကုန်၏။

ထိုအခါ ထိုအမျိုးကောင်းသား သူငယ်ချင်း ရဟန်းနှစ်ပါးတို့သည် "ရဟန်းအလုပ် အားထုတ်ဖွယ်ရာ ဓုရနှစ်ပါးတို့တွင် ဝါသဓုရသည်သာလျှင် သာလွန်မြင့်မြတ် ချီးမွမ်းအပ်၏"ဟု ပြောဆိုကြပြီးလျှင် "ငါတို့သည်ကား အသက်အရွယ် ငယ်ကြသေး၏၊ အသက်ကြီးသောအခါမှ ဤဝါသဓုရကမ္မဋ္ဌာန်းအလုပ်ကို ဖြည့်ကျင့်ကြကုန်အံ့၊ အသက်အရွယ် မကြီးပြင်းသေးမီ ပရိယတ္တိဓုရခေါ် စာပေပရိယတ် သင်ကြားပို့ချမှု တည်းဟူသော ရဟန်းအလုပ် အားထုတ်ဖွယ်ရာကို ပြည့်စုံပြီးစီးအောင် ဖြည့်ကျင့်ကြဦးမည်"ဟု တိုင်ပင်ကာ ပရိယတ်အမှုကို ကြိုးစား အားထုတ်ကြလေရာ ပင်ကိုယ်ပကတိကပင် ပညာရှိသူများဖြစ်ကြ၍ ကာလမကြာမီပင်

http://www.dhammadownload.com



ဗိဋကသုံးပုံ အလုံးစုံ၌ တဖက်ကမ်းရောက် တတ်မြောက်ကျွမ်းကျင်ကြကုန်လျက် ဝိနည်းအဆုံးအဖြတ်အရာ၌လည်း လွန်စွာကျွမ်းကျင်လိမ္မာတော်မူကြကုန်၏။ ထိုအမျိုးကောင်းသား သူငယ်ချင်း ရဟန်းနှစ်ပါးတို့အား ပရိယတ်တတ်မြောက်မှုကို အကြောင်းပြုကာ သာသနာတော်ဝယ် ထင်ပေါ်ကျော်စောခြင်း တပည့်ပရိသတ် အခြံအရံများခြင်းသည်၎င်း, ယင်းသို့ အခြံအရံများမှုကို အကြောင်းပြု၍ လာဘ်လာဘ လွန်စွာ ပေါများခြင်းသည်၎င်း ဖြစ်လေ၏။ တပါးတပါးလျှင် တပည့်တပန်း ရဟန်းပရိသတ် ငါးရာ ငါးရာစီ ရှိကြကုန်၏။

ထိုမထေရ်မြတ်နှစ်ပါးတို့သည် မိမိတို့ထံမှောက်သို့ ရောက်ရှိဆည်းကပ်လာကြသည့် ပရိသတ်လေးပါးတို့အား မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒအစစ်အမှန်ကို ညွှန်ကြားဟောပြကုန်လျက် နေတော်မူကြကုန်၏၊ သို့ရကား ဘုရားတဖန် ပွင့်ထွန်းတော်မူပြန်သောအခါကဲ့သို့ သာသနာသုံးပါး စည်ကားတောက်ပလျက် ရှိလေ၏။

### ဓမ္မဝါဒီရဟန်းနှင့် အဓမ္မဝါဒီရဟန်းတို့၏ ဝိနည်းမှုခင်း

ထိုအခါ တောရွာကျောင်းတိုက်တခု၌ ဓမ္မဝါဒီရဟန်းနှင့် အဓမ္မဝါဒီရဟန်း ဤရဟန်းနှစ်ပါးတို့ နေထိုင်ဆဲရှိကြကုန်၏။ ထိုရဟန်းနှစ်ပါးတို့တွင် အဓမ္မဝါဒီရဟန်းသည် ရက်စက်ရန့်ရင်းသူ နှုတ်ထွက်ကြမ်းသူဖြစ်၏။ တနေ့သော် အဓမ္မဝါဒီရဟန်း၏ ဝိနည်းသိက္ခာပုဒ်ကို လွန်ကျူးသောအပြစ်ကို ဓမ္မဝါဒီရဟန်း ထင်ထင်ရှားရှား ကြားသိလတ်၍ ဓမ္မဝါဒီရဟန်းက "ငါ့ရှင်.... သင်ပြုသော ဤအမှုသည် သာသနာတော်အား မလျောက်ပတ်ချေ"ဟု အဓမ္မဝါဒီရဟန်းကို အပြစ်တင် စောဒနာလေ၏။ ထိုအခါ အဓမ္မဝါဒီရဟန်းက"ငါ့ရှင်····သင်ဘာကိုမြင်လို့လဲ၊ သင် ဘာကို ကြားလို့လဲ၊ အရမ်းမစွပ်စွဲနှင့်" ဤသို့ အစရှိသည်ဖြင့် စကားရင်းပျောက်အောင် မြန့်၍(=မြန်း၍) ပြောဆိုလေသော် ဓမ္မဝါဒီ

http://www.dhammadownload.com



ရဟန်းက "ငါ့ရှင်.... ဝိနည်းဓိုရ်မထေရ်မြတ်ကြီးများ သိကြပါလိမ့်မည်"ဟု ပြောဆိုလေ၏။

ထိုအခါအဓမ္မဝါဒီရဟန်းသည် "ဤဝတ္ထုကို ဝိနည်းဓိုရ်မထေရ်ကြီးတို့ တရားလမ်းရှိတိုင်း ဆုံးဖြတ်ကြလျှင် ငါ့အား ကေန်ပင်သာသနာတော်၌ ထောက်ရာတည်ရာ ရှိတော့မည်မဟုတ်"ဟု စဉ်းစားမိ၍ ထိုဝိနည်းဓိုရ်မထေရ်ကြီးတို့ကို မိမိဘက်သို့ပါအောင် သွေးဆောင်ဖြားယောင်းမှု ပြုလိုသဖြင့် ထိုခဏ၌ပင် လက်ဆောင်အတွက် ပရိက္ခရာတို့ကို ယူဆောင်လျက် ထိုဝိနည်းဓိုရ်မထေရ်ကြီးနှစ်ပါးတို့၏ ထံမှောက်သို့ သွားရောက်ချဉ်းကပ်ပြီးလျှင် မိမိယူဆောင်ခဲ့သော ရဟန်းပရိက္ခရာ အသုံးအဆောင်တို့ကို ရှိသေလေးမြတ် ဆက်ကပ်လှူဒါန်းကာ ထိုဝိနည်းဓိုရ်မထေရ်ကြီးတို့ထံ နိဿယည်းယူ၍နေရန် အားထုတ်လေတော့သည်။ ထိုဝိနည်းဓိုရ်မထေရ်ကြီးနှစ်ပါးတို့ကို ရှိသေလေးမြတ် ချဉ်းကပ်နီးပါး ခစားလုပ်ကျွေးလျက် အလုံးစုံသော ဝတ်ကြီးဝတ်ငယ်ကို ပြည့်စုံစွာ ဖြည့်ကျင့်လိုသူအယောင် ဟန်ဆောင်ပြုလုပ်လေ၏။

ထို့နောက် တနေ့သ၌ အဓမ္မဝါဒီရဟန်းသည် ဝိနည်းဓိုရ်မထေရ်ကြီးနှစ်ပါး ညီမှုစည်းဝေးရာဌာနသို့ သွားရောက်ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် မထေရ်ကြီးတို့က ပြန်သွားဘို့ရန် ခွင့်လွှတ်အပ်သော်လည်း ရပ်တည်မြဲတိုင်း ရပ်တည်ပေကပ်၍ နေလေသည်။ ထိုအခါ မထေရ်ကြီးတို့က ထိုအဓမ္မဝါဒီ ရဟန်းကို "ငါ့ရှင်.... သင့်မှာ ပြောစရာအကြောင်းထူးတခုခု ရှိပါသလား"ဟု မေးမြန်းတော်မူကြကုန်၏။ အဓမ္မဝါဒီရဟန်းသည် "ရှိပါသည် အရှင်ဘုရားတို့.... တပည့်တော်မှာ ရဟန်းတပါးနှင့် သိက္ခာပုဒ်ကို လွန်ကျူးချက်နှင့်ပတ်သက်၍ ငြင်းခုံမှု ဖြစ်ခဲ့ပါသည်၊ ထိုစေဒကရဟန်းသည် အကယ်၍ ဤအကြောင်းဝတ္ထုကို အရှင်မြတ်တို့၏ ထံမှောက်သို့ လာရောက်လျှောက်ထားလျှင် တရားလမ်းရှိတိုင်း ဆုံးဖြတ်သင့်တိုင်း ဆုံးဖြတ်တော်မမူကြပါလင့်"ဟု လျှောက်ထားလေ၏။ မထေရ်ကြီးတို့က "သံဃာ့ဘောင်သို့ သက်ရောက်လာသော အကြောင်းဝတ္ထုကို ဆုံးဖြတ်သင့်သည့် အတိုင်း မဆုံး

http://www.dhammadownload.com



ဖြတ်ရန် မသင့်လျော်ဘူး” ဟုမိန့်ဆိုတော်မူကြလေသော် ထိုအဓမ္မဝါဒီရဟန်းသည် “အရှင်ဘုရားတို့....ဤကဲ့သို့ ဆုံးဖြတ်မှု ပြုကြပါလျှင် တပည့်တော်မှာ သာသနာတော်၌ ထောက်ရာ တည်ရာ ရှိတော့မည် မဟုတ်ပါ၊ ထိုမကောင်းမှုသည် တပည့်တော်၏ မကောင်းမှုပင် ဖြစ်ပါစေတော့ (=သံသရာ အပြစ်ကို တပည့်တော်ပင် ခံပါမည်)။အရှင်ဘုရားတို့ကသာ ထိုအမှုကို မဆုံးဖြတ်ကြပါကုန်လင့်”ဟု လျှောက်ထားလေ၏။

ဝိနည်းမိုရ် မထေရ်ကြီးတို့သည်လည်း ထိုအဓမ္မဝါဒီရဟန်းက အတင်းအကြပ် (မလွှဲမရှောင်သာအောင်) လျှောက်ထားပြောဆိုအပ်ရကား “ကောင်းပါပြီ ငါ့ရှင်”ဟု နောက်ဆုံးတွင် ဝန်ခံစကား မိန့်ကြားတော်မူလိုက်ကြကုန်၏။ ထို အဓမ္မဝါဒီရဟန်းသည် ဝိနည်းမိုရ်မထေရ်ကြီးတို့အထံမှ ဝန်ခံချက်ကို ရယူပြီးလျှင် တဖန် ထိုတောရွာကျောင်းတိုက်သို့ ပြန်သွား၍ “ဝိနည်းမိုရ် မထေရ်ကြီးတို့ထံ ငါပြုလုပ်ရန် ကိစ္စအဝဝ ပြီးစီးခဲ့ပြီ”ဟု အောက်မေ့ကာ ဓမ္မဝါဒီရဟန်းကို ရှေးကထက်တိုး၍ လွှမ်းမိုးနှိပ်စက် မထီမဲ့မြင်ပြုလျက် ကြမ်းကြုတ်ခက်ထန်စွာ ပြောဆိုလေ၏။

ဓမ္မဝါဒီရဟန်းသည် “ဤအဓမ္မဝါဒီရဟန်းကား ရှိရှားခြင်းကင်းလှချေတကား”ဟု အောက်မေ့ကာ ထိုခဏမှာပင် တောရွာကျောင်းတိုက်မှ ထွက်ခဲ့၍ ဝိနည်းမိုရ်မထေရ်ကြီးတို့၏ အခြံအရံ ရဟန်းတထောင်တို့၏ အထံသို့ ချဉ်းကပ်ပြီးလျှင် “ငါ့ရှင်တို့…. သံဃာ့ဘောင်သို့ သက်ရောက်လာသော အကြောင်းဝတ္ထုကို တရားလမ်းရှိသည့်အတိုင်း ဆုံးဖြတ်သင့်သည် မဟုတ်ပါလော၊ သို့မဟုတ် အကြောင်းဝတ္ထုကို သံဃာ့ဘောင်သို့ မသက်ရောက်စေပဲ စောဒကရဟန်း စုဒိတကရဟန်းတို့ကို အချင်းချင်းမိမိတို့၏ အပြစ်ကို ဝန်ခံစကား ပြောကြားစေ၍ ညီညွတ်အောင် ပြုသင့်သည် မဟုတ်ပါလော။ ယခုမူကား ဤဝိနည်းမိုရ်မထေရ်ကြီးတို့သည် အကြောင်းဝတ္ထုကိုလည်း မဆုံးဖြတ်ကြကုန်၊ ညီညွတ်အောင်လည်း မပြုလုပ်ကြကုန်၊ဤသို့ ဆုံးလည်းမဆုံးဖြတ် ညီညွတ်အောင်လည်း မပြုလုပ်ခြင်းသည် ဘယ့်နှာပါလိမ့်”ဟု လျှောက်

http://www.dhammadownload.com



ထား တိုင်ကြားလေသည်။ ထိုတပည့်ရဟန်း တထောင်တို့သည်လည်း ဓမ္မဝါဒီရဟန်း လျှောက်ထားသောစကားကို ကြားကြရလျက် "ဝိနည်းမိုရ်ဆရာတော်ကြီး နှစ်ပါးတို့သည် တစုံတခုအကြောင်းထူးကို သိအပ်ပြီးဖြစ်လိမ့်မည်"ဟု အောက်မေ့ကြကာ တစုံတရာ ပြန်ကြားပြောဆိုမှု မပြုကြပဲ ဆိတ်ဆိတ်နေကြကုန်၏။

ထိုအခါ အဓမ္မဝါဒီ ရဟန်းသည် အခွင့်ကောင်းကို ရယူ၍ "ငါ့ရှင်....သင်သည် ရှေးအခါက 'ဝိနည်းမိုရ်မထေရ်များ သိကြပါလိမ့်မည်'ဟု ပြောဆိုခဲ့၏၊ ကဲ ယခုအခါ ဝိနည်းမိုရ်မထေရ်တို့အား ထိုအကြောင်းဝတ္ထုကို လျှောက်ထားပါဦးတော့လား"ဟု ဓမ္မဝါဒီရဟန်းကို ဖိနှိပ်ပြောဆိုကာ "သင်သည် ယနေ့ကစ၍ အရှုံးကြီး ရှုံးလေပြီ၊ ထိုငါတို့နေထိုင်ရာ တောရွာကျောင်းတိုက်သို့ သင်ပြန်၍ မလာခဲ့လေလင့်"ဟု ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆို၍ ဖဲသွားလေ၏။

ထို့နောင်မှ ဓမ္မဝါဒီရဟန်းသည် ဝိနည်းမိုရ်မထေရ်ကြီးတို့ထံသို့ ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရားတို့သည် မြတ်စွာဘုရား၏သာသနာတော်ကို မငဲ့ကုန်ပဲ '၍အဓမ္မဝါဒီရဟန်းသည် ငါတို့ကို ပြုစုလုပ်ကျွေးပေ၏၊ ငါတို့ကို နှစ်သိမ့်စေ၏'ဟု ပုဂ္ဂိုလ်ကိုသာလျှင် ငဲ့ကွက်ကြကုန်၏ (= သာသနာ၏မျက်နှာကို မကြည့်ပဲ ပုဂ္ဂိုလ်၏မျက်နှာကိုသာကြည့်ကြ၏)။ သာသနာတော်ကို မစောင့်ရှောက်ကြပဲ အလဇ္ဇီဒုဿီလပုဂ္ဂိုလ်ကိုသာလျှင် စောင့်ရှောက်ကြကုန်၏။ ယနေ့ကစ၍ အရှင်ဘုရားတို့သည် ဝိနည်းအဆုံးအဖြတ်ကို မဆုံးဖြတ်သင့်တော့ချေ၊ ယနေ့မှာမှ ကဿပမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူခဲ့လေပြီတကား"ဟု ကျယ်စွာသော အသံဖြင့် မြည်တမ်း၍ "ကဿပမြတ်စွာ သာသနာကား ပျက်စီးခြင်းမလှ ပျက်စီးရချေပြီ"ဟု ငိုကြွေးလျက် ထိုဝိနည်းမိုရ်တို့ထံမှ ထွက်ခွါဖဲသွားလေ၏။

ထိုအခါ ဝိနည်းမိုရ်မထေရ်ကြီးနှစ်ပါးတို့သည် ထိတ်လန့်သောသံဝေဂစိတ်နှလုံး ဖြစ်ရှိကြကာ "ငါတို့သည် အလဇ္ဇီဒုဿီလ

http://www.dhammadownload.com



ပုဂ္ဂိုလ်ကိုသာ ငဲ့ညှာစောင့်ရှောက်ကုန်လျက် သာသနာတော်တည်းဟူသော ရတနာစိုင်ကြီးကို ထူးအိုင်ချောက်ကမ်းပါး၌ ပစ်ချမိခဲ့လေကုန်ပြီ”ဟု နောင်တတဖန် ပူပန်ခြင်း ကုက္ကုစ္စကို ဖြစ်စေကြကုန်၏။ ထိုဝိနည်းမိုရ်မထေရ်ကြီးနှစ်ပါးတို့သည် ထိုကုက္ကုစ္စဒဏ်ချက် နှိပ်စက်အပ်သော စိတ်နှလုံးရှိကြကုန်ရကား စုတိပြတ်ကြွေသေလွန်သောအခါ အထက်အထက်နတ်ပြည်၌ မဖြစ်နိုင်ကြပဲ ထိုမထေရ်နှစ်ပါးတို့တွင် တပါးသည် ဟိမဝန္တာတောအတွင်း ဟေမဝတမည်သောတောင်၌ **ဟေမဝတအမည်ရှိသော နတ်ဘီလူးမင်း ဖြစ်လေသည်။** အခြားတပါးသည် မဇ္ဈိမဒေသအတွင်း သာတမည်သောတောင်၌ **သာတာဂိရအမည်ရှိသော** နတ်ဘီလူးမင်း ဖြစ်လေ၏။ ထိုမထေရ်ကြီးနှစ်ပါးတို့၏ အခြံအရံဖြစ်ကြသည့် ရဟန်းတထောင်တို့သည်လည်း ထိုမထေရ်ကြီးနှစ်ပါးတို့၏ အတုကိုသာ လိုက်ပါကျင့်ကြံကြကုန်လျက် အထက်အထက်နတ်ပြည်၌ မဖြစ်နိုင်ကြကုန်ပဲ ထိုနတ်မင်းကြီးနှစ်ဦးတို့၏အထံ၌ အသီးအသီး ငါးရာစီ ငါးရာစီ အခြံအရံ နတ်ဘီလူးများ ဖြစ်ကြလေကုန်၏။ ထိုဝိနည်းမိုရ်မထေရ်ကြီးတို့၏ ပစ္စည်းလေးပါး ဒါယကာတို့သည်ကား အထက်နတ်ပြည်၌ ဖြစ်ကြလေကုန်၏။

ဤဟေမဝတနတ်မင်းနှင့် သာတာဂိရနတ်မင်း နှစ်ဦးတို့သည် နှစ်ကျိပ်ရှစ်ဦးသော နတ်စစ်သူကြီးတို့တွင် စာရင်းအဝင်အပါ တန်ခိုးအာနုဘော် လွန်စွာကြီးမားကြသော နတ်မင်းကြီးများလည်း ဖြစ်ကြကုန်၏။ တလတလလျှင် ရှစ်ကြိမ် ရှစ်ကြိမ် တရားဆုံးဖြတ်ရန် ဟိမဝန္တာ တောအတွင်း ဆေးဒန်း မြင်းသီလာကျောက်အပြင်ဝယ် နာဂဝတီအမည်ရှိသော မဏ္ဍပ်၌ (သီဟိုဠ်မှုအလို ဘဂလဝတီမည်သောတောင်၌) နတ်တို့၏ အစည်းအဝေးပွဲ ဖြစ်မြဲမြွေတာတည်း။ ထိုအစည်းအဝေးပွဲ၌ ဟေမဝတနတ်မင်းနှင့် သာတာဂိရနတ်မင်းတို့သည်လည်း ပါဝင်စည်းဝေးကြရမြဲမြွေတာ ဖြစ်၏။

ထိုအခါ သာတာဂိရနတ်မင်း ဟေမဝတနတ်မင်းတို့သည် ထိုနတ်အစည်းအဝေးပွဲကြီး၌ အချင်းချင်းတွေ့မြင်ကြ၍ လူ့ပြည်က

http://www.dhammadownload.com



ဖြစ်ရပ်ကို မှတ်ကြပြီးလျှင် "မိတ်ဆွေ…သင်သည် အဘယ်အရပ်၌ ဖြစ်ရသနည်း၊ မိတ်ဆွေ…သင်ကော အဘယ်အရပ်၌ ဖြစ်ရသနည်း"ဟု မိမိ မိမိ၏ ဖြစ်ရာအရပ် ဘုံဌာနကို မေးမြန်းမြေဆိုကြ၍ "မိတ်ဆွေ…ငါတို့ကား ပျက်စီးခြင်းကြီး ပျက်စီးကြရချေပြီ၊ ငါတို့သည် ရှေးအခါ ကဿပမြတ်စွာ သာသနာတော်အတွင်း၌ နှစ်ပေါင်း နှစ်သောင်းကာလပတ်လုံး ရဟန်းတရားကို ကြိုးစားအားထုတ်ခဲ့ပါလျက် တယောက်သော အလဇ္ဇီဒုဿီလ ပါပမိတ်ကို အမှီပြု၍ နတ်ဘီလူးမျိုး၌ ဖြစ်ကြရကုန်၏၊ ငါတို့၏ ပစ္စည်းလေးပါး ဒါယကာတို့သည်ကား အထက်ကာမာဝစရနတ်ပြည်တို့၌ ဖြစ်ကြလေကုန်ပြီ"ဟူ၍ ပြောဆိုကြကာ ပြင်းထန်စွာ နှလုံးမသာမယာ ဖြစ်ကြလေကုန်၏။

## ကတိကဝတ် ထားကြခြင်း

ထိုနောက်မှ သာတာဂိရနတ်မင်းသည် "အဆွေတော်ဟေမဝတနတ်မင်း…သင်တို့၏နေရာ ဟိမဝန္တာတော မည်သည်ကား အံ့ဘွယ်သရဲ ထူးကဲသော တောဟု ခေါ်ဝေါ်သမုတ်အပ်သော တောဖြစ်ပေသည်၊ သို့ဖြစ်၍ တစုံတခု အံ့ဘွယ်သရဲ ထူးကဲသော အကြောင်းကို တွေ့မြင်ကြားသိခဲ့လျှင် ငါ့အားလည်း လာရောက်ပြောကြားလှည့်ပါ"ဟု ဟေမဝတနတ်မင်းကို မှာကြားပြောဆိုလေ၏။ ဟေမဝတနတ်မင်းသည်လည်း "အဆွေတော်သာတာဂိရနတ်မင်း…သင်တို့၏ နေရာ မဇ္ဈိမဒေသ မည်သည်ကား မြင့်မြတ်သော ပုဂ္ဂိုလ်တို့ ဖြစ်ထွန်းပေါ်ပေါက်နေထိုင်ရာ ဖြစ်သဖြင့် အံ့ဘွယ်သရဲ ထူးကဲသော ဒေသဟု သမုတ်အပ်ပေ၏၊ သို့ဖြစ်၍ တစုံတခု အံ့ဘွယ်သရဲ ထူးကဲသောအကြောင်းကို တွေ့မြင်ကြားသိခဲ့လျှင် ငါ့အားလည်း လာရောက်ပြောကြားလှည့်ပါ"ဟု သာတာဂိရ နတ်မင်းကို မှာကြားပြောဆိုလေ၏။ ဤသို့လျှင် သာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်း သူငယ်ချင်းနှစ်ယောက်တို့သည် အချင်းချင်း ကတိကဝတ်စကား ပြောဆိုမှာထားမှုပြုကြလျက် ထိုနတ်ဘီလူးဘဝကို မစွန့်နိုင်ကြပဲ ပေါင်းသင်းဆက်ဆံကာ နေထိုင်ခဲ့ကြရာ ဘုရားတဆူနှင့် တဆူ အကြားကာလတည်းဟူ

http://www.dhammadownload.com



သော ဗုဒ္ဓန္တရ အသင်္ချေယျကပ် တခုပင် ကျော်လွန်ခဲ့လေသည်၊ ဤကာလအတွင်း မဟာပထဝီ မြေကြီးသည်လည်း တယူဇနာနှင့် သုံးဂါဝုတ်မျှ အထက်သို့ မြင့်တက်ခဲ့လေပြီ။

ထိုအခါ အကျွန်ုပ်တို့၏ ဘုရားအလောင်းတော်သည် ဒီပင်္က-ရာ မြတ်စွာဘုရား ခြေတော်ရင်း၌ ဘုရားဆုပန် နိယတဗျာဒိတ် ခံတော်မူခဲ့သည်မှ ဝေဿန္တရာမင်းဘဝတိုင်အောင် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကြာ ကာလပတ်လုံး ပါရမီဆယ်ပါး တရားတို့ကို ဖြည့်ကျင့်ဆည်းပူး (အထွတ်အထိပ်ရောက်အောင်) ပြည့်စုံစေဦး၍ တုသိတာနတ်ပြည်၌ ဖြစ်တော်မူပြီးလျှင် ထိုတုသိတာနတ်ပြည်၌ နတ်သက်တမ်းပြည့်အောင် တည်နေတော်မူလျက် ရှေး၌ ဆိုအပ်ခဲ့ပြီးသောအတိုင်း စကြဝဠာတိုက်တသောင်းမှ နတ်အပေါင်းတို့လာရောက်ကာ ဘုရားဖြစ်ရန် တောင်းပန်အပ်ရကား ကြည့်ခြင်းကြီးငါးပါးကို ကြည့်ရှုတော်မူ၍ နတ်ဗြဟ္မာအပေါင်းတို့အား ဘုရားဖြစ်ရန် ဝန်ခံစကားပြောကြားလိုက်ပြီးလျှင် နိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်စဉ် လောကဓာတ်စကြဝဠာပေါင်း တိုက်တသောင်းကို တုန်လှုပ်စေ၍ ဤလူ့ပြည်ဝယ် မဟာ-မာယာဒေဝီ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေ ယူနေတော်မူခဲ့၏။

ဤသာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်း သူငယ်ချင်းနှစ်ဦးတို့သည် ထိုသို့ မြတ်စွာဘုရားအလောင်း ပဋိသန္ဓေ တည်နေတော်မူသောအခါ ဖြစ်ပေါ်သော နိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့ကို တွေ့မြင်ကြပါကုန်သော်လည်း "ဘုရားအလောင်းတော် ပဋိသန္ဓေ တည်နေတော်မူခြင်းကြောင့် ဤနိမိတ်ကြီးတို့ ဖြစ်ပေါ်ကုန်၏"ဟု မစဉ်းစား မဆင်ခြင်မိကြ မသိရှိကြကုန်။ ဘုရားအလောင်းတော် ဖွားမြင်တော်မူသောအခါ၌ရင်း, တောထွက်တော်မူသောအခါ၌ရင်း, ဘုရားဖြစ်တော်မူသောအခါ၌ရင်း နိမိတ်ကြီးသုံးဆယ့်နှစ်ပါးတို့သည် ထင်ရှားဖြစ်ကြကုန်၏။ ထိုနိမိတ်ကြီးတို့ကို တွေ့မြင်ကြပါကုန်သော်လည်း နတ်မင်းကြီးနှစ်ဦးတို့သည် "ဤအကြောင်းများကြောင့် ဤနိမိတ်ကြီးများဖြစ်ကြကုန်၏" ဟု ရှေးနည်းအတူပင် မစဉ်းစားမဆင်ခြင်မိကြမသိရှိလိုက်ကြကုန်။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီရဟန်းငါးဦးတို့ကို ခေါ်တော်မူ၍ အပြန်သုံးပါး အခြင်းအရာ တဆယ့်နှစ်ပါးရှိသော ဓမ္မစကြာ ဒေသနာကို ဟောကြားတော်မူသည်ရှိသော် ထင်ရှားဖြစ်ပေါ် လာသည့် မြေငလျင်ကြီးစွာလှုပ်ခြင်းကိုဇင်း, အံ့ဘွယ်သရဲ ထူးကဲ သော နိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့ကိုဇင်း ထိုနတ်မင်းကြီးနှစ်ဦး တို့အနက် သာတာဂိရ နတ်မင်းကြီး တဦးသာလျှင် ပဌမဦးစွာ မြင်လတ်၍ ထိုနိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့၏ အကြောင်းရင်း ဖြစ်သည့် မြတ်စွာဘုရား ဓမ္မစကြာတရား ဟောတော်မူနေဆဲ ဖြစ်သည်ကိုသိရှိပြီးလျှင် မိမိ၏အခြံအရံ နတ်ဘီလူးပရိသတ် ငါးရာ နှင့်တကွ မြတ်စွာဘုရားထံမှောက် လာရောက်ချဉ်းကပ်၍ ဓမ္မ-စကြာ တရားဒေသနာကို နာကြားပါသော်လည်း တစုံတခုသော မဂ်ဖိုလ်တရားထူးကို မရနိုင်ချေ။

အကြောင်းကား.... သာတာဂိရ နတ်မင်းသည် ဓမ္မစကြာ တရားကို နာကြားနေစဉ် မိမိ၏သူငယ်ချင်း ဟေမဝတ နတ်မင်းကို အောက်မေ့အမှတ်ရ၍ "ငါ၏သူငယ်ချင်း ဟေမဝတ နတ်မင်း သည် ဤတရားပွဲကြီးသို့ လာရောက်သလော၊ မလာရောက် သလော"ဟု တွေးတောကြံစည်ကာ တရားနာပရိသတ်ကိုကြည့်ရှု လတ်သည်တွင် မိမိ၏သူငယ်ချင်း ဟေမဝတနတ်မင်းကို မမြင်ရ၍ "ငါ၏သူငယ်ချင်း ဟေမဝတနတ်မင်းနှယ် ကြာမြင့်နောက်ကျ လိုက်လေ၊ ဤမျှလောက် အနက်သဒ္ဒါ ဆန်းကြယ်လှစွာသော မြတ်စွာဘုရား၏ ဓမ္မစကြာ တရားဒေသနာကို မနာကြားရတော့ ချေ"ဟု စိတ်ပျံ့လွင့်နေမှုကြောင့်ပင် မဂ်ဖိုလ်တရားထူးကို မရ နိုင်ပဲ ရှိလေ၏။

နေဝင်သော်လည်း မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြား ၍ မပြီးဆုံးသေးချေ၊ ထိုအခါ သာတာဂိရနတ်မင်းသည် "ငါ၏ သူငယ်ချင်း ဟေမဝတနတ်မင်းကို သွားရောက် ခေါ်ယူခဲ့ပြီးမှ ထိုသူငယ်ချင်းနှင့် အတူတကွ လာရောက်၍ တရားဒေသနာကို နာကြားတော့အံ့"ဟု ကြံစည်စိတ်ကူးပြီးလျှင် ဆင်ယာဉ်, မြင်း ယာဉ်, ဂဠုန်ယာဉ် စသည်တို့ကို ဖန်ဆင်း၍ နတ်ဘီလူးပေါင်း

http://www.dhammadownload.com



ငါးရာတို့ ခြံရံလျက် ဟိမဝန္တာသို့ ရှေးရှု ကောင်းကင်ခရီးဖြင့် သွားလေ၏။

### နတ်မင်းနှစ်ဦးတို့ ကောင်းကင်၌ တွေ့ဆုံကြပြင်း

မြတ်စွာဘုရား အလောင်းတော် ပဋိသန္ဓေ နေတော်မူသော အခါ, ဖွားတော်မူသောအခါ, တောထွက်တော်မူသောအခါ, ဘုရားဖြစ်တော်မူသောအခါ, ပရိနိဗ္ဗာန် စံတော်မူသောအခါ တို့၌ နိမိတ်ကြီးသုံးဆယ့်နှစ်ပါးတို့သည် ထင်ရှားဖြစ်ပေါ်ကြသော် လည်း ကြာမြင့်စွာ မတည်ကြပဲ ဖြစ်ပြီးလျှင် ခဏအတွင်း ပျောက် ကင်းချုပ်ကွယ်ကြကုန်၏၊ မြတ်စွာဘုရား ဓမ္မစကြာတရား ဟော ကြားတော်မူသောအခါ၌ကား ထိုနိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့ သည် အံ့ဘွယ်သရဲ ထူးကဲသော သဘောရှိကြလျက် တခဏခြင်း ပျောက်ကင်း၍ မသွားကြပဲ ကာလအတန်ကြာ တည်ပြီးမှသာ ချုပ်ပျောက်ကြလေသည်။ သို့ရကား ဟေမဝတနတ်မင်းသည် လည်း ဟိမဝန္တာတောအတွင်း၌ ထိုနိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့ အံ့ဘွယ်သရဲ ထူးထူးကဲကဲ ဖြစ်ပေါ်နေသည်ကို တွေ့မြင်ရ၍ "ဤတောအတွင်း၌ ငါဖြစ်လာရသောအခါမှစ၍ ဤကဲ့သို့ အံ့ဘွယ် သရဲ ထူးကဲသော မွေ့လျော်ဖွယ်နှင့် ပြည့်စုံစွာ ဤတောင်ကြီးကား တခါမျှ မဖြစ်ဘူးချေ၊ ယခုကား ဖြစ်၍နေပေ၏။ ကိုင်း....ယခုပင် (ငါတို့၏ ကတိကဝတ်အတိုင်း) ငါ၏သူငယ်ချင်း သာတာဂိရ နတ်မင်းကို သွားရောက်ခေါ်ဆောင်ခဲ့၍ ထိုသူငယ်ချင်းနှင့် အတူ တကွ လာရောက်ပြီးလျှင် ဤအံ့မခန်းသည့် ဟိမဝန္တာတောပန်း တို့၏အသရေစည်းစိမ်ချမ်းသာကို မွေ့လျော်ပျော်ပါး ခံစားပေအံ့" ဟု စိတ်ကူးကြံစည်ပြီးလျှင် သာတာဂိရနတ်မင်းအတူပင် ဆင် ယာဉ်,မြင်းယာဉ်,ဂဠုန်ယာဉ် စသည်တို့ကို ဖန်ဆင်း၍ နတ်ဘီလူး ပေါင်း ငါးရာတို့ ခြံရံလျက် မဇ္ဈိမဒေသသို့ ရှေးရှု ကောင်းကင် ခရီးဖြင့် လာလေ၏။

ထိုအခါ နတ်မင်းကြီးနှစ်ဦးတို့သည် ရာဇဂြိုဟ်မြို့၏အပေါ် ကောင်းကင်အပြင်၌ ရင်ဆိုင်တွေ့ရှိကြ၍ အချင်းချင်း တယောက်

http://www.dhammadownload.com



နှင့်တယောက် လာရောက်ကြခြင်း၏ အကြောင်းကို မေးမြန်းကြ သည်တွင် ဟေမဝတနတ်မင်းက "အဆွေတော် သာတာဂိရ နတ်မင်း.... ဟိမဝန္တာတောအတွင်း၌ ငါနတ်ဖြစ်လာသော အခါမှစ၍ ဤဟိမဝန္တာတောင်ကြီးသည် ဤကဲ့သို့ အခါမဲ့ ဖူးပွင့် ကြသော သစ်ပင်တို့ဖြင့် မွေလျော်ဖွယ်ရာ တခါမျှ မဖြစ်စဘူးချေ။ သို့ရကား ငါသည် သင်နှင့်အတူတကွ ထိုအံ့မခန်း ဟိမဝန္တာ တောပန်းတို့၏ အသရေ စည်ကားမိမ်ချမ်းသာကို မွေလျော်ပျော်ပါး ခံစားပေအံ့ဟူ၍ ကြံစည်ပြီးလျှင် သင့်ကိုခေါ်ရန်အတွက် ထွက်လာ ခဲ့သည်"ဟု ပြောဆိုလေ၏။

သာတာဂိရနတ်မင်းကလည်း "အဆွေတော် ဟေမဝတနတ် မင်း....သင်သည် ဤအခါမဲ့ပန်းတို့ ထူးဆန်းစွာ ဖူးပွင့်ခြင်း၏ အကြောင်းကို သိပါရဲ့လား"ဟု ဟေမဝတနတ်မင်းကို မေးမြန်း လေလျှင် ဟေမဝတနတ်မင်းသည် "မသိပါ အဆွေတော် သာ- တာဂိရနတ်မင်း...."ဟူ၍ ဖြေကြားလေ၏။ တဖန် သာတာဂိရ နတ်မင်းက "အဆွေတော် ဟေမဝတနတ်မင်း.... ဤအံ့ဘွယ်သရဲ ထူးကဲသော သဘောသည် ဟိမဝန္တာတောကြီး တခုတည်း၌သာ ဖြစ်ပေါ်သည်မဟုတ်၊ စင်စစ်သော်ကား စကြဝဠာ လောက ဓာတ်ပေါ် တိုက်တသောင်းတို့၌ပင် အညီအမျှ ဖြစ်ကြသည် သာ၊ အဆွေတော် ဟေမဝတ နတ်မင်း... လောကသုံးခွင် ဘုံအပြင်၌ မြတ်စွာဘုရားသခင် ဖြစ်ပွင့်တော်မူလာပြီ၊ ထိုမြတ်စွာ ဘုရားသည်ကား ယခုအခါ ဗာရာဏသီပြည်အနီး ဣသိပတန အမည်ရှိသော မိဂဒါဝုန်တောကြီး၌ ဓမ္မစကြာတရား ဟောကြား နေဆဲ ရှိတော်မူ၏။ ထိုသို့ မြတ်စွာဘုရား ဓမ္မစကြာတရား ဟော တော်မူသောကြောင့် လောကတခွင်လုံး၌ အံ့မဆုံးအောင် မဖြစ် ဘူးမြဲ ထူးကဲသောနိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့ ထင်ရှားဖြစ်ပေါ် လာကြကုန်၏"ဟု ဟေမဝတနတ်မင်းကို ပြောဆိုလေ၏။

ဤသို့လျှင် သာတာဂိရ နတ်မင်းသည် မိမိ၏ သူငယ်ချင်း ဟေမဝတ နတ်မင်းကို မြတ်စွာဘုရား ထင်ရှား ဖြစ်ပွင့်တော်မူ

http://www.dhammadownload.com



လာပြီဖြစ်ကြောင်း ပြောကြား၍ ထိုသူငယ်ချင်း ဟေမဝတ နတ်မင်းကို မြတ်စွာဘုရားအထံသို့ ခေါ်ဆောင်လိုရကား—

အဇ္ဇ ပန္နရသော ဥပေါသထော၊
ဒိဗ္ဗာ ရတ္တိ ဥပဋ္ဌိတာ။
အနောမနာမံ သတ္ထာရံ၊
ဟန္ဒ ပဿာမ ဂေါတမံ။

(အဆွေတော် ဟေမဝတနတ်မင်း....) ယနေ့ကား ပန္နရသီ တိထိကြိမ်တွေ့ လပြည့်နေ့ဥပုသ်ပေတည်း၊ ယနေ့ ညဉ့်ကား (မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြား တော်မူသော နေ့ဖြစ်၍ စကြဝဠာ တိုက်တသောင်းမှ တရားနာ လာရောက်ကြသော)နတ်ပြဟ္မာ အပေါင်းတို့၏ ကိုယ်ရောင် အဝတ်တန်းဆာရောင် ဗိမာန်ရောင်တို့ဖြင့်၄င်း, လရောင် ကြယ်ရောင် နက္ခတ်အရောင်တို့ဖြင့်၄င်း, ဝိသုဒ္ဓိနတ် ဘုရားမြတ်၏ ကိုယ်တော်ရောင်ဖြင့်၄င်း ဇမ္ဗူဒိပ် တကျွန်းလုံးကို အလှဆုံး တန်းဆာ ဆင်ထားသည့်ပမာ အလွန်သာယာသော ညဉ့်အခါဖြစ်ပေ၏။ (အဆွေတော် ဟေမဝတ နတ်မင်း....)ဘုရား ဟုတ်သလော မဟုတ် သလောဟု တွေးတောယုံမှား စိတ်များ မနေပါလင့်၊ လာပါလော့၊ ယခုပင် မယုတ်လျော့သော ဂုဏ်ကျေးဇူး တို့ဖြင့် ဗုဒ္ဓ+ဘဂဝါ အစရှိသည့် အမည်ထူးကို ရရှိတော် မူလျက် လူနတ်ပြဟ္မာ သတ္တဝါတို့၏ ဆရာတဆူ ဖြစ်တော် မူသော ဂေါတမနွယ်ဖွား မြတ်စွာဘုရားကို သွားရောက် ဖူးမြော်ကြပါကုန်စို့—

ဟူ၍ ဟေမဝတ နတ်မင်းကို ပြောဆိုလေ၏။

ထိုအခါ ဟေမဝတနတ်မင်းသည် သာတာဂိရနတ်မင်း ပြော ဆိုသောစကားကိုကြား၍“ဤသာတာဂိရနတ်မင်းသည်‘အနောမနာမံ သတ္ထာရံ’ အစရှိသည်ဖြင့် မိမိဖူးတွေ့ခဲ့ရသော ပုဂ္ဂိုလ်ကား ဘုရားသဗ္ဗညူ စင်စစ်ဖြစ်သည်ကို ရဲရဲဝံ့ဝံ့ပြောဆို၏၊ လောကဋ္ဌ

http://www.dhammadownload.com



ဘုရားသဗ္ဗညုတို့ကား ဖြစ်နိုင်ခဲ ရနိုင်ခဲကုန်၏၊ ပူရဏကဿပ စသည်တို့လို ပုဂ္ဂိုလ်များကသာ ဘုရားသဗ္ဗညူဟု ဝန်ခံကြလျက် မိစ္ဆာဉာဏ်ဖက်ပြီးလျှင် လူများအပေါင်းကို အလွန်ပင် နှိပ်စက် ဖျက်ဆီးကြ၏၊ သာတာဂိရနတ်မင်း ဖူးတွေ့ခဲ့သော ရဟန်း ဂေါတမသည် ဘုရားသဗ္ဗညူ စင်စစ်ဖြစ်ခဲ့လျှင် တာဒိဂုဏ် (= ကောင်းဆိုးနှစ်တန် လောကဓံကြောင့် ဖောက်ပြန် တုန်လှုပ် ခြင်း မရှိမှုဂုဏ်) နှင့် စင်စစ် ပြည့်စုံသူဖြစ်ရလိမ့်မည်၊ ထို့ကြောင့် မြတ်စွာဘုရားတို့မှာသာ ပြည့်စုံနိုင်သော တာဒိဂုဏ်နှင့် ပြည့်စုံသူ ဟုတ်မဟုတ်ကို ငါစုံစမ်းဦးအံ့”ဟူ၍ ကြံစည်ပြီးလျှင် တာဒိလက္ခ-ဏာကို မေးမြန်းလိုသည်ဖြစ်၍—

ကစ္စိ မနော သုပဏိဟိတော၊
သဗ္ဗဘူတေသု တာဒိနော။
ကစ္စိ ဣဋ္ဌေ အနိဋ္ဌေ စ၊
သင်္ကပ္ပဿ ဝသီကတာ။

(အဆွေတော် သာတာဂိရနတ်မင်း....) အသို့နည်း၊ သင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရား၏စိတ်သည် တာဒိဂုဏ်နှင့် ပြည့်စုံသူပြီပြီ ခပ်သိမ်းသော သတ္တဝါတို့၌ ချစ်ခြင်း မုန်းခြင်း အလျှင်းပင်မရှိ ပကတိ တည်တံ့ပါ၏လော။ အသို့နည်း၊ သင်ဖူးတွေ့ခဲ့ရသော ဘုရားဂေါတမသည် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ ချစ်မုန်းသောအား ဖြစ်ပွါးတတ်သည့် ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက်တို့ကို ပယ်ရှားကင်းရှင်း နိုင်နင်းအောင် ပြုအပ်ပါကုန်၏လော-

ဟူသော ဤဂါထာကို ရွတ်ဆိုမေးမြန်းလေ၏။

ထိုအခါ သာတာဂိရနတ်မင်းသည် မြတ်စွာဘုရား၏ တကယ် စင်စစ် သဗ္ဗညုဘုရားဖြစ်ကြောင်း အပြီးအပြတ် ဆုံးဖြတ်အပ်ပြီးသူ ဖြစ်သဖြင့် ထိုဟေမဝတနတ်မင်း စုံစမ်းမေးမြန်းအပ်သည့် အလုံးစုံ သော သဗ္ဗညုမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို ဝန်ခံဖြေကြား လိုရကား—

http://www.dhammadownload.com



မနော စသ သုပဏိဟိတော၊
သဗ္ဗဘူတေသု တာဒိနော။
အယသော ဇုဏ္ဍေ အနိဋ္ဌေ စ၊
သက်ပ္ပသ ဝသီကတာ။

(အဆွေတော် ဟေမဝတနတ်မင်း....) ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရား၏ စိတ်တော်သည် တာဒိဂုဏ်နှင့် ပြည့်စုံသူပြီပြီ ခဝ်သိမ်းသော သတ္တဝါတို့၌ ချစ်ခြင်း မုန်းခြင်း အလျှင်းပင်မရှိ ပကတိတည်တံ့ပါ၏။ (ယခု ဘုရားဖြစ်သောအခါ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသည်ကို မဆိုထားဘိဦး၊ ဘုရားဖြစ်ရန် ပါရမီတို့ကို ဖြည့်ကျင့်တော်မူစဉ်ကပင် ဆဒ္ဒန်ဆင်မင်းဘဝ၌ ကိုယ်တော်၏အသက်ကို လုပ်ကြံသတ်ဖြတ်သော သောနုတ္တိုရ်မုဆိုးကိုလျှက် ရန်ငြိုးထားခြင်း မရှိ၊ မိမိ၏အစွယ်ကို ကိုယ်တိုင်ဖြတ်၍ ပေးအပ်လှူဒါန်းတော်မူခဲ့၏။ မျောက်မင်းဘဝ၌လည်း ကိုယ်တော်၏ ဦးခေါင်းကို ကျောက်တုံးဖြင့် ထုခတ် သတ်ဖြတ်သော ရန်သူပုဏ္ဏားကိုလျှက် အမျက်မဆီး ခရီးလမ်း ညွှန်ပြတော်မူခဲ့၏။ ဝိဓုရ သုခမိန်ဘဝ၌လည်း ကိုယ်တော်၏ ခြေနှစ်ဖက်ကို ဆွဲကိုင်၍ ယူဇနာခြောက်ဆယ်ရှိသော ကာဠာတောင်အောက် ချောက်ကမ်းပါး အတွင်းသို့ ရက်ရက်စက်စက် ဦးခေါင်း ဇောက်ထိုး ပစ်ချသော ပုဏ္ဏက ဘီလူးကိုလျှက် အမျက်မထား တရားဟောတော်မူခဲ့၏။ ထို့ကြောင့် “မနော စသ သုပဏိဟိတော”စသည်ဖြင့် သာတာဂိရနတ်မင်း ရဲရဲတင်းတင်း ဖြေဆိုခြင်းဖြစ်သည်။) အဆွေတော် ဟေမဝတနတ်မင်း....ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ ချစ်မုန်းသောအား ဖြစ်ပွါးတတ်သည့် ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက်တို့ကို ပယ်ရှားကင်းရှင်း နိုင်နင်းအောင် ပြုအပ်ပါကုန်ပြီ–

ဟူသော ဤဂါထာကို ရွတ်ဆိုဖြေကြားလေ၏။

http://www.dhammadownload.com



ဤသို့ ဟေမဝတ နတ်မင်းသည် ရှေးဦးစွာ မနောဒွါရနှင့် စပ်၍ တာဒိဂုဏ်နှင့် ပြည့်စုံသည် မပြည့်စုံသည်ကို မေးမြန်း၍ သာတာဂိရနတ်မင်းကလည်း ပြည့်စုံကြောင်း ဝန်ခံစကား ပြောကြားလတ်သည်ကို ကြားနာရပြီးလျှင် ပို၍ ခိုင်မြဲအောင် ယခုအခါ ဒွါရသုံးပါးနှင့်စပ်၍လည်း စင်ကြယ်မှု ရှိမရှိကို မေးမြန်းလိုရကား–(တနည်း) ရှေးဦးစွာ ဒွါရသုံးပါးနှင့်စပ်၍ တာဒိဂုဏ်နှင့် ပြည့်စုံသည် မပြည့်စုံသည်ကို အကျဉ်းချုပ်အားဖြင့် မေးမြန်း၍ သာတာဂိရနတ်မင်းကလည်း ပြည့်စုံကြောင်း ဝန်ခံစကား ပြောကြားလတ်သည်ကို ကြားနာရပြီးလျှင် ပို၍ ခိုင်မြဲအောင် အကျယ်အားဖြင့် မေးမြန်းလိုရကား—

ကစ္စိ အဒိန္နံ နာဒိယတိ၊
ကစ္စိ ပါဏေသု သညတော။
ကစ္စိ အာရာ ပမာဒမှာ၊
ကစ္စိ ဈာနံ န ရိဉ္စတိ။

(အဆွေတော် သာတာဂိရ နတ်မင်း····)သင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် အသို့နည်း အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါး၏ဥစ္စာကို ခိုးယူခြင်းမှ ကင်းသူဖြစ်ပါ၏လော၊ အသို့နည်း သတ္တဝါတို့၌ သတ်ဖြတ်ညှဉ်းဆဲခြင်း ဒုစရိုက်မှုမှ ကောင်းစွာ စောင့်စည်းရှောင်ကြဉ်သူ ဖြစ်ပါ၏လော၊ အသို့နည်း ငါးဖြာအာရုံ ကာမဂုဏ်တို့၌ ခံမင်ငြိကပ် တပ်မက်မော၍ စိတ်ထားပျော်မွေ့ မေ့လျော့ခြင်း ပမာဒ (=ကာမေသုမိစ္ဆာစာရ, အမြဲဟူစရိယ ဒုစရိုက်များ)မှ ကင်းရှင်း ဝေးကွာ ပါ၏လော၊ အသို့နည်း နီဝရဏငါးပါး ပယ်ရှားဝေးလံလျက် ဈာန်သမာပတ်ကို မဆိတ်သုဉ်းစေသူ ဖြစ်ပါ၏လော—

ဟူသော ဤဂါထာကို ရွတ်ဆိုမေးမြန်းပြန်လေ၏။

ထိုအခါ သာတာဂိရ နတ်မင်းကလည်း (မြတ်စွာဘုရားသည် ယခုဘုရားဖြစ်သောအခါမှာသာ အဒိန္နာဒါန် စသည်တို့မှ စင်စစ်

http://www.dhammadownload.com



ရှောင်ကြဉ်သည် မဟုတ်သေး၊ ရှေးလွန်ခဲ့သော အတိတ်အခါကလည်း ရှည်မြင့်စွာသော ကာလပတ်လုံး အဒိန္နာဒါန် စသည်တို့မှ ရှောင်ကြဉ်တော်မူခဲ့၏။ ထိုထိုဒုစရိုက်မှုမှ ရှောင်ကြဉ်ခဲ့ခြင်း ဝိရတီကောင်းမှု ကုသိုလ်အာနုဘော်ကြောင့် ထိုထို မဟာပုရိသလက္ခဏာတော်ကြီးများကို ရရှိတော်မူ၏။ တလောကလုံးကလည်း "ရဟန်းဂေါတမသည် အဒိန္နာဒါန်ဒုစရိုက်မှ ရှောင်ကြဉ်တော်မူ၏"စသည်ဖြင့် မြတ်စွာဘုရား၏ ကျေးဇူးစကား ပြောကြား ကြရလေသည်၊ ထို့ကြောင့်) စင်ကြယ်သန့်ရှင်း ရဲတင်းသော စကားဖြင့် မြေကြားလိုသည်ဖြစ်၍—

န သော အဒိန္နံ အာဒိယတိ၊
အထော ပါဏေသု သညတော။
အထော အာရာ ပမာဒမှာ၊
ဗုဒ္ဓေါ ဈာနံ န ရိဉ္စတိ။

(အဆွေတော်ဟေမဝတနတ်မင်း····) ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သည့် သူတပါးဥစ္စာကို ခိုးယူခြင်းမှ ကင်းသူဖြစ်ပေ၏။ သတ္တဝါတို့၌ သတ်ဖြတ်ညှဉ်းဆဲခြင်း ဒုစရိုက်မှုမှ ကောင်းစွာ စောင့်စည်း ရှောင်ကြဉ်သူ ဖြစ်ပေ၏၊ ငါးဖြာ အာရုံ ကာမဂုဏ်တို့၌ ခံမင်ငြိကပ် တပ်မက်မော၍ စိတ်ထား ပျော်မွေ့ မေ့လျော့ခြင်း ပမာဒ (=ကာမေသု-မိစ္ဆာစာရ, အဗြဟ္မစရိယ ဒုစရိုက်များ)မှ ကင်းရှင်းဝေးကွာပေ၏၊ နီဝရဏငါးပါး ပယ်ရှားဝေးလံလျက် ဈာန်သမာပတ်ကို မဆိတ်သုဉ်းစေသူလည်း ဖြစ်ပေ၏—

ဟူသော ဤဂါထာကို ရွတ်ဆိုမြေကြားလေ၏။

ဤသို့ ဟေမဝတ နတ်မင်းသည် ကာယဒွါရ၌ စင်ကြယ်ကြောင်း အဖြေစကားကို ကြားသိရပြီးနောက် ယခုအခါ ဝစီ-ဒွါရ၌ စင်ကြယ်မှု ရှိ-မရှိကို မေးမြန်းလိုရကား—

http://www.dhammadownload.com



ကစ္စိ မုသာ န ဘဏတိ၊
ကစ္စိ န ခီဏဗျပ္ပထော။
ကစ္စိ ဝေဘူတိယံ နာဟ၊
ကစ္စိ သမ္ဖံ န ဘာသတိ။

အဆွေတော် သာတာဂိရနတ်မင်း....အသို့နည်း သင်မှူးတွေ့ခဲ့ရသောမြတ်စွာဘုရားသည် မုသားစကား မပြောကြားသူ ဖြစ်ပါ၏လော၊ အသို့နည်း သတ္တဝါတို့အား စိတ်ထားညစ်နွမ်းအောင် ညှဉ်းပန်းတတ်သော ကြမ်းတမ်းယုတ်မာ ဖရုသဝါစာစကား မပြောကြားသူ ဖြစ်ပါ၏လော၊ အသို့နည်း သူနှစ်ဦးတို့၏ မေတ္တာတရား ပျက်ပြားဆိတ်သုဉ်းစေတတ်သော ဂုံးတိုက်စကား မပြောကြားသူ ဖြစ်ပါ၏လော၊ စပါးပြိန် စပါးဖျင်းအလား အစီးအပွါးအနှစ်မဲ့ငြား သမ္ဖပ္ပလာပစကား မပြောကြားသူ ဖြစ်ပါ၏လော—

ဟူသော ဤဂါထာကို ရွတ်ဆိုမေးမြန်းလေ၏။

ထိုအခါ သာတာဂိရ နတ်မင်းကလည်း (မြတ်စွာဘုရားသည် ယခု ဘုရားဖြစ်သော အခါမှသာ ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်သည် မဟုတ်သေး၊ ရှေးလွန်ခဲ့သော အတိတ်အခါကလည်း ကာလရှည်မြင့်စွာပင် မုသာဝါဒ စသည်တို့မှ ရှောင်ကြဉ်တော်မူခဲ့၏။ ထိုထို ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ခဲ့သော ဝိရတီကောင်းမှု ကုသိုလ် အာနုဘော်ကြောင့် မွေးတွင်းတော်တခုတခု၌ မွေးညှင်းတော် တပင်တပင်စီသာ ပေါက်ရောက်ခြင်း ဥဏ္ဏလုံမွေးရှင်တော် ပေါက်ရောက်ခြင်း စသော ထိုထို မဟာပုရိသ လက္ခဏာတော်ကြီးများကို ရရှိတော်မူ၏၊ တလောကလုံးကလည်း "ရဟန်း ဂေါတမသည် မုသာဝါဒ ဒုစရိုက်မှ ရှောင်ကြဉ်တော်မူ၏" စသည်ဖြင့် မြတ်စွာဘုရား၏ ကျေးဇူးစကား ပြောကြားကြရလေသည်၊ ထို့ကြောင့်) စင်ကြယ်သန့်ရှင်း ရဲတင်းသောစကားဖြင့် ဖြေကြားလိုသည်ဖြစ်၍—

http://www.dhammadownload.com



မုသာ စ သော န ဘဏတိ၊
အထော န ခီဏဗျပ္ပထော။
အထော ဝေဘူတိယံ နာဟ၊
မန္တာ အတ္ထံ သုဘာသတိ။

အဆွေတော် ဟေမဝတနတ်မင်း···· ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် မုသားစကားကို မပြောကြားသူလည်း မှန်ပေ၏၊ ကြမ်းတမ်းယုတ်မာ ဖရုသဝါစာ စကား မပြောကြားသူလည်း မှန်ပေ၏၊ ဂုံးတိုက်စကား မပြောကြားသူလည်း မှန်ပေ၏၊ ပညာဖြင့် ပိုင်းခြား၍ အကျိုးရှိသောစကားကိုသာ ပြောကြားတော်မူပေ၏—

ဟူသော ဤဂါထာကို ရွတ်ဆိုဖြေကြားလေ၏။

ဤသို့ ဟေမဝတနတ်မင်းသည် ဝစီဒွါရ၌ စင်ကြယ်ကြောင်း အဖြေစကားကို ကြားသိရပြီးနောက် ယခုအခါ မနောဒွါရ၌ စင်ကြယ်မှု ရှိမရှိနှင့် မောဟကိုလွန်မြောက်လျက် စက္ခုငါးပါးနှင့် ပြည့်စုံသူ ဟုတ် မဟုတ်ကို မေးမြန်းလိုရကား —

ကစ္စိ န ရဇ္ဇတိ ကာမေသု၊
ကစ္စိ စိတ္တံ အနာဝိလံ။
ကစ္စိ မောဟံ အတိက္ကန္တော၊
ကစ္စိ ဓမ္မေသု စက္ခုမာ။

အဆွေတော် သာတာဂိရနတ်မင်း···· အသို့နည်း သင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ ခုံမင်တပ်မက်ခြင်းတည်းဟူသော အဘိဇ္ဈာ တရား ပယ်ရှားကင်းရှင်းသူ မှန်ပါ၏လော၊ အသို့နည်း သင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရား၏စိတ်သည် ဗျာပါဒ= ဒေါသတရားဖြင့် ဖောက်ပြားနောက်ကျုခြင်းမှ ကင်းရှင်း ပါ၏လော၊ အသို့နည်း သင်ဖူးတွေ့ခဲ့ရသော မြတ်စွာ ဘုရားသည် မိစ္ဆာဒိဋ္ဌိ၏ အခြေခံအကြောင်းတရား မောဟ

http://www.dhammadownload.com



> လေးပါးကို ပယ်ရှားလွန်မြောက်ပြီးသူ မှန်ပါ၏လော၊ အသို့နည်း အလုံးစုံသောတရားတို့၌ အဆီးအတား အပိတ်အပင်မရှိ ထိုးထွင်းမြင်သိတတ်သော ပညာမျက်စိရှိသူ မှန်ပါ၏လော—

ဟူသော ဂါထာကို ရွတ်ဆိုမေးမြန်းလေ၏။ (ဤဂါထာ၌ "ဒွါရသုံးသွယ် စင်ကြယ်ရုံမျှဖြင့်လည်း ဘုရားမဟုတ်သေး၊ သဗ္ဗညုတဉာဏ် (တနည်း စက္ခု ငါးပါး) နှင့် ပြည့်စုံသူဖြစ်မှသာ ဘုရားစင်စစ် ဖြစ်နိုင်သည်"ဟု နှလုံးသွင်း၍ "ကစ္စိ ဓမ္မေသု စက္ခုမာ = တရားအလုံးတို့၌ ထိုးထွင်းမြင်သိတတ်သော ပညာမျက်စိရှိသူ မှန်ပါ၏လော"ဟူ၍ မေးမြန်းခြင်း ဖြစ်လေသည်။)

ထိုအခါ သာတာဂိရနတ်မင်းကလည်း (မြတ်စွာဘုရားသည် အရဟတ္တဖိုလ်သို့ မရောက်သေးမီ အနာဂါမိမဂ်ခဏကပင် ကာမရာဂကိလေသာနှင့် ဗျာပါဒကိလေသာတို့ကို ပယ်ရှားပြီးဖြစ်သောကြောင့် ကာမဝတ္ထုတို့၌ တပ်မက်သာယာခြင်း ကင်းရှင်းတော်မူခဲ့၏၊ ဗျာပါဒ = ဒေါသတရားဖြင့် ဖောက်ပြားနောက်ကျူခြင်းမှ ကင်းရှင်းသောစိတ်လည်း ရှိတော်မူ၏၊ သောတာပတ္တိမဂ် ခဏကပင် မိစ္ဆာဒိဋ္ဌိ၏အကြောင်းဖြစ်သည့် (သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော) သစ္စပဋိစ္ဆာဒကမောဟကို ပယ်ရှားပြီးဖြစ်သောကြောင့် မောဟကိုလွန်မြောက်ပြီးသူလည်း ဖြစ်ပေ၏၊ ဆရာမကူ သယမ္ဘူဉာဏ်ဖြင့်ပင် သစ္စာလေးပါးကို သိမြင်တော်မူသောကြောင့် ဗုဒ္ဓဟူသောအမည်တော်နှင့် ဉာဏ်မျက်စိများကိုလည်း ရတော်မူပြီးဖြစ်၏၊ ထို့ကြောင့်) မြတ်စွာဘုရား၏ မနောဒွါရ၌ စင်ကြယ်ခြင်းရှိကြောင်းနှင့် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိ၍ ဘုရားစင်စစ် ဖြစ်တော်မူကြောင်းကို ရဲရဲတောက် ကြွေးကြော် မြွက်ကြားလိုသည်ဖြစ်၍—

> န သော ရဇ္ဇတိ ကာမေသု၊
> အထော စိတ္တံ အနာဝိလံ။
> သဗ္ဗမောဟံ အတိက္ကန္တော၊
> ဗုဒ္ဓေါ ဓမ္မေသု စက္ခုမာ။

http://www.dhammadownload.com



အဆွေတော် ဟေမဝတနတ်မင်း ···· ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် ဝဋ္ဋအာရုံ ကာမဂုဏ်တို့၌ ခုံမင်တပ်မက်ခြင်းတည်းဟူသော အဘိဇ္ဈာတရားပယ်ရှားကင်းရှင်းသူလည်း မှန်ပေ၏၊ ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရား၏ စိတ်တော်သည် ဗျာပါဒ=ဒေါသတရားဖြင့် ဖောက်ပြား နောက်ကျုခြင်းမှလည်း ကင်းရှင်းပေ၏၊ ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် မိစ္ဆာဒိဋ္ဌိ၏ အခြေခံအကြောင်းတရား အလုံးစုံသော မောဟလေးပါးကို ပယ်ရှားလွန်မြောက်ပြီးသူလည်း မှန်ပေ၏၊ ခပ်သိမ်းသော တရားတို့ကို သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်းသိမြင်တော်မူသောကြောင့် ဗုဒ္ဓဟူသောအမည်ကို ရရှိတော်မူသည့်ပြင် စက္ခုငါးပါးနှင့်လည်း ပြည့်စုံတော်မူပေ၏—

ဟူသော ဤဂါထာကို ရွတ်ဆိုဖြေကြားလေ၏။

ဤသို့လျှင် ဟေမဝတနတ်မင်းသည် မြတ်စွာဘုရားရှင်၏ ဒွါရသုံးပါး၌ စင်ကြယ်သန့်ရှင်းတော်မူခြင်းနှင့် သဗ္ဗညုဘုရား စင်စစ်ဖြစ်တော်မူခြင်းကို ကြားသိရှင်လန်း အလွန်ဝမ်းမြောက်ပြီးလျှင် အတိတ်ဘဝ ကဿပမြတ်စွာ သာသနာတော်အတွင်းက အကြားအမြင်များခြင်း=ဗာဟုသစ္စ မဂ်လာကြောင့် လွန်စွာသန့်ရှင်းသော ဉာဏ်ပညာဖြင့် မထစ်မငြိ ချက်တိုင်းထိသော စကားရှိသူဖြစ်ရကား အံ့ဘွယ်သရဲ ထူးကဲသော မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ဆက်၍တဖန် နာယူပြန်လိုရကား—

ကစ္စိ ဝိဇ္ဇာယ သမ္ပန္နော၊
ကစ္စိ သံသုဒ္ဓစာရဏော။
ကစ္စိဿ အာသဝါ ခီဏာ၊
ကစ္စိ နတ္ထိ ပုနဗ္ဘဝေါ။

အဆွေတော် သာတာဂိရနတ်မင်း ···· သင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် ဘုရားတကာ ပြည့်စုံရသော ဝိဇ္ဇာမျက်စိနှင့်ပြည့်စုံသူ မှန်ပါ၏လော၊ အသို့နည်း နိဗ္ဗာန်

http://www.dhammadownload.com



သို့သွားကြောင်း ခြေကောင်းသဖွယ်ဖြစ်သည့် စင်ကြယ်သော စရဏတရား တဆယ့်ငါးပါးရှိသူ မှန်ပါ၏လော၊ အသို့နည်း သင်ဖူးတွေ့ခဲ့ရသောမြတ်စွာဘုရား၏သန္တာန်၌ အာသဝေါတရားလေးပါးတို့ ပါးရှားကုန်ခန်းပြီး ဖြစ်ကြပါကုန်၏လော၊ အသို့နည်း သင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားမှာ တဖန် ဘဝအသစ်၌ဖြစ်ရခြင်း(=ပဋိသန္ဓေနေရခြင်း) ကင်းပါ၏လော—

ဟူသော ဤဂါထာကို ရွတ်ဆိုမေးမြန်းလေ၏။

ထိုအခါ သာတာဂိရနတ်မင်းသည် မြတ်စွာဘုရား၏ သဗ္ဗညုဘုရားစင်စစ် ဖြစ်တော်မူခြင်း၌ နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်ဆုံးဖြတ်အပ်သော စိတ်နှလုံးရှိသူဖြစ်ရကား ဟေမဝတနတ်မင်း မေးမြန်းအပ်သည့်ဂုဏ်အားလုံးတို့ မြတ်စွာဘုရား၌ ထင်ရှားကိုလုံ ပြည့်စုံစွာရှိကြောင်း ဝန်ခံဖြေကြားလိုသည်ဖြစ်၍—

ဝိဇ္ဇာယ စေဝ သမ္ပန္နော၊
အထော သံသုဒ္ဓစာရဏော။
သဗ္ဗဿ အာသဝါ ခီဏာ၊
နတ္ထိ တဿ ပုနဗ္ဘဝေါ။

အဆွေတော် ဟေမဝတနတ်မင်း.... ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် ဘုရားတကာ ပြည့်စုံရသော ဝိဇ္ဇာမျက်စိနှင့် ပြည့်စုံသူလည်းမှန်ပေ၏၊ ထိုပြင် နိဗ္ဗာန်သို့ သွားကြောင်း ခြေကောင်းသဖွယ် စင်ကြယ်သော စရဏတရား တဆယ့်ငါးပါးရှိသူလည်း မှန်ပေ၏၊ ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရား၏သန္တာန်၌ အလုံးစုံသော အာသဝေါတရားတို့ ပါးရှားကုန်ခန်းပြီးလည်း ဖြစ်ကြပါကုန်၏၊ ထို ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားမှာ တဖန် ဘဝအသစ်၌ဖြစ်ရခြင်း (=ပဋိသန္ဓေနေရခြင်း) လည်း ကင်းပေ၏—

ဟူသော ဤဂါထာကို ရွတ်ဆိုဖြေကြားလေ၏။

http://www.dhammadownload.com



ထိုအခါ ဟေမဝတနတ်မင်းသည် "ယခု သာတာဂိရနတ်မင်း ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် သမ္မာသမ္ဗုဒ္ဓ သုံးလောက ထွတ်ထား ဘုရားစင်စစ် ဖြစ်ပေ၏"ဟု မြတ်စွာဘုရား၌ ယုံမှား ခြင်း ကင်းပြီးလျှင် ကောင်းကင်၌ ရပ်တည်ရင်းကပင် မြတ်စွာ ဘုရားကို ချီးမွမ်းလိုသဖြင့်၎င်း, သာတာဂိရ နတ်မင်းကိုလည်း ဝမ်းမြောက်စေလိုသဖြင့်၎င်း—

သမ္ပန္နံ မုနိနော စိတ္တံ၊
ကမ္မုနာ ဗျပ္ပထေန စ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊
ဓမ္မတော နံ ပသံသသိ။

အဆွေတော် သာတာဂိရနတ်မင်း.... သင်ဖူးတွေ့ခဲ့ရ သော မြတ်စွာဘုရား၏ စိတ်တော်သည် တာဒိဂုဏ်နှင့် လည်း ပြည့်စုံပါပေ၏၊ ကာယကံ စင်ကြယ်မှု, ဝစီကံ စင်ကြယ်မှု, မနောကံစင်ကြယ်မှုတို့နှင့်လည်း ပြည့်စုံပါပေ ၏၊ အဆွေတော် သာတာဂိရနတ်မင်းသည် ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော် မူသော ထိုမြတ်စွာဘုရားကို ဟုတ်မှန်သောအတိုင်းပင် ချီးမွမ်းစကား ပြောကြားပါပေ၏—

ဟူသော ဤဂါထာကို ရွတ်ဆိုချီးမွမ်း အားရမ်းနှစ်သက်စေလေ၏။

ထိုအခါ သာတာဂိရ နတ်မင်းသည်လည်း "အဆွေတော် ဟေမဝတနတ်မင်း.... သင်ပြောဆိုသော အကြောင်းအရာသည် ပြောသည့်အတိုင်း အမှန်ပင်ဖြစ်ပေ၏၊ အဆွေတော်သည် မြတ်စွာ ဘုရား၏ ဂုဏ်ကို ကောင်းကောင်းကြီးလည်း သိအပ်ပါပြီ၊ ကောင်းစွာလည်း ဝမ်းမြောက်အပ်ပါပြီ"ဟု ပြောဆိုလိုသော အဓိပ္ပါယ်ဖြင့် ထိုဟေမဝတနတ်မင်းကိုပင် တဖန် ဝမ်းမြောက် စေပြန်လိုရကား—

http://www.dhammadownload.com



သမ္ပန္နံ မုနိနော စိတ္တံ၊
ကမ္မုနာ ဗျပ္ပထေန စ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊
ဓမ္မတော အနုမောဒသိ။

အဆွေတော် ဟေမဝတနတ်မင်း···· ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရား၏ စိတ်တော်သည် တာဒိဂုဏ်နှင့်လည်း ပြည့်စုံပေ၏၊ ကာယကံစင်ကြယ်မှု, ဝစီကံစင်ကြယ်မှု, မနောကံ စင်ကြယ်မှုတို့နှင့်လည်း ပြည့်စုံပေ၏၊ အဆွေတော် ဟေမဝတနတ်မင်းသည် ဝိဇ္ဇာသုံးပါး,ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ဟုတ်မှန်သောအတိုင်းပင် ကြည်ညိုဝမ်းမြောက်ပါပေ၏—ဟူ၍ ပြောဆိုပြီးလျှင် ဟေမဝတနတ်မင်းကို မြတ်စွာဘုရားထံသို့ သွားရောက်ရန် တိုက်တွန်းနှိုးဆော်ခေါ်ယူလိုသဖြင့်—

သမ္ပန္နံ မုနိနော စိတ္တံ၊
ကမ္မုနာ ဗျပ္ပထေန စ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊
ဟန္ဒ ပဿာမ ဂေါတမံ။

အဆွေတော် ဟေမဝတနတ်မင်း.... ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရား၏ စိတ်တော်သည် တာဒိဂုဏ်နှင့်လည်း ပြည့်စုံပေ၏၊ ကာယကံစင်ကြယ်မှု, ဝစီကံစင်ကြယ်မှု, မနောကံ စင်ကြယ်မှုတို့နှင့်လည်း ပြည့်စုံပေ၏၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော ဂေါတမနွယ်ဖွား မြတ်စွာဘုရားကို ယခုပင် သွားရောက်ဖူးမြော်ကြပါစို့—

ဟူသော ဂါထာကို ရွတ်ဆိုခေါ်ယူလေသည်။

ထိုအခါ ဟေမဝတ နတ်မင်းသည် ရှေးဘဝက ပါလာသော ဉာဏ်ပညာဗဟုသုတ အစွမ်းရှိသူပီပီ မိမိနှစ်သက်အပ်သောဂုဏ်

http://www.dhammadownload.com



ဈေးဈေးတို့ဖြင့် မြတ်စွာဘုရားကို ချီးမွမ်းလျက် သာတာဂိရ နတ်မင်းကို ဘုရားဖူးသွားရန် ဝန်ခံခေါ်ယူလိုသည်ဖြစ်၍—

ဏေိဇင်္ဃံ ကိသံ ဝီရံ၊
အပ္ပါဟာရံ အလောလုပံ။
မုနိံ ဝနသ္မိံ ဈာယန္တံ၊
ဧဟိ ပဿာမ ဂေါတမံ။

သီဟံဝေကစရံ နာဂံ၊
ကာမေသု အနပေက္ခိနံ။
ဥပသင်္ကမ္မ ပုစ္ဆာမ၊
မစ္စုပါသပ္ပမောစနံ။

အဆွေတော်သာတာဂိရိနတ်မင်း.... လာ သွားကြစို့၊ တောဝမြိုင်ဖျား ဏေိသားကဲ့သို့ လုံးလျားတင့်တယ်သည့် သလုံးမြင်းခေါင်း ရှိတော်မူသော ရှည်မြင်းငါးမည် တို့သည်ကားလေး အသေးစတု မြင့်မှုခြောက်ဆင့် ဝန်းသင့် သည့်အရာ ဝန်းလှစွာသည့် အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံ တော်မူသော ကိုယ်တွင်းကိုယ်ပ နှစ်ဝသောရန်ကို တွန်း လှန်တိုက်ဖျက်ခြင်းငှါ စွမ်းနိုင်သည့်လုံ့လ ဝီရိယရှိတော် မူသော တထပ်တည်းသာ ကိုယ်ခန္ဓာ မျှတရုံ အစာ အာဟာရကို မှီဝဲလေ့ရှိသော အစာအာဟာရ၌ လော- လုပ္ပ တဏှာတရားကို ပယ်ရှားပြီး ဖြစ်တော်မူသော မင် ဉာဏ်လေးပုံနှင့် ပြည့်စုံတော်မူသော ဆိတ်ငြိမ်ရာ တော အရပ်၌ ဈာန်ဝင်စားကာ နေလေ့ရှိတော်မူသော ဂေါတမ နွယ်ဖွား ရှင်တော်ဘုရားကို သွားရောက်ဖူးမြော်ကြပါ ကုန်စို့။

အဆွေတော် သာတာဂိရ နတ်မင်း.... ငါတို့သည် ကေသရာ ခြင်္သေ့မင်းအတူ သာမန်လူတို့ ချဉ်းကပ်ရန် မလွယ်ကူ လောကဓံတို့ကို သည်းခံနိုင်တော်မူ ကြောက်ရွံ့ ခြင်းကင်းတော်မူသော လောကခေတ်တိုက်တခု၌ တဆူ

http://www.dhammadownload.com



တည်းသော ဖြစ်ပွင့်တော်မူသော ဆဗ္ဗညုဘဆင်မင်းအတူ ကြီးမားသော ကာယညာဏ ဗလစွမ်းဟုန်နှင့် ပြည့်စုံတော်မူသော ဝတ္တုကာမဟူသမျှတို့၌ ဆန္ဒရာဂကင်းရှင်းတော်မူသော မြတ်စွာဘုရားထံမှောက်သို့ သွားရောက်ချဉ်းကပ်ကြပြီးလျှင် သေမင်း၏ကျော့ကွင်းတည်းဟူသော ဝဋ္ဋဒုက္ခမှ လွတ်မြောက်ရာမှန် နိဗ္ဗာန်တရားကို လျှောက်ထားမေးမြန်းကြပါကုန်စို့—

ဟူသော ဂါထာတို့ကို ရွတ်ဆိုကာ သာတာဂိရိနတ်မင်းနှင့်တကွ အခြွေအရံဖြစ်ကြသည့် နတ်ဘီလူးတထောင်တို့ကို ဘုရားထံမှောက်သွားရောက်ဖူးမြော် တရားတော်နာယူရန် တိုက်တွန်းခေါ်ယူလေသည်။

### ကာဠီအမျိုးသမီး သောတာပန်တည်ခြင်း

ထိုနေ့ကား ရာဇဂြိုဟ်မြို့၌ ဝါဆိုလ ပွဲသဘင်ကြီး ဆင်ယင်ကျင်းပနေသောနေ့ ဖြစ်လေသည်။ ထိုအခါ ထက်ဝန်းကျင်မှ မွန်မြတ်သော အဆင်တန်းဆာတို့ဖြင့် တန်းဆာ ဆင်အပ်သော တာဝတိံသာ နတ်မြို့တော်ဝယ် တင့်တယ်ကြီးမြတ်သော နတ်၏စည်းစိမ်ကို ခံစားသော နတ်သမီးကဲ့သို့ ရာဇဂြိုဟ်ပြည်ကြီးဝယ် ကုရရဃရမြို့၌နေသူ ကာဠီအမည်ရှိသော အမျိုးသမီးသည် မိဖတို့၏ အိမ်ပြာသာဒ်ထက်သို့ တက်၍ ခြသေ့ခံသော လေသွန်တံခါးကို ဖွင့်လျက် ဖွားမြင်အံ့ဆဲဆဲသော ကိုယ်ဝန်၏ ပင်ပန်းခြင်းကို ပယ်ဖျောက်လိုသဖြင့် လေညှင်းခံကာ ရပ်တည်နေဆဲ ဖြစ်၏။

(ကာဠီအမျိုးသမီးကား ရာဇဂြိုဟ်ပြည်သူ ဖြစ်၏၊ အရွယ်ရောက်သောအခါ ကုရရဃရမြို့၌ အိမ်ထောင်ကျ၍ သောဏကုဋိကဏ္ဏမထေရ်၏အလောင်း ကိုယ်ဝန်ရှိသောအခါ မိဖရပ်ဌာန်ပြန်၍ ကိုယ်ဝန်သားကို ဖွားမြင်အံ့ဟု ကြံစည်ကာ ရာဇဂြိုဟ်ပြည် မိဖနေအိမ်သို့ ပြန်လာ၍ ပြာသာဒ်ထက်သို့ တက်ပြီးလျှင် ဖွားအံ့ဆဲဆဲသော ကိုယ်ဝန်ကြောင့်ဖြစ်သည့် ပင်ပန်းခြင်းကို ပယ်ဖျောက်ရန် လေညှင်းခံ၍နေခိုက် နတ်သိကြားမင်းနှင့်ဦးတို့ ပြောဟောသော ဘုရားဂုဏ်တော်များကို တဆင့်စကား ကြား၍ နာရလေသည်။)

http://www.dhammadownload.com



ကာဠီအမျိုးသမီးသည် ထိုနတ်ဘီလူး စစ်သူကြီး နှစ်ဦးတို့ အသီးသီး ပြောဆိုကြသည့် ဘုရားရှင်၏ ဂုဏ်တော်နှင့် စပ်သော တရားစကားကို အစ အလယ် အဆုံး သုံးပါးလုံး ကြားနာရ၍ "မြတ်စွာဘုရားတို့သည် ဤသို့ အံ့ဘွယ်အထူး ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူပါပေစွတကား"ဟု ဘုရားဂုဏ်ကို အာရုံပြု၍ နှစ်သက်ခြင်း ပီတိတရားကို ဖြစ်ပွါးစေပြီးလျှင် ထိုပီတိဖြင့်ပင် နီဝရဏတရားတို့ကို ပယ်ခွါ၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းမှု ပြုလေလျှင် ထိုနေရာ၌ ရပ်တည်နေရင်းပင် သောတာပတ္တိဖိုလ်သို့ ရောက်ရှိလေ၏။ ထိုကာဠီအမျိုးသမီးသည် မာတုဂါမ မင်းမိန်းမ တို့အနက် ရှေးဦးစွာ သောတာပန်တည် အရိယသာဝိကာဖြစ်၍ အမျိုးသမီးပိုင်းတွင် အကြီးဆုံး အစ်မကြီးသဖွယ် ဖြစ်လေသည်။ ထိုညဥ့်မှာပင် ကာဠီအမျိုးသမီးသည်(သောဏကုဋိကဏ္ဏမထေရ်၏အလောင်း) သတို့သားကို ဖွားမြင်ပြီးနောက် မိဖအိမ်တွင် အလိုရှိသလောက် နေထိုင်ပြီးလျှင် မိမိနေရာ ကုရရဃရမြို့သို့ ပြန်သွားလေ၏။

ထိုသို့ မြတ်စွာဘုရားကို ရှေးကတကြိမ်တခါမျှ မဖူးမတွေ့ရဘူးပဲလျက် အဆင့်စကားကြားသိကာ ဘုရားဂုဏ်ကို သက်ဝင်ယုံကြည်ပြီးလျှင် သူတပါးအတွက် ခူး၍ထားသော ထမင်းပွဲကို အလွယ်တကူ စားသုံးသူကဲ့သို့ သောတာပတ္တိဖိုလ်၌ တည်သောကြောင့်ပင်လျှင် ထိုကာဠီအမျိုးသမီး ဥပါသိကာကို မြတ်စွာဘုရားသည် နောက်အခါ ဇေတဝန်ကျောင်း၌ ရဟန်းအပေါင်းတို့အလယ်၌ ထိုင်နေတော်မူကာ ဥပါသိကာမတို့ကို ဧတဒဂ်ဘွဲ့နှင်းသဘင် ယင်တော်မူလတ်သည်ရှိသော် "ချစ်သားရဟန်းတို့.... အဆင့်စကား ကြားသဖြင့် ရတနာသုံးပါး၌ သက်ဝင်ကြည်ညိုကြသူငါ့ဘုရား၏တပည့်မ ဥပါသိကာအပေါင်းတွင် ကုရရဃရမြို့၌ နေသူ ကာဠီအမည်ရှိသော အမျိုးသမီးသည် အမြတ်ဆုံး အသာလွန်ဆုံးဖြစ်၏"ဟူ၍ အနုဿဝပသာဒ (= အဆင့်ကြားရုံဖြင့် ကြည်ညိုသော)အရာ၌ ဧတဒဂ်ထားတော်မူလေ၏။

http://www.dhammadownload.com



### နတ်စစ်သူကြီးနှစ်ဦးတို့ ဘုရားထံမှောက် ရောက်ရှိကြခြင်း

သာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်း နှစ်ဦးတို့သည် မိမိတို့၏ အခြွေအရံဖြစ်သည့် နတ်ဘီလူးပေါင်း တထောင်ခြီရံ ကုန်လျက် ထိုညဥ့် သန်းခေါင်ယံအချိန်၌ပင် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောသို့ သွားရောက်ကြ၍ ဓမ္မစကြာတရား ဟောကြားတော်မူစဉ် ဖွဲ့ခွေသောတင်ပလ္လင်ကို မဖျက်ရသေးပဲ ထိုင်နေမြဲထိုင်နေတော်မူသော မြတ်စွာဘုရားအထံသို့ ဆည်းကပ် ရှိခိုးပြီးလျှင်—

အက္ခာတာရံ ပဝတ္တာရံ၊
သဗ္ဗဓမ္မာန ပါရဂုံ၊
ဗုဒ္ဓံ ဝေရဘယာတီတံ၊
မယံ ပုစ္ဆာမ ဂေါတမံ။

သစ္စာလေးပါး မြတ်တရားကို အကျဉ်းအကျယ် နှစ်သွယ်ပိုင်းခြား ဟောကြားတော်မူသော, ခပ်သိမ်းသော တရားတို့၌ အဘိညာ + ပရိညာ + ပဟာန + ဘာဝနာ + သစ္ဆိကိရိယ + သမာပတ္တိအား ခြောက်ပါးသော အခြင်း အရာတို့ဖြင့် ကဖက်ကမ်းရောက် တတ်မြောက်သိမြင်တော် မူသော, မောဟတည်းဟူသော အိပ်ပျော်ခြင်းမှလည်း နိုးကြားတော်မူသော, ပါဏာတိပါတ စသည်ငါးတန် ဘေးရန်တို့ကိုလည်း လွန်မြောက်တော်မူပြီးသော ဂေါတမနွယ်ဖွား ရှင်တော်ဘုရားကို အကျွန်ုပ်တို့သည် မသိမမြင်သောအချက်များကို လျှောက်ထားမေးမြန်းပါရ စေကုန်ဘုရား—

ဟူသော ဤဂါထာဖြင့် မြတ်စွာဘုရားကို ချီးမွမ်းလျက် ပြဿနာ မေးလျှောက်ရန် ခွင့်ပန်ကြလေကုန်သည်။ ထိုသို့ ခွင့်ပန်ပြီးလျှင် ထိုနတ်မင်းကြီးနှစ်ဦးတို့တွင် တန်ခိုးပညာ သာလွန်မြင့်မြတ်သော ဟေမဝတနတ်မင်းသည် မိမိမေးလျှောက်လိုသော အကြောင်း အရာကို မေးလျှောက်လိုရကား—

http://www.dhammadownload.com



ကိသ္မိံ လောကော သမုပ္ပန္နော၊
ကိသ္မိံ ကုဗ္ဗတိ သန္ထဝံ။
ကိဿ လောကော ဥပါဒါယ၊
ကိသ္မိံ လောကော ဝိဟညတိ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား....အဘယ်တရား ထင်ရှားရှိလတ်သော် သတ္တလောက သင်္ခါရလောကနှစ်ပါး ထင်ရှားဖြစ်ပါသနည်း။ လူနတ်မြဟ္မာ သတ္တဝါအပေါင်း သည် အဘယ်တရား၌ "ငါ+ငါ့ဥစ္စာ" ဟူ၍ တဏှာဒိဋ္ဌိ တို့ဖြင့် မိတ်ဖွဲ့မှုပြုကြပါသနည်း။ အဘယ်တရားကို အစွဲပြု၍ သတ္တလောက သင်္ခါရလောက ဟူ၍ ခေါ်ဝေါ်မှု ဖြစ်ပါ သနည်း။ အဘယ်တရား ထင်ရှားရှိလတ်သော် (တနည်း အဘယ်တရားကြောင့်) လူနတ်မြဟ္မာ သတ္တဝါအပေါင်း သည် ပင်ပန်းနွမ်းနယ်ရသနည်း—

ဟူသော ဂါထာဖြင့် မြတ်စွာဘုရားကို လျှောက်ထားမေးမြန်း လေ၏။

ထိုအခါ မြတ်စွာဘုရားသည် (မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်တည်းဟူသော) အဇ္ဈတ္တိကာယတနခြောက်ပါး၊ (အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ, စိတ်ဖြင့် သိအပ်သောတရား တည်းဟူသော) ဗာဟိရာယတန ခြောက်ပါးတို့၏အစွမ်းဖြင့် ထို ဟေမဝတနတ်မင်း၏ အမေးကို ဖြေတော်မူလိုသည်ဖြစ်၍—

ဆသု လောကော သမုပ္ပန္နော၊
ဆသု ကုဗ္ဗတိ သန္ထဝံ။
ဆန္နမေဝ ဥပါဒါယ၊
ဆသု လောကော ဝိဟညတိ။

ဟေမဝတနတ်မင်း....အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတနခြောက်ပါးတို့ ထင်ရှားရှိလတ် ဖြစ်လတ် သော် သတ္တလောက သင်္ခါရလောကနှစ်ပါး ထင်ရှားဖြစ်

http://www.dhammadownload.com



ပေါ်လာ၏။ ။(လူနတ်ပြဟ္မာ သတ္တဝါအပေါင်း တည်းဟူသော သတ္တလောကသည် ပရမတ္ထတရားသားအားဖြင့် မျက်စိ, နား, နှာ, လျှာ, ကိုယ်,စိတ်တည်းဟူသော အဇ္ဈတ္တိကာယတန ခြောက်ပါး၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ အထိ, စိတ်ဖြင့် သိအပ်သော တရားအစု တည်းဟူသော ဗာဟိရာယတနခြောက်ပါး၊ ဤ အာယတန တဆယ့်နှစ်ပါးတို့သာလျှင် ဖြစ်၏၊ ထိုအာယတန တဆယ့်နှစ်ပါးကိုလွှတ်၍ လူနတ်ပြဟ္မာ သတ္တဝါဟူ၍ မရှိ၊လယ်ယာ မိုးမြေ ရွှေ ငွေ စပါးအစရှိသော သင်္ခါရလောက ဟူသည် လည်း ပရမတ္ထ တရားသားအားဖြင့် ဗာဟိရာယတန ခြောက်ပါးသာလျှင် ဖြစ်၏၊ထိုဗာဟိရာယတန ခြောက်ပါး ကို လွှတ်၍ သက်မဲ့ခန္ဓာတည်းဟူသော သင်္ခါရလောက ဟူ၍ မရှိ၊ ထို့ကြောင့် မြတ်စွာဘုရားသည် "ဆသု လောကော သမုပ္ပန္နော = အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတနခြောက်ပါးတို့ ထင်ရှားရှိလတ် ဖြစ်ပေါ် လတ်သော် သတ္တလောက သင်္ခါရလောကနှစ်ပါး ထင်ရှား ဖြစ်ပေါ်လာ၏"ဟူ၍ ဖြေဆိုတော်မူသည်။)

ဟေမဝတနတ်မင်း····လူနတ်ပြဟ္မာ သတ္တဝါအပေါင်း သည် အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတန ခြောက်ပါး ဤတရားအစု၌"ငါ+င့ါဥစ္စာ"ဟူ၍ တဏှာဒိဋ္ဌိ တို့ဖြင့် မိတ်ဖွဲ့မှုပြု၍ နေကြ၏။ ။(လူနတ်ပြဟ္မာ သတ္တဝါ အပေါင်းသည် ငါ သူတပါး ယောက်ျား မိန်းမ လယ်ယာ မိုးမြေ အစရှိသည် ထင်မှတ်၍ "ငါ"ဟူ၍၎င်း "င့ါဥစ္စာ"ဟူ၍၎င်း တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူ မိတ်ဖွဲ့အပ်သမျှ တရားအစုသည် ပရမတ္ထ တရားသားအားဖြင့် ဖော်ပြရာပါ အဇ္ဈတ္တိကာယတန ခြောက်ပါး, ဗာဟိရာယတန ခြောက် ပါး တရားအစုမျှသာဖြစ်၏။မှန်၏....လူနတ်ပြဟ္မာ သတ္တဝါ အပေါင်းသည် မျက်စိကိုမူလည်း"င‌ါ+င့ါဥစ္စာ"ဟူ၍ စွဲယူ ထင်မှတ် တဏှာဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့ကြ၏၊ နားကိုမူလည်း

http://www.dhammadownload.com



"ငါ+ငါ့ဥစ္စာ"ဟူ၍ စွဲယူထင်မှတ် တဏှာဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့ကြ၏၊ နှာကိုသော်၎င်း, လျှာကိုသော်၎င်း, ကိုယ်ကိုသော်၎င်း, စိတ်ကိုသော်၎င်း, အဆင်းကိုသော်၎င်း, အသံကိုသော်၎င်း, အနံ့ကို သော်၎င်း, အရသာကို သော်၎င်း, အကြမ်းအနု အပူအအေး စသော အတွေ့အထိကိုသော်၎င်း, စိတ်ဖြင့် ကြံသိအပ်သည့် ဓမ္မကိုသော်၎င်း "ငါ+ငါ့ဥစ္စာ"ဟူ၍ စွဲယူထင်မှတ် တဏှာဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့ကြ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် "ဆသု ကုဗ္ဗတိ သန္ထဝံ = လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းသည် အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတန ခြောက်ပါး ဤတရားအစုၶ 'ငါ+ငါ့ဥစ္စာ'ဟူ၍ တဏှာဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့မှုပြုနေကြ၏" ဟူ၍ ဖြေဆိုတော်မူသည်။)

ဟေမဝတနတ်မင်း….အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတန ခြောက်ပါးတို့ကိုပင် အစွဲပြု၍ သတ္တလောက, သင်္ခါရလောကဟူ၍ ခေါ်ဝေါ်မှု ဖြစ်ပေါ်လေသည်။ ။(ဖော်ပြရာပါ အာယတန တဆယ့်နှစ်ပါးကို အစွဲပြု၍ လူနတ်ဗြဟ္မာ သတ္တဝါဟူသော ဝေါဟာရ (=သတ္တလောက) လယ်ယာ မိုးမြေ ဆန်ရေစပါး အစရှိသော (=သင်္ခါရလောက) ဝေါဟာရများ ထင်ရှားဖြစ်ပေါ်သည်၊ သိသာပြီ။)

ဟေမဝတနတ်မင်း….အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတန ခြောက်ပါး ဤတရားတို့ ထင်ရှားရှိလတ်သော် (တနည်း ဤ တရားများကြောင့်) လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းသည် ပင်ပန်းနွမ်းနယ်ရ၏။ ။(အာဒိတ္တပရိယာယ ဒေသနာတော် အတိုင်း အာယတန တဆယ့်နှစ်ပါးတို့ကို ရာဂမီး, ဒေါသမီး, မောဟမီး အစရှိသော တဆယ့်တမီးတို့ တညီးညီး တပြောင်ပြောင် တောက်လောင်လျက် ရှိပေ၏၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတည်းဟူသော သတ္တလောက ဟူသည်မှာလည်း

http://www.dhammadownload.com



ပရမတ္ထတရားသားအားဖြင့် အာယတန တဆယ့်နှစ်ပါး (အတွင်းခြောက်ပါး, အပြင်ခြောက်ပါး) တို့သာလျှင် ဖြစ်၏၊ ထိုအာယတနတို့မှာလည်း အမြဲတစေ တဆယ့်တမီးတို့ အသီးသီး တောက်လျှက်လောင်လျှက် ရှိချေ၏၊ အာယတန ရှိသောကြောင့် မီးအလောင်ခံရသည်၊ မီး အလောင်ခံရသောကြောင့် ပင်ပန်း ဆင်းရဲကြရသည်။ အာယတနမရှိလျှင် လောင်စာမရှိ၍ မီးလောင်ဖွယ် မရှိ၊ မီး မလောင်လျှင် ပင်ပန်းဆင်းရဲဖွယ်မရှိ၊ ထို့ကြောင့် မြတ်စွာဘုရားသည် "ဆသု လောကော ဝိဟညတိ = အဇ္ဈတ္တိကာယတနခြောက်ပါးဗာဟိရာယတနခြောက်ပါး ဤတရားတို့ထင်ရှားရှိလတ်သော်(တနည်း ဤတရားများ ကြောင့်) လူနတ်မြဟ္မာ သတ္တဝါအပေါင်းသည် ပင်ပန်း နွမ်းနယ်ရ၏" ဟူ၍ ဖြေဆိုတော်မူသည်။

ဝဋ္ဋ အမေးအဖြေခဏ်း ပြီး၏။

ထိုအခါ ဟေမဝတ နတ်မင်းသည် ဝဋ်ဆင်းရဲနှင့် စပ်သဖြင့် မိမိမေးမြန်းလျှောက်ထားချက်ကို မြတ်စွာဘုရားက အာယတန တဆယ့်နှစ်ပါး အစွမ်းဖြင့် အကျဉ်းချုံး၍ (ဆသု လောကော သမုပ္ပန္နော-စသည်ဖြင့်)မိန့်မြွက် ဖြေကြားတော်မူချက်ကို ကောင်းစွာကွဲပြား မမှတ်သားနိုင်၍ ထိုမြတ်စွာဘုရား ဖြေကြားအပ်သည့် အာယတနတရား၏ သရုပ်သဘောကိုဎင်း,ထိုအာယတနတရား၏ ဆန့်ကျင်ဘက်သဘောကိုဎင်း သိလိုရကား အကျဉ်းအားဖြင့်ပင် ဝဋ္ဋတရား, ဝိဝဋ္ဋတရား (=ဝဋ်ဆင်းရဲတရားနှင့် ဝဋ်ကင်းရာ တရား) နှစ်ပါးကို မေးမြန်းလျှောက်ထားလိုသဖြင့်—

ကတမံ တံ ဥပါဒါနံ၊
ယတ္ထ လောကော ဝိဟညတိ။
နိယျာနံ ပုစ္ဆိတော ဗြူဟိ၊
ကထံ ဒုက္ခာ ပမုစ္စတိ။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရား····(ဆသု လောကော ဝိဟညတိ-ဟူ၍ ဖြေကြားတော်မူချက် အရ) အကြင်တရား ခြောက်ပါးတို့ ရှိလတ်သော် (တနည်း အကြင် တရား ခြောက်ပါး တို့ကြောင့်) လူနတ် မြဟ္မာ သတ္တဝါအပေါင်းသည် ပင်ပန်းနွမ်းနယ်ရ၏၊ သတ္တဝါတို့ ပင်ပန်းနွမ်းနယ်ရန် အကြောင်း စွဲယူအပ်သော ထိုတရား ခြောက်ပါးဟူသည် အဘယ်ပါနည်း။ ။(ဤစကားရပ်ဖြင့် ဒုက္ခသစ္စာကို မေးလျှောက်သည်၊ ဒုက္ခသစ္စာကို တိုက်ရိုက် မေးမြန်းလျှောက်ထားခြင်းဖြင့် ထိုဒုက္ခသစ္စာ၏ အကြောင်း ဖြစ်သောကြောင့် သမုဒယသစ္စာကိုလည်း မေးမြန်းလျှောက်ထားအပ်ပြီး ဖြစ်လေ၏။)

သံသရာဝဋ်မှ ထွက်မြောက်ကြောင်း တရားကား အဘယ်ပါနည်း၊ အဘယ်သို့သော အခြင်းအရာ (တရားထူး)ဖြင့် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရပါသနည်း၊ သံသရာဝဋ်မှ ထွက်မြောက်ကြောင်း တရားကို မေးမြန်းလျှောက်ထားအပ်သော ရှင်တော်ဘုရားသည် အကျွန်ုပ်တို့အား ဖြေကြားတော်မူပါလော့။ (ဤဂါထာ နောက်ထက်ဝက် စကားရပ်ဖြင့် မဂ္ဂသစ္စာကို တိုက်ရိုက် မေးလျှောက်သည်၊ မဂ္ဂသစ္စာကို တိုက်ရိုက်မေးမြန်း လျှောက်ထားခြင်းဖြင့် ထိုမဂ္ဂသစ္စာ၏ အာရုံ ဖြစ်သောကြောင့် နိရောဓသစ္စာ (=နိဗ္ဗာန်)ကိုလည်း "တန္ဒယ်ငင်ရာ တစင်ပါ" ဟူ၍သို့ မေးမြန်းလျှောက်ထားအပ်ပြီး ဖြစ်လေတော့၏။)

ဤသို့ ဟေမဝတ နတ်မင်းက ဒုက္ခသစ္စာနှင့် မဂ္ဂသစ္စာတို့ကို သရုပ်အားဖြင့် ထင်ရှားဖော်ပြ၍ငင်း, သမုဒယသစ္စာနှင့် နိရောမ သစ္စာတို့ကို ထင်ရှားမပြမူ၍ငင်း သစ္စာလေးပါးနှင့်စပ်၍ အမေး ပုစ္ဆာပြဿနာကို မေးမြန်းလျှောက်ထားလေလျှင် မြတ်စွာဘုရား သည် ထိုဟေမဝတနတ်မင်း မေးလျှောက်အပ်သောနည်းအတိုင်း ပင် ဖြေကြားတော်မူလိုရကား—

http://www.dhammadownload.com



ပဉ္စ ကာမဂုဏာ လောကေ၊
မနောဆဋ္ဌာ ပဝေဒိတာ။
ဧတ္ထ ဆန္ဒံ ဝိရာဇေတွာ၊
ဧဝံ ဒုက္ခာ ပမုစ္စတိ—

ဟူသောဂါထာကို ဟောကြားတော်မူလေသည်။ အဓိပ္ပါယ်ကား-

ဒါယကာ ဟေမဝတနတ်မင်း····လောက၌ စိတ်လျှင် ခြောက်ခုမြောက် ရှိကုန်သော အဆင်း, အသံ, အနံ့, အရ-သာ, အတွေ့အထိ ဤ ကာမဂုဏ်ငါးပါးတို့ကို ငါဘုရား ထင်ရှားဟောပြအပ်ကုန်ပြီ။ ။(ဤဂါထာ ရှေ့ထက်ဝက်၌ စိတ်ဟူသော စကားရပ်ဖြင့် မနာယတနကို တိုက်ရိုက် ဟောပြတော်မူသည်၊ ထိုသို့ စိတ်တည်းဟူသော မနာ-ယတနကို တိုက်ရိုက်ဟောကြားခြင်းဖြင့် ထိုစိတ်၏ အာရုံ ဖြစ်သောကြောင့် ဓမ္မာယတနကိုလည်း ဟောကြားအပ် ပြီး ဖြစ်လေတော့၏။ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ ဤကာမဂုဏ်ငါးပါးဖြင့် ရူပါယတန,သဒ္ဒါ-ယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန ငါးပါးတို့ကို တိုက်ရိုက်ဟောပြတော်မူသည်၊ ထိုငါးပါးကို ဟောကြားခြင်းဖြင့် ထိုအာရုံငါးပါးကို ယူတတ်ကြသည့် မျက်စိ, နား, နှာ, လျှာ, ကိုယ် တည်းဟူသော အာယ-တန ငါးပါးတို့ကိုလည်း ဟောကြားအပ်ပြီး ယူအပ်ပြီး ဖြစ်လေတော့၏။ သို့ရကား ဤဂါထာ ရှေ့ထက်ဝက်ဖြင့် အဇ္ဈတ္တိကာယတန ခြောက်ပါး, ဗာဟိရာယတန ခြောက် ပါး တည်းဟူသော အာယတန တဆယ့်နှစ်ပါး သတ္တ-လောက၏ ပင်ပန်းခွမ်းနယ်ကြောင်း စွဲယူအပ်သည့် ဥပါ-ဒါနခေါ် ဝဋ္ဋတရားကို ဖြေကြားတော်မူလေသည်။)

ဒါယကာ ဟေမဝတနတ်မင်း ··· ဤ အာယတန တဆယ့်နှစ်ပါး ဒုက္ခသစ္စာ ဝဋ္ဋတရားအစု၌ (ခန္ဓာအနေဖြင့်

http://www.dhammadownload.com



ဖြစ်စေ, အာယတနအနေဖြင့်ပင်ဖြစ်စေ, ဓာတ်အနေဖြင့် ဖြစ်စေ, အကျဉ်းချုပ် နာမ်ရုပ်အနေဖြင့်ဖြစ်စေ ပိုင်းခြား မှတ်သားပြီးလျှင် လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာ ရှုလျက် အရဟတ္တမဂ်လျှင် အဆုံးရှိသော ဝိပဿနာဖြင့်) တဏှာဆန္ဒကို အကြွင်းမဲ့ ပယ်ရှားဖျက်ဆီးရမည်၊ ယင်းသို့ ပယ်ရှားဖျက်ဆီး၍ ဤနည်းဖြင့် ဝဋ်ဆင်းရဲမှ လွတ်မြောက် ရပေ၏။ ။(ဤဂါထာ နောက်ထက်ဝက်ဖြင့် ဝိဝဋ္ဋအမေး ကို ဖြေကြားတော်မူ၏၊ မဂ္ဂသစ္စာကိုလည်း ပြတော်မူ၏။ သမုဒယသစ္စာနှင့် နိရောဓသစ္စာတို့ကိုကား ရှေးအမေး ဂါထာနည်းအတိုင်း သဂြိုဟ်အပ်သောကြောင့် ပြပြီး မည် ကုန်၏။ ။တနည်း–ဤအဖြေဂါထာ ရှေ့ထက်ဝက်ဖြင့် ဒုက္ခသစ္စာကို ပြတော်မူ၏။ ဂါထာ နောက်ထက်ဝက်ပါ စကားရပ်စုတွင် ဆန္ဒရာဂဟူသော စကားဖြင့် သမုဒယ သစ္စာကို ပြတော်မူ၏။ ဝိရာဇေတွာ = ပယ်ရှားဖျက်ဆီး၍ ဟူသောစကားရပ်၌ ဝိရာဂပုဒ်အရဖြင့် တဏှာ၏ ကင်းရာ ချုပ်ရာ နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာကို ပြတော် မူ၏။ ဤနည်းဖြင့်ဟူသော စကားရပ်ဖြင့် သံသရာဝဋ်မှ ထွက်မြောက်ကြောင်း မဂ္ဂင်ရှစ်ပါး အကျင့်နည်းလမ်းကို ဖော်ပြသောကြောင့် မဂ္ဂသစ္စာကို ပြတော်မူ၏။ ဤသို့လျှင် ဤအဖြေဂါထာ၌ သစ္စာလေးပါး တရားတို့ကို မြတ်စွာ ဘုရား ဟောပြတော်မူအပ်ကုန်၏။)

ဤသို့လျှင် သစ္စာလေးပါးတရားတို့ အတွင်းစကားသား အနေ ဖြင့် အပြည့်အစုံပါဝင်သော ဤအဖြေဂါထာဖြင့် မြတ်စွာဘုရား သည် သံသရာဝဋ်မှ ထွက်မြောက်ကြောင်း မဂ္ဂင်ရှစ်ပါးတည်းဟူ သော နိယျာနတရားကောင်းကို ပြတော်မူပြီးလျှင် တဖန် ထိုနိယျာနတရားကောင်းကိုပင် ကိုယ်တော်မြတ် မိန့်ဆိုတော်မူလို သော သဘာဝနိရုတ္တိစကားအစဉ်ဖြင့် အခိုင်အမာ မိန့်ကြား တော်မူပြီးလျှင် နောက်ဆုံးအချုပ် နိဂုံးအုပ်တော်မူလိုရကား—

http://www.dhammadownload.com



တော် လောကဿ နိယျာနံ၊
အက္ခာတံ ဝေါ ယထာတထံ။
တော် ဝေါ အဟမက္ခာမိ၊
ဧဝံ ဒုက္ခာ ပမုစ္စတိ—

ဟူသော ဤဂါထာကို ဟောကြားတော်မူပြန်၏။အဓိပ္ပါယ်ကား–

ဒါယကာ ဟေမဝတ နတ်မင်း.... သင်တို့အား ငါဘုရားသည် ကာမဓာတ် ရူပဓာတ် အရူပဓာတ် တည်းဟူသော တေဓာတုက (သင်္ခါရ) လောကမှ ထွက်မြောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး ဤနိယျာနတရားကို အမှန်အတိုင်းဟောကြားအပ်ပေပြီ။ ဤသို့ မဂ္ဂင်ရှစ်ပါး တရားလမ်းကြောင်းဖြင့်သာလျှင် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်နိုင်ကြ၍ အခြားလွတ်မြောက်ရန် နည်းလမ်းမရှိသောကြောင့် (သင်တို့က အကြိမ်တထောင်ပင် ထပ်လျှောက်၍ မေးလျှောက်ကြစေကာမူ) ဤ မဂ္ဂင်ရှစ်ပါး တရားကိုသာလျှင် သံသရာဝဋ်မှ ထွက်မြောက်ကြောင်း နိယျာနတရားကောင်းဟူ၍ သင်တို့အား ငါဘုရား ဟောကြားမည်သာ ဖြစ်၏ (အခြားတနည်းပြောင်း၍ ဟောလိမ့်မည်မဟုတ်-ဟု ဆိုလိုသည်)။ (တနည်း) ဤသို့ မဂ္ဂင်ရှစ်ပါး တရားလမ်းကြောင်းဖြင့်သာလျှင် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်နိုင်ကြ၍ အခြား လွတ်မြောက်ရန် နည်းလမ်း မရှိသောကြောင့် အောက်အောက်မဂ်ဖိုလ်ကိုရပြီးသော သင်တို့အား အထက် အထက် ဖြစ်သော မဂ်ဖိုလ်ကို ရခြင်းရောက်ခြင်းငှါလည်း ဤ မဂ္ဂင်ရှစ်ပါး တရားကိုသာလျှင် သံသရာဝဋ်မှ ထွက်မြောက်ကြောင်း နိယျာနတရားကောင်းဟူ၍ ငါဘုရားဟောကြားမည်သာ ဖြစ်၏ (အခြားတနည်းပြောင်း၍ ဟောလိမ့်မည် မဟုတ်-ဟု ဆိုလိုသည်)။

http://www.dhammadownload.com



**နတ်ဘီလူးများ သောတာပန်တည်ကြခြင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အရဟတ္တဖိုလ် အထွတ် တပ်သဖြင့် တရားဒေသနာကို ကောင်းစွာပြီးဆုံးစေလေသည်။ ဒေသ-နာနိဂုံး ဆုံးလတ်သောအခါ သာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်း နှစ်ဦးတို့သည် နောက်ပါ အခြံအရံ နတ်ဘီလူးပေါင်း တထောင်တို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏ (=သောတာပန် အရိယာဖြစ်ကြလေကုန်၏)။

**ဝဋ္ဋ ဝိဝဋ္ဋ မေးဖြေခန်း ပြီး၏။**

ထိုအခါ ဟေမဝတနတ်မင်းသည် ပင်ကိုယ်ပကတိကပင်တရားတော်၌ ရှိသေလေးစားသူဖြစ်သည့်ပြင် ယခုအခါ သောတာပန် အရိယာအဖြစ်၌ တည်ပြန်ရကား မြတ်စွာဘုရားသခင်၏ ဆန်းကြယ်စွာသော အနက်သဒ္ဒါနှင့် ပြည့်စုံသည့် တရားဒေသနာကို ကြားနာရခြင်း၌ လွန်စွာလွန်စွာ မရောင့်ရဲ တင်းမတိမ်နိုင်ရကား မြတ်စွာဘုရားကို သေက္ခဘူမိတရား (=အောက်အရိယာတို့၏ ဖြစ်ရာတရား) အသေက္ခဘူမိတရား (=ရဟန္တာပုဂ္ဂိုလ်၏ ဖြစ်ရာ တရား)နှစ်ပါးကို မေးမြန်းလိုရကား—

ကော သူဓ တရတီ ဩဃံ၊
ကောဓ တရတိ အဏ္ဏဝံ။
အပ္ပတိဋ္ဌေ အနာလမ္ဗေ၊
ကော ဂမ္ဘီရေ န သီဒတိ—

ဟူသော ဂါထာကို ရွတ်ဆိုလျှောက်ထားလေ၏။ အဓိပ္ပါယ်ကား-

ဘုန်းတော်ကြီးသော မြတ်စွာဘုရား…. ဤလောက၌ အဘယ်သို့သော အကျင့်ဂုဏ်နှင့် ပြည့်စုံသောသူသည် ဩဃလေးခန်း ရေပြင်ကြမ်းကို ကူးသန်းနိုင်ပါသနည်း၊ ဤလောက၌ အဘယ်သို့သော အကျင့်ဂုဏ်နှင့် ပြည့်စုံသော သူသည် အပြော ကျယ်လျက် နက်လည်း နက်စွာ သံသရာတည်းဟူသော သမုဒ္ဒရာကို ကူးသန်းနိုင်ပါသနည်း။

http://www.dhammadownload.com



အောက်အဖို့ဖြင့်လည်း ထောက်တည်ရာမရှိ အထက်အဖို့ဖြင့်လည်း ဆွဲတွယ်ရာမရှိပဲ နက်နဲလှစွာ သံသရာတည်းဟူသော သမုဒြာ၌ မနစ်မွန်း ချမ်းသာစွာ တည်နေသောသူသည် အဘယ်သူပါနည်းဘုရား-ဟူ၍ ဆိုလိုသည်။ ။ (ဤ၌ ဂါထာ ရှေ့ထက်ဝက်ဖြင့် သေက္ခဘူမိကို မေးလျှောက်သည်၊ နောက်ထက်ဝက်ဖြင့် အသေက္ခဘူမိကို မေးလျှောက်သည်။)

ထိုအခါ မြတ်စွာဘုရားသည် အမေးဂါထာ ရှေ့ထက်ဝက်ဖြင့် မေးမြန်းအပ်သည့် သေက္ခဘူမိတရားကို ဖြေကြားတော်မူလိုသဖြင့်—

သဗ္ဗဒါ သီလသမ္ပန္နော၊
ပညဝါ သုသမာဟိတော။
အဇ္ဈတ္တစိန္တီ သတိမာ၊
ဩဃံ တရတိ ဒုတ္တရံ—

ဟူသောဂါထာကို မိန့်ဆိုဖြေကြားတော်မူလေ၏။အဓိပ္ပါယ်ကား—

ဧါယကာ ဟေမဝတနတ်မင်း ···· အကြင်ရဟန်းသည် (အသက်ကိုပင် စွန့်ရစေကာမူ သိက္ခာပုဒ်လွန်ကျူးမှုကို မပြုပဲ ထိန်းသိမ်းစောင့်ရှောက်လျက်)အခါခပ်သိမ်း သီလနှင့် ပြည့်စုံ၏၊ လောကီ, လောကုတ္တရာ ပညာအထူးနှင့်လည်း ပြည့်စုံ၏၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိနှင့်လည်း ပြည့်စုံကာ ကောင်းစွာတည်ကြည်၏၊ နိယကဇ္ဈတ္တခေါ်သော မိမိ၏ရုပ်နာမ်ခန္ဓာတရား၌ လက္ခဏာရေးသုံးပါးသို့ တင်၍ ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန်ရှုလေ့ရှိ၏၊ ထိုသိက္ခာသုံးပါး(=သီလ, သမာဓိ, ပညာတရားစု)ကို အမြဲမပြတ် ပြုကျင့်အောင် ရှက်ဆောင်နိုင်သော သတိတရားနှင့်လည်း ပြည့်စုံ၏၊ ထိုသို့ သီလ, သမာဓိ, ပညာ သိက္ခာသုံးပုံ ကြွန်အင်စုံသော ရဟန်းသည် သာမန်လူတို့ ကူးမြောက်

http://www.dhammadownload.com



နိုင်ခဲ့သော ညြဲဆလေးခန်း ရေပြင်ကြမ်းကို ကူးသန်းနိုင်ပေ၏-ဟု ဆိုလိုသည်။

ဤသို့ မြတ်စွာဘုရားသည် သေက္ခဘူမိတရားကို ဖြေကြားတော်မူပြီး၍ ယခုအခါ အသေက္ခဘူမိတရားကို ဖြေကြားကော်မူလိုသဖြင့်—

ဝိရတော ကာမသညာယ၊
သဗ္ဗသံယောဇနာတိဂေါ။
နန္ဒီဘဝပရိက္ခီဏော၊
သော ဂမ္ဘီရေ န သီဒတိ-

ဟူသော ဂါထာကို မိန့်ဆိုဖြေကြားတော်မူလေ၏၊ အဓိပ္ပါယ်ကား—

ဒါယကာ ဟေမဝတ နတ်မင်း …. အကြင်သူသည် ဝတ္ထုကာမတို့၌ တွယ်တာ တပ်မက်သော တဏှာနှင့်ယှဉ်သော သညာတရား အလုံးတို့မှ အမြစ်ပြတ် ရှောင်ကြဉ်ခြင်းဖြင့် ရှောင်ကြဉ်ပြီး ဖြစ်ပေ၏၊ မဂ်လေးပါးဖြင့် သံယောဇဉ်ဆယ်မျိုး လွန်ရှည်ကြိုးကို ပယ်ချိုးလွန်မြောက်ပြီးလည်း ဖြစ်ပေ၏၊ နန္ဒီခေါ်သော တဏှာသုံးပါး ဘဝသုံးပါးတို့လည်း အကြွင်းမဲ့ ကုန်ခန်းပြီးသူ ဖြစ်ပေ၏၊ ထိုသို့သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်သည် အောက်အဖို့ဖြင့်လည်း ထောက်တည်ရာ မရှိ၊ အထက်အဖို့ဖြင့်လည်း ဆွဲကိုင် မှီတွယ်ရာမရှိပဲ နက်နဲကျယ်ဝန်းလှစွာ သံသရာ တည်းဟူသော သမုဒြာ၌ (တဏှာကုန်သဖြင့် သဉပါဒိသေသနိဗ္ဗာန် တည်းဟူသော ကြည်းကုန်းထက်သို့ ရောက်၍ရင်း, ဘဝကုန်ခန်းသဖြင့် အနုပါဒိသေသနိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ရောက်၍ရင်း အသက်သာဆုံး အချမ်းသာဆုံးသို့ ရောက်ရှိကာ)မနစ်မြုပ်သောသူမည်၏-ဟု ဆိုလိုသည်။

**သေက္ခဘူမိ အသေက္ခဘူမိ မေးဖြေခန်း ပြီး၏။**

http://www.dhammadownload.com



### ထုတိဂါထာများရွတ်ဆိုကြ၍ နတ်ဘီလူးမင်းနှစ်ဦးတို့ ပြန်သွားကြခြင်း

ထိုအခါ ဟေမဝတ နတ်မင်းသည် မိမိသူငယ်ချင်း သာတာ-ဂိရနတ်မင်းကိုင်း, နေဒုက်ပါအခြံအရံ နတ်ဘီလူး တထောင်ကိုင်း ကြည့်ရှု၍ နှစ်သက် ကျေနပ် အားရ ဝမ်းမြောက်ကာ ဖော်ပြလတ့်သော ၅-ဂါထာတို့ဖြင့် မြတ်စွာဘုရားကို နှစ်လို အားရမ်း ချီးမွမ်းပြီးလျှင် မိမိ၏သူငယ်ချင်း သာတာဂိရနတ်မင်း ပါ အခြွေအရံ ပရိသတ် နတ်ဘီလူးပေါင်း တထောင်နှင့် တကွ ရှိသေမြတ်နိုး ရှိခိုးကြ၍ မိမိနေရာဌာနသို့ ပြန်သွားလေ၏။ ထုတိ ဝန္ဒနာ ၅-ဂါထာတို့ဟူသည်ကား—

(၁) ဂမ္ဘီရပညံ နိပုဏတ္ထဒဿိံ၊
အကိဉ္စနံ ကာမဘဝေ အသတ္တံ။
တံ ပဿထ သဗ္ဗဓိ ဝိပ္ပမုတ္တံ၊
ဒိဗ္ဗေ ပထေ ကမမာနံ မဟေသိံ။

(ဘောန္တော = သူငယ်ချင်းကောင်း အိုနတ်အပေါင်းတို့ ···။)ဂမ္ဘီရပညံ=နက်နဲလှစွာ ခန္ဓာစသောတရားတို့၌ ခွဲခြားစိတ်ဖြာ သိမြင်တတ်သောဉာဏ်ပညာနှင့် ကောင်းစွာလောက်လုံ ပြည့်စုံတော်မူထသော။ နိပုဏတ္ထဒဿိံ = သိမ်မွေ့သော ပညာရှင်တို့ ထုတ်ဆင် မေးမြန်းအပ်သည့် ပြဿနာ၏အနက်ကို ပြက်ပြက်ကုန်စင် အမှန်အတိုင်း သိမြင်တော်မူထသော။ အကိဉ္စနံ = ရာဂဒေါသ မောဟ+မာနနှင့် ထိုမှဒိဋ္ဌိ ဒုစ္စရိတာ ကိလေသာဟု သင်္ချာခုနစ်မျိုး ကြောင့်ကြမှု တရားဆိုးတို့ စိုးစဉ်းမျှ ရှိတော်မမူထသော။ ကာမဘဝေ = ကာမနှစ်ပါး ဘဝသုံးပါး တရားအစု၌။ အသတ္တံ = ငြိကပ် တွယ်တာခြင်း ကင်းတော်မူထသော။ သဗ္ဗဓိ = ခန္ဓာ အာယတန စသည် ဖုံဖုံ ခပ်သိမ်းသော အာရုံ၌။ ဝိပ္ပမုတ္တံ = ဆန္ဒရာဂ အနှောင်အဖွဲ့ ကင်းသဖြင့် ရှင်းရှင်းလွတ်တော်မူပြီးထသော။ ဒိဗ္ဗေ ပထေ=သမာပတ် ရှစ်ဖော် ဒိဗ္ဗလမ်းမတော်၌။ ကမမာနံ = အဖန်ဖန်ဝင်စား

စကြိုကြွသွားတော်မူနိုင်ထသော၊ မဟေသိံ = သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျက်တော်မူပြီးထသော။ တံ = ထိုဂေါတမနွယ်ဖွား မြတ်စွာဘုရားကို။ ပဿထ = မျက်မှောက်ထင်ထင် ဖူးမြင်ကြကုန်လော့။

(၂) အနောမနာမံ နိပုဏတ္ထဒဿိံ၊
ပညာဒဒံ ကာမာလယေ အသတ္တံ၊
တံ ပဿထ သဗ္ဗဝိဒုံ သုမေဓံ၊
အရိယေ ပထေ ကမမာနံ မဟေသိံ။

(ဘောန္တော = သူငယ်ချင်းကောင်း အိုနတ်အပေါင်းတို့....။)အနောမနာမံ = မယုတ်လျော့သော ဂုဏ်ကျေးဇူးတို့ဖြင့် ချီးကျူးဝေါဟာ သမ္မာသမ္ဗုဒ္ဓ စသည်ပုံ့ပျိုး အမည်ထူးရှိတော်မူထသော။ နိပုဏတ္ထဒဿိံ = သိမ်မွေ့သော ပညာရှင်တို့ ထုတ်ဆင်မေးမြန်းအပ်သည့် ပြဿနာ၏အနက်ကို ပြက်ပြက်ကုန်စင် အမှန်အတိုင်း သိမြင်တော်မူထသော။ ပညာဒဒံ = ပညာရကြောင်း အကျင့်ကောင်းကို ငြိမ့်ညောင်းသာယာ ဟောပြကာဖြင့် ပညာအထူးကို ဖြန့်ဖြူးပေးဝေတော်မူထသော။ကာမာလယေ = တဏှာဒိဋ္ဌိတို့ဖြင့် စွဲငြိတပ်မက်ရာ ကာမဝတ္ထုအစုစု၌။အသတ္တံ = ဧါ+ငါ့ဥစ္စာ တဏှာဒိဋ္ဌိ ကပ်ငြိခြင်းကင်းတော်မူထသော။ သဗ္ဗဝိဒုံ = ခပ်သိမ်းသောတရားကို ပိုင်းခြားသိမြင်တော်မူထသော။ သုမေဓံ = သဗ္ဗညုတဉာဏ်၏ အခြေခံ ပါရမီဉာဏ်လည်း ရှိတော်မူထသော။ အရိယေ ပထေ = ဖလသမာပတ် ခေါ်မှတ်တွင်ညောင်း အရိယာလမ်းကြောင်း၌။ ကမမာနံ = အချိန်ရသမျှဝင်စားကြွသွားတော်မူထသော။ မဟေသိံ = သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျက်တော်မူပြီးထသော။ တံ = ထိုဂေါတမနွယ်ဖွား မြတ်စွာဘုရားကို။ ပဿထ = မျက်မှောက်ထင်ထင် ဖူးမြင်ကြကုန်လော့။

http://www.dhammadownload.com



(၃) သုဒိဋ္ဌံ ဝတ နော အဇ္ဇ၊
သုပ္ပဘာတံ သုဟုဋ္ဌိတံ။
ယံ အဒ္ဒသာမ သမ္ဗုဒ္ဓံ၊
ဩဃတိဏ္ဏမနာသဝံ။

(ဓဘာဂန္တော = သူငယ်ချင်းကောင်း အိုနတ်အပေါင်းတို့….။ မယံ = ငါတို့သည်။) ဩဃတိဏ္ဏံ = ဩဃလေးခန်း ရေပြင်ကြမ်းကို ကူးသန်းလွန်မြောက်တော်မူပြီးထသော။ အနာသဝံ = လေးဖြာအာသဝေါ ကွာလျော့ကုန်ခန်းတော်မူပြီးထသော။ သမ္ဗုဒ္ဓံ = မြတ်စွာဘုရားကို။ ယံ–ယသ္မာ = အကြင်ကြောင့်။ အဒ္ဒသာမ = ကံကောင်းထောက်မ မဂ်ဖိုလ်ရအောင် ဒိဋ္ဌထင်ထင် ဖူးမြင်ကြရကုန်ပြီ။ တသ္မာ = ထိုကြောင့်။ နော = ငါတို့၏။ အဇ္ဇ = ယနေ့။ ဒိဋ္ဌံ = မျက်စိအာရုံ တွေ့ကြုံဖူးမြင်ရခြင်းသည်။ သုဒိဋ္ဌံ = ဒဿနာနုတ္တရိယ အခွင့်ကောင်းရ၍ ကောင်းလှသော ဖူးမြင်ရခြင်းသည်။ အဟောသိ ဝတ = ဖြစ်ခဲ့လေပြီတကား။ ပဘာတံ = နံနက်မိုးသောက် အချိန်သို့ရောက်ရခြြင်းသည်။ သုပ္ပဘာတံ = အပြစ်ခပ်သိမ်း ကင်းငြိမ်း လွန်မြောက် ကောင်းသော မိုးသောက်ခြင်းသည်။ အဟောသိ ဝတ = ဖြစ်ခဲ့လေပြီတကား။ ဥဋ္ဌိတံ = ဘဝင်စိတ်ကျ အိပ်ရာမှထရခြင်းသည်။ သုဟုဋ္ဌိတံ = လောဘဒေါသ မောဟမအောင်း ကောင်းစွာ ထရခြင်းသည်။ အဟောသိ ဝတ = ဖြစ်ခဲ့လေပြီပကား။

(၄) ဣမေ ဒသသတာ ယက္ခာ၊
ဣဒ္ဓိမန္တော ယသဿိနော။
သဗ္ဗေ တံ သရဏံ ယန္တိ၊
တွံ နော သတ္ထာ အနုတ္တရော။

ဘန္တေ = ဘုန်းတော် နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား….။ ဣဒ္ဓိမန္တော = ကမ္မဇိဒ္ဓိမျိုး တန်ခိုးနှင့် ပြည့်စုံကြကုန်သော၊ ယသဿိနော = လွန်စွာ

http://www.dhammadownload.com



များမြတ် လာဘ်အခြံအရံရှိကုန်သော။ ဒသသတာ = ရာပေါင်းဆယ်စောင် တထောင်အရေအတွက် ရှိကုန်သော။ သဗ္ဗေ = ခပ်သိမ်းကုန်သော။ ဇူမေ ယက္ခာ = ဤနတ်ဘီလူးအပေါင်းတို့သည်။ တံ = အရှင်ဘုရားကို။ သရဏံ = ကိုးကွယ်လည်းလျှောင်း ပုန်းအောင်းရာဟူ၍။ ယန္တိ = အကျွန်ုပ်တို့နှင့်တကွ လောကဉတ္တရာ မဟာသရဏဂုံ ကိုယ်လုံးထုံ၍ ခိုလှုံ ဆည်းကပ်ကြပါကုန်၏။ တွံ = အရှင်မြတ်ဘုရားသည်။ နော = အကျွန်ုပ်တို့၏။ အနုတ္တရော = အတုမရှိ လွန်ကဲဘိသော။ သတ္ထာ = ပဉ္စမ အရိယာ ဘုံသာကွန်းပြောက် နန်းကြီးဆောက်နိုင်ဓအောင် ချီးမြှောက်မစ ဆုံးမတတ်စွာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်တော်မူပါပေ၏။

(၅) တေ မယံ ဝိစရိဿာမ၊
ဂါမာ ဂါမံ နဂါ နဂံ။
နမဿမာနာ သမ္ဗုဒ္ဓံ၊
ဓမ္မဿ စ သုဓမ္မတံ။

ဘန္တေ = ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပ တော်မူသော မြတ်စွာဘုရား....။ တေ မယံ = ထိုအကျွန်ုပ် တို့သည်။ (ဧတော ပဋ္ဌာယ = ယနေ့မှစ၍။) သမ္ဗုဒ္ဓံ— သမ္ဗုဒ္ဓဘာဝဥ္စ = သုံးလောကထွတ်ထား ရှင်တော်ဘုရား ၏ များပြားပြောဟုန် ကျေးဇူးဂုဏ်နှင့် ပြည့်စုံထင်ရှား ဟုတ်မှန်သော ဘုရားအဖြစ်ကိုငင်း။ ဓမ္မဿ = မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်ထင်ပေါ် တရားတော်၏။ သုဓမ္မတဥ္စ = ဝဋ်မှထွက်ကြောင်း ကောင်းသောတရား၏ အဖြစ်ကိုငင်း။ နမဿမာနာ =

(သုံးလူ့ရှင်ပင် ဖို့ထိပ်တင်သည့် သဗ္ဗညုတ ဉာဏ ဦးတိုင် စိုးနိုးပိုင်သည့် ဘုန်းလျှိုင်ဘုရား မှန်လှငြား၏။ မြတ်များဓိနော် ဓိဓေန္တဓေယျာ်သည့် ဆယ်ဓော်ဓမ္မ မြတ် ထွက်လှကို ၈, လယ်, ဘရုံး သုံးပေါးဘခုံ ကောင်းမြင်း

http://www.dhammadownload.com



ဂုဏ်နှင့် ပြည့်စုံထင်ရှား၊ ဟောညွှန်ကြားခဲ့။ ရှစ်ပါး အရိယာ ဖြတ်သံဃာလည်း၊ သိက္ခာသုံးရပ် ချီးမွှမ်း အပ်သည့် စေ့စပ် လုံးစုံ ကျင့်မှုံမှုံကို အာရုံ နှစ်လို အားသစ်ပွါး)–

ဤသို့စသည် ရတနာသုံးမည်၏ ဂုဏ်ရည်သီးသီး အံ့ မပြီးကို တချီးမွှမ်းမွှမ်း မြွက်ဆိုညွှန်း၍ ဦးစွန်းထိပ်ပြင် ဆယ် လက်စုံ တင်ပြီးလျှင် ကြည်ရွှင်မြတ်နိုး ရှိခိုးပူဇော် နိဗ္ဗာန် ဆော်ဖြစ်ကြကုန်လျက်။ ဂါမာ=နတ်ရွာတခုမှ။ ဂါမံ= နတ်ရွာတခုသို့ရင်း။ နဂါ=နတ်တောင် တခုမှ။ နဂံ= နတ်တောင် တခုသို့ရင်း။ ဝိစရိဿာမ = လှည့်လည် ကျက်စား သွားလာ ကြွေးကြော်ကြပါကုန်အံ့ဘုရား။ ။ ( ဤ ဟေမဝတသုတ်ကား သုတ္တနိပါတ် ပါဠိတော်၊ ၁-ဥရဂဝဂ်၌ လာရှိသည်။)

ဤတွင်ရွေ သာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်းတို့အကြောင်း (ဟေမဝတသုတ်)ပြီး၏။

---

### အခန်း-၁၁

### မောနေယျအကျင့်ကို ဟောကြားတော်မူခြင်း

### (နာလကသုတ်မှ)

(ဘုရားတဆူတဆူ ပွင့်တော်မူလျှင် မောနေယျအကျင့် ကို ကျင့်ကြံသော ရဟန်းတပါးပါး ပေါ်ထွန်းမြဲ ဓမ္မ- တာဖြစ်၏၊ ဤအကျွန်ုပ်တို့၏ အစိန္တေယျ သုံးလောက ထွတ်ထား မြတ်စွာဘုရား ဖြစ်ပွင့်တော်မူသောအခါ ထိုမောနေယျအကျင့်ကို မေးမြန်းလျှောက်ထား ကျင့်ကြံ အားထုတ်သော ရဟန်းကား ရှေးစာမျက်နှာ ၆၃၊၆၄- တို့၌ ဖော်ပြခဲ့သော(ကာလဒေဝိလရသေ့ကြီး၏ တူတော်) နာလကရဟန်း ဖြစ်ပေသည်၊ ထိုနာလကလုလင်၏ ဘုရား မပွင့်မီကပင် ကြိုတင်၍ ရဟန်းပြုခဲ့ကြောင်း ထိုစာမျက်နှာ ၆၃၊၆၄-တို့၌ ပြဆိုခဲ့လေပြီ။)

http://www.dhammadownload.com



မြတ်စွာဘုရားသည် (ရှေး၌ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း) ဝါဆိုလပြည့်နေ့၌ ဓမ္မစကြာတရားကို ဟောကြားတော်မူ၍ မြဟ္မာ တဆယ့်ရှစ်ကုဋေတို့နှင့်တကွ အရှင်ကောဏ္ဍညမထေရ်ကို ကျွတ်တမ်းဝင်စေပြီး ထိုဝါဆိုလပြည့်ကျော် ၅-ရက်နေ့၌ ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့ကို အရဟတ္တဖိုလ်ရောက်အောင် အနတ္တလက္ခဏာသုတ္တန်ကို ဟောကြား ချွတ်တော်မူပြီးလျှင် ဝါဆိုလပြည့်ကျော် (၇) ခုနစ်ရက်နေ့မြောက် ရောက်လတ်သောအခါ ဓမ္မစကြာ တရားနာ ပရိသတ်၌ အပါအဝင်ဖြစ်ကြသည့် ရှင်နာလက၏ အကျိုးကို လိုလားသောနတ်တို့က "အရှင်နာလက .... မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ ဓမ္မစကြာ တရားဦး ဟောကြားပြီးလေပြီ၊ လူသုံးပါး၌ မြတ်စွာဘုရားကား ထင်ရှား ပွင့်တော်မူလာပြီ" ဤသို့ အစရှိသည်ဖြင့် ရှင်နာလကအား မြတ်စွာဘုရား ပွင့်တော်မူပြီဖြစ်ကြောင်းနှင့် ဓမ္မစကြာတရား ဟောကြားတော်မူပြီးဖြစ်ကြောင်း လျှောက်ထားပြောကြားကြလေသည်။

အရှင်နာလကသည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ့်ငါးနှစ်ကပင် အစပြုကာ ရသေ့ရဟန်းပြုပြီးလျှင် "ရေငုပ်ဖန်များလျှင် နားချို့တဲ့လိမ့်မည်၊ နားချို့တဲ့လျှင် တရားစကားကို မကြားရ၍ တရားတော်မှ ဆုံးရှုံးခြင်းသို့ ရောက်ချေရာသည်"ဟု နှလုံးပိုက်၍ ဆွေမျိုးတို့၏ အစဉ်အလာ အကျင့်စာရိတ္တဖြစ်သော ရေငုပ်ခြင်းအကျင့်ကိုပင် ပယ်လျက် မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာမည့် အချိန်ကို စောင့်မြော်နေသူဖြစ်ရကား ထိုနတ်များ လျှောက်ထားပြောကြားသော သတင်းစကားကို ကြားသိရလျှင် "ငါ၏ ဦးရီးတော် ကာလဒေဝိလရှင်ရသေ့က ငါ့အား ဆုံးမစကား မိန့်ကြားခဲ့သော အချိန်အခါသည် ကောင်းစွာ ဆိုက်ရောက်လတ်ပေပြီ" ဟူ၍ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကာ ဝါဆိုလပြည့်ကျော် (၇) ခုနစ်ရက်နေ့တွင် ဟိမဝန္တာမှ ဖဲခွဲ၍ ဣသိပတနမိဂဒါဝုန်တောသို့ အရောက်သွားယေရာ "နာလကရသေ့သည် ယနေ့ ရောက်လာလိမ့်မည်၊ ထိုနာလကရသေ့အား မောနေယျအကျင့်ကို ဟောကြားမည်"ဟူသော အလိုတော်ဖြင့် မြော်လင့်ငံ့ဆိုင်းကာ မြင့်မြတ်

http://www.dhammadownload.com



သော ဘုရားနေရာ၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေနှင့်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရလေလျှင် အလွန်ပင် သဒ္ဓါယိုဖိတ် ကြည်ညိုစိတ်ရှိလှသည်ဖြစ်၍ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးလျှင်—

အညာတမေတံ ဝစနံ၊
အသိတဿ ယထာတထံ။
တံ တံ ဂေါတမ ပုစ္ဆာမိ၊
သဗ္ဗဓမ္မာန ပါရဂုံ။

အနဂါရိယုပေတဿ၊
ဘိက္ခာစရိယံ ဇိဂီသတော။
မုနိ ပဗြူဟိ မေ ပုဋ္ဌော၊
မောနေယျံ ဥတ္တမံ ပဒံ—

ဟူသော နှစ်ဂါထာကို ရွတ်ဆိုမေးမြန်း လျှောက်ထားလေ၏။ အဓိပ္ပါယ်ကား—

ဘုန်းတော်ကြီးသော ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား····(အကျွန်ုပ်၏ ဦးရီးတော်) ကာလဒေဝိလ ရသေ့က အကျွန်ုပ်အား လွန်ခဲ့သောနှစ်ပေါင်း (၃၅)သုံးဆယ့်ငါးနှစ်က ပြောဆို မှာကြားခဲ့သော စကားသည် (ယခုအခါ မြတ်စွာဘုရားကို မျက်ဝါးထင်ထင် ဖူးမြင်ရပါ၍) မချွတ်မယွင်း ဖြောင့်စင်းမှန်ကန်လှပေ၏ဟု အကျွန်ုပ် ကိုယ်တွေ့ သိမြင်အပ်ပါပြီ၊ ထို့ကြောင့် ခပ်သိမ်းသော တရားတို့၌ ခြောက်ပါးသော အခြင်းအရာဖြင့် ပါရဂူ မြောက် ဖက်ကမ်းရောက်တော်မူပြီးသော ရှင်တော်ဘုရား ကို(သိလိုကျင့်လိုရေးဖြင့်) မေးမြန်းလျှောက်ထားပါရစေ။

(အာဂါ + နာဂါ သေက္ခာ + သေက္ခ ပစ္စေကဟု ငါးဝသော မုနိတို့ထက် ဆထက်လွန်သာ ဂုဏ်များစွာ ကြောင့်) မဟာမုနိဖြစ်တော်မူသော မြတ်စွာဘုရား ··· အိမ်ရာ မထောင် ရဟန်းဘောင်သို့ ကပ်ရောက်လျက်

http://www.dhammadownload.com



ဆွမ်းခံခြင်းဖြင့် မှီတင်းနေထိုင်သော ရဟန်း၏ မင်္ဂလာဏ်လေးပါးသို့ ရောက်ကြောင်း ကောင်းမြတ်သော အကျင့်ပဋိပတ်ကို အကျွန်ုပ်မေးလျှောက်အပ်သော အရှင်ဘုရားသည် အကျွန်ုပ်အား သနားကြည်ဖြူ ဟောကြားတော်မူပါဘုရား-ဟူ၍ ဆိုလိုသည်။

ထိုအခါ မြတ်စွာဘုရားသည် အရှင်နာလကအား "မောနေယျံ တေ ဥပညိဿံ" အစရှိသော (၂၃) နှစ်ဆယ့်သုံးဂါထာတို့ဖြင့် မောနေယျ အကျင့်ပဋိပတ်ကို အကျယ်ဟောကြားတော်မူသည်။

(ဤ၌ မောနေယျ ဟူသည်ကား မဂ်ဉာဏ်လေးပါးကို ခေါ်ဆိုသည်၊ အထူးသဖြင့် အရဟတ္တမဂ်ဉာဏ်ကို **မောနေယျ**ဟူ၍ ခေါ်၏။ ထို့ကြောင့် မဂ်ဉာဏ်လေးပါးသို့ ရောက်ကြောင်း ကောင်းမြတ်မှန်ကန်သော အကျင့်ကို မောနေယျပဋိပဒါ = မောနေယျအကျင့် ဟူ၍ ခေါ် ကြောင်း ကောင်းစွာ မှတ်ယူရာ၏။)

ထိုဟောကြားတော်မူအပ်သည့် မောနေယျအကျင့် ပဋိပဒါ (၂၃) နှစ်ဆယ့်သုံးဂါထာပါဠိနှင့် မြန်မာစကားပြေတို့ကား—

(၁) မောနေယျံ တေ ဥပညိဿံ၊
ဒုက္ကရံ ဒုရဘိသမ္ဘဝံ။
ဟန္ဒ တေ နံ ပဝက္ခာမိ၊
သန္ထမ္ဘဿု ဒဠှော ဘဝ။

ချစ်သားနာလက…သင့်အား ငါဘုရားသည် အတိအထွင် ပြို့ဖြင်ဆင်းရဲ ပြုနိုင်ခဲလှသည့်ပြင် သက်ဝင်ချဉ်းနင်းဖြစ်စေခြင်းငှါလည်း ခဲယဉ်းစွာသော မောနေယျ အကျင့်ကို ထင်ရှားသိစေ ဟောပြပေအံ့။ (ချစ်သားနာလက…. သင်မေးအပ်သော မောနေယျအကျင့်မှာ ပုထုဇန်အချိန်အခါကစ၍ ကိလေသာစိတ် ဘိတ်မဖြစ်စေပဲ ဌာကောင်း

http://www.dhammadownload.com



ကောင်းဖြင့် ကျင့်ကြံအပ်သော တရားဖြစ်၍ ကျင့်နိုင်ခဲ ဖြစ်စေနိုင်ခဲသော အကျင့်မျိုး ဖြစ်သည်-ဟု ဆိုလိုသည်။)

ချစ်သား နာလက…. (ကိုင်း) သင့်အား ငါဘုရား သည် မောနေယျအကျင့်ကို အကျယ်အားဖြင့် ဟောကြား ပေအံ့။ (သင် ချစ်သားသည် ဆည်းပူးအပ်ပြီးသော ကောင်းမှုကုသိုလ်ရှိသူ ဖြစ်ပေ၏၊ ထို့ကြောင့်) သင် ချစ်သားသည် ပြုနိုင်ခဲသည်ကို ပြုစွမ်းနိုင်သော ဝီရိယဖြင့် မိမိကိုယ်ကိုကြံ့ခိုင်စွာ ထားပြီးလျှင် မလျော့သောလုံ့လဖြင့် မြဲမြံစွာ ကျင့်ကြံကြိုးကုတ် အားထုတ်လော့။

(၂) သမာနဘာဂံ ကုဗ္ဗေထ၊
ဂါမေ အက္ကုဋ္ဌဝန္ဒိတံ။
မနောပဒေါသံ ရက္ခေယျ၊
သန္တော အနုဏ္ဏတော စရေ။

ချစ်သား နာလက….မြို့ရွာ ဇနပုဒ်များ၌ (လူများက) မိမိအား အမျက်ထွက်ကာ ထိပါးဆဲဆိုခြင်းကိုဋ္ဌင်း, ကြည် ညွတ်ရိုကျိုး ရှိခိုးတုံ့ဝပ်ခြင်းကိုဋ္ဌင်း မုန်းချစ်မဟူ အတူအမျှ ဖြစ်အောင် ကျင့်ဆောင်အားထုတ် ပြုလုပ်ရမည်။ သူတော် ကောင်းဖြစ်သော သူသည် (မိမိအား ထိပါးဆဲဆိုလာမှု ကြောင့်) နှလုံးမရွှင် ငြိုငြင်သောအား စိတ်ပြစ်မှားခြင်းကို ဟန့်တား စောင့်ရှောက်ရမည်၊ ကြည်ညွတ်ရိုကျိုး ရှိခိုး တုံ့ဝပ်မှုကြောင့် မြင့်မော်တက်ကြွခြင်း အလျှင်းမရှိအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ရမည်။ (မြို့ရွာ ဇနပုဒ် အတွင်း မှီတင်းနေထိုင်သူတို့က ဆဲရေးလာလျှင် စိတ် ပြစ်မှား အမျက်ပွါးခြင်းကို ဟန့်တားစောင့်ရှောက်ရမည်၊ ပြည့်ရှင်မင်းကပင် ရှိခိုးဦးညွတ်လာသော်လည်း တက်ကြွ ခြင်း မရှိစေရ၊ ဤနည်းဖြင့် လူတို့၏ ဆဲရေးခြင်း, ရှိခိုးခြင်း ကို မုန်းချစ်မဟူ တူမျှအောင် ကျင့်ရမည်-ဟု ဆိုလိုသည်။)

http://www.dhammadownload.com



(ဤဂါထာဖြင့် မြို့ရွာနှင့် စပ်သော ကိလေသာကို ပယ်ရှားရန် ဟောတော်မူသည်။)

(၃) ဥစ္စာဝစာ နိစ္ဆရန္တိ၊
ဒါယေ အဂ္ဂိသိခူပမာ။
နာရိယော မုနိံ ပလောဘေန္တိ၊
တာ သု တံ မာ ပလောဘယုံ။

ချစ်သား နာလက ····တော၌လည်း မီးလျှံပမာ လောင်ကျွမ်းတတ်စွာသော အာရုံအမျိုးမျိုးတို့ ထင်လာတတ်ကုန်၏၊ (တနည်း-တော မီး လောင် သော အခါ မီးလျှံ မီးညွန့်တို့သည် အခိုး ရှိ မရှိ အညိုရောင်, အဝါရောင်, အနီရောင် အကြီးအငယ် စသည်အား အထူးထူး အပြားပြား ထွက်ပေါ်ကြကုန်သကဲ့သို့၊ ဤအတူ လူ, ဘီလူး, ခြင်္သေ့, သစ်, ကျား, ငှက် အမျိုးမျိုး, ထိုသတ္တဝါတို့၏ အသံ အမျိုးမျိုး, အသီး, အပွင့်, ရွက် ညွန့် စသော အားဖြင့် တောအရပ်၌လည်း ကြောက်ဖွယ်အာရုံ နှစ်သက်တပ်မက်ဖွယ် အာရုံ, မုန်းတီးဖွယ်အာရုံ,တွေဝေဖွယ်အာရုံ အမျိုးမျိုးတို့သည် ထင်လာတတ်ကုန်၏။ ဤသို့ ထင်လာသော အာရုံအမျိုးမျိုးတို့အနက်) အပျော်အပါး ဥယျာဉ်ကစား တောကစားလာကြသော မိန်းမများ, ထင်းခွေ ပန်းခူး ဟင်းရွက်ခူး သစ်သီးကောက်လာကြသောမိန်းမများသည် ရဟန်းတပါးတည်း ဆိတ်ငြိမ်ရာ၌နေသည်ကိုမြင်ကြရလျှင် ပြုံးရွှင်ခြင်း ထိပါး ရိပါး ပြောကြားခြင်း, ငိုကြွေးခြင်း, ရေ့ရွဲစွာ ဝတ်ခြင်း စသည်တို့ဖြင့် ဖြားယောင်း သွေးဆောင်တတ်ကြကုန်၏၊ ထိုမိန်းမများက သင် ချစ်သားကို မဖြားယောင်းကြစေကုန်လင့် (ထိုမိန်း မ များ မ ဖြား ယောင်းနိုင်အောင် ကျင့်ကြံ အားထုတ်လေ-ဟု ဆိုလိုသည်။)

(ဤဂါထာဖြင့် တောနှင့်စပ်သော ကိလေသာကို ပယ်ရှားရန် ဟောတော်မူ၏။)

http://www.dhammadownload.com



(၄) ဝိရတော မေထုနာ ဓမ္မာ၊
ဟိတွာ ကာမေ ပရောပရေ။
အဝိရုဒ္ဓေါ အသာရဇ္ဇော၊
ပါဏေသု တသထာဝရေ။

(၅) ယထာ အဟံ တထာ ဧတေ၊
ယထာ ဧတေ တထာ အဟံ။
အတ္တာနံ ဥပမံ ကတွာ၊
န ဟနေယျ န ဃာတယေ။

ချစ်သားနာလက....ကောင်းကောင်းဆိုးဆိုး (မေထုန်မှ ကြွင်းသော)ကာမအာရုံအမျိုးမျိုးတို့ကို ပယ်ရှားပြီးလျှင် မေထုန်အကျင့်မှ သင်ချစ်သား ဝေးစွာရှောင်ရှားသူ ဖြစ်ရမည်။ (သူတပါး၏ အသင်းအပင်းဝင်) သတ္တဝါတို့၌ ဆန့်ကျင်မုန်းတီးခြင်း အလျှင်းမပြုပဲ (မိမိအသင်းအပင်းဝင်) သတ္တဝါတို့၌လည်း ချစ်ခင်တပ်မက်မှု အလျှင်းပင် မပြုပဲ“ငါကဲ့သို့ပင် ထိုသတ္တဝါတို့သည် အသက်ရှည်ကြလို မသေကြလို ချမ်းသာကြလို မဆင်းရဲကြလိုကုန်၊ ထိုသတ္တဝါတို့ကဲ့သို့ပင် ငါသည်လည်း အသက်ရှည်လို မသေလို ချမ်းသာလို မဆင်းရဲလိုပေ”ဟု မိမိကိုယ်ကို ဥပမာပြု၍ (=ကိုယ်ချင်းစာတရားထား၍) တဏှာမကင်းသေးသော ပုထုဇန်, သောတာပန်, သကဒါဂါမ်, အနာဂါမ် သတ္တဝါ(တသသတ္တဝါ)နှင့် တဏှာ လောဘကင်းပြီးသော ရဟန္တာ (ထာဝရသတ္တဝါ)တို့ကို ကိုယ်တိုင်လည်း မသတ်ဖြတ် မညှဉ်းဆဲရာ၊ သူတပါးကိုလည်း သတ်ဖြတ် ညှဉ်းဆဲရန် မခိုင်းစေရာ။

(ဤဂါထာတို့၌ “ဟိတွာ ကာမေ ပရောပရေ= ကောင်းကောင်း ဆိုးဆိုး ကာမအာရုံ အမျိုးမျိုးတို့ကို ပယ်ရှား၍”ဟူသော စကားရပ်ဖြင့် ဇာန္တြိယသံဝရသီလကို မြတ်စွာဘုရား ဟောကြားတော်မူ၏။ ကြွင်းသော စကား

http://www.dhammadownload.com



ရပ်တို့ဖြင့် မေထုန်မှ ရှောင်ကြဉ်ခြင်း, သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်းတို့ကို အဦးပြု၍ ပါတိမောက္ခသံဝရသီလ ကို မြတ်စွာဘုရား ဟောကြားတော်မူ၏။)

(၆) ဟိတွာ ဗုဒ္ဓဉ္စ လောဘဉ္စ၊
ယတ္ထ သတ္တော ပုထုဇ္ဇနော။
စက္ခုမာ ပရိဝဇ္ဇေယျ၊
တရေယျ နရကံ ဣမံ။

ချစ်သားနာလက ···· ပုထုဇန် သတ္တဝါအပေါင်းသည် အကြင် သက်နီး ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါး ရဟန်းကာမဂုဏ်၌ တပ်မက်ငြိတွယ်လျက် တည်၏၊ သင် ချစ်သားသည် ထိုသက်နီး ဆွမ်း ကျောင်း ဆေး ပစ္စည်း လေးပါး ရဟန်းတို့၏ ကာမဂုဏ်၌ မရသေးသည်ကို လိုချင် တပ်မက်ခြင်း(=ဗုဒ္ဓာတရား)ကိုင်း၊ ရပြီးသည်ကို မပေး လို မလှူရက် တပ်မက်ခြင်း (=လောဘတရား) ကိုင်း ရှောင်ရှား စွန့်ပယ်ကာ ပညာမျက်စိရှိသူဖြစ်၍ ဟောပြီး ဟောဆဲ ဟောလတ္တံ့ဖြစ်သော မောနေယျအကျင့်မြတ်ကို ကျင့်ကြံအားထုတ်ရမည်။ ယင်းသို့ ကျင့်ကြံအားထုတ် သည်ရှိသော် ဖြည့်နိုင်ခဲသောကြောင့် နရက်ချောက်ဟု ခေါ်ဆိုအပ်သည့် မိစ္ဆာဇီဝဖြစ်ကြောင်း မကောင်းသော ပစ္စည်းလေးဖြာ တွယ်တာတပ်မက်ခြင်း တဏှာတရားကို ကူးသန်းလွန်မြောက်နိုင်ရာ၏။

(ဤဂါထာဖြင့် ပစ္စည်းလေးပါး၌ တွယ်တာတပ်မက် သော တဏှာတရား ပယ်ရှားမှုကို အဦးပြု၍ အာဇီဝပါရိ- သုဒ္ဓိသီလကို မြတ်စွာဘုရား ဟောကြားတော်မူ၏။)

(၇) ဥဒရော မိတာဟာရော၊
အပ္ပိစ္ဆဿ အလောလုပေ။
သဒါ ဣစ္ဆာယ နိစ္ဆာတော၊
အနိစ္ဆော ဟောတိ နိဗ္ဗုတော။

http://www.dhammadownload.com



ချစ်သား နာလက …. မောနေယျအကျင့်ကို ကျင့်ကြံလိုသော ရဟန်းသည် (ခန္ဓိယလဒ္ဓ ပစ္စည်းလေးဝတွင် ဆွမ်းကိုစားသည်ရှိသော် လေးလုပ် ငါးလုပ် လျှော့စားသဖြင့်) ပါးလျသောဝမ်းရှိသူ ဖြစ်ရမည်။ (လေးလုပ် ငါးလုပ် လျှော့စားရုံမျှဖြင့်လည်း မပြီးသေး၊ ထိုဆွမ်းကို ပစ္စဝေက္ခဏာတင် ဆင်ခြင်စားသုံးခြင်းဖြင့် ဂုဏ်အပြစ်အားဖြင့်လည်း) ပိုင်းခြား နိုင်းရှည်အပ်သော အစာအာဟာရရှိသူ ဖြစ်ရမည်။ (ဤမျှဖြင့်လည်း မပြီးသေး၊ (၁) ပစ္စည်းလေးဖြာတို့၌ တဏှာလောဘ နည်းပါးခြင်း တည်းဟူသော ပစ္စယအပ္ပိစ္ဆ၊ (၂) မိမိ ဓုတင်အကျင့်မြတ်ကို ကျင့်ကြံနေကြောင်း သူတပါးတို့ကို အသိမပေးလိုခြင်း တည်းဟူသော ဓုတင်အပ္ပိစ္ဆ၊ (၃) မိမိ စာပေကျမ်းဂန် တတ်မြောက်ကျွမ်းကျင်မှု ဗဟုသုတရှိသည်ကို သူတပါးတို့အား အသိမပေးလိုခြင်း တည်းဟူသော ပရိယတ္တိအပ္ပိစ္ဆ၊ (၄) မိမိ မဂ်ဖိုလ်တရားထူး ရရှိကြောင်းကို သူတပါးတို့အား အသိမပေးလိုခြင်း တည်းဟူသော အဓိဂမအပ္ပိစ္ဆ) ဤ အပ္ပိစ္ဆတရား လေးပါးနှင့် ပြည့်စုံသူလည်း ဖြစ်ရမည်။ (ဤမျှဖြင့်လည်း မပြီးသေး) အရဟတ္တမဂ်ဖြင့် တဏှာ တည်းဟူသော လော်လည်ခြင်းကို အကြွင်းမဲ့ ပယ်ပြီးသူ ဖြစ်အောင် ကြိုးကုတ် အားထုတ်ရမည်။ (ဤသို့ လောလုပ္ပ တဏှာကင်းပြီးသောသူ ဖြစ်လတ်သော်) အခါခပ်သိမ်းပင် ဆာလောင်မွတ်သိပ်ခြင်း အပြင်း နှိပ်စက် အပ်သော သူပမာ ပစ္စည်းလေးဖြာကို လွန်စွာ တပ်မက်တတ်သော ဇိဃစ္ဆာ လောဘတဏှာတရားဖြင့် မလိုချင် သူ ဖြစ် ကာ ကိလေသာဟူသော ဆာလောင်ခြင်းကင်းသူ ဖြစ်လိမ့်မည်၊ ထိုသို့ဖြစ်လတ်သော် ကိလေသာဟူ အပူခပ်သိမ်း ငြိမ်းအေးပြီးသူ ဖြစ်လိမ့်မည်။

(ဤ ဂါထာဖြင့် ဘောဇနေ မတ္တညုတာ = အစာအာဟာရ၌ အတိုင်းအရှည်ပမာဏကို သိခြင်းကိုအဦးပြု၍

http://www.dhammadownload.com



ပစ္စယသန္နိဿိတသီလ (တနည်း-ပစ္စယပရိဘောဂသီလ) နှင့် ထိုမှအစဉ်လျှောက်၍ အရဟတ္တဖိုလ်တိုင် ရောက်စေနိုင်သော အကျင့်ပဋိပတ်ကို မြတ်စွာဘုရား ဟောကြားတော်မူ၏။)

(၈) သ ပိဏ္ဍစာရံ စရိတွာ၊
ဝနန္တမဘိဟာရယေ။
ဥပဋ္ဌိတော ရုက္ခမူလသ္မိံ၊
အာသနူပဂတော မုနိ။

(၉) သ ဈာနပသုတော ဓီရော၊
ဝနန္တေ ရမိတော သိယာ။
ဈာယေထ ရုက္ခမူလသ္မိံ၊
အတ္တာနမဘိတောသယံ။

ချစ်သားနာလက····မောနေယျအကျင့်ကို ကျင့်သော ထိုရဟန်းသည် ဆွမ်းခံလှည့်လည်ပြီး (=ဆွမ်းစားခြင်း ကိစ္စကို ပြုပြီး) လျှင် (လူတို့နှင့် အခါရှည်လျား စကားပြောခြင်း စသည်ကို ပြုမနေပဲ) မိမိနေရာ တောအရပ်သို့သာ သွားရမည်။ မောနေယျအကျင့်ကို ကျင့်သောရဟန်းသည် (တောသို့ရောက်သောအခါ) သစ်ပင်ရင်း၌ဖြစ်စေ မိမိနေရာ၌ဖြစ်စေ ထိုင်နေရမည်။

(ဤ၌ "ဆွမ်းခံလှည့်လည်ပြီးလျှင်" ဟူသော စကားဖြင့် ပိဏ္ဍပါတ်ဓုတင်ကို ပြတော်မူ၏၊ ဥက္ကဋ္ဌပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်သော ရဟန်းသည် သပဒါနစာရိကဓုတင်၊ ကောသနိက်ဓုတင်၊ ပတ္တပိဏ္ဍိကဓုတင်၊ ခလုပစ္ဆာဘတ္တိကဓုတင်၊ တိစီဝရိက်ဓုတင်၊ ပံသုကူလိကဓုတင်တို့ကိုလည်း ဆောက်တည်ကျင့်သုံးရကား ထိုဓုတင်ခြောက်ပါးတို့ကိုလည်း ပြဆိုတော်မူအပ်ပြီး ဖြစ်လေ၏။

"မိမိနေရာ တောအရပ်တို့သာ သွားရမည်" ဟူသော စကားဖြင့် အာရညိကင် ဓုတင်ကို ပြတော်မူ၏။ ။"သစ်ပင်ရင်း၌ ဖြစ်စေ မိမိနေရာ၌ဖြစ်စေ ထိုင်နေရမည်" ဟူသော စကားဖြင့် ရုက္ခမူလိကဓုတင်

http://www.dhammadownload.com



နေသဇ္ဇိကစုတင်နှစ်ပါးကို ပြတော်မူ၏။ ဤစုတင် ဆယ်ပါးကို အစဉ်အားလျော်စွာ ဟောတော်မူသဖြင့် ထိုစုတင်တို့အား လျော်လျောက်ပတ်သောကြောင့် အဗ္ဘောကာသိကစုတင် ယထာသန္ထတိကစုတင် သုသာနိစုတင် သုံးပါးတို့ကိုလည်း ပြတော်မူပြီးဖြစ်လေသည်၊ သို့ရကား ဤဂါထာဖြင့် မြတ်စွာဘုရားသည် နာလကမထေရ်အား စုတင်တဆယ့်သုံးပါးတို့ကို ဟောကြားတော်မူအပ်၏။)

ချစ်သား နာလက ···· ထိုစုတင်တဆယ့်သုံးပါးတို့ကို ဆောင်လျက် မောနေယျပဋိပတ် အကျင့်မြတ်ကို ကျင့်သော ရဟန်းသည် မဖြစ်သေးသော လောကီစျာန်ကို ဖြစ်စေခြင်း,ဖြစ်ပြီးရပြီးသော လောကီစျာန်ကို ဝသီဘော်ငါးဖြာ လေ့လာနိုင်နင်းအောင် ပြုခြင်းတို့ဖြင့် လောကီစျာန် တရားတို့၌ လေ့လာကြိုးကုတ် အားထုတ်လျက် အပ္ပနာသမာဓိ ရှိသည်ဖြစ်၍ လူသံမနှော တောအရပ်၌မွေ့လျော်ပျော်ပိုက်သူ ဖြစ်ရာ၏။(လောကီစျာန်သက်သက်ကိုသာ အားထုတ်ရုံမျှဖြင့် မပြီးသေး) ထိုတောအရပ်ရှိ သစ်ပင်ရင်း၌ (သောတာပတ္တိမဂ်စသည်နှင့် ယှဉ်သော လောကုတ္တရာစျာန်ဖြင့်လည်း)မိမိကိုယ်ကို အလွန်ရွှင်လန်းနှစ်သက်စေလျက် စျာန်ဝင်စားကာ နေထိုင်ရာ၏။

(ဤဂါထာဖြင့် လောကီ လောကုတ္တရာစျာန်၌ လေ့လာကြိုးကုတ် အားထုတ်ခြင်းဖြင့် တောကျောင်း၌ မွေ့လျော်ခြင်းကိုင်း, အရဟတ္တဖိုလ်ကိုင်း မြတ်စွာဘုရား ဟောကြားတော်မူ၏။)

အရှင်နာလကသည် ဤဆိုအပ်ပြီးသော တရားဒေသနာကို ကြားနာရလျှင် တောသို့ဝင်၍ အစာအာဟာရ မစားပဲလည်း မောနေယျအကျင့်ကို ဖြည့်ကျင့်ရန် အလွန်ပင် စိတ်အား ထက်သန်လျက်ရှိ၏၊ အစာအာဟာရမစားပဲ ရဟန်းတရားကို အားထုတ်ခြင်းငှါလည်း မစွမ်းနိုင်ချေ၊ မှန်၏....အစာအာဟာရမစားပဲ ရဟန်းတရားကို အားထုတ်သူအား အသက်ရှည်မှု မဖြစ်နိုင်၊

http://www.dhammadownload.com



စင်စစ်သော်ကား ကိလေသာတရားတို့ကို မဖြစ်ပွါးစေပဲ အစာအာဟာရကို ရှာမှီးရမည်သာဖြစ်၏၊ ဤသို့ ကိလေသာ တရားတို့ကို မဖြစ်ပွါးစေပဲ အစာအာဟာရကို ရှာမှီးခြင်းသည် သာသနာတော်၌ နည်းလမ်းကျသောအလုပ် ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အရှင်နာလကမထေရ်အား "နောက်နောက်နေ့ရက်များ၌ မြို့ရွာတွင်းသို့ ဆွမ်းခံလှည့်လည်ရာ၏၊ သို့သော် ကိလေသာ တရားတို့ကိုမူ မဖြစ်စေရာ" ဟူ၍ ပြတော်မူခြင်းငှါ အရဟတ္တဖိုလ်သို့ရောက်ခြင်းလျှင် အဆုံးရှိသော (= နောက်ဆုံး၌ အရဟတ္တဖိုလ်သို့ရောက်စေနိုင်သော) ဆွမ်းခံအကျင့်ဝတ်ကို ဟောတော်မူလိုသည် ဖြစ်၍ ဤဆိုလတ္တံ့သော ခြောက်ဂါထာတို့ကို မိန့်မြွက်ဟောကြားတော်မူပြန်လေသည်။

(၁၀) တတော ရတျာဝိဝသာနေ၊
ဂါမန္တမဘိဟာရယေ။
အဝှါနံ နာဘိနန္ဒေယျ၊
အဘိဟာရဥ္စ ဂါမတော။

ချစ်သား နာလက····မောနေယျအကျင့်ကို ကျင့်သော ရဟန်းသည် ထို (ဆိုအပ်ပြီးသည့် ဆွမ်းခံလှည့်လည်ပြီး တောသို့ ရှေးရှုသွားသည်) မှ အထက် နောက်ရက်များ၌လည်း ညဥ့်ကိုလွန်မြောက် မိုးသောက်သောအခါ၌ (ဆွမ်းခံချိန် မရောက်သေးမီအတွင်း ကျောင်းတွင်း၌ပင် စေတိယင်္ဂဏဝတ် စသည်ကို ပြုကျင့်လျက် ကာယဝိဝေက, စိတ္တဝိဝေကတရား ပွါးများပြီးလျှင် အသွားအပြန် ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍) ဆွမ်းခံရွာသို့ သွားရမည်။

ရွာတွင်းသို့ရောက်သောအခါ "အရှင်ဘုရား····တပည့်တော်တို့၏အိမ်၌ ဆွမ်းဘုဉ်းပေးတော်မူပါ" ဟူ၍ ပင့်ဖိတ်ကစ်လှူအပ်သောဆွမ်း ("ဤအိမ်က ငါ့အား ဆွမ်းလှူလေ

http://www.dhammadownload.com



မည်လော၊ မလှူလေမည်လော၊ ကောင်းသည်ကို လှူလေမည်လော၊ မကောင်းသည်ကို လှူလေမည်လော" ဟု တွေးတောတွေပြား အကြံပွါးလျက် ခံအပ်သောဆွမ်း) များကို မနှစ်သက်ရာ၊ မခံယူရာ။ ။(အကယ်၍ ဒကာ များက သပိတ်ကို အတင်းယူကာ ဆွမ်းအပြည့်ထည့်၍ လှူလိုက်သော်ကား ထိုဆွမ်းကိုစား၍ ရဟန်းတရားကို အားထုတ်ရာ၏၊ ခုတင်အကျင့် မပျက်စီးပေ။ သို့သော် ထိုဆွမ်းမျိုးကို ရလိမ့်နိုး မြော်ကိုးသော စိတ်ဖြင့်ကား ထိုရွာသို့ မဝင်ကောင်း။)

(ရွာတွင်းသို့ ဝင်ရောက်ပြီးသော မောနေယျရဟန်း အား ဒါယကာများက မိမိတို့အိမ်သို့ မပင့်မဖိတ်ပဲ အိမ်စဉ် လျှောက်၍ ဆွမ်းမခံမီပင်ရဟန်းရှိရာသို့လာကြ၍ဟင်းခွက် ပေါင်းများစွာဖြင့် ကပ်လှူလာသော ဆွမ်းမျိုးကို အဘိ-ဟာရဆွမ်းဟူ၍ ခေါ်ဆို၏၊) ယင်းအဘိဟာရဆွမ်းကို လည်း (ဟင်းခွက်ပေါင်း အရာဖြင့် ကပ်လာစေကာမူ) ဆွမ်းတလုံးကိုမျှ မခံယူရာ၊ (အိမ်စဉ်လျှောက်၍သာ ဆွမ်း ခံရမည်ဟု ဆိုလိုသည်။)

(၁၁) န မုနီ ဂါမမာဂမ္မ၊
ကုလေသု သဟသာ စရေ။
ဃာသေသနံ ဆိန္နကထော၊
န ဝါစံ ပယုတံ ဘဏေ။

ချစ်သားနာလက.... မောနေယျအကျင့်ကို ကျင့်သော ရဟန်းသည် ရွာတွင်းသို့ရောက်လတ်သည်ရှိသော် ဒါယ-ကာ ဒါယိကာမများ၌ (အေးအတူ ပူအမျှ သာသနာ တော်နှင့် မလျော်ပတ်သည့် ဒကာ ဒကမများနှင့်) ရောနှောမှုကို မပြုရာ။ သူအ-ကဲ့သို့ ဖြစ်၍ ဆွမ်းအစာ အာဟာရကို ရရှိဖို့ရန် နိမိတ်ပြဘာ ပရိယာယ်သွယ်ဝိုက် သော စကားမျိုးကို မပြောကြားရာ။

http://www.dhammadownload.com



(၁၂) အလတ္တံ ယဒိဒံ သာဓု၊
နာလတ္ထံ ကုသလံ ဇုတိ။
ဥဘယေနေဝ သော တာဒီ၊
ရုက္ခံဝုပနိဝတ္တတိ။

ချစ်သားနာလက.... မောနေယျအကျင့်ကို ကျင့်သော ရဟန်းသည်ရွာသို့ဆွမ်းခံဝင်လတ်သော်ဆွမ်းအနည်းငယ်မျှကိုပင် ရလျှင်လည်း "ယင်းသို့ ရခြင်းသည် ကောင်း၏" ဟူ၍၎င်း, ဆွမ်းမရလျှင်လည်း "ယင်းသို့ မရခြင်းသည် အပြစ်မရှိ" ဟူ၍၎င်း ကြံစည်စဉ်းစား နှလုံးထားလျက် ဆွမ်းရခြင်း မရခြင်း နှစ်ပါးဖြင့်ပင် ဖောက်ပြန်တုန်လှုပ်ခြင်းမရှိ တာဒိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ (သစ်သီးရှာသော ယောကျ်ားသည် သစ်ပင်သို့ ချဉ်းကပ်ပြီးလျှင် သစ်သီးကို ရသည်ဖြစ်စေ မရသည်ဖြစ်စေ မုန်းချစ်မပြု လျစ်လျူရှုကာ ထိုသစ်ပင်ကို စွန့်ခွါ၍သွားသကဲ့သို့၊ ထို့အတူ ဆွမ်းမရခြင်း ဆွမ်းရခြင်းကြောင့် မုန်းချစ်မပြု လျစ်လျူရှုကာ) ဒါယကာတို့အိမ်ကို စွန့်ခွါ၍သွားရာ၏။

(၁၃) သ ပတ္တပါဏိ ဝိစရန္တော၊
အမူဂေါ မူဂသမ္မတော။
အပ္ပံ ဒါနံ န ဟီဠေယျ၊
ဒါတာရံ နာဝဇာနိယာ။

ချစ်သား နာလက.... သပိတ်ပိုက်ကာ ဆွမ်းခံလှည့်လည်သော ထိုမောနေယျရဟန်းသည် မအ-သော်လည်း အ-သောသူဟု လူတို့မှတ်ထင်အောင် ကျင့်ရာ၏ (စကားထွေလာ မပြောရာ-ဟု ဆိုလိုသည်)။ အနည်းငယ်မျှလှူဒါန်းသည်ကိုလည်း ထိုအလှူဝတ္ထုကို မရှုတ်ချ မကဲ့ရဲ့ရာ။ အနည်းငယ်မျှ လှူဒါန်းသူဟူ၍လည်း ဒါယကာကို မထီမဲ့မြင်မှု(= အထင်သေးမှု) မပြုရာ။

http://www.dhammadownload.com



(၁၄) ဥစ္စာဝစာ ဟိ ပဋိပဒါ၊
သမဏေန ပကာသိတာ။
န ပါရံ ဒိဂုဏံ ယန္တိ၊
နယိဒံ ဧကဂုဏံ မုတံ။

(ချစ်သား နာလက…. မောနေယျ ရဟန်းသည် ဤဆိုခဲ့ပြီးသည့်အတိုင်း ဆွမ်းခံအကျင့်ဝတ်နှင့် ပြည့်စုံသူ ဖြစ်လတ်သောအခါ ဤမျှဖြင့် တင်းတိမ်ရောင့်ရဲမှုကို မပြုပဲ လွန်ကဲထူးမြတ်သော ပဋိပတ်အကျင့်ကို ကျင့်ကြံအားထုတ် ပြုလုပ်ပြီးစီးစေရမည်။ မှန်၏…. သာသနာတော်သည် ပဋိပတ်တည်းဟူသော အနှစ်သာရရှိ၏၊ "ပဋိပတ်အကျင့်သည် သာသနာတော်၏ အနှစ်သာရဖြစ်၏၊ ပဋိပတ်ကို ကျင့်မှ သာသနာတော်၏ အနှစ်သာရသို့ ဆိုက်ရောက်မည်"ဟု ဆိုလိုသည်။) မဂ်သို့ရောက်ကြောင်း ထိုအကျင့်ကောင်းကိုလည်း အမြတ်စား အညံ့စား နှစ်မျိုးအားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်ပြီ။

(ထင်ရှားစေဦးအံ့… ရဟန်းတရားကို ပွါးများကြိုးကုတ်စ၍အားထုတ်သည်မှနိဗ္ဗာန်ကမ်းပါးတို့ကို ခွါနိုင်သည်တိုင်အောင် ဤအတွင်းသည် ပဋိပဒါ၏ခေတ် ပဋိပဒါ၏နယ်ပယ်မည်၏၊ ဤအတွင်း အလွယ်တကူ မပင်မပန်း နိဗ္ဗာန်ကမ်းပါးတို့ကို ခွါစွန့်နိုင်လျှင် **သုခါပဋိပဒါ** ဟူ၍ ခေါ်၏။ ငြိုငြင်ပင်ပန်း ခဲယဉ်းစွာကျင့်မှ နိဗ္ဗာန်တို့ကို ခွါစွန့်ရလျှင် **ဒုက္ခာပဋိပဒါ** ဟူ၍ ခေါ်၏။ နိဗ္ဗာန်ကမ်းပါးတို့ကို ခွါစွန့်ပြီးသည်မှစ၍ မဂ်ဉာဏ်သို့ရောက်သည်တိုင်အောင် ဤအတွင်းသည် **အဘိညာခေတ်** အဘိညာ (=ဝိပဿနာဉာဏ်ပညာ)၏ နယ်ပယ်မည်၏။ နိဗ္ဗာန်ကမ်းပါးတို့ကို ခွါပြီးသည်နောက် မဂ်ဉာဏ်သို့ အလျင်အမြန်ရောက်သော ဝိပဿနာဉာဏ်တို့ကို **ခိပ္ပါဘိညာ** ဟူ၍ ခေါ်၏။ မဂ်ဉာဏ်သို့ နှေးနှေးကန်ကန်ရောက်မှု ထိုဝိပဿနာဉာဏ်တို့ကို **ဒန္ဓာဘိညာ**ဟူ၍ ခေါ်၏။

http://www.dhammadownload.com



(၁) အချို့သော ပုဂ္ဂိုလ်တို့မှာ ရဟန်းတရား အားထုတ်လတ်သော် နီဝရဏငါးပါးတို့ကို မပင်မပန်း **အလွယ်**တကူနှင့် ပယ်ပြီးလျှင်မဂ်ဉာဏ်သို့ လျင်မြန်စွာ ရောက်ကြ၏။ ထိုပုဂ္ဂိုလ်တို့၏ ပဋိပဒါ (=အကျင့်မျိုး)ကို **သုခါပဋိပဒါခိပ္ပါဘိညာ**ဟူ၍ ခေါ်၏ (ဤအကျင့်မျိုးကို အမြတ်စားဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏)။ (၂) **အချို့သောသူ**တို့မှာ နီဝရဏငါးပါးတို့ကို အလွယ်တကူနှင့် ပယ်ပြီးနောက် နှေးကန်စွာ မဂ်ဉာဏ်သို့ ရောက်ဆိုက်ကြ၏၊ ထိုပုဂ္ဂိုလ်တို့၏ ပဋိပဒါ (=အကျင့်မျိုး)ကို **သုခါပဋိပဒါဒန္ဓာဘိညာ**ဟူ၍ ခေါ်၏။ (၃) အချို့မှာ နီဝရဏငါးပါးတို့ကို ငြိုငြင်ပင်ပန်း ခဲယဉ်းစွာကျင့်မှ ခွါစွန့်နိုင်ပြီးလျှင် မဂ်ဉာဏ်သို့ကား လျင်မြန်စွာ ရောက်ဆိုက်ကြ၏၊ ထိုသူတို့၏ ပဋိပဒါ (=အကျင့်မျိုး)ကို **ဒုက္ခာပဋိပဒါခိပ္ပါဘိညာ**ဟူ၍ ခေါ်၏။ (၄) အချို့မှာ နီဝရဏငါးပါးတို့ကိုလည်း ငြိုငြင်ပင်ပန်း ခဲယဉ်းစွာ ကျင့်၍ စွန့်ခွါပြီးနောက် မဂ်ဉာဏ်သို့လည်း နှေးနှေးကန်ကန် ရောက်ဆိုက်ကြ၏၊ ထိုသူတို့၏ ပဋိပဒါ (=အကျင့်မျိုး)ကို **ဒုက္ခာပဋိပဒါဒန္ဓာဘိညာ**ဟူ၍ ခေါ်၏ (ဤ၂၊၃၊၄-အမှတ်ပါ အကျင့်သုံးမျိုးကို အညံ့စားဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏)။

ချစ်သားနာလက···· ထိုအမြတ်စား အညံ့စား အကျင့်နှစ်ပါးဖြင့် နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းသို့ ရောက်ဆိုက်ရာမှာလည်း မဂ်ဉာဏ်တခုတည်းဖြင့် နိဗ္ဗာန်သို့ နှစ်ကြိမ်နှစ်ခေါက် မရောက်ကောင်းချေ၊ (မဂ်ဉာဏ်သည် တကြိမ်ဖြစ်လိုက်လျှင်ပင် မိမိပယ်ရမည့် ကိလေသာကို အပြီးသတ် ပယ်သောကြောင့် နောက်ထပ်တဖန် ထိုခန္ဓာသန္တာန်မှာ ဖြစ်ရိုးမရှိသဖြင့်— "မဂ်ဉာဏ် တခုတည်းဖြင့် နိဗ္ဗာန်သို့ နှစ်ကြိမ်နှစ်ခေါက် မရောက်ကောင်းချေ" ဟု ဟောတော်မူခြင်းဖြစ်သည်)။ ဤနိဗ္ဗာန်တရားသည် (မဂ်

http://www.dhammadownload.com



ဉာဏ်တခုတည်းဖြင့်) တကြိမ်တည်းသာ အပြီးရောက်ဆိုက်ကောင်းသည့် တရားမျိုးလည်းမဟုတ်ချေ၊ (မဂ်ဉာဏ်တခုတည်းဖြင့် ကိလေသာ အလုံးစုံကို အကုန်ပယ်နိုင်သည် မဟုတ်၊ မဂ်ဉာဏ် လေးပါးတို့ဖြင့်သာ ဆိုင်ရာ ဆိုင်ရာ ဝေခွဲ၍ ကိလေသာတို့ကို သူ့အစုနှင့်သူ အကြွင်းမဲ့ပယ်နိုင်သောကြောင့် "မဂ်ဉာဏ်တချက်တည်းဖြင့် နိဗ္ဗာန်သို့ အပြီးတိုင် အရဟတ္တဖိုလ်ပေါက် မရောက်ဆိုက်နိုင်၊ မဂ်ဉာဏ်လေးရပ်ဖြင့်သာ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်သို့ အပြီးတိုင် ဆိုက်ရောက်နိုင်၏" ဟူလို)။

(၁၅) ယဿ စ ဝိသတာ နတ္ထိ၊
ဆိန္နသောတဿ ဘိက္ခုနော။
ကိစ္စာကိစ္စပ္ပဟီနဿ၊
ပရိဠာဟော န ဝိဇ္ဇတိ။

ချစ်သား နာလက···· (ဤသို့ ဟောပြအပ်ခဲ့သော ပဋိပဒါနှစ်ရပ်တွင် မိမိ ရထိုက်ရာ အကျင့်ပဋိပတ်ဖြင့် အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်အောင် ကျင့်ကြံအားထုတ်ပြီးသော) အကြင်မောနေယျရဟန်းအား (အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်ရှားသတ်ဖြတ်အပ်ပြီးဖြစ်၍) တရာ့ရှစ်ပါး အကျယ် ပြန့်ပွါးသည့် တဏှာ ဝိစရိုက်တရားတို့လည်း မရှိကုန်၊ ထိုသို့ (အရဟတ္တမဂ်ဖြင့်) ကိလေသာ ရေအယဉ်ကိုလည်း အကြွင်းမဲ့ဖြတ်ပြီး ကုသိုလ်အမှု အကုသိုလ်အမှုတို့ကိုလည်း ပယ်ပြီးသော မောနေယျ ရဟန်း၏ သန္တာန်၌ ရာဂကြောင့် ဖြစ်သော ပူလောင်မှု ဒေါသကြောင့်ဖြစ်သော ပူလောင်မှုများ အနည်းငယ်မျှ မရှိတော့ချေ။

(ဤဂါထာဖြင့် ပဋိပဒါ၏ အကျိုးအာနိသင်ကို ပြတော်မူ၏။)

ဤဂါထာတို့ကို ကြားသိရသောအခါ အရှင်နာလက၏ စိတ်သန္တာန်၌ "မောနေယျ အကျင့်သည် ဤမျှ လောက်သာဆိုလျှင်

http://www.dhammadownload.com



အလွယ်သားပဲ၊ခဲယဉ်းသည်မဟုတ်၊မငြိုမငြင် မပင်မပန်း အလွယ်နှင့်ပင် ငါဖြည့်စွမ်းနိုင်မှာပဲ"ဟူ၍ အကြံအစည် ဖြစ်လေသည်။ ထို့ကြောင့် ထိုအရှင်နာလကအား မြတ်စွာဘုရားသည် "ချစ်သား နာလက····မောနေယျအကျင့်သည် သင်ထင်သည့်အတိုင်း ကျင့်ကြံအားထုတ်ရန် လွယ်ကူသည့် အလုပ်မဟုတ်၊ ကေန်စင်စစ် ခဲယဉ်းသောအကျင့်ဖြစ်သည်"ဟု ထပ်၍တဖန် ပြတော်မူပြန်လို၍ ဤဂါထာတို့ကို ဟောကြားတော်မူ၏။

(၁၆) မောနေယျံ တေ ဥပညိဿံ၊
ခုရဓာရူပမော ဘဝေ။
ဇိဝှါယ တာလုမာဟစ္စ၊
ဥဒရေ သညတော သိယာ။

ချစ်သား နာလက····သင်ချစ်သားအား မောနေယျအကျင့်ကို ဆက်၍တဖန် သိစေဦးအံ့၊ မောနေယျ အကျင့်ကို ကျင့်သောရဟန်းသည် သင်ဓုန်းသွားလျှင် နှိုင်းယှဉ်ဖွယ်ရာ ဥပမာရှိသူ ဖြစ်ရမည်။ (အဓိပ္ပါယ်ကား····ပျားရည်လိမ်းသုတ်ထားသော ဓားသွားကို လျက်သောသူသည် လျှာပြတ်မည့်ဘေးမှ စောင့်ရှောက် သတိပြုရသကဲ့သို့ ထို့အတူ တရားသဖြင့် ရအပ်သော ပစ္စည်းလေးပါးတို့ကို သုံးဆောင်သော မောနေယျရဟန်းသည် မိမိ၏ စိတ်ကို ကိလေသာ ဖြစ်မည့်ဘေးမှ စောင့်ရှောက်သွားရာ၏။ မှန်၏····ပစ္စည်းလေးပါးတို့ကို စင်ကြယ်သော နည်းလမ်းဖြင့် ရဖို့ရန်လည်း ခဲယဉ်းလှ၏၊ ရပြီးသောအခါမှာလည်း အပြစ်ကင်းအောင် သုံးဆောင်ရန်လည်း ခဲယဉ်းလှ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် ပစ္စယသန္နိဿိတသီလကိုသာလျှင် ဖန်ဖန်များစွာ ဟောကြားတော်မူသည်။) ချစ်သား နာလက···· မောနေယျအကျင့်ကို ကျင့်သောရဟန်းသည် လျှာဖြင့် အာစောက်ကို ဖိနှိပ်ထောက်ပြီးလျှင် ( =တောက်ခေါက်ပြီးလျှင် ) ( ရသတဏှာကို ပယ်ခွါလျက် မိစ္ဆာဇီဝနည်းလမ်းဖြင့် ဖြစ်ပေါ်ရရှိ

http://www.dhammadownload.com



သော ပစ္စည်းလေးပါးတို့ကို မမှီဝဲပဲ) ဝမ်းအတွက် စောင့်စည်းသူ ဖြစ်ရမည်။ (ဝမ်းရေးအတွက် ဓမ္မိယလဒ္ဓ ပစ္စည်းကို မရရှိလျှင် ရသတဏှာကို ပယ်ရှားပြီး အန်ကြိတ်တောက်ခေါက်၍ သည်းခံနိုင်ရမည်၊ မိစ္ဆာဇီဝနည်းလမ်းဖြင့် ရှာမှီး၍ကား ဘယ်နည်းဖြင့်မျှ မသုံးစွဲရာ-ဟု ဆိုလိုသည်။)

(၁၇) အလီနစိတ္တော စ သိယာ၊
န စာပိ ဗဟု စိန္တယေ။
နိရာမဂန္ဓော အသိတော၊
ဗြဟ္မစရိယပရာယဏော။

ချစ်သားနာလက....မောနေယျအကျင့်ကို ကျင့်သောရဟန်းသည် (ကုသိုလ်တရား ပွါးများခြင်း၌ မရပ်မနားပြုလေ့ရှိသောအားဖြင့် အမြဲတစေ) မပျင်းရိသော စိတ်ရှိသူလည်း ဖြစ်ရမည်။ ဆွေကြောင်းမျိုးကြောင်း မြို့ကြောင်းရွာအကြောင်း-စသည်အားဖြင့် ထွေရာလေးပါး အကြံမများရာ။ ကိလေသာ တည်းဟူသော အစိမ်းနံ့ကင်းလျက် တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသော ဘဝကြီးငယ်၌ မမှီတွယ်ပဲ သုံးပါးသိက္ခာ သာသနာ တည်းဟူသော မြတ်သော အကျင့်လျှင် လည်းလျောင်း အားပြုရာ ရှိသူလည်း ဖြစ်ရမည်။

(၁၈) ဧကာသနဿ သိက္ခေထ၊
သမဏူပါသနဿ စ။
ဧကတ္တံ မောနမက္ခာတံ၊
ဧကော စေ အဘိရမိဿသိ။
အထ ဘာဟိသိ ဒသ ဒိသာ။

ချစ်သားနာလက.... မောနေယျအကျင့်ကို ကျင့်သောရဟန်းသည် အဖော်မမှီး တကိုယ်ထီးသာ ဆိတ်ငြိမ်စွာနေ

http://www.dhammadownload.com



ခြင်း၄ါငှင်း, ရဟန်းတို့ ချဉ်းကပ်ရာ သုံးဆယ့် ရှစ်ပါးသော ကမ္မဋ္ဌာန်းအာရုံကို အဖန်ဖန်ကြိုးကုတ် အားထုတ်ခြင်း၄ါ ငှင်း ကျင့်ကြံအားထုတ်ရမည် (ဤ၌ တကိုယ်ထီး နေခြင်း ဖြင့် ကာယဝိဝေကကို ဟောတော်မူ၏၊ ကမ္မဋ္ဌာန်းအာရုံကို အားထုတ် ပွါးများခြင်းဖြင့် စိတ္တဝိဝေကကို ဟောတော် မူ၏)။ ယင်းသို့ ကာယဝိဝေက, စိတ္တဝိဝေက နှစ်ပါးဖြင့် အဖော်မမှီး တကိုယ်ထီးနေခြင်းကို မောနေယျအကျင့် ဟူ၍ ငါဘုရား ဟောကြားတော်မူအပ်၏။ ချစ်သား နာလက.... သင်ချစ်သားသည် ကာယစိတ္တ ဝိဝေကနှစ်ပါး ဖြင့် အဖော်မမှီး တကိုယ်ထီးသာ မွေ့လျော်နိုင်သည်ရှိသော် ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာတို့၌ ကျော်စောထင်လင်းသူ ဖြစ်ပေလတ့ံ။

(၁၉) သုတွာ ဓီရာနံ နိဃောသံ၊
ဈာယီနံ ကာမစာဂိနံ။
တတော ဟိရိဉ္စ သဒ္ဓဉ္စ၊
ဘိယျော ကုဗ္ဗေထ မာမကော။

ချစ်သားနာလက.... အာရမ္မဏူပနိဇ္ဈာနဈာန်, လက္ခဏူပနိဇ္ဈာနဈာန် နှစ်ပါးကို အဖန်ဖန်ဝင်စားကြကုန်လျက် ဝတ္ထုကာမ, ကိလေသကာမ နှစ်ပါးတို့ကို ပယ်ရှားစွန့် ပစ်တော်မူကြပြီးသော ပညာရှိအပေါင်း သူတော်ကောင်း တို့၏ ကောင်းချီးမြွက်ဖော် ကြွေးကြော်သံကို ကြားရသည် ရှိသော် (သင်ချစ်သားသည်) ထိုကောင်းချီးသံအတွက် (စိဟ်မပြန့်လွင့်စေပဲ) ရှေးကထက်တိုး၍ ရှက်နိုးခြင်း ဟိရိ တရားကိုငှင်း, (ဤမောနေယျအကျင့်သည် သံသရာဝဋ်မှ ကျွတ်လွတ် ထွက်မြောက်ကြောင်း အကျင့်ကောင်းတည်း ဟု) သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားကိုငှင်း(အကြိမ်ကြိမ် ဖြစ်ပွါးစေလျက်) နိယျာနိက အကျင့်ကိုသာ ပြုလုပ် အားထုတ် ပွါးများရာ၏၊ ယင်းသို့ ပွါးများသည်ရှိသော် ငါဘုရား၏ သားတော်စင်စစ် ဖြစ်ပေလိမ့်မည်။

http://www.dhammadownload.com



(၂၀) တံ နဒီဟိ ဝိဇာနာထ၊
သောဗ္ဘေသု ပဒရေသု စ။
သဏန္တာ ယန္တိ ကုသောဗ္ဘာ၊
တုဏှီ ယန္တိ မဟောဒဓိ။

ချစ်သား နာလက…. ထို (ငါဘုရား ဟောကြားအပ်ခဲ့သည့် "ပညာရှိတို့၏ ကောင်းချီးသံကိုကြားရသော် စိတ်မြန့်လွှင့်တုန်လှုပ်ခြင်းကို မဖြစ်စေပဲ ဟိရီတရား သဒ္ဒါတရားကိုသာ ဆဆထပ်ပိုး တိုး၍ပြုရာ၏"ဟူသော) ဩဝါဒအချက်ကို ဤဆိုလတ္တံ့သော မြစ်ကြီးဥပမာ ချောင်းငယ်မြောင်းငယ်ဥပမာတို့ဖြင့် သိရမည်။ ချောင်းငယ် မြောင်းငယ်များသည် တလှုပ်လှုပ်လှုပ် အသံထွက်ကာ စီးသွားကြကုန်၏။ ဂင်္ဂါ-စသော မြစ်ကြီးတို့သည်ကား မလှုပ်မလှုပ် အသံမထွက်ပဲ တိတ်တိတ်ဆိတ်ဆိတ်သာ စီးသွားကြကုန်၏။ (ထို့အတူပင် ငါဘုရား၏ သားတော် မပြီးသသောသူသည် ချောင်းငယ် မြောင်းငယ်များပမာ "ငါကား မောနေယျ အကျင့်ကို ဖြည့်ကျင့်သူ ဖြစ်ပေ၏"ဟု မြန့်လွှင့်တုန်လှုပ်၏။ ငါဘုရား၏သားတော် ပြီးသသော သူသည်ကား ဆိုအပ်ပြီးသည့် ဟိရီတရား သဒ္ဒါတရား ဤနှစ်ပါးကိုဖြစ်ပွါးစေကာ မြစ်ကြီးများပမာ နိမ်ချသောစိတ် ရှိလျက်ဆိတ်ဆိတ်သာလျှင် တည်နေ၏-ဟု ဆိုလိုသည်။)

(၂၁) ယဒူနကံ တံ သဏာတိ၊
ယံ ပူရံ သန္တမေဝ တံ။
အဍ္ဎကုမ္ဘူပမော ဗာလော၊
ရဟဒေါ ပူရောဝ ပဏ္ဍိတော။

ချစ်သား နာလက…. (ငါဘုရား တဆင့်တိုး၍ တမျိုးညွှန်ပြလိုသည်မှာ) အကြင် အိုးခွက်သည် ရေမပြည့်ပဲ ယုတ်လျော့၏၊ ထိုအိုးခွက်သည် ဗောင်မင်ခတ်လျက် အသံထွက်၏။ အကြင် အိုးခွက်သည် ရေဖြင့် ပြည့်၏၊ ထိုရေပြည့်

http://www.dhammadownload.com



သော အိုးခွက်သည် အသံမထွက် ငြိမ်သက်၏။ သူမိုက်သည် ရေတဝက်ဖြင့် အသံထွက်သော အိုးခွက်နှင့်တူ၏။ ပညာရှိသည် ရေပြည့်သော အိုင်ကြီးနှင့် တူ၏။

ဤ၌ "သူမိုက်သည် မငြိမ်မသက် အသံထွက်သော အားဖြင့် ရေမပြည့်သော အိုးနှင့် တူ၍ ပညာရှိသည် အသံမထွက် ငြိမ်သက်သောအားဖြင့် ရေပြည့်သောအိုင်ကြီးနှင့် တူခဲ့သော် မြတ်စွာဘုရားသည် အဘယ့်ကြောင့် တရားဟောရန် အားထုတ်သည် ဖြစ်၍ များစွာသော စကားကို ပြောကြားတော်မူသနည်း"ဟူ၍ စောဒကတက်ဖွယ်ရှိလာပြန်သောကြောင့် ဤနောက်ဆုံး နှစ်ဂါထာကို ဟောကြားတော်မူသည်။

(၂၂) ယံ သမဏော ဗဟုံ ဘာသတိ၊
ဥပေတံ အတ္ထသဉှိတံ။
ဇာနံ သော ဓမ္မံ ဒေသေတိ၊
ဇာနံ သော ဗဟု ဘာသတိ။

(၂၃) ယော စ ဇာနံ သံယတတ္တော၊
ဇာနံ န ဗဟု ဘာသတိ။
သ မုနီ မောနမရဟာတိ၊
သ မုနီ မောနမဇ္ဈဂါ။

ချစ်သား နာလက ···· ရဟန်းမြတ် ဖြစ်တော်မူသော ငါဘုရားသည် အနက်သဒ္ဒါနှင့် ပြည့်စုံသည့် အကျိုးစီးပွါးနှင့် စပ်ယှဉ်သော အကြောင်းစကားကို များစွာ ဟောကြား၏။ (ထိုစကားကို ပြန်လွှင့်ခြင်း တုန်လှုပ်ခြင်း ဥဒ္ဓစ္စဖြင့် ဟောသည်မဟုတ်၊ စင်စစ်သော်ကား) ထိုရဟန်းမြတ်ဖြစ်သော ငါဘုရားသည် အကျိုးရှိ မရှိ အသိဉာဏ်ပညာတရားဖြင့် ပိုင်းခြား သိမြင်လျက် တရားကိုသာလျှင် ဟောကြားခြင်း ဖြစ်၏ (တနေ့လုံး ဟောကြားစေကာမူ အချိန်ဖင့်နွှဲအောင် တမင်ဆွဲ၍ ဟောနေခြင်းမဟုတ်ချေ)။ ယင်းသို့ တရားကို

http://www.dhammadownload.com



သာ ဟောဆိုရမှာလည်း "ဤတရားသည် ဤသူအတွက် အကျိုးဖြစ်ကြောင်း အစီးအပွါးကောင်းတည်း၊ ဤတရားသည် ဤသူအတွက် အကျိုးဖြစ်ကြောင်း အစီးအပွါးကောင်းတည်း"ဟု အထူးထူး အပြားပြား ခွဲခြားသိမြင်၍ သာလျှင် များစွာ ဟောကြားတော်မူ၏။ (ပင်ကိုယ်က စကားများသူဖြစ်၍ အနှစ်မပါသော စကားကို ပြောကြားနေခြင်း မဟုတ်-ဟု ဆိုလိုသည်။)

ချစ်သားနာလက···· မောနေယျအကျင့်ကို ကျင့်သောအကြင်ရဟန်းသည် ငါဘုရား ခွဲခြားသိမြင်၍ ဟောကြားအပ်သောတရားကို (နိဗ္ဗေဓဘာဂိယဉာဏ်ပညာ=ကိလေသာတို့ကို ဖြိုခွဲနိုင်သော အသိဉာဏ်ပညာဖြင့်) သိမြင်ကာလုံးခြုံအောင် ထိန်းစောင့်အပ်သောစိတ်ရှိလျက် (သတ္တဝါတို့အား စီးပွါးချမ်းသာ မဖြစ်စေနိုင်မည့် စကားကို) သိသည်ဖြစ်၍ များစွာမပြောကြား။ ထိုမောနေယျအကျင့်ကို ကျင့်သောရဟန်းသည်သာ မောနေယျအကျင့်ကို ထိုက်တန်သူ ဖြစ်ပေ၏။ (ထိုက်တန်ရုံမျှသာ မဟုတ်သေး၊ စင်စစ်သော်ကား) ထို မောနေယျရဟန်းသည် အရဟတ္တမဂ်ဉာဏ်ကို ကေနံပင် ရနိုင်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် အရဟတ္တဖိုလ် အထွတ်တပ်လျက် မောနေယျအကျင့် ပဋိပတ်နှင့်စပ်သော တရားဒေသနာတော်မြတ်ကို ဟောကြားပြီးဆုံးစေတော်မူ၏။

### အရှင်နာလကာ၏ အလိုနည်းခြင်းသုံးပါး

ထိုသို့ မြတ်စွာဘုရားသခင် အရဟတ္တဖိုလ် အထွတ်တပ်၍ မောနေယျအကျင့်ပဋိပတ်ကို အကျယ်တဝင့် ဟောပြအပ်သည်ကို ကြားနာရသည်ရှိသော် အရှင်နာလက မထေရ်သည် (၁) ဘုရားဖူးခြင်း (၂) တရားနာခြင်း (၃) မောနေယျအကျင့်ကို မေးမြန်းခြင်း ဤသုံးဌာနတို့၌ အလိုနည်းပါးသူ ဖြစ်လေ၏။ ရှုဦးအံ့—

http://www.dhammadownload.com



(၁) အရှင်နာလကမထေရ်သည် မောနေယျအကျင့် ပဋိပတ်နှင့်စပ်သော တရားဒေသနာကို ကြားနာပြီးသောအဆုံး၌ အလွန်ကြည်လင်ရွှင်ပျ အားရသောစိတ်ရှိလျက် မြတ်စွာဘုရားကို ရှိသေမြတ်နိုး အားရအင်ပြည့် ရှိခိုးပြီးလျှင် တောအရပ်သို့ ဝင်လေတော့၏။ ထိုသို့ တောဝင်သည်မှစ၍ နောက်ထပ်တဖန် "ငါသည် မြတ်စွာဘုရားကို ဖူးမြင်ရပါမူ ကောင်းလေစွ" ဟူသော အလိုဆန္ဒမျိုး အရှင်နာလကမထေရ်၏ သန္တာန်၌ တကြိမ်မျှမဖြစ်တော့ချေ၊ ဤကား ထိုအရှင်နာလက၏ ဘုရားဖူးခြင်း၌ အလိုနည်းပါးမှုပေတည်း။

(၂) ထို့အတူ "ငါသည် နောက်ထပ်တဖန် တရားကို နာရပါမူ ကောင်းလေစွ" ဟူသော အလိုဆန္ဒမျိုးလည်း အရှင်နာလကမထေရ်၏ သန္တာန်၌ တကြိမ်မျှမဖြစ်တော့ချေ။ ဤကား ထိုအရှင်နာလက၏ တရားနာခြင်း၌ အလိုနည်းပါးမှုပေတည်း။

(၃) ထို့အတူပင် "ငါသည် နောက်ထပ်တဖန် မောနေယျအကျင့်ကို မြတ်စွာဘုရားအား လျှောက်ထား မေးမြန်းရပါမူ ကောင်းလေစွ" ဟူသော အလိုဆန္ဒမျိုးလည်း အရှင်နာလကမထေရ်၏ သန္တာန်၌ တကြိမ်မျှ မဖြစ်တော့ချေ။ ဤကား ထိုအရှင်နာလက၏ မောနေယျအကျင့်ကို မေးမြန်းခြင်း၌ အလိုနည်းပါးမှုပေတည်း။ (ဘုရားတဆူတဆူလျှင် တဦးတဦးသာ ပေါ်ထွက်သည့် ပုဂ္ဂလဝိသေသ သာဝကဝိသေသ ဖြစ်သည်အားလျော်စွာ မြတ်စွာဘုရားကို တကြိမ်မျှ ဖူးမြင်ရရုံ တရားတော်ကိုလည်း တကြိမ်မျှ ကြားနာရရုံ မောနေယျအကျင့်ကိုလည်း တကြိမ်မျှ မေးလျှောက်လိုက်ရရုံဖြင့်ပင် တင်းတိမ်အားရ အလိုဆန္ဒ ပြည့်ဝသွားသည့်အတွက် နောက်ထပ်တဖန် ဘုရားကိုဖူးလိုသော အလိုဆန္ဒ,တရားတော်ကိုနာလိုသော အလိုဆန္ဒ,ပုစ္ဆာကို မေးလျှောက်လိုသော အလိုဆန္ဒတို့ မဖြစ်မပေါ်တော့ခြင်း ဖြစ်ပေသည်၊ သဒ္ဓါတရား ခေါင်းပါး၍ ဘုရားမဖူးလိုခြင်း, တရားမနာလိုခြင်း, ပုစ္ဆာမမေးလျှောက်လိုခြင်း- ဖြစ်သည်မဟုတ်။)

http://www.dhammadownload.com



### အရှင်နာလက ရဟန္တာဖြစ်ခြင်း

ဤသို့လျှင် အရှင်နာလကမထေရ်သည် အလိုနည်းခြင်းသုံးပါး နှင့်ပြည့်စုံသူဖြစ်၍ တောင်ခြေအရင်း တောအတွင်းသို့ ဝင်ပြီးလျှင် တောအုပ်တခု၌ တရက်သာနေ၍ နှစ်ရက်မနေ၊ သစ်တပင်ရင်း၌ လည်း တရက်သာနေ၍ နှစ်ရက်မနေ၊ ရွာတရွာ၌ တရက်သာ ဆွမ်းခံ၍ နှစ်ရက်ဆွမ်းမခံချေ၊ ဤနည်းဖြင့် တတောမှ တတောသို့ ၎င်း, သစ်တပင်ရင်းမှ သစ်တပင်ရင်းသို့၎င်း, တရွာမှတရွာသို့၎င်း ပြောင်းရွှေ့ လှည့်လည်တော်မူကာ မိမိနှင့် သင့်လျော် လျောက် ပတ်သော မောနေယျ အကျင့်ကို ကျင့်တော်မူသည်ရှိသော် မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။

### မောနေယျပုဂ္ဂိုလ်သုံးမျိုးနှင့် အရှင်နာလကမထေရ် ပရိနိဗ္ဗာန်စံဝင်ခြင်း

မောနေယျအကျင့်ကို ကျင့်သောပုဂ္ဂိုလ်တို့သည် (၁) အထက် ဆုံး အမြတ်ဆုံး ကျင့်ကြံသော ဉက္ကဋ္ဌပုဂ္ဂိုလ်၊ (၂) အလယ်အလတ် ကျင့်ကြံသော မဇ္ဈိမပုဂ္ဂိုလ်၊ (၃) လျော့လျော့နုန့်နုန့် ကျင့်ကြံသော မုဒုံပုဂ္ဂိုလ်ဟူ၍ သုံးမျိုးရှိ၏။

ထိုသုံးမျိုးတို့တွင် (၁) အထက်ဆုံး အမြတ်ဆုံး ကျင့်ကြံသော ဉက္ကဋ္ဌပုဂ္ဂိုလ်သည် (၇) ခုနစ်လသာ အသက်ရှည်၏၊ (၂) အလယ် အလတ်ကျင့်ကြံသော မဇ္ဈိမပုဂ္ဂိုလ်သည် (၇) ခုနစ်နှစ်သာ အသက် ရှည်၏၊ (၃) လျော့လျော့နုန့်နုန့် ကျင့်ကြံသော မုဒုံပုဂ္ဂိုလ်သည် (၁၆) တဆယ့်ခြောက်နှစ်သာ အသက်ရှည်၏။

ထိုမောနေယျပုဂ္ဂိုလ် သုံးမျိုးတို့တွင် ဤအရှင်နာလကမထေရ် သည်ကား မောနေယျအကျင့်ကို အထက်ဆုံး အမြတ်ဆုံးပြု၍ ဖြည့်ကျင့်သော ဉက္ကဋ္ဌပုဂ္ဂိုလ်ဖြစ်သောကြောင့် (၇) ခုနစ်လသာ အသက်ရှည် တည်တော်မူ၍ မိမိ၏ အာယုသင်္ခါရ (= ဇီဝိတိန္ဒြေ သန္တာန်အစဉ်) ကုန်တော့မည်ကို စဉ်းစားဆင်ခြင် သိမြင်တော် မူသဖြင့် ကိုယ်ကို သန့်ရှင်းစင်ကြယ်အောင် ရေချိုးတော်မူလျက်

http://www.dhammadownload.com



သင်းပိုင်ကို အဝန်းညီစွာ ပြင်ဆင်သစ်ယပ် ဝတ်တော်မူပြီးလျှင် ခါးပန်းကို ပန်းတော်မူပြီးနောက် သက်န်းကြီးနှင့် ကေစွိကို ထပ် လျက်ရုံပြီးကာ မြတ်စွာဘုရားသီတင်းသုံးတော်မူရာ ရာဇဂြိုဟ်ပြည့် ဖက်သို့ မျက်နှာတူရှုမူပြီးလျှင် လက်နှစ်ဖက်ဒူး နဖူးမြေထား ထိခြင်း ငါးပါးဖြင့် ရှိခိုး၍ လက်အုပ်ကိုမြှောက်ချီကာ ဟိဂုံလကမည်သော တောင်ကိုမှီ၍ ရပ်တော်မူလျက်သာလျှင် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘဝဇာတ်သိမ်းတော်မူလေ၏။

**ဓာတ်တော်များကို စေတီတည်ခြင်း**

ထိုအခါ မြတ်စွာဘုရားသည် အရှင်နာလကမထေရ် ပရိနိဗ္ဗာန် စံဝင်ကြောင်းကို ကြည့်ရှုသိမြင်တော်မူသဖြင့် နောက်ပါ ရဟန်း သံဃာများနှင့်တကွ ထိုအရပ်သို့ ကြွသွားတော်မူပြီးလျှင် ဈာပနမှု ဘုရားကိုယ်တိုင် ဦးစီးစီမံ၍ ပြုပြီးနောက် ဓာတ်တော်များကို ကောက်ယူစေပြီးလျှင် စေတီတည်ထားစေတော်မူ၍ ရာဇဂြိုဟ် ပြည်သို့ပင် ပြန်ကြွတော်မူလေ၏။

**မောနေယျအကျင့်ကို ဟောကြားတော်မူခြင်းအကြောင်း ပြီး၏။**

---

**အခန်း - ၁၂**

**ယသသူဌေးသား ရဟန်းပြုခြင်းအကြောင်း**

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့နှင့် အရှင်နာလကမထေရ် အား ဓမ္မစက္ကပဝတ္တနသုတ္တန်, အနတ္တလက္ခဏာသုတ္တန်, နာလက- သုတ္တန်တို့ကို ဟောကြားချေချွတ်၍ ဗာရာဏသီပြည် ဣသိပတန- မိဂဒါဝုန်တောမှာပင် ဝါကပ်နေထိုင် သီတင်းသုံးတော်မူစဉ် သေနိဂုံးသူ (ဿနာန္ရိဆွမ်းကပ်လှူသူ) ဗာရာဏသီ သူဌေး ကတော်ကြီးဖြစ်သော သုဇာတာ၏သား ယသအမျိုးကောင်း သားသည် သိမ်မွေ့နူးညံ့သော ကိုယ်နှုတ်နှလုံးရှိသူ ဖြစ်သည့်ပြင် များပြားလှစွာသော စည်းစိမ်ဥစ္စာ အခြံအရံနှင့်လည်း ပြည့်စုံသူ ဖြစ်၏။

http://www.dhammadownload.com



ထိုယသသူဌေးသားမှာ ဆောင်းရာသီ စံနေရန်အတွက် ပြာသာဒ်တဆောင်, နွေရာသီ စံနေရန် အတွက် ပြာသာဒ်တဆောင်, မိုးရာသီ စံနေရန်အတွက် ပြာသာဒ်တဆောင်ဟူ၍ ပြာသာဒ်သုံးဆောင်တို့ ရှိလေသည်။ ယသသူဌေးသားသည် (မြတ်စွာဘုရား မိဂဒါဝုန်တောသို့ သီတင်းသုံးနေတော်မူခိုက် ဖြစ်သော ထိုအခါ၌) မိုးရာသီဖြစ်သဖြင့် မိုးဥတုနှင့်လျော်ကပ်သော စံအိမ်ပြာသာဒ်ထက်၌ မိုးလေးလပတ်လုံး တီးမှုတ် ကခုန် သီဆိုမှု၌ ကျွမ်းကျင်လိမ္မာသော ကခြေသည်အပေါင်း ခြံရံလျက် စံအိမ်ပြာသာဒ်ကြီးတဆောင်လုံးမှာ ယောကျ်ားဟူ၍ တယောက်မျှမရှိပဲ တံခါးစောင့်မှအစ ဖျော်ဖြေမှုယုသူ ဟူသမျှတို့မှာ မိန်းမချည်းဖြစ်လျက် လွန်ကဲကြီးကျယ်သော ကာမဂုဏ်ချမ်းသာကို ခံစားပျော်ပါး၍ ပြာသာဒ်အောက်သို့မဆင်းပဲ နေထိုင်ဆဲ ဖြစ်လေသည်။ (ယသ၏ဖခင် သူဌေးကြီးကား "ဤမျှခမ်းနားကြီးမားသော စည်းစိမ်ချမ်းသာကို ခံစား၍နေသည့် ငါ့သားအား ယောကျ်ားတယောက်ယောက်ကိုမြင်လျှင် ရှိရှာဇကြောက်လန့်ခြင်းအလျှင်းပင် မဖြစ်ပါစေလင့်"ဟု ရည်ရွယ်ကာ စံအိမ်ပြာသာဒ်ကြီးအတွင်း ပြုဖွယ်ကိစ္စ အဂဝတ္တအတွက် မိန်းမများကိုသာ ခန့်ထားစီမံခြင်း ဖြစ်လေသည်။)

ထိုသို့ ယောကျ်ားမပါ တူရိယာငါးပါးတို့ဖြင့် တီးမှုတ် သီဆို ကခုန်ပျော်ပါး မိန်းမသားများဖြင့်သာ ကြီးမားသော ကာမစည်းစိမ်ကို မြိန်ရှက်စွာ ခံစားသုံးစွဲ၍နေခိုက် တနေ့သ၌ ယသသူဌေးသားသည် စောစီးစွာအိပ်ပျော်၍ သွားလေသည်။ အဖျော်အဖြေ အပြုအစု အယုအယ ကခြေသည်အပေါင်းသည်လည်း သူဌေးသား အိပ်ပျော်လတ်သော် မလိုအပ်တော့ပြီဖြစ်၍ မိမိတို့ စွဲကိုင်ရင်းဖြစ်သော တူရိယာများကို အသီးအသီး ပွေ့လျက် ပိုက်လျက် ခေါင်းအုံးလျက် အိပ်စက်ကြလေ၏။ ပွဲကြည့်ဆည်ခံဆောင် ထိုခန်းမကြီးအတွင်း၌ကား ထိန်ထိန်လျှံညီး ဆီမီးများကို တညဉ့်လုံး ထွန်းထားအပ်လေသည်။

http://www.dhammadownload.com



ထိုအခါ ယသသူဌေးသားသည် သူတပါးတို့မနိုးခင် အလျင် လက်ဦး အိပ်ရာမှ နိုးလတ်၍ မိမိ၏အခြွေအရံ မောင်းမကခြေသည် များ တချို့က စောင်းကိုပိုက်လျက် တချို့က မုရိုးစည်ကိုလွယ်လျက် တချို့က ထက်စည် (ဖားစည်)ကို ပွေ့ဖက်လျက် တချို့က ဆံပင် တွေ ဖရိုဖရဲကျဲလျက် တချို့က တံထွေးလျှာရည် တစီးစီးယိုကျလျက် တချို့က ယောင်ယမ်းစကား ပြောကြားလျက် လက်သို့ ရောက်ရှိ သော သုသာန်ပမာ လွန်စွာစက်ဆုပ်ဖွယ် အိပ်မောကျ၍ နေကြ သည်ကို မြင်ရလေသော် ယသသူဌေးသားအား ကာမဂုဏ်တို့၏ အာဒီနဝ အပြစ်သဘော ပေါ်လောထင်ရှား၍လာလေ၏၊ ကာမ ဂုဏ်တို့၌ ငြီးငွေ့သောစိတ်များ တရိပ်ရိပ် ဖြစ်ပွါး တည်ရှိလာ လေ၏။

ထိုအခါ ယသသူဌေးသားသည် သံဝေဂကြီးစွာ ဖြစ်ရှိရကား "ဥပဒ္ဒုတံ ဝတ ဘော၊ ဥပဿဋ္ဌံ ဝတ ဘော = အို.... သူရော ကိုယ်ပါ ခပ်သိမ်းသော သတ္တဝါတို့၏ ခန္ဓာကိုယ်ဆိုး ဤဒုက္ခအိုး ကြီးကို အမျိုးမျိုးသောကိလေသာတရားတို့ ထိပါးနှိပ်စက်အပ်လှ ချည့်တကား၊ အို....သူရောကိုယ်ပါ ခပ်သိမ်းသော သတ္တဝါတို့၏ ခန္ဓာကိုယ်ဆိုး ဒုက္ခအိုးကြီးကို အမျိုးမျိုးသောကိလေသာတရားတို့ ညှဉ်းပန်း နှိပ်စက်အပ်လှချည့်တကား" ဟု သံဝေဂဉာဏ်အစွမ်း ကြောင့် ဖြစ်သော ဥဒါန်းစကားကို တယောက်တည်း မြွက်ဆို ကျူးရင့်လေ၏။

ထိုအခါ ယသသူဌေးသားသည် (မိမိ၏ အတွေ့အကြုံ အာရုံ တို့၌ ငြီးငွေ့၍) အိပ်ရာဈောင်စောင်း လျောင်းရာမှထကာ ရွှေ ခြေနင်းများကို စီးနင်းလျက် (မည်သူတဦးတယောက်ကိုမျှ အသိ မပေးပဲ)ထွက်ခဲ့လေရာ အိမ်တံခါးဝသို့ ရောက်လျှင် နတ်တို့က "ယသ သူဌေးသား၏ ရှင်ရဟန်းပြုခြင်း ကိစ္စအတွက် တဦး တယောက်မျှ အဆီးအတား အန္တရာယ် မပြုနိုင်စေသတည်း"ဟု စောစီးကပင် ကြိုတင်၍ တံခါးကိုဖွင့်ထားနှင့်ကြသဖြင့် လွယ်လင့် စွာပင် အိမ်မှထွက်ခဲ့၍ မြို့တံခါးသို့ရောက်ပြန်သော် ရှေးနည်းအတူ ပင် မြို့စောင့်နတ်များက မြို့တံခါးကို ဖွင့်လှစ်ထားနှင့်ကြသဖြင့်

http://www.dhammadownload.com



လွယ်လင့်စွာပင် အဆီးအတား အနှောက်အယှက်မရှိပဲ မြို့မှ ထွက်ခဲ့၍ ခရီးဆက်လေရာ ဗာရာဏသီပြည်အနီး ဣသိပတန မိဂဒါဝုန်တောကြီးသို့ စောစီးစွာပင် ဆိုက်ရောက်လေ၏။

ထိုအချိန်၌ မြတ်စွာဘုရားသည် ညဉ့်၏ မိုးသောက်ယံ နောက်ပိုင်းတွင် စောစီးစွာထ၍ ဟင်းလင်းအပြင် လွင်တီးခေါင်၌ စင်္ကြံ လျှောက်တော်မူနေဆဲဖြစ်ရကား ယသ သူဌေးသား အဝေးမှ လာနေသည်ကို မြင်တော်မူလေလျှင် စင်္ကြံမှဆင်းသက်ကာ သင့်လျော်စွာခင်းထားအပ်သော ဘုရားနေရာ၌ ထိုင်နေတော်မူလေ၏။ ထိုအခါ ယသသူဌေးသားသည် မြတ်စွာဘုရား၏ အနီးထံမှောက် ရောက်ရှိလတ်သော် ယခင်မြွက်ဆို ကျူးရင့်ခဲ့သော သံဝေဂဥဒါန်းစကားကိုပင် မြွက်ဆိုကျူးရင့်ပြန်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ယသသူဌေးသားကို "ချစ်သား ယသ....ဤငါဘုရားသိရှိ၍ထားသောနိဗ္ဗာန်တရားသည် အမျိုးမျိုးသော ကိလေသာတို့ မနှိပ်စက်မညှဉ်းပန်းအပ်သော တရားဖြစ်ပေ၏။ ချစ်သား ယသ.... လာလော့၊ ဤနေရာ၌ သင်ချစ်သား ထိုင်နေလော့၊ သင်ချစ်သားအား ငါဘုရားသည် နိဗ္ဗာန် ရောက်ကြောင်း တရားကောင်းကို ဟောပြပေအံ့" ဟူ၍ ဖိတ်ခေါ်စကား တိုက်တွန်းစကားကို မိန့်ကြားတော်မူလေ၏။ ထိုအခါ ယသ သူဌေးသားသည် "ဤ မြတ်စွာဘုရား သိမြင်ထားသည့် နိဗ္ဗာန်တရားသည် အမျိုးမျိုးသော ကိလေသာတို့ မနှိပ်စက် မညှဉ်းပန်းအပ်သော တရားဖြစ်သတဲ့" ဟု နှစ်သက်ရွှင်လန်း ဝမ်းမြောက်ဟက်ကြွသော စိတ်ရှိလျက် မိမိစီးနင်းခဲ့သော ရွှေခြေနင်းများကိုချွတ်ပြီးလျှင် မြတ်စွာဘုရားရှင်အနီးသို့ ရှိသေလေးမြတ် ချဉ်းကပ်၍ ရှိခိုးကာ လျောက်ပတ်သောနေရာ၌ ထိုင်နေလေ၏။

ထိုအခါ မြတ်စွာဘုရားသည် လျောက်ပတ်သောနေရာ၌ ထိုင်နေပြီးသော ယသ သူဌေးသားအား မဂ်ဖိုလ် ရောက်ကြောင်း ကောင်းမြတ်သော တရားလမ်းစဉ်ဖြစ်သည့် (၁) ဒါနကထာ = ဒါနနှင့်စပ်သောတရားစကား၊ (၂) သီလကထာ = သီလနှင့်စပ်

http://www.dhammadownload.com



သော တရားစကား၊ (၃) သဂ္ဂကထာ = နတ်ရွာသုဂတိနှင့် စပ်သော တရားစကား၊ (၄) မဂ္ဂကထာ = မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကျင့်စဉ်နှင့် စပ်သော တရားစကားတို့ကို အစဉ်အတိုင်းဟောကြားတော်မူလေ၏။

ဒါနကထာ

ဒါနကထာ = ဒါနနှင့်စပ်သော တရားစကားဟူသည်မှာ— "ဤဒါနကောင်းမှုသည် မျက်မှောက်ဘဝချမ်းသာ, တမလွန် ဘဝချမ်းသာ, နိဗ္ဗာန်ချမ်းသာတို့၏ အကြောင်းဖြစ်၏၊ လူ့စည်းစိမ် နတ်စည်းစိမ်အစရှိသော စည်းစိမ်အမျိုးမျိုးတို့၏ အကြောင်းရင်းဖြစ်၏၊ အသုံးအဆောင်ဖြစ်သော အာရုံဝတ္ထုများ ထိုဝတ္ထုများကို သုံးဆောင်၍ ဖြစ်သော ချမ်းသာမှုများ၏ တည်ရာလည်းဖြစ်၏၊ဗျသနဘေးရောက်ဆိုက်သော သတ္တဝါများအဖို့ အစောင့်အရှောက်ကောင်းလည်းဖြစ်၏၊ ပုန်းအောင်းရာ လားရာ လည်းလျောင်းရာလည်းဖြစ်၏။ ဤပစ္စုပ္ပန်ဘဝ, တမလွန်ဘဝတို့၌ ဒါနနှင့်တူသော မှီရာတည်ရာ ဆွဲတွယ်ရာ အစောင့် အရှောက်ကောင်း ပုန်းအောင်းရာ လားရာ လည်းလျောင်းရာဟူ၍ မရှိချေ။

မှန်၏.... ဤဒါနကောင်းမှုသည် မှီရာဖြစ်သောကြောင့် ရတနာခြယ်စီသော သီဟာသနပလ္လင်နှင့် တူ၏၊ ထောက်တည်ရာ ဖြစ်သောကြောင့် မဟာပထဝီမြေကြီးနှင့်တူ၏၊ ဆွဲတွယ်ရာ ဖြစ်သောကြောင့် မျက်မမြင်သူကန်းတို့၏ ဆွဲလှမ်းအားပြုရာ ကြိုးနှင့်လည်းတူ၏။ ဆက်ဦးအံ့.... ဤဒါနကောင်းမှုသည် အပါယ်ဘုမ် ဒုဂ္ဂတိဆင်းရဲမှ ကူးမြောက်ကြောင်းဖြစ်သောကြောင့် သင်္ဘောလှေနှင့်တူ၏၊ လောဘ မစ္ဆရိယ အစရှိသော တဖက်ရန်သူ ဘေးမှ ကင်းရှင်းသက်သာ စေတတ်သောကြောင့် စစ်မြေအရပ်၌ တပ်မှူးသူရဲကောင်းသဖွယ်လည်း ဖြစ်၏၊ ဆင်းရဲမွဲတေခြင်းဘေးမှ ကင်းဝေးအောင် စောင့်ရှောက်တတ်သောကြောင့် ခိုင်ခံ့စွာပြုပြင် စီရင်မွမ်းမံအပ်သော မြို့ကြီးသဖွယ်လည်း ဖြစ်၏၊ မနာလိုခြင်း = ဣဿာ, ဝန်တိုခြင်း = မစ္ဆရိယ-အစရှိသော အကုသိုလ် အညစ်

http://www.dhammadownload.com



အကြေးတို့ မလိမ်းထေး မကပ်ငြိအပ်သောကြောင့် ပဒုမာ ကြာ ပန်းသဖွယ်လည်း ဖြစ်၏၊ ထိုဇ္ဈာသာ မဇ္ဈရိယအစရှိသော အကု- သိုလ် အမှိုက်သရိုက်တို့ကို ဖုတ်မြိုက်လောင်ကျွမ်းစေတတ်သော ကြောင့် မီးသဖွယ်လည်း ဖြစ်၏၊ ထိုအကုသိုလ်ရန်သူတို့ ချဉ်းကပ် နိုင်ခဲသောကြောင့် အဆိပ်လျင်သော မြွေသဖွယ်လည်း ဖြစ်၏၊ ထိတ်လန့်ကြောက်ရွံ့ခြင်း ကင်းစေတတ်သောကြောင့် ခြင်္သေ့မင်း သဖွယ်လည်း ဖြစ်၏(အလျှုရှင်ဒါယကာသည် ယခုဘဝမှာလည်း တစုံတခုသော ရန်သူမှ မထိတ်လန့်ရပေ၊ တမလွန်မှာမူကား ဆိုဖွယ်ရာမရှိပြီ)၊ အင်အားကြီးမားသောကြောင့် ဆင်ပြောင်ကြီး သဖွယ် ဖြစ်၏(အလျှုရှင်ဒါယကာသည် ယခုဘဝမှာလည်း အပင်း အသင်းအားကောင်း၍ တမလွန်ဘဝမှာလည်း ကိုယ်အား ဉာဏ် အားစသည်တို့ အလွန်အားကြီးသူ ဖြစ်၏)၊ ပစ္စုပ္ပန် တမလွန် ဘဝနှစ်တန်၌ အလွန်အကြူး အထူးကြီးပွါးကြောင်း ကောင်း မြတ်သောမင်္ဂလာဟု ပညာရှိသူတော်ကောင်းတို့ အသိအမှတ် ပြုအပ်သောကြောင့် ဖြူစင်သော နွားလား ဥသဘသဖွယ်လည်း ဖြစ်၏၊ ဝိပတ္တိလေးမျိုး ဆင်းရဲသော မြေဆိုးမှ လွန်မြောက်ကာ သမ္ပတ္တိလေးမျိုး ဘေးကင်းရာ မြေကောင်းသို့ ရောက်စေတတ် သောကြောင့် (ပို့ဆောင်တတ်သောကြောင့်) ဝလာဟကသိန္ဓော မြင်းမင်းသဖွယ်လည်း ဖြစ်၏။

ဤဒါနကောင်းမှုသည် ငါဘုရားသွားခဲ့သော လမ်းကောင်း လမ်းကြောင်း လမ်းမှန်လည်း ဖြစ်၏၊ ငါဘုရား၏ အဆက် အနွယ်လည်း ဖြစ်၏၊ ငါဘုရားသည် ပါရမီ ကောင်းမှု ကုသိုလ်တို့ကို ဖြည့်ကျင့်စဉ် ဝေလာမအလှူကြီး မဟာဂေါဝိန္ဒ အလှူကြီး မဟာသုဒဿန အလှူကြီး ဝေဿန္တရာ အလှူကြီး အစရှိသော အလှူကြီးပေါင်း များစွာတို့ကို ဖြစ်စေအပ် (လှူ ဒါန်းအပ်) ခဲ့ကုန်ပြီ။ ယုန် သူတော်ကောင်း ဗောဓိလောင်း ဖြစ်စဉ် ငါဘုရားသည် အလျှံမစဲ မီးပုံကြီးထဲ၌ မိမိကိုယ်ကို စွန့်လှူ ကာ အလှူခံပုဂ္ဂိုလ်တို့၏စိတ်ကို အရပိုင်ပိုင် ငါချိုင်၍ ယူအပ်ခဲ့ လေပြီ။ ။(ဤ၌ အလှူခံပုဏ္ဏား သိကြားမင်း၏စိတ်သည် အာရုံ

http://www.dhammadownload.com



တပါးသို့ မသွားရောက်တော့ပဲ အလောင်းတော် ယုန်ပညာရှိ၏ အလှူရဲရင့်ပုံကိုသာ ထင်တလဲလဲ အာရုံပြု၍ ဖြစ်ရှိနေသည်၊ ထိုသို့ ဖြစ်နေသည်ကိုပင်“အလှူခံပုဂ္ဂိုလ်တို့၏စိတ်ကို အရပိုင်ပိုင် ငါချိုင်ယူအပ်ခဲ့လေပြီ”ဟု ယဉ်ကျေးစွာ ဝက်ဝုတ္တိ အလင်္ကာနည်းဖြင့် ဟောကြားခြင်းဖြစ်သည်။ ။ဤ၌ “မိမိကိုယ်ကို စွန့်လှူကာ” ဟူသောစကားရပ်ဖြင့် “ဒါန၏အကျိုးကို ကောင်းကောင်းကြီး သိမြင်တော်မူကြသောကြောင့် အလောင်းတော်ကြီးများသည် မိမိ၏ အသက်ကိုပင်သော်လည်း စွန့်လှူတော်မူကြကုန်၏၊ သို့ရကား အဘယ်မည်သော ပညာရှင်သည် အပြင်အပ ဗာဟိရဝတ္ထု၌ ငြိတွယ်မှုကို ပြုသင့်ပေအံ့နည်း၊ မပြုသင့်သည်သာတည်း” ဟူ၍ ဩဝါဒကို ပေးတော်မူ၏။)

ဆက်ဦးအံ့····ဒါနကောင်းမှုသည် လောကီဘက်၌ သိကြားမင်းစည်းစိမ်, မာရ်နတ်မင်းစည်းစိမ်, ဗြဟ္မာမင်းစည်းစိမ်, စကြာမင်းစည်းစိမ်တို့ကို ပေးစွမ်းနိုင်၏။ လောကုတ္တရာဘက်၌လည်း သာဝကဗောဓိဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ် တို့ကို ပေးစွမ်းနိုင်၏။

ဤသို့ အစရှိသည်ဖြင့် မြတ်စွာဘုရားသည် ယသသူဌေးသား အား ဒါနနှင့်စပ်သော တရားစကားကို ဟောကြားတော်မူ၏။

**သီလကထာ**

(ဒါနကောင်းမှု ပြုသူမှသာ သီလကို စောင့်ထိန်းနိုင်သောကြောင့် ဒါနကထာ၏အခြားမဲ့၌ သီလကထာကို မြတ်စွာဘုရား ဟောကြားတော်မူ၏။ ထင်ရှားစေဦးအံ့.... ဒါနဟူသည်မှာ အလှူခံပုဂ္ဂိုလ်တို့၌ အစိုးအပိုင်ကို လိုလား၍ဖြစ်စေ ပူဇော်လို၍ဖြစ်စေ မိမိဥစ္စာကို သူတပါးတို့အား စွန့်ကြဲပေးကမ်းခြင်းဖြစ်သည်၊ သို့ရကား ဒါနကောင်းမှု ပြုသောသူသည် သတ္တဝါတို့အပေါ်၌ အစိုးအပိုင်ကို ကေန်လိုလားသူ ပုဂ္ဂိုလ်သူမြတ်ဖြစ်၍ သူတပါးကို သတ်ဖြတ်ရန် အကြောင်း သူတပါး၏ ဥစ္စာကို ခိုးယူရန်အကြောင်း လုံးဝ

http://www.dhammadownload.com



မရှိနိုင်ချေ၊ ထို့ကြောင့် ဒါနကောင်းမှု ပြုသူမှသာ သီလကို စောင့်ထိန်းနိုင်ရကား မြတ်စွာဘုရားသည် ဒါနကထာ၏ အခြားမဲ့၌ သီလကထာကို ဟောကြားတော်မူ၏။)

သီလကထာ = သီလနှင့်စပ်သော တရားစကားဟူသည်မှာ – "ဤသီလကောင်းမှုသည် သတ္တဝါတို့၏ မှီရာ ထောက်တည်ရာ ဆွဲတွယ်ရာ အစောင့်အရှောက်ကောင်း ပုန်းအောင်းရာ လားရာ လည်းလျောင်းရာဖြစ်၏။ ဤသီလကောင်းမှုသည် ငါဘုရား၏ အဆက်အနွယ်ဖြစ်၏၊ ငါဘုရားသည် သင်္ခပါလနဂါးမင်း ဖြစ်စဉ်အခါ, ဘူရိဒတ်နဂါးမင်း ဖြစ်စဉ်အခါ, စမ္ပေယျနဂါးမင်း ဖြစ်စဉ်အခါ, သီလဝမင်း ဖြစ်စဉ်အခါ, မာတုပေါသကဆင်မင်း ဖြစ်စဉ်အခါ, ဆဒ္ဒန်ဆင်မင်းဖြစ်စဉ်အခါ အစရှိသော အဆုံးမရှိ အပိုင်းအခြားမရှိသော ဘဝပေါင်းများစွာတို့၌ သီလကို မကျိုးမပေါက် မကျားမပြောက်အောင် စောင့်ရှောက်ဖြည့်ကျင့်ခဲ့လေပြီ။

မှန်၏···ဤပစ္စုပ္ပန် ဘဝစည်းစိမ် တမလွန် ဘဝစည်းစိမ်တို့ အတွက် သီလနှင့်တူသော မှီရာ ထောက်တည်ရာ ဆွဲတွယ်ရာ အစောင့်အရှောက်ကောင်း ပုန်းအောင်းရာ လားရာ လည်းလျောင်းရာဟူ၍ မရှိ၊ သီလတည်းဟူသော အဆင်တန်းဆာနှင့်တူသော အဆင်တန်းဆာမျိုး, သီလတည်းဟူသော ပန်းနှင့်တူသော ပန်းမျိုး, သီလတည်းဟူသော နံ့သာနှင့်တူသော နံ့သာမျိုး ဟူ၍ မရှိ။ ဆက်ဦးအံ့····သီလပန်းကို ပန်ဆင်ကာ သီလနံ့သာကို လိမ်းကျံလျက် သီလတည်းဟူသော အဆင်တန်းဆာ ဆင်၍ ထားသူကို နတ်နှင့်တကွသော လူအပေါင်းပင် ကြည့်ရှု၍ တင်းမတိမ် အားမရနိုင်ချေ။

ဤသို့ အစရှိသည်ဖြင့် မြတ်စွာဘုရားသည် ယသသူဌေးသား အား သီလနှင့်စပ်သော တရားစကားကို ဟောကြားတော်မူ၏။

**သဂ္ဂကထာ**

(ဤသီလကောင်းမှုကို အကြောင်းပြု၍ ဤမည်သော နတ်ရွာစည်းစိမ်ကို ရရှိ၏-ဟု ပြဆိုဘို့ရန် သီလကထာ၏

http://www.dhammadownload.com



အခြားမဲ့၌ သဂ္ဂကထာ = နတ်ရွာနှင့်စပ်သော တရားစကားကို ဟောကြားတော်မူ၏။)

သဂ္ဂကထာ = နတ်ရွာနှင့်စပ်သော တရားစကား ဟူသည်မှာ—"ဤနတ်ရွာသုဂတိမည်သည်ကို လူတိုင်းလူတိုင်း အလိုရှိအပ် နှစ်သက်အပ်၏၊ လူတိုင်းလူတိုင်း၏ စိတ်နှလုံးကို ပွါးတိုးစိုပြေစေတတ်၏၊ ဤနတ်ရွာ၌ အမြဲတစေ ပျော်ရွှင်မှုကိုငင်း, စည်းစိမ်ချမ်းသာတို့ကိုငင်း ရအပ်ပေ၏။ စတုမဟာရာဇ်နတ်တို့သည် လူတို့၏ အရေအတွက်အားဖြင့် အနှစ်ကိုးသန်းကြာ နတ်စည်းစိမ်ချမ်းသာကို ခံစားကြရကုန်၏၊ တာဝတိံသာနတ်တို့သည်ကား လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း သုံးကုဋေခြောက်သန်းကြာ နတ်စည်းစိမ်ချမ်းသာကို ခံစားကြရကုန်၏။

ဤသို့ အစရှိသည်ဖြင့် မြတ်စွာဘုရားသည် ယသသူဌေးသားအား နတ်ရွာချမ်းသာနှင့်စပ်သော တရားစကားကိုလည်း ဟောကြားတော်မူ၏။ (မှန်၏.... နတ်ရွာစည်းစိမ်ကား များပြားကြီးကျယ်လှသောကြောင့် ထိုနတ်ရွာစည်းစိမ်အကြောင်း ဟောကြားတော်မူကြသော မြတ်စွာဘုရားတို့၏ ခံတွင်းတော်ပင် မလောက်နိုင်အောင် မဆုံနိုင်အောင် ရှိချေ၏။)

**မဂ္ဂကထာ**

ဤ၌ နတ်ရွာချမ်းသာအကြောင်းကို ဟောပြီးလျှင် "ထိုနတ်ရွာချမ်းသာသည် ရာဂစသော ကိလေသာတို့ဖြင့် အမြဲတစေ အညှဉ်းပန်း အနှိပ်စက် ခံနေရ၏၊ အရိယမဂ်ကား လုံးလုံးလျားလျား ကိလေသာတို့မှ လွတ်မြောက်ပြီးဖြစ်သောကြောင့် ထိုကိလေသာတို့ဖြင့် အညှဉ်းပန်း အနှိပ်စက် မခံရချေ" ဟူ၍ ပြဆိုရန် သဂ္ဂကထာ၏ အခြားမဲ့၌ အရိယမဂ်နှင့်စပ်သော တရားစကားကို ဟောကြားတော်မူဘိုပင် ဖြစ်၏၊ ထို မဂ္ဂကထာကို ဟောကြားတော်မူလိုသော မြတ်စွာဘုရားသည် ထိုမဂ်ကိုရဘို့ရန် အကြောင်းဥပါယ်ဖြစ်သည့်အတွက် ကာမာနံ့ အာဒီနဝကထာ+နေက္ခမ္မေ

http://www.dhammadownload.com



အာနိသံသကထာ (=ကာမဂုဏ်တို့၏အပြစ်ကို ဖော်ပြသော တရားစကား+ထိုကာမဂုဏ်တို့မှ ထွက်မြောက်ရာ ရှင်ရဟန်း အဖြစ်မှစ၍ နိဗ္ဗာန်တိုင်အောင်သော နေက္ခမ္မတရား၌ အကျိုး အာနိသင်ကို ဖော်ပြသော တရားစကား)တို့ကိုလည်းဟောကြား တော်မူသည်။

### ကာမဘာရနံ အာဒီနဝနှင့် နေက္ခမ္မေ့ အာနိသံသကထာ

မြတ်စွာဘုရားသည် ယသသူဌေးသားအား နတ်ရွာချမ်းသာ နှင့်စပ်သော တရားစကားဖြင့် စိတ်ကို ဖြားယောင်းဆွဲဆောင်ပြီး လျှင် တဖန်"(ဆင်ကြီးကို အလှဆုံးဖြစ်အောင် တန်းဆာဆင်ပြီး လျှင် ထိုဆင်ကြီး၏ နှာမောင်းကို တောင်းလောင်းဖြတ်ချလိုက် သောသူကဲ့သို့)" "ဤနတ်ရွာချမ်းသာဟူသည်လည်း မမြဲသော အနိစ္စတရားသာ ဖြစ်၏၊ မခိုင်ခံ့သော အဒ္ဓုဝတရားသာ ဖြစ်၏၊ ထိုနတ်ရွာချမ်းသာ၌ သာယာတပ်မက်မှု ဆန္ဒရာဂကို မပြုသင့်ပေ၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့သည် သာယာဖွယ်က နည်းပါးလျက် ဆင်းရဲပင်ပန်းရသည်ကသာ များလှကုန်၏၊ ဤဝတ္ထုအာရုံ ကာမ ဂုဏ်တရားအစု၌ သာယာဖွယ်က တရွေးလောက် အပြစ်တွေက မြင်းမိုရ်လောက် များပြားလှ၏"—

ဤသို့ အစရှိသည်ဖြင့် (ကိုယ်တော်မြတ်၏ တောထွက်ခဏ်း၌ ဆင်ခြင်စဉ်းစားတော်မူခဲ့ သိရှိတော်မူခဲ့သည့်အတိုင်း)ကာမဂုဏ် တို့၏ အပြစ်ကိုရင်း, သူယုတ်တို့သာ မှီဝဲအပ်၍ သူမြတ်တို့ မမှီဝဲ မသုံးစွဲအပ်သည့် ယုတ်ညံ့သော အခြင်းအရာကိုရင်း, ထိုကာမ တရားတို့က သတ္တဝါတို့အား ညှဉ်းပန်းနှိပ်စက်ပုံ အပူတိုက်ပုံကို ရင်း အကျယ်တဝင့် ဟောကြားတော်မူပြီးလျှင်—

ထိုကာမတရားတို့၌ အပြစ်ဒေါသ များပြားသည်နှင့်အမျှ ရဟန်းအဖြစ်ကစ၍ နိဗ္ဗာန်တိုင်အောင်သော နေက္ခမ္မတရားအစု၌ အပြစ်ဒေါသကင်းစင်ပုံ ဆင်းရဲဒုက္ခနည်းပါးပုံ အကျိုးအာနိသင် ကိုလည်း အကျယ်တဝင့် ဟောကြားတော်မူလေသည်။

http://www.dhammadownload.com



### ယသသူဌေးသား သောတာပန်တည်ခြင်း

ထိုသို့ ယသသူဌေးသားကို ဒါနကထာ အစရှိသော တရား ဟောစဉ်ဖြင့် ဟောကြားတော်မူ၍ ထိုယသသူဌေးသား ခံ့သော စိတ်ရှိ,နူးညံ့သောစိတ်ရှိ, ပိတ်ပင်ခြင်းနီဝရဏမှ ကင်းသောစိတ်ရှိ, တက်ကြွ ဝမ်းမြောက်သောစိတ်ရှိ, ကြည်လင်သောစိတ်ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားသည် ယသသူဌေးသားအား ဒုက္ခသစ္စာ,သမုဒယသစ္စာ,နိရောဓသစ္စာ,မဂ္ဂသစ္စာ တည်းဟူသော သစ္စာလေးဝ သာမုက္ကံသိက ဓမ္မဒေသနာကို ဟောကြားပြသတော် မူလေ၏။

(ထင်ရှားစွာ ပြဆိုရပါမူ— မြတ်စွာဘုရားသည် ယသသူဌေး သားအား ဒါနကထာ အစရှိသော တရားဒေသနာအစဉ်ကို ဟောကြားတော်မူသောအခါ ယသသူဌေးသား၏ စိတ်အစဉ်မှာ မသဒ္ဓါခြင်း, ပျင်းရိခြင်း, မေ့လျော့ခြင်း, ပြန့်လွင့်ခြင်း, တွေဝေ ခြင်း တည်းဟူသော စိတ်၏အပြစ်ဒေါသများကင်းစင်သွားသဖြင့် သစ္စာလေးချက် နက်နဲသောတရားကို နာယူနိုင်လောက်သော အခြေမှာ တည်ရှိနေ၏၊ ဒိဋ္ဌိ မာန အစရှိသော ကိလေသာများ ကင်းသဖြင့် ဇမ္ဗူရာဇ်ရွှေစင်ပမာ ဆွဲတိုင်းထင် ငင်တိုင်းရ နူးညံ့ သောအခြေမှာ တည်ရှိနေ၏၊ နီဝရဏငါးပါး ကင်းရှင်းနေ၏၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အကျင့်လမ်းစဉ်၌ အလွန် ဝမ်းမြောက်ခြင်း ပီတိပါမောဇ္ဇတရားတို့နှင့် ယှဉ်လျက်နေ၏၊ သဒ္ဓါတရားနှင့်ပြည့်စုံသဖြင့် အလွန်ပင် ကြည်လင်နေ၏။ ထိုအခါ ကျမှ မြတ်စွာဘုရားသည် ဘုရားရှင်တို့မှသာ သတ္တဝါတို့၏ အလို အကြိုက် စရိုက်နှင့်လျော်စွာ မဂ်ရောက်ဖိုလ်တည်ဖြစ်အောင် ဟောစွမ်းနိုင်သည့် ဒေသနာဆင်နည်းဖြင့် ယသသူဌေးသားအား ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ တည်းဟူ သော သစ္စာလေးချက် တရားနက်ကို ဟောကြားတော်မူလေ၏- ဟု ဆိုလိုသည်။)

ထိုသို့ ဟောကြားတော်မူသောအခါ လောက ဥပမာအားဖြင့် အညစ် အကြေး ကင်း အောင် ဆေးကြော ဖွပ်လျှော်ပြီးသော

http://www.dhammadownload.com



အဝတ်အထည်သည် ကဝါသည် (=ပင်းမင်းဆရာ) ဆိုးအပ်သော အဝါ အနီ အစရှိသော ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ တလက်လက် တောက်ပသော အရောင်ရှိသကဲ့သို့ ထို့အတူ ယသသူဋ္ဌေးသား၏ သန္တာန်၌ သောတာပတ္တိမဂ်ဉာဏ်အမြင် တည်းဟူသော ဓမ္မစက္ခုဝိဇ္ဇာသည် နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ထင်ထင် အာရုံပြုလျက် အပါယ်သို့ လားရောက်ကြောင်းဖြစ်သော ရာဂ အစရှိသော ကိလေသာမြူတို့ကို ပယ်ရှားလျက်ရင်း, ဒိဋ္ဌိဝိစိကိစ္ဆာ ကိလေသာ အညစ်အကြေးတို့ကို အကြွင်းမဲ့ ပယ်သတ်လျက်ရင်း, ဖြစ်ဖြစ်သမျှဥသုံ အလုံးစုံသော သင်္ခါရတရားအစုသည် ပျက် စီး ချုပ် ပျောက် ခြင်း သ ဘော ရှိ စွ ာ ထ ကား ဟု ပိုင်းခြားထင်ထင် (မည်သူတဦးတယောက်မျှ ဖျက်၍မရအောင်) သိမြင်လျက်ရင်း လျင်မြန်သော ဝိပဿနာဉာဏ်ပညာရှိသူ, ထက်သော ဉာဏ်ပညာရှိသူ, သုခပဋိပဒါခိပ္ပါဘိညရှိသူဖြစ်ရကား ထိုတထိုင်တည်းမှာပင် (ဖော်ပြရာပါ သောတာပတ္တိမဂ်ဉာဏ်အမြင်သည်) ထင်ရှား ဖြစ်ပေါ်လာလေ၏။ သောတာပန်ပုဂ္ဂိုလ် ဖြစ်လေ၏ဟု ဆိုလိုသည်။

(ဤဥပမာ၏ ၊အညစ်အကြေး လိမ်းထေးညစ်ပေနေသော အဝတ်အထည်ကို ကဝါသည် (=ပင်းမင်းဆရာ) သည် အဝါ အနီ အစရှိသော အလိုရှိရာ ဆိုးရည်မျိုးကို တပ်ဆိုးသော်လည်း အကျိုးမရနိုင် မစွဲနိုင်သကဲ့သို့ ကာမစ္ဆန္ဒနီဝရဏ ဗျာပါဒနီဝရဏ အစရှိသော နီဝရဏကိလေသာ အညစ်အကြေး လိမ်းထေးနေသော သတ္တဝါ၏စိတ်ကို သစ္စာလေးပါးတည်းဟူသော ဆိုးရည်ကို တပ်ဆိုးသော်လည်း အကျိုးမရနိုင် မတပ်စွဲနိုင်ချေ။ အညစ်အကြေး လိမ်းထေးညစ်ပေနေသော အဝတ်အထည်ကို ကျောက်ပြင်၌တင်ကာ ရေဖြင့်ဆွတ်လျက်ဆွတ်လျက် အညစ်အကြေး စွဲငြိရာအရပ်၌ ဆပ်ပြာ, န္တားချေး, ပြာ ဤသုံးမျိုးတို့ဖြင့် ပွတ်တိုက်ဖွပ်လျှော်၍ စင်ကြယ်ပြီးသော အဝတ်အထည်ကိုသာ ကဝါသည် (=ပင်းမင် ဆရာ)သည် အလိုရှိရာ ဆိုးရည်မျိုးကို တပ်ဆိုးလျှင် အကျိုးရ တပ်စွဲကာ အလိုရှိရာ အရောင်တလက်လက် ထွက်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားတည်းဟူသော ကဝါသည်(=ပင်းမင်းဆရာ သစ္စာလေးမျိုး ဆေးဆိုးသော ဆရာကြီး)သည်လည်း ကိလေသာအညစ်အကြေး လိမ်းထေးညစ်ပေ၍နေသော ယသသူဋ္ဌေးသား၏ စိတ်အစဉ်

http://www.dhammadownload.com



တည်းဟူသော အဝတ်အထည်ကို အနုပုဗ္ဗိကထာ = တရားဟောစဉ် ကျော်ပြင်၌ တင်ထားပြီးလျှင် ယသသူဌေးသား၏ သဒ္ဓါတရား တည်းဟူသော ရေစင်ဖြင့် ဆွတ်ကာဆွတ်ကာ ရင်း၏ သတိ, သမာဓိ, ပညာ ဤသုံးမျိုးတို့ဖြင့် ပွတ်တိုက်ဖွပ်လျှော်တော်မူ၍ နီဝရဏကိလေ-သာ အညစ်အကြေး ကင်းဝေးစင်ကြယ်ပြီးသောအခါ ထို ယသသူဌေး သား၏ စိတ်အစဉ်တည်းဟူသော အဝတ်အထည်ကို သစ္စာလေးပါး တရားဆိုးရည်ကို တပ်ဆိုးသောအား ဟောကြားလိုက်သောအခါ ထို ယသသူဌေးသား၏စိတ်အစဉ်၌ မဂ်ဉာဏ် (သောတာပတ္တိမဂ်ဉာဏ်) အမြင်ပေါ် ပေါက်ကာ သစ္စာလေးပါး တရားဆိုးရည်တို့ မည်သူတဦး တယောက်မျှ ဖျက်ဆီး၍မရအောင် စွဲ၍သွားလေသည်ဟု ဆိုလိုသည်။)

### ဖခင်သူဌေးကြီး သောတာပန်တည်ဖြစ်ခြင်းနှင့် ယသသူဌေးသား ရဟန္တာဖြစ်ခြင်းအကြောင်း

နံနက်မိုးသောက်ရောက်လတ်သောအခါ ယသသူဌေးသား၏ မိခင် သုဇာတာ သူဌေးကတော်ကြီးသည် နံနက် စောစောထ လျက် ယသသူဌေးသားစံနေရာ ပြာသာဒ်ထက်သို့ တက်၍ ကြည့် ရှုလေသော် သားဖြစ်သူ ယသသူဌေးသားကို မမြင်သဖြင့် ပူပန် သောကရောက်ရှိကာ ယသ၏ ဖခင် သူဌေးကြီးထံမှောက် သွား ရောက်ပြီးလျှင် "သူဌေးမင်း…သင် သူဌေးမင်း၏ သား ယသကို မတွေ့မမြင်ရချေ"ဟု ပြောဆိုလေ၏၊ ထိုအခါ ဖခင်သူဌေးကြီး သည် အဆောတလျင် အရပ်လေးမျက်နှာတို့သို့ မြင်းစေကျော် တို့ကို စေလွှတ်ပြီးလျှင် မိမိကိုယ်တိုင်ကမူ ဣသိပတန မိဂဒါဝုန် တောဘက်သို့ ခရီးထွက်ရှာဖွေခဲ့ရာ ယသသူဌေးသား စီးသွား သော ရွှေခြေနင်းရာတို့ကို မြင်တွေ့၍ ထိုခြေနင်းရာကိုပင် ခံယူ လျက် အစဉ်တစိုက် လိုက်ခဲ့လေ၏။

မြတ်စွာဘုရားသည်လည်း ယသ၏ဖခင် သူဌေးကြီး လာနေ သည်ကို အဝေးမှပင် မြင်တော်မူ၍ "ငါဘုရားသည် ယသသူဌေး သားကို ဖခင်သူဌေးကြီး မမြင်ရအောင် တန်ခိုးဖြင့် ဖုံးကွယ် ထားမှ သင့်တော့မည်"ဟု ကြံစည်တော်မူပြီးလျှင် ယသသူဌေး သားကို ဖခင်သူဌေးကြီး မမြင်ရအောင် တန်ခိုးတော်ဖြင့် ဖုံးကွယ်ထားနှင့်လေသည်။

http://www.dhammadownload.com



ထိုအခါ ဖခင်သူဌေးကြီးသည် မြတ်စွာဘုရားထံမှောက်သို့ လာရောက်ပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ယသ အမျိုးကောင်းသားကို အရှင်ဘုရား တွေ့မြင်လိုက်ပါသလား"ဟု လျှောက်ထားမေးမြန်းလေ၏၊ ထိုအခါ မြတ်စွာဘုရားက "သူဌေး ကြီး....သားကို တွေ့လိုလျှင် ဤနေရာ၌ပင် ထိုင်ဦးလော့၊ သင် သူဌေးကြီးသည် ဤနေရာ၌ ထိုင်နေရင်းကပင် ဤအနားနား၌ ထိုင် နေသော သင်၏သား ယသအမျိုးကောင်းသားကို တွေ့မြင်ရပေ လိမ့်မည်" ဟု မိန့်ဆိုတော်မူလတ်သော် ဖခင်သူဌေးကြီးသည် "ငါသည် ဤနေရာ၌ ထိုင်နေရင်းကပင် ဤအနားနား၌ ထိုင်နေသော ငါ့သား ယသအမျိုးကောင်းသားကို တွေ့မြင်ရပေလိမ့်မည်တဲ့" ဟု နှစ်သက်အားရ ဝမ်းမြောက်ကာ မြတ်စွာဘုရားကို ရှိသေ မြတ်နိုး ရှိခိုးပြီးလျှင် သင့်လျော်သော နေရာ၌ ထိုင်နေလေ၏။ ထိုသို့ ထိုင်နေပြီးသောအခါ မြတ်စွာဘုရားသည် ဖခင်သူဌေး ကြီးအား ရှေး၌ ဆိုအပ်ပြီးသော နည်းအတိုင်း မဂ်ဖိုလ်ရောက် ကြောင်း ကောင်းမြတ်သော တရားလမ်းစဉ်ဖြစ်သည့် (၁) ဒါန-ကထာ = ဒါနနှင့်စပ်သော တရားစကား၊ (၂) သီလကထာ = သီလနှင့်စပ်သော တရားစကား၊ (၃) သဂ္ဂကထာ = နတ်ရွာ သုဂတိနှင့်စပ်သော တရားစကား၊ (၄) မဂ္ဂကထာ = မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကျင့်စဉ်နှင့် စပ်သော တရား စကားတို့ကို အစဉ်အတိုင်း ဟောကြားတော်မူ၍ ထိုဖခင်သူဌေး ကြီး ခံ့သောစိတ်ရှိ နူးညံ့သောစိတ်ရှိ ပိတ်ပင်ခြင်း နီဝရဏမှ ကင်းသောစိတ်ရှိ တက်ကြွဝမ်းမြောက်သောစိတ်ရှိ ကြည်လင် သောစိတ်ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားသည် ထိုဖခင်သူဌေးကြီးအား သစ္စာလေးဝ သာမုက္ကံသိက ဓမ္မဒေသနာ ကို ဟောကြားတော်မူလေလျှင် ဖခင်သူဌေးကြီးသည် သောတာ-ပတ္တိဖိုလ်၌ တည်လေ၏။ (ဤယသ၏ ဖခင်သူဌေးကြီးသည် ဤ ဘုရားသာသနာတွင် လူဒါယကာတို့ဘက်မှ အစဆုံး သောတာ ပန်တည်သော အရိယသာဝက ဖြစ်လေသည်။)

မဟာဗုဒ္ဓဝင် ၂-၄၄

http://www.dhammadownload.com



ထိုအခါ ယသ၏ ဖခင် သူဌေးကြီးသည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား …… အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား …… အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား …… လောကဥပမာအားဖြင့် မှောက်၍ ထားအပ်သော ဝတ္ထုကို လှန်လိုက်သကဲ့သို့၎င်း, ဖုံးအုပ်ထားသော အရာဝတ္ထုကို ဖွင့်လှစ်လိုက်သကဲ့သို့၎င်း, မျက်စိလည်လမ်းမှားသောသူအား လမ်းမှန်ကို ပြောကြားလိုက်သကဲ့သို့၎င်း, 'မျက်စိအမြင်ရှိသော သူတို့သည် အဆင်းအမျိုးမျိုးတို့ကို မြင်ကြပေလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကိုထွန်းညှိထားသကဲ့သို့၎င်း ထို့အတူပင် မြတ်စွာဘုရားသည် အကျွန်ုပ်အား များစွာသော အကြောင်းဖြင့် တရားတော်ကို ထင်ရှားစွာ ဟောပြတော်မူအပ်ပါပေပြီ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ....ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကို၎င်း, တရားတော်ကို၎င်း, ရဟန်းသံဃာတော်ကို၎င်း ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍ သိမှတ်ဆည်းကပ်ပါ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့ကစ၍ အသက်ရှည်သမျှကာလပတ်လုံး သရဏဂုံတည်သူ ဥပါသကာဟူ၍ မှတ်ယူတော်မူပါလော့"ဟု မြတ်စွာဘုရားအား လျှောက်ထားကာ လောကုတ္တရာ သရဏဂုံ ခံယူလေ၏။ (ထို ယသသူဌေးသား၏ ဖခင် သူဌေးကြီးသည်သာလျှင် လောက၌ အစဆုံး **တေဝါစိက** သရဏဂုံတည် သောတာပန်အရိယာ ဥပါသကာ ဒါယကာကြီးဖြစ်လေ၏။)

### ယသသူဌေးသား ရဟန္တာဖြစ်ခြင်း

ဖခင်သူဌေးကြီးအား မြတ်စွာဘုရား တရားဟောကြားတော်မူစဉ်ပင် ယသသူဌေးသားသည် သောတာပတ္တိမဂ်သို့ ရောက်စဉ်က မိမိသိမြင်ခဲ့ရသော တရားလမ်း ကျင့်စဉ်အတိုင်း သစ္စာလေးပါးတရားအစုကို သုံးသပ်ဆင်ခြင်လေလျှင် အထက်မဂ် သုံးပါးသို့ အစဉ်အတိုင်း ရောက်ရှိကာ ရဟန္တာဖြစ်လေ၏၊ သို့ရကား ယသသူဌေးသား၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသော တရား

http://www.dhammadownload.com



ကိုမျှ "ငါ+ငါ့ဥစ္စာ"ဟု စွဲယူမှု အလျှင်းကင်းပြတ်ပြီးလျှင် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းကြသော အာသဝေါတရားတို့မှ ရှင်းရှင်းကြီး လွတ်မြောက်ပြီး ဖြစ်လေတော့၏။

**ဖခင်သူဌေးကြီး သားကိုမြင်၍ ဘုရားနှင့်တကွ အိမ်သို့ ဆွမ်းစားပင့်ခြင်း**

ထိုအခါ မြတ်စွာဘုရားသည် "ယသအမျိုးကောင်းသားကား အာသဝေါကုန်ခန်း ရဟန္တာဖြစ်လေပြီ၊ ရှေးလူဖြစ်စဉ်ကလို လူ့ဘောင်သို့ လျှောကျ၍ ကာမစည်းစိမ်ကို ဘယ်နည်းနှင့်မျှ ခံစားသုံးဆောင်တော့မည် မဟုတ်ချေ၊ သို့ရကား သားအဖနှစ်ဦး အချင်းချင်း မမြင်ရအောင် ဖန်ဆင်းထားသော တန်ခိုးအစီအရင်ကို ငြိမ်းစေမှ သင့်တော်တော့မည်"ဟု ကြံစည်တော်မူပြီးလျှင် ထိုအချင်းချင်းမမြင်ရအောင်ဖန်ဆင်းထားသော တန်ခိုးအစီအရင်ကို ငြိမ်းစေတော်မူလေ၏၊ သားအဖနှစ်ဦးတို့သည် အချင်းချင်း မြင်ကြစေသတည်းဟု အဓိဋ္ဌာန်ပြုတော်မူလေ၏။

ဖခင်သူဌေးကြီးသည် ပကတိ ထိုင်နေရင်းကပင် မိမိအနီး၌ ထိုင်နေသော သားဖြစ်သူ ယသအမျိုးကောင်းသားကို(ဘွားကနဲ) မြင်ရလေလျှင် အလွန်ဝမ်းမြောက်သော စိတ်ရှိလျက် "ချစ်သား ယသ····သင့်မိခင်သည် သင်ချစ်သားကို မမြင်ရသည့် အတွက် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းသို့ ရောက်၍နေရှာပြီ၊ သင့်မိခင်အား အသက်ကို ပေးပါလော့"ဟု ယသ အမျိုးကောင်းသားအား ပြောကြားလေ၏။

ထိုအခါ ယသသူဌေးသားသည် (ဖခင်သူဌေးကြီးအား အဖြေခွန်းတုံ့မပေးပဲ) မြတ်စွာဘုရားကို မော်၍ ဖူးမြော်ကြည့်ရှုလေ၏။ ထိုအခါ မြတ်စွာဘုရားက ဖခင်သူဌေးကြီးကို "ဒါယကာ သူဌေးကြီး····ယခု ငါဘုရား မေးမြန်းမည့်စကားကို သင်သူဌေးကြီးသည် အဘယ်သို့ သဘောကျသနည်း၊ သင်သူဌေးကြီးသည် သေက္ခဉာဏ်အမြင်ဖြင့်သစ္စာလေးပါးတရားကို သိမြင်အပ်သကဲ့သို့ ထိုအတူ အကြင်သူသည် သေက္ခဉာဏ်အမြင်ဖြင့် သစ္စာလေးပါး

http://www.dhammadownload.com



တရားကို သိမြင်အပ်ပေပြီ၊ ထိုသူသည် သောတာပတ္တိမဂ်သို့ ရောက်စဥ်က မိမိသိမြင်ခဲ့ရသော တရားလမ်းကျင့်စဥ်အတိုင်း သစ္စာလေးပါး တရားအစုကို သုံးသပ်ဆင်ခြင် သိမြင်၍ အထက် မဂ်သုံးပါးသို့ အစဥ်အတိုင်းရောက်ရှိကာ အာသဝေါကုန်ခန်း ရဟန္တာဖြစ်လေရာ၏၊ ထိုရဟန္တာဖြစ်ပြီးသောသူသည် ရှေးလူ ဖြစ်စဥ်ကလို လူ့ဘောင်သို့လျှောကျကာ ကာမစည်းစိမ်ကို ခံစား ပါဦးမည်လော"ဟု မေးမြန်းတော်မူလေရာ ဖခင်သူဌေးကြီးက "မခံစားတော့ပါဘုရား"ဟု အဖြေစကား ပြန်ကြားလျှောက်ထား လေသည်။

တဖန် မြတ်စွာဘုရားက (မိန့်ဆိုတော်မူလိုရင်းသို့ ရောက် အောင်) "ဒါယကာသူဌေးကြီး.... သင်သူဌေးကြီးသည် သေက္ခ ဉာဏ်အမြင်ဖြင့် သစ္စာလေးပါးတရားကို သိမြင်အပ်သကဲ့သို့ ထို့အတူ သင်၏သား ယသအမျိုးကောင်းသားသည်လည်း သေက္ခဉာဏ်အမြင်ဖြင့် သစ္စာလေးပါးတရားကို(သင်မရောက်ခင် ကပင်) သိမြင်အပ်ပြီးဖြစ်လေသည်၊ ထိုယသအမျိုးကောင်းသား သည် သောတာပတ္တိမဂ်သို့ ရောက်စဥ်က မိမိသိမြင်ခဲ့ရသော တရားလမ်းကျင့်စဥ်အတိုင်း သစ္စာလေးပါး တရားအစုကို သုံးသပ် ဆင်ခြင် သိမြင်၍ အထက်မဂ်သုံးပါးသို့ အစဥ်အတိုင်းရောက်ရှိကာ ယခုအခါ အာသဝေါကုန်ခန်း ရဟန္တာပုဂ္ဂိုလ်ဖြစ်လေပြီ။ ဒါယ- ကာ သူဌေးကြီး....ယသအမျိုးကောင်းသားသည် ရှေးလူဖြစ်စဥ် ကလို လူ့ဘောင်သို့လျှောကျကာ ကာမစည်းစိမ်တို့ကို ဘယ်နည်း နှင့်မျှ ခံစားသုံးဆောင်တော့မည် မဟုတ်ချေ"ဟု ဖခင်သူဌေး ကြီးအား မိန့်ကြားတော်မူသောအခါ ထိုဖခင်သူဌေးကြီးသည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ယသအမျိုးကောင်း သား၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသော တရားကိုမျှ "ငါ+ငါ့ဥစ္စာ"ဟု စွဲယူမှု အချင်းကင်းပြတ်ပြီးလျှင် အာသဝေါ တရားတို့မှရှင်းရှင်းကြီးလွတ်မြောက်ပြီးဖြစ်ရကား(ရဟန္တာဖြစ်ပြီး ရကား--ဟု ဆိုလိုသည်) ယသအမျိုးကောင်းသားသည် စီးပွါး ချမ်းသာ လာဘ်လာဘတို့ကို ကောင်းစွာရအပ်ပါပြီ၊ လူအဖြစ်

http://www.dhammadownload.com



ကိုလည်း ကောင်းစွာရအစ်ပါပြီ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ရှင်တော်ဘုရားသည် ယနေ့နံနက်ဖြစ်သော ကောင်းမှုကုသိုလ်နှင့် နှစ်သက်ဝမ်းမြောက်ခြင်း အကျိုးငှါ ယသအမျိုးကောင်းသား နောက်လိုက်ရဟန်းနှင့် အတူတကွ တပည့်တော်၏ ဆွမ်းကို သည်းခံသာယာတော်မူပါဘုရား" ဟု လျှောက်ထား ပင့်ဖိတ်လေရာ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် သူဌေးကြီး၏ ဆွမ်းစားပင့်လျှောက်ချက်ကို လက်ခံသာယာတော်မူ၏။

ထိုအခါ သူဌေးကြီးသည် မြတ်စွာဘုရား လက်ခံတော်မူကြောင်းကို ကောင်းစွာသိ၍ ထိုင်ရာမှထပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာရှိခိုးလျက် လက်ျာရစ်လှည့်ပြီး၍ မိမိအိမ်သို့ ပြန်လေ၏။

### ယသသူဌေးသား ရဟန်းပြုခြင်း

ထိုအခါ ယသသူဌေးသားသည် ဖခင်သူဌေးကြီး ပြန်သွား၍ မကြာမီပင် မြတ်စွာဘုရားရှင်ကို ရှိသေစွာ ရှိခိုးပြီးသော် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အကျွန်ုပ်သည် မြတ်စွာဘုရား၏ထံတော်၌ ရှင်အဖြစ်ကို ရပါရစေ၊ ရဟန်းအဖြစ်ကို ရပါရစေ" ဟု ရှင်ရဟန်းအဖြစ်ကို တောင်းပန်လေသော် မြတ်စွာဘုရားသည် "ဧဟိ ဘိက္ခု၊ သွာခါတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ = ချစ်သား.... လာလော့၊ သင်ချစ်သား တောင်းခံအပ်သော ရှင်ရဟန်းအဖြစ်ကို ခံယူလော့၊ တရားတော်ကို ငါဘုရား ကောင်းစွာဟောကြားအပ်ပြီ၊ ပဉ္စမစိတ် ပရိနိဗ္ဗာနစုတိစိတ်တိုင်အောင် သင်ချစ်သားသည် သီလသိက္ခာ သာသနာ့တည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြံကြိုးကုတ်အားထုတ်လေလော့"ဟုရွှေလက်တော်ကိုဆန့်တန်း၍ ဧဟိ ဘိက္ခု ခေါ်တော်မူလိုက်သည်နှင့် တပြိုင်နက် ယသအမျိုးကောင်းသားသည် ရှစ်ပါးသော ဣဒ္ဓိမယပရိက္ခရာတို့ သူ့နေရာနှင့်သူ အဆင်သင့် ဆင်ယင်ပြီးသားဖြစ်လျက် အဝါ ၆၀-ရသော မထေရ်ကြီးပမာ မြတ်စွာဘုရားကို ရှိသေစွာရှိခိုးလျက် ရဟန်းပြုပြီးသား ရဟန်းအသွင်သို့ ကူးပြောင်းသွားလေတော့သည် (ဧဟိ ဘိက္ခု

http://www.dhammadownload.com



ဟူ၍ မြတ်စွာဘုရားက ရွှေနှုတ်တော်မြွက်၍ ခေါ်တော်မူလိုက်ခြင်းသည်ပင် ထိုအရှင်ယသအဖို့ရာ ဧဟိ ဘိက္ခု ရဟန်းခံခြင်းဖြစ်လေသည်၊ သိမ်ဝင်ဖွယ်ရာမရှိပြီ)။ (ထိုသို့ အရှင်ယသ ရဟန်းဖြစ်သောအခါ လူ့ပြည်လူသား ရဟန္တာအရှင်မြတ်များကား မြတ်စွာဘုရား,ပဉ္စဝဂ္ဂီမထေရ်ငါးပါး, အရှင်ယသ ဤသို့အားဖြင့် ခုနစ်ပါး ဖြစ်ကြကုန်၏။)

### မိခင်သူဌေးကတော်ကြီး သုဇာတာနှင့် ယသ၏ဇနီးဟောင်းတို့ သောတာပန်တည်ကြခြင်း

ယသသူဌေးသားကို ဧဟိဘိက္ခု ရဟန်း ပြုပြီးသောအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်္ကန်းတော်ကို ပြင်ဆင်ဝတ်ရုံလျက် သပိတ်သင်္ကန်းကို ယူဆောင်တော်မူပြီးလျှင် အရှင်ယသကို နောက်လိုက်ရဟန်းပြုကာ ဖခင်သူဌေးကြီးအိမ်သို့ ကြွသွား၍ ခင်းထားအပ် မြတ်သောနေရာ၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလေ၏။ ထိုအခါ အရှင်ယသ၏မိခင်ဖြစ်သော သုဇာတာသူဌေးကတော်ကြီးနှင့် ဇနီးဟောင်းတို့သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေကြလေကုန်၏။

ထိုသို့ ထိုင်နေပြီးသောအခါ မြတ်စွာဘုရားသည် ထိုမိခင်နှင့် ဇနီးဟောင်းတို့အား ရှေး၌ ဆိုအပ်ပြီးသောနည်းအတိုင်း မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမြတ်သော တရားလမ်းစဉ်ဖြစ်သည့် (၁) ဒါနကထာ = ဒါနနှင့်စပ်သော တရားစကား၊ (၂) သီလကထာ = သီလနှင့်စပ်သော တရားစကား၊ (၃) သဂ္ဂကထာ = နတ်ရွာသုဂတိနှင့်စပ်သော တရားစကား၊ (၄) မဂ္ဂကထာ = မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကျင့်စဉ်နှင့်စပ်သော ကာမဂုဏ်တို့၏ အပြစ်ကိုဖော်ပြသော တရားစကား, တောထွက်ခြင်း၌ အကျိုးကိုဖော်ပြသော တရားစကားတို့ကို အစဉ်အတိုင်း ဟောကြားတော်မူ၍ ထိုသူနှစ်ဦးတို့ ခံ့သောစိတ်ရှိကြ နူးညံ့သော စိတ်ရှိကြ ပိတ်ပင်ခြင်း နီဝရဏ ကင်းသောစိတ်ရှိကြ တက်ကြွ

http://www.dhammadownload.com



ဝမ်းမြောက်သော စိတ်ရှိကြ ကြည်လင်သော စိတ်ရှိကြသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားသည် ထိုယသ၏ မိခင်သူဌေး ကတော်ကြီး သုဇာတာနှင့် ဇနီးဟောင်းတို့အား သစ္စာလေးဝ သာမုက္ကံသိကဓမ္မဒေသနာကို ဟောကြားတော်မူလေလျှင် ယသ ၏မိခင် သူဌေးကတော်ကြီး သုဇာတာနှင့် ဇနီးဟောင်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

ထိုအခါ ယသ၏မိခင် သူဌေးကတော်ကြီး သုဇာတာနှင့် ဇနီးဟောင်းတို့သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား....အလွန် နှစ်သက်ဖွယ် ရှိပါပေစွ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... လောက ဥပမာအားဖြင့် မှောက်၍ ထားအပ် သောဝတ္ထုကို လှန်လိုက်သကဲ့သို့ရင်း, ဖုံးအုပ်ထားအပ်သော အရာဝတ္ထုကို ဖွင့်လှစ်လိုက်သကဲ့သို့ရင်း, မျက်စိလည် လမ်းမှား သော သူအား လက်ကိုဆွဲကာ လမ်းမှန်ကို ပြောကြားလိုက်သကဲ့ သို့ရင်း, 'မျက်စိအမြင်ရှိသော သူတို့သည် အဆင်းအမျိုးမျိုးတို့ကို မြင်ကြပေလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိ ထားသကဲ့သို့ရင်း ထို့အတူပင် မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား များစွာသောအကြောင်းဖြင့် တရားတော်ကိုထင် ရှားစွာ ဟောပြတော်မူအပ်ပါပေပြီ၊ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား.... ထိုအကျွန်ုပ်တို့ နှစ်ဦးသားသည် မြတ်စွာဘုရားကိုရင်း, တရားတော်ကိုရင်း, ရဟန်းသံဃာတော်ကိုရင်း ကိုးကွယ် လည်း လျောင်း ပုန်းအောင်းရာ ဟူ၍ သိမှတ်ဆည်းကပ်ကြပါကုန်၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်တို့ကို ယနေ့ ကစ၍ အသက်ရှည်သမျှ ကာလပတ်လုံး သရဏဂုံတည်ကြသူ ဥပါသိကာ (ဒါယိကာမ)တို့ ဟူ၍ မှတ်ယူတော်မူပါလော့"ဟု မြတ်စွာဘုရားအား လျှောက်ထားကြကာ လောကုတ္တရာ သရဏဂုံ ခံယူကြလေ၏။ (ထိုယသ၏မိခင် သူဌေးကတော်ကြီး သုဇာတာ နှင့် ဇနီးဟောင်းတို့သည် လူ့ပြည်လောက၌ အစဆုံး **ဒွေဝါစိက**

http://www.dhammadownload.com



သရဏဂုံတည် သောတာပန် အရိယာ ဥပါသိကာ ဒါယိကာမတို့ ဖြစ်ကြလေ၏။)

ထိုအခါ အရှင်ယသမထေရ်၏ မယ်တော် ခမည်းတော်တို့နှင့် ဇနီးဟောင်းတို့သည် မြတ်စွာဘုရားနှင့် အရှင်ယသတို့ကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထိကမြောက် ဆက်ကပ်ကျွေးမွေးကြပြီးလျှင် မြတ်စွာဘုရား ဆွမ်းစားတော်မူပြီးသည်ကို သိကြ၍ အပြစ်ခြောက်ပါး လွတ်ရာ သင့်လျော်လျောက်ပတ်သော နေရာ၌ ထိုင်နေကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် အရှင်ယသမထေရ်၏ မယ်တော်ခမည်းတော်တို့နှင့် ဇနီးဟောင်းတို့ကို တရားစကား ဟောကြားပြသတော်မူပြီးလျှင် ထိုင်နေရာမှထ၍ ဣသိပတနမိဂဒါဝုန်တောသို့ ကြွသွားတော်မူလေ၏။

(ဤ၌ မြတ်စွာဘုရားသည် ဆွမ်းမဘုဉ်းပေးမီ အရှင်ယသ၏ မိခင်နှင့် ဇနီးဟောင်းတို့အား ရှေးဦးစွာတရားဟောတော်မူခြင်းမှာ— အရှင်ယသရဟန်းပြုသဖြင့်မိခင်နှင့်ဇနီးဟောင်းတို့သည် သောကငြောင့် စူးဝင်လျက်ရှိကြသောကြောင့် ဝမ်းမြောက်ဝမ်းသာ အလှူကိုလည်း မပေးနိုင်ကြလေရာ မြတ်စွာဘုရားအပေါ်၌ နှလုံးမသာမယာဖြစ်ကြ၍ မျက်ဖိုလ်ကိုလည်း မရနိုင်ကြလေရာသောကြောင့် မြတ်စွာဘုရားသည် ရှေးဦးစွာ ထိုသူနှစ်ဦးတို့ သောကကင်းပျောက်အောင် တရားဟောပြီးမှ ဆွမ်းဘုဉ်းပေးတော်မူသည်-ဟု မှတ်ယူရာ၏။ ။ဝဇိရဗုဒ္ဓိဋီကာမှ။)

## အရှင်ယသ၏ သူငယ်ချင်းဟောင်း ငါးကျိပ်လေးဦးတို့ ရဟန်းပြုကြခြင်းအကြောင်း

ဗာရာဏသီပြည်၌ သူဌေးမျိုး အစဉ်အဆက်မှ ဆင်းသက်လာကြသည့် အရှင်ယသ၏ လူဖြစ်စဉ်အခါ သူငယ်ချင်းဟောင်းများဖြစ်ကြသော ဝိမလသူဌေးသား၊ သုဗာဟုသူဌေးသား၊ ပုဏ္ဏဇိသူဌေးသား၊ ဂဝမ္ပတိသူဌေးသား ဤသူဌေးသားလေးဦးတို့သည် မိမိတို့၏ မိတ်ဆွေ သူငယ်ချင်း ဖြစ်သော ယသ သူဌေးသားမှာ ကြီးကျယ်လှစွာသော စည်းစိမ်ဥစ္စာများကို ပယ်ရှားစွန့်ပစ်၍ ရှင်ရဟန်းပြုလေပြီဟု သတင်းစကား ကြားသိကြလေလျှင် "ငါတို့

http://www.dhammadownload.com



၏သူငယ်ချင်းဖြစ်သူ ယသအမျိုးကောင်းသား ဆံမုတ်ဆိတ်များ ကိုပယ်ရှား၍ သင်္ကန်းကို ဝတ်ရုံပြီးလျှင် အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်ခွါ၍ ရှင်ရဟန်းအဖြစ်သို့ ကပ်ရောက်ရာ မြတ်စွာဘုရား၏ ဓမ္မဝိနယ (= တရားသဖြင့် ဆုံးမရာ) သာသနာတော်သည် ယုတ်ညံ့သောအရာ ဖြစ်လိမ့်မည် မဟုတ် (အထွတ်အမြတ်စင်စစ် ဖြစ်ပေလိမ့်မည်)။ ထိုရှင်ရဟန်း အဖြစ်သည်လည်း ယုတ်ညံ့သောအရာ ဖြစ်လိမ့်မည်မဟုတ် (အထွတ်အမြတ် စင်စစ် ဖြစ်ပေလိမ့်မည်)"ဟု တွေးတောဆင်ခြင် ကြံစည်ကြပြီးလျှင် ထိုသူဌေးသားလေးဦးတို့သည် အရှင်ယသမထေရ်ထံသို့သွားရောက် ချဉ်းကပ်ကြလျက် အရှင်ယသမထေရ်ကို ရှိသေမြတ်နိုး ရှိခိုးကြပြီးသော် သင့်လျော်သော နေရာ၌ ရပ်တည်၍ နေကြကုန်၏။

ထိုအခါ အရှင်ယသမထေရ်သည် လူ့ဘဝက သူငယ်ချင်းဟောင်းဖြစ်ကြသည့် ထိုသူဌေးသား လေးယောက်တို့ကို ခေါ်ဆောင်၍ မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးသော် သင့်လျော်သော နေရာ၌ ထိုင်နေကာ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား····ဤဝိမလ သူဌေးသား, သုဗာဟု သူဌေးသား, ပုဏ္ဏဇိ သူဌေးသား, ဂဝမ္ပတိသူဌေးသား ဤလေးဦးသားတို့သည် ဗာရာဏသီပြည်၌ သူဌေးမျိုး အစဉ်အဆက်မှ ဆင်းသက်လာသော အမျိုးကောင်းသူဌေးသားများလည်း ဖြစ်ကြပါကုန်၏၊ ရှေးလူဖြစ်စဉ်အခါ တပည့်တော်၏ သူငယ်ချင်းဟောင်းများလည်း ဖြစ်ကြပါကုန်၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တပည့်တော်၏ သူငယ်ချင်းဖြစ်ကြသော ဤသူဌေးသားလေးယောက်တို့ကို ဆုံးမကံမြစ်တော်မူပါဘုရား"ဟု မြတ်စွာဘုရားအား လျှောက်ထားတောင်းပန်လေ၏။

ထိုသူဌေးသား လေးဦးတို့အား မြတ်စွာဘုရားသည် ရှေး၌ဆိုအပ်ပြီးသော နည်းအတိုင်း မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမြတ်သော တရားလမ်းစဉ်ဖြစ်သည့် (၁) ဒါနကထာ၊ (၂) သီလကထာ၊ (၃) သဂ္ဂကထာ၊ (၄) မဂ္ဂကထာ = ကာမာနံ အာဒီနဝ +

http://www.dhammadownload.com



နေကမ္မေ အာနိသံသကထာ ဒေသနာအစဉ်အတိုင်း ဟောကြားတော်မူ၍ ထိုသူလေးဦးတို့ ခံ့သောစိတ်ရှိကြ နူးညံ့သောစိတ်ရှိကြ ဝိတ်ပင်ခြင်း နီဝရဏ ကင်းသော စိတ်ရှိကြ တက်ကြွ ဝမ်းမြောက်သော စိတ်ရှိကြ ကြည်လင်သော စိတ်ရှိကြသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားသည် ထိုသူလေးဦးတို့အား သစ္စာလေးဝသာမုက္ကံသိက ဓမ္မဒေသနာကို ဟောကြားတော်မူလေလျှင် အရှင်ယသ၏ သူငယ်ချင်းဟောင်းဖြစ်ကြသည့် ထိုသူဌေးသား လေးဦးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

ထိုသူဌေးသား လေးဦးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြပြီးလျှင် မြတ်စွာဘုရားကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား····အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ်ကိုရကြပါရစေ၊ ရဟန်းအဖြစ်ကိုရကြပါရစေ"ဟု ရှင်ရဟန်းအဖြစ်ကို တောင်းပန်ကြလေသော် မြတ်စွာဘုရားသည် "ဧထဘိက္ခဝေါ အစရှိသည်ဖြင့် = ရဟန်းတို့····လာကြလော့၊ သင်ချစ်သားတို့ တောင်းပန်အပ်သော ရှင်ရဟန်းအဖြစ်ကို ခံယူကြလော့၊ တရားတော်ကို ငါဘုရား ကောင်းစွာ ဟောကြားအပ်ပြီ၊ သင်ချစ်သားတို့သည် ဝဋ္ဋဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ အထက်မဂ်သုံးပါးတည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြံကြိုးကုတ် ရအောင်အားထုတ်ကြလော့"ဟု ရွှေလက်တော်ကို ဆန့်တန်း၍ ဧဟိဘိက္ခုခေါ်တော်မူလိုက်သည်နှင့် တပြိုင်နက် ထိုသူဌေးသား လေးဦးတို့သည် ရှစ်ပါးသော ဗုဒ္ဓိမယပရိက္ခရာတို့ သူ့နေရာနှင့်သူ အဆင်သင့် ဆင်ယင်ပြီးသား ဖြစ်ကြလျက် အဝါ ၆၀-ရသော မထေရ်ကြီးများပမာ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကြလျက် ရဟန်းပြုပြီးသား ဖြစ်ကြလေတော့သည်။အံ့ဩဖွယ်ရာ လူ့အသွင်ကွယ်ပျောက်၍ ရဟန်းအသွင်သို့ ကူးရောက်သွားကြလေတော့သည်။ (ဧထ ဘိက္ခဝေါ-ဟူ၍ မြတ်စွာဘုရားက ရွှေနှုတ်တော်မြွက်၍ ခေါ်တော်မူလိုက်ခြင်းသည်ပင် ထိုသူဌေးသား လေးဦးတို့အဖို့ရာ ဧဟိဘိက္ခု-ရဟန်းခံခြင်းပင် ဖြစ်လေသည်၊ သိမ်ဝင်ဖွယ်ရာ မရှိပြီ။)

http://www.dhammadownload.com



ထို သူဌေးသား လေးဦးတို့ကို ဧဟိဘိက္ခု ရဟန်းပြုပြီးသော အခါ မြတ်စွာဘုရားသည် ထိုရဟန်းလေးပါးတို့ကို တရားစကား ဖြင့် ဆုံးမကာမြစ်တော်မူလေ၏၊ ယင်းသို့ တရားစကားဖြင့် ဆုံးမကာ မြစ်တော်မူအပ်သည်ရှိသော် ထို သူဌေးသား ရဟန်းလေးပါးတို့ သည် မကြာမြင့်မီပင် အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ကြလေကုန်၏၊ ထိုသို့ သူဌေးသား လေးဦးတို့ ရဟန္တာ ဖြစ်ကြသောအခါ လူ့ပြည်လူသား ရဟန္တာအရှင်မြတ်များကား မြတ်စွာဘုရား, ပဉ္စဝဂ္ဂီမထေရ်ငါးပါး, အရှင်ယသ, အရှင်ဝိမလ, အရှင်သုဗာဟု, အရှင်ပုဏ္ဏဇိ, အရှင်ဂဝမ္ပတိ ဤသို့ အားဖြင့် တဆယ့်တပါး ဖြစ်ကြကုန်၏။

### အရှင်ယသ ၏ သူငယ်ချင်းငါးကျိပ်တို့ ရဟန်းပြုကြခြင်းအကြောင်း

ထိုအခါ အရှင်ယသ၏ လူဖြစ်စဉ်အခါ သူငယ်ချင်းဟောင်း များဖြစ်ကြသည့် ရှေးအစဉ်အဆက်အားဖြင့်ပင် အမျိုးကောင်း သားများဖြစ်ကြသော ဇနပုဒ်နေသူ သူငယ်ချင်း ငါးကျိပ်တို့သည် ရှေးနည်းအတူ မိမိတို့၏ မိတ်ဆွေ သူငယ်ချင်းဖြစ်သော ယသ သူဌေးသားမှာ ကြီးကျယ်လှစွာသော စည်းစိမ်ဥစ္စာများကို ပယ် ရှား စွန့်ပစ်၍ ရှင်ရဟန်းပြုလေပြီ-ဟု သတင်းစကား ကြားသိကြ လေလျှင် "ငါတို့၏ သူငယ်ချင်းဖြစ်သူ ယသ အမျိုးကောင်းသား ဆံမုတ်ဆိတ်များကို ပယ်ရှား၍ သင်္ကန်းကို ဝတ်ရုံပြီးလျှင် အိမ်ရာ တည်ထောင် လူ့ဘောင်မှ ထွက်ခွါ၍ ရှင်ရဟန်းအဖြစ်သို့ ကပ် ရောက်ရာ မြတ်စွာဘုရား၏ ဓမ္မဝိနယဘာသနာတော်သည် ယုတ် ညံ့သောအရာ ဖြစ်လိမ့်မည်မဟုတ် (အထွတ်အမြတ်စင်စစ် ဖြစ် ပေလိမ့်မည်)။ ထို ရှင်ရဟန်း အဖြစ်သည်လည်း ယုတ်ညံ့သော အရာ ဖြစ်လိမ့်မည်မဟုတ် (အထွတ်အမြတ်စင်စစ် ဖြစ်ပေလိမ့် မည်)"ဟု တွေးတောဆင်ခြင် ကြံစည်ကြပြီးလျှင် ထိုသူငယ်ချင်း ဟောင်း ငါးကျိပ်တို့သည် အရှင်ယသမထေရ်အထံသို့ သွား ရောက် ချဉ်းကပ်ကြလျက် အရှင် ယသ မထေရ်ကို ရှိသေမြတ်နိုး ရှိခိုးကြပြီးသော် သင့်လျော်သော နေရာ၌ ရပ်တည်၍ နေကြ ကုန်၏။

http://www.dhammadownload.com



ထိုအခါ အရှင်ယသမထေရ်သည် လူ ဘဝက သူငယ်ချင်း ဟောင်းဖြစ်ကြသည့် ထိုဇနပုဒ်သား အမျိုးကောင်းသား ငါးကျိပ် တို့ကို ခေါ်ဆောင်၍ မြတ်စွာဘုရားထံတော်မှောက်သို့ သွား ရောက် ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီး သော် သင့်လျော်သောနေရာ၌ ထိုင်နေကာ "ဘုန်းတော်ကြီး သော မြတ်စွာဘုရား....၎ ငါးကျိပ်သော ဇနပုဒ်၌နေသူ အမျိုး ကောင်းသားတို့သည် ရှေးအစဉ်အဆက်အားဖြင့်ပင် အမျိုး ကောင်းသားများ ဖြစ်ကြပါကုန်၏၊ ရှေးလူဖြစ်စဉ်အခါ တပည့် တော်၏ သူငယ်ချင်း ဟောင်း များ လည်း ဖြစ်ကြ ပါ ကုန်၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တပည့်တော်၏သူငယ် ချင်းဟောင်းများဖြစ်ကြသော ၎ အမျိုးကောင်းသား ငါးကျိပ် တို့ကို ဆုံးမ ကံမြစ်တော် မူပါဘုရား"ဟု မြတ်စွာ ဘုရား အား လျှောက်ထား တောင်းပန်လေ၏။

ထို အမျိုးကောင်းသား ငါးကျိပ်တို့အား မြတ်စွာဘုရားသည် ရှေး၌ ဆိုအပ်ပြီးသော နည်းအတိုင်း မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမြတ်သော တရားလမ်းစဉ်ဖြစ်သည့် (၁) ဒါနကထာ၊ (၂) သီလကထာ၊ (၃) သဂ္ဂကထာ၊ (၄) မဂ္ဂကထာ = ကာမာနံ အာဒီနဝ + နေက္ခမ္မေ အာနိသံသကထာ ဒေသနာအစဉ်အဟိုင်း ဟောကြားတော်မူ၍ ထိုအမျိုးကောင်းသား ငါးကျိပ်တို့ ခံ့သော စိတ်ရှိကြ နူးညံ့သောစိတ်ရှိကြ ပိတ်ပင်ခြင်း နီဝရဏကင်းသော စိတ်ရှိကြ တက်ကြွ ဝမ်းမြောက်သောစိတ်ရှိကြ ကြည်လင်သော စိတ်ရှိကြသည်ကို သိ တော် မူသော အခါ မြတ်စွာဘုရားသည် ထိုအမျိုးကောင်းသား ငါးကျိပ်တို့အား သစ္စာလေးဝ သာမုက္ကံ- သိက ဓမ္မဒေသနာကို ဟောကြားတော်မူလေလျှင် အရှင်ယသ၏ သူ ငယ် ချင်း ဟောင်း များ ဖြစ် ကြ သည့် ထို အမျိုးကောင်းသား ငါးကျိပ်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

ထို အမျိုးကောင်းသား ငါးကျိပ်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြပြီးလျှင် မြတ်စွာဘုရားကို "ဘုန်းတော်ကြီးသော မြတ်စွာ

http://www.dhammadownload.com



ဘုရား····အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ်ကို ရကြပါရစေ၊ ရဟန်းအဖြစ်ကို ရကြပါရစေ”ဟု ရှင်ရဟန်းအဖြစ်ကို တောင်းပန်ကြလေသော် မြတ်စွာဘုရားသည် (ရှေးနည်းအတူပင်) “ဧထ ဘိက္ခဝေါ-အစရှိသည်ဖြင့် = ရဟန်းတို့····လာကြလော့၊ သင်ချစ်သားတို့ တောင်းပန်အပ်သော ရှင်ရဟန်းအဖြစ်ကို ခံယူကြလော့၊ တရားတော်ကို ငါဘုရား ကောင်းစွာ ဟောကြားအပ်လေပြီ၊ သင်ချစ်သားတို့သည် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုခြင်းငှါ အထက်မဂ်သုံးပါးတည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြကြိုးကုတ် ရအောင်အားထုတ်ကြလော့”ဟု ရွှေလက်တော်ကို ဆန့်တန်း၍ ဧဟိ ဘိက္ခု-ခေါ်တော်မူလိုက်သည်နှင့် တပြိုင်နက် ထိုအမျိုးကောင်းသား ငါးကျိပ်တို့သည် ရှစ်ပါးသော ဗုဒ္ဓိမယပရိက္ခရာတို့ သူ့နေရာနှင့်သူ အဆင်သင့် ဆင်ယင်ပြီးသား ဖြစ်ကြလျက် အဝါ ၆၀-ရသော မထေရ်ကြီးများပမာ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကြလျက် ရဟန်းပြုပြီးသား ဖြစ်ကြလေတော့သည်။ အံ့ဩဖွယ်ရာ လူ့အသွင် ကွယ်ပျောက်၍ ရဟန်းအသွင်သို့ ကူးရောက်သွားကြလေတော့သည်။ (ဧထ ဘိက္ခဝေါ-ဟူ၍ မြတ်စွာဘုရားက ရွှေနှုတ်တော်မြွက်၍ ခေါ်တော်မူလိုက်ခြင်းသည်ပင် ထိုအမျိုးကောင်းသား ငါးကျိပ်တို့အဖို့ရာ ဧဟိ ဘိက္ခု-ရဟန်းခံခြင်းပင် ဖြစ်လေသည်။ သိမ်ဝင်ဖွယ်ရာကိစ္စ လုံးဝ မရှိတော့ပြီ။)

ထိုအမျိုးကောင်းသား ငါးကျိပ်တို့ကို ဧဟိဘိက္ခု-ရဟန်းပြုပြီးသောအခါ မြတ်စွာဘုရားသည် ထိုရဟန်းငါးကျိပ်တို့ကို တရားစကားဖြင့် ဆုံးမကာမြစ်တော်မူလေ၏၊ ယင်းသို့ တရားစကားဖြင့် ဆုံးမကာမြစ်တော်မူအပ်ကုန်သည်ရှိသော် ထိုအမျိုးကောင်းသား ရဟန်းငါးကျိပ်တို့သည် မကြာမြင့်မီပင် အာသဝေါကုန်ခမ်း ရဟန္တာအဖြစ်သို့ ရောက်ကြလေကုန်၏။ ထိုသို့အမျိုးကောင်းသား ငါးကျိပ်တို့ ရဟန္တာဖြစ်ကြသောအခါ လူ့ပြည်လူသား ရဟန္တာအရှင်မြတ်များကား ရှေးတဆယ့်တပါးနှင့်ပေါင်း၍ ခြောက်ကျိပ်တပါး ဖြစ်ကြကုန်၏။

http://www.dhammadownload.com



### အရှင်ယသတို့၏ ရှေးကောင်းမှုအကြောင်း

ရှေးလွန်လေပြီးသောအခါ သူငယ်ချင်း ငါးကျိပ်ငါးယောက်တို့သည် အသင်းအဖွဲ့ ဖွဲ့စည်း၍ စေတနာ၀န်ထမ်း ကောင်းမှုကုသိုလ်များကို ပြုလုပ်ကြကုန်လျက် ခိုကိုးရာမဲ့ ကွယ်လွန်ကြသောသူတို့၏ ဥတုဇရုပ်ကလာပ်များကို ဖုတ်ကြည်းသဂြိုဟ်မှု အခမဲ့ပြုလုပ်နေထိုင်ကြရာ တနေ့သ၌ ခိုကိုးရာမဲ့ ကိုယ်ဝန်ဆောင် မိန်းမတယောက် ကွယ်လွန်သည်ကို တွေ့ရှိကြ၍ ဖုတ်ကြည်းသဂြိုဟ်ရန် သုသာန်သို့ ထုတ်ဆောင်ခဲ့ကြကုန်၏။

ထိုစေတနာ၀န်ထမ်း သူငယ်ချင်း ငါးကျိပ်ငါးယောက်တို့အနက် ငါးကျိပ်သော သူတို့သည် ငါးယောက်သော သူငယ်ချင်းတို့ကို "မင်းတို့ပဲ ပြီးအောင် သဂြိုဟ်ခဲ့ကြပါတော့"ဟု မှာကြားတာဝန်ပေးထားခဲ့ပြီးလျှင် ရွာသို့ ဝင်နှင့်ကြလေကုန်၏။

ထိုအခါ ကျန်ငါးယောက်တို့အနက် ခေါင်းဆောင်ဖြစ်သော (ယသသူဌေးသားအလောင်း) လုလင်သည် ထိုဥတုဇရုပ်ကလာပ်ကို တန်စူး၀ါးဖြင့် ထိုးဆွလှန်လှောကာ ဖုတ်ကြည်းသဂြိုဟ်မှု ပြုလုပ်လတ်သည်ရှိသော် အသုဘသညာကို ရရှိလေ၏။ ထိုယသသူဌေးသားအလောင်းလုလင်သည် ကျန်လေးယောက်သောသူငယ်ချင်းတို့အားလည်း "သူငယ်ချင်းတို့…သင်တို့သည် ဤမစင်မကြယ် စက်ဆုပ်ဖွယ်ကောင်းသော အသုဘရုပ်အလောင်းကို ကြည့်ရှုကြကုန်လော့"ဟု သတိပေးစကား ပြောကြားပြသလေ၏။ ထိုသူငယ်ချင်း လေးယောက်တို့သည်လည်း ယသသူဌေးသား အလောင်းလုလင်၏ ပြောကြားပြသချက်အရ ထိုဥတုဇ ရုပ်ကလာပ်၌ အသုဘသညာကို ရရှိကြပြန်လေ၏။

ထိုသူငယ်ချင်းငါးဦးတို့သည် ဖုတ်ကြည်းသဂြိုဟ်မှု ပြီးစီးအောင် ပြုပြီးလျှင် ရွာသို့ရောက်လတ်သည်ရှိသော် ပြန်သွားနှင့်ကြသော အဖွဲ့ဝင်သူငယ်ချင်း ငါးကျိပ်တို့အား မိမိတို့ တွေ့ရှိသိမြင်ခဲ့ရသည့်အတိုင်း အသုဘအကြောင်းအရာကို တဆင့်ပြန်ကြား ပြောဆိုကြသဖြင့် ထိုငါးကျိပ်သောသူငယ်ချင်းတို့သည်လည်း အသုဘသညာကို ရရှိကြပြန်လေ၏။

http://www.dhammadownload.com



ယသသူဌေးသားအလောင်း ခေါင်းဆောင်ဖြစ်သော လုလင်သည်ကား သူငယ်ချင်းများကို ပြောကြားရုံမျှမကပဲ မိမိအိမ်သို့ ပြန်ရောက်သောအခါ မိခင် ဖခင်တို့နှင့်တကွ ဇနီးအိမ်ရှင်မအားလည်း ထိုအသုဘအကြောင်းအရာကို တဆင့်ပြန်ကြား ပြောဆိုသဖြင့် မိခင် ဖခင် ကျေးဇူးရှင်တို့နှင့် တကွ ဇနီးအိမ်ရှင်မတို့သည်လည်း အသုဘသညာကို ရရှိကြပြန်လေ၏။

ထိုယသ သူဌေးသား အလောင်း အမှူးပြုသော ငါးကျိပ်ရှစ်ယောက်သော သူတို့သည် မိမိတို့ရရှိသော အသုဘသညာကို အခြေတည်ပြုကာ အသုဘဘာဝနာကို ဆက်လက်ပွါးများခဲ့ကြလေသည်။ ဤကား ထိုသူ ငါးကျိပ်ရှစ်ဦးတို့၏ ရှေးကောင်းမှုဖြစ်၏။

ထို ရှေးကောင်းမှုကြောင့်ပင် ယခု ဗာရာဏသီ သူဌေးသားဖြစ်လာရသော ဘဝ၌ ကခြေသည်တို့အပေါ်ဝယ် အရှင်ယသ၏ သုသာန်ဟူသော အမှတ်သညာ ဖြစ်ပေါ်လာရလေသည်။ ထိုရှေးဘဝက ပွါးများခဲ့ဘူးသော အသုဘဘာဝနာ ကောင်းမှု ဥပနိဿယည်းနှင့် ပြည့်စုံခြင်းကြောင့်ပင် ငါးကျိပ်ရှစ်ဦးသော သူတို့၏ မဂ်ဖိုလ်တရားထူးကို ရခြင်းဖြစ်ပေ၏။

ယသသူဌေးသား ရဟန်းပြုခြင်းအကြောင်း ပြီး၏။

---

အခန်း—၁၃

## ရဟန္တာခြောက်ကျိပ်ကို သာသနာပြုလွှတ်တော်မူခြင်းအကြောင်း

မြတ်စွာဘုရားသည်ဘုရားဖြစ်ပြီးနောက် ပဌမဝါကို ဣသိပတန မိဂဒါဝုန်တော်၌ ဝါကပ်တော်မူ၍ ထိုမိဂဒါဝုန်တော်၌ သီတင်းကျွတ်လပြည့်နေ့တိုင်အောင် နေတော်မူရာ တနေ့သ၌ မြတ်စွာဘုရားသည် ခြောက်ကျိပ်သော ရဟန္တာ အရှင်မြတ်တို့ကို ခေါ်တော်မူပြီးလျှင်—

http://www.dhammadownload.com



"ရဟန်းတို့....ငါဘုရားသည် နတ်ဟူသမျှအာရုံ ကာမဂုဏ်၌ မှီသော တဏှာ လောဘ ကျော့ကွင်း, လူတို့အာရုံ ကာမဂုဏ်၌ မှီသော တဏှာ လောဘကျော့ကွင်း ဤ တဏှာ လောဘ ကိလေသာ ကျော့ကွင်း အလုံးစုတို့မှ ကင်းရှင်း လွတ်မြောက်ခဲ့လေပြီ။ ရဟန်းတို့···· သင်တို့ သည်လည်း နတ်တို့အာရုံ ကာမဂုဏ်၌မှီသော တဏှာ လောဘ ကျော့ကွင်း, လူတို့အာရုံ ကာမဂုဏ်၌ မှီသော တဏှာလောဘ ကျော့ကွင်း ဤတဏှာ လောဘ ကိလေ-သာ ကျော့ကွင်း အလုံးစုံတို့မှ ကင်းရှင်း လွတ်မြောက် ကြလေပြီ။

ရဟန်းတို့···· သင်တို့သည် မြောက်မြား လှစွာသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ လောကီ လောကုတ္တရာ ချမ်းသာစီးပွါး ကောင်းကျိုးတရား ဖြစ်ပွါးရန် အရပ်ရှစ်မျက်နှာ ဒေသစာရီ လှည့်လည်သောအား (တနေ့လျှင် တယူဇနာအလွန်ဆုံးထား၍) သွားကြကုန်လော့။ (လမ်းတကြောင်း၌ ရဟန်းနှစ်ပါးပေါင်း၍ သွားခဲ့သော် တပါးက တရားဟောလျှင် ကျန်တပါးက အလုပ်မရှိ ဆိတ်ဆိတ်သာ ထိုင်နေရမည်ဖြစ်သောကြောင့်) လမ်းတကြောင်း၌ ရဟန်းနှစ်ပါးပေါင်း၍ မသွားကြကုန်လင့်။

ရဟန်းတို့····သင်တို့သည် အစ,အလယ်,အဆုံးသုံးပါး အစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံလျက် အနက်နှင့်လည်း ပြည့်စုံ သဒ္ဒါပုဒ်ပါဌ် အက္ခရာနှင့်လည်း ပြည့်စုံသောတရားကို ဟောကြားကြကုန်လော့။ အပိုအလိုမရှိ ထက်ဝန်းကျင် ပြည့်စုံသော ဒုစရိုက်အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သော သီလ, သမာဓိ, ပညာ သုံးပါးသိက္ခာ သာသနာ တည်းဟူသော မြတ်သော အကျင့်ကို နတ်လူတို့အား ထင်ရှားပြကြကုန်လော့။

http://www.dhammadownload.com



ရဟန်းတို့ ···· ဉာဏ်ပညာမျက်စိ၌ ကိလေသာ မြူမှုန် နည်းပါးကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့သည် များစွာ ရှိကြကုန်၏။ ထိုသူတို့သည် တရားတော်ကို မနာကြားရ လျှင် မဂ်ဖိုလ်တရားထူးကိုရခြင်းမှ ဆုံးရှုံးနစ်နာကြပေလိမ့် မည်။ တရားအချက် သဘောနက်ကို ပြက်ပြက်ထင်ထင် နားလည်သိမြင်ကြမည့် နဖ်လူတို့သည်လည်း အထင် အရှား ပေါ်ပေါက်လာကြပေလိမ့်မည်။

ရဟန်းတို့....ငါဘုရားသည်လည်း (ဤမိဂဒါဝုန် တောမှ ပင် ကျောင်းကန်ပရိဝုဏ်ကောင်းများကို ဆောက်လုပ် စေကာ အလုပ်အကျွေး ဒါယကာတို့ ပစ္စည်းလေးပါးဖြင့် အပြု အစု အမှုအယုကို ခံယူကာ နေလိမ့်မည်မဟုတ်၊ စင်စစ်သော်ကား....) ရသေ့ညီနောင် ရှင်တထောင်တို့ကို ချေချွတ်ရန် တရားဟောရန် ဥရုဝေလ တောအုပ်ရှိရာ သေနနိဂုံးသို့ သွားပေအံ့"—

ဟူ၍ သာသနာပြုစေလွှတ်စကား မိန့်ကြားတော်မူလေ၏။

(**အထူးမှတ်သားရန်**။ ။ဖော်ပြရာပါ မိန့်ခွန်းတော် စကားဝါကျ ၅-ပိုဒ်တို့အနက် တတိယစာပိုဒ်ပါ "အစ, အလယ်, အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံလျက်" ဟူရာ၌ ကောင်းခြင်း (=ကလျာ-ဏ) ဂုဏ်သည် သာသနာတော်၏ကောင်းခြင်း (=ကလျာဏ) ဂုဏ်, ဒေသနာတော်၏ကောင်းခြင်း(=ကလျာဏ) ဂုဏ်ဟူ၍ နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင် သီလသည် သာသနာတော်၏ အစကောင်းခြင်း ဂုဏ်မည်၏၊ သမထ ဝိပဿနာ မဂ်ဉာဏ်လေးပါးတို့သည် သာသနာ တော်၏ အလယ်ပိုင်းကောင်းခြင်း ဂုဏ်မည်၏၊ ဖိုလ်လေးပါးနိဗ္ဗာန်တို့ သည် သာသနာတော်၏ အဆုံးပိုင်း ကောင်းခြင်း ဂုဏ်မည်၏။ ။ (တနည်း) သီလ သမာဓိတို့သည် အစ, ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့သည် အလယ်, ဖိုလ်နိဗ္ဗာန်တို့သည် အဆုံးပိုင်း ကောင်းခြင်းဂုဏ်မည်၏။ ။ (တနည်း) သီလ သမာဓိ ဝိပဿနာဉာဏ်တို့သည် အစပိုင်း, မဂ်လေး ပါးသည် အလယ်ပိုင်း, ဖိုလ်လေးပါး နိဗ္ဗာန်တို့သည် အဆုံးပိုင်းကောင်း ခြင်းဂုဏ်မည်၏။

မဟာဇုဋ္ဌဝင် ၂-၃၄—ပ-မ-ဗ-သ-စ

http://www.dhammadownload.com



ဒေသနာတော်၏ ကောင်းခြင်းဂုဏ်ဟူရာ၌ လေးပါဒ ရှိသောဂါထာ ဖြစ်လျှင် ပဌမပါဒသည် အစပိုင်း, ဒုတိယ တတိယပါဒတို့သည် အလယ် ပိုင်း, စတုတ္ထပါဒသည် အဆုံးပိုင်းကောင်းခြင်း မည်၏။ ငါးပါဒ ခြောက် ပါဒရှိသော ဂါထာဖြစ်လျှင် ပဌမ ပါဒသည် အစပိုင်း, နောက်ဆုံး (ပဥ္စမ ဆဋ္ဌ) ပါဒသည် အဆုံးပိုင်း, ကျန်သော (သုံးပါဒ လေးပါဒ) တို့သည် အလယ်ပိုင်းကောင်းခြင်း မည်၏။ ။အနုသန္ဓေစကားစပ် တမျိုးသာ ရှိသော သုတ္တန် ဖြစ်ခဲ့လျှင် ထိုသုတ်၏နိဒါန်းသည် အစပိုင်း, ဣဒမဝေါစ အစရှိသော နိဂုံးစကားစုသည် အဆုံးပိုင်း, ကြွင်းကျန်သော စကား ရပ်စုသည် အလယ်ပိုင်း ကောင်းခြင်းမည်၏။ အနုသန္ဓေစကားစပ် များ စွာပါရှိသော သုတ္တန်ဖြစ်ခဲ့လျှင်လည်း နိဒါန်းသည် အစပိုင်း, ဣဒမ- ဝေါစ အစရှိသော နိဂုံးစကားစုသည် အဆုံးပိုင်း, အလယ်၌ များစွာ သော အနုသန္ဓေ စကားရပ်စုသည် အလယ်ပိုင်း ကောင်းခြင်း မည်၏။ သာသနာတော်၏ကောင်းခြင်း (=ကလျာဏ) ဂုဏ် သုံးမျိုးတို့အနက် တမျိုးမျိုးကို ဖြစ်စေ နှစ်မျိုးသုံးမျိုးလုံးကို ဖြစ်စေ ဖော်ပြသော တရား ဒေသနာ ဂါထာသုတ္တန်တို့ကို ဆိုလိုသည်။)

### မာရ်နတ်လာ၍ အဟန့်အတားစကား ပြောကြားခြင်း

ဤသို့ မြတ်စွာဘုရားက ခြောက်ကျိပ်သော ရဟန္တာတို့ကို သာသနာပြု စေလွှတ်သောစကား မိန့်ကြားတော်မူသောအခါ မာရ်နတ်သားသည် "ဤရဟန်းကြီးဂေါတမသည် စစ်ကြီးတိုက်ရန် စီမံခန့်ခွဲသည့်အလား 'လမ်းတကြောင်း၌ ရဟန်းနှစ်ပါးပေါင်း၍ မသွားကြလင့်၊ တရားကိုဟောကြ'ဟု ခြောက်ကျိပ်သော ရဟန္တာ သာသနာစစ်ဦးစီး သူရဲကောင်းကြီးများကို စေလွှတ်၍ နေချေ၏။ ဤခြောက်ကျိပ်တို့အနက် တဦးဦးက တရားဟောလျှင်ပင် ငါ့စိတ် မှာ မသက်သာချေ၊ ရဟန်းကြီးဂေါတမ စီမံခန့်ခွဲသည့်အတိုင်း ခြောက်ကျိပ်သောရဟန္တာတို့ တရားဟောကြမူကား အဘယ်မှာ ဖြစ်နိုင်အံ့နည်း၊ ငါသည် ယခုပင် ထို ရဟန်းကြီး ဂေါတမကို ဟန့်တားပေအံ့"ဟု ကြံစည်၍ မြတ်စွာဘုရား ထံမှောက်သို့ လာ ရောက်ချဉ်းကပ်ပြီးလျှင်—

http://www.dhammadownload.com



ဗဒ္ဓေါသိ သဗ္ဗပါသေဟိ၊
ယေ ဒိဗ္ဗာ ယေ စ မာနုသာ။
မဟာဗန္ဓနဗဒ္ဓေါသိ၊
န မေ သမဏ မောက္ခသိ။

အို ရဟန်းဂေါတမ····သင်ကား နတ်တို့အာရုံ ကာမဂုဏ်၌ရှိသော တဏှာလောဘကျော့ကွင်း, လူတို့အာရုံ ကာမဂုဏ်၌ရှိသောတဏှာလောဘကျော့ကွင်း ဤတဏှာလောဘ ကိလေသာကျော့ကွင်း အလုံးစုံတို့ဖြင့် ဖွဲ့မိပြီးသူ နှောင်မိပြီးသူဖြစ်ပေ၏။ ဘဝသုံးဆောင် အချုပ်ထောင်၌ ကိလေသာ အနှောင်အဖွဲ့တို့ဖြင့် တုပ်နှောင်ထားအပ်သူလည်း ဖြစ်ပေ၏။ အိုရဟန်းဂေါတမ···· (ထို ဆိုအပ်ပြီးသောအကြောင်းကြောင့်) သင်သည် ငါ၏ပိုင်စံ ဘဝသုံးပါးတည်းဟူသော နိုင်ငံမှ ဘယ်နည်းနှင့်မျှ လွတ်မြောက်နိုင်လိမ့်မည်မဟုတ်—

ဟူ၍ "ငါ ဤသို့ ပြောလိုက်လျှင် ဤရဟန်းကြီးသည် တပါးသောသတ္တဝါတို့အား သံသရာဝဋ်မှ လွတ်မြောက်ရန်အတွက် အားထုတ်မှု ပြုလိမ့်မည်မဟုတ်"ဟု အောက်မေ့မှတ်ထင်ကာ အဟန့်အတားစကား ပြောကြားလာလေ၏။

ထိုအခါ မြတ်စွာဘုရားသည် မာရ်နတ်သားကို (ချွင်းပြောချက်နှင့် ကိုယ်တော်၏ဖြစ်ရပ်တို့ မိုးနှင့်မြေပမာ ဝေးကွာလှကြောင်း မီးနှင့်ရေပမာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက် ရှိကြောင်းကို ဖော်ပြတော်မူလိုသဖြင့်)—

မုတ္တာဟံ သဗ္ဗပါသေဟိ၊
ယေ ဒိဗ္ဗာ ယေ စ မာနုသာ။
မဟာဗန္ဓနမုတ္တောမှိ၊
နိဟတော တွမသိ အန္တက။

အယုတ်တမာ ဆိုးညစ်စွာသည့် မိစ္ဆာသူသတ် ဟယ် မာရ်နတ်···· ငါဘုရားကား နတ်တို့အာရုံ ကာမဂုဏ်၌

http://www.dhammadownload.com



ရှိသော တဏှာလောဘကျော့ကွင်း, လူတို့အာရုံ ကာမ ဂုဏ်၌ရှိသောတဏှာလောဘကျော့ကွင်း ဤအလုံးစုံသော တဏှာလောဘ ကိလေသာကျော့ကွင်းတို့မှ ရှင်းရှင်းကြီး လွတ်မြောက်ပြီးသူ ဖြစ်ပေ၏။ ဘဝသုံးဆောင် အချုပ် ထောင်၌ ကိလေသာ အနှောင်အဖွဲ့ကြီးတို့မှလည်း အပြီး လွတ်မြောက်ပြီးသူ မှန်ပေ၏။ ဤကိလေသာစစ်ပွဲ၌ သင့်ကို ငါကား အပြီးအပိုင် အနိုင်သတ်အပ်လေပြီ။ (သင်ကား အရှုံးကြီးရှုံးသူ ဖြစ်လေပြီ)—

ဟု ရဲရဲတောက်စကား မိန့်ကြားတော်မူသော အခါ တဖန်ထပ်၍ မာရ်နတ်က—

အန္တလိက္ခစရော ပါသော၊
ယွာယံ စရတိ မာနသော။
တေန တံ ဗာဓယိဿာမိ၊
န မေ သမဏ မောက္ခသိ။

အို ရဟန်းဂေါတမ ···· အကြင်ရာဂတည်းဟူသော ကျော့ကွင်းသည် သတ္တဝါတို့၏ အတွင်းစိတ်ခေတ်၌ ဖြစ် ပွါးကာ အဘိညာဏ်ရ ဈာနလာဘီ ကောင်းကင်ပျံပုဂ္ဂိုလ် တို့ကိုသော်မှလည်း မလွတ်တန်း ဖွဲ့နှောင်နိုင်၏။ သင့်ကို ထိုရာဂတည်းဟူသော ကျော့ကွင်းဖြင့် ဖွဲ့နှောင်သတ်ညှဉ်း ပေအံ့၊ အိုရဟန်းဂေါတမ····သင်သည် ငါ၏ပိုင်စံ ဘဝ သုံးပါးတည်းဟူသော တိုင်းနိုင်ငံမှ ဘယ်နည်းနှင့်မျှ လွတ် မြောက်နိုင်လိမ့်မည်မဟုတ်—

ဟူ၍ အဟန့်အတားစကား ပြောကြားပြန်လေသည်။

ထိုအခါ မြတ်စွာဘုရားသည်—

ရူပါ သဒ္ဒါ ရသာ ဂန္ဓာ၊
ဖောဋ္ဌဗ္ဗာ စ မနောရမာ။
ဧတ္ထ မေ ဝိဂတော ဆန္ဒော၊
နိဟတော တွမသိ အန္တက။

http://www.dhammadownload.com



အယုတ်တမာ ဆိုးညစ်စွာသည့် မိစ္ဆာသူသတ် ဟယ် မာရ်နတ်.... (ဤလောကဌ) နတ်လူတို့၏ စိတ်နှလုံးကို ရွှင်ပြုံး မွေ့လျော် ပျော်ပိုက်စေနိုင်ကုန်သော အဆင်း အမျိုးမျိုး, အသံအမျိုးမျိုး, အရသာအမျိုးမျိုး, အနံ့ အမျိုးမျိုး, အတွေ့အထိအမျိုးမျိုး ဤအာရုံငါးပါး ကာမ ဂုဏ်တရားတို့သည် ထင်ရှားရှိကုန်၏။ (ထိုကာမဂုဏ် ငါးပါးတို့၌ လိုက်စားတွယ်တာ သာယာတပ်မက်သော တဏှာ လောဘ မကင်းကြသူများကိုသာ သင်၏ ရာဂ ကျော့ကွင်းဖြင့် နှောင်ဖွဲ့၍ ရနိုင်ချေသည်။)ငါဘုရားမှာမူ ဤအာရုံငါးပါး ကာမဂုဏ်တရားတို့၌ လိုက်စားတွယ်တာ သာယာတပ်မက်သည့် တဏှာလောဘ ဆန္ဒရာဂအလျှင်း ကင်းပြီး ဖြစ်လေပြီ။ (ထို့ကြောင့် ဤကိလေသာစစ်ပွဲ၌) သင့်ကို ငါကား အပြီးအပိုင် အနိုင်သတ်အပ်လေပြီ။ (သင်ကား အရှုံးကြီး ရှုံးလေပြီ)—

ဟူ၍ ရဲရဲတောက်စကား မိန့်ကြားတော်မူလတ်သည်ရှိသော် မာရ်နတ်သားသည် မူလက မြတ်စွာဘုရားအပေါ်၌ "တန်ခိုးကြီးသူ နတ်သားတယောက် လာရောက် တားမြစ်သည်ဟု အောက်မေ့ ကာ ဆုတ်နစ်လက်လျှော့လိမ့်မည်လား"ဟု ထင်မှတ်ကာ ပြော ဆိုခဲ့ရာမှ မြတ်စွာဘုရားက "ဟယ်မာရ်နတ်....သင့်ကို ငါကား အပြီးအပိုင် အနိုင်သတ်အပ်လေပြီ"ဟု မိန့်ကြားသဖြင့် "ဘုန်း တော်ကြီးသော မြတ်စွာဘုရားသည် ငါ့ကို သိ၍ သွားချေပြီ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သည် ငါ့ကိုသိ၍ သွားချေပြီ"ဟု ကိုယ်စိတ်မရွှင် မကြည်လင်ပဲ ငြိုငြင်ဆင်းရဲလျက် ထိုအရပ်မှာပင် ကွယ်ပျောက်လေတော့၏။

### သရဏဂုံသုံးပါးဖြင့် ရှင်-ရဟန်းပြုရန် ခွင့်ပြုတော်မူခြင်းအကြောင်း

(မြတ်စွာဘုရားသခင်က ရဟန်းတော်များကို သာသနာပြု စေလွှတ်တော်မူသည့် ထိုပဥ္စမဝါအချိန်မှာ ရဟန်းတော်များ

http://www.dhammadownload.com



အတွက် ဝါဆိုဝါကပ်ဖို့ရန် ခွင့်မပြုရသေးသော အချိန်ဖြစ်သည်၊ ထို့ကြောင့်) မြတ်စွာဘုရားသခင်က ရဟန်းတော်များကို သာသနာပြု စေလွှတ်တော်မူသောအခါ၌ ရဟန်းတော်များသည် အထူးထူးသော အရပ်, အထူးထူးသော ဇနပုဒ်များမှ ရှင်ပြုလို ရဟန်းပြုလိုကြသော ရှင်လောင်း ရဟန်းလောင်းများကို "ထိုရှင်လောင်း ရဟန်းလောင်းများကို မြတ်စွာဘုရားသည်ပင် ရှင်ပြု၍ ပေးတော်မူလိမ့်မည်၊ ရဟန်းပြု၍ ပေးတော်မူလိမ့်မည်" ဟု နှလုံးပိုက်ကြကာ မြတ်စွာဘုရား အထံတော်သို့ ခေါ်ဆောင်လာကြလေကုန်၏။ ထိုသို့ ခေါ်ဆောင်လာကြရာ၌ ခေါ်ဆောင်လာသော ရဟန်းတို့နှင့် ရှင်လောင်း ရဟန်းလောင်းတို့မှာ လွန်စွာပင်ပန်းဆင်းရဲနွမ်းနယ်ကြကုန်၏။

(သာသနာပြု ရဟန်းတော်များက သာသနာပြုတရားကို ဟောကြားကြသောအခါ ဧဟိဘိက္ခု-ရဟန်းဖြစ်ရန် ရှေးကုသိုလ်ကံအကြောင်းနှင့် ပြည့်စုံသော သူများသာ မဟုတ်ပဲ ဧဟိဘိက္ခု ရဟန်းဖြစ်ရန် ရှေးကုသိုလ်ကံ အကြောင်းနှင့် မပြည့်စုံသော သူများအားလည်း ရှင်ပြုလိုစိတ် ရဟန်းပြုလိုစိတ် ဖြစ်ပေါ်လိမ့်မည်၊ မြတ်စွာဘုရားတို့သည်လည်း ထိုဧဟိဘိက္ခု-ရဟန်းဖြစ်ရန် ရှေးကုသိုလ်ကံအကြောင်းနှင့် မပြည့်စုံသောသူများကို ရဟန်းပြုပေးရိုး အစဉ်မရှိ၊ ထို့ကြောင့် ဧဟိဘိက္ခု-အခေါ်ခံထိုက် မခံထိုက်သော ရှင်လောင်း ရဟန်းလောင်းတို့ သောင်းပြောင်းထွေလာ ရောယှက်များပြားလာသောအခါ ဧဟိဘိက္ခု-အခေါ် မခံထိုက်သော ရှင်လောင်း ရဟန်းလောင်းတို့အားလည်း ရှင်ရဟန်း ပြုရမည့် အစီအရင်ကို ခွင့်ပြုပညတ်တော်မူလိုသဖြင့်) မြတ်စွာဘုရားအား အကြံဖြစ်တော်မူသည်မှာ "ယခုအခါ၌ ရဟန်းတို့သည် အထူးထူးသောအရပ်, အထူးထူးသော ဇနပုဒ်များမှ ရှင်ပြုလို ရဟန်းပြုလိုကြသော ရှင်လောင်း ရဟန်းလောင်းများကို မြတ်စွာဘုရားသည်ပင် ထိုသူတို့ကို ရှင်ပြု၍ ပေးတော်မူလိမ့်မည်၊ ရဟန်းပြု၍ ပေးတော်မူလိမ့်မည်'ဟု နှလုံးပိုက်ကြကာ ငါဘုရား အထံသို့ ခေါ်ဆောင်လာကြရသဖြင့် ထိုခေါ်ဆောင်လာသော

http://www.dhammadownload.com



ရဟန်းတို့နှင့် ရှင်လောင်း ရဟန်းလောင်းတို့မှာ လွန်စွာပင်ပန်းဆင်းရဲနွမ်းနယ်ကြကုန်၏။ 'ရဟန်းတို့....ယခုအခါ၌ သင်တို့သည်ပင် ထိုထိုအရပ်,ထိုထိုဇနပုဒ်တို့၌ ရှင်ပြုလိုကြ ရဟန်းပြုလိုကြသော ရှင်လောင်း ရဟန်းလောင်းများကို ရှင်ပြု၍ ပေးကြကုန်လော့၊ ရဟန်းပြု၍ ပေးကြကုန်လော့'ဟု ရဟန်းတို့အား ငါဘုရားသည် ခွင့်ပြုရပါမူ ကောင်းလေစွ"ဟု အကြံဖြစ်တော်မူလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအချိန်၌ တပါးတည်းကိန်းစံတော်မူရာမှ ထတော်မူလျက် ထိုသို့ အကြံဖြစ်မှု ဟူသော နိဒါန်းအကြောင်းအရာ၌ သင့်လျော်လျောက်ပတ်သော တရားစကားကို ရဟန်းများအား ဟောကြားတော်မူပြီးလျှင် နေ့အခါ တပါးတည်းကိန်းစံတော်မူစဉ်က ဖြစ်ရှိခဲ့သော ကိုယ်တော်မြတ်၏ အကြံအစည်ကို အပြည့်အစုံ မိန့်ကြားတော်မူပြီးသော် "ရဟန်းတို့.... ယခုအခါ၌ သင်တို့သည်ပင် ထိုထိုအရပ်, ထိုထိုဇနပုဒ်တို့၌ ရှင်ပြုလိုကြ ရဟန်းပြုလိုကြသော ရှင်လောင်း ရဟန်းလောင်းများကို ရှင်ပြု၍ ပေးကြကုန်လော့၊ ရဟန်းပြု၍ ပေးကြကုန်လော့၊ (ထိုသို့ သင်ချစ်သားတို့ ကိုယ်တိုင်ပင် ရှင်ရဟန်းပြုပေးရန်) ငါဘုရား ခွင့်ပြု၏။

ရဟန်းတို့.... ဤဆိုလတ္တံ့သော နည်းအတိုင်း ရှင်လောင်း ရဟန်းလောင်းများကို ရှင်ရဟန်းပြုပေးရမည်၊ (ပြုပေးပုံကား) ရှေးဦးစွာ ဆံမုတ်ဆိတ်များကို ပယ်ရိတ်ရမည်။ ပြီးလျှင် ဖန်ရည်စွန်းသော သင်္ကန်းများကို ဝတ်ဆင်စေရမည်၊ ပြီးလျှင် ကိုယ်ဝတ်စံပယ်တင်စေ၍ (= လက်ကတော့ထိုးစေ၍), ရဟန်းတို့၏ ခြေတို့ကိုရှိခိုးစေ၍,ဆောင့်ကြောင့်ထိုင်စေ၍, လက်အုပ်ကို ချီမြှောက်စေ၍ ဤသို့ ဆိုလော့ဟု တိုက်တွန်းစကား ပြောကြားကာ—

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

http://www.dhammadownload.com



တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ—

ဟူ၍ (သရဏဂုံသုံးပါးကို ရှေးမှတိုင်တည် ချပေးရမည်။)

"ရဟန်းတို့....ဤဆိုအပ်ပြီးသော သရဏဂုံသုံးပါးတို့ဖြင့် ရှင်ပြုပေးရန် ရဟန်းပြုပေးရန် ငါဘုရားခွင့်ပြု၏"ဟု မိန့်ကြားတော်မူလေ၏။

(ဤ၌၊ ၊ရှင်ပြုပေးခြင်း ရဟန်းပြုပေးခြင်းဟူသည်မှာ (၁) ဆံမုတ်ဆိတ်ကို ပယ်ရိတ်ခြင်း=ကေသစ္ဆေဒန၊ (၂) ဖန်ရည်စွန်းသော သင်္ကန်းတို့ကို ဝတ်ရုံစေခြင်း=ကာသာယစ္ဆာဒန၊ (၃) သရဏဂုံပေးခြင်း=သရဏဒါန ဤသုံးပါးတို့ပင် ဖြစ်သည်။)

ဒုတိယအကြိမ်မြောက် မာရ်နတ်လာ၍ အလဲ့နှဲ့အတားစကား ပြောကြားခြင်း

ထိုအခါ မြတ်စွာဘုရားသည် ဣသိပတန မိဂဒါဝုန်တောမှာပင် တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် မိုးလေးလပတ်လုံး သီတင်းသုံးနေထိုင်တော်မူပြီးလတ်သော် ရဟန်းတို့ကို ခေါ်ယူစည်းဝေးပြီးလျှင်—

"ချစ်သားရဟန်းတို့····ငါဘုရားသည် နည်းမှန် လမ်းကျ နှလုံးသွင်းခြင်း, နည်းမှန်လမ်းကျ အားထုတ်ခြင်းဖြင့် အတုမရှိ လွန်မြတ်သော အရဟတ္တဖိုလ်ကို ရအပ်ရောက်အပ်လေပြီ၊ အတုမရှိ လွန်မြတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအပ်လေပြီ (အရဟတ္တဖိုလ်သမာပတ်ကို မပြတ်ဝင်စားအပ်လေပြီ)။ ချစ်သားရဟန်းတို့ ··· သင်ချစ်သားတို့သည်လည်း နည်းမှန်လမ်းကျ နှလုံးသွင်းခြင်း, နည်းမှန်လမ်းကျ အားထုတ်ခြင်းဖြင့် အတုမရှိ လွန်မြတ်သော အရဟတ္တဖိုလ်ကို ရကြရောက်ကြကုန်လော့၊ အတုမရှိ လွန်မြတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြ

http://www.dhammadownload.com



ကုန်လေ့ (အရဟတ္တဖိုလ်သမာပတ်ကို မပြတ်ဝင်စားကြကုန်လေ့)"—

ဟူ၍ မိန့်ကြားတော်မူ၏။

(ယင်းသို့ မိန့်ကြားခြင်းမှာ "ငါတို့ကား အာသဝေါကုန်ခန်းရဟန္တာများဖြစ်ကြကုန်၏၊ ငါတို့အား ထရားအလုပ် အားထုတ်ခြင်းဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်း၊ အကျိုးထူးရှိတော့မည်မဟုတ်" ဟု ပုထုဇန်ဘဝက စွဲပါလာသော ဆုတ်နစ်တတ်သည့် ဝါသနာအပြစ်ဒေါသ အလျောက် ဆုတ်နစ်ခြင်းသို့ မရောက်မူ၍ မြို့စွန်ရွာဖျား တောကျောင်းများ၌ ဖလသမာပတ်ဖြင့်သာ အချိန်ကို ကုန်လွန်စေရန်ရင်း, ထိုသို့ ရဟန္တာများ ဖလသမာပတ်ဝင်စားနေသည်ကို မြင်ကြရ၍ အခြားသော ရဟန်းတို့အားလည်း ဒိဋ္ဌာနုဂတိ=မြင်အပ်သည်ကို အတုလိုက်ခြင်း ဖြစ်စေရန်ရင်း ဆုံးမတော်မူခြင်း ဖြစ်သည်။)

ထိုအခါ မာရ်နတ်သားသည် ဘုရားရှိရာအရပ်သို့ လာရောက်ပြီးလျှင်—

ဗဒ္ဓေါသိ မာရပါသေဟိ၊
ယေ ဒိဗ္ဗာ ယေ စ မာနုသာ။
မဟာဗန္ဓနဗဒ္ဓေါသိ၊
န မေ သမဏ မောက္ခသိ။

အို ရဟန်းဂေါတမ····သင်ကား နတ်တို့အာရုံ ကာမဂုဏ်၌မှီသော တဏှာလောဘကျော့ကွင်း, လူတို့အာရုံ ကာမဂုဏ်၌မှီသော တဏှာလောဘကျော့ကွင်း ဤတဏှာလောဘ ကိလေသာကျော့ကွင်းတို့ဖြင့် ဖွဲ့မိပြီးသူ နှောင်မိပြီးသူ ဖြစ်ပေ၏၊ ဘဝသုံးဆောင် အချုပ်ထောင်၌ ကိလေသာ အနှောင်အဖွဲ့တို့ဖြင့် တုပ်နှောင်ထားအပ်သူလည်း ဖြစ်ပေ၏။ အို ရဟန်းဂေါတမ···· (ဆိုအပ်ပြီးသော အကြောင်းကြောင့်) သင်သည် ငါ၏ပိုင်စံ ဘဝသုံးပါး တည်းဟူသော နိုင်ငံမှ ဘယ်နည်းနှင့်မျှ လွတ်မြောက်နိုင်လိမ့်မည်မဟုတ်"—

ဟူ၍ အဟန့်အတားစကား ပြောကြားလာလေ၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် မာရ်နတ်သားကို (ချင်း၏ ပြောချက်နှင့် ကိုယ်တော်၏ဖြစ်ရပ်တို့ မိုးနှင့်မြေပမာ ဝေးကွာလှကြောင်း မီးနှင့်ရေပမာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိကြောင်းကို ဖော်ပြတော်မူလိုသဖြင့်)—

မုတ္တာဟံ မာရပါသေဟိ၊
ယေ ဒိဗ္ဗာ ယေ စ မာနုသာ။
မဟာဗန္ဓနမုတ္တောမှိ၊
နိဟတော တွမသိ အန္တက။

ဟယ် မာရ်နတ် ···· ငါဘုရားကား နတ်တို့ အာရုံကာမဂုဏ်၌မှီသော တဏှာလောဘကျော့ကွင်း, လူတို့အာရုံ ကာမဂုဏ်၌မှီသော တဏှာလောဘကျော့ကွင်း ဤ လောဘတဏှာ ကိလေသာကျော့ကွင်းတို့မှ ရှင်းရှင်းကြီး လွတ်မြောက်ပြီးသူ ဖြစ်လေပြီ၊ ဘဝသုံးဆောင် အချုပ်ထောင်၌ ကိလေသာ အနှောင်အဖွဲ့ကြီးတို့မှလည်း အပြီးတိုင် လွတ်မြောက်ပြီးသူ မှန်ပေ၏။ ဤ ကိလေသာစစ်ပွဲ၌ သင့်ကို ငါကား အပြီးအပိုင် အနိုင်ပွဲဆုံး သင်ရှုံးအောင် ငါသတ်အပ်လေပြီ။ (သင်ကား အရှုံးကြီး ရှုံးသူ ဖြစ်လေပြီ)—

ဟု ရဲရဲတောက်စကား မိန့်ကြားတော်မူလေ၏။ ထိုအခါ မာရ်နတ်သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ငါ့ကို သိ၍သွားချေပြီ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ငါ့ကို သိ၍သွားချေပြီ"ဟု ကိုယ်စိတ်မရွှင်မကြည်လင်ပဲ ငြိုငြင်ဆင်းရဲလျက် ထိုအရပ်မှာပင် ကွယ်ပျောက်လေတော့၏။

**ဒုတိယအကြိမ်မြောက် မာရ်နတ်လာ၍ အဟန့်အတားစကား ပြောကြားခြင်းအကြောင်း ပြီး၏။**

http://www.dhammadownload.com



## ဘဒ္ဒဝဂ္ဂီ နောင်ညီမင်းသား သုံးကျိပ်တို့ ရဟန်းပြုခြင်းအကြောင်း

(နေရာဌာန တခုခု၌ သီတင်းသုံး နေထိုင်တော်မူကြသော မြတ်စွာဘုရားတို့မှာ ထိုနေရာဌာန၌ အရိပ်အာဝါသ ရေမိုးစသည် ချို့တဲ့မှု, အနေအထိုင် ဆင်းရဲမှု, ထိုဒေသရှိလူများ၏ သဒ္ဓါတရားစသည် နည်းပါးမှု ခေါင်းပါးမှုများကို အစွဲပြု၍ မမွေ့လျော် မပျော်ပိုက်ခြင်းဟူ၍ မရှိ။ ထိုနေရာဌာန၌ အရိပ်အာဝါသ ရေမိုးစသည် ပြည့်စုံမှု, ထိုဒေသရှိလူများ၏ သဒ္ဓါတရားစသည်နှင့် ပြည့်စုံမှုများကို အစွဲပြု၍လည်း "၌ အရပ်၌ ငါတို့ချမ်းသာစွာ နေကြရကုန်၏"ဟု အောက်မေ့ကာ မွေ့လျော်ပျော်ပိုက်၍ ထိုအရပ်ဌာန၌ ကြာမြင့်စွာ နေခြင်းသည်လည်း မရှိ။ စင်စစ်ကား အကြင်အရပ်၌ မြတ်စွာဘုရား သီတင်းသုံး နေထိုင်တော်မူလျှင် သတ္တဝါများ သရဏဂုံ၌ တည်ကြမည် ဖြစ်အံ့၊ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလတို့ကိုမူလည်း ဆောက်တည်ကျင့်သုံးကြမည်ဖြစ်အံ့၊ ရှင်ရဟန်းပြုကြမည်မူလည်း ဖြစ်အံ့၊ သတ္တဝါများအား မဂ်ဖိုလ်၏ ဥပနိဿယ- ယည်း ပစ္စည်းကောင်းမှု ကုသိုလ် အထူးမူလည်း ရှိသည် ဖြစ်အံ့။ ထိုအရပ်၌ မြတ်စွာဘုရားသည် သတ္တဝါတို့ကို ထို သရဏဂုံ သီလ ရှင်ရဟန်းအဖြစ် မဂ်ဖိုလ်တည်းဟူသော ကောင်းကျိုး ချမ်းသာတို့၌ တည်စေတော်မူလိုသော အလိုတော် အဇ္ဈာသယဖြင့်သာ နေထိုင်သီတင်းသုံးတော်မူကြကုန်၏။ ထိုသို့ ချွတ်ရမည့် သတ္တဝါများကို ချွတ်တော်မူပြီး၍ ချွတ်ရမည့် သတ္တဝါတို့ ကုန်ပြန်သော် အရပ်တပါးသို့ ကြွသွားတော်မူကြမြဲ ဓမ္မတာ ဖြစ်ပေ၏။)

ထိုအခါ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော်၌ ပဉ္စဝဂ္ဂီမထေရ်ငါးဦး စသည့်တို့အား ချွတ်ရန် အလိုဆန္ဒ ပြည့်ဝအောင် နေတော်မူပြီးလျှင် ကိုယ်တော်တပါး တည်းသာ သပိတ်သင်္ကန်းကို ယူဆောင်တော်မူ၍ ဥရုဝေလ

http://www.dhammadownload.com



တောအုပ်ရှိရာ အရပ်သို့ ခရီးဒေသစာရီ ကြွချီတော်မူခဲ့ရာ လမ်းခရီးအကြား၌ **ကပ္ပါသိက**မည်သော တောအုပ်အတွင်းသို့ ဝင်ပြီးလျှင် တခုသော သစ်ပင်ရင်း၌ နေထိုင် သီတင်းသုံးတော်မူ၏။

ထိုအခါ (ရုပ်ရည်အဆင်း တင့်တယ်လှပ၍ စိတ်နေစိတ်ထား ကောင်းမြတ်ကြလျက် အသင်းလိုက် အဖွဲ့လိုက် လှည့်လည် ကျက်စား သွားလာ နေထိုင်တတ်ကြသောကြောင့်) **ဘဒ္ဒဝဂ္ဂီ** အမည်ရှိသော မင်းသား နောင်ညီ သုံးကျိပ်တို့သည် မယား ကိုယ်စီကိုယ်၄ ပါရှိကြလျက် ထို ကပ္ပါသိက တောအုပ်၌ ပျော်မွေ့ နေထိုင်ကြဆဲ ဖြစ်ကုန်၏။ သူငယ်ချင်း မင်းသားတယောက်မှာ မယားမရှိသဖြင့် ပြည့်တန်းဆာမ တယောက်ကို အခပေးကာ ခေါ်ဆောင်လာခဲ့ပေ၏။ ထိုအခါ ငှါးရမ်းလာသော ထိုပြည့်တန်းဆာမသည် ထိုမင်းသားများ သောက်စားမူးယစ် မေ့လျော့ကာ နေကြကုန်စဉ် ဥစ္စာပစ္စည်းများကို ခိုးယူကာ တိမ်းရှောင် ထွက်ပြေးလေ၏။

ထိုအခါ ထိုသူငယ်ချင်း မင်းသားတို့သည် အဖော်သူငယ်ချင်း၏ အမှုတာဝန်ကို ဝိုင်းဝန်းရွက်ဆောင်သောအားဖြင့် ထိုကပ္ပါ-သိက တောအုပ်အတွင်း၌ လှည့်လည်ကြ၍ ထိုမိန်းမပျောက်ကို လိုက်လံရှာဖွေကြသည်ရှိသော် တခုသော သစ်ပင်ရင်း၌ မြတ်စွာဘုရား သီတင်းသုံး နေထိုင်တော်မူသည်ကို တွေ့မြင်ကြကုန်လျှင် မြတ်စွာဘုရားထံမှောက်သို့ သွားရောက်ချဉ်းကပ်ပြီးလျှင်(မြတ်စွာဘုရားကို ရှိမခိုးနိုင်သေးပဲ) "ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· ရှင်တော်ဘုရားသည် မိန်းမတယောက်ကို တွေ့မြင်လိုက်ပါသလား"ဟု လျှောက်ထား မေးမြန်းကြကုန်၏။ မြတ်စွာဘုရားက "မင်းသားတို့····သင်တို့မှာ မိန်းမဖြင့် အဘယ်အလုပ်ရှိ၍နည်း"ဟု မေးမြန်းလေသော် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....တပည့်တော်တို့ သူငယ်ချင်း မင်းသားသုံးကျိပ်တို့သည် မယား ကိုယ်စီကိုယ်၄ ပါရှိကြလျက် ဤကပ္ပါသိက တောအုပ်၌ ပျော်မွေ့ နေထိုင်ကြဆဲ ဖြစ်ပါကုန်သည်၊ သူငယ်ချင်း မင်းသား တယောက်မှာ မယားမရှိသဖြင့် ပြည့်တန်းဆာမ တယောက်ကို

http://www.dhammadownload.com



အခပေးကာ ခေါ်ဆောင်လာခဲ့ရာ ထို ပြည့်တန်ဆာမသည် တပည့်တော်များ သောက်စားမူးယစ် မေ့လျော့ကာ နေထိုင်ကြကုန်စဉ် ဥစ္စာပစ္စည်းများကို ခိုးယူကာ ထွက်ပြေးတိမ်းရှောင်ခဲ့ပါသည်။ သူငယ်ချင်းဖြစ်ကြသော တပည့်တော်များသည် အဖော်သူငယ်ချင်း၏ အမှုတာဝန်ကို ဝိုင်းဝန်းရွက်ဆောင်သော အားဖြင့် ထိုမိန်းမပျောက်ကို လိုက်လံရှာဖွေကာ ဤကပ္ပါသိက တောအုပ်သို့ လှည့်လည်ကြပါကုန်၏"ဟု လျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားက "မင်းသားတို့....သင်တို့ အဖို့ရာ မိန်းမပျောက်ကို ရှာခြင်းနှင့် မိမိကိုယ်ကိုရှာခြင်း ဤ နှစ်မျိုးတို့တွင် အဘယ်ရှာခြင်းက မြတ်သည်ဟု သဘောကျကြကုန်သနည်း"ဟု မေးမြန်းတော်မူလေလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... တပည့်တော်တို့ အဖို့ရာ မိမိကိုယ်ကို ရှာခြင်းကသာ မြင့်မြတ်ပါသည်ဘုရား"ဟု လျှောက်ထားကြကုန်၏။ မင်းသားတို့.... သို့ဖြစ်လျှင် (ဒီလိုဆိုလျှင်) သင်တို့သည် ထိုင်ကြကုန်လော့၊ သင်တို့အား ငါဘုရားသည် တရားဟောပေအံ့"ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူလတ်သော် "ကောင်းပါပြီ ရှင်တော်ဘုရား"ဟု လျှောက်ထားကြပြီးလျှင် ထို ဘဒ္ဒဝဂ္ဂီ သူငယ်ချင်း မင်းသား သုံးကျိပ်တို့သည် မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးကြ၍ အပြစ်ခြောက်ပါး ကင်းလွတ်ရာ သင့်လျော်ပတ်သော နေရာ၌ ထိုင်နေကြကုန်၏။

ထို ဘဒ္ဒဝဂ္ဂီ သူငယ်ချင်းမင်းသား သုံးကျိပ်တို့အား မြတ်စွာဘုရားသည် ရှေး၌ ဆိုအပ်ပြီးသော နည်းအတိုင်း မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမြတ်သော တရားလမ်းစဉ်ဖြစ်သည့် (၁) ဒါနကထာ၊ (၂) သီလကထာ၊ (၃) သဂ္ဂကထာ၊ (၄) မဂ္ဂကထာ = ကာမာနံအာဒီနဝ+နေက္ခမ္မေအာနိသံသကထာ ဒေသနာ အစဉ်အတိုင်း ဟောကြားတော်မူ၍ ထို မင်းသားသုံးကျိပ် ခံ့သောစိတ်ရှိကြ နူးညံ့သောစိတ်ရှိကြ ပိတ်ပင်ခြင်း နီဝရဏကင်းသောစိတ်ရှိကြ တက်ကြွဝမ်းမြောက်သော စိတ်ရှိကြ ကြည်လင်သောစိတ်

http://www.dhammadownload.com



ရှိကြသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားသည် ထိုမင်းသား သုံးကျိပ်တို့အား သစ္စာလေးဝ သာမုက္ကံသိက ဓမ္မဒေသနာကို ဟောကြားတော်မူလေလျှင် ထို ဘဒ္ဒဝဂ္ဂီ သူငယ်ချင်း မင်းသား သုံးကျိပ်တို့သည် အချို့ကား သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏၊ အချို့ကား သကဒါဂါမိဖိုလ်၌ တည်ကြလေကုန်၏၊ အချို့ကား အနာဂါမိဖိုလ်၌ တည်ကြလေကုန်၏။ (တယောက်မျှ ပုထုဇဉ် အဖြစ်ဖြင့် မကျန်ရှိခဲ့ချေ။)

ထို ဘဒ္ဒဝဂ္ဂီ သူငယ်ချင်းမင်းသား သုံးကျိပ်တို့သည် အသီးသီး သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ်၌ တည်ကြပြီးလျှင် မြတ်စွာဘုရားကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ အထံဝတော်၌ ရှင်အဖြစ်ကို ရကြပါရစေ၊ ရဟန်းအဖြစ်ကို ရကြပါရစေ"ဟု ရှင်-ရဟန်းအဖြစ်ကို တောင်းပန်ကြလေသော် မြတ်စွာဘုရားသည် ရှေးနည်းအတူပင် "ဧထ ဘိက္ခဝေါ-အစရှိသည်ဖြင့် = ရဟန်းတို့ ···· လာကြလော့၊ သင်ချစ်သားတို့ တောင်းပန်အပ်သော ရှင်-ရဟန်းအဖြစ်ကို ခံယူကြလော့၊ တရားတော်ကို ငါဘုရား ကောင်းစွာ ဟောကြားအပ်လေပြီ၊ သင်ချစ်သားတို့သည် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုခြင်းငှါ အထက်မဂ်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြံကြိုးကုတ်ရအောင် အားထုတ်ကြလော့"ဟု ရွှေလက်တော်ကို ဆန့်တန်း၍ ဧဟိဘိက္ခု ခေါ်တော်မူလိုက်သည်နှင့် တပြိုင်နက် ထို ဘဒ္ဒဝဂ္ဂီ သူငယ်ချင်း မင်းသားသုံးကျိပ်တို့သည် ဇူဒ္ဓိမယပရိက္ခရာတို့ သူ့နေရာနှင့်သူ အဆင်သင့် ဆင်ယင်ပြီးသား ဖြစ်ကြလျက် အဝါ ၆၀-ရသော မထေရ်ကြီးများပမာ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကြလျက် ရဟန်းပြုပြီးသား ဖြစ်ကြလေတော့သည်။ အံ့ဩဖွယ်ရာ လူ့အသွင် ကွယ်ပျောက်၍ ရဟန်းအသွင်သို့ ကူးရောက်သွားကြလေတော့သည်။ ။(ဧထ ဘိက္ခဝေါ-ဟူ၍ မြတ်စွာဘုရားက ရွှေနှုတ်တော်မြွက်၍ ခေါ်တော်မူလိုက်ခြင်းသည်ပင် ထို မင်းသား သုံးကျိပ်တို့ အဖို့ရာ ဧဟိဘိက္ခု ရဟန်းခံခြင်းပင် ဖြစ်လေသည်၊ သိမ်ဝင်ဖွယ်ရာကိစ္စ လုံးဝမရှိတော့ပြီ။)

http://www.dhammadownload.com



(ဤဥ္စ၊ ၊ထိုမင်းသားသုံးကျိပ်တို့သည် ဆက္ကနိပါတ် တုဏ္ဍိလ ဇာတ်၌ သေသောက်ကြူးသုံးကျိပ်တို့ ဖြစ်ခဲ့ကြပြီ၊ ထိုအခါ ဘုရားအလောင်းတော် မဟာတုဏ္ဍိလဝက်မင်း၏ အဆုံးအမ ဩဝါဒတရားကို ကြားနာ၍ ငါးပါးသီလကို ကောင်းစွာ စောင့်ရှောက်ခဲ့ကြ၏။ ဤသို့ ငါးပါးသီလကို ကောင်းစွာ စောင့်ရှောက်ခဲ့ခြင်းသည် ထိုမင်းသားသုံးကျိပ်တို့၏ ယခုဘဝ၌ တပေါင်းတည်း တပြိုင်နက်တည်း သစ္စာလေးပါးတရားကိုသိဖို့ရန် ရှေးကောင်းမှုဖြစ်သည်။ ထိုမင်းသားသုံးကျိပ်တို့မှာ ငါးပါးသီလကို တပေါင်းတည်း အညီအညွတ် စောင့်ရှောက်ခဲ့ခြင်းမှတပါး အသီးအသီး ရှေးရှေးဘုရားရှင်တို့၏ သာသနာတော်၌ သူတော်ကောင်းတရားကို ကြားနာခြင်း, သရဏဂုံဆောက်တည်ခြင်း, အလှူပေးခြင်း, သီလထိန်းစောင့်ခြင်း, သမထဘာဝနာ ဝိပဿနာဘာဝနာတို့ကို ပွါးများအားထုတ်ခြင်းအားဖြင့် များစွာသော ဝိဝဋ္ဋနိဿိတကုသိုလ်များလည်း ထင်ရှားရှိခဲ့၏၊ ထို့ကြောင့်ပင် မြတ်စွာဘုရားနှင့်တွေ့သော ထိုနေ့မှာပင် အောက်မဂ် အောက်ဖိုလ်ရခြင်း ဧဟိဘိက္ခုရဟန်းဖြစ်ခြင်း-စသော ဂုဏ်ကျေးဇူး အထူးများ ပြည့်စုံခြင်း ဖြစ်လေသည်။

ထို ဘဒ္ဒဝဂ္ဂီမထေရ်သုံးကျိပ်တို့သည် ကောသလမင်းကြီးနှင့် ဖတူမိကွဲ ညီအစ်ကိုတော်စပ်သူ မင်းသားများ ဖြစ်ကြ၏၊ ထိုမထေရ်တို့သည် ကောသလတိုင်း အနောက်ပိုင်း ပါဝေယျပြည်၌ အနေများသောကြောင့် ပါဠိတော်များ၌ ထိုမထေရ်တို့၏ အမည်မှာ "ပါဝေယျက" မထေရ်များဟူ၍ ထင်ရှားလေသည်။ ထိုမထေရ်တို့ကိုပင် အကြောင်းပြု၍ နောက်အခါ၌ ကထိန်သင်္ကန်းကို မြတ်စွာဘုရား ခွင့်ပြုတော်မူသည်။ ထိုပါဝေယျက ဘဒ္ဒဝဂ္ဂီမထေရ်သုံးကျိပ်တို့သည် နောက်တချိန်၌ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် (သံ၊ ၁၊ ၃၉၄) အနမတဂ္ဂသံယုတ် ဒုတိယဝဂ်၊ ၃-ထိံ သမတ္တသုတ်လာ အနမတဂ္ဂတရားဒေသနာကို ကြားနာကြရသဖြင့် အရဟတ္တဖိုလ်၌ တည်ကြကုန်၏။)

---

## အခန်း — ၁၄

### ရသေ့ညီနောင် ရှင်တထောင်တို့ကို ချေချွတ်တော်မူခြင်းအကြောင်း

မြတ်စွာဘုရားသည် ဘဒ္ဒဝဂ္ဂီ မင်းသားသုံးကျိပ်တို့ကို အောက်မဂ် အောက်ဖိုလ် သုံးပါးတို့၌ တည်စေကာ ရဟန်းအဖြစ်ရောက်

http://www.dhammadownload.com



နှီးမြောက် ချေချွတ်တော်မူပြီးသောအခါ ခရီးဒေသစာရီ အစဉ်သဖြင့် ကြွချီတော်မူလတ်သော် ဥရုဝေလတောအုပ်သို့ ရောက်တော်မူ၏။

ထိုအချိန်၌ ဥရုဝေလတောအုပ်ဝယ် (၁) ဥရုဝေလကဿပ (နောင်ကြီး)၊ (၂) နဒီကဿပ (ညီလတ်)၊ (၃) ဂယာကဿပ (ညီငယ်) ဟူသော ရသေ့ညီနောင် သုံးဦးတို့သည် နေထိုင်ဆဲ ရှိကြကုန်၏၊ ထိုသုံးဦးတို့တွင် **ဥရုဝေလကဿပ** ရသေ့သည် တပည့်ရသေ့ငါးရာတို့၏ ခေါင်းဆောင်ဦးစီး ဆရာကြီးဖြစ်၏။ **နဒီကဿပ** ရသေ့သည် တပည့်ရသေ့ သုံးရာတို့၏ ခေါင်းဆောင်ဦးစီး ဆရာကြီးဖြစ်၏၊ **ဂယာကဿပ** ရသေ့သည် တပည့်ရသေ့ ပေါင်း နှစ်ရာတို့၏ ခေါင်းဆောင်ဦးစီး ဆရာကြီးဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလကဿပ ရသေ့၏ သင်္ခမ်းကျောင်းသို့ ကြွရောက်တော်မူပြီးလျှင် ဥရုဝေလကဿပ ရသေ့ကို "အို ကဿပ.... သင့်အား အကယ်၍ ဝန်မလေးခဲ့ပါမူ သင်၏ မီးတင်းကုပ်၌ ယနေ့တညဉ့်မျှ ငါဘုရား သီတင်းသုံးနေထိုင်လိုပါသည်"ဟု ခွင့်ပန်စကား မိန့်ကြားတော်မူလေ၏။ ဥရုဝေလကဿပရသေ့ကလည်း "အို ရဟန်းကြီး.... ကျွန်ုပ်အတွက်တာဝန်လေးမှုမရှိပါ၊ (အထူးပြောကြားလိုသည်ကတော့) ဤမီးတင်းကုပ်၌ ကြမ်းတမ်းလှ၍ တန်ခိုးကြီးမားလျက် ထက်မြက်လျင်မြန် ပြင်းထန်သည့် အဆိပ်ရှိသော နဂါးမင်းရှိပါသည်၊ ထိုနဂါးမင်းသည် သင်ရဟန်းကြီးကို မညှဉ်းပန်း မနှိပ်စက်စေချင်ပါ" ဟူ၍ ပြန်ကြား ပြောဆိုလတ်သောအခါ မြတ်စွာဘုရားက နှစ်ကြိမ်မြောက် ခွင့်ပန်စကား ရှေးနည်းအတူ ပြောကြားသောအခါ, သုံးကြိမ်မြောက် ခွင့်ပန်စကား ရှေးနည်းအတူ ပြောကြားသောအခါတို့မှာလည်း ဥရုဝေလကဿပရသေ့သည် ရှေးနည်းအတူပင် မိမိအဖို့ရာ ဝန်မလေးကြောင်း၊ သို့ရာတွင် ထိုမီးတင်းကုပ်ဆဲမှာ တန်ခိုးပြင်းထန် လျင်မြန်ထက်မြက်သည့် အဆိပ်ရှိသော နဂါးမင်း ရှိ၍ ထိုနဂါးမင်းက မြတ်စွာဘုရားကို မညှဉ်းပန်း မနှိပ်စက်စေလိုကြောင်း (=ညှဉ်းပန်းနှိပ်စက်မည်ကို စိုးရိမ်ကြောင်း) ပြန်ကြား

http://www.dhammadownload.com



ပြောဆိုသဖြင့် စတုတ္ထ အကြိမ်မြောက်၌ မြတ်စွာဘုရားက "အို ကဿပ....ထို နဂါးမင်းသည် ငါဘုရားကို ညှဉ်းပန်းနှိပ်စက်မှု ကောန်ပင်မပြုနိုင်ပါ။ငါ့ိတိုက်တွန်းလိုသည်မှာ သင်ကသာ ငါဘုရား ကို မီးတင်းကုပ်၌ နေထိုင်ရန်အမှု ခွင့်ပြုပါလော့"ဟု မိန့်ဆိုတော် မူသောအခါ ဥရုဝေလကဿပရသေ့သည် "အို ရဟန်းကြီး.... အလိုရှိတိုင်း ချမ်းသာစွာ နေထိုင်တော်မူပါလော့"ဟု ခွင့်ပြုစကား ပြန်ကြားပြောဆိုလေ၏။

ထိုသို့ ဥရုဝေလကဿပရသေ့က ခွင့်ပြုသောအခါ မြတ်စွာ ဘုရားသည် မီးတင်းကုပ်အတွင်းသို့ဝင်၍ မြက်ဖျာကလေးကို ခင်းကာ ကိုယ်ကို မတ်မတ်ထားလျက် ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှု သတိကို ဖြစ်စေတော်မူ၍ ထက်ဝယ်ဖွဲ့ခွေ (=တင်ပလ္လင်ခွေ) ထိုင်နေတော်မူလေ၏။ နဂါးမင်းသည် မြတ်စွာဘုရားကိုယ်တော် မြတ် မီးတင်းကုပ်အတွင်း ဝင်လာသည်ကိုမြင်လေလျှင် အလွန်ပင် စိတ်ဆိုးလှသဖြင့် (ဖွဲ့ပြာအလား မြတ်စွာဘုရားကို မုန့်မုန့်ညက်ညက် ပျက်စီးရန် ရည်သန်၍ ) မြတ်စွာဘုရားရှိရာသို့ အခိုးတလူလူ လွှတ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် "ငါကား ဤနဂါး၏ အရေထူ အရေပါး အသား အကြော အရိုး ရိုးတွင်းခြင်ဆီများကို မထိပါး မနာကျင်စေမူ၍ ချင်း၏တန်ခိုးကို ငါဘုရား၏တန်ခိုးဖြင့် အုပ်မိုး ဖိလွှမ်း ကုန်ခန်းစေရမူ ကောင်းလေစွ"ဟု အကြံတော်ပြုပြီးလျှင် ထိုနဂါးမင်း၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို မထိပါး မနာကျင် စေရန် တန်ခိုးတော်ကိုပြုဖန်၍ ထိုနဂါးမင်းလွှတ်သောအခိုးထက် သာလွန်ပြင်းထန်သောအခိုးကို လွှတ်တော်မူ၏။ နဂါးမင်းသည် မိမိအမျက်ကို မအောင့်အည်းနိုင်ရကား မီးတောက်မီးလျှံများကို လွှတ်ပြန်လေ၏။ မြတ်စွာဘုရားသည်လည်း တေဇောကသိဏ ဈာန်(= တေဇောကသိုဏ်းကို အာရုံပြုသောဈာန်)ကို ဝင်စား၍ ထိုထက်ကြီးမားပြင်းထန်သော မီးတောက်မီးလျှံများကို လွှတ်

http://www.dhammadownload.com



တော်မူလေ၏။ ဘုရားနှင့်နဂါး နှစ်ဦးသားတို့၏ ကြီးမားသော မီးတောက်မီးလျှံများကြောင့် မီးတင်းကုပ်တခုလုံး မီးဟုန်းဟုန်း တောက်လုမတတ် ရှိလေ၏။

ထိုအခါ ဥရုဝေလကဿပ ဆရာကြီးအမှူးရှိသော ရသေ့အပေါင်းတို့သည် မီးတင်းကုပ်ကို ချဉ်းကပ်ဝိုင်းအုံကြကုန်လျက် "အို အချင်းတို့....အလွန်အမင်း အဆင်းလှပသော ရဟန်းကြီးကို နဂါးမင်းသည် ညှဉ်းပန်းနှိပ်စက်အပ်ပါပေါ့တကား" ဟု စိုးရိမ်စကား ပြောကြားကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုညဉ့်လွန်မြောက် မိုးသောက်လတ်သောအခါ နဂါးမင်း၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို မထိပါး မနာကျင်စေမူ၍ ကိုယ်တော်မြတ်၏တန်ခိုးဖြင့် နဂါးမင်း၏ တန်ခိုးကို အုပ်မိုးဖိလွှမ်းကုန်ခန်းစေပြီးလျှင် နဂါးမင်းကို သပိတ်၌ထည့်၍ကာ "အို ကဿပ.... ဤကား သင်ပြောကြားသော နဂါးပေတည်း၊ ထိုနဂါး၏တန်ခိုးကို ငါဘုရား၏တန်ခိုးဖြင့် အုပ်မိုးဖိလွှမ်း ကုန်ခန်းစေအပ်ပြီ" ဟု ပြောဆိုမိန့်ကြားတော်မူကာ ဥရုဝေလကဿပ ရသေ့ဆရာကြီးအား နဂါးကို ပြသတော်မူလေ၏။ ထိုအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီးအား—

> ရဟန်းကြီးသည် တန်ခိုးပြင်းထန် လျှင်မြန်သော အဆိပ်ရှိသော နဂါးမင်း၏တန်ခိုးကို မိမိတန်ခိုးဖြင့် အုပ်မိုးဖိလွှမ်း ကုန်ခန်းစေနိုင်ရကား ကြီးမားသောတန်ခိုး အာနုဘော် ရှိပါပေ၏။ ထိုသို့ပင် တန်ခိုးအာနုဘော် ကြီးမားသော်လည်း ငါလိုတော့ အာသဝေါကုန်ခန်း ရဟန္တာကား မဟုတ်သေးချေ—

ဟူ၍ အကြံဖြစ်လေ၏။

ထိုအခါ ဥရုဝေလကဿပရသေ့ဆရာကြီးသည် မြတ်စွာဘုရား၏ ဤပဌမအကြိမ် နဂါးမင်းကို ဆုံးမသော တန်ခိုးပြာဋိဟာဖြင့်ပင် အလွန်ကြည်ညိုလှရကား မြတ်စွာဘုရားကို "အို ရဟန်းကြီး.... ဤအရပ်၌ပင် နေထိုင်သီတင်းသုံးတော်မူပါ၊ အကျွန်ုပ်သည် သင်

http://www.dhammadownload.com



ရဟန်းကြီးအား အမြဲမပြတ် ဆွမ်းဝတ်ဖြင့် ဆက်ကပ်လုပ်ကျွေးပါမည်''ဟု ဖိတ်မန်စကား လျှောက်ထားပြောကြားလေ၏။

ရှေးဦးစွာ တန်ခိုးပြာဋိဟာပြခဏ်း ပြီး၏။

ထိုနောက် မြတ်စွာဘုရားသည် ဥရုဝေလကဿပ ရသေ့ဆရာကြီး၏ သခ်မ်းကျောင်းအနီး တခုသောတောအုပ်၌ နေထိုင်တော်မူ၏။ ထိုအခါ စတုမဟာရာဇ်နတ်မင်းကြီး လေးဦးတို့သည် ညဉ့်ဦးယံလွန်မြောက် သန်းခေါင်ယံအချိန်သို့ ရောက်လတ်သော် အလွန်နှစ်လိုဖွယ်သော အဆင်းရှိကြကုန်လျက် တောအုပ်ကြီး တခုလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေကြ၍ မြတ်စွာဘုရားထံမှောက်သို့ လာရောက်ချဉ်းကပ်ကြကာ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးကြပြီးလျှင် မီးပုံကြီးလေးပုံပမာ ထက်ဝန်းကျင် အရပ်လေးမျက်နှာ၌ ရပ်တည်ဆည်းကပ်လျက် နေကြကုန်၏။

ထိုအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီးသည် ထိုညဉ့်လွန်မြောက် မိုးသောက်လတ်သောအခါ၌ မြတ်စွာဘုရား အထံတော်သို့ လာရောက်ပြီးလျှင် မြတ်စွာဘုရားကို "အို ရဟန်းကြီး.... ဆွမ်းစားချိန်တန်ပါပြီ၊ ဆွမ်းပြင်၍လည်း ပြီးပါပြီ၊ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူပါလော့။ အို ရဟန်းကြီး.... ယမန်နေ့ ညဉ့်ဦးယံလွန်မြောက် သန်းခေါင်ယံအချိန်သို့ ရောက်သောအခါ အလွန်နှစ်လိုဖွယ်သော အဆင်းရှိကြကုန်လျက် တောအုပ်ကြီးတခုလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေကြ၍ သင်ရဟန်းကြီးထံမှောက်သို့ လာရောက်ချဉ်းကပ်ကြကာ သင်ရဟန်းကြီးကို ရှိသေမြတ်နိုး ရှိခိုးကြပြီးလျှင် မီးပုံကြီးလေးပုံပမာ ထက်ဝန်းကျင် အရပ်လေးမျက်နှာ၌ ရပ်တည်ဆည်းကပ်လာကြသောသူတို့ကား အဘယ်သူတို့ပါနည်း''ဟု မေးမြန်းလျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားက "အို ကဿပ....သင်မေးသော ထိုသူလေးဦးတို့ကား စတုမဟာရာဇ်နတ်မင်းကြီး လေးဦးတို့ ဖြစ်ကြသည်။ ငါဘုရားသံမှောက်သို့ တရားနာရန် လာရောက်ချဉ်းကပ်ကြခြင်း

http://www.dhammadownload.com



ဖြစ်သည်”ဟု ဥရုဝေလကဿပ ရသေ့ဆရာကြီးအား မိန့်ကြားတော်မူသောအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီးအား—

ဤရဟန်းကြီး ထံသို့ စတုမဟာရာဇ်နတ်မင်းကြီး လေးဦးတို့သော်မှ တရားနာရန် ချဉ်းကပ်လာရောက်ကြရကုန်၏၊ သို့ရကား ဤရဟန်းကြီးသည် ကြီးမားသောတန်ခိုးအာနုဘော် ရှိပါပေ၏၊ ထိုသို့ပင် တန်ခိုးအာနုဘော် ကြီးမားသော်လည်း ငါလိုတော့ အာသဝေါကုန်ခန်း ရဟန္တာကား မဟုတ်သေးချေ—

ဟူ၍ အကြံဖြစ်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလကဿပ ရသေ့ဆရာကြီး၏ စိတ်အကြံအစည်ကို သိပါသော်လည်း (ဉာဏ်မရင့်ကျက်သေးသဖြင့်) အောင့်အည်းသည်းခံတော်မူလျက် ဥရုဝေလကဿပ ရသေ့ဆရာကြီး လှူဒါန်းသောဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ထိုတောအုပ်အတွင်းမှာပင် နေထိုင်သီတင်းသုံးတော်မူလေ၏။

နှစ်ကြိမ်မြောက် တန်ခိုးပြာဋိဟာပြခဏ်း ပြီး၏။

ထိုအခါ နတ်တို့သနင်း သိကြားမင်းသည် ညဉ့်ဦးယံလွန်မြောက် သန်းခေါင်ယံအချိန်သို့ ရောက်လတ်သော် အလွန်နှစ်လိုဖွယ်သော အဆင်းရှိလျက် တောအုပ်ကြီးတခုလုံးကို ကိုယ်ရောင် ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေ၍ မြတ်စွာဘုရား၏ ထံမှောက်သို့ လာရောက်ချဉ်းကပ်ကာ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် ရှေးဖြစ်သော စတုမဟာရာဇ်နတ်မင်းကြီးတို့၏ အရောင်အဆင်းများထက် သာလွန်၍ နှစ်သက်ဖွယ်ရှိသည့်ပြင် အထူးပင် မွန်မြတ်လှသည်ဖြစ်၍ ကြီးမားတောက်ပစွာသော မီးတောက်မီးပုံကြီးပမာ သင့်လျော်ပတ်ရာအရပ်၌ ရပ်တည်ဆည်းကပ်နေလေ၏။

ထိုအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီးသည် ထိုညဉ့်လွန်မြောက် မိုးသောက်လတ်သောအခါ၌ မြတ်စွာဘုရား အထံတော်

http://www.dhammadownload.com



သို့ လာရောက်ပြီးလျှင် မြတ်စွာဘုရားကို "အို ရဟန်းကြီး···· ဆွမ်းစားချိန်တန်ပါပြီ၊ဆွမ်းပြင်၍လည်း ပြီးပါပြီ၊ဆွမ်းဘုဉ်းပေးရန် ကြွတော်မူပါလော့။ အို ရဟန်းကြီး.... ယမန်နေ့ ညဉ့်ဦးယံ လွန်မြောက် သန်းခေါင်ယံအချိန်သို့ ရောက်သောအခါ အလွန် နှစ်လိုဖွယ်သော အဆင်းရှိလျက် တောအုပ်ကြီးတခုလုံးကို ကိုယ် ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေ၍ သင်ရဟန်းကြီး ထံမှောက်သို့ လာရောက်ချဉ်းကပ်ကာ သင်ရဟန်းကြီးကို ရှိသေ မြတ်နိုး ရှိခိုးပြီးလျှင် ရှေးဖြစ်သော စတုမဟာရာဇ်နတ်မင်းကြီး တို့၏ အရောင်အဆင်းများထက် သာလွန်၍ နှစ်သက်ဖွယ်ရှိသည့် ပြင် အထူးပင်မွန်မြတ်လှသည်ဖြစ်၍ ကြီးမားတောက်ပစွာသော မီးတောက်မီးပုံကြီးပမာ သင့်လျော်ကျော်ပတ်ရာအရပ်၌ ရပ်တည် ဆည်းကပ်လာသောသူကား အဘယ်သူပါနည်း" ဟု မေးမြန်း လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားက "အို ကဿပ.... သင်မေးသောထိုသူကား နတ်တို့သနင်း သိကြားမင်း ဖြစ်ပေ သည်၊ ငါဘုရားထံမှောက်သို့ တရားနာရန် လာရောက်ဆည်းကပ် ခြင်း ဖြစ်ပေသည်"ဟု ဥရုဝေလကဿပ ရသေ့ဆရာကြီးအား မိန့်ကြားတော်မူသောအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီး အား—

> ဤ ရဟန်းကြီးထံသို့ နတ်တို့သနင်း သိကြားမင်း သော်မှ တရားနာရန် ချဉ်းကပ်လာရောက်ရပေ၏၊ သို့ရ ကား ဤရဟန်းကြီးသည် ကြီးမားသော တန်ခိုးအာနု ဘော် ရှိပါပေ၏၊ ထိုသို့ပင် တန်ခိုးအာနုဘော် ကြီးမား သော်လည်း ငါလိုတော့ အာသဝေါကုန်ခန်း ရဟန္တာ ကား မဟုတ်သေးချေ—

ဟူ၍ အကြံဖြစ်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလ- ကဿပ ရသေ့ဆရာကြီး၏ စိတ်အကြံအစည်ကို သိပါသော်လည်း (ထိုရသေ့ဆရာကြီး၏ ဉာဏ်မြေ မရင့်ကျက်သေးသဖြင့်) ဉာဏ်မြေ ရင့်ကျက်မည့်အချိန်ကိုသာ စောင့်မြော်အောင့်အည်း သည်းခံ တော်မူလျက် ဥရုဝေလကဿပ ရသေ့ဆရာကြီး လှူဒါန်းသော

http://www.dhammadownload.com



ဆွမ်းကို ဘုဥ်းပေးသုံးဆောင်တော်မူပြီးလျှင် ထိုတောအုပ်အတွင်း မှာပင် နေထိုင်သီတင်းသုံးတော်မူလေ၏။

သုံးကြိမ်မြောက် တန်ခိုးပြာဋိဟာပြခဏ်း ပြီး၏။

ထိုအခါ သဟမ္ပတိ မြဟ္မာမင်းသည် ညဥ့်ဦးယံ လွန်မြောက် သန်းခေါင်ယံအချိန်သို့ ရောက်လတ်သော် အလွန်နှစ်လိုဖွယ်သော အဆင်းရှိလျက် တောအုပ်ကြီးတခုလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေ၍ မြတ်စွာဘုရား၏ ထံမှောက်သို့ လာ ရောက်ချဥ်းကပ်ကာ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် ရှေးဖြစ်သော စတုမဟာရာဇ် နတ်မင်းကြီးလေးဦးနှင့် သိကြား မင်းတို့၏ အရောင်အဆင်းများထက် သာလွန်၍ နှစ်သက်ဖွယ် ရှိသည့်ပြင် အထူးပင် မွန်မြတ်လှသည်ဖြစ်၍ ကြီးမားတောက်ပ စွာသော မီးတောက်မီးပုံကြီးပမာ သင့်လျောက်ပတ်ရာအရပ်၌ ရပ်တည်ဆည်းကပ်နေလေ၏။

ထိုအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီးသည် ထိုညဥ့် လွန်မြောက် မိုးသောက်လတ်သောအခါ၌ မြတ်စွာဘုရား အထံ တော်သို့ လာရောက်ပြီးလျှင် မြတ်စွာဘုရားကို "အိုရဟန်းကြီး.... ဆွမ်းစားချိန်တန်ပါပြီ၊ဆွမ်းပြင်၍လည်းပြီးပါပြီ၊ဆွမ်းဘုဥ်းပေးရန် ကြွတော်မူပါလော့။ အိုရဟန်းကြီး.... ယမန်နေ့ ညဥ့်ဦးယံ လွန် မြောက် သန်းခေါင်ယံအချိန်သို့ ရောက်သောအခါ အလွန်နှစ်လို ဖွယ်သော အဆင်းရှိလျက် တောအုပ်ကြီးတခုလုံးကို ကိုယ်ရောင် ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေ၍ သင်ရဟန်းကြီးထံမှောက် သို့ လာရောက် ချဥ်းကပ်ကာ သင်ရဟန်းကြီးကို ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် ရှေးဖြစ်သော စတုမဟာရာဇ်နတ်မင်းကြီး လေးဦးနှင့် သိကြားမင်းတို့၏ အရောင်အဆင်းများထက် သာလွန်၍ နှစ်သက် ဖွယ်ရှိသည့်ပြင် အထူးပင် မွန်မြတ်လှသည်ဖြစ်၍ ကြီးမားတောက် ပစွာသော မီးတောက်မီးပုံကြီးပမာ သင့်လျောက်ပတ်ရာအရပ်၌ ရပ်တည် ဆည်းကပ်လာသော သူကား အဘယ်သူပါနည်း" ဟု မေးမြန်း လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားက "အို

http://www.dhammadownload.com



ကဿပ.... သင်မေးသော ထိုသူကား သဟမ္ပတိဗြဟ္မာမင်း ဖြစ်ပေသည်၊ ငါဘုရားထံမှောက်သို့ တရားနာရန် လာရောက်ဆည်းကပ်ခြင်း ဖြစ်ပေသည်”ဟု ဥရုဝေလကဿပ ရသေ့ဆရာကြီးအား မိန့်ကြားတော်မူသောအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီးအား—

ဤရဟန်းကြီးထံသို့ သဟမ္ပတိဗြဟ္မာမင်းသော်မှ တရားနာရန် ချဉ်းကပ်လာရောက်ရပေ၏၊ သို့ရကား ဤရဟန်းကြီးသည် ကြီးမားသော တန်ခိုးအာနုဘော် ရှိပါပေ၏၊ ထိုသို့ပင် တန်ခိုးအာနုဘော် ကြီးမားသော်လည်း ငါလိုတော့ အာသဝေါကုန်ခန်း ရဟန္တာကား မဟုတ်သေးချေ—

မှုု၍ အကြံဖြစ်ပြန်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလကဿပ ရသေ့ကြီး၏ စိတ်အကြံအစည်ကို သိတော်မူပါသော်လည်း (ထိုရသေ့ဆရာကြီး၏ ဉာဏ်မြေ မရင့်ကျက်သေးသဖြင့်) ဉာဏ်မြေရင့်ကျက်မည့် အချိန်ကိုသာ စောင့်မြော်အောင့်အည်း သည်းခံတော်မူလျက် ဥရုဝေလကဿပ ရသေ့ဆရာကြီး လှူဒါန်းသော ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ထိုတောအုပ်အတွင်းမှာပင် နေထိုင်သီတင်းသုံးတော်မူလေ၏။

လေးကြိမ်မြောက် တန်ခိုးပြာဋိဟာပြခဏ်း ပြီး၏။

ဤသို့သောနည်းဖြင့် မြတ်စွာဘုရားသခင် ဥရုဝေလတောအုပ်၌ သီတင်းသုံးနေထိုင်တော်မူသောအခါ အင်္ဂတိုင်းသူတိုင်းသား မဂဓတိုင်းသူ တိုင်းသား လူများအပေါင်းသည် လစဉ် လဝဉ်ကြီးစွာသော အလှူပွဲကြီးသဘင် ဆင်ယင်ကျင်းပကာ ဥရုဝေလကဿပ ရသေ့ဆရာကြီးအား ပူဇော်လှူဒါန်းမြဲဖြစ်၍ ထိုပူဇော်လှူဒါန်းသည့် ပွဲကြီးသဘင်ရက်ရောက်လတ်၍အလျှင်တရက်ကပင် ကြိုတင်ပြီးလျှင် ဆွမ်းခဲဖွယ် ဘောဇဉ်ပွဲများကို ပြုပြင်စီရင်ရန် (နံနက်မိုးသောက်လျှင် ဥရုဝေလကဿပ ရသေ့ဆရာကြီးထံသို့)

http://www.dhammadownload.com



သွားရောက်ပူဇော်ကြရန် စီမံစိုင်းပြင်းလျက် ရှိလေ၏။ ထိုအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီးအား—

"ယခုအခါ ငါ့အတွက် ပူဇော်ပွဲကြီးကား ဖြစ်လုဆဲ စီမံနေဆဲရှိ၏၊(နံနက်မိုးသောက်ရောက်လတ်သောအခါ) အင်္ဂတိုင်းသူတိုင်းသား မဂဓတိုင်းသူတိုင်းသား လူများအားလုံးသည် များစွာသော ခဲဖွယ်ဘောဇဉ်ပွဲများကို ယူဆောင်ကြကာ ငါ၏ သခ်မ်းကျောင်းသို့ လာကြပေလိမ့်မည်။ထိုလူများ ရောက်လာညီမူကြသောအခါ ရဟန်းကြီးသည် (တန်ခိုးအာနုဘော်ကြီးမားသူ ဖြစ်သည့်အလျောက်) ထိုလူများ၏ အလယ်တွင် ကြီးကျယ်သော တန်ခိုးပြာဋိဟာကို ပြသခဲ့ပါလျှင် (လူအများက ရဟန်းကြီးအား လွန်စွာ ကြည်ညိုကြပေလိမ့်မည်၊ ထိုအခါ) ရဟန်းကြီးအား လာဘ်ပူဇော်သက္ကာရများ တနေ့တခြား တိုးပွါးပေတော့မည်။ ငါ့အတွက်ကား (ကြည်ညိုသဒ္ဓါတရား နည်းပါးသွားကြမည်ဖြစ်၍) လာဘ်ပူဇော်သက္ကာရများ တနေ့တခြား လျော့ပါး ဆုတ်ယုတ်၍ သွားပေလိမ့်မည်၊သို့ရကား ရဟန်းကြီးသည် အလိုက်သိစွာ နက်ဖြန်ခါ ဆွမ်းအတွက် ငါ့သခ်မ်းကျောင်းသို့ မလာ ရောက်ပါမူ ကောင်းလေစွ"—

ဟူ၍ အကြံအစည် ဖြစ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလကဿပ၏ စိတ်အကြံကို ကိုယ်တော်မြတ်၏ စေတောပရိယ အဘိညာဏ် စိတ်ဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူ၍ ဥတ္တရကုရု မြောက်ကျွန်းသို့ ကြွတော်မူ၍ ထိုမြောက်ကျွန်းမှ ဆွမ်းကို ခံယူတော်မူပြီးလျှင် ဟိမဝန္တာ အနောတတ်အိုင်အနီး၌ ဆွမ်းဘုဉ်းပေးတော်မူ၍ ထိုအိုင်၏အနီး စန္ဒကူးတောအတွင်း၌ နေ့သန့်နေထိုင်တော်မူလေ၏။

http://www.dhammadownload.com



(မဟာဝံသကျမ်းအဆိုအားဖြင့်၊ ၊ညနေချမ်းအချိန်သို့ရောက်လျှင် နောင်သောအခါ သာသနာတော်၏ ထွန်းလင်းတောက်ပရာ ဖြစ်မည်ကို သိတော်မူ၍ လက်ာဒီပခေါ် ဆို သီဟိုဠ်ကျွန်းသို့ ကိုယ်တော်တပါးတည်း ကြွသွားတော်မူကာ နတ်ဘီလူးတို့ကို နှိပ်နင်းဆုံးမတော်မူပြီးလျှင် သုမန နတ်မင်းအား အစဥ် သဖြင့် ကိုးကွယ် ပူဇော် ရစ်ရန် ဆံတော်ခတ် တလက်ဆုပ်မျှ ပေးအပ်ချီးမြှောက်တော်မူခဲ့လေသည်။)

ထိုနောင်မှ နောက်တနေ့ နေအရုဏ်မတက်မီပင် ဥရုဝေလ တောအုပ်သို့ ပြန်လည်ကြွရောက်တော်မူကာ သီတင်းသုံးနေထိုင်မြဲ နေထိုင်တော်မူလေ၏။

နောက်တနေ့နံနက် ဆွမ်းစားချိန်သို့ ရောက်သောအခါ ဥရု-ဝေလကဿပ ရသေ့ဆရာကြီးသည် မြတ်စွာဘုရားထံတော် မှောက်သို့ သွားရောက်ချဉ်းကပ်ပြီးလျှင် "အို ရဟန်းကြီး···· ဆွမ်း စားချိန်တန်ပါပြီ၊ ဆွမ်းပြင်၍လည်း ပြီးပါပြီ၊ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူပါလော့။ အို ရဟန်းကြီး .... ယမန်နေ့က အဘယ့် ကြောင့် မလာပါသနည်း၊ အကျွန်ုပ်တို့မှာ သင်ရဟန်းကြီးကို 'အဘယ့်ကြောင့် ရဟန်းကြီး မလာပါလိမ့်နည်း' ဟု အမှတ်တရရ ရှိနေကြပါ၏၊ သင်ရဟန်းကြီးအတွက် ဆွမ်းခဲဖွယ်ဘောဇဉ်များကို ချန်ထားကြပါ၏" ဟူ၍လောကွတ်ပျူငှါစကား ပြောကြားလေ၏။ ထိုအခါ မြတ်စွာဘုရားက–

အို ကဿပ ..,.. ယမန်နေ့က သင်၏စိတ်အစဉ်မှာ "ယခုအခါ ငါ့အတွက် ပူဇော်ပွဲကြီးကား ဖြစ်လုဆဲ စီမံ နေဆဲရှိ၏၊ (နက်ဖြန်မိုးသောက် ရောက်လတ်သောအခါ) အင်္ဂတိုင်းသူတိုင်းသား, မဂဓတိုင်းသူတိုင်းသား လူများ အားလုံးသည် များစွာသော ခဲဖွယ်ဘောဇဉ်ပွဲများကို ယူဆောင်ကြကာ ငါ၏သင်္ခမ်းကျောင်းသို့ လာကြပေလိမ့် မည်၊ ထိုလူများ ရောက်လာညီမူကြသောအခါ ရဟန်းကြီး သည် (တန်ခိုးအာနုဘော် ကြီးမားသူ ဖြစ်သည့် အလျောက်) ထိုလူများ၏အလယ်တွင် ကြီးကျယ်သော တန်ခိုးပြာဋိဟာကို ပြသခဲ့ပါလျှင် (လူအများက ရဟန်း

http://www.dhammadownload.com



ကြီးအား များစွာ ကြည်ညိုကြပေလိမ့်မည်၊ ထိုအခါ) ရဟန်းကြီးအား လာဘ်ပူဇော်သက္ကာရများ တနေ့တခြား တိုးပွါးပေတော့မည်၊ ငါ့အတွက်ကား (ကြည်ညိုသဒ္ဒါ တရားနည်းပါးသွားကြမည်ဖြစ်၍) လာဘ်ပူဇော်သက္ကာရ များ တနေ့တခြား လျော့ပါးဆုတ်ယုတ်၍ သွားပေလိမ့် မည်။ သို့ရကား ရဟန်းကြီးသည် (အလိုက်သိစွာ) နက်ဖြန်ခါ ဆွမ်းအတွက် ငါ့ယဇ်မ်းကျောင်းသို့ မလာ ရောက်ပါမူ ကောင်းလေစွ”ဟု စိတ်အကြံအစည် ဖြစ်ခဲ့ သည် မဟုတ်လော။

အို ကဿပ.... ငါဘုရားသည် သင်၏စိတ်အကြံကို ငါဘုရား၏ စေတောပရိယအဘိညာဏ်စိတ်ဖြင့် ပိုင်းခြား ထင်ထင် အမှန်အတိုင်းသိမြင်၍ ယမန်နေ့နံနက်က ဥတ္တ- ရကုရု မြောက်ကျွန်းသို့ သွားရောက်၍ ထိုမြောက်ကျွန်းမှ ဆွမ်းကို ခံယူခဲ့ပြီးလျှင် ဟိမဝန္တာ အနောတတ်အိုင်အနီး၌ ဆွမ်းဘုဉ်းပေး၍ ထိုအိုင်၏အနီး စန္ဒကူးတောအတွင်း၌ နေ့သန့်နေထိုင်ခဲ့လေသည်—

ဟူ၍ မိန့်ကြားတော်မူသောအခါ ဥရုဝေလကဿပ ရသေ့ဆရာ ကြီးအား–

ရဟန်းကြီးသည် မိမိ၏စိတ်ဖြင့် ငါ၏စိတ်အကြံကို သိမြင်နိုင်ပေ၏၊ သို့ရကား ရဟန်းကြီးသည် ကြီးမားသော တန်ခိုးအာနုဘော် ရှိပါပေ၏၊ထိုသို့ပင် တန်ခိုးအာနုဘော် ကြီးမားသော်လည်း ငါလိုတော့ အာသဝေါကုန်ခန်း ရဟန္တာကား မဟုတ်သေးချေ—

ဟူ၍ အကြံဖြစ်ပြန်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလ- ကဿပ ရသေ့ဆရာကြီး၏ စိတ်အကြံအစည်ကို သိတော်မူပါ သော်လည်း ရှေးနည်းအတူ ဉာဏ်ရင့်ကျက်မည့်အချိန်ကို စောင့် မြော်တော်မူလျက် ဥရုဝေလကဿပ ရသေ့ဆရာကြီး လျှာဒါန်း

http://www.dhammadownload.com



သောဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ထိုတောအုပ် အတွင်းမှာပင် သီတင်းသုံး နေထိုင်တော်မူလေ၏။

ငါးကြိမ်မြောက် တန်ခိုးပြာဋိဟာပြခဏ်း ပြီး၏။

ထို့နောက် တနေ့သ၌ မြတ်စွာဘုရားသည် သေနနိဂုံးသူ ပုဏ္ဏာ (=ပြည့်ဝ) အမည်ရှိသော သူဌေးကျွန်မ ကွယ်လွန် အနိစ္စရောက်ရှိရာ ပိုက်ဆံလျှော်မျှင်ဖြင့် ရက်လုပ်အပ်သော အဝတ် အထည်ဖြင့်ထုပ်လျက် သုသာန်၌ စွန့်ပစ်ထားသော ဥတုဇရုပ် အလောင်းမှ တတုမ္ဗ(=တပြည်သား)ခန့်ရှိသော ပိုးလောက် များကို အသာအယာဖယ်ရှားလျက် ထိုပိုက်ဆံလျှော်မျှင်အဝတ်ကို ပံ့သုကူသက်န်းအဖြစ် ကောက်ယူတော်မူလေ၏။

ထိုအခါ မဟာပထဝီ ဤမြေကြီးသည် ကောင်းချီးပေးသော အနေဖြင့် မြည်ဟီးလျက် ပြင်းစွာ တုန်လှုပ်၏၊ ကောင်းကင်အလုံး သည်လည်း ထစ်ချုန်းမြည်ဟီးလေ၏၊ နတ်မြဟ္မာအပေါင်းသည် လည်း ကောင်းချီးနှမော် သာခုခေါ်ကြလေ၏။ မြတ်စွာဘုရား သည် ထိုပံ့သုကူအဝတ်ကို ကောက်ယူခဲ့ပြီးလျှင် ဥရုဝေလ တော အုပ်အတွင်း နေတော်မူရင်းဌာနသို့ ပြန်ကြွတော်မူခဲ့၍ "ဤပံ့သုကူ အဝတ်ကို ငါဘုရားသည် အဘယ်အရပ်၌ ဖွပ်လျှော်ရပါမည် နည်း"ဟု ကြံစည်တော်မူလတ်သည်တွင် သိကြားမင်းသည် မြတ်စွာဘုရား၏ စိတ်အကြံတော်ကို မိမိစိတ်ဖြင့် သိရှိကာ မိမိ လက်ဖြင့် မြေကြီးကို သုံးသပ်ကာမျှမှာပင် လေးထောင့်ရေကန်ကို (သိကြားအာနုဘော်ဖြင့်)ဖြစ်စေ၍ မြတ်စွာဘုရားကို "ဘုန်းတော် ကြီးသော မြတ်စွာဘုရား....ရှင်တော်ဘုရားသည် ဤရေကန်၌ ပံ့သုကူအဝတ်ကို ဖွပ်လျှော်တော်မူပါလော့"ဟူ၍ လျှောက်ထား ပြောဆိုလေ၏။

ထိုအခါ မြတ်စွာဘုရားသည် သိကြားမင်း ဖန်ဆင်းသော ရေကန်အတွင်း၌ ပံ့သုကူအဝတ်ကို ဖွပ်လျှော်တော်မူလေ၏။ ထိုအခါလည်း မဟာပထဝီ ဤမြေတုန်လှုပ်ခြင်း, ကောင်းကင်

http://www.dhammadownload.com



အလုံး ထစ်ချုန်းခြင်း, နတ်မြဟ္မာအပေါင်းတို့ ကောင်းချီးနှုမော်သာရခေါ်ခြင်းတို့ ဖြစ်မြဖြစ်ကုန်၏။ မြတ်စွာဘုရားသည် ပံသုကူအဝတ်ကို ဖွပ်လျှော်တော်မူပြီးလျှင် "ငါသည် ဤပံသုကူအဝတ်ကို အဘယ်နေရာ၌ နယ်ရပါမည်နည်း"ဟု ကြံစည်တော်မူပြန်လျှင် သိကြားမင်းသည် ဘုရားရှင်၏ စိတ်အကြံတော်ကို မိမိစိတ်ဖြင့် သိရှိကာ"ဘုန်းတော်ကြီးသော မြတ်စွာဘုရား····ဤကျောက်ဖျာ၌ ပံသုကူအဝတ်ကို နယ်တော်မူပါဘုရား"ဟု လျှောက်ထား၍ မိမိ၏တန်ခိုးဖြင့် ကျောက်ဖျာကြီးကို ဖန်ဆင်းကာ ရေကန်အနီး၌ ချထားလေ၏။

မြတ်စွာဘုရားသည် သိကြားဖန်ဆင်းသော ကျောက်ဖျာ၌ ပံသုကူအဝတ်ကို နယ်ပြီးပြန်လျှင် "ငါသည် ဤ ပံသုကူအဝတ်ကို အဘယ်အရပ်၌ ချိတ်ဆွဲကာ တန်းရလှန်းရပါမည်နည်း"ဟု ကြံစည်တော်မူလတ်သည်တွင် ထိုသခ်မ်းကျောင်းအနီး ရေခံတက်ပင်စောင့်နတ်မင်းသည် မြတ်စွာဘုရား၏ စိတ်အကြံတော်ကို မိမိစိတ်ဖြင့် သိရှိကာ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· ရှင်တော်ဘုရားသည် ဤရေခံတက်ပင်၌ ပံသုကူအဝတ်ကို ချိတ်ဆွဲကာ တန်းလှန်းတော်မူပါဘုရား"ဟု လျှောက်ထား၍ ရေခံတက်အကိုင်းကို ညွတ်ကိုင်းစေလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ရေခံတက်ကိုင်း၌ ပံသုကူအဝတ်ကို တန်းလှန်းတော်မူပြီးလျှင် "ငါသည် ဤ ပံသုကူအဝတ်ကို အဘယ်အရပ်၌ ပြေပြန့်အောင် ဖြေဖြန့်ရပါမည်နည်း"ဟု ကြံစည်တော်မူလတ်သည်တွင် သိကြားမင်းသည် မြတ်စွာဘုရား၏ စိတ်အကြံတော်ကို မိမိ၏စိတ်ဖြင့် သိရှိကာ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· ရှင်တော် ဘုရားသည် ဤ ကျောက်ဖျာပေါ်၌ ပံသုကူအဝတ်ကို ပြေပြန့်အောင် ဖြေဖြန့်တော်မူပါဘုရား"ဟု လျှောက်ထား၍ ကြီးစွာသော ကျောက်ဖျာကို ချထားပြန်လေ၏။

နောက်တနေ့ နံနက်မိုးသောက် ရောက်သောအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီးသည် မြတ်စွာဘုရား ထံတော်မှောက်သို့ လာရောက်ပြီးလျှင် "အိုရဟန်းကြီး....ဆွမ်းစားချိန်တန်ပါပြီ၊ ဆွမ်း

http://www.dhammadownload.com



ပြင်၍လည်း ပြီးပါပြီ၊ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူပါလော့။ ဘယ့်နှယ်လဲ ရဟန်းကြီး.... ရှေးတုန်းက ဤနေရာ၌ ဤလေး ထောင့်ရေကန် မရှိခဲ့ပါ၊ ယခုမူကား ဤနေရာ၌ ဤရေကန် ရှိ၍ နေပါပကော။ ဤ ကျောက်ဖျာကြီး နှစ်ချပ်တို့ကို ရှေးတုန်းက (ကျွန်ုပ်တို့) မချထားအပ်ကုန်၊ ဤကျောက်ဖျာကြီး နှစ်ချပ်တို့ကို အဘယ်သူလာ၍ ချထားအပ်ကုန်သနည်း။ ရှေးတုန်းက ဤရေခံ တက်ကိုင်းသည် မညွတ်ကိုင်းပါပဲလျက် ထိုရေခံတက်ကိုင်းသည် ယခုအခါ အဘယ့်ကြောင့် ညွတ်ကိုင်း၍ နေပါသနည်း"ဟု လျှောက်ထား မေးမြန်းလေ၏။

ထိုအခါ မြတ်စွာဘုရားက ပံသုကူသက်န်းကို ကောက်ယူတော် မူသည်မှစ၍ အလုံးစုံသော ဖြစ်ရပ်များကို အစဉ်အတိုင်း မိန့်ကြား တော်မူလေလျှင် ဥရုဝေလကဿပ ရသေ့ဆရာကြီးအား—

> နတ်တို့သနင်း သိကြားမင်းသော်မှ ဤရဟန်းကြီး၏ ဝေယျာဝစ္စ အဝဝကို လာရောက်ပြုစုရချေပြီ၊ သို့ရကား ဤ ရဟန်းကြီးသည် ကြီးမားသော တန်ခိုးအာနုဘော် ရှိပါပေ၏၊ ထိုသို့ပင် တန်ခိုးအာနုဘော် ကြီးမား သော်လည်း ငါလိုတော့ အာသဝေါကုန်ခန်း ရဟန္တာကား မဟုတ်သေးချေ—

ဟူ၍ အကြံဖြစ်ပြန်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလ-ကဿပ ရသေ့ဆရာကြီး၏ စိတ်အကြံအစည်ကို သိတော်မူပါ သော်လည်း ရှေးနည်းအတူ ဇာနေ့ရင့်ကျက်မည့်အချိန်ကို စောင့် မြော်တော်မူလျက် ဥရုဝေလကဿပ ရသေ့ဆရာကြီး လှူဒါန်း သော ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ထိုတောအုပ် အတွင်းမှာပင် သီတင်းသုံး နေထိုင်တော်မူ၏။

ခြောက်ကြိမ်မြောက် တန်ခိုးပြာဋိဟာပြခဏ်း ပြီး၏။

### ခုနစ်ကြိမ်မြောက် တန်ခိုးပြာဋိဟာ

နောက်တနေ့မိုးသောက် ရောက်သောအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီးသည် မြတ်စွာဘုရား ထံတော်မှောက်သို့ လာ

http://www.dhammadownload.com



ရောက်ပြီးလျှင် "အို ရဟန်းကြီး….ဆွမ်းစားချိန်တန်ပါပြီ၊ ဆွမ်းပြင်၍လည်း ပြီးပါပြီ၊ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူပါလော့"ဟူ၍ ဆွမ်းစား ပင့်လျှောက်လေသော် မြတ်စွာဘုရားသည် "အို ကဿပ…. သင်သည် သွားနှင့်လော့၊ ငါဘုရား နောက်က လိုက်လာခဲ့မည်"ဟု မိန့်ကြား၍ ဥရုဝေလကဿပ ရသေ့ဆရာကြီးကို လွှတ်လိုက်ပြီးလျှင် ဇမ္ဗုဒိပ်ကျွန်းဦးသပြေပင်သို့ ကြွသွား၍ ဇမ္ဗုသပြေသီးကို ယူဆောင်ကာ ဥရုဝေလကဿပရသေ့ဆရာကြီး၏ အလျင်လက်ဦး လာနှင့်၍ ဥရုဝေလကဿပ၏ မီးတင်းကုပ်၌ ထိုင်နေတော်မူနှင့်၏။

ဥရုဝေလကဿပ ရသေ့ဆရာကြီးသည် မိမိ၏နောက်မှလာ၍ မိမိ၏အလျင်လက်ဦး မီးတင်းကုပ်၌ လာနှင့်၍ ထိုင်နေလင့်သော မြတ်စွာဘုရားကို မြင်လေလျှင် "အို ရဟန်းကြီး…. ကျွန်ုပ်သည် သင်ရဟန်းကြီး၏ အလျင်လက်ဦး လာနှင့်ပါလျက် ကျွန်ုပ်၏ နောက်မှလာသော သင်က ကျွန်ုပ်၏အလျင်လက်ဦး ရောက်နှင့်၍ မီးတင်းကုပ်၌ ထိုင်နေ၏၊ သင်ရဟန်းကြီးသည် အဘယ်လမ်းခရီးဖြင့် လာခဲ့ပါသနည်း"ဟု မြတ်စွာဘုရားကို မေးမြန်းလျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားက "အို ကဿပ…. ငါသည် သင့်ကို သွားနှင့်လော့ဟု လွှတ်လိုက်ပြီးလျှင် ဇမ္ဗုဒိပ်ကျွန်းဦး သပြေပင်သို့ သွားရောက်၍ ဇမ္ဗုသပြေသီးကို ယူဆောင်ကာ သင်၏ အလျင်လက်ဦး လာနှင့်၍ မီးတင်းကုပ်၌ ငါထိုင်နေနှင့်၏။ အို ကဿပ…. ဤဇမ္ဗုသပြေသီးသည် အဆင်း, အနံ့, အရသာနှင့် ပြည့်စုံလှ၏၊ သင်စားလိုမူ စားလော့"ဟု မိန့်ကြားတော်မူလတ်သော် ဥရုဝေလကဿပ ရသေ့ဆရာကြီးသည် "အို ရဟန်းကြီး…. တော်ပါပြီ၊ သင်ရဟန်းကြီးသာလျှင် ထိုဇမ္ဗုသပြေသီးကို ထိုက်တန်သူ ဖြစ်ပါသည်။ သင်ရဟန်းကြီးသာလျှင် ထိုဇမ္ဗုသပြေသီးကို စားသုံးပါလော့"ဟု မြတ်စွာဘုရားအား လျှောက်ထားပြီးလျှင် ထို ဥရုဝေလကဿပ ရသေ့ဆရာကြီးအား—

ဤရဟန်းကြီးသည် ငါ့ကို ရှေးဦးစွာ သွားနှင့်ရန် လွှတ်လိုက်ပြီးလျှင် ဇမ္ဗုဒိပ်ကျွန်းဦး သပြေပင်သို့သွား၍

http://www.dhammadownload.com



ဇမ္ဗုသပြေသီးကို ယူဆောင်ကာ ငါ၏ အလျင်လက်ဦး လာနှင့်၍ မီးတင်းကုပ်၌ ထိုင်နေလင့်၏။ သို့ရကား ဤရဟန်းကြီးသည် ကြီးမားသော တန်ခိုးအာနုဘော် ရှိပါပေ၏၊ ထိုသို့ပင် တန်ခိုးအာနုဘော် ကြီးမားသော်လည်း ငါလိုတော့ အာသဝေါကုန်ခန်း ရဟန္တာကား မဟုတ်သေးချေ—

ဟူ၍ အကြံဖြစ်ပြန်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလကဿပ ရသေ့ဆရာကြီး၏ စိတ်အကြံအစည်ကို သိတော်မူပါသော်လည်း ရေးနည်းအတူ ဇူနြေရင့်ကျက်မည့်အချိန်ကို စောင့်မြော်တော်မူလျက် ဥရုဝေလကဿပ ရသေ့ဆရာကြီး လှူဒါန်းသော ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ထိုတောအုပ်အတွင်း မှာပင် သီတင်းသုံးနေထိုင်တော်မူ၏။

### ရှစ်ကြိမ်, ကိုးကြိမ် ဆယ်ကြိမ်, ဆယ့်တကြိမ်မြောက် တန်ခိုးပြာဋိဟာ

နောက်တနေ့မိုးသောက် ရောက်သောအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီးသည် မြတ်စွာဘုရား ထံတော်မှောက်သို့ လာရောက်ပြီးလျှင် “အို ရဟန်းကြီး.... ဆွမ်းစားချိန်တန်ပါပြီ၊ ဆွမ်းပြင်၍လည်း ပြီးပါပြီ၊ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူပါလော့”ဟူ၍ ဆွမ်းစားပင့်လျှောက်လေသော် မြတ်စွာဘုရားသည် “အို ကဿပ.... သင်သည် သွားနှင့်လော့၊ ငါဘုရား နောက်က လိုက်လာခဲ့မည်” ဟု မိန့်ကြား၍ ဥရုဝေလကဿပ ရသေ့ဆရာကြီးကို လွှတ်လိုက်ပြီးလျှင်—

(က) ဇမ္ဗူဒိပ်ကျွန်းဦး သပြေပင်၏အနီးရှိ သရက်ပင်သို့ ကြွသွား၍ သရက်သီးကိုယူဆောင်ကာ (ပေယျာလ)၊

(ခ) ဇမ္ဗူဒိပ်ကျွန်းဦး သပြေပင်၏အနီးရှိ ရှိရှားပင်သို့ ကြွသွား၍ ရှိရှားသီးကို ယူဆောင်ကာ (ပေယျာလ)၊

http://www.dhammadownload.com



(ဂ) ဇမ္ဗူဒိပ်ကျွန်းဦး သပြေပင်၏အနီးရှိ ဖန်ခါးပင်သို့ ကြွသွား၍ ဖန်ခါးသီးကိုယူဆောင်ကာ (ပေယျာလ)၊

(ဃ) တာဝတိံသာနတ်ပြည်သို့ ကြွသွား၍ ပင်လယ်ကသစ်ပွင့်ကို ယူဆောင်ကာ ဥရုဝေလကဿပ ရသေ့ဆရာကြီး၏ အလျင်လက်ဦး လာနှင့်၍ ဥရုဝေလကဿပ၏ မီးတင်းကုပ်၌ ထိုင်နေတော်မူနှင့်၏။

ဥရုဝေလကဿပ ရသေ့ဆရာကြီးသည် မိမိ၏နောက်မှလာ၍ မိမိ၏အလျင်လက်ဦး မီးတင်းကုပ်၌ လာနှင့်ရောက်နှင့်၍ ထိုင်နေလင့်သော မြတ်စွာဘုရားကိုမြင်လေလျှင် "အို ရဟန်းကြီး…. ကျွန်ုပ်သည် သင်ရဟန်းကြီး၏ အလျင်လက်ဦး လာနှင့်ပါလျက် ကျွန်ုပ်၏နောက်မှလာသော သင်ရဟန်းကြီးက ကျွန်ုပ်၏ အလျင်လက်ဦး ရောက်နှင့်၍ မီးတင်းကုပ်၌ ထိုင်နေ၏၊ သင်ရဟန်းကြီးသည် အဘယ်လမ်းခရီးဖြင့် လာခဲ့ပါသနည်း" ဟု မြတ်စွာဘုရားကို မေးမြန်းလျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားက "အို ကဿပ…. ငါသည် သင့်ကို သွားနှင့်လော့ဟု လွှတ်လိုက်ပြီးလျှင် တာဝတိံသာနတ်ပြည်သို့ သွားရောက်၍ ပင်လယ်ကသစ်ပွင့်ကို ယူဆောင်ကာ သင်၏အလျင်လက်ဦး လာနှင့်၍ မီးတင်းကုပ်၌ ငါထိုင်နေနှင့်၏။ အို ကဿပ…. ဤပင်လယ်ကသစ်ပွင့်သည် အဆင်းအနံ့နှင့် ပြည့်စုံလှ၏၊ သင်အလိုရှိလျှင် ယူလော့"ဟု မိန့်ကြားတော်မူလတ်သော် ဥရုဝေလကဿပ ရသေ့ဆရာကြီးသည် "အို ရဟန်းကြီး…. တော်ပါပြီ၊ သင်ရဟန်းကြီးသာလျှင် ထိုပင်လယ်ကသစ်ပွင့်ကို ထိုက်တန်သူ ဖြစ်ပါသည်၊ သင်ရဟန်းကြီးသာလျှင် ထိုပင်လယ်ကသစ်ပွင့်ကို ယူပါလော့"ဟု မြတ်စွာဘုရားအား လျှောက်ထားပြီးလျှင် ထိုဥရုဝေလကဿပ ရသေ့ဆရာကြီးအား—

ဤရဟန်းကြီးသည် ငါ့ကို ရှေးဦးစွာသွားနှင့်ရန် လွှတ်လိုက်ပြီးလျှင် တာဝတိံသာနတ်ပြည်သို့ကြွသွား၍ ပင်လယ်ကသစ်ပွင့်ကို ယူဆောင်ကာ ငါ၏ အလျင်လက်ဦး လာ

http://www.dhammadownload.com



နှမ့်၍မီးတင်းကုပ်၌ထိုင်နေလင့်၏၊သို့ရကား ဤရဟန်းကြီး
သည် ကြီးမားသောတန်ခိုးအာနုဘော်ရှိပါပေ၏၊ထိုသို့ပင်
တန်ခိုးအာနုဘော် ကြီးမားသော်လည်း ငါလိုတော့ အာ
သဝေါကုန်ခန်း ရဟန္တာကား မဟုတ်သေးချေ—

ဟူ၍ အကြံဖြစ်ပြန်လေ၏။

**ဆယ့်နှစ်ကြိမ်မြောက် တန်ခိုးပြာဋိဟာ သည်**

(၁၂) ထိုအခါ၌ ရသေ့ငါးရာတို့သည် မီးပူဇော် လုမ်ကျွေး လိုကုန်သည်ဖြစ်၍ ထင်းတုံးများကို ခွဲကြပါသော်လည်း ကွဲအောင် မခွဲနိုင်ပဲ ရှိကြကုန်၏။ ထိုအခါ ရသေ့ငါးရာတို့အား"ငါတို့တတွေ ထင်းတုံးများကို ကွဲအောင်မခွဲနိုင်ခြင်းသည် ဧကန္တပင် ရဟန်းကြီး၏ တန်ခိုးအာနုဘော်ဖြစ်ပေမည်"ဟု စိတ်အကြံအစည် ဖြစ်လေ၏။

ထိုအကြောင်းကို ဥရုဝေလကဿပ ရသေ့ဆရာကြီးက မြတ်စွာဘုရားအား လျှောက်ထားပြောကြားလေလျှင် မြတ်စွာဘုရားသည် "အို ကဿပ···· ထင်းတုံးများကို ခွဲအပ်ပြီးသား ဖြစ်စေလိုသလော"ဟု မေးမြန်းလေ၏။ ဥရုဝေလကဿပ ရသေ့ဆရာကြီးက"အို ရဟန်းကြီး····ထင်းတုံးများကို ခွဲအပ်ပြီးသား ဖြစ်စေလိုပါကုန်၏"ဟု ပြန်ကြားပြောဆိုလေသည်။ ထိုအခါမြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကြောင့် ထင်းတုံးငါးရာတို့သည် အံ့ဩဖွယ်ရာ တပြိုင်နက်တည်းပင် တဖြန်းဖြန်းကွဲ၍ သွားကုန်၏။ ထိုအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီးအား—

ဤရဟန်းကြီးသည် ငါတို့ပည့်များ အနည်းနည်းဖြင့်
ခွဲ၍မရနိုင်သော ထင်းတုံးများကိုသော်မှ တပြိုင်နက်တည်း
ကွဲအောင် ခွဲနိုင်ပေ၏၊ သို့ရကား ဤ ရဟန်းကြီးသည်
ကြီးမားသော တန်ခိုးအာနုဘော် ရှိပါပေ၏၊ ထိုသို့ပင်
တန်ခိုးအာနုဘော် ကြီးမားသော်လည်း ငါလိုတော့
အာသဝေါကုန်ခန်း ရဟန္တာကား မဟုတ်သေးချေ—

ဟူ၍ အကြံဖြစ်ပြန်လေ၏။

မဟာဝဂ္ဂအဋ္ဌကထာ ၂-၉၆

http://www.dhammadownload.com



(၁၃) ထိုအခါ ရသေ့ငါးရာတို့သည် မီးပူဇော် လုပ်ကျွေးလိုကုန်သည်ဖြစ်၍ မီးမွှေးကြပါသော်လည်း မီးတောက်အောင် မမွှေးနိုင်ပဲ ရှိကြကုန်၏။ ထိုအခါ ရသေ့ငါးရာတို့အား "ငါတို့တတွေ မီးတောက်အောင် မီးမမွှေးနိုင်ကြခြင်းသည် ကေန္တပင် ရဟန်းကြီး၏ တန်ခိုးအာနုဘော် ဖြစ်ပေမည်"ဟု စိတ်အကြံအစည် ဖြစ်လေ၏။

ထိုအကြောင်းကို ဥရုဝေလကဿပ ရသေ့ဆရာကြီးက မြတ်စွာဘုရားအား လျှောက်ထားပြောကြားလေလျှင် မြတ်စွာဘုရားသည် "အို ကဿပ····မီးများကို တောက်ကြစေလိုသလော"ဟု မေးမြန်းလေ၏။ ဥရုဝေလကဿပ ရသေ့ဆရာကြီးက "အို ရဟန်းကြီး····မီးများကို တောက်စေလိုပါကုန်၏"ဟု ပြန်ကြားပြောဆိုလေသည်။ ထိုအခါ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကြောင့် အံ့ဩဖွယ်ရာ မီးပုံကြီး (မီးတောက်ကြီး) ငါးရာတို့ တပြိုင်နက်တည်းပင် တဟုန်းဟုန်း တောက်လေကုန်၏။ ထိုအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီးအား—

> ဤရဟန်းကြီးသည် ငါတို့တပည့်များ အနည်းနည်းဖြင့် တောက်လောင်အောင် မမွှေးနိုင်ကြသည့် မီးပုံကြီး (မီးတောက်ကြီး) ငါးရာတို့ကို တပြိုင်နက်တည်းပင် တဟုန်းဟုန်း တောက်လောင်စေအပ်ကုန်၏၊ သို့ရကား ဤရဟန်းကြီးသည် ကြီးမားသော တန်ခိုးအာနုဘော် ရှိပါပေ၏၊ ထိုသို့ပင် တန်ခိုးအာနုဘော် ကြီးမားသော်လည်း ငါလိုတော့ အာသဝေါကုန်ခန်း ရဟန္တာကား မဟုတ်သေးချေ—

ဟူ၍ အကြံဖြစ်ပြန်လေ၏။

(၁၄) ထိုအခါ ရသေ့ငါးရာတို့သည် မီးပူဇော်မှု ပြုကြပြီးလတ်သော် ထိုမီးတောက်မီးလျှံများကို ငြိမ်းစေခြင်းငှါ (=ငြိမ်းသတ်ခြင်းငှါ) မတတ်နိုင်ပဲ ရှိကြကုန်၏။ ထိုအခါ ရသေ့ငါးရာတို့အား "ငါတို့တတွေ မီးတောက်မီးလျှံများကို မငြိမ်းမသတ်

http://www.dhammadownload.com



နိုင်ခြင်းမှာ ကေန္တပင် ရဟန်းကြီး၏ တန်ခိုးအာနုဘော် ဖြစ်ပေမည်”ဟု စိတ်အကြံအစည် ဖြစ်လေ၏။

ထိုအကြောင်းကို ဥရုဝေလကဿပ ရသေ့ဆရာကြီးက မြတ်စွာဘုရားအား လျှောက်ထားပြောကြားလေလျှင် မြတ်စွာဘုရားသည် “အို ကဿပ····မီးတောက်များကို ငြိမ်းစေလိုသလော”ဟု မေးမြန်းလေ၏။ ဥရုဝေလကဿပ ရသေ့ဆရာကြီးက “အို ရဟန်းကြီး···· မီးတောက်များကို ငြိမ်းစေလိုပါကုန်၏” ဟု ပြန်ကြားပြောဆိုလေသည်။ ထိုအခါ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကြောင့် မီးတောက် (=မီးပုံကြီး) ငါးရာတို့သည် အံ့ဩဖွယ်ရာ တပြိုင်နက်တည်းပင် ငြိမ်းစဲ၍ သွားကုန်၏။ ထိုအခါ ဥရုဝေလ-ကဿပ ရသေ့ဆရာကြီးအား—

> ဤရဟန်းကြီးသည် ငါ့တပည့်များ ဘယ်နည်းနှင့်မှ မငြိမ်းသတ်နိုင်သော မီးတောက်မီးပုံကြီး ငါးရာတို့ကို တပြိုင်နက်တည်း ငြိမ်းစေနိုင်၏၊ သို့ရကား ဤရဟန်းကြီးသည် ကြီးမားသော တန်ခိုးအာနုဘော် ရှိပါပေ၏၊ ထိုသို့ပင် တန်ခိုးအာနုဘော် ကြီးမားသော်လည်း ငါလိုတော့ အာသဝေါကုန်ခန်း ရဟန္တာကား မဟုတ်သေးချေ—

ဟူ၍ အကြံဖြစ်ပြန်လေ၏။

(၁၅) ထိုအခါ ရသေ့ငါးရာတို့သည် ဆောင်းရာသီအတွင်း နှင်းလည်းအလွန်ကျ အေးလည်း အလွန်အေးလှသည့် (အန္တ-ရဋ္ဌကခေါ်သော)ညဥ့်များ၌ နေရဥ္စရာမြစ်အတွင်း သက်ဆင်းကြ၍ “တကြိမ် ရေမှပေါ်လျှင် မကောင်းမှုမှ စင်ကြယ်နိုင်၏”ဟု မိစ္ဆာအယူဝါဒ ရှိကြသော အချို့ရသေ့တို့သည် (ရှေးဦးစွာ တကိုယ်လုံး ရေထဲ၌ ငုပ်ကြပြီးလျှင်) တကြိမ် ရေမှပေါ်လျှင်ပင် ကမ်းပေါ်သို့ တက်ကြကုန်၏၊ (ထိုအယူဝါဒရှိသူများက များလှ၏၊ ထိုသူတို့ကား မငုပ်ပဲ မပေါ်နိုင်၍သာ ငုပ်ကြခြင်းဖြစ်သည်)။ “တကြိမ် ရေငုပ်လျှင် မကောင်းမှုမှ စင်ကြယ်နိုင်၏” ဟု မိစ္ဆာအယူဝါဒ ရှိကြသော အချို့ရသေ့တို့သည် ဦးခေါင်းပါ ရေ၌ တကြိမ်ငုပ်၍

http://www.dhammadownload.com



ပေါ်လျှင်ပင် ကမ်းပေါ်သို့ တက်ကြကုန်၏၊ (ထိုအယူဝါဒရှိသူများကား အနည်းဖပါးသာ)။ "အကြိမ်ကြိမ်ပေါ်ခြင်း အကြိမ်ကြိမ် ငုပ်ခြင်းတို့ကိုပြု၍ ရေချိုးလျှင် မကောင်းမှုမှ စင်ကြယ်နိုင်၏" ဟု မိစ္ဆာအယူဝါဒရှိကြသော အချို့ရသေ့တို့သည် အခါမပြတ် အကြိမ်ကြိမ် ငုပ်တုံပေါ်တုံ ရေချိုးခြင်းအမှု ပြုကြကုန်၏၊ (ထိုအယူဝါဒရှိသူတို့သည်လည်း များလှ၏)။ ထိုအခါ မြတ်စွာဘုရားသည် မီးအိုးကင်း ငါးရာတို့ကို ဖန်ဆင်းတော်မူ၏၊ ယင်းမီးအိုးကင်း ငါးရာတို့၌ ရသေ့တို့သည် ရေငုပ်ပြီး၍ တက်လာလျှင် မီးလှုံကြကုန်၏။

ထိုအခါ ထိုရသေ့ငါးရာတို့အား "ဤမီးအိုးကင်း ငါးရာတို့ကို ဖန်ဆင်း၍ထားခြင်းမှာ ကေနပင် ရဟန်းကြီး၏ တန်ခိုးအာနုဘော် ဖြစ်ပေမည်" ဟု စိတ်အကြံအစည် ဖြစ်လေ၏၊ ထိုအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီးအား—

> "ဤရဟန်းကြီးသည် ဤမျှများပြား ငါးရာအတိုင်း အရှည်ရှိသော မီးအိုးကင်းတို့ကို ဖန်ဆင်း နိုင်ပေ၏၊ သို့ရကား ဤရဟန်းကြီးသည် ကြီးမားသော တန်ခိုး အာနုဘော် ရှိပါပေ၏၊ ထိုသို့ပင် တန်ခိုးအာနုဘော် ကြီးမားသော်လည်း ငါလိုတော့ အာသဝေါကုန်ခန်း ရဟန္တာကား မဟုတ်သေးချေ"—

ဟူ၍ အကြံဖြစ်ပြန်လေ၏။

### အန္တရဋ္ဌက စိစစ်ချက်

**အန္တရဋ္ဌက** ဟူသည်မှာ "အကြား၌ရှစ်ခုသော (= အကြား၌ ဖြစ်သော ရှစ်ခုအပိုင်းအခြားရှိသော) ရက်" ဟူ၍ အဓိပ္ပါယ်ရသည်။ ယင်းအန္တရဋ္ဌကပုဒ်ကို သက္ကတကျမ်းလာ အဋ္ဌကာပုဒ်နှင့် နှိုင်းယှဉ်သုံးသပ်လျှင် ဤဆိုလတ္တံ့သောအတိုင်း အနက်အဓိပ္ပါယ် ရရှိလာလေသည်။

http://www.dhammadownload.com



"အဋ္ဌကာ ဆိုသည်မှာ (၁) ကွယ်လွန်သူ မိဖ ဘိုးဘေး စသည်တို့အား ရည်ညွှန်း၍ ကျွေးမွေးပူဇော်မှုနှင့် (၂) ယင်းသို့ ကျွေးမွေးပူဇော်ရာနေ့"ဟူ၍ ဝါစပ္ပတိ (၁၅၁၆)နှင့် ကပ္ပဒုမ (၁၁၄၇)တို့၌ ဖွင့်ဆိုသည်။

ယင်း ကျွေးမွေးပူဇော်မှု အစီအရင်နှင့် ကျွေးမွေးပူဇော်ရာနေ့ သတ်မှတ်သော ဝါဒအများရှိသည်တွင် ကျွေးမွေးပူဇော်ရာနေ့ သတ်မှတ်သော ဝါဒအချို့မှာ ဤဆိုလတ္တံ့သောအတိုင်းဖြစ်သည်။

(၁) "တဒပိ ဖုဿမာဃဖဂ္ဂုဏာနံ ကဏှပက္ခသတ္တမျာဒိသု ကတ္တဗ္ဗံ = ထို (နေ့သုံးပါးအပေါင်းဖြင့် ပြီးစေအပ်သော ကွယ်လွန်သူ မိဖ ဘိုးဘေး စသည်တို့အား ရည်ညွှန်း၍ ကျွေးမွေးပူဇော်မှုအထူး) ကိုလည်း ပြာသို တပို့တွဲ တပေါင်းလတို့၏ လဆုတ်ပက္ခ ခုနစ်ရက်မြောက်နေ့ စသည်တို့၌ ပြုအပ်၏"ဟူ၍ ဝါစပ္ပတိ (၁၅၁၆)၌ အဿလာယန ဂေဟသုတ်အဆိုကို ဖော်ပြသည်။

(၂) "အဋ္ဌကာ (ထိ) ဖုဿမာဃဖဂ္ဂုဏာနံ ကဏှပက္ခာဋ္ဌမီ = အဋ္ဌကာဆိုသည်မှာ (ဇာတ္တိလိင်) ပြာသို တပို့တွဲ တပေါင်းလတို့၏ လဆုတ်ပက္ခ ရှစ်ရက်မြောက်နေ့"ဟူ၍ သက္ကတ သဒ္ဒ ကောတ္ထုဘ အဘိဓာန်(၁၀၀)၌ ဆိုသည်။

**ကောက်ချက်**

ပြာသို တပို့တွဲ၊ စိုရွှဲငွေနှင်း၊ သုတ်လေညှင်းနှင့်၊ ယင်းနှစ်လကြား(၁)၊ တပါးကိုမြို့၊ တပို့တပေါင်း၊ ရှေးနှောင်းအညီ၊ လေးရက်စီမှတ်(၂)၊ အန္တရဋ္ဌဟု၊ ပညတ်နာမ၊ ကြားရှစ်ညဉ့်၊ တောက်ပလင်းဟုန်၊ တက်အရုဏ်ဝယ်၊ ခိုက်တုန်လွန်ကဲ၊ ဧးစမြဲတည်း–ဟူ၍ မဃဒေဝလင်္ကာသစ်ပိုဒ်ရေ (၂၇၀)၌ စပ်ဆိုထားချက်မှာ ဖော်ပြရာပါ ဝါဒနှစ်ရပ်ကို မှီငြမ်းပြုလေသလောဟု စဉ်းစားဆင်ခြင်ရန်ရှိသည်။

http://www.dhammadownload.com



(၃) "အတြာယံ ဘေဒေါ··· ဟေမန္တသိသိရာနံ စတုန္နမပရပက္ခာနမင္ဓမိသ္သင္ကကာ ကေယာံ ဗ၀ါ=ဤ၌ ဤဆိုလတ္တံသည်ကား အထူးတည်း ··· ဟေမန္တနှင့် သိသိ-ရရတု (=ဆောင်းဥတုလေးလ)တို့၏ လေးခုကုန်သော လဆုတ်ပက္ခတို့၏ ရှစ်ရက်မြောက်နေ့တို့၌သော်ငင်း, တခုသော လဆုတ်ပက္ခ၏ ရှစ်ရက်မြောက်နေ့၌သော်ငင်း အဋ္ဌကာ (=ကွယ်လွန်သူ မိဖ ဘိုးဘေးစသည်တို့အား ရည်ညွှန်း၍ကျွေးမွေးပူဇော်မှု)ကိုပြုအပ်၏"ဟူ၍ ဝါစပ္ပတိ (၁၊၅၁၇)၌ အသ္သလာယနသုတ်အဆိုကို ဖော်ပြထား သည်။

(၄) "အဋ္ဌကာဆိုသည်မှာ လပြည့်ပြီးနောက် ရှစ်ရက်မြောက်နေ့ (အထူးအားဖြင့် ဟေမန္တနှင့် သိသိရဟူသော ဆောင်းလေးလအတွင်း၌ မိဖ ဘိုးဘေး စသည်တို့အား (ဝါ) ကွယ်လွန်သူတို့အား ပူဇော်ရာ ထိုလပြည့်ပြီးနောက် ရှစ်ရက်မြောက်နေ့)"ဟူ၍ ဝီလျံ၏ သက္ကတ အင်္ဂလိပ် အဘိဓာန် (၁၁၇)၌ ဖော်ပြကြောင်း သိရှိရလေသည်။

အမှတ် (၃) (၄) တို့ဖြင့် ပြအပ်သော ဝါဒနှစ်ခုတို့အရ "တန်ဆောင်မုန်းလဆုတ် ရှစ်ရက်နှင့် နတ်တော်လဆုတ် ရှစ်ရက်အားဖြင့် ဟေမန္တရတု၌ အဋ္ဌကာရက် နှစ်ခု, ပြာသိုလဆုတ် ရှစ်ရက်နှင့် တပို့တွဲလဆုတ်ရှစ်ရက်အားဖြင့် သိသိရရတု၌ အဋ္ဌကာရက် နှစ်ခု = ဤသို့အားဖြင့် ရတုနှစ်ပါး (=ဆောင်းဥတု လေးလ) တို့၌ အဋ္ဌကာရက်ပေါင်း လေးမျိုးရှိကြောင်း သိသာထင်ရှားသည်။

ဤနည်းအတူပင်သာသနိကကျမ်းတို့၌လာရှိသော အန္တရဋ္ဌကရက်သည်လည်း ဆောင်းဥတုလေးလအတွင်း၌လေးမျိုးပင်ရှိသင့်ရာသည်၊ သို့ရာတွင် အဋ္ဌကထာ ဋီကာတို့၌—

http://www.dhammadownload.com



"အန္တရဋ္ဌကဆိုသည်မှာ တပို့တွဲလ၏ အဆုံးလေးရက် နှင့် တပေါင်းလ၏ အစလေးရက် ဤသို့အားဖြင့် နှစ်လ တို့၏အကြား ရှစ်ရက်"—

ဟူ၍ တညီတည်း ဖွင့်ဆိုတော်မူကြသည်။

ထိုဖွင့်ဆိုချက်တို့တွင် အချို့မှာ မုချ(=တိုက်ရိုက်)အဖွင့်မျိုး ဖြစ်၍ အချို့မှာ ဥပစာ ပရိယာယ်(=တင်စားသွယ်ဝိုက်သော) အဖွင့်မျိုး ဖြစ်လေသလောဟု စဉ်းစား ဆင်ခြင် သုံးသပ်ရန် ရှိသည်။

အထူးအားဖြင့် ဤရသေ့ညီနောင် ရှင်တထောင် ချေချွတ် ခဏ်းနှင့် စပ်ဆိုင်သော အန္တရဋ္ဌကအဖွင့် (သာရတ္ထ၊ ၃၊ ၂၀၇) ကား သာ၍ပင် ဥပစာပရိယာယ်အဖွင့်မျိုးလေလောဟု စဉ်းစား ဆင်ခြင်သုံးသပ်ရန်ရှိသည်၊ ယင်းအဖွင့်မျိုးတွင်လည်း ဥပလက္ခဏ နည်း, နိဒဿနနည်း, အန္တဒီပကနည်းအားဖြင့် သိစေသော အဖွင့်မျိုးလေလောဟု မှန်းဆရန် ရှိလေသည်။

မှန်၏....သာရတ္ထဒီပနီဋီကာ ဆရာတော်ကြီးသည် (မြတ်စွာ ဘုရားသခင် ပြာသိုလပြည့်နေ့ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော် မူကြောင်း ဖွင့်ပြသော) ဇာ-ဋ္ဌ၊ ၁၊ ၁၀၀-နှင့် ဗုဒ္ဓဝံသ-ဋ္ဌ၊ ၅- စကားရပ်တို့ကိုရင်း, (တပို့တွဲလပြည့်နေ့၌ အရှင် သာရိပုတ္တရာ ရဟန္တာဖြစ်ကြောင်း ဖွင့်ပြသော) မ-ဋ္ဌ၊ ၃၊ ၁၄၅-၆-စကားရပ် တို့ကိုရင်း သိမြင်တော်မူပြီးပင်ဖြစ်ပါလျက် ဤရသေ့ညီနောင် ရှင် တထောင် ချေချွတ်ခဏ်းနှင့်ဆိုင်ရာ အန္တရဋ္ဌကရက်အရ "တပို့တွဲ လနှင့် တပေါင်းလတို့၏အကြား ရှစ်ရက်" ကို ဖွင့်ပြတော်မူခြင်း သည် ဖော်ပြရာပါ နည်းသုံးမျိုးဖြင့် သိစေသော အဖွင့်မျိုးလေ လောဟု သာ၍လွန်၍ပင် စဉ်းစားမှန်းဆရန် ရှိပေသည်။

ဤ(စဉ်းစားမှန်းဆချက်)အတိုင်း ဖွင့်ပြတော်မူခဲ့သော် "ဟေ- မန္တဥတု၏ အကွင်းဖြစ်သော တပို့တွဲလ၏ အဆုံးလေးရက်နှင့် တပေါင်းလ၏ အစလေးရက် ဤသို့အားဖြင့် နှစ်လတို့၏ အကြား

http://www.dhammadownload.com



ရှစ်ရက်”တည်းဟူသော အစိတ်စကား,အထင်ကိုဆိုသောစကား, အဆုံးကို ပြသောစကားရပ်ဖြင့် အပေါင်းဖြစ်သော အစ အလယ် ဖြစ်သော (ဆောင်းလေးလအတွင်း၌ ရှိစကောင်း ရစကောင်း သည့်)အခြားအဋ္ဌကရက် (ည၌)သုံးမျိုးတို့ကိုလည်း ရယူအပ် သောကြောင့် ထိုစကားရပ်ဖြင့်ပင်—

(၁) တန်ဆောင်မုန်းလ၏အဆုံးနှင့် နတ်တော်လ၏ အစ ရှေ့နောက် လေးရက်စီ အကြား ရှစ်ည, (၂) နတ်တော်လ၏ အဆုံးနှင့် ပြာသိုလ၏ အစ ရှေ့နောက်လေး ရက်စီ အကြားရှစ်ည, (၃) ပြာသိုလ၏ အဆုံးနှင့် တပို့တွဲ လ၏အစ ရှေ့နောက်လေးရက်စီ အကြားရှစ်ည,(၄) တပို့ တွဲလ၏အဆုံးနှင့် တပေါင်းလ၏အစ ရှေ့နောက်လေး ရက်စီ အကြားရှစ်ည—

ဤအလုံးစုံသော အဋ္ဌကရက် (ည၌) လေးမျိုးတို့ကိုပင် ရအပ် လေတော့သည်။

ထိုအဋ္ဌကရက် လေးမျိုးတို့တွင် “ယခု ဥရုဝေလ တောအုပ် အတွင်း၌ သီတင်းသုံးနေထိုင်တော်မူစဉ် ရသေ့ညီနောင် ရှင်တ ထောင်တို့ကို ချေချွတ်ခြင်းနှင့် စပ်ဆိုင်သော အဋ္ဌကရက်အရ မည်သည့် အဋ္ဌကရက် ဖြစ်သင့်သည်”ဟု စိစစ် ဝေဘန်သည် ရှိသော်—

မ-ဋ္ဌ၊ ၃၊ ၁၄၆-၌“တပို့တွဲလပြည့်နေ့တွင် အရှင်သာရိ-ပုတ္တရာမထေရ် ရဟန္တာဖြစ်ကြောင်း”ဖွင့်ပြသောကြောင့် တပို့တွဲလ၏အဆုံးနှင့် တပေါင်းလ၏အစ (၄) အမှတ်ပြ အဋ္ဌကရက် မဖြစ်နိုင်။

တဖန် ဇာ-ဋ္ဌ၊ ၁၊ ၁၀၀-နှင့် ဗုဒ္ဓဝံသ-ဋ္ဌ၊ ၅-တို့၌“မြတ်စွာ ဘုရားသည် ပြာသိုလပြည့်နေ့၌ ရာဇဂြိုဟ်ပြည်သို့ ကြွရောက် တော်မူကြောင်း” ဖွင့်ဆိုထားသောကြောင့်, ပြာသိုလ၏ အဆုံးနှင့် တပို့တွဲလ၏အစ(၃)အမှတ်ပြ အဋ္ဌကရက်လည်း မဖြစ်နိုင်။

http://www.dhammadownload.com



ထိုသို့ဖြစ်လျှင် မည်သည့်အန္တရဓာက ဖြစ်နိုင်သနည်း၊ လေးနက်စွာ ဆင်ခြင်သုံးသပ်လျှင်—

ဇာ-ဋ္ဌ၊၁၊၁၀၀-၌ငင်း, ဗုဒ္ဓဝံသ-ဋ္ဌ၊၅-၌ငင်း "မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးနောက် မာရာဏသီပြည် မိဂဒါဝုန်တော၌ ပဥ္စမဝါဆို၍ ဝါကျွတ်လတ်သော် ဥရုဝေလတောအုပ်သို့ ကြွတော်မူကာ ထိုတော၌ သုံးလပတ်လုံး သီတင်းသုံး နေထိုင်တော်မူလျက် ရသေ့ညီနောင် သုံးဦးခေါင်းဆောင်သော ရှင်တထောင်တို့ကို ဆုံးမချွတ်တော်မူကြောင်း" ဖွင့်ဆိုထားသောကြောင့် ယင်းသို့သီတင်းသုံး နေထိုင်တော်မူရာ သုံးလတာကာလအတွင်း၌ ရသင့်သော (၁) အမှတ်ပြ တန်ဆောင်မုန်းလ၏အဆုံးနှင့် နတ်တော်လ၏အစ အန္တရဓာက (၂) အမှတ်ပြ နတ်တော်လ၏အဆုံးနှင့် ပြာသိုလ၏အစ အန္တရဓာက = ဤအန္တရဓာက နှစ်မျိုးတို့အနက် တမျိုးမျိုးသာ ဖြစ်နိုင်ခွင့်ရှိသည်။

ထိုနှစ်မျိုးတို့ဟွင်လည်း (၂) အမှတ်ပြ နတ်တော်လ၏အဆုံးနှင့် ပြာသိုလ၏အစ ရှေ့နောက်လေးရက်စီ အကြားရှစ်ည-တည်းဟူသော ဒုတိယမြောက် အန္တရဓာကသည်သာ ဤအရာ၌ သာလွန်၍ ဖြစ်နိုင်ခွင့်ရှိသည်။

ဤသို့ ရသေ့ညီနောင် ရှင်တထောင်တို့ကို ချေချွတ်ခဏ်း၌သာသော အန္တရဓာကအရ "နတ်တော်လ၏ အဆုံးနှင့် ပြာသိုလ၏အစ ရှေ့နောက်လေးရက်စီ အကြားရှစ်ညဖြစ်သည်" ဟူ၍ ဆုံးဖြတ်နှစ်သက် လက်ခံယုံကြည်မှသာလျှင် ဇာ-ဋ္ဌ၊ ၁၊ ၁၀၀-နှင့် ဗုဒ္ဓဝံသ-ဋ္ဌ၊ ၅-ဘို၌လာသော "မြတ်စွာဘုရား၏ သီတင်းကျွတ်မှ တပေါင်းလအထိ ခရီးစဉ်" ဒီဃနခသုတ် ပါဠိတော် (မ၊၃၊၁၆၇)နှင့် ငင်းအဋ္ဌကထာ (မ-ဋ္ဌ၊၃၊၁၄၆)တို့၌ လာသော "အရှင်သာရိပုတ္တရာ မဟာပညာဖြစ်တော်မူရာနေ့" ဝိနည်းမဟာဝဂ္ဂ (ဝိ၊၃၊၄၁)ပါဠိတော်နှင့် ငင်းအဖွင့် သာရတ္ထဋီကာ (သာရတ္ထ၊၃၊

http://www.dhammadownload.com



၂၀၇)တို့၌ လာသော "အန္တရဋ္ဌက ရက်" တို့သည် ဆန့်ကျင် ဖွယ်မထင် တညီတညွတ်တည်း ဖြစ်ကုန်ရာသည်။

ဤကား အန္တရဋ္ဌက စိစစ်ချက်တည်း။

(၁၆) **ထိုအခါ** တနေ့သ၌ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ **ဥရုဝေလတောအုပ်ဝယ်** အခါမဲ့မိုးကြီးသည် သည်းထန်စွာ ရွာသွန်းလေ၏။ ကြီးစွာသော ရေအယဉ်သည်လည်း တသွင်သွင် စီးကျလျက် ရှိပေ၏။ မြတ်စွာဘုရား သီတင်းသုံး နေတော်မူရာ အရပ်မှာလည်း နိမ့်ဝှမ်းသော အရပ်ဖြစ်၍ ရေလွှမ်းမိုးခံရမည့် အရပ်ပင် ဖြစ်၏။ **ထိုအခါ** မြတ်စွာဘုရားအား "ငါသည် ထက်ဝန်းကျင်မှ စီးကျလာသော ရေအယဉ်ကို ဖယ်ရှားပြီးလျှင် (ပတ်ဝန်းကျင် ရေဝန်းရေပိုင်း၏ အလယ်) မြူတထောင်းထောင်း ထသော မြေပြင်၌ လှူးလာ တုံ့ခေါက် စင်္ကြံလျှောက်၍ နေရမူ ကောင်းလေစွ"ဟု အကြံတော်ဖြစ်ရှိကာ ထိုသို့ ကြံစည်တော်မူတိုင်းပင် ထက်ဝန်းကျင်မှ စီးကျလာသော ရေအယဉ်ကို ဖယ်ရှားပြီးလျှင် ပတ်ဝန်းကျင် ရေဝန်းရေပိုင်း၏အလယ် မြူတထောင်းထောင်းထသော မြေအပြင်၌ လှူးလာတုံ့ခေါက် စင်္ကြံလျှောက်၍ နေတော်မူ၏။

ထိုအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီးသည် "ရဟန်းကြီးကို ရေမတိုက် မမျှောပါစေလင့်"ဟု အကြံပြုကာ ရသေ့များစွာ တို့နှင့်တကွ ရေအပြင်တွင် လှေဖြင့် မြတ်စွာဘုရား သီတင်းသုံးတော်မူရာအရပ်သို့ လှော်ခတ်၍ သွားလေသော် ထက်ဝန်းကျင်မှ စီးကျလာသော ရေအယဉ်ကို ဖယ်ရှား၍ ပတ်ဝန်းကျင် ရေဝန်းရေပိုင်း၏ အလယ် မြူတထောင်းထောင်းထသော မြေအပြင်၌ လှူးလာတုံ့ခေါက် စင်္ကြံလျှောက်၍ နေတော်မူသော မြတ်စွာဘုရားကို အံ့သြဖွယ်ရာ တွေ့မြင်လေ၏။ ထိုသို့ တွေ့မြင်လေလျှင် မယုံကြည်ရဲဖြစ်ကာ "အို ရဟန်းကြီး....ရေဝန်းရေပိုင်း၏အလယ် မြူတထောင်းထောင်းထသော မြေအပြင်၌ လှူးလာ တုံ့ခေါက် စင်္ကြံလျှောက်၍ နေသောသူကား အသင်ရဟန်းကြီးပင် ဖြစ်လေ

http://www.dhammadownload.com



သလော” ဟု မေးမြန်းသည်တွင် မြတ်စွာဘုရားသည်လည်း “အို ကဿပ···· အိမ်း ငါဟုတ်သည်”ဟု မိန့်ဆိုတော်မူကာ ရသေ့တို့ ကြည့်နေစဉ်ပင် ကောင်းကင်သို့ ပျံတက်၍ ၎င်းတို့၏လှေ့ထက်၌ သက်ကြွရပ်တည်တော်မူလေ၏။ ထိုအခါ ဥရုဝေလကဿပ ရသေ့ ဆရာကြီးအား—

> ဤရဟန်းကြီးကို အဟုန်သည်းစွာ စီးဆင်းလာသော ချောင်းရေ အယဉ်သော်မှလည်း မတိုက်မျောနိုင်ချေ၊ သို့ရကား ဤ ရဟန်းကြီးသည် ကြီးမားသော တန်ခိုး အာနုဘော် ရှိပါပေ၏၊ ထိုသို့ပင် တန်ခိုးအာနုဘော် ကြီးမားသော်လည်း ငါလိုတော့ အာသဝေါ ကုန်ခန်း ရဟန္တာကား မဟုတ်သေးချေ—

ဟူ၍ အကြံဖြစ်ပြန်လေ၏။

### ဥရုဝေလကဿပ ဆရာကြီး တပည့်ငါးရာနှင့်တကွ ရဟန်းပြုခြင်း

> မြတ်စွာဘုရားသည် ရှေးရှေးနေ့ရက်တို့က ထိုရသေ့တို့ ၏ ဉာဏ် မရင့်ကျက်သေးသဖြင့် ဉာဏ်ရင့်ကျက်ချိန်ကိုသာ စောင့်မြော်ငံ့လင့်တော်မူ၍ ထိုရသေ့တို့၏ အထင်သေးမှု ကို အောင့်အည်းသည်းခံ၍လာခဲ့ရာ သုံးလနီးပါးမျှ အချိန် ကြာခဲ့လေသည်။ ယခုသော်မူ ထိုရသေ့တို့၏ ဉာဏ် ရင့်ကျက်ပြီဖြစ်၍ ပွင့်ပွင့်လင်းလင်း ရှင်းရှင်းကြီး မိန့်ကြား တော်မူကာ ချေချွတ်ဆုံးမတော်မူပေတော့မည်။

ထိုသို့ ရေမလွှမ်းမိုးအောင် တန်ခိုးပြာဋိဟာ ပြတော်မူပါ သော်လည်း ဥရုဝေလကဿပ ရသေ့ဆရာကြီးမှာ ရှေးနည်း အတူပင် မိမိကသာ အာသဝေါကုန်ခန်း ရဟန္တာဖြစ်၍ မြတ်စွာ ဘုရားကိုမူ အာသဝေါကုန်ခန်း ရဟန္တာမဟုတ်သေးဟူ၍ ကြံစည် စဉ်းစား အမှားကိုသာ တွေးတောသောအခါ မြတ်စွာဘုရား၏ စိတ်သန္တာန်တော်၌—

http://www.dhammadownload.com



"(ဤအတိုင်းသာ လျစ်လျူရှုထားက) ဤ မင်္ဂဖိုလ်မနီး အချည်းနှီးသောယောကျ်ား ( = ဥရုဝေလကဿပ) အား 'ဤရဟန်းကြီးသည်တန်ခိုးအာနုဘော်ကားကြီးမားပေ၏၊ သို့စေကာ ငါလိုတော့ အာသဝေါကုန်ခန်း ရဟန္တာ မဟုတ်သေး'ဟူ၍သာ ကြာမြင့်စွာ အကြံမှား အစည်မှား ဖြစ်ပွါးနေပေလိမ့်မည်၊ ငါဘုရားသည် ယခုအခါ ဤ ဥရုဝေလကဿပ ရသေ့ကို ထိတ်လန့်သံဝေဂ ရစေရပါမူကား ကောင်းလေစွ"—

ဟူ၍ စိတ်အကြံတော် ဖြစ်ပေါ်လာပြီးလျှင် ဥရုဝေလကဿပ ရသေ့ဆရာကြီးကို—

"အို ကဿပ····သင်သည် (၁) အာသဝေါ ကုန်ခန်း ရဟန္တာလည်း မဟုတ်ချေ၊ (၂) အရဟတ္တမင်္ဂသို့ ရောက်ဆိုက်သူလည်း မဟုတ်ချေ၊ (၃) (ထိုသို့ ရောက်ဆိုက်ဖို့ရန်ကို မဆိုထားဘိ) သင့်မှာ အရဟတ္တမင်္ဂ အရဟတ္တဖိုလ်သို့ ရောက်ဖို့ရန် အကျင့်မှန်လည်း အကျင့်မှန်လည်း အကျုမြှမ့်ပင် မရှိသေးချေ"—

ဟူ၍ စကားသုံးခွန်းဖြင့် ပွင့်ပွင့်လင်းလင်း ရှင်းရှင်းကြီး မိန့်ကြားတော်မူလိုက်ရာ ဥရုဝေလကဿပ ရသေ့ဆရာကြီးသည် သံဝေဂကြီးစွာရလျက် မြတ်စွာဘုရား၏ ခြေတော်အစုံတို့၌ ဦးခေါင်းဖြင့် တို့ဝပ်ပွတ်တိုက်ပြီးလျှင် မြတ်စွာဘုရားကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· အကျွန်ုပ်သည် ရှင်တော်ဘုရား အထံတော်၌ ရှင်အဖြစ်ကို ရပါရစေ၊ ရဟန်းအဖြစ်ကို ရပါရစေ"ဟူ၍ ရှင်ရဟန်းပြုပေးရန် တောင်းပန်စကား လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် (ရသေ့ငါးရာတို့၏ ဗုဒ္ဓေ ရင့်ကျက်နေပြီကို သိတော်မူသဖြင့်) ဥရုဝေလကဿပ ရသေ့ဆရာကြီးကို—

"အို ကဿပ···· သင်ကား ငါးရာသောရသေ့တို့၏ ခေါင်းဆောင်ဦးစီး အမှူးအကြီး ပါမောက္ခကြီး ဖြစ်ပေသည်၊

http://www.dhammadownload.com



(တပည့်များကို မပန်ကြားက သင့်လျော်မည်မဟုတ်ချေ၊) ထို တပည့်ရသေ့ ငါးရာတို့ကိုလည်း ခွင့်ပန်စကား ပြော ကြားဦးလော့၊ (သို့မှသာလျှင်) ထို တပည့်ရသေ့ ငါးရာ တို့သည် မိမိတို့သဘောနှစ်ခြိုက်ရာ ပြုလုပ်နိုင်ကြပေလိမ့် မည်"—

ဟူ၍ မိန့်ကြားတော်မူလေလျှင် ဥရုဝေလကဿပ ရသေ့ဆရာကြီး သည် တပည့်ရသေ့ငါးရာတို့၏ နေရာသို့ သွားရောက်လျက် "အို ဆရာတို့.... ကျွန်ုပ်သည် ရဟန်းကြီးအထံ၌ တပည့်ခံကာ အကျင့် မြတ်ကို ကျင့်သုံးရန် အလိုရှိပါ၏၊ အရှင်တို့သည် မိမိတို့သဘော နှစ်ခြိုက်ရာ ပြုလုပ်တော်မူကြကုန်လော့" ဟူ၍ ပြောဆိုလေ၏။ ထိုအခါ ရသေ့ငါးရာတို့သည် "အို အရှင်ဆရာကြီး....အကျွန်ုပ် တို့သည် (နဂါးမင်းကို ဆုံးမသည့်အချိန်ကစ၍)ကြာမြင့်စွာကပင် ရဟန်းကြီး၌ အလွန်အမင်း ကြည်ညိုရင်းရှိကြပါကုန်၏။ အကယ်၍ အရှင်ဆရာကြီးသည် ရဟန်းကြီးအထံ၌ တပည့်ခံကာ အကျင့်မြတ် ကို ကျင့်သုံးခဲ့ပါမူ ကျွန်ုပ်တို့ ငါးရာလုံးပင် ရဟန်းကြီးအထံ၌ တပည့်ခံကြကာ အကျင့်မြတ်ကို ကျင့်သုံးကြပါမည်" ဟု ပြန်ကြား ပြောဆိုကြကုန်၏။

ထိုအခါ ဥရုဝေလကဿပ ရသေ့ဆရာကြီးနှင့်တကွ ငါးရာ သော ရသေ့တို့သည် ဆံပင်များ, ဆံကျစ်ပန်းများ, မီးဆုံ ကရား အစ ရှိသော ရသေ့ပရိက္ခရာများ, ထမ်းပိုးများ, မီးမွှေယောက်မ စသည့် မီးပူဇော်ဖွယ် အသုံးအဆောင် အဆောက်အဦများကို နေရဉ္ဇရာမြစ်ရေကျော၌ မျှောလိုက်ကြပြီးလျှင် မြတ်စွာဘုရား ထံတော်မှောက်သို့ သွားရောက်ဆည်းကပ်ကြပြီးလျှင် မြတ်စွာ ဘုရား၏ ခြေတော်အစုံတို့၌ ဦးခေါင်းဖြင့် တုံ့ဝပ်ပွတ်တိုက်ကြ၍ မြတ်စွာဘုရားကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အကျွန်ုပ်တို့သည် ရှင်တော်ဘုရားအထံတော်၌ ရှင်အဖြစ်ကို ရကြ ပါရစေ၊ ရဟန်းအဖြစ်ကို ရကြပါရစေ"ဟူ၍ ရှင်ရဟန်းပြုပေးရန် တောင်းပန်စကား လျှောက်ထားကြလေကုန်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် "ဧထ ဘိက္ခဝေါ၊ အစရှိသည် ဖြင့် = ရဟန်းတို့ .... လာကြလော့၊ သင်ချစ်သားတို့ တောင်းပန် အပ်သော ရှင်ရဟန်းအဖြစ်ကို ခံယူကြလော့၊ တရားတော်ကို ငါဘုရား ကောင်းစွာ ဟောကြားအပ်လေပြီ၊ သင်ချစ်သားတို့ သည် ဝဋ်ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှါ သိက္ခာသုံးရပ် မြတ်သော အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြလော့" ဟု ရွှေလက် တော်ကို ဆန့်တန်း၍ ဧဟိ ဘိက္ခု ခေါ်တော်မူလိုက်သည်နှင့် တပြိုင်နက် ဥရုဝေလကဿပ ဆရာကြီးနှင့်တကွ ထိုငါးရာသော ရသေ့တို့သည် ဣန္ဒြိယမပရိက္ခရာတို့ သူ့နေရာနှင့်သူ အဆင်သင့် ဆင်ယင်ပြီးသားဖြစ်ကြလျက် အဝါ ၆၀-ရသော (=သက် တော် ရှစ်ဆယ်ရှိပြီး) မထေရ်ကြီးများပမာ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကြလျက် ရဟန်းပြုပြီးသား ဖြစ်ကြလေတော့သည်။ အံ့ဩဖွယ်ရာ ရသေ့အသွင် ကွယ်ပျောက်၍ ရဟန်းအသွင်သို့ ကူးရောက်သွားကြလေတော့သည်။ ။(ဧထ ဘိက္ခဝေါ-ဟူ၍ မြတ်စွာဘုရားက ရွှေနှုတ်တော်မြွက်၍ ခေါ်တော်မူလိုက်ခြင်း သည်ပင် ထိုရသေ့တို့အဖို့ရာ ဧဟိဘိက္ခု ရဟန်းခံခြင်း ဖြစ်လေ သည်၊ သိမ်ဝင်ဖွယ်ရာကိစ္စ လုံးဝမရှိတော့ပြီ။)

### နဒီကဿပ (ညီလတ်) ဆရာကြီး တပည့်များနှင့်တကွ ရဟန်းပြုခြင်း

ဥရုဝေလကဿပ၊ ရသေ့ဆရာကြီးနှင့်တကွ တပည့်ရသေ့ ငါးရာတို့ နေရင်းရာမြစ်ရေကျော မျှောလိုက်သည့် ရသေ့ပရိက္ခရာ များကို အောက်(=အကြေ) ဆိပ်ကမ်း၌နေသော (ညီအလတ်) နဒီကဿပ ဆရာရသေ့မြင်လေလျှင် "ငါ့အစ်ကိုကြီးအား တစုံတခု ဘေးဥပဒ် မဖြစ်ပါစေလင့်" ဟု အောက်မေ့ကာ "သွားကြလော့၊ နောင်တော်ကြီး (မည်သို့ဖြစ်သည်) ကို သိအောင်စုံစမ်းကြ" ဟု ပြောဆို၍ တပည့်ရသေ့ နှစ်ယောက် သုံးယောက်တို့ကို အလျင် လက်ဦး စေလွှတ်လိုက်ပြီးလျှင် မိမိကိုယ်တိုင်လည်း တပည့်ရသေ့ သုံးရာတို့နှင့် အတူတကွ ဥရုဝေလကဿပ အရှင်သူမြတ် သီတင်း သုံးရာ အရပ်သို့ ချဉ်းကပ်၍ အရှင်ဥရုဝေလကဿပကို "အို

http://www.dhammadownload.com



နောင်ကြီးကဿပ ···· ဤရဟန်းအဖြစ်သည် ချီးမွမ်းအပ် မြတ်ပါ သလော”ဟု မေးမြန်းလေ၏။

ထိုအခါ အရှင်ဥရုဝေလကဿပ မထေရ်သည် “အိမ်း···· ငါ့ရှင်···· ဤရဟန်းအဖြစ်သည် လွန်စွာပင် ချီးမွမ်းအပ် မြတ်ပေ၏”ဟု (ညီအလတ်) နဒီကဿပကို ပြန်ကြားပြောဆိုလေလျှင် ထို နဒီကဿပ ရသေ့ဆရာနှင့်တကွ ရသေ့သုံးရာတို့သည်ရှေးနည်း အတူ ရသေ့ပရိက္ခရာ အသုံးအဆောင်များ, မီးပူဇော်ဖွယ် အသုံး အဆောင် အဆောက်အဦများကို နေရဥ္ဇရာမြစ်ရေကျော၌ မျော လိုက်ကြပြီးလျှင် မြတ်စွာဘုရား ထံတော်မှောက်သို့ သွားရောက် ဆည်းကပ်ကြ၍ မြတ်စွာဘုရား၏ခြေတော်အစုံတို့၌ ဦးခေါင်းဖြင့် တံ့ဝပ်ပွတ်တိုက်ကြပြီးလျှင် “ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား ···· အကျွန်ုပ်တို့သည် ရှင်တော်ဘုရားအထံတော်၌ ရှင် အဖြစ်ကို ရကြပါရစေ၊ ရဟန်းအဖြစ်ကို ရကြပါရစေ”ဟူ၍ ရှင် ရဟန်းပြုပေးရန် တောင်းပန်စကား လျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် “ဧထ ဘိက္ခဝေါ-အစရှိသည် ဖြင့် = ရဟန်းတို့····လာကြလော့၊ သင်ချစ်သားတို့ တောင်းပန် အပ်သော ရှင်ရဟန်းအဖြစ်ကို ခံယူကြလော့၊ တရားတော်ကို ငါဘုရား ကောင်းစွာ ဟောကြားအပ်လေပြီ၊ သင်ချစ်သားတို့ သည် ဝဋ်ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှါ သိက္ခာသုံးရပ် မြတ်သော အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြလော့”ဟု ရွှေလက် တော်ကို ဆန့်တန်း၍ ဧဟိဘိက္ခု ခေါ်တော်မူလိုက်သည်နှင့် တပြိုင်နက် နဒီကဿပ ရသေ့ဆရာနှင့်တကွ ထိုသုံးရာသော ရသေ့တို့သည် ဣဒ္ဓိမယပရိက္ခရာတို့ သူ့နေရာနှင့်သူ အဆင်သင့် ဆင်ယင်ပြီးသားဖြစ်ကြလျက် အဝါ ၆၀-ရသော( = သက်တော် ရှစ်ဆယ်ရှိပြီး) မထေရ်ကြီးများပမာ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကြလျက် ရဟန်းပြုပြီးသား ဖြစ်ကြလေတော့သည်။ အံ့ဩ ဖွယ်ရာ ရသေ့အသွင်ကွယ်ပျောက်၍ ရဟန်းအသွင်သို့ ကူးရောက် သွားကြလေတော့သည်။ ။(ဧထ ဘိက္ခဝေါ-ဟူ၍ မြတ်စွာ ဘုရားက ရွှေနှုတ်တော်မြွက်၍ ခေါ်တော်မူလိုက်ခြင်းသည်ပင်

http://www.dhammadownload.com



ထိုရသေ့တို့အဖို့ရာ ဗေါဓိပက္ခိယရဟန်းခံခြင်းဖြစ်လေသည်၊ သိမ်ဝင် ဖွယ်ရာကိစ္စ လုံးဝမရှိတော့ပြီ။)

### ဂယာကဿပ(ညီငယ်) ဆရာကြီး တပည့်များနှင့်တကွ ရဟန်းဖြစ်ခြင်း

ဥရုဝေလကဿပ ရသေ့ဆရာကြီးနှင့် တပည့်ရသေ့ငါးရာ, နဒီကဿပ (ညီအလတ်) ရသေ့ဆရာနှင့် တပည့်ရသေ့သုံးရာတို့ နေရစ္ဆရာမြစ်ရေကျော မျှောလိုက်သည့် ရသေ့ပရိက္ခရာများကို အောက်( =အကြေ) ဆိပ်ကမ်း၌နေသော (ညီအငယ်) ဂယာကဿပ ဆရာရသေ့မြင်လေလျှင် "ငါ့အစ်ကိုကြီး ဥရုဝေလကဿပနှင့် အစ်ကိုလတ် နဒီကဿပတို့အား တစုံတခု ဘေးဥပဒ်မဖြစ်ပါစေလင့်"ဟု အောက်မေ့ကာ "သွားကြလော့၊ နောင်တော်ကြီး နောင်တော်လတ်တို့ (မည်သို့ဖြစ်သည်)ကို သိအောင်စုံစမ်းကြ" ဟူ၍ ပြောဆို၍ တပည့်ရသေ့ နှစ်ယောက် သုံးယောက်တို့ကို အလျင် လက်ဦး စေလွှတ်လိုက်ပြီးလျှင် မိမိကိုယ်တိုင်လည်း တပည့်ရသေ့ နှစ်ရာတို့နှင့်အတူတကွ ဥရုဝေလကဿပ အရှင်သူမြတ် သီတင်း သုံးရာအရပ်သို့ ချဉ်းကပ်၍ အရှင်ဥရုဝေလကဿပကို "အို နောင်ကြီး ကဿပ .... ဤရဟန်းအဖြစ်သည် လွန်စွာပင် ချီးမွမ်း အပ် မြတ်ပါသလော"ဟု မေးမြန်းလေ၏။

ထိုအခါ အရှင်ဥရုဝေလကဿပ မထေရ်သည် "အိမ်း.... ငါ့ရှင်....ဤရဟန်းအဖြစ်သည် လွန်စွာပင် ချီးမွမ်းအပ် မြတ်ပေ၏"ဟု (ညီအငယ်) ဂယာကဿပကို ပြန်ကြားပြောဆိုလေလျှင် ထို ဂယာကဿပ ရသေ့ဆရာနှင့်တကွ ရသေ့နှစ်ရာတို့သည် ရှေးနည်းအတူ ရသေ့ပရိက္ခရာ အသုံးအဆောင်များ, မီးပူဇော် ဖွယ် အသုံးအဆောင် အဆောက်အဦများကို နေရဉ္စရာမြစ်ရေ ကျော၌ မျှောလိုက်ကြပြီးလျှင် မြတ်စွာဘုရား ထံတော်မှောက်သို့ သွားရောက်ဆည်းကပ်ကြ၍ မြတ်စွာဘုရား၏ ခြေတော်အစုံတို့၌ ဦးခေါင်းဖြင့် တုံ့ဝပ်ပွတ်တိုက်ကြပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အကျွန်ုပ်တို့သည် ရှင်တော်ဘုရား၏ထံတော်၌

http://www.dhammadownload.com



ရှင်အဖြစ်ကို ရကြပါရစေ၊ ရဟန်းအဖြစ်ကို ရကြပါရစေ”ဟူ၍ ရှင်ရဟန်းပြုပေးရန် တောင်းပန်စကား လျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် “ဧထ ဘိက္ခဝေါ-အစရှိသည့်ဖြင့် = ရဟန်းတို့···· လာကြလော့၊ သင်ချစ်သားတို့ တောင်းပန်အပ်သော ရှင်ရဟန်းအဖြစ်ကို ခံယူကြလော့၊ တရားတော်ကို ငါဘုရား ကောင်းစွာဟောကြားအပ်လေပြီ၊ သင်ချစ်သားတို့သည် ဝဋ်ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှါ သိက္ခာသုံးရပ် မြတ်သောအကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြလော့”ဟု ရွှေလက်တော်ကို ဆန့်တန်း၍ ဧဟိ ဘိက္ခု ခေါ်တော်မူလိုက်သည်နှင့် တပြိုင်နက် ဂယာကဿပ ရသေ့ဆရာနှင့်တကွ ထိုနှစ်ရာသော ရသေ့တို့သည် ဗုဒ္ဓမယပရိက္ခရာတို့ သူ့ နေရာနှင့်သူ အဆင်သင့် ဆင်ယင်ပြီးသား ဖြစ်ကြလျက် အဝါ ၆၀-ရသော (= သက်တော် ရှစ်ဆယ်ရှိပြီး) မထေရ်ကြီးများပမာ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကြလျက် ရဟန်းပြုပြီးသား ဖြစ်ကြလေတော့သည်။ အံ့သြဖွယ်ရာ ရသေ့အသွင်ကွယ်ပျောက်၍ ရဟန်းအသွင်သို့ ကူးရောက်သွားကြလေတော့သည်။ ။(ဧထ ဘိက္ခဝေါ-ဟူ၍ မြတ်စွာဘုရားက ရွှေနှုတ်တော်မြွက်၍ ခေါ်တော်မူလိုက်ခြင်းသည်ပင် ထိုရသေ့တို့အဖို့ရာ ဧဟိဘိက္ခု ရဟန်းခံခြင်းဖြစ်လေသည်၊ သိမ်ပင်ဖွယ်ရာကိစ္စ လုံးဝမရှိတော့ပြီ။)

(ဤ တန်ခိုးပြာဋိဟာ ပြတော်မူခဏ်း၌ ငါးရာသော ထင်းတုံးတို့ ရသေ့များခွဲ၍မရခြင်း,တပြိုင်နက် အံ့သြဖွယ်ရာ ကွဲကြခြင်း, ရသေ့များ မီးမွေး၍မရခြင်း, တပြိုင်နက် အံ့သြဖွယ်ရာ မီးတောက်လောင်ခြင်း, ရသေ့များ မီးကို မငြိမ်းသတ်နိုင်ခြင်း, တပြိုင်နက် အံ့သြဖွယ်ရာ မီးငြိမ်းခြင်း, မီးအိုးကင်း ငါးရာတို့ကို ဖန်ဆင်းခြင်း ဤအရပ်ရပ်သော ထူးခြားချက်တို့မှာ မြတ်စွာဘုရား၏ အဓိဋ္ဌာန် တော်ကြောင့်ပင် ဖြစ်ကုန်၏။ ။ဤနည်းဖြင့် ဥရုဝေလတောအုပ်အတွင်း၌ ကဿပညီနောင် ရသေ့တထောင်တို့အား

http://www.dhammadownload.com



ချေချွတ်ရန် မြတ်စွာဘုရား ဖန်ဆင်းတော်မူအပ်သော တန်ခိုးပြာဋိဟာတို့မှာ ပါဠိတော်၌ တိုက်ရိုက် ဖော်ပြအပ်သည်တို့ကား တဆယ့်ခြောက်ပါး၊ တိုက်ရိုက်မဖော်ပြအပ်သည်တို့ကား သုံးထောင့်ငါးရာ = နှစ်ရပ်ပေါင်း (၃၅၁၆) သုံးထောင့်ငါးရာ တဆယ့်ခြောက်ပါးတို့ ဖြစ်ကုန်၏။)

### အာဒိတ္တပရိယာယသုတ္တန်ကို ဟောကြားတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလတောအုပ်၌ ရသေ့ညီနောင် ရှင်တထောင်တို့အား ချေချွတ်ရန် အလိုတော်ဆန္ဒပြည့်ဝအောင် နေထိုင် သီတင်းသုံးတော်မူပြီးလျှင် ဂယာရွာ၏အနီး **ဂယာသီသ**မည်သော (ဆင်ဦးကင်းနှင့်တူသည့်) ကျောက်ဖျာကြီးရှိရာအရပ်သို့ ရသေ့ဖြစ်ဘူးကြသော ရဟန်း တထောင်တို့နှင့် အတူတကွ ကြွတော်မူ၍ ထိုဂယာသီသ ကျောက်ဖျာအပြင်၌ ရဟန်းတော်ပေါင်း တထောင်တို့နှင့်အတူတကွ ထိုင်နေတော်မူ၏။

ထိုသို့ ထိုင်နေတော်မူပြီးလျှင် "ဤရဟန်း တထောင်တို့အား အဘယ်သို့သော တရားစကားသည် သပ္ပါယ ဖြစ်မည်နည်း" ဟု ဆင်ခြင်တော်မူလတ်သော် "ဤသူတို့သည် ညဉ့်တိုင်း နံနက်တိုင်း မီးကို လုပ်ကျွေးပူဇော်ကြသူများ ဖြစ်ကုန်၏၊ သို့ဖြစ်၍ ဤရဟန်း တထောင်တို့အား အာယတနတဆယ့်နှစ်ပါးတို့ကို တဆယ့်တသီး မီးအလျှံတို့ အဖန်ဖန်လောင်ကျွမ်းမှုကို ဖော်ပြ၍ အာဒိတ္တပရိယာယဓမ္မဒေသနာကို ဟောကြားရလျှင် ဤရဟန်းတထောင်တို့သည် အရဟတ္တဖိုလ်သို့ ရောက်နိုင်ကြပေလိမ့်မည်" ဟု ဆုံးဖြတ်ချက် ချမှတ်တော်မူပြီးလျှင်—

ဒွါရ ခြောက်ပါး, အာရုံ ခြောက်ပါး, ဝိညာဏ် ခြောက်ပါး,ဖဿခြောက်ပါး,ဖဿပစ္စယဝေဒနာ တဆယ့်ရှစ်ပါး ဤတရား အလုံးစုံတို့ကို ရာဂမီး, ဒေါသမီး, **မောဟမီး, ဇာတိမီး, ဇရာမီး,** မရဏမီး, သောကမီး,

http://www.dhammadownload.com



ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီး ဤတဆယ့်တပါးသောမီးတို့ အသီးသီး တောက်လောင် နေပုံကို အကျယ်ညွှန်ပြသည့်—

**အာဒိတ္တပရိယာယ** သုတ္တန်ကို ဟောတော်မူလေသော် ထို ရဟန်းတထောင်တို့သည် မဂ်ဉာဏ်လေးပါးတို့သို့ အစဉ်အတိုင်း ရောက်ရှိကြကာ အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကြလေကုန်၏။ သို့ရကား ထိုရဟန်းတထောင်တို့၏ စိတ်တို့သည် တဏှာဒိဋ္ဌိ တို့ဖြင့် တစုံတခုသော တရားကိုမျှ "ငါ+ငါ့ဥစ္စာ"ဟု စွဲယူမှု အလျှင်း ကင်းပြတ်ပြီးလျှင် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်း ကြသော အာသဝေါတရားတို့မှ ရှင်းရှင်းကြီး လွတ်မြောက်ကြပြီး ဖြစ်လေကုန်၏။

(အာဒိတ္တပရိယာယသုတ္တန်နှင့် စပ်၍ သိမှတ်ဖွယ်တို့ကို ဓမ္မရတနာ အခဏ်းသို့ ရောက်မှ ဖော်ပြပါမည်။)

---

## အခဏ်း-၁၅

## မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူခြင်း အကြောင်း

ထိုအခါ မြတ်စွာဘုရားသည် ဂယာသီသအရပ်၌ ရသေ့ဖြစ်ခဲ့ ဘူးသူ ရှင်တထောင်တို့အား အရဟတ္တဖိုလ်ပေါက် ချွေချွတ်ရန် အလိုတော်ဆန္ဒ ပြည့်ဝအောင် နေထိုင်သီတင်းသုံးတော်မူပြီးလျှင် (တောထွက်လာခဲ့စဉ် ဘုရင်ဗိမ္ဗိသာရမင်းတရားနှင့် တွေ့ခဲ့စဉ်က) "အရှင်ဘုရား····တောင်းပန်စကား တပည့်တော် လျှောက်ထား ပါသည်၊ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသောအခါ ရှေးဦးစွာ တပည့်တော်၏ နိုင်ငံသို့ ကြွချီတော်မူပါကုန်ဘုရား" ဟူ၍ (အောက်စာမျက်နှာ ၂၁၀-က) လျှောက်ထားတောင်းပန်သော ဗိမ္ဗိသာရမင်းကြီး၏ စကားကို ပြေလည်စေမှု နှလုံးတော်ပြုကာ

http://www.dhammadownload.com



ရသေ့ဖြစ်ခဲ့ဘူးသူ ရဟန္တာ (၁၀၀၀) တထောင်ခြံရံလျက် ရာဇဂြိုဟ်ပြည်ဘက်သို့ ခရီးဒေသစာရီ ကြွချီတော်မူ၍ ရာဇဂြိုဟ်ပြည်အနီး ကြီးစွာသော ထန်းပင်ပျိုစင် တောဥယျာဉ်သို့ ဆိုက်ရောက်တော်မူလေလျှင် ဥယျာဉ်အတွင်းဝယ် ပြန့်ကျယ်သော အရိပ်လည်းရှိ လူအပေါင်းတို့ မြတ်နိုးကော်ရော် ပူဇော်ရာလည်းဖြစ်သည့် သုပ္ပတိဋ္ဌအမည်ရှိသော ပညောင်ပင်ရင်း၌ သီတင်းသုံးနေထိုင်တော်မူလေ၏။

(ဤ၌၊ ။မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးနောက် ပဌမဝါကို ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးနေထိုင်တော်မူ၍ ဝါကျွတ်လတ်သော် ပဝါရဏာပြုပြီးလျှင် ဥရုဝေလတောအုပ်သို့ ကြွသွားတော်မူသည်၊ ထိုဥရုဝေလတောအုပ်၌ သုံးလပတ်လုံး သီတင်းသုံးနေထိုင်တော်မူလျက် ရသေ့ညီနောင် ရှင်တထောင်တို့ကို အရဟတ္တဖိုလ်ပေါက် ချေချွတ်ဆုံးမတော်မူပြီးနောက် ရဟန္တာ (၁၀၀၀)တထောင်ခြံရံလျက် ပြာသိုလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူပြီးလျှင် နှစ်လပတ်လုံး ထိုရာဇဂြိုဟ်ပြည်၌ သီတင်းသုံး နေထိုင်တော်မူသည်။ ။ဇာတက-ဋ္ဌ ၁၊ မျက်နှာ ၁၀၀-နှင့် ဗုဒ္ဓဝံသ-ဋ္ဌ၊ မျက်နှာ ၂၄-တို့မှ။)

ထိုအခါ ဥယျာဉ်မှူး၏ သံတော်ဦးတင်လျှောက်ချက်အရ ဗိမ္ဗိသာရမင်းတရားသည် မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်သို့ ရောက်ဆိုက် ကြွချီတော်မူလာကြောင်း သတင်းကောင်းစကား ကြားသိလေသည်၊ ကြားသိပုံအကျယ်မှာ....

အို အချင်းတို့····အသင်္ခိနှ့ သကျနွယ်ဖွား သာကီဝင်မင်းသားဖြစ်၍ သာကီဝင်မင်းမျိုးမှတောထွက်ကာ ရဟန်းပြုတော်မူသော ဂေါတမနွယ်ဖွား မြတ်စွာဘုရားသည် ယခုအခါ ငါတို့နေရာ ရာဇဂြိုဟ်ပြည်သို့ ဆိုက်ရောက်ကာ ရာဇဂြိုဟ်ပြည်၏အနီး ထန်းပင်ပျိုဥယျာဉ်အတွင်း သုပ္ပတိဋ္ဌ ပညောင်ပင်ရင်း၌ သီတင်းသုံးနေထိုင်တော်မူ၏။

ထိုဂေါတမနွယ်ဖွား မြတ်စွာဘုရား၏ ဂုဏ်သတင်းသည် ဤဆိုလတ္တံ့သောအတိုင်း ဘဝဂ်မဆံ့ နှံ့၍တက်၏၊ ဤအကြောင်း ဤအကြောင်းများကြောင့် မြတ်စွာဘုရား

http://www.dhammadownload.com



သည် အရဟံ အစ ဘဂဝါ အဆုံး ကိုးပါးသောဂုဏ်တော် တို့နှင့် ပြည့်စုံတော်မူ၏။ ထိုမြတ်စွာဘုရားသည် နတ်မြဟ္မာ နှင့် တကွသော ဤသတ္တလောကကို ကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု သိရှိတော်မူပြီးလျှင် ဟောကြားထုတ်ဖော် သိစေတော်မူပေ၏။

ထိုဂေါတမနွယ်ဖွား မြတ်စွာဘုရားသည် အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံလျက် အနက်နှင့်လည်း ပြည့်စုံ သဒ္ဒါပုဒ်ပါဌ် အက္ခရာနှင့်လည်း ပြည့်စုံသော တရားကို ဟောကြားတော်မူပေ၏။ အချို့ အလို မရှိ ထက်ဝန်းကျင် ပြည့်စုံသော ဒုစရိုက် အညစ် အကြေးမှ ကင်းဝေးစင်ကြယ်သော သီလ သမာဓိ ပညာ သုံးပါးသိက္ခာ သာသနာတော်တည်းဟူသော မြတ်သော အကျင့်ကို နတ်လူတို့အား ထင်ရှားပြတော်မူပေ၏။

ထိုသို့ကျေးဇူး ဂုဏ်အထူးနှင့် ပြည့်စုံတော်မူကြသည့် အမှုဇော်ခံသခင် အရှင်မြတ်တို့အား ရှိသေလေးမြတ် ဆည်းကပ်ဖူးမြင်ရခြင်းသည် လွန်ကဲထူးလတ် ကောင်း မြတ်သည်သာ ဖြစ်ပေ၏—

ဟူ၍ သတင်းကောင်းစကား ကြားသိလေသည်။

ထိုအခါ ဗိမ္ဗိသာရမင်းတရားသည် မဂဓတိုင်းသား ပုဏ္ဏား သူဌေးပေါင်း (၁၂၀၀၀၀) တသိန်းနှစ်သောင်း ခြံရံလျက် မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်ချဉ်းကပ်၍ ရှိသေ မြတ်နိုး ရှိခိုးပြီးလျှင် ဝေး+နီး+ရှေ+နောက်+မြင့်မောက်+လေ တင် = ဤ အပြစ်ခြောက်ပါး ကင်းစင်ရာအရပ်၌ ထိုင်နေလေ၏။

ဗိမ္ဗိသာရမင်းကြီးနှင့် အတူတကွ ပါလာကြသော ပုဏ္ဏား သူဌေးပေါင်း တသိန်းနှစ်သောင်းတို့အနက် (၁) အချို့သော ပုဏ္ဏားသူဌေးတို့သည် မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးကြ၍ အပြစ်ခြောက်ပါး ကင်းစင်ရာအရပ်၌ ထိုင်နေကြကုန်၏၊(၂)အချို့ သော ပုဏ္ဏားသူဌေးတို့သည် မြတ်စွာဘုရားနှင့် ဝမ်းမြောက်

http://www.dhammadownload.com



ဝမ်းသာ တသက်ပတ်လုံး အောက်မေ့ထိုက်သောစကားကို ပြော ကြားပြီးလျှင် အပြစ်ခြောက်ပါး ကင်းစင်ရာအရပ်၌ ထိုင်နေကြ ကုန်၏။ (ဤ ပုဂ္ဂိုလ်အား နှစ်စုတို့ကား သမ္မာဒိဋ္ဌိ တဖက်သတ်၌ ရှိကြ သော သူတို့တည်း။)

(၃) အချို့သော ပုဂ္ဂိုလ်အား သူဌေးတို့သည် မြတ်စွာဘုရား ရှိတော်မူရာဘက်သို့ လက်အုပ်ကို ညွှတ်ကိုင်းပြီးလျှင် အပြစ် ခြောက်ပါး ကင်းစင်ရာအရပ်၌ ထိုင်နေကြကုန်၏။ ။(ဤပုဂ္ဂိုလ်အား တို့ကား မိစ္ဆာဒိဋ္ဌိဘက် သမ္မာဒိဋ္ဌိဘက် လှေနံနှစ်ဖက်နင်းသူတို့ တည်း။ ထိုသူတို့၏စိတ်အကြံမှာ (က) အကယ်၍ ငါတို့ကို မိစ္ဆာ-ဒိဋ္ဌိ အယူရှိသူတို့က "အဘယ့်ကြောင့် သင်တို့သည် ရဟန်း ဂေါတမကို ရှိခိုးကြသနည်း"ဟု အပြစ်တင်စကား ပြောကြား လာလျှင် ထိုသူတို့အား "လက်အုပ်ချီမြှောက်မှု ပြုကာမျှဖြင့် အဘယ်မှာလျှင် ရှိခိုးသည် မည်အံ့နည်း"ဟု ပြောကုန်အံ့၊ (ခ) အကယ်၍ ငါတို့ကို သမ္မာဒိဋ္ဌိ အယူရှိသူတို့က "အဘယ့် ကြောင့် သင်တို့သည် မြတ်စွာဘုရားကို ရှိမခိုးကြသနည်း"ဟု အပြစ်တင်စကား ပြောကြားလာလျှင် "ဘယ့်နှယ်လဲဗျာ ဦးခေါင်း ဖြင့် မြေကြီး၌ တိုက်ခတ်မှ ရှိခိုးခြင်းမည်ရမှာလား၊ စင်စစ်မှာမူ လက်အုပ်ချီမိုးမှုသည်လည်း ရှိခိုးခြင်းသာလျှင်ဖြစ်၏"ဟု ပြော ကုန်အံ့ဟူ၍ ကြံစည်ကြကာ နှစ်ဖက်ရ ပြောဆိုနိုင်ရန် နေထိုင် ကြခြင်း ဖြစ်လေသည်။)

(၄) အချို့သော ပုဂ္ဂိုလ်အားသူဌေးတို့သည် "အိုအရှင်ဂေါ-တမ····ဤမည်သော သူ၏သား ဗြာဟ္မဏ ဒတ္တ, အကျွန်ုပ်မိတ္တ သည် ဤ အရှင့် ထံမှောက်သို့ လာရောက်ပါသည်" စသည်ဖြင့် အမည်ကို ထုတ်ဖော်ပြောဆိုကြကာ အပြစ်ခြောက်ပါး ကင်းစင် ရာအရပ်၌ ထိုင်နေကြကုန်၏၊ အချို့သော ပုဂ္ဂိုလ်အားသူဌေးတို့သည် "အိုအရှင်ဂေါတမ ··· ဝါသေဋ္ဌအနွယ်ရှိသော အကျွန်ုပ်သည်, ကစ္စာယနအနွယ်ရှိသော အကျွန်ုပ်သည် ဤ အရှင့်ထံမှောက်သို့ လာရောက်ပါသည်" စသည်ဖြင့် အနွယ်ကို ထုတ်ဖော် ပြောဆို ကြကာ အပြစ်ခြောက်ပါး ကင်းစင်ရာအရပ်၌ ထိုင်နေကြကုန်

http://www.dhammadownload.com



၏။ ။(ဤပုဏ္ဏားတို့ကား ဆင်းရဲနွမ်းပါး မထင်ရှားသူများ ဖြစ်ကြသည်၊ ထိုပုဏ္ဏားတို့သည် ပရိသတ်အလယ်၌ အမည်အနွယ်ကို ပြောကြားခြင်းဖြင့် ထင်ရှားကြရကုန်လိမ့်မည်ဟု ကြံစည်ကာ ဤသို့ အမည်အနွယ်ကို ထုတ်ဖော် ပြောကြားကြခြင်း ဖြစ်လေသည်။)

(၅) အချို့သော ပုဏ္ဏားသူဌေးတို့ကား စကားမပြော တုဏှီဘောသာ ထိုင်နေကြကုန်၏။ ။(ဤပုဏ္ဏားတို့ကား စိတ်တွင်းက အကြံကောက်သူများ မသိဆိုးဝါး မိုက်ကန်းသူများ ဖြစ်ကြကုန်၏၊ ထိုသူနှစ်မျိုးတို့တွင် စိတ်တွင်းက အကြံကောက်သူ (=ကေရာငိ္ဂကသမား)များကား"စကားတခွန်း နှစ်ခွန်းလောက် ပြောမိလျှင် အကျွမ်းဝင်မှုဖြစ်လိမ့်မည်၊ အကျွမ်းဝင်လာလျှင် ဆွမ်းတခါ နှစ်ခါ မကျွေးက သင့်လျော်မည်မဟုတ်"ဟု ကြံစည်ကာ အကျွမ်းဝင်ရမည် ဆွမ်းကျွေးရမည်ကို တွေးတော ကြောက်ရွံ့သဖြင့် စကားမပြော တုဏှီဘောသာ ထိုင်နေကြခြင်းဖြစ်သည်။ မသိဆိုးဝါး မိုက်ကန်းသူများကား မသိသောကြောင့်ပင် မြေကြီးပေါ်၌ ချထားအပ်သော မြေစိုင်ခဲကြီးများပမာ ထိုင်မိ ထိုင်ရာ နေရာ၌သာ စကားမပြော တုဏှီဘောသာ ထိုင်နေကြခြင်းဖြစ်သည်။)

**ထိုပုဏ္ဏားတို့ ယုံမှားသံသယ ဖြစ်ရှိခြင်း**

ထိုသို့ ထိုင်နေကြပြီးသောအခါ ထိုတသိန်း နှစ်သောင်းသော မဂဓတိုင်းသား ပုဏ္ဏားသူဌေးတို့၏ စိတ်သန္တာန်၌ "ဘယ့်နှယ်လဲ ရဟန်းကြီးကပင် ဥရုဝေလကဿပဆရာကြီးထံ၌ တပည့်ခံကာ မြတ်သော အကျင့်ကို ကျင့်လေသလော၊ သို့မဟုတ် ဥရုဝေလကဿပဆရာကြီးကပင် ရဟန်းကြီး၏အထံ၌ တပည့်ခံကာ မြတ်သောအကျင့်ကို ကျင့်လေသလော"ဟု အကြံအစည် ဖြစ်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုပုဏ္ဏားသူဌေးပေါင်း တသိန်း နှစ်သောင်းတို့၏ စိတ်အကြံအစည်ကို ကိုယ်တော်မြတ်၏ စေတောပရိယ အဘိညာဏ်ဖြင့် သိမြင်တော်မူ၍ အရှင်ဥရုဝေလကဿပကို—

http://www.dhammadownload.com



ကိံ မေဝ ဒိသွာ ဥရုဝေလဝါသိ၊
ပဟာသိ အဂ္ဂိံ ကိသကောဝဒါနော။
ပုစ္ဆာမိ တံ ကဿပ ဧတမတ္ထံ၊
ကထံ ပဟီနံ တဝ အဂ္ဂိဟုတ္တံ။

ဥရုဝေလ တောအုပ်၌ နေလေ့ရှိသော အိုချစ်သား ကဿပ ···· သင်သည် (ရသေ့တို့၏ ခေါင်းပါးသော အကျင့်ဖြင့်)ကြုံလှီသော ကိုယ်ခန္ဓာရှိကြသည့် ရသေ့တို့ကို ဆုံးမတတ်သူ ဆရာကြီးဖြစ်ပါလျက် အဘယ်အပြစ်ကို မြင်၍ မီးပူဇော်မှုကို ပယ်ရှားစွန့်ပစ်သနည်း။ ချစ်သား ကဿပ····သင့်ကို ငါဘုရားသည် ထို အကြောင်းကို မေးမြန်း၏။ အဘယ်အကြောင်းကြောင့် သင်သည် မီးပူဇော်ခြင်းအကျင့်ကို စွန့်ပယ်အပ်သနည်း"—

ဟူ၍ ဂါထာဖြင့် မိန့်ကြားမေးမြန်းတော်မူလေ၏။ ထိုအခါ အရှင် ဥရုဝေလကဿပမထေရ်သည်—

ရူပေ စ သဒ္ဒေ စ အထော ရသေ စ၊
ကာမိတ္ထိယော စာဘိဝဒန္တိ ယညာ။
ဧတံ မလန္တိ ဥပဓီသု ဉတွာ၊
တသ္မာ န ယိဋ္ဌေ န ဟုတေ အရဉ္ဇိံ။

အုန်းတော်ကြီးသော မြတ်စွာဘုရား .... ယဇ်ပူဇော်ခြင်းဟူသောအကြောင်းကြောင့်(ကာမဂုဏ်ငါးပါး မိန်းမများတို့ ပြည့်စုံနိုင်ကုန်၏ဟူ၍) အဆင်း, အသံ, အနံ့, အရသာ, အတွေ့တည်းဟူသော ငါးဖြာအာရုံ ကာမဂုဏ်တို့ကိုဂင်း, ထိုကာမဂုဏ်ငါး လက်သည်းအားဖြင့် ခုဝ်စားတတ်သူ ကျားနှင့်တူသော မိန်းမများကိုဂင်း (ယဇ်ဆရာကြီးများ)ပြောကြားကြပါသည်။ ခန္ဓာငါးပါး ဥပဓိတရားတို့၌ ထိုအာရုံငါးပါး မိန်းမများကို အညစ်အကြေးများသာဖြစ်ကြောင်း ကောင်းစွာ သိမြင်သောကြောင့် တပည့်တော်သည် ယဇ်ကြီးပူဇော်မှု၌လည်း မမွေ့လျော် မနှစ်

http://www.dhammadownload.com



မြိုက် မပျော်ပိုက်တော့ပါ၊ နေ့စဉ်နေ့တိုင်း မီးပူဇော်မှု၌လည်း မမွေ့လျော် မနှစ်မြိုက် မပျော်ပိုက်တော့ပါဘုရား—

ဟူ၍ မြတ်စွာဘုရားကို ဂါထာဖြင့် ပြန်လည် ဖြေကြား လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားက—

ဧတ္ထေဝ တေ မနော န ရမိတ္ထ (ကဿပါတိ ဘဂဝါ)၊
ရူပေသု သဒ္ဒေသု အထော ရသေသု။
အထ ကော စရဟိ ဒေဝမနုဿလောကေ၊
ရတော မနော ကဿပ ဗြူဟိ မေတံ။

ချစ်သား ကဿပ····သင်ချစ်သား၏ စိတ်နှလုံးသည် အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ တည်းဟူသော ကာမဂုဏ် ငါးပါးနှင့် မိန်းမများ၌ မမွေ့လျော် မနှစ်မြိုက် မပျော်ပိုက်ငြားအံ့၊ ချစ်သားကဿပ.... ယင်းသို့ အာရုံငါးပါး မိန်းမများ၌ မမွေ့လျော် မနှစ်မြိုက် မပျော်ပိုက်ခဲ့သော် နတ်ပြည် လူ့ပြည်ဝယ် အဘယ်အာရုံ၌ သင်ချစ်သား၏ စိတ်နှလုံးသည် မွေ့လျော်နှစ်မြိုက် ပျော်ပိုက်သနည်း။ ဤအကြောင်းကို သင်ချစ်သားသည် ငါဘုရားအား ဖြေကြားပြောဆိုလော့—

ဟူ၍ ဥရုဝေလကဿပ အရှင်မြတ်ကို ဂါထာဖြင့် မေးမြန်းတော်မူသောအခါ အရှင်ဥရုဝေလကဿပမထေရ်သည်—

ဒိသွာ ပဒံ သန္တမနူပဓီကံ၊
အကိဉ္စနံ ကာမဘဝေ အသတ္တံ။
အနညထာဘာဝိမနညနေယျံ၊
တသ္မာ န ယိဋ္ဌေ န ဟုတေ အရဉ္ဇိံ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အကျွန်ုပ်သည် ရာဂအစရှိသော ကြောင့်ကြခြင်း အလျှင်းမရှိသည်ဖြစ်၍ ကာမတရား ဘဝတရားမှလည်း အချင်းခပ်သိမ်း မငြိမကပ် ကျွတ်လွတ်သော (ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း

http://www.dhammadownload.com



ကင်းသဖြင့်) ဖောက်ပြန်ခြင်း အလျှင်းမရှိသော (ကိုယ်တိုင် ပွါးအပ်သော မဂ်ဖြင့်သာ ရောက်အပ် ရအပ်သဖြင့်) တပါးသောသူသည် သိစေအပ်သည့် တရားမျိုးလည်း မဟုတ်သော ဥပမိလေးတန် ဆိတ်ရာမှန်သည့် သန္တိလက္ခဏာရှိသော နိဗ္ဗာန်တရားကို ပိုင်းခြား ထင်ထင် သိမြင်ရပြီဖြစ်သောကြောင့် တပည့်တော်သည် ယဇ်ကြီး ပူဇော်မှု၌လည်း မမွေ့လျော် မနှစ်ခြိုက် မပျော်ပိုက်တော့ပါ၊ နေ့စဉ်နေ့တိုင်း မီးပူဇော်မှု၌လည်း မမွေ့လျော် မနှစ်ခြိုက် မပျော်ပိုက်တော့ပါဘုရား—

ဟူ၍ ဂါထာဖြင့်ပင်ဖြေကြားလျှောက်ထားပြီးလျှင် အရှင်ဥရုဝေလကဿပမထေရ်သည် မိမိကိုယ်တိုင်က မြတ်စွာဘုရား၏ တပည့်ဖြစ်ကြောင်း ကောင်းစွာ ထင်ရှားစိမ့်သောငှါ နေရာမှထ၍ ကိုယ်ဝတ်စံပယ်တင်ပြီးလျှင် မြတ်စွာဘုရား၏ ခြေဖမိုးတော်၌ ဦးခေါင်းကို တင်ထား၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ဘုန်းတော်ဝသခင် ရှင်ပင်ဘုရားသည် အကျွန်ုပ်၏ ဆရာ ဖြစ်တော်မူပါ၏၊ အကျွန်ုပ်ကား အရှင်ဘုရား၏ တပည့်သာလျှင် ဖြစ်ပါ၏"ဟု လျှောက်ဆို၍ ပဌမအကြိမ် ထန်းတဆင့်ခန့် ကောင်းကင်သို့ ပျံတက်၍ သက်ဆင်းပြီးမှ မြတ်စွာဘုရားကို ရှိခိုးပြန်၏၊ ဒုတိယအကြိမ် ထန်းနှစ်ဆင့်ခန့် တတိယအကြိမ် ထန်းသုံးဆင့်ခန့် ဤသို့ စသည်ဖြင့် ထန်းခုနစ်ဆင့်ခန့် တိုင်အောင် ခုနစ်ကြိမ်ပင် ကောင်းကင်သို့ ပျံတက်၍ သက်ပြီးမှ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အပြစ်ခြောက်ပါး ကင်းလွတ်ရာအရပ်၌ ထိုင်နေတော်မူ၏။

ထို တန်ခိုးပြာဋိဟာကို တွေ့မြင်ကြရ၍ များစွာသော ပုဏ္ဏားသူဌေးအပေါင်းသည် "ဩ....မြတ်စွာဘုရားသည် တန်ခိုး အာနုဘော် ကြီးမားတော်မူပါပေ၏၊ သို့စဉ်ကလောက် အားရှိ နိုင်ခံ့သော မိစ္ဆာဒိဋ္ဌိ အယူရှိလျက် မိမိကိုယ်ကို ရဟန္တာဟု မှတ်ထင်နေသော ဥရုဝေလကဿပ ရသေ့ဆရာကြီးကိုပင်သော်လည်း ဒိဋ္ဌိကွန်ရက်ကို ချိုးဖျက်တော်မူကာ မြတ်စွာဘုရားသည် ယဉ်ကျေးအောင် ဆုံးမတော်မူအပ်ပေပြီ"ဟူ၍ မြတ်စွာဘုရား၏ ဂုဏ်

http://www.dhammadownload.com



ကျေးဇူးနှင့် စပ်သော စကားကိုသာလျှင် ချီးမွမ်း ပြောဆိုကြလေ၏။

ထိုသူတို့၏ ချီးမွမ်းပြောဆိုသော စကားကို ကြားတော်မူ၍ မြတ်စွာဘုရားသည် "ပုဏ္ဏားသူဌေးအပေါင်းတို့ ···· ယခုအခါ သဗ္ဗညုတရွှေဉာဏ်တော်သို့ ရောက်ရှိသည့် ငါဘုရားသည် ဤ ဥရုဝေလကဿပကို ယဉ်ကျေးအောင် ဆုံးမခြင်းမှာ မအံ့ဩလောက်သေးပါ၊ငါဘုရားသည် ရှေးအခါ ရာဂမကင်းသေးသော အလောင်းတော်ဘ၀ ဖြစ်စဉ်ကလည်း နာရဒမည်သော မြဟ္မာ မင်းဖြစ်၍ ဤဥရုဝေလကဿပအလောင်း (= အင်္ဂတိမင်းကြီး) ၏ မိစ္ဆာအယူ ကွန်ရက်ကို ချိုးဖျက်ခဲ့ရလေပြီ"ဟု မိန့်တော်မူ၍ ထို ပုဏ္ဏား သူဌေး ပရိသတ် တောင်းပန်အပ်သဖြင့် မဟာနာရဒ ကဿပဇာတ်ကို ဟောကြားတော်မူလေသည်။ (မဟာနာရဒ ကဿပဇာတ် အကျယ်ကို ဇာတ်ကြီးဆယ်ဖွဲ့ ဝတ္ထု၌ ဖတ်ရှုမှတ်သားရာ၏။)

မြတ်စွာဘုရားသည် အရှင်ဥရုဝေလကဿပ ဝန်ခံချက်အရဖြင့် ထိုပုဏ္ဏားသူဌေးပေါင်း တသိန်းနှစ်သောင်းတို့"ဥရုဝေလကဿပ ဆရာကြီးကသာ တပည့်ခံ၍ ရဟန်းကြီး ဂေါတမထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးပါတကား"ဟူ၍ ယုံမှားသံသယ ကင်းစင်သော စိတ်ဖြစ်ကြသည်ကို စေတောပရိယ အဘိညာဏ်ဖြင့် ပိုင်းခြားသိမြင်တော်မူ၍ မိမ္ဗိသာရမင်းကြီး အမှူးပြုသော ထို ပုဏ္ဏား သူဌေးပေါင်း တသိန်းနှစ်သောင်းတို့အား ရှေး၌ ဆိုအပ်ပြီးသော နည်းအတိုင်း မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမြတ်သော တရားလမ်းစဉ်ဖြစ်သည့် (၁) ဒါနကထာ၊ (၂) သီလကထာ၊ (၃) သဂ္ဂကထာ၊ (၄) မဂ္ဂကထာ = ကာမာနံအာဒီနဝ+နေက္ခမ္မေအာနိသံသကထာ ဒေသနာ အစဉ်အတိုင်း ဟောကြားတော်မူ၍ မိမ္ဗိသာရမင်းကြီးနှင့်တကွ ထိုပုဏ္ဏားသူဌေးပေါင်း တသိန်း နှစ်သောင်းတို့ ခံ့သောစိတ်ရှိကြ နူးညံ့သောစိတ်ရှိကြ ပိတ်ပင်ခြင်းနီဝရဏကင်းသောစိတ်ရှိကြ တက်ကြွဝမ်းမြောက်သောစိတ်ရှိကြ ကြည်လင်သော စိတ်ရှိကြသည်ကို သိတော်မူသောအခါ မြတ်စွာ

http://www.dhammadownload.com



ဘုရားသည် ဗိမ္ဗိသာရမင်းကြီးနှင့်တကွ ထိုပုဏ္ဏား သူဌေးတို့အား သစ္စာလေးဝ သာမုက္ကံသိက ဓမ္မဒေသနာကို ဟောကြားတော်မူလေလျှင် ဗိမ္ဗိသာရမင်းကြီး အမှူးပြုသော ပုဏ္ဏားသူဌေးပေါင်း တသိန်းတသောင်းတို့သည် ထိုနေရာ၌ပင် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏၊ ကျန်သော ပုဏ္ဏား သူဌေးပေါင်း တသောင်းတို့ကား သရဏဂုံတည် ဥပါသကာများ ဖြစ်ကြလေကုန်၏။

### ဗိမ္ဗိသာရမင်းကြီး၏ တောင့်တချက်ငါးပါး

ထိုအခါ သောတာပန် ဖြစ်ပြီးသော မဂဓတိုင်းရှင် ဘုရင် ဗိမ္ဗိသာရမင်းကြီးသည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· အကျွန်ုပ်အား ရှေးမင်းသားဖြစ်စဉ်ကပင် ငါးပါးသော တောင့်တချက်တို့သည် ဖြစ်ခဲ့ဘူးပါကုန်၏၊ ထိုတောင့်တချက် ငါးပါးတို့သည် အကျွန်ုပ်အား ယခုအခါ၌ ပြည့်စုံကြကုန်ပြီ။

(၁) ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· အကျွန်ုပ်အား ရှေးမင်းသား ဖြစ်စဉ်က "ငါ့ကို မဂဓတိုင်းသူ လူအပေါင်းတို့က ရာဇအဘိသိက် သွန်းဖျန်းကြပါမူ ကောင်းလေစွ"ဟု တောင့်တချက် ဖြစ်ခဲ့ပါသည်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား····ဤသည်ကား အကျွန်ုပ်၏ ပဌမ တောင့်တချက် ဖြစ်ပါ၏။ အကျွန်ုပ်၏ ထို ပဌမ တောင့်တချက်သည် ပြည့်စုံခဲ့ပါပြီ။

(၂) ဘုန်းတော်ကြီးသော မြတ်စွာဘုရား····အကျွန်ုပ်အား ရှေးမင်းသားဖြစ်စဉ်က "ငါမင်းဖြစ်သောအခါ ငါ၏ နိုင်ငံတော်သို့ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် ကြွချီဆိုက်ရောက်လာပါမူ ကောင်းလေစွ"ဟု တောင့်တချက် ဖြစ်ခဲ့ပါသည်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား····ဤသည်ကား အကျွန်ုပ်၏ ဒုတိယ တောင့်တချက် ဖြစ်ပါ၏။ အကျွန်ုပ်၏ ထို ဒုတိယ တောင့်တချက်သည်လည်း ယခုအခါ၌ ပြည့်စုံခဲ့ပါပြီ။

(၃) ဘုန်းတော်ကြီးသော မြတ်စွာဘုရား····အကျွန်ုပ်အား ရှေးမင်းသားဖြစ်စဉ်က "ငါသည် ငါ၏နိုင်ငံတော်သို့ ကြွရောက်

http://www.dhammadownload.com



တော်မူလာသော ထိုမြတ်စွာဘုရားကို ရှိသေလေးမြတ် ဆည်းကပ်ရပါမူ ကောင်းလေစွ"ဟု တောင့်တချက် ဖြစ်ခဲ့ပါသည်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား .... ဤသည်ကား အကျွန်ုပ်၏ တတိယ တောင့်တချက် ဖြစ်ပါ၏။ အကျွန်ုပ်၏ ထို တတိယ တောင့်တချက်သည်လည်း ယခုအခါ၌ ပြည့်စုံခဲ့ပါပြီ။

(၄) ဘုန်းတော်ကြီးသော မြတ်စွာဘုရား .... အကျွန်ုပ်အား ရှေး မင်းသားဖြစ်စဉ်က "ငါ၏ နိုင်ငံတော်သို့ ကြွရောက်တော်မူလာသော ထိုမြတ်စွာဘုရားသည် ငါ့အား နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောတရားကို ဟောကြားတော်မူပါမူ ကောင်းလေစွ"ဟု တောင့်တချက် ဖြစ်ခဲ့ပါသည်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား .... ဤသည်ကား အကျွန်ုပ်၏ စတုတ္ထ တောင့်တချက် ဖြစ်ပါ၏။ အကျွန်ုပ်၏ ထို စတုတ္ထတောင့်တချက်သည်လည်း ယခုအခါ၌ ပြည့်စုံခဲ့ပါပြီ။

(၅) ဘုန်းတော်ကြီးသော မြတ်စွာဘုရား .... အကျွန်ုပ်အား ရှေး မင်းသားဖြစ်စဉ်က "ငါသည် ထိုမြတ်စွာဘုရား ဟောကြားအပ်သောတရားကို ပိုင်းခြားထင်ထင် သိမြင်ရပါမူ ကောင်းလေစွ"ဟု တောင့်တချက် ဖြစ်ခဲ့ပါသည်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား .... ဤသည်ကား အကျွန်ုပ်၏ ပဉ္စမတောင့်တချက် ဖြစ်ပါ၏။ အကျွန်ုပ်၏ ထိုပဉ္စမတောင့်တချက်သည်လည်း ယခုအခါ၌ ပြည့်စုံခဲ့ပါပြီ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား .... အကျွန်ုပ်အား ရှေး မင်းသားဖြစ်စဉ်က ဤ ငါးပါးသော တောင့်တချက်တို့သည် ဖြစ်ခဲ့ဘူးပါကုန်၏၊ ထို တောင့်တချက် ငါးပါးလုံးပင် အကျွန်ုပ်အား ယခုအခါ၌ ပြည့်စုံကြပါကုန်ပြီ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား .... အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား .... အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား....

http://www.dhammadownload.com



လောကဥပမာအားဖြင့် မှောက်၍ထားအပ်သော ဝတ္ထုကို လှန်လိုက်ဘိသကဲ့သို့ရင်း, ဖုံးအုပ်ထားသော အရာဝတ္ထုကို ဖွင့်လှစ်လိုက်ဘိသကဲ့သို့ရင်း, မျက်စိလည်လမ်းမှားသောသူအား လမ်းမှန်ကို ပြောကြားလိုက်ဘိသကဲ့သို့ရင်း, "မျက်စိအမြင်ရှိသော သူတို့သည် အဆင်းအမျိုးမျိုးတို့ကို မြင်ကြပေလိမ့်မည်" ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိထားဘိသကဲ့သို့ရင်း ထို့အတူပင် မြတ်စွာဘုရားသည် အကျွန်ုပ်အား များစွာသော အကြောင်းဖြင့် တရားတော်ကို ထင်ရှားစွာ ဟောပြတော်မူအပ်ပါပြီ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား .... ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကိုရင်း, တရားတော်ကိုရင်း, ရဟန်းသံဃာတော်ကိုရင်း ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍ သိမှတ် ဆည်းကပ်ပါ၏။ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့ကစ၍ အသက်ရှည်သမျှ ကာလပတ်လုံး သရဏဂုံတည်သူ ဥပါသကာဟူ၍ မှတ်ယူတော်မူပါလော့။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ရှင်တော်ဘုရားသည် နက်ဖြန် ကောင်းမှုကုသိုလ် အလို့ငှါ ရဟန်းသံဃာတော်အပေါင်းနှင့်တကွ ဘုပည့်တော်၏ ဆွမ်းကို သည်းခံသာယာတော်မူပါဘုရား ဟု လျှောက်ထားပင့်ဖိတ်လေရာ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် ဗိမ္ဗိသာရမင်းကြီး၏ ဆွမ်းစားပင့်လျှောက်ချက်ကို လက်ခံသာယာတော်မူ၏။

ထိုအခါ မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရမင်းတရားသည် မြတ်စွာဘုရား လက်ခံတော်မူကြောင်းကို မကောင်းစွာသိ၍ ထိုင်ရာမှထ၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် လက်ျာရစ်လှည့်ပြီး၍ ရွှေနန်းတော်သို့ ပြန်လေ၏။

(ဤ၌၊ ၊ဗိမ္ဗိသာရမင်းတရားသည် သောတာပန်တည်ပြီးမှ သရဏဂုံ ခံယူခြင်းဖြစ်သည်။ ထိုဗိမ္ဗိသာရမင်းတရားအား သောတာပတ္တိမဂ်ကို ရလျှင်ပင် သရဏဂုံကိစ္စ ပြီးစီးပြီးဖြစ်သော်လည်း ထိုမဂ်ခဏ၌ "မြတ်စွာဘုရားသည် တရားတော်သည် သံဃာတော်သည် ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခိုရာ ကေန်စင်စစ်မှန်၏" ဟူ၍ စိတ်ထဲ

http://www.dhammadownload.com



ကသာ ဆုံးဖြတ်ချက်ချရဲ့ အခြေအနေသို့ ရောက်ခဲ့လေသည်၊ ယခုအခါ နှုတ်မြွက်၍ အတ္တသန္နိယျာတနသရဏဂုံကို ဆောက်တည်ခြင်းဖြစ်သည်။ ဤဗိမ္ဗိသာရမင်းတရားသည် သောတာပတ္တိမဂ်သို့ ရောက်သဖြင့်ပင် နိယတသရဏဂုံ(=မပျက်စီးနိုင်သော လောကုတ္တရာသရဏဂုံ) တည်ပြီးသူဖြစ်၏၊ ထိုနိယတသရဏဂုံ တည်ပြီးသူဖြစ်ကြောင်းကို သူတပါးတို့အား နှုတ်ဖြင့် ထင်စွာဖွင့်ဟ ဖော်ပြလို၍ရင်း, ပဏိပါတသရဏဂုံ ခံယူလိုသည်ဖြစ်၍ရင်း ဤသို့ နှုတ်မြွက်၍ လျှောက်ထားခြင်းဖြစ်သည်။)

### မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းစားကြွတော်မူခြင်း

ထိုအခါ မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရမင်းတရားသည် ထိုညဉ့်လွန်မြောက် နောက်တနေ့ နံနက်မိုးသောက် ရောက်လတ်သောအခါ မိမိနန်းတော်၌ မွန်မြတ်သော ခဲဖွယ်ဆွမ်း ဘောဇဉ်ဆွမ်းများကို ကောင်းစွာချက်ပြုတ်ပြင်ဆင် စီရင်စေပြီးလျှင်"ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· ဆွမ်းစားချိန်တန်ပါပြီ၊ ဆွမ်းပြင်၍လည်း ပြီးပါပြီ"ဟု မြတ်စွာဘုရားအား ဆွမ်းဘုဉ်းပေးကြွတော်မူရန် ပင့်လျှောက်စေလေ၏။

### ပရိသတ် ထူထပ်လှသဖြင့် သိကြားမင်း ဆင်းလာခြင်း

ရာဇဂြိုဟ်ပြည်အတွင်းသို့ မြတ်စွာဘုရား ဆွမ်းစားကြွတော်မူခါနီးအချိန်၌ မြတ်စွာဘုရားကို ဖူးမြင်ဘူးသူ မဖူးမြင်ဘူးသူဖြစ်ကြသည့် တဆယ့်ရှစ်ကုဋေမျှသော ရာဇဂြိုဟ်ပြည်သား လူအများတို့သည် မြတ်စွာဘုရားကို ဖူးမြင်လိုကြသဖြင့် စောစောစီးစီးပင် ရာဇဂြိုဟ်ပြည်မှထွက်၍ ထန်းပင်ပျိုနု့ တောဥယျာဉ်သို့ အစုလိုက် အစုလိုက် အစီအရီသွားကြလေ၏။သုံးဂါဝုတ်မျှရှိသော လမ်းခရီးသည် မဆံ့နိုင်လောက်အောင် လူတို့ဖြင့် တင်းကျမ်းပြည့်လျှမ်းလျက်ရှိ၏၊ ထန်းပင်ပျိုနု တောဥယျာဉ်တခုလုံး အကြားမလပ် လူတို့ဖြင့် ပြည့်ကျပ်လျက်ရှိ၏၊ လူများအပေါင်းသည် မြတ်စွာဘုရား၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး, ရှစ်ဆယ်သောလက္ခဏာတော်ငယ် ရောင်ခြည်တော်ခြောက်သွယ်

http://www.dhammadownload.com



တို့ဖြင့် တင့်တယ်ခြင်း အသရေအစုသို့ ရောက်သော ရူပကာယ ကိုယ်တော်ကို ဖူးမြော်ကြရာဝယ် အားရတင်းတိမ် ရောင့်ရဲသည် ဟူ၍ မရှိနိုင်အောင် ဖြစ်လေသည်။

ဥယျာဉ်တခုလုံး လမ်းတလျှောက်လုံး ဘုရားဖူးသူ လူအပေါင်း ဖြင့် ပြည့်ကျပ်လျက်ရှိသောကြောင့် ရဟန်းတော်တပါး ထွက်နိုင် လောက်ရုံ အရပ်ပင် မရှိသလောက် ဖြစ်နေ၏၊ ဤအတိုင်းသော ဆိုလျှင် ထိုနေ့အဖို့ မြတ်စွာဘုရားမှာ ဆွမ်းပင် ပြတ်လေရာ၏။ ထိုသို့ မြတ်စွာဘုရားအား ဆွမ်းပြတ်မှု မဖြစ်ပါစေလင့် ဟု ပြောဆိုသည့်အလား သိကြားမင်း၏ ထိုင်နေရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာသည် ပူနွေးသော အခြင်း အရာကို ပြလေ၏၊ သိကြားမင်းသည် အကြောင်းအရာကို ဆင်ခြင်လတ်သော် ထို အကြောင်းကို ကောင်းစွာသိမြင်လတ်၍ လုလင်ပျိုအသွင် ဖန် ဆင်းပြီးလျှင် ဘုရား တရား သံဃာ ရတနာသုံးပါးနှင့်စပ်သော ချီးမွမ်းစကားများကို မြွက်ကြားကျူးရင့်လျက် မြတ်စွာဘုရား၏ ရှေ့တော်မှောက်သို့ ဘွားကနဲ ပေါ်ပေါက် သက်ရောက်၍ နတ် တန်ခိုး အာနုဘော်ဖြင့် ဘုရား အမှူးပြုသော သံဃာတော်တို့ ကြွချီလောက်သော အရပ်ကို ပြုလုပ်ဖန်ဆင်း၍ နိဗ္ဗာန်ဆော် လုလင်ပျိုပမာ—

ဒန္တော ဒန္တေဟိ သဟ ပုရာဏဇဋိလေဟိ၊
ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
သိင်္ဂီနိက္ခသဝဏ္ဏော၊
ရာဇဂဟံ ပါဝိသိ ဘဂဝါ။

(ဘောဒန္တော = တိုင်းသား ပြည်သူ အိုလူအပေါင်း တို့....)။သိင်္ဂီနိက္ခသဝဏ္ဏော = ယုတ္တိကတ စသည်အပြား ရွှေရှစ်ပါးတွင် ခေါင်ဖျားအဋ္ဌမ မြတ်ထွတ်လှသား တနိက္ခ အချိန်မှိသည့် သိင်္ဂီ ရွှေပြားပမာ ဝါရွှေမှည့်ဝင်းသည့် အဆင်းရှိတော်မူထသော။ ဘဂဝါ = ရွှေဘုန်းတော် သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဒန္တော = ကိုယ်

http://www.dhammadownload.com



တော်တိုင်ပင် ယဉ်ကျေးတော်မူပြီးဖြစ်၍။ ဒန္တေဟိ = ကိုယ်တော်တိုက်ကျွေး အမြိုက်ဆေးဖြင့် ယဉ်ကျေးကြကုန်ပြီးသော။ဝိပ္ပမုတ္တော = ရွှေဆောင်ပုဂ်ဝ ကိုယ်တိုင်ကပင် ဘဝသုံးထပ် ဝဋ်သုံးရပ်မှ ကျွတ်လွတ်တော်မူပြီးဖြစ်၍။ ဝိပ္ပမုတ္တေဟိ = ကိုယ်တော်ညွှန်ပြ ဓမ္မောဇဖြင့် ဘဝသုံးထပ် ဝဋ်သုံးရပ်မှ ကျွတ်လွတ်တော်မူကြကုန်ပြီးသော။ ပုရာဏဇဋိလေဟိ = ရသေ့ဖြစ်ဟောင်း ရဟန္တာပေါင်း တထောင်တို့နှင့်။ သဟ = အတူတကွ။ ရာဇဂဟံ = ရာဇဂြိုဟ်မည်လျှင်း ပြည်အတွင်းသို့။ ပါဝိသိ = မဂဝ တိုင်းရှင် ဘုရင်ဉက္ကဋ္ဌ တောင်းပန်လတ်၍ စက်မြတ်နှစ်ပြင် နေလသွင်သို့ ကြွဝင်ချီမြန်းတော်မူခဲ့လေပြီ။

> မုတ္တော မုတ္တေဟိ သဟ ပုရာဏဇဋိလေဟိ၊
> ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
> သိင်္ဂီနိက္ခသဝဏ္ဏော၊
> ရာဇဂဟံ ပါဝိသိ ဘဂဝါ။

(ဘောဒန္တော = တိုင်းသားပြည်သူ အိုလူအပေါင်းတို့....)။ သိင်္ဂီနိက္ခသဝဏ္ဏော = ယုတ္တိကတ စသည်အပြား ရွှေရှစ်ပါးတွင် ခေါင်ဖျားအဋ္ဌမ မြတ်ထွတ်လှသား တနိက္ခ အချိန်မှီသည့် သိင်္ဂီ ရွှေပြားပမာ ဝါရွှေ မှည့်ဝင်းသည့် အဆင်း ရှိတော်မူထသော။ ဘဂဝါ = ရွှေဘုန်းတော် သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ မုတ္တော = ကိုယ်တော်တိုင်သာ ထောင့်ငါးရာသော ကိလေသာဝဋ် မာရ်မင်းညွှတ်မှ ကျွတ်လွတ်တော် မူပြီးဖြစ်၍။ မုတ္တေဟိ = ကိုယ်တော်ညွှန်းချွေ ဓမ္မပဒေဖြင့် ကိလေသာဝဋ် မာရ်မင်းညွှတ်မှ ကျွတ်လွတ်တော်မူကြကုန်ပြီးသော။ ဝိပ္ပမုတ္တော = ရွှေဆောင်ပုဂ်ဝ ကိုယ်တိုင်ကပင် ဘဝသုံးထပ် ဝဋ်သုံးရပ်မှ ကျွတ်လွတ်တော်မူပြီးဖြစ်၍။ ဝိပ္ပမုတ္တေဟိ = ကိုယ်တော်ညွှန်ပြ ဓမ္မောဇဖြင့် ဘဝသုံးထပ် ဝဋ်သုံးရပ်မှ ကျွတ်လွတ်တော်မူကြကုန်ပြီးသော။ ပုရာဏဇဋိလေဟိ =

http://www.dhammadownload.com



ရသေ့ဖြစ်ဖောင်း ရဟန္တာပေါင်း တထောင်တို့နှင့်။ သဟ = အတူတကွ။ ရာဇဂဟံ = ရာဇဂြိုဟ်မည်လျှင်း ပြည်အတွင်းသို့။ ပါဝိသိ = မဂဓတိုင်းရှင် ဘုရင်ဥက္ကဌ် တောင်းပန်လတ်၍ စက်မြတ်နှစ်ပြင် နေလသွင်သို့ ကြွဝင်ချီမြန်းတော်မူခဲ့လေပြီ။

> တိဏ္ဏော တိဏ္ဏေဟိ သဟ ပုရာဏဇဋိလေဟိ၊
> ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
> သိင်္ဂီနိက္ခသဝဏ္ဏော၊
> ရာဇဂဟံ ပါဝိသိ ဘဂဝါ။

(ဘောဒ္ဓော = တိုင်းသားပြည်သူ အို လူအပေါင်းတို့....)။ သိင်္ဂီနိက္ခသဝဏ္ဏော = ယုတ္တိကတ စသည် အပြားရွှေရှစ်ပါးတွင် ခေါင်ဖျားအဋ္ဌမ မြတ်ထွတ်လှသား တနိက္ခအချိန်မှီသည့် သိင်္ဂီရွှေပြားပမာ ဝါရွှေမှည့်ဝင်းသည့် အဆင်းရှိတော်မူထသော။ ဘဂဝါ = ရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ တိဏ္ဏော = ဩဃလေးခဏ်း ရေပြင်ကြမ်းကို ကူးသန်းလွန်မြောက် ကိုယ်တော်တိုင် တဖက်ကမ်းသို့ ရောက်တော်မူပြီးဖြစ်၍။ တိဏ္ဏေဟိ = ကိုယ်တော်သခင် ပေးအပ်နှင်သား အဋ္ဌင်္ဂိက စက်ယာဉ်လှဖြင့် ဩဃလေးခဏ်း ရေပြင်ကြမ်းကို တူးသန်းလွန်မြောက် တဖက်ကမ်းသို့ ရောက်တော်မူကြ၊ကုန်ပြီးသော။ ဝိပ္ပမုတ္တော = ရွှေဆောင်ပုဂ်ဝ ကိုယ်တိုင်ကပင် ဘဝသုံးထပ် ဝဋ်သုံးရပ်မှ ကျွတ်လွတ်တော်မူပြီးဖြစ်၍။ ဝိပ္ပမုတ္တေဟိ = ကိုယ်တော်ညွှန်ပြ ဓမ္မောဇဖြင့် ဘဝသုံးထပ် ဝဋ်သုံးရပ်မှ ကျွတ်လွတ်တော်မူကြကုန်ပြီးသော။ ပုရာဏဇဋိလေဟိ = ရသေ့ဖြစ်ဟောင်း ရဟန္တာပေါင်း တထောင်တို့နှင့်။ သဟ = အတူတကွ။ ရာဇဂဟံ = ရာဇဂြိုဟ်မည်လျှင်း ပြည်အတွင်းသို့။ ပါဝိသိ = မဂဓတိုင်းရှင် ဘုရင်ဥက္ကဌ် တောင်းပန်လတ်၍ စက်မြတ်နှစ်ပြင် နေလသွင်သို့ ကြွဝင်ချီမြန်းတော်မူခဲ့လေပြီ။

http://www.dhammadownload.com



သန္တော သန္တေဟိ သဟ ပုရာဏဇဋိလေဟိ၊
ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
သိင်္ဂီနိက္ခသဝဏ္ဏော၊
ရာဇဂဟံ ပါဝိသိ ဘဂဝါ။

(ဘောဝန္တော = တိုင်းသားပြည်သူ အိုလူအပေါင်းတို့....)။ သိင်္ဂီနိက္ခသဝဏ္ဏော = ယုတ္တိကတ စသည်အပြား ရွှေရှစ်ပါးတွင် ခေါင်ဖျားအဋ္ဌမ မြတ်ထွတ်လှသားတနိက္ခအချိန်ရှိသည့် သိင်္ဂီရွှေပြားပမာ ဝါရွှေမှည့်ဝင်းသည့်အဆင်းရှိတော်မူထသော။ ဘဂဝါ = ရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ သန္တော = ကိလေသာဟူအပူခပ်သိမ်း ကိုယ်တော်တိုင် အေးငြိမ်းတော်မူပြီးဖြစ်၍။ သန္တေဟိ = ကိုယ်တော်မျှဝေ အမြိုက်ရေဖြင့် ကိလေသာဟူအပူခပ်သိမ်း အေးငြိမ်းတော်မူကြကုန်ပြီးသော။ ဝိပ္ပမုတ္တော = ရွှေဆောင်ပုဂ်ဝ ကိုယ်တိုင်ကပင် ဘဝသုံးထပ် ဝဋ်သုံးရပ်မှ ကျွတ်လွတ်တော်မူပြီးဖြစ်၍။ ဝိပ္ပမုတ္တေဟိ = ကိုယ်တော်ညွှန်ပြ ဓမ္မောဇဖြင့် ဘဝသုံးထပ် ဝဋ်သုံးရပ်မှ ကျွတ်လွတ်တော်မူကြကုန်ပြီးသော။ ပုရာဏဇဋိလေဟိ = ရသေ့ဖြစ်ဟောင်း ရဟန္တာပေါင်း တထောင်တို့နှင့်။ သဟ = အတူတကွ။ ရာဇဂဟံ = ရာဇဂြိုဟ်မည်လျှင်းပြည်အတွင်းသို့။ ပါဝိသိ = မဂဓတိုင်းရှင် ဘုရင်ဥက္ကာန်တောင်းပန်လတ်၍ စက်မြတ်နှစ်ပြင် နေလသွင်သို့ ကြွဝင်ချီမြန်းတော်မူခဲ့လေပြီ။

ဒသဝါသော ဒသဗလော၊
ဒသဓမ္မဝိဒူ ဒသဘိ စုပေတော။
သော ဒသသတပရိဝါရော၊
ရာဇဂဟံ ပါဝိသိ ဘဂဝါ။

(ဘောဝန္တော = တိုင်းသားပြည်သူ အိုလူအပေါင်းတို့....)။ ဒသဝါသော = အရိယဝါသ ဓမ္မအပြား ဆယ်

http://www.dhammadownload.com



ပါးတို့နှင့် ပြည့်စုံတော်မူထသော။ ဒသဗလော = ကာယဗလ ဆယ်ပါး, ဉာဏဗလဆယ်ပါးတို့နှင့်လည်း ပြည့်စုံတော်မူထသော။ ဒသဓမ္မဝိဒူ = ကမ္မပထတရား ဆယ်ပါးတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူထသော။ဒသဘိ = အသေက္ခအင်္ဂါတရား ဆယ်ပါးတို့နှင့်။ ဥပေတော = လောကင်္ကုံလုံ ပြည့်စုံတော်မူထတော။ သော ဘဂဝါ = ထိုရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဒသသတပရိဝါရော = ရသေ့ဖြစ်ဟောင်း ရဟန္တာပေါင်း တထောင် အခြံအရံရှိသည်ဖြစ်၍။ ရာဇဂဟံ = ရာဇဂြိုဟ် မည်လျှင်းပြည်အတွင်းသို့။ပါဝိသိ = မဂဓတိုင်းရှင် ဘုရင်ဥက္ကဋ္ဌ တောင်းပန်လတ်၍ စက်မြတ်နှစ်ပြင် နေလသွင်သို့ ကြွဝင်ချီမြန်းတော်မူခဲ့လေပြီ။ —

ဤဘုန်းတော်ဘွဲ့ဂါထာတို့ကို သာယာနာပျော်ဖွယ် သီဆိုကျူးရင်းလျက် ဘုရားအမှူးရှိသော ရဟန်းအပေါင်း၏ ရှေ့တူရူမှ လူအပေါင်းကို နှိုးဆော်ကာ သွားလေ၏။

ထိုအခါ ရာဇဂြိုဟ်ပြည်သူပြည်သား လူအများတို့သည် လုလင်ပျို့အသွင် ဖန်ဆင်းသည့် နတ်တို့သနင်း သိကြားမင်းကို မြင်ကြလေလျှင်—

"အချင်းတို့····ဤလုလင်ပျိုသည် အလွန်ပင် အဆင်းလှပါပေစွတကား၊

ဤလုလင်ပျိုသည် ကြည့်ရှုချင်ဖွယ် ရှိပါပေစွတကား၊

ဤ လုလင်ပျိုသည် ကြည်ညိုဖွယ် ရှိပါပေစွတကား၊

ဤ လုလင်ပျိုသည် အဘယ်သူ၏ အလုပ်အကျွေးများဖြစ်ပါလိမ့်မည်နည်း—

ဟူ၍ အချင်းချင်း ပြောကြားကြကုန်သည်ရှိသော် နတ်တို့သနင်း သိကြားမင်းသည်—

http://www.dhammadownload.com



ယော မိရော သမ္ဗမိ ဒန္တော၊
သုဒ္ဓေါ အပ္ပဋိပုဂ္ဂလော။
အရဟံ သုဂတော လောကေ၊
တဿာဟံ ပရိစာရကော။

(ဘောဒန္တော = တိုင်းသားပြည်သူ အို လူအပေါင်း တို့....)။ လောကေ = လောကဝ္မ်ာ။ ယော = အကြင် မြတ်စွာဘုရားသည်။ မိရော = သမ္ဗညုတ ဉာဏသခင် ပညာရှင်ကြီးတဆူ ဖြစ်တော်မူပေ၏။ သမ္ဗမိ = ရှုစ္ဆေ ခြောက်ပါး ဘုံခါးကြီး ခြောက်ပေါက်လုံးတို့၌။ ဒန္တော = အကုသိုလ်ညစ် အပြစ်ကင်းဝေး ယဉ်ကျေးတော်မူပြီးလည်း ဖြစ်ပါပေ၏။ သုဒ္ဓေါ = တထောင့်ငါးရာ ကိလေသာဟူ မြူမငြိတွယ် စင်ကြယ်တော်မူပြီးလည်း ဖြစ်ပေ၏။ အပ္ပဋိ- ပုဂ္ဂလော = လောကဓာတ် ဘုံသုံးဆိုင်ဝယ် နှုန်းပြိုင်အစ်သူ တယောက်လူမျှ မပြူမရှိပေ။ အရဟံ = လူနတ်မြဟ္မာ သတ္တဝါတို့၏ ပူဇာဝိသေ အထူးကိုလည်း ခံယူတော်မူ ထိုက်ပေ၏။ သုဂတော = လူလျှင်နာလို မနာလိုလည်း မင်္ဂဖိုလ်တိုင်ထိ အကျိုးရှိသည့် အဝိပရိတံ မှန်သောစကား ဤနှစ်ပါးကို ဟောကြား ပြောဆိုတော်မူပေ၏။ အဟံ = လုလင်ပျိုဟန် သဏ္ဍာန်သွင်ရုပ် အကျွန်ုပ်သည်။ တဿ = ထိုအံ့ဖွယ်အထူး ဂုဏ်ကျေးဇူးတို့နှင့် ချီးကျူးလောက်လုံ ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ ပရိစာရကော = အလုပ်အကျွေး ဒါယကာကလေးပါပေတည်း။—

ဟူ၍ ထိုလူအပေါင်းတို့ကို ဂါထာစကားဖြင့် ပြန်ကြားပြောဆို လေ၏။

### မိမ္ဗိသာရမင်းကြီး ဝေဠုဝန်ဥယျာဉ်ကို လှူဒါန်းခြင်း

မြတ်စွာဘုရားသည် နတ်တို့သနင်း သိကြားမင်း သွားခွင့် ရရန် စီမံအစ်သောခရီးသို့ ကြွတော်မူ၍ ရဟန်းတထောင်ခြံရံ

http://www.dhammadownload.com



ယျက် ရာဇဗြိုဟ်ပြည်သို့ ဝင်တော်မူလေ၏။ ဗိမ္ဗိသာရမင်းတရားသည် ဘုရားအမှူးရှိသော သံဃာကို ရှေ့နန်းတော်သို့ ပင့်၍ မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် ကိုယ်ကျ သာဟတ္ထိက သက္ကစ္စမြောက် လက်ရောက်ကြည်ဖြူ ကပ်လှူကျွေးမွေးပြီးလျှင် အပြစ်ခြောက်ပါး ကင်းလွတ်ရာအရပ်၌ ထိုင်နေလေ၏။ ထိုသို့ ထိုင်နေပြီးသောအခါ ဗိမ္ဗိသာရမင်းတရားအား—

(၁) မြို့ရွာနှင့် မဝေးလွန်းခြင်း၊

(၂) မြို့ရွာနှင့် မနီးကပ်လွန်းခြင်း၊

(၃) သွားလမ်းလာလမ်းနှင့် ပြည့်စုံခြင်း၊

(၄) လူတိုင်း လူတိုင်း အလိုရှိသောအခါ သွားလာဖို့ရန် လွယ်ကူခြင်း၊

(၅) အာရုံငါးတန် မြို့သံ ရွာသံ လူသံတို့မှဆိတ်ငြိမ်ခြင်း၊ ဖော်ပြရာပါ အင်္ဂါငါးပါးနှင့် ပြည့်စုံသည့် အဘယ်အရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံးစံနေတော်မူပါမည်နည်း—

ဟု အကြံအစည်ဖြစ်လတ်၍ မိမိပိုင်သော ဝေဠုဝန်ဥယျာဉ်သည် ဖော်ပြရာပါ အင်္ဂါငါးပါးနှင့်ပြည့်စုံသဖြင့် ထိုဝေဠုဝန် ဥယျာဉ်ကို ဘုရားအမှူးရှိသော ရဟန်းသံဃာ အပေါင်းအား လှူဒါန်းရမူ ကောင်းလေစွ၊ဟု ဆင်ခြင်စဉ်းစားပြီးလျှင် မြတ်စွာဘုရားကို—

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား .... အကျွန်ုပ်သည် ရတနာသုံးပါးနှင့် ကင်းကွာ၍ မနေနိုင်ပါ၊ အခါ ဟုတ်ဟုတ် မဟုတ်ဟုတ် ဘုရားထံမှောက်သို့ လာရောက်လိုပါ၏၊ ယခု ရှင်တော်ဘုရား သီတင်း သုံးတော်မူရာ ထန်းပင် ဖျိုနု တောဥယျာဉ်သည်ကား မြို့နှင့် အလွန်ဝေးကွာလှပါသည်။ ဤတပည့်တော်တို့၏ ဝေဠုဝန် ဥယျာဉ်မှာမူ မြို့နှင့်ဝေးလည်းမဝေးလွန်း နီးလည်းမနီးလွန်းလှပါ၊

http://www.dhammadownload.com



သွားလမ်းလာလမ်းနှင့်လည်း ပြည့်စုံပါ၏၊ မြတ်စွာဘုရား တို့နှင့် ထိုက်တန်သော နေရာလည်း ဖြစ်ပါ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဤဝေဠုဝန် ဥယျာဉ်ကို အလှူခံတော်မူစေချင်ပါသည်"—

ဟု လျှောက်ထားကာ ရွှေကရားဖြင့် ပန်းရနံ့ထုံအပ်သော ရေကြည်ကို ထည့်ပြီးလျှင် ဝေဠုဝန် ဥယျာဉ်တော်ကို စွန့်လှူလိုရကား—

"ဧတာဟံ ဘန္တေ ဝေဠုဝနံ ဥယျာနံ ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ ဒမ္မိ = ဘုန်းတော်ကြီးသော မြတ်စွာဘုရား....အကျွန်ုပ်သည် ဤဝေဠုဝန် ဥယျာဉ်ကို မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းပါ၏"—

ဟု နှုတ်မြွက် လှူဒါန်းပြီးလျှင် မြတ်စွာဘုရား၏ လက်တော်၌ ရေစက်ကို သွန်းချလေသည်။ ထိုဝေဠုဝန် ဥယျာဉ်အရံကို အလှူခံသောအခါ၌"မြတ်စွာဘုရား၏ သာသနာတော်အမြစ်ကား တွယ်လေပြီ"ဟု ပြောဆိုကာ ပီတိ၏အလိုနိုင်ငံသို့ လိုက်ပါကခုန်သော အမျိုးသမီးပမာ ဤမဟာပထဝီမြေကြီးသည် တယိမ်းယိမ်း တန္တန္တုန်လှုပ်လေ၏။

(အထူးမှတ်ရန်မှာ....ဇမ္ဗူဒိပ် ကျွန်းအပြင်၌ ဝေဠုဝန်ကျောင်းတိုက် အရံကိုထား၍ အခြားတပါးသော မြေကြီးကို တုန်လှုပ်စေ၍ အလှူခံအပ်သော ကျောင်းတိုက်အရံဟူ၍ မရှိ။ ။ဗုဒ္ဓဝံသအဋ္ဌကထာစသည်)။

### ဗုဒ္ဓဝံသအဋ္ဌကထာလျှမ်းသော ဝိဟာရာနုမောဒနာ ဆယ်ဂါထာ

ထိုအခါ မြတ်စွာဘုရားသည် ဝေဠုဝန်အရံကို အလှူခံတော်မူပြီးလျှင် မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးအား ကျောင်းအလှူ အနုမောဒနာတရား ဟောကြားတော်မူလေသည်မှာ—

(၁) အာဝါသဒါနဿ ပနာနိသံသံ၊
ကော နာမ ဝတ္တုံ ပုရိသော သမတ္ထော။
အညတြ ဗုဒ္ဓါ ပန လောကနာထာ၊
ယုတ္တော မုခါနံ နဟုတေန စာပိ။

http://www.dhammadownload.com



(မဟာရာဇ = မြတ်သောမင်းကြီး....)။ လောကနာထ = လူသုံးပါးတို့၏ ကိုးစားမှီခိုရာ ဖြစ်တော်မူသော။ ဗုဒ္ဓါ = သဗ္ဗညုတဉာဏ်ထားး မြတ်စွာဘုရားကို။ အညကြဲ = ကြဉ်ဖယ်မရှောင်ရှား အပွတ်ထားး၍။ အာဝါသဒါနသ = အရိပ်အာဝါသ ကျောင်းအလှူဒါန၏။ အာနိသံသံ = အကျိုးများဖြင့် အာနိသင်ကို။ မုခါနံ = ခံတွင်းတို့၏။ နဟုတေန = တသောင်းနှင့်။ (ဝါ-မုခါနံ နဟုတေန = ခံတွင်း ပေါင်းတသောင်းနှင့်)။ ယုတ္တော စာပိ = မဖြစ်စဘူး အထူးတလည် ယှဉ်သည့်မူလည်း ဖြစ်သော။ ကော နာမ ပုရိသော = အဘယ် မည်သော ယောကျ်ားသည်။ ဝတ္တုံ = အပြည့်အစုံ အကုံအင ထုတ်ပြရှင်းလင်း ဟော ကြားခြင်းငှါ။ သမတ္ထော = စွမ်းနိုင်ချိန့်မည်နည်း။ (န-သမတ္ထော ဝေ = ဘုရားကိုချန် ဤလူ့ဌာန်ဝယ် သာမန် လူများ ဘယ်နည်းအားမျှ ဟောကြားခြင်းငှ၊ မစွမ်းနိုင် အညသာတည်း)။

(၂) အာယုဉ္စ ဝဏ္ဏဉ္စ သုခံ ဗလဉ္စ၊
ဝရံ ပသတ္ထံ ပဋိဘာနမေဝ။
ဒဒါတိ နာမာတိ ပဝုစ္စတေ သော၊
ယော ဒေတိ သံဃဿ နရော ဝိဟာရံ။

(မဟာရာဇ=မြတ်သောမင်းကြီး....)။ ယော နရော= အမှတ်မထင် အကြင်သူသည်။ သံဃဿ = သံဃာတော် အား။ ဝိဟာရံ = နေထိုင်ဖို့ရန် ကျောင်းဗိမာန်ကို။ ဒေတိ = သဒ္ဓါရှင်လန်း ဆောက်လုပ်လှူဒါန်း၏။ သော နရော = သဒ္ဓါကြည်ဖြူ ထိုကျောင်းလှူသောသူကို။ အာယုဉ္စ=အသက်ကိုရင်း။ ဝဏ္ဏဉ္စ=အဆင်းကိုရင်း။ သုခဉ္စ = ချမ်းသာကိုရင်း။ ဗလဉ္စ = ခွန်အားကိုရင်း။ ဝရံ ပသတ္ထံ = သာလွန်မြင့်မြတ် ချီးမွမ်းအပ်သော။ ပဋိဘာနမေဝစ = ဉာဏ်ပညာပဋိဘာန်ကိုရင်း။ ဒဒါတိ နာမာတိ = သဒ္ဓါ ရှင်လန်း ပေးလှူဒါန်းသူ မည်၏ဟူ၍။ ပဝုစ္စတေ = အကျိုး

http://www.dhammadownload.com



ရမှု အကြောင်းပြု၍ သမ္ပုတိဝေါဟာ သာဒယာနုတ်ချီ ခေါ်ဆိုအပ်ပေ၏။

(၃) ဒါတာ နိဝါသဿ နိဝါရဏာဿ၊
သီတာဒိနော ဇီဝိတုပဒ္ဒဝဿ။
ပါလေတိ အာယုံ ပန တဿ ယသ္မာ၊
အာယုပ္ပဒေါ ဟောတိ တမာဟု သန္တော။

(မဟာရာဇ = မြတ်သောမင်းကြီး....)။ သီတာဒိနော = အချမ်းအပူ အစရှိသော။ ဇီဝိတုပဒ္ဒဝဿ = အသက်၏အန္တရာယ် အသွယ်သွယ်ကို။ နိဝါရဏာဿ = ဖျောက်လွှင့်ပယ်ရှား မြစ်တားနိုင်သော။ နိဝါသဿ = နေထိုင်ဖို့ရန် ကျောင်းဗိမာန်ကို။ ဒါတာ = သဒ္ဓါရှင်လန်း ဆောက်လုပ်လှူဒါန်းသော။ (ယော = အကြင်သူသည်)။ ယသ္မာ = အကြင့်ကြောင့်။ တဿ = ထိုကျောင်း၌ ကျိန်းအောင်း ရဟန်းသံဃာအပေါင်း၏။ အာယုံ = အသက်ကို။ ပါလေတိ = ဘေးရန်မရောက် ကောင်းစွာ စောင့်ရှောက်သည် မည်၏။ (တသ္မာ = ထို့ကြောင့်)။ တံ = ထိုသဒ္ဓါကြည်ဖြူ ကျောင်းလှူသောသူကို။ အာယုပ္ပဒေါ ဟောတိ=အသက်အလှူပေးလှူသောသူဟူ၍။သန္တော = ဘုရားအစ များလှတိကောင်း သူတော်ကောင်းတို့သည်။ အာဟု = ချီးမွမ်းစကား ပြောကြားနှုတ်ချီ မိန့်ဆိုတော်မူကြလေကုန်ပြီ။

(၄) အစ္စုဏှသီတေ ဝသတော နိဝါသေ၊
ဗလဉ္စ ဝဏ္ဏော ပဋိဘာ န ဟောတိ။
တသ္မာ ဟိ သော ဒေတိ ဝိဟာရဒါတာ၊
ဗလဉ္စ ဝဏ္ဏံ ပဋိဘာနမေဝ။

(မဟာရာဇ = မြတ်သောမင်းကြီး....)။ အစ္စုဏှသီတေ = အလွန်ပူလွန်း အလွန်အေးလွန်းသော။ နိဝါသေ = ဟင်းလင်းအပြင် လွင်တီးခေါင်စသော နေရာ၌။

http://www.dhammadownload.com



ဝသတော = ဥတုဒဏ်ချက် နှိပ်စက်ပြင်းထန် ခံနေရသော ရဟန်း၏။ ဗလဥ္စ = ခွန်အားသည်၎င်း။ ဝဏ္ဏော စ = အဆင်းသည်၎င်း။ ပဋိဘာ စ = အသိဉာဏ်ပညာသည် ၎င်း။ န ဟောတိ = ဥပနိသျှည်း ပဲစွည်းထောက်ပံ့ လျော့ ယုတ်ညံ့၍ ကြီးကြီးခိုင်ခိုင် မဖြစ်နိုင်။ (လုံခြုံသော ကျောင်း အတွင်း၌ နေရမှသာလျှင် ဖြစ်နိုင်၏ဟု ဆိုလိုသည်)။ တသ္မာတိ—တသ္မာ ဧဝ = ထို့ကြောင့်သာလျှင်။ ဝိဟာ- ရဒါတာ=နေထိုင်ဖို့ရန် ကျောင်းဝိမာန်ကိုလှူဒါန်းသော။ **သော = ထိုသူသည်။ဗလဥ္စ = ခွန်အားကို၎င်း။ဝဏ္ဏဉ္စ = အဆင်းကို၎င်း။** ပဋိဘာနမေဝ စ = အသိဉာဏ်ပညာကို ၎င်း။ ဒေတိ = သဒ္ဓါရှင်လန်း လှူဒါန်းသူမည်ပေ၏။

(၅) ဒုက္ခဿ သီတုဏှာသရီသပါ စ၊
ဝါတာတပါဒိပ္ပဘဝဿ လောကေ။
နိဝါရဏာနေကဝိဓဿ နိစ္စံ၊
သုခပ္ပဒေါ ဟောတိ ဝိဟာရဒါတာ။

(မဟာရာဇ = မြတ်သောမင်းကြီး····)။ ဝိဟာရ- ဒါတာ = နေထိုင်ဖို့ရန် ကျောင်းဝိမာန်ကို လှူဒါန်းသော သူသည်။ လောကေ = ဘေးရန်ပြောထ လူ့လောက၌။ သီတုဏှာသရီသပါ = အချမ်းအပူ မြွေကင်းသန်းတည်းဟူ သော ရန်သူကြောင့်။ ဥပ္ပန္နဿ = ဖြစ်သော။ ဒုက္ခဿ စ = ဆင်းရဲဒုက္ခ အဝဝကို၎င်း။ဝါတာတပါဒိပ္ပဘဝဿ= လေကြမ်း နေကြမ်း စသည်တို့ကြောင့် ဖြစ်သော။ အနေ- ကဝိဓဿ = တပါးမက များပြားလှသော။ ဒုက္ခဿ စ = ဆင်းရဲဒုက္ခ အဝဝကို၎င်း။ နိစ္စံ = အမြဲ။ နိဝါရဏာ = ကျောင်းဖြင့် ဟန့်တား မဖြစ်ပွါးအောင် ပယ်ရှားတားမြစ် ခြင်းကြောင့်။ သုခပ္ပဒေါ = ချမ်းသာသုခ အလှူဒါနကို **ပေးလှူသောသူမည်သည်။ ဟောတိ = ဖြစ်၏။**

http://www.dhammadownload.com



(၆) သီတုဏှာဝါတာတပခံသဝုဋ္ဌိ-
သရီသပါဝါဠမိဂါဒိဒုက္ခံ။
ယသ္မာ နိဝါရေတိ ဝိဟာရဒါတာ၊
တသ္မာ သုခံ ဝိန္ဒတိ သော ပရတ္ထ။

(မဟာရာဇ = မြတ်သောမင်းကြီး　)။ ဝိဟာရဒါတာ = နေထိုင်ဖို့ရန် ကျောင်းဓိမာန်ကို လှူဒါန်းသော သူသည်။ ယသ္မာ = အကြင့်ကြောင့်။သီတုဏှာဝါတာတပခံသဝုဋ္ဌိ သရီသပါဝါဠမိဂါဒိဒုက္ခံ = အချမ်း, အပူ, လေ, နေပူ, မှက်, ခြင်, အခါမဲ့မိုး, မြွေဆိုး ကင်းသန်း ကြမ်းသော သားကောင် စသည်တို့ကြောင့် ဖြစ်သော ဆင်းရဲဒုက္ခကို။ နိဝါရေတိ = ကျောင်းဖြင့် ဟန့်တား မဖြစ်ပွါးအောင် ပယ်ရှားတားမြစ်ပေ၏။ တသ္မာ = ထိုကြောင့်။ သော = ထို နေထိုင်ဖို့ရန် ကျောင်းဓိမာန်ကို လှူဒါန်းသော သူသည်။ ပရတ္ထ = တမလွန်လောက ဟိုဘဝ၌။ သုခံ = ကာယစိတ္တ သုခနှစ်ပါးကို။ ဝိန္ဒတိ = မြေလက်ခတ်နဲ့ မလွဲပိုင်ပိုင် ရယူနိုင်ပေ၏။

(၇) ပသန္နစိတ္တော ဘဝဘောဂဟေတုံ၊
မနောဘိရာမံ မုဒိတော ဝိဟာရံ။
ယော ဒေတိ သီလာဒိဂုဏောဒိတာနံ၊
သဗ္ဗံဒဒေါ နာမ ပဝုစ္စတေ သော။

(မဟာရာဇ = မြတ်သော မင်းကြီး····)။ ယော = အကြင်သူသည်။ ပသန္နစိတ္တော = သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ်ရှိသည် ဖြစ်၍။ မုဒိတော = နှစ်သက်ရွှင်လန်း ဝမ်းမြောက် ဝမ်းသာ။ ဘဝဘောဂဟေတုံ = ဘဝ, ဘောဂ သမ္ပတ္တိနှစ်ပါး၏ အကြောင်းဖြစ်သော။ မနောဘိရာမံ = ရှုမြင်သူ အလုံးတို့၏ စိတ်နှလုံးပျော်ပိုက် နှစ်ခြိုက်မွေ့လျော်ဖွယ်ရာဖြစ်သော။ ဝိဟာရံ = နေထိုင်ဖို့ရန် ကျောင်းဓိမာန်ကို။ သီလာဒိဂုဏောဒိတာနံ = သီလက္ခန္ဓ

http://www.dhammadownload.com



စသည်ငါးပါး ကျေးဇူးတရားတို့ တိုးပွါးစည်ပင် ရဟန်းတော်အရှင် သူမြတ်တို့အား။ ဒေတိ = သဒ္ဓါရှင်လန်း ဆောက်လုပ် လှူဒါန်း၏။ သော = ထို ကျောင်းမိမာန် အလှူ ပေးလှူသောသူကို။ သဗ္ဗဒဒေါနာမ = ဗလ, ဝဏ္ဏ, သုခ, စက္ခု လေးခုဥသုံ အလုံးစုံကို ပေးလှူသောသူမည်၏ဟူ၍။ ပဝုစ္စတေ = အဆူဆူသောဘုရားတို့ ဟောကြားချီးမွမ်းအပ်ပေ၏။ (သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ-ဟူသော သံယုတ်ပါဠိတော်ကို ရည်ညွှန်းသည်။)

(ဂ) ပဟာယ မစ္ဆေရမလံ သလောဘံ၊
ဂုဏာလယာနံ နိလယံ ဒဒါတိ။
ဒိဗ္ဗောဝ သော တတ္ထ ပရေဟိ သဂ္ဂေ၊
ယထာဘတံ ဇာယတိ ဝီတသောကော။

(မဟာရာဇ = မြတ်သော မင်းကြီး....)။ ယော = အကြင်သူသည်။ သလောဘံ = ခံမင်တပ်မက် မစွန့်ရက်ခြင်းတည်းဟူသော လောဘတရားနှင့်တကွသော။ မစ္ဆေရမလံ = ဝန်တိုစေးနဲခြင်း မစ္ဆရိယ အညစ် အကြေးကို။ ပဟာယ = ပယ်စွန့်၍။ ဂုဏာလယာနံ = သီလ အစ ရှိသော ဂုဏ်ကျေးဇူးတို့၏ တည်ရာ ရဟန်းသံဃာ အရှင်မြတ်တို့အား။ နိလယံ = နေထိုင်ဖို့ရန် ကျောင်းမိမာန်ကို။ ဒဒါတိ = သဒ္ဓါရှင်လန်း ဆောက်လုပ်လှူဒါန်း၏။ ပရေဟိ = ဝန်ထမ်းသမား သူတပါးတို့သည်။ အာဘတံ = သည်ပိုး ဆောင်ယူအပ်သော ဝန်ထုပ်ကို။ ဒိတ္တံ ယထာ = လိုရာဌာနသို့ ပစ်ချအပ်သကဲ့သို့။ တထာ = ထို့အတူ။ သော = ထိုသဒ္ဓါရှင်လန်း ကျောင်းလှူဒါန်းသော သူကို။ (ဝါ) သဒ္ဓါရှင်လန်း ကျောင်းလှူဒါန်းသော သူသည်။ ပရေဟိ = ဝန်ထမ်းသမား ၏ သဓိရ တရား တို့ က ။

http://www.dhammadownload.com



ခိတ္တော၁ဝ = သုဂတိရောက်အောင် သည်ဆောင်ပို့ချအပ်သည် ဖြစ်၍ သာ လျှင်။ တတ္ထ သဂ္ဂေ = ထိုတင့်တယ် လျှောက်ပတ် ကောင်းမြတ်သည့်အာရုံ ငါးပါးသောအစုအပုံတို့ရှိရာ နတ်တို့ရွာ၌။ ဝီတသောကော = စားဝတ်နေရေး ပူဆွေးစိုးရိမ်ရခြင်း အလျှင်း ကင်းမဲ့သည်ဖြစ်၍။ ဇာယတိ = ဘဝပဋိသန္ဓေ ကပ်ရောက် ဖြစ်ပွါးရလေ၏။

(၉) ဝရေ စာရုရူပေ ဝိဟာ ၊ရေ ဥဠာရေ၊
နရော ကာရယေ ဝါသယေ တတ္ထ ဘိက္ခူ။
ဒဒေယျန္နပါနဉ္စ ဝတ္ထဉ္စ နေသံ၊
ပသန္နေန စိတ္တေန သက္ကစ္စ နိစ္စံ။

(မဟာရာဇ = မြတ်သောမင်းကြီး····)။ တသ္မာ = ထို့ကြောင့်။ နရော = ကိုယ်ကျိုးစီးပွါး ထောက်ထား မြော်မြင် ပညာရှင် ယောက်ျားသည်။ ဝရေ = ချီးမွမ်းအပ် မြတ်ကုန်ထသော။ စာရုရူပေ = နှစ်သက်စဖွယ် တင့်တယ်ခြင်းသဘော ရှိကုန်သော။ ဥဠာရေ = ပြန့်ပြောခံ့ထယ် ကြီးကျယ်ကုန်သော။ ဝိဟာရေ = နေထိုင်ဖို့ရန် ကျောင်းမိမာန်တို့ကို။ ကာရယေ—ကာရေယျ = လက္ခဏံကျွေး တန်ဖိုးပေးကာ ဆောက်လုပ်စေရာ၏။ တတ္ထ = ထိုတည်ဆောက်ပြီးသော ကျောင်းမိမာန်၌။ ဘိက္ခူ = ဗဟုသုတပြည့်ဝစုံလင် ရဟန်းတော်အရှင်မြတ်တို့ကို။ ဝါသယေ—ဝါသေယျ = ကျောင်းထိုင် ပြုရန် တောင်းပန် စကားလျှောက်ထားပန်ထွာ နေထိုင်စေရာ၏။ နေသံ = ကျောင်းနေခေါ်တွင် ထိုအရှင်တို့အား။ ပသန္နေန = သဒ္ဓါရွှန်းစိုကြည်ညိုစွာသော။ စိတ္တေန = စိတ်ဖြင့်။ နိစ္စံ = အမြဲ။ သက္ကစ္စ = ရိုသေသမှု အလေးပြု၍။ အန္နပါနဉ္စ = စားဖွယ်သောက်ဖွယ် အသွယ်သွယ်ကိုငင်း။ ဝတ္ထဉ္စ = အဝတ်သင်္ကန်းကိုငင်း။ ဒဒေယျ = သဒ္ဓါရှင်လန်း လှူဒါန်းထောက်ပံ့ရာ၏။

http://www.dhammadownload.com



(၁၀) တသ္မာ မဟာရာဇ ဘဝေသု ဘောဂေ၊
မနောရမေ ပစ္စနုဘုယျ ဘိယျော။
ဝိဟာရဒါနဿ ဖလေန သန္တံ၊
သုခံ အသောကံ အဓိဂစ္ဆ ပစ္ဆာ။

မဟာရာဇ = မြတ်သော မင်းကြီး····။ တသ္မာ = ထိုကြောင့်။ (တုဝံ = သင်မင်းကြီးသည်)။ ဝိဟာရဒါနဿ = သဒ္ဓါကြည်ဖြူ ယခုလှူအပ်သော ကျောင်းအလှူ၏။ ဖလေန = အကျိုးအားဖြင့်။ ဘဝေသု = သုဂတိခေါ်ဆို ဘဝထိုထိုတို့၌။ မနောရမေ = စိတ်နှလုံး၏ ရွှင်ပြုံးမွေ့လျော်ရာ ဖြစ်ကုန်သော။ ဘောဂေ = စည်းစိမ် မြားမြောင် အသုံးအဆောင်တို့ကို။ ဘိယျော = ဆဆ ထပ်ပိုး တိုး၍တိုး၍။ ပစ္စနုဘုယျ = ကြိမ်ကြိမ်ဖန်ဖန် ခံစံသုံး ဆောင်ပြီး၍။ ပစ္ဆာ = နောက်ကာလ၌။ အသောကံ = စိုးရိမ်ရခြင်း အလျှင်းမရှိသော။ သန္တံ = သန္တိလက္ခဏာ အေးငြိမ်းစွာသော။ သုခံ = နိဗ္ဗာန်ချမ်းသာသို့။ အဓိဂစ္ဆ—အဓိဂမိဿသိ = ရှလေးပါးသော မဂ်ဉာဏ်, လေး ပါးသော ဖိုလ်ဉာဏ်တို့ဖြင့် ကေန်ဆိုက်ရောက် မျက်မှောက် ပြုရပေလတ္တံ့—

ဤသို့လျှင် မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းတရားအား (ဖော်ပြရာပါ အနက်အဓိပ္ပါယ်ပါရှိသည့်) ဝိဟာရအနုမောဒနာ ကျောင်းလှူတရား ဟောကြားချီးမြှောက်တော်မူပြီးလျှင် နေရာမှ ထတော်မူကာ နောက်ပါရဟန်း တထောင်ခြံရံလျက် ဝေဠုဝန်ကျောင်း အရံသို့ ကြွစံ သီတင်းသုံးတော်မူလေ၏။

(ဤ၌။ ။ဗိမ္ဗိသာရမင်းကြီး ဝေဠုဝန်ဥယျာဉ် အရံကို ဘုရား အမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းသည်ဆိုရာ၌ ပဓာနနည်း, ဥက္ကဋ္ဌနည်းအားဖြင့်သာ ဥယျာဉ်အရံကို လှူဒါန်းသည်ဟု ရေးသား ဖွင့်ဆိုခြင်း ဖြစ်သည်၊ စင်စစ်သော်ကား ထိုဝေဠုဝန် ဥယျာဉ် အတွင်း ဝယ် (ရမဏီယပါသာဒဟမ္မိယဝိမာနဝိဟာရစုယောဂမဏ္ဍပါဒိပဋိမဏ္ဍိတံ =မွေ့လျော်ဖွယ်ကောင်းသော အထွတ်တပ်သည့် ပြာသာဒ်, အထွတ်

http://www.dhammadownload.com



မပါသော ပြာသာဒ်ဦးပြည်း, ဗိမာန်, လေးဖက်မိုးကျောင်း, နှစ်ဖက်မိုးကျောင်း, မဏ္ဍပ်ကနားဖျင်းတို့ဖြင့် တန်းဆာဆင်အပ်သော ဝေဠုဝန်ဉယျာဉ်ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာ၌ဖွင့်ဆိုသောကြောင့်) ရဟန်းတော်များ သီတင်းသုံး နေထိုင်ဖွယ်ရာ ကျောင်းပြာသာဒ် အဆောက်အဦများလည်း ပါရှိပြီးဖြစ်သည်ဟူ၍ မှတ်ယူရာ၏။)

### အရံဉယျာဉ်ကို ခံယူရန် ခွင့်ပြုတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် မိဂ္ဓသာရမင်းကြီး ဝေဠုဝန်ဉယျာဉ်အရံကို လှူဒါန်းသော အကြောင်းဝတ္ထု၌ တရားစကား ဟောကြားတော်မူပြီးလျှင်—

"အနုဇာနာမိ ဘိက္ခဝေ အာရာမံ = ရဟန်းတို့....အရံဉယျာဉ်ကို ခံယူရန် ငါဘုရား ခွင့်ပြု၏"—

ဟု ရဟန်းတို့ကို မိန့်ကြား၍ ကျောင်းအရံ ဉယျာဉ်ကို ခံယူရန် ခွင့်ပြုတော်မူလေသည်။

### တိရောကုဋ္ဋသုတ္တန်ကို ဟောကြားတော်မူခြင်း
### (ခုဒ္ဒကပါဌ ပါဠိအဋ္ဌကထာမှ)

မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်းအရံကို အလှူခံတော်မူပြီးသည်မှ နောက်တနေ့၌ **တိရောကုဋ္ဋသုတ္တန်**ကို ဟောကြားတော်မူသည်။ အကြောင်းအရာ အကျယ်သော်ကား····

ဤကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် လွန်ခဲ့သော ကိုးဆယ့်နှစ်ကမ္ဘာထက်၌ **ကာသိ** မည်သော ပြည်ဝယ် **ဇယသေန**မင်းကြီး ထီးနန်းစိုးအုပ် မင်းပြုလုပ်တော်မူဆဲဖြစ်၏။ (ဓမ္မပဒအဋ္ဌကထာ ယမကဝဂ် အရှင်သာရိပုတ္တရာဝတ္ထုအဖွင့်နှင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ ဧကကနိပါတ် ဧတဒဂ္ဂဝဂ် ဉရုဝေလကဿပဝတ္ထု အဖွင့်တို့၌ မဟိန္ဒမင်းကြီးဟူ၍ ဖွင့်ဆိုသည်။) ထိုဇယသေနမင်းကြီး၏ **သိရိမာ** အမည်ရှိသော မိဖုရားကြီးမှ ဘုရားအလောင်း **ဖုဿ** မည်သော **သားတော်ကို ဖွားမြင်ခဲ့၍ အစဉ်သဖြင့် ဖုဿဘုရားအလောင်း**

http://www.dhammadownload.com



ဘုရားအဖြစ်သို့ ရောက်တော်မူလေသော် ဇယသေနမင်းကြီးသည် “ငါ၏သားကြီးသည် တောထွက်ကာ ရဟန်းပြု၍ ဘုရားဖြစ်ခဲ့လေပြီ၊ သို့ရကား ‘ငါ့ဘုရား၊ ငါ့တရား၊ ငါ့သံဃာ’ဟု မြတ်နိုးမှုကို ဖြစ်စေပြီးလျှင် အခါခပ်သိမ်း မိမိသာလျှင် ဘုရားအမှူးရှိသော သံဃာကို ပြုစုလုပ်ကျွေးဆည်းကပ်၍ သူတပါးတို့အား ဆည်းကပ်ခွင့် လုပ်ကျွေး ပူဇော်ရန် အခွင့်ကို မပေးပဲ ကျောင်းတော်တံခါးမုခ်မှသည် မိမိ၏ ရွှေနန်းတော်တိုင်အောင် ဝဲယာနှစ်ဖက်၌ ဝါးထရံဘိတ္တိများ ကာရံ၍ အထက်၌ ရွှေကြယ်စီကာနှံ့သာ ပန်းဆိုင်းများ တွဲလျားကျသော မိတာန် မျက်နှာကြက်ကြက်စေပြီးလျှင် အောက်၌ ငွေရောင်အသွေး ဖြူဖွေးသောသဲများကို ဖြန့်ခင်းစေပြီးမှ ထို၏အထက်၌ ပန်းအမျိုးမျိုးတို့ကို ကြဲဖြန့်ခင်းစေ၍ ထိုခရီးဖြင့်သာ မြတ်စွာဘုရား ကြွလာတော်မူရန် စီမံပြုလုပ်လေသည်။

ဖုဿမြတ်စွာဘုရားသည် ကျောင်းတော်၌မင် သက်နန်းကိုရုံ၍ ရဟန်း အပေါင်း ခြံရံကာ တင်းထိမ် ကန့်လန့်ကာ အတွင်းကပင် ရွှေနန်းတော်အရောက် ကြွရောက်ဆွမ်းဘုဉ်းပေးပြီးလျှင် ထိုတင်းထိမ်ကန့်လန့်ကာအတွင်းကပင် ကျောင်းတော်သို့တဖန် ပြန်ကြွတော်မူရ၏။ မြို့သူမြို့သား တဦးတယောက်မျှ ဆွမ်းတယောက်မမျှလောင်းလှူခွင့် မရချေ၊ ထိုအခါ မြို့သူမြို့သား လူအများတို့သည်—

> “လောက၌ မြတ်စွာဘုရား ထင်ရှား ပွင့်ထွန်းတော်မူပါလျက် ငါတို့မှာ ကုသိုလ်ပြုခွင့် မရကြကုန်၊ လ, နေတို့သည် လူအလုံးတို့အား အလင်းရောင်ပေးဘို့ရန် ဖြစ်ပေါ်လာကုန်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားတို့သည်လည်း ခပ်သိမ်းသော သတ္တဝါတို့၏ စီးပွါးချမ်းသာ ဖြစ်ထွန်းရန် ပွင့်ပေါ်တော်မူလာကြကုန်၏။ ဤ မင်းကြီး သည်ကား သူခပ်သိမ်းတို့၏ ကောင်းမှုလယ်မြေကြီးကို မိမိတဦးတည်းသာ သိမ်းပိုက်၍ ထားဘိ၏”—

ဟု ကဲ့ရဲ့ရှုတ်ချကာ ပြောကြားကြကုန်၏။

http://www.dhammadownload.com



ထိုအခါ ဖုဿမြတ်စွာဘုရား၏ ဖတူမိကွဲဖြစ်သော ညီတော် မင်းသား သုံးယောက်တို့သည်လည်း—

"ဘုရားတို့မည်သည်မှာ အလုံးစုံသော သတ္တလောက ၏ အစီးအပွါးအလို့ငှါ ပွင့်ထွန်းတော်မူကြခြင်း ဖြစ်သည်၊ တဦးတယောက်တည်း စီးပွါးချမ်းသာ ဖြစ်ထွန်းရန် ပွင့် ထွန်းတော်မူကြခြင်း မဟုတ်ချေ။ ငါတို့၏ ခမည်းတော် မင်းကြီးသည်ကား သူတပါးတို့အား မြတ်စွာဘုရားကို ပြုစုလုပ်ကျွေး ပူဇော်ရန် အခွင့် မပေးချေ၊ ငါတို့သည် ဘယ်လိုနည်းဖြင့် မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးခွင့်ကို ရကြပါမည်နည်း"—

ဟု ကြံစည်ကြလေကုန်၏။ မြို့သူမြို့သားတို့သည် မင်းသားတို့နှင့် တစိတ်တည်း တဝမ်းတည်း ဖြစ်ကြပြီးလျှင် "ဥပါယ်တမျဉ်ကို ပြုလုပ်ကြကုန်စို့"ဟု တိုင်ပင်ညီညွတ်ကြ၍ မြို့စွန်ပြည်ဖျားနှ် သူပုန် ထသကဲ့သို့ ပြုလုပ်စေကြကုန်၏။

ထိုအခါ မင်းကြီးသည် "မြို့စွန်နယ်ဖျား ပျက်ပြားနေသည်" ဟူသော သတင်းကို ကြားသိရ၍ သားတော်မင်းသားသုံးဦးတို့ကို သူပုန်ရန်နှိမ်နင်းရန် စေလွှတ်လိုက်လေသည်။ မင်းသားတို့သည် မြို့စွန်နယ်ဖျားကို သူပုန်ရန်အေးငြိမ်းအောင် ပြုလုပ်ပြီးလျှင် ခမည်း တော်မင်းကြီးထံ ပြန်လာကြကုန်သည်ရှိသော် ခမည်းတော် ဇယသေနမင်းကြီးသည် နှစ်သက်အားရတော်မူလှသဖြင့် "သား တော်များ အလိုရှိအပ်သောဆုကို ယူကုန်လော့"ဟု ဆုပေး စကား ပြောကြားလေ၏။ မင်းသားသုံးဦးတို့သည်"ခမည်းတော် မင်းကြီး···· အကျွန်ုပ်တို့ကား အခြားဆုကို အလိုမရှိပါကုန်၊ မြတ်စွာဘုရားကို ရှိသေလေးမြတ် ဆည်းကပ်လုပ်ကျွေးရမှုဆုကို သာ အလိုရှိပါကုန်၏"ဟူ၍ လျှောက်ထားကြလေကုန်၏။

ခမည်းတော်မင်းကြီးသည် "သားတော်တို့ ···· သင်တို့သည် ဤဆုကိုထား၍ အခြားဆုကို ယူကြကုန်လော့" ဟူ၍ ပြောဆို

http://www.dhammadownload.com



လေ၏။ မင်းသားတို့က "ခမည်းတော်မင်းကြီး .... အကျွန်ုပ်တို့သည် အခြားဆုကို အလိုမရှိကြပါကုန်"ဟူ၍ ဆိုကြလေသော် "သားတော်တို့···· ထိုသို့ဖြစ်ခဲ့လျှင် ကာလအပိုင်းအခြားပြု၍ ယူကြကုန်လော့"ဟု မင်းကြီးဆိုလတ်သည်တွင် မင်းသားတို့သည် ခုနစ်နှစ်အချိန်ပိုင်း၍ တောင်းခံကြကုန်၏။ ခမည်းတော်မင်းကြီးသည် ခုနစ်နှစ်အချိန်ကို ကြာမြင့်သည်ဟူ၍ မပေးပဲရှိလေသော် ဤနည်းဖြင့် လျှော့၍ ခြောက်နှစ်, ငါးနှစ်, လေးနှစ်, သုံးနှစ် နှစ်နှစ်, တနှစ်,ခုနစ်လ,ခြောက်လ, ငါးလ, လေးလတိုင်အောင် လျှော့၍ လျှော့၍ တောင်းကြပြန်ပါသော်လည်း ခမည်းတော်မင်းကြီးက မပေးနိုင်ပဲရှိသဖြင့် သုံးလမျှ ပြုစုလုပ်ကျွေးရန်ဆုကို တောင်းကြသည်တွင် မင်းကြီးသည် "ကောင်းပြီ ယူကြလော့"ဟု အခွင့်ပြုလေ၏။

မင်းသား ညီနောင်သုံးဦးတို့သည် ခမည်းတော်မင်းကြီးထံမှ မြတ်စွာဘုရားကို ဝါတွင်းသုံးလပတ်လုံး ပြုစု လုပ်ကျွေးနိုင်ခွင့်ဆုကို ရရှိကြ၍ လွန်စွာနှစ်သက် ဝမ်းမြောက်ကြကုန်လျက် ဖုဿမြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်ဝပ်လျှိုး ရှိခိုးကြပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား .... အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ဝါတွင်းသုံးလပတ်လုံး ပြုစုလုပ်ကျွေး လိုကြပါကုန်၏၊ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် တပည့်တော်တို့၏နေရာ ဇနပုဒ်၌ ဤဝါတွင်းသုံးလပတ်လုံး သီတင်းသုံးနေထိုင်တော်မူရန် လက်ခံတော်မူပါဘုရား"ဟူ၍ လျှောက်ဆိုကြကုန်၏။ မြတ်စွာဘုရားသည်လည်း ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူလေ၏။

ထိုအခါ မင်းသားညီနောင် သုံးဦးတို့သည် မြတ်စွာဘုရား လက်ခံတော်မူခြင်းကို သိရှိကြ၍ မိမိတို့၏ ဇနပုဒ်၌ အတွင်းဝန်အမတ်ထံသို့—

"အတွင်းဝန် အမတ်····ငါတို့သည် ဤ ဝါတွင်းသုံးလပတ်လုံး နောင်တော်ဖုဿ မြတ်စွာဘုရား အမှူးရှိသော ရဟန်းတော်ပေါင်း(၉၀၀၀၀)ကိုးသောင်းတို့ကို ပစ္စည်း

http://www.dhammadownload.com



> လေးရပ်ဖြင့် ဆည်းကပ်ခစား လုပ်ကျွေးပူဇော်ကြပါကုန်၏။ ရဟန်းအပေါင်းနှင့်တကွ မြတ်စွာဘုရားသီတင်းသုံးနေထိုင်တော်မူရန် ကျောင်းစသော အဆောက်အဦများကို အလျင်အမြန် ပြီးစီးပြည့်စုံအောင် စီမံ ဆောက်လုပ်ရမည်"—

ဟု အမိန့်တော် အမှာစာကို ရေးသားပေးပို့ကြလေကုန်၏။ အတွင်းဝန် အမတ်သည် မင်းသားတို့ မိန့်မှာသည့် အမိန့်စာပါအတိုင်း အလုံးစုံကို ပြီးစီးပြည့်စုံအောင် အလျင်အမြန် စီမံဆောက်လုပ်ပြီးလျှင် "အမိန့်တော် အမှာစာအတိုင်း ကျောင်းစသော အဆောက်အဦများ အလုံးစုံ ပြီးစီးပြည့်စုံပါပြီ"ဟု သတင်းစကား ပြန်ကြားတင်လျှောက်လေ၏။

ထိုအခါ မင်းသား သုံးဦးတို့သည် ရဲမက် စစ်သည်တော် (၁၀၀၀) တထောင်တို့နှင့် အတူတကွ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ကြကုန်လျက် (၂၅၀၀) နှစ်ထောင့်ငါးရာသော ဝေယျာဝစ္စအမှု ပြုလုပ်ကြသောသူ အပေါင်းတို့ကို ဘုရားအမှူးရှိသော သံဃာတော်အား ပစ္စည်းလေးဖြာ ချမ်းသာစေမှု ပြုစုလုပ်ကျွေးစေကုန်လျက် မိမိတို့နေရာ ဇနပုဒ်သို့ ဘုရားအမှူးရှိသော သံဃာတော်တို့ကို ပင့်ဆောင်ကြပြီးလျှင် အသင့်ဆောက်လုပ်ပြီးဖြစ်သော ကျောင်းအရံ အဆောက်အဦများကို ဘုရားအမှူးရှိသော သံဃာတော်အား ဆောင်နှင်းလှူဒါန်းကြ၍ ထိုကျောင်းအရံ၌ သီတင်းသုံး နေထိုင်စေကြလေကုန်၏။

**သဒ္ဓါတရားရှိသည့် ဘဏ္ဍာစိုးဓနိးဇမာဝစ်နှံ**

ထိုမင်းသားသုံးဦးတို့၏ ဘဏ္ဍာစိုးဖြစ်သူ သူဌေးသားသည် ကား သူဌေးကတော်ကလေးနှင့်တကွ ရတနာသုံးပါး၌ သက်ဝင်ကြည်ညိုသော သဒ္ဓါတရားနှင့် ပြည့်စုံသူဖြစ်ပေ၏။ ထိုဘဏ္ဍာစိုး သူဌေးသည် (မင်းသားတို့၏ ကိုယ်စားပြုကာ) မင်းသားသုံးဦးတို့၏ ဘဏ္ဍာတိုက်တို့မှ တလှည့်စီ တလှည့်စီအားဖြင့် ဘုရားအမှူးရှိသော ရဟန်းတော်များ အတွက် လှူဒါန်းရန် ဝတ္ထုတို့ကို သဒ္ဓါကြည်ဖြူစွာပင် အတွင်းဝန်အမတ်အား ပေးအပ်လေ၏။

http://www.dhammadownload.com



အတွင်းဝန် အမတ်သည်လည်း ထို ဘဏ္ဍာစိုး ပေးအပ်သည့် လှူဒါန်းဖွယ် ဝတ္ထုများကို ယူဆောင်၍ ဇနပုဒ်နေသူ လူပေါင်း (၁၁၀,၀၀) တသောင်းတထောင်တို့နှင့် အတူတကွ ကောင်းမွန်သည်ထက် ကောင်းမွန်အောင် စီမံပြုလုပ် ချက်ပြုတ်ကြပြီးလျှင် ဘုရားအမှူးရှိသော ရဟန်းတော် အပေါင်းအား နေ့စဉ်မပြတ် ဆက်ကပ်လှူဒါန်းလေ၏။ (မင်းသား သုံးဦးတို့သည်ကား ရဲဘက်ငယ်ကျွန် စစ်သည်တော် (၁၀၀၀) တထောင်တို့နှင့် အတူတကွ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ကြကုန်လျက် သီတင်းသီလ ဆောက်တည်ကြ၍ ကျောင်းတော်မှာပင် ဘုရားအမှူးရှိသော သံဃာတော်တို့၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ဖြည့်ကျင့်ပြုလုပ်ကြကာ တရားနာယူလျက် နေကြကုန်၏။)

### စိတ်ထားဆိုးစသော အတွင်းဝန်၏ ဆွေမျိုးများ

အတွင်းဝန်မင်း စေခိုင်းအပ်သည့် ဝေယျာဝစ္စဆောင်ရွက်သူ လူပေါင်း(၁၁၀၀၀) တသောင်းတထောင်တို့အနက် အချို့သော အတွင်းဝန်၏ ဆွေမျိုးများသည် ကောက်ကျစ်ထိပါး ဆိုးဝါးသော စိတ်ထား ရှိကြကုန်သဖြင့် အလှူဒါန၏ အန္တရာယ် အနှောက်အယှက်ကို အမျိုးမျိုး ပြုလုပ်ကြကာ ဘုရားနှင့်တကွ သံဃာတော်တို့အတွက် ချက်ပြုတ်စီမံ၍ထားသော လှူဖွယ်ဝတ္ထုများကို ကိုယ်တိုင်လည်း လုယက်ခိုးဝှက်စားသောက်ကြသည့်ပြင် သားသမီးများကိုလည်း ကျွေးမွေးကြကုန်၏။ အလှူတင်းကုပ် ( = မဏ္ဍပ်) များကိုလည်း မီးတိုက်ကြကုန်၏။

### မြတ်စွာဘုရားကို ခမည်းတော်ထံ ပြန်ပို့ခြင်း

မင်းသားသုံးဦးတို့သည် ဝါကျွတ်၍ သံဃာတော်တို့ ပဝါရဏာပြုပြီးလတ်သော် မြတ်စွာဘုရားအား ကြီးစွာသော ပူဇော်သဘင် ပွဲကြီးယင်ပြီး၍ ခမည်းတော်မင်းတရားနှင့် မူလစကားကတိအတိုင်း မြတ်စွာဘုရားကို ရှေ့သွားပြုကြကာ ခမည်းတော်မင်းတရားကြီး၏ နိုင်ငံတော်သို့ တဖန်ပို့ဆောင် ကြလေသည်။ ထိုခမည်းတော် ဇယသေနမင်းကြီးစံရာ ကာသိနေပြည်တော်သို့

http://www.dhammadownload.com



ဆိုက်ရောက်ပြီးလျှင် မကြာမြင့်မီပင် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံယူတော်မူလေ၏။ (သံယုတ်အဋ္ဌကထာ အလိုအားဖြင့် ဖုဿမြတ်စွာဘုရားသည် မင်းသားတို့၏ အထံမှာပင် ပရိနိဗ္ဗာန်စံတော်မူ၏။)

ခမည်းတော် ဇယသေနမင်းကြီးသည်၎င်း,မင်းသားညီနောင် သုံးဦးတို့သည်၎င်း, မင်းသားတို့၏ အတွင်းဝန် အမတ်သည်၎င်း, ဘဏ္ဍာစိုးသူဌေးသည်၎င်း အစဉ်အတိုင်း စုတေသေဆုံးကြ၍ အခြံအရံပရိသတ်များနှင့်တကွ နတ်ရွာသုဂတိသို့ လားရောက်ကြကုန်၏။ ကောက်ကျစ်ထိပါး စိတ်ဆိုးဝါးကြသည့် အတွင်းဝန်အမတ်၏ ဆွေမျိုးများတို့ကား ငရဲဘုံသို့ လားရောက်ကြရကုန်၏။

ဤသို့လျှင် ထိုသူနှစ်ဖွဲ့တို့ နတ်ပြည်တပြည်မှ နတ်ပြည်တပြည်သို့ ငရဲပြည်တပြည်မှ ငရဲပြည်တပြည်သို့ လှည့်လည်ဖြစ်ပွါး ကျက်စားကြရကုန်စဉ် ကိုးဆယ့်နှစ်ကမ္ဘာတို့ကား လွန်ခဲ့လေကုန်ပြီ။ ထို့နောက် ဤဘဒ္ဒကပ်၌ ကဿပမြတ်စွာဘုရား ပွင့်ထွန်းတော်မူသောအခါ ထိုကောက်ကျစ်ထိပါး စိတ်ဆိုးဝါးကြသည့် (အတွင်းဝန်အမတ်၏) ဆွေမျိုးများသည် ပြိတ္တာဘုံ၌ ဖြစ်ကြလေကုန်၏။ ထိုအခါ လူအပေါင်းတို့သည် မိမိ မိမိတို့၏ ဆွေမျိုး ပြိတ္တာများအတွက် အလှူဒါန ပေးလှူကြ၍ "ဣဒံ အမှာကံ ဉာတီနံ ဟောတု = ဤကောင်းမှုသည် ငါတို့၏ ဆွေမျိုးပြိတ္တာတို့ အတွက် ဖြစ်ပါစေ" ဟု မြွက်ဆိုရည်ညွှန်း အမျှအတမ်း ပေးဝေကြလေသော် ထိုသူတို့၏ ဆွေမျိုးပြိတ္တာများသည် စည်းစိမ်ချမ်းသာကို ရရှိကြကုန်၏။

ထိုအခါ အတွင်းဝန်၏ ဆွေမျိုးပြိတ္တာတို့သည်လည်း ထိုသို့ အခြားပြိတ္တာများ စည်းစိမ်ချမ်းသာနှင့်ပြည့်စုံကြသည်ကို မြင်ကြ၍ ကဿပ မြတ်စွာဘုရားထံမှောက်သို့ သွားရောက် ချဉ်းကပ်ကြပြီးလျှင်"ဘုန်းတော်ကြီးသော မြတ်စွာဘုရား····အသို့နည်း အကျွန်ုပ်တို့သည်လည်း ဤသို့သောစည်းစိမ်ကို ရကြပါဦးမည်လော" ဟု မေးလျှောက်ကြလေသော် ကဿပ မြတ်စွာဘုရားသည်"အိုပြိတ္တာအပေါင်းတို့····သင်တို့သည် ယခုအခါ၌ကား ထိုသို့သော စည်း

http://www.dhammadownload.com



မိ်ကို မရနိုင်ကြကုန်သေး၊ စင်စစ်သော်ကား နောက်အခါ အန္တရကပ်တကပ် လွန်လတ်သော ကာလ၌ ဂေါတမ မြတ်စွာ ဘုရား ထင်ရှားပွင့်တော်မူလိမ့်မည်၊ ထိုဂေါတမ မြတ်စွာဘုရား လက်ထက်တော်၌ ဗိမ္ဗိသာရအမည်ရှိသောမင်းကြီး ထင်ရှားဖြစ် ပေါ်လိမ့်မည်၊ ထိုဗိမ္ဗိသာရမင်းကြီးသည် ဤဘဒ္ဒကမ္ဘာမှ လွန်ခဲ့ သော ကိုးဆယ့်နှစ်ကမ္ဘာထက်က သင်ပြိတ္တာအပေါင်းတို့၏ ဆွေ မျိုးရင်း (အတွင်းဝန်အမတ်)ဖြစ်ခဲ့ဘူးလေပြီ၊ ထို (သင်တို့၏ ဆွေ မျိုးဟောင်း)ဗိမ္ဗိသာရမင်းကြီးသည် ဂေါတမမြတ်စွာဘုရားအား အလှူဒါန ပေးလှူပြီးလျှင် သင်တို့အား အမျှခွန်း ညွှန်းပေလိမ့် မည်။ ထိုအခါ သင်တို့သည် ဤသို့သော စည်းစိမ်ချမ်းသာမျိုးကို ရကြပေလိမ့်မည်”ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏။

ဤသို့ ကဿပမြတ်စွာဘုရား မိန့်ကြားတော်မူသည်ရှိသော် ထို ပြိတ္တာများအဖို့ ထိုကဿပမြတ်စွာဘုရား မိန့်ကြားတော်မူ လိုက်သော စကားသည်“နက်ဖြန်ခါ ရကြလိမ့်မည်”ဟု မိန့်ကြား တော်မူအပ်သကဲ့သို့ လွန်စွာလွန်စွာ ဝမ်းမြောက်ဖွယ်ရာ ဖြစ်၍ နေလေ၏။

ထိုနောက် ဘုရားတဆူနှင့် တဆူအကြား (ကဿပမြတ်စွာ ဘုရားနှင့် ဂေါတမ မြတ်စွာဘုရားတို့၏အကြား) ရှည်လျားလှ သောကာလ ( = အန္တရကပ်တကပ်သာသာ၊ ဗုဒ္ဓန္တရအသင်္ချေယျ တခေတ်)ကို လွန်မြောက်လတ်သော် ငါတို့၏ မြတ်စွာဘုရားသည် လောက၌ ထင်ရှားဖြစ်ပွင့်တော်မူလာ၏၊ ထို မင်းသားညီနောင် သုံးဦးတို့သည်လည်း အခြံအရံတကောင်တို့နှင့် အတူတကွ နတ် ပြည်မှ စုတေခဲ့၍ မဂဓတိုင်းဝယ် ပုဏ္ဏားမျိုး၌ ဖြစ်ကြ၍ အစဉ် သဖြင့် ရသေ့ရဟန်း ပြုကြပြီးလျှင် ဂယာသီသအရပ်၌ ရသေ့ ညီနောင် ရှင်တထောင် ဖြစ်ကြလေကုန်၏။ထိုစဉ်အခါ မင်းသား သုံးဦးတို့၏ အတွင်းဝန်အမတ်သည် ယခုအခါ မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး ဖြစ်လာ၏၊ ထိုစဉ်အခါ ဘဏ္ဍာစိုးသူဌေး သည် ယခုအခါ ဝိသာခသူဌေး ဖြစ်လာ၏၊ ထိုစဉ်က သူဌေး ကတော်သည် ယခုအခါ ဓမ္မဒိန္နာသူဌေးသမီး ဖြစ်လာ၏၊ ထို

http://www.dhammadownload.com



စဥ်က ကြွင်းကျန်သော ပရိသတ်သည် ယခုအခါ ဗိမ္ဗိသာရမင်းကြီး၏ ပရိသတ်အခြံအရံများ ဖြစ်လာကြ၏။

အစိန္တေယျ သုံးလောကထွတ်ထား ငါတို့ မြတ်စွာဘုရားသည် ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ရာဇဂြိုဟ်ပြည်သို့ ရောက်သည့်နေ့၌ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ အခြံအရံပုဏ္ဏားသူဌေးပေါင်း တသိန်းတသောင်းတို့ကို သောတာပတ္တိဖိုလ်၌ တည်စေပြီးလျှင် နောက်တနေ့၌ သိကြားမင်း နိမ္မာန်ဆော် ရွှေဆောင်၍ ဗိမ္ဗိသာရမင်းကြီး၏ ရွှေနန်းတော်၌ ကြီးစွာသော အလှူကို ခံယူတော်မူ၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီး၏ ထိုဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့သည် "ငါတို့၏ဆွေမျိုးဟောင်းဖြစ်သော ဗိမ္ဗိသာရမင်းကြီးသည် ယခုပင်လျှင် ငါတို့အား ဒါနကောင်းမှု ကုသိုလ်အမျှခွန်း ညွှန်းပေလိမ့်မည်၊ ယခုပင်လျှင် ညွှန်းပေလိမ့်မည်"ဟု တောင့်တ မြော်ခေါ်လျက် ဝန်းရံ ရပ်တည်လာကြကုန်၏။ ဗိမ္ဗိသာရ မင်းကြီးသည်ကား အလှူကြီးကို ပေးလှူပြီးလျှင် "မြတ်စွာဘုရားသည် အဘယ်အရပ်၌ နေတော်မူပါမည်နည်း"ဟု မြတ်စွာဘုရားအတွက် ကျောင်းတော်နေရာကိုသာ ကြံစည် စဥ်းစားနေသည့်အတွက် ထိုအလှူဒါနကောင်းမှုအဖို့ကို တစုံတယောက်သောသူအားမျှ အမျှခွန်း မညွှန်းမပြွက်မိချေ။ မင်းကြီး၏ ဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့သည် မြော်လင့်ချက် ကင်းပြတ်ကြကာ အကာလညဥ့်အခါ၌ မင်းကြီး၏ နန်းတော်ဝယ် အလွန်ကြောက်မက်ဖွယ်ကောင်းသော ဟစ်အော်နာကျည်း ညည်းညူသောအသံကို ပြုကြလေကုန်၏။

ဗိမ္ဗိသာရမင်းကြီးသည် ထိုအသံကို ကြား၍ ပြင်းစွာကြောက်ရွံ့ထိတ်လန့်တုန်လှုပ်ပြီးလျှင် နံနက်မိုးသောက် ရောက်သောအခါ မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက် ချဥ်းကပ်လျက် ရိုသေမြတ်နိုး ရှိခိုးပြီးသော် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....အကျွန်ုပ်သည် ယမန်နေ့ညဥ့်အခါဝယ် ဤသို့ ကြောက်မက်ဖွယ်သောအသံကို ကြားရပါပြီ၊ တပည့်တော်အား ထိုအသံ

http://www.dhammadownload.com



အတွက် မည်ကဲ့သို့သော အကျိုးအပြစ် ဖြစ်ပေါ်လိမ့်မည်နည်း”ဟု မြတ်စွာဘုရားကို လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားက “မြတ်သောမင်းကြီး ·· မကြောက်လင့်၊ ထိုအသံအတွက် သင့်အား တစုံတခုသော မကောင်းကျိုးမျှ ဖြစ်လိမ့်မည် မဟုတ်ချေ၊ စင်စစ်သော်ကား သင်၏ ဆွေမျိုးဟောင်းများ ပြိတ္တာတို့၌ ဖြစ်ပွါးလျက် ရှိကြသည်။ ထိုသင့်ဆွေမျိုးဟောင်းပြိတ္တာအပေါင်း တို့သည် ဗုဒ္ဓန္တရအသင်္ချေကပ် တကပ်ပတ်လုံး မြတ်စွာဘုရားအား အလှူဒါနကို ပေးပြီးလျှင် ငါတို့အား အမျှခွန်း ညွှန်းပေလိမ့်မည် ဟု သင်မင်းကြီးကိုသာ မြော်ခေါ်တောင့်တကြလျက် လှည့်လည်သွားလာကာ နေကြကုန်၏။ သင်မင်းကြီးသည် ယမန်နေ့က ထို ဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့အား ကောင်းမှုကုသိုလ် အမျှခွန်းကို မညွှန်းမြွက်ခဲ့မိချေ။ ထို့ကြောင့် သင့်ဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့သည် မြော်လင့်ချက်ကင်းပြတ်ကြကာ ထိုသို့သော ကြောက်မက်ဖွယ် အသံကို ပြုကြခြင်း ဖြစ်သည်”ဟု ဖြေကြားတော်မူလေလျှင် ဗိမ္ဗိသာရမင်းကြီးသည် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ယခုတဖန် လှူဒါန်း၍ အမျှခွန်းညွှန်းလျှင် ရကြပါဦးမည်လော”ဟု ထပ်မံမေးလျှောက်ပြန်ရာ မြတ်စွာဘုရားက “အိမ်း.... ရနိုင်ကြ၏ မြတ်သောမင်းကြီး ....” ဟု ဖြေကြားတော်မူလတ်သော် ဗိမ္ဗိသာရမင်းကြီးသည် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... သို့တပြီးကား မြတ်စွာဘုရားသည် ယနေ့ကောင်းမှု ကုသိုလ်အလို့ငှါ တပည့်တော်၏ အလှူဒါနကို လက်ခံတော်မူပါဘုရား၊ ထိုဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့အား ကောင်းမှုကုသိုလ် အမျှခွန်း ညွှန်းပါအံ့”ဟု မြတ်စွာဘုရားကို လျှောက်ထားလေသော် မြတ်စွာဘုရားသည် ထိုဗိမ္ဗိသာရမင်းကြီး ပင့်လျှောက်ချက်ကို ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူလေ၏။

မင်းကြီးသည် ရွှေနန်းတော်သို့ ပြန်သွား၍ ကြီးစွာသော အလှူဒါနကို စီမံပြီးလျှင် မြတ်စွာဘုရားအား အလှူခံကြွရန် အချိန်တန်ကြောင်း ကြားလျှောက်စေလေ၏၊ မြတ်စွာဘုရားသည် ရွှေနန်း

http://www.dhammadownload.com



တော်သို့ ကြွတော်မူ၍ ခင်းထားအပ် မြတ်သောနေရာ၌ ရဟန်း သံဃာအပေါင်းနှင့် အတူတကွ ထိုင်နေတော်မူလေ၏။ ထိုဆွေမျိုး ဟောင်း ပြိတ္တာ အပေါင်းတို့သည်လည်း "ယနေ့တော့ ကုသိုလ် အမျှ ဧကန်ပင် ရကြတော့မည်"ဟု ရှေနန်းတော်သို့ လာရောက် ကြကာ နံရံတဖက် စသည်၌ စောင့်မြော်ရပ်တည်နေကြကုန်၏။

မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ထိုဒုက္ခရောက်နေကြ သည့် ဆွေမျိုးဟောင်း ပြိတ္တာ အပေါင်းတို့ကို မင်းကြီးမြင်နိုင်ရန် စီမံဖန်ဆင်းတော်မူလေသည်။ မင်းကြီး သည် မြတ်စွာဘုရား ရှေ့လက်တော်သို့ ရေစက်လောင်းလှူရင်း "ဣဒံ မေ ဉာတီနံ ဟောတု = ဤရေကြည် ရေစက် အလှူသည် အကျွန်ုပ်၏ ဆွေမျိုး များအတွက် ဖြစ်ပါစေသတည်း"ဟု အမျှခွန်း ညွှန်းလေသော် ထိုခဏ၌ပင် (ဆွေမျိုးပြိတ္တာတို့ ကုသိုလ်အဖို့ ဘာဂ ရရှိကြသဖြင့်) ထိုဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့ သုံးဆောင်ရန် ကြာမျိုး ငါးပါးတို့ဖြင့် အပြည့်ဖုံးအပ်သော ရေကန်များ ဘွားကနဲ ဖြစ်ပေါ် လာကြလေသည်၊ ထိုဆွေမျိုးပြိတ္တာတို့သည် ထိုရေကန်တို့၌ သောက်ကြ ချိုးကြ၍ ပူပန်ခြင်း ပင်ပန်းခြင်း ရေသိပ် (= ရေငတ်) ခြင်း ကင်းကြကာ ရွှေရောင်အဆင်း ဝါဝင်းသော ကိုယ်အဆင်း ရှိကြလေကုန်၏။ မင်းကြီးသည် တဖန် ယာဂုဆွမ်း ခဲဖွယ်ဆွမ်း ဘောဇဉ်ဆွမ်းတို့ကို အစဉ်အတိုင်း ဘုရားအမှူးရှိသော ရဟန်း သံဃာအား လှူဒါန်းဆက်ကပ်၍ အမျှခွန်း ရေးနည်းအတူ ညွှန်း လေသော် ထိုခဏ၌ပင် ထိုဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့ သုံးဆောင်ရန် နတ်၌ဖြစ်သော ယာဂု ခဲဖွယ် ဘောဇဉ်တို့ ထင်ရှား ဖြစ်ပေါ်လာကြလေသည်။ ထိုဆွေမျိုးပြိတ္တာတို့သည် ထိုဒိဗ္ဗယာဂု ခဲဖွယ် ဘောဇဉ်တို့ကို (ရေးကငတ်ခဲ့သမျှ အတိုးချ၍) အားပါးတရ သုံးဆောင် စားသောက်ကြရ၍ ပြည့်ဖြိုးစိုပြေသော မျက်စိ, နား, နှာ, လျှာ, ကိုယ် ဇူန္ဒြေနှင့် ပြည့်စုံခြင်းသို့ ရောက်ကြလေကုန်၏။

ထို့နောက် မင်းကြီးသည် အဝတ်သက်န်း အိပ်ရာနေရာများကို ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းဆက်ကပ်၍ အမျှ ခွန်း ရေးနည်းအတူ ညွှန်းလေသော် ထိုခဏ၌ပင် ထိုဆွေမျိုး

http://www.dhammadownload.com



ပြိတ္တာတို့ သုံးဆောင်ရန် နတ်၌ဖြစ်သော အဝတ်များ,နတ်၌ ဖြစ်သော ယာဉ်များ, နတ်၌ဖြစ်သော ဘုံဗိမာန် ပြာသာဒ်များ, နတ်၌ဖြစ်သော အခင်းအချီ အိပ်ရာနေရာ အဆင်တန်းဆာ အမျိုးမျိုးတို့သည် ဖြစ်ထွန်း ပေါ်ပေါက်၍ လာကုန်၏။ ထိုစည်းစိမ် ချမ်းသာများ အလုံးစုံကို ဗိမ္ဗိသာရမင်းကြီး မြင်နိုင်အောင် မြတ်စွာဘုရားသည် အဓိဋ္ဌာန်တော်မူ၏။ ထိုသို့ အဓိဋ္ဌာန်တော်မူချက်အရ ထိုစည်းစိမ်အလုံးစုံကို ဗိမ္ဗိသာရမင်းကြီးသည် ကောင်းစွာမျက်ဝါး ထင်ထင် တွေ့မြင်ရကား အလွန်လျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိ လေ၏။

(တေ ပေတတ္တဘာဝံ ဝိဇဟိတွာ ဒိဗ္ဗတ္တဘာဝေ သဏ္ဌဟိံသု၊ ဓမ္မပဒအဋ္ဌကထာ အရှင်သာရိပုတ္တရာမထေရ်ဝတ္ထု ပဥ္စမအုပ် စာမျက်နှာ ၆၆-အလိုအားဖြင့် ထို ဆွေမျိုးပြိတ္တာတို့သည် ပြိတ္တာ၏ ကိုယ်အဖြစ်ကို စွန့်၍ နတ်၏ကိုယ်အဖြစ်၌ တည်ကြလေကုန်သည်။)

ထို့နောက် မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးစီး လတ်လျှင် မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးအား အနုမောဒနာတရား ဟောကြားအံ့သော်ငါ—

တိရောကုဋ္ဋေသု တိဋ္ဌန္တိ၊
သန္ဓိသိင်္ဃာဋကေသု စ။
ဒွါရဗာဟာသု တိဋ္ဌန္တိ၊
အာဂန္တွာန သကံ ဃရံ—

အစရှိသော (၁၂) တဆယ့်နှစ်ဂါထာတို့ဖြင့် တန်းဆာဆင်အပ် သည့် ဤ တိရောကုဋ္ဋသုတ္တန် ဒေသနာကို ဟောကြားတော်မူ လေ၏။

(ဤ တိရောကုဋ္ဋသုတ္တန်ကား ခုဒ္ဒကပါဌပါဠိတော်, ပေတဝတ္ထု ပါဠိ တော်တို့၌ လာရှိ၏။ ပါဠိအနက်အကျယ်ကို ထိုခုဒ္ဒကပါဌမြန်မာပြန်, ပေတဝတ္ထု ပါဠိတော်မြန်မာပြန်တို့၌ ကြည့်ရှုမှတ်သားရာ၏။)

http://www.dhammadownload.com



ဤတိရောကုဋ္ဋ သုတ္တန် ဒေသနာနိဂုံး ဆုံးလတ်သော အခါ ဗြိတ္တာဘုံ၌ဖြစ်ရခြင်း၏ အပြစ်ဒေါသကို မြင်လောက် ကြောက်လောက်အောင် မြတ်စွာဘုရား ဟောကြားဖွင့်ပြတော်မူချက်အရ ထိတ်လန့်သံဝေဂ ရရှိကြကာ အသင့်အားဖြင့် အားထုတ်ကျင့်ဆောင်ကြသည့် သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်တို့သည် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလေသည်။

ဒုတိယနေ့၌လည်း မြတ်စွာဘုရားသည် နတ်လူတို့အား ဤ တိရောကုဋ္ဋသုတ္တန်ကိုပင် ဟောကြားတော်မူ၏။ ခုနစ်ရက်မြောက်နေ့တိုင်အောင် ဤနည်းအတူပင် ဟောကြားတော်မူလေရာ ထိုနည်းအတူပင် ရှစ်သောင်း လေးထောင်, ရှစ်သောင်း လေးထောင်စီသော သတ္တဝါတို့ မဂ္ဂါဘိသမယ ကျွတ်တမ်းဝင်ကြလေသည်။

**ဤတွင်ရွေ့ကား မဟာဗုဒ္ဓဝင် ဒုတိယတွဲ တည်း။**

http://www.dhammadownload.com

http://www.dhammadownload.com

## မဟာဝဂ္ဂဋ္ဌကထာ(ဒုတိယတွဲ)

# အနုဒီပနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အကြော်း (၁)၊ ဝါကျန်နှာ (၃)

### ကောလာဟလ ငါးပါးအကြောင်း

ကောလာဟလဟူသည် ဆူတ်ဆူတ်ကျက်ကျက် "ဤသို့ ဖြစ်တော့မည်တဲ့" ဟု မဖြစ်မီကကြိုတင်၍ သတင်းစကား တဦး နှစ်ဦးကစ၍ အများအပြား စုပေါင်းကာ စကားတူ အသံတူ ရှုတ်ရှတ်ရက်ရက် ပြောဆိုကြခြင်းမျိုးကို ဆိုလိုသည်။

ဤအရာတွင် နောက်နောင်အခါ အမှန်မုချ ဖြစ်ပေါ် လာမည်ကို မဖြစ်ပေါ်မီ ဝေးလံစွာသော အချိန်ကာလက ကြိုတင်၍ ရှေ့ပြေးနိမိတ်အနေဖြင့် လူအများ စုရုံးကာ ဆူဆူဆူကျက်ကျက် ပြောဆိုကြခြင်းမျိုးကိုသာ "ကောလာဟလ" ဟူ၍ ဆိုလိုသည်၊ ထိုထိုမြို့ရွာ စသည်တို့၌ ပေါက်တတ်ရာရာ အမှန်လည်းမဖြစ် လာနိုင်ပါပဲလျက် "စကြာမင်း ပေါ်တော့မည်တဲ့" အစရှိသည်ဖြင့် ဆူတ်ဆူတ် ကျက်ကျက် ရှုတ်ရှုတ်ရက်ရက် ပြောဆိုကြခြင်းမျိုးကို ဆိုလိုသည်မဟုတ်။

လောက၌ ကြိုတင်၍ နိမိတ်ရှေ့ပြေးအနေဖြင့် ထို ဆူတ်ဆူတ်ကျက်ကျက် ဖြစ်ခြင်း ကောလာဟလသည်—

(၁) ကပ္ပကောလာဟလ,

(၂) စက္ကဝတ္တိကောလာဟလ,

(၃) ဗုဒ္ဓကောလာဟလ,

(၄) မင်္ဂလကောလာဟလ,

(၅) မောနေယျကောလာဟလ—

ဟူ၍ ငါးမျိုးရှိ၏။ ထို ငါးမျိုးတို့တွင်—

http://www.dhammadownload.com



## ( ၁ ) ကပ္ပကောလာဟလ

ကမ္ဘာကြီး ပျက်တော့မည် ဟု အုတ်အုတ်ကျက်ကျက် ဖြစ်ခြင်းကို **ကပ္ပကောလာဟလ** ဟူ၍ ခေါ်ဆို၏။ ကမ္ဘာပျက်လုနီးလာသောအခါ မပျက်မီ နှစ်ပေါင်းတသိန်းက ကြိုတင်၍ လောကဗျူဟာ အမည်ရှိသော ကာမာဝစရ နတ်တို့သည် နီမြန်းသောအဝတ်တို့ကို ဝတ်ဆင်ကြပြီးလျှင် ဆံပင်ကို ဖားရရား ချကုန်၍ ငိုယိုသောမျက်နှာမှ မျက်ရည်တို့ကို သုတ်ကာသုတ်ကာ အလွန်မသက် သာသော အသွင်အပြင် အခြင်းအရာတို့ဖြင့် လူတို့သွားလာရာ ခရီးလမ်းတို့၌ လှည့်လည်ကြကုန်လျက်—

အချင်းတို့....ဤနှစ်မှစ၍ နောက် အနှစ်တသိန်းလွန်သော အခါ၌ ဤကမ္ဘာလောကကြီးသည် ပျက်စီးပေတော့မည်၊ မဟာသမုဒ္ဒရာသည် လည်း ခန်းခြောက်တော့မည်၊ မဟာပထဝီမြေကြီးသည်၎င်း, မြင်းမိုရ် တောင်မင်းသည်၎င်း ဤအလုံးစုံတို့သည်(မီးပျက်မည့် ကမ္ဘာဖြစ်လျှင်) မီးလောင်၍ ပျက်စီးကုန်လိမ့်မည်၊ (ရေပျက်မည့် ကမ္ဘာဖြစ်လျှင်) ရေလွှမ်းမိုး၍ ပျက်စီးကုန်လိမ့်မည်၊ (လေပျက်မည့် ကမ္ဘာဖြစ်လျှင်) လေပြင်း လေကြမ်းတိုက်ခတ်၍ ပျက်စီးကုန်လိမ့်မည်၊ မြင်းမိုရ်သမုဒ္ဒရာ တို့၏ တည်ရာ ဤမဟာပထဝီမြေကြီးမှသည် ဗြဟ္မာ့ပြည်တိုင်အောင် ဤကမ္ဘာလောကကြီး ပျက်စီးလိမ့်မည်။ အို အချင်းတို့.... သင်တို့သည် မေတ္တာတရားကို ပွါးများကြကုန်လော့၊ ကရုဏာတရားကို ပွါးများကြ ကုန်လော့၊ မုဒိတာတရားကို ပွါးများကြကုန်လော့၊ ဥပေက္ခာဗြဟ္မစိုရ် တရားကို ပွါးများကြကုန်လော့၊ အမိအဖတို့ကို ရိုသေစွာ ပြုစုလုပ်ကျွေး ကြကုန်လော့၊ သက်ကြီးသူအို ရိုသေထိုက်သူကို ရိုသေကြကုန်လော့၊ ကုသိုလ်ကောင်းမှုတို့၌ ဖအစဉ်နိုးကြားကြကုန်လော့၊ မမေ့မလျော့ကြ ကုန်လင့်—

ဟူ၍ အနှံ့အပြား လူအပေါင်းတို့ ကြားသိလောက်အောင် ကြွေးကြော်ကြ ကုန်၏၊ ဤသို့ ကြွေးကြော်ကြသည်ကို အကြောင်းအစပြု၍ "ကမ္ဘာကြီး ပျက်တော့မည်တဲ့.... ကမ္ဘာကြီးပျက်တော့မည်တဲ့" ဟူ၍ လူအများ စုရုံးကာ နေရာအနှံ့အပြား၌ အုတ်အုတ်ကျက်ကျက် ပြောဆိုကြခြင်းကို "ကပ္ပကောလာ- ဟလ" ဟူ၍ ခေါ်ဆို၏။

## ( ၂ ) စက္ကဝတ္တိကောလာဟလ

လူ့ပြည်လောက၌ (အရံကျွန်းငယ်နှစ်ထောင်နှင့်တကွ ကျွန်းကြီးလေးကျွန်း လူ့ပြည်တဝှန်းလုံးကို သိမ်းကျုံးအစိုးရသော "စကြဝတေးမင်း ဖြစ်ပေါ်လာ တော့မည်တဲ့" ဟု လူအပေါင်းတို့ အုတ်အုတ်ကျက်ကျက် ဖြစ်ခြင်းကို **စက္ကဝတ္တိ-**

http://www.dhammadownload.com



ကောလာဟလ ဟူ၍ ခေါ်ဆို၏။ လူ့ပြည်လောက၌ စကြဝတေးမင်း ဖြစ်ပေါ်လာတော့မည်ကို ကြိုတင်သိရှိကြကုန်သော လောကပါလ ကာမာဝစရနတ်တို့သည် စကြဝတေးမင်း မဖြစ်ပေါ်မီ နှစ်ပေါင်းတရာက ကြိုတင်၍ လူတို့သွားလာရာ ခရီးလမ်းမတို့၌ လှည့်လည်ကြကုန်လျက်—

အချင်းတို့....ဤနေ့မှနောက် နှစ်ပေါင်းတရာ စေ့ရောက်သောအခါ ဤလူ့ပြည်လောက၌ စကြဝတေးမင်း ဖြစ်ထွန်း ပေါ်ပေါက်လာလိမ့်မည်—

ဟူ၍ အနှံ့အပြား လူအပေါင်းတို့ ကြားသိလောက်အောင် ကြွေးကြော်ကြကုန်၏၊ ဤသို့ ကြွေးကြော်ကြသည်ကို အကြောင်းအစပြု၍ "စကြဝတေးမင်းပေါ်တော့မည်တဲ့.... စကြဝတေးမင်းပေါ်တော့မည်တဲ့" ဟူ၍ လူအများစုရုံးကာ နေရာအနှံ့အပြား၌ အုတ်အုတ်ကျက်ကျက် ပြောဆိုကြခြင်းကို "စက္ကဝတ္တိကောလာဟလ" ဟူ၍ ခေါ်ဆို၏။

## (၃) ဗုဒ္ဓကောလာဟလ

လူ့ပြည်လောက၌ "ဘုရားပွင့်တော်မူတော့မည်တဲ့" ဟု လူအပေါင်းတို့ အုတ်အုတ်ကျက်ကျက် ဖြစ်ခြင်းကို ဗုဒ္ဓကောလာဟလဟူ၍ ခေါ်ဆို၏။ လူ့ပြည်လောက၌ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား ပွင့်ထွန်းတော်မူလာတော့မည်ကို ကြိုတင်သိရှိကြကုန်သော သုဒ္ဓါဝါသဗြဟ္မာကြီးတို့သည် ကိုယ်၌ ဗြဟ္မာတို့၏ အဝတ်အစားအဆင်တန်းဆာတို့ကို ဝတ်ဆင်ကြကုန်၍ ဦးခေါင်း၌ ဗြဟ္မာတို့၏ မကိုဋ်သရဖူကို ဆောင်းကြကုန်ပြီးလျှင် ကြည်လင်ရွှင်လန်း ဝမ်းမြောက်သော စိတ်ရှိကြလျက် ဘုရားမပွင့်မီ နှစ်ပေါင်းတထောင်ကပင် ကြိုတင်၍ လူတို့သွားလာရာ ခရီးလမ်းမတို့၌ လှည့်လည်ကြကုန်လျက်—

အချင်းတို့....ယနေ့မှနောက် နှစ်ပေါင်းတထောင် စေ့ရောက်သောအခါ ဤလူ့ပြည်လောက၌ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား ထင်ရှားပွင့်ပေါ်တော်မူလိမ့်မည်—

ဟူ၍ အနှံ့အပြား လူအပေါင်းတို့ ကြားသိလောက်အောင် ကြွေးကြော်ကြကုန်၏၊ ဤသို့ ကြွေးကြော်ကြသည်ကို အကြောင်းအစပြု၍ "မြတ်စွာဘုရားပွင့်တော်မူတော့မည်တဲ့.... မြတ်စွာဘုရား ပွင့်တော်မူတော့မည်တဲ့" ဟူ၍ လူအများစုရုံးကာ နေရာအနှံ့အပြား၌ အုတ်အုတ်ကျက်ကျက် ပြောဆိုကြခြင်းကို "ဗုဒ္ဓကောလာဟလ" ဟူ၍ ခေါ်ဆို၏။

(ဤဗုဒ္ဓကောလာဟလအရာ၌ "ဘုရားမပွင့်မီ အနှစ်တထောင်က ကြိုတင်၍ ဗုဒ္ဓကောလာဟလ ဖြစ်ပေါ်လာ၏" ဟူသော စကားကို

http://www.dhammadownload.com



ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏ အသက်တမ်း ခေတ်အားလျော်စွာသာလျှင် မိန့်ဆိုသောစကားဟူ၍ မှတ်သားရာ၏၊ ပွင့်တော်မူကြမည့် ဘုရားရှင် ဟူသမျှ အတွက် အသက်တမ်းခေတ်ကို မငဲ့ပဲ မိန့်ဆိုသော သာမညစကားဟူ၍ မမှတ်သားရာ။ အကြောင်းကိုဆိုသော်....အသက် တမ်းရှည်သောခေတ်၌ပွင့်တော်မူကြသည့် ဒီပင်္ကရမင်းသား, ကောဏ္ဍည မင်းသား, မင်္ဂလမင်းသား-စသည်တို့မှာ ဘုရားဖြစ်ရန် လူ့ပြည်သို့ သက်ဆင်း၍ လူအဖြစ်ဖြင့် မင်း၏ စည်းစိမ် ချမ်းသာကို နှစ်ပေါင်း တသောင်းခန့် ကိုးထောင်ခန့် စသည် ကြာမြင့်အောင် ခံစံပြီးမှ တောထွက်၍ ဒုက္ကရစရိယာကျင့်တော်မူကြကာ ဘုရားဖြစ်တော်မူကြကုန်၏။ ဗုဒ္ဓကောလာဟလမှာလည်း အလိုးစွာ နတ်ပြည်၌ ဖြစ်ပေါ်ပြီးမှ ထို ကောလာဟလအရ စကြဝဠာတိုက်တသောင်းရှိ နတ်ဗြဟ္မာ အပေါင်း တို့ အလောင်းတော်နတ်သားထံ ချဉ်းကပ်တောင်းပန်ကြမြဲဖြစ်၏၊ ထိုသို့ တောင်းပန်၍ အလောင်းတော်နတ်သား၏ဝန်ခံချက်ကိုရမှသာ သုဒ္ဓါ-ဝါသဗြဟ္မာကြီးတို့ လူ့ပြည်လောက၌ လှည့်လည်၍ ကြွေးကြော်ကြခြင်းဖြစ်၏၊ သို့ရကား ဗုဒ္ဓကောလာဟလ လူ့ပြည်လောက၌ ဖြစ်ပေါ်ပြီးသည့်နောက် နှစ်ပေါင်း တထောင်မက ငါးထောင်မက နှစ်ပေါင်း တသောင်းခန့် ကိုးထောင်ခန့် ကြာမြင့်ပြီးမှ သက်တော်ရှည် မြတ်စွာ ဘုရားတို့ ပွင့်တော်မူကြသဖြင့် "ဗုဒ္ဓကောလာဟလ အတွက် အနှစ် တထောင်"ဆိုသောစကားကို ဘုရားရှင်တိုင်းအတွက် မိန့်ဆိုသောစကား ဟူ၍ မမှတ်ယူပဲ ဂေါတမမြတ်စွာဘုရားကဲ့သို့ သက်တမ်း တိုတော်မူကြ သောဘုရားရှင်တို့အတွက်သာ မိန့်ဆိုသောစကားဟူ၍ မှတ်သင့်ပေ၏။)

## (၄) မင်္ဂလကောလာဟလ

မင်္ဂလာတရား၏ သဘောသွား အနက်အဓိပ္ပါယ်ကို အတိအကျအမှန်အတိုင်း မဆုံးဖြတ်နိုင်ကြပဲလျက် သူတမျိုး ငါတမျိုး လူအများစုရုံးကာ ဤအရာကို မင်္ဂလာတရားခေါ်၏၊ ဤအရာကို မင်္ဂလာတရားခေါ်၏ဟူ၍ မိမိတို့ ထင်မြင်ရာကို မင်္ဂလာတရားဟု အသီးသီး ပြောကြားကြကာ "မင်္ဂလာတရားဟူသည် ဤအရာတဲ့"ဟူ၍ အုတ်အုတ်ကျက်ကျက်ဖြစ်ခြင်းကို မင်္ဂလကောလာဟလဟူ၍ ခေါ်ဆို၏၊ ဤလူ့ပြည်လောက၌ မင်္ဂလာတရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူလိမ့်မည်ကို ကြိုတင် သိရှိကြကုန်သော သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့သည် မင်္ဂလာတရားကို လိုလားတောင့်တကြသည့် လူတို့၏ စိတ်အကြံကို သိကြကုန် သဖြင့် မင်္ဂလာတရားကို မြတ်စွာဘုရား မဟောကြားမီ တဆယ့်နှစ်နှစ် ကပင် ကြိုတင်၍ လူတို့သွားလာရာ ခရီးလမ်းမတို့၌ လှည့်လည်ကြကုန်လျက်—

http://www.dhammadownload.com



အချင်းတို့....ယနေ့မှ နောက် တဆယ့်နှစ်နှစ် စေ့ရောက်သောအခါ မင်္ဂလာတရားကို မြတ်စွာဘုရား ဟောကြားတော်မူလိမ့်မည်—

ဟူ၍ အနှံ့အပြား လူအပေါင်းတို့ကြားသိလောက်အောင် ကြွေးကြော်ကြကုန်၏၊ ဤသို့ ကြွေးကြော်ကြသည်ကို အကြောင်းအစပြု၍ မင်္ဂလာတရားနှင့်စပ်၍ လူအများ စုရုံးကာ နေရာအနှံ့အပြား၌ အုတ်အုတ်ကျက်ကျက် ပြောဆိုကြခြင်းကို "မင်္ဂလကောလာဟလ"ဟူ၍ ခေါ်ဆို၏။

## (၅) မောနေယျကောလာဟလ

မောနေယျ အကျင့် ပဋိပတ်နှင့် စပ်၍ အုတ်အုတ်ကျက်ကျက် ဖြစ်ခြင်းကို မောနေယျကောလာဟလဟူ၍ ခေါ်ဆို၏။ (ဤ မောနေယျအကျင့် ပဋိပတ်အကြောင်းအရာ အကျယ် ဝိတ္ထာရကို သံဃရတနာ ထေရာဝင်ကျမ်း နာဠကမထေရ်၏ အပိုင်းအခဏ်း၌ အကျယ်ရေးသား ဖော်ပြထားသည်။) လူ့ပြည်လောက၌ ရဟန်းတပါးသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ မောနေယျအကျင့်ပဋိပတ်ကို မေးလျှောက်လိမ့်မည်ဟု ကြိုတင်သိရှိကြကုန်သော သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့သည် မဟောကြားမီ ခုနစ်နှစ်ကပင် ကြိုတင်၍ ရှေးနည်းအတူ လူတို့သွားလာရာ ခရီးလမ်းမတို့၌ လှည့်လည်ကြကုန်လျက်—

အချင်းတို့....ယနေ့မှ နောက် ခုနစ်နှစ် စေ့ရောက်သောအခါ ရဟန်းတော်တပါး မြတ်စွာဘုရားထံ ချဉ်းကပ်၍ မောနေယျအကျင့် ပဋိပတ်ကို မေးလျှောက်လိမ့်မည်—

ဟူ၍ အနှံ့အပြား လူအပေါင်းတို့ ကြားသိလောက်အောင် ကြွေးကြော်ကြကုန်၏၊ ဤသို့ ကြွေးကြော်ကြသည်ကို အကြောင်းအစပြု၍ မောနေယျအကျင့်ပဋိပတ်ဟူသော စကားကို လူအများ စုရုံးကာ နေရာအနှံ့အပြား၌ အုတ်အုတ်ကျက်ကျက် ပြောဆိုကြခြင်းကို "မောနေယျကောလာဟလ"ဟူ၍ ခေါ်ဆို၏။

ဤကား ကောလာဟလ ငါးမျိုးတို့တည်း၊ ဤကောလာဟလများအကြောင်းကို ဗုဒ္ဓဝင်အဋ္ဌကထာ ဇာတကအဋ္ဌကထာ ကောသလသံယုတ်အဋ္ဌကထာ ခုဒ္ဒကပါဌအဋ္ဌကထာ သုတ္တနိပါတအဋ္ဌကထာ ဇိနာလင်္ကာရဋီကာတို့၌ ဖွင့်ဆိုအပ်၏။

ကောလာဟလ ငါးပါးအကြောင်း ပြီး၏။

မဟာဗုဒ္ဓဝင် ၂-၄၀

http://www.dhammadownload.com



အခန်း(၁)၊ စာမျက်နှာ (၄)

နတ်တို့ စုတေခါနီး၌ ထင်လာသော ပုဗ္ဗနိမိတ်ငါးပါး

ပုဗ္ဗနိမိတ် ငါးပါးတို့ဟူသည်မှာ—

(၁) နတ်ပန်းတို့ ညှိုးနွမ်းခြင်း၊

(၂) နတ်ဝတ်တန်းဆာတို့ ညစ်နွမ်းခြင်း၊

(၃) လက်ကတီးကြား(=ချိုင်းကြား)တို့မှ ချွေးယိုခြင်း၊

(၄) ရုပ်ရည်အဆင်း ဖောက်ပြန်ခြင်း၊

(၅) မိမိနေရာ နတ်ဘုံဗိမာန်၌ မမွေ့လျော် မပျော်ပိုက်ခြင်း—

ဤငါးမျိုးတို့ပင်တည်း။ ထိုငါးမျိုးတို့တွင်—

(၁) နတ်ပန်းတို့ညှိုးနွမ်းခြင်းဟူသည်ကား....ထိုနတ်ဘဝပဋိသန္ဓေယူသော နေ့(နတ်ဖြစ်သောနေ့)၌ အဆင်တန်းဆာ ဖြစ်လာခဲ့ကုန်သော နတ်ပန်းတို့ညှိုးနွမ်းလာရခြင်းကို ဆိုလိုသည်။ ထိုနတ်ပန်းတို့သည် နတ်ဘဝကို ရသည်နှင့်တပြိုင်နက် ထိုနတ်တို့၏ကိုယ်၌ အသင့် ဖြစ်ပေါ်ပါရှိလာကြပြီးလျှင် နတ်သက်တမ်းတလျှောက်လုံး နတ်တဘဝလုံးတွင် မည်သည့်အခါမှာမှ မညှိုးနွမ်းခဲ့ပဲ အမြဲအစဉ်ပင် လန်းဆန်းလတ်ဆတ်ခဲ့၍ ထိုနတ်ဘဝက စုတေခါနီးကာလ လူတို့၏ အရေအတွက်အားဖြင့် ခုနစ်ရက်မျှသာ အသက်ကြွင်းကျန်တော့သည့်အခါမှာ ညှိုးနွမ်းလာကုန်သည်။ (အလောင်းတော် သေတကေတု နတ်သားမှာလည်း တုသိတာနတ်များ အသက်တမ်းတလျှောက်လုံး (လူတို့ အရေအတွက်အားဖြင့် နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်း ကာလပတ်လုံး) ထိုနတ်ပန်းများ ထရံတခါမျှ မညှိုးနွမ်းခဲ့ဘူးပဲ ထိုနတ်ဘဝက စုတေခါနီး လူတို့အရေအတွက် ခုနစ်ရက်အလိုမှာ ညှိုးနွမ်းလာကြသည်။)

(၂) နတ်ဝတ်တန်းဆာတို့ ညစ်နွမ်းခြင်းဟု ဆိုရာ၌လည်း ရှေးနည်းအတိုင်းပင် နတ်သက်တမ်းတလျှောက်လုံး နတ်တဘဝလုံးတွင် မည်သည့်အခါမှာမှ နတ်ဝတ်တန်းဆာများ မညစ်နွမ်းခဲ့ပဲ စုတေခါနီး ခုနစ်ရက်အလိုမှာမှ ထိတ်လန့်ဖွယ်ရာ ညစ်နွမ်းလာကြသည်။

(၃) လက်ကတီးကြား(=ချိုင်းကြား)တို့မှ ချွေးယိုခြင်းဟု ဆိုရာ၌ ထိုနတ်ပြည်ဝယ် လူ့ပြည်မှာကဲ့သို့ ဥတုဖောက်ပြန် ပြင်းထန်သော ပူအိုက်ခြင်း ချမ်းအေးခြင်း အလျှင်းမရှိခဲ့ဘူးသော်လည်း စုတေခါနီး၌ ခုနစ်ရက်အလိုမှာမှ ကိုယ်အင်္ဂါအစိတ်အပိုင်း(အထူးသဖြင့် ချိုင်းကြား)တို့မှ ချွေးလုံးချွေးပေါက်များ ယိုစီးကျဆင်းလာကြသည်။

http://www.dhammadownload.com



(၄) ရုပ်ရည်အဆင်း ဖောက်ပြန်ခြင်းဟု ဆိုရာမှာလည်း ထိုနတ်တို့အား မိမိတို့၏ နတ်သက်တမ်းတလျှောက်လုံး နတ်တဘဝလုံးတွင် တရံတခါမျှ သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်လိပ်ခြင်းစသော အိုမင်းရင့်ရော်ဟန် ဖောက်ပြန်ချွတ်ယွင်း အဆင်းယုတ်လျော့မှု တစုံတရာ မဖြစ်လာ မထင်လာခဲ့ဘူးပဲ အမြဲအားဖြင့် နတ်သမီးတို့မှာ အသက်တဆယ့်ခြောက်နှစ်အရွယ် နတ်သားတို့မှာ အသက်နှစ်ဆယ်အရွယ် ပမာဏ၌သာ တည်နေကြကုန်သည်၊ ဤသို့ နတ်သား နတ်သမီးတို့မှာ ကြီးစွာသော ကုသိုလ်ကောင်းမှုကြောင့် ရွှင်ချင်စဖွယ် နုနယ်ပျိုမျစ်၍ အသစ်စက်စက် တလက်လက်တဝင်းဝင်း အဆင်းအရောင် တောက်ပြောင်လှပနေကြသည်ဖြစ်လျက် နတ်သက်လျှောကြွေ စုတေခါနီးအချိန်သို့ ရောက်သောအခါ သွေ့ခြောက်ညစ်နွမ်းလျက် ပင်ပန်းညှိုးလျသော ကိုယ်အတ္တဘောအနေဖြင့် ရုပ်ရည်အဆင်း ဖောက်ပြန်ခြင်းဖြစ်၍ လာရလေသည်။

(၅) မိမိနေရာ နတ်ဘုံဗိမာန်၌ မမွေ့လျော် မပျော်ပိုက်ခြင်းဟု ဆိုရာမှာလည်း ထိုနတ်တို့သည် နတ်သက်တမ်းတလျှောက်လုံး နတ်တဘဝလုံးတွင် မိမိတို့ နတ်ဘုံဗိမာန်၌ မမွေ့လျော် မနှစ်ခြိုက် မပျော်ပိုက်ခြင်း အလျင်းမရှိခဲ့ဘူးပဲ စုတေလုနီးခါမှ မိမိတို့နေရာ နတ်ဘုံဗိမာန်၌ မမွေ့လျော် မနှစ်ခြိုက် မပျော်ပိုက်နိုင်ခြင်း ဖြစ်ပေါ်လာရလေသည်။

### ပုဗ္ဗနိမိတ်ငါးပါး နတ်တိုင်းလည်း မဖြစ်

ဤဆိုအပ်ပြီးသောအတိုင်း စုတေခါနီးဝယ် ပုဗ္ဗနိမိတ်ငါးမျိုးတို့ ဖြစ်ပေါ်လာကြသည်ဆိုသော်လည်း နတ်တိုင်းနတ်တိုင်းမှာပင် ဖြစ်သည်ဟူ၍ မမှတ်ယူရ၊ လူ့ပြည်လောက၌ ဘုန်းတန်ခိုးကြီးမားကြသော မင်းမှူးမတ်စသည်တို့အတွက်သာလျှင် စုတေခါနီး၌ ဥက္ကာကျခြင်း၊ မြေလှုပ်ခြင်း၊ လ-နေကြတ်ခြင်းစသော နိမိတ်တို့ ဖြစ်ပေါ်ကုန်သကဲ့သို့ ထိုအတူ နတ်ပြည်၌လည်း တန်ခိုးဘုန်းကံ တက်သန်ကြီးမားသော နတ်သား နတ်သမီးတို့မှာသာလျှင် ဤပုဗ္ဗနိမိတ်ငါးမျိုးတို့ ဖြစ်ပေါ်ကြသည်။ တန်ခိုးဘုန်းကံ သေးငယ်သော နတ်တို့မှာကား ဤနိမိတ်ငါးပါးတို့ မဖြစ်ပေါ်ကြချေ။

ထိုသို့ ဖြစ်ပေါ်လာသော ပုဗ္ဗနိမိတ်ငါးပါးတို့၏ အကျိုးအပြစ်များကိုလည်း လူ့ပြည်၌ ပုဗ္ဗနိမိတ်တို့၏ အကျိုးအပြစ်များကို နိမိတ်ဖတ်ဆရာ ပညာရှိတို့သာ သိကြသကဲ့သို့ ပညာရှိသောနတ်တို့သာလျှင် သိကြကုန်၏၊ ပညာမရှိသော နတ်တို့ မသိကြကုန်။

ထိုသို့ စုတေရန် ပုဗ္ဗနိမိတ်များ ထင်လာသောအခါ ကုသိုလ်အား နည်းပါးကြသော နတ်တို့သည် "ယခု ဘယ်ဘုံမှာ ဖြစ်လိမ့်မည်ဟု ဘယ်သူသိအံ့နည်း"ဟု ပြင်းထန်စွာ ကြောက်၍ တုန်လှုပ်ကြကုန်၏။ ကုသိုလ်အား ကြီးမားကြသော

http://www.dhammadownload.com



နတ်တို့သည်ကား "ငါတို့သည် ပေးလှူခဲ့သောအလှူဒါန စောင့်ရှောက်ခဲ့သော ဥပုသ်သီလ ပွါးများခဲ့သော ဘာဝနာကောင်းမှု ကုသိုလ်ကို အကြောင်းပြု၍ အထက်နတ်ပြည်တို့၌ စည်းစိမ်ကို ခံစားကြရကုန်လတ့်"ဟု အောက်မေ့ကြကာ ကြောက်ရွံ့ခြင်း အလျှင်းမရှိကြကုန်။ ·(သုတ်မဟာဝါ မဟာပဒါနသုတ်အဋ္ဌကထာ ဒီ-ဋ္ဌ ၂-၂၁-မှ)။

**အခဏ်း(၁)၊ စာမျက်နှာ(၁၄)**

**ဒုတိယအရွယ်၌ ပဋိသန္ဓေယူခြင်းအကြောင်း**

အဘယ့်ကြောင့် ဒုတိယအရွယ်၏ တတိယအသက်ပိုင်းကျမှ အလောင်းတော် ပဋိသန္ဓေကို မယ်တော်မာယာ ယူရသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား.... ပဌမအရွယ်၌ တည်နေဆဲသတ္တဝါတို့၏ ကိုယ်အတ္တဘော၌ ဆန္ဒရာဂတဏှာ ပြင်းထန်ထက်သန်အားကြီးမြဲဖြစ်သည်၊ ထို့ကြောင့်ပင် ထိုပဌမအရွယ်၌ ကိုယ်ဝန် ပဋိသန္ဓေ စွဲကပ်လာသော မိန်းမတို့သည် မိမိတို့၏ ကိုယ်ဝန်ကို အန္တရာယ်ကင်းအောင် မစောင့်ရှောက်နိုင်ကြကုန်၊ မထိန်းသိမ်းနိုင်ကြကုန်သည်သာ များလှ၏။ ထို့ကြောင့် ထိုမိန်းမတို့၏ ကိုယ်ဝန်သည်လည်း ရောဂါအနာ များပြားထူပြော၏။

မဇ္ဈိမဝယ-ဟု ခေါ်ဆိုသော ဒုတိယအရွယ်=အသက်တမ်း၏ သုံးပုံတပုံဖြစ်သော အလယ်ပိုင်းကို သုံးပိုင်းပိုင်းပြန်၍ နှစ်စိတ်နှစ်ပိုင်းကို လွန်ကာ တတိယအစိတ်အပိုင်းသို့ ရောက်သောအခါတွင်မူကား ထိုမိန်းမတို့၏ ဂဗ္ဘာသယခေါ် ကိုယ်ဝန်တည်ရာ သားအိမ်ဝမ်းတိုက်သည် သန့်ရှင်းစင်ကြယ်၏၊ သန့်ရှင်းစင်ကြယ်သော ဝမ်းတိုက်၌ ဖြစ်ရသော သားငယ်တို့သည် အနာရောဂါကင်းရှင်းကြကုန်၏။

ပစ္ဆိမဘဝသား ဘုရားအလောင်းတော်၏ မယ်တော်မည်သည် ပဌမအရွယ်၌ စည်းစိမ်ချမ်းသာကို ခံစားစံစား၍ မဇ္ဈိမအရွယ်၏ တတိယပိုင်း၌ အလောင်းတော်သားကို ဖွားမြင်ပြီးလျှင် စုတေရမြဲဓမ္မတာဖြစ်သည်။ (အလောင်းတော်ကို ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက်၌ မယ်တော်နတ်ရွာစံခြင်းမှာလည်း ဓမ္မတာပင် ဖြစ်ချေသည်၊ သားတော်ကို ဖွားမြင်ရခြင်းကြောင့် မဟုတ်၊ စင်စစ်သော်ကား အလောင်းတော်နတ်သား၏ ကြည့်ခြင်းကြီးငါးပါးအခဏ်းတွင် မယ်တော်၏ အသက်ပိုင်းကို ကြည့်ရှုရာ၌ အလောင်းတော် ပဋိသန္ဓေ တည်နေသည်မှ နောက် ဆယ်လနှင့် ခုနစ်ရက် မယ်တော်အသက်ကြွင်းရှိသည်ကို မြင်မှသာ အလောင်းတော်နတ်သားသည် စုတေမြဲ ဖြစ်သည်။ ဤအကြောင်းအရာကို ဆင်ခြင်သောအားဖြင့် အလောင်းတော် ပဋိသန္ဓေ မနေမီကပင် မယ်တော်၏ အသက်ကြွင်း ဆယ်လနှင့်ခုနစ်ရက်သာ ရှိတော့သည်ကို သတိပြု၍ အလောင်း

http://www.dhammadownload.com



တော်ကို ဖွားမြင်ရခြင်းကြောင့် မယ်တော်နတ်ရွာစံခြင်း မဟုတ်၊ အချိန်စေ့ရောက်၍သာ မယ်တော်နတ်ရွာစံခြင်းဖြစ်သည်ဟု ယုံမှားမရှိ မှတ်ယူရာ၏)။ (ဒီ-ဋ္ဌ ၂-၂၉-စသည်မှ)။

**အခဏ်း (၁)၊ စာမျက်နှာ (၃၂)**

မဟာမာယာဒေဝီမိဖုရားကို ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်သို့ ပို့ဆောင်သောအခဏ်း၌—

(ဒေဝဒဟပြည်နှင့်ကပိလဝတ်၏အကြား ငါးယူဇနာရှိသော်အရပ်ကို ခတ်အပ်သောတလင်းအသွင် သန့်စင်စွာ ညီညွတ်စေ၍)—

ဟု ဇိနတ္ထပကာသနီကျမ်း၌ ရေးသား၏။

တထာဂတဉဒါနဒီပနီကျမ်း၌ကား (ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်တိုင် ယူဇနာသုံးဆယ်ရှိသောခရီးကို ညီညွတ်လုအောင် တူးဆွခဲ့ထွင်ဖို့ပြင်စေ၍)—

ဟု ရေးသား၏၊ ရေးသားပုံချင်း မတူကြ။

ဤ မဟာဗုဒ္ဓဝင်ကျမ်း၌ကား ဗုဒ္ဓဝင်အဋ္ဌကထာ ဇာတ်အဋ္ဌကထာတို့၌ ခရီးအဝေးအကွာကို မဖွင့်ဆိုပဲ ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်တိုင်အောင် ခရီးလမ်းကို ညီညွတ်အောင်ပြုပြင်စေကြောင်း သာမညသာ ဖွင့်ဆိုသဖြင့် ထိုအဋ္ဌကထာတို့ ဖွင့်ဆိုသည့်အတိုင်း ရေးသားခြင်းဖြစ်သည်။

မဟာမာယာဒေဝီ စီးနင်းလိုက်ပါသော ယာဉ်ကိုလည်း ဤမဟာဗုဒ္ဓဝင်ကျမ်း၌ ဇာတ်အဋ္ဌကထာ ဗုဒ္ဓဝင်အဋ္ဌကထာတို့ ဖွင့်ဆိုသည့်အတိုင်း ရွှေထမ်းစင်ကို စီးနင်းလိုက်ပါကြောင်းရေးသားခဲ့ပေသည်။(ထိုရွှေထမ်းစင်ကို လူတထောင်မည်သို့ မြောက်ချီထမ်းဆောင်မည်နည်း ဟူ၍ကား သံသယ မဖြစ်သင့်ပေ။ အကြောင်းမှာ.... "အလောင်းတော်မင်းသားကို နို့ထိန်းနှစ်ရာ့လေးကျိပ်တို့က နို့တိုက် ထိန်းပိုက်ရ၏" ဟု ဆိုရာ၌ကဲ့သို့ အလှည့်ကျထမ်းဆောင်ရသည် ဖြစ်နိုင်သောကြောင့်တည်း၊ တနည်း ရွှေထမ်းစင်ကို ရှည်လျားစွာ တပ်ဆင်ဖွဲ့နှောင်ထားသော စန္ဒားယများကြိုးစသည်ဖြင့် တပြိုင်နက် ဆောင်ယူမည်ဆိုကလည်း ဆောင်ယူနိုင်ဖွယ်ရှိသောကြောင့်တည်း)။

တထာဂတဉဒါနဒီပနီကျမ်း ပဌမတွဲ စာမျက်နှာ (၁၀၆) (၁၀၇) တို့၌ကား—

(ယူဇနာသုံးဆယ် ခရီးလမ်းတလျှောက်လုံးကို ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်မွမ်းမံလျက် တန်းဆာဆင်ယင်စေပြီးလျှင် တိမ်တိုက်မှလာ

http://www.dhammadownload.com



သော ဝလာဟကသိန္ဓောမျိုးဖြစ်ကုန်သော ကြာဖြူအဆင်းရှိကုန်သော မြင်းဖြူကြီးရှစ်စီးတို့ က-သော ရထားယာဉ်ဗိမာန်၌ သုဒ္ဓေါဒနမင်းကြီးနှင့်အတူ စီးတော်မူလျက် ယူဇနာခွဲခရီးသို့တိုင်အောင်လိုက်၍ ပို့တော်မူပြီးသော် တဦးကိုတဦး ကန်တော့နှစ်သိမ့်စေကြ၍ မင်းကြီးပြန်လည်လာခဲ့ကြောင်း) နှင့် (ထိုမြင်းဖြူကြီး ရှစ်စီးတို့ကလည်းငါတို့သည် ဤဆိုဘုရားအလောင်းတော် ကိုယ်ဝန်ဆောင်သော မယ်တော်မဟာမာယာကို ဤသို့ ရှန်းဆောင် ထမ်းပိုရသဖြင့် နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်ကောင်းဖြစ်ကြကုန်လတံ့-ဟု အောက်မေ့စဉ်းစား နှလုံးထားကြကုန်၍ ဝမ်းမြောက်ဝမ်းသာ ရွှင်မြူးစွာ ရှန်းဆောင်ကြကုန်၏) အစရှိသည်ဖြင့်—

ထူးထွေဆန်းပြား ခမ်းနားကျယ်ဝန်းစွာ ရေးသားပြဆိုထားသည်။ ဗုဒ္ဓဝင်အဋ္ဌကထာ ဇာတ်အဋ္ဌကထာ ဇိနာလင်္ကာရဋီကာတို့၌ကား ထိုကဲ့သို့ မပြဆိုကြ၊ ရွှေထမ်းစင်ဖြင့်သာ ကြွချီကြောင်း ဖွင့်ပြကြသဖြင့် ထိုအဋ္ဌကထာ ဋီကာတို့ဖွင့်ဆိုသည့်အတိုင်း ဤမဟာဗုဒ္ဓဝင်၌ ရေးသားခဲ့ပေသည်။

လုမ္ဗိနီအင်ကြင်းတောအကြောင်း ခေါင်းစဉ်ပါ စကားရပ်စု၌ ဇာတ်အဋ္ဌကထာ၏ ဖွင့်ပြပုံနှင့် ဗုဒ္ဓဝင်အဋ္ဌကထာ၏ ဖွင့်ပြပုံစကားနှစ်ရပ် ခွဲခြားဖော်ပြခဲ့ရာ ဗုဒ္ဓဝင်အဋ္ဌကထာဖွင့်ပြပုံဖြစ်သည့် နောက်စကားရပ်၌ ( ) ကွင်း အတွင်းရှိ "ထိုပန်းနံ့ဝတ်ရည်တို့ကို ခံစားသွားလာပျံဝဲလျက်ရှိကြကုန်သော သူတပါးအဖို့ကိုပါ ဆောင်ယူတတ်သော" ဟူသောစကားရပ်မှာ ငါးခုန်ဆရာတော်၏ ဗုဒ္ဓဝင်အတိုင်း ရေးသားဖော်ပြခဲ့ခြင်းဖြစ်ပေသည်။ ထိုဆရာတော်၏ လက်ကိုင် ဗုဒ္ဓဝင်အဋ္ဌကထာ၌ "အနုဘုတ္တသဉ္ဇာရဟိ" ဟူ၍ ပါဠိနေ ရှိဟန်တူ၏။ ယနေ့လက်ရှိဖြစ်သည့် ဗုဒ္ဓဝင်အဋ္ဌကထာ ရှေးမူ ဆဋ္ဌမူ စာအုပ်တို့၌ကား "အနုဘုတ္တပဥ္စရဟိ" ဟူ၍ရှိသည်။ ဤစာအုပ်မူများအရ "ပဥ္စရ" သဒ္ဒါ၏အနက်ကို ရှာကြံသော် လှောင်အိမ် (ချိုင့်) ဟောကြောင်း အဘိဓာန်တို့၌ ဆို၏။ ယခုနေရာနှင့် လှောင်အိမ် (ချိုင့်) ကား မလျော်လှပေ။ ဤအချက်ကို ဖြေကျေနပ်နိုင်၍—

သီဟိုဠ်မူ အဋ္ဌကထာကို ရှာဖွေကြည့်ရှုရာ ထိုသီဟိုဠ်မူအဋ္ဌကထာ၌ "ဘုတ္တသဉ္စာရဟိ" ဟူ၍ ပါဠိရှိနေသည်။ ဤသီဟိုဠ်မူအရ ဘုတ္တ-သဒ္ဒါ သစ်ပင်ဟော၊ သဉ္စာရ-သဒ္ဒါ လှည့်လည်ပျံဝဲခြင်း ဟောဖြစ်၍ (သစ်ပင်ကြီးငယ်တို့၌ လှည့်လည်ပျံဝဲကြကုန်သော) ဟူ၍ မြန်မာပြန်ဆိုရပေမည်။

တဖန် "ပရဘာတမဓုကရဝဏ္ဏဟိ" ဟူသော ပါဠိကို ငါးခုန်ဆရာတော်၏မူ ဗုဒ္ဓဝင်၌ "သူတပါးအဖို့ကိုပါ ဆောင်ယူတတ်သော ပျားပိတုန်းမတို့ဖြင့်" ဟူ၍ အနက်မြန်မာပြန်ဆိုထားသည်။ ပရဘာတ-သဒ္ဒါ ဥဩငှက်ဟော အဘိဓာန်လာ

http://www.dhammadownload.com



သော်လည်း ဤ၌ ထိုအနက်ကို မလိုအပ်ပေ၊ အရာမဟုတ်ပေ၊ ထို့ကြောင့်ပင် ငါးခုန်ဆရာတော်က သင့်လျော်အောင် သူတပါးအဖို့ကိုပါ ဆောင်ယူတတ်သော ဟူ၍ ပြန်ခဲ့ခြင်း ဖြစ်ပေသည်။ ဤအရာ၌ အသင့်ယုတ္တိရှိလောက်သော မြန်မာပြန်အနက်ကို စဉ်းစားဆင်ခြင်ရာတွင် ပျားနှင့်စပ်သည့်အကြောင်းအရာများ၌ (၁) အရပ်လေးမျက်နှာမှ ရရာ ဝတ်ရည်အမျိုးမျိုးကို ဆောင်ယူတတ်သော ဝတ်ရည်ဆောင်ပျား၊ (၂) ထိုဝတ်ရည်ဆောင်ပျားများ ဆောင်ယူခဲ့သမျှ အရသာအမျိုးမျိုးပါရှိသော ဝတ်ရည်အမျိုးမျိုးတို့ကို ပျားအုံမှ စောင့်နေကြကာ ချိုမြိန်သောအရသာရှိသည့် ပျားရည်ဖြစ်အောင် ပြုလုပ်တတ်သော အရည်ပြုပျားမများ·စသည်ဖြင့် ပျားကောင်တို့မှာ အလုပ်ကိစ္စအလိုက် အထူးထူး ရှိကြောင်း မှတ်သားဖတ်ကြားရဘူးသည်။ ဤဗုဒ္ဓဝင်အဋ္ဌကထာ၌ (၂)အမှတ်ပါ အရည်ပြုပျားမတို့ကို ဖွင့်ဆိုလိုရိပ်ရှိပေ၏၊ ထို့ကြောင့် ပရဘတမဓုကရဝဓူဟိ ကို "တပါးသော(ဝတ်ရည်ဆောင်)ပျားတို့ ဆောင်ယူအပ်သမျှသော ဝတ်ရည် အမျိုးမျိုးကို ပျားရည်ဖြစ်အောင်ပြုလုပ်တတ်သည့်(အရည်ပြု)ပျားမတို့သည်" ဟု အနက်ပြန်၍ ထိုကွင်းအတွင်း စကားရပ်ကို—

> (သစ်ပင်ကြီးငယ်တို့၌ လှည့်လည်ပျံဝဲကြကုန်သော, ဝတ်ရည်ဆောင် ပျားတို့ ဆောင်ယူခဲ့သမျှသော ဝတ်ရည်အမျိုးမျိုးကို ချိုမြိန်သော အရသာရှိသည့် ပျားရည်ဖြစ်အောင် ပြုလုပ်တတ်ကြသော အရည်ပြု ပျားမတို့သည်)—

ဟူ၍ မြန်မာစကားပြေ ပြန်ဆိုမှ အသင့်ယုတ္တိရှိပေမည်။

**အခန်း (၁)၊ စာမျက်နှာ (၃၆)**

ဘုရားအလောင်းတော်ကို ဖွားမြင်ခန်း၌ တထာဂတဉဒါနဒီပနီ·စသော မြန်မာဗုဒ္ဓဝင်ကျမ်းအချို့၌ "မဟာမာယာဒေဝီမိဖုရား သားတော်ကို ဖွားမြင် လုလု နီးကပ်လာသောအချိန်မှာ ညီမတော် ပဇာပတိဂေါတမီက လက်ဝဲဖက်မှ နေ၍ မှီတွဲဖေးမပေးရကြောင်း၊ ကိုယ်လုပ်မောင်းမတို့၏ ဝိုင်းဝန်းကူညီမှုကို ရယူ၍ ဖွားမြင်ရကြောင်း" အနေဖြင့် ရေးသားဖော်ပြကြကုန်၏။ ဗုဒ္ဓဝင် အဋ္ဌကထာ ဇာတ်အဋ္ဌကထာ ဇိနာလင်္ကာရဋီကာတို့၌ကား ဖွားမြင်ရန်အချိန် နီးကပ်၍ ကမ္မဇလေများ လှုပ်ရှားလာသောအခါ မဟာမာယာနှင့်အတူပါလာသူ လူတို့က မဟာမာယာအား တင်းထိမ်ကန့်လန့်ကာကို ဝန်းပတ်ကာရံပေးကြ ပြီးလျှင် ထိုလူတို့သည် မဟာမာယာ၏အနီးအပါးမှ ဖဲခွါနေကြကြောင်း၊ ထိုသို့ ဖဲခွါစဉ်မှာပင် အလောင်းတော်ကို ဖွားမြင်ကြောင်း ဖွင့်ဆိုသောကြောင့် ထို အဋ္ဌကထာ ဋီကာတို့ ဖွင့်ဆိုသည့်အတိုင်းသာ ဤမဟာဗုဒ္ဓဝင်ကျမ်း၌ ရေးသား ခဲ့ပေသည်။

http://www.dhammadownload.com



ဘုရားအလောင်းတော် ဖွားမြင်ခြင်းကို ပြဆိုသောစကားအစဉ်၌ ဖွားမြင်ပြီးလျှင်ပြီးခြင်းပင် ရေအေးရေနွေးတို့ဖြင့် အအေးအပူ ဥတုမျှတအောင် ယူစေကြောင်း ရေးသားခဲ့သည်ကား မဟာပဒါနသုတ်ပါဠိတော် ဗုဒ္ဓဝင်အဋ္ဌကထာ ဇာတ်အဋ္ဌကထာတို့၌ ဖွင့်ဆိုသော စကားအစဉ်အတိုင်း ရေးသားခြင်း ဖြစ်၏။

သုတ်မဟာဝါအဋ္ဌကထာတို့၌ အထူးဖွင့်ပြသည်ကား–"ထိုရေအယဉ်နှစ်မျိုးတို့တွင် ရေအေးအယဉ်သည် ရွှေဖျဉ်း၌ ကျရောက်၏၊ ရေနွေးအယဉ်ကား ငွေဖျဉ်း၌ ကျရောက်၏၊ ဤကောင်းကင်မှ ကျရောက်လာသော ရေအေး ရေနွေး ရေအယဉ်အစုံကိုလည်း မြေအပြင်၌ တစုံတခုသော အညစ်အကြေးဖြင့် မရောယှက်သည့် သားတော်နှင့် မယ်တော်တို့အတွက် သောက်သုံးရန် ရေကိုရင်း, သူတပါးတို့နှင့် မဆက်ဆံသော ကစားမြူးထူးရန် ရေကိုရင်း ပြဆိုခြင်းငှါ ဟောတော်မူအပ်သည်။ ထိုကောင်းကင်မှကျသော ရေအေးရေနွေးတို့မှတပါး ရွှေအိုး ငွေအိုးတို့ဖြင့် သယ်ခပ်အပ်သောရေ, ဟံသဝတ္တကရေကန် စသည်၌ရှိသော ရေတို့၏အပိုင်းအခြားကား မရှိ၊ များပြားလှ၏"ဟူ၍ ဖြစ်သည်။ အထူးမှတ်သားရန် ဖြစ်သည်။

**တခဏ်း (၁)၊ စာမျက်နှာ (၅၇)**

**ကာဠုဒေဝိလ ရှင်ရသေ့အကြောင်း**

(ဤရှင်ရသေ့၏အမည်ကို သီဟိုဠ်မူ၌ ဒေဝလရသေ့ဟု ဖွင့်ဆို၏၊ မြန်မာမူ၌ ဒေဝိလရှင်ရသေ့ဟု ဖွင့်ဆို၏။) ထိုဒေဝိလရှင်ရသေ့၏ အကြောင်းအရာကို သုတ္တနိပါတအဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ ၂၁၃-မှ ယူဆောင်၍ ပြဆိုပေအံ့။

ဤဒေဝိလရသေ့သည်ကား သုဒ္ဓေါဒနမင်းကြီး၏ ခမည်းတော် ကပိလဝတ်ပြည်ရှင် ဘုရင်သီဟဟနုမင်းကြီး၏ ဆရာပုရောဟိတ်ပုဏ္ဏား ဖြစ်ခဲ့၏။ ကိုယ်ရေအသင်းမည်းနက်သည်ဖြစ်၍ ထိုရသေ့၏အမည်ကို အသိတ-ဟူ၍လည်း ခေါ်ဝေါ်ကြ၏။ သီဟဟနုမင်းကြီး၌ ဆိုက်ရောက်ကြုံတွေ့လာသမျှသော တိုင်းရေးပြည်ရေး မင်းရေး စိုးရေး အစရှိသည့် အရေးအရာခပ်သိမ်းတို့ကို ပြေငြိမ်းကုန်စင်အောင် ကြံဆောင်ညွှန်ပြ အမှုတော်ထမ်းရွက်ရသော မင်းဆရာ ပညာရှိအမတ်ကြီး ဖြစ်ပေ၏။

သီဟဟနုမင်းကြီး ထီးနန်းအုပ်စိုးစဉ် သားတော်သုဒ္ဓေါဒနမင်းသား အဘိသိက်မခံရသေးမီ မင်းသားအဖြစ်ဖြင့် အိမ်နိမ့်စံစဉ်ကာလကပင် ထိုသုဒ္ဓေါဒနမင်းသားအား မင်းလိုက် စိုးသုံး ထုံးပုံနည်းနာ အဖြာဖြာတို့နှင့်တကွ သိပ္ပပညာအလိမ္မာ အရည်အသွေးတို့ကို သင်ကြားပြသပေးရသော အကြီးတော် ဆရာလည်း ဖြစ်ပေသည်။

http://www.dhammadownload.com



သီဟဟနုမင်းကြီးနောက် သားတော်သုဒ္ဓေါဒနမင်းသားက ဆက်လက်၍ ခမည်းတော်၏အရိုက်အရာ ကပိလဝတ်ပြည်ထီးနန်းကို သိမ်းမြန်းစိုးစံ အဘိသိက် ခံယူပြီးသော အခါ၌လည်း ထို(အသိတပုဏ္ဏား) ပုရောဟိတ်ပေါင်းသည်ပင် သုဒ္ဓေါဒနမင်း၏ ဆရာပုရောဟိတ် ဖြစ်ရပြန်၏။

ယင်းသို့ သုဒ္ဓေါဒနမင်းသား ထီးနန်းစိုးစံ အဘိသိက်ခံပြီးသောအခါ၌ ငယ်ဆရာဖြစ်ခဲ့သော ထို(အသိတပုဏ္ဏား)ပုရောဟိတ်ကို သုဒ္ဓေါဒနမင်းကြီးက မိမိငယ်ရွယ်စဉ် မင်းသားဘဝကကဲ့သို့ ညွတ်ညွတ်ပျပျ ဂါရဝတရားဖြင့် လေးစား ရှိသေခြင်းအထူးကို မပြုတော့ဘဲ ညဉ့်ညဉ့်နေ့နေ့ ညီလာခံသဘင်သို့ ဝင်သော အခါတို့၌ အဘိသိက်ခံပြီးသော သာကီဝင်ဘုရင်မင်းတို့၏ ထုံးတမ်းဓမ္မတာ အတိုင်း ထိုဆရာပုရောဟိတ်ကို လက်အုပ်ချီကာမျှသာ အရိုအသေပြုလေ တော့သည်။

ဤသို့ ရှေးအခါကကဲ့သို့ ဝိသေသဂါရဝ မြောက်မြောက်ကြီး ညွတ်ပျရှိသေ ခြင်းကိုမခံရသောကြောင့် ဗြာဟ္မဏဇာတိ အာစရိယမာန်ဖြင့် မကျေနပ် မနှစ် သက်၍ ထိုမင်းထံ ခစားဝင်ထွက်ရခြင်း၌ စိတ်အိုက်ငြီးငွေ့လာတော့သဖြင့် အသိတပုရောဟိတ်က မိမိ ရသေ့ရဟန်းပြုလိုကြောင်း သုဒ္ဓေါဒနမင်းကြီးထံ ခွင့်တောင်း ပန်ကြားလေတော့သည်။

သုဒ္ဓေါဒနမင်းကြီးသည် ဆရာပုရောဟိတ်၏ ခိုင်မြဲသော ဆုံးဖြတ်ချက်ကို သိရှိတော်မူကာ ထိုဆရာပုရောဟိတ်အား "ရသေ့ရဟန်းပြုလိုလျှင် ပြုပါတော့၊ သို့ရာတွင် ရသေ့ရဟန်းပြုပြီးသောအခါ ဝေးလံသောအရပ်သို့ ကြွရောက် နေတော်မမူပဲ အစဉ်မပြတ် ဆရာ့ကို တွေ့ဆုံဖူးမျှော်လွယ်ရန် ကျွန်ုပ်၏ဥယျာဉ် ၌ပင် သီတင်းသုံးနေထိုင်ပါ"ဟူ၍ တောင်းပန်သဖြင့် "ကောင်းပြီ၊ ရှိစေတော့" ဟု ဝန်ခံပြီးလျှင် ထိုဆရာပုရောဟိတ်ပုဏ္ဏားသည် ရသေ့ရဟန်း ပြုပြီးလျှင် သုဒ္ဓေါဒနမင်းကြီး၏ အပြုအစုကို ခံယူကာ မင်းဥယျာဉ်၌ပင် နေထိုင်လျက် ကသိုဏ်းပရိကံ ဘာဝနာကမ္မဋ္ဌာန်းတို့ကို စီးဖြန်းပွါးများ၍ လောကီအဘိညာဏ် ငါးပါးနှင့်တကွ သမာပတ်ရှစ်ပါးတို့ကိုရရှိလေ၏။ထိုဆရာရသေ့သည် ထိုသို့ရသေ့ ရဟန်းပြုကာ ဈာန်သမာပတ် ရသောအခါမှစ၍ သုဒ္ဓေါဒနမင်းကြီး၏နန်းတော် ၌ နေ့စဉ် နေ့စဉ် ဆွမ်းဘုဉ်းပေးပြီးသောအခါ ဟိမဝန္တာတောင် စတုမဟာရာဇ် နတ်ပြည် တာဝတိံသာနတ်ပြည် အစရှိသော အရပ်ဌာနတို့သို့ သွားရောက်လျက် နေ့သန့်(နေခို)နေထိုင်လေ့ ရှိပေ၏။

ဤကား အသိတဟူသိခေါ်သော ကာဠဒေဝိလရှင်ရသေ့၏
အကြောင်းအရာတည်း။

http://www.dhammadownload.com



အခန်း (၁)၊ ဝါကျက်နှာ (၆၅)

ဘုရားအလောင်းတော်၏ မျိုးဆက်ဆွေစဉ်
ရာဇဝင်အကျဉ်းချုပ်

အလောင်းတော် သေတကေတုနတ်သား၏ အမျိုးကို ကြည့်ရှုခြင်းတည်း ဟူသော ကုလဝိလောကနနှင့် စပ်ဆက်၍ သာကီဝင်မင်းမျိုးတို့၏ အစဉ် ရာဇဝင်အဆက် ရာဇက္ကမကို ပြဆိုလတ့်သောအတိုင်း အကျဉ်းချုပ်အားဖြင့် မှတ်သားရာ၏၊ ဤသို့ မှတ်သားခြင်းဖြင့် မြတ်စွာဘုရားအလောင်းတော်၏ အမျိုးဇာတ်အားဖြင့် မြင့်မြတ်ခြင်း ဇာတိမဟတ္တဂုဏ်ကို သိမှတ်သည် မည်၏။

ဤဘဒ္ဒကမ္ဘာ ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၏ ရှေးဦးစွာသော အန္တရကပ်၌ ဖြစ်ကြကုန်သော ကမ္ဘာဦးသူ လူအပေါင်းတို့၏ လက်မှန်မဆွ ပဌမမင်းသည် ကား ကျွန်ုပ်တို့ မြတ်စွာဘုရား၏ အလောင်းတော်သူမြတ် ဖြစ်ပေသည်၊ အမည်တော်အားဖြင့် မနုဟူသော အမည်ရင်း ရှိလေသည်။

ထိုမနုမည်သော အလောင်းတော်မင်းမြတ်သည် ကမ္ဘာဦးသူ လူအပေါင်းတို့ ထက် အလွန် အဆင်းလှ၏၊ အလွန် ရှုချင်ဖွယ်ရှိ၏၊ အလွန် ကြည်ညိုဖွယ်ရှိ၏၊ ဘုန်းတန်ခိုးအာနုဘော်လည်း ကြီးမြတ်ပေ၏၊ ကောင်းမြတ်သော ဂုဏ်ကျေးဇူး အပေါင်းနှင့် ပြည့်စုံပေ၏။

ယင်းသည့်ခေတ်ကာလ ကမ္ဘာဦးအခါ၌ ပဌမရှေ့ပိုင်းတွင် ကမ္ဘာဦး ထိုလူ တို့ အလွန်တရာ ကိုယ်ကျင့်တရား ပြုစင်ကြပြီးနောက် ကာလအတန်ကြာရောက် သောအခါ သူတပါးဥစ္စာကို ခိုးယူကဲ့ဂုက်ခြင်း (အဒိန္နာဒါန်) အစရှိသော မကောင်းမှုကို ပြုလုပ်ကျူးလွန်သူတို့ ပေါ်ပေါက်ဖြစ်ပွါးလာသဖြင့် ထိုမကောင်း မှုများမှ လွတ်ကင်းလျော့ပါး၍ ပြကတေချမ်းသာစွာ နေနိုင်ကြရန် အကျိုးငှါ ထိုကမ္ဘာဦးသူ လူအပေါင်းတို့ စည်းဝေးတိုင်ပင်ကြကုန်လျက် မိမိတို့အပေါ်၌ ထိုက်လျော်စွာ စီရင်အုပ်ချုပ်မည့်သူကို ရွေးချယ်စိစစ် တင်မြှောက်ရန် အညီ အညွတ် သဘောကျ ဆုံးဖြတ်ပြဋ္ဌာန်းကြကုန်၏။

ထိုသို့ ဆုံးဖြတ်ချက်အရ မြတ်စွာဘုရားအလောင်းတော်ဖြစ်သော မနုသည် သာလျှင် အသင့်မြတ်ဆုံး ဂုဏ်အင်္ဂါကျေးဇူးအပေါင်းနှင့် ပြည့်စုံသည်ဟူ၍ အယူဆန္ဒ ညီညွတ်ကြကုန်၏၊ ထိုသို့ ညီညွတ်ကြပြီးသော် ထိုကမ္ဘာဦးသူ လူ အပေါင်းတို့သည် အလောင်းတော် မနုမည်သော ပုဂ္ဂိုလ်သူမြတ်ထံသို့ ဝိုင်းဝန်း ချဉ်းကပ်ကြကုန်လျက် မိမိ (ကမ္ဘာဦးသူ လူအပေါင်း)တို့ကို ကောင်းမွန်ထိုက် လျောက်ရာ အစီအရင်ဖြင့် စိုးမိုးအုပ်ချုပ်ရန် တောင်းပန်ကြကုန်၏။

ယင်းသို့ စီရင်စိုးမိုးအုပ်ချုပ်ရခြင်းတည်းဟူသော အလုပ်တာဝန်ကို ဆောင် ရွက်ရသဖြင့် အအုပ်အချုပ်ခံရသူ လူအပေါင်းတို့က ကိုယ်စီကိုယ်ငှ မိမိတို့

http://www.dhammadownload.com



ထုပ်ဆောင်ရရှိသော သလေးစပါးရိက္ခာအဖို့အစုတို့မှ ဆယ်စုလျှင် တစု၊ ဆယ်ပုံလျှင် တပုံ၊ ဆယ်ဖို့လျှင် တဖို့၊ ဆယ်ခိုင်လျှင် တခိုင်ကို အလောင်းတော်သူမြတ်အား စီရင်အုပ်ချုပ်ခအနေအားဖြင့် အခွန်အတုတ်ကို ပေးဆက် ပူဇော်ကြကုန်၏။

### အမည်သုံးပါး ရရှိခြင်း

အလောင်းတော်သူမြတ်ကို အခွန်အတုတ် ပေးဆက်ပူဇော်ရာ တရားသဖြင့် စီရင်စိုးမိုးအုပ်ချုပ်သူအဖြစ်ဖြင့် လူအပေါင်းတို့က အကန့်အကွက်မရှိ၊ တညီတညွတ်တည်း သဘောတူ ကောင်းစွာ သမုတ်ကြကုန်၏၊ ထို့ကြောင့် အလောင်းတော် မနု ပုဂ္ဂိုလ်သူမြတ်သည် မဟာသမ္မတ ဟူသော အမည်တော်ကိုလည်း ရရှိတော်မူပေ၏။

လယ်ယာမြေတို့နှင့် ပတ်သက်စပ်လျဉ်း၍ သူပိုင်ငါပိုင် အငြင်းပွါးခြင်း ခိုက်ရန်ဖြစ်ခြင်းစသော အမှုများ မရှိကြရန် (အကယ်၍ ရှိလာပြန်ကလည်း) ဆုံးဖြတ်စီမံအုပ်စိုးခွင့်အာဏာရှိသောကြောင့် အလောင်းတော် မနုပုဂ္ဂိုလ်သူမြတ်သည် ခတ္တိယဟူသော အမည်တော်ကိုလည်း ရရှိတော်မူပေ၏။

လူအပေါင်းတို့ကို ကောင်းမွန်ဖြောင့်မှန်သော မင်းကျင့်တရားတို့ဖြင့် စီရင်ထိန်းစောင့်လျက် နှစ်သက်ချစ်ကြည်စေတတ်သောကြောင့် အလောင်းတော် မနုပုဂ္ဂိုလ်သူမြတ်သည် ရာဇဟူသော အမည်တော်ကိုလည်း ရရှိတော်မူပေ၏။

ဤဘဒ္ဒကမ္ဘာ၌ လူမင်းတကာတို့တွင် မဟာသမ္မတ, ခတ္တိယ, ရာဇ ဟူသော အမည်သုံးပါးတို့ကို ဤဘုရားလောင်း မနုပုဂ္ဂိုလ်သူမြတ်သည်သာလျှင် ရှေးဦးစွာ ရရှိခဲ့လေသည်။

နေမင်းသည် သတ္တဝါတို့အား အမြင် အဆင်း အလင်းကို ပေးလျက် ရောင်ခြည်တထောင်ကို ဆောင်သကဲ့သို့၊ ထိုအတူ ကမ္ဘာဦးသူ လူအပေါင်းတို့၏ မျက်စိသဖွယ်လည်းဖြစ်၍ ဒုတိယ နေတစင်း ထွန်းလင်း ထွက်ပေါ်လာသည့်အလား များမြတ်သောဂုဏ်ကျေးဇူးအရောင်တို့ကို ဆောင်ပေတတ်သောကြောင့် အနွယ်တော်အားဖြင့် အာဒိစ္စဝံသ(=နေမင်း၏အနွယ်)ဟူ၍လည်း ထိမ်းမှတ် ခေါ် ဆိုကြရလေသည်။

(ဤအရာ၌၊ ၊ကမ္ဘာဦးမဟာသမ္မတမင်းနှင့် ပတ်သက်၍ရှင်း, ဤဘဒ္ဒကမ္ဘာ၏လေးပုံတပုံ လေးပိုင်းတပိုင်းဖြစ်သော ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်၏ အစိတ်အပိုင်းကာလများဖြစ်သည့် အန္တရကပ် ၆၄-ကပ်တို့

http://www.dhammadownload.com



တွင် ယခုရောက်ဆဲဖြစ်သည့် လေးခုမြောက် စတုတ္ထ အန္တရကပ်နှင့် ပတ်သက်၍ရှင်း ကျမ်းပြုဆရာ ပညာရှိများ ဝါဒကွဲပြား အထူးထူး အထွေထွေ ရေးသားကြသော်လည်း ရတနာပူရ စတုတ္ထမြို့တည် နန်းတည် ဘကြီးတော် ဖလ်နန်းရှင် မင်းတရားလက်ထက် မှန်နန်းတော် ဆောင်အတွင်း၌ သုံးနှစ် သုံးမိုး ရဟန်းပညာရှိ မှူးမတ်ပညာရှိတို့ ပေါင်းဆုံစည်းဝေး ညှိနှိုင်းတိုင်ပင်၍ စီရင်ရေးသားအပ်သော မှန်နန်း မဟာရာဇဝင်တော်ကြီး၌ရှင်း, ထိုနောက် ပဉ္စမသင်္ဂါယနာတင် ဘုရင် မင်းတုန်းမင်းတရားကြီး ဆောင်းပန်၍ "သုဓာတာဘိသိရိဓော်ဓိပတိ-ပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မိုးထားသာသနာပိုင် ဆရာတော်ဘုရားကြီး ရေးထား ဆုံးဖြတ်အပ်သော ကပ္ပဝိနိစ္ဆယပါဠိ နိသျကျမ်း၌ရှင်း— "မဟာသမ္မတဟူသည် ဤဘုရားအလောင်းတော် မဟာသမ္မတမင်း ဝါပါးတည်းသာလျှင် ဖြစ်ကြောင်း, ယခုရောက်ဆဲ အန္တရကပ်မှာလည်း လေးခုမြောက်ဖြစ်သော (စတုတ္ထ) အန္တရကပ်သာလျှင် ဖြစ်ကြောင်းများကို မှားပြားခိုင်မာလှစွာသော ပါဠိ အဋ္ဌကထာ ဋီကာ အကိုးအကား သာဓကတို့ကို ဖော်ပြ ကိုးကားလျက် ဆုံးဖြတ်ခဲ့ ကြပြီး ဖြစ်လေသည်။

အထူးသဖြင့် ကပ္ပဝိနိစ္ဆယကျမ်း၌ စံနစ်တကျ(စောဒနာ သောဓနာ) အမေးအဖြေစသည်များဖြင့် ဝိသေသကထာများကို စီစဉ်၍ ကျယ်ဝန်း ပြည့်စုံစွာပင် အန္တရကပ် ၁၁-ကပ်ဆိုသော အယူဝါဒ, မဟာသမ္မတမင်း ၁၁-ယောက်ဆိုသော အယူဝါဒ, ၁၂-ခုမြောက် အန္တရကပ်, ၁၉-ခုမြောက် အန္တရကပ်စသည် အယူဝါဒ ရှိသူများနှင့်တကွ ယုံမှားသံသယရှိသူ များရှင်လှတို့ စင်ပြီသန့်ရှင်း ယုံမှား ကင်းလောက်အောင် အခိုင်အမာ ရေးသားဆုံးဖြတ်ထားပေသည်။

ထိုမဟာသမ္မတမင်းစသော မင်းတို့၏ အစဉ်အဆက် ရာဇဝံကို ရေတွက်ပြဆိုရာ၌ သီလက္ခန် အမ္ဗဋ္ဌသုတ် အဋ္ဌကထာ၊ ၎င်း ဋီကာသစ်၊ အင်္ဂုတ္တိုရ်ပါဠိ စေတိယဇာတ် အဋ္ဌကထာ၊ မဟာဝင်၊ ဒီပဝင်၊ ရာဇဝင်တို့ ဝယ် အနည်းငယ်စီ ကွဲလွဲ ခြားနားကြကုန်၏၊ ယခု ပြဆိုလတ့်သည်ကား မဟာဝင်ကျမ်းနှင့် မဟာသုဓာကာရိမဏ္ဍဒေဝလင်္ကာကျမ်းတို့ကို အဓိက မှီငြမ်းပြု၍ ပြဆိုခြင်းပေတည်း။

(က) (၁) ရှေးဦးစွာ ဘုရားအလောင်းတော် မနု အမည်ရှိသော မဟာသမ္မတမင်း။

(၂) ထိုမဟာသမ္မတမင်း၏သား ရောစမင်း။

http://www.dhammadownload.com



(၃) ထိုရောစမင်း၏သား ဝရရောစမင်း၊
(၄) ထိုမင်း၏သား ကလျာဏမင်း၊
(၅) ထိုမင်း၏သား ဝရကလျာဏမင်း၊
(၆) ထိုမင်း၏သား ဥပေါသထမင်း၊
(၇) ထိုမင်း၏သား မန္ဓာတုမင်း(အလောင်းတော်မန္ဓာတ်မင်းကြီး)၊
(၈) ထိုမင်း၏သား ဝရမင်း၊
(၉) ထိုမင်း၏သား ဥပဝရမင်း၊
(၁၀) ထိုမင်း၏သား စေတိယမင်း။
(၁၁) ထိုမင်း၏သား မုစလမင်း၊
(၁၂) ထိုမင်း၏သား မဟာမုစလမင်း၊
(၁၃) ထိုမင်း၏သား မုစလိန္ဒမင်း၊
(၁၄) ထိုမင်း၏သား သာဂရမင်း၊
(၁၅) ထိုမင်း၏သား သာဂရဒေဝမင်း။
(၁၆) ထိုမင်း၏သား ဘရတမင်း၊
(၁၇) ထိုမင်း၏သား အင်္ဂီရသမင်း၊
(၁၈) ထိုမင်း၏သား ရုစိမင်း၊
(၁၉) ထိုမင်း၏သား သုရုစိမင်း(မဟာရုစိလည်း ဟူ၏)၊
(၂၀) ထိုမင်း၏သား ပတာပမင်း၊
(၂၁) ထိုမင်း၏သား မဟာပတာပမင်း၊
(၂၂) ထိုမင်း၏သား ပနာဒမင်း၊
(၂၃) ထိုမင်း၏သား မဟာပနာဒမင်း၊
(၂၄) ထိုမင်း၏သား သုဒဿနမင်း၊
(၂၅) ထိုမင်း၏သား မဟာသုဒဿနမင်း၊
(၂၆) ထိုမင်း၏သား နေရုမင်း၊
(၂၇) ထိုမင်း၏သား မဟာနေရုမင်း၊
(၂၈) ထိုမင်း၏သား အစ္စိမမင်း၊

ဤနှစ်ကျိပ်ရှစ်ယောက်ကုန်သော မင်းတို့သည် နှစ်ပေါင်းအသင်္ချေ အသက်ရှည်ကုန်၏။ နောက် နှစ်ကျိပ်ခုနစ်ယောက်သော မင်းတို့သည် မဟာသမ္မတမင်း၏ သား မြေး အဆက်ဆက်တို့ ဖြစ်ကုန်၏။ ထိုနှစ်ကျိပ်ရှစ်ယောက်သော မင်း

http://www.dhammadownload.com



တို့တွင် အချို့သောမင်းတို့သည် ကုသဝတီပြည်၌ စိုးအုပ်စံနေကြကုန်၏။ အချို့သော မင်းတို့သည် ရာဇဂြိုဟ်ပြည်၌ စိုးအုပ်စံနေကြကုန်၏။ အချို့သော မင်းတို့သည် မိထိလာပြည်၌ စိုးအုပ်စံနေကြကုန်၏။

(ခ)။ ။ထိုမင်းပေါင်း နှစ်ကျိပ် ရှစ်ယောက်တို့တွင် နောက်ဆုံးဖြစ်သော အစ္စိမမင်း၏ သားတော်သည် ကုသဝတီပြည်ကို ပြန်လည်တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သားမြေးအဆက်ဆက်တို့သည် (၁၀၀) တရာ တိုင်တိုင်ပင် ရှိခဲ့ကုန်၏။ (ဒီပဝင်ကျမ်း၌ကား ကပိလဝတ်ပြည်၌ စိုးစံကြသော ဟူ၏။)

ဤ(က)မှတ် (ခ)မှတ်ပါ (၁၂၈)တရာ့နှစ်ကျိပ် ရှစ်ယောက်သော မင်းတို့၏ အကြောင်းကို မဟာသုတကာရီ မဃဒေဝလင်္ကာကျမ်း ဒုတိယပိုင်း(၁)ရာဇဝင် ခဏ်း ပိုဒ်ရေ(၂၆)၌—

ဝသုန္ဓရေ၊ ဤမြေကမ္ဘာ၊ ပေါ်ဦးစွာ၌၊ သူရိယာနတ်၊ ရောင်သဟာသ်နှင့်၊ ပညတ်ဂုဏ်ဟူ၊သယမ္ဘူတိ၊ နှစ်ဆူပြိုင်ပ၊ ဂေါတမ-ဟု၊ အာဒိစ္စချည်း၊ တနွယ်တည်းသာ၊ ခြည်းခြည်းသံခြေ၊ ခေါ်မှတ်စေလျက်၊ သပြေငမ္ဗူ၊ ကပ်ဦးသူတို့၊ ဆယ်ဆူစုံပူး၊ တိုက်နမူးဖြင့်၊ ဆံဦးမကြွင်း၊ ကိုယ်သက်နှင်း၍၊ မင်းဟုထိပ်ပြင်၊ မြှောက်ကြတင်သည့်၊ ဗုဒ္ဓကုံရ၊ ဘုရာ့ညွန့်ဖူး၊ ပန်ဆုထူးနှင့်၊ လူ့မူးဘုန်းပွင့်၊ နေနှစ်ဆင့်မှ၊ နေမင့်ဆွေမိတ်၊ နေမြိတ်ဝံသာ၊ နွယ်တော်လာကား၊ မဟာသမ္မတ၊ သားရောစနှင့်၊ ဝရရောစ၊ ကလျာဏ-က၊ ဝရကလျာဏ၊ နောက်မှသားတော်၊ ဥပေါ်သထ၊ သားလှ မန္ဓာတ်၊ စကြာနတ်တည့်၊ သားမြတ်ဝရ၊ ထိုပြီး့မှလည်း၊ ဥပဝရ၊ စေတိယဟု၊ မုစလရာဇာ၊ မဟာမုစလ၊ ထေဇလျှံထိန်၊ မုစလိန္ဒ၊ သာဂရနှင့်၊ သာဂရဒေဝ၊ ဘရတတွင်ညီ၊ အင်္ဂီရသ၊ ထိုမှရုစိ၊ သုရုစိ မည်ရ၊ ပတာပတဖြ၊ မဟာပတာပ၊ ပနာဒ-က၊ ကြီးလှပညာ၊ မဟာ မနာဒ၊ နာမပညတ်၊ သုဒဿမည်သာ၊ မဟာသုဒဿ၊ တွင်မှတ်နေရှု နိုင်းတုဖက်ကွာ၊ မဟာနေရု၊ မျက်ရှုသားလှ၊ အစ္စိမ-ဟု၊ အင္ဂုဝိသာ၊ မြတ်ရာဇာက၊ တရာတိုင်တိုင်၊ စောဘုန်းလိုင်တို့၊ ခရိုင်သောင်းတိုက်၊ နေပိုဒ်ကို၊ ခွန်ရိုက်ကျုံးကာ၊ စက်ဘုန်းဖြာကို၊ ကုသာဝတီ၊ ပူရီမြို့င်းညီ၊ ရာဇဂြိုဟ်နှင့်၊ နဂိုရ်အောင်ချာ၊ မိထိလာဝယ်၊ လူ့ရွာစည်းစိမ်၊ စံကြ ငြိမ်သည်၊ ။မွေသိမ်းမြေ သာချမ်းတည်း။—

၌ စပ်ဆိုထားလေသည်။

(ဂ)။ ။အစ္စိမမင်း၏ သား မြေး စဉ်ဆက် တရာသောမင်းတို့ အနက် နောက်ဆုံး တလာမြောက်ဖြစ်သော မင်းသည်ကား အရိန္ဒမမင်း

http://www.dhammadownload.com



မည်၏၊ ထိုအရိန္ဒမမင်း၏ သားတော်သည် အယုဇ္ဈပူရမည်သောပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သား မြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုအယုဇ္ဈပူရပြည်၌ (၃၆) ငါးကျိပ်ခြောက်ယောက် ရှိခဲ့ကုန်၏။

(ဃ)။ ။ထို ငါးကျိပ်ခြောက်ယောက်သော မင်းတို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား ဒုပ္ပသဟ အမည်ရှိ၏၊ ထိုဒုပ္ပသဟမင်း၏ သားတော်သည် ဗာရာဏသီပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သား မြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုဗာရာဏသီပြည်၌ မင်းပေါင်း (၆၀) ခြောက်ကျိပ် ရှိခဲ့ကုန်သည်။

(င)။ ။ထိုခြောက်ကျိပ်ကုန်သော မင်းတို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား အဇိတ အမည်ရှိ၏၊ ထိုအဇိတမင်း၏ သားတော်သည် ကမ္ဗလမည်သော ပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သား မြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုကမ္ဗလပြည်၌ မင်းပေါင်း (၈၄၀၀၀) ရှစ်သောင်း လေးထောင် ရှိခဲ့ကုန်သည်။

(စ)။ ။ထိုရှစ်သောင်းလေးထောင်သော မင်းတို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား ဗြဟ္မဒတ္တ အမည်ရှိ၏၊ ထိုဗြဟ္မဒတ္တမင်း၏ သားတော်သည် ဟတ္ထိပူရမည်သော ပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သား မြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုဟတ္ထိပူရပြည်၌ (၃၆) သုံးကျိပ်ခြောက်ယောက် ရှိခဲ့ကုန်သည်။

၅၂(ဂ)မှတ်(ဃ)မှတ်(င)မှတ်(စ)မှတ်ပါ မင်းပေါင်း(၈၄၁၅၂)ရှစ်သောင်း လေးထောင် တရာ ငါးဆယ် နှစ်ဆက်တို့၏ အကြောင်းကို မဟာသုတကာဒရီ မဃဒေဝလင်္ကာကျမ်း ဒုတိယပိုင်း (၁) ရာဇဝင်ခဏ်း ပိုဒ်ရေ(၂၇)၌—

**တရာအားလုံး၊ မင်းအဆုံးတွင်၊ လက်ရှုံးဝရဓိန်၊ စက်ဘုန်းရှိန်နှင့်၊ အရိန္ဒမ၊ နရိန္ဒ၏၊ သားက သားဆက်၊ ဆင်းသက်စဉ်လျှောက်၊ ငါးကျိပ် ခြောက်ထို၊ မချောက်မချား၊ တရားမစွ၊ မြဲနိစ္စဖြင့်၊ လူမျှားစောဝိး၊ ရိပ်ငြိမ်ထီးနှင့်၊ ရိုက်တီးပဟိုရ်၊ နန်းပွဲကြိုး၍၊ နဂိုရ်သာလှ၊ အယုဇ္ဈာမှ၊ ပုရရွှေပြည်၊ စိုးကြတည်၏။ ။ဘုန်းစည်စိုးချုပ်၊ မိုးသို့အုပ်သား။ ဒုပ္ပသဟ၊မင်းကပ္ပါးလျက်၊သားမြေးဆက်၍၊ ဆင်းသက်ကုန်ကြ၊ အဇိတ-ရာဇာ၊ တိုင်အောင်သာလျှင်၊ အာဏာတက်ဆိပ်၊ ဘုန်းစက်ရိပ်နှင့်၊ ခြောက်ကျိပ်သင်္ချာ၊ ထိုရာဇာတို့၊ ဗာရာဏသီ၊ ပုရီပြည်မ၊ စိုးတည်ကြရှင်။ ။အဇိတမင်း၊ သားရင်းမြေးပေါင်း၊ မြစ်တော်လောင်း၍၊ ရှစ်သောင်းလေးထောင်၊ မြားမြောင်စွာလှ၊မင်းထိုမျှလည်း၊ ကမ္ဗလပြည်**

http://www.dhammadownload.com



ကြီး၊ စံတည်မှီးမှ။ ။တသီးဆုံးစွန်၊ မင်းမွန်ဗြဟ္မဒတ်၊ နေနွယ်နတ်က၊ မပြတ်ဆက်ခံ၊ ကမ္ဗလဝံသ၊ မင်းလှအဆုံး၊ သုံးကျိပ်ခြောက်ဆူ၊ ဘူမိပတိ၊ လူ့ဘုန်းယှိုတို့၊ ဟတ္ထိပုရ၊ ပြည်သာစွန်၌၊ ထာဝရကိန်း၊ တရားထိန်း၍၊ မုဒိန်းရွှမ်းဆော်၊စံကြပျော်သည်၊ ၊နန်းပေါ်မရွေ့ ရှင်ဝမ်းတည်း။ —

ဟူ၍ စပ်ဆိုထားလေသည်။

(၁၀)။ ။ထိုမင်းတို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား ကမ္ဗလဝံသ အမည်ရှိ၏၊ ထိုကမ္ဗလဝံသမင်းသည် ကေစက္ကုအမည်ရှိသော ပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သား မြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုကေစက္ကုပြည်၌ (၃၂) သုံးကျိပ်နှစ်ယောက်တို့ ရှိခဲ့ကုန်သည်။

(၁၁)။ ။ထိုသုံးကျိပ်နှစ်ယောက်သော မင်းတို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား ပုရိန္ဒဝ အမည်ရှိ၏၊ (အချို့ စာမူများ၌ သုရိန္ဒဝဟူ၍၎င်း, မုနိန္ဒဒေဝဟူ၍၎င်း ရှိသည်)၊ ထိုပုရိန္ဒဝမင်း၏ သားတော်သည် ဝဇိရမုတ္တိမည်သော ပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သား မြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုဝဇိရမုတ္တိပြည်၌ (၂၈) နှစ်ကျိပ် ရှစ်ယောက်တို့ ရှိခဲ့ကုန်သည်။

(၁၂)။ ။ထိုနှစ်ကျိပ် ရှစ်ယောက်သော မင်းတို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား သာဓိန အမည်ရှိ၏၊ ထိုသာဓိနမင်း၏ သားတော်သည် မထုရမည်သောပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သား မြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုမထုရပြည်၌ (၂၂) နှစ်ကျိပ် နှစ်ယောက်တို့ ရှိခဲ့ကုန်သည်။

(၁၃)။ ။ထိုနှစ်ကျိပ်နှစ်ယောက်သော မင်းတို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား ဓမ္မဂုတ္တ အမည်ရှိ၏၊ ထိုဓမ္မဂုတ္တမင်း၏ သားတော်သည် အရိဋ္ဌပုရ မည်သော ပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သား မြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုအရိဋ္ဌပုရပြည်၌ (၁၈) တကျိပ်ရှစ်ယောက်တို့ ရှိခဲ့ကုန်သည်။

(၁၄)။ ။ထိုတကျိပ်ရှစ်ယောက်သော မင်းတို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား သိပ္ပိ အမည်ရှိ၏၊ ထိုသိပ္ပိမင်း၏ သားတော်သည် ဣန္ဒပတ္ထနဂိုရ် မည်သော ပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သား မြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုဣန္ဒပတ္ထနဂိုရ်ပြည်၌ (၁၇) တကျိပ်ခုနစ်ယောက် ရှိခဲ့ကုန်သည်။

http://www.dhammadownload.com



ဤ (ဆ)မှတ် (ဇ)မှတ် (ဈ)မှတ် (ည)မှတ် (ဋ)မှတ်ပါ ငါးရပ်မင်းပေါင်း (၁၁၇)တရာတဆယ့်ခုနစ်ယောက်တို့၏ အကြောင်းကို မဟာဘုတကာရီ မဃဒေဝလင်္ကာကျမ်း ဒုတိယပိုင်း (၁) ရာဇဝင်ခဏ်း ပိုဒ်ရေ (၂၈)၌—

ထိုကမ္ဗလ၊ မင်းဝံသ၏၊ ပုတ္တနတ္တာ၊ မြတ်ရာဇာတို့၊ သချ်ာပြည့်သိမ်၊ သုံးကျိပ်နှစ်ပါး၊ တရားမခွ၊ မြဲနိစ္စဖြင့်၊ ကေစကျွ၊ ပြည်သေတ္တု၌၊ တစုတရုံး၊ စံရွှင်ပြုံးရှင့်။ ။နှောင်းဆုံးဘူမိန်၊ ပူရိန်ဒေဝ၊ မင်းကဆက်ပေါ်၊ သားတော်မြေးမြစ်၊ နှစ်ကျိပ်ရှစ်မူ၊ နန်းသစ်သိင်္ဂ၊ ပြောင်းကာချီ၍၊ ဝဇီရမုတ်၊ ပုရုတ္တရ၊ ရွှေပြည်မဥ္ဇ၊ သာဝိနမင်းတိုင်၊ စိုးစံထိုင်လျက်။ ဘုန်းလှိုင်မင်းလှ၊ သာဝိန၏၊ သားကမြေးကွန့်၊ မြစ်တော်ညွန့်၍၊ အစွန့်ရှည်ညောင်း၊ မိုးနှောင်းသံတင်၊ ဘုရင်စည်ကား၊ တရားမယုတ်၊ ဓမ္မဂုတ်တိုင်၊ နရုတ္တမ၊ ဗာဝီသတို့၊ မထုရပြည်၊ ထောင်တည်ဘန်ဆန်း၊ ရွှေနန်းစံကြ။ ။မင်းဓမ္မက၊ ပွါးထင်ဋ္ဌာရသ်၊ မပြတ်ဆက်ကာ၊ နေနွယ်ဖြာ၍၊ စဉ်လာမကင်း၊ မင်းသိပ္ပိကျ၊ အရိဋ္ဌ-ဟု၊ ပုရပြည်ကြီး၊ စိုးကြပြီး သော်။ ။နေမိးမယွင်း၊ သိပ္ပိမင်း၏၊ သားရင်းမြေးရင်း၊ သက်ဆင်းဆက်ခံ၊ ဗြဟ္မဒေဝ၊ မင်းသို့ကျအောင်၊ တေဇရန်ခိုပ်၊ တကျိပ်ခုနစ်၊ မဟာရာဇ်တို့၊ အနှစ်ရှည်ကြာ၊ ဘုန်းရောင်ဖြာ၍၊ အောင်ချာပြည်မြတ်၊ ဋ္ဌဝန္တပတ်၌၊ မိုးနတ်တရထည်၊ စံကြ တည်သည်၊ ။ရွှေစည်နှေ့ညဆော်ရွှမ်းတည်း။—

ဟူ၍ စပ်ဆိုထားလေသည်။

(ဌ)။ ။ဆိုအပ်ပြီးသည့် ငါးရပ်မင်းပေါင်း (၁၁၇) တရာတဆယ့်ခုနစ်ယောက်တို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား ဗြဟ္မဒေဝ အမည်ရှိ၏၊ ထိုဗြဟ္မဒေဝမင်း၏ သားတော်သည် ကေစကျွပြည်၌ပင် စိုးအုပ်စံနေရာ ထိုမင်း၏ သား မြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုကေစကျွပြည်၌ (၁၅) တကျိပ်ငါးယောက် ရှိပြန်ကုန်သည်။

(ဍ)။ ။ထိုတကျိပ်ငါးယောက်သော မင်းတို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား ဗလဒတ္တ အမည်ရှိ၏၊ ထိုဗလဒတ္တမင်း၏ သားတော်သည် ကောသမ္ဗီမည်သောပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သား မြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထို ကောသမ္ဗီပြည်၌ (၁၄) တကျိပ်လေးယောက်တို့ ရှိခဲ့ကုန်သည်။

(ဎ)။ ။ထိုတကျိပ်လေးယောက်သော မင်းတို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား ဟတ္ထိဒေဝအမည်ရှိ၏၊ ထိုဟတ္ထိဒေဝမင်း၏

http://www.dhammadownload.com



သားတော်သည် ကဏ္ဍဂေါဋ္ဌမည်သော ပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သားမြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုကဏ္ဍဂေါဋ္ဌပြည်၌ (၉)ကိုးယောက်တို့ ရှိခဲ့ကုန်သည်။

(ဏ)။ ။ထို ကိုးယောက်သောမင်းတို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား နရဒေဝ (နရစိုး) အမည်ရှိ၏၊ ထိုနရဒေဝမင်း၏ သားတော်သည် ရောစန မည်သော ပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သားမြေးအဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုရောစနပြည်၌ (၇) ခုနစ်ယောက် ရှိခဲ့ကုန်သည်။

(တ)။ ။ထို ခုနစ်ယောက်သောမင်းတို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား မဟိန္ဒအမည်ရှိ၏၊ ထိုမဟိန္ဒမင်း၏ သားတော်သည် စမ္ပာပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သား မြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုစမ္ပာပြည်၌(၁၂) တကျိပ်နှစ်ယောက်တို့ ရှိခဲ့ကုန်သည်။

ဤ (ဍ)မှတ် (ဎ) မှတ် (ဏ) မှတ် (ဏ) မှတ် (တ) မှတ်ပါ ငါးရပ်မင်းပေါင်း (၅၇)ငါးကျိပ်ခုနစ်ယောက်တို့၏ အကြောင်းကို မဃဒေဝလင်္ကာကျမ်း ဒုတိယ ပိုင်း (၁) ရာဇဝင်ခဏ်း ပိုဒ်ရေ (၂၉) ၌—

ဗြဟ္မဒေဝ၊ မင်းကဆက်ပွါး၊ တကျိပ်ငါးထည့်၊ နောက်ဖျားဆုံးသတ်၊
ဗလဒတ်ဟု၊ မင်းမြတ်တိုင်ကျ၊ ဘူမိန္ဒတို့၊ ကေစကျ၊ ရွှေးပုံပြည်တော်၊
မြန်ကြပျော်၏။ ။နုဒော်ထန်ပြင်း၊ မင်းဗလဒတ်၊ နွယ်မြတ်သားမြေး၊
တကျိပ်သေးလည်း၊ ကျူးေးကျံကျံ၊ ပဍ္ဍင်ခံလျက်၊ ကုသမ္ဗကၤတာပသ၏၊
ဋ္ဌာနသာမော၊ ကြို့ပင်တောကို၊ နတ်ပြောစီရင်၊ မြို့ကြီးယင်၍၊ ရင္ဒင်
စုံညီ၊ ကောသမ္ဗိဝယ်၊ သိင်္ဂီရွှေနန်း၊ စံကြမြန်းပြီး။ ။ဆုံးခန်းစိုးဘိ၊
ဘုန်းတန်းယှိသား၊ ဟတ္ထိဒေဝ၊ ရာဇိန္ဒ၏၊ ဝံသသက်ဆင်း၊ ကိုးပါးမင်းမူ၊
ပျော်ခင်းသာလှ၊ ပြည်ကဏ္ဍကို၊ တည်ကြအုပ်မိုး။ ။ထိုမင်းကိုးတွင်၊
နရစိုးမည်၊ နှောင်းဆုံးတည်မှု၊ ဘုန်းစည်မြေးသား၊ ခုနစ်ပါးတို့၊
ထီးပွါးနန်းပွါး၊ ထောင်တည်ခြား၍၊ တရားစည်ကြီး၊ ရိုက်တီးနှေ့ညး၊
ယွှင်းမခွဘဲ၊ ရောစနမည်၊ မြတ်ရွှေပြည်၌၊ နှစ်ရှည်မပြောင်း၊စံကြညောင်း
လျက်။ ။နှောင်းတွင်အဆုံး၊ ပြိုင်ဘက်ရှုံးသား၊ လက်ရုံးဝင်းထိန်၊
မင်းမဟိန်၏၊ဝရဇိန်နတ်စက်၊ စိန်လက်နက်သို့၊ ထိန်လက်တေဇ၊သားမြေး
စသည်၊ နာဂဒေဝ၊ စောလှဘုန်းလျှိုင်၊ မင်းဆုံးတိုင်အောင်၊ ဦးကိုင်
စိုးလစ်၊ တကျိပ်နှစ်ကား၊ ပြွမ်းရှစ်စကြာ၊ မိုးကြက်ကာ၍၊ စမ္ပာပြည်သစ်၊

http://www.dhammadownload.com



နန်းမြေ့စေတီ၌၊ ဘွင့်လှစ်ဥကင်၊ စံမြန်းရှင်သည်၊ ။ကြည်ထင်မကြေ မကြွမ်းတည်း။ —

ဟူ၍ စပ်ဆိုထားလေသည်။

(ထ)။ ။ဆိုအပ်ပြီးသည့် ငါးရပ်မင်းပေါင်း (၅၄) ငါးကျိပ်ခုနစ်ယောက်တို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား နာဂဒေဝ အမည်ရှိ၏၊ ထိုနာဂဒေဝမင်း၏ သားတော်သည် မိထိလာပြည်ကို ဒုတိယတဖန် အသစ်တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏သားမြေး အဆက်ဆက်တို့သည် ထိုမိထိလာပြည်၌ ထိုမင်းနှင့်တကွ (၂၅) နှစ်ကျိပ် ငါးယောက်တို့ ရှိပြန်ကုန်သည်။

(ဒ)။ ။ထိုနှစ်ကျိပ်ငါးယောက်သော မင်းတို့တွင် နောက်ဆုံးဖြစ်သောမင်းသည်ကား သမုဒ္ဒဒတ္တ အမည်ရှိ၏၊ ထိုသမုဒ္ဒဒတ္တမင်း၏ သားတော်သည် ရာဇဂြိုဟ်ပြည်၌ စိုးအုပ်စံနေပြန်ရာ ထိုမင်း၏ သားမြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုရာဇဂြိုဟ်ပြည်၌ (၂၅)နှစ်ကျိပ် ငါးယောက်တို့ပင် ရှိခဲ့ကုန်သည်။

(ဓ)။ ။ထိုနှစ်ကျိပ်ငါးယောက်သော မင်းတို့တွင် နောက်ဆုံးဖြစ် သောမင်းသည်ကား တိဓော်ရ အမည်ရှိ၏၊ ထိုတိဓော်ရမင်း၏ သားတော် သည် တက္ကသိုလ်ပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သားမြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ တက္ကသိုလ်ပြည်၌ (၁၂)တကျိပ်နှစ်ယောက်တို့ ရှိခဲ့ကုန်သည်။

(န)။ ။ထိုတကျိပ်နှစ်ယောက်သောမင်းတို့တွင် နောက်ဆုံး မင်း သည်ကား တာလိဿရ အမည်ရှိ၏၊ ထိုတာလိဿရမင်း၏ သားတော် သည် ကုသိနာရုံပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထိုမင်း၏ သား မြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုကုသိနာရုံပြည်၌ (၁၂) တကျိပ်နှစ်ယောက်တို့ပင် ရှိခဲ့ကုန်သည်။

(ပ)။ ။တကျိပ်နှစ်ယောက်သောမင်းတို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား ပုရိန္ဒ အမည်ရှိ၏၊ ထိုပုရိန္ဒမင်း၏ သားတော်သည် တာမလိတ္တိယမည်သော ပြည်ကို တည်ထောင်၍ စိုးအုပ်စံနေရာ ထို မင်း၏ သား မြေး အဆက်ဆက်တို့သည် ထိုမင်းနှင့်တကွ ထိုတာမလိတ္တိယ ပြည်၌ (၉)ကိုးယောက်တို့ ရှိခဲ့ကုန်၏။

http://www.dhammadownload.com



ဤ (ထ)မှတ် (ဒ) မှတ် (ဓ) မှတ် (န) မှတ် (ပ) မှတ်ပါ ငါးရပ်မင်းပေါင်း (၇၃)ရှစ်ကျိပ်သုံးယောက်တို့၏ အကြောင်းကို မဃဒေဝလင်္ကာကျမ်း ဒုတိယပိုင်း(၁) ရာဇဝင်ခဏ်း ပိုဒ်ရေ(၃၀)၌—

**ဓမ္မာပြည်သစ်၊ နန်းမြေခေတ်၌၊ ကာရှစ်ရိပ်ဖြူ၊ နှောင်းဆုံးယူသား၊ ဇမ္ဗူအုပ်မိုး၊ နာဂစိုး၏၊ နွယ်ရိုးစဉ်စီ၊ ပဥ္စဝီဖြင့်၊ ကျင့်ညီဓမ္မ၊ ရာဇညတို့၊ ဝိဒေဟတိုင်း၊ ရှေးသမိုင်းနှင့်၊ ကသိုဏ်းပမာ၊ မြေမျက်နှာတွင်၊ မိထိလာပြည်မ၊ ဒုတိယဖြင့်၊ တည်ကြနန်းဘုံ၊ စံကြတုံ၏။ ။ဆုံးကြုံနရှုတ်၊ ဘုန်းဟုန်သုတ်သား၊ သမုဒ္ဒဇတ်၊ မင်းမြတ်ကပ္ပါး၊ နှစ်ကျိပ်ငါးလည်း၊ နောက်ဖျားဘုရင်၊ တိဓေက်ရ၊ မင်းသို့ကျအောင်၊ သာလှနဂိုရ်၊ ရာဇဂြိုဟ်၌၊ ပဟိုရ်ရှမ်းဆော်၊ စံကွန်းပျော်မှ။ ။မင်းကျော်တိခင်၊ ယင်းနွယ်ဝင်ဖြင့်၊ ဘုရင်တာလိသ်၊ ဆုံးပိတ်ဒွါဒသ်၊ မဟာရတ်တို့၊ ပြည်မြတ်မှိုင်းညို၊ တက္ကသိုလ်ဝယ်၊ နဂိုရ်ထာဝရ၊ ကိန်းမှန်ချ၍၊ စံကြတသင်း။ ။တာလိသ်မင်းမှ၊ သက်ဆင်းကုန်ကြ၊ မင်းဒွါဒလည်း၊ ဓမ္မဆယ်ပါး၊ တရားလက်ယှိ၊ ပျက်မငြိအဲ၊ ကုသိနာရုံ၊ ရွှေဘုံပြည်နန်း၊ သိမ်းမြန်းစံကြ။ ။ပုရိန္ဒပုရ၊ ဆုံးကျရာဇာ၊ မင်းမြတ်စွာ၏၊ သည်းချာဆက်နွယ်၊ မင်းကိုးသွယ်ကား၊ ပျော်ဘွယ်မဆိတ်၊ မွှမ်းမွှမ်းထိတ်မျှ၊ တာမလိတ္တိယ၊ ရွှေပြည်မ၌၊ သာဂရဒေဝ၊ မင်းဆုံးကျအောင်၊ ဓသရာဇစံ၊ စိုးကြစံသည်၊ ။နိုင်ငံစည်ပြန့် ပြည်ဗှမ်းတည်း။ ။—**

ဟူ၍ စပ်ဆိုထားလေသည်။

(ဖ)။ ။ဆိုအပ်ပြီးသည့် ငါးရပ်မင်းပေါင်း (၇၃) ရှစ်ကျိပ်သုံးယောက်တို့တွင် နောက်ဆုံးဖြစ်သောမင်းသည်ကား သာဂရဒေဝ အမည်ရှိ၏၊ ထိုသာဂရဒေဝမင်း၏ သားတော်သည်ကား (မဃဒေဝ ခေါ် )မဃဒေဝ အမည်ရှိ၏၊ ထိုမဃဒေဝမင်းမှစ၍ ထိုမင်း၏ သားမြေးဖြစ်သော မင်းအဆက်ဆက်တို့သည် မိထိလာပြည်၌ စိုးအုပ်စံနေကြရာ မင်းဆက်ပေါင်း (၈၄၀၀၀)ရှစ်သောင်းလေးထောင်တို့ တိုင်အောင် ရှိခဲ့ကုန်သည်။

(ဗ)။ ။ထိုမဃဒေဝ မင်းဆက်ပေါင်း ရှစ်သောင်းလေးထောင်တို့တွင် နောက်ဆုံးဖြစ်သောမင်းသည်ကား (နိမိ) နေမိမင်း ဘုရားအလောင်းတော်တည်း၊ ထိုအလောင်းတော် နေမိမင်း၏သားတော်သည်ကား ကဠာရဇနက အမည်ရှိ၏၊ ထိုမင်း၏ သားတော်သည်ကား သမင်္ကရ အမည်ရှိ၏၊ ထိုမင်း၏သားတော်သည်ကား အသောစ (အသောက-ဟူ၍လည်း ရှိ၏) အမည်ရှိ၏။ ဤကဠာရဇနကမင်း,

http://www.dhammadownload.com



သမက်ရမင်း အသောစမင်းတို့မှစ၍ ထိုမင်းတို့၏ သားမြေးအဆက်ဆက် ဖြစ်သော မင်းပေါင်း (၈၄၀၀၃) ရှစ်သောင်းလေးထောင်သုံးယောက် တို့သည် ဗာရာဏသီပြည်၌ ဒုတိယတဖန် မြို့နန်းတည်၍ စိုးအုပ်စံနေကြ ကုန်သည်။

(၁)။ ။ထိုရှစ်သောင်းလေးထောင် သုံးယောက်သော မင်းတို့ တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား သီဟပ္ပတိ အမည် ရှိ၏။

(၁) ထိုသီဟပ္ပတိမင်း၏သား ဝိဇိတသေနမင်း၊

(၂) ထိုမင်း၏သား ဓမ္မသေနမင်း၊

(၃) ထိုဓမ္မသေနမင်း၏သား နာဂသေနမင်း၊

(၄) ထိုနာဂသေနမင်း၏သား သမိဒ္ဓမင်း၊

(၅) ထိုသမိဒ္ဓမင်း၏သား ဒိသမ္ပတိမင်း၊

(၆) ထိုဒိသမ္ပတိမင်း၏သား ရေဏုမင်း၊

(၇) ထိုရေဏုမင်း၏သား ကုသမင်း၊

(၈) ထိုကုသမင်း၏သား မဟာကုသမင်း၊

(၉) ထိုမဟာကုသမင်း၏သား နဝရဋ္ဌမင်း၊

(၁၀) ထိုနဝရဋ္ဌမင်း၏သား ဒသရဋ္ဌမင်း၊

(၁၁) ထိုဒသရဋ္ဌမင်း၏သား အလောင်းတော်ရာမမင်း၊

(၁၂) ထိုရာမမင်း၏သား ဝိဠာရဋ္ဌမင်း၊

(၁၃) ထိုဝိဠာရဋ္ဌမင်း၏သား စိတ္တရံသီမင်း၊

(၁၄) ထိုစိတ္တရံသီမင်း၏သား အမ္ဗရံသီမင်း၊

(၁၅) ထိုအမ္ဗရံသီမင်း၏သား သုဇာတမင်း၊

(၁၆) ထိုသုဇာတမင်း၏သား ဩက္ကာကမင်း၊

ဤ (၁၆) တကျိပ်ခြောက်ယောက်ကုန်သော မင်းတို့သည်လည်း ဗာရာဏသီပြည်၌ပင် ဆက်လက် စိုးအုပ် စံနေကြကုန်သည်။

ကပ်ဦးအစ ဘုရားအလောင်းတော် မဟာသမ္မတမင်းမှစ၍ ဩက္ကာကမင်းသို့ တိုင်အောင် မင်းဆက်ပေါင်း သားမြေး အစဉ် အဆက်အားဖြင့် (၂၅၂၅၅၆) နှစ်သိန်း ငါးသောင်း နှစ်ထောင် ငါးရာ ငါးကျိပ် ခြောက်ယောက်ရှိကုန်၏။

http://www.dhammadownload.com



ဤဆိုအပ်ပြီးသည့် (၆)မှတ်ပါ မင်းပေါင်း ရှစ်သောင်းလေးထောင်၊ (၇) မှတ်ပါ မင်းပေါင်း ရှစ်သောင်းလေးထောင်သုံးယောက်၊ (၁)မှတ်ပါမင်းပေါင်း တကျိပ်ခြောက်ယောက်တို့အကြောင်းနှင့်တကွ မဟာသမ္မတမင်းမှစ၍ ရေတွက်သော် ဩက္ကာကမင်းတိုင်အောင် မင်းပေါင်း နှစ်သိန်း ငါးသောင်း နှစ်ထောင် ငါးရာ ငါးကျိပ် ခြောက်ယောက်ရှိပြီဖြစ်ကြောင်းကို မဟာသုတကာရီ မဃဒေဝ လင်္ကာကျမ်း ဒုတိယပိုင်း (၁) ရာဇဝင်ခန်း ပိုဒ်ရေ (၃၁)၌—

သာဂရဒေဝ၊ တေဇနေစက်၊ မင်းမှဆက်သား၊ ဘုန်းတက်ကြွကြွ၊ မဃဒေဝ၊ စောသောင်းက-တီ၊အစပြုဋ္ဌာန်း၊ရဟန်းပြုချည်း၊စဉ္ဆ် စည်းသို့၊ ရှေးနည်းနောက်မှီ၊ ဆက်ကာစည်ပြီး၊ ပဝေဏီထုံး၊ မြွတ်နှုလုံးကို၊ စွဲသုံး ထက်ယှိ၊ ရာဇီသိမြင့်၊ နေမိမင်းစစ်၊ သောင်းတော်ဖြစ်တိုင်၊ ရှစ်သောင်း လေးထောင်၊ ရာဝင်ပြောင်သည့်၊ မင်းခေါင်များစွာ၊ မြတ်ရာဇာတို့၊ မိထိလာရွှေနန်း၊ ပြန်စံမြန်းရှင့်။ ။ကြွင့်နန်းဓိပတိ၊မင်းနေမိ၏၊ ဘုန်းယှိ သည်းချာ၊ ကာဠာဇနက်၊ ဘုန်းစက်နေသွင်၊ သမက်ရ၊ အသောစ-က၊ ၍ အပြောင့်၊ ရှစ်သောင်းလေးထောင်၊ သုံးယောက်အောင်လျှင်၊ ရွှေတောင်သိင်္ဂ၊ ဗာရာဏသီ၊ ဒုတိယနန်းတည်၊ စိုးကုန်သည်တည့်။ ။ ရုံးရည်ထွန်းပ၊ ဆုံးစွန်ကျသား၊ ဝိဇိတမည်ခေါ်၊ ထိုမင်းကျော်၏၊ သားတော်ဘုန်းယှိ၊နတ်တရှိသို့၊ ဝိဇိတသေန၊တေဇပြောင်းရှိန်၊မွှေသိန်နှင့်၊ နာဂသိန်မည်ရ၊ သမိဒ္ဓ-က၊ ကြီးလှနာမံ၊ ဒိသမ္ပတိ၊ ထိုပြီရေထု၊ ကုသ ရာဇာ၊ မဟာကုသ၊ ထိုနောင်မှလျှင်၊ နဝရဋ္ဌ၊ ဒသရဋ္ဌ၊လောင်းရာမ-တီ၊ သားလှဆက်ကာ၊ ဝိဋ္ဌာရဋ္ဌ၊ စိတ္တရံသီ၊ တွင်ညီနာမ၊ အမ္ဗရံသီ၊ ကျော်ညီ ထင်ရှား၊သားသုဇာတ၊ ဩက္ကာက-တိုင်၊ သောဠသမင်း၊ လူ့မှန်ကင်းတို့၊ ယင်းဗာရာပြည်၊တီးရွှေစည်နှင့်၊ကျူးမြည်သာယာ၊စံချမ်းသာရှင့်။ ။ မဟာသမ္မတ၊ မင်းကစ၍၊ ဩက္ကာကထိ၊ အယှိတွက်ကိန်း၊ ဂဏန်း ချိန်းသော်၊ နှစ်သိန်းငါးသောင်း၊ နှစ်ထောင်ငါးရာ၊ ငါးကျိပ်သာ၍၊ သချာနောက်ပွါး၊ မင်းခြောက်ပါးတည့်၊ ပိုင်းခြားရွှေမင်း၊ ရှေးဦး- ထင်သည်၊ ရာဝင်ပထမ ဝေခြမ်းတည်း။—

ဟူ၍ စပ်ဆိုထားလေသည်။

(ဤ၌၊ ၊သီလက္ခန်အဋ္ဌကထာ အမ္ဗဋ္ဌသုတ်အဖွင့်နှင့် သုတ္တနိပါတ အဋ္ဌကထာ မုနိသုတ်အဖွင့်တို့၌ "မဃဒေဝမင်းဆက်ပေါင်း ရှစ်သောင်း လေးထောင်တို့၏နောက်၌ ဩက္ကာကမင်းဆက် သုံးဆက် ရှိကြောင်း၊ တတိယမြောက် ဩက္ကာကမင်းအား မောင်းမအခြံအရံ ငါးရာစီရှိသော မိဖုရားကြီး ငါးဦးရှိကြောင်းစသည်ကို" ဖွင့်ပြသောကြောင့် သကျ-

http://www.dhammadownload.com



သာကီဝင်မင်းတို့သည် တတိယဩက္ကာကမင်း၏ အမျိုးအဆက်အနွယ် တို့ ဖြစ်ကုန်၏ဟု သိမှတ်ရာ၏၊ ဖော်ပြရာပါ နှစ်သိန်းငါးသောင်း နှစ်ထောင့် ငါးရာ ငါးကျိပ် ခြောက်ယောက်မြောက် ဩက္ကာကမင်းကိုလည်း တတိယမြောက် ဩက္ကာကမင်းဟူ၍ မှတ်ယူအပ်၏။)

## ဩက္ကာကမင်းအကြောင်း

ထို နှစ်သိန်း ငါးသောင်း နှစ်ထောင့် ငါးရာ ငါးကျိပ် ခြောက်ယောက်သော မင်းတို့တွင် နောက်ဆုံးဖြစ်သော ဩက္ကာကရာဇ်မင်း၏ မိဖုရားတို့ကား ဟတ္ထာ, စိတ္တာ, ဇန္တု, ဇာလိနီ, ဝိသာခါ ဟူ၍ ငါးယောက်တို့ ရှိကုန်၏၊ တယောက် တယောက်လျှင် မောင်းမမိဿံ အခြွေအရံ ငါးရာစီ ငါးရာစီ ရှိကုန်၏။

(ဩက္ကာကမင်းကို ဩက္ကာကဟူ၍ ခေါ်ဝေါ်ရခြင်းအကြောင်းမှာ– ထိုမင်း စကားပြောဆိုသောအခါ အာခံတွင်းမှ ဝင်းဝင်းလက်လက် ဥက္ကာရောင် (မီးရှူးရောင်ကဲ့သို့) ထွက်သောကြောင့် ဩက္ကာကမင်းဟု ခေါ်ဝေါ်ကြောင်း သီလက္ခန်အဋ္ဌကထာ အမ္ဗဋ္ဌသုတ်၌ ဖွင့်ပြသည်။ ။ မြန်မာရာဇဝင်၌လည်း ကျန်စစ်သားမင်း, မနူဟာ(သထုံ)မင်း စသော မင်းယောကျ်ားအထူးတို့သည် ဩက္ကာကမင်းကဲ့သို့ပင် အာခံတွင်းမှ ဝင်းဝင်းလက်လက် စက်ရောင် (သို့မဟုတ်) ဥက္ကာရောင် (သို့မဟုတ်) အရောင်ထူးတမျိုးထွက်သည်ဟူ၍ မှတ်ယူဖွယ်ရှိပေသည်။

ဩက္ကာကမင်းကြီး၏ စံနေရာ တိုင်းပြည်ကိုလည်း ဗာရာဏသီပြည် ဟူ၍ ကေန္တ မမှတ်ယူသင့်ပေ၊ အကြောင်းမှာ–ထိုဩက္ကာကမင်းကြီး၏ သမီးတော်အကြီးဆုံး ပိယာမင်းသမီးနှင့် ဗာရာဏသီပြည့်ရှင် ရာမမင်းတို့ သင့်မြတ်ကြောင်းစသည်ကို အမ္ဗဋ္ဌသုတ်အဋ္ဌကထာ၌ပင် ပြဆိုသော ကြောင့် သကျသာကီဝင်မင်းတို့၏ အာဒိပုရိသအနွယ်တော်တွင် ပဓာန ဖြစ်သည့် ယခု ဩက္ကာက (တတိယဩက္ကာက) မင်းကြီး၏စံရာ တိုင်း ပြည်ကား ဗာရာဏသီပြည်မှတပါး အခြားတိုင်းပြည်သာလျှင် ဖြစ်၏ဟူ၍ မှတ်ယူသင့်ပေသည်။)

ထိုမိဖုရား ငါးယောက်တို့တွင် အကြီးဆုံးဖြစ်သော ဟတ္ထာမိဖုရားမှ ဥက္ကာမုခ, ကရကဏ္ဍု, ဟတ္ထိနိက, သိနိသူရ ဟူ၍ သားတော်လေးပါး၊ ပိယာ, သုပ္ပိယာ, အာနန္ဒာ, ဝိဇိတာ, ဝိဇိတသေနာဟူ၍ သမီးတော်ငါးပါး ဖွားမြင်လေသည်။

သားတော်လေးပါး, သမီးတော်ငါးပါး ဖွားမြင်ပြီးနောက် ဟတ္ထာမိဖုရား ကြီး နတ်ရွာစံ(ကွယ်လွန်) သွားသောအခါ ဩက္ကာက မင်းကြီးသည် အဆက် အနွယ် နုနယ်ပျိုမျစ်၍ နှစ်သက်ဖွယ်ရာ လွန်စွာအဆင်းလှပသော မင်းသမီးငယ်

http://www.dhammadownload.com



တယောက်ကို မိဖုရားကြီးအရာ၌ တင်မြှောက်သဖြင့် ထိုမိဖုရားမှ ဇန္တုအမည်ရှိသော သားငယ်ကို ဖွားမြင်၍ ငါးရက်မြောက်သောနေ့၌ သားတော်ငယ် ဇန္တုကို ရှုချင်ဖွယ်ရာ တန်းဆာဆင်ယင်ပြီး မင်းကြီးအား ပြသသည်တွင် ဩက္ကာကမင်းကြီးသည် အလွန်နှစ်သက်တော်မူရကား ထိုမိဖုရားအား "အလိုရှိရာ ဆုတခုကို ယူလော့"ဟု ပြောဆိုကာ ဆုပေးလေသည်။

ထိုမိဖုရားသည် ဆွေမျိုးများနှင့် တိုင်ပင်ပြီးသော် သားတော်ငယ် ဇန္တုအား မင်းအဖြစ် (ထီးနန်းအရိုက်အရာ) ပေးအပ်ရန် ဆုတောင်းလေသည်။ ဩက္ကာကမင်းကြီးသည် "ဟယ် အယုတ်မ....ပျက်လော့၊ သင်ကား ငါ့သားတော်တို့၏ အန္တရာယ်ကို အလိုရှိဘိ၏"ဟု မြည်တွန်ခြိမ်းချောက် ငေါက်ငမ်းငြင်းဆန်လျက်သာနေခဲ့ရာ၊ အခါအခွင့် သင့်တိုင်း သင့်တိုင်းပင်လျှင် ထိုမိဖုရားက မင်းကြီးကို နှစ်သိမ့်စေပြီးလျှင် "အရှင်မင်းကြီး....မင်းတို့မည်သည် ပြောဆိုခဲ့သော (ကတိ) ဝန်ခံချက်ကို မုသား မဖြစ်စေသင့်ပါ၊ ပေးမည် ဆိုသည့်အတိုင်း ပေးစေလိုပါသည်"ဟု အဖန်တလဲလဲ သားတော် ဇန္တုအား ထီးနန်းလွှဲအပ်ရန် တောင်းပန် လျှောက်ထားသောကြောင့် ဩက္ကာက မင်းကြီးသည် ဥက္ကာမုခစသော သားတော်ကြီးတို့ကိုခေါ် စေပြီးသော် စိတ်နှလုံးမသက်မသာပမ်းနည်းစွာဖြင့် ဤသို့မိန့်တော်မူ၏—

"သားတော်တို့....ခမည်းတော်သည် မောင်တို့၏ ညီငယ် ဇန္တုမင်းသားကို မြင်ရ၍ ဝမ်းမြောက်လှစွာ ဇန္တု၏မယ်တော်အား အလိုရှိရာဆု တခုကို ယူရန် ပေးခဲ့မိလေပြီ၊ ထိုဇန္တု၏ မယ်တော်သည် မိမိ၏သား ဇန္တုအား ထီးနန်းစည်းစိမ်ကို လွှဲအပ်ဖို့ရန် ပြင်းထန်စွာ အလိုရှိနေသည်၊ ခမည်းတော်၏ မင်္ဂလာဆင်တော် မင်္ဂလာမြင်းတော် မင်္ဂလာရထားတော်တို့ကို ချန်လှပ်၍ သားတော်တို့ အလိုရှိသမျှ ဆင်, မြင်း, ရထားတို့ကို ယူငင်ဆောင်ကြဉ်း၍ ခမည်းတော် မကွယ်လွန်မီ ဤပြည်မှ လွတ်ရာသို့ သွားရောက်နေကြကုန်ဦး၊ ခမည်းတော် ကွယ်လွန်ပြီးသည့်နောက်မှ ဤပြည်ထီးနန်းကို သိမ်းမြန်းစိုးအုပ်ကြကုန်လော့"—

ဟူ၍ မိန့်ကြားတော်မူပြီးလျှင် သားတော်ကြီးများကို အမတ်ကြီး ရှစ်ယောက်တို့နှင့် အတူတကွ စေလွှတ်လိုက်လေသည်။

ဥက္ကာမုခစသော သားတော်ကြီးတို့သည်လည်း စိတ်နှလုံး မသက်မသာများစွာငိုကြွေးကြကုန်၍ "ခမည်းတော်ဘုရား.... သားတော်တို့၏ အပြစ်ဒေါသများရှိခဲ့သော် သည်းခံတော်မူပါကုန်" ဟု ပြောဆိုကြကာ ခမည်းတော်မင်းကြီးကိုရင်း, မင်းမောင်းမတို့ကိုရင်း ကျေးရာကျေးကြောင်း တောင်းပန်ကန်တော့ကြကုန်ပြီးသော် "ခမည်းတော်ဘုရား....သမီးတော်တို့လည်း မောင်တော်တို့နှင့်

http://www.dhammadownload.com



အတူတကွ လိုက်ပါကြပါရစေ”ဟု ခမည်းတော်ကို ပန်ကြား၍ အတူတကွ လိုက်ပါရန် မြို့မှထွက်လာကြသော အစ်မတော်နှမတော်ငါးပါးတို့ကိုပါ ခေါ်ငင်ဆောင်ကြဉ်းကြ၍ အမတ်ကြီးရှစ်ဦးပါ စစ်အင်္ဂါလေးပါး ခြံရံလျက် မြို့တော်မှထွက်ခဲ့ကြကုန်၏။ “သားတော်ကြီးများသည် ခမည်းတော် နတ်ရွာစံလျှင်ကေန်ပင် ထီးနန်းစိုးအုပ်ကြလိမ့်မည်၊ စောစောကပင် မင်းသားများထံ ခစားလုပ်ကျွေး ပြုစုကြကုန်အံ့”ဟု အကြံဖြစ်ကာ များစွာသော လူအပေါင်းတို့သည် မင်းသားတို့ နောက်သို့ လိုက်ပါလာကြကုန်၏။

ထိုသို့ လိုက်ပါလာကြသော ဗိုလ်ပါပရိသတ်၏ အတိုင်းအရှည် ပမာဏကား ပဌမနေ့၌ တယူဇနာ၊ ဒုတိယနေ့၌ နှစ်ယူဇနာ၊ တတိယနေ့၌ သုံးယူဇနာ တနေ့ထက်တနေ့ တိုးတက်များပြား၍ လာသည်တွင် မင်းသားတို့သည် ဤသို့တိုင်ပင်ကြကုန်၏—“ငါတို့၏ စစ်သည်ဗိုလ်ပါ အင်အားသည် အလွန် များပြားလှသည်ဖြစ်ရာ ဤစစ်အင်အားဖြင့် အနီးအပါး အခြားသော သာမန္တရာဇ်မင်း၏ တိုင်းပြည်နိုင်ငံကို လုပ်ကြံတိုက်ခိုက် ငါတို့သိမ်းပိုက်လိုပါမူကား မည်သည့်မင်း မည်သည့်နိုင်ငံကမျှ ခုခံဝံ့ကြမည်မဟုတ်ပေ၊ သို့သော် သူတပါးတို့၏ တိုင်းကားနိုင်ငံကို ညှဉ်းပန်း နှိပ်စက် နိုင်ထက်ကလူ လုယူ အုပ်စိုးခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အကျိုးမရှိသည်သာ။ ဤဇမ္ဗူဒိပ်ပါ ကျွန်းကြီးသည် ကျယ်ဝန်း ကြီးမားလှပေ၏၊ လွတ်လပ်သော တောအရပ်၌ မြို့နန်းအသစ် တည်ထောင်ကြကုန်အံ့”ဟူ၍ တိုင်ပင် သဘောတူ ညီညွတ်ကြပြီးလျှင် ဟိမဝန္တာတောသို့ ရှေးရှုဦးတည် သွားရောက်ကြကာ မြို့နန်းတည်ရန်နေရာကို ရှာကြကုန်၏။

## ကပိလဝတ်ပြည် တည်ထောင်ကြခြင်း

ထိုစဉ်အခါ ကျွန်ုပ်တို့၏ မြတ်စွာဘုရားအလောင်းတော်သည် ဥစ္စာ အနှစ်များပြားကြွယ်ဝလှစွာသော ဗြာဟ္မဏမဟာသာလ=ပုဏ္ဏားသူဌေးမျိုး၌ ကပိလအမည်ရှိသော ပုဏ္ဏားသူဌေးဖြစ်၍ ထိုသူဌေးအဖြစ်ကို စွန့်လွှတ် တောထွက်ကာ ရသေ့ရဟန်းပြုပြီးလျှင် ဟိမဝန္တာတောင်နံပါး ကြီးမားသောကျွန်းသစ်တော၏ အတွင်း သန့်ရှင်းကြည်လင်သောရေကန်၏အနီး၌ သစ်ရွက်မိုးကျောင်း ဆောက်လုပ်ဖန်တီး၍ နေတော်မူဆဲ ဖြစ်လေသည်။

ထိုဘုရားအလောင်းတော် ကပိလရှင်ရသေ့သည် ဘူမိဇာလ အမည်ရှိသော အတတ်(မြေကြန်အင်္ဂါကိုသိသောအတတ်)ကို တတ်သိသူဖြစ်၍ မြေ၏အောက်၌ အတောင်ရှစ်ဆယ် မြေ၏အထက်၌ အတောင် ရှစ်ဆယ် တိုင်အောင် မြေ၏အကျိုးအပြစ်တို့ကို သိမြင်တော်မူ၏၊ ထိုကပိလရှင်ရသေ့၏ သစ်ရွက်မိုးကျောင်းဆောက်လုပ်နေထိုင်ရာ မြေနယ်တဝိုက်၌ မြက် သစ်ပင် ချုံနွယ်တို့သည် လကျ်ာ

ရစ်လည်ကုန်လျက် ထိုမြက် သစ်ပင် ချုံနွယ်တို့၏ အညွန့် နှာမောင်းတို့သည် အရှေ့အရပ်မျက်နှာသို့သာ မျက်နှာရှေး၍ ထွက်ပြူ ပေါက်ရောက်ကြကုန်၏။ ဤမျှသာမကသေး—ခြသေ့ ကျား အစရှိသော သားရဲ သားကြမ်းတို့သည် မိမိတို့၏ အစာဖြစ်သော သမင်ဝက်တို့ကို လိုက်ကြကုန်သော်၎င်း, မြွေ ကြောင်တို့သည် ဖား ကြွက်တို့ကို လိုက်ကြကုန်သော်၎င်း ထိုနေရာသို့ ရောက်ကြလျှင် မလိုက်နိုင် မဖမ်းယူနိုင်ကြတော့ကုန်ပဲ ထိုသမင် ဝက် ဖား ကြွက်တို့က ထိုခြသေ့ ကျားစသော သားရဲ သားကြမ်း မြွေ ကြောင်တို့ကို ခြိမ်းချောက် တုံ့ပြန် ရန်မူ အပ်ကြသဖြင့် ဆုတ်နစ်၍သာ ပြန်လည် ပြေးသွားကြရသည်ချည်း ဖြစ်ကုန်၏။ အလောင်းတော် ကပိလရှင်ရသေ့သည် ဤအခြင်းအရာတို့ကို တွေ့ရှိ သိမြင်ရသောကြောင့်ပင် "ဤအရပ် နယ်ပယ်သည် ရန်ကိုအောင်နိုင်ရာ မြေချာ ဥက္ကဋ္ဌ အထွတ်အမြတ်တည်း"ဟု သိရှိတော်မူသောကြောင့် ထိုအရပ်၌ မိမိအတွက် သစ်ရွက်မိုး ကျောင်းသင်္ခမ်းကို ဖန်ဆင်း ဆောက်လုပ်တော်မူခဲ့ပေ၏။

ဥက္ကာမုခမင်းသား အမှူးရှိသော မင်းသားတို့သည် မြို့ရွာ တိုင်းပြည် တည်ထောင်လိုကြသဖြင့် မြို့ရာကို ရှာဖွေလှည့်လည်ကြရာတွင် ထို အလောင်းတော် ကပိလ ရှင်ရသေ့၏ သစ်ရွက်မိုး သင်္ခမ်းကျောင်း အရပ်သို့ ရောက်လာကြ၍ အလောင်းတော်ရှင်ရသေ့က မေးမြန်းသဖြင့် ရှင်ရသေ့အား မိမိတို့ မြို့တည်ရန် မြို့ရာမြေ ရှာဖွေကြည့်ရှုလာကြကြောင်းကို လျှောက်ထားကြကုန်၏။ အလောင်းတော် ကပိလရှင်ရသေ့သည်လည်း ထိုအကြောင်းကိုသိ၍ ထိုမင်းသားတို့အပေါ် သနားတော်မူလှသဖြင့်—

> မင်းသားတို့...ဤငါ၏ သင်္ခမ်းကျောင်း နေရာ၌ တည်ထောင်အပ်သော မြို့သည် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ အမြတ်ဆုံးသော မြို့ ဖြစ်လိမ့်မည်၊ ဤမြို့၌ ဖွားမြင်သော ယောကျ်ားတို့တွင် တယောက် တယောက်သော ယောကျ်ားသည် အခြား တပါးသော အရပ်၌ ဖွားမြင်သော လူ ယောကျ်ား အရာ အထောင်ကိုပင် လွှမ်းမိုး နိုင်နင်းခြင်းငှါ စွမ်းနိုင်ပေလိမ့်မည်၊ ထို့ကြောင့် ဤငါ၏သင်္ခမ်းကျောင်းနေရာ၌မြို့သစ်တည်ထောင် ဖန်ဆင်းကြလေကုန်။ ဤငါ၏ကျောင်းသင်္ခမ်းနေရာ၌ မင်းအိမ်နန်းတော် တည်ဆောက်ကြလေကုန်။ ဤနေရာမြေ၏ ကောင်းမွန် ထူးမြတ်ပုံကို ပြဆိုရသော် ဤအရပ်၌ အထောက်အမှီပြုရမှု ဒွန်းစဏ္ဍား၏ သားပင် သော်လည်း စကြဝတေးမင်း၏ အားစွမ်းဖြင့် အလွန် ချီးမွမ်းအပ်သူ ဖြစ်ပေလိမ့်မည်—

ဟူ၍ မိန့်ကြားတော်မူ၏။ မင်းသားတို့က "အရှင်ရသေ့...ဤနေရာသည် အရှင်ရသေ့၏ နေဆဲ အသုံးပြုဆဲ နေရာဖြစ်သည် မဟုတ်ပါလော"ဟု လျှောက်ထား

http://www.dhammadownload.com



ကြရာ ကပိလရှင်ရသေ့က "မင်းသားတို့....ဤနေရာသည် ငါ၏ အသုံးပြုဆဲ နေရာဟူ၍ ထွေရာစဉ်းစား အကြံမများကြကုန်လင့်၊ ငါ၏အတွက် အစွန်အဖျား နံပါးတနေရာတွင် ကျောင်းသခ်မ်း ဆောက်လုပ်ကြပြီးလျှင် ငါသွန်ပြရာ ဤနေရာ၌ပင် မြို့နန်းတည်ဆောက်ကြကုန်၊ မြို့၏ အမည်ကိုလည်း ကပိလဝတ္ထု ဟူ၍ မှည့်ခေါ်ကြကုန်"ဟူ၍ မိန့်ကြားတော်မူ၏။

ဥက္ကာမုခမင်းသားအမှူးရှိသော မင်းသားလေးယောက်တို့နှင့်တကွ မှူးမတ် စစ်သည် ဗိုလ်ပါတို့သည် အလောင်းတော်ကပိလရှင်ရသေ့ မိန့်ဆိုညွှန်ကြားသည့် အတိုင်း ၊မင်းအိမ်နန်းတော်နှင့်တကွ မြို့ကို တည်ထောင်ကြပြီးလျှင် ထိုမြို့ ထိုပြည်ကို ကပိလဝတ္ထုမြို့ ကပိလဝတ္ထုပြည်ဟူ၍ မှည့်ခေါ်သမုတ်ကာ နေထိုင် ကြလေသည်။

### သကျသာကီဝင်ဟု ဖြစ်ပွါးလာခြင်း

ယင်းသို့ နေထိုင်ကြသဖြင့် မင်းသားတို့ အသက်ကြီးမြင့်၍ အိမ်ထောင်သင့် သော အရွယ်သို့ ရောက်လာသောအခါ မှူးမတ်အပေါင်းတို့သည် "အမတ်မင်း တို့....ဤမင်းသားတို့သည် အရွယ်-ရောက်ကြလေကုန်ပြီ၊ အကယ်၍ ထိုမင်းသား တို့၏ ခမည်းတော် ဩက္ကာကမင်းကြီးအနီး၌ ရှိခဲ့ပါလျှင် ထိုခမည်းတော်မင်းကြီး သည် ဤမင်းသား မင်းသမီးတို့အား ထိမ်းမြားမင်္ဂလာ ပြုတော်မူလေရာ၏၊ ယခုသော်မူ အကျွန်ုပ်တို့၏ တာဝန်ဖြစ်ချေပြီ"ဟု ကြံစည် အောက်မေ့ကြပြီး လျှင် မင်းသားတို့နှင့် အတူတကွ တိုင်ပင်ကြကုန်၏။

မင်းသားတို့ကလည်း "အို-အချင်းအမတ်တို့....ဤအရပ်၌ ငါတို့နှင့် အမျိုး ဇာတ်နွယ်တူသော မင်းသမီးများ မရှိကြကုန်၊ နှမတော်များနှင့် အမျိုး ဇာတ်နွယ်တူသော မင်းသားများလည်း မရှိကြကုန်၊ အမျိုးဇာတ်နွယ် မတူ သူချင်း ထိမ်းမြားပေါင်းဖက်ခြင်း ပြုလုပ်ခဲ့သော် ငါတို့မှ ဖွားမြင်သက်ဆင်းလာ ကြသော သားသမီးတို့သည် အဖမျိုးဘက်မှရင်း, အမိမျိုးဘက်မှရင်း မသန့်ရှင်း မစင်ကြယ်ကြ၍ အမျိုးဇာတ်နွယ် ရောယှက်ပျက်ပြားခြင်း=(ဇာတိသမ္ဘေဒ) သို့ ရောက်ကြကုန်လိမ့်မည်၊ သို့ရကား ငါတို့ မောင်နှမကိုးယောက်တို့တွင် အစ်မ အကြီးဆုံးဖြစ်သော ပိယာမင်းသမီးကို အမိအရာ၌ တင်မြှောက်ကြ၍ ကြွင်း ကျန်သော ငါတို့ မောင်လေးယောက်နှင့် နှမလေးယောက်အားဖြင့် ရှစ်ယောက် တို့သည် အမျိုးဇာတ်နွယ် မရောမယှက် မပျက်ပြားစေခြင်းငှါ အချင်းချင်း ထိမ်းမြား စုံဖက်ခြင်းကို ပြုကြကုန်အံ့"ဟု တိုင်ပင် ညှိနှိုင်းကြပြီးလျှင် ထို မင်းသားတို့သည် အစ်မအကြီးဆုံး ပိယာမင်းသမီးကို အမိအရာ၌ တင်မြှောက် ထားကြ၍ ဇာတ်နွယ် ရောယှက် ပျက်ပြားမည်ကို စိုးရွံ့ကြသောကြောင့်

http://www.dhammadownload.com



နှမတော် ငယ်ဦးတို့နှင့် အစုံစီ အစုံစီ ထိမ်းမြားစုံမက် အိမ်ထောင်ဖက် ပြုလုပ်နေကြလေကုန်၏။

ယင်းသို့ နေခဲ့ကြရာ ထိုဥက္ကာမုခ မင်းသား မင်းသမီး အစုံ အစုံသော အိမ်ထောင်ရှင်တို့အား သား သမီးတို့ဖြင့် ပွါးစီး စည်ပင်ခြင်းသို့ ရောက်ခဲ့လေသည်။ ထိုသို့ ဥက္ကာမုခမင်းသား အမျိုးရှိကုန်သော သားတော် သမီးတော်တို့ ကပိလဝတ်ပြည် တည်ထောင်ကြ၍ အခြားတပါးသော အမျိုးနှင့် အိမ်ထောင်ဖက်စပ် လက်ထပ် ထိမ်းမြားခြင်းမပြုကြပဲ မိမိတို့ အဖတူ အမိတူ မွေးချင်းသားချင်း အရင်းအချာ မောင်နှမအရင်း အချင်းချင်း ထိမ်းမြား အိမ်ထောင်မှုပြုကြ၍ ကြီးပွါးချမ်းသာစွာ နေကြကြောင်းကို ခမည်းတော်သြက္ကာကမင်းကြီး ကြားသိရလေသော် ခမည်းတော်မင်းကြီးသည် အလွန် ဝမ်းမြောက်လှသည်ဖြစ်၍ မှူးမတ်ဆွေမျိုး ပရိသတ်တို့အလယ်၌—

"သက္ယာ ဝတ ဘော ကုမာရာ=အို·အချင်းတို့....ငါ၏ သားတော် သမီးတော်တို့သည် စွမ်းနိုင်ကြပေစွ့တကား၊

ပရမာ သက္ယာ ဝတ ဘော ကုမာရာ=အို·အချင်းတို့....ငါ၏ သားတော် သမီးတော်တို့သည် လွန်ကဲ မြင့်မြတ်ကုန်သည်ဖြစ်၍ စွမ်းနိုင်ကြပေစွ့တကား—

ဟူ၍ ချီးကျူးစကား မြွက်ကြား ကျူးရင့်တော်မူလေသည်။

ဤသို့ "သက္ယာ ဝတ=စွမ်းနိုင်ကြပေစွ့ တကား"ဟူ၍ ခမည်းတော်သြက္ကာကမင်းကြီး ချီးကျူးစကား မြွက်ကြားကျူးရင့်ချက်အရ စွမ်းဆောင်နိုင်ခြင်း အနက် အဓိပ္ပါယ်ရှိသော သက္យ-ဟူသော စကားကို အကြောင်းအစွဲပြု၍ ထိုဥက္ကာမုခစသော မင်းသား မင်းသမီးတို့နှင့်တကွ ထိုမင်းသား မင်းသမီးတို့မှ ဖွားမြင်သက်ဆင်းလာကြသောမင်းမျိုးအဆက်ဆက်တို့ကို သက္ယ=သာကိယ=သာကီဝင်=သာကီမျိုး=သာကီနွယ်တို့ဟူ၍ ခေါ်တွင် မှတ်သား ထင်ရှားခဲ့ကြကုန်တော့သည်။

(ဤကား သက္ယသာကီဝင်မင်းဟူ ဖြစ်ပွါးလာခြင်းအကြောင်းတည်း။)

### ကောလိယပြည် တည်ထောင်ခြင်း အကြောင်း

ထိုမှနောက် အခါတပါး၌ ဥက္ကာမုခစသော မောင်နှမအိမ်ထောင်ရှင်တို့၏ အကြီးဆုံးအစ်မဖြစ်သော ပိယာမင်းသမီးမှာ ကုဋ္ဌရောဂါနူနာစွဲကပ်လာခဲ့လေ၏၊ ထိုမင်းသမီး၏ကိုယ်၌ ကလေဘပွင့် (သို့မဟုတ်) ပင်လယ်ကသစ်ပွင့်နှင့် တူသော အပိမ့် အဖု အကွက်တို့သည် ဖြစ်ပေါ်လာခဲ့ကုန်၏။

http://www.dhammadownload.com



ထိုသို့ဖြစ်လာရကား မောင်ဖြစ်သော မင်းသားညီနောင်တို့သည် "ဤမျှ စက်ဆုပ်ဖွယ်နူနာရောဂါရှိသူအစ်မကြီးပိယာနှင့် ငါတို့သည် အတူတကွတပေါင်းတည်း နီးကပ်စွာ နေထိုင်စားသောက်ခြင်းအမှု ပြုကြကုန်သည်ရှိသော် ငါတို့အပေါ် ဤနူနာရောဂါ ကူးစက်ပြန့်ပွါး၍ လာပေလိမ့်မည်"ဟု ကြံစည်စဉ်းစားတိုင်ပင်ကြပြီးလျှင် တနေ့သ၌ ဥယျာဉ်ကစား သွားကြသည့် အနေကဲ့သို့ သွားဟန်ပြုကြကာ အစ်မကြီးပိယာကို ရထား၌ တင်ယူခဲ့ကြပြီး ဧတာအရပ် လျောက်ပတ်သောနေရာသို့ ရောက်သည်တွင် လျှောင်း, ထိုင်, ရပ်, သွား လေးပါးသော ဣရိယာပုထ်ဖြင့် မျှတလောက်ဖွယ်ရှိသော လေးထောင့် ကျင်းကြီးတခုကို တူးစေကြ၍ ထိုလေးထောင့်ကျင်း မြေတိုက်အတွင်း၌ စားသောက်ဖွယ်ရာ ရိက္ခာအပြည့်အစုံတို့ကို ထားသိုစီမံကြပြီးလျှင် ကျင်းထဲ၌ အစ်မကြီးပိယာကို ချထား၍ ဘေးရန် အန္တရာယ်တို့မှ ကာကွယ်လွတ်ကင်းနိုင်စေခြင်းငှါ ထိုလေးထောင့်ကျင်း၏ အထက်၌ ပျဉ်ချပ်အမိုးကို အုပ်မိုးဖုံးပိတ်ပြီးသော် ထိုပျဉ်ချပ်အမိုး၏ အစွန်းအနားထိပ်ပြင်တို့၌ မြေမှုန့်တို့ဖြင့် အစုအမြောင်း မွမ်းမံပြုလုပ်ဖို့အုပ်ခဲ့ကြပြီးနောက် မိမိတို့၏ ကပိလဝတ်နေပြည်တော်သို့ ပြန်ခဲ့ကြကုန်၏။

ထိုစဉ်အခါတွင် ရာမ အမည်ရှိသော ဗာရာဏသီမင်းသည် ကုဋ္ဌရောဂါ နူနာစွဲကပ်၍ ကိုယ်လုပ်မောင်းမစသော နန်းသူနန်းသား အခြွေအရံအပေါင်းတို့က စက်ဆုပ်ရွံရှာအပ်ရကား ထိတ်လန့်ခြင်း သံဝေဂဖြစ်သောကြောင့် သားတော်ကြီးအား မင်းအဖြစ် (မင်းစည်းစိမ်)ကို ဆောင်နှင်းအပ်နှံခဲ့ပြီးလျှင် တောသို့ဝင်၍ သစ်ရွက်မိုးတဲ ပြုလုပ်တည်ဆောက်ကာ သစ်မြစ် သစ်သီးတို့ကို စားသုံး၍ မကြာမြင့်မီပင် နူနာရောဂါကင်းရှင်း ရွှေရောင်အဆင်းရှိသည်ဖြစ်၍ ထိုမှ ဤမှ လှည့်လည်ရာတွင် ပင်စည်ပင်လုံးကြီးမား၍ အတွင်း၌ကား အခေါင်းရှိသော သစ်ပင်တပင်ကို တွေ့ရှိ၍ ထိုသစ်ပင်၏ အကွင်း၌ တဆယ့်ခြောက်တောင်ပမာဏ ကျယ်ဝန်းသော ဌာရပ်ကို အပြေအပြစ်ဖြစ်အောင် သုတ်သင်ပြီးလျှင် ထွက်ဝင်ရန် တံခါးမ လေသာတံခါးတို့ကိုရင်း, လှေကားကိုရင်း ကပ်ဆင်၍ နန်းဆောင်ခန်းငယ်ပမာ ဖြစ်စေလျက် ထိုသစ်ခေါင်းအိမ်၌ပင် ကြိုတင်နေထိုင်နှင့်ဆဲ ဖြစ်လေသည်။

ထိုရာမမင်းသည် မီးအိုးကင်းကြီးတခု၌ မီးကိုထည့်၍ ညဉ့်အခါ၌ သမင်တောဝက်စသည်တို့၏ အော်မြည်သံကို အရပ်ဌာနအားဖြင့် မှတ်သားနားထောင်ပြီး အိပ်လေ့ရှိပေ၏၊နံနက်မိုးသောက် ရောက်သောအခါ ထိုအသံကြားရာ အရပ်ဌာနသို့ သွားရောက်ကြည့်ရှု၍ ခြသေ့ သစ် ကျား စသည်တို့၏ စားကြွင်းဖြစ်သော သမင်သား ဝက်သားစသည်တို့ကို ကောက်ယူဆောင်ကြဉ်းခဲ့ပြီးလျှင် ချက်ပြုတ်စားသောက်၍ နေလေ့ရှိပေ၏။

http://www.dhammadownload.com



တနေ့သ၌ ရာမမင်းနေရာနှင့် မနီးမဝေးဖြစ်သော ပိယာမင်းသမီး၏ နေထိုင်ရာ မြေအိမ်ကျင်းတိုက်မှ မင်းသမီး၏ ကိုယ်အနံ့ ရသဖြင့် ကျားတကောင်သည် ထိုမင်းသမီးနေထိုင်ရာ ကျင်းတိုက်အမိုးပျဉ်ချပ်ကို လက်သည်းတို့ဖြင့် ကုပ်ဖွင့်လှစ်လာသဖြင့် မင်းသမီးလည်း အလွန်ကြောက်ရွံ့ထိတ်လန့်ရကား ကျယ်လောင်စွာ ဟစ်အော်သည်ရှိသော် ရာမမင်းသည် မိုးလင်းခါနီး၌ မီးအိုးကင်းဝယ် မီးထည့်၍ ထိုင်နေရင်းမှ ထိုအသံကိုကြားရ၍ "ဤအသံကား မိန်းမအသံတည်း"ဟု ဆင်ခြင်စဉ်းစားပြီးလျှင် နံနက်စောစော ထိုမင်းသမီးရှိရာ မြေတိုက်ကျင်းအနီးသို့ သွားရောက်၍ "ဤကျင်းတိုက်မြေအိမ်အတွင်း၌ ရှိသူကား အဘယ်သူနည်း"ဟု မေးမြန်းလေ၏။ "အကျွန်ုပ်ကား မိန်းမပါတည်း"ဟု ဖြေကြားလေလျှင် "အဘယ်အမျိုးအနွယ်ရှိသူနည်း"ဟု မေးမြန်းပြန်၏။ "အရှင်.... အကျွန်ုပ်ကား ဩက္ကာကမင်းကြီး၏ သမီးတော်ပါတည်း"ဟု ဖြေကြားလေလျှင် "အပြင်သို့ ထွက်ခဲ့လော့"ဟု ပြောဆိုပြန်၏။ "အရှင်....အပြင်သို့ ထွက်ရန် မထတ်နိုင်ပါ"ဟု ပြောဆိုလေလျှင် "အဘယ်ကြောင့်နည်း"ဟု မေးမြန်း၍ "အရှင်....အကျွန်ုပ်အား အရေဖျားရောဂါရှိပါသည်"ဟူ၍ ဖြေကြားသောအခါ ရာမမင်းသည် အလုံးစုံသော အကြောင်းခြင်းရာဖြစ်ပုံကို မေးမြန်း၍ ခတ္တိယမာန်ဖြင့် မထွက်လာသောမင်းသမီးကို "ငါသည်လည်း ခတ္တိယနွယ်ရိုး မင်းမျိုးပင်တည်း"ဟု မိမိ၏မင်းအဖြစ်ကို သိစေပြီးလျှင် လှေကားချပေး၍ မင်းသမီးကို မြေကျင်းတိုက်ခန်းမှ ထုတ်ယူကာ မိမိ၏ နေရာအရပ်သို့ ဆောင်ကြဉ်းခဲ့ပြီးနောက် မိမိစားသုံးခဲ့သော ဆေးဝါးတို့ကိုပင် စားသုံးစေ၍ ထိုကုဋ္ဌရောဂါ နူနာပျောက်ကင်း ရွှေအဆင်းရှိသည်ကို ပြုပြီးလျှင် ထိုပိယာမင်းသမီးနှင့် အညီအညွတ် သဘောတူ အိမ်ထောင်ပြုလျက် နေလေ၏။

ယင်းသို့ နေထိုင်ကြရာ ထိုပိယာမိဖုရားသည် နှစ်ယောက်နှစ်ယောက်ကုန်သော သားမြွှာတို့ကို တဆယ့်ခြောက်ကြိမ်တိုင်တိုင် ဖွားမြင်သဖြင့် သားတော်ပေါင်း သုံးကျိပ်နှစ်ယောက် ရှိခဲ့၍ ထိုသားတော်များ အစဉ်သဖြင့် အရွယ်သို့ရောက် ကြီးပြောက်လာသောအခါ ခမည်းတော်ရာမမင်းသည် ထိုသားတော်တို့ကို မင်းသားတို့ တတ်မြောက်သင့်သမျှသော အတတ်ပညာတို့ကို သင်ကြားပေးလေသည်။

တနေ့သ၌ ရာမမင်း၏ နေပြည်တော်ရင်းဖြစ်သော ဗာရာဏသီပြည်မှ တောလည်မုဆိုးတဦးသည် ဟိမဝန္တာ၏ အနီးအပါး နံပါးဖြစ်သော ထိုတောအရပ်သို့ ရတနာတို့ကို ရှာဖွေလှည့်လည် လာရောက်သည်တွင် ရာမမင်းကို တွေ့မြင်ရ၍ သိမှတ်ခဲ့ဘူးရင်းဖြစ်ရကား "အရှင်မင်းကြီး....အကျွန်ုပ်သည် အရှင်မင်းကြီးတို့ကို ကောင်းစွာသိပါ၏"ဟု လျှောက်ဆိုသဖြင့်မိမိ၏တိုင်းတော်ပြည်တော် နိုင်ငံတော်အကြောင်း အလုံးစုံကို ထိုမုဆိုးအား မေးမြန်း ကြားနာ

http://www.dhammadownload.com



စဉ်တွင် သားတော်သုံးကျိပ်နှစ်ယောက်တို့သည် ထိုနေရာသို့ ရောက်ရှိလာကြကုန်၏။ မုဆိုးသည် ထိုမင်းသားတို့ကို မြင်၍ "အရှင်မင်းကြီး....ဤသူငယ်တို့သည်ကားအဘယ်သူတို့နည်း" ဟု မေးမြန်းလေ၏၊ "ငါ၏ သားတော်တို့တည်း" ဟု ဖြေကြားလေသော် ထိုမင်းသားတို့၏ အမိဖက်မှ ဆင်းသက်လာသော အမျိုးအနွယ်ကို တဖန်မေးမြန်းသိရှိရ၍ မုဆိုးသည် "ဗာရာဏသီပြည့်ရှင်မင်းအား လျှောက်ကြားဖွယ် စကားလက်ဆောင်ကောင်းကို ငါရရှိပေပြီ" ဟူ၍ အောက်မေ့ကာ ဗာရာဏသီပြည်သို့ ပြန်ခဲ့ပြီးလျှင် ဗာရာဏသီမင်းအား ထိုအကြောင်းအလုံးစုံကို လျှောက်ထားလေ၏။

ရာမမင်း၏သားတော်ဖြစ်သော ဗာရာဏသီပြည့်ရှင်မင်းသည်လည်း ခမည်းတော်ကို ပြန်လည်ပင့်ဆောင်ရပေတော့မည်ဟု အလွန်ဝမ်းမြောက်စွာ စစ်အင်္ဂါလေးပါးဖြင့် ခမည်းတော်ရာမမင်းရှိရာသို့ လာရောက်ပြီးလျှင် ခမည်းတော်ကို ရှိသေစွာရှိခိုးလျက် "ခမည်းတော်မင်းကြီး.... ဗာရာဏသီမင်းအဖြစ်ကို တဖန်လက်ခံတော်မူပါ" ဟူ၍ တောင်းပန်စကား လျှောက်ထားလေ၏။ ခမည်းတော်ရာမမင်းသည်လည်း "ချစ်သား....ဗာရာဏသီမင်းအဖြစ်ကို ခမည်းတော် အလိုမရှိတော့ပြီ၊ ဗာရာဏသီပြည်သို့လည်း ငါမလိုက်တော့ပြီ၊ ဤအရပ်မှာပင် ငါ၏နေရာ ဤသစ်ပင်ကိုပယ်ရှား၍ ဤကလောပင်ကြီး၏နေရာကို ငါ၏စံအိမ်နန်းဆောက်ထားလျက် ငါ့အလို့ငှါ မြို့နန်းအသစ် တည်ထောင်လော့" ဟု စေခိုင်းသဖြင့် သားတော် ဗာရာဏသီမင်းသည် ခမည်းတော်ရာမမင်း မိန့်ဆိုညွှန်ကြားတိုင်းပင် မြို့သစ်ကို တည်ထောင်လေ၏။

ဤမြို့သစ်၏အမည်ကို ခမည်းတော်၏နေရာ ကလောပင်ကိုပယ်ရှား၍မြို့တည်သောကြောင့် ကောလိယမြို့ ကောလိယပြည်ဟူ၍၎င်း, ကျားတို့သွားရာ လမ်းခရီးပေါ်၌ တည်ထားသောကြောင့် ဗျဂ္ဃပဇ္ဇမြို့ဟူ၍၎င်း အမည်နှစ်မျိုးလုံးပင် ခေါ်တွင်သမုတ်စေ၍ သားတော်ဗာရာဏသီမင်းသည် ခမည်းတော်ရာမမင်းကို ရှိခိုး၍ မိမိ၏မြို့သို့ ပြန်ခဲ့လေ၏။

ရာမမင်းနှင့် ပိယာမိဖုရားတို့သည် ထိုကောလိယမြို့သစ်၌ စံနေခဲ့ကြရာ တနေ့သ၌ အရွယ်သို့ ရောက်လေပြီးသော သားတော်တို့ကို မယ်တော်ပိယာမိဖုရားသည်—

"အမောင်သားတော်တို့.... အမောင်တို့၏ ဦးရီးတော် ဖြစ်ကြသော သာကီဝင်မင်းတို့သည် ကပိလဝတ်ပြည်၌ စိုးအုပ်စံနေကြကုန်၏၊ အမောင်တို့ ဦးရီးတော်များ၏ သမီးတော်တို့သည် ဤသို့ဤပုံ ထုံးနှောင်ဝတ်ဆင်မှု ရှိကြကုန်၏၊ ဤသို့ဤပုံ အသွင်အပြင် အနေအထား အမူအရာရှိကြကုန်၏၊ ထိုမင်းသမီးတို့ ရေချိုးရန် ရေချိုးဆိပ်သို့ လာကြသောအခါ

http://www.dhammadownload.com



အမောင်တို့ နှစ်သက်မြတ်နိုးရာရာ မင်းသမီးတို့ကို ဆွဲကိုင်ခေါ်ငင်ကာ ဆောင်ကြဉ်းချေကြလော့”—

ဟူ၍ သင်ပြညွှန်ကြားလေ၏။

မင်းသားတို့သည်လည်း မယ်တော်ညွှန်ကြားသင်ပြသည့်အတိုင်းပင် ကပိလ-ဝတ်ပြည် ဦးရီးတော်သာကီဝင်မင်းတို့၏ သမီးတော်များ ရေချိုးရာဆိပ်သို့ သွားရောက်ကြည့်ရှုကြပြီးသော် ကိုယ်စီကိုယ်ငှ မိမိတို့ကြိုက်နှစ်သက်ရာ မင်းသမီးတို့ကို ကြည့်ရှုရွေးချယ်ကြကုန်ပြီးလျှင် ထိုမင်းသမီးများ ရေချိုးပြီးစ ဆံပင်တို့ကို ခြောက်သွေ့စေသောခဏ၌ မင်းသမီးတို့ကို ဆွဲယူကြကုန်လျက် မိမိတို့၏ အမည်နာမစသည်တို့ကို ပြောကြားကြကုန်၍ ဆောင်ကြဉ်းခဲ့ကြကုန်၏။

ထိုအကြောင်းကို သာကီဝင်းမင်းတို့ ကြားသိကြလေသော် “အချင်းတို့.... ရှိပစေ၊ ထိုကောလိယမင်းသားတို့သည် ငါတို့အစ်မကြီး၏ သားများဖြစ်ကြ၍ ငါတို့၏ တူသားဆွေမျိုးရင်းတို့သာ ဖြစ်ကုန်၏” ဟု ပြောဆိုကြကာ အပြစ်မယူ ကြည်ဖြူကျေနပ်ကြကုန်၍ ဆိတ်ဆိတ်သာ နေကြကုန်၏။

ဤသို့ သကျသာကီဝင်နှင့် ကောလိယမင်းတို့ အချင်းချင်း ထိမ်းမြားမှု ပြုခဲ့ကြရာ ဘုရားမြတ်စွာ လက်ထက်တော်တိုင်အောင်ပင် အနွယ်အဆက် မပျက်ပဲ ဆင်းသက်ခဲ့လေသည်။

ဤသို့အားဖြင့် သကျသာကီဝင်မင်းမျိုးတို့သည် ဆွေမျိုးအရင်းအချာချင်း သန့်ရှင်း စင်ကြယ် တင့်တယ်မွန်မြတ်စွာပင် နွယ်ဇာတ်မျိုးရိုး ဖွံ့ဖြိုးပြန့်ပွါးခြင်း သို့ရောက်ခဲ့ကုန်၏။ သကျသာကီဝင်တို့၏ အမွန်မူလဖြစ်သော ဩက္ကာကမင်းကြီးမှ မြတ်စွာဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းတိုင်အောင်မျိုးရိုးနွယ်ဇာတ်ပြတ်ခြား ကွဲပြားခြင်း မရှိခဲ့သောကြောင့် ဤသကျသာကီဝင်တို့သည် “အသမ္ဘိန္န ခတ္တိယ နွယ်တော်စင်” ဟု ရာဇဝင်အထွတ်အဖျား ကြီးပွါးမြင့်မြတ်ခြင်းသို့သာ ရောက်ခဲ့ကြကုန်၏။

### ဒေဝဒဟပြည် တည်ထောင်ကြောင်း

ကပိလဝတ်ပြည်၌ နေကြကုန်သော သာကီဝင်မင်းတို့သည် နှလုံးမွေ့လျော် ဖွယ်ရာ သာယာတင့်တယ်သော ရေအိုင်ကြီးတခုသို့ သွားရောက်ကြကုန်၍ ရေကစားလေ့ရှိကြကုန်သည်။ ထိုရေအိုင်သည် သာကီဝင်မင်းတို့၏ ရေကစားရာ အိုင်ဖြစ်သောကြောင့် ဒေဝဒဟ-ဟု အမည်တွင်ခဲ့လေသည်။ (ဒေဝ=ယမ္မုတိ နတ်ဖြစ်သော သာကီဝင်မင်းတို့၏+ဒဟ=ရေကစားရာရေအိုင်-ဟု ဆိုလိုသည်)။

http://www.dhammadownload.com



နောက်အခါတွင် ဤရေအိုင်သို့ ရေကစားလာကြသော သာကီဝင်တို့သည် ကပိလဝတ်ပြည်သို့ မပြန်ကြပဲ ထိုရေအိုင်၏ အနီး၌ တည်းခိုစံနေရာ မင်းတဲ (မင်းကွန်း)တည်ဆောက်နေထိုင်ခဲ့ကြရာမှ အစဉ်သဖြင့် စည်ကား ကြီးကျယ်၍ တိုင်းပြည်တပြည်အဖြစ်သို့ ရောက်လာရကား ထိုဒေဝဒဟရေအိုင်ကို အစွဲပြု၍ ထိုပြည်၏ အမည်ကိုလည်း ဒေဝဒဟပြည်ဟုပင် ခေါ်ဝေါ်သမုတ်ကြကုန်တော့သည်။

ထိုပြည်၌ စံနေကြသော သာကီဝင်မင်းတို့သည်လည်း ထိုပြည်ကိုပင် အစွဲပြု၍ ဒေဝဒဟသာကီဝင်ဟူ၍ အမည်တွင်ကြလေကုန်သည်။

(ဥပရိပဏ္ဏာသအဋ္ဌကထာ ဒေဝဒဟသုတ်အဖွင့် စာမျက်နှာ ၁-ကို အမှီပြုသည်။)

ဥက္ကာမုခသာကီဝင် မင်းဆက်အကြောင်း

ကပိလဝတ်ပြည်, ကောလိယပြည်, ဒေဝဒဟပြည် ဤသာကီဝင်သုံးပြည်ထောင်တို့တွင် ကပိလဝတ်ပြည်ကို တည်ထောင်သော—

(၁) ဥက္ကာမုခမင်း (ဤမင်း၏ ခံတွင်းမှလည်း စကားပြောဆိုသောအခါ ခမည်းတော်သြက္ကာကမင်းကြီးကဲ့သို့ပင် ဝင်းဝင်းလက်လက် စက်ရောင်ထွက်သည်)၊

(၂) ထိုမင်း၏ သားတော် နိပုဏမင်း၊

(၃) ထိုမင်း၏ သားတော် စန္ဒိမမင်း၊

(၄) ထိုမင်း၏ သားတော် စန္ဒမုခမင်း၊

(၅) ထိုမင်း၏ သားတော် သိဝိမင်း၊

(၆) ထိုမင်း၏ သားတော် သိဥ္စယမင်း (သိဥ္စည်းမင်း)၊

(၇) ထိုမင်း၏ သားတော် အလောင်းတော် ဝေဿန္တရာမင်း၊

(၈) ထိုမင်း၏ သားတော် ဇာလီမင်း၊

(၉) ထိုမင်း၏ သားတော် သီဟဝါဟနမင်း၊

(၁၀) ထိုမင်း၏ သားတော် သီဟဿရမင်း၊

ဤတကျိပ်သော သာကီဝင်မင်းမျိုးတို့သည်၎င်း, တဖန် ထိုသီဟဿရမင်း၏ သား မြေး မြစ် အဆက်ဆက်ဖြစ်ကုန်သော ဇေယျသေနမင်း အဆုံးရှိသည့် ရှစ်သောင်းနှစ်ထောင်ကုန်သော သာကီဝင်မင်းတို့သည်၎င်း သက္ကငိုင်း ကပိလဝတ်ပြည်ကြီး၌ အဆက်ဆက်သောမင်းတို့ ဖြစ်ကြကုန်၏။

မဟာဗုဒ္ဓဝင် ၂-၅၂

http://www.dhammadownload.com



ထိုရှစ်သောင်းနှစ်ထောင်တကျိပ်သော သာကီဝင်မင်းတို့တွင် အဆုံးစွန်ဖြစ်သော ဇေယျသေနမင်း၌ သားတော်သီဟဟနု, သမီးတော် ယသောဓရာဟူ၍ နှစ်ယောက်ရှိ၏။

ထိုခေတ်အခါတွင် ဒေဝဒဟပြည်၌ စိုးစံလျက်ရှိသော ဥက္ကာသက္ကမင်းနှင့် ယသဝတီမိဖုရားကြီးတို့၌ သားတော်အဉ္စန, သမီးတော် ကဉ္စနာဟူ၍ နှစ်ယောက် ပင် ရှိ၏။

ထိုသို့ သားတော် သမီးတော် နှစ်ယောက်စီ ရှိကြရာဝယ် ကပိလဝတ်ပြည် ဇေယျသေနမင်း၏ သားတော် သီဟဟနုမင်းသားနှင့် ဒေဝဒဟပြည် ဥက္ကာသက္ကမင်း၏ သမီးတော် ကဉ္စနာမင်းသမီးတို့ကို စုံဖက်ထိမ်းမြားရ၍ သားတော် ငါးယောက် သမီးတော် နှစ်ယောက်အားဖြင့် သားတော် သမီးတော် ခုနစ်ယောက် ထွန်းကားဖြစ်ပွါးခဲ့လေသည်။ သားတော် ငါးယောက်တို့ဟူသည်ကား....(၁) သုဒ္ဓေါဒန၊ (၂)အမိတောဒန၊ (၃)ဓောတောဒန၊ (၄)သက္ကောဒန၊ (၅) သုက္ကောဒန ဤငါးယောက်တို့ ဖြစ်ကုန်၏။ (သုတ္တနိပါတ်အဋ္ဌကထာ ဒုတိယအုပ် သမ္မာပရိဗ္ဗာဇနီယသုတ် အဖွင့်အတိုင်း ဖော်ပြသည်။) သမီးတော် နှစ်ယောက်တို့ဟူသည်ကား....(၁) အမိတ္တာမင်းသမီး၊ (၂) ပါလိတာမင်းသမီး ဤနှစ်ယောက်တို့ ဖြစ်သည်။

ထို့ပြင်တဖန် ဒေဝဒဟပြည် ဥက္ကာသက္ကမင်း၏ သားတော်အဉ္စနမင်းသားနှင့် ကပိလဝတ်ပြည် ဇေယျသေနမင်း၏ သမီးတော် ယသောဓရာမင်းသမီးတို့ကို စုံဖက်ထိမ်းမြား၍ သားတော်နှစ်ယောက် သမီးတော်နှစ်ယောက် ပေါင်း လေးယောက် မွေးဖွားဖြစ်ပွါးခဲ့လေသည်။ (ဤ၌ အဉ္စနမင်း၏အမည်ကို မဟာသုပ္ပဗုဒ္ဓဟူ၍လည်း ခေါ် ဆိုဖွင့်ပြကြ၏။) သားတော်နှစ်ယောက်တို့ဟူသည်ကား.... (၁) သုပ္ပဗုဒ္ဓမင်းသားနှင့် (၂) ဒဏ္ဍပါဏိ မင်းသားတို့တည်း၊ သမီးတော်တို့ဟူသည်ကား (၁) သိရိမဟာမာယာမင်းသမီးနှင့် (၂) ပဇာပတိဂေါတမီ မင်းသမီးတို့ ဖြစ်ကုန်၏။

သီဟဟနုမင်း၏ သားတော်သုဒ္ဓေါဒနမင်းသားနှင့် အဉ္စနမင်း၏ သမီးတော် သိရိမဟာမာယာမင်းသမီး,ပဇာပတိဂေါတမီမင်းသမီးဤညီအစ်မနှစ်ပါးစုံတို့ကို စုံဖက်ထိမ်းမြားရာတွင် အစ်မတော် သိရိမဟာမာယာမိဖုရားကြီးမှ အလောင်းတော်သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူသည်။ ညီမတော် ပဇာပတိဂေါတမီ မင်းသမီးမှ သမီးတော် ရူပနန္ဒာမင်းသမီး, သားတော် နန္ဒမင်းသားတို့ကို ဖွား မြင်တော်မူသည်။

http://www.dhammadownload.com



ဤသို့ အကျဉ်းမျှ ပြဆိုခဲ့သောစကား အစဉ်အားဖြင့် ကပိလဝတ်ပြည်ကို စတင်တည်ထောင်ခဲ့သော ဥက္ကာမုခမင်းမှစ၍ ထိုမင်း၏ သားမြေးအဆက်ဆက် သီဟဿရမင်းတိုင်အောင် မင်းပေါင်း (၁၀) တကျိပ်၊

ထိုသီဟဿရမင်း၏ သားမြေးအဆက်ဆက် ဇေယျသေနမင်းတိုင်အောင် မင်းပေါင်း (၈၂၀၀၀) ရှစ်သောင်းနှစ်ထောင်၊

(၁) ထိုဇေယျသေနမင်း၏သား သီဟဟနုမင်း၊

(၂) ထိုမင်း၏သားတော် သုဒ္ဓေါဒနမင်း၊

(၃) ထိုမင်း၏သားတော် အလောင်းတော် သိဒ္ဓတ္ထမင်း၊

ဤသို့လျှင် သုံးရပ်ပေါင်း (၈၂၀၁၃) ရှစ်သောင်းနှစ်ထောင်တကျိပ်သုံးယောက်ကုန်သော သာကီဝင်မင်းတို့သည် ကပိလဝတ်နေပြည်တော်၌ စိုးစံသော အသမ္ဘိန္န သကျ သာကီဝင် ဘုရင်မင်းမြတ်တို့ချည်းသာလျှင်ဖြစ်ကုန်၏။ (ဤကား ကပိလဝတ်ပြည် သာကီဝင်မင်းဆက်တို့ကို အကျဉ်းမျှ ပြဆိုခြင်းတည်း)။

ရှေးဖော်ပြခဲ့ပြီးသော ကပ်ဦးအစ မဟာသမ္မတမင်းမှစ၍ ဩက္ကာကမင်းတိုင်အောင် မင်းပေါင်း (၇၂၇၇၆) နှစ်သိန်းငါးသောင်းနှစ်ထောင့်ငါးရာငါးကျိပ်ခြောက်ယောက်တို့နှင့် ယခုမင်းဆက် ဥက္ကာမုခမင်းမှစ၍ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းတိုင်အောင် သာကီဝင်မင်းပေါင်း (၈၂၀၁၃) ရှစ်သောင်းနှစ်ထောင်တကျိပ် သုံးယောက်တို့ကို ပေါင်း၍ အလုံးစုံ မင်းဆက်ပေါင်းကား (၃၃၄၅၆၉)သုံးသိန်းသုံးသောင်းလေးထောင့်ငါးရာခြောက်ကျိပ်ကိုးယောက်တို့ ဖြစ်ကုန်၏။

ထို့ကြောင့် မဟာသုတကာရီ မဃဒေဝလင်္ကာကျမ်း ဒုတိယပိုင်း (၁)ရာဇဝင်ခဏ်း ပိုဒ်ရေ (၃၂-၃၃)တို့၌—

(၃၂) ထိုဩက္ကာက၊ ရာဇ်နွယ်၏၊ တက္ကမပြား၊ လေးယောက်သားနှင့်၊ ငါးပါးသမီး၊ နှတ်ရွယ်ညီးတို့၊ ဘောကြီးဇေဟမာ၊ ထွက်ကြလာ၍၊ မဟာဝုသိန္ဒ၊ တာပသ၏၊ သာကဝနေ၊ ကျောင်းရာမြေဝယ်၊ ဇေယျာနက်သန်၊ အောင်ကွက်မှန်ရှိုက်၊ ဗိမာန်ထီးနန်း၊ တည်ဖန်ဆန်း၍၊ ပြဋ္ဌာန်းနာမ၊ တိုင်းသက္ကနှင့်၊ ကပိလဝတ္ထု၊ ပြည်သေတ္တုဟု၊ ဇမ္ဗုဦးစွန်း၊ မော်ကွန်းသိဂိ၊ ထိုးစိုက်စီလျက်၊ နောင်ညီလေးပါး၊ နှောင်းဖွားရွယ်လှ၊ ငယ်နှမတို့၊ ဝံသမပြား မျိုးမခြားအောင်၊ စုလျားပတ်နှောင်၊ ပြည်တည်ထောင်ပြီး၊ ယခေါင်နောင်မင်း၊ အာခံတွင်းက၊ ဝင်းဝင်းပြောင်ဝါ၊ စက်ရောင်ဖြာသား၊ ဥက္ကာမုခ၊ မင်းကဆင့်ပွါး၊ သားနိပုဏ၊ စန္ဒိမနှင့်၊ စန္ဒမုခ၊ ထိုမှသိဝိ၊ ထိုပြီးသိဥ္စည်း၊ ကျော်သည်းဝေဿန်၊ ဘုန်းအန်ထန်ပြင်း၊

http://www.dhammadownload.com



ဇာလီမင်းက၊ သားရင်းသီဟ၊ ဝါဟနနှင့်၊ တေဇလွှံ့ပတ်၊ သီဟာဿရ၊ မင်းမှစ၍၊ သကျမျိုးမြတ်၊ သာကီဇာတ်တို့၊ မပြတ်သမ္ဘိန်၊ ထွန်းခဲ့ ထိန်ရှင့်၊ ဇေယျသိန်မင်းဖျား၊ သားသီဟနု၊ အတုလွှတ်ကျော်၊ သုဒ္ဓေါ မင်းမြတ်၊ လောင်းသိဒ္ဓတ်ဟု၊ အထွတ်ဆုံးတိုင်၊ နှုန်းမပြိုင်အောင်၊ မလှိုင်ဌာနီ၊ ပြည်ကပီဝယ်၊ သာကီမင်းပေါင်း၊ ရှစ်သောင်းအခေါင်၊ နှစ်ထောင်တွက်ကျူး၊ တကျိပ်သုံးတို့၊ ကျွန်းလုံးကျော်ဟိုး၊ နတ်နွယ် မိုး၍၊ နေမျိုးပေါ်တွင်၊ ညွန့်ဖူးတင်သည်၊ ၊ရာဝင်ဒုတိယ ရွှေကျမ်း တည်း။—

ဟူ၍ရင်း,

(၃၃) ဤသို့လျှင်တိ၊ မဟာဝင်လျှည်၊ ရာဝင်စဉ်တွင်၊ ဓမ္မဥ္ဇရ၊ ရာစည်တို့၊ သမ္မတဂိုဏ်း၊ ဥက္ကာဂိုဏ်းဟု၊ နှစ်ပိုင်းအစု၊ ဂိုဏ်းကြီးပြု၍၊ တိုင်းပြုပြည်ပြု၊ အစိတ်ရှက၊ စတုဝီသ၊ အစုရဏ်။ ထိုမျှရာဇာ၊ စောချုပ် ခြာတို့၊ သချာသရုပ်၊ နှစ်ပါးအုပ်ပြီး၊ အချုပ်ထိန်းသော်၊ သုံးသိန်း သုံးသောင်း၊ လေးထောင့်ငါးရာ၊ ခြောက်ကျိပ်သာ၍၊နောက်မှာအစွန်း၊ ကိုးယောက်ထွန်းသည်၊ ၊မော်ကွန်းတင်ပြ မှတ်ကြမင်းစဉ် အကျဉ်း တည်း။—

ဟူ၍ရင်း ရေးသားစပ်ဆိုခဲ့လေပြီ။

အဥ္ဇနမင်း၏သားတော် သုပ္ပဗုဒ္ဓမင်းသားနှင့် သီဟဟနုမင်း၏သမီးတော် အမိတ္တာတို့ကို စုံဖက်ထိမ်းမြားရာတွင် သမီးတော် ဘဒ္ဒကဥ္စနာ=ယသောဓရာ မင်းသမီးနှင့် သားတော်ဒေဝဒတ်မင်းသားတို့ကို ဖွားမြင်လေသည်။

ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီးနှင့်သိရိမဟာမာယာမိဖုရားကြီး တို့၏သားတော် အလောင်းတော် သိဒ္ဓတ္ထမင်းသားနှင့် ဒေဝဒဟပြည့်ရှင် ဘုရင် သုပ္ပဗုဒ္ဓမင်းနှင့် အမိတ္တာမိဖုရားတို့၏သမီးတော် ဘဒ္ဒကဥ္စနာ=ယသောဓရာ မင်းသမီးတို့ကို စုံဖက်ထိမ်းမြားရာတွင် သားတော် ရာဟုလာမင်းသားကို ဖွားမြင် လေသည်။

(မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းမှာ ဤရာဟုလာ ဂင်းသားမှတပါး အခြားသားတော် တဦးတယောက်မျှ မရှိချေ၊ အချို့ ဗုဒ္ဓဝင်ကျမ်းငယ်တို့၌ အလောင်းတော်သိဒ္ဓတ္ထမင်းမှာ ယသောဓရာမှ တပါး အခြားသော မိဖုရားငယ် မောင်းမမိဿံတို့မှ ဖွားမြင်သော သားတော်များ ရှိသေးလေဟန် ကြံဖန်ရေးသားကြသော်လည်း သာသ- နာတော်ကျမ်းဂန်တို့၌ အရိပ်အငွေ့မျှမရှိ၊ရာဟုလာသားတော်တပါးသာ

http://www.dhammadownload.com



ရှိကြောင်း ဖွင့်ပြသဖြင့် သားတော်ရာဟုလာ တပါးတည်းဟူ၍သာ အနိုင်အမာ မှတ်ယူကြစေကုန်သတည်း။)

## မြတ်စွာဘုရား၏ ဘိုးတော် အဥ္စနမင်းကြီး သက္ကရာဇ်ဖြိုခြင်းအကြောင်း

မြတ်စွာဘုရား၏ဘိုးတော် (သီရိမဟာမာယာဒေဝီ၏ခမည်းတော်) ဒေဝဒဟ ပြည့်ရှင် ဘုရင်အဥ္စနမင်းကြီးသည် မိမိ၏ခေတ်လက်ထက်၌ ရှိရင်းစွဲ ရောက်ဆဲ ဖြစ်သော ဂေါဇာသက္ကရာဇ်(၈၆၄၈)ရှစ်ထောင် ခြောက်ရာ လေးဆယ့်ကိုးခုကို ထိုနှစ် တပေါင်းလကွယ် စနေနေ့အထိ ဖြိုပြီးလျှင်(=ဗေဒင်နည်းအရ ဖျောက် ချေပယ်ဖျက် စွန့်ပစ်လိုက်ပြီးလျှင်(တနည်း)ထိုရေးမှတ်ခဲ့သော သက္ကရာဇ်အရေ အတွက်ကို ရေးမှတ်သုံးစွဲခြင်း မပြုကြရန် စီမံပြဋ္ဌာန်းပြီးလျှင်) တန်းခူးလဆန်း ၁-ရက် တနင်္ဂနွေနေ့ကိုအစပြု၍ သက္ကရာဇ်တခုကို ထားလေသည် (=ထိုအခါက စ၍ သက္ကရာဇ်တခုကို အသုံးပြုရန် ပြဋ္ဌာန်းခဲ့သည်)။ ထိုသက္ကရာဇ်ကို မဟာ သက္ကရာဇ်ဟူ၍ နောက်အခါ၌ ခေါ်ဝေါ်ကြ၏။

ဤသို့ သက္ကရာဇ်ဖြိုခြင်း အကြွင်းတခုကိုထားခြင်း အကြောင်းတို့ကို ပြဆို ချက်တို့မှာ ရာဇဝင်တို့၌ပြဆိုသော လောကသင်္ကေတစကားတို့သာ ဖြစ်ကုန်၏၊ စင်စစ်ကား သက္ကရာဇ်ဖြိုသော အကြောင်းအရာနှင့် ရောက်လာသော နှစ်ကို မှတ်သားချက် သက္ကရာဇ်ဟူသော အခေါ်အဝေါ်ဝေါဟာရ ကောဇာ+ဂေါဇာ ဟူသော အသုံးအနှုန်းတို့သည် သင်္ဂါယနာတင်ကျမ်းဂန်တို့၌ မပါရှိခဲ့ကုန်ချေ။ လောကအကြောင်းဆိုင်ရာ ဗေဒင်ကျမ်း ရာဇဝင်ကျမ်းတို့၏အဆို အလိုအားဖြင့် သာ ရှိခဲ့ကုန်၏။ ထိုလောကအသုံးအဆောင် ဗေဒင် ရာဇဝင်ကျမ်းဂန်တို့၌ ရှိကြသော နည်းနာ အသုံးအနှုန်းတို့ကိုပင် နှစ်ပရိစ္ဆေဒ အချိန်ကာလတို့ကို မှတ်သားလွယ်ကူရန်အကျိုးငှါ မြန်မာပြည် ပုဂံခေတ် ပင်းယခေတ် စသော ကာလ ကျမ်းပြုဆရာ ပညာရှိ အဆက်ဆက်တို့ ယူငင်သုံးစွဲ ရေးမှတ်ခေါ်ဝေါ် ခြင်းအမှု ပြုခဲ့ကုန်သည်။

## သက္ကရာဇ်+သကရာဇ်၊ ကောဇာ+ဂေါဇာ ရေးထုံးများအကြောင်း

ဤသက္ကရာဇ်+သကရာဇ်၊ ကောဇာ+ဂေါဇာ ရေးထုံးများအကြောင်း သမန္တစက္ခုဒီပနီကျမ်း ဒုတိယတွဲ၌ မုံရွေးဇေတဝန်ဆရာတော်ဘုရား အကျယ် ဖြေဆို ရေးသားပြီး ရှိလေပြီ။ ထိုဝိနိစ္ဆယအဆုံး၌ ဆရာတော်ကြီး၏ နှလုံးသွင်း ယူဆချက်ကို—

http://www.dhammadownload.com



ဤသို့စသည်ဖြင့် နည်းနာနယများစွာပင် တွေ့မြင်ကြားသိရဘူး၏၊ ကာလဒေသအလျောက် သင်္ကေတပညတ် မှတ်ထားရေးသားရရှိမှုသာ အကျိုးရှိသည်၊ ထိုအရေးအသား အမှတ်အကွာရာ တိမ်းယိမ်းသည်ဟူ၍ သံသရာရေး လျော့ပါး နွမ်းနယ်ကောင်းသော အရာမဟုတ်ဖြစ်၍တကြောင်း၊ ဤသို့သော အရေးကို အတပ်မှန် သိရသဖြင့် ဝဋ်တရားမှ ထွက်မြောက်နိုင်အောင် အကျိုးဆောင်သောပညာ သမ္မာဒိဋ္ဌိဉာဏ်၏ အာရုံမဟုတ်သည်လည်း တကြောင်းဖြစ်၍ ငါတို့အလိုကား လျော်ရာ လျော်ရာ တော်သင့်ကြလေဆည်ချည်းပင် ဖြစ်တော့သည်ဟူ၍ နှလုံးသွင်းသင့်မည် ထင်ပေသည်—

ဟူ၍ ရေးသားတော်မူချက်ကား အလွန်နှစ်သက်ဖွယ် ကောင်းလှပေ၏။

အချုပ်အားဖြင့် လူများကို ထိန်းစောင့်ခြင်းငှါ စွမ်းနိုင်သော မင်းတို့ စီမံပြဋ္ဌာန်းသော နှစ်အပိုင်းအခြား အမှတ်အသားဖြစ်၍ သက္ကရာဇ်ဟူ၍ငင်း သကမည်သောမင်း စီမံပြဋ္ဌာန်းသော နှစ်အပိုင်းအခြား အမှတ်အသားဖြစ်၍ သကရာဇ်ဟူ၍ငင်း,နေလတို့၏ အသွားအလာ အချိန်အပိုင်းအခြားကို စောဒဟူ၍ငင်း, ဂေါဇာဟူ၍ငင်း ခေါ်ဝေါ်ပညတ် သမုတ်အပ်လေသည်။ ။(သက္ကရာဇပုဒ်မှ သက္ကရာဇ်ဟူသော ဝေါဟာရ ဖြစ်ပေါ်လာသည်။ သက္က=လူများကို ထိန်းစောင့်ခြင်းငှါ စွမ်းနိုင်သော+ရာဇ=မင်း၊ သက္ကရာဇ=လူများကို ထိန်းစောင့်ခြင်းငှါ စွမ်းနိုင်သော မင်းတို့ စီမံပြဋ္ဌာန်းသတ်မှတ်အပ်သည့် နှစ်အပိုင်းအခြား သက္ကရာဇ်ဟု ဆိုလိုသည်။ ။သကရာဇပုဒ်မှ သကရာဇ်ဟူသော ဝေါဟာရဖြစ်ပေါ်လာသည်။ သက=သကမည်သော+ရာဇ=မင်း၊သကရာဇ=သကမည်သောမင်း စီမံပြဋ္ဌာန်းသတ်မှတ်အပ်သည့် နှစ်အပိုင်းအခြား သကရာဇ်ဟု ဆိုလိုသည်။ ။စော‌ဒ+ဂေါဇာဟူသည်၌ စောသဒ္ဒါ နေဟော၊ ဂေါသဒ္ဒါ နေလနှစ်ပါးဟော ဖြစ်သည်။ ဇာသဒ္ဒါ လှည့်လည်သွားလာခြင်းဟောဖြစ်၍ နေလတို့၏ အသွားအလာ တဆယ့်နှစ်ရာသီခွင်တွင် တပါဒ် တပါဒ် ပြည့်သော အချိန်အပိုင်းအခြားကို စောဒနှစ် ဂေါဇာနှစ် တနှစ် တနှစ်ဟူ၍ ခေါ်ဆိုလေသည်။ ဂေါ်စာရ်နှစ်ဟူ၍လည်း ရေးစမှတ် ပြုကြပေ၏)။

### ကလိယုဂ်နှင့် သက္ကရာဇ်အသုံး

သက္ကရာဇ်ဟူသော စကား၏ ရှေ့မှ ကလိယုဂ်ဟူသော ဝိသေသနပုဒ် ထည့်၍ "ကလိယုဂ်သက္ကရာဇ် နှစ်ပေါင်း ဤမျှ"ဟူ၍ သုံးနှုန်းရာ၌ ကလိယုဂ်ဟူသည်နှင့် သက္ကရာဇ်ဟူသည် အနက်တူ မဟုတ်ပေ၊ ကလိယုဂ်ဆန်းသော ခေတ်တွင် သက္ကရာဇ်နှစ်ပေါင်း ဤမျှဟူ၍ ဆိုလိုရင်းဖြစ်သည်။ အနည်းငယ် ထင်ရှားစေဦးအံ့....၊

http://www.dhammadownload.com



အန္တရကပ်ခေါ်သော တက်ကပ် ဆုတ်ကပ် တစုံတစုံအနက် တက်ကပ်၌ ကတယုဂ် တြေတာယုဂ် ဒွါပရယုဂ် ကလိယုဂ်ဟူ၍ ယုဂ်လေးပါး(နှစ်ပရိစ္ဆေဒ) တို့ အလှည့်အလည် ဆန်းတုံ ကွယ်တုံ ရှိခဲ့ရာ ထိုယုဂ်လေးပါး ဆန်းကြ ကွယ်ကြ သည့် အကြိမ်ပေါင်း ခြောက်ဆယ်ပြည့်မှ တက်ကပ် တကပ်ဆုံး၏။ ဆုတ်ကပ်၌ လည်း ထိုနည်းအတူပင်တည်း ဟူ၍ လောကီကျမ်းတို့၌ အဆိုရှိသည်။ ထိုယုဂ် လေးပါးတို့တွင် ရှေးဦးစွာ ကတယုဂ်သည် နှစ်ပေါင်း (၁၇၂၈၀၀၀) တသန်း ခုနစ်သိန်း နှစ်သောင်းရှစ်ထောင် အရေအတွက် ရှိ၏။ ထို့နောင် တြေတာယုဂ် ဆန်း၏၊ ထို တြေတာယုဂ်သည် နှစ်ပေါင်း (၁၂၉၆၀၀၀) တသန်းနှစ်သိန်း ကိုးသောင်းခြောက်ထောင် အရေအတွက် ရှိ၏။ ထို့နောင် ဒွါပရယုဂ်ဆန်း၏၊ ထိုဒွါပရယုဂ်သည် နှစ်ပေါင်း (၈၆၄၀၀၀)ရှစ်သိန်းခြောက်သောင်း လေးထောင် အရေအတွက် ရှိ၏။ ထို့နောင် ကလိယုဂ် ဆန်း၏၊ ထိုကလိယုဂ်သည် နှစ်ပေါင်း (၄၃၂၀၀၀)လေးသိန်းသုံးသောင်းနှစ်ထောင် အရေအတွက် ရှိ၏။ (ကလိယုဂ် နှစ်တွင် တဆတိုးလျှင် ဒွါပရယုဂ်သက်၊ နှစ်ဆတိုးလျှင် တြေတာယုဂ်သက်၊ သုံးဆတိုးလျှင် ကတယုဂ်သက်ဖြစ်သည်ကို သတိပြုရာ၏။) ယုဂ်လေးပါး အပေါင်း နှစ်ပရိစ္ဆေဒသော်ကား (၄၃၂၀၀၀၀) လေးသန်းသုံးသိန်းနှစ်သောင်း အရေအတွက် ရှိ၏။

ကတယုဂ်နှစ်ပိုင်းတွင် သတ္တဝါတို့ ခြေလေးချောင်းထောက်၍ နေသကဲ့သို့ သတ္တဝါတို့ကို လေးပုံပုံလျှင် လေးပုံလုံး တရားစောင့်ကြ၏။ တြေတာယုဂ်တွင် ခြေသုံးချောင်းထောက်၍ နေသကဲ့သို့ လေးပုံသုံးပုံသာလျှင် တရားစောင့်၍ ကျန်တပုံကား တရားမစောင့် ရှိ၏။ ဒွါပရယုဂ် နှစ်ပိုင်းတွင် လေးပုံ နှစ်ပုံ (တဝက်သာ) တရားစောင့်၍ ကျန်နှစ်ပုံ (တဝက်)ကား တရားမစောင့် ရှိ၏။ ကလိယုဂ်နှစ်ပိုင်းတွင် လေးပုံ တ ပုံသာ တရားစောင့်၍ ကျန်သုံးပုံကား တရားမစောင့် ရှိ၏။

အကျွန်ုပ်တို့၏ဆရာ ဂေါတမနွယ်ဖွား မြတ်စွာဘုရားသည် ကလိယုဂ် နှစ် ပေါင်း (၂၅၇၀) နှစ်ထောင် ငါးရာ ခုနစ်ဆယ်မြောက်တွင် ပွင့်ထွန်းတော်မူ ကြောင်းကို ဂေါတမပုရာဏ်ကျမ်း ပဌမကဏ္ဍ၌—

> ကလေရာရဗ္ဘတော သူည–သတ္တပဉ္စဒုကေ ဂတေ။
> သံဝစ္ဆရေ ဗဘုဝ ဝေါ၊ ဓမ္မဝိဒေါ ဂေါတမာဘိဓော။

ကလိယုဂ်နှစ်ဆန်းသည်မှ နှစ်ပေါင်း (၂၅၇၀) နှစ်ထောင် ငါးရာခုနစ်ဆယ် သို့ ရောက်သောနှစ်၌ တရားကိုသိမြင်သော ဂေါတမမြတ်စွာဘုရား ဖြစ်ပွင့်တော် မူပြီ ဟူ၍ ရေးသားချက်ရှိလေသည်။

http://www.dhammadownload.com



ယခု ရောက်ဆဲ သာသနာနှစ်နှင့် ယခုရောက်ဆဲ ကလိယုဂ်နှစ်တို့ကို သိလိုသော် "သက္ကရာဇ်ဒီဓာ၊ တည်ပြီးမှလျှင်၊ ဖွေးအင္ဂနှင့်၊ ကေကော၊ နှောတို့ပါက၊ သာသနာနှစ်၊ အတိတ်ဖြစ်၏" ဟူသော ရှေးလင်္ကာအတိုင်း ရောက်ဆဲသက္ကရာဇ် နှစ်ကိုတည်၊ ၁၁၈၂-ကို ရောလျှင် အတိတ်သာသနာနှစ် ဖြစ်၏။ (ဥပမာ) ယခုရောက်ဆဲ ၁၃၂၃-ခုနှစ်တွင် အတိတ်သာသနာ နှစ်ပေါင်းမည်မျှရှိပြီဟု သိလိုလျှင် ရောက်ဆဲသက္ကရာဇ် ၁၃၂၃-ခုနှင့် ၁၁၈၂-ကို ပေါင်း၍ နှော၍ ရသောနှစ်ပေါင်း ၂၅၀၅-သည် အတိတ်သာသနာနှစ် ဖြစ်၏။

သာသနာနှစ်ကို သိလျှင် "သုညသတ္တ၊ ပည်း ဒွယ၊ နှောထ ကလိယုဂ်" ဟူသောအတိုင်း ယခုရောက်ဆဲ သာသနာနှစ် ၂၅၀၅-တွင် ၂၅၇၀-ကို ရော၍ နှော၍ ရသော နှစ်ပေါင်း(၅၀၇၅)ငါးထောင်ခုနစ်ဆယ်ငါးသည် ယခုရောက်ဆဲ ကလိယုဂ် နှစ်မည်၏။

အချုပ်အားဖြင့် "ကလိယုဂ်သက္ကရာဇ်နှစ်ပေါင်း ဤမျှ ဤမျှ"ဟူ၍ ရေးသားသုံးစွဲကြရာ၌ "ကလိယုဂ်ခေတ်တွင် သက္ကရာဇ် နှစ်ပေါင်း ဤမျှ ဤမျှ" ဟု ဆိုလိုရင်းဖြစ်သည်ကို သတိပြုရာ၏၊ ကလိယုဂ်မှာ ဆိုခဲ့ပြီးသည့်အတိုင်း နှစ်ပေါင်း လေးသိန်းသုံးသောင်းနှစ်ထောင် ရှိ၏၊ သက္ကရာဇ်မှာ မင်းတို့ပြဋ္ဌာန်းဆုံးဖြတ်သည့်အတိုင်း လိုက်နာမှတ်သားရသော နှစ်အရေအတွက် ဖြစ်သည်။

ယုဂ်လေးပါးအကြောင်းနှင့် ကလိယုဂ်နှစ် ၂၅၇၀-၌ မြတ်စွာဘုရား ပွင့်တော်မူကြောင်းကို မဟာသုတကာရီ မဃဒေဝလင်္ကာကျမ်း မွေစရိယာနိသံသခဏ်း ပိုဒ်ရေ(၅၅၃) ၌—

> လေးတန်ယုဂ၊ ထိုလောက်မျှတွင်၊ ကတနှစ်တွင်း၊ လူခပင်းတို့၊ မကြွင်းဥဿုံ၊ လုံးစုံသမ္မာ၊ မှန်သစ္စာ၏၊ တြေတာတုံ၊ လေးပုံပုံပြား၊ သုံးပုံအားဖြင့်၊ ကရားတည်ကြ၊ တပုံပ၏။ ဒွါပရစက်၊ ထိုယုဂ်သက်၌၊ ထက်ဝက်ကောင်းဆိုး၊ နှစ်မျိုးညီတိ။ ယုဂ်ကလိကား၊ အသိအယူ၊ အမူကောင်းစွာ၊ သတ္တဝါနည်းလှ၊ တဘို့မျှဖြင့်၊ သုံးဆချွတ်ယွင်း၊ တရားကင်း၏။ ယင်းကလိယုဂ်၊ သမုတ်လူ့တောင်၊ နှစ်ယခေါင်တွင်၊ နှစ်ထောင်ကျော်ထ၊ ငါးရာ့ခုနှစ်ဆယ်၊ ပြည့်ကယ်တုံလျက်၊ ဆန်းထွန်းတက်မှ၊ ရာသက်ကာလ၊ ဟာယနဥ္ဝသကျသီဟ၊ ဂေါတမဟု၊ လောကထွတ်ထား၊ မြတ်ဘုရားလျှင်၊ ထင်ရှားလူ့ရွာ၊ ဖြစ်ပွင့်လာ၍...

စသည်ဖြင့် စပ်ဆိုလေသည်။

http://www.dhammadownload.com



စာမျက်နှာ (၉၇)

## ကရဝိက်ငှက်မင်း၏ အသံသာယာပုံနှင့် အသန္ဓိမိတ္တာ မိဖုရားဝတ္ထု

ဓမ္မာသောကမင်းတရား၏ အသန္ဓိမိတ္တာမိဖုရားသည် (မြတ်စွာဘုရား၏ အသံတော်သာယာပုံနှင့်စပ်၍) "ဤလောက၌ မြတ်စွာဘုရား၏ အသံတော်နှင့် တူသော တဦးဦး၏ အသံသည် ရှိပါသလော" ဟူ၍ သံဃာတော်ကို မေးမြန်း လျှောက်ထားသဖြင့် သံဃာတော်က "ရှိပေသည် ကရဝိက်ငှက်မင်း၏ အသံသည် မြတ်စွာဘုရား အသံတော်နှင့် တူ၏" ဟု ဖြေကြားတော်မူ၏။ တဖန် အသန္ဓိမိတ္တာ မိဖုရားက "ထိုကရဝိက်ငှက်တို့သည် အဘယ်အရပ်၌ နေပါကုန်သနည်းဘုရား" ဟု လျှောက်ထားသောအခါ သံဃာတော်က "ဟိမဝန္တာအရပ်၌ နေကုန်၏" ဟု ဖြေ ကြားတော်မူ၏။

အသန္ဓိမိတ္တာမိဖုရားက အသောကမင်းကြီးကို "အရှင်မင်းကြီး....ကရဝိက် ငှက်ကို ကြည့်လိုလှပါသည်" ဟု လျှောက်ထားသဖြင့် အသောကမင်းတရားသည် "ဤလှောင်ချိုင့်၌ နားနေ၍ ကရဝိက်ငှက်သည် လိုက်ပါလာရမည်" ဟု အမိန့် တော်ပြန်၍ ရွှေလှောင်ချိုင့်ကို လွှတ်လိုက်လေသည်။ လှောင်ချိုင့်သည် သွား လတ်၍ ကရဝိက်ငှက်တကောင်၏ ရှေ့၌ ရပ်တည်လေ၏၊ ထို ကရဝိက်ငှက်သည် "ဤလှောင်ချိုင့်ကား မင်း၏အာဏာဖြင့် လာသော လှောင်ချိုင့် ဖြစ်လေသည်။ အာဏာကို ဖီဆန်၍ မလိုက်ပါပဲနေခြင်းငှါ မတတ်နိုင်" ဟု ဆင်ခြင်အောက်မေ့ ကာ လှောင်ချိုင့်၌ နားတည်လေသည်။ လှောင်ချိုင့်သည် လာလတ်၍ မင်းကြီး ၏ ရှေ့မှောက်၌ တည်လေ၏။

ကရဝိက်ငှက် ရောက်လာသော်လည်း အသံတွန်မြည်အောင် မပြုနိုင်ပဲရှိကြ သည်တွင် အသောကမင်းတရားက "အချင်းတို့....အဘယ်သို့သောနည်းဖြင့် (ဘယ်လိုပြုလုပ်လျှင်) ဤကရဝိက်ငှက်တို့သည် အသံတွန်မြည်ကြကုန်သနည်း" ဟု မေးမြန်း၍ မှူးမတ်တို့က "အရှင်မင်းကြီး....ဤကရဝိက်ငှက်တို့သည် ချင်းတို့၏ ဆွေမျိုးများကိုမြင်လျှင် အသံတွန်မြည်ကြကုန်၏" ဟု လျှောက်ထားကြသဖြင့် အသောကမင်းတရားသည် ကရဝိက်ငှက်၏ ပတ်ဝန်းကျင်မှ ကြေးမုံ (မှန်) တို့ ဖြင့် ကာရံစေတော်မူ၏။

ကရဝိက်ငှက်သည် မိမိ၏ အရိပ်ကို မြင်ရလျှင်ပင် ငါ့ဆွေမျိုးတွေ လာကုန် ပြီဟု ထင်မှတ်လျက် တောင်ပံကိုရိုက်ခတ်ကာ ချိုမြိန်သာယာလှစွာသော အသံ ဖြင့် ပတ္တမြားပွေ့ (ပုလွေ) ကို ညှင်းသကဲ့သို့ ဖြည်းညှင်းသာယာစွာ တွန်ကျူး ရင့်ရှူလေသည်။ ကရဝိက်ငှက်မင်း၏ တွန်ကျူးရင့်ရှူသံကို ကြားကြရကုန်သော အသန္ဓိမိတ္တာမိဖုရားနှင့်တကွ ပါရလိပုတ်ပြည်သူပြည်သား လူအများတို့သည် ထို

http://www.dhammadownload.com



ကရဝိက်ငှက်မင်း၏ အသံဖြင့်မူးယစ်ကြသကဲ့သို့ဖြစ်ကာ ကခုန်ကြတော့မည့်ပမာ လွန်စွာ မြူးတူး အထူး နှစ်သက်ကြကုန်၏။

အသန္ဓိမိတ္တာမိဖုရား စဉ်းစားဆင်ခြင်မိသည်မှာ "တိရစ္ဆာန်ဖြစ်သော ဤကရဝိက်ငှက်၏ အသံသည်ပင် ဤမျှလောက် ချိုမြိန်သာယာလှပေ၏။ သဗ္ဗညုတဉာဏ်တော်ဖြင့် ဘုန်းတန်ခိုးအသရေတော် အထွတ်အထိပ်သို့ ရောက်တော်မူသော မြတ်စွာဘုရား၏ အသံတော်မှာ အဘယ်သို့ နေလိမ့်မည်နည်း၊ မည်မျှမည်မျှ ချိုမြိန်သာယာလှပေ၏ဟုပင် ပိုင်းခြားကန့်သတ်နိုင်တော့မည် မဟုတ်ပေတကား"ဟု မြတ်စွာဘုရားကို အာရုံပြုကာ နှစ်သက်ခြင်း(=ပီတိ) ကိုဖြစ်စေ၍ ထိုပီတိကို မစွန့်မခွါပဲ ဝိပဿနာတရား အဆင့်ဆင့်ပွါးသဖြင့် အသန္ဓိမိတ္တာမိဖုရားသည် မိန်းမရွေ ခုနစ်ရာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လေသည်။ (မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ မျက်နှာ ၂၆၃-မှ)။

စာမျက်နှာ (၇၁) မှ (၉၈) တိုင်

## လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့၏ အကြောင်းကံ စသည်

ပြဆိုအပ်ပြီးသော မဟာပုရိသလက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့တွင် တပါးတပါး၌ (၁) ကမ္မ၊ (၂)ကမ္မသရိက္ခက၊ (၃) လက္ခဏ၊ (၄)လက္ခဏာနိသံသ ဤလေးချက်တို့ကို ထင်စွာပြ၍ ဖွင့်ဆိုရေးသားမှသာ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့ကို ကောင်းစွာ ဖွင့်ဆိုရေးသားအပ်သည် မည်ကုန်၏-ဟူ၍ ဇိနာလင်္ကာရဋီကာကျမ်း၌ ပြဆိုသောကြောင့် ဤအရာဝယ် ထိုကမ္မ, ကမ္မသရိက္ခက, လက္ခဏ, လက္ခဏာနိသံသ ဟူသော လေးချက်တို့၏ အနက်သဘောကို ရှေးဦးစွာ အကျဉ်းမျှ ပြဆိုဦးအံ့ ...၊

ထိုလေးချက်တို့တွင် (၁) ကမ္မ ဟူသည်ကား....ဘုရားဖြစ်ရန် ရည်သန်ပြုလုပ်အားထုတ်ဆည်းပူးတော်မူခဲ့သည့် လက္ခဏာတော်ကြီးများကို ဖြစ်စေတတ်သော ရှေးကောင်းမှုကုသိုလ် အဆောက်အဦကို ခေါ်ဆိုသည်။ (၂) ကမ္မသရိက္ခက ဟူသည်ကား....ကံနှင့်တူစွာ ဖြစ်ပေါ် လာသည့် လက္ခဏာတော်တို့၏ထိုထိုအစွမ်းသတ္တိဂုဏ်ကို ခေါ်ဆိုသည်။ (၃) လက္ခဏ ဟူသည်ကား....ရှေးကောင်းမှုကုသိုလ် အဆောက်အဦကြောင့် ယခုဘဝ ရရှိသော ညီညာသော ဖဝါးတော်တရာ့ရှစ်ကွက် စက်လက္ခဏာ အရေးအသား အစရှိသော သုံးဆယ့်နှစ်မျိုးတို့ကို ခေါ်ဆိုသည်။ (၄) လက္ခဏာနိသံသ ဟူသည်ကား....လက္ခဏာတော်ကို ဖြစ်စေတတ်သည့် ရှေးကောင်းမှုကုသိုလ်ကံ၏ အကျိုးဆက် အကျိုးဖျားကို ခေါ်ဆိုသည်။

http://www.dhammadownload.com



(ဥပမာ။ ။အလောင်းတော် သူမြတ်သည် ရှေးရှေး ဘဝများစွာတို့က ဘုရားဖြစ်ကြောင်း ကောင်းမှု ကုသိုလ်တို့ကို မည်သူတဦး တယောက်မျှ တားဖျက်၍ မရနိုင်အောင် မြဲမြဲမြံမြံ ကြံ့ကြံ့ခိုင်ခိုင် မယိုင်မလှုပ် အားထုတ်ဆည်းပူးတော်မူခဲ့လေသည်။ ထိုသို့ အားထုတ်ဆည်းပူးတော်မူအပ်သော ကောင်းမှုကံကြောင့် နတ်ရွာသုဂတိ၌ ဆယ်ပါးသော ဌာနတို့ဖြင့် သူ့ထက်ကဲချွန် သာလွန်သော နတ်စည်းစိမ်ကို ခံစံတော်မူပြီးနောက် တဖန် လူ့အဖြစ်သို့ ရောက်တော်မူသောအခါ ရွှေခြေနင်းပမာ ညီညာသော ဖဝါးတော်အပြင် ရှိခြင်းတည်းဟူသော လက္ခဏာတော်ကြီးကို ရတော်မူလေ၏။ ထိုလက္ခဏာတော် ပါရှိသည့်အတွက် အလောင်းတော်သူမြတ်သည် တစုံတယောက်သော လူ နတ် ဗြဟ္မာ သတ္တဝါကမျှ ရွေ့ရှားတုန်လှုပ်စေခြင်းငှါ မတတ်နိုင်အောင် မြဲမြံကြံ့ခိုင် မယိုင်မလှုပ် မတ်မတ်ရပ်တည်တော်မူနိုင် ကြွချီတော်မူနိုင်၏။ ထိုကောင်းမှုကံကြောင့်ပင်လျှင် လောဘ ဒေါသ မောဟ အစရှိသော ကိုယ်တော်မြတ်၏ အတွင်းကိလေသာ ရန်သူများနှင့် ဆန့်ကျင်မှုကို ထင်ထင်ရှားရှား ပြုသူ မပြုသူဟူ၍ နှစ်ထွေပြားသော အပြင်အပ ရန်သူတို့သည် ကိုယ်တော်မြတ်ကို တုန်လှုပ် ချောက်ချားစေခြင်းငှါ မတတ်နိုင်ကြကုန်။

ဤအရာ၌ ရှေးရှေး ဘဝများစွာတို့က မည်သူ ဘဦးတယောက်မျှ တားဖျက်၍ မရနိုင်အောင် မြဲမြံကြံ့ ခိုင် မယိုင်မလှုပ် အားထုတ်ဆည်းပူးတော်မူခဲ့သော ရှေးကောင်းမှု ကုသိုလ်တော်အစုသည် (၁) ကမ္မမည်၏၊ ညီညာသော ဖဝါးတော်အပြင်ရှိခြင်းသည် (ဝါ)ညီညာသော ဖဝါးတော်သည် ရှေးကုသိုလ်ကံအကြောင်းကို သိမှတ်ကြောင်း ဖြစ်သောကြောင့် (၃) လက္ခဏမည်၏၊ ထိုလက္ခဏာတော်၏ အစွမ်းသတ္တိဖြစ်သော မြဲမြံကြံ့ခိုင် မယိုင်မလှုပ် မတ်မက်ခိုင်ကျည် ရပ်တည်တော်မူနိုင်ခြင်း ကြွချီတော်မူနိုင်ခြင်းသည် (၂) ကမ္မသရိက္ခကမည်၏၊ အကြောင်းဖြစ်သော ကံတော်မှာ မြဲမြံကြံ့ခိုင် မယိုင်မလှုပ် အားထုတ်ခြင်း စွမ်းရည်သတ္တိ ပါရှိသကဲ့သို့ အကျိုးဖြစ်သော လက္ခဏာတော်မှာလည်း မြဲမြံကြံ့ခိုင် မယိုင်မလှုပ် မတ်မတ်ခိုင်ကျည် ရပ်တည်တော်မူနိုင်ခြင်း ကြွချီတော်မူနိုင်ခြင်း စွမ်းရည်သတ္တိ ပါရှိလာလေသည်၊ ဤသို့ အကြောင်းဖြစ်သော ရှေးကုသိုလ်ကံမှာ ပါရှိသည့် ဂုဏ်ထူးသတ္တိနှင့် တူသော အကျိုးဖြစ်သည့် လက္ခဏာတော်တို့မှာ ပါရှိသည့် ဂုဏ်ထူးသတ္တိကို ကမ္မသရိက္ခက(=ကံနှင့် တူသောသဘော)ဟူ၍ခေါ် ဆိုလေသည်။ ရေရှိသော(ရေပါသော)ဗူးကို ယူဆောင်လျှင်ပင် အတွင်းကပါရှိသည့်ရေကိုလည်း ယူဆောင်ခြင်းကိစ္စ

http://www.dhammadownload.com



ပြီးသကဲ့သို့ အစွမ်းသတ္တိဂုဏ်ထူးရှိသော လက္ခဏာတော်ကို ယူလိုက် ဆိုလိုက်လျှင်ပင် ထိုလက္ခဏာတော်၏ အစွမ်းသတ္တိဂုဏ်ထူးကိုလည်း ယူပြီး ဆိုပြီးဖြစ်လေသည်၊ ထို့ကြောင့်ပင် ပါထိကဝဂ္ဂ လက္ခဏသုတ်အဋ္ဌကထာ၌ လက္ခဏာနှင့် ကမ္မသရိက္ခကဲအချက်ကို ဖွင့်ပြပုံမှာ တူ၍နေလေသည်။ ရှေးရှေးဘဝများစွာတို့က မြဲမြံကြံ့ခိုင် မယိုင်မလှုပ် အားထုတ်တော်မူခဲ့သော ကောင်းမှု ကုသိုလ်တော် အစုသည် "ဖဝါးတော် ညီညာခြင်း လက္ခဏာတော်"တည်း ဟူသော အကျိုးရင်းကို အကျိုးပေးလိုက်ရရုံမျှဖြင့် အားမရ တင်းမတိမ်နိုင်သေးသကဲ့သို့ ထိုလက္ခဏာတော်ကို ရရှိသောဘဝဝယ် အလောင်းတော်သူမြတ်ကို အတွင်းအပရန်သူတို့ ကျူးကျော်ဝံ့စား လှုပ်ချောက်ချားမှု မပြုနိုင်ခြင်းတည်းဟူသော အကျိုးဖျား အကျိုးဆက်ကိုလည်း ဆက်၍ တဖန် အကျိုးပေးပြန်လေသည်၊ ထိုအကျိုးဆက် အကျိုးဖျားသည် (၄) လက္ခဏာနိသံသ မည်၏။

ယခုအခါ အလောင်းတော်သူမြတ်၏ လက္ခဏာတော်ကြီးနှင့် စပ်၍ ထို ရှေးကံအကြောင်းထူး စသည်တို့ကို ဖတ်ကြားလွယ် မှတ်သားလွယ်သော မြန်မာစကားဖြင့် လက္ခဏသုတ် ပါဠိတော်စသည်၌ လာရှိသည့်အတိုင်း အကျဉ်းအားဖြင့် ရေးသား ဖော်ပြပေအံ့။)

### ဖဝါးတော် ညီညာကြောင်း

(၁) အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က မည်သူတဦးတယောက်မျှ တားမြစ်ဖျက်ဆီး၍ မရနိုင်အောင် ဘုရားဖြစ်ကြောင်း ကောင်းမှုကုသိုလ်အထူးတို့ကို မြဲမြံကြံ့ခိုင် မယိုင်မလှုပ် အားထုတ်ဆည်းပူးတော်မူခဲ့၏။ ထို ကောင်းမှုကုသိုလ်ကံကြောင့် နတ်ရွာ သုဂတိ ဘုံ၌သန္ဓေ အသက်ရှည်ခြင်း,အဆင်းလှခြင်း,ချမ်းသာကြီးခြင်း, အစိုးရခြင်း, အခြွေအရံများခြင်း, နတ်တို့၏ အသုံးအဆောင်ဖြစ်သော ရူပါရုံပေါများခြင်း, သဒ္ဒါရုံပေါများခြင်း, ဂန္ဓာရုံပေါများခြင်း, ရသာရုံပေါများခြင်း, ဖောဋ္ဌဗ္ဗာရုံပေါများခြင်း ဤဆယ်ပါးသော အရာဌာနတို့ဖြင့် တပါးသောနတ်တို့ထက် သာလွန်သော နတ်စည်းစိမ်ကို ခံစံတော်မူပြီးနောက် တဖန်လူ့ပြည်သို့ ဖြစ်ရောက်တော်မူလာသော အခါ "ခြေဖြေနင်းပမာ ညီညာသောဖဝါးတော်ရှိခြင်း"တည်းဟူသော မဟာပုရိသလက္ခဏာတော်ကြီးကို ရရှိတော်မူ၏။ အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်နှင့် ပြည့်စုံတော်မူသည့်အတွက် မဟာသုဒဿန စကြာမင်းဘဝ၌ကဲ့သို့ လူ့ပြည်လောက၌ အိမ်ရာစိုးအုပ် လှုပ်ပုလုပ်နေလျှင် ရတနာခုနစ်ပါးနှင့် ပြည့်စုံသော လေးကျွန်းသနင်း စကြာမင်းဖြစ်တော်မူကာ တစုံတယောက်သော လူသားရန်သူတို့ မတုန်လှုပ်စေနိုင် မချောက်ချားစေနိုင် အန္တရာယ်မပြုနိုင်ခြင်း တည်းဟူသော အကျိုးဆက်ကိုရတော်မူ၏။ အကယ်၍ နောက်ဆုံးပစ္ဆိမ သိဒ္ဓတ္ထ

http://www.dhammadownload.com



မင်းသားဘဝမှာကဲ့သို့ ထောထွက်၍ ရဟန်းပြုလျှင် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိကာ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားဖြစ်တော်မူပြီးလျှင် လောဘ ဒေါသ မောဟအစရှိသော အတွင်းကိလေသာရန်သူ ဆန့်ကျင်မှုကို ထင်ထင် ရှားရှား ပြုမပြုအားဖြင့် နှစ်မျိုးပြားကြသည့် ရဟန်း ပုဏ္ဏား နတ် မာရ် ဗြဟ္မာမှ အစ တစုံတယောက်သော ရန်သူကမျှ ကိုယ်တော်မြတ်နှင့်တကွ ကိုယ်တော်၏ အကျိုးတရားတို့ကို မဟန့်တားနိုင်ခြင်း မဖျက်ဆီးနိုင်ခြင်း အန္တရာယ်မပြုနိုင်ခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

(ဤ၌ တချိန်က မန္တလေးမြို့တောင်ပြင် ဘုံကျော်ကျောင်းတိုက် ဒေါင်းကျောင်း၌ သီတင်းသုံးကာ စာချသာဘင် ပွဲကြီးယင်တော်မူခဲ့သည့် (ယခုအခါ ကွယ်လွန်ပြီးဖြစ်သော)ဆရာတော် ဦးဃောသိတရေးသား ဖွဲ့ဆိုတော်မူခဲ့သည့် လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး ဘုရားရှိခိုး လင်္ကာမှ ဆိုင်ရာစာပိုဒ်တို့ကို အဆုံးသတ်ထည့်စွက်၍ ဗုဒ္ဓဝင်စာဖတ် ပရိသတ်တို့ အရကျက်၍ ဘုရားကို ကြည်ညိုနိုင်ရန် ဖော်ပြရေးသား သွားပေအံ့။)

(အရကျက်ရန်)။ ။ဘဝထိုထို၊ ရှေးအဟိုဝယ်၊ ကုသိုလ်ပွါးထူး၊ တရားထူး၌၊ စူးစိုက်မြဲလျက်၊ ဆောက်တည်ချက်ကို၊ တားဖျက်မနိုင်၊ ကြံ့ခိုင်ခဲ့ခြင်း၊ ကောင်းမှုရင်းကြောင့်—၊ ရွှေခြေနင်းဟန်၊ နင်းပြန် အတူ၊ ကြွမူမခြား၊ ဖဝါးတော်ညီညာ၊ လက္ခဏာတော်၊ အာနု ဘော်ဖြင့်—၊ ကျူးကျော်ဝံ့စား၊ လှုပ်ချောက်ချားအောင်၊ စွမ်းအား ရှိမူ၊ ဘယ်ရန်သူမျှ၊ မမူဝံ့ပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

### ဖဝါးတော်ဝယ် တရာ့ရှစ်ကွက် စက်လက္ခဏာပါရှိကြောင်း

(၂) အလောင်းတော်သူမြတ်သည် ရှေးရှေး ဘဝများစွာတို့က သတ္တဝါများ ချမ်းသာဘို့ကို ကောင်းစွာရွက်ဆောင်တော်မူခဲ့၏၊ ထိတ်လန့်ကြောက်ရွံ့သူတို့ ကိုလည်း ထိုထိတ်လန့်ကြောက်ရွံ့ခြင်းမှ လွတ်ကင်းအောင် စောင့်ရှောက်ကယ် တင်တော်မူခဲ့၏၊ အခြံအရံနှင့်တကွသော အလှူဒါနကို ပြုတော်မူခဲ့၏၊ (ဥပမာ သက်နီးအလှူ အဝတ်အလှူကို ဦးတည်အဓိကထား၍ လှူလိုသောအခါ ထို အဝတ်သက်နီးအလှူဒါန၏အခြံအရံ ပရိဝါရကောင်းမှုကုသိုလ်အနေဖြင့် အလှူခံ ပုဂ္ဂိုလ်တို့အား ဆွမ်းကျွေးလိုက်သေး၏၊ နေရာထိုင်ခင်း ပေးလှူလိုက်သေး၏၊ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်လိုက်သေး၏၊ အဖျော်ယမကာများ ဆက်ကပ် လိုက်သေး၏၊ ပြီးမှ သီလခံယူကာ သဗ္ဗညုတဆုကြီးကို ဆုတောင်း၍ လှူလိုရင်း ဖြစ်သော အဝတ်သက်နီးကို ရိုရိုသေသေ လှူဒါန်းလေသည်၊ ဤသို့ အခြံအရံ ကောင်းမှုနှင့်တကွသော အလှူဒါနကို ပြုတော်မူခဲ့၏။) ထိုကောင်းမှု ကုသိုလ်

http://www.dhammadownload.com



ကံကြောင့် ထိုက်အားလျော်စွာပင် နတ်ရွာသုဂတိ၌ ရှေး၌ ဆိုအပ်ပြီးသည့်နည်း အတူ ဆယ်ပါးသောဌာနတို့ဖြင့် သာလွန်သော နတ်စည်းစိမ်ကို ခံစံတော်မူပြီး နောက် တဖန် လူ့အဖြစ်သို့ ရောက်တော်မူသောအခါ ဖဝါးတော်အပြင်၌ ရှေး ဖော်ပြရာပါ စက်တော်အစုံ ပါရှိခြင်း တည်းဟူသော (၂) အမှတ်ပြ လက္ခဏာ တော်ကြီးကို ရရှိတော်မူ၏။ အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော် နှင့် ပြည့်စုံတော်မူသည့်အတွက် အိမ်ရာတည်ထောင် လူ့ဘောင်၌နေလျှင် လေးကျွန်းသနင်း စကြာမင်းဖြစ်၍ ပုဏ္ဏားသူကြွယ်အစရှိသော များသော အခြံအရံရှိခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။ နောက်ဆုံး ပစ္ဆိမ သိဒ္ဓတ္ထမင်းသားဘဝမှာကဲ့သို့ တောထွက်၍ ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာ ဘုရားဖြစ်တော်မူ၍ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာ နတ် လူ အသူရာ နဂါး ဂန္ဓဗ္ဗနတ် များမြတ်သောပရိသတ် အခြံအရံရှိခြင်းတည်း ဟူသော အကျိုးဆက်ကို ရတော်မူ၏။

ဤ၌ အတိတ်ဘဝများက အခြံအရံ ပရိဝါရ ကောင်းမှုနှင့်တကွ ပြည့်စုံစွာ ပေးလှူခဲ့သော ဒါနကောင်းမှုသည် ကမ္မမည်၏၊ သပရိဝါရ ဒါနကောင်းမှုပြုခဲ့ ကြောင်း နတ်လူအပေါင်းတို့ သိစေသတည်းဟု ဖော်ပြပြောဆိုသည့်ပမာ စက် လက္ခဏာတော်၏ မပ်သိမ်းသော အရာအားဖြင့် ပြည့်စုံခြင်းသည် ကမ္မသရိက္ခက မည်၏၊ စက်လက္ခဏာသည် လက္ခဏမည်၏၊ အခြံအရံများခြင်းသည် လက္ခဏာ- နိသံသမည်၏။

(အရကျက်ရန်)။ ။သူ့ချမ်းသာဆောင်၊ မကြောက်အောင်ရွယ်၊ စောင့်ရှောက်ကယ်၍၊ ဖွယ်ရာခြံရံ၊ လှူဒါန်ကြောင့်—၊ ဝန်းရံပတ်လျက်၊ ရာ့ရှစ်ကွက်ဖြင့်၊ မြချက်ပုံတောင်း၊ အကွပ်ဆောင်း၍၊ ထောင်ပေါင်း အကန့်၊ ရှင်းသန့်ပြတ်သား၊ ခြေတော်ဖဝါး၌၊ ကြီးမားတေဇော်၊ စက်တော်ရတနာ၊ လက္ခဏာဖြင့်—၊ မက္ခာခစား၊ ထံတော်ပါးဝယ်၊ များသောအခြံအရံရှိတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။

### ဖနောင့်တော် လက်ချောင်း ခြေချောင်းတော် သွယ်ရှည်၍ ဖြောင့်မတ်သော ကိုယ်တော်ရှိကြောင်း

(၃) အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က သူတပါး အသက်ကို သတ်ဖြတ်ခြင်းမှ ဝေးစွာရှောင်ကြဉ်တော်မူခဲ့၏၊ သူတပါးကို ညှဉ်း ပန်းရန်အနေဖြင့် တုတ်ဓားလက်နက်တို့ကို စွဲကိုင်တော်မမူခဲ့ချေ၊ ပါဏာတိပါတ ဒုစရိုက်မှုပြုရန် အလွန်ရှက်ကြောက်တော်မူ၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ စီးပွါးချမ်းသာကို လိုလားစောင့်ရှောက်သနားတတ်သည့် မေတ္တာစိတ် ကရုဏာ စိတ်တို့ဖြင့် နေတော်မူခဲ့၏။ ထိုကောင်းမှုကုသိုလ်ကံကြောင့် ထိုက်အားလျော်စွာ

http://www.dhammadownload.com



နတ်ရွာသုဂတိ၌ ရှေးဆိုအပ်ပြီးသည့်နည်းအတူ ဆယ်ပါးသော ဌာနတို့ဖြင့် သာလွန်သော နတ်စည်းစိမ်ကို ခံစံတော်မူပြီးနောက် တဖန် လူ့အဖြစ်သို့ရောက် တော်မူသောအခါ ရှည်လျားသော ဖနောင့်တော် ရှိခြင်းတည်းဟူသော (၃) အမှတ်ပြ လက္ခဏာတော်ကြီး၊ ရှည်သွယ်သော ခြေချောင်းတော် လက်ချောင်း တော်ရှိခြင်း တည်းဟူသော (၄) အမှတ်ပြ လက္ခဏာတော်ကြီး၊ ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်တော်ရှိခြင်း တည်းဟူသော (၁၅) အမှတ်ပြ လက္ခဏာတော်ကြီးဤလက္ခဏာတော်ကြီး သုံးပါးကို ရရှိတော်မူ၏။ အလောင်း တော်အမှတ်သည် ထိုလက္ခဏာတော်ကြီးသုံးပါးနှင့် ပြည့်စုံတော်မူသည့်အတွက် အိမ်ရာထောင်တောင် လူ့ဘောင်၌ နေလျှင် လေးကျွန်းဆံနင်း စကြာမင်းဖြစ်၍ အသက်ရှည်ခြင်း အသက်ထမ်းမပြည့်မီ အကြားကာလ၌ တစုံ တယောက်ကမျှ အသက်၏အန္တရာယ်ကို မပြုနိုင်ခြင်း (သေအောင် မပြုနိုင်ခြင်း) တည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။ နောက်ဆုံး ပစ္ဆိမ သိဒ္ဓတ္ထမင်းသားဘဝမှာကဲ့သို့ တောထွက်၍ ရဟန်းပြုလျှင် သဗ္ဗညု မြတ်စွာဘုရားဖြစ်တော်မူ၍ အသက်ရှည် ခြင်း, အာယုကပ် အသက်တမ်း၏ ငါးပုံ့လေးပုံမပြည့်မီအကြားကာလ၌ ရဟန်း ပုဏ္ဏား နတ် မာရ် ဗြဟ္မာအစရှိသည့် တစုံတယောက်သော ရန်သူကမျှ အသက် တော်၏ အန္တရာယ်ကို မပြုနိုင်ခြင်း (သေအောင် မပြုနိုင်ခြင်း) တည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

### အန္တရာယ်မပြုနိုင်သော တရားလေးပါး

မြတ်စွာဘုရားတို့အား သူတပါးတို့က အန္တရာယ် မပြုနိုင်ကောင်းသော တရားလေးမျိုး ရှိကုန်၏။ လေးမျိုးတို့သည်ကား—

(၁) မြတ်စွာဘုရားတို့၏အတွက် ရည်မှတ်၍ ဆောင်ယူအပ်သော ပစ္စည်းလေးပါးတို့ကို တစုံတယောက်သောသူမျှ အန္တရာယ် ပြုခြင်းငှါ မတတ်နိုင်။

(၂) မြတ်စွာဘုရားတို့၏ အသက်တော်ကို တစုံတယောက်သော သူမျှ အန္တရာယ်ပြုခြင်းငှါ မတတ်နိုင်။

(၃) မြတ်စွာဘုရားတို့၏ လက္ခဏာတော် ကြီးငယ်တို့ကို တစုံ တယောက်သောသူမျှ အန္တရာယ်ပြုခြင်းငှါ မစွမ်းနိုင်။

(၄) မြတ်စွာဘုရားတို့၏ ရောင်ခြည်တော်တို့ကို တစုံတယောက် သောသူမျှ အန္တရာယ်ပြုခြင်းငှါ မစွမ်းနိုင်။ ဤလေးမျိုးတို့တည်း။

(ဗုဒ္ဓဝင်အဋ္ဌကထာ အဆုံး မျက်နှာ ၃၅၂-မှ)

http://www.dhammadownload.com



(၁) မြတ်စွာဘုရားတို့၏အလိုငှါ ရှေးရှုဆောင်အပ်သော ပစ္စည်းလေးပါး လာဘ်လာဘတို့ကို တစုံတယောက်သောသူမျှ အန္တရာယ်ပြုခြင်းငှါ မစွမ်းနိုင်။

(၂) မြတ်စွာဘုရားတို့၏ အသက်တော်ကို တစုံတယောက်သောသူမျှ အန္တရာယ်ပြုခြင်းငှါ မစွမ်းနိုင်။

(၃) မြတ်စွာဘုရားတို့၏ လက္ခဏာတော်ငယ် ရှစ်ဆယ်နှင့် ကိုယ်တော်ရောင်ကို တစုံတယောက်သောသူမျှ အန္တရာယ်ပြုခြင်းငှါ မစွမ်းနိုင်။ (မြတ်စွာဘုရား၏ ကိုယ်တော်ရောင် ထွန်းပလုအရပ်၌ လရောင်နေရောင် နတ် ဗြဟ္မာတို့၏ ကိုယ်ရောင်များ ထိုးဖောက်၍ မထွန်းလင်းနိုင်ကုန်။)

(၄) မြတ်စွာဘုရားတို့၏ သဗ္ဗညုတဉာဏ်တော်ကို တစုံတယောက်သောသူမျှ အန္တရာယ်ပြုခြင်းငှါ မစွမ်းနိုင်။

(ဝိနည်းပါရာဇိကဏ်အဋ္ဌကထာ ပဥ္စမအုပ်၊ မျက်နှာ ၁၄၇-မှ)

ပစ္စည်းလေး၀၊ သက်ဇီဝ၊ လက္ခဏာကြီးငယ်။
ရောင်ခြည်တော်ခြောက်၊ စုံတယောက်၊ မနှောက်အန္တရာယ်။
လာဘ်နှင့် သက်တော်၊ ကိုယ်ရောင်တော်၊ ဉာဏ်တော်သဗ္ဗညု။
ဝိနည်းဋ္ဌကထာ၊ ကျမ်းဠလာ၊ မိန့်မှာတနည်းရှု။

### ကမ္မ, ကမ္မသရိက္ခက သေည် လေးချက်

ဤလက္ခဏာတော်ကြီး သုံးရပ်တို့၌ (၁) ကမ္မဟူသည် ပါဏာတိပါတဒုစရိုက်မှ ရှောင်ကြဉ်ခဲ့ခြင်းတည်း။ (၂) ကမ္မသရိက္ခကဟူသည် ဖနောင့်တော် လက်ချောင်းတော် ခြေချောင်းတော်တို့၏ ရှည်သွယ်သော ဂုဏ်သတ္တိ, ကိုယ်တော်၏ ဖြောင့်မတ်သော ဂုဏ်သတ္တိတို့ပင်တည်း။ ထင်ရှားစေဦးအံ့....ပါဏာတိပါတမှုပြုလုပ်သောသူတို့သည် ထိုသူ့ သက်သတ်မှု ပြုလိုကုန်လတ်သော် ခြေသံကြားမည်ကို စိုးသဖြင့် ခြေဖျားထောက်ကာ သွားရောက် သတ်ဖြတ်ကြကုန်သည်။ ထိုသူများ လူဖြစ်လာသောအခါ ပါဏာတိပါတဒုစရိုက်မှု ခြေဖျားထောက်၍ ပြုခဲ့သည်ကို လူအများသိစေသားဟု ဖော်ပြသည့်ပမာ ထိုသူတို့သည် တချို့မှာ ဇလားကိုင်းပမာ အတွင်းဘက်သို့ ခြေကောက်၍ နေကြကုန်၏၊ တချို့မှာ အပြင်ဘက်သို့ ခြေကောက်၍ ခနကြကုန်၏၊ တချို့မှာ ဖဝါးပြင် အလယ်ပိုင်းရှုံ့ဝင်၍ ခနကုန်၏၊ တချို့မှာ ခြေဖျားခွင်၍ တချို့မှာ ဖနောင့် ခွင်ကုန်၏၊ အလောင်းတော်သူမြတ်အားမှာမူ ခြေဖျားထောက်၍ သွားရောက်ကာ သူတ

http://www.dhammadownload.com



ပါးကို မသတ်ခဲ့ကြောင်း(=ပါဏာတိပါတမှ မပြုခဲ့ကြောင်း) လူအပေါင်းသိစေသားဟု ဖော်ပြသည့်ပမာ ဖနောင့်တော်၏ ရှည်သွယ်ခြင်း လက္ခဏာတော်ဖြစ်ပေါ်လာ၏။ ထို့အတူ ပါဏာတိပါတဒုစရိုက်သမား အခြားလူတို့သည် သူတပါးကိုသတ်ရန် သွားသောအခါ ပကတိ မတ်မတ်သွားလျှင် သူတပါးတို့မြင်မည်စိုး၍ ငုံ့လျှိုးသွားရောက်ကာ သူတပါးကို သတ်ခဲ့ကြကုန်သည်၊ ထိုသူများ လူဖြစ်လာသောအခါ ပါဏာတိပါတဒုစရိုက်မှု ငုံ့လျှိုးသွားရောက်၍ ပြုခဲ့သည်ကိုလူအများ သိစေသားဟု ဖော်ပြသည့်ပမာ ထိုသူတို့သည် တချို့မှာ ကုန်းကြ တချို့မှာပုက္ကကြတချို့မှာဆွံ့ကြကုန်၏၊ အလောင်းတော်သူမြတ်အားမှာမူ ဤကဲ့သို့ငုံ့လျှိုးသွား၍ သူတပါးကိုမသတ်ခဲ့ကြောင်း လူအပေါင်းသိစေသားဟု ဖော်ပြသည့်ပမာ ဗြဟ္မာမင်း၏ကိုယ်ကဲ့သို့ ဖြောင့်စင်းသောကိုယ်တော် တည်းဟူသောမဟာပုရိသလက္ခဏာတော် ဖြစ်ပေါ်လာ၏။ ထို့အတူ ပါဏာတိပါတ ဒုစရိုက်သမား အခြားလူတို့သည် သူတပါးကို သတ်လိုကုန်လတ်သော် လက်သီးကိုဆုပ်လက်နက်တင်းပုတ်တို့ကို စွဲကိုင်ကာ သူတပါးကို သတ်ခဲ့ကြကုန်သောကြောင့်ထိုသူတို့၏ ထိုမကောင်းမှု ပြုခဲ့ပုံကို လူအများ သိစေသားဟု ဖော်ပြသည့်ပမာထိုသူတို့သည် လက်ချောင်းသော်လည်း တိုကြကုန်၏၊ လက်တခုလုံးသော်လည်းတိုကြကုန်၏၊ လက်ချောင်းသော်မူလည်း ကွေးကောက်ကြကုန်၏၊ တချို့မှာလက်ချောင်းဟူ၍မထင် လက်ဝါးပြင်တပြင်ထဲဖြစ်၍နေကုန်၏၊ အလောင်းတော်သူမြတ်မှာမူကား ဤကဲ့သို့ လက်သီးဆုပ်၍ တင်းပုတ်လက်နက်တို့ကို စွဲကိုင်ကာသူ့အသက်ကို မသတ်ခဲ့ကြောင်း နတ်လူအပေါင်းတို့သိစေသားဟု ဖော်ပြသည့်ပမာ လက်ချောင်းတော်များ တင့်တယ် ရှည်သွယ်ခြင်းတည်းဟူသော မဟာပုရိသလက္ခဏာတော် ဖြစ်ပေါ်လာ၏။ ဤသို့ ဖနောင့်တော် ရှည်သွယ်ခြင်းလက်ချောင်း ခြေချောင်းတော်တို့ ရှည်သွယ်ခြင်း ကိုယ်တော် ဖြောင့်မတ်ခြင်းလက္ခဏာတော်ကြီးသုံးပါးတို့၏ ထိုဘဝဝယ် အသက်ရှည်မည်ကို သိစေသောအကြောင်းနိမိတ်အဖြစ်ဖြင့် ရှည်သွယ် ဖြောင့်မတ်စွာဖြစ်ခြင်း ဂုဏ်သတ္တိသည်ကမ္မသရိက္ခက မည်၏။ ရှည်သွယ်သော ဖနောင့်တော် လက်ချောင်း ခြေချောင်းတော် ဖြောင့်စင်းသော ကိုယ်တော်တို့သည် (၃) လက္ခဏ မည်ကုန်၏။အသက်တမ်းပြည့်ရှည် တည်နေခြင်းသည် (၄) လက္ခဏာနိသံသမည်၏။

(အရကျက်ရန်)။ ။ခြ ပုန်း ပိုး ရွှ၊ စသည်မကြွင်း၊ သတ်ဖြတ်ခြင်းကို၊ အလျှင်းမပြု၊ ဤကောင်းမှုကြောင့်-၊ ဖနောင့်လက်ချောင်း၊ ခြေချောင်းသွယ်ရှည်၊ဖြောင့်သည်ကိုယ်မှာ၊လက္ခဏာဖြင့်-၊မေတ္တာမပွါး၊ တဖက်သားတို့၊ တုတ်ဓားဆောင်ယူ၊ သတ်လိုမှုလည်း၊ ဘယ်သူမစွမ်း၊ ဘေးဘျမ်းမရှိ၊ ပကတိအသက်ရှည်တော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။

http://www.dhammadownload.com



## ခုနစ်ဌာန အသားတော် ပြည့်ဖြိုးကြောင်း

(၄) အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က မွန်မြတ်၍ အရသာနှင့်ပြည့်စုံသော မုံ့ခဲဖွယ်တို့ကိုလည်း, ဘောဇဉ်တို့ကိုလည်း, ထောပတ်ဆီဦ စသည်တို့ကိုလည်း,နို့ ယာဂုစသည်တို့ကိုလည်း, အဖျော်မျိုးတို့ကိုလည်း ပေးလှူတော်မူခဲ့၏။ ထိုကောင်းမှုကုသိုလ်ကံကြောင့် ထိုကံအားလျော်စွာ ရှေးနည်းအတူ နတ်စည်းစိမ်ကို ခံစားတော်မူပြီးနောက် တဖန် လူ့ အဖြစ်သို့ရောက်တော်မူသော အခါ ခြေဖမိုးတော်နှစ်ဖက်,လက်ဖမိုးတော်နှစ်ဖက်,ပခုံးတော်နှစ်ဖက်, လည်ကုပ်တော် ဤခုနစ်ဌာနတို့၌ အသားတော်ပြည့်ဖြိုးခြင်းတည်းဟူသော (၁၆) အမှတ် ပြလက္ခဏာတော်ကြီးကို ရတော်မူ၏။ အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်ကြီးနှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌နေလျှင် စကြာမင်း ဖြစ်၍လည်း,ရဟန်းပြုလျှင် သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်၍လည်း မွန်မြတ်၍အရသာနှင့် ပြည့်စုံသော ခဲဖွယ် စားဖွယ် သာယာဖွယ် လျက်ဖွယ် သောက်ဖွယ်တို့ကို များစွာ ရတော်မူ၏။

ဤ၌ လေးအသင်္ချေ ကမ္ဘာတသိန်းကာလပတ်လုံး လှူခဲ့သောမွန်မြတ်သော ဘောဇဉ်အလှူသည် (၁) ကမ္မမည်၏။ခုနစ်ဌာနအသားတော်တို့က အလောင်းတော်သူမြတ်၏ ရှေးအတိတ်ဘဝတို့က မွန်မြတ်သော ခဲဖွယ်ဘောဇဉ် စသည်ကို လှူဒါန်းခဲ့သော ရှေးကောင်းမှုကို နတ်လူအများ သိစေသားဟု ထင်ရှားဖော်ပြသည့်ပမာ ပြည့်ဖြိုးစွာ ဖြစ်ပေါ်လာခြင်း ယခုဘဝ လာဘ်လာဘကောင်း ပေါ်များမည်ကို သိစေတတ်သော အကြောင်းနိမိတ်ဖြစ်ခြင်းသည် (၂) ကမ္မသရိက္ခကမည်၏။ ခုနစ်ဌာနပြည့်ဖြိုးသော အသားတော်သည် (၃) လက္ခဏာမည်၏။ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို ရခြင်းသည် (၄) လက္ခဏာနိသံသမည်၏။

> (အရကျက်ရန်)။ ။ချိုမြိန်ကောင်းမြတ်၊ ရသာ်ဓာတ်ကို၊ ဆက်ကပ်ပူဇော်၊ လှူဘူးသော်ကြောင့်— ၊ခြေတော်ဖမိုး၊ လက်ဖမိုးတော်၊ ပခုံးတော်နှင့်၊ ကုပ်(ဂုတ်)တော်ခုနစ်ချက်၊ စုံ့လျက်ဖြိုးဖြိုး၊ ညှပ်ရိုးပခုံး၊ လက်ရုံးရင်တော်၊ ခုနစ်ဖော်လည်း၊ ရှုမြော်မည်း၊ ဆူဖြိုးတင့်စွာ၊ လက္ခဏာဖြင့်—၊ အရသာဓာတ်၊ ထူးအမြတ်ကို၊ မပြတ်သုံးဆောင်တော်မူ ရပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## လက်ခြေနူးညံ့၍ ရွှေဇာကွန်ရက် ခက်သကဲ့သို့ ရှိတော်မူကြောင်း

(၅) အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က လူများ အပေါင်းကို သင်္ဂဟတရားလေးပါးဖြင့် ချီးမြှောက်တော်မူခဲ့၏။ ပေးကမ်းမှုနှစ်သက်သူကိုပေးကမ်းခြင်း(=ဒါန)တည်းဟူသောသင်္ဂဟတရားဖြင့်ချီးမြှောက်တော်မူ၏။ ပိယဝါစာ ချိုသာစကား ပြောကြားခြင်းကိုသာ အလိုရှိသူကို ပိယ-

http://www.dhammadownload.com



ဝါစာ ချိုသာစကား ပြောကြားခြင်း သင်္ဂဟတရားဖြင့် ချီးမြှောက်တော်မူခဲ့၏။ အကျိုးရှိအောင် ပြောဆိုခြင်းကို အလိုရှိသောသူတို့ကို "ဤအမှုမျိုးကို သင်ပြုသင့်၏၊ ဤအမှုမျိုးကို သင်မပြုသင့်၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို သင်မှီဝဲသင့်၏၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို သင်မမှီဝဲသင့်" စသည်ဖြင့် အကျိုးရှိအောင် ကျင့်ကြံပြောဆိုခြင်း(=အတ္ထစရိယာ)သင်္ဂဟတရားဖြင့် ချီးမြှောက်တော်မူ၏၊ ဆင်းရဲ ချမ်းသာ အရာရာဝယ် ကိုယ်တူကျင့်မှု (တန်းတူထားမှု) ကျေနပ် နှစ်သက်သူကို ကိုယ်တူကျင့်ခြင်း(=သမာနတ္တတာ)သင်္ဂဟတရားဖြင့် ချီးမြှောက်တော်မူခဲ့၏။ ထိုကောင်းမှု ကုသိုလ်ကံကြောင့် ထိုကံအားလျော်စွာ ရှေးနည်းအတူ နတ်စည်းစိမ်ကို ခံစားတော်မူပြီးနောက် တဖန် လူ့အဖြစ်သို့ ရောက်တော်မူသောအခါ လက်ဖဝါးတော် ခြေဖဝါးတော် နူးညံ့ခြင်းတည်းဟူသော (၅)အမှတ်ပြ လက္ခဏာတော်ကြီး၊ ရွှေဇာကွန်ရက် ခက်သကဲ့သို့ လက်ချောင်း ခြေချောင်းတော်ရှိခြင်းတည်းဟူသော (၆)အမှတ်ပြ လက္ခဏာတော်ကြီး ဤလက္ခဏာတော်ကြီး နှစ်ပါးကို ရတော်မူ၏၊ အလောင်းတော် သူမြတ်သည် ထိုလက္ခဏာတော်ကြီး နှစ်ပါးတို့နှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌ နေလျှင် စကြာမင်းဖြစ်၍ရှင်း, ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာဘုရားဖြစ်၍ရှင်း ကောင်းစွာသိမ်းဆည်း လုံးစည်းပေါင်းစု လက်တွင်းပြုအပ်သကဲ့သို့ မပြတ်ဆည်းကပ်ခစားသော ပရိသတ် အခြံအရံရှိခြင်း တည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

ဤ၌ ဘဝများစွာ ဆည်းပူးခဲ့သော သင်္ဂဟတရား လေးပါးဖြင့် လူများအပေါင်းကို ချီးမြှောက်မှု ရှေးကုသိုလ်တော်သည် (၁) ကမ္မ မည်၏။ သင်္ဂဟတရားလေးပါးဖြင့် သူတပါးကို မချီးမြှောက်ခဲ့သူတို့မှာ လက်ခြေ ကြမ်းထမ်း၍ လက်ချောင်း ခြေချောင်း မညီမညွတ် ရှိကြ၏၊ အလောင်းတော်သူမြတ်မှာမူကား ဘဝများစွာက သူတပါးတို့ကို သင်္ဂဟတရားလေးပါးဖြင့် ချီးမြှင့်ထောက်ပံ့ခဲ့ကြောင်း နတ်လူ အပေါင်းတို့ သိသာစေရန် လက်ဖဝါး ခြေဖဝါး နူးညံ့၏၊ လက်ချောင်း ခြေချောင်းတော်တို့ ရွှေဇာကွန်ရက် ခက်သည့်ပမာ ညီညွတ်စွာဖြစ်ပေါ်လာကုန်၏၊ ဤသို့ လက်ဖဝါး ခြေဖဝါးတို့ နူးညံ့စွာဖြစ်ခြင်း ရွှေဇာကွန်ရက် ခက်သကဲ့သို့ လက်ချောင်း ခြေချောင်းတို့ ညီညွတ်ခြင်း ဂုဏ်သတ္တိသည် (၂) ကမ္မသရိက္ခက မည်၏။ နူးညံ့သော လက်ဖဝါး ခြေဖဝါးတော် ညီညွတ်သော လက်ချောင်း ခြေချောင်းတော်တို့သည် (၃) လက္ခဏ မည်ကုန်၏။ ကောင်းစွာသိမ်းဆည်း လုံးစည်းပေါင်းစု လက်တွင်း ပြုအပ်သကဲ့သို့သော ပရိသတ်အခြံအရံရှိခြင်းသည် (၄) လက္ခဏာနိသံသ မည်၏။

(အရကျက်ရန်)။ ။ချစ်မွှယ်စကား၊ ပေးကမ်းငြား၍၊ စီးပွါးဆောင်လင့်၊ ကိုယ်တူကျင့်ဟု၊ လေးဆင့်သင်္ဂြိုဟ်၊ သူ့ကိုယ်ထောက်ထား၊

http://www.dhammadownload.com



ကောင်းမှုအားကြောင့်၊ လက်ဖဝါးနှင့်၊ ခြေဖဝါးပါ၊ နူးညံ့စွာ၏၊ ရှစ်မြာ လက်ချောင်း၊ ဆယ်ချောင်း ခြေတော်၊ ညီမျှသော်ကြောင့်၊ မုယော် တွင်လစ်၊ အတွင်းဆစ်၌၊ ရေးရစ်ဖြောင့်လေ့၊ စပါးစေ့များ၊ ပွတ်တံခါးသို့၊ ဖြောင့်သားညီညာ၊ လက္ခဏာဖြင့်၊ ကောင်းစွာသိမ်းဆည်း၊ လုံးစည်း ပေါင်းစု၊ လက်တွင်းပြုံ့အပ်၊ ပရိသတ်သာ၊ ရှိတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## ဖမျက်တော်မြင့်၍ မွေးညှင်းတော် ပျံကြောင်း

(၆) အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က ပြိန်ဖျင်း သော သမ္ဖပ္ပလာပစကားကို ပြောကြားတော်မမူပဲ ပစ္စုပ္ပန် တမလွန် အကျိုးကို မှီသော တရားစကားကို ပြောကြားတော်မူခဲ့၏။ သံသရာဝဋ်မှ လွတ်မြောက် ကြောင်း ကောင်းမှုဆယ်ပါးနှင့်စပ်သော တရားစကားကို ဟောကြားတော်မူ ခဲ့၏။ လူများအပေါင်းအား ထိုကောင်းမှုဆယ်ပါးနှင့် စပ်သော ကြီးပွါး မြင့် မောက် အထက်တန်း ရောက်စေနိုင်သည့် တရားစကားကို ထင်ရှားအောင် ဟောပြ၍ မွေ့အလှူကြီးကို ပေးလှူတော်မူခဲ့၏။ ထိုကောင်းမှု ကုသိုလ်ကံ ကြောင့် ထိုက်အားလျော်စွာ ရှေးနည်းအတူ နတ်စည်းစိမ်ကို ခံစားတော်မူပြီး နောက် တဖန်လူ အဖြစ်သို့ ရောက်တော်မူသောအခါ မြူမလိမ်းတွယ် စဉ်းငယ် မြင့်သော ဖမျက်တော်ရှိခြင်းတည်းဟူသော (၇) အမှတ်ပြ လက္ခဏာတော် ကြီး၊ မျက်နှာတော်ကို မော်၍ဖူးသည့်ပမာ အထက်သို့သာ အဖျားကော့သည့် မွေးညှင်းတော်ရှိခြင်းတည်းဟူသော (၁၄) အမှတ်ပြ လက္ခဏာတော်ကြီး ဤ လက္ခဏာတော်ကြီး နှစ်ပါးတို့ကို ရတော်မူ၏။ အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်ကြီး နှစ်ပါးတို့နှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ ဘောင်၌ နေလျှင် စကြာမင်းဖြစ်၍ လူတကာတို့ထက် ကြီးကဲမြင့်မြတ် အထက်တန်း ရောက်ခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။ နောက်ဆုံး ပစ္ဆိမ သိဒ္ဓတ္ထမင်းသားဘဝမှာကဲ့သို့ ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာဘုရားဖြစ်၍ ခပ်သိမ်း သော သတ္တဝါတို့ထက် ကြီးကဲမြင့်မြတ် အထက်တန်းရောက်ခြင်း တည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

ဤ၌ အထက်တန်းပေါက် ရောက်စေတတ်သည့် တရားစကား ဟောကြား ညွှန်ပြခဲ့ခြင်း ကောင်းမှုကုသိုလ်သည် (၁) ကမ္မ မည်၏။ အထက်တန်းပေါက် ရောက်စေတတ်သော တရားစကား မပြောကြားသူတို့မှာ ထိုအကြောင်းကို လူ အပေါင်း သိစေသောဟု ဖော်ပြသည့်ပမာ ဖမျက်နိမ့်ကျခြင်း မွေးညှင်းဖျားများ အောက်သို့စိုက်လျက်နေခြင်း ဖြစ်ကုန်၏။ အလောင်းတော်သူမြတ်မှာမူကား အထက်တန်းပေါက် ရောက်စေတတ်သောတရားစကားကို ဟောကြားခဲ့ကြောင်း

http://www.dhammadownload.com



နတ်လူအပေါင်းတို့ သိစေသားဟု ဖော်ပြသည့်ပမာ ဖမျက်တော်မြင့်၍ မွေးညှင်း ပျံခြင်း လက္ခဏာတော်နှစ်ပါး ထင်ရှား ဖြစ်ပေါ်လာကုန်၏၊ သို့ရကား ထို အကြောင်းကို သိစေတတ်သည့် ဖမျက်တော်၏ မြင့်စူးခြင်း မွေးညှင်းတော် ပျံခြင်း ဂုဏ်သတ္တိတို့သည် (၂)ကမ္မသရိက္ခက မည်ကုန်၏။ မြင့်စူးသောဖမျက် တော် အထက်သို့ ကော့သော မွေးညှင်းတော်ဖြစ်တို့သည် (၃) လက္ခဏ မည် ကုန်၏။ သတ္တဝါခပ်သိမ်းတို့ထက် ကြီးကဲမြင့်မြတ် အထက်တန်း ရောက်ခြင်း သည် (၄) လက္ခဏာနိသံသ မည်၏။

(အရကျက်ရန်)။ ။ကြောင်းကျိုးဖော်ပြ၊ မြတ်ဓမ္မကို၊ မိန့်ဟ ဟောကျူး၊ ပြုခဲ့ဘူး၍–၊ မြင့်စူးဖမျက်၊ ရွှေမျက်ခွက်ကို၊ မော့လျက် ဖူးဟန်၊ မွေးညှင်းပျံသည့်၊ နှစ်တန်ခြင်းရာ၊ လက္ခဏာမြင့်–၊ သတ္တဝါ အလုံး၊ လူတပြုံးကို၊ လွှမ်းဖုံးပိုမောက်၊အစခေါင်ရောက်သဖြင့်၊ ပါမောက် တဆူ၊ ဖြစ်တော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## ဏေီမည်သောသား (တနည်း—စပါးဖုံး) ကဲ့သို့ လုံးဝန်းတင့်တယ်သော သလုံးတော်ရှိကြောင်း

(၇) အလောင်းတော်သူမြတ်သည်ရှေးရှေးဘဝများစွာတို့က မိမိထံမှောက် နည်းခံရောက်ကြသည့် အန္တေဝါသိကတပည့်တို့ကို အမြန်သိနိုင်အောင် အမြန် ကျင့်ကြံနိုင်အောင် ကြာရှည်စွာ မပင်ပန်းရအောင် နှုတ်မှုပညာအမျိုးမျိုး လက်မှုပညာအမျိုးမျိုး ငါးပါးသီလ ဆယ်ပါးသီလ ပါတိမောက္ခသံဝရသီလ တည်းဟူသောအကျင့်(=စရဏ)မျိုး ကမ္မဿကတာပညာမျိုးတို့ကို ဆရာစားဟူ ၍ မချန် ရိုသေစွာ လျင်မြန်စွာပို့ချ ပြသတော်မူခဲ့၏။ ထိုကောင်းမှု ကုသိုလ်ကံ ကြောင့် ထိုက်အားလျော်စွာ ရှေးနည်းအတူ နတ်စည်းစိမ်ကို ခံစားတော်မူပြီး နောက် တဖန်လူ့ အဖြစ်သို့ရောက်တော်မူသောအခါ ဏေီမည်သောသားကောင် ၏ သလုံးမြင်းခေါင်းနှင့်တူသော (တနည်းအားဖြင့်-စပါးဖုံးနှင့်တူသော) လုံး လျား ပြည့်ကြွယ် တင့်တယ်သည့် သလုံးတော်ရှိခြင်းတည်းဟူသော(၈)အမှတ်ပြ လက္ခဏာတော်ကြီးကို ရတော်မူ၏။ အလောင်းတော်သူမြတ်သည် ထိုလက္ခဏာ တော်ကို ရတော်မူသည့်အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်၍ သက်ရှိ သက်မဲ့ဖြစ်သော မင်းသုံးမင်းဆောင်တို့ကို လျင်မြန်ပြည့်စုံစွာ ရတော်မူခြင်း၊ ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာဘုရားဖြစ်၍ ရဟန်းအသုံးအဆောင်ပစ္စည်းတို့ကို လျင်မြန်ပြည့်စုံစွာ ရတော်မူခြင်း အကျိုးဆက်ကို ရတော်မူ၏။

ဤ၌ ဘဝများစွာ နှုတ်မှုပညာစသည်ကို တရိုတသေ လျင်မြန်စွာ တတ် မြောက်အောင် သင်ပြတော်မူခဲ့သောကောင်းမှုသည် (၁) ကမ္မမည်၏။ ထိုကဲ့သို့ တပည့်တို့ကို ရိုသေလျင်မြန်စွာ အတတ်ပညာကို မသင်ပြပဲ အချိန်ဆွဲကာ မိမိ

http://www.dhammadownload.com



ရှေ့ရှု ရှိသေစွာနေစေခြင်း, ထိုထိုကိစ္စတို့ကို စေပါးခြင်းစသည်ဖြင့် တပည့်တပန်းတို့ကို ပင်ပန်းစေသောသူတို့မှာ သလုံးသားများ ခြစ်၍လှီး၍ ချထားသည့်ပမာ နောက်သို့စုရ၍ နေကုန်၏၊ အလောင်းတော်သူမြတ်မှာမူကား တရှိတသေ လျှင်လျှင်မြန်မြန် ဆရာစားမချန် အပြည့်အစုံ သင်ပြခဲ့ကြောင်း နတ်လူအပေါင်းတို့သိစေသားဟု ဖော်ပြသည့်ပမာ အစဉ်သဖြင့် မြင့်တက်လုံးဝန်းသော သလုံးတော်လက္ခဏာ ဖြစ်ပေါ်လာ၏၊ သို့ရကား သလုံးတော်၏ အစဉ်သဖြင့် မြင့်တက်လုံးဝန်းခြင်း ဂုဏ်သတ္တိသည် (၂) ကမ္မသရိက္ခကမည်၏။ အစဉ်သဖြင့် မြင့်တက်လုံးဝန်းသော သလုံးတော်ဖြစ်သည် (၃) လက္ခဏာမည်၏။လျှောက်ပတ်သောအသုံးအဆောင်ကို လျင်မြန်ပြည့်စုံစွာ ရခြင်းသည် (၄) လက္ခဏာနိသံသမည်၏။

(အရကျက်ရန်)။ ။နှုတ်မှုပညာ၊လက်ပညာကို၊ ကောင်းစွာပို့ချ၊ သင်ခဲ့ပြ၍–၊ ထောဝမ့်ိုင်ဖျား၊ ဓေါ်သားသို့၊ စပါးဖုံးဟန်၊ လုံးလျားတင့်တယ်၊ သလုံးတော်ချယ်သဖြင့်–၊ သုံးဖွယ်သုံးရာ၊ အဖြာဖြာကို၊ မြန်စွာခဏ၊ ရတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

### သိမ်မွေ့သော အရေတော်ရှိကြောင်း

(၈) အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က ပညာရှိသော ရဟန်းပုဏ္ဏား သူမြတ်များထံသို့ ခစားဆည်းကပ်တော်မူကာ "အရှင်ဘုရား.... အဘယ်တရားသည် ကုသိုလ်မည်ပါသနည်း၊ အဘယ်တရားသည် အကုသိုလ်မည်ပါသနည်း၊ အဘယ်တရားသည် အပြစ်ရှိပါသနည်း၊ အဘယ်တရားသည် အပြစ်မရှိပါသနည်း၊ အဘယ်တရားကို မှီဝဲအပ်ပါသနည်း၊ အဘယ်တရားကို မမှီဝဲအပ်ပါသနည်း၊ အဘယ်တရားကို တပည့်တော် ပြုလုပ်အပ်သည်ရှိသော် ရှည်ကြာလေးမြင့် ဆင်းရဲဖို့ရန်ဖြစ်၍ အဘယ်တရားကို တပည့်တော် ပြုလုပ်အပ်သည်ရှိသော် ရှည်ကြာလေးမြင့် ချမ်းသာဖို့ရန် ဖြစ်ပါသနည်း"ဟုမေးမြန်းဆွေးနွေးမှု ပြုတော်မူခဲ့၏။ ထိုကောင်းမှုကုသိုလ်ကံကြောင့် ဒိုက်အားလျော်စွာ ရှေးနည်းအတူ နတ်စည်းစိမ်ကို ခံစားတော်မူပြီးနောက် တဖန်လူ့အဖြစ်သို့ ရောက်သောအခါ နူးညံ့သောအရေတော်တည်းဟူသော လက္ခဏာကော်ကြီးကို ရတော်မူ၏။ အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်ကြီးနှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်၍ ပညာရှိကြီးတဆူဖြစ်တော်မူရာ၏၊ ကာမဘောဂီ လူအပေါင်းတို့တွင် အလောင်းတော်သူမြတ်နှင့် ပညာတူသူ အလောင်းတော်သူမြတ်ထက် ပညာသာသူ တလူမျှ မရှိချေ၊ နောက်ဆုံး ပစ္ဆိမ သိဒ္ဓတ္ထမင်းသားဘဝမှာကဲ့သို့ ရဟန်းပြုလျှင် သဗ္ဗညူမြတ်စွာဘုရားဖြစ်၍ ကြီးမြတ်သောပညာရှိတော်မူ၏၊ အထူးထူးသော ခန္ဓာ အာယတန

http://www.dhammadownload.com



ဓာတ်စသည်တို့ကို သိသော ပုထုပညာ, ပီတိသောမနသာနှင့်တကွ ဖြစ်သော ဟာသပညာ, လျင်မြန်စွာသိသော ဇဝနပညာ, ကိလေသာတို့ကို လျင်မြန်စွာ ပယ်ဖြတ်တတ်သော တိက္ခပညာ, ဖောက်ခွဲနိုင်ခဲသော လောဘ ဒေါသ မောဟ အထုကို ဖောက်ခွဲထိုးထွင်း သိမြင်သော နိဗ္ဗေဓိကပညာနှင့် ပြည့်စုံတော်မူ၏။ သတ္တဝါခပ်သိမ်းတို့ထက် လွန်ကဲထူးမြတ်သော ဉာဏ်ပညာရှိခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

(အရကျက်ရန်)။ ။ရဟန်းပုဏ္ဏား၊သူမြတ်များသို့၊စေ့စားဆည်းကပ်၊ သို့ပြုအပ်မည်၊ မအပ်မည်ကို၊ စိတ်ကြည်ညွတ်နူး၊ မေးခဲ့ဘူး၍—၊ နူးညံ့အရေ၊ ပိန်းကြာရွှေတွင်၊ ရေမတင်သို့၊ မြူလျှင်ကင်းဝေး၊ ညစ်ကြေးမလိမ်း—၊ ခပ်သိမ်းသတ္တဝါ၊ လောကဓာတ်ဝယ်၊ ပညာသာသူ၊ တူသူကင်းပြီး၊ ပညာရှိကြီးတဆူ ဖြစ်တော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## ရွှေရောင်ဖယွင်း ဝါဝင်းသောအဆင်းရှိကြောင်း

(၉) အလောင်းတော် သူမြတ်သည် ရှေးရှေးဘဝများစွာတို့က အမျက်ဒေါသနည်းပါးတော်မူခဲ့၏၊ ထွက်သောအမျက်ကိုလည်း လျင်မြန်စွာ ပယ်ဖျောက်ထိန်းသိမ်း ငြိမ်းစေတော်မူခဲ့၏၊ စိတ်ပူပန်ပင်ပန်းခြင်း ဥပါယာသတရား နည်းပါးတော်မူခဲ့၏၊ သူတပါးတို့က အမျက်ထွက်ဖွယ်ရာ များစွာပြောဆိုသော်လည်း ဒေါသ၏ အစွမ်းဖြင့် စိတ်၏ငြိစွန်းခြင်း အမျက်ထွက်ခြင်း ဖောက်ပြန်ခြင်း အကြိတ်အခဲတည်ခြင်း အလျှင်းမရှိ။ ဤတွင်မျှမကသေး နူးညံ့သိမ်မွေ့လှစွာသော အခင်းအရုံ အဝတ်အထည်တို့ကိုလည်း ပေးလှူတော်မူခဲ့၏။ ထိုကောင်းမှု ကုသိုလ်ကံတို့ကြောင့် ထိုက်အားလျော်စွာ ရှေးနည်းအတူ နတ်စည်းစိမ်ကို ခံစားတော်မူပြီးနောက် တဖန်လူ့အဖြစ်သို့ ရောက်တော်မူသောအခါ သိင်္ဂီနိက် ရွှေစင်အဆင်းကဲ့သို့ ဝါဝင်းသော အရေအဆင်းရှိခြင်း တည်းဟူသော (၁၁) အမှတ်ပြ လက္ခဏာတော်ကြီးကို ရရှိတော်မူ၏။ အလောင်းတော် သူမြတ်သည် ထိုလက္ခဏာတော်ကြီးနှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်၍ရှင်း, ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာဘုရားဖြစ်၍ရှင်း သိမ်မွေ့နူးညံ့သော အဝတ်အရုံ အခြုံအခင်းတို့ကို ရလွယ်ခြင်း တည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

ဤ၌ ဘဝများစွာက အမျက်မထွက်ခဲ့ခြင်း, နူးညံ့သော အဝတ်အရုံ အခြုံအခင်းတို့ကို လှူဒါန်းခဲ့ခြင်းသည် (၁) ကမ္မ မည်၏။ အမျက်ထွက်သောသူ၏ အရေအဆင်းသည် နောက်ကျု၏၊ ထိုသူ၏မျက်နှာသည် အကြည့်ရခက်အောင် အရုပ်ဆိုးလျက် ရှိ၏၊ လောက၌ အဝတ်ဝတ်ခြင်းနှင့်တူသော တန်းဆာဆင်ခြင်း

http://www.dhammadownload.com



မည်သည်မရှိ၊ ထို့ကြောင့် အမျက်ထွက်ခဲ့သောသူ အဝတ်အရုံ အခြုံအခင်း မလှူဒါန်းခဲ့သော သူများမှာ အမျက်ထွက်ခဲ့ခြင်းအစရှိသည့် ထိုသူ၏ရှေး မကောင်းမှုကို လူအများသိစေသားဟု ဖော်ပြသည့်ပမာ အဆင်းသဏ္ဌာန် မလှပဲရှိကြကုန်၏။ အမျက်မထွက်သောသူ၏ မျက်နှာသည် တင့်တယ်၏၊ အရေ အဆင်းသည် ကြည်လင်၏၊ မှန်၏ သတ္တဝါတို့သည်—

၁။ ရှေးဘဝများက အစာအာဟာရကို လှူခဲ့ခြင်း၊

၂။ ရှေးဘဝများက အဝတ်အရုံကို လှူခဲ့ခြင်း၊

၃။ ရှေးဘဝများက တံမြက်လှည်းကျင်းသုတ်သင်ခဲ့ခြင်း၊

၄။ အမျက်မထွက်ခဲ့ခြင်း—

ဤအကြောင်း လေးပါးတို့ကြောင့် ရုပ်ရည်အဆင်း ကြည်ညိုဖွယ်ရှိခြင်းတည်း ဟူသောအကျိုးကို ရကုန်၏၊ ဤအကြောင်း လေးမျိုးလုံးကိုပင် အလောင်း တော်သူမြတ်သည် ဘဝများစွာက ပြုခဲ့ဘူးသည်သာ ဖြစ်ကုန်၏။ ထို့ကြောင့် အလောင်းတော်သူမြတ်မှာ ထိုကောင်းမှုလေးပါးတို့ကို ပြုခဲ့ကြောင်း နတ်လူ အပေါင်းတို့ သိစေသားဟု ထင်ရှားဖော်ပြ ပြောဆိုသည့်ပမာ သိဂ်ိနိက်ရွှေစင် အဆင်း ဝါဝင်းသော ကိုယ်ရေအဆင်းတည်းဟူသော (၁၁) အမှတ်ပြ မဟာ· ပုရိသလက္ခဏာတော်ကြီး ထင်ရှားဖြစ်ပေါ်လာ၏။ သို့ရကား ထိုကောင်းမှု လေးပါးကိုပြုခဲ့ကြောင်း ကောင်းစွာသိစေတတ်သည့် ကိုယ်ရေအဆင်း၏ သိဂ်ီ နိက်ရွှေရည်အဆင်း ဝါဝင်းတင့်တယ်တော်မူခြင်းသည် (၂) ကမ္မသရိက္ခက မည်၏။ သိဂ်ိနိက်ရွှေစင်အဆင်း ဝါဝင်းသော ကိုယ်သားကိုယ်ရေတော်ဖြစ်သည့် (၃) လက္ခဏမည်၏။ နူးညံ့သိမ်မွေ့သော အဝတ်အရုံ အခြုံအခင်းတို့ကို ရတော် မူခြင်းသည် (၄) လက္ခဏာနိသံသမည်၏။

(အရကျက်ရန်)။ ။ဖျိုးဖွဲ့နှိပ်စက်၊ ဆိုတုံ့လျက်လည်း၊ အမျက်မလို၊ စိတ်မတိုခဲ့၊ ကြည်ညိုချမ်းမြေ့၊ ချောမွေ့နုမွတ်၊ အဝတ်အရုံ၊ အခြုံ အခင်း၊ လှူခဲ့ခြင်းကြောင့်—၊ အဆင်းအရေ၊ ဇမ္ဗူရွှေသို့၊ လျှံဝေ ဝင်းဝါ၊ လက္ခဏာဖြင့်—၊ ဖဝါကတ္တီ၊ သိုးမွေးထည်နှင့်၊ ပိုးထည်နု ပျောင်း၊ ထည်လံပ်ကောင်းကို၊ လူပေါင်းဗြဟ္မာ၊ နတ်ဒေဝါတို့၊ များ စွာကပ်လှူ၊ မပြတ်ရတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

အဘိပ်မြင့် ဖုံးလွှမ်းအပ်သည် ယောက်ျားနိမိတ် ရှိတော်မူကြောင်း

(၁၀) အလောင်းတော်သူမြတ်သည် ရှေးဘဝများစွာတို့က ကြာမြင့်စွာ ကွဲကွာကွေကွင်းနေကြကုန်သော အမျိုးအဆွေ မိတ်ခင်ပွန်းတို့ကို အညီအညွတ် ဖြစ်အောင် ရှက်ဆောင်စေ့စပ်ပေးတော်မူခဲ့၏၊ အမိနှင့်သား စိတ်ဝမ်းကွဲပြား

http://www.dhammadownload.com



နေလျှင်ငင်း, အဖနှင့်သား စိတ်ဝမ်းကွဲပြားနေလျှင်ငင်း, ညီအစ်ကိုချင်း မောင်နှမချင်း ညီအစ်မချင်း စိတ်ဝမ်းကွဲပြားနေလျှင်ငင်း အညီအညွတ်ဖြစ်အောင် ရွက်ဆောင်ပေးတော်မူခဲ့၏၊ ထိုသို့ ရွက်ဆောင်ပေးသဖြင့် မိတ်ခင်ပွန်းချင်း သားနှင့်အမိ သားနှင့်အဖ ညီနှင့်အစ်ကို မောင်နှင့်နှမ ညီအစ်မတို့ ညီညွတ်၍ နေကြသည်ကိုလည်း အလွန်ဝမ်းမြောက်တော်မူ၏။ ထိုကောင်းမှုကုသိုလ်ကံကြောင့် ထိုကံအားလျော်စွာ ရွှေနည်းအတူ နတ်စည်းစိမ်ကို ခံစားတော်မူပြီးနောက် တဖန်လူ့အဖြစ်သို့ ရောက်တော်မူသောအခါ ဆဒ္ဒန်ဆင်မင်းပမာ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ယောကျ်ားမြတ်နိမိတ် ရှိတော်မူခြင်းတည်းဟူသော (၁၀) အမှတ်ပြ မဟာပုရိသလက္ခဏာတော်ကြီးကို ရတော်မူ၏။ အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်ကြီးနှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်၍ ရန်သူစစ်သည်တဖက်ကို ညက်ညက်ချေမှုန်းနိုင်သည့် သူရသတ္တိပြည့်ဝသော အထောင်မကသော သားကောင်းတို့ကို ရရှိခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာဘုရားဖြစ်၍ ကိလေသာရန်သူ စစ်သည်တဖက်ကို ညက်ညက်ချေမှုန်းနိုင်သည့် သူရသတ္တိပြည့်ဝသော အထောင်မက (ထောင်ပေါင်းများစွာ) အရိယာသာဝက သားတော်တို့ကို ရရှိတော်မူခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

ဤ၌ ဘဝများစွာ ဆွေမျိုးများကို ညီညွတ်အောင် ပြုခဲ့ခြင်းကောင်းမှုသည် (၁)ကမ္မမည်၏။ ဆွေမျိုးများသည် တဦးနှင့်တဦး ညီညွတ်နေကြလျှင် တယောက်သည် တယောက်၏အပြစ်ကို ဖုံးလွှမ်းကြကုန်၏၊ ထိုဆွေမျိုးများသည် ခိုက်ရန်ငြင်းခုံမှုပြုသောအခါ ပြုကြပါသော်လည်း တယောက်ယောက်၏ အပြစ်ဒေါသဖြစ်ပေါ်လာလျှင် သူတပါးကို မသိစေလိုကြကုန်၊ "ဤကား ထိုသူ၏ အပြစ်တည်း"ဟု ပြောဆိုလျှင် အားလုံးထကြ၍ "ဘယ်သူမြင်သနည်း၊ ဘယ်သူကြားသနည်း၊ငါတို့ဆွေမျိုးထဲမှာ ဤအပြစ်မျိုး ပြုလုပ်တတ်သူ တလူမရှိ" ဤသို့ စသည်ဖြင့် အပြစ်ကို ဖုံးလွှမ်းကြကုန်၏၊ အလောင်းတော်သူမြတ်သည်လည်း ရှေးရှေးဘဝများစွာတို့က ဆွေမျိုးအချင်းချင်း စိတ်ဝမ်းကွဲနေသည်ကို ညီညွတ်အောင် စေ့စပ်ပေးခြင်းဖြင့် ဤအပြစ်ကို ဖုံးလွှမ်းမှုကို ပြုအပ်သည် မည်ပေ၏၊ ထိုကြောင့် အလောင်းတော်သူမြတ်မှာ ဆွေမျိုးအချင်းချင်း အပြစ်ကို ဖုံးလွှမ်းနိုင်အောင် စိတ်ဝမ်းကွဲသည်ကို ညီညွတ်အောင် စေ့စပ်မှုပြုတော်မူခဲ့ကြောင်း နတ်လူအပေါင်းတို့ သိစေသားဟု ထင်ရှားဖော်ပြသည့်ပမာ အပြစ်နှင့်တူသော ယောကျ်ားနိမိတ်တော်မှာ အအိမ်ဖြင့် ဖုံးလွှမ်းလျက် ဖြစ်ပေါ်လာ၏၊ သို့ရကား ဆွေမျိုးအချင်းချင်း အပြစ်ကို ဖုံးကာ ချမ်းသာစွာ နေနိုင်ကြအောင် ညီညွတ်အောင်စေ့စပ်ဆောင်ရွက်ခဲ့မှု ရှေးကံအကြောင်းကို သိစေတတ်သည့် ယောကျ်ားနိမိတ်တော်မှာ အအိမ်ဖြင့်ဖုံးလွှမ်းခြင်းသည်(၂)ကမ္မသရိက္ခကမည်၏။အအိမ်ဖြင့်

http://www.dhammadownload.com



ဖုံးလွှမ်းအပ်သော ဖယောင်းကျိုးနိမိတ်ဖြစ်သည့်(၃)လက္ခဏာမည်၏။ ထောင်ပေါင်းများစွာ အရိယာသာဝက သားတော်တို့ကို ရခြင်းသည် (၄) လက္ခဏာနိသံသမည်၏။

(အရကျက်ရန်)။ ။မိသားအဖ၊ မောင်နှမဟု၊ သံဟာယချင်း၊ ကွေ့ကွင်းခဲ့ရာ၊ တွေ့အောင်ရှာ၍၊ ကောင်းစွာထက်ကြပ်၊ ပေါင်းစပ်ခဲ့ဘူး၊ ကောင်းမှုထူးကြောင့်—၊ဆင်မှူးဆဒ္ဒန်၊ ပုံသဏ္ဌာန်သို့၊ နေဟန်တင့်ဆုံး၊ အိမ်ဖုံးစေ့စပ်၊ သပ်ယပ်ထင်ရှား၊ ဖယောင်ကျိုးနိမိတ်၊ တံဆိပ်ပြီးစွာ၊ လက္ခဏာဖြင့်—၊ များစွာစုပေါင်း၊ ထောင်သောင်းမက၊ သားကောင်းရတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

### အလံအရစ် ညီမျှ၍ ရစ်တော်မူလျက် မညွတ်ပဲ ဒူးဝန်းတော်ကို သုံးသပ်တော်မူနိုင်ကြောင်း

(၁၁) အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝ များစွာတို့က မိမိ၏ အခြေအရံ လူအပေါင်းကို သဂြိုဟ်ချီးမြှောက်ခြင်းအမှု ပြုတော်မူသည်ရှိသော် ပညာရှိသူ မရှိသူ ဂုဏ်ကျေးဇူးရှိသူ မရှိသူတို့ကို ကိုယ်တိုင်သိအောင် စုံစမ်း၍ အမှန်အတိုင်း ပုဂ္ဂိုလ်၏အရည်အချင်းကို သိရှိတော်မူပြီးကာ "ဤသူကား ဤမျှ ပူဇော်သက္ကာရကို ခံထိုက်၏၊ ဤသူကား ဤမျှ ပူဇော်သက္ကာရကို ခံထိုက်၏" ဟု အရည်အချင်းအလိုက် သဂြိုဟ်ချီးမြှောက်တော်မူခဲ့၏။ တကျပ်တန်သူအား ကျပ်ဝက်(ငါးမူး=ပြားငါးဆယ်)ကိုပေးလျှင် ထိုပေးသူသည် အပေးခံရသူ၏ ကျပ်ဝက်ကို ဖျက်ဆီးသည်မည်၏။ တကျပ်တန်သူအား နှစ်ကျပ်ပေးလျှင်လည်း ထိုပေးသောသူသည် မိမိပိုင်တကျပ်ကို ဖျက်ဆီးပစ်သည်မည်၏၊ ထို့ကြောင့် ဤနှစ်မျိုးလုံးကိုပင် ပြုတော်မမူပဲ (တိုး၍ လျော့၍ မချီးမြှောက်ပဲ) တကျပ်တန်သူအား တကျပ်ချီးမြှောက်တော်မူ၏၊ နှစ်ကျပ်တန်သူအား နှစ်ကျပ်ချီးမြှောက်တော်မူခဲ့၏။ ထိုကောင်းမှုကုသိုလ်ကံကြောင့် ထိုက်အားလျော်စွာ ရှေးနည်းအတူ နတ်စည်းစိမ်ကို ခံစားတော်မူပြီးနောက် တဖန် လူ့အဖြစ်သို့ ရောက်တော်မူသောအခါ "အရပ်တော်နှင့် အလံတော်ညီမျှသဖြင့် ပညောင်ပင် အဝန်းကဲ့သို့ ဝန်းသော (လုံးချောသပ္ပါယ်သော) ကိုယ်တော်ရှိခြင်း"တည်းဟူသော(၁၉)အမှတ်ပြ လက္ခဏာတော်ကြီး၊ "ရပ်တော်မူလျက်ပင် ကိုယ်တော်ကို မကိုင်းညွတ်ပဲ လက်ဖဝါးတော်နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်းတော်နှစ်ဖက်ကို သုံးသပ်ထိတွေ့နိုင်ခြင်း"တည်းဟူသော(၉)အမှတ်ပြ လက္ခဏာတော်ကြီးတို့ကို ရတော်မူပေ၏။ အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်ကြီး နှစ်ပါးတို့နှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်၍ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ အသုံးအဆောင် ဘဏ္ဍာကျီကြ ပေါများခြင်းတည်းဟူ

http://www.dhammadownload.com



သော အကျိုးဆက်ကို ရတော်မူ၏။ ရှင်ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာဘုရား ဖြစ်၍ သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပတည်းဟူသော သူတော်ကောင်းဥစ္စာတို့ လွန်စွာပေါများခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

ဤ၌ ပုဂ္ဂိုလ်၏ အရည်အချင်းနှင့် ညီညွတ်လိုက်လျောအောင် ချီးမြှောက်ပေးကမ်းခဲ့ခြင်းသည် (၁) ကမ္မမည်၏။ ထိုကံနှင့် အလားတူစွာ ဤယခုလူ့ဘဝ၌ အလံနှင့် အရပ်တော် ညီညွတ်လိုက်လျောခြင်း, ကိုယ်တော်အထက်ပိုင်း အောက်ပိုင်းညီညွတ်လိုက်လျောခြင်းသည် (၂) ကမ္မသရိက္ခကမည်၏။ပညောင်ပင်ဝန်းကဲ့သို့ ဝန်းသော ကိုယ်ဒြပ်တော်, အံပေါက်အဆက် ညီမျှသော အထက်အောက် ကိုယ်ဒြပ်တော်သည် (၃) လက္ခဏာမည်၏။ သူတော်ဥစ္စာ ခုနစ်ဖြာတို့ ပေါများခြင်းသည် (၄) လက္ခဏာနိသံသမည်၏။

(အရကျက်ရန်)။ ။ပုဂ္ဂိုလ်ယုတ်မြတ်၊ရွေးချယ်ထတ်၍၊ မြှောက်ပတ်သင့်လျော်၊ ပူဇော်ခဲ့ဟန်၊ ကောင်းမှုကံကြောင့်—၊ အလံအရပ်၊ ညီလတ်ရှန်းရှန်း၊ ပညောင်ဝန်းသို့၊ ဝန်းသောကိုယ်တော်၊ ရပ်သော်စူးစူး၊ မညွတ်ဦးပဲ၊ ရွှေဒူးဝန်းပေါ်၊ လက်ဝါးတော်ဖြင့်၊ သုံးသော်မှီလောက်၊ ကိုယ်ထက်အောက်လည်း၊ အပေါက်အဆက်၊ ညီလျက်အမျှ၊ ကုန်းမကွတည့်၊ ပုဏ္ဏကာယာ၊ လက္ခဏာဖြင့်—၊ သဒ္ဓါ သီလ၊ သုတ စာဂ၊ ပညာ ဟိရီ၊ ဩတ္တပ္ပိဟု၊ ခုနစ်လီဥစ္စာ၊ ရတနာသာရ၊ မြတ်နေဖြင့်၊ ကြွယ်ဝချမ်းသာတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။ ။

### ကိုယ်တော်ပြည့်ဖြိုး၍ ရေစီးကြောင်းမထင် ကျောပြင်ရှိခြင်းနှင့် လည်တိုင်ဖြိုးတော်မူကြောင်း

(၁၂) အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က လူအပေါင်း၏ အကျိုးစီးပွါးကို အလိုရှိတော်မူခဲ့၏၊ ချမ်းသာခြင်း ယောဂလေးခင်းမှ ဘေးကင်းခြင်းကို အလိုရှိတော်မူခဲ့၏။ ဤသူတို့သည် ဘယ်သို့သောနည်းနှင့် (ဘယ်လိုနည်းနှင့်) သဒ္ဓါတရားဖြင့် ကြီးပွါးကြပါကုန်မည်နည်း၊ ငါးပါးသီလ ဆယ်ပါးသီလဖြင့် ကြီးပွါးကြပါကုန်မည်နည်း၊ ဘယ်လိုများ ပညာရှိသူတော်ကောင်းတို့၏ စကားကို လိုက်နာခြင်း သုတဖြင့်ရင်း, စွန့်ကြဲပေးလှူခြင်း စာဂဖြင့်ရင်း,မှန်ကန်သော တရားဖြင့်ရင်း, ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိမှုကို သိသော ကမ္မဿကတာဉာဏ်ပညာဖြင့်ရင်း ကြီးပွါးကြပါကုန်မည်နည်း။ ဘယ်လိုများ ဥစ္စာစပါးဖြင့် လယ်ယာမြေဝတ္ထုဖြင့် အခြေနှစ်ချောင်း အခြေလေးချောင်းရှိ သတ္တဝါတို့ဖြင့် သား မယား ကျွန် အမှုလုပ် ဆွေမျိုးမိတ်သင်္ဂဟတို့ဖြင့် ပွါးတိုး

http://www.dhammadownload.com



ကြီးမြင့်ကြပါကုန်မည်နည်းဟု အကျိုးစီးပွါးတို့ကို အလိုရှိတော်မူခဲ့၏၊ အကျိုးများရန် ကြံစည်စဉ်းစား ပွါးများတော်မူခဲ့၏။ ထိုကောင်းမှုကုသိုလ်ကံကြောင့် ထိုက်အားလျော်စွာ ရှေးနည်းအတူ နတ်စည်းစိမ်ကို ခံစားတော်မူပြီးနောက် တဖန်လူ့အဖြစ်သို့ ရောက်တော်မူသောအခါ "ခြင်္သေ့မင်း၏ ရှေ့ပိုင်းကိုယ်ကဲ့သို့ အောင်မောင်းပြည့်ဝသည့် ကိုယ်တော်ရှိခြင်း"တည်းဟူသော (၁၇) အမှတ်ပြလက္ခဏာတော်ကြီး၊ "ရွှေပျဉ်ချပ်ပမာ ခါးတော်မှစ၍ အထက်လည်ကုပ်တော်တိုင်အောင် ရေစီးကြောင်း (အကြား)မထင် ပြည့်ဖြိုးစင်သည့် ကျောက်ကုန်းတော်ရှိခြင်း" တည်းဟူသော (၁၈) အမှတ်ပြလက္ခဏာတော်ကြီး၊ "ညီလည်းညီညွတ် လုံးလည်း လုံးဝန်းသည့် လည်တိုင်တော်ရှိခြင်း"တည်းဟူသော (၂၀) အမှတ်ပြလက္ခဏာတော်ကြီး ဤလက္ခဏာတော်ကြီး သုံးပါးတို့ကို ရတော်မူပေ၏။ အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်ကြီးသုံးပါးတို့နှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်၍ မင်း၏အသုံးအဆောင် ခပ်သိမ်းသော စည်းစိမ်တို့မှ မယုတ်လျော့ခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူ၏၊ ရှင်ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာဘုရားဖြစ်၍ သဒ္ဓါ သီလ သုတ စာဂ ပညာအစရှိသော လောကီ လောကုတ္တရာဂုဏ်ကျေးဇူးတို့မှ မယုတ်လျော့ခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

ဤ၌ လူများအပေါင်း၏ အကျိုးစီးပွါးကို လိုလားတော်မူခဲ့ခြင်းသည် (၁) ကမ္မမည်၏။ ထိုကဲ့သို့ သူတပါးတို့ အကျိုးစီးပွါး ကြီးထွားတိုးတက်ရန် လိုလားတော်မူခဲ့ကြောင်း ကောင်းစွာဖော်ပြသည့်ပမာ ကိုယ်တော် ကျောက်ကုန်းတော် လည်တိုင်တော်တို့ ပြည့်ဖြိုးလုံးဝန်းခြင်း ဂုဏ်သတ္တိသည် (၂) ကမ္မသရိက္ခကမည်၏။ ပြည့်ဖြိုးလုံးဝန်းသော ကိုယ်တော် ကျောက်ကုန်းတော် လည်တိုင်တော်သည် (၃) လက္ခဏမည်၏။ ဥစ္စာစီးပွါးစသည် သဒ္ဓါတရားစသည်တို့ဖြင့် မယုတ်လျော့ခြင်းသည် (၄) လက္ခဏာနိသံသမည်၏။

(အရကျက်ရန်)။ ။သူတပါးကို၊ကောင်းစေလို၍၊ ကုသိုလ်ပညာ၊ ဥစ္စာခနေ၊ သဟာယများ၊တယ်သို့ပွါးအံ့၊ သူ့အားတောင့်တ၊ကြောင့်ကြခဲ့ဟန်၊ ကောင်းမှုကံကြောင့်—၊မြှိုင်ယံပျော်မွေ့၊ ရွှေခြင်္သေ့၏၊မရှေ့ထက်ဝက်ကိုယ်၊ ပမာလိုလျှင်၊ ကိုယ်တော်အောင်မောင်း၊၊ ရေစီးကြောင်းမထင်၊ ရွှေကျောပြင်နှင့်၊ စည်သွင်မုရိုး၊ ပြည့်ဖြိုးလုံးခြင်း၊၊ လည်ပင်းသပ္ပါယ်၊ ဤသုံးသွယ်ဖြင့်—၊ ဤဝယ်လောကီ၊ ဤလည်လောကုတ်၊ ဂုဏ်ပေါင်းထုတ်သော်၊ ယုတ်လျော့ခြင်းရှာ၊ မထင်ပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

http://www.dhammadownload.com



## အရသာကြော(၇၀၀၀)တို့ အဖျားထောင်၍ လည်ပင်း၌စုပ်လျက်ရှိကြောင်း

(၁၃) အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က သတ္တဝါတို့ကို လက်ဖြင့်သော်ရင်း, ခဲဖြင့်သော်ရင်း, တုတ်လှန်ကန်ဖြင့်သော်ရင်း ဓား စသော လက်နက်ဖြင့်ရင်း ညှဉ်းပန်းနှိပ်စက်မှု ပြုတော်မမူခဲ့ချေ။ ထိုကောင်းမှု ကုသိုလ်ကံကြောင့် ထိုကံအားလျော်စွာ ရှေးနည်းအတူ နတ်စည်းစိမ်ကို ခံစား တော်မူပြီးနောက် တဖန်လူ့အဖြစ်သို့ ရောက်သောအခါ "နှမ်းလုံးခန့်မျှ နည်းငယ် လှသော အရသာကိုသော်လည်း တကိုယ်တော်လုံးပျံ့နှံ့အောင် ဆောင်နိုင်သည့် ခုနစ်ထောင်သောအရသာကြောတို့ အဖျားချင်းအပ် လည်မှာ စုပ်လျက်ရှိခြင်း" တည်းဟူသော (၂၁) အမှတ်ပြု လက္ခဏာတော်ကို ရတော်မူ၏။ အလောင်း တော်သူမြတ်သည် ထိုလက္ခဏာတော်ကြီးနှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ ဘောင်၌နေလျှင် စကြာမင်းဖြစ်၍ရင်း, ရှင်ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာဘုရား ဖြစ်၍ရင်း အနာရောဂါနည်းပါးခြင်းတည်းဟူသော အကျိုးဆက်ကိုရတော်မူ၏။

ဤ၌ သတ္တဝါတို့ကို မညှဉ်းဆဲခဲ့ခြင်း ကောင်းမှုကုသိုလ်သည် (၁) ကမ္မမည် ၏။ လက်စသည်ဖြင့် အရိုက်အပုတ် ခံရသောသူအား ထိုထိုအရိုက်အပုတ် ခံရ သောအရပ်၌ သွေးစုခြင်း သွေးကြည်ဥခြင်းက အစပြု၍ အတွင်းမှာပင် ပြည် တည်ကာ ပေါက်ကွဲသဖြင့် ရောဂါအနာ များလှစွာ၏။ အလောင်းတော်သူမြတ် ကား ဘဝများစွာက သတ္တဝါတို့ကို မညှဉ်းဆဲခြင်းတည်းဟူသော အနာရောဂါ ကင်းကြောင်း ကောင်းမှုကုသိုလ်ကို ပြုခဲ့ကြောင်း နတ်လူအပေါင်းတို့ သိစေ သားဟု ထင်ရှားဖော်ပြသည့်ပမာ အရသာကြောများ အဖျားထောင်လျက် လည်မှာစုပ်လျက်ရှိခြင်းတည်းဟူသော လက္ခဏာတော်ကို ရတော်မူ၏။ သို့ရကား အရသာကြောများ သူတပါးနှင့်မတူ ထိုကဲ့သို့ တည်နေဖြစ်ပွါးခြင်း ဂုဏ်သတ္တိ သည် (၂) ကမ္မသရိက္ခကမည်၏။ အဖျားထောင်၍ လည်မှာ စုပ်လျက် ရှိသော အရသာကြောများသည်(၃)လက္ခဏမည်၏။ အနာရောဂါကင်းခြင်းသည် (၄) လက္ခဏာနိသံသမည်၏။

ဤ၌ အလောင်းတော်သူမြတ်၏ အရသာကြောတို့ကလည်း နှမ်းလုံးခန့် မျှသော ရသဓာတ်ကိုပင်သော်လည်း တကိုယ်လုံး ပျံ့နှံ့အောင် ပို့ဆောင်ကြ ကုန်သည်၊ ဝမ်းမီးကလည်း မနုံ့လွန်း မထက်လွန်း အလယ်အလတ်ဖြစ်၍ စား သမျှ အစာအာဟာရကို လှလှကြီး ကြေအောင် ချေချက်ပေးသည်၊ ထို့ကြောင့် သူတပါးတို့ထက် အနာရောဂါ ကင်းရှင်းတော်မူခြင်းဖြစ်သည်။

**(အရကျက်ရန်)။ ။သတ္တဓါခပင်း၊ မညှဉ်းဆဲရှောင်၊ ကုသိုလ် ဆောင်၍—၊ ခုနစ်ထောင်သော၊ ရသာကြောများ၊ အဖျားချင်းအပ်၊ လည်မှာစုပ်၍၊ မီးဓာတ်ဂဟဏီ၊ ဇီရဏီလည်း၊ အညီချက်ချေ၊ အစာ**

http://www.dhammadownload.com



ကြေသမြင့်—၊ ထွေထွေရောင်။ ကင်းရှင်းကွာသည်၊ ကျန်းမာတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

မျက်လုံးတော်အလွန်ညိုခြင်း မျက်တောင်မွေးတော် အလွန်နုခြင်း

(၁၄) အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က သတ္တဝါတို့အပေါ်မှာ အမျက်ထွက်ကာ ပုဇွန်မျက်လုံးပမာ မျက်လုံးတော်ကို ပြူး၍လည်း ကြည့်တော်မမူခဲ့၊ အမျက်ထွက်ကာ မျက်စောင်းထိုး၍လည်း ကြည့်တော်မမူခဲ့၊ အမျက်ထွက်ကာ ထိုသူကြည့်သောအခါ မိမိက မျက်စိကိုမှိတ်ထား၍ ထိုသူက မျက်နှာလွှဲမှ စိတ်ဆိုးသော ကြည့်ခြင်းဖြင့်လည်း ကြည့်တော်မမူခဲ့ပဲ သူတပါးတို့ကို ချစ်ကြည်သောစိတ် ပျံ့ပျူးသော စိတ်ရှိ၍ ဖြောင့်ဖြောင့် ပြန့်ပြန့် ချစ်မြတ်နိုးစွာသာ ကြည့်တော်မူခဲ့၏။ ထိုကောင်းမှုကုသိုလ်ကံကြောင့် ထိုကံအားလျော်စွာ ရှေးနည်းအတူ နတ်စည်းစိမ်ကို ခံစားတော်မူပြီးနောက် တဖန် လူ့အဖြစ်သို့ ရောက်တော်မူသောအခါ "အလွန်ညိုကြည်သည့် မျက်လုံးတော်ရှိခြင်း"တည်းဟူသော (၂၉) အမှတ်ပြ လက္ခဏာတော်ကြီးနှင့် "ဖွားသစ်စနွားနို့ယော်၏ မျက်တောင်မွေးကဲ့သို့ အလွန်နူးညံ့နုပျိုသည့် မျက်တောင်မွေးတော်ရှိခြင်း"တည်းဟူသော (၃၀) အမှတ်ပြ လက္ခဏာတော်ကြီးတို့ကို ရရှိတော်မူ၏။ အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်ကြီးနှစ်ပါးနှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်၍ရှင်း, ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာဘုရားဖြစ်၍ရှင်း ဆိုင်ရာ လူနတ်ပြဟ္မာ သတ္တဝါတို့၏ချစ်ချစ်ခင်ခင် ကြည်ကြည်ညိုညို ကြည့်ရှု ဖူးမြော်ကြခြင်း တည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

ဤ၌ ဘဝများစွာက သတ္တဝါတို့အား ချစ်ခင်သော မျက်စိဖြင့် ကြည့်တော်မူခဲ့ခြင်းသည် (၁) ကမ္မမည်၏။ အမျက်ထွက်၍ မျက်စောင်းထိုးကြည့်သူ မျက်မှောင်ကုပ်၍ ကြည့်သူတို့မှာ ထိုအမူအရာအတိုင်း မျက်စိဖြစ်၍ နေတတ်၏၊ ချစ်ခင်ကြည်ညိုသော စိတ်ဖြင့် ကြည့်သောသူ၏ မျက်စိကား ငါးပါးသော အဆင်းဖြင့် ကြည်လင်လှပ၏၊ အလောင်းတော်သူမြတ်မှာလည်း ဖော်ပြရာပါ မျက်လုံးတော် မျက်တောင်မွေးတော်တို့က ရှေးဘဝများစွာဝယ် သတ္တဝါတို့ကို ချစ်ခင်ကြည်ညိုသော မျက်စိဖြင့်သာ ဖြောင့်ဖြောင့်ကြည်ကြည် ကြည့်တော်မူခဲ့သည်၏အဖြစ်ကို ထင်စွာဖော်ပြသည့်ပမာ ငါးပါးသောအဆင်းတို့ဖြင့် ညိုကြည်ခြင်း မျက်တောင်မွေးတော် နူးနူးညံ့ညံ့ကော့ရရော့ရှိခြင်း ဂုဏ်သတ္တိနှင့် ပြည့်စုံစွာ မျက်လုံးတော် မျက်တောင်မွေးတော်တို့ ဖြစ်ပေါ်လာ၏၊ ထိုဂုဏ်သတ္တိနှစ်မျိုးသည် (၂) ကမ္မသရိက္ခကမည်၏။ အလွန်ညိုကြည်သည့် မျက်လုံးတော် အလွန်နူးညံ့နုပျိုသည့် မျက်တောင်မွေးတော် ဤနှစ်ပါးတို့သည် (၃) လက္ခဏာ

http://www.dhammadownload.com



မည်၏။ သတ္တဝါတို့၏ ချစ်ခင်ကြည်ညိုစွာ အဖူး အမြော် ခံရခြင်းသည် (၄) လက္ခဏာနိသံသ မည်၏။

( အရကျက်ရန် ) ။ ။ မျက်စောင်းမထိုး၊ မကျိုးမျက်မှောင့်၊ ဖြောင့်ဖြောင့်ချစ်ကြည်၊ ကြည့်ခဲ့သည်ကြောင့်—၊ ညိုကြည်မျက်လုံး၊ အံ့မဆုံးအောင်၊ ရွှေမျက်တောင်မွေး၊သွယ်သေးနုစွာ၊လက္ခဏာဖြင့်—၊ ပိယာသိဒ္ဓိ၊ နတ်ဆေးရှိသို၊ ကြိဘုံခန်း၊ ရဟန်းလူများ၊ သိကြားမြဟ္မာ၊ နတ်သူရဟု၊ သတ္တဝါထိုထို၊ ကြည်ညိုလေးမြတ်၊ ချစ်ခင်အပ်ပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

### သင်းကျစ်တော်အသားလွှာပါရှိကြောင်း

(၁၅) အလောင်းတော်သူမြတ်သည် ရှေးရှေး ဘဝများစွာတို့က ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက် လှူဒါန်းပေးကမ်းမှု သီလဆောက်တည်မှု ဥပုသ်ကျင့်သုံးမှု အမိအဖကို ပြုစုလုပ်ကျွေးမှုစသော ကုသိုလ်ကောင်းမှု အစုစုတို့၌ ရှေ့သွားဦးစီး အမှူးအကြီးပြုကာ စီမံရွက်ဆောင်တော်မူခဲ့၏။ ထိုကောင်းမှုကုသိုလ်ကံကြောင့် ထိုကံအားလျော်စွာ ရှေးနည်းအတူ နတ်စည်းစိမ်ကို ခံစားတော်မူပြီးနောက် တဖန် လူ့အဖြစ်သို့ ရောက်တော်မူသောအခါ“နဖူးတော်ဝယ် ပကတိပင်ကိုယ်အားဖြင့်ပင် သင်းကျစ်ရွှေပြား တပ်စီ၍ထားသကဲ့သို့ သင်းကျစ်တော်အသားလွှာ ပါရှိခြင်း” တည်းဟူသော (၃၂) အမှတ်ပြလက္ခဏာတော်ကြီးကို ရရှိတော်မူ၏။ အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်ကြီးနှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်၍ရင်း, ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာဘုရားဖြစ်၍ရင်း သတ္တဝါထိုထို များလူဗိုလ်တို့ ကိုယ်တော်၏ နောက်လိုက်ဖြစ်ရခြင်း ကိုယ်တော်မြတ်က ရှေ့သွား ခေါင်းဆောင်ဖြစ်ရခြင်း တည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

ဤ၌ ကုသိုလ်မှုတို့၌ ရှေ့သွားခေါင်းခံ စီမံအားထုတ်ခြင်း ကောင်းမှုသည် (၁) ကမ္မမည်၏။ အကြင်သူသည် ရှေ့သွားခေါင်းခံပြု၍ ဒါနစသော ကုသိုလ်မှုတို့ကို စီမံဆောင်ရွက်၏။ ထိုသူသည် ပရိသတ်ပွဲလယ်၌ မျက်နှာမသာမယာမရှိရပဲ ဦးခေါင်းကို ရဲရဲထောင်ကာ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းတို့နှင့် ပြည့်စုံသော ဦးခေါင်းရှိ၍ လှည့်လည်ကျက်စား သွားလာရ၏၊ ပရိသတ်နောက်လိုက် အခြံအရံလည်း များလှစွာ၏၊ အလောင်းတော်သူမြတ်သည်လည်း ရှေးရှေးဘဝများစွာတို့က ကုသိုလ်မှုတို့၌ ရှေ့သွားခေါင်းခံ စီမံအားထုတ်တော်မူခဲ့၏။ ထိုအကြောင်းကို နတ်လူအပေါင်းတို့ သိသာစေရန် နဖူးတော်ဝယ် သင်းကျစ်တော်အသားလွှာ ပကတိပါရှိလာ၏၊ (တနည်း ပြည့်ဖြိုးလုံးဝန်းသော ဦးခေါင်းတော် ဖြစ်ပေါ်လာ၏။) သို့ရကား သင်းကျစ်တော်အသားလွှာ (တနည်း ပြည့်ဖြိုး

http://www.dhammadownload.com



သော ဦးခေါင်းတော်)၏ ထိုမှရှေးကံအကြောင်းကို သိစေတတ်သော အစွမ်း သတ္တိသည် (၂)ကမ္မသရိက္ခကမည်၏။ သင်းကျစ်တော်အသားလွှာဖြစ် (တနည်း ပြည့်ဖြိုးလုံးဝန်းသော ဦးခေါင်းတော်ဖြစ်)သည် (၃) လက္ခဏာ မည်၏။ သတ္တဝါ ထိုထို များလူဗိုလ်တို့ ကိုယ်တော်နောက်၌ စိုက်စိုက်မကွာ လိုက်ပါရခြင်းသည် (၄) လက္ခဏာနိသံသ မည်၏။

(အရကျက်ရန်)။ ။ကုသိုလ်တရား၊ဟူသည်များ၌၊ ရှေ့သွားအမှူး၊ ဦးစီးခေါင်းခံ၊ ဆောင်စီမံဘူး၊ ကောင်းမှုထူးကြောင့်၊ နဖူးတော်ဝယ်၊ ရွှေပြားချယ်သို့၊ တင့်တယ်လှစ်လှစ်၊ အသားစစ်မှ၊ သင်းကျစ်တော်လွှာ၊ လက္ခဏာဖြင့်—၊ သတ္တဝါထိုထို၊ များလူဗိုလ်တို့၊ ကိုယ်တော်နောက်၌၊ စိုက်စိုက်မကွာ၊ လိုက်ရပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

### မွေးတွင်းတော် တခု တခု၌ မွေးညှင်းတော် တပင်စီနှင့် နဖူးတော်၌ ဥဏ္ဏလုံမွေးရှင်တော် ပါရှိကြောင်း

(၁၆) အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝ များစွာတို့က မဟုတ် မမှန်စကား(=မုသားစကား)ပြောကြားခြင်းမှ ရှောင်ရှားတော်မူခဲ့၏၊ဟုတ်မှန် သောစကားကိုသာ ပြောဆိုတော် မူခဲ့၏၊ (မုသားစကား အကြားမညှပ်ပဲ) ရှေး ဟုတ်မှန်သောစကားနှင့် နောက်ဟုတ်မှန်သောစကားတို့ စပ်လျက် ရှိတော်မူ၏၊ မြဲမြံခိုင်ခံ့သောစကား ရှိတော်မူ၏၊ လူအများ သက်ဝင် ခံ့တည် ယုံကြည်ရသော စကားရှိတော်မူခဲ့၏။ ထိုကောင်းမှု ကုသိုလ်ကံကြောင့် ထို ကံအားလျော်စွာ ရှေးနည်းအတူ နတ်စည်းစိမ်ကို ခံစားတော်မူပြီးနောက် တဖန် လူ့အဖြစ်သို့ ရောက်တော်မူသောအခါ "မွေးညှင်းတွင်း တတွင်းတတွင်းလျှင် မွေးညှင်းတော် တပင်စီ တပင်စီသာ ပေါက်ရောက်ခြင်း" တည်းဟူသော (၁၃) အမှတ်ပြ လက္ခဏာတော်ကြီးနှင့် "မျက်မှောင် (မျက်ခုံး)တော်နှစ်ဖက် အလယ်ချက်၌ ဥဏ္ဏလုံမွေးရှင်တော်ပေါက်ရောက်ခြင်း"တည်းဟူသော (၃၁)အမှတ်ပြလက္ခဏာ တော်ကြီး ဤ လက္ခဏာတော်ကြီး နှစ်ပါးကို ရတော်မူ၏။ အလောင်းတော် သူမြတ်သည် ထို လက္ခဏာတော်ကြီးနှစ်ပါးတို့နှင့် ပြည့်စုံတော်မူသည့် အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်၍ငြင်း, ရဟန်းပြုလျှင် သဗ္ဗညူမြတ်စွာဘုရား ဖြစ်၍ငြင်း သတ္တဝါထိုထို များလူဗိုလ်တို့ ကိုယ်တော်၏စိတ်ကြိုက် အလိုလိုက်ကြ ရခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

ဤ၌ ဘဝများစွာက အမှန်ကိုသာ ပြောကြားခဲ့ခြင်း ကောင်းမှု ကုသိုလ် သည် ( ၁ ) ကမ္မ မည်၏။ အလောင်းတော်သူမြတ်မှာ ဘဝများစွာက ထွေရာ လေးပါး အမှားကို့ မပြောပဲ အမှန်တခုကိုသာ ပြောကြားတော်မူခဲ့ကြောင်း နတ်လူအပေါင်းတို့ သိသာစေရန် မွေးတွင်းတော် တတွင်း တတွင်း၌ မွေးညှင်း

http://www.dhammadownload.com



တော် တပင်စီ တပင်စီသာ ပေါက်ရောက်၍ ဥဏ္ဏာလုံမွေးရှင်တော် ထူးဆန်းစွာ ပေါက်ရောက်ရကား အမှန်စကား တခွန်းကိုသာ ပြောဆိုခဲ့ကြောင်း သိစေ တတ်သည့် မွေးညှင်းတော် တပင်စီတပင်စီသာ ပေါက်ရောက်ခြင်း,ဥဏ္ဏာလုံမွေးရှင် တော် ပေါက်ရောက်ခြင်း ဂုဏ်သတ္တိသည် (၂) ကမ္မသရိက္ခက မည်၏။ ထို မွေးညှင်းတော်ဖြစ်, ဥဏ္ဏာလုံ မွေးရှင်တော် ဖြစ်သည် (၃) လက္ခဏ မည်၏။ သတ္တဝါထိုထို များလူဗိုလ်တို့ ကိုယ်တော်စိတ်ကြိုက် အလိုလိုက်ကာ ပါရခြင်းသည် (၄) လက္ခဏာနိသံသ မည်၏။

(အရကျက်ရန်)။ ။မလိမ်မထောင့်၊ သစ္စာစောင့်၍၊ ရိုးဖြောင့် မှန်စင်း၊တရားရင်းကြောင့်—၊မွေးတွင်းတခုမြွာမစုပဲ၊တခုစီတွင်၊တပင် စီသာ၊ ရှင်းစွာသင့်လျော်၊မွေးညှင်းတော်နှင့်၊ မျက်မှောင်တော်နှစ်ဖက်၊ အလယ်ချက်ဝယ်၊ လံဝက်လောက်မျှ၊ ဆွဲက ရှည်လာ၊ လွှတ်လိုက်ခါမူ၊ လကျာ်ရစ်ခွေ၊ ဖြူရောင်ဝေသည့်၊ ရွှေနဖူးဝယ်၊ သောက်ရှူးကြယ်သို၊ နုနယ်ဂွမ်းပုံ၊ ဥဏ္ဏာလုံဖြင့်—၊ သုံးဘုံလူဗိုလ်၊ ကိုယ်တော် စိတ်ကြိုက်၊ အလိုလိုက်ခါ၊ ပါရပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

### သွားတော် (၄၀) စေ့၍ သွားတော်မကျဲ သိပ်သဲစေ့စပ်ကြောင်း

(၁၇) အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က တယောက် နှင့်တယောက် အချစ်ဆိတ်သုဉ်းစေတတ်သည့် ကုန်းချောစကား ပြောကြားခြင်း (ဂုံးတိုက်ခြင်း)မှ ရှောင်ရှားတော်မူခဲ့၏၊ ကွဲပြားကုန်သော သူတို့ကို အချင်းချင်း သင့်မြတ်အောင် စေ့စပ်တော်မူခဲ့၏၊ ညီညွတ်ကုန်သော သူတို့အား ညီညွတ်မှု မပျက်ပြားအောင် အားပေးတော်မူခဲ့၏။ ညီညွတ်မှု သာမဂ္ဂီရှိရာအရပ် ညီညွတ် သောသူတို့၌ အလွန်နှစ်ခြိုက်မွေ့လျော် ပျော်ပိုက်တော်မူခဲ့၏။ ညီညွတ်သော သူတို့ကို မြင်ရကြားရလျှင် အလွန်နှစ်သက် အားရတော်မူခဲ့၏။ အချင်းချင်း ညီညွတ်အောင်ပြုတတ်သည့် စကားကိုသာ ပြောကြားတော်မူခဲ့၏။ထိုကောင်းမှု ကုသိုလ်ကံကြောင့် ထိုက်အားလျော်စွာ ရှေးနည်းအတူ နတ်စည်းစိမ်ကို ခံစား တော်မူပြီးနောက် တဖန် လူ့အဖြစ်သို့ ရောက်တော်မူသောအခါ "သွားတော် ချောင်းရေ (၄၀) လေးဆယ် အစေ့အငရှိတော်မူခြင်း"တည်းဟူသော (၂၃) အမှတ်ပြ လက္ခဏာတော်ကြီးနှင့် "သွားတော် မကျဲမကွာ စေ့စပ်စွာရှိခြင်း" တည်းဟူသော (၂၅) အမှတ်ပြ လက္ခဏာတော်ကြီး ဤလက္ခဏာတော်ကြီး နှစ်ပါးကို ရတော်မူ၏။ အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်ကြီး နှစ်ပါးတို့နှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်၍ ရင်း, ရဟန်းပြုလျှင် သဗ္ဗညူမြတ်စွာဘုရားဖြစ်၍ရင်း သူတပါးတို့ ဖျက်ဆီး၍

http://www.dhammadownload.com



မပျက်စီး စိတ်ဝမ်းမကွဲသည့် ပရိသတ်အခြံအရံရှိခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

ဤ၌ ဘဝများစွာ သံသရာက ဂုံးတိုက်စကား မပြောကြားခဲ့ခြင်း ညီညွတ်စေတတ်သည့်စကားကိုသာ ပြောကြားခဲ့ခြင်းသည် (၁) ကမ္မမည်၏။ ဂုံးတိုက်စကား ပြောကြားခဲ့သူမှာ သူတဖက်သားတို့၏ ညီညွတ်မှုကို ဖျက်ဆီးခဲ့ ကွဲပြားစေခဲ့သောကြောင့် သွားအချောင်းရေ လေးဆယ်မပြည့်မစုံ ပေါက်သည့်ပြင် ကျဲလည်း ကျဲကုန်၏၊ အလောင်းတော်သူမြတ်မှာမူ ဘဝများစွာ သံသရာက ဂုံးတိုက်စကား မပြောကြားခဲ့ကြောင်း နတ်လူအပေါင်းတို့ သိသာရန် သွားတော်လေးဆယ် အစေ့အငုံ ပေါက်၍ သွားတော်တို့ မကျဲပဲ သိပ်သဲစေ့စပ်လှပေ၏။ သို့ရကား ဂုံးတိုက်စကား မပြောကြားခဲ့ကြောင်းကို သိစေတတ်သည့် သွားအချောင်းရေလေးဆယ် အစေ့အငုံ ပေါက်ရောက်ခြင်း မကျဲခြင်း ဂုဏ်သတ္တိသည် (၂) ကမ္မသရိက္ခက မည်၏။ ထိုဂုဏ်သတ္တိရှိသော မကျဲသောသွားတော်ဖြစ်၍ လေးဆယ်စေ့သော သွားတော်ဖြစ်သည် (၃) လက္ခဏာ မည်၏။ သူတပါးတို့ ဖျက်ဆီး၍ မပျက်စီး စိတ်ဝမ်းမကွဲသည့် ပရိသတ်အခြံအရံရှိခြင်းသည် (၄) လက္ခဏာနိသံသ မည်၏။

(အရကျက်ရန်)။ ။ဂုံးတိုက်စကား၊ ကြဉ်ရှောင်ရှား၍၊ ကွဲပြားမကပ်၊ ကြားစေ့စပ်သဖြင့်၊ စေ့စပ်ပြီးကို၊ မြဲအောင်ဆိုခဲ့၊ ထိုကုသိုလ်တော်၊ နှီးပင့်ဆော်၍—၊ သွားတော်လေးဆယ်၊ ပြည့်ဖြိုးကြွယ်လျက်၊ သေးသွယ်စိပ်စိပ်၊ သိပ်သိပ်ထူထဲ၊ မကျဲသွားမှာ၊ လက္ခဏာဖြင့်—၊ ညီညာမြဲစွဲ၊ သူပင်ခွဲလည်း၊ မကွဲပြိုနိုင်၊ ကြံ့ခိုင်စေ့စပ်၊ ပရိသတ်သာ၊ ရှိတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

### ရှည်ပြန့်နူးညံ့သော လျှာတော်နှင့် အင်္ဂါရှစ်တန် ဗြဟ္မာ့ကရဝိက်သံ ရှိတော်မူကြောင်း

(၁၈) အလောင်းတော် သူမြတ်သည် ရှေးရှေးဘဝများစွာတို့က ရန့်ရင်းကြမ်းတမ်းသော ဆဲရေးစကား ပြောကြားခြင်းမှ ရှောင်ရှားတော်မူခဲ့၏၊ လူအများနှစ်သက်၍ လူအများ၏ စိတ်နှလုံးကို ပွါးစေတတ်သည့် အပြစ်ကင်းလှ ကြားရချမ်းသာ ချစ်ဖွယ်ရာတအင် နှလုံးသို့သက်ဝင်၍ ယဉ်ကျေးသောစကားကိုသာ ပြောကြားတော်မူခဲ့၏။ ထိုကောင်းမှု ကုသိုလ်ကံကြောင့် ထိုကံအားလျော်စွာ ရှေးနည်းအတူ နတ်စည်းစိမ်ကို ခံစားတော်မူပြီးနောက် တဖန်လူ့အဖြစ်သို့ ရောက်တော်မူသောအခါ "ရှည်လျားနူးညံ့ ပြန့်သောလျှာတော်ရှိခြင်း"တည်းဟူသော (၂၇) အမှတ်ပြ လက္ခဏာတော်ကြီးနှင့် "ဗြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် အသံတော်ရှိခြင်း"တည်းဟူသော

http://www.dhammadownload.com



(၂၈) အမှတ်ပြ လက္ခဏာတော်ကြီး ဤလက္ခဏာတော်ကြီးနှစ်ပါးတို့ကို ရတော်မူ၏။ အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်ကြီးနှစ်ပါးတို့နှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်၍ရှင်း ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာဘုရားဖြစ်၍ရှင်း ကိုယ်တော်မြတ်၏စကားကို လူနတ်ပြဟ္မာ သတ္တဝါတို့ လိုက်နာရခြင်း, စကားစူး၍ ဩဇာပြန့်လွှင် အာဏာထူးပိုင်ခြင်း တည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

ဤ၌ ဘဝများစွာ သံသရာက သူ့ နားမချမ်း ကြမ်းကြမ်း ကြုတ်ကြုတ် အယုတ်တမာ ဆဲရေးတိုင်းထွာသည့် (=ဖရုသဝါစာ)စကား မပြောကြားခဲ့ခြင်း, သိမ်မွေ့ယဉ်ကျေး ချိုအေးသာကြည်သောစကားကို ပြောကြားတော်မူခဲ့ခြင်းသည် (၁) ကမ္မမည်၏။ ဆဲရေးတိုင်းထွာ ဖရုသဝါစာစကား ပြောကြားခဲ့သူတို့မှာ လျှာကို လှည့်ကာလှည့်ကာ ဆဲရေးစကား ပြောကြားခဲ့ကြောင်း အများသိစေရန် လျှာထူခြင်း, လျှာတွဲခြင်း, လျှာကွဲခြင်း အပြစ်များ ရရှိကြလေသည်၊ အလောင်းတော်သူမြတ်မှာမူ ထိုကဲ့သို့သော ဆဲရေးတိုင်းထွာ ဖရုသဝါစာစကား မပြောကြားခဲ့ပဲ သိမ်မွေ့ယဉ်ကျေး ချိုအေးသာကြည်သော စကားကိုသာ ပြောဆိုတော်မူခဲ့ကြောင်း နတ်လူအပေါင်းတို့ သိသာရန် လျှာတော်ရှည်ပြန့် နူးညံ့သေးသွယ်ခြင်း အကျိုးရင်းလက္ခဏာကို ရတော်မူ၏။ ဆဲရေးတိုင်းထွာ စကား ပြောကြားသူတို့မှာ အသံကွဲ အသံအက်ကြီးဖြင့် ဆဲရေးတိုင်းထွာခဲ့ကြောင်း အများသိစေရန် အသံကွဲခြင်း အသံအက်ခြင်းစသော အပြစ်များ ရရှိကြလေသည်၊ အလောင်းတော်သူမြတ်မှာ ဘဝများစွာကဲ့ အသံကွဲအက်ကြောင်း ဆဲရေးစကားမပြောကြားခဲ့သည်ကို နတ်လူအပေါင်းတို့ သိစေသားဟု ထင်ရှားဖော်ပြသည့်ပမာ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အသံတော်ရှိခြင်းအကျိုး ရတော်မူခဲ့လေသည်၊ သို့ရကား လျှာတော်ရှည်ပြန့် နူးညံ့ခြင်း, အသံတော်၏ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံခြင်းသည် (၂)ကမ္မသရိက္ခကမည်၏။ သိမ်မွေ့ရှည်ပြန့် နူးညံ့သော လျှာတော်ဒြပ်, အင်္ဂါရှစ်ပါးရှိသော အသံတော်ဒြပ်သည် (၃) လက္ခဏာ မည်၏။ကိုယ်တော်၏ စကားကို လူနတ်များ လိုက်နာရခြင်း, စကားစူး၍ ဩဇာပြန့်လွှင် အာဏာထူး ပိုင်တော်မူခြင်းသည် (၄)လက္ခဏာနိသံသမည်၏။

(အရကျက်ရန်)။ ။သူ့ နားမချမ်း၊ ကြမ်း ကြမ်း ကြုတ် ကြုတ်၊ အယုတ်တမာ၊ မဆိုပါပဲ၊ ချိုသာအေးကြည်၊ ဆိုခဲ့သည်ကြောင့်—၊ လျှာရှည်ကြီးပြန့်၊ လျှာနူးညံ့လျက်၊ ရှင်းသန့်ချိုသာ၊ သိသာနာဖွယ်၊ ပွဲလယ်မထွက်၊ လုံးနက်ပဲ့တင်၊ အင်္ဂါရှစ်တန်၊ ဗြဟ္မာ့ကရဝိက်၊ ကောင်းဟိတ်သံသာ၊ လက္ခဏာဖြင့်—၊ ဆိုခါရင့်ကျူး၊ စကားစူး၍၊ အထူးလိုက်နာ၊ ဩဇာပြန့်လွှင်၊ အာဏာထူး ပိုင်တော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

http://www.dhammadownload.com



### လဆန်း ၁၂-ရက်လနှင့် ခြင်္သေ့မင်း၏မေးတို့ကဲ့သို့ ဖြိုးသောမေးတော်ရှိကြောင်း

(၁၉) အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က အနှစ်မပါသော စပါးဖြိန် စပါးဖျင်းအလား အကျိုးမရှိသည့် ဖြိန်ဖျင်းသော (=သမ္ဖပ္ပလာပ)စကား ပြောကြားခြင်းမှ ရှောင်ကြဉ်တော်မူခဲ့၏။ အချိန်ကာလအားလျော်ပက်လျော်ကန်သောစကားကိုသာ ပြောကြားတော်မူခဲ့၏၊ ဟုတ်မှန်သောစကား အကျိုးရှိသောစကား တရားနှင့်စပ်သောစကား အဆုံးအမဩဝါဒ ဂိနည်းနှင့်စပ်သော စကားမျိုးကိုသာ ပြောကြားတော်မူခဲ့၏၊ ကြားသူတို့ စိတ်နှလုံးသေတ္တာထဲ၌ သိုမှီးသိမ်းဆည်း မှတ်ထားသင့်လောက်အောင် အကြောင်းသက်သေ ဥပဒေနည်းညွှန်းနှင့်တကွ အပိုင်းအခြား သားနားတိတိ အနက်အဓိပ္ပါယ်ရှိသည့်စကားကိုသာ ပြောကြားတော်မူခဲ့၏။ ထိုကောင်းမှုကုသိုလ်ကံကြောင့် ထိုက်အားလျော်စွာ ရှေးနည်းအတူ နတ်စည်းစိမ်ကို ခံစားတော်မူပြီးနောက် တဖန်လူ့အဖြစ်သို့ ရောက်တော်မူသောအခါ "ခြင်္သေ့မင်း၏မေးကဲ့သို့သော (ပြုံးတော့မည့် အရိပ်သေ့နေသည့်) ဖြိုးသောမေးတော်ရှိခြင်း" တည်းဟူသော (၂၂)အမှတ်ပြ လက္ခဏာတော်ကြီးကို ရရှိတော်မူ၏။ အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်ကြီးနှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌ နေလျှင် စကြာမင်းဖြစ်၍ရှင်း, ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာဘုရားဖြစ်၍ရှင်း အတွင်းအပရန်သူ တယောက်လူမျှ ကလူနိုင်ထက် မချိုးဖျက်နိုင်ခြင်းတည်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

ဤ၌ ဖြိန်ဖျင်းသော (=သမ္ဖပ္ပလာပ) စကား မပြောကြားခဲ့ခြင်းသည် (၁)ကမ္မမည်၏။ အတိတ်ဘဝက ဖြိန်ဖျင်းသည့်စကား ပြောကြားခဲ့သူတို့မှာ ထိုအခါက မေးတလှုပ်လှုပ် အကျိုးမရှိသည့်စကား ပြောကြားခဲ့သည်ကို အများသိသာစေရန် မေးချိုင့်၍နေခြင်း မေးကောက်၍နေခြင်းစသော မေးနှင့်ဆိုင်ရာ အပြစ်များကို ရရှိကြ၍လသည်။ အလောင်းတော်သူမြတ်မှာမူကား ထိုကဲ့သို့ ဖြိန်ဖျင်းသည့်စကား မပြောကြားခဲ့ခြင်း, အကျိုးပြည့်နှက်သည့် စကားကိုသာ ပြောကြားတော်မူခဲ့ခြင်းကို နတ်လူအပေါင်းတို့ သိသာစေရန် မေးတော်ဖြိုးခြင်း အကျိုးရတော်မူလေသည်၊ သို့ရကား အတိတ်ဘဝက အကျိုးပြည့်သောစကားကို ပြောကြားခဲ့ကြောင်း သိစေတတ်သည့် မေးတော်၏ ဖြိုးခြင်းတည်းဟူသော ဂုဏ်သတ္တိသည် (၂) ကမ္မသရိက္ခကမည်၏။ ထိုဂုဏ်သတ္တိရှိသည့် ပြည့်ဖြိုးသော မေးတော်ဖြစ်သည် (၃) လက္ခဏမည်၏။ အတွင်းအပရန်သူ တယောက်လူမျှ ကလူနိုင်ထက် မချိုးဖျက်နိုင်ခြင်းသည် (၄) လက္ခဏာနိသံသမည်၏။

(အရကျက်ရန်)။ ။အနှစ်မဆံ၊ ယူရန်ကင်းလျော၊ အသောအဖျင်း၊ ပြောခြင်းမလော့၊ ကုသိုလ်ငွေကြောင့်—၊ ခြင်္သေ့မင်းထို၊ ရှင်းစိုပုံ့ပုံ့၊

http://www.dhammadownload.com



မြိုးစုန့်စုန့်လျှင်၊ ပြုံးတော့မည့်ပုံ၊ ဆန်းတုံဆယ့်နှစ်ရက်၊ စန်းယှန်စက်သို့၊ ရောင်ယှက်ထွန်းပေါ်၊ မြတ်မေးတော်ဖြင့်—၊ ကျူးကျော်ဘယ်သူ၊ တယောက်ထူမျှ၊ ကထူနိုင်ထက်၊ မချိုးဖျက်နိုင်ပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## ညီညွတ်သော သွားတော်နှင့် ဖြူစွာသော စွယ်တော်လေးဆူရှိကြောင်း

(၂၀) အလောင်းတော်သူမြတ်သည် ရှေးရှေးဘဝများစွာတို့က ယုတ်မာသော အသက်မွေးမှုကို ရှောင်ရှား၍ ဖြူစင်သော အသက်မွေးမှုဖြင့် အသက်မွေးမြူတော်မူခဲ့၏၊ ချိန်စဉ်းလဲ တောင်းစဉ်းလဲ အသပြာစဉ်းလဲစသော စဉ်းလဲမှု အမျိုးမျိုးမှုရင်း, တံစိုးလက်ဆောင်စား၍ ကောက်ကျစ်မှုကို ပြုခြင်း ထိုထို ဥပါယ်တမျဉ်ဖြင့် လှည့်ပတ်ခြင်း အတုအပပြု၍ ကောက်ကျစ်လှည့်ပတ်ခြင်းမျိုး တို့မှုရင်း, လက်ခြေကို ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း လုယက်ခြင်း ပြည်ရွာကို ဖျက်ဆီးနှောက်ယှက်ခြင်း နိုင်ထက်ကလူပြုမှုခြင်းတို့မှုရင်း ဝေးစွာရှောင်ကြဉ် တော်မူခဲ့၏။ ထိုကောင်းမှုကုသိုလ်ကံကြောင့် ထိုက်အားလျော်စွာ ရှေးနည်း အတူ နတ်စည်းစိမ်ကို ခံစားတော်မူပြီးနောက် တဖန် လူ့အဖြစ်သို့ ရောက် တော်မူသောအခါ "ညီညွတ်သော သွားတော်ရှိခြင်း" တည်းဟူသော (၂၄) အမှတ်ပြ လက္ခဏာတော်ကြီးနှင့် "သောက်ရှူးကြယ်ပမာ လွန်စွာစင်ကြယ် ဖြူဝင်းသော အရောင်တလက်လက်ထွက်သည့် စွယ်တော်လေးဆူရှိခြင်း" တည်း ဟူသော (၂၆)အမှတ်ပြ လက္ခဏာတော်ကြီး ဤလက္ခဏာတော်ကြီး နှစ်ပါး တို့ကို ရတော်မူ၏။ အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်ကြီး နှစ်ပါးတို့နှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ် ၍ရှင်း, နောက်ဆုံး ပစ္ဆိမ သိဒ္ဓတ္ထဘဝမှာကဲ့သို့ ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာ ဘုရားဖြစ်၍ရှင်း စင်ကြယ်သော ပရိသတ်အခြံအရံရှိခြင်းတည်းဟူသော အကျိုး ဆက်ကို ရတော်မူ၏။

ဤ၌ ဘဝများစွာက အသက်မွေးမှုစင်ကြယ်ခဲ့ခြင်းသည် (၁) ကမ္မမည်၏။ အသက်မွေးမှု မစင်ကြယ်ခဲ့သော သူတို့မှာ ထိုအကြောင်းကို အများသိသာ ရန် ဖော်ပြသည့်ပမာ သွားများ အထက်အောက် အတုင်းအပြင် မညီမညွတ် ပေါက်ရောက်၍ အစွယ်များမှာလည်း ညစ်နွမ်းကြလေသည်။ အလောင်းတော် သူမြတ်မှာမူကား ဘဝများစွာ သံသရာက အသက်မွေးမှု စင်ကြယ်ခဲ့ကြောင်း နတ်လူအပေါင်းတို့သိသာရန် ဖော်ပြသည့်ပမာ သွားတော်များ ညီညီညွတ်ညွတ် ပေါက်၍ စွယ်တော်လေးဆူတို့သည်လည်း အလွန်ဖြူစင်ကုန်၏၊ သို့ရကား ရှေးရှေး ဘဝတို့က အသက်မွေးမှုစင်ကြယ်ခဲ့ကြောင်း ကောင်းစွာ သိစေတတ်သည့် သွား

http://www.dhammadownload.com



တော်တို့၏ ညီညွတ်ခြင်း စွယ်တော်လေးဆူတို့၏ ဖြူဖွေးသန့်စင်ခြင်း ဂုဏ်သတ္တိများသည် (၂) ကမ္မသရိက္ခကမည်၏။ ဖြူဖွေးသော စွယ်တော်ဖြစ်၍ ညီညွတ်သော သွားတော်ဖြစ်ဝတ္ထုများသည် (၃) လက္ခဏ မည်၏။ စင်ကြယ်သော ပရိသတ်အခြံအရံရှိခြင်းသည် (၄) လက္ခဏာနိသံသမည်၏။

(အရကျက်ရန်)။ ။ကြီးငယ်တောင်းချင်၊ ချိန်ခွင်တို့ရှည်၊ ထိမ်ထည်လုယက်၊ ခိုးနှိပ်စက်၍၊ အသက်မွေးခြင်း၊ ကင်းခဲ့သောကြောင့်—၊ မခေါ်မသိ၊ စိန်ကိုစီသို့၊ ပြေညီသွားတော်၊ စွယ်တော်လေးဆူ၊ ဆွတ်ဆွတ်ဖြူသား၊ ကိုယ်တော့်သွား၏၊ နှစ်ပါးခြင်းရာ၊ လက္ခဏာဖြင့်—၊ ယုတ်မာကောက်ကျစ်၊ ဆိုးညစ်သောသူ၊ မပါမူ၍၊ ဖြောင့်ဖြူသပ္ပါယ်၊ လဲ့ကြယ်သို့၊ စင်ကြယ်သော အခြံအရံရှိတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## နိဂုံးချုပ် လက္ခဏာတော်ဘုရားရှိခိုး

(အရကျက်ရန်)။ ။ဤသို့ကောင်းမှု၊ ကိုယ်တော်ပြု၍၊ ယခုခါဝယ်၊ သုံးဆယ်နှစ်ပါး၊ ယောကျ်ားအင်္ဂါ၊ လက္ခဏာဖြင့်၊ စကြာသခင်၊ ဖြစ်မည်လျှင်တည့်၊ စက်-ဆင်-မြင်း-မြ၊ မ-ဌေး-သား-ဟု၊ ခုနစ်ပါး ရတနာ၊ သားမှာတထောင်၊ လေးကျွန်းတောင်ဝယ်၊ ဘုန်းခေါင်စက္ကဝတ်၊ မချွတ်ဖြစ်မည်၊ လျှောက်တင်သည်ကို၊ မထိမထေး၊ တံတွေးပေါက်နှယ်၊ စွန့်ပစ်ပယ်၍၊ သောင်းနယ်လောကဓာတ်၊ လွှံ့ပတ်ကျေညာ၊ မဟာဓမ္မရာဇ်၊ မင်းဆုံးဖြစ်လျက်၊ ရေစစ်တွက်ကျူး၊ အံ့မဆုံးအောင်၊ ဘုန်းတော်ခြောက်ခုံ၊ ဂုဏ်တော်အနန်၊ ဉာဏ်တော်ဖြာဖြာ၊ လက္ခဏာနိသင်၊ အမြဲဆင်သော၊ ရှင်ပင်ဘုရား၊ ကိုယ်တော်အားကို၊ ကိုးစားကြပ်ကြပ်၊ မြဲဆည်းကပ်လျက်၊ တုံ့ဝပ်ရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

## ဒွတ္တိံသ မဟာပုရိသလက္ခဏာ ဒီပနီကဗျာ

ဤ၌ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ရေးသားစပ်ဆိုတော်မူအပ်သော "ကမ္မ, ကမ္မသရိက္ခက, လက္ခဏ, လက္ခဏာနိသံသ လေးပါးစုံကိုပြသည့် ဒွတ္တိံသ-မဟာပုရိသလက္ခဏာဒီပနီကဗျာ" ကိုလည်း ဗဟုသုတဖြစ်ပွါးစေရန် ထည့်သွင်းဖော်ပြဦးအံ့။ ၎င်းမှာ—

သုတ်ပါထေယျ၊ လက္ခဏာသုတ်၊ ဟောထုတ်ဖွင့်ချဲ၊ သုံးဆဲ့နှစ်ဖြာ၊ လက္ခဏာကို၊ စကြာမင်းဖျား၊ စေ့ဘုရားတို့၊ ကံအားလျော်ညီ၊ ရကြောင်းသိပိမ့်။

http://www.dhammadownload.com



အတိရှေးက၊ ကုသလဥ္စ၊ မြဲစွဆောက်တည်၊ ခဲ့ဘူးသည်ကြောင့်၊ သက်ရှည်ဆင်းဝါ၊ ချမ်းသာစိုးရ၊ ခြေရုံလျက်၊ ရူပ,သဗ္ဗါ၊ ဂန္ဓာ,ရသ၊ ဖောဋ္ဌဗ္ဗပြင့်၊ လွတ်ထဆယ်မည်၊ နတ်ဖြစ်သည်နောက်၊ လူ့ပြည် ရောက်လည်း၊ မဖောက်မခွက်၊ မွတ်မွတ်ညက်သား၊ မြေထက်ဖဝါး၊ နင်းချသွားသော်၊ ပြားပြားညီထိ၊ သုပတိဋ္ဌိတ၊ ပါဒလက္ခဏာ၊ ဖြစ်ပေါ်ထာ၍၊ ကင်းကွာရန်သူ၊ တွင်းပဟူ၏။ (၁)

ဓိုလ်လူအများ၊ ချမ်းသာပွါးဘို၊ ဆီးတားဘေးဘျမ်း၊ ခြံရံပန်းလျက်၊ လှူဒါန်းသည့်တာ—၊ နတ်ဖြစ်ရာမူ၊ ပုဗ်တိုင်းတူပြီ၊ ဤလူတို့ဘောင်၊ ကန့်တထောင်နှင့်၊ရှုပ်ရောင်ပီပြင်၊စက်ဝန်းထင်၍၊စက္ကင်္ကိတ၊ပါဒလက္ခဏာ၊ ပြည့်စုံလာလျက်—၊ခြွေရံတက်၏။ (၂)

သူ့သက်မသတ်၊ ကောင်းမှုမြတ်ကြောင့်—၊ ရှည်လတ်ပဏှို၊ အင်္ဂုလိနှင့်၊ ဖြောင့်တီကိုယ်မှာ၊ မိုးပြဟ္မာသို့၊ လက္ခဏာသုံးပါး၊ ပေါ်ထင်ရှား၍—၊ ရှည်လျားအသက်။ (၃)

ရသာပြက်ကို၊ လှူဆက်ဘူးလေ၊ ကောင်းမှုတွေကြောင့်—၊ လက်ခြေ ပခုံး၊ လည်လုံးဖွံ့တုတ်၊ သတ္တုဿဒ၊ လက္ခဏာနှင့်—၊ ရသာလာဘ်ရ။ (၄)

သင်္ဂဟဝတ္ထု၊ ချီးမြှောက်မှုကြောင့်—၊ မုဒုပျောင်းညက်၊ ကွန်ရက်ရှက်သို့၊ ခြေလက်ဖဝါး၊ နှစ်ပါးပြည့်လျှံ—၊ခြွေရံမကွဲ၊ထံပါးမြဲ၏။ (၅)

ခပဲလူပေါင်း၊ ချမ်းသာကြောင်းကို၊ ကျိုးကြောင်းပြလျက်၊ ဟောပေဘ်မြွက်ကြောင့်—၊ဖမျက်မြင့်ခေါင်၊သရေဆောင်သည့်၊ ကော့ထောင်ဖမွှေးဖျား၊ နှစ်ပါးရလတ်—၊ သူ့ထက် မြတ်၏။ (၆)

အတတ်ပညာ၊ ပြစ်မဲ့ရာကို၊ လျင်စွာတတ်စေ၊ ပို့ချပေလို့—၊ ဧဏိဇယ်၊ သလုံးလှ၍—၊ ဘောဂလျင်စွာ၊ ပြည့်စုံလာ၏။ (၇)

ပညာလိုရှေ၊ မေးမြန်းလေ့ကြောင့်—၊ သိမ်မွေ့ကိုယ်ရေ—၊ ဉာဏ်မိုး ခစွ၏။ (၈)

ချုပ်နေမာန်မျက်၊ သဒ္ဓါထက်၍၊ လှူဆက်ချော့နု၊ ခင်းရုံမှုကြောင့်—၊ ရွှေဘုအဆင်း၊ ချောထွန်မင်းသည်—၊ အခင်းကိုယ်ရုံ၊ ပေါမျှားတုံ၏။ (၉)

http://www.dhammadownload.com



မဆုံကွဲနေ၊ မျိုးမိတ်ဆွေကို၊ ရှာဖွေစပ်ပေး၊ ကုသိုလ်ရေး ကြောင့်—၊ ဖုံးမြေးအိမ်ရေ၊ သိုရှိလေ၍—၊ သားတွေပေါလှ၊ ထောင်မက တည့်။ (၁၀)

ဗလအလျောက်၊ ရွေးနုတ်ကောက်၍၊ ချီးမြှောက်စိုးစံ၊ ကုသိုလ်ကံ ကြောင့်—၊ အလံကိုယ်တူ၊ မညွှတ်မူ၍၊ ကိုင်ယူဒူးဝန်း၊ နှစ်ပါးထွန်း လျက်—၊ ပြည့်မွန်းဥစ္စာ၊ ကောင်းကျိုးလာ၏။ (၁၁)

သတ္တဝါအများ၊ ကျိုးစီးပွါးကို၊ လိုထားမမေ့၊ ကုသိုလ်လေ့ ကြောင့်—၊ ခြင်္သေ့ရှေ့ကိုယ်၊ ကဲ့နှစ်ကိုယ်နှင့်၊ ပြည့်မို့ကျောပြင်၊ ထည်တွင်လုံးလှ၊ သုံးပါးရ၍—၊ ဘောဂမြွေ့ရွှေ့၊ မယုတ်လေ တည်း။ (၁၂)

သဗ္ဗေသတ္တာ၊ ချစ်ကြင်နာ၍၊ ချမ်းသာစေလို၊ မဖျက်ဖြိုတို—၊ လည့် မျိုစုနှောင်၊ ရသာဆောင်သည့်၊ ခုနစ်ထောင်ကြောဖျား၊ တည်ဆုံ ငြားရှိ—၊ နာဖျားကင်းကွေ၊ အစာကြေ၏။ (၁၃)

မစွေမြောင့်စွာ၊ ချစ်မေတ္တာဖြင့်၊ မျက်လွှာဖွင့်လျက်၊ ရှုကြည့်တွက် ကြောင့်—၊ မည်းနက်ရှင်ပြုး၊ မျက်လုံးမျက်မွေး၊ ဒွေးလက္ခဏာ—၊ များချစ်ကြ၏။ (၁၄)

ပြုကြကုသိုလ်၊ ကံထိုထို၌၊ လူ့ဗိုလ်ရှေ့ဦး၊ ဆောင်ခဲ့ဘူးလို့—၊ နဖူး သင်္ကျစ်၊ ပေါ်ဖြစ်လက္ခဏာ—၊ ဟောတိုင်းပါ၍၊ သတ္တဝါအများ၊ ကျင့်လိုက်စား၏။ (၁၅)

မုသားရှောင်ကွင်း၊ ဆိုခဲ့ခြင်းကြောင့်—၊ မွေးတွင်းတစ်တွင်၊ မွေး တပင်နှင့်၊ လဲသွင်ဖြူထုံ၊ မျက်မှောင်ဆုံမှာ၊ ဥဏ္ဏာလုံမွေး၊ အမှတ်ဒွေး တည်း—၊ ကျွန်ကျေးဗိုလ်ထု၊ လိုတိုင်းပြု၏။ (၁၆)

ပိသုဏာပယ်၊ ကုသိုလ်ကယ်လို့—၊ လေးဆယ်ပြည့်မြဲ၊ သွားမကျဲဟု၊ နှစ်တွဲလက္ခဏာ—၊ ခြေရံမှာလည်း၊ ညီညာကြည်ငေ၊ လုံးတထွေး တည်း။ (၁၇)

ဆဲရေးဆိုမည်၊ ရှောင်ခဲ့သည်ကြောင့်—၊ ပါးရှည်ပြန့်လျှာ၊ သံ ဗြဟ္မာသို့၊ လက္ခဏာနှစ်ပါး—၊ ဆိုစကားကို၊ အများယူကြ။ (၁၈)

http://www.dhammadownload.com



ထိုးဇာတ်ပြသို၊ သမ္ဗဖျင်းစွေ၊ ရှောင်ကြဉ်လေ့ကြောင့်—၊ ခြသေ့် မေးတူ၊ ပြည့်ဝန်းမှုလျက်—၊ ရန်သူဝေးကွာ၊ မဖျက်လာတည်း။ (၁၉)

မိစ္ဆာဇီဝ၊ ရှောင်ခဲ့ရလို့—၊ ညီမျှသွားတော်၊ စွယ်ဓတ်ပြူလွင်၊ နှစ်ပါးအင်နှင့်—၊ သန့်စင်ခြေရွေ၊ ပြည့်စုံပေ၏။ (၂၀)

ဆိုလေသမျှ၊ ဒွတ္တိံသဟု၊ ကြီးလှလက္ခဏာ၊ ပြည့်စုံလာမှု၊ လူ့ရွာ ထင်ရှား၊ စကြာဘွားနှင့်၊ ဘုရားသော်လျှင်၊ ဖြစ်မြဲပင်ဟု၊ ဗေဒင်တတ် များ၊ ဟောမြွက်ထားသည်၊ ၊အမျှားနည်းယူ ကျင့်ဘွယ်ကောင်း သတည်း။

ဤဆိုအပ်ပြီးသည်ကား လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့၏ အကြောင်းကံစသည်ကို ပြဆိုချက်ပေတည်း။

http://www.dhammadownload.com

http://www.dhammadownload.com

## မဟာဗုဒ္ဓဝင်
## ဒုတိယတွဲ
# မှတ်သားဖွယ် အက္ခရာစဉ်


အက္ခရာစဉ် — စာမျက်နှာ

[ အ ]

အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ယောကျ်ားနိမိတ် ရှိခြင်း လက္ခဏာအကြောင်း — ငါး၊၇၉

အအိမ်ဖြင့် ဖုံးလွှမ်းအပ်သည့် ယောကျ်ားနိမိတ် ရှိတော်မူခြင်း၏အကြောင်း ကမ္ဘမှ စသည် ၄ · ချက် — ဓ

အကူးခက်သော ရှုံဗွက်ကြီး ဥပမာရှိသော ကာမဂုဏ် ငါးပါး — ၁၉၁

အကျင့်ပြောင်း၍ ကျင့်ရန် စိတ်ညွတ်ပုံ — ၂၆၂

အကြောခုနစ်ထောင် — စု

အခြေခံတရားကွဲပြား၍ ဗောဓိ ၅-ပါး ကွဲပြားပုံ — ၃၄၈၊၃၅၀

အဂ္ဂသာဝကပါရမီ — ၃၄၉

အင်္ဂါရကာသူပမာကာမာ= ကာမတရားတို့ မီးကျီး တွင်းနှင့် တူပုံ — ၁၈၂

အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အသံတော်ရှိခြင်းလက္ခဏာ အကြောင်း — ဓော်၊၉၂-၃

အင်္ဂါရှစ်တန်နှင့်ပြည့်စုံသည့် အသံတော်ရှိခြင်း၏ အကြောင်း ကမ္ဘစသည် ၄-ချက် — စံ

အက္ခရာစဉ် — စာမျက်နှာ

[ အ ]

အင်္ဂါလေးပါးရှိသော ဝီရိယမျိုး သရုပ် — ၂၃၇၊၂၈၂

အစာကိုလျှော့၍ စားတော်မူခြင်း အကြောင်း — ၂၄၃

အစာ-လုံးဝမစားပဲ ကျင့်ရာ၌ နတ်များ ပြောဆိုပုံ — ၂၄၃

အစ္စိမမင်း၏ သား မြေးဆက် (၁၀၀) — ဍ

အဇပါလမည်ခြင်းအကြောင်း — ၃၇၂

အဇပါလသတ္တာဟ — ၃၇၂

အဇိတမင်း၏ သား မြေးအဆက် (၈၄၀၀) — ဓေ

အဋ္ဌန(မဟာသုပ္ပဗုဒ္ဓ)မင်း၏ သားတော် သမီးတော်များ — ဿ

အဇ္ဇုတ္တိကနိဒါန်း — ၄၀၃

အညာသိကောဏ္ဍညမည်ပုံ — ၄၂၇-၈

အညစ်အကြေးကင်းဝေးခြင်း စိင်္ဂ အင်္ဂါ(အနင်္ဂဏ) — ၃၂၁

အငြိမ်းတရားကို ရှာလိုပုံ — ၁၇၆-၇

အဋ္ဌိကင်္ကလူပမာကာမာ=ကာမ တရားတို့ အသားမကပ် အရိုးဖတ်နှင့်တူပုံ — ၁၇၉

အတိတ်အမွန်အကြောင်း — ၃၃၄

အတ္တဗိဋ္ဌိ-၂၀ — ၃၂၅

အတ္တကိလမထာနုယောဂတရား မာရ်နတ်၏ ဒသမတပ်သား မည်ပုံ — ၂၅၆-၇

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အထူးမှတ်သားရန် အကြောင်း အကျိုးများ | ၄၁-၂ |
| အထက် မဂ်ဖိုလ်သို့ အလောင်းတော် ဆိုက်ရောက်တော်မူခြင်း | ၃၃၉ |
| အထက်ဝိပဿနာဉာဏ်များ ဘုရားလောင်း၌ဖြစ်ပွါးပုံ | ၃၃၇-၈ |
| အဓိဂမအပ္ပိစ္ဆ(အဓိပ္ပါယ်) | ၄၈၃ |
| အဓိဋ္ဌာနပါရမီကို မဆည်းပူးသော မာရ်နတ်၏ ရှစ်ခုမြောက် အကြောင်းအရေး | ၃၈၁ |
| အနတ္တလက္ခဏာသုတ်ဟောခြင်း | ၄၃၀ |
| အနန္တဇိန(အဓိပ္ပါယ်) | ၃၀၂ |
| အနန္တဇိန(ဘုရားရှင်၏အမည်) | ၄၂၀ |
| အနန္တနယသမန္တပဋ္ဌာန်းကျမ်း သုံးသပ်မှု ရောင်ခြည်တော် ကွန့်မြူးခြင်း | ၃၆၄ |
| အနာဂတ်အစွန့်အကျိုး | ၃၃၅ |
| အနာဂါမိမဂ်ဖြင့် ပယ်သော ကိလေသာများ | ၃၄၀ |
| အနာဂါမိမဂ်ဖိုလ်သို့ အလောင်းတော် ဆိုက်ရောက်ပုံ | ၃၄၀ |
| အနာဝရဏဉာဏ်မဆည်းပူးသော မာရ်နတ်၏ တဆယ့်ငါးခုမြောက် အကြောင်းအရေး | ၃၈၂ |
| အနိစ္စ-စသော အခြင်းအရာကို မြင်နိုင်ရန်နည်း | ၃၀၀ |
| အနိမိသစေတီမည်ခြင်း အကြောင်း | ၃၆၃ |
| အနိမိသသတ္တာဟ ခေါ်ဆိုပုံ | ၃၆၂ |
| အနုပိယသရက်ဥယျာဉ်နှင့် ရာဇဂြိုဟ် အကြား ယူဇနာသုံးဆယ် ကွာခြားပုံ | ၂၀၉ |
| အနုဿဝပသာဒ-တေဒဂ်ဘွဲ့ (အဓိပ္ပါယ်) | ၄၅၈ |
| အနုဿဝပသာဒ=(တဆင့်ကြားဖြင့် ကြည်ညိုသော တေဒဂ်ရသူ) | ၄၅၈ |
| အနေကဇာတိ စသော ဥဒါန်း ၂-ဂါထာ ပါဠိအနက် | ၃၅၂-၄ |
| အနောမာမြစ်ကမ်းမှခုနစ်ရက်ဖြင့် ရာဇဂြိုဟ်ပြည် ကြွသွားပုံ | ၂၀၉ |
| အနောမာမြစ်ကိုကူး၍ ဆံတော် ပယ်ပုံ | ၂၀၂ |
| အန္တရဋ္ဌကစိစစ်ချက် | ၅၆၄၊၅၇၀ |
| အန္တရာယ်မပြုနိုင်သောတရား ၄-ပါး | ငါ |
| "အနှစ်မဆံ"အစချီသော ဘုရားရှိခိုးဆောင်ပုဒ်လင်္ကာ | စား |
| အပရာဇိတပလ္လင်တော်. ပေါက်ရောက်ရာအရပ် | ၂၈၁ |
| အပ္ပရဇက္ခ (ပုဂ္ဂိုလ်နှင့် အဓိပ္ပါယ်) | ၄၁၁-၂ |
| အပ္ပဿာဒါကာမာ=ကာမတရားတို့ သာယာဖွယ်နည်းပုံ | ၁၇၉ |
| အပ္ပိစ္ဆတရားလေးမျိုး | ၄၈၃ |
| အပင်မမြင်ရသောပန်းပွင့်များ | ၃၅၁ |
| အပွင့်များတပြိုင်နက်ပွင့်ခြင်း | ၃၅၁ |
| အဖျားကော့သော မွေးညှင်းတော်ရှိခြင်း လက္ခဏာ အကြောင်း | ၈၁၊၆ |
| အဘိဓမ္မာကို ဆင်ခြင်ခြင်း | ၃၆၄ |

http://www.dhammadownload.com




အက္ခရာစဉ် စာမျက်နှာ

[ အ ]

အဘမ္ဗပုဂ္ဂိုလ်(အဓိပ္ပါယ်) ၄၀၉
အဘိညာ ၂-မျိုး ၄၇၉
အဘိညာ ၄-မျိုး အယုတ်အမြတ် ခွဲပုံ ၄၉၀
အဘိညာ ၄-မျိုး သရုပ် အဓိပ္ပါယ် ၄၉၀
အဘိညာခေတ် ပိုင်းခြားပုံ ၄၇၉
အဘိဟာရဆွမ်း(အဓိပ္ပါယ်) ၄၇၇
အမည်သုံးပါးရရှိသော မနုပုဂ္ဂိုလ် ခိ
အမိဝမ်း၌ သန္ဓေကိန်းအောင်းပုံ အခြင်းအရာ ၂၈၊၂၉
အမိတ္တာမင်းသမီး၏သားတော် သမီးတော်များ ဃိ
အမှုကိစ္စ၌ ခံခြင်းစိတ်အင်္ဂါ (ကမ္မနိယ) ၃၂၂
အမျိုးရ၍ ဘဝပြောင်းပုံ ၆၁၈
အမျိုးဝေ၍ အကျိုးရပုံ (သာဓက) ၆၁၅-၇
အမိုက်မှောင်ကြီးလက်နက် ကိုးကြိမ်မြောက် လွှတ်ပုံ ၂၈၉
အယုဇ္ဈပူရပြည်၌ စိုးအုပ်သော မင်းများ ခေ
အရံဥယျာဉ်ကိုခံရန် ခွင့်ပြုခြင်း ၆၀၇
အရံလှူသည်ဆိုရာ၌ ကျောင်းပါပုံ ရှင်းချက် ၆၀၆
အရတိ,ဥက္ကဏ္ဌိတတရားတို့ မာရ်နတ်၏ ဒုတိယတပ်သား မည်ပုံ ၂၅၄
အရသာကြော ခုနစ်ထောင်ရှိသော လက္ခဏာတော်ကြီး စု
အရဟတ္တဖိုလ်ရောက်နိုင်သည့် ဆွမ်းခံကျင့်ဝတ်များ ၄၈၆၊၄၉၁

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အရဟတ္တမဂ်ဖြင့် ပယ်အပ်သော ကိလေသာများ ၃၄၁
အရဟတ္တမဂ်,ဖိုလ်သို့ အလောင်းတော် ဆိုက်ရောက်ပုံ ၃၄၁
အရပ်အပြစ် ၆-ပါး ၅၈၁
အရပ်တော်နှင့်အလံ ညီမျှသဖြင့် လုံးဝန်းသော ကိုယ်တော်ရှိခြင်းလက္ခဏာအကြောင်း ၈၆-၇
အရူပပြဟ္မာ့ဘုံသို့ ကပ်ရောက်သော ပုဂ္ဂိုလ်တို့၏ အဓိပ္ပါယ် ရှင်းပြချက် ၅၈-၉
အရိဋ္ဌပုရပြည်၌ စိုးအုပ်သော မင်းများ ခဲ
အရိန္ဒမမင်း၏သားမြေးအဆက် (၅၆-ယောက်)
အရိန္ဒမမင်း၏မင်းဆက်များ ခ-ခူ-ခေ
အရှင်နာလက၏အလိုနည်းခြင်း ၃-ပါး ၄၉၇-၈
အရှင်နာလက ပရိနိဗ္ဗာန် စံခြင်း ၄၉၉-၅၀၀
အရှင်ယသ၏ ရှေးကောင်းမှု အကြောင်း ၅၂၆
အလံအရပ်ညီမျှ၍ လုံးချော သပ္ပါယ်သော ကိုယ်တော် ရှိခြင်း ၈၁
အလံအရပ်ညီမျှ၍ဝန်းသော ကိုယ် တော်ရှိခြင်း၏ အကြောင်း ၈ိ
အလှူဒါနန်၏ အန္တရာယ် ပြုသူ များ ၆၁၂-၃
အလောင်းတော် အပေါ်၌ မာရ် နတ်သား စိတ်အကြံဖြစ်ပုံ ၂၄၈

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အလောင်းတော်အား ခေါင်း ဆေးမင်္ဂလာ စသည် ပြုရာ၌ နိမိတ်ဖတ်ကြားပုံ | ၆၅ |
| အလောင်းတော်အား နိမိတ်ဖတ်ကြားရန် ပုဏ္ဏားတရာ့ ရှစ်ယောက်တို့ကို ပင့်ဖိတ်ပုံ | ၆၅ |
| အလောင်းတော်၏ အစာနည်းမှုကြောင့် ဖြစ်ပေါ်လာသော ကိုယ်အင်္ဂါများ | ၂၄၄-၅ |
| အလောင်းတော်၏ ကရုဏာ | ၂၉၃ |
| အလောင်းတော်၏ စိတ်အကြံ တမျိုးဖြစ်ပုံ ခုနှစ်၊ လ၊ ရက် | ၂၆၂ |
| အလောင်းတော်၏ စိတ်အစဉ် အင်္ဂါရှစ်ပါး | ၃၂၀-၃ |
| အလောင်းတော်၏ ဉာဏ်၌ ဥပမာ သုံးမျိုးထင်လာပုံ အကြောင်းအရာ | ၂၃၄-၅ |
| အလောင်းတော်၏ ပကတိ စွမ်းအားကို ပြဆိုပုံ | ၁၉၅-၆ |
| အလောင်းတော်၏ ဝတ်လဲတော်ကို အကနိဋ္ဌဗြဟ္မာဘုံ၌ ဒုဿစေတီတည်ထားခြင်း | ၂၀၅ |
| အလောင်းတော်အိပ်မက်ကြီး ၅-ပါး မြင်သည့် လ၊ ရက်၊ အချိန် | ၂၆၅ |
| အလောင်းတော်က ဗိမ္ဗိသာရမင်းကြီးအား မိမိ၏ အကြောင်းအရာကိုပြန်လည် မိန့်ကြားပုံ | ၂၁၆-၇-၈ |
| အလောင်းတော် ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်ကြောင်း | ၃၂၀ |
| **[ အ ]** | |
| အလောင်းတော်က မာရ်နတ်သားအား ရဲရဲတောက် စကားမိန့်ကြားပုံ | ၁၉၉ |
| အလောင်းတော်ကို ထီးနန်း အပ်နှင်းပုံ | ၁၅၄ |
| အလောင်းတော်ကို ဖွားမြင်ပုံ အကြောင်းအရာ | ၁၅-၆ |
| အလောင်းတော် စိတ်အကြံဖြစ်ပုံ အကြောင်းအရာ | ၂၂၂-၃ |
| အလောင်းတော် တောထွက်သည့် ခုနှစ်၊ အချိန် | ၁၉၅ |
| အလောင်းတော်ထံ ချီတက်လာသော မာရ်နတ်၏ စစ်တပ် အရေအတွက် | ၂၀၄ |
| အလောင်းတော်နတ်သား၏ အမည် ၂-မျိုးမှတ်ယူပုံ | ၃၄ |
| အလောင်းတော်နတ်သက် ကြွေရန် အခါကြားပုံ | ၁၃-၄ |
| အလောင်းတော်နှင့် ဆွေးနွေးချိန် ဥဒကဆရာကြီး သမာပတ် ရှစ်ပါးမရသေး | ၂၂၀ |
| အလောင်းတော်နှင့် မယ်တော်တို့၏ ရှေးကောင်းမှုကြောင့် လက်ဆောင်များ ရောက်လာပုံ | ၂၇ |
| အလောင်းတော် ပဋိသန္ဓေ တည်နေခြင်းအကြောင်း | ၁၄ |
| အလောင်းတော်၏ ပင်ကိုယ် အရောင်အဆင်း | ၂၄၆ |
| အလောင်းတော် ဘုရားဖြစ်ခါနီးအလုပ်အကျွေးများ စွန့်ခွါခြင်းအကြောင်း | ၂၆၄ |

http://www.dhammadownload.com




အကွရာစဉ် — စာမျက်နှာ

[ အ ]

အလောင်းတော်မင်းသား၏ တရားသံဝေဂ — ၁၅၈-၉၊ ၁၆၂၊၁၆၅

အလောင်းတော်မင်းသား စံမြန်းရန် နန်းပြာသာဒ် သုံးဆောင် ဆောက်လုပ်စေခြင်း — ၁၂၇-၈

အလောင်းတော်မင်းသား လေးအတတ်ကို ပြပုံ — ၁၃၄

အလောင်းတော်မင်းသား တဆယ့်ခြောက်နှစ်ရွယ် မင်းစည်းစိမ်ခံစားပုံ — ၁၅၅-၆

အလောင်းတော်ရယာန်းမြွတ် အနုပိယသရက်ဥယျာဉ်၌ ရယာန်းချမ်းသာခံစားပုံ — ၂၀၉

အလောင်းတော်ရယာန်းမြွတ်သည် တရက်တည်းဖြင့် ရဟန္တာပြည်ကြွပုံ — ၂၀၉

အလောင်းတော် လေးတော်တင်ခဏ်း — ၁၃၄-၁၅၁

အလောင်းတော်သေတကေတု နတ်သားအကြောင်း — ၁

အလောင်းတော်သူမြတ် ဖွားကာစ၌ စကားဆိုဘူးသည့် သုံးဘဝ — ၄၃၊၄၄

အလောင်းတော်သူမြတ် လောကီသမာပတ်တို့၌ အပြစ်မြင်ပုံ — ၂၃၁-၂

အလောင်းတော်မင်းသား မင်းသို့းလေးသောင်း ခြံရံလျက် ထီးနန်းစိုးစံပုံ — ၁၅၂

အလောင်းတော်သည် အစာ အာဟာရကို ပြန်လည် သုံးဆောင်ပုံ — ၂၆၃

အလောင်းတော်သည် အစာ အာဟာရ၌ လျှော့၍ လျှော့၍ မျှတပုံ — ၂၄၄

အလောင်းတော်သည် အစာ လုံးဝမစားပဲ ကျင့်ရန် ကြံစည်ပုံ — ၂၄၃

အလောင်းတော်သည် အာဠာရ ဂိုဏ်းဆရာကြီး ရှေကပြော သွားရုံမျှဖြင့် သိမြင်ပုံ — ၂၂၁

အလောင်းတော်သည် အာဠာရ နှင့် ဥဒကတို့ထံ နည်းခံ ဆွေးနွေး၍ သမာပတ်တို့ကို ရရှိပုံ — ၂၁၉

အလောင်းတော်သည် ဥဒက ဂိုဏ်းဆရာကြီးထံ ကပ်ရောက်ပုံ — ၂၂၇

အလောင်းတော်သည် တော မထွက်မီ သားတော်ကို ကြည့်ရှုလိုပုံ — ၁၉၄

အလောင်းတော်သည် ထွက်လေ ပင်လေ နှစ်ပါးချုပ်ထားရာ၌ ဖြစ်ပုံအခြင်းအရာ — ၂၃၉၊ ၂၄၀

အလောင်းတော်သည် လောကီ သမာပတ်တို့၌ စဉ်းစား ဆင်ခြင်ပုံ — ၂၃၂-၃

အလောင်းတော်သည် လောကီ သမာပတ်တို့၌ အပြစ်မြင်ပုံ — ၂၂၅

အလောင်းတော်သည် လောကီ သမာပတ်တို့ကို ရရှိပုံ — ၂၃၀

http://www.dhammadownload.com




အကွရာစဉ် စာမျက်နှာ

[ အ ]

အလောင်းတော်သည် တည၌ ခြင်းဖြင့် အနေ့ာမာမြစ်ကမ်း ဆိုက်ရောက်ပုံ ၂၀၁

အလောင်းတော်သည် ဝတ်လဲ တော်အစုံကို ကောင်းကင် သို့ မြှောက်ပုံ ၂၀၄

အလောင်းတော်သန္တာန်၌ ဝိသုဒ္ဓိ ၇-ပါး ဖြစ်ပုံ ၃၄၂-၇

အလောင်းမင်းသားအတွက် အထိန်းတော်တို့ခန့်အပ်ပုံ ၁၁၆

အလောင်းမင်းသားအတွက် အထိန်းတော်များ လုပ် ဆောင်ချက် ၁၁၇-၈

အလောင်းမင်းသားအလို့ငှါ ဝိသုကြံ နတ်သား မင်္ဂလာ ရေကန် ဖန်ဆင်းပုံ ၁၂၅-၆

အလောင်းမင်းသား အာနာ ပါနပဌမဈာန်ရပုံ ၁၂၃-၄

အလောင်းမင်းသား ကိလေသာ မီး ပွါးစီးမှု၌ စက်ဆုပ် ငြီးငွေ့ပုံ ၁၇၇-၈

အလောင်းမင်းသားကို မိထွေး တော် မွေးမြူပြုစုပုံ ၁၂၀-၁

အလောင်းမင်းသား ဆန္ဒအမတ် ကဏ္ဍကမြင်းတို့ကြံစည်ပုံ ၁၉၅

အလောင်းမင်းသား တောထွက် တော်မူခြင်း ၁၇၈

အလောင်းမင်းသား တောထွက် ရန် ဆန္ဒအမတ်ကို ခိုင်းစေပုံ ၁၉၃

အလောင်းမင်းသား တန်းဆာ ဆင်ယင်လိုစိတ်ရှိပုံ ၁၇၂

အလောင်းမင်းသား နိမိတ်ကြီး လေးပါး မမြင်ရန် အစောင့်ချထားပုံ ၁၁၁-၂

အလောင်းမင်းသား နတ် ဗြဟ္မာများ ခြံရံလျက် တောထွက်ပုံ ၂၀၁

အလောင်းမင်းသား နေပြည် တော်သို့ ပြန်လှည့်ကြည့်ရှု လိုပုံ ၂၀၀

အလောင်းမင်းသား နှစ်ဆယ့် ကိုးနှစ်အရွယ် တောထွက်ပုံ ၂၀၀

အလိုနည်းခြင်း ၁-မျိုး ၄၉၇-၈

အလွန်ညိုကြည်သောမျက်လုံး တော်ရှိခြင်း၏ အကြောင်း ကမ္မစသည် ၄-ချက် ၈၁

အလွန်ညိုသောမျက်လုံးတော် ရှိခြင်း လက္ခဏာအကြောင်း ၈၁၊ ၉၄၊ ၉၅

အလွန်နူးညံ့သောမျက်တောင် မွေးတော်ရှိခြင်း ၈၁

အဝိဟာဘုံ(ဉပကဖြစ်ရာဘုံ) ၄၂၁

အသံကိုနားထောင်၍ မှန်အောင် ပစ်နိုင်သော သဒ္ဒဝေဓိ မြား ရေးကြီးအတတ် ၁၄၃

အသံတော်အင်္ဂါရှစ်ပါးသရုပ် ၉၂-၃

အသမ္ဘိန္နသကျသာကီဝင် မင်းပေါင်း ၆၁

အသာဇီထေရ်သောတာပန် ဖြစ်ခြင်း ၄၂၉

အသိတဣသိ ၈၁၊ ၅၄

http://www.dhammadownload.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|


[ အ ]

အသိနှင့်ပယောဂကာမာဏကာမ တရားတို့ သန့်လျက်ဖြင့် ဖြတ် အပ်သော စည်းတီးထုံးနှင့် တူပုံ ၁၈၈
အသီးများ ထပ်ပိုင်နက်သီးခြင်း ၃၅၁
အသေက္ခဘူမိ (ရဟန္တာပုဂ္ဂိုလ် ဖြစ်ရာ) တရား ၄၆၈
အသောကမင်း၏ သားမြေး အဆက် ၈
အဆက်တရာဘမ်းဆောက်နှင့် တသိန်းတမ်း အထက် ဖွင့်တော်မမူခြင်း ၄
အသက်ရှည်သောဘုရားလောင်း နှင့် အသက်တိုသောဘုရား လောင်းတို့ နိမိတ်မြင်ပုံ အထူး ၁၆၈
အယောနှင့် ညီညွတ်သော အိပ်မက် မက်ချိန် ၂၇၀
အယောနှင့် မညီသော အိပ်မက် မက်ချိန် ၂၆၉
အံ့ဩဖွယ်တို့ ဖြစ်ပေါ်ခြင်း ၃၅၀-၁
အိပ်မက်ကြီး ၅-မျိုးကို မြင်မက် သော ခုနှစ်,အချိန် ၂၇၀
အိပ်မက်ကြီး ၅-မျိုး မက်ပုံ အကြောင်းအရာ ၂၆၅-၆
အိပ်မက်ကြီးများကို ကိုယ်တိုင် နိမိတ်ဖတ်ပုံ ၂၇၀
အိပ်မက် မမက်သော ပုဂ္ဂိုလ်များ ၂၆၉
အိပ်မက် မက်နိုင်သော ပုဂ္ဂိုလ်များ ၂၆၉

[ အ ]

အိပ်မက် မက်ခြင်းအကြောင်း ၄-ပါး လက္ခဏာ ၂၆၈
အိပ်မက် မက်ခြင်းအကြောင်း ၄-ပါး ၂၆၇-၈
အိုးများကို ခွဲဖျက်သော ယောက်ျားဥပမာ ၃၀၃
အိုင်းဆမာကြီးဟူသည် ကာမဂုဏ်ငါးပါး ဆေါ်ပုံ ၁၉၁

[ အာ ]

အာဇီဝဋ္ဌမကသီလ ၈-ပါး ၃၄၂-၃
အာဇီဝပါရိသုဒ္ဓိသီလ (မောဒနယျအကျင့်) ၄၈၂
အာဒိစ္စဝံသ နေမင်း၏ အနွယ် ဖြစ်ခြင်းအကြောင်း ၆
အာဒိတ္တပရိယာယသုတ် ဟောခြင်း ၅၇၈
အာနာပါနစတုတ္ထဈာန်နှင့် ကျောက်တုံးဥပမာ ၃၃၆
အာနာပါနပဥ္စမဈာန် ရခြင်း ၁၂၃-၄
အာနာပါနသမာဓိဈာန် ရရန် စဉ်းစားပုံ ၂၆၃
အာနာပါနသမာဓိသာ ဘုရား ဖြစ်ရန် အကျင့်မှန်ဖြစ်ပုံ ၂၆၄
အာယတန ၁၂-ပါးနှင့် မီးလျှံ ဥပမာတရား ၅၇၈-၉
အာရုံ ၆-ပါး၏အဖြစ် ၃၀၀
အာရုံ ၆-ပါးတို့၌ အပြစ်မြင်မှ တဏှာကို ပယ်နိုင်ပုံ ၃၀၀
အာလယနှစ်မျိုး ၄၀၀
အာသဝက္ခယဉာဏ်ကို ရတော်မူခြင်း ၃၂၈-၉

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ အာ ]

အာဠာရ, ဥဒကတို့နှင့် ဆွေးနွေးခဏ်း ၂၁၉

အာဠာရ ဂိုဏ်းဆရာကြီးက ဝမ်းမြောက်စကား ပြောကြားပုံ ၂၂၄

အာဠာရဂိုဏ်းဆရာကြီးက မိမိပရိသတ်ကို အပ်နှင်းပုံ ၂၂၆

အာဠာရဂိုဏ်းဆရာကြီးထံမှ ဖဲခွါခဲ့ခြင်း ၂၂၅

အာဠာရဂိုဏ်းဆရာကြီး လောကီ သမာပတ် ၇-ပါးတို့ကို ရရှိပုံ ၂၂၁

အာဠာရ ဂိုဏ်းဆရာကြီး အကြောင်း ၂၂၁၊၄၁၁-၂

အာဠာရနှင့် ဥဒကဂိုဏ်းဆရာ ကြီးများထံ ကြွရောက်ပုံ ၂၂၀

[ ဣ ]

ဣန္ဒြိမယ (တန်ခိုးဖြင့်ပြီးသော) ပရိက္ခရာအကြောင်း ၄၂၉

ဣန္ဒပတ္ထနဂိုရ်ပြည်၌ စိုးအုပ်သောမင်းများ ခဲ

ဣန္ဒြိယသံဝရသီလဖြစ်ပုံ ၃၄၃

ဣန္ဒြိယသံဝရသီလ(မောနေယျ အကျင့်) ၄၈၁

ဣန္ဒြေ ၅-ပါး သရုပ် ၃၃၂

[ ဥ ]

ဥက္ကာမုခသာကီဝင်မင်းဆက် အကြောင်း ဃ

ဥက္ကာမုခမင်း၏ သားမြေးအဆက် ဃိ

ဥဠုန္ဓိတညူပုဂ္ဂိုလ်(အဓိပ္ပါယ်) ၄၈၁

[ ဥ ]

ဥဏ္ဏလုံမွေးရှင်တော် ပေါက်ရောက် ခြင်း၏ အကြောင်း ကမ္မ စသည့် ၄-ချက် စဲ

ဥဏ္ဏလုံမွေးရှင်လက္ခဏာ စဲ၊စူ

ဥဒကဂိုဏ်းဆရာကြီးက ဂိုဏ်းတခုလုံး အပ်နှင်းပုံ ၂၃၀-၁

ဥဒကဂိုဏ်းဆရာကြီးက ဆရာ့အရာ၌ တင်ပုံ ၂၃၀

ဥဒကဂိုဏ်းဆရာကြီးက ဝမ်းမြောက် စကား ပြောကြားပုံ ၂၃၀

ဥဒကဂိုဏ်းဆရာကြီးထံမှ ဖဲခွါသွားပုံ ၂၃၁-၂

ဥဒကဂိုဏ်းဆရာကြီးထံမှ ဖဲခွါ သွားပြီး သေနာနိဂုံး ဥရုဝေလတောရောက်ပုံ ၂၃၃

ဥဒကဂိုဏ်းဆရာကြီးထံ ရာမဆရာ ကြီး၏ လမ်းစဉ်ကို မေးမြန်းပုံ ၂၂၉

ဥဒကဂိုဏ်းဆရာကြီး နေ့ဝသညာ နာသညာယတနစျာန် ပေါက်ရောက်ပုံ ၂၂၇

ဥဒကဂိုဏ်းဆရာကြီးမှာ အလောင်းတော်နောက်မှ သမာပတ် ၈ပါးကို ရရှိပုံ ၂၂၈-၉

ဥဒကဂိုဏ်းဆရာကြီးက ရှေးက ပြောပြရုံမျှဖြင့် သိမြင်ပုံ ၂၂၈

ဥဒကဂိုဏ်းဆရာကြီးအကြောင်း ၂၂၇၊၄၁၂-၃

ဥဒကဆရာကြီး သမာပတ် ရှစ်ပါး မရသေးခြင်း ၂၂၈

ဥဒယဗ္ဗယဉာဏ် အလောင်း သော်၌ ဖြစ်ပွါးခြင်း ၃၃၇

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဥ ] | |
| ဥဒါန်း ၂-မျိုး ခွဲပြချက် | ၃၅၄ |
| ဥဒါန်းကျူးရင့်တော်မူခြင်း | ၃၅၁-၄ |
| ဥဒါန်းပါဠိတော်လာ ပဋိစ္စ-သမုပ္ပါဒ် ဆင်ခြင်ပုံ | ၃၆၁ |
| ဥဒါန်းဟူ၍ ခေါ်တွင်ပုံ အကြောင်း | ၁၃၆ |
| ဥပကတက္ကတွန်းနှင့် တွေ့တော်မူခြင်း | ၄၁၅ |
| ဥပကာဝတ္ထုအကျဉ်းချုပ် | ၄၁၇၊၄၂၁ |
| ဥပက္ကိလေသကင်းခြင်း စိတ်အင်္ဂါ | ၃၂၁ |
| ဥပဓိလေးမျိုး | ၄၀၀ |
| ဥရုဝေလကဿပအကြောင်း | ၅၄၄-၅၃၉ |
| ဥရုဝေလကဿပကို မေးခြင်း | ၅၈၄ |
| ဥရုဝေလကဿပ လျှောက်ထားချက် | ၅၈၄-၆ |
| ဥရုဝေလတောအုပ်၏ သာယာ ဖွယ်ရှုခင်းအကြောင်း | ၂၃၃၊၂၃၄ |
| ဥရုဝေလတောအုပ်၌ ပဓာန အလုပ် အားထုတ်ပုံ | ၂၃၃-၄ |
| ဥရုဝေလတောသို့ ကြွခြင်း | ၅၃၉ |
| ဦးခေါင်းတော်၏ ပြည့်စုံပုံ အကြောင်း | ၉၃ |
| [ ဧ ] | |
| ဧကစက္ကပြည်၌ စိုးအုပ်သော မင်းများ | ခဲ၊ခေါ |
| ဧဟိဘိက္ခုရဟန်းဖြစ်ပုံ | ၄၂၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဩ ] | |
| ဩက္ကာကမင်းအကြောင်း | ဂ |
| ဩက္ကာကမင်း၏ မင်းဆက်များ | ဃိ |
| ဩက္ကာကမင်း၏ မိဖုရား အမည်များ | ဂ |
| ဩက္ကာကမင်းက သားတော် တို့ကို မိန့်တော်မူပုံ | ဂ |
| [ က ] | |
| ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ပုံ | ၃၂၈၊၃၄၄ |
| ကင်္ခါဝိတရဏဝိသုဒ္ဓိ ဘုရား အလောင်း၌ ဖြစ်ပုံ | ၃၂၈ |
| ကတာယုဂ်နှစ်ပေါင်း | ဆ |
| ကထာ ၄ မျိုးနှင့် အဓိပ္ပါယ် | ၅၀၃-၄ |
| ကဏ္ဍကစီးတော်မြင်း နတ်သားဖြစ်ပုံ ရှင်းချက် | ၂၀၈ |
| ကဏ္ဍကနိဝတ္တနစေတီ တည်ခြင်းအကြောင်း | ၂၀၁ |
| ကဏ္ဍကမြင်း ကြံစည်ပုံ | ၁၉၅ |
| ကဏ္ဍကမြင်း ကွယ်လွန်၍ နတ်သားဖြစ်ပုံ | ၂၀၈ |
| ကဏ္ဍကမြင်းတော်၏ အား အစွမ်းကို ပြဆိုချက် | ၂၀၀ |
| ကဏ္ဍကမြင်းတော်၏လုံးရပ် ပမာဏ | ၁၉၅ |
| ကဏ္ဍကမြင်းတော် ဟီသံကို နတ်တို့ပိတ်ပင်ပုံ | ၁၉၃ |
| ကဏ္ဍဂေါရီပြည်၌ စိုးအုပ်သော မင်းများ | ခေါ |
| ကပိလရသေ့၏ ကျောင်းတော် | ၇ |
| ကပ်ငြိခြင်းဟူသည် ကာမဂုဏ်ငါးပါးခေါ်ပုံ | ၁၉၁ |
| ကပိလဝတ်ပြည် ဖြစ်လာပုံ | ၇ |

http://www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ က ] | |


ကပ္ပကောလာဟလအကြောင်း ကာ

ကမ္မလပြည်၌ စိုးအုပ်သော မင်းများ ခေ

ကမ္ဗလဝံသမင်း၏မင်းဆက်များ ခဲ

ကမ္ဘာဦးသူတို့၏ ပဌမ မင်းအကြောင်း ခါ

ကမ္မ၏အနက်သဘော ဃော်

ကမ္မစသည် ၄-ချက် ဋ

ကမ္မဋ္ဌာန်းအားထုတ်ရာ၌ သတိ တရား ထင်လင်းစွဲမြဲပုံ ၂၄၀-၂

ကရဝိက်ငှက်မင်း၏ အသံ သာယာပုံအကြောင်း ၉၃-၄

ကရဝိက်ငှက်မင်းနှင့် အသန္ဓိမိတ္တာမိဖုရားဝတ္ထု ဃော

ကလိယုဂ်၌ ပွင့်တော်မူခြင်း ဃေ

ကလိယုဂ်နှင့် သက္ကရာဇ်အသုံး ဃူ

ကလိယုဂ်နှစ်ပေါင်း ဃေ

ကဿပဘုရားရှင်၏ စေတီတော်တည်ပုံ ၄၃၀

ကဋ္ဌဝါဟနကမင်း၏ သားမြေးအဆက် ခါး

ကာမဂုဏ်ငါးပါး ၁၉၁

ကာမတရားတို့ အဆိပ်သီးနှင့်တူပုံ ၁၈၇

ကာမတရားတို့အပေါ်၌တပ်ခြင်း ကင်းပုံအကျယ် ၁၇၉၊၁၉၁

ကာမတရားတို့ မြက်မီးရှူးနှင့် တူခြင်း ၁၈၁

ကာမာလယ(အဓိပ္ပါယ်) ၄၀၀

ကာယဝိဝေက (အဓိပ္ပါယ်) ၄၉၄

ကာလာမအနွယ်ဖြစ်သော အာဠာရဂိုဏ်း ဆရာကြီးထံ ရောက်ပုံ ၂၀၀

ကာဠုဒေဝိလ(အသိတဣသိ) ရသေ့အကြောင်း ကား၊၁၄

ကာဠုဒေဝိလရသေ့ (၏တူ နာလက) ၄၇၇

ကာဠုဒေဝိလရသေ့ကြီး၏ ဆံကျစ်ဖျား၌အလောင်းတော် တည်နေပုံ ၁၆

ကာဠုဒေဝိလရသေ့ကြီး၏ ပြုံးရယ်ခြင်းနှင့်ငိုကြွေးခြင်း အကြောင်း ၁၇

ကာဠုဒေဝိလရသေ့ကြီး ကမ္ဘာ ရှစ်ဆယ် အောက်မေ့နိုင်ပုံ ၁၇

ကာဠုဒေဝိလရသေ့ကြီး ငိုရာ, ရယ်ရာ၌ လူတို့ မေးလျှောက်ပုံ ၆၂-၃

ကာဠုဒေဝိလရသေ့ကြီးငိုကြွေး ရာ၌(အဓိပ္ပါယ်ရှင်းချက်) ၆၀-၂

ကာဠနဂါးမင်း ထေဘမနာဂါထာ ရွတ်ဆိုလျက် ပူဇော်ပုံ ၂၈၃

ကာလနဂါးမင်း၏ရှည်လျားသော အချိန်ကာလ ၂၇၉

ကာဠနဂါးမင်း-ရွှေခွက်သံကြောင့် ချီးမွမ်းပြီး အိပ်ရာမှထပုံ ၂၇၈

ကာဠိအမျိုးသမီး သောတာပန် တည်ခြင်း ၄၁၇

ကိကီမင်းကြီး(စေတီမုခ်ဒါယကာ ခံပုံ) ၄၇၁

ကိသာဂေါတမီဥဒါန်း ကျူးရင့်ပုံ ၁၇၄-၅

http://www.dhammadownload.com




| အညွှန်းစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကုရုရဿရမ္မိ(ကာဠီဏီနေရာ) | ၄၅၈ |
| ကုသာဝတီပြည်ကို စိုးအုပ်သော မင်းများ | ခူ |
| ကုသိနာရုံပြည်၌ စိုးအုပ်သော မင်းများ | ခံ |
| ကုသိုလ်စိတ်ဖြင့် အကုသိုလ်စိတ်ကို နှိပ်ရာ၌ ချေးများ ယိုထွက်ဖောပုံ | ၂၃၈ |
| "ကုသိုလ်တရား"အစချီသော ဘုရားရှိခိုး ဆောင်ပုဒ်လင်္ကာ | စဲ |
| ကေရဠိကသမား (အကြံကောက်သူများ) | ၅၈၃ |
| ကောဇော+ဂေါဇော-ရေးထုံးများ အကြောင်း | ဃု |
| ကောဏ္ဍညထေရ်သောတာပန် တည်ခြင်း | ၄၂၇ |
| ကောဏ္ဍညနှယ်ဖွား သုဒ္ဓ ပုဏ္ဏားအကြောင်း | ၆၆-၇ |
| ကောလာဟလငါးပါး အကြောင်း | က-ကု |
| ကောလိယပြည်ထည်ထောင်ခြင်း အကြောင်း | ဂဲ |
| ကောလိယပြည် မည်ခြင်း အကြောင်း | ဂံ |
| ကောသမ္ဗီပြည်၌ စိုးအုပ်သော မင်းများ | ခေါ |
| ကောင်းခြင်း ၅-ပါး သရုပ် | ၁၅၃ |
| ကိုယ်တော်ကို မကိုင်းညွတ်ပဲ လက်တော်နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်းတော်ကို သုံးသပ်နိုင်ခြင်း လက္ခဏာ | ၇၈ |
| ကျောက်ခဲမိုးလက်နက်သုံးကြိမ်မြောက် လွှတ်ပုံ | ၂၈၈ |
| ကျောင်းအင်္ဂါ ၅-မျိုး | ၁၉၀ |
| ကျောင်းအလှူတရားတော် | ၁၉၉၊၆၀၆ |
| ကျောင်းလှူ၍ နိဗ္ဗာန်ရောက်နိုင်ပုံ (သာဓက) | ၆၀၆ |
| ကြာ ၄-မျိုး ဥပမာ | ၄၀၇ |
| ကြာပွင့်နိမိတ်ဖြင့် ဘုရားဖြစ်ပွင့်ကို သိကြပုံ | ၂၀၆ |
| "ကြီးငယ်တောင်းလျှင်"အစချီသော ဘုရားရှိခိုး ဆောင်ပုဒ်လင်္ကာ | ဆာ |
| ကြွနိုင်ခြင်းစိတ်အင်္ဂါ(၄ွတ) | ၃၂၂ |
| ကြည့်ခြင်းကြီး ၅-ပါး ကြည့်ပုံနှင့် သရုပ် | ၅၆ |
| ကြောက်ဖွယ်ဘေးကြီးပါ့သည် ကာမဂုဏ်ငါးပါး ခေါ်ပုံ | ၁၉၁ |
| "ကြောင်းကျိုးပေါ်မြဲ"အစချီသော ဘုရားရှိခိုး ဆောင်ပုဒ်လင်္ကာ | ငေါ |
| ကြွင်းသည့်ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် | ၃၁၉ |
| **[ ခ ]** | |
| ခတ္တိယအမည်တော်ကိုရခြင်း | ဒိ |
| ခမည်းတော်သုဒ္ဓေါဒနမင်းကြီး အခေါင့်များ တိုး၍ ချထားပုံ | ၁၅၉ |
| "ခါသဗ္ဗမ"အစချီသော ဘုရားရှိခိုး လင်္ကာ | ၃၉၈ |
| ခိပ္ပါသီည (အခိပ္ပါယ်) | ၅၈၉ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ ခ ]** | |
| ခုနစ်ကြိမ်မြောက် တန်ခိုးပြခဏ်း | ၅၅၇-၉ |
| ခုနစ်ဌာန အသားတော်ပြည့်ဖြိုးခြင်း အကြောင်း ကမ္ဘာစသည် လေးချက် | ငူ |
| ခုနစ်ဌာနတို့၌ ပြည့်ဖြိုးသော အသားတော်ရှိခြင်းလက္ခဏာ | ၈၄ |
| ခုနစ်ဌာနတို့၌ ပြည့်ဖြိုးသော လက္ခဏာဟူရာ၌ ခုနစ်ဌာန သရုပ် | ၈၄ |
| ခုနစ်ထောင်သော အရသာကြောတို့ အဖျားချင်းအပ် လည်မှာ စွပ်လျက်ရှိခြင်း လက္ခဏာ | ၈၇-၈ |
| ခုနစ်ဖဝါး လှမ်းကြွရာ၌လူ့အပေါင်း၏ စိတ်၌ ထင်မြင်ပုံများ | ၃၈-၉ |
| ခုပ္ပိယသတရား မာရ်နတ်၏တတိယ တပ်သားမည်ပုံ | ၂၅၄ |
| ခေါင်းဆေးမင်္ဂလာစသည် ပြုရာ၌ နိမိတ်ဖတ်ကြားခြင်း | ၆၅ |
| "ချစ်ဖွယ်စကား" အစချီသော ဘုရားရှိခိုးဆောင်ပုဒ်လင်္ကာ | ငေ |
| "ချီမြှိန်ကောင်းမြတ်" အစချီသော ဘုရားရှိခိုးဆောင်ပုဒ်လင်္ကာ | ငူ |
| "ချီးမွမ်းနိပ်စက်" အစချီသော ဘုရားရှိခိုးဆောင်ပုဒ်လင်္ကာ | ငါး |
| ချောင်းငယ်ဥပမာနှင့် မြစ်ကြီး ဥပမာ (လိုက်နာဖွယ်) | ၄၉၅ |
| "ခြမန်းပိုးရှ" အစချီသောလင်္ကာ | ငု |
| ခြသေ့မင်း၏ မေးကဲ့သို့ပြည့်ဖြိုးသော မေးတော်ရှိခြင်း လက္ခဏာ | စာ၊ ၈၈ |
| **[ ခ ]** | |
| ခြသေ့မင်း၏ရှေ့ပိုင်းကိုယ်ကဲ့သို့ ပြည့်ဖြိုးသောကိုယ်တော်ရှိခြင်း လက္ခဏာ | ၈၅ |
| ခြေဖဝါးအပြင့်တို့၌ရှိသောတရာ့ရှစ်ကွက် စက်လက္ခဏာများ | ၇၂-၃ |
| ခြေသလုံးတော်လက္ခဏာကြီး | ငေါ |
| ခြောက်ကြိမ်မြောက်တန်ခိုး ပြခဏ်း | ၅၅၅-၇ |
| "ခြောက်ကြိမ်မြောက်ထံ" အစချီ သော လင်္ကာ | ၃၉၈ |
| **[ ဂ ]** | |
| ဂယာကဿပအကြောင်း | ၅၄၄၊၅၇၉ |
| ဂယာသီသ (အာဒိတ္တသုတ်ဟောသည့်နေရာ) | ၅၇၈ |
| ဂဝမ္ပတိသူဌေးသားအကြောင်း | ၅၂၁ |
| ဂင်္ဂုန်တို့ကောင်းချီးပေး၍ ကြွေးကြော်ပုံ ဂါထာ | ၃၀၉ |
| ဂေါတမဘုရားလောင်း နိယတ ဗျာဒိတ်ပန်း ဆင်မြန်းတော်မူခဲ့သော ဘုရားရှင်များ | ၁ |
| "ဂုံးတိုက်စကား" အစချီသော ဘုရားရှိခိုးလင်္ကာ | စော် |
| **[ ဃ ]** | |
| ဃဋီကာရဗြဟ္မာအကြောင်း | ၂၀၄ |
| ဃဋီကာရဗြဟ္မာပရိက္ခရာ ကပ်လှူလာပုံ | ၂၀၄ |
| ဃနာအိုး၌ နတ်တို့ဩဇာ ထည့်ခြင်း | ၂၇၄ |
| ဃနာနို့ဆွမ်းချက်ပုံ | ၂၇၂-၃ |
| ဃနာနို့ဆွမ်းချက်ရာ၌ဗြဟ္မာတို့ ကူညီပုံ အကြောင်းအရာ | ၂၇၄ |

http://www.dhammadownload.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| [ င ] | |
| ငရဲပြည်သို့ လားသူများ | ၆၁၃ |
| ငါးကြိမ်မြောက်တန်ခိုးပြခြင်း | ၅၅၁-၄ |
| "ငါးကြိမ်မြောက်က" အစချီသော လင်္ကာ | ၁၉၈ |
| [ စ ] | |
| စက္ကဝတ္တိကောလာဟလ အကြောင်း | ၈၁ |
| စက္ကုအစရှိသောအရေအသား | ၁၄၁-၂ |
| စင်္ကမသုတ္တာသာ | ၁၆၁ |
| စကြဝဠာတိုက်ကို အကျဉ်းချုံးလျှင် ပရမတ္ထအားဖြင့် ၁၂-ပါးသာ ရှိပုံ | ၁၃၅ |
| စကြဝဠာတိုက်ကို ကိုယ်ဖြင့် ဖုံးလွှမ်းနိုင်ခြင်း | ၁၀၄ |
| စကြဝဠာတိုက်တသောင်းမှ နတ်အပေါင်းပူဇော်ကြပုံ | ၁၁၆-၇ |
| စကြဝဠာတိုက်တသောင်းလုံး အလှဆုံး ဖြစ်နေပုံ | ၁၅၀-၁ |
| စကြံအတွင်း ထိုင်လျက်သား မူးသွားခြင်း | ၂၄၂ |
| စဉ်းငယ်မြင့်သော ဖမျက်တော် ရှိခြင်း | ၆၊၇၇ |
| စတုမဟာရာဇ် နတ်မင်းကြီးများ ရှိခိုးစေ၍ တန်ခိုးပြခြင်း | ၅၄၇ |
| စတုမဟာရာဇ်နတ်သက် | ၅၀၈ |
| စမ္ပာပြည်၌ စိုးအုပ်သော မင်းများ | ၆ေါ် |
| "စမ္ပာပြည်သစ်" အစချီသော လင်္ကာ | ၆ါး |
| စရိုက် ၆-မျိုး သတ္တဝါ ၆-မျိုး | ၄၀၉ |
| စာပါ(ဆာဝါ)၏အကြောင်း အကျဉ်းချုပ် | ၄၁၀၊၄၂၂ |
| စိတ်အကြံကို သိကြောင်းပြ၍ တန်ခိုးပြခြင်း | ၅၅၁-၄ |
| စိတ္တဝိဝေက (အဓိပ္ပါယ်) | ၄၉၄ |
| စိတ္တဝိသုဒ္ဓိဖြစ်ပုံ | ၁၄၁-၄ |
| စုတူပပါတဉာဏ် (အဓိပ္ပါယ်) | ၁၂၆ |
| စူဠာမဏိစေတီတော် သုံးယူဇနာရှိပုံ | ၂၀၄ |
| စူဠာမဏိစေတီတည်ထားခြင်း | ၂၀၃ |
| စွယ်တော်လေးဆူရှိခြင်း လက္ခဏာအကြောင်း | ၇၉၊၉၀ |
| [ ဆ ] | |
| ဆံတော်ကို အဓိဋ္ဌာန်၍ မြောက်ပစ်ခြင်း | ၂၀၃ |
| ဆံတော်ကို စူဠာမဏိစေတီ တည်ထားခြင်း | ၂၀၃ |
| ဆံတော်ကိုပယ်၍ ရဟန်း ပြုခြင်း | ၂၀၂ |
| ဆံတော်ကို သိကြားမင်းရွှေပန်း တောင်းဖြင့် ခံခြင်း | ၂၀၃ |
| ဆဒ္ဒန်ဆင်အားကို ဆောင်နိုင် ခြင်း | ၁၉၇ |
| ဆန္နအမတ်အား အနောမာမြစ် ကို မေးမြန်းပုံ | ၂၀၂ |
| ဆန္နအမတ်ကို နေပြည်တော်သို့ ပြန်လွှတ်ခြင်းအကြောင်း | ၂၀၇ |
| ဆန္နအမတ်ကို နေပြည်တော်သို့ ပြန်လွှတ်ပုံ | ၂၀၂ |
| ဆန္နအမတ်ကြံစည်ပုံ | ၁၉၅ |
| ဆဗ္ဗညုတရဲသိဝ်နန္ဒနဂါထာများ | ၁၆၆ |

http://www.dhammadownload.com



အကြောင်းအရာ — စာမျက်နှာ

[ ဆ ]

ဆာဝါ(စာဖါ)၏အကြောင်း ၄၁၈
ဆဲရေးသူနှင့် ရိုခိုးသူအတူ ကျင့်ရခြင်း ၅၃၉
ဆဲ့နှစ်ကြိမ်မြောက် တန်ခိုး ပြခဏ်း ၅၆၁-၄
ဆေးဆရာ ဥပမာ ၄၀၂
ဆင်းရဲဒုက္ခဟူသည် ကာမဂုဏ် ငါးပါးခေါ်ပုံ ၁၉၁
ဆွေတော်မျိုးတော်တို့အလယ်၌ လေးအတတ်ကို ပြခဏ်း ၁၁၇-၈
ဆွေတော်ရှစ်သောင်း မျိုးတော် ပေါင်းတို့က သားတယောက် စီ ပေးအပ်ကြပုံ ၁၁၂
ဆွမ်းကြမ်းကို ဘုဉ်းပေးရာ၌ မိမိစိတ်ကို ဆုံးမပုံ ၂၁၄
ဆွမ်းခံကြွဝင်တော်မူရာ၌ ဗိမ္ဗိသာရမင်းကြီးမြင်ပုံ အကြောင်းအရာ ၂၁၀
ဆွမ်းခံကြွဝင်တော်မူရာ၌ မြို့သူမြို့သားတို့၏ ထင်မြင် ချက်များ ၂၁၀-၂၁၂
ဆွမ်းခံစားခြင်းကိုပယ်၍ အလိုလို ကြွေကျသော သစ်သီးတို့ဖြင့် မျှတပုံ ၂၃၈
ဆွမ်းခံပုဂ္ဂိုလ်တို့ နှလုံးသွင်းဖွယ် များ ၄၇၇-၉

[ ဇ ]

ဇမ္ဗူရာဇ်ရွှေဥပမာနှင့် အပြစ် ကင်းသောစိတ် ၅၁၀
ဇမ္ဗူ့သပြေသီးဆောင်၍ တန်ခိုးပြခြင်း ၅၅၇-၉

[ ဇ ]

ဇယသေနမင်းကြီး(ဖုဿဘုရား ခမည်းတော်) ၆၀၇
ဇရာမရဏာကိုမြင်မှ အနိစ္စစသော အခြင်းအရာကို မြင်ပုံ ၃၀၀

[ ဉ ]

ဉာဏဒဿန ဝိသုဒ္ဓိ (အရကောက်) ၃၄၇
ဉာဏဒဿန ဝိသုဒ္ဓိဖြစ်ပုံ ၃၄၇
ညီညာလုံးဝန်းသော လည်တိုင် တော် ရှိခြင်း၏ အကြောင်း ကမ္မစသည် ၄-ချက် ၈
ညီညွတ်သောအကြားစိတ်ရှိ လက်ချောင်း ခြေချောင်း တော် လက္ခဏာ ၇၆
ညီညွတ်လုံးဝန်းသည့်လည်တိုင် တော်ရှိခြင်းလက္ခဏာ ၈၊ ၈၇
ညီညွတ်သောခြေဖဝါးတော် အပြင်ရှိခြင်း လက္ခဏာ ၇၁
ညီညွတ်သောသွားတော်နှင့် ဖြူဖွေးသော စွယ်တော် ရှိခြင်းလက္ခဏာ ဆ၊ ၈၉
ညောင်ပင်သို့ကပ်လျက် အရှေ့ မျက်နှာမူကာ ထိုင်နေပုံ ၂၇၁
ညွန့်ပူမိုးလက်နက် ရှစ်ကြိမ် ခမြောက် လွှတ်ပုံ ၂၈၉

[ တ ]

တက္ကသိုလ်ပြည်၌ စိုးအုပ်သော မင်းများ ခ

http://www.dhammadownload.com




| အကြောင်းအရာစဉ် | စာမျက်နှာ |
|---|---|
| [ တ ] | |
| တကြိမ်ပစ်သော မြားဖြင့် ရည်မှန်းရာ မှန်စေပြီး လက်တွင်းမြားပြန်လာသော စက္ကဝဠိ မြားအတတ် | ၁၄၈-၂ |
| တဆယ့်လေးတောင်အမြင့်ရှိသော ရတနာပလ္လင်တော် | ၂၈၂ |
| တဏှာကိုပယ်နိုင်ရန်နည်း | ၃၀၀ |
| တဏှာမာနတရား မာရ်နတ်၏ နဝမတပ်သားမည်ပုံ | ၂၅၆ |
| တဏှာလယအမိပ္ပါယ် | ၄၀၀ |
| တတိယသြက္ကာကမင်း၏ အမျိုးအနွယ် | ၈၁ |
| တန်ခိုးကြီးသောနတ်တို့သာ ပုဗ္ဗနိမိတ်ဖြစ်ခြင်း | ၈၀ |
| တန်ခိုးပြာဋိဟာ ပြခဏ်း | ၅၄၄-၅၇၁ |
| တန်ခိုးပြာဋိဟာရေတွက် ပြခြင်း | ၅၇၇-၈ |
| တမ္ဘိတရား မာရ်နတ်၏စတုတ္ထ တပ်သားမည်ပုံ | ၂၅၄ |
| တပုဿနှင့်ဘလ္လိကတို့ဒွေဝါစိက သရဏဂုံတည်ခြင်း | ၃၉၄ |
| တရာ့ရှစ်ကွက် စက်လက္ခဏာ စက်တော်ရာ ဘုရားရှိခိုး | ၇၄-၅ |
| တရားဦးဟောမည့်သူကို ရွေးချယ်တော်မူပုံ | ၄၁၁၊၄၁၄ |
| တရားအားထုတ်ချိန်၌ ကိုယ် အရောင်အဆင်း | ၂၄၆ |
| တရားတော်၏နက်နဲပုံကို ဆင်ခြင်ခြင်း | ၃၉၉ |
| တရားတော်ကို အရိုအသေပြု၍ နေရန်အကြံတော်ဖြစ်ခြင်း | ၃၈၇ |
| [ တ ] | |
| တရားဟောရန်အားထုတ်မှု မပြုခြင်းအကြောင်း ၃-ချက် | ၃၉၉-၄၀၂ |
| တရားဟောရန် တောင်းပန်ပုံ | ၄၀၅-၆ |
| တရားဟောရန် ဘုရားရှင် ဝန်ခံခြင်း | ၄၀၉-၄၁၁ |
| တသိန်းတန်ရွှေခွက်ရခြင်းသည် ဓမ္မတာဖြစ်ခြင်း | ၂၇၆ |
| တာဒိဂုဏ်၏ အဓိပ္ပါယ်များ | ၄၄၅ |
| တာမလိတ္တိယပြည်၌ စိုးအုပ်သော မင်းများ | ခံ |
| တာလိဿရမင်း၏ သားမြေး အဆက် | ခံ |
| တာဝတိံသာနတ်သက် | ၅၀၈ |
| တိဏ္ဍုက္ကုပမာကာမာ=ကာမ တရားတို့မြက်မီး ရှူးနှင့်တူပုံ | ၁၈၁ |
| တိစက်ရမင်း၏သားမြေးအဆက် | ခံ |
| တိရေစ္ဆာကုန္ဓသုတ်ကို ၇-ရက် ဟောခြင်း | ၆၁၉ |
| တိရေစ္ဆာကုဋ္ဋသုတ္တန်ကိုဟောခြင်း | ၆၀၇ |
| တေဝါစိကသရဏဂုံ တည်သူ | ၅၁၄၊၅၁၉ |
| တောအုပ်ရှင်းခုတ်သော ယောကျ်ား ဥပမာ | ၃၃၆ |
| တောထွက်တော်မူသည့် နှစ်လ တို့ကို မှတ်သားရန် | ၁၇၀ |
| တောထွက်သည့် ခုနှစ်အချိန် | ၁၉၅ |
| တောနှင့်စပ်သော ကိလေသာ များ | ၄၈၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ တ ] | |
| တောင်, မြောက်, အနောက် အရပ်တို့၌ ရပ်လျှင် မြေကြီး စောင်းထောင်ရှိပုံ | ၂၈၀-၁ |
| တြေဘာသုက်နှစ်ပေါင်း | ၈၁ |
| [ ထ ] | |
| ထိန်မိဒ္ဓတရား မာရ်နတ်၏ပဉ္စမ တပ်သားမည်ပုံ | ၂၅၅ |
| ထုတိ (မြတ်စွာဘုရားကို ချီးမွမ်းသည့်) ဂါထာများ | ၄၃၁-၄ |
| ထုထယ်ကြီး ခုနစ်မျိုးကို ထုတ်ချင်းထွင်းအောင် ပစ်ခွင်းပြပုံ | ၁၄၄ |
| ထက်ဝန်းကျင်စင်ကြယ်သော စိတ်အင်္ဂါ (ပရိသုဒ္ဓ) | ၃၂၁ |
| ထင်းတုံးကွဲစေကာ တန်ခိုး ပြခြင်း | ၅၆၈ |
| ဆင်းတုံး ခွဲမရအောင် တန်ခိုး ပြခြင်း | ၅၆၁ |
| ထန်းပင်ပျိုနုတောညယျာဉ် (ဘုရားသိတင်းသုံးရာ) | ၅၉၁ |
| ထုတ်ချင်းထွင်းအောင် ပစ်ပြသော ထုထယ်ကြီးခုနစ်မျိုး | ၁၄၄ |
| "ထိုကြက္ကာက" အစရှိသော လင်္ကာ | ထိ |
| "ထိုခုနစ်ပါး" အစရှိသော ဘုရားရှိခိုးလင်္ကာ | ၃၉၉ |
| ထိုင်လျက် လည်းရာ၌နတ်တို့ ထင်မြင်ချက် သုံးမျိုး | ၂၄၂-၃ |
| [ ဒ ] | |
| ဒန္တာဘိညာ (အဓိပ္ပါယ်) | ၄၇၉ |
| ဒါနဏ်အန္တရာယ်ပြုသူများ | ၆၁၂ |
| [ ဒ ] | |
| ဒါန၏ ဥပမာအမျိုးမျိုး | ၅၀၄-၅ |
| ဒါနကထာ (အကျယ်) | ၅၀၄-၆ |
| ဒါနနှင့် ချမ်းသာသုံးမျိုး | ၅၀၄ |
| ဒါနနှင့် စည်းစိမ် ၄-မျိုး | ၅၀၆ |
| ဒါနနှင့်ဗောဓိ ၃-ပါး | ၅၀၆ |
| ဒါနနှင့်သီလဆက်စပ်ပုံ | ၅၀၆ |
| ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ | ၃၄၄ |
| ဒိဗ္ဗစက္ခုအဘိညာဉ်ရတော် မူခြင်း | ၃၂၆ |
| ဒိဗ္ဗစက္ခုဉာဏ်၏စွမ်းရည် | ၃၂၆-၇ |
| ဒိဗ္ဗစက္ခုဉာဏ်ကြောင့် ကင်္ခါ- ဝိတရဏဝိသုဒ္ဓိဖြစ်ပုံ | ၃၂၈ |
| ဒိဗ္ဗစက္ခုဉာဏ်ကြောင့်ယထာ ကမ္မူပဂဉာဏ်ဖြစ်ပုံ | ၃၂၆-၇ |
| ဒိဗ္ဗစက္ခုဉာဏ်နှင့်စုတူပပါတ ဉာဏ်တူပုံ | ၃၂၆ |
| ဒုက္ကရစရိယာအကျင့်ဖြင့် ဘုရားမဖြစ်နိုင်ခြင်း | ၂၆၃ |
| ဒုက္ကရစရိယာအကျင့် | ၂၆၀ |
| ဒုက္ကရစရိယာအခန်း၌ မေးမြန်းစိစစ်ချက် | ၂၅၉ |
| ဒုက္ကရစရိယာကျင့်တော် မူခဏ်း | ၂၃၃၊ ၂၄၇ |
| ဒုက္ကရစရိယာ ၆-နှစ်ကြာ ကျင့်တော်မူပုံ | ၂၃၃၊ ၂၄၇ |
| ဒုက္ကရစရိယာ ၆-နှစ်ကြာ ကျင့်ရခြင်းအကြောင်း | ၂၆၁-၂ |
| ဒုက္ကရစရိယာ မကျင့်ဘဲလည်း ဘုရားဖြစ်နိုင်ပုံ | ၂၅၉ |
| ဒုက္ကရစရိယာ လူသာမန်တို့ကျင့်ရန် ခဲယဉ်းသောအကျင့်များ | ၂၃၇ |
| ဒုက္ခပဋိပဒါ (အဓိပ္ပါယ်) | ၄၇၉ |

အက္ခရာစဉ် စာမျက်နှာ

[ ဒ ]

ဒုတိယအကြိမ် မာရ်နတ်လာ၍ ဟန့်တားခြင်း ၅၃၆
ဒုတိယအရွှယ်(မယ်တော်မာယာ) ပဋိသန္ဓေယူခြင်း ကဲ
ဒုတိယဝိဇ္ဇာဉာဏ်ကို ရတော်မူခြင်း ၃၂၆
ဒုပ္ပသဟမင်း၏သားမြေးအဆက် ခေ
ဒုဿစေတီ(တဆယ့်နှစ်ယူဇနာ အမြင့်ရှိပုံ) ၂၀၅
ဒေဝဒဟပြည်တည်ထောင်ခြင်း ဂါး
ဒေဝဒဟပြည်ဟုခေါ်ခြင်း အကြောင်း ဿ
ဒေဝဒဟသာကီဝင်မည်ခြင်း အကြောင်း သ
ဒွတ္တိံသမဟာပုရိသလက္ခဏာ ဒီပနီကဗျာ ဆာ
ဒွါပရယုဂ်နှစ်ပေါင်း သေ

[ ဓ ]

ဓမ္မဂုတ္တမင်း၏သားမြေးအဆက် ခဲ
ဓမ္မစကြာတရားသံ စကြဝဠာ တိုက်တသောင်းမှာသည် ၄၂၃
ဓမ္မစကြာမဟောမီဟောသော တရားများ မဂ်ဖိုလ်မရနိုင်ပုံ ၄၁၇
ဓမ္မစကြာနှင့်တဆက်တည်းဟော သော(ဟေမဝတ)သုတ် ၄၅၉
ဓမ္မဝါဒီနှင့်အဓမ္မဝါဒီရဟန်းတို့ အမှု ၄၃၄
ဓာတ်တော်များအကြောင်း ၄၁၁
ဓာတ်ချောက်ချားခြင်းကြောင့် အိပ်မက်မက်ပုံ ၂၆၇

[ ဓ ]

ဓုတင်ဆဲ့သုံးပါး(မောနေယျ အကျင့်) ၄၈၄-၅
ဓုတင်အပ္ပိစ္ဆ(အဓိပ္ပါယ်) ၄၈၃
ဓုရ ၂-ပါး အကြောင်း ၄၇၂

[ န ]

နံ့သာမျိုးလေးပါး သရုပ် ၆၅
နဂါးကို ဆုံးမ၍ တန်ခိုးပြခြင်း ၅၄၄
နဂါးတို့ ကောင်းချီးပေး၍ ကြွေးကြော်ပုံဂါထာ ၃၀၈
နဒီကဿပအကြောင်း ၅၄၄၊၅၃၉
နက်နဲခြင်း ၄-ပါး ၃၄၉
နတ်အမျက်ထွက်၍အိပ်မက် အလွဲပြသောဝတ္ထု ၂၆၉
နတ်တကာတို့ထက်သာလွန်သော ဂုဏ်ကျေးဇူးဆယ်ပါး ၂
နတ်တို့ကောင်းချီးပေး၍ ကြွေးကြော်ပုံဂါထာ ၃၁၀
နတ်တို့စုတေခါနီး၌ထင်လာသော ပုဗ္ဗနိမိတ်ငါးပါး ကူ
နတ်တို့နတ်ဩဇာထည့်ပုံ သိမှတ်ဖွယ် ၂၃၄-၅
နတ်ပန်းတို့ညှိုးနွမ်းခြင်း ပုဗ္ဗနိမိတ် အကြောင်း ကူ
နတ်ပြည်သို့ လားသူများ ၆၁၃
နတ်ဗြဟ္မာအပေါင်းအား ဘုရား ဖြစ်ရန် ဝန်ခံချက်ပေးပုံ ၁၀
နတ်ဗြဟ္မာတို့ကြီးစွာပူဇော်ခြင်း ၃၁၅
နတ်ဗြဟ္မာများအခမ်းအနားဖြင့် အနောမာမြစ်သို့ပို့ခြင်း ၂၀၀
နတ်ဗြဟ္မာများ လုမ္ဗိနီဥယျာဉ် သို့စုဝေးလာကြခြင်း ၁၄-၅

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ န ]** | |
| နတ်မင်းကြီးတို့ စောင့်ရှောက်ရာ၌ မယ်တော်အား ပြသင့်ချိန်၌သာ ပြကြပုံ | ၂၄-၅ |
| နတ်များလှည့်စားသောကြောင့် အိပ်မက် မက်ပုံ | ၂၆၇-၈ |
| နတ်ဝတ်တန်းဆာတို့ညှိုးနွမ်းခြင်း ပုဗ္ဗနိမိတ်အကြောင်း | ၈၇ |
| နန္ဒဝန်ဥယျာဉ်တော်အကြောင်း | ၁၁ |
| နန္ဒဝန်ဥယျာဉ်တော်၏အကျယ် အဝန်းနှင့်တည်ရာဌာန (ဆရာ ၂-ဦးအလို) | ၁၃ |
| နန္ဒဝန်ဥယျာဉ်သို့ဝင်ရောက်မိက ပူပန်သောကငြိမ်းအေးရပုံ | ၁၂ |
| နန်းပြာသာဒ်သုံးဆောင်ဆောက် လုပ်ပုံအကျယ် | ၁၂၇၊၁၂၈ |
| နန်းပြာသာဒ်သုံးဆောင်တို့၌ အလှည့်အားမြင့် စံမြန်းပုံ | ၁၅၅ |
| နန်းမြို့တံခါးမကြီးကို နတ်တို့ဖွင့်လှစ်ထားပုံ | ၁၉၇ |
| နဖူးတော်၌ဥဏ္ဏာလုံမွေးရှင်တော် လက္ခဏာတော်ကြီး | ၈ဲ |
| နဖူးတော်မြတ်၏ ပြည့်ရုံပုံ အကြောင်း | ၉၇ |
| နဖူးတော်ဝယ် သင်းကျစ်တော် လက္ခဏာပါရှိခြင်း | ၉၇ |
| နရဒေဝမင်း၏သားမြေး | ၈ေါ |
| နာထတိ ၀တ ဘောလောဏော (၏အနက်) | ၄၀၄ |
| နာဂဒေဝမင်း၏မင်းဆက် | ၁-၁ါး |
| နာဂရိစာတ်တော်ကို ဟော တော်မူခြင်း | ၅၈၇ |
| **[ န ]** | |
| နာလကကလုလင် ရဟန်းပြုခြင်း အကြောင်း | ၆၁-၄ |
| နာလကရသေ့အကြောင်း | ၄၇၈ |
| | ၄၉၉၊၅၀၀ |
| နိဂ်ုဏ်းချုပ်လက္ခဏာတော် ဘုရားရှိခိုး | ၁၁ |
| နိဒါန်း (တရားဟောခြင်း အကြောင်း) ၂-မျိုး- | ၄၀၃ |
| နိဗ္ဗာန်ကိုဆင်ခြင်သော ပစ္စ- ဝေက္ခဏာဉာဏ် | ၃၃၉ |
| နိဗ္ဗာန်တရားကိုမြင်နိုင်ခဲပုံ | ၄၀၀ |
| နိဗ္ဗာန်သို့မဂ်ဉာဏ်တခုတည်းဖြင့် အပြီးမရောက်နိုင်ပုံ | ၄၉၁ |
| နိမိတ်ကြီးများမြင်ခြင်းကြောင့် ပယ်နိုင်သော မာနတရား များ | ၁၇၀-၁ |
| နိမိတ်ကြီးလေးပါးမြင်တော် မူခြင်း | ၁၅၅၊၁၆၁-၃ |
| နိမိတ်ကြီး ၃၂-ပါး ဘုရားပွင့်သော အခါဖြစ်ပုံ | ၃၅၁ |
| နိမိတ်ဖတ်ရာ၌ အစီအစဉ် ပြုလုပ်ခြင်း | ၂၂၄ |
| နိမိတ်ဖတ်သော ပုဏ္ဏား ရှစ်ယောက် အမည်များ | ၆၆ |
| နိမိတ်မြင်ပုံအထူး | ၁၆၈ |
| နူးညံ့ခြင်းစိတ်အင်္ဂါ (မုဒုဘူတ) | ၃၂၁ |
| နူးညံ့သိမ်မွေ့သောအရေတော် ရှိခြင်းလက္ခဏာတော် | ၈၀ |
| နူးညံ့သောလက်ဖဝါး ခြေဖဝါး တော် အပြင်ရှိခြင်းလက္ခဏာ | ၇၆ |
| နေမဝင်မီ ဒေဝပုတ္တမာရ် အောင်မြင်ပုံ | ၂၈၂ |

http://www.dhammadownload.com



အကြောင်းအရာစဉ် စာမျက်နှာ

[ န ]

နေမိမင်း၏မင်းဆက်များ ခါ
နေယျပုဂ္ဂိုလ်(အဓိပ္ပါယ်) ၄၀၈
နေရဉ္ဇရာမြစ်အနီးအင်ကြင်း
  တော၌ နေ့သန့်စဉ်ပုံ ၂၃၉
နောင်လာနောက်သားများအား
  သနားစောင့်ရှောက်လိုသဖြင့်
  ဒုက္ကရစရိယာကျင့်ပုံ ၂၆၀
နို့ဃနာအိုး၌ နတ်တို့နတ်ဩဇာ
  ထည့်သွင်းပုံ ၂၃၄
နို့ဃနာကိုထန်းသီးမှည့်စေ့ ခန့်
  လေးဆယ့်ကိုးလုပ် မယုတ်မပို
  ပြုကာဘုဉ်းပေးခြင်း ၂၃၃
နို့ဃနာထည့်ရွှေခွက်ကိုအခြား
  ရွှေခွက်တခုဖြင့်ဖုံးအုပ်လှူ
  ဒါန်းခြင်း ၂၃၆
နို့ဃနာရွှေခွက်ကိုယူ၍နေရဉ္ဇရာ
  မြစ်ကမ်းကြွမြန်းပုံ ၂၃၃
နို့ဃနာသည်ပင် သတ္တသတ္တာဟ
  ၄၉-ရက်စာ အာဟာရဖြစ်ပုံ ၂၃၈
နို့ထိန်းရွေးချယ်ပုံ ၁၁၈-၉-၁၂၀
နို့ထိန်းရွေးချယ်ရာ၌ မန်လည်
  ဆရာတော်၏လင်္ကာ ၁၀၅
နှစ်ကြိမ်မြောက် တန်ခိုး
  ပြခြင်း ၅၄၃-၈
"နှစ်ကြိမ်မြောက်ထ" အစချီသော
  လင်္ကာ ၃၉၃
နှစ်ကြိမ်မြောက်သုဒ္ဓေါဒနမင်းကြီး
  ရှိခိုးပုံ ၁၂၁
နှစ်ဆယ့်ကိုးနှစ်သို့ ရောက်လျှင်
  ဥယျာဉ်တော်သို့ ထွက်တော်
  မူခြင်း ၁၅၆

[ န ]

နှစ်ပက်သောခြေဖဝါးအပြင်၌
  စက်လက္ခဏာအမှတ်
  အသားများ ၈၂
"နှုတ်မှုပညာ" အစချီသော ဘုရား
  ရှိခိုးဆောင်ပုဒ် လင်္ကာ ၆ေါ

[ ပ ]

ပံသုကူသင်္ကန်းကောက်၍
  တန်ခိုးပြခြင်း ၅၅၁-၃
ပကတိသာဝက၏ပါရမီ ၃၄၈-၉
ပင်လယ်ကသစ်ပင့်ဆောင်၍
  တန်ခိုးပြခြင်း ၅၆၀
ပစ္စန္တရစ် အရပ်ယူပုံ ၈
ပစ္စယအပိစ္ဆ (အဓိပ္ပါယ်) ၄၈၃
ပစ္စယသန္တောသိတသီလဖြစ်ပုံ ၃၄၃
ပစ္စယသန္တောသိတသီလ
  (မောနေယျအကျင့်) ၄၈၃-၄
ပစ္စဝေက္ခဏာဉာဏ် ၁၉-ပါး ၃၃၉၊၃၄၁
ပစ္စုပ္ပန်အခွန်အကျိုး ၃၃၄-၅
ပစ္စုပ္ပန်အခွန်အကြောင်း ၃၃၅
ပစ္စေကဗုဒ္ဓ၏ပါရမီ ၃၄၉
ပဇာပတိ ဂေါတမီ၏ သားတော်
  သမီးတော်များ ဆ၁
ပဉ္စဝဂ္ဂီငါးဦးတို့အကြောင်း ၁၀၈
ပဉ္စဝဂ္ဂီငါးဦးတို့ အလောင်း
  တော်ကိုစွန့်ခွာပုံ ၂၆၄
ပဉ္စဝဂ္ဂီတို့ အလောင်းတော်ထံ
  ရောက်ရှိဝတ်ပြုကြပုံ ၂၃၃
ပဉ္စဝဂ္ဂီတို့အလောင်းတော်ထံမှ
  စွန့်ခွာသည့် လ-ရက် ၂၆၅
ပဉ္စဝဂ္ဂီတို့၏ ကတိကဝတ် ၄၂၂

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပဉ္စဝဂ္ဂီတို့က ဘုရားရှင်အား ပြောကြားပုံများ | ၄၂၃-၆ |
| ပဉ္စဝဂ္ဂီတို့ ရဟန္တာဖြစ်ခြင်း | ၄၃၀ |
| ပဉ္စသိခနတ်သား ပူဇော်ပုံ | ၃၁၆ |
| ပဉ္စသိခနတ်သား ဗေဠုဝ နတ်စောင်းတီးလျက် ပူဇော်ပုံ | ၂၀၂ |
| ပညာ ၃-ပါး (သရုပ်) | ၄၁၁ |
| ပဋိစ္စသမုပ္ပါဒ် အစွန်း ၃-ပါး ခွဲပုံ | ၃၃၄-၅ |
| ပဋိစ္စသမုပ္ပါဒဉာဏ် ၁၂-ပါး | ၃၂၉ |
| ပဋိစ္စသမုပ္ပါဒ်တရားကို မြင်နိုင်ခဲပုံ | ၄၀၀ |
| ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ၊ ပဋိလုံ နှလုံးသွင်းပုံ | ၃၅၆ |
| ပဋိပဒါခေတ်ပိုင်းခြားပုံ | ၄၇၉ |
| ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ (အရကောက်) | ၃၄၇ |
| ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဖြစ်ပုံ | ၃၄၇ |
| ပဋိပဒါ ၂-မျိုး | ၄၇၉ |
| ပဌမဆုံး တေဝါစိကသရဏဂုံ တည်သူ | ၅၁၄၊၅၁၉ |
| ပဌမဆုံး မိန်းမသောတာပန် | ၄၅၈ |
| ပဌမဆုံး ယောကျ်ား သောတာပန် | ၅၁၃ |
| ပဌမစိတ္တာဉာဏ် | ၃၁၄ |
| ပဓမရမပုဂ္ဂိုလ် (အဓိပ္ပါယ်) | ၄၀၉ |
| ပဓာနအလုပ်အားထုတ်ရာ၌စိတ် ခတ်မယုတ်လျော့ပုံ | ၂၃၉-၂၄၁ |
| ပဓာနအလုပ်ဒုက္ကရစရိယာ ကျင့်တော်မူခြင်း | ၂၃၇ |
| ပဓာန နိမိတ်မည်ပုံ | ၁၇၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပန်းမျိုး ၅-ပါး သရုပ် | ၆၅ |
| ပယ်သည့်ကိလေသာကို ဆင်ခြင်သည့်ဉာဏ် | ၃၃၉ |
| ပရိက္ခရာရှစ်ပါး ကမ္ဘာတည်စက ပဒုမ္မာနိမိတ်အဖြစ်ဖြင့်ပေါ်ပုံ | ၂၀၆ |
| ပရိက္ခရာရှစ်ပါး သရုပ် | ၂၀၄ |
| ပရိယတ္တိအပ္ပိစ္ဆ (အဓိပ္ပါယ်) | ၄၇၃ |
| ပရိယတ္တိဓုရ (အဓိပ္ပါယ်) | ၄၇၂ |
| ပရိသတ်ထုထပ်လှသဖြင့် သိကြားမင်းဆင်းလာခြင်း | ၅၉၁ |
| ပလ္လင်တော်အကြောင်း | ၂၀၂ |
| ပလ္လင်္ကသတ္တာဟ | ၃၅၅ |
| ပါတိမောက္ခသံဝရသီလ (မောနေယျအကျင့်) | ၄၇၁-၂ |
| ပါရမီ၊ စာဂ၊ စရိယတရားတို့ကို ဖြည့်ကျင့်ပုံ | ၁-၂ |
| ပါရမီတော်များ ကျေးဇူး ကြီးမားပုံ | ၃၃၀ |
| ပိယာစသော (ဩက္ကာကမင်း၏) သမီးတော် | ၇ |
| ပိယာမင်းသမီး အိမ်ထောင် ပြုခြင်း | ၈ |
| ပိယာမင်းသမီး အစုံအားဖြင့်သား ၁၆-ကြိမ် မွေးပုံ | ၈ |
| ပိယာမင်းသမီးနူနာစွဲကပ်ခြင်း | ၇ |
| ပီတိ ၅-မျိုး အဓိပ္ပါယ် | ၃၄၅-၆ |
| ပုဂ္ဂိုလ် ၂-မျိုး | ၄၀၉ |
| ပုဂ္ဂိုလ် ၄-မျိုး (ခွဲခြားပြချက်) | ၄၀၈ |
| "ပုဂ္ဂိုလ်ယုတ်မြတ်" အစရှိသော ဘုရားရှိခိုးလင်္ကာ | ၆ |
| ပုဏ္ဏဇိသူဌေးသားအကြောင်း | ၅၂၁ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ ပ ] | |
| ပုဏ္ဏာကျွန်မအလောင်းမှ ပံသုကူကောက်ခြင်း | ၅၅၅ |
| ပုဏ္ဏာကျွန်မအား ညောင်ပင်ကို ရှင်းလင်းစေပုံ | ၂၉၅ |
| ပုဏ္ဏာကျွန်မအား သွီးကြီးအရာ ထားပုံ | ၂၈၅ |
| ပုဏ္ဏာကျွန်မ ညောင်စောင့်နတ် အကြောင်း ပြောကြားပုံ | ၂၉၅ |
| ပုဏ္ဏား ၈-ယောက်တို့၏ အမည်များ | ၁၀၈ |
| ပုဏ္ဏား တရာ့ရှစ်ယောက်မှ ရှစ်ယောက်တို့ကို ရွေးနုတ် နိမိတ် ဖတ်စေပုံ | ၆၅၊၆၆ |
| ပုဏ္ဏားတို့နိမိတ်ဖတ်လျှောက်ရာ၌ ပြုလုပ်ပုံအစီအစဉ် | ၂၂-၃ |
| ပုဏ္ဏားတို့ ယုံမှားမှုကိုပယ်ရှင်း တော်မူခြင်း | ၅၈၃ |
| ပု-ဒိ-အာ ဝိဇ္ဇာသုံးပါးရရှိတော် မူခြင်း | ၃၁၃ |
| ပုဗ္ဗနိမိတ်ခေါ် အံ့ဖွယ်ကြီး ၃၂-ပါး တို့ဇာတိခေတ်အတွင်း၌သာ ဖြစ်ပေါ်ခြင်း | ၂၁ |
| ပုဗ္ဗနိမိတ် ၃၂-ပါးကို အံ့ဖွယ်ကြီး ဟူ၍လည်း ခေါ်ပုံ | ၂၁ |
| ပုဗ္ဗနိမိတ်ကြောင့် အိပ်မက် မက်ပုံ | ၂၆၇-၈ |
| ပုဗ္ဗနိမိတ် ၅-ပါးကို ပညာရှိနတ် တို့သာ သိကြခြင်း | ကေ |
| ပုဗ္ဗနိမိတ် ၅-ပါး ထင်ရှား ဖြစ်ပေါ်ပုံ | ၄-၅ |
| ပုဗ္ဗနိမိတ် ၅-ပါး နတ်တိုင်း မဖြစ်ပုံ | ကေ |



| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ ပ ] | |
| ပုဗ္ဗေနိဝါသ (အဓိပ္ပါယ်) | ၃၁၃ |
| ပုဗ္ဗေနိဝါသ အဘိညာဉ်၏ အကျိုးထူးများ | ၃၂၄၊၃၂၅ |
| ပုဗ္ဗေနိဝါသအဘိညာဉ်တချက်မြင် ဘဝအဆက်ဆက်မြင်နိုင်ပုံ | ၃၂၄ |
| ပုဗ္ဗေနိဝါသအဘိညာဉ်ရတော် မူခြင်း | ၃၁၃၊၃၂၆ |
| ပုရိန္ဒမမင်း၏ သား,မြေးဆက် | ခံ၊ခဲ |
| ပိုလျှံသော ထောပတ်ဆီပမာ ပီတိတရား အပြင်သို့လျှံ ထွက်ခြင်း | ၃၅၇ |
| ပျားနှင့်စပ်သည့်အကြောင်း အရာများ | ကံ |
| ပြည့်ဖြိုးသော ကိုယ်တော်ရှိခြင်း အကြောင်း ကမ္ဘစသည် ၄-ချက် | ဓိ |
| ပြည့်ဖြိုးသော ကျောပြင်လက္ခဏာ တော်ရှိခြင်း | ဓိ |
| ပြည့်ဖြိုးသော ကိုယ်တော်ရှိခြင်း လက္ခဏာတော် | ဓိ |
| ပြာပူမိုးလက်နက် ခြောက်ကြိမ် မြောက်လွှတ်ပုံ | ၂၈၉ |
| ပြိတ္တာတို့အောင်သံ(ဗိမ္ဗိသာရမင်း) ကြားပုံ | ၆၁၅ |
| ပြိတ္တာတို့ကို အမျှဝေပုံ | ၆၊၁၃ |
| ပြုံးပြုံးပြက် ဖြစ်သော စိတ် အင်္ဂါ(ပရိယောဒါတ) | ၃၂၁ |
| [ ဖ ] | |
| ဖနောင့်တော်လက္ခဏာ | ငါ၊၇၅ |
| ဖမျက်တော်မြင့်၍ မွေးညှင်းတော် ပျံသော လက္ခဏာတော် | ငဲ |

http://www.dhammadownload.com




အက္ခရာစဉ် စာမျက်နှာ

[ ဖ ]

ဖဝါးတော်ညီညာသောလက္ခဏာ
တော်ကြီး ဿား

ဖဝါးတော်ဝယ် တရားစက်ကွက်
စက်လက္ခဏာပါရှိကြောင်း ၈

ဖန်ရည်စွန်းသော အဝတ်ဆို
ဝတ်ခြင်း(ခလေ့) ၆၁၂

ဖန်ခါးသီးဆောင်၍ တန်ခိုး
ပြခြင်း ၅၆၀

ဖွားဖက်တော် ခုနစ်ဦး
အကြောင်း ၁၂-၃

ဖွားမြင်ပြီးသော အလောင်း
တော်ကို နတ်ဗြဟ္မာတို့
အဆင့်ဆင့် ခံယူပုံ ၃၇

ဖွားမြင်ပြီးသော အလောင်း
တော်သည် အရပ်ဆယ်မျက်
နှာတို့ကို ကြည့်ရှုပုံ ၃၇-၈

ဖွားမြင်ပြီးသော အလောင်း
တော်သည် မြောက်အရပ်သို့
ခုနစ်ဖဝါးလှမ်းကြွပုံ ၃၈

ဖွားသစ်စနွားသူငယ်၏ မျက်မွေး
ကဲ့သို့ မျက်မွေးတော်ရှိခြင်း
လက္ခဏာတော် ၉၅-၆

ဖုဿဘုရားကို ခမည်းတော်ထံ
မြန်မာပို့ခြင်း ၆၁၂

ဖုဿဘုရား ညီတော်
၃-ယောက်ညာဏ် ၆၀၉

ဖုဿဘုရားလက်ထက်တော်က
အကြောင်းအရာ ၆၀၇

ဖိုလ်ကိုဆင်ခြင်သောညာဏ် ၃၃၉

ဖြူဝင်းသော စွယ်တော်ရှိပုံ ဆ

[ ဗ ]

ဗလဒတ္တမင်း၏ အား ပြိုင်
အဆက် [illegible]

ဗာရာဏသီပြည်၌ ဗိုလ်ချုပ်ဖအာ
မင်းများ [illegible]

ဗာဟိရနိဒါန်း ၄၁၃

ဗိမ္ဗိသာရမင်း၏ တောင့်တချက်
၅-ပါး ၅၈၈-၉

ဗိမ္ဗိသာရမင်း ဥယျာဉ်
လှူဒါန်းခြင်း ၅၉၇

ဗိမ္ဗိသာရမင်းကြီးက အလောင်း
တော်အား ကြည့်ရှုစေပုံ ၂၁၃

ဗိမ္ဗိသာရမင်းကြီးက
မင်းစည်းစိမ်ဖြင့်ဖိတ်ကြားပုံ ၂၁၅

ဗိမ္ဗိသာရမင်းကြီးက မိမိတိုင်း
ပြည်သို့ ရှေးဦးကြွရောက်
ပါရန် လျှောက်ထားပုံ ၂၁၈

ဗိမ္ဗိသာရမင်းကြီးနှင့် ပုဏ္ဏား
သူဌေးများ သောတာပန်
တည်ခြင်း ၅၈၈

ဗုဒ္ဓကောလာဟလအကြောင်း ကီ

ဗုဒ္ဓကောလာဟလဖြစ်ပေါ်ပုံ ၃

ဗုဒ္ဓကောလာဟလ ဘုရားရှင်တို့
အသက်တမ်း ခေတ်အား
လျော်စွာ ဖြစ်ခြင်း ကီ

ဗုဒ္ဓစက္ခု(ဘုရားမျက်စိ)အစုံ ၄၀၇

ဗုဒ္ဓန္တရကပ် အဓိပ္ပါယ် ၂၀၅

ဗုဒ္ဓဝင်ကျမ်းချင်း ဝါဒကွဲ
ပြဆိုချက် ၁၁၂-၃

ဗောဓိ ၅-ပါး ကွဲပြားပုံ ၁၄၈

ဗောဓိ ၃-ပါး ၅၀၆

ဗောဓိပင်၏အရှေ့ဘက်၌ မြက်
ရှစ်ဆုပ်ကို ကြဲဖြန့်ပုံ ၂၈၁

http://www.dhammadownload.com




အကြောင်းအရာစဉ် — စာမျက်နှာ

[ ဗ ]

ဗေဒါမိမတ္တိုင် ကြွရာ လမ်းအကြား၌ သောတ္ထိယ မြက်ရှစ်ဆုပ်လှူဒါန်းပုံ ၂၇၉
ဗိုလ်ခြေတထောင် တင်ရ ချရသော လေးဟူရာ၌ ရှင်းလင်းချက် ၁၃၆
ဗျဂ္ဃပဇ္ဇမြို့ ခေါ်တွင်ခြင်းအကြောင်း ၈
ဗြဟ္မာကခေါ် ဆိုကြောင်းတရား၇-ပါး ၃၇၅
ဗြဟ္မဒတ္တမင်း၏သားမြေးအဆက် ခေ "ဗြဟ္မဒေဝ" အစချီသော မင်းဆက်လက်ာ ခေါ်
ဗြဟ္မဒေဝမင်း၏ သား မြေးအဆက် ခေါ
ဗြဟ္မာတို့ ကောင်းချီးပေး၍ ကြွေးကြော်ပုံဂါထာ ၃၁၁
ဗြဟ္မာတောင်းပန်မှု တရားဟောခြင်းအကြောင်း ၄၀၃
ဗြဟ္မာမင်း၏ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်တော်ရှိခြင်းလက္ခဏာ ၈၂-၃

[ ဘ ]

ဘဒ္ဒကစ္စာနာခေါ် ယသောဓရာ မိဖုရားကြီးအကြောင်း ၁၅၂
ဘဒ္ဒဝဂ္ဂီနောင်ညီမင်းသားတို့အကြောင်း ၅၃၉၊၅၄၃
ဘဒ္ဒဝဂ္ဂီမင်းသားတို့၏ ရှေးကောင်းမှု ၅၄၃
ဘဒ္ဒိယထေရ် သောတာပန်ဖြစ်ခြင်း ၄၂၉
ဘဗ္ဗပုဂ္ဂိုလ်(အဓိပ္ပါယ်) ၄၀၉
"ဘဝထိုထို"အစချီသော ဘုရားရှိခိုးလင်္ကာ င
ဘိရွတရား မာရ်နတ်၏ ဆန္ဒတပ်သားမည်ပုံ ၂၃၃
"ဘုန်းရောင်ထွန်းထိန်"အစချီသော ဘုရားရှိခိုးလင်္ကာ ၃၉၇
ဘုရားလောင်း အသဗိသမင်း၏ လေးအတတ် ၁၄၅
ဘုရားလောင်းအား မာရ်နတ်သား ပြောကြားပုံ ၂၄၀-၉
ဘုရားလောင်း၏အိပ်မက်ကြီး ၅-ပါး သရုပ် ၂၆၅
ဘုရားလောင်းက မာရ်နတ်အား ရဲရဲတောက်ပြန်ကြားပုံ ၂၄၇
ဘုရားလောင်း၏တခုထည်းသော ဆုတောင်း ၃၃၃
ဘုရားလောင်း၏မျိုးဆက်ဆွေစဉ် အကျဉ်းချုပ် ခါ
ဘုရားလောင်းတို့သန္ဓေကိန်းဝပ်ရာဝမ်းတိုက် စေတီထိုက်ပုံ ၂၆၇
ဘုရားလောင်းတို့သန္ဓေတည်ချိန်မှစ၍ တပါးသူ၏ခြေရင်း၌ ဝပ်စင်းရှိုး မရှိပုံ ၂၅
ဘုရားလောင်း မယ်တော်များလောဘရမ္မက်စိတ် မရှိပုံ ၂၆
ဘုရားလောင်းမယ်တော်များ သီလမြဲမြံပုံ ၂၅
ဘုရားလောင်းတိုင်း ခုနစ်ရက်မျှ ရွက္ခရစရိယာကျင့်ရပုံ ၂၆၁

http://www.dhammadownload.com




အကွရာစဉ် — စာမျက်နှာ

[ ဘ ]

ဘုရားလောင်းပဋိသန္ဓေတည်နေ ချိန်မှစ၍ နတ်မင်းကြီးများ စောင့်ရှောက်ပုံ — ၂၃
ဘုရားလောင်းပဋိသန္ဓေတည်ရာ၌ ပုဗ္ဗနိမိတ်ကြီးများဖြစ်ပေါ် လာပုံ — ၁၈-၂၁
ဘုရားလောင်းပဋိသန္ဓေတည်နေ သည့်ခန္ဓာနှင့် ပဋိသန္ဓေစိတ် — ၁၇
ဘုရားလောင်း ပဋိသန္ဓေ တည်နေသည်နှင့် တပြိုင်နက် မြေကြီးပြင်းစွာ လှုပ်ခြင်း — ၁၇-၈
ဘုရားလောင်း ဖွားမြင်ပုံ အကြောင်းအရာ — ၃၀
ဘုရားလောင်းဖွားမြင်သော ခဏ၌ ဖြစ်ပေါ် လာသော ပုဗ္ဗနိမိတ်များ — ၄၅၊၅၂
ဘုရားလောင်း နတ်သားထံ တောင်းပန်ကြပုံ — ၄-၅
ဘုရားလောင်းများ လူအဖြစ် ပဋိသန္ဓေနေခြင်းအကြောင်း (ချုပ်ချက်) — ၁၈၀
ဘုရားလောင်းသန္တာန်၌ဖြစ်ဘူး သော ဝိပဿနာဉာဏ်များ — ၃၃၇
ဘုရား၏မယ်တော်ဖြစ်ထိုက် သည်ကို ကြည့်ရှုပုံ — ၉၊၁၀
ဘုရားကို ချီးမွမ်းသော ၅-ဂါထာ — ၄၇၁
ဘုရားဆုတောင်းခြင်း၏အကျိုး ကြီးမားပုံ — ၁၃၃
ဘုရား၊ တရား၊ သံဃာကို ကိုယ်ပိုင် ပြုထားသော မင်းကြီး — ၆၀၈

အကွရာစဉ် — စာမျက်နှာ

[ ဘ ]

ဘုရားဖြစ်ခါနီး သုံးသပ်မြဲ ဖြစ်သောတရား — ၁၁၇
ဘုရားဖြစ်တော်မူခဏ်း — ၂၆၂၊၃၃၉
ဘုရားဖြစ်ပွင့်ရာ အမျိုးကို ကြည့်ရှုပုံ — ၉
ဘုရားဖြစ်ပွင့်ရာ ကျွန်းကို ကြည့်ရှုပုံ — ၈
ဘုရားဖြစ်ပွင့်ရာအခါကိုကြည့်ရှုပုံ — ၆
ဘုရားဖြစ်ပွင့်ရာ အရပ်ဒေသကို ကြည့်ရှုပုံ — ၈
ဘုရားဖြစ်မည့်နေ့ တသိန်းတန် ရွှေခွက်ရခြင်းသည် ဓမ္မတာ ဖြစ်ပုံ — ၂၇၆
ဘုရားဖြစ်သောအခါ အံ့ဩ ဖွယ်တို့ဖြစ်ပေါ် ပုံ — ၃၅၈-၁
ဘုရားရှိခိုးလက်ာများ — ၆-၈၁၊ ၇၄-၅၊ ၂၉၁-၂၊ ၃၃၆၊ ၃၉၇-၉
ဘုရားရှင်၏ပုဗ္ဗေနိဝါသ အဘိညာဉ် ရှုမ်းရည် — ၃၂၄
ဘုရားရှင်ဦးစီး၍ သာဓကေ၏ စေတီတည်ခြင်း — ၅၀၀
ဘုရားရှင်က ဉရုဝေလကဿပကို မေးပုံ — ၅၀၄
ဘုရားရှင် ကလီယုဂ်၌ ပွင့်တော် မူခြင်း — ၈၀
ဘုရားရှင် တရားမဟောရန် စိတ်ညွတ်ပုံ — ၃၉၉-၄၀၂
ဘုရားရှင်တို့ အရပ်တပါး ပြောင်းကြွခြင်းအကြောင်း ၅၁၉
ဘုရားရှင်တို့ အဆက်တရာတမ်း အောက်နှင့် တသိန်းဟာမ်း အထက် ပွင့်တော်မမူပုံ — ၇

http://www.dhammadownload.com




အက္ခရာစဉ် စာမျက်နှာ

[ ဘ ]

ဘုရားရှင်တို့၏
ဂုဏ်ကျေးဇူးများ ၃၄၂
ဘုရားရှင်တို့၏ခေတ်တော်
များ အကြောင်း ၄၃၁
ဘုရားရှင်တို့ အိုရခြင်း,
သေရခြင်းအကြောင်း
(ရှင်းချက်) ၃၀၁
ဘုရားရှင်တို့ ကျေးဇူးကို
အထူးသိတော်မူပုံ ၄၁၄
ဘုရားရှင်တို့သာ မြင်မက်သော
အိပ်မက်ကြီး ၅-ပါး ၂၇၀
ဘုရားရှင်တိုင်း၏ မွေ့တာ ၄၀၃
ဘုရားရှင်တိုင်း ဖြစ်ပေါ်သည့်
အကြွံဆော် ၄၀၁-၂
ဘုရားရှင်တိုင်း မစွန့်အပ်သည့်
မွေ့စကြာ ဟောရာအရပ် ၂၆၅
ဘုရားရှင်ထံ ရောက်လာသူတို့၏
အယူဒိဋ္ဌိကို ခွဲခြား
သိရန်နည်း ၅၈၁-၃
ဘုရားလောင်းတို့ သတိ,
သမ္ပဇဉ်နှင့် ယှဉ်လျက်
ဖွားမြင်ပုံ ၃၁
ဘုရားလောင်းသည် နတ်ပြဟ္မာ
များ ခြံရံလျက် ဗောဓိ-
မဏ္ဍိုင်ကြွရောက်ပုံ ၂၇၉
ဘုရားလောင်း ဗောဓိမဏ္ဍိုင်သို့
ကပ်ရောက်ပုံ ၂၇၉၊ ၂၈၀
ဘုရားလောင်းသည် မြောက်
အရပ်သို့ ခုနစ်ဖဝါး လှမ်း
ကြွလျက် ကြုံးဝါးပုံ ၄၀

အက္ခရာစဉ် စာမျက်နှာ

[ ဘ ]

ဘုရားလောင်းသည် မြောက်
အရပ် လှမ်းကြွရာ၌ နတ်
ပြဟ္မာများ ပူဇော်ပုံ ၁၈
ဘုရားဟုတ်,မဟုတ် ဖောမစတာနတ်
မင်း၏ စိစစ်ချက်များ ၄၄၅-၆
ဘိုးတော်အဋ္ဌနမင်းကြီး သင်္ကာ-
ရာင်ဖြို့ခြင်းအကြောင်း ၈၁

[ မ ]

မံသပေသူပမာကာမာ=ကာမ
တရားတို့ သားတစ်နှင့်တူပုံ ၁၈၀
မက္ခ ထမ္ဘတရား မာရ်နတ်၏
အင်္ဂမတပ်သားမည်ပုံ ၂၅၆
မကိုင်းမညွတ်ပဲ ဒူးဝန်းတော်ကို
သုံးသပ်တော်မူနိုင်ခြင်း ၈၁
မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ
ဉာဏ် ၃၃၉
မဂ်ချာန် ၂၀-ရေတွက်ပုံ ၃၄၇
မဂ်ဉာဏ်တခုဖြင့် နိဗ္ဗာန်သို့
၂-ခေါက် မရောက်နိုင်ပုံ ၄၉၀
မဂ်ဉာဏ် ၄-ရပ် ဘုရားလောင်း၌
ဖြစ်ခြင်း(ရှင်းချက်) ၃၂၉၊ ၃၄၄
မဂ္ဂကထာ(အကျယ်) ၅၀၈-၉
မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ ၃၄၄
မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ
(အဓိပ္ပါယ်) ၃၄၄
မင်္ဂလကောလာဟလ
(အကြောင်း) ၈၇
မင်္ဂလာဥယျာဉ်တော်သို့
ထွက်ခြင်း ၁၅၅
မင်္ဂလာရေကန် ဖန်ဆင်းရန်ဝိဿကြွံ
နတ်သားအားညွှန်ကြားခြင်း ၁၂၆

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| [ မ ] | |
| မရှုံ့အပ်သော မြေကြော မဟာရာအရပ် | ၂၆၅ |
| မဇ္ဈိမဒေသ-အရပ် ကောက်ယူပုံ | ၈ |
| မထုရာပြည်၌ စိုးအုပ်သော မင်းများ | ၆၂ |
| မနသာဒေါင်း အစိမ့်ပွါယ် | ၃၅၄ |
| မနုမည်သော အလောင်း မင်းမြတ်အကြောင်း | ၆၁ |
| မပြည့်သည့်အိုး ဖောင်ပင်ခတ်ပုံ (ဥပမာ) | ၄၉၅-၆ |
| "မလိမ်မထောင့်" အစချီသော ဘုရားရှိခိုးလင်္ကာ | ၈၁ |
| မဟာဏ္ဍ ၄-ပါး | ၃၈၉ |
| မဟာနာမထေရ် သောတာပန် ဖြစ်ခြင်း | ၄၂၉ |
| မဟာနာရဒကဿပဇာတ်ကို ဟောခြင်း | ၅၈၇ |
| မဟာပထဝီမြေကြီးကို သက်သေတည်ပုံ | ၃၀၆ |
| မဟာပုရိသလက္ခဏာတော်ကြီးများ ပြန်လည်ထင်ရှားလာပုံ | ၂၆၄ |
| မဟာပုရိသလက္ခဏာတော်ကြီး ၃၂-ပါးအကြောင်းအရာ | ၆၈၊ ၇၁ |
| မဟာပုရိသလက္ခဏာတော်ကျမ်း အကြောင်း | ၉၀-၁ |
| မဟာပုရိသလက္ခဏာတော်ကျမ်းကို ပြဟ္မာကြီးများ လာရောက် ဆင်ပေးပုံ | ၆၇ |
| မဟာဗောဓိနှင့်ဗာရာဏသီ အကွာအဝေး | ၄၁၄ |
| မဟာဗောဓိနှင့်ဗုဒ္ဓဂယာ အကွာအဝေး | ၄၁၄ |



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| [ မ ] | |
| မဟာပြဟ္မာမင်းပူဇော်ပုံ | ၃၅ |
| မဟာမာယာဒေဝီ ကပိလဝတ် ပြန်လည်လာပုံ | ၁၅ |
| မဟာမာယာဒေဝီ ဒေဝဒဟပြည် ကြွချီပုံ အစီအစဉ် | ၁၀-၂ |
| မဟာမာယာဒေဝီ မိဖုရားထံ အင်ကြင်းခက် ကပ်ရောက်လာပုံ | ၃၅ |
| မဟာမာယာဒေဝီ မိမိဝမ်းတွင်း က သားတော်ကိုမြင်ပုံ | ၂၇-၈ |
| မဟာမာယာဒေဝီသည် ဝမ်းတွင်းက သားတော်ကို မြင်ရခြင်း၏ ရှေးအကြောင်း | ၂၉ |
| မဟာဝဇီရဝိပဿနာဉာဏ်နှင့် ဓားသွား ဥပမာ | ၃၃၆ |
| မဟာဝဇီရ ဝိပဿနာ ပွါးများပုံ | ၃၃၄-၆ |
| မဟာသမ္မတအမည်ရပုံ | ၆ |
| မဟာသမ္မတစသော မင်းစဉ် မင်းဆက် | ၆၆ |
| မဟာသမ္မတ မင်းဆက်လင်္ကာ | ၃ |
| မဟာသာဝက၏ ပါရမီ | ၃၄၈-၉ |
| မဟိန္ဒမင်း၏ သားမြေးအဆက် | ၆၁ |
| မယ်တော်မဟာမာယာဒေဝီ နတ်ရွာစံရသည့် ရှင်းချက် | ၁၁၂-၃ |
| မယ်တော်မဟာမာယာဒေဝီသည် သန္တုသိတနတ်သားဖြစ်ပုံ | ၁၁၂ |
| မယ်တော်မာယာ နတ်ရွာ စံသောအရွယ် ရှင်းချက် | ၁၁၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| [ မ ] | |
| မယ်တော်မာယာသည် နတ်သမီး နတ်သားဖြစ်သည်ကို ပြဆိုချက် | ၁၁၅ |
| မယ်တော်ဝမ်းတိုက်ရှိ အလောင်း မင်းသားက မယ်တော်ကို မမြင်ရာ၌ မှတ်ဖွယ် | ၂၉ |
| မယ်တော်များလောဘရမ္မက်စိတ် မရှိခြင်း | ၂၆ |
| မယ်တော်များ သီလမြဲခြင်း | ၂၅ |
| မယ်တော်ဝမ်းတိုက် စေတီထိုက်ခြင်း | ၂၆-၇ |
| မာရ်စစ်သည် ဆယ်ပါးသရုပ် | ၂၅၁၊ ၂၅၆-၇-၈ |
| မာရ်နတ် စစ်တပ်ကြီး ပြိုကွဲပုံ | ၃၀၇ |
| မာရ်နတ်၏ တပ်မကြီး ပမာဏ | ၃၀၄ |
| မာရ်နတ်၏ လက်နက် ၉-မျိုး | ၂၈၇ |
| မာရ်နတ်က အကျိုးလိုဟန် ပြော ကြား တားမြစ်ပုံ | ၂၄၇ |
| မာရ်နတ်ကား နတ်မင်းကြီး မဟုတ် နတ်သူပုန်ခေါင်း ဆောင်သာ ဖြစ်ခြင်း | ၂၈၄ |
| မာရ်နတ်စစ်တပ် အရေအတွက် | ၂၈၄ |
| မာရ်နတ်စစ်ချီလာစဉ် အလောင်းတော်နှင့်ဗောဓိ ပင်အနီး နေဝံ့သူ မရှိပုံ | ၂၈၅ |
| မာရ်နတ်နှင့် အလောင်းတော် ပြောဆိုသော စကားများ | ၁၉၈ ၂၄၈-၉ |
| မာရ်နတ်၏ အဋ္ဌမတပ်သား | ၂၅၆ |
| မာရ်နတ်၏ ၁၆-ကြောင်းသော မြေကြီး အရေးအခြစ် | ၃၇၉ |
| [ မ ] | |
| မာရ်နတ်သွီးတို့ လာရောက် ဖြားယောင်းခြင်း | ၃၇၉ |
| မာရ်နတ်မင်း လက်ဈေး အရှုံးပေးခြင်း | ၃၇၁ |
| မာရ်နတ်ရောက်ချိန် ဘုရားလောင်း ရဲဝံ့စွာ ထိုင်နေပုံ | ၂၈၆ |
| မာရ်နတ်လာ၍ အဟန့်အတား စကားပြောခြင်း | ၅၃၀၊ ၅၃၆ |
| မာရ်နတ်လာ၍ ဟန့်တားခြင်း | ၅၃၆ |
| မာရ်နတ်လာရောက်ချိန် ကြိုတင် ဖြစ်ပေါ်သော နိမိတ်ဆိုး ကြီးများ | ၂၈၅ |
| မာရ်နတ်လာရောက်ရာ၌ ဘုရား လောင်းသည် ပါရမီဆယ်ပါး ကို ဆင်ခြင်နေပုံ | ၂၈၇ |
| မာရ်နတ်၏ စတုတ္ထတပ်သား | ၂၅၄ |
| မာရ်နတ်၏ စက်လက်နက် အကြောင်း | ၂၉၀ |
| မာရ်နတ်၏ ပဉ္စမ တပ်သား | ၂၅၅ |
| မာရ်နတ်သား စက်လက်နက် လွှတ်ခြင်း | ၂၉၀ |
| မာရ်နတ်သား စုတေပြီးနောက် လားရမည့် ဒုဂ္ဂတိဘေးကို မမြင်ပုံ | ၂၉၄ |
| မာရ်နတ်သား စစ်သည်ရှုံး၍ ချီတက်လာပုံ | ၂၈၃-၄ |
| မာရ်နတ်သား ထွက်ပြေးပုံ | ၃၀၇ |
| မာရ်နတ်လက်နက်ကိုးဖြာ ဆောင်မေယျဝန္တနာဂါဝါ ပါဠိ နိဿယ | ၂၉၁-၂ |
| မိဂဒါဝုန်တောသို့ ကြွခြင်း | ၄၁၁ |

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| [ မ ] | |
| မိစ္ဆာဝိတက် ၃-ပါး | ၃၂၀ |
| မိစ္ဆာဝိမောက္ခ (အဓိပ္ပါယ်) | ၄၁၀ |
| မိထိလာပြည်၌ စိုးအုပ်သော မင်းများ | ခံ-ခါး |
| မိမိကိုယ်ကိုရှာရန် တရားတော် | ၅၄၁ |
| မိမိမြားဖြင့် ရန်သူများကို ဆီးကာသော သရုပ္ပမာဟနမြား အထက်ပြခြင်း | ၁၄၀ |
| "မိသားအဖ" အစချီသော ဘုရားရှိခိုးလင်္ကာ | စ၁ |
| မိန်းမတို့၏အပြစ် ၆-ပါး | ၁၅၄ |
| မိန်းမပျောက်ရှာသူတို့အား တရားဟောခြင်း | ၅၄၁ |
| မိန်းမမြတ်တို့၏ ကောင်းခြင်း ၅-ပါး သရုပ် | ၁၅၃ |
| မီးအိုးကင်းငါးရာ ဖန်ဆင်း၍ တန်ခိုးပြခြင်း | ၅၆၃-၄ |
| မီးကျီးစိုင်မိုးလက်နက် ငါးကြိမ်မြောက်လွှတ်ပုံ | ၂၈၉ |
| မီးငြိမ်းစေ၍ တန်ခိုးပြခြင်း | ၅၆၂-၃ |
| မီးငြိမ်းမရအောင်တန်ခိုးပြခြင်း | ၅၆၂ |
| မီးတောက်စေ၍ တန်ခိုးပြခြင်း | ၅၆၂ |
| မီးမတောက်အောင် တန်ခိုးပြခြင်း | ၅၆၂ |
| မုစလိန္ဒသတ္တာဟ | ၃၉၀ |
| မုန်ညင်းစေ့ထဲ စကြံလျှောက်နိုင်ခြင်း | ၃၀၄ |
| မုနိ ၅-ပါး | ၄၇၇ |
| မိုးရေအဟုန် လက်နက် နှစ်ကြိမ်မြောက်လွှတ်ပုံ | ၂၈၈ |
| မွေးညှင်းတတွင်းလျှင် တပင်စီသာ ပေါက်ခြင်းလက္ခဏာ | ခဲ-ဂ၁ |
| [ မ ] | |
| မောနေယျအကျင့်ကို ဟောတော်မူခြင်း | ၄၇၅ |
| မောနေယျအကျင့် ၂၃-ဂါထာနှင့် မြန်မာပြန် | ၄၇၈၊၄၈၇ |
| မောနေယျအဓိပ္ပါယ် | ၄၇၈ |
| မောနေယျကောလာဟလ | ကု |
| မောနေယျမဟ္ဂိုလ် ၃-မျိုး | ၄၉၉ |
| မောနေယျကျင့်သူနှင့် အင်ရုန်းသွား ဥပမာ | ၄၉၂ |
| မွေးညှင်းတော်လက္ခဏာ | ဂ၁ |
| မင်းသို့လေးဆောင်းခြံရံလျက် ထီးနန်းစိုးစံခြင်း | ၁၅၂ |
| "မျက်စောင်းမထိုး" အစချီသော ဘုရားရှိခိုးလင်္ကာ | စေ |
| မျက်မွေးတော် အလွန်နူးညံ့ခြင်း၏အကြောင်း ကမ္မစသည် ၄-ချက် | စူ |
| မျက်မှောင်တော်နှစ်ဖက်အလယ်၌ ဥဏ္ဏလုံမွေးရှင်လက္ခဏာတော် | ၉၆ |
| မြေကြီးကိုတုန်လှုပ်စေ၍ အလှူခံသောကျောင်း | ၅၉၉ |
| မြားအဆက်ဆက်ဖြင့် မှန်အောင်ပစ်နိုင်သော သရဝေဓိမြားရေးကြီးအတတ် | ၁၄၃ |
| မြားရေးကြီး ၄-ပါးတို့ကို ပြတော်မူခြင်း | ၁၄၃ |
| မြားရေးငယ် ၁၂-ပါးကို ပြတော်မူခြင်း | ၁၃၈ |
| မြက်ရှစ်ဆုပ်ကြဲဖြန့်ရာ၌ ရတနာပလ္လင်ပေါက်လာပုံ | ၂၈၁ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မြင်းမြီးဆွဲဆန္ဒအမတ် | ၁၉၆ |
| မြစ်ကြီးဥပမာနှင့် ချောင်းငယ်ဥပမာ (လိုက်နာဖွယ်) | ၄၈၅ |
| မြတ်စွာဘုရား၏ ဝိသုဒ္ဓိ ၃-ပါး | ၁၄၂-၃ |
| မြတ်စွာဘုရား မာရ်နတ်သို့ တို့အား မိန့်ကြားသော ၂-ဂါထာ ပါဠိအနက် | ၁၇၅ |
| မြတ်စွာဘုရားရှင်တို့ တရားဟော ခြင်း အကြောင်း ၂-မျိုး | ၄၀၂-၃ |
| မြတ်စွာဘုရားသည် တရားတော် နက်နဲပုံ လေးနက်စွာ ဆင်ခြင်တော်မူခြင်း | ၃၉၉ |
| မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ် ကိုသာ ဆင်ခြင်တော်မူခြင်း | ၃၅၆ |
| မြတ်စွာဘုရား ကျူးရင့်သည့် ဥဒါန်းဂါထာ | ၃၅၇ |
| မြောက်ကျွန်းသို့ ဆွမ်းခံကြွပုံ | ၅၄၄ |
| **[ ယ ]** | |
| ယထာကမ္မူပဂဉာဏ်(အဓိပ္ပါယ်) | ၃၂၆ |
| ယထာဘူတဉာဏဒဿနဝိသုဒ္ဓိသို့ ဆိုက်ရောက်တော်မူခြင်း | ၃၂၉ |
| ယေဓါဟေ-စသော ဂါထာ ၃-ပုဒ် ပါဠိအနက် | ၃၅၇၊၃၆၀ |
| ယာဇကပါဠိဟာရိယဉာဏ်ရကြောင်း ပါရမီကိုငါမဆည်းပူးခဲ့ချေဟု မာရ်နတ် အကြောင်း ရေးခြင်း | ၃၀၂ |
| ယသ၏ဖခင် သောတာပန်တည်ခြင်း | ၅၁၂ |
| ယသ၏မိခင်နှင့်ဇနီးသောတာပန် တည်ခြင်း | ၅၁၀ |
| **[ ယ ]** | |
| ယသ၏သူငယ်ချင်း ၅၄-ယောက် ရဟန်းပြုခြင်း | ၅၂၀ |
| ယသထေရ်အကြောင်း | ၅၂၆ |
| ယသသူဌေးသား စည်းစိမ်ခံပုံ | ၅၀၁ |
| ယသသူဌေးသားရဟန်းပြုခြင်း အကြောင်း | ၅၀၀-၅၂၀ |
| ယသောဓရာမိဖုရား၏ရုပ်အဆင်း အကြောင်း | ၁၅၂ |
| ယာစိတကူပမာ ကာမာ=ကာမ တရားတို့ အငှါးပစ္စည်း နှင့်တူပုံ | ၁၈၅ |
| ယုက်လေးပါးနှင့်နှစ်အရေ အတွက် | ၈၀ |
| ယူဇနာတရာ့ခါးဆယ်ရှိသော ဂီရိမေခလာဆင် | ၂၇၄ |
| ယူဇနာသုံးဆယ်ကိုတရက်တည်း မြင်းကြွသွားတော်မူပုံ | ၂၀၉ |
| ယောကျ်ားနိမိတ်လက္ခဏာထူး | ၇၉ |
| **[ ရ ]** | |
| ရတနစင်္ကမစေတီတည်ခြင်း အကြောင်း | ၃၆၃ |
| ရတနာ့ဂုဏ်ရည်ပြလက်ာ | ၄၇၄ |
| ရတနာဃရစေတီတည်ခြင်း အကြောင်း | ၃၇၂ |
| ရတနာဃရရွှေအိမ်၌အဘိဓမ္မာကို ဆင်ခြင်ခြင်း | ၃၆၄ |
| ရတနာဃရသတ္တာဟ | ၃၆၄ |
| ရတနာ့ပလ္လင် ၁၄-ဓတောင်အမြင့် ရှိပုံ | ၂၀၂ |
| ရမ္မပြာသာဒ် ဆောင်းရာသီ စံနန်းတော်စီစဉ်ပုံ | ၁၂၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ရ ]** | |
| ရဟန္တာ့ အသုံးအဆောင်များ ရေထဲမျှောခြင်း | ၅၄၃ |
| ရဟန္တာ့ ညီနောင်ရှင်တထောင်၏ အတိတ်ဇာတ်လမ်း | ၆၀၇-၆၁၄ |
| ရဟန္တာ့ ညီနောင်ရှင်တထောင်ကို ချေချွတ်တော်မူခြင်း | ၅၇၉၊၅၄၃ |
| ရဟန်းထံသို့သွား၍ အလောင်းတော်က မေးမြန်းပုံ | ၁၆၇ |
| ရဟန်းနိမိတ်ကို ရထားထိန်းအား မေးမြန်းပုံ | ၁၆၇ |
| ရဟန်းနိမိတ်ကိုမြင်တော်မူခြင်း | ၁၆၇ |
| "ရဟန်းပုဏ္ဏား" အစချီသော ဘုရားရှိခိုးလင်္ကာ | ၄ံ |
| ရဟန်းပြုပေးခြင်းအင်္ဂါ ၃-ချက် | ၅၃၆ |
| ရဟန္တာ ၁၆-ကျိပ် သာသနာပြု လွှတ်တော်မူခြင်း | ၅၂၇-၉ |
| ရာဇဂြိုဟ်ပြည် ဆွမ်းခံရာ၌ အလောင်းတော်၏အကြံ | ၂၀၉ |
| ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်ပုံ | ၂၀၉ |
| ရာဇဂြိုဟ်ပြည်၌ စိုးအုပ်သော မင်းများ | ခံ |
| ရာဇဂြိုဟ်ပြည်သို့ (ဘုရားရှင်) ကြွတော်မူခြင်း | ၅၇၉ |
| ရာဇာယတန သတ္တာဟ | ၃၉၃ |
| ရာဇာဟူသော အမည်ကိုရခြင်း | ခိ |
| ရာမ၏သား ဥဒကကိုဏ်းဆရာကြီးနှင့် ဆွေးနွေးပုံ | ၂၂၇ |
| ရာမ ဆရာနည်းကိုသာ ဥဒကကိုဏ်း ဆရာက ပြောကြားပုံ | ၂၂၀-၉ |
| ရာမမင်း နှုနာရောဂါ ပျောက်ခြင်းအကြောင်း | ဓါ |
| ရာဟုလမင်းသားဟု အမည် တွင်ပုံ | ၁၇၃ |
| ရိတ်ပယ်ပြီးသော ဆံတော်ကို အမိုးဒွာန်၌ပစ်မြောက်ခြင်း | ၂၀၃ |
| ရုက္ခဖလူပမာ ကာမာ=ကာမ တရားတို့ အသီး သီးသော သစ်ပင်နှင့်တူပုံ | ၁၈၆ |
| ရုပ်ရည်အဆင်းကြည်ညိုဖွယ် ရှိခြင်းအကြောင်း ၄-ပါး | ငါး |
| ရုပ်ရည်အဆင်းပျောက်ပြန်ခြင်း (ပုဗ္ဗနိမိတ်) | ကေ |
| ရူပက္ခန္ဓာနှင့်စပ်သော အဇ္ဈတ္တိဓိဋ္ဌိ ၄-ပါး | ၃၂၅ |
| ရူပ (ပ-ဒု-တ-စ) ဈာန်ကို ဝင်စားတော်မူခြင်း | ၃၁၉-၃၂၀ |
| ရေအယဉ်အလယ်၌ စင်္ကြံ လျှောက်၍တန်ခိုးပြခြင်း | ၅၇၀ |
| ရေအယဉ် ၂-မျိုးအကြောင်း | ကား |
| ရေငုပ်ခြင်းအကျင့်(မိစ္ဆာဒိဋ္ဌိ) | ၅၆၃ |
| ရေစက်ချ အမျှဝေပုံ (ခလေ့) | ၆၁၇ |
| ရေစက်ချပုံ (နည်းယူဖွယ်) | ၅၉၉ |
| ရေစီးကြောင်းမထင် ပြည့် ဖြိုးသောကျောက်ကုန်း လက္ခဏာတော် | ဂ၅-၆ |
| ရေစိမ်ထားသည့် ထင်းစိုကြီး ဥပမာထင်ပုံ | ၂၃၄-၅ |
| ရေပြည့်အိုးပမာ လူလိမ္မာ | ၄၉၅-၆ |
| ရေသဖန်းသားအခြောက် ဥပမာ ထင်ပုံ | ၂၃၆ |
| ရေသဖန်းသား အစိုကြီး ဥပမာ ထင်ပုံ | ၂၃၅-၆ |

http://www.dhammadownload.com



အက္ခရာစဉ် — စာမျက်နှာ

[ ရ ]

ရောစနပြည်၌ စိုးအုပ်သော မင်းများ — ခေါ်
ရောင်ခြည်တော်ခြောက်ပါး ဘုရားရှိခိုး(ဂါထာ-ပါဠိ အနက်) — ၃၆၆
ရှိရှားသီးယူဆောင်ကာ တန်ခိုး ပြခြင်း — ၅၅၉
ရွှေဦးစွာ(ဥရုဝေလကဿပကို) တန်ခိုးပြခဏ်း — ၅၄၄-၇
ရွှေဦးစွာ လေပွေမုန်တိုင်း လွှတ်ပုံ — ၂၈၇
ရွှေက လေ့ကျက်ခံစားဘူး၍ အိပ်မက်မက်ပုံ — ၂၆၇
ရှင်ပြုပေးခြင်း အင်္ဂါ ၃-ချက် — ၅၃၆
ရှစ်ကြိမ်မြောက်မှ ဆယ့်တစ်ကြိမ်မြောက် အထိ တန်ခိုးပြခဏ်း — ၅၅၉-၅၆၁
ရှည်ပြန့်နူးညံ့သော လျှာတော် ရှိခြင်း အကြောင်း ကမ္ပစသည် ၄-ချက် — စံ၊၉၁
ရှည်ပြန့်နူးညံ့သော လျှာတော်နှင့် အင်္ဂါရှစ်တန် အသံတော် — စော်
ရှည်လျားသော ဖနောင့်တော် ရှိခြင်း — ငါ၊၇၅
ရှည်သွယ်သော လက်ချောင်း တော်ရှိခြင်း — ငါ၊၇၆
ရွှေအိုးကြီး ၄-လုံး သရုပ်နှင့် ပမာဏ — ၅၃
ရွှေကွန်ရက်ကဲ့သို့ လက်ချောင်း ခြေချောင်းရှိခြင်းအကြောင်း ကမ္ပစသည် ၄-ချက် — ဧဇ

အက္ခရာစဉ် — စာမျက်နှာ

[ ရ ]

ရွှေခွက်ကို အဓိဋ္ဌာန်၍ နေရဉ္စရာ မြစ်ရေညာသို့ မျှောပုံ — ၂၄၁
ရွှေနန်းတက်တော်မူခဏ်း — ၁၂
ရွှေရောင်မယှဉ်း ဝါဝင်းသော အဆင်းလက္ခဏာထော် — ငံ

[ လ ]

လက်ကတီး(=ချိုင်း)ကြားမှ ချွေးယိုခြင်း(ပုဗ္ဗနိမိတ်) — ၈၇
လက်ခြေနူးညံ့၍ ရွှေဇာကွန်ရက် ခက်သကဲ့သို့ရှိခြင်း လက္ခဏာ — ၄
လက် ခြေနူးညံ့ခြင်းလက္ခဏာ တော်၏ အကြောင်း ကမ္ပ စသည် ၄-ချက် — ဧင
လက်ချောင်းတော် လက္ခဏာ — ငံ၊၇၆
လက်နက် ၉-ပါး ဆောင် ဘုရား ရှိခိုး ပါဠိအနက် — ၂၉၁-၂
လက်နက်မိုးရွာစေခြင်းကို ၄-ကြိမ်မြောက် လွှတ်ပုံ — ၂၈၈
လက်နှစ်ဘက်ဖြင့် ပုဆစ်ဒူးဝန်းကို သုံးသပ်နိုင်ခြင်း လက္ခဏာ — ၇၈
လက္ခဏာ၏ အနက်သဘော — ဃော်
လက္ခဏာတော်ကြီး ၃၂-ပါးတို့၏ အကြောင်းကမ္ပစသည် — ဆော်
လက္ခဏာတော်ကြီး ၃၂-ပါး ဘုရားရှိခိုးလင်္ကာ — ၆-ဆာ
လက္ခဏာတော်ကြီး ၃၂-ပါးတို့၏ သဘောအဓိပ္ပါယ် — ၇၁
လက္ခဏာတော်ငယ် ၈၀-သရုပ် အဓိပ္ပါယ် — ၉၉၊၁၀၇
လက္ခဏာဖတ်ပုဏ္ဏား ၈-ယောက် တို့၏အမည်များ — ၁၀၈

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ လ ]** | |
| လက္ခဏာနိဿံသ၏အနက် သဘော | ဆော် |
| လယ်ထွန်မင်္ဂလာပွဲစဉ် | ၁၂၁-၃ |
| လယ်ထွန်မင်္ဂလာ၌ သုဒ္ဓေါဒန မင်းကြီး ၂-ကြိမ်မြောက် ရှိခိုးပုံ | ၁၂၁ |
| လုမ္ဗိနီအင်ကြင်းဥယျာဉ်တော် | ၃၂-၄ |
| လုမ္ဗိနီအင်ကြင်းဥယျာဉ်တော်နှင့် နန္ဒဝန်ဥယျာဉ်တော်တူပုံ (ဂါထာ) | ၃၃ |
| လူသားရဟန္တာ ၆၁-ပါး (လောကဥ်ရှိချိန်) | ၅၂၂ |
| လူသားရဟန္တာ ၇-ပါး (လောကဥ်ရှိချိန်) | ၅၁၈ |
| လူသားရဟန္တာ ၁၁-ပါး (လောကဥ်ရှိချိန်) | ၅၂၃ |
| လူသုံးပါး၌ဘုရားဖြစ်တော် မူခြင်း | ၃၄၂ |
| လေးအကြောင်း မှတ်သားရန် စန္ဒကိန္နရီပျို့ | ၁၃၆ |
| လေးအကြောင်း မှတ်သားရန် မဃဒေဝလင်္ကာ | ၁၃၇ |
| လေးအတတ်ကို အလှေင်း တော်ပြခြင်း | ၁၃၄၊၁၅၁ |
| လေးအတတ်ကိုပြရာ၌ ဝတ်စား ဆင်ယင်ပုံ | ၁၃၈ |
| လေးကြိမ်မြောက်တန်ခိုး ပြခဏ်း | ၅၅၀-၁ |
| "လေးကြိမ်မြောက်ထ" ချီသော ဘုရားရှိခိုးလင်္ကာ | ၃၉၈ |
| **[ လ ]** | |
| လေးဆယ့်ကိုးရက် (သတ္တသတ္တာဟ) အတွင်း၌ခံတွင်းတော်ဆေး ခြင်းစသည် မပြုပုံ | ၃၉၃ |
| လေးဆယ့်ကိုးရက် (သတ္တသတ္တာဟ) အတွင်း၌ရှာန်မင်္ဂလိုလ်ချမ်းသော ဖြင့်သာ နေတော်မူပုံ | ၃၉၄ |
| "လေးထန်ယုဂ"-အစချီသော လင်္ကာ | ဃဲ |
| လေးဆော်တင်ခဏ်း | ၁၃၅ |
| လေးလခြားပြီး နိမိတ်ကြီး ၄-ပါး ထင်ပုံ | ၁၈၀-၃ |
| လေးသချေ့နှင့်ကမ္ဘာတသိန်း ကာလအတွင်းပွင့်တော်မူ သောဘုရားရှင်များ | ၁ |
| လေးသမားကြီး ၄-ဦး၏ အမည်များ | ၁၃၉ |
| လုံးဝန်းတင့်တယ်သောခြေသလုံး တော်(လက္ခဏာကြီး) | ဧ၀ါ |
| လုံးဝန်းတင့်တယ်သော သလုံးတော် ရှိခြင်း၏ အကြောင်း ကမ္မ စသည် ၄-ချက် | ဧ၀ါ |
| လောကကြီး ထင်ရှားဖြစ်ခြင်း အကြောင်း | ၄၆၀ |
| လောကီသမာပတ်တို့၌ အပြစ်ကို ဆင်ခြင်ပုံ | ၂၅၈ |
| လောကီသမာပတ်တို့၌ အပြစ်ကို မြင်ကာ အာဠာရထံမှ ခွါခြင်း | ၂၂၅ |
| လောကီသမာပတ်ရှစ်ပါး ဝဋ်ဆင်းရဲ အခြေခံဖြစ်ပုံ | ၂၆၄ |
| လျှာတော်လက္ခဏာ | ခံ၊၉၁ |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ လ-ဝ ]

လျှပ်တပြက်အချက်များစွာမစ်နိုင်သော အက္ခဏဝေဓိမြားရေး ၁၄၃
ဝက်ဟာရဇနပုဒ် (ဥပက၏နေရာအရပ်) ၄၁၇
ဝစသာဥဇါနိ်း အဓိပ္ပါယ် ၃၅၄
ဝစိကံကြောင့် ဒုက္ကရစရိယာ ၆-နှစ် ကျင့်ရပုံ ၂၆၁-၂
ဝဇိရမုတ္တိမြည်၌ စိုးအုပ်သော မင်းများ ၆
ဝဋ်ဆင်းရဲမှ လွတ်ရာနည်း (ဂါထာ) ၄၆၅
ဝဍ္ဎဒါနနှင့် ဝိဝဋ္ဋဒါနနှိုင်းယှဉ်ပြပုံ ၂၉၆-၇
ဝတ္ထုကာမ ကိလေသကာမတို့ မာရ်နတ်၏ ပဉ္စမထပ်သားမည်ပုံ ၂၅၃
ဝပ္ပထေရ်သောတာပန်ဖြစ်ခြင်း ၄၂၉
ဝသဝတ္တီနတ်သား ဟန့်တားခြင်း ၁၉၇
"ဝသုန္ဓရေ" ချီသော မဟာသမ္မတမင်းဆက်လက်ာ ၉
ဝါဝင်းသော အဆင်းတော်ရှိခြင်း၏ အကြောင်းကမ္မစသည် ၄-ချက် ၆
ပါသရုံ-အဓိပ္ပါယ် ၄၃၂
ဝိက္ခမ္ဘနပဟာန်ဖြင့် သက္ကာယဒိဋ္ဌိကိုပယ်ခြင်း ၃၂၆
ဝိစိကိစ္ဆာတရား မာရ်နတ်၏ သတ္တမတပ်သားမည်ပုံ ၂၅၅
ဝိညာဏက္ခန္ဓာ၌ အတ္တဒိဋ္ဌိ ၄-ပါး ၃၂၅

[ ဝ ]

ဝိနည်းရိုရိုတို့ မတရားဆုံးဖြတ်ခြင်း၏ အပြစ် ၄၃၇၈
ဝိပဋိတညူပုဂ္ဂိုလ်(အဓိပ္ပါယ်) ၄၀၁
ဝိပလ္လာသ တရားကြောင့် အိပ်မက်မက်ပုံ ၂၆၉
ဝိပဿနာညစ်ညူးကြောင်းတရား(အလောင်းတော်၌) ဖြစ်ပုံ ၃၄၅-၇
ဝိပဿနာဉာဏ်စဉ် ဘုရားလောင်း၌ဖြစ်ပုံ ၃၃၀-၉
ဝိပဿနာဉာဏ်များ ၃၃၇-၀
ဝိမလ သူဌေးသား (အကြောင်း) ၂၅၁
ဝိမုတ္တိဉာဏ ဒဿနဂုဏ် (အရကောက်) ၃၄၁
ဝိဝေက ၂-မျိုး(အဓိပ္ပါယ်) ၄၉၄
ဝိသုဒ္ဓိ ၇-ပါးချင်း တူပါလျက် ဗောဓိ ၅-မျိုးကွဲရပုံ ၃၄၀-၃၅၀
ဝိသုဒ္ဓိ ၇-ပါးဖြင့်သာ နိဗ္ဗာန်မျက်မှောက်ပြုနိုင်ပုံ ၃၄၀-၃၅၀
ဝိသုဒ္ဓိ ၇-ပါး(ဘုရားရှင်၌ဖြစ်ပုံ) ၃၄၂-၇
ဝိဟာရာနုမောဒနာ(ကျောင်းလှူတရား)၁၀-ဂါထာ ၅၉၉-၆၀၆
ဝိရိယပါရမီကို မဆည်းပူးခဲ့မိချေ-ဟု မာရ်နတ်အကြောင်း အခြစ်ရေးသားပုံ ၃၀၀
ဝိရိယအင်္ဂါ ၄-မျိုး ၂၃၇၊၂၀၂
ဝေဒနာက္ခန္ဓာ၌ အတ္တဒိဋ္ဌိ ၄-ပါး ၃၂၅
ဝေဠုဝန်ဥယျာဉ်၏အင်္ဂါ ၅-ပါး ၅၉၀
ဝေဠုဝန်ဥယျာဉ်ကိုလှူခြင်း ၅၉၇

http://www.dhammadownload.com




အကြောင်းအရာ — စာမျက်နှာ

[ ဝ ]

ဝေဠုဝန်ဥယျာဉ် ရောက်ချ လှူပုံ ၃၉၉
ဝတ်လဲတော်ကို ဒုဿစေတီ တည်ခြင်း ၂၀၅

[ သ ]

သံဝေဂနိမိတ်ကြီးများ ၁၇၂
သံဝေဂယူသော ဘေးကြီး ၄-မျိုး ၁၇၁
သံဝရသီလအမိပွါယ် ၃၄၂
သံသရာဒုက္ခငြိမ်းအေးရန်နည်း ၃၀၀
သကဒါဂါမိမဂ်ပယ်သော ကိလေသာများ ၃၄၀
သကဒါဂါမိမဂ်ဖိုလ်သို့အလောင်းတော်ဆိုက်ရောက်ပုံ ၃၃၉-၃၄၀
သက္ကရာဇ်ဖြိုခြင်းအကြောင်း ဃ
သက္ကရာဇ်-သကရာဇ်ရေးထုံးများ အကြောင်း ဃ
"သက္ကရာဇ်ဒီဃ"၏ အတိတ်သာသနာနှစ် တွက်ပုံလက်ာ ဆဲ
သက္ကာယဒိဋ္ဌိ-၂၀ ၁၂၅-၆
သက္ကာယဒိဋ္ဌိကိုပယ်တော်မူခြင်း ၁၂၆
သကျသာကီဝင်-ဟု ဖြစ်ပွါး လာခြင်း ၆၈
သင္ဂကထာ(အကျယ်) ၅၀၇-၈
သစ်ရကွန်းဒ္ဂ အဋ္ဌဒိဋ္ဌိ ၄-မျိုး ၁၂၅
သစ်ပါတရား ၄-ပါး ဋ
သဇ္ဇပါရမီကို မဆည်းပူးခဲ့မိချေ-ဟု မာန်နတ် အကြောင်း အခြစ်ရေးသားခြင်း ၁၈၀
သစ္စာ ၄-ပါးကို သိနိုင်ခဲ့ပုံ (ဂါထာ) ၄၀၁

အကြောင်းအရာ — စာမျက်နှာ

[ သ ]

သညာကွန်းဒ္ဂ အဋ္ဌဒိဋ္ဌိ ၄-ပါး ၃၂၅
သတပုညလက္ခဏာတော် အကြောင်း ၁၀၇
သတ္တဋ္ဌာနစံနေတော်မူခဏ်း ၃၁၅
သတ္တဋ္ဌာနဘုရားရှိခိုးလက်ာ ၃၉၇
သတ္တဝါအပေါင်း ပင်ပန်းရခြင်း အကြောင်း ၄၆၀
"သတ္တဝါခပင်း-"၏ ဘုရားရှိခိုး လက်ာ ရ
သတ္တဝါ ၆-မျိုး ၄၀၉
သတ္တဝါတို့ အိုနာသေဘေး ကြောင့် လူ့ပြည်သို့ လာရောက်ပုံ ၂၉၈၊၃၀၀
သတ္တိသူလူပမာကာမာ=ကာမတရားတို့ လှံတံကျင်နှင့်တူပုံ ၁၈၉
သဒ္ဓါအစစ် အတု ခွဲပြချက် ၄၁၀
သဒ္ဓါတရားရှိသည့်ဘဏ္ဍာစိုး ၆၁၀
သန္တုဿိတနတ်မင်း ပူဇော်ပုံ ၂၀၁၊၁၁၆
သပ္ပသိရပမာကာမာ=ကာမတရားတို့မြွေဦးခေါင်းနှင့်တူပုံ ၁၉၀
သပ္ပါယ်သောကိုယ်တော်ရှိခြင်း ၈၁
သမ္ဗုဒ္ဓတဉာဏ်ရကြောင်း ပါရမီကို ငါမဆည်းပူးမိခဲ့ချေ-ဟု မာရ်နတ်အကြောင်းအခြစ်ရေးသားခြင်း ၁၈၄
သမ္ဗုဒ္ဓတဉာဏ်ရကြောင်း အကျင့်သိမြင်လာပုံ ၂၆၈
သမ္ဗုဒ္ဓတဉာဏ်ကို အရဟတ္တမဂ်ဉာဏ်နှင့်အတူရခြင်း ၁၄၂
သမ္ဗုဒ္ဓဘုရားတိုင်း ကျူးရှင့်သော ဥဒါန်းဂါထာ ၃၁၂

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သဓာက်ရှင်းခြင်း၏သားမြေးအဆက် | ခါး |
| သမုဒ္ဒဒတ္တမင်းဆက်(၂၅-ယောက်) | ခံ |
| သမ္မာသမ္ဗုဒ္ဓ၏ပါရမီ | ၃၄၉-၃၅၀ |
| သရက်သီးကိုဆောင်ယူကာ တန်ခိုးပြခြင်း | ၅၅၉ |
| သရဏဂုံဖြင့် ရှင်ရဟန်းပြုရန် ခွင့်ပြုခြင်း | ၅၃၃-၆ |
| သရပဒုမမြားရေးအတတ်ပြခြင်း | ၁၄၃ |
| သရပါကာဒမြားရေးအတတ် | ၁၄၂ |
| သရပါသာဒမြားရေးအတတ် | ၁၄၂ |
| သရပေါက္ခရဏီမြားရေးအတတ် | ၁၄၂ |
| သရမဏ္ဍပမြားရေးအတတ် | ၁၄၂ |
| သရရဇ္ဇုမြားရေးအတတ် | ၁၄၂ |
| သရလဋ္ဌိမြားရေးအတတ် | ၁၄၂ |
| သရဝဿမြားရေးအတတ် | ၁၄၃ |
| သရဝေဓိ မြားရေးအတတ် | ၁၄၃ |
| သရသောပါန မြားရေးအတတ် | ၁၄၃ |
| သဟမ္ပတိဗြဟ္မာကြီးအကြောင်း | ၄၀၄ |
| သဟမ္ပတိဗြဟ္မာကြီး မြတ်စွာဘုရားအားလျှောက်ထားခြင်း | ၃၀၇ |
| သဟမ္ပတိဗြဟ္မာကြီး တရားဟောရန် တောင်းပန်ခြင်း | ၄၀၄ |
| သဟမ္ပတိဗြဟ္မာကြီးလာ၍ ရှိခိုးစေခြင်းတန်ခိုးပြာဋိဟာ | ၅၅၀ |
| သဟမ္ပတိဗြဟ္မာကြီးသုံးယူငနာရှိ ထီးဖြူမိုး၍ ပူဇော်ပုံ | ၂၀၃ |
| သာကီဝင်အပေါင်းတို့ သမီးကညာ ဆက်သရာ၌ ကဲ့ရဲ့ကြပုံ | ၁၃၄-၅ |
| သာကီဝင်နှင့် ကောလိယမင်းတို့ ထိမ်းမြားခြင်း | ဂါး |
| **[ သ ]** | |
| သာကီဝင်မင်းသမီး ၄-သောင်း ထွိုကို နေရာချစ်စားပုံ | ၁၅၅ |
| "သာဂရဒေဝ"ချိမင်းဆက်လက်ာ | ဂါ |
| သာဂရဒေဝ-မင်းဆက်(ဂ၄၀၀၀) | ခါး |
| သာတာဂိရနတ်မင်းအကြောင်း | ၄၃၀ |
| သာဓိနမင်းဆက် (၂၂) | ခဲ |
| သာသနာအမြစ်တွယ်ပုံ (သာစေ) | ၅၉၉ |
| သာသနာတော်၏ ဆောင်းခြင်း ဂုဏ် ၃-မျိုး | ၅၂၉ |
| သာသနာနှစ်တွက်ပုံလက်ာ | ဃ |
| သာသနာပြုအမိန့်တော် | ၅၂၈-၉ |
| သာသနာပြုလွှတ်တော်မူခြင်း | ၅၂၇-၉ |
| သိကြားမင်းက ဝိသုကြုံနတ်သားကို တန်းဆာဆင်ယင်စေပုံ | ၁၇၂ |
| သိကြားမင်းခရုသင်းပမာဏနှင့် အသံကြာရှည်ပုံ | ၂၈၂ |
| သိကြားမင်းနိဗ္ဗာန်ဆော်ဟန် ဖန်ဆင်းခြင်း | ၅၉၂ |
| သိကြားမင်း ရွတ်ဆိုသည့် ဘုန်းတော်ဖွဲ့ဂါထာများ | ၅၉၂-၇ |
| သိကြားမင်းရှိခိုးစေ၍ တန်ခိုးပြခြင်း | ၅၄၈ |
| သိကြားမင်းသည် ဝိဇယုတ္တရ ခရုသင်းမှုတ်၍ ပူဇော်ပုံ | ၂၈၂ |
| သိင်္ဂီနိက်ရွှေစင်အဆင်းကဲ့သို့ ဝါဝင်းသော အရေတော် ရှိခြင်း လက္ခဏာ | ၇၉ |
| သိဒ္ဓတ္ထမင်းသား၏သားတော် | ဃိ |

http://www.dhammadownload.com



အကြောင်းအရာ　　စာမျက်နှာ

[ သ ]


သိဒ္ဓတ္ထဟုအမည်မှည့်ခြင်း အကြောင်း ၁၀၇
သိပ္ပိမင်း၏ သားမြေးအဆက် (၁၇-ယောက်) ၆
သိရိမဟာမာယာဒေဝီ ပဋိသန္ဓေတည်နေချိန်၌ အရှယ်တော် ၁၄
သိရိမဟာမာယာဒေဝီ၏ အိပ်မက်ကို ပုဏ္ဏားတို့နိမိတ်ဖတ် လျှောက်ကြပုံ ၂၂-၃
သိရိမဟာမာယာဒေဝီ နက္ခတ်ပွဲ သဘင်စံခြင်း ၁၄-၅
သိရိမဟာမာယာဒေဝီ ရွှေမြေး ပုဗ္ဗနိမိတ်အိပ်မက် မြင်မက်ပုံအကြောင်း ၁၅-၆
သိရိမဟာမာယာမင်းသို့၏ သားတော် ၈၁
သိရိမာမိဖုရား (ဖုသာဘုရား မယ်တော်) ၆၀၇
သီလကထာ (အကျယ်) ၅၀၆-၇
သီလပါရမီကို မဆည်းပူးခဲ့မိချေ ဟု (မာရ်နတ်၏) ဒုတိယ အကြောင်း ရေးခြစ်ခြင်း ၃၇၉
သီလဝိသုဒ္ဓိဖြစ်ပုံ ၃၄၂
သီဟဗ္ဗတိမင်း၏ မင်းဆက် (၁၆-ယောက်) ၈
သီဟဿရမင်း၏သားမြေး အဆက်(၈၂၀၀၀-ယောက်) ၁၁
သီဟဟနုမင်း၏သားတော် သွီးတော်များ ၈၁
သီဟာသနပလ္လင်နှင့်တူသည့်ဒါန ၅၀၄
သုစန္ဒိမဓါ (အစိပ္ပါယ်) ၄၀၉

“သုညသတ္တ” အစရှိသော ကလိယုဂ်နှစ်တွက်ပုံလက်ာ ဆဲ
သုဇာတာ၏ ဃနာနိဆွမ်းချက်ပုံ အစီအမံ ၂၄၃
သုဇာတာ၏ ဆုတောင်းချက် ၂၄၁
သုဇာတာ၏ နှစ်စဉ်ပူဇော်မှု ညောင်ပင်သို့ကြွပုံ ၂၄၁
သုဇာတာ ဃနာနိဆွမ်း ကပ်လှူခြင်း ၂၄၁
သုဇာတာသည် နှစ်စဉ်နှစ်တိုင်း ညောင်စောင့်နတ်အား ပူဇော်ပုံ ၂၄၂
သုဇာတာသည် ညောင်စောင့် နတ်အား ပူဇော်ရာ၌ မှတ်သားချက် ၂၈၂
သုဇာတာ သောတာပန် တည်ခြင်း ၅၁၈
သုဒ္ဓေါဒနမင်းကြီး အစောင့်များ တိုး၍ ချထားခြင်း ၁၆၃-၆
သုဒ္ဓေါဒနမင်းကြီး ဒုတိယအကြိမ် သားတော်ကိုရှိခိုးခြင်း ၁၂၅
သုဒ္ဓေါဒနမင်းကြီး၏ ယုံကြည်ချက် တင်းမာပုံ ၂၄၃
သုဒ္ဓေါဒနမင်းကြီး ရှေးဦးစွာ သားတော်ကို ရှိခိုးပုံ ၅၄
သုပိနကူမာ ကာမာ=ကာမ တရားတို့ အိပ်မက်နှင့်တူပုံ ၁၀၃
သုပ္ပတိဋ္ဌိတဆိပ်၌ ဘုရားလောင်း ရေချိုးပုံ ၂၄၄
သုဗာဟုသူဌေးသား (အကြောင်း) ၅၂၁

http://www.dhammadownload.com




| အကြောင်းအရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သုဘာနန်ပြာသာဒ် မိုးရောအိ စံနန်းတော် ပြုလုပ်ပုံ အစီအစဉ် | ၁၃၃ |
| သုယာမနတ်မင်း ပူဇော်ပုံ | ၃၁၆ |
| သုယာမနတ်မင်း သားမြီး ယပ်ခပ်လျက် ပူဇော်ပုံ | ၂၀၂ |
| သုရမ္မပြာသာဒ် နွေရာသီစံနန်း တော် ပြုလုပ်ပုံအစီအစဉ် | ၁၃၀-၂ |
| "သူ့ချမ်းသာဆောင်" အစ ရှိသော ဘုရားရှိခိုးလက်ာ | ငါ |
| "သူ့နားမချမ်း" အစရှိသော ဘုရားရှိခိုးလက်ာ | စံ |
| သူ့အိုး၏အကြောင်းကို ရထား ထိန်းက ပြန်ကြားလျှောက် ထားပုံ | ၁၅၃ |
| သူ့အို၏အကြောင်းကို ရထား ထိန်းအား မေးမြန်းပုံ | ၁၅၃ |
| သူအိုနိမိတ်ကို အလောင်းမင်း သားအား ပြမှုသကြီး များက ပြကြပုံ | ၁၆၀ |
| သူအိုနိမိတ်ကို ရှေးဦးစွာ မြင်တော်မူခြင်း | ၁၅၆ |
| 'သူတပါးကို' အစရှိသော ဘုရားရှိခိုးဆောင်ပုဒ်လက်ာ | စီ |
| သူနာ၏အကြောင်းကို ရထား ထိန်းက ပြန်ကြားလျှောက် ထားပုံ | ၁၆၁ |
| သူနာ၏အကြောင်းကို ရထား ထိန်းအားမေးမြန်းတော်မူပုံ | ၁၆၁ |
| သူနာနိမိတ်ကို နှစ်ကြိမ်မြောက် မြင်တော်မူခြင်း | ၁၆၀ |
| သူသေနိမိတ်ကို မြင်တော်မူခြင်း | ၁၆၃ |
| **[ သ ]** | |
| သူသေနိမိတ်ကိုရထားထိန်းအား ပြန်ကြားလျှောက်ထားပုံ | ၁၆၅ |
| သူသေနိမိတ်ကို ရထားထိန်းက မေးမြန်းပုံ | ၁၆၄ |
| သေကွဲဘူမိ(အောက်အရီယာ တို့၏ဖြစ်ရာ)ထရေး | ၄၆၈ |
| သေတကေတုနတ်သား အကြောင်း | ၁ |
| သေနာနိဂုံး၌ မေတ္တာဘာဝနာ ပွါး၍ သွမ်းခံပုံ | ၂၇၃ |
| သေပြီထင်သောနတ်တို့ သုဒ္ဓေါဒန မင်းထံ ကြားသိစေပုံ | ၂၄၃ |
| ဘဲပူရိုးလက်နက် ခုနစ်ကြိမ် မြောက် လွှတ်ပုံ | ၂၀၉ |
| သောဏကဋိကဏ္ဏထေရ် (ကဥ္စနီ၏သား) | ၄၅၈ |
| သောတာပန်ဖြစ်ပြီးမှ သရဏဂုံ ဆောက်တည်ရာ၌ ခက်ဆစ်အဖြေ | ၅၉၀-၁ |
| သောတာပတ္တိမဂ်သည် ကိလေသာပယ်ပုံ | ၃၃၉ |
| သောတာပတ္တိမဂ်, ဖိုလ်သို့ ဆိုက်ရောက်ပုံ | ၃၃၀ |
| သောတာပတ္တိမဂ္ဂဝီထိဖြစ်ပုံ | ၃၃၀-၉ |
| သားတော်ရာဟုလာကို ဖွားမြင်ခြင်း | ၁၇၃ |
| သားမြီးများကို ဖောက်ထွင်း အောင်ပစ်နိုင်သော မြားရေးကြီးအတတ် | ၁၄၃ |
| သင်ခုန်းသွား ဥပမာနှင့် မောနေယျကျင့်သူ | ၄၉၂ |

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| အင်းကျစ်တော်အသားလွှာ ပါရှိကြောင်း (လက္ခဏာတော်ကြီး) | ၈၀ |
| အင်းကျစ်တော်အသားလွှာ ပါရှိခြင်း၏အကြောင်း ကမ္မစသည် ၄-ချက် | ၈၀ |
| အင်းကျစ်တော်လက္ခဏာ | ၉၇ |
| အိမ်မွေ့သော အရေတော် ရှိကြောင်း (လက္ခဏာတော်ကြီး) | ၆၁ |
| အိမ်မွေ့သောအရေတော်ရှိခြင်း အကြောင်းနှင့်အကျိုး | ၆၁ |
| အိမ်မွေ့သောအရေတော်ရှိခြင်း၏အကြောင်း ကမ္မစသည်ကို ပြခြင်း | ၆၁ |
| အုံးအုရွှေခြောက်သန်းသော မဟာဝဇီရဝိပဿနာ | ၃၃၄-၆ |
| အုံးကြိမ်ခြောက် တနိုး ပြခဏ်း | ၅၄၈-၉ |
| "အုံးကြိမ်ခြောက်ထ" အစရှိသော ဘုရားရှိခိုးလင်္ကာ | ၁၉၈ |
| အွားတော်ချောင်းရေ လေးဆယ် ရှိခြင်းလက္ခဏာ | ၈၈-၉ |
| အွားတော် မကျဲခြင်း၏ အကြောင်း ကမ္မစသည် ၄-ချက် | ၈၃ |
| **[ သ ]** | |
| သွားတော်မကျဲမကွာ စေ့စပ်စွာရှိခြင်း | ၈၁၊၈၉ |
| သွားတော်လေးဆယ်မကျဲ သိပ်သဲစေ့စပ်ကြောင်း လက္ခဏာတော် | ၈၁ |
| သွားတော်လေးဆယ် စေ့ရှိတော် မူခြင်း | ၈၁ |
| သွားတော်လေးဆယ် ရှိတော်မူ ခြင်း၏ အကြောင်း ကမ္မစသည် ၄-ချက် | ၈၃ |
| **[ ဟ ]** | |
| ဟတ္ထာမိဖုရား၏ သားတော် သွီးတော် | ၇ |
| ဟတ္ထိဒေဝမင်း၏ သားမြေးအဆက် (၉-ယောက်) | ၈၁ |
| ဟတ္ထိပူရပြည်၌ စိုးအုပ်သော မင်းများ | ၈၀ |
| ဟုံဟုကပုဏ္ဏားက မြတ်စွာဘုရားကို လျှောက်ထားပုံ | ၃၃၃ |
| ဟေမဝတနတ်မင်းအကြောင်း | ၄၃၀ |
| ဟေမဝတနတ်မင်းစိစစ်ချက် | ၄၄၁-၆ |
| ဟေမဝတနတ်မင်း၏ မေးလျှောက်ချက်များ | ၄၃၉၊၄၄၀ |

http://www.dhammadownload.com

## မဟာဗုဒ္ဓဝင် ဒုတိယတွဲ

# အမည်အက္ခရာစဉ်


| အမည်အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **အင်္ဂီရသမင်း** | ခု |
| **အစ္စိမမင်း** | ခု |
| **အဥ္စန** | ဃာ၊ ၁၅၃ |
| **အဇိတမင်း** | ခေ |
| **အညာသိကောဏ္ဍညထေရ်** | ၄၂၈ |
| **အနန္တဇိန(ဘုရားရှင်)** | ၄၂၀ |
| **အနိမိသစေတီ** | ၃၆၃ |
| **အနုပိယသရက်တော** | ၂၀၉ |
| **အနောမာမြစ်** | ၂၀၁-၂ |
| **အပ္ပရာဇိတ(ပလ္လင်)** | ၂၈၂ |
| **အမ္ဗရံသိမင်း** | ဂ |
| **အမိတောဒန** | ဃာ |
| **အမိတ္တာမင်းသမီး** | ၁၅၃ |
| **အယုဇ္ဈပုရပြည်** | ခေ |
| **အရတိ(မာရ်နတ်သမီး)** | ၃၈၃ |
| **အရိဋ္ဌပုရပြည်** | ခဲ |
| **အရိန္ဒမမင်း** | ခူ |
| **အလောင်းတော်ရာမမင်း** | ဂ |
| **အသဒိသမင်းသား** | ၁၄၅-၆-၇၊ ၁၅၁ |
| **အသန္ဓိမိတ္တာမိဖုရား** | ဃော |
| **အဿဇိထေရ်** | ၄၂၉ |
| **အသိတ(ဣသိ,ပုဏ္ဏား)** | ခ |
| **အသောကမင်း** | ဃော |
| **အာနန္ဒာမင်းသား** | ဂီ၊ ၅၂-၃ |
| **အာရောဟနီယဆင်တော်** | ၅၄ |
| **အာဠာရ** | ၅၈၊ ၂၁၉၊ ၂၂၀-၁-၂၊ ၂၂၄-၅၊ ၂၆၄၊ ၃၁၃၊ ၄၁၁ |
| **ဣန္ဒပတ္ထနဂိုရ်ပြည်** | ခဲ |
| **ဥက္ကလာဇနပုဒ်** | ၃၉၇ |
| **ဥက္ကာမုခမင်း** | ဂူ၊ ဃ |
| **ဥက္ကာမုခ(သမီးတော်)** | ဂိ |
| **ဥက္ကာသက္ကမင်း** | ဃာ |
| **ဥတ္တရာသဠ်နက္ခတ်ပွဲ** | ၁၄ |
| **ဥဒက** | ၅၈၊ ၂၁၉၊ ၂၂၇-၉၊ ၂၃၀-၁၊ ၂၃၃၊ ၂၆၄၊ ၃၁၃၊ ၄၁၂ |
| **ဥပကဆာက္ကတွန်း** | ၄၁၅ |
| **ဥပစရမင်း** | ခု |
| **ဥပေါသထ** | ခု၊ ၁၉၇ |
| **ဥရုဝေလကဿပရသေ့** | ၅၄၄၊ ၅၆၀-၃ |
| **ဥရုဝေလတောအုပ်** | ၁၁၀၊ ၂၃၃-၄၊ ၂၄၈၊ ၅၇၀ |
| **ဥသိရဒ္ဓဇတောင်** | ဂ |
| **ကေစက္ခုပြည်** | ခဲ၊ ခေါ |
| **လေ့ရွှေအိုးကြီး** | ၅၃ |
| **ဩက္ကာကမင်း** | ဂ၊ ဂိ |
| **ကဥ္စနာသမီးတော်** | ဃာ |
| **ကဏ္ဍကနိဝတ္တနစေတီ** | ၂၀၁ |
| **ကဏ္ဍကနတ်သား** | ၂၀၈ |
| **ကဏ္ဍကမြင်းတော်** | ၅၂၊ ၁၉၃-၆ |
| **ကဏ္ဍမ္ဗသရက်ပင်** | ၃၆၃ |
| **ကဏ္ဍဂေါတ္တိပြည်** | ခေါ |
| **ကဏှာဇိနိမင်းသမီး** | ၃၅၅ |
| **ကပ္ပါသိကတောအုပ်** | ၅၄၀-၁ |
| **ကပိလပုဏ္ဏား** | ဂိ |

http://www.dhammadownload.com




| အမည်အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ကပိလဝတ်ပြည် | ကော၊ကူ၊၉၊၁၆၂ |
| ကမ္ဗလပြည် | ခဓ |
| ကမ္ဗလဝံသမင်း | ခဲ |
| ကရကဏ္ဍု(သိုးတော်) | ဂိ |
| ကလျာဏမင်း | ခု |
| ကဿပမြတ်စွာဘုရား | ၂၀၅၊၆၁၄ |
| ကဿပရသေ့ | ၅၄၇၊၅၄၉၊၅၅၃-၄ |
| ကာသိနေပြည်တော် | ၆၁၂ |
| ကာသိမင်းကြီး | ၁၁၀ |
| ကာဠဒေဝိလရသေ့ | ကား၊၂၅၊ ၅၄၊၆၂၊၄၇၅-၇၊ |
| ကဏ္ဍာရဇနကမင်း | ခါ |
| ကာဠနဂါးမင်း | ၂၇၉၊၂၈၃၊၂၈၅ |
| ကာဠီအမျိုးသမီး | ၅၅၇ |
| ကာဠုဒါယီအမတ် | ၅၂ |
| ကိကီမင်းကြီး | ၄၃၁ |
| ကိသာဂေါတမီမင်းသမီး | ၁၇၄ |
| ကုရုရဿရမ္မို့ | ၅၅၇ |
| ကုဝေရနတ်မင်း | ၃၉၆ |
| ကုသမင်း | ဂ |
| ကုသာဝတီပြည် | ခူ |
| ကုသိနာရုံပြည် | ခံ |
| ကောဏ္ဍညအနွယ် | ၆၆ |
| ဒကောဏ္ဍည | ၁၀၀၊၄၂၇၊၄၇၉ |
| ကောလိယမြို့ | ဂါ၊ဂံ |
| ကောသမ္ဗီပြည် | ခေါ |
| ကောဠိယပြည် | ၂၁၁ |
| ခတ္တိယ(မနုဿအမည်) | ခိ |
| ဂဇင်္ဂလနိဂုံး | ဃ |
| ဂန္ဓဗ္ဗနတ်မင်း | ၂၁၂ |
| ဂယာကဿပ | ၅၄၄၊၅၇၆ |

| အမည်အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဂယာ(ဗုဒ္ဓဂယာ) | ၄၁၄ |
| ဂယာသီသ | ၅၇၀၊၅၇၉ |
| ဂဝမ္ပတိ | ၅၂၀-၃ |
| ဂိရိမေခလာဆင် | ၂၀၄၊၂၉၁၊၃၀၇ |
| ဂေါတမမြတ်စွာဘုရား | ၂၀၅၊၆၁၄ |
| ဂေါတမရဟန်း | ၂၄၂-၃၊၂၄၆၊၂၆၄-၅ |
| ဃဋိကာရဗြဟ္မာ | ၂၀၄၊၂၇၆၊၃၉၅ |
| စက္ကဝတ်မင်း | ၁၅၄ |
| စန္ဒမုခမင်း | ဃ |
| စန္ဒိမင်း | ဃာ |
| စမ္ပာပြည် | ခေါ် |
| စမ္ပေယျနဂါးမင်း | ၅၀၇ |
| စာပါ(ဆာဝါ) | ၄၁၀၊၄၂၂ |
| စိတ္တရသီမင်း | ဂ |
| စိတ္တာဓိပုရား | ဂိ |
| စူဠနန္ဒာကန်တော် | ၁၃ |
| စူဠာမဏိစေတီ | ၂၀၃-၄ |
| ဆန္န(အမတ်) | ၅၂၊၁၉၊၂-၆ |
| ဇယသေနမင်းကြီး | ၆၀၇၊၆၁၂ |
| ဇာလိနီ (မိဖုရား) | ဂံ |
| ဇာလီ(မင်း မင်းသား) | ဃ၊၃၅၅ |
| ဇိန(ဘုရားရှင်အမည်တော်) | ၄၁၇ |
| ဇေယျသေနမင်း | ဃာ |
| ဇောတိပါလပုဏ္ဏား | ၂၆၆ |
| ဇောတိမန္တပုဏ္ဏား | ၆၆ |
| ဇိဏ္ဍ | ဂိ၊ဂီ |
| ဇမ္ဗူဒိပ်ကျွန်း | ဂ |
| တဏှာ(မာရ်နတ်သမီး) | ၃၀၃ |
| တပုဿ(ကုန်သည်) | ၃၉၄ |
| တာမလိတ္တိပ[illegible] | ခံ |
| တက္ကသိုလ်ပြည် | [illegible] |

http://www.dhammadownload.com




| အမည်အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| ထုဏပုဏ္ဏားရွာ | ဂ |
| ဒသရဋ္ဌမင်း | ဂ |
| ဒိသမ္ပတိမင်း | ဂ |
| ဒီပင်္ကရာ(မြတ်စွာဘုရား) | ၄၄၀ |
| ဒေဝဒဟပြည် | ကော၊ဂါး၊၃၁၊၁၅၃ |
| ဒေဝဒတ်(မင်းသား) | ဃ |
| ဒဏ္ဍပါဏိ(မင်းသား) | ဃာ |
| ဒုပ္ပသဟမင်း | ခေ |
| ဒုဿစေတီ | ၂၀၅-၆ |
| ဓနပုဏ္ဏား | ၆၆၊၁၀၈ |
| ဓတရဋ္ဌ(နတ်မင်း) | ၃၉၆ |
| ဓနပါလမင်း | ၂၁၀ |
| ဓမ္မဂုတ္တာမင်း | ခဲ |
| ဓမ္မသေနမင်း | ဂ |
| ဓမ္မာသောကမင်း | ဃော |
| ဓောတောဒန | ဃာ |
| နန္ဒိကဿပ(ရသေ့) | ၁၄၄၊၁၇၄၊၁၇၆ |
| နရဒေဝမင်း | ဒေါ |
| နဝရဋ္ဌမင်း | ဂ |
| နာဂဒေဝမင်း | ခံ |
| နာဂသေနမင်း | ဂ |
| နာလက | ၆၃-၄၊၄၇၅-၄၈၀ |
| နိပုဏမင်း | ဃ |
| နေရဉ္ဇရာ(မြစ်) | ၂၃၄၊၂၄၈၊၂၇၉ |
| နေရုမင်း | ခု |
| နန္ဒမင်းသား | ဃာ၊၁၂၀ |
| နန္ဒဝန်ဥယျာဉ်တော် | ဃာ |
| ပဇာပတိဂေါတမီ (မင်းသမီး) | ဃာ |
| ပတာပမင်း | ခုံ |
| ပထဝိန္ဓရမင်းသား | ၄၃၂ |
| ပနာဒမင်း | ခု |

| အမည်အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| ပါထိကပုတ္တတက္ကတွန်း | ၃၆၂ |
| ဂိယာ | ဂီ၊ဂေါ |
| ပုရိန္ဒမင်း | |
| ပုရိန္ဒဒေဝမင်း | ခဲ |
| ပဉ္စဝဂ္ဂီ(ရဟန်းများ) | ၂၆၄၊၅၃၉ |
| ပဉ္စသိခနတ်သား | ၂၈၂၊၃၁၆ |
| ပဏ္ဍဝတောင် | ၂၁၃ |
| ပုဏ္ဍရိက ရွှေအိုးကြီး | ၅၃ |
| ပုဏ္ဏဇိ | ၅၂၀-၁၊၅၂၃ |
| ပုဏ္ဏာ(ကျွန်မ) | ၂၇၅၊၅၅၅ |
| ပေါက္ခရဝတီမြို့ | ၃၉၇ |
| ဖုဿ | ၆၀၇-၈ |
| ဗာရာဏသီ(ပြည့်,မင်း) | ဓေ၊ဂံ၊၄၁၄ |
| ဗေဠုဝစောင်း | ၂၈၂၊၃၁၆ |
| ဗိမ္ဗိသာရမင်း | ၂၀၉၊၂၁၄၊၅၉၉ |
| ဗုဒ္ဓဟော ညောင်ပင် | ၅၂-၃ |
| ဗုဒ္ဓဒတ္တမထေရ် | ၃၃ |
| ဗျဂ္ဃပဇ္ဇမြို့ | ဂံ |
| ဗြဟ္မဒတ္တမင်း | ခေ |
| ဗြဟ္မဒေဝမင်း | ခေါ |
| ဘဂလဝတီမဏ္ဍပ် | ၄၃၈ |
| ဘရတမင်း | ခု |
| ဘူရိဒတ်နဂါး | ၅၀၇ |
| ဘောဇပုဏ္ဏား | ၁၀၈ |
| ဘဒ္ဒကစ္စာနာ မင်းသမီး | ၅၂၊၁၅၂ |
| ဘဒ္ဒဝဂ္ဂီ | ၅၃၉၊၅၄၁-၇ |
| ဘဒ္ဒိယမထေရ် | ၄၂၉ |
| ဘလ္လိက (ကုန်သည်) | ၃၉၄ |
| မဂဓ(တိုင်း) | ၂၃၃၊၅၉၀-၁ |
| မဃဒေဝမင်း | ခါ |
| မထုရာပြည် | ခဲ |

http://www.dhammadownload.com




| အမည်အကွရာစဉ် | စာမျက်နှာ |
|---|---|
| မနု (ကမ္ဘာဦးမင်း) | ခါ |
| မဟာကုသမင်း | ၈ |
| မဟာနာမ မထေရ် | ၄၂၉ |
| မဟာနေရုမင်း | ခု |
| မဟာနန္ဒာ ကန်တော် | ၁၃ |
| မဟာပဇာပတိဂေါတမီ | ၁၂၀-၁၊၂၀၇ |
| မဟာပတာပမင်း | ခု |
| မဟာပနာဒမင်း | ခု |
| မဟာဗောဓိကုန်း | ၂၇၉ |
| မဟာဗောဓိပင် | ၅၂-၃၊၂၇၉၊၃၆၂ |
| မဟာဗောဓိမဏ္ဍိုင် | ၃၁၅၊၃၁၈၊၃၆၂ |
| မဟာမာယာဒေဝီ | ကော၊၃၊၃၁၊ ၁၁၂၊၄၄၉ |
| မဟာမုစလမင်း | ခု |
| မဟာရုစိမင်း | ခု |
| မဟာသမ္မတမင်း | ခီ၊၉ |
| မဟာသုပ္ပဗုဒ္ဓမင်း | ဃာ |
| မဟိန္ဒမင်း | ခေါ် |
| မိဂဒါဝုန်တော | ၄-၁၊၄၁၄၊၅၂၉ |
| မိထိလာပြည် | ခါး၊ခံ |
| မုစလမင်း | ခု |
| မုစလိန္ဒမင်း | ခု |
| မုစလိန္ဒာ(အိုင်,နဂါးမင်း) | ၃၉၀ |
| မဍ္ဍေရိက(နဂါးဗိမာန်) | ၂၈၅ |
| မလ္လပြည် | ၂၀၁ |
| ယညပုဏ္ဏား | ၆၆ |
| ယသမထေရ် | ၅၁၄၊၅၂၀-၅၂၄ |
| ယသဝတီမိဖုရား | ဃာ |
| ယသသူဌေးသား | ၂၇၂၊၅၀၀-၅၁၇ |
| ယသောဓရာမိဖုရား | ၁၅၂-၃၊၁၉၃ |
| ယသောဓရာမင်းသမီး | ဃာ၊၅၂-၃ |
| ရဂါ(မာရ်နတ်သမီး) | ၃၈၃ |
| ရတနစင်္ကြံမစေတီ | ၃၆၃ |
| ရတနာဃရစေတီ | ၃၇၂ |
| ရတနာဃရရွှေအိမ် | ၃၆၄ |
| ရမ္မရွှေနန်းဆောင် | ၁၂၈-၉ |
| ရာဇဂြိုဟ်ပြည် | ခံ၊၂၀၉၊၅၇၉-၅၉၈ |
| ရာမ | ၆၆၊၁၀၈၊၄၁၂ |
| ရာဟုလမင်းသား | ၁၇၃ |
| ရာဟုလမယ်တော် | ၅၂ |
| ရာဟုလာ(မင်းသမီး) | ဃီ |
| ရူပနန္ဒာ(မင်းသမီး) | ဃာ |
| ရောဟနအရပ် | ၂၆၉ |
| လက္ခဏပုဏ္ဏား | ၆၆ ၁၀၈ |
| လုမ္ဗိနီအင်ကြင်းဥယျာဉ်တော် | ၃၂-၃ |
| ဝက်ဟာရဇနပုဒ် | ၄၁၇ |
| ဝဇ္ဇီရမုဋ္ဌိပြည် | ခဲ |
| ဝပ္ပမထေရ် | ၄၂၉ |
| ဝသဝတ္တီနတ်မင်း | ၄ |
| ဝသဝတ္တီမာရ်နတ် | ၁၉၇ |
| ဝိဇယုတ္တရ | ၂၈၂၊၂၈၅၊၃၁၅ |
| ဝိဇိတသေနမင်း | ၈ |
| ဝိဇိတသေနာ(မင်းသမီးတော်) | ဂိ |
| ဝိမလ(သူဌေးသား) | ၅၂၀-၁-၃ |
| ဝိရူဠှက(နတ်မင်း) | ၃၉၅ |
| ဝိရူပက္ခ(နတ်မင်း) | ၃၉၆ |
| ဝိသာခါ(မိဖုရား) | ဂိ |
| ဝိသုကြံနတ်သား | ၁၂၅-၆၊၁၇၂ |
| ဝေပစိတ္တိအသုရာနတ်မင်း | ၂၁၀ |
| ဝေလာမ(အလှူကြီး) | ၅၀၅ |
| ဝေသာလီပြည် | ၃၆၂ |
| ဝေဿန္တရာ (အလှူကြီး) | ၅၀၅ |

http://www.dhammadownload.com




| အမည်အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဝေဿန္တရာမင်း | ဃ၊ ၂၄၄၊ ၄၄၀ |
| ဝေဿဝဏ်နတ်မင်း | ၂၃ |
| ဝေဠုဝန်ဉယျာဉ် | ၅၈၈၊ ၆၀၇ |
| သင်္ကဿနေ | ဃာ |
| သစ်ပါလနဂါးမင်း | ၅၀၇ |
| သန္တုဿိတ | ၄၊၁၁၂၊၂၈၃၊၃၁၆ |
| သလ္လဝတီမြစ် | ဂ |
| သဟမ္ပတိ(ဗြဟ္မာမင်း) | ၂၈၃၊၃၈၉ |
| | ၄၀၄-၅၊၄၁၁၊၅၅၁ |
| သာကီယပြည် | ၂၀၁ |
| သာဂရဒေဝမင်း | ခါး၊ခု |
| သာဂရမင်း | ခု |
| သာတာဂိရ | ၄၃၈၊၄၆၄၊၄၆၈၊၄၇၁ |
| သာဝတ္ထိပြည် | ၄၂၂ |
| သိဥ္စယမင်း | ဃ |
| သိဒ္ဓတ္ထမင်းသား ဃာ၊၄၃-၄၊၁၀၈-၉၊ | ၁၂၅-၇၊၂၈၉ |
| သိနိသူရ(သားတော်) | ဂိ |
| သိပ္ပိမင်း | ခဲ |
| သိရိဝဍ္ဎနသူဌေးကြီး | ၄၄ |
| သိဝိမင်း | ဃ |
| သီရိမဟာမာယာဒေဝီ | ၁၀၊၁၄ |
| သီလဝမင်း | ၅၀၇ |
| သီဟပ္ပတိမင်း | ဂ |
| သီဟဟနု | ကား၊ခ၊ဃာ |
| သုက္ကောဒန(သားတော်) | ဃာ |
| သုဇာတာ | ၂၇၁-၇၊၅၁၂၊၅၁၈-၉ |
| သုဒတ္တပုဏ္ဏား | ၆၆၊၃၀၈ |
| သုဒဿနနန်းမြို့တော် | ၁၃ |
| သုဒ္ဓေါဒနမင်း ကား၊ | ဃာ၊၉၊၂၇၁ |
| သုနိမ္မိတနတ်မင်း | ၄ |
| သုပ္ပတိဋ္ဌိတ(ရေချိုးဆိပ်) | ၂၇၇ |
| သုပ္ပဗုဒ္ဓမင်းသား | ဃာ၊၁၅၃ |
| သုပ္ပိယာ(သမီးတော်) | ဂိ |
| သုဘဒ္ဒ(ဉပကသား) | ၄၂၂ |
| သုဘရွှေနန်းဆောင် | ၁၂၈-၉၊၁၃၃ |
| သုဘောဇပုဏ္ဏား | ၆၆ |
| သုဗာဟု | ၅၂၀-၁-၃ |
| သုမနနတ်မင်း | ၅၅၃ |
| သုယာမနတ်မင်း | ၄၊၃၈-၉၊၃၁၆ |
| သုယာမပုဏ္ဏား | ၆၆၊၁၀၊ |
| သုရမ္မရွှေနန်းဆောင် | ၁၂၈-၉၊၁၃၀ |
| သုရုစိမင်း | ခု |
| သေတကဏ္ဏိနိဂုံး | ဂ |
| သေတကေတု | ၂၊၃၊၁၃၊၁၄၊၁၆ |
| သေနာ(နိဂုံး) | ၂၃၃၊၂၆၃၊၅၅၅ |
| သေနာနိ(သူဌေးကြီး) | ၂၇၁ |
| သောဏကုဋိကဏ္ဏမထေရ် | ၄၅၈ |
| သောတ္ထိယ(ပုဏ္ဏား) | ၂၇၉ |
| ဟတ္ထာ(မိဖုရား) | ဂိ |
| ဟတ္ထိဒေဝမင်း | ခေါ |
| ဟတ္ထိနိက(သားတော်) | ဂိ |
| ဟတ္ထိပူရပြည် | ခေ |
| ဟုံဟုက်ပုဏ္ဏား | ၃၇၃-၄ |
| ဟေမဝတ | ၄၃၈-၄၆၄-၄၇၁ |
| ဟံသဝတ္တက(ရေကန်) | ကား |

http://www.dhammadownload.com

## မဟာဗုဒ္ဓဝင် ဒုတိယတွဲ

# ဂါထာ အက္ခရာစဉ်


| ဂါထာပဌမပါဒ | စာမျက်နှာ |
| --- | --- |
| [ အ-အာ ] | |
| အက္ခာတာရံ ပဝတ္တာရံ | ၄၅၉ |
| အစ္စုတျယ်သီတေ ဝသတော နိဝါသေ | ၆၀၁ |
| အဇ္ဈ ပန္တရသော ဥပေါသထော | ၄၄၄ |
| အညာတမေတံ ဝစနံ | ၄၇၇ |
| အထ ရာဇဂဟံ ဝရရာဇဂဟံ | ၂၁၉ |
| အနဂါရိယုပေတဿ | ၄၇၇ |
| အနန္တလောကဓာတုမှိ | ၂၉၅ |
| အနုပလိတ္တော လောကေန | ၁၀၂ |
| အနေကဇာတိသံသာရံ | ၁၅၂ |
| အနောမနာမံ နိပုဏတ္ထဒဿိံ | ၄၇၂ |
| အန္တလိက္ခစရော ပါသော | ၅၇၂ |
| အပါရုတာ တေသံ အမတဿ ဒွါရာ | ၄၀၉ |
| အလတ္ထံ ယဒိဒံ သာရ | ၄၈၈ |
| အလဒ္ဓါ တတ္တ အဿာဒံ | ၃၇၈ |
| အလီနစိတ္တော စ သိယာ | ၄၉၃ |
| အဟံ ဟိ အရဟာ လောကေ | ၄၁၆ |
| အာဒိစ္စာ နာမ ဂေါတ္တေန | ၂၁၆ |
| အာယုဥ္စ ဝဏ္ဏဥ္စ သုခံ ဗလဥ္စ | ၆၀၀ |
| [ ဣ ] | |
| ဣစ္စေတ္တော သာသပေ ဂစ္ဆေ | ၃၀၄ |
| ဣတိ ဆဗ္ဗဏ္ဏ ရံသိတ္တာ | ၃၇၁ |
| ဣမဿ ဂဏ္ဍုပ္ပါဒဿ | ၃၀၅ |
| ဣမေ ဒသသတာ ယက္ခာ | ၄၇၃ |
| ဣဿာဘိဘူတလောကမှိ | ၂၂၃ |
| [ ဥ-ဦ ] | |
| ဥစ္စာဝစာ နိစ္စရန္တိ | ၄၈၀ |
| ဥစ္စာဝစာ ဟိ ပဋိပဒါ | ၄၈၉ |
| ဥဇုံ ဇနပဒေါ ရာဇ | ၂၁၆ |
| ဦနူဒရော မိတာဟာရော | ၄၈၂ |
| [ ဧ ] | |
| ဧကာသနဿ သိက္ခေထ | ၄၉၃ |
| ဧဓေယျံ ကိသံ ဝီရံ | ၄၅၆ |
| ဧတံ လောကဿ နိယျာနံ | ၄၆၇ |
| ဧတေ သဗ္ဗေ ဂဟေတွာန | ၃၀၄ |
| ဧတ္တော တေ မနော န ရမိတ္ထ | ၅၈၅ |
| ဧဝံ အနန္တပုညေဟိ | ၂၉၇ |
| ဧဝံ ဆဗ္ဗဏ္ဏရံသိယော | ၃၇၁ |
| [ က ] | |
| ကစ္စိ အဒိန္နံ နာဒိယတိ | ၄၄၇ |
| ကစ္စိ န ရဇ္ဇတိ ကာမေသု | ၃၅၀ |
| ကစ္စိ မနော သုပဏိဟိတော | ၄၄၅ |
| ကစ္စိ မုသာ န ဘဏတိ | ၄၄၉ |
| ကစ္စိ ဝိဇ္ဇာယ သမ္ပန္နော | ၄၅၂ |
| ကတမံ တံ ဥပါဒါနံ | ၄၆၃ |
| ကလေဗရဿတော သုည | ဆေ |
| ကာမေသွာဒီနဝံ ဒိသွာ | ၂၁၇ |
| ကိစ္ဆေန မေ အဓိဂတံ | ၃၀၁ |
| ကိမေဝ ဒိသွာ ဥရုဝေလဝါသိ | ၅၀၄ |
| ကိသ္မိံ လောကော သမုပ္ပန္နော | ၄၆၀ |
| ကော သုဓ တရတိ ဩဃံ | ၄၆၈ |

http://www.dhammadownload.com




| ဂါထာပဋ္ဌမပါဒ | စာမျက်နှာ |
|---|---|
| [ ဂ-ဆ ] | |
| ဂမ္ဘီရပညံ နိပုဏတ္ထဒဿိ | ၄၇၁ |
| ဂဟကာရက ဒိဋ္ဌောသိ | ၃၅၂ |
| ဆသု လောကော သမုပ္ပန္နော | ၄၆၀ |
| [ ဇ-ထ ] | |
| ဇယော ဟိ ဗုဒ္ဓဿ သိရီမတော | ၃၀၈-၃၁၁ |
| ဥာနာမဟံ မဟာရာဇ | ၁၉၈ |
| တံ နဒီဟိ ဝိဇာနာထ | ၄၉၅ |
| တတော ရတျာဝိဝသာနေ | ၄၈၆ |
| တဒါ သော အာသဘိံ ဝါစံ | ၂၉၄ |
| တသ္မာ မဟာရာဇ ဘဝေသု | ၆၀၆ |
| တသ္မာ ဟိ အတ္တကာမေန | ၃၈၈ |
| တိဏ္ဏော တိဏ္ဏေဟိ သဟ | ၅၉၄ |
| တိရစ္ဆာနော သသော ဟုတ္ဂာ | ၂၉၅ |
| တိရောကုဋ္ဋေသု တိဋ္ဌန္တိ | ၆၁၈ |
| ထေ မယံ ဝိစရိဿာမ | ၄၇၄ |
| [ ဒ-ဓ ] | |
| ဒန္တော ဒန္တေဟိ သဟ | ၅၉၂ |
| ဒသဝါသော ဒသဗလော | ၅၉၅ |
| ဒါတာ နိဝါသဿ နိဝါရဏဿ | ၆၀၀ |
| ဒိသွာ ပဒံ သန္တမနူပဓိက | ၅၇၅ |
| ဒုက္ခဿ သိတုဏှသရီသပါ စ | ၆၀၂ |
| ဓမ္မစက္ကံ ပဝတ္တေတုံ | ၄၁၆ |
| [ န ] | |
| န မုနီ ဂါမမာဂမ္မ | ၄၇၇ |
| န မေ အာစရိယော အတ္ထိ | ၄၁၆ |
| န ဧသော အဒိန္နံ အာဒိယတိ | ၄၄၈ |
| န ဧသော ရဉ္ဇတိ ကာမေသု | ၄၅၁ |
| နာဟံ မနုဿော နာမနုဿော | ၂၉၈ |
| [ န-ပ ] | |
| နိဗ္ဗုတာနူန သာ မာတာ | ၁၇၄ |
| နီလာယော နီလင်္ဂနေဟိ | ၃၆၈ |
| ပဋ္ဌကာမဂုဏာ လောကေ | ၄၆၅ |
| ပဋိသောတဂါမိံ နိပုဏံ | ၄၁၁ |
| ပလ္လင်္ကံ မမ ဘာဝါယ | ၃၀၅ |
| ပသန္နစိတ္တော ဘဝတောဂ-ဟေတုံ | ၆၀၃ |
| ပဟာယ မဇ္ဈေရမလံ | ၆၀၄ |
| [ ဗ-မ ] | |
| ဗဒ္ဓေါသိ မာရပါသေဟိ | ၅၃၇ |
| ဗဒ္ဓေါသိ သဗ္ဗပါသေဟိ | ၅၃၁ |
| မနော စဿ သုပဏိဟိတော | ၄၄၆ |
| မာဒိသာ ဝေ ဇိနာ ဟောန္တိ | ၄၁၇ |
| မာ နိက္ခမ မဟာဝီရ | ၁၉၈ |
| မုတ္တာဟံ မာရပါသေဟိ | ၅၃၈ |
| မုတ္တာဟံ သဗ္ဗပါသေဟိ | ၅၃၁ |
| မုတ္တော မုတ္တေဟိ သဟ | ၅၉၃ |
| မုသာ စ သော န ဘဏတိ | ၄၅၀ |
| မေဒဝဏ္ဏံ ပါသာဏံ | ၃၇၈ |
| မောနေယျံ တေ ဥပညိဿံ | ၄၇၈၊၄၉၂ |
| [ ယ ] | |
| ယံ တေ တံ နပ္ပသဟတိ | ၃၀၃ |
| ယံ သမဏော ဗဟုံ ဘာသတိ | ၄၉၆ |
| ယထာ အဟံ တထာ တေ | ၄၈၁ |
| ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ | ၃၅၇-၉၊၃၆၉ |
| ယဒူနကံ တံ သဏတိ | ၄၉၅ |
| ယထာ စ ဝိသတာ နတ္ထိ | ၄၉၁ |
| ယဿ ဇာလိနီ ဝိသတ္တိကာ | ၃၀၅ |

http://www.dhammadownload.com



## ဂါထာအကြွရာစဉ်


| ဂါထာပဌမပါဒ | စာမျက်နှာ |
|---|---|
| **[ ယ ]** | |
| ယဿ ဇီဝိတံ နာဝဇီယတိ | ၃၇၅ |
| ယေ စ အတီတာ သမ္ဗုဒ္ဓါ | ၃၈၈ |
| ယေန ကေနစိ ကမ္မေန | ၂၉၄ |
| ယော စ ဇာနံ သံယတတ္တော | ၄၉၆ |
| ယောဇနာနံ သတာယာမော | ၃၆၇ |
| ယော ဗြာဟ္မဏော ဗာဟိတပါပ-ဓမ္မော | ၃၃၄ |
| **[ ရ-ဝ ]** | |
| ရူပါ သဒ္ဒါ ရသာ ဂန္ဓာ | ၅၃၂ |
| ရူပေ စ သဒ္ဒေ စ အထော ရသေ စ | ၅၈၄ |
| ဝရေ စာရုရူပေ ဝိဟာရေ | ၆၀၅ |
| ဝါတံ ဝဿဉ္စ ဝါသာကံ | ၂၉၁ |
| ဝိဇ္ဇာယ စေဝ သမ္ပန္နော | ၄၅၃ |
| ဝိဘူသိတာ ဗာလဇနာ | ၃၃ |
| ဝိရတော ကာမသညာယ | ၄၇၀ |
| ဝိရတော မေထုနာ ဓမ္မာ | ၄၈၁ |
| **[ သ ]** | |
| သကလံ ဒသသဟဿမှိ | ၁၉၉ |
| သ ဈာနပသုတော ဓီရော | ၄၈၄ |
| **[သ-ဟ]** | |
| သတ္တသတ္တာယာမမ္ဗုမှိ | ၃၆၆ |
| သတ္တေ မာရေန ဝိဿဋ္ဌေ | ၂၉၁ |
| သန္တော သန္တေဟိ သဟ | ၅၉၅ |
| သ ပတ္တပါဏိ ဝိစရန္တော | ၄၈၈ |
| သပါဒမူလေ ကီဠန္တိ | ၂၉၃ |
| သ ပိဏ္ဍစာရံ စရိတွာ | ၄၈၄ |
| သမ္ပဒါ သီလသမ္ပန္နော | ၄၆၉ |
| သဗ္ဗာဘိဘူ သဗ္ဗဝိဒူဟမသ္မိ | ၄၁၅ |
| သဗ္ဗေ သဒ္ဓမ္မဂရုနော | ၃၈၈ |
| သမန္တာ ဓဇိနိံ ဒိသွာ | ၃၀၃ |
| သမာနဘာဂံ ကုဗ္ဗေထ | ၄၇၉ |
| သမ္ပန္နံ မုနိနော စိတ္တံ | ၃၅၄-၅ |
| သမ္ပသန္တဿ တံ ဓမ္မံ | ၃၆၈ |
| သီတုဏှဝါတာတပဒံသဝုဋ္ဌိ | ၆၀၃ |
| သီဟံ ဝေကစရံ နာဂံ | ၄၅၆ |
| သုခါ ဝိရာဂတာ လောကေ | ၃၉၂ |
| သုခေါ ဝိဝေကော တုဋ္ဌဿ | ၃၉၂ |
| သုတွာ ဓီရာနံ နိဃောသံ | ၄၉၄ |
| သုဒိဋ္ဌံ ဝေ နော အစ္ဆ | ၄၇၃ |
| ဟိတွာ လူဆဉ္စ လောဘဉ္စ | ၄၈၂ |


ပ-မ. ၁၁.စ-၆၉/၁၃.၂ ၀ ၂၀၀၀ (၁၀၀၀) အုပ်ရေ